သာသနာရေးဝန်ကြီးဌာန
အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း

အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ခေါ် အဘိဓမ္မာအဖွင့်
(အဘိဓမ္မာဂုဏ်ထူးဆောင်)

# ဋီကာကျော်ပို့ချစဉ်

ဘဒ္ဒန္တ ဝါယာမသာရ (သင်တန်းမှူး)
သာသနဓဇ ဓမ္မာစရိယ၊ M.A(Q)
ဥဘတောဝိဘင်္ဂဓရ စီစဉ်သည်

သာသနာနှစ်-၂၅၄၈ (၁၅-၅-၀၅) ကောဇာနှစ်-၁၃၆၇

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

တရားအလှူက အလှူအပေါင်းကို လွှမ်းမိုးသာလွန်၏၊ အောင်နိုင်၏၊
အမြတ်ဆုံးလည်းဖြစ်၏။ ပိဋက ဓမ္မစာပေများကို
လှူရခြင်းသည် ဘုရားကိုယ်ပွား, ဘုရားကိုယ်စား, ပိဋကဘုရားကို
လှူရခြင်းမည်၏။

## ဓမ္မ

**ဓာရေတီတိ ဓမ္မော၊ ဓာရေတိ**= အပါယ်မင်းတို့ပိုင်နက် လောကီဘက်မှ
အပါယ်မင်းတို့ မပိုင်ဆိုင်သော လောကုတ္တရာဘက်သို့ ပို့ဆောင်တတ်၏၊
(ဝါ)
**ဓာရေတိ**= အမိုက်မှအလင်းသို့, အရှုပ်မှအရှင်းသို့, အညစ်မှအစင်သို့,
အနောက်မှအကြည်သို့, အပူမှအအေးသို့- တလင်းထဲလင်း, တရှင်းထဲရှင်း,
တစင်ထဲစင်, တကြည်ထဲကြည်, တအေးထဲအေး, ကိစ္စပြီးငြိမ်းခြင်းကြီးငြိမ်းရ
အေးခြင်းကြီးအေးရအောင် နိဗ္ဗာန်သောင်ကမ်းထိ
ပို့ဆောင်ပေးတတ်သောကြောင့် **ဓမ္မ** မည်ပါပေ၏။ ထို့ကြောင့် အံ့၍မဆုံး
လောကအလုံးတွင် အထွဋ်ဆုံး, အလွန်ဆုံး, အသာဆုံး,
အမြတ်ဆုံးသောအလှူကြီး ဖြစ်ပါပေ၏။

**ဤအမြတ်ဆုံးသော ဓမ္မဒါနအလှူရှင်အဖြစ် -**

**ဦးလှကြည်+ ဒေါ်ဖြူဖြူလွင်** (မန်နေဂျာ)
[လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ ကြို့ကုန်းစိုက်ပျိုးရေးဝင်း]

မိသားစုတို့က **ဤအဘိဓမ္မာဂုဏ်ထူးဆောင် ဋီကာကျော်ကျမ်းစာအုပ်ကို**
အမြန်ရိုက်နှိပ်နိုင်ရန်အတွက်- (၅၀၀၀၀၀ိ/-ကျပ်ငါးသိန်းတိတိ) ကို
ဓမ္မဒါနကုသိုလ်အဖြစ် နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏။
၁၉-၄-၂၀၀၉

## ဤစာအုပ်သည် . . .

နိုင်ငံတော်အစိုးရ – ပါဠိပထမပြန်–ငယ်၊ လတ်၊ ကြီး စာမေးပွဲများနှင့် အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲများအတွက် ဋီကာကျော် အဓိပ္ပါယ်ကို ခြေခြေမြစ်မြစ် ရှင်းလင်းနားလည်စေမည်။

ခက်ခဲသည့် အယူအဆရေးရာတို့၌ သင်္ဂြိုလ်ဘာသာဋီကာ၊ ပရမတ္ထသံခိပ် ဋီကာ ရှင်းလင်းချက်များကို ထည့်သွင်းဖြည့်စွက်ထားသဖြင့် အဘိဓမ္မာဉာဏ် အဘိဓမ္မာအတွေးအမြင်များကို ကျယ်ပြန့်စွာ ဖွင့်လှစ်ပေးနိုင်မည်။

စာမေးပွဲ ပြဿနာကျမ်းစာ = (ဋီကာကျော်မြန်မာပြန်နှင့် အောက်ခြေ မှတ်ချက်များ) ကို မူရင်းအတိုင်း (ပြုပြင်ခြင်းမရှိဘဲ) အပြည့်အစုံ ထည့်သွင်းဖော်ပြပေးထားသဖြင့် စာမေးပွဲအတွက် အမှတ်ကောင်းကောင်း ရစေမည်။

တတိယအကြိမ်

၂၀၀၅-ခုနှစ်၊ မေလ

ဓမ္မဒါနအုပ်ရေ (၁၀၀၀)

**ထုတ်ဝေသူ**

ဦးထင်မျိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မှတ်ပုံတင်အမှတ် ၁၁/၉၄(၁)/က

သာသနာရေးဝန်ကြီးဌာန

**ကွန်ပျူတာစာစီ**

ဦးချမ်းသာ (သီရိပဝရဓမ္မာစရိယပိနယပါဠိပါရဂူ)

စစ်တောင်းလမ်း၊ မြသီရိလမ်းသွယ် (၃)

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း

**အတွင်းဗလင်**

ဦးထွန်းဆိုင်

တိုက် (၇)၊ အခန်း (၆)ဗဆပလ၊

ဖုံး - ၇၀၇၂၄၅

**အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ**

အဲဗားဂရင်း ပုံနှိပ်တိုက်

အမှတ်၁၉၉၊ လမ်း ၅၀ ရန်ကုန်မြို့

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| | နိဒါန်း | | က |
| | **စိတ်ပိုင်း** | | |
| ၁။ | အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏စွမ်းရည် | ------- | ၂ |
| ၂။ | "သမ္မာသမ္ဗုဒ္ဓမတုလံ" ဂါထာကို ဆိုရခြင်းအကြောင်းငါးချက် | ------- | ၂ |
| ၃။ | ဤဘုရားရှိခိုးဂါထာ၌ ငါးမျိုးအသီးသီး ခွဲခြမ်းပြဆိုပုံ | ------- | ၃ |
| ၄။ | ရတနတ္တယပဏာမ အရ ယူရမည့်တရားနှင့် အကျိုးပေးရာကာလ | ----- | ၃ |
| ၅။ | ၅-သင်္ဂဟံ-ပုဒ်တစ်စိတ်ဖြင့် ရရှိမည့်အကျိုးနှင့် အကျိုးပေးရာကာလ | ---- | ၄ |
| ၆။ | ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးရရှိအောင် ပြည့်စုံရမည့်အင်္ဂါများ | --- - | ၄ |
| ၇။ | ကျမ်း၏အမည် (အဘိဓေယျ) စသည်ကို ဆိုရသဖြင့် ရရှိအပ်သော အကျိုးတရားများ | --- | ၅ |
| ၈။ | သမ္ပဒါသုံးပါးတို့၏အဓိပ္ပာယ် | ------- | ၈ |
| ၉။ | "သသဒ္ဓမ္မဂဏုတ္တမံ" ပါဒ်ကို ဆက်၍မိန့်ဆိုခြင်း | ------- | ၉ |
| ၁၀။ | ဓမ္မအဓိပ္ပာယ်နှင့် အရကောက် | ------- | ၁၀ |
| ၁၁။ | ဂဏုတ္တမ အဓိပ္ပာယ် | ------- | ၁၁ |
| ၁၂။ | သဒ္ဓမ္မအဓိပ္ပာယ် | ------- | ၁၂ |
| ၁၃။ | ပရမတ္ထ အဓိပ္ပာယ် | ------- | ၁၃ |
| ၁၄။ | ပရမတ္ထတရားတို့၏ ပညတ် ပရမတ်အခွဲ | ------- | ၁၃ |
| ၁၅။ | အဘိဓမ္မတ္ထနှင့်ပရမတ္ထ အရကောက် ထူးခြားမှုရှိ /မရှိ | ------- | ၁၃ |
| ၁၆။ | စိတ်၏ အဓိပ္ပာယ်များ | ------- | ၁၄ |
| ၁၇။ | နိဗ္ဗာန်ကို အဆုံး၌ထားခြင်း | ------- | ၁၆ |
| ၁၈။ | ဘုံအားဖြင့် စိတ်လေးမျိုး အစဉ်အတိုင်း ထားရပုံ | ------- | ၁၇ |
| ၁၉။ | စိတ်ပိုင်းအစဉ်ထားပုံ | ------- | ၁၈ |
| ၂၀။ | အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို ရှေးဦးစွာ ဆိုရခြင်း | ------- | ၁၉ |
| ၂၁။ | အကုသိုလ်စိတ် ၁၂-ပါး အစဉ်ထားပုံ | ------- | ၁၉ |
| ၂၂။ | လောဘမူစိတ် (၈)ပါးတို့၏ဖြစ်စဉ် | ------- | ၁၉ |
| ၂၃။ | လောဘမူစိတ်ကို သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့နှင့် အထူးပြု၍ ဆိုရခြင်း | ------- | ၂၀ |
| ၂၄။ | သောမနဿဝေဒနာ (ရွှင်ရွှင်ပြပြ နှစ်သက်ခံစားမှု) ဖြစ်ရန်အတွက် | ------ | ၂၁ |
| ၂၅။ | ဒိဋ္ဌိဂတပုဒ်အဓိပ္ပာယ် | ------- | ၂၂ |
| ၂၆။ | အသင်္ခါရိက (အလိုအလျောက် စိတ်ထက်သန်မှု) ဖြစ်ဖို့ရန် | ------- | ၂၃ |
| ၂၇။ | မုချနှင့် ဥပစာအကြောင်း | ------- | ၂၄ |
| ၂၈။ | ပုဗ္ဗပယောဂနှစ်မျိုး | ------- | ၂၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၂၉။ | ဥပေက္ခာနှင့်တတြမဇ္ဈတ္တတာ အထူး | ------- | ၂၆ |
| ၃၀။ | ဒေါမနဿနှင့် ပဋိဃခြားနားမှု | ------- | ၂၆ |
| ၃၁။ | အမည်ရင်းကား စေတသိက် | ------- | ၂၈ |
| ၃၂။ | ဥဒ္ဓစ္စကို အကုသိုလ်စိတ်တို့၏အဆုံး၌ထား၍ ဆိုရခြင်း | ------- | ၂၈ |
| ၃၃။ | မောဟမူဒွေး၌ သင်္ခါရအပြားမရှိ | ------- | ၂၉ |
| ၃၄။ | ကုသလဝိပါက်၌ သန္တီရဏ နှစ်ပါးပြားခြင်း | ------- | ၃၂ |
| ၃၅။ | အကုသလဝိပါက်၌ ဥပေက္ခာသန္တီရဏတစ်ပါးသာ ဆိုရခြင်း | ------- | ၃၂ |
| ၃၆။ | ကံ၏အကျိုးဆက်ဖြစ်သောကမ္မဇရုပ် ဝိပါက်အမည်ရထိုက်၊ မထိုက် | ----- | ၃၂ |
| ၃၇။ | အဟိတ်ကုသလဝိပါက်၌ သန္တီရဏ နှစ်ပါးပြားခြင်း | ------- | ၃၂ |
| ၃၈။ | အကုသလဝိပါက်၌ ဥပေက္ခာသန္တီရဏတစ်ပါးသာ ဆိုရခြင်း | ------- | ၃၂ |
| ၃၉။ | စက္ခု+သောတ+ဃာန+ဇိဝှါတို့ ဥပေက္ခာ ဝေဒနာတစ်မျိုးသာဖြစ်ရခြင်း | ---- | ၃၃ |
| ၄၀။ | ကာယဝိညာဏ်စိတ်၌ သုခ+ဒုက္ခဝေဒနာ နှစ်မျိုးဖြစ်ခြင်း | ------- | ၃၃ |
| ၄၁။ | သမ္ပဋိစ္ဆိုင်းနှစ်ပါး ဥပေက္ခာတစ်မျိုးသာ ဖြစ်ရခြင်း | ------- | ၃၄ |
| ၄၂။ | သန္တီရဏစိတ်၏ သောမနဿ+ဥပေက္ခာဝေဒနာနှစ်မျိုးဖြစ်ရခြင်း | ------- | ၃၅ |
| ၄၃။ | အဟိတ် ''အဟေတုက'' ပုဒ်ထည့်ဆိုရခြင်း | ------- | ၃၅ |
| ၄၄။ | အာဝဇ္ဇန်းဒွေး ဥပေက္ခာဖြစ်ပုံ | ------- | ၃၇ |
| ၄၅။ | မဟာကုသိုလ် မဟာဝိပါက်ခြားနားမှု | ------- | ၄၃ |
| ၄၆။ | ဝိတက်+ဝိစာရတို့၏အဓိပ္ပာယ်ကို ဥပမာဖြင့် ပြခြင်း၊ | ------- | ၄၆ |
| ၄၇။ | ဝိတက်နှင့်ဝိစာရအထူး | ------- | ၄၇ |
| ၄၈။ | ဈာန်နှင့် ဈာနင်အထူး | ------- | ၄၈ |
| ၄၉။ | ဝိတက်စသော ငါးပါးကိုသာ ဈာန်အင်္ဂါဟု ဆိုရခြင်း | ------- | ၄၉ |
| ၅၀။ | ဈာနင်အသီးသီးတို့၏ နီဝရဏပယ်ပုံ | ------- | ၄၉ |
| ၅၁။ | ရူပ+အရူပစိတ်တို့၌ သင်္ခါရအပြားမရှိ | ------- | ၅၀ |
| ၅၂။ | ကာမာဝစရကုသိုလ်၏ ဝိပါက်နှင့်၊ ရူပအရူပလောကုတ္တရာကုသိုလ်တို့၏ - ဝိပါက်များ ဝေဝန်မှု မတူညီကြပုံ | | ၅၁ |
| ၅၃။ | အာကာသာနဉ္စာယတနကုသိုလ်စိတ်-အစိတ်အစိတ်အဓိပ္ပာယ် | ------- | ၅၃ |
| ၅၄။ | ဝိညာနဉ္စာယတနအစိတ် အစိတ်အဓိပ္ပာယ် | ------- | ၅၄ |
| ၅၅။ | အာကိဉ္စညာယတနစိတ်အစိတ်စိတ်အဓိပ္ပာယ် | ------- | ၅၅ |
| ၅၆။ | နေဝသညာနာသညာယတနစိတ်အစိတ်စိတ်အဓိပ္ပာယ် | ------- | ၅၅ |
| ၅၇။ | အောက်အောက်အာရုံကို ကျော်လွန်၍ အထက်အထက်အာရုံသို့ရောက်ပုံ | | ၅၈ |
| ၅၈။ | အရူပါဝစရစိတ်ကို ပဉ္စမဈာန်ဟု ဆိုရပုံ | ------- | ၅၈ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၅၉။ | အရူပဝစရစိတ်ကို ရျာန်အင်္ဂါအပြားဖြင့်မဆိုပုံ | ------- | ၅၈ |
| ၆၀။ | သောတာပတ္တိမဂ်၌ နည်းတစ်ထောင် ရေတွက်ပုံ | ------- | ၆၀ |
| ၆၁။ | သကဒါဂါမ်အပြား | ------- | ၆၁ |
| ၆၂။ | မဂ်စိတ်၏ သကဒါဂါမိဖိုလ်စိတ်အမည်ရကြောင်း | ------- | ၆၂ |
| ၆၃။ | မဂ်လေးမျိုးပြားရခြင်း | ------- | ၆၃ |
| ၆၄။ | လောကုတ္တရာ၌ ကြိယာစိတ်မရှိ | ------- | ၆၄ |
| ၆၅။ | လောကုတ္တရာစိတ်အကျဉ်းမှ အကျယ်ဖြစ်လာပုံ | ------- | ၆၆ |
| ၆၆။ | ရျာန်ဝင်စားခြင်း၊ ရျာန်မှထခြင်း | ------- | ၆၉ |
| ၆၇။ | ပထမရျာန်နှင့်တူသော မဂ်ကိုသာ ရခွင့်ရှိသော ပုဂ္ဂိုလ်များ | | |


## စေတသိက်ပိုင်း


| | | | |
|---|---|---|---|
| ၆၈။ | စေတသိက်လက္ခဏာလေးပါး | ------- | ၇၁ |
| ၆၉။ | စေတသိက် ၅၂-ပါး အဓိပ္ပါယ်ဖွင့် | ------- | ၇၁ |
| ၇၀။ | အညသမာန်း စေတသိက် ၁၃-ပါး | ------- | ၇၂ |
| ၇၁။ | ပကိဏ်းစေတသိက် ၆-ပါး | ------- | ၇၆ |
| ၇၂။ | ဆန္ဒနှစ်မျိုး | ------- | ၇၈ |
| ၇၃။ | ဆန္ဒနှင့်လောဘအထူး | ------- | ၇၈ |
| ၇၄။ | အညသမာန်း (အညသမာန) | ------- | ၇၈ |
| ၇၅။ | ဝိတက် စေတနာ မနသိကာရ ၃-မျိုး ထူးခြားချက် | ------- | ၇၉ |
| ၇၆။ | အကုသိုလ်စေတသိက် ၁၄-ပါး | ------- | ၈၀ |
| ၇၇။ | အဟိရိက အနောတ္တပ္ပအထူး | ------- | ၈၁ |
| ၇၈။ | ဉာဏ်နှင့်ဒိဋ္ဌိအထူး | ------- | ၈၂ |
| ၇၉။ | မစ္ဆရိယ ၅-မျိုး | ------- | ၈၃ |
| ၈၀။ | မိဒ္ဓသည် ရုပ်မဟုတ် (မိဒ္ဓကို ရုပ်ဟုယူသော ကေစိဝါဒကို ပယ်ရှားချက်) | -- | ၈၅ |
| ၈၁။ | သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး | ------- | ၈၆ |
| ၈၂။ | သဒ္ဓါနှင့် သတိအထူး | ------- | ၈၈ |
| ၈၃။ | ဟိရီ+ဩတ္တပ္ပအထူး | ------- | ၈၈ |
| ၈၄။ | နှစ်ပါးစုံအားဖြင့် တွဲဟောရခြင်းအကြောင်း | ------- | ၉၄ |
| ၈၅။ | ဝိရတီစေတသိက် ၃-ပါး | ------- | ၉၅ |
| ၈၆။ | ဒုစရိုက်နှင့် ဒုရာဇီဝ | ------- | ၉၆ |
| ၈၇။ | ဝိရတီအဆင့် ၃-မျိုး | ------- | ၉၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၈၈။ | ဆင်းရဲကို ပယ်တတ်မှ ကရုဏာဟု ခေါ်ခြင်းမဟုတ် | ------- | ၉၉ |
| ၈၉။ | သညာ ဝိညာဏ် ပညာ (သုံးမျိုးတို့၏ သိပုံအထူး) | ------- | ၁၀၀ |
| ၉၀။ | ဒိဋ္ဌိ+ပညာအထူး | ------- | ၁၀၁ |
| ၉၁။ | ဝိတ္တုပ္ပါဒ = ဝိတ္တ+ဥပ္ပါဒ | ------- | ၁၀၁ |
| ၉၂။ | ဝိတက်၌၊ ဒွေပဥ္စဝိညာဏ် တစ်ဆယ်နှင့် | ------- | ၁၀၂ |
| ၉၃။ | ဒုတိယဈာန်စသည်တို့မယှဉ်ခြင်း | ------- | ၁၀၂ |
| ၉၄။ | အဓိမောက္ခ၌ ဒွေပဥ္စဝိညာဏ် ၁၀နှင့် ဝိစိကိစ္ဆာတို့မယှဉ်ခြင်း | ------- | ၁၀၂ |
| ၉၅။ | ဝီရိယ၌–ဒွေပဥ္စဝိညာဏ်–၁၀၊ ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတို့ မယှဉ်ခြင်း | ------- | ၁၀၂ |
| ၉၆။ | ပီတိ၌ ဒေါသမူ ဒွေ၊ ဒုက္ခ+သုခသဟဂုတ်၊ စတုတ္ထဈာန် ၁၁၊ ဥပေက္ခာ ၅၅–တို့ မယှဉ်ခြင်း။ | ------- | ၁၀၂ |
| ၉၇။ | ဆန္ဒ၌ မောဟမူအဟိတ်တို့မယှဉ်ခြင်း | ------- | ၁၀၃ |
| ၉၈။ | ဒိဋ္ဌိ မာနတို့ အတူမယှဉ်နိုင်ကြခြင်း | ------- | ၁၀၄ |
| ၉၉။ | ဒိဋ္ဌိ နှင့်မာနတို့ လောဘ၌သာ ယှဉ်ကြခြင်း | ------- | ၁၀၄ |
| ၁၀၀။ | ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ ဒေါသ၌သာ ယှဉ်ကြခြင်း | ------- | ၁၀၄ |
| ၁၀၁။ | ထိန မိဒ္ဓတို့ အသင်္ခါရိကစိတ်၌ မယှဉ်နိုင်ခြင်း | ------- | ၁၀၅ |
| ၁၀၂။ | လောကုတ္တရာစိတ်၌ ဝိရတိစေတသိက်သုံးပါးတို့ အမြဲ (နိယတ) ယှဉ်ပုံနှင့် ပယ်ပုံပယ်နည်း | ------- | ၁၀၅ |
| ၁၀၃။ | လောကီ ကာမာဝစရကုသိုလ်၌ ဝိရတီသုံးပါး ရံခါ (ကဒါစိ) ယှဉ်ပုံနှင့်ပယ်ပုံပယ်နည်း | ------- | ၁၀၅ |
| ၁၀၄။ | လောကုတ္တရာနှင့်လောကီတို့၌ ဝိရတိဖြစ်ပုံ ကွာခြားချက် | ------- | ၁၀၆ |
| ၁၀၅။ | အပ္ပမညာစေတသိက်၌ ပဥ္စမဈာန်မရခြင်း | ------- | ၁၀၆ |
| ၁၀၆။ | အပ္ပမညာ၌ အများဆုံး ယှဉ်နိုင်သောစိတ် | ------- | ၁၀၆ |
| ၁၀၇။ | အပ္ပနာ၏ရှေ့အဖို့၌ဖြစ်သော အပ္ပမညာ၌ ယှဉ်နိုင်သောစိတ် | ------- | ၁၀၆ |
| ၁၀၈။ | ကေစိဝါဒ = အချို့ဆရာတို့၏ဝါဒ (ညံ့သောဝါဒ) | ------- | ၁၀၆ |
| ၁၀၉။ | အနိယတယောဂီ နှင့် နိယတယောဂီ စေတသိက်အခွဲ | ------- | ၁၀၉ |
| ၁၁၀။ | မာနစေတသိက် ကဒါစိဖြစ်ပုံ | ------- | ၁၀၉ |
| ၁၁၁။ | ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ နာနာကဒါစိဖြစ်ပုံ | ------- | ၁၁၀ |
| ၁၁၂။ | ဝိရတိစေတသိက်သုံးပါး နာနာကဒါစိဖြစ်ပုံ | ------- | ၁၁၀ |
| ၁၁၃။ | အပ္ပမညာဒွေး နာနာကဒါစိဖြစ်ပုံ | ------- | ၁၁၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၁၁၄။ | ကရုဏာမုဒိတာတို့ ကာမဝိပါက်စိတ်နှင့်လောကုတ္တရာစိတ်တို့၌ မယှဉ်နိုင်ခြင်းအကြောင်း | ------- | ၁၁၁ |
| ၁၁၅။ | ထိန မိဒ္ဓနှစ်ပါး သဟ ကဒါစိဖြစ်ပုံ | ------- | ၁၁၁ |
| ၁၁၆။ | နိယတသက်သက်စေတသိက် - | ------- | ၁၁၁ |
| ၁၁၇။ | နိယတ အနိယတ နှစ်မျိုးရသော စေတသိက်ကား - | ------- | ၁၁၁ |
| ၁၁၈။ | အနိယတသက်သက်စေတသိက်ကား | ------- | ၁၁၁ |
| ၁၁၉။ | လောကုတ္တရာစိတ်၌ အပ္ပမညာနှစ်ပါး မရခြင်း | ------- | ၁၁၂ |
| ၁၂၀။ | မဟဂ္ဂုတ်စိတ်၌ ဝိရတီသုံးပါးမရခြင်း | ------- | ၁၁၂ |
| ၁၂၁။ | အများဆုံး, အမြဲတမ်း, တစ်ပြိုင်နက်ယှဉ်ပုံ | ------- | ၁၁၃ |
| ၁၂၂။ | မဟာကုသိုလ်၌ အပ္ပမညာ, ဝိရတီတို့ အသီးသီးတစ်ခုစီသာ ယှဉ်ကြခြင်း | | ၁၁၃ |
| ၁၂၃။ | မဟာကြိယာစိတ်၌ ဝိရတီသုံးပါးမရခြင်း | ------- | ၁၁၄ |
| ၁၂၄။ | မဟာဝိပါက်စိတ်၌ အပ္ပမညာ, ဝိရတီ ငါးပါးမရခြင်း | ------- | ၁၁၄ |
| ၁၂၅။ | ဝိသေသကစေတသိက်များ အထူးပြုပုံမှာ | ------- | ၁၁၅ |
| ၁၂၆။ | လောကုတ္တရာစိတ်၌ ဝိတက် ဝိစာရ ပီတိ သုခ ဈာန်စေတသိက်တရားများ အထူးပြုပုံ | ------ | ၁၁၆ |
| ၁၂၇။ | မဟဂ္ဂုတ်စိတ်၏ မဇ္ဈိမစိတ်အမည်ရပုံ | ------- | ၁၁၆ |
| ၁၂၈။ | မဟဂ္ဂုတ်စိတ်၌ ဝိတက် ဝိစာရ ပီတိ သုခ ဈာန်အင်္ဂါလေးပါးတို့ အထူးပြုပုံနှင့် အပ္ပမညာဒွေးက အထူးပြုပုံ | ------- | ၁၁၆ |
| ၁၂၉။ | ကာမသောဘဏစိတ်၌ ဝိရတီသုံးပါး၊ အပ္ပမညာဒွေ၊ ဉာဏ်၊ ပီတိတို့ အထူးပြုပုံ | ---- | ၁၁၆ |
| ၁၃၀။ | ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခမယှဉ်နိုင် | ------- | ၁၁၇ |
| ၁၃၁။ | အကုသိုလ်စိတ်အားလုံးနှင့်ယှဉ်သောစေတသိက်အဟိတ်ပဋိသန္ဓေအစုံ (အဟေတုကပဋိသန္ဓိယုဂလ) | --- | ၁၁၈ |
| ၁၃၂။ | သင်္ဂဟနည်းအစဉ်ထားပုံ | ------- | ၁၁၈ |
| ၁၃၃။ | စိတ်နှင့်အညီအမျှပြားသော (ပွားလာသော) စေတသိက်များ | ------- | ၁၁၈ |
| ၁၃၄။ | စေတသိက်ကို စေတသိက်ပြန်၍ ယှဉ်သောနည်း | ------- | ၁၁၈ |
| ၁၃၅။ | မောဟစေတသိက်နှင့်ယှဉ်သော စေတသိက် | ------- | ၁၁၉ |


### ပကိဏ်းပိုင်း


| | | | |
|---|---|---|---|
| ၁၃၆။ | ဝေဒနာသုံးမျိုးမှ ငါးမျိုးပွားလာခြင်း | ------- | ၁၂၀ |
| ၁၃၇။ | ဥပေက္ခာကား အပြားမရှိ | ------- | ၁၂၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၁၃၈။ | ဟိတ်တရားက ဆောင်ရွက်သောစွမ်းရည် | ------- | ၁၂၄ |
| ၁၃၉။ | ကိစ္စနှင့်ဌာနအထူး | ------- | ၁၂၉ |
| ၁၄၀။ | ကိစ္စဌာနအတူတူဖြစ်ခြင်း | ------- | ၁၃၀ |
| ၁၄၁။ | ကိစ္စ (၁၄)၊ ဌာန (၁၀) ဖြစ်ရခြင်း | ------- | ၁၃၀ |
| ၁၄၂။ | အာဝဇ္ဇန်းဒွေး ကြိယာဖြစ်လျက် ဇောမထိုက်ခြင်း | ------- | ၁၃၂ |
| ၁၄၃။ | အာဝဇ္ဇန်းဒွေးကို ကြည့်ရခြင်းအကြောင်း | ------- | ၁၃၂ |
| ၁၄၄။ | မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်လျက် ဇောထိုက်ခြင်း | ------- | ၁၃၃ |
| ၁၄၅။ | မနောဒွါရ၌ မန အရ၊ မနောဒွါရ အရတို့ကို ခွဲပြခြင်း | ------- | ၁၃၄ |
| ၁၄၆။ | တစ်ခုယုတ် (၂၀)သော စိတ်တို့၏ ဒွါရဝိမုတ်စိတ်ဖြစ်ရခြင်း | ------- | ၁၃၅ |
| ၁၄၇။ | ရုံခါ (၆)ဒွါရ၌ဖြစ်၊ ရုံခါ (၆)ဒွါရမှ လွတ်သည့် နှစ်မည်ရစိတ် (၁၀)ပါး | ---- | ၁၃၆ |
| ၁၄၈။ | အာရုံနှင့်အာရမ္မဏိကတရားတို့ကို ခွဲပြခြင်း | ------- | ၁၃၇ |
| ၁၄၉။ | ပစ္စုပ္ပန်အပြားနှင့် ဤ၌ ယူရမည့် ပစ္စုပ္ပန် | ------- | ၁၃၈ |
| ၁၅၀။ | နိဗ္ဗာန် ပညတ်တို့ ကာလဝိမုတ်ဖြစ်ခြင်း | ------- | ၁၃၉ |
| ၁၅၁။ | မနောဒွါရိကစိတ်တို့၏ ယထာရဟ အာရုံပြပုံ | ------- | ၁၄၀ |
| ၁၅၂။ | ပဋိသန္ဓေ ဘဝင် စုတိစိတ် (၁၉)ပါးကို ဒွါရဝိမုတ်ဟု ခေါ်ဆိုရခြင်း | ------ | ၁၄၀ |
| ၁၅၃။ | ပဋိသန္ဓေ ဘဝင် စုတိတို့၏အာရုံ | ------- | ၁၄၁ |
| ၁၅၄။ | စုတိစိတ်၏အာရုံ | ------- | ၁၄၁ |
| ၁၅၅။ | ဒွါရဝိမုတ်စိတ်တို့၏ကာလ | ------- | ၁၄၁ |
| ၁၅၆။ | ဒွါရဝိမုတ်စိတ်တို့၏ ယထာသမ္ဘဝ အာရုံပြပုံ | ------- | ၁၄၃ |
| ၁၅၇။ | အနာဂတ်ကာလ၏ ပဋိသန္ဓေအာရုံမဖြစ်နိုင်ခြင်း | ------- | ၁၄၃ |
| ၁၅၈။ | အနာဂတ်ကာလ၏ ပဋိသန္ဓေအာရုံ၏အဖြစ်ကို တားမြစ်ခြင်း | ------- | ၁၄၄ |
| ၁၅၉။ | အကုသိုလ်စိတ်နှင့်ဉာဏဝိပ္ပယုတ် | ------- | ၁၄၄ |
| ၁၆၀။ | ယေဘုယျေန (များသောအားဖြင့်) စကားကို ဆိုရခြင်း | ------- | ၁၄၅ |
| ၁၆၁။ | မနောဓာတ်သုံးပါး၏အာရုံ | ------- | ၁၄၇ |
| ၁၆၂။ | ကာမာဝစရဇောတို့၏အာရုံအဖွင့် | ------- | ၁၄၈ |
| ၁၆၃။ | အရဟတ္တမဂ်နှင့်ဖိုလ်ကို ကြည့်ရသောအကြောင်း | ------- | ၁၄၉ |
| ၁၆၄။ | ကုသိုလ်ဉာဏသမ္ပယုတ်၊ ကုသိုလ်အဘိညာဉ်စိတ်တို့၏ ကာမ မဟဂ္ဂုတ် ပညတ် နိဗ္ဗာန်တို့ကို အာရုံပြုပုံ | ------- | ၁၅၁ |
| ၁၆၅။ | ကြိယာဉာဏသမ္ပယုတ်၊ ကြိယာအဘိညာဉ်၊ ဝုဋ္ဌောတို့၏ အာရုံ | ------- | ၁၅၁ |
| ၁၆၆။ | ကေန်အာရုံပြုသည် အုပ်စု လေးစု | ------- | ၁၅၃ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၁၆၇။ | အနေကန်အာရုံပြုသည့် အုပ်စုသုံးစု | ------- | ၁၅၃ |
| ၁၆၈။ | ကြွင်းသော စိတ်တို့၏မှီရာ | ------- | ၁၅၅ |
| ၁၆၉။ | ၎င်းစိတ် (၃၃)ပါးတို့ ဟဒယဝတ္ထုကိုသာ မှီရခြင်း | ------- | ၁၅၅ |
| ၁၇၀။ | အရူပဘုံ၌ မဖြစ်နိုင်ခြင်း | ------- | ၁၅၇ |
| ၁၇၁။ | ဟဒယဝတ္ထုကို ရံခါမှီ၊ ရံခါမမှီမူ၍ဖြစ်ခြင်း | ------- | ၁၅၉ |
| ၁၇၂။ | ဘုံအလိုက် ရနိုင်သော ဝတ္ထုနှင့်ဝိညာဏဓာတ် | ------- | ၁၅၉ |


## ဝီထိပိုင်း


| | | | |
|---|---|---|---|
| ၁၇၃။ | ဝိသယပ္ပဝတ္တိခြောက်ပါးအဓိပ္ပာယ် | ------- | ၁၆၀ |
| ၁၇၄။ | ဝိသယပ္ပဝတ္တိ=အာရုံဖြစ်ပေါ်မှု (၉)မျိုး | ------- | ၁၆၅ |
| ၁၇၅။ | ဋီခါဏ ရှိ/မရှိ ပြဿနာ | ------- | ၁၆၆ |
| ၁၇၆။ | ရုပ်သက် နာမ်သက်များ | ------- | ၁၆၈ |
| ၁၇၇။ | နာမ်သက်မြန်၍ ရုပ်သက်ကြာပုံ | ------- | ၁၆၈ |
| ၁၇၈။ | ရုပ်သက်နာမ်သက်ဖြစ်ပုံ ဥပမာ | ------- | ၁၆၈ |
| ၁၇၉။ | ဝိညတ်ဒွေနှင့် လက္ခဏာရုပ်လေးခုတို့ ရုပ်သက် ၁၇-ချက် အသက်မမှီကြ | ------- | ၁၆၉ |
| ၁၈၀။ | နာမ်သက်မှာ စိတ္တက္ခဏတစ်ချက်သာရှိ၍ ရုပ်သက်မှာ | ------- | ၁၆၉ |
| ၁၈၁။ | စိတ္တက္ခဏ ၁၇-ချက် ရှိရခြင်းအကြောင်းရင်း | ------- | ၁၆၉ |
| ၁၈၂။ | ဋီကာကျော်မှတ်ချက် | ------- | ၁၇၀ |
| ၁၈၃။ | အာပါထမာဂစ္ဆန္တိ = အာရုံထင်ပုံ | ------- | ၁၇၁ |
| ၁၈၄။ | ဘဝင်နှစ်ကြိမ်လှုပ်ပုံဖြစ်ပုံ | ------- | ၁၇၂ |
| ၁၈၅။ | ဘဝင်စိတ်လှုပ်ရခြင်း | ------- | ၁၇၃ |
| ၁၈၆။ | ''စက္ခုနာ ရူပံ ဒိသွာ = စက္ခုပသာဒဖြင့် ရူပါရုံကို မြင်၍''ဟူသော ဘုရားဟောနှင့် ''စက္ခုဝိညာဏ်သည် ရူပါရုံကို မြင်ကြောင်း'' သင်္ဂြိုဟ်စကား မဆန့်ကျင့်ပုံ။ | ---- | ၁၇၄ |
| ၁၈၇။ | လဒ္ဓပစ္စယဝသေန - (ရအပ်သောအကြောင်း၏အစွမ်းဖြင့်) ဟူသည် | ---- | ၁၇၇ |
| ၁၈၈။ | ဝီထိစိတ်ဖြစ်ပုံ - သရက်သီးကောက်၍စားသော ဥပမာ | ------- | ၁၇၈ |
| ၁၈၉။ | မဟန္တာရုံဝီထိ၌ တဒါရုံမဖြစ်ခြင်းအကြောင်း | ------- | ၁၇၉ |
| ၁၉၀။ | တဒါရုံတစ်ကြိမ်ကျခြင်းကိုမဆိုဘဲ နှစ်ကြိမ်ကျခြင်းကိုသာ ဆိုခြင်း | ------ | ၁၇၉ |
| ၁၉၁။ | ပရိတ္တာရုံဝီထိ၌ ဇောမရခြင်းအကြောင်း | ------- | ၁၈၀ |
| ၁၉၂။ | ဝုဋ္ဌော နှစ်ကြိမ်ဖြစ်ရခြင်း | ------- | ၁၈၁ |

## မာတိကာ

| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|


၁၉၃။ ဝိထိစိတ်ဖြစ်ခြင်းမရှိတော့ပါဘဲလျက် အတိပရိတ္တာရုံဝိထိဟု ခေါ်ဆိုခြင်းအကြောင်း ------- ၁၈၂
၁၉၄။ ဤအတိပရိတ္တာရုံဝိထိ၌ ဝိထိစိတ်မဖြစ်ဘဲ ဘဝင်သာကျရခြင်း ------- ၁၈၃
၁၉၅။ အပ္ပနာဇောဝါရ ဝိထိ၌ ဇော ၄-ကြိမ် ၅-ကြိမ်ဖြစ်ရပုံ ------- ၁၈၇
၁၉၆။ ကာမာဝစရညာဏ် သမ္ပယုတ်ဇောများနောင် အပ္ပနာဇောများ နှောင်းရာ၌ ၁၈၉
၁၉၇။ ဝိပါက်အမှန် ဇောအပြန် ------- ၁၉၀
၁၉၈။ ကာမဇောနောင် တဒါရုံကျပုံကို ခွဲခြားမှတ်သားပြရာ၌ ------- ၁၉၁
၁၉၉။ ပုဂ္ဂိုလ်အလိုက် တဒါရုံကျပုံ ------- ၁၉၃
၂၀၀။ ကုသိုလ် အကုသိုလ် ကြိယာဇောတို့ဖြင့်သာ တဒါရုံကို မှတ်ပြ၍ ------- ၁၉၄
၂၀၁။ ဉာဏသမ္ပယုတ် ဝိပ္ပယုတ်ဇောတို့ဖြင့် တဒါရုံကို မှတ်၍ မပြခြင်း ------- ၁၉၄
၂၀၂။ အာဂန္တုကဘဝင်ဝိထိ ------- ၁၉၅
၂၀၃။ သောမနဿပဋိသန္ဓေရှိပြီး ဒေါသဇော စောနိုင်သူများ ------- ၁၉၅
၂၀၄။ (၂) အာဝဇ္ဇန်းကင်းလျက် ဖြစ်နိုင်သောစိတ်များ ------- ၁၉၇
၂၀၅။ ကာမဇောအဆုံး၌သာ တဒါရုံဖြစ်ခြင်း ------- ၁၉၈
၂၀၆။ မဟဂ္ဂုတ် လောကုတ္တရာဇောတို့၏အဆုံး၌ တဒါရုံမဖြစ်ခြင်း ------- ၁၉၈
၂၀၇။ ဇဝနနိယာမ ------- ၁၉၉
၂၀၈။ နိရောဓသမာပတ် ဟူသည် ------- ၂၀၁
၂၀၉။ နိရောဓသမာပတ်ဝင်စားသူများ ------- ၂၀၁
၂၁၀။ ပုဂ္ဂလဘေဒ ------- ၂၀၂
၂၁၁။ မဂ်စိတ် ဖိုလ်စိတ်တို့သည် ဆိုင်ရာမဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်တို့၌ ထိုက်သည့်အားလျော်စွာ (ယထာရဟ)ဖြစ်ပုံ ------- ၂၀၄
၂၁၂။ ဘူမိဝိဘာဂ ------- ၂၀၅
၂၁၃။ ဝိထိစိတ်များဖြစ်နေပုံ ------- ၂၀၆


### ဝိထိမုတ်ပိုင်း (ဘုံပိုင်း)


၂၁၄။ ဝိထိမုတ်ပိုင်း (ဘုံပိုင်း) ပဝတ္တိသင်္ဂဟနစ်မျိုး ------- ၂၀၇
၂၁၅။ အပါယ်လေးဘုံ ------- ၂၀၇
၂၁၆။ ကာမသုဂတိ ခုနစ်ဘုံ ------- ၂၀၉
၂၁၇။ အရူပဘုံမည်ပုံနှစ်မျိုး ------- ၂၁၃
၂၁၈။ လူနှင့်အပါယ်ပုဂ္ဂိုလ်စသည်တို့၏အသက်တမ်း ------- ၂၁၆
၂၁၉။ ပရနိမ္မိတဝသဝတ္တိနတ်သက် ------- ၂၁၈

# မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၂၂၀။ | ရုပပြဟ္မာတို့၏အသက်တမ်း ------- | ၂၁၈ |
| ၂၂၁။ | စတုမဟာရာဇ်နတ်သက် ၅၀၀သည် လူတို့၏ အရေအတွက်အားဖြင့် --- အနှစ် ကိုးသန်းဖြစ်ပုံ | ၂၂၀ |
| ၂၂၂။ | ဘုံ+ဇာတ်+သမ္ပယုတ္တ ဓမ္မ+သင်္ခါရ+အာရုံအားဖြင့် တူပုံ ------- | ၂၂၁ |
| ၂၂၃။ | ကိစ္စအားဖြင့် ကံလေးပါး ------- | ၂၂၁ |
| ၂၂၄။ | ဇနကကံနှင့် ဥပဿာတကကံတို့၏အထူး ------- | ၂၂၂ |
| ၂၂၅။ | ဥပဃာတကကံနှင့် ဥပပီဠကကံအထူး (အပရေဆရာ၏ဝါဒ) ------- | ၂၂၂ |
| ၂၂၆။ | ပါပဒါနုပရိယာယကံ ၄-မျိုး(အကျိုးပေးလှည့် အစဉ်အတိုင်း ကံ ၄-မျိုး) - | ၂၂၂ |
| ၂၂၇။ | အဘိဓမ္မာဝတာရ စသော ဆရာတို့အလိုကိုပြခြင်း ------- | ၂၂၃ |
| ၂၂၈။ | အကျိုးပေးရာကာလအားဖြင့် ကံ ၄-မျိုး (ပါကကာလကံ ၄-မျိုး ------ | ၂၂၄ |
| ၂၂၉။ | ပါကကာလအဓိပ္ပာယ် ------- | ၂၂၅ |
| ၂၃၀။ | ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် အပရာပရိယဝေဒနီယကံတို့၏ အကျိုးပေးပုံဥပမာ - | ၂၂၇ |
| ၂၃၁။ | ကာယဝိညာဉ် ဝစီဝိညာဉ်သည်သာ ကာယကံ စသည် ဖြစ်ဖို့အကြောင်း- | ၂၂၉ |
| ၂၃၂။ | ဝစီကံ၌ ကံနှင့်ကမ္မပထ ------- | ၂၃၁ |
| ၂၃၃။ | မနောကံ၌ ကံနှင့်ကမ္မပထ ------- | ၂၃၂ |
| ၂၃၄။ | ဒုစရိုက်ဆယ်ပါးတို့၏အကြောင်းရင်း ဟိတ်တရားများ ------- | ၂၃၃ |
| ၂၃၅။ | ဒေါသမူဒွေးကြောင့်ဖြစ်သောကံ ------- | ၂၃၃ |
| ၂၃၆။ | လောဘ ဒေါသနှစ်ပါးကြောင့် ဖြစ်သောကံ ------- | ၂၃၄ |
| ၂၃၇။ | မောဟကြောင့် အဒိန္နာဒါန်ဖြစ်ပုံ ------- | ၂၃၄ |
| ၂၃၈။ | ဒိဋ္ဌိဇကမ္မ-၌ ဉာဏဝိပ္ပယုတ် ရထိုက် မရထိုက် ------- | ၂၃၄ |
| ၂၃၉။ | ဥဒ္ဓစ္စစေတနာကို ကြံရခြင်း ------- | ၂၄၃ |
| ၂၄၀။ | ဥဒ္ဓစ္စစေတနာ ပဋိသန္ဓေအကျိုးမပေးနိုင်ကြောင်း အထောက်အထားများ - | ၂၄၄ |
| ၂၄၁။ | ကာမကုသိုလ်၏ အပါယ်ဘုံတို့နှင့် ကာမ (၁၁)ဘုံလုံးတို့၌ ------- ပဝတ္တိကျိုးပေးပုံသာဓက | ၂၄၆ |
| ၂၄၂။ | ကာမကုသိုလ်၏ ရူပဘုံတို့၌ အဟိတ်ဝိပါက် ပဝတ္တိကျိုးများပေးခြင်း---- | ၂၄၆ |
| ၂၄၃။ | တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ စသည်တို့ အကျိုးပေးပုံ ------- | ၂၄၆ |
| ၂၄၄။ | တိဟိတ်ဩမကကုသိုလ်ကံသည် အလွန်အားနည်း၍ အဟိတ်ပဋိသန္ဓေ -- ကိုသာ ပေးသင့်လျက် မပေးဘဲ ဒွိဟိတ်ပဋိသန္ဓေကျိုးကိုပေးပုံ | ၂၄၇ |
| ၂၄၅။ | ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည်လည်း အလွန်အားရှိ၍ တိဟိတ် ------- ပဋိသန္ဓေကို ပေးသင့်လျက် မပေးဘဲ ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာပေးပုံ | ၂၄၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၂၄၆။ | ကေစိဝါဒ ဟု တွင်သော မောရဝါပိအရပ်၌ သီတင်းသုံးသော အရှင်မဟာဝမ္မရက္ခိတမထေရ်၏အယူအဆ | ၂၄၉ |
| ၂၄၇။ | ပရိတ္တ+မဇ္ဈိမ+ပဏီတဈာန်တို့၏ အဓိပ္ပာယ် | ၂၅၀ |
| ၂၄၈။ | အဘိညာဏ်အဖြစ်သို့ ရောက်သော ပဥ္စမဈာန်၏ ပဋိသန္ဓေကျိုး မပေးပုံ - | ၂၅၁ |
| ၂၄၉။ | အသညသတ်ဘုံသို့ ရောက်အောင် ကမ္မဋ္ဌာန်းစီးဖြန်းပုံ | ၂၅၂ |
| ၂၅၀။ | အသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်နှင့်ဖြစ်ပုံအနေအထား | ၂၅၂ |
| ၂၅၁။ | သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်စဉ် | ၂၅၃ |
| ၂၅၂။ | အနာဂါမ်ပုဂ္ဂိုလ်များ ကာမဘုံ၌ မဖြစ်တော့ခြင်း | ၂၅၃ |
| ၂၅၃။ | ဈာန်မရသော (သုက္ခဝိပဿက) အနာဂါမ်များလည်း သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင် | ၂၅၄ |
| ၂၅၄။ | မိန်းမများလည်း ဗြဟ္မာဖြစ်နိုင် | ၂၅၅ |
| ၂၅၅။ | ဘဝဿီသ (ဘဝဂ္ဂ) ထိပ်ဆုံး သုံးပုံ | ၂၅၅ |
| ၂၅၆။ | မရဏာပ္ပတ္တိစတုက္က - သေခြင်းလေးမျိုး | ၂၅၅ |
| ၂၅၇။ | ဥပစ္ဆေဒကကံဖြင့် မသေနိုင်သူများ | ၂၅၇ |
| ၂၅၈။ | စုတေခါနီးကာလ နိမိတ်ထင်ပုံ | ၂၅၇ |
| ၂၅၉။ | စုတိခါနီး စိတ်အစဉ်ဖြစ်ပုံ | ၂၅၉ |
| ၂၆၀။ | အကုသိုလ်ကံ တဏှာ | ၂၆၁ |
| ၂၆၁။ | စေတနာဖွယ် ကုသိုလ်ကံတဏှာ | ၂၆၁ |
| ၂၆၂။ | ဘုရားရဟန္တာတို့ စုတိစိတ် နိဗ္ဗာန်ကို အာရုံပြု မပြု | ၂၆၂ |
| ၂၆၃။ | ဗာဟုလ္လေန (များသောအားဖြင့်) ညွှတ်သည် ဆိုရာ၌ - | ၂၆၄ |
| ၂၆၄။ | အဘိနဝကရဏာဝသေန (မိမိကိုယ်ကို အသစ်ပြုနေရသည်၏ အစွမ်းဖြင့်) ထင်ပုံ | ၂၆၄ |
| ၂၆၅။ | မရဏာသန္န သေခါနီးအခါ ဝီထိကျပုံ | ၂၆၄ |
| ၂၆၆။ | ပစ္စာသန္နမရဏကာလ (အလွန်နီးသော သေခြင်းရှိသောကာလ)ဟူသည် - | ၂၆၇ |
| ၂၆၇။ | ပဋိသန္ဓေစိတ်ဖြစ်ပုံ (သင်္ဂြိုဟ်ကျမ်းရင်း မြန်မာပြန်) | ၂၆၇ |
| ၂၆၈။ | ပဋိသန္ဓေ စတည်သောအခါ၌ ရုပ်က အရင်ဖြစ်သလော? နာမ်က အရင်ဖြစ်သလော? | ၂၆၈ |
| ၂၆၉။ | အပါယ်ဘုံ၌ဖြစ်လတ္တံ့သော သတ္တဝါ၊ သုဂတိဘုံသို့ လားလတ္တံ့သော သတ္တဝါတို့အား အဝိဇ္ဇာ တဏှာ သင်္ခါရတို့ဖြစ်ပုံ | ၂၇၀ |
| ၂၇၀။ | အဝိဇ္ဇာနုသယခြံရံ၊ တဏှာနုသယအရင်းခံ၍ ကုသိုလ်ကံ အကုသိုလ် ကံ သင်္ခါရများအား ကျေးဇူးပြုကြပုံ | ၂၇၀ |

# မာတိကာ

စဉ်     အကြောင်းအရာ     နှာ


၂၇၁။ အယူမှားဒိဋ္ဌိကို ပယ်ရန် ------- ၂၇၃

၂၇၂။ မရဏာသန္နဇောနှင့်စုတိကျပုံ ------- ၂၇၃

၂၇၃။ သင်္ဂြိုဟ်ကျမ်းရင်းအနက် ------- ၂၇၄

၂၇၄။ ပဋိသန္ဓေ ဘဝင်တို့၏အာရုံ ------- ၂၇၅

၂၇၅။ သေခါနီးအခါ (၅)ကြိမ်သာ စောရခြင်း ------- ၂၇၅

၂၇၆။ (ပဉ္စဒွါရ) မရဏာသန္နလေးဝီထိ ------- ၂၇၆

၂၇၇။ မနောဒွါရ မရဏာသန္နလေးဝီထိ ------- ၂၇၆

၂၇၈။ ဘဝသစ် ပဋိသန္ဓေ ဘဝင်တို့၏အာရုံ ------- ၂၇၆

၂၇၉။ ကမ္မနိမိတ်နှစ်မျိုး (ပစ္စုပ္ပန်ကမ္မနိမိတ်၊ အတိတ်ကမ္မနိမိတ်) ------- ၂၇၇

၂၈၀။ လယ်တီဆရာတော်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာဆို့အဆိုအရ ဂတိနိမိတ် ခြောက်ဒွါရ၌ ထင်နိုင်ပုံ ------- ၂၈၀

၂၈၁။ မရဏာသန္နဇော (သေခါနီးဇော) ပဋိသန္ဓေကျိုး မပေးနိုင် ------- ၂၈၁

၂၈၂။ ရူပပဋိသန္ဓေ၏အာရုံ ------- ၂၈၁

၂၈၃။ အရူပပဋိသန္ဓေ၏အာရုံ ------- ၂၈၁

၂၈၄။ အသညသတ်ဘုံသားတို့၏ ပဋိသန္ဓေ ------- ၂၈၂

၂၈၅။ (ရူပါဝစရစုတိနောင် အဟိတ်ပဋိသန္ဓေ+အပါယ်ပဋိသန္ဓေတို့ မရနိုင် ခြင်းအကြောင်း) ------- ၂၈၂

၂၈၆။ ရူပါဝစရစုတိနောင် ဒွိဟိတ်ပဋိသန္ဓေဖြစ်နိုင်သေးကြောင်း ------- ၂၈၂

၂၈၇။ အထက်အရူပစုတိစိတ်နောင် အောက်အောက် အရူပပဋိသန္ဓေများကို ကြဉ်ရခြင်း ------- ၂၈၃

၂၈၈။ အရူပဗြဟ္မာများ စုတေလျှင် တိဟိတ်ကာမဘုံသားဖြစ်ရခြင်း ------- ၂၈၃

၂၈၉။ အသညသတ်စုတိနောင် နောင်းနိုင်သော ပဋိသန္ဓေများ ------- ၂၈၄

၂၉၀။ ဘဝင်ဖြစ်ပုံ ------- ၂၈၄

၂၉၁။ စုတိစိတ်ဖြစ်ပုံ ------- ၂၈၄

၂၉၂။ ပဋိသန္ဓေစိတ်ကိုပင် ဘဝင်စိတ်၊ စုတိစိတ်ဟု ခေါ်ရကြောင်းဥပမာ ------ ၂၈၅

၂၉၃။ သံသရာစက် လည်ပုံနှင့်ပြတ်ပုံ ------- ၂၈၅


## ရုပ်ပိုင်း


၂၉၄။ ရူပသမုဒ္ဒေသမဟာဘုတ်လေးပါးနှင့်ဥပါဒါရုပ်အဖွင့် ------- ၂၈၇

၂၉၅။ မဟာဘုတ်တို့၏မျက်လှည့်ဆရာ၊ ဘီလူးမတို့နှင့်တူပုံ ------- ၂၈၇

၂၉၆။ မဟာဘုတ်တို့လည်း အပြန်အလှန်မှီကြ ဥပါဒါရုပ်ဟု ခေါ်နိုင်/ မခေါ် နိုင်။ - ၂၈၈

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၂၉၇။ | မဟာဘုတ်လေးပါး၏အဓိပ္ပာယ် | ------- | ၂၈၉ |
| ၂၉၈။ | ခြေတစ်လှမ်း၌ မဟာဘုတ်လေးပါးသတ္တိ | ------- | ၂၈၉ |
| ၂၉၉။ | မဟာဘုတ်လေးပါးကို မြွေလေးကောင်နှင့်နှိုင်းပုံ | ------- | ၂၈၉ |
| ၃၀၀။ | ပသာဒရုပ်ငါးပါး | ------- | ၂၉၀ |
| ၃၀၁။ | အတူတကွဖြစ်ဖက် မဟာဘုတ်လေးပါးတို့က စက္ခုပသာဒရုပ်အား သဟဇာတနိဿယ စသောသတ္တိတို့ဖြင့် ကျေးဇူးပြုပုံ - | ----- | ၂၉၀ |
| ၃၀၂။ | ကာယပသာဒသည် တစ်ကိုယ်လုံး၌တည်သောကြောင့် စက္ခုစသော ပသာဒတို့နှင့် ရောယှက်ခြင်းရှိ/မရှိ | ------- | ၂၉၂ |
| ၃၀၃။ | ဖောဋ္ဌဗ္ဗာရုံ၌ အာပေါဓာတ်ကို ကြဉ်ရခြင်း | ------- | ၂၉၂ |
| ၃၀၄။ | အာပေါကို တွေ့ထိလို့မရ | ------- | ၂၉၂ |
| ၃၀၅။ | တေဇောနှစ်မျိုးဖြစ်ရခြင်း | ------- | ၂၉၂ |
| ၃၀၆။ | ပျော့ပျောင်းသည်၏အဖြစ်ကို အာပေါဟု ယူဆ၍ ပျော့ပျောင်းမှု အာပေါကို ထိလို့ရသည်ဟု ယူဆချက် မှန် / မမှန် | ------- | ၂၉၃ |
| ၃၀၇။ | ဂေါစရရုပ်ခုနစ်ပါး | ------- | ၂၉၃ |
| ၃၀၈။ | ဂေါစရရုပ်၏လက္ခဏာ | ------- | ၂၉၃ |
| ၃၀၉။ | ဘာဝရုပ်နှစ်ပါး | ------- | ၂၉၃ |
| ၃၁၀။ | ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ နှစ်ပါးကို ဘာဝရုပ်ဟု ခေါ်ရခြင်း | ------- | ၂၉၄ |
| ၃၁၁။ | ဣတ္ထိဘာဝရုပ် | ------- | ၂၉၄ |
| ၃၁၂။ | ဟဒယဝတ္ထု ရှိမရှိ | ------- | ၂၉၅ |
| ၃၁၃။ | ဇီဝိတရုပ်ဇီဝိတိန္ဒြေရုပ်သည် ရုပ်သက်တမ်း ခဏတာမျှဖြစ်သော်လည်း ကမ္မဇရုပ်တို့ကို စောင့်ရှောက်နိုင်ပုံ | -- | ၂၉၆ |
| ၃၁၅။ | အသက်ရှင်သည်ဟူ၍ မခေါ်ရသောရုပ်များ | ------- | ၂၉၆ |
| ၃၁၆။ | ဇီဝိတိန္ဒြိယရုပ်၏တည်ရာ | ------- | ၂၉၇ |
| ၃၁၇။ | အာဟာရရုပ် | ------- | ၂၉၇ |
| ၃၁၈။ | ရူပရူပံ (ရူပရုပ်) ဟု ရူပသဒ္ဒါနှစ်ဆင့်ဆိုရခြင်း | ------- | ၂၉၇ |
| ၃၁၉။ | ပရိစ္ဆေဒရုပ် | ------- | ၂၉၈ |
| ၃၂၀။ | အမှန်တကယ် ပိုင်းခြားတတ်သော ကတ္တားသတ္တိကား မရှိ | ------- | ၂၉၈ |
| ၃၂၁။ | ကလာပ်ချင်း ထိကပ်နေသော်လည်း မရောနှော | ------- | ၂၉၈ |
| ၃၂၂။ | အာကာသဓာတ်နှင့်ရုပ်ကလာပ်တို့ ရောနှောခြင်းမရှိ | ------- | ၂၉၉ |
| ၃၂၃။ | ဝိညတ်ရုပ်နှစ်ပါး | ------- | ၂၉၉ |
| ၃၂၄။ | အတွင်းသဘောအလိုဆန္ဒကို သိရာ၌- | ------- | ၃၀၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၃၂၅။ | လက်ယပ်ခေါ်ရာ၌ ဝိညတ်ကို သိပုံ | ------- | ၂၀၀ |
| ၃၂၆။ | အဘယ်ကြောင့် အရပ်တစ်ပါး၌ ရွေ၍ ဥပါဒ်ခြင်းဖြစ်ခြင်းကို | ------- | ၂၀၀ |
| ၃၂၇။ | လှုပ်ခြင်းဟု ခေါ်ဆိုပါသနည်း - | ------- | ၂၀၁ |
| ၃၂၈။ | စိတ္တဇရုပ်လှုပ်လျှင် ကျန်တိဇရုပ်လည်းလှုပ် | ------- | ၂၀၂ |
| ၃၂၉။ | ပဌမဇောစသည်၌ ဝိညတ် ပါ/မပါ | ------- | ၂၀၂ |
| ၃၃၀။ | ဝစီဝိညတ် | ------- | ၂၀၃ |
| ၃၃၁။ | လက္ခဏာရုပ်လေးပါး | ------- | ၂၀၅ |
| ၃၃၂။ | ဇာတိရုပ်တစ်ခုကို ဥပစယ+သန္တတိ နှစ်ခုခွဲ၍ဟောခြင်း | ------- | ၂၀၆ |
| ၃၃၃။ | ၂။ ရူပဝိဘာဂ | ------- | ၂၀၇ |
| ၃၃၄။ | အဇ္ဈတ္တိက-ဗာဟိရ အဓိပ္ပာယ် | ------- | ၂၀၈ |
| ၃၃၅။ | ဝတ္ထုရုပ် အဝတ္ထုရုပ် | ------- | ၂၀၈ |
| ၃၃၆။ | ဒွါရရုပ် အဒွါရရုပ် | ------- | ၂၀၈ |
| ၃၃၇။ | ဣန္ဒြိယရုပ် အနိန္ဒြိယရုပ် | ------- | ၂၀၉ |
| ၃၃၈။ | ဣန္ဒြိယရုပ် (၈)ပါး | ------- | ၂၀၉ |
| ၃၃၉။ | ဩဠာရိကရုပ် သုခုမရုပ် | ------- | ၂၁၀ |
| ၃၄၀။ | ဥပါဒိန္နရုပ် အနုပါဒိန္နရုပ် | ------- | ၂၁၁ |
| ၃၄၁။ | သနိဒဿနရုပ် အနိဒဿနရုပ် | ------- | ၂၁၁ |
| ၃၄၂။ | နိဒဿန နှင့် သနိဒဿန အရ | ------- | ၂၁၁ |
| ၃၄၃။ | ဋီကာကျော် နိဿယရှင်းလင်းချက် | ------- | ၂၁၂ |
| ၃၄၄။ | ဂေါစရဂ္ဂါဟိကရုပ် | ------- | ၂၁၂ |
| ၃၄၅။ | ရုပ်တရားသည် အနာရမ္မဏအာရုံကိုမယူတတ်ဟု ဆိုခြင်းနှင့် ရုပ်တရားကိုပင် ဂေါစရဂ္ဂါဟိက = အာရုံကို ယူတတ်သော တရားဟု ဆိုသော စကားနှစ်ရပ် | ------- | ၂၁၃ |
| ၃၄၆။ | အသမ္ပတ္တ၊ သမ္ပတ္တ၊ စက္ခုပသာဒနှင့် ရူပါရုံတို့ အသမ္ပတ္တဖြစ်ပုံ | ------- | ၂၁၃ |
| ၃၄၇။ | သောတပသာဒနှင့် သဒ္ဒါရုံတို့ အသမ္ပတ္တဖြစ်ပုံ | ------- | ၂၁၃ |
| ၃၄၈။ | လောကသဘာဝနှင့် ဆန်းစစ်ကြည့်ပါဦး | ------- | ၂၁၄ |
| ၃၄၉။ | အဝိနိဗ္ဘောဂရုပ် | ------- | ၂၁၅ |
| ၃၅၀။ | ရူပသမုဋ္ဌာန | ------- | ၂၁၅ |
| ၃၅၁။ | ယခုအခါ စိတ်ဓါတ်ခံဇာတ်၌ ရုပ်ဖြစ်နိုင် မဖြစ်နိုင် | ------- | ၂၁၆ |
| ၃၅၂။ | အရူပဝိပါတ် လေးပါးနှင့် ပဉ္စဝိညာဏ်တို့ ရုပ်ကို မဖြစ်စေနိုင်ပုံ | ------- | ၂၁၇ |
| ၃၅၃။ | ပဋိသန္ဓေစိတ်လည်း ရုပ်ကို မဖြစ်စေနိုင်ခြင်း | ------- | ၂၁၈ |

# မာတိကာ

စဉ် အကြောင်းအရာ နှာ


၃၅၄။ ရဟန္တာတို့စုတိစိတ်လည်း ရုပ်ကို မဖြစ်စေနိုင် ------- ၃၁၈
၃၅၅။ ပဋိသန္ဓေစိတ် စုတိစိတ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဘဲ ------- ၃၁၈
သင်္ဂြိုဟ်ကျမ်း၌ သီးသန့်ကြဉ်ခြင်းကို မပြုပုံ
၃၅၆။ စိတ်သည် ဥပါဒ်အခိုက်၌သာ အားရှိ၍ ရုပ်ကိုဖြစ်စေပုံ ------- ၃၁၉
၃၅၇။ ဇာဂရဏစိတ် (နိုးကြားတက်ကြွကြောင်းစိတ်များ) ------- ၃၂၀
၃၅၈။ အဇာဂရဏစိတ် ------- ၃၂၀
၃၅၉။ ရုပ်မှ ဣရိယာပုထ် ဝိညတ်တို့ကို အသီးအခြားဆိုရပုံ ------- ၃၂၀
၃၆၀။ ဘုရားရှင် ဟသိတုပ္ပါဒ်ဖြင့် ပြုံး/မပြုံး ------- ၃၂၀
၃၆၁။ ဒေါသပြုံး (မဲ့ပြုံး) ရှိနိုင်/မရှိနိုင် ------- ၃၂၁
၃၆၂။ ဥတုဇရုပ်ကို ဖြစ်စေပုံအဖွင့် ------- ၃၂၁
၃၆၃။ ပုဂ္ဂိုလ်အလိုက် ဩဇာများ ပျံ့နှံ့ပုံ ------- ၃၂၄
၃၆၄။ ဥပစယနှင့်သန္တတိအမည်ရသော ဇာတိရုပ်သည် ကံစသော ------- ၃၂၈
အကြောင်းလေးပါးကြောင့် ဖြစ်သေးပုံ
၃၆၅။ ပရမတ္ထသံခိပ်ဋီကာဆရာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏မှတ်ချက် ---- ၃၂၉
၃၆၆။ သုတ္တန်ပါဠိတော်များ ဇာတိသာမက ဇရာမရဏတို့လည်း ------- ၃၂၉
စတုဇရုပ်များ ဖြစ်ကြောင်းပြဆို
၃၆၇။ ရူပကလာပ ------- ၃၂၉
၃၆၈။ ထိုအင်္ဂါလေးပါးတွင် ဧကုပ္ပါဒနှင့်သဟဝုတ္တိသည် သဘောတရား ------- ၃၃၀
တူပါလျက် သဟဝုတ္တိကို ထပ်ဆိုရခြင်းမှာ - -------
၃၆၉။ အခြားရုပ်များလည်း ပါဝင်လျက် စက္ခုဒသကလာပ်ဟုသာ ခေါ်ရပုံ ----- ၃၃၀
၃၇၀။ ဇီဝိတနဝက ------- ၃၃၀
၃၇၁။ သဒ္ဒပါလျက် သဒ္ဒကို ထည့်၍မဆိုခြင်း ------- ၃၃၁
၃၇၂။ အဇ္ဈတ္တိက ဗဟိဒ္ဓအခွဲ ------- ၃၃၂
၃၇၃။ ကာမဘုံ၌ ရုပ်ဖြစ်စဉ် ------- ၃၃၂
၃၇၄။ ရူပပဝတ္တိက္ကမ (ရုပ်ဖြစ်စဉ်) ------- ၃၃၂
၃၇၅။ ထိုသံသေဒဇ၊ ဥပပါတ်သတ္တဝါတို့အား ဥက္ကဋ္ဌ = (အလွန်ဆုံး) ------- ၃၃၄
အားဖြင့် ပဋိသန္ဓေအခါ ကလာပ်ခုနစ်စည်းလုံးရပုံ
၃၇၆။ သုဂတိဩပပါတိက သတ္တဝါတို့အား စက္ခု၊ သောတ၊ ဃာန မချို့ပုံ ----- ၃၃၅
၃၇၇။ ဇိဝှါချို့ကောင်းသော ဂဗ္ဘသေယျကသတ္တဝါ ရှိ/မရှိ ------- ၃၃၆
၃၇၈။ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ ခွဲခြားချက် ------- ၃၃၇
၃၇၉။ ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါယူပုံ ------- ၃၃၇

# မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၃၈၀။ | ပသာဒတွေ ဘယ်အချိန်မှာ ဖြစ်ကြပါသလဲ | ------- | ၃၃၈ |
| ၃၈၁။ | ပသာဒတွေ တစ်ပြိုင်တည်းဖြစ်ကြသလား၊ အတူတူပဲဖြစ်ကြသလား | ---- | ၃၄၀ |
| ၃၈၂။ | ပဋိသန္ဓေတည်စ ကလလရေကြည်၏အရွယ် | ------- | ၃၄၁ |
| ၃၈၃။ | သန္ဓေတည်ခြင်းအကြောင်းသုံးပါး | ------- | ၃၄၅ |
| ၃၈၄။ | ရုပ်လေးပါးတို့ စဖြစ်ပုံ | ------- | ၃၄၇ |
| ၃၈၅။ | ရုပ်လေးပါးတို့ နောက်ဆုံးဖြစ်ပုံ၊ ပျက်ပုံ | ------- | ၃၄၇ |
| ၃၈၆။ | သတ္တဝါတစ်ဦးသေခြင်းဟူသည် | ------- | ၃၄၇ |
| ၃၈၇။ | ရူပဘုံ၌ ဃာ+ဇိ+ကာ သုံးပါးမရခြင်း | ------- | ၃၄၈ |
| ၃၈၈။ | ဗြဟ္မာဘုံ၌ ဘာဝရုပ်နှစ်ပါးကို မရခြင်း | ------- | ၃၄၈ |
| ၃၈၉။ | ဗြဟ္မာဘုံ၌ အာဟာရဇရုပ်ကို မရခြင်း | ------- | ၃၄၈ |
| ၃၉၀။ | ဇီဝိတနဝက ကလာပ်ရုပ်ကို ကာမဘုံ၌သာရပြီး ဗြဟ္မာဘုံ၌ မရခြင်း | --- | ၃၄၈ |
| ၃၉၁။ | နတ်ဗြဟ္မာတို့သေလျှင် အလောင်းကောင် မကျန် | ------- | ၃၄၉ |
| ၃၉၂။ | ဘုံအလိုက်ရသောရုပ် | ------- | ၃၄၉ |
| ၃၉၃။ | အခါအားဖြင့် ရသောရုပ် | ------- | ၃၅၀ |
| ၃၉၄။ | နိဗ္ဗာန်အကြောင်း | ------- | ၃၅၁ |
| ၃၉၅။ | ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို အနုမာနအားဖြင့် မှန်းဆသိပုံ | ---- | ၃၅၃ |


## သမုစ္စည်းပိုင်း


| | | | |
|---|---|---|---|
| ၃၉၆။ | ၇၂သဘာဝတ်ဝိတ္တ အရ | ------- | ၃၅၄ |
| ၃၉၇။ | အာသဝေါတရာလေးပါး | ------- | ၃၅၄ |
| ၃၉၈။ | အာသဝေါတရားလေးပါးသာ ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ပျံ့နှံ့ခြင်း | ------- | ၃၅၆ |
| ၃၉၉။ | အဝိဇ္ဇာပုံးလွှမ်းအပ်သော ဌာန (၈)ပါး | ------- | ၃၅၆ |
| ၄၀၀။ | ဩဃ(၄)ပါး အဓိပ္ပာယ် | ------- | ၃၅၆ |
| ၄၀၁။ | ယောဂ(၄)ပါးအဓိပ္ပာယ် | ------- | ၃၅၇ |
| ၄၀၂။ | ဂန္ထ (၄)ပါး အဓိပ္ပာယ်နှင့်ဂန္ထတရားလေးပါး | ------- | ၃၅၇ |
| ၄၀၃။ | ဥပါဒါန်(၄)ပါး အဓိပ္ပာယ် | ------- | ၃၅၈ |
| ၄၀၄။ | နီဝရဏအဓိပ္ပာယ်နှင့်တရားခြောက်ပါး | ------- | ၃၆၂ |
| ၄၀၅။ | နီဝရဏနှစ်ပါးတွဲများ ဟောရပုံ | ------- | ၃၆၃ |
| ၄၀၆။ | အနုသယ(၇)ပါးအဓိပ္ပာယ် | ------- | ၃၆၄ |
| ၄၀၇။ | သံယောဇဉ်ဆယ်ပါးနှင့်အဓိပ္ပာယ် | ------- | ၃၆၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၄၀၈။ | ကိလေသာဆယ်ပါးနှင့်အဓိပ္ပာယ် | ------- | ၃၆၇ |
| ၄၀၉။ | ဈာန်အကြောင်း | ------- | ၃၆၉ |
| ၄၁၀။ | တရားတစ်ခုခြင်းအလိုက် ဣန္ဒြေဖြစ်ပုံ | ------- | ၃၇၁ |
| ၄၁၁။ | လောကုတ္တရာဣန္ဒြေသုံးပါးမည်ပုံ | ------- | ၃၇၂ |
| ၄၁၂။ | ဣန္ဒြေဟောစဉ် | ------- | ၃၇၂ |
| ၄၁၃။ | ပညာဣန္ဒြေကို လေးမျိုးအထိ ဟောထားခြင်း | ------- | ၃၇၄ |
| ၄၁၄။ | ဖဿ ပထဝီစသည်တို့ကို ဣန္ဒြေအဖြစ် မဟောတော့ခြင်း | ------- | ၃၇၄ |
| ၄၁၅။ | အဓိပတိနှင့်ဣန္ဒြေအစိုးရပုံခြင်းအထူး | ------- | ၃၇၅ |
| ၁၄၆။ | အာဟာရဟု ဆိုရပုံ | ------- | ၃၇၆ |
| ၄၁၇။ | အာဟာရလေးပါးထူးပုံ | ------- | ၃၇၆ |
| ၄၁၈။ | အာဟာရလေးပါးအစဉ် | ------- | ၃၇၈ |
| ၄၁၉။ | ဈာန် ဗိုလ် မဂ္ဂင် မထိုက်သော တရားများ | ------- | ၃၇၈ |
| ၄၂၀။ | အဓိပတိ မရသောစိတ် | ------- | ၃၇၉ |
| ၄၂၁။ | အဓိပတိရသောစိတ် | ------- | ၃၇၉ |
| ၄၂၂။ | ဗောဓိပက္ခိယတရားများဖြစ်ပုံ | ------- | ၃၈၅ |
| ၄၂၃။ | ခန္ဓာကို ငါးပါးသာ ဟောရခြင်း | ------- | ၃၈၇ |
| ၄၂၄။ | ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာအထူး | ------- | ၃၈၈ |
| ၄၂၅။ | နိဗ္ဗာန်သည် ခန္ဓာမှ လွတ်ပုံ | ------- | ၃၈၉ |
| ၄၂၆။ | အာယတနမည်ခြင်းအကြောင်း | ------- | ၃၈၉ |
| ၄၂၇။ | အာယတနဟောစဉ် | ------- | ၃၉၀ |
| ၄၂၈။ | အာယတန (၁၂)ပါး အစဉ်ထားရပုံ | ------- | ၃၉၁ |
| ၄၂၉။ | ဓာတ် (၁၈)ပါးအဓိပ္ပာယ် | ------- | ၃၉၁ |
| ၄၃၀။ | အရိယာသစ္စာမည်ခြင်းအကြောင်း | ------- | ၃၉၂ |
| ၄၃၁။ | သစ္စာလေးပါးပြားရခြင်း | ------- | ၃၉၃ |
| ၄၃၂။ | သစ္စာလေးပါးသည် အရိယာပုဂ္ဂိုလ်တို့ကို ဖြစ်စေပုံ, ပြီးစေပုံ | ------- | ၃၉၃ |
| ၄၃၃။ | သစ္စာလေးပါးအစဉ်ထားရပုံ | ------- | ၃၉၃ |
| ၄၃၄။ | သစ္စာလေးပါး ရှေ့နောက်အစဉ်ထားရပုံ | ------- | ၃၉၄ |
| ၄၃၅။ | သစ္စာလေးပါးတို့ မှန်ကန်ပုံ | ------- | ၃၉၄ |
| ၄၃၆။ | ခန္ဓာအာယတန ဓာတ်တို့နောင် သစ္စာကို ဟောခြင်း | ------- | ၃၉၅ |
| ၄၃၇။ | ဝဋ်မည်ပုံ | ------- | ၃၉၅ |
| ၄၃၈။ | တဏှာအစစ် တစ်ရာ့ရှစ် | ------- | ၃၉၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၄၃၉။ | သစ္စာဝိမုတ္တိတရားများနှင့်သစ္စာမှလွတ်သော တရားမရှိဟု ဆိုသော ဘုရားရှင်၏စကား | ------- | ၃၉၆ |
| ၄၄၀။ | ခန္ဓာအပြင် အာယတနဓာတ်တို့ ဟောရပုံ | ------- | ၃၉၇ |


### ပစ္စည်းပိုင်း


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၄၄၁။ | နည်းနှစ်မျိုးအထူး | ------- | ၃၉၈ |
| ၄၄၂။ | အဝိဇ္ဇာအဓိပ္ပာယ် | ------- | ၄၀၀ |
| ၄၄၃။ | သင်္ခါရအပြား | ------- | ၄၀၁ |
| ၄၄၄။ | သင်္ခါရ နှစ်ပုဒ်အထူး | ------- | ၄၀၁ |
| ၄၄၅။ | ဝိညာဏ်နှစ်ပုဒ်အထူး | ------- | ၄၀၂ |
| ၄၄၆။ | နာမ်ရုပ်နှစ်ပုဒ်အထူး | ------- | ၄၀၂ |
| ၄၄၇။ | တဏှာနှင့်ဥပါဒါန်အထူး | ------- | ၄၀၃ |
| ၄၄၈။ | ဘဝနှစ်ပုဒ်အထူး | ------- | ၄၀၄ |
| ၄၄၉။ | ဇာတိ ဇရာ မရဏ တို့၏အဓိပ္ပာယ် | ------- | ၄၀၄ |
| ၄၅၀။ | ဇာတိ၏အကျိုးဆက်ငါးပါး | ------- | ၄၀၄ |
| ၄၅၁။ | အဝိဇ္ဇာစသည်ကို အကြောင်း (ပစ္စည်း)အဖြစ် ယူရပုံ | ------- | ၄၀၅ |
| ၄၅၂။ | အဝိဇ္ဇာသည် သင်္ခါရ၏အကြောင်းပစ္စည်းဖြစ်ပုံ | ------- | ၄၀၅ |
| ၄၅၃။ | ကာမုပါဒါန် ဒိဋ္ဌုပါဒါန်ဖြစ်ပုံ | ------- | ၄၀၆ |
| ၄၅၄။ | အခွန့်သုံးပါးအခွဲ | ------- | ၄၀၇ |
| ၄၅၅။ | သောကစသည်ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါအဖြစ် မယူရပုံ | ------- | ၄၀၈ |
| ၄၅၆။ | အခြင်းအရာ (၂၀) | ------- | ၄၀၈ |
| ၄၅၇။ | အစပ်သုံးပါး | ------- | ၄၀၉ |
| ၄၅၈။ | ကမ္မဘဝနှင့် သင်္ခါရအထူး | ------- | ၄၁၀ |
| ၄၅၉။ | ဘဝတစ်စိတ် (= ဘဝေကဒေသော) ပုဒ်ဖြင့် | ------- | ၄၁၀ |
| ၄၆၀။ | မူလ (၂)ပါး (= အကြောင်းအရင်းနှစ်ပါး) | ------- | ၄၁၁ |
| ၄၆၁။ | အဝိဇ္ဇာမူလကို အရင်းဆိုရခြင်း | ------- | ၄၁၁ |
| ၄၆၂။ | သံသရာပြတ်ပုံ၊ လည်ပုံ | ------- | ၄၁၁ |
| ၄၆၃။ | ''ဟေတု'' နှင့် ''ပစ္စည်း'' နှစ်ခု အထူးမှာကား | ------- | ၄၁၂ |
| ၄၆၄။ | အနန္တရနှင့် သမနန္တရ အထူး | ------- | ၄၁၃ |
| ၄၆၅။ | သမနန္တရပစ္စည်းသည် တရားကိုယ်အားဖြင့် အနန္တရပစ္စည်းနှင့်တူ၏။ | ---- | ၄၁၃ |
| ၄၆၆။ | အနန္တရ နှင့်သမနန္တရတို့ ကျေးဇူးပြုပုံသတ္တိထူးများ | ------- | ၄၁၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၄၆၇။ | နာမ်အချင်းချင်း ကျေးဇူးပြုသည့်ပစ္စည်းမျိုး ------- | ၄၁၅ |
| ၄၆၈။ | သဟဇာတနှင့်အညမညအထူး ------- | ၄၁၇ |
| ၄၆၉။ | ကမ္မပစ္စည်း (၂)မျိုး ------- | ၄၁၉ |
| ၄၇၀။ | အတ္ထိနှင့်အဝိဂတ နှစ်ပါးအထူး ------- | ၄၂၂ |
| ၄၇၁။ | နတ္ထိနှင့်ဝိဂတ နှစ်ပါးအထူး ------- | ၄၂၃ |
| ၄၇၂။ | အနန္တရ သမနန္တရ နတ္ထိ ဝိဂတပစ္စည်းတို့သည် သရုပ်အရကောက် ----- မထူးခြားဘဲ ထပ်၍ဟောရခြင်းအကြောင်း | ၄၂၃ |
| ၄၇၃။ | ဝိပါက်ဖြစ်သော အဗျာကတနှင့်အာဝဇ္ဇန်းဒွေးတို့ အာသေဝနမဖြစ်ပုံ ----- | ၄၂၄ |
| ၄၇၄။ | နာမ်သည် နာမ်ရုပ်အား ငါးပစ္စည်းဖြင့် ကျေးဇူးပြုသည် ------- | ၄၂၆ |
| ၄၇၅။ | နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ ------- | ၄၂၇ |
| ၄၇၆။ | ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ ------- | ၄၂၈ |
| ၄၇၇။ | ပညတ်နာမ်ရုပ်သည် နာမ်တရားအား ပစ္စည်းနှစ်မျိုးဖြင့် ကျေးဇူးပြုပုံ --- | ၄၂၉ |
| ၄၇၈။ | နာမ်ရုပ်သည် နာမ်ရုပ်အား (၉)ပစ္စည်းတပ်ပုံ ------- | ၄၂၉ |
| ၄၇၉။ | အာရမ္မဏာဓိပတိနှင့်အာရမ္မဏူပနိဿယအထူး ------- | ၄၂၉ |
| ၄၈၀။ | ဘာဝရုပ်နှစ်ပါးသည် ဣန္ဒြေမည်လျက် ဣန္ဒြိယပစ္စည်း မထိုက်ခြင်း ----- | ၄၃၄ |
| ၄၈၁။ | ဣန္ဒြိယပစ္စည်းမတပ်သော်လည်း ဣန္ဒြေအမည်ရခြင်း ------- | ၄၃၄ |
| ၄၈၂။ | နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားဖြစ်ပါလျက် ------- အတ္ထိ၊ အဝိဂတပစ္စည်း၌ မပါဝင်ခြင်းအကြောင်း | ၄၃၆ |
| ၄၈၃။ | ပစ္စည်းအချုပ် (၄)ပါး ------- | ၄၃၈ |
| ၄၈၄။ | ပဋ္ဌာန်းနိဂုံး ------- | ၄၃၉ |
| ၄၈၅။ | နာမ်နှင့် ရုပ်အခွဲ ------- | ၄၃၉ |
| ၄၈၆။ | အတ္ထပညတ်အမျိုးမျိုး ------- | ၄၄၀ |
| ၄၈၇။ | သဒ္ဒပညတ်အမျိုးမျိုး ------- | ၄၄၁ |
| ၄၈၈။ | ဝိဇ္ဇမာနစသော သဒ္ဒပညတ်နမူနာပုံစံ (ပြယုဂ်)များ ------- | ၄၄၂ |
| ၄၈၉။ | သဒ္ဒပညတ်သည် အတ္ထပညတ်ကို အပြားအားဖြင့် သိစေပုံ ------- | ၄၄၃ |


## ပဋ္ဌာန်း


| | | |
|---|---|---|
| ၄၉၀။ | ဘာဝနာနှစ်ပါး ------- | ၄၄၄ |
| ၄၉၁။ | စရိုက် (၆)ပါး ------- | ၄၄၅ |
| ၄၉၂။ | ဘာဝနာသုံးပါး ------- | ၄၄၅ |
| ၄၉၃။ | အပ္ပမညာလေးပါး ------- | ၄၅၁ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | နှာ |
|---|---|---|---|
| ၄၉၄။ | ဒေါသစရိုက်ရှိသူနှင့် ပညာစရိုက်ရှိသူတို့ကွာခြားပုံ | ------- | ၄၅၄ |
| ၄၉၅။ | လျှောက်ပတ်မှု (သပ္ပာယ) | ------- | ၄၅၃ |
| ၄၉၆။ | ဒေါသစရိုက်ရှိသူနှင့် ပညာစရိုက်ရှိသူတို့ကွာခြားပုံ | ------- | ၄၅၄ |
| ၄၉၇။ | မောဟစရိုက်နှင့်ဝိတက်စရိုက်ရှိသူများ | ------- | ၄၅၄ |
| ၄၉၈။ | ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ခြင်း | ------- | ၄၅၄ |
| ၄၉၉။ | ဗုဒ္ဓါနုဿတိ စသည်ဖြင့် အပ္ပနာဈာန်ကို မရနိုင်ခြင်း | ------- | ၄၅၅ |
| ၅၀၀။ | အသုဘဆယ်ပါး၌ ပထမဈာန်သာရပြီး | ------- | ၄၅၅ |
| ၅၀၁။ | ဒုတိယဈာန်စသည်တို့ မရနိုင်ခြင်း၊ | ------- | ၄၅၆ |
| ၅၀၂။ | နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ | ------- | ၄၅၆ |
| ၅၀၃။ | ကမ္မဋ္ဌာန်းအားမထုတ်မီ ရှေးဦးစွာ ပြုလုပ်ရမည့်အလုပ်များ | ------- | ၄၅၇ |
| ၅၀၄။ | ဥဂ္ဂဟနိမိတ်နှင့်ပဋိဘာဂနိမိတ်အထူးကား | ------- | ၄၅၈ |
| ၅၀၅။ | ဝသီဘော်ငါးပါး | ------- | ၄၅၉ |
| ၅၀၆။ | တတိယာရုပ္ပ သန္တပဏီတဖြစ်ပုံ | ------- | ၄၆၀ |
| ၅၀၇။ | အပ္ပနာမရသော ကမ္မဋ္ဌာန်ဆယ်ပါး | ------- | ၄၆၀ |
| ၅၀၈။ | အဘိညာဉ်တို့၏အာရုံ | ------- | ၄၆၃ |
| ၅၀၉။ | အဘိညာဉ်ငါးပါး | ------- | ၄၆၇ |
| ၅၁၀။ | ဝိပဿနာဉာဏ်ဆယ်ပါး | ------- | ၄၆၉ |
| ၅၁၁။ | ဝိသုဒ္ဓိခုနစ်ပါး | ------- | ၄၇၁ |
| ၅၁၂။ | မဂ္ဂဝီထိစဉ်၌ အသီးသီးအာရုံပြုကြပုံ | ------- | ၄၇၈ |
| ၅၁၃။ | ဇိဝိတသမသီသီ (ပု) ( ဇိဝိတ၊ သမ၊ သီသ၊ ဤ ) | ------- | ၄၈၀ |
| ၅၁၄။ | ဝိမောက္ခမုခသုံးပါး | ------- | ၄၈၂ |
| ၅၁၅။ | ဖလသမာပတ်ဝင်စားခြင်း | ------- | ၄၈၃ |
| ၅၁၆။ | အနာဂါမ်အပြား (၄၈)ယောက် | ------- | ၄၈၈ |
| ၅၁၇။ | အရိယာပုဂ္ဂိုလ်အကျယ်ပြ လင်္ကာ (၁၉၄-ယောက်) | ------- | ၄၈၉ |
| ၅၁၈။ | နိရောဓသမာပတ်ဝင်စားပုံ | ------- | ၄၉၁ |
| ၅၁၉။ | သမထ ဝိပဿနာအကျိုး | ------- | ၄၉၂ |


မာတိကာပြီး၏။

## အဘိဓမ္မာကို လေ့လာမှ ချမ်းသာအစစ်ကို ရှာနိုင်မည်။

ဗုဒ္ဓအဘိဓမ္မာသည် တစ်ဘဝ ချမ်းသာရေးသာမက ဘဝသံသရာ တစ်လျှောက်လုံး ချမ်းသာရေးကို ညွှန်ပြသည်။ ဗုဒ္ဓ၏နောက်ဆုံးပန်းတိုင်ကား ဘဝသံသရာ ဒုက္ခကြီးမှ အပြီးတိုင် လွတ်မြောက်ရေးပင် ဖြစ်သည်။ ထိုကျင့်စဉ်နည်းလမ်းများကို အဘိဓမ္မာ၌ အပြည့်အစုံ ဖော်ပြထားသည်။

သိပ္ပံပညာ မည်မျှတိုးတက်သည် ဆိုစေ ရုပ်ဓာတ် နာမ်ဓာတ် အသေသတ်နိုင်သည့် နည်းလမ်းကို မရှာနိုင်ကြသေး၊ ဗုဒ္ဓအဘိဓမ္မာ၌သာ ရုပ်ဓာတ် နာမ်ဓာတ် အသေသတ်နိုင်သည့် နည်းလမ်းကို ရှာဖွေနိုင်သည်။

## တအုပ်ဖြစ်မြောက်ရေးအတွက် ရင်းနှီးငွေ စိုက်ထုတ်လှူဒါန်းသည့် ဓမ္မဒါန အလှူရှင်များ

| | |
|---|---|
| ■ ဗိုလ်မှူးချုပ် လွန်းသိ (ဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန) + ဒေါ်ခင်မာအေး သမီး မမြစိမ်းအေး၊ သား မောင်ဇင်မောင်လွန်း မိသားစု | ၁၀၀၀၀၀-ကျပ် |
| ■ ဦးခင်မြင့်+ဒေါ်ရီမာဖော်နိုင် မိသားစု | ၃၀၀၀၀-ကျပ် |
| ■ ဒေါက်တာ မင်းဆွေ (ဆေးရုံအုပ်ကြီး၊ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး) ဇနီး ဒေါ်သန်းသန်း | ၁၀၀၀၀-ကျပ် |
| ■ ဗိုလ်မှူး တင်မြင့် (ငြိမ်း) + ဒေါ်မြင့်မြင့်စိုး မိသားစု | ၁၀၀၀၀-ကျပ် |
| ■ ဦးညွန့် + ဒေါ်ခင်ရီ၊ သား ကိုထွန်းမင်းညွန့် | ၂၀၀၀၀၀-ကျပ် |
| ■ ဒေါ်မြတ်မွန်ချန်စု၊ သမီး မအေးမွန်အောင် | ၅၀၀၀၀-ကျပ် |
| ■ ဦးကျင်စိန် + ဒေါ်လှရီ၊ သမီး ဒေါ်အေးအေးလွင် | ၁၀၀၀၀-ကျပ် |
| ■ ဦးစိန်မောင် + ဒေါ်တင်ရီ၊ သမီး ဒေါ်စိန်စိန်ရီ | ၁၀၀၀၀-ကျပ် |
| ■ ၃ ဗိုလ်မှူးကြီး ဇင်ဝေသိမ်း၊ ဒေါ်ခင်ခင်ဝင်း မိသားစု | ၂၀၀၀၀-ကျပ် |
| ■ ဦးစောမောင် + ဒေါ်နွယ်၊ သမီး မချိုလေးမာ | ၁၀၀၀၀-ကျပ် |
| ■ အဖွား ဒေါ်ခင်စောတင့်၊ မြေး မလဲ့လဲ့နိုင် | ၃၀၀၀၀-ကျပ် |
| ■ ဦးချော + ဒေါ်ခင်လေး၊ သမီး ဒေါ်လှလှကြည် | ၁၀၀၀၀-ကျပ် |
| ■ ဒေါ်ယဉ်ယဉ်နွဲ့ | ၅၀၀၀-ကျပ် |
| ■ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းကြည်၊ အ.လ.က (၈) မ/ဥက္ကလာ | ၅၀၀၀-ကျပ် |
| ■ ဒေါ်ခင်နွယ်နီ | ၁၀၀၀၀-ကျပ် |
| ■ ကိုကျော်ဝင်းအောင် + မသော်သော်ထွန်း မိသားစု | ၁၀၀၀၀-ကျပ် |

# နိဒါန်း

ဒိနေဟိ စတုဝီသေဟိ၊ ဋီကာယံ နိဋ္ဌိတာ ယထာ။
တထာ ကလျာဏသင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။
(ဋီကာကျော် နိဂုံး)

(ဤဋီကာကျမ်းကို ၂၄-ရက်နှင့် အမြန်ပြီးစီးအောင် ရေးသားနိုင်သကဲ့သို့ သတ္တဝါတို့အား ကောင်းသော အကြံအစည်ဟူသမျှ အမြန်ပြီးမြောက်နိုင်ပါစေ သတည်း။)

ကျမ်းရေးသူကလည်း ၂၄-ရက်သာ ကြာ၏။ ထို ကျမ်းကို သင်ယူသူက လည်း နှစ်ရက်သာ သင်ပြီး ကျမ်းဂန်စာပေ တတ်မြောက်သွားခဲ့၏။ ဤကဲ့သို့ လျင်မြန်စွာ အသိဉာဏ်ပေးနိုင်သော ကျမ်းသည်ကား သာသနာ့သမိုင်းတွင် မတွေ့ကြုံ ဘူးသေးဟု ဆိုရမည်။ ထိုကျမ်းကား (အဘိဓမ္မာအဖွင့်) ဋီကာကျော်ကျမ်းတည်း။ ထိုကျမ်း၏သမိုင်းကို လေ့လာကြည့်ပါဦး။

**ဋီကာကျော်သမိုင်း ။** ။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ခေါ်) ဋီကာကျော် ကျမ်းကို အေဒီ ၁၂-ရာစုတွင် သီဟိုဠ်ကျွန်းသား အရှင်သုမင်္ဂလာသာမိမထေရ် ရေးသားခဲ့ပြီး မကြာခင်သော ကာလမှာပင် မြန်မာပြည်သို့ ရောက်ရှိခဲ့သည်ဟု ခန့်မှန်းကြသည်။ သက္ကရာဇ် ၈၀၄-ခုနှစ်၊ ခရစ်နှစ် ၁၄၄၂-ခု၊ (အေဒီ-၁၅ရာစု)နှစ်ထိုး တက်နွဲကျောင်း ကျောက်စာအလှူစာရင်းတွင် အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ သင်္ဂြိုဟ်ဋီကာ ဟောင်းပါဠိ၊ သင်္ဂြိုဟ်ဋီကာသစ် (ဋီကာကျော်)ပါဠိ ကျမ်းစာများကို တွေ့ရှိပါသဖြင့် ပုဂံခေတ်တွင် တွင်တွင်ကျယ်ကျယ် ပို့ချနေကြပြီကို သိနိုင်ပေသည်။

**မြန်မာနိုင်ငံနှင့်ဋီကာကျော် ။** ။ အခြားနိုင်ငံများ၌ ဋီကာကျော်နှင့် ပတ်သက်၍ ထူးခြားချက်ကို သမိုင်းဆရာတို့ ဖော်ပြကြသည်ကို မတွေ့ရ၊ မြန်မာ နိုင်ငံ၌ကား ဋီကာကျော်၏ သမိုင်းကြောင်းသည် အံ့သြဖွယ်၊ စိတ်ဝင်စားဖွယ် အဖြစ်အပျက်များနှင့် ပြည့်နှက်နေသည့်အပြင် လယ်တီဆရာတော်ဘုရားကြီး၏ ဋီကာကျော်အပေါ် ဝေဖန်သုံးသပ်ချက်များကြောင့် ဋီကာကျော်ကို အစွဲပြု၍ မြန်မာ နိုင်ငံ၌ အဘိဓမ္မာလှိုင်းတံပိုးကြီး ပြင်းထန်စွာ ရိုက်ခတ်ခဲ့ပေသည်။

အံ့ဩဖွယ်စိတ်ဝင်စားဖွယ် ။ ။ [(အဘိဓမ္မတ္ထဝိဘာဝိနီကို ဋီကာကျော်ဟု မခေါ်မီ (ဝါ) အင်းဝထူပါရုံ ဒါယကာ နရပတိကြီးလက်ထက်မတိုင်မီ)က အဖွင့်အပြ ရှင်းလင်းပေါ်လွင် သိသာလှသောကြောင့်လည်းကောင်း၊ ဝါကျအနေအထားနှင့် ပြသပုံအားဖြင့် တင့်တယ်လှပသောကြောင့်လည်းကောင်း "ဋီကာလှ"ဟူ၍ ခေါ်ဝေါ်ခဲ့ ကြလေသည်။

နရပတိကြီးလက်ထက် မိန်းမကိုယ်ဝန်ဆောင် တစ်ရွက်ခန့်ရှိစာများကိုပင် နှုတ်ငုံဆောင်နိုင်သော အရိယဝံသအရှင်မြတ်သည် ထိုမျှလောက်သော စာပေတို့ကို နှုတ်လွတ်ရသော်လည်း ကျမ်းဂန်မတတ်၊ စာပေမတတ်ဖြစ်၍နေလေသည်။ (ဝါ) သဘောမပေါက်ဖြစ်၍ နေလေသည်။)

ထို့ကြောင့် စစ်ကိုင်းတွင် ကျမ်းဂန်တတ်ဆရာတော်များထံ နည်းခံရန်ဟု ရည်ရွယ်၍ ပင်းယဘက်မှ ကူးခဲ့ပြီးနောက် ရေငုံဘုန်းတော်ကြီးထံ စာဝါတောင်းမည်ဟု ပုညစေတီ၏ အရှေ့မြောက် မကျည်းပင်တော၌ တဲဆောက်၍နေကာ ဆည်းကပ် ရှာလေသည်။ ထိုရေငုံဘုန်းတော်ကြီးကား အလဟဿ စကားပြောမိမည်စိုးသဖြင့် အားချိန်တွင် ရေငုံ၍သာနေလေ့ရှိသောကြောင့် "ရေငုံဘုန်းတော်ကြီး" ဟု ထင်ရှား ခြင်းဖြစ်လေသည်။ အရှင်အရိယဝံသ ဆည်းကပ်ရာတွင် နှစ်ရက်တိုင်တိုင် စကားမပြောရပေ။ဝတ်ပြည့်ရုံပြည့်ကာ ပြန်ခဲ့ရရှာလေသည်။ သုံးရက်မြောက်သော နေ့၌ကား အရှင်အရိယဝံသက ပြန်ခါနီးတွင် ထိုင်သည့်သားရေနယ်ကို အသံ မြည်အောင် ခေါက်သိမ်းလေရာ ထိုအခါမှ အသံကို ကြားသဖြင့် လှည့်ကြည့်ပြီးနောက် ရေကို ထွေး၍ မေးမြန်းတော်မူလေသည်။ စာဝါတောင်းရန် လာရောက်ပါကြောင်းကို လျှောက်ထားရာတွင် ရေငုံဘုန်းတော်ကြီးက သင်ကြားဖူးသည့် ကျမ်းဂန်များကို မေးမြန်းစစ်ဆေးတော်မူလေသည်။ ထိုအခါ "မသင်ကြား မလေ့ကျက်ဘူးသည့် သင်ရိုးကျမ်းဂန် မရှိသလောက်ပင် ရှိနေပြီ"ဟု ရေငုံဘုန်းတော်ကြီးက မိန့်ရာ အရှင်အရိယဝံသက "စာမတတ်သေး၍ လာခဲ့ရပါကြောင်း"ကို ပြန်လည်လျှောက် ထားလေ၏။ ထိုအခါမှ ဘုန်းတော်ကြီးက "အိမ်း – ငါ့မှာ တစ်နေ့ စာသုံးဝါ ပို့ချနေရပေသည်။ မွန်းယိမ်းလျှင် ပုညစေတီသို့ တက်၍ တံမြက်ဝတ်ပြုရသည်။ အားလပ်ချိန်ဟု မရှိပေပြီ၊ သို့ရာတွင် တံမြက်ဝတ်ပြုချိန်တွင် လက်သန်းဋီကာ (ဋီကာကျော်) ကို သင်တော့" ဟု ခွင့်ပြုတော်မူလိုက်လေ၏။

ရှေ့ဘုန်းတော်ကြီးသည် အထူးထူးသော နည်းနာတို့ကို ပို့ချတော်မူလေရာ အရှင်အရိယဝံသသည် နှစ်ရက်သာ လာပြီးနောက် မလာဘဲ နေလေ၏။ နှစ်ရက်အတွင်း သင်ကြားပြသတော်မူလိုက်သည့် နည်းတို့ကို မှီ၍ နှစ်ရက်၊ သုံးရက်ကြာအောင် ဆင်ခြင်သုံးသပ်ရင်း နေတော်မူမိလေ၏။ ကျမ်းဂန်တတ်သည် စာတတ်သည် ဆိုကြသည်မှာ သည်လိုကိုး''ဟု သဘောအပေါက်ကြီးပေါက်ကာ ''ငါ့ကာနယ့် ကျော်ရော့ဟယ်''ဟု အရှင်အရိယဝံသဆိုမိသည်ကို အကြောင်းပြု၍ ငါ့ကာကျော်ဟု ခေါ်စမှတ်ပြုခဲ့ကြောင်း စကားအစဉ်ရှိပေသည်။ အရှင်အရိယဝံသလည်း နှစ်ရက်၊ သုံးရက်ကြာမှ ဆရာကို လျှောက်ရန် သတိရကာ လာခဲ့လေ၏။

ရှေ့ဘုန်းတော်ကြီးကလည်း ''ပင်းယပုဂ္ဂိုလ်ဟာ နှစ်ရက်သာ စာသင်ရသေးသည်၊ မလာ၊ မကျန်းမမာဖြစ်နေလေသလား''ဟု တွေးတောကာ ကြည့်ရှုမေးမြန်းရန် စေလွှတ်လိုက်သည့် တပည့်များနှင့် အရှင်အရိယဝံသတို့လမ်းတွင် ဆုံမိကြလေသည်။

ရှေ့တော်သို့ ရောက်၍ အကြောင်းကို လျှောက်လေလျှင် ဘုန်းတော်ကြီးက ''သည်လိုဆိုလျှင် လက်သန်းငါ့ကာကို နှစ်ကမ္ဘာလောက် သင်ရုံနှင့် စာတတ်ခဲ့ပေပြီ။ ''ငါ့ကာရဲ့ကျေးဇူးကို ဆပ်သောအားဖြင့် အဖွင့်တစ်ဆောင်ရေးပါ''ဟု တိုက်တွန်းတော်မူလေ၏။

အရှင်အရိယဝံသလည်း ပုညစေတီအရှေ့မြောက်ဘက်ချောက်တွင် ကျေးသံငှက်သံ မကြားသည့်အချိန်ရောက်မှ ငါ့ကာကျော်၏အဖွင့် မဏိသာရမဉ္ဇူသာကို ရေးသားစီရင်တော်မူလေ၏။ ရေး၍ပြီးသမျှကိုလည်း သီတင်းနေ့တိုင်း ပုညစေတီယင်ပြင်တော်၌ သံဃာတော်အများ၏ရှေ့တွင် ဖတ်ကြား၍ ပြတော်မူလေသည်။ တစ်ချိန်တွင် ပုဂံမှ ဘုရားဖူးလာသည့် ကိုယ်တော်တစ်ပါးသည် ထိုသို့ ဖတ်ကြားနေခိုက် အစွန်အဖျားမှ နားထောင်၍နေကာ ပထမအကြိမ် ''ဧ''ဟုလည်းကောင်း၊ နောက်တစ်ကြိမ် ''ဧ''ဟူ၍လည်းကောင်း ဆိုလေရာ ထိုဆိုသောနေရာတို့ကိုလည်း မှတ်သားထားလေသည်။ ကျောင်းသို့ ပြန်ရောက်ပြီးနောက် ''ဧ''ဆိုသည့် ပဌမနေရာတွင် ဝါကျထပ်နေသည်ကို လည်းကောင်း၊ ဒုတိယ ''ဧ''ဟု ဆိုသည့်နေရာတွင် ''ဏ္ဍမံ ဂန္ထံ''ဟု စွဲရမည်ကို ''ဏ္ဍဒံ ဂန္ထံ''ဟု စွဲထားမိသည်ကိုလည်းကောင်း တွေ့ရလေ၏။ (မြင်းကောင်းခွာလိပ် သဘောပေတည်း။)

ဤတွင်မှ အဆိုပါ ကိုယ်တော်ကို ရအောင် ရှာဖွေ၍ ပင့်စေပြီးနောက် အကြောင်းကို အမိန့်တော်ရှိလေရာ ထိုပုဂ္ဂိုလ်က ''ကျောက်စရစ်ကို ဆုပ်ပြီး တိုက်နံရံကို ပစ်ပါက တစေ့မကျန် မှန်လေသကဲ့သို့ မဏိသာရမဥ္ဇူသာတွင် မိန့်ဆိုလေသမျှ လိုရာ အနက်ကို ဆိုက်ရောက်သည်သာဖြစ်ကြောင်း၊ သို့ရာတွင် ဝါကျတစ်ချက် ထပ်ခြင်း အစွဲတစ်ချက်မှားခြင်းကိုသာ ကြား၍ ''ဧ, ဧ''ဟု နှစ်ကြိမ် ဆိုမိပါကြောင်း'' လျှောက်ရာ မိမိဝတ်ရုံသည့် ဒုကုဋ်ကို ထိုအရှင်သို့ လှူတော်မူလေသည်။ ထို့နောက်လည်း ဘုရင်မင်းခေါင်းထံသို့ ထိုပုဂ္ဂိုလ်၏အကြောင်းကို သိစေသဖြင့် တံဆိပ်တော် အလှူခံ ရလေ၏။ အရှင်အရိယဝံသလည်း ကျမ်းပြုရုံမက စာပေပို့ချကာ နေလေ့ရှိသဖြင့် တပည့်အများပြန့်ပွားခဲ့လေသည်။ ဤအရှင်အရိယဝံသစာတတ်သည်ကို အကြောင်းပြု၍ ယခင် ''ဋီကာလှ''ခေါ်ရာမှ ''ဋီကာကျော်''ဟု ပြောင်း၍ ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်လေသည်။ (သံခိပ်ဋီကာ)]

အဘိဓမ္မာလိုင်းတံပိုးရိုက်ခတ်မှု ။ ။ ဋီကာကျော်ဆိုသည့် အမည်နှင့်အညီ မြန်မာပြည်အဝှမ်း ကျမ်းတတ်အကျော်မှန်သမျှ ဋီကာကျော်ကို နှစ်သက်စွဲလမ်းစွာ လေ့လာပို့ချကြကုန်၏။ ''ဋီကာကျော်ကြောင့် စာတတ်ခဲ့သည်။ ပိဋကပင်လယ်ကို ကူး နိုင်ခဲ့သည်''ဟု ဋီကာကျော်၏ နည်းယူဖွယ်ကောင်းလှသော ဝါကျများဖြင့် စာဇ ကန်နည်း၊ ထွက်နည်း၊ အာဘောဂ၊ သံဝဏ္ဏနာ ဝိဂြိုဟ် စသည်တို့ကို လွယ်ကူစွာ သဘောပေါက်နားလည်ခဲ့ကြသဖြင့် ဋီကာကျော်ကို ချီးမွမ်းမဆုံး ရှိခဲ့ကြသည်။ ထိုသို့ အစွဲအလမ်းကြီးစွဲလမ်း၊ အချီးအမွမ်းကြီး ချီးမွမ်းနေကြသော ဋီကာကျော်ကျမ်း၌ အချက်ပေါင်း (၂၄၅)ချက် မှားယွင်းနေသည်ကို ကျမ်းပြုအကျော် လယ်တီဆရာတော် ဘုရားကြီးက ပရမတ္ထဒီပနီဋီကာကျမ်းကြီးကို ရေးသား၍ ဝေဖန်သုံးသပ်ပြလိုက် သောအခါ တစ်နိုင်ငံလုံးရှိ ကျမ်းတတ်အကျော် ဆရာတော်တို့ မခံမရပ်နိုင်ဖြစ်ကာ ကျမ်းပေါင်း (၄၀)ကျော်တို့ဖြင့် ပြန်လည်ထိုးနှက် ချေပသော အဘိဓမ္မာလှိုင်းတံပိုးကြီး ပြင်းထန်စွာရိုက်ခတ်ခဲ့လေသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ထိုကျမ်းကို ပြုစုရန် မန္တလေးမြို့ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် မန္တလေးမြို့၏မြောက်ပြင် မင်္ဂလာကျုံးတော် အနီး မဟာဇောတိကာရာမစံကျောင်းတိုက်ကြီး၏ ဦးစီးနာယက ''သုဒ္ဓဿနဓဇ အတုလာ ဓိပတိသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်တော်ရ စံကျောင်း ဆရာတော်

ဘုရားကြီး၏ အထံတော်၌ ပိဋကသုံးပုံကို သင်ကြားကာသီတင်းသုံးတော်မူစဉ်ကပင် လေ့လာစုဆောင်းတော်မူခဲ့လေသည်။

ထိုသို့ ဋီကာသစ်ပြုစုရန် လေ့လာစုဆောင်းရခြင်းမှာလည်း (၁) ထိုခေတ် ထိုအခါက နက်နဲထက်မြက်ပညာစက်နှင့် ပြည့်စုံတော်မူကြသည့် ဆရာတော်ဘုရားကြီး အပေါင်းတို့သည် အဘိဓမ္မာနှင့်စပ်လျဉ်း၍ မူလဋီကာကျမ်း အနုဋီကာကျမ်းတို့ကိုသာ အသုံးပြု ပို့ချတော်မူလေ့ရှိကြပြီးလျှင် အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်)ကျမ်း, မဏိသာရမဉ္ဇူသာကျမ်းတို့ကို အသုံးပြုပို့ချလေ့မရှိကြသောကြောင့်လည်းကောင်း၊ (၂) ထိုဆရာတော်ကြီးတို့သည် ကိုယ်တိုင်အသုံးမပြု မပို့ချကြရုံသာမက အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်)၌ မှားယွင်းချွတ်ချော်ချက်များစွာပါကြောင်း၊ မဏိသာရမဉ္ဇူသာဋီကာမှာမူ ဖွဲ့အိတ်ကြီးသဖွယ် အနှစ်မပါ အကာအတိ ကျမ်းလေးရုံရှိသော ဋီကာဖြစ်ကြောင်းတို့ကို မိန့်မြွက်တော်မူကြ၍ အသုံးအစွဲမပြုရန် သင်ကြားပို့ချမှုမပြုရန် တားမြစ်တော်မူကြသော ကြောင့်လည်းကောင်း (၃) ထိုဆရာတော်ဘုရားကြီးများ၏ မိန့်တော်မူချက်များအရ ကိုယ်တိုင်သိမြင်ရန် (လယ်တီဆရာတော်ဖြစ်မည့်) အရှင်ဉာဏထေရ်ကိုယ်တိုင် ဋီကာကျော်တွင်ပါဝင်သည့် အချက်များကို ပါဠိတော် အဋ္ဌကထာတို့၌ လာသော စကားအချက်တို့နှင့် စပ်ဖက်ညှိနှိုင်းကာ စိစစ်တော်မူလေ့ရှိရာမှ မှားယွင်းချွတ်ချော်ချက်တို့ကို ကိုယ်တိုင်သိမြင်တော်မူလေသောကြောင့်လည်းကောင်း ဋီကာသစ်ရေးသားရန် အကြံဖြစ်တော်မူခဲ့လေသည်။

ထိုအခါမှစ၍ ပိဋကသုံးပုံမှ အဘိဓမ္မာဆိုင်ရာ အချက်အလက်တို့ကို များစွာစုဆောင်းမှတ်သားတော်မူခဲ့လေသည်။ သို့ရာတွင် ထိုစုဆောင်းမှတ်သားချက်များမှာ မန္တလေးမြို့ကို မီးဘေးကြီးသင့်သောအခါတွင် မီးလောင်ကျွမ်း၍ ကုန်သဖြင့် ဋီကာရေးရန် စိတ်အကြံသည်လည်း တရွေ့ရွေ့ ငြိမ်းစဲတော်မူခဲ့လေသည်။ ထို့နောက် ၁၂၄၈-ခုတွင် မန္တလေးမြို့မှ မုံရွာမြို့သို့ ကြွလာကာ မုံရွာမြို့မြောက်ဘက် လယ်တီကျောင်းတိုက်ကို တည်ထောင်ပြီးလျှင် စာပေပို့ချတော်မူသောအခါမှာမူ ယခင်မှတ်သားရင်းအချက်တို့ကို ရရှိတော်မူသည့်ပြင် ဓမ္မန္တေဝါသိက တပည့်အပေါင်းတို့က အဘိဓမ္မတ္ထသင်္ဂဟ၏ အဖွင့်ဋီကာတစ်ဆောင် ရေးသားတော်မူရန် တောင်းပန်ကြလေသဖြင့် ပရမတ္ထဒီပနီ (ဋီကာသစ်)ကို ရေးသားတော်မူခြင်းဖြစ်လေသည်။ (ထိုကျမ်း၏ အဖွင့် အနုဒီပနီကိုလည်း ထိုဆရာတော်ဘုရားကြီးပင် ရေးသားတော်မူလေသည်။)

ထိုသို့ ပရမတ္ထဒီပနီခေါ် အဘိဓမ္မတ္ထသင်္ဂဟ၏ ဋီကာသစ်ကြီးပေါ်ထွက်လာသောအခါ အဋ္ဌကထာဋီကာတို့နှင့်တကွ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံအလုံးစုံကို အကုန်မွှေနှောက် တိုက်ဆိုင်ကာ ရေးသားထားပုံများကြောင့်လည်းကောင်း၊ မှတ်သားဖွယ် အာစရိယဝါဒများနှင့် ထူးခြားဆန်းကြယ်သည့် သဒ္ဒါအဆုံးအဖြတ် အနက်အဆုံးအဖြတ်များ ပါရှိလာသောကြောင့်လည်းကောင်း၊ ကြည်လင်သန့်ရှင်းသော ပုဒ်ဖျည်းအက္ခရာ သဒ္ဒါအနေအထားများဖြင့် ရေးသားထားသောကြောင့်လည်းကောင်း ပညာရှိတို့က များစွာပင် ကောင်းတင်းပြောပ ချီးကျူးကြလေကုန်၏။

သို့သော် အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်)၌ မသင့်သော အချက်များကို ပြဆို ဆုံးဖြတ်ချက်များအတွက် ဋီကာကျော်ကို ရိုသေလေးစား အားထား ကြည်ညိုရင်းစွဲရှိကြကုန်သော ပညာရှင်အပေါင်းတို့က မခံမရပ်နိုင်ဖြစ်ကြကာ ပါဠိဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ပြန်လည်ချေပသည့် ကျမ်းပေါင်းအများအပြား ပေါ်ထွက်၍လာကြလေသည်။ အဘိဓမ္မာဋီကာမိုးရွာသောခေတ်ဟုပင် သုံးနှုန်းပြောဆို ကြလေသည်။ အစုစု လေးဆယ်ကျော်မျှရှိသော ဟူ၏။

ယင်းသို့ များပြားလှစွာသော ဋီကာများအနက် ထင်ရှားသည့် ဋီကာအချို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။ ၁။ ပုခန်းကြီးမြို့ အရှေ့တလိုင်းကုန်းရွာဇာတိ ၁၂၁၉-ခုဖွား တလိုင်းကုန်းဆရာတော် ဦးဝိမလအရှင်မြတ် (၁၂၆၇-ခုတွင် အပြီး) ရေးသားတော်မူသည့် အကုံရဋီကာ (၎င်းကို တလိုင်းကုန်း ဋီကာဟုလည်း ခေါ်ကြသည်။) ၂။ သာယာဝတီ ဒိစတြိတ် ကျောက်သောင်ရွာဇာတိ (၁၂၃၈-ခုဖွား) မိုးညို မြို့ ဝေဇ ယန္တာရာမကျောင်းတိုက် ဆရာတော် ဦးနာဂိန္ဒာသာမိ (၁၂၇၆-ခုတွင် အပြီး) ရေးသားသည့် မဟာအတုလဋီကာ။ ၃။ ချောင်းဦးမြို့ ဓမ္မာရုံဆရာတော် ဦးဒီပမာလာ (အဂ္ဂမဟာပဏ္ဍိတ) စီရင်တော်မူသည့် ပရမတ္ထဝိသောဓနီဋီကာသစ်ပါဌ် (ထိုဋီကာကို စကားကျဉ်းကျဉ်းနှင့် ထိရောက်ကြောင်း ချီးမွမ်းလေ့ရှိကြ၏။ ၄။ (၁၂၇၁-ခု တပေါင်းလကွယ်နေ့ အပြီးရေးသားသည့်) ဖားကူးဆရာတော် ဦးသာဂရ အရှင်မြတ်၏ အနုဝိဘာဝနီပါဌ်။ (သံခိပ်ဋီကာ)

ဋီကာကျော်နှင့်မဏိသာရမဉ္ဇူသာတို့ကို ရတနာပုံခေတ် စံကျောင်းဆရာတော်ဘုရားကြီးနှင့် မန္တလေးမြို့ ကျမ်းတက်အကျော် ဆရာတော်အစဉ်အဆက် အသင်အကြားမရှိကြပါဆိုသော်လည်း ဟသ်ာတ သပြေပင် ဆရာတော်ဘုရား၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ၌ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး

လက်ထက် ''သုဒ္ဓသာသနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်တော်ရ စံကျောင်း ဆရာတော်ဘုရားကြီးသည် ဋီကာကျော်ကျမ်းကို ပို့ချတော်မူသော အခါ ''ဋီကာကျော်လာ အနက်အဓိပ္ပာယ်သဘောတို့ကို မဏိသာရမဉ္ဇူသာဋီကာ ဆရာတော် မဖွင့်ပြက အမှန်မသိမြင်နိုင်ရာ ကျေးဇူးကြီးလှပါပေသည်ဟု အရှင် မဟာ အရိယဝံသ သီတင်းသုံးတော်မူရာ စစ်ကိုင်းဘက်သို့ ဦးချပြီးမှ ဋီကာကျော်ကျမ်းကို ပို့ချတော်မူသည်ဟု အစဉ်အဆက် မှတ်သားပြောဆိုကြသည်ဟုလည်း ရေးသားထား သည်ကို တွေ့ရပေသည်။

မည်သို့ဆိုစေ - အဘိဓမ္မာအဖွင့်ဋီကာကျော်ကျမ်းသည် နှစ်ပေါင်းကိုးရာကျော် သာသနာ့ခရီးတစ်လျှောက်တွင် ကျမ်းတတ်ပုဂ္ဂိုလ်အများအပြားကို ပေါ်ထွန်းစေ ခဲ့သည်။ အဘိဓမ္မာအမြင်ကို ထိန်လင်းစေခဲ့သည်။ ယနေ့တိုင် မြန်မာပြည်၏ ရဟန်း သံဃာအားလုံး လေ့လာနေကြရသော ကျမ်းတစ်ဆူအဖြစ် ရပ်တည်လျက်ရှိသည်။ သာသနာ့သမိုင်းတလျောက်လုံး အစဉ်အမြဲ လေ့လာကြည့်ရှု လေ့လာနေရမည့် ကျမ်းမြတ်တစ်ဆူ ဖြစ်နေလိမ့်ဦးမည်။

ဤကဲ့သို့ သမိုင်းအစဉ်အလာကြီးမား၍ အလေ့အလာ အကြည့်အရှုများ လှသော ဋီကာကျော်ကျမ်းကို ပုံစံအမျိုးမျိုးဖြင့် ရေးသားပြုစုထားသော ကျမ်းအမျိုးမျိုး ရှိသော်လည်း လူပုဂ္ဂိုလ်များ အလွယ်တကူ နားလည်သဘောပေါက်နိုင်စေရန် ရည်သန်၍ သာသနာရေးဝန်ကြီးဌာန အဘိဓမ္မာ (ဝိသုဒ္ဓိမဂ်) သင်တန်းမှ ဋီကာကျော် ပို့ချစဉ်ကျမ်းအဖြစ် စီစဉ်၍ တတိယအကြိမ် ထပ်မံပုံနှိပ် ထုတ်ဝေလိုက်ရပေသည်။

## ကျေးဇူးတင်လွှာ

တအုပ်ဖြစ်မြောက်အောင် ကူညီပေးကြသော အလှူရှင်များအားလည်းကောင်း၊ ကွန်ပျူတာဆရာ ဦးချမ်းသာ၊ ကိုမျိုးအောင်၊ ပရုဖတ်ပေးသော ဦးကဝိန္ဒာစာရ (သရက်တောကျောင်းတိုက်) ဦးလှဝင်း (ဝင်းထိုက်ရတနာ)၊ စာအုပ်ကိစ္စမျိုးစုံ ကူညီပေးသော ဇေယျကျော်ထင် ဒကာကြီး ဦးမျိုးတင့်နှင့် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဓမ္မမိတ်ဆွေအားလုံးတို့အားလည်းကောင်း အထူးကျေးဇူးတင် ဝမ်းမြောက် လှပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်ဝါယာမသာရ (သင်တန်းမှူး)၊
သာသနာရေးဝန်ကြီးဌာန၊

# အဘိဓမ္မာ ဂုဏ်ထူးဆောင်

## (ဋီကာကျော်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## စိတ်ပိုင်း

သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။

(အဟံ = အကျွန်ုပ်သည်။)

သသဒ္ဓမ္မံ = သူတော်ကောင်းတို့၏ တရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသော
(တရား) တရား ချီးမွမ်းအပ်သော တရားနှင့်တကွ ဖြစ်တော်မူသော။

ဂဏုတ္တမံ = ကျော်စောသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စော
(သံဃာ) သော နှုတ်အပ်ပြီးသော အဝိဇ္ဇာရှိသော မြတ်သောအရိယာပုဂ္ဂိုလ်
အပေါင်းနှင့်တကွ ဖြစ်တော်မူထသော။
(ဂဏ+ဥတ္တမံ) ဥတ္တမံ = သုပ္ပဋိပန္နစသော ဂုဏ်အားဖြင့်မြတ်သော
ဂဏ = ပုဂ္ဂိုလ်အပေါင်း)

အတုလံ = သီလအစရှိသော ဂုဏ်တော်တို့ကြောင့် တစ်စုံတစ်ယောက်သော
ဘုရား) သူနှင့် တူတော်မမူထသော။

သမ္မာသမ္ဗုဒ္ဓံ = သင်္ခတ, အသင်္ခတအားဖြင့်ပြားသော ခပ်သိမ်းသော တရားတို့ကို
မဖောက်မပြန်သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုသာ သိတော်မူပြီး
သော (မြတ်စွာဘုရား) ကို။

(အဘိဝန္ဒာမိ) = အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ဖို့ ချီးမြှောက်ထောမနာ
လွန်စွာကြည်နူး အထူးသဖြင့် ရှိခိုးပါ၏။

အဘိဝါဒိယ = အထူးသဖြင့် ရှိခိုးပြီး၍။

အဘိဓမ္မတ္ထသင်္ဂဟံ = အဘိဓမ္မာ ဒေသနာ၏ လွန်စွာကျယ်ဝန်း အနက်ရင်းကို
အကျဉ်းချုံးကာ သိမ်းယူရာ၏အဖြစ်ကြောင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်
ခေါ်ဆို လက်သန်း အဋ္ဌကထာကျမ်းကို။
ဘာသိဿံ = မိန့်ဆိုတီထွင် စီရင်ပေအံ့။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ရေးသားသော အရှင်အနုရုဒ္ဓါ ဆရာသည် အဘိဓမ္မာအနှစ်ချုပ် ဤကျမ်းစာကို မရေးသားမီ အန္တရာယ်များ မကျရောက်စေရန် ကျမ်းကို ကောင်းမွန်စွာ ရေးသားပြီးစီးစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရား တရား သံဃာတို့အား ရှိခိုးခြင်းဖြစ်သည်။

''သမ္မာသမ္ဗုဒ္ဓံ + အတုလံ'' ဂုဏ်ပုဒ်နှစ်ခုဖြင့် ဘုရားအားလည်းကောင်း၊ ''သဒ္ဓမ္မံ'' ဖြင့် တရားဂုဏ်အားလည်းကောင်း၊ ''ဂဏုတ္တမံ''ဖြင့် သံဃာတော်အားလည်းကောင်း ပူဇော်ရှိခိုးသည်။

## အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏စွမ်းရည်

အလွန်ဆန်းကြယ်သော နည်းတို့ဖြင့် ပြည့်စုံသော မိမိ၏ဉစ္စာဖြစ်သော မဟာဝိဟာရဝါသီ အရှင်မြတ်တို့၏ အသိဉာဏ်အဆုံးအဖြတ်ဖြစ်သော တောအုပ် (မိမိအယူ)၊ တစ်ပါးသော အဘယဂိရိဝါသီ, ဇေတဝနဝါသီဆရာတို့၏ မိစ္ဆာအယူ၊ မိစ္ဆာဉာဏ်၊ ထိုမိစ္ဆာဉာဏ်၏အာရုံဖြစ်သော ဖောက်ပြန်သောအနက် ဟု ဆိုအပ်သော တောအုပ် (သူတစ်ပါးအယူ)သို့ ဉာဏ်ဖြင့် သက်ဝင်ခြင်းငှာ စွမ်းနိုင်သော –

မောဟအညစ်အကြေးမှ အလွန်ကင်းဝေးသော ပြန့်ပြောသော ပညာ၏ အစွမ်းကို ဖြစ်စေတတ်/ ဖြစ်စေနိုင်သော အစွမ်းသတ္တိများ ရှိပါသည်။

## ''သမ္မာသမ္ဗုဒ္ဓမတုလံ'' ဂါထာကို ဆိုရခြင်းအကြောင်းငါးချက်

အထက်ဖော်ပြပါ အလွန်ဆန်းကြယ်သောနည်းနှင့် ပြည့်စုံ၍ မိမိအယူ သူတစ်ပါး၏ အယူကို သက်ဝင်၍ ယူနိုင်သည့် အစွမ်းသတ္တိတို့နှင့် ပြည့်စုံသော ''အဘိဓမ္မတ္ထသင်္ဂဟ'' မည်သော ကျမ်းကို မရေးသားအားမထုတ်မီ –

၁။ ရတနာသုံးပါးတို့အား ရှိခိုးခြင်း၊ (ရတနတ္တယပဏာမ)၊

၂။ ကျမ်း၏အနက် (အဘိဓေယျ)၊

၃။ ကျမ်းပြုပုံ အခြင်းအရာ (ကာရဏာပ္ပကာရ)၊

၄။ ကျမ်း၏အမည် (ပကရဏာဘိဓာန)၊

၅။ ကျမ်း၏ အကျိုး(ပယောဇဉ်)

တို့ကိုပြခြင်းငှာ ''သမ္မာသမ္ဗုဒ္ဓံ'' အစရှိသော ဂါထာကို မိန့်ဆိုတော်မူ၏။

## ဤဘုရားရှိခိုးဂါထာ၌ ငါးမျိုးအသီးသီး ခွဲခြမ်းပြဆိုပုံ

၁။ ''သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ၊ အဘိဝါဒိယ'' ပါဠိဖြင့် ရတနာသုံးပါးကို ရှိခိုးခြင်း (ရတနတ္တယ ပဏာမ) ကို ပြပါသည်။

## ရတနတ္တယပဏာမ အရ ယူရမည့်တရားနှင့် အကျိုးပေးရာကာလ

ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော မဟာကုသိုလ်စေတနာကို ကောက်ယူရပါမည်။ ထိုစေတနာသည် ပထမဇောစေတနာဖြစ်၍ ဒိဋ္ဌဓမ္မဝေဒနိယကံအနေဖြင့် ယခုပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးပါသည်။

## ''အဘိဓမ္မတ္ထသင်္ဂဟံ'' ပါဠိဖြင့်

၂။ ကျမ်း၏အမည် (ပကရဏာဘိဓာန)ကိုလည်းကောင်း၊

၃။ ကျမ်း၏အနက် (အဘိဓေယျ) အဓိပ္ပာယ်ကိုလည်းကောင်း၊

၄။ ကျမ်းပြုပုံအခြင်းအရာ၊ ကျမ်းပြုပုံပြုနည်း (ကရဏပ္ပကာရ) ကိုလည်းကောင်း ဤသုံးမျိုးကို ပြဆိုပါသည်။

**အဘိဓမ္မ + အတ္ထ + သင်္ဂဟ** – (**အဘိ** = မဖောက်ပြန်သောအားဖြင့် လွန်ကဲထူးမြတ် မှန်ကန်သော + **ဓမ္မ** = တရားတို့၏ + **အတ္ထ** = အနက်အဓိပ္ပာယ်တို့ကို + **သင်္ဂဟ** = အကျဉ်းပေါင်းရုံး၍ ပြသောကျမ်း။)

(လွန်ကဲထူးမြတ်မှန်ကန်သော တရားတို့၏အနက်အဓိပ္ပာယ်ကို အကျဉ်းချုပ်ထုတ် ပြသောကျမ်း) ဟု ခေါ်သည်။ ထို့ကြောင့် ''အဘိဓမ္မတ္ထသင်္ဂဟ''ပုဒ်ဖြင့် –

၂။ ကျမ်း၏အမည်ကိုလည်း ပြရာရောက်သည်။

၃။ ဤကျမ်း၏ အနက်အဓိပ္ပာယ်ကိုလည်း ပြပြီးသား ဖြစ်သွားသည်။

၄။ ဤကျမ်းတွင် အဘိဓမ္မာတရားတို့၏ အနက်အဓိပ္ပါယ်ကို အကျဉ်းချုပ်ထုတ် ပြရေးသားသွားမည် ဟူသော ဤကျမ်းကို ရေးသားမည့် ကျမ်းပြုပုံ အခြင်းအရာ၊ ကျမ်းပြုပုံပြုနည်းကိုလည်း ပြပြီးသားဖြစ်သွားသည်။

ဥပမာအားဖြင့် – အမျိုးသားပညာဝန် ဦးဖိုးကျား၏ **"ခေတ်မီ မြန်မာ ရာဇဝင် အကျဉ်းချုပ်"** ကျမ်းစာအုပ်ဆိုပါစို့၊ ထိုခေတ်မီမြန်မာရာဇဝင်အကျဉ်းချုပ် စကားဖြင့် –

(၁) ကျမ်းစာအုပ်၏ အမည်ကိုလည်း ပြသည်။

(၂) ထိုအမည်ဖြင့်ပင် ဤစာအုပ်၏ အနက်အဓိပ္ပာယ်ကိုလည်း ဖော်ပြပြီး သား ဖြစ်သွားသည်၊

(၃) စာအုပ်ကို ခေတ်မီမီဖြင့် မြန်မာတို့၏ သမိုင်းကြောင်းကို တိုတိုကျဉ်းကျဉ်း ရေးသားထားပါသည်ဟု ကျမ်းစာအုပ်ကို ရေးသားပုံရေးသားနည်း ကျမ်းစာအုပ်ပြုစုပုံ အခြင်းအရာကိုလည်း ပြပြီးသားဖြစ်သွားသည်။

(၄) ဤစာအုပ်လေးကို ဖတ်လိုက်ခြင်းဖြင့် ပြည့်ပြည့်စုံစုံ ခံစား၍ သိလိုက်ရပြီး၊ မြန်မာတို့၏ ခေတ်အဆက်ဆက် အားသာချက် အားနည်းချက်တို့ကို အတုယူကာ နိုင်ငံတိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်မည့် အကျိုး ကျေးဇူးတို့လည်း ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ကျမ်း၏အကျိုးကျေးဇူး ကိုလည်း ပြပြီးသား ဖြစ်တော့သည်။

**၅။ သင်္ဂဟ–ပုဒ်တစ်စိတ်ဖြင့် ရရှိမည့်အကျိုးနှင့် အကျိုးပေးရာကာလ**

ကျမ်း၏အကျိုးတရားကိုလည်း ပြဆိုရာရောက်သည် အဘိဓမ္မာ၏ အနက် အဓိပ္ပာယ်တို့ကို မပင်မပန်း လွယ်လွယ်ကူကူ အကျဉ်းချုပ်သိရသဖြင့် လိုက်နာ ကျင့်ကြံကာ ပစ္စုပ္ပန်အကျိုး အနာဂတ်သံသရာအကျိုးများ တိုးပွားပြီး နိဗ္ဗာန်ကို လွယ်ကူလျှင်မြန်စွာ၊ ရောက်နိုင်မည့် အကျိုးများရရှိမည်။

**ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးရရှိအောင် ပြည့်စုံရမည့်အင်္ဂါများ**

၁။ ရတနာသုံးပါးကို ရှိခိုးသော မဟာကုသိုလ်စေတနာ၏ ပြည့်စုံခြင်း။

၂။ ရတနာသုံးပါးတို့၏ဂုဏ်ကိုလည်း မိမိသန္တာန်၌ တည်ရှိနေအောင် ပွားများခြင်း။

၃။ ရှိခိုးအပ်သော ရတနာသုံးပါးတည်းဟူသော ခေတ်နှင့်ပြည့်စုံခြင်း (ခေတ္တ)၊ ကျမ်းစာကို မဖြစ်မနေ ရေးသားတော့ မည်ဟူသော ကျမ်းဆရာ၏ မြတ်သော ပြင်းထန်သော အာသာဆန္ဒ၊ ဝီရိယ (အဇ္ဈာသယ)နှင့် ပြည့် စုံခြင်း။ ဤအချက်အလက်များနှင့် ပြည့်စုံလျှင် ပစ္စုပ္ပန်ဘဝ၌ပင် လက်တွေ့ အကျိုးပေးပါသည်။

**ပဏ္ဏာမစေတနာ၏ ယခုဘဝ၌ပင် အကျိုးပေးပုံမှာ –**

ဤသို့ရှိခိုးခြင်း စသည်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ရှေးဘဝကုသိုလ်ကံ ရှိခဲ့လျှင် ထိုကုသိုလ်ကံကို အကျိုးပေးအားသန်အောင် ပြုနိုင်ပြီး ကုသိုလ်ကံအကျိုး ပေးခွင့်မသာအောင် တားဆီးတတ်သော ကပ်၍နှိပ်စက်တတ်သည့် ဥပပီဠကကံ၊ ကပ်၍ ဖြတ်တတ်သည့် ဥပစ္ဆေဒကကံ၊ အနာရောဂါဘေး လက်နက်ဘေး ငတ်မွတ် သည့်ဘေး စသည်တို့ မကျရောက်စေဘဲ ရည်ရွယ်ချက်အတိုင်း ကောင်းမွန်စွာ ပြီးစီးအောင် ရေးသားနိုင်မည်။ သင်ယူမည့်ပုဂ္ဂိုလ်တို့သည်လည်း အန္တရာယ်မရှိဘဲ သင်နိုင် ဆောင်နိုင် ကျင့်ကြံနိုင်ကြမည့် အကျိုးတရားတို့ကို ရရှိကြမည် ဖြစ်သည်။

ကျမ်း၏အစ ရတနတ္တယ ပဏ္ဏာမစေတနာသည် ကျမ်းပြီးစီးအောင် ရေးသား နိုင်ခြင်း၊ စာသင်သားတို့၏ သင်ခြင်း၊ ဆောင်ခြင်းကိစ္စတို့ကို ပြီးစီးစေနိုင်ပုံ–

ရတနတ္တယ ပဏ္ဏာမစေတနာသည် အကြင်အကြင် အလိုရှိအပ်သော ကျမ်းပြီး ခြင်းကို တားမြစ်နှောက်ယှက်တတ်ကုန်သော ရောဂါအစရှိသော အန္တရာယ်တို့ကို တားမြစ်နိုင်သောကြောင့် ကျမ်းပြီးအောင် ရေးသားနိုင်ခြင်း၊ သင်ခြင်း၊ ဆောင်ခြင်း အကျိုးတို့ကို ပြီးစီးစေနိုင်ပါသည်။

## ကျမ်း၏အဓိပ္ပာယ် (အဘိဓေယျ) စသည်ကို ဆိုရသဖြင့် ရရှိအပ်သော အကျိုးတရားများ

၁။ ကျမ်း၏ အနက်အဓိပ္ပာယ်ကို ဖော်ပြသဖြင့် ဤကျမ်းစာအုပ်ကို မြင်သူ ပညာရှင်တို့ကို ''အဘိဓမ္မာတရားတို့၏ အနက်အဓိပ္ပာယ် အကျဉ်းကို ဖော်ပြ ထားသောကျမ်းဆိုပါလား''ဟု တိုတိုကျဉ်းကျဉ်း ရေးထားသော ကျမ်းစာအုပ်ကို သင်လို ကျက်လို ကျင့်ကြံလိုသော ဆန္ဒများဖြစ်လာပြီး၊ အဖန်တလဲလဲ ကျမ်းကို မှီဝဲခြင်း အကျိုးရှိပါသည်။

၂။ ကျမ်းပြုထားပုံအခြင်းအရာ ဤကျမ်းမှ ရရှိမည့်အကျိုးတရားတို့ကို ပြခြင်းဖြင့် စာသင်သား (သင်တန်းသား/သင်တန်းသူ)တို့ ကောင်းစွာ အားထုတ်ကျက်မှတ်လိုစိတ်များ၊ ထက်သန်လာနိုင်ခြင်း အကျိုးရှိ ပါသည်။

၃။ ကျမ်း၏အမည်ကို ပြခြင်းဖြင့် ခေါ်ရပြောရသည်မှာ လွယ်ကူခြင်းအကျိုးရှိ ပါသည်။

သမ္မာသမ္ဗုဒ္ဓမတုလံ = မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူ၏ဆိုရာ၌ အဘယ့်ကြောင့် အဘယ်ဉာဏ်ဖြင့် ကိုယ်တိုင်သိပါသနည်း။

မြတ်စွာဘုရားသည် သင်္ခတ+အသင်္ခတ တရားအားလုံးကို ဟုတ်မှန်သော အတိုင်း ကိစ္စနှင့်တကွ လက္ခဏာတို့ကို ထိုးထွင်း၍သိနိုင်သော အစွမ်းသတ္တိရှိခြင်း။

မဖောက်မပြန် အမှန်အတိုင်း အဖန်တလဲလဲ ဆည်းပူးအပ်သော ပါရမီတော် အပေါင်းနှင့် ပြည့်စုံခြင်းတို့ကြောင့် ကောင်းစွာဖြစ်သော သယမ္ဘူ ဉာဏ်ဖြင့် ကိုယ်တော် တိုင်သိတော်မူပါသည်။ ( ပထမနည်း)

သမ္မာသမ္ဗုဒ္ဓ – ၌ သမ္မာပုဒ်၊ သံပုဒ်၊ ဗုဓပုဒ်တို့၏ အဓိပ္ပာယ်တို့ အသီးသီးရနိုင်သမျှ ဖော်ပြပါ။

**ပထမနည်း** – သမ္မာ = မဖောက်မပြန် (=အဝိပရိတ)၊
သံ = ကိုယ်တိုင် (= သယံ)
ဗုဓ = သိခြင်း (ဉာဏ)

**ဒုတိယနည်း** – သမ္မာ = စင်စစ် (အစ္စန္တ )၊
သံ = ကိုယ်တိုင် (သယံ)
ဗုဓ = နိုးကြားခြင်း (ဇာဂရ)

စင်စစ် ကိုယ်တော်တိုင်သာလျှင် နိုးတော်မူ၏၊ (သူတစ်ပါးတို့သည် မနိုးစေ အပ်သည်ဖြစ်၍ ကိုယ်တော်တိုင်သာလျှင် ဝါသနာနှင့်တကွဖြစ်သော မောဟ တည်းဟူ သော အိပ်ပျော်ခြင်းမှ စင်စစ်ကင်းတော်မူပြီ၊ နိုးတော်မူပြီ။)

**တတိယနည်း** – သမ္မာ = ကောင်းစွာ = အသင့်အားဖြင့် (သုန္ဒရ)၊
သံ = ကိုယ်တိုင် (သယံ)၊
ဗုဓ = ပွင့်တော်မူခြင်း (ဝိကသိတ)၊

ကောင်းစွာအသင့်အားဖြင့် ကိုယ်တိုင်သာလျှင် ပွင့်တော်မူပြီ၊ ပွင့်ခြင်းသို့ ရောက်တော်မူပြီ၊ (နေရောင်နှင့် ပေါင်းဖော်ရခြင်းကြောင့် အလွန်ကောင်းသော အရောင်အသရေ၏ တင့်တယ်ခြင်းအစုသို့ရောက်သဖြင့် ပဒုမ္မာကြာသည် ပွင့်ခြင်းသို့ ရောက်သကဲ့သို့ အရဟတ္တမဂ် ဉာဏ်နှင့်ပေါင်းဖော်ခြင်းကြောင့် မနိုင်းယှဉ်အပ်သော ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ရောက်သဖြင့် 'ကောင်းစွာအသင့်အားဖြင့် ကိုယ်တိုင်သာလျှင် ပွင့်တော်မူပြီ၊ ပွင့်ခြင်းသို့ ရောက်တော်မူပြီ)

ဤကျမ်းဦးအစ ရတနာသုံးပါးအား ရှိခိုးရာတွင် တရားအတွက် (သဒ္ဓမ္မ)၊ သံဃာအတွက်(ဂဏုတ္တမ) ဟူ၍ ဂုဏ်ပုဒ်တစ်ခုစီဖြင့်သာ ပူဇော်ပြီး၊ ဘုရားအတွက် (သမ္မာသမ္ဗုဒ္ဓနှင့် အတုလ)ဟု ဂုဏ်ပုဒ်နှစ်ခုဖြင့် ရှိခိုးပူဇော်ခြင်းမှာ "သမ္မာသမ္ဗုဒ္ဓ" ပုဒ်ဖြင့် ဘုရားရှင်၏အမည်ကိုသာ ပဓာနအားဖြင့်ပြဆိုပြီး ဂုဏ်ကို ပဓာနအားဖြင့် ပြဆိုရာ မမည်သေးသောကြောင့် ဂုဏ်ကို ပဓာနအားဖြင့် ပြဆိုသော အတုလပုဒ်ဖြင့် အကျိုးများစေခြင်းငှာ ထပ်၍ ဆိုပါသည်။

| | | |
|---|---|---|
| အတုလံ | = | ဟူသောပုဒ်၌ တုလပုဒ်, အတုလပုဒ်တို့၏ အဓိပ္ပါယ်ကို ဖော်ပြပါ။ |
| တုလ | = | ချိန်ခွင်နှင့်တူသောဉာဏ်ဖြင့် နှိုင်းယှဉ်အပ်သောကြောင့် |
| တုလျ | = | တုလျမှ ယကိုချေ၍ တုလမည်၏။ |
| တနည်း | = | ချိန်ခွင်နှင့်တူသော ပညာဖြင့် နှိုင်းယှဉ်အပ်သောကြောင့် တုလျ မည်၏။ |
| အတုလ | = | သီလစသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့် တူတော်မမူသောကြောင့် မြတ်စွာဘုရားသည် အတုလ မည်၏။ |
| တနည်း | = | မြတ်စွာဘုရားအား တူသောပုဂ္ဂိုလ်သည် မရှိသောကြောင့် အတုလ မည်၏။ |

တူသောသူ မရှိရခြင်းမှာ - နတ်နှင့်တကွသော လောက၌ မြတ်သော ပုဂ္ဂိုလ်ဖြစ်သည်၏အဖြစ်ကြောင့် တူသောသူမရှိခြင်း ဖြစ်ပါသည်။ လောက၌ အမြတ်ဆုံးပုဂ္ဂိုလ် ၏အဖြစ်ကို မြတ်စွာဘုရား မည်သို့မည်ပုံ ဟောကြားတော်မူပါနည်း

ဟောကြားပုံ - ရဟန်းတို့ အကြင်မျှလောက်ကုန်သော အခြေမရှိသော သတ္တဝါ, ခြေနှစ်ချောင်းရှိသောသတ္တဝါ, ခြေလေးချောင်းရှိသောသတ္တဝါ, များသော ခြေရှိသောသတ္တဝါ အားလုံးတွင် ငါဘုရားကို မြတ်၏ဟု ဟောတော်မူပါသည်။ ထို့ကြောင့် အမြတ်ဆုံးဖြစ်၏။

ဘုရားရှိခိုး "သမ္မာသမ္ဗုဒ္ဓ မတုလံ"ဂါထာ၌ သမ္မာသမ္ဗုဒ္ဓပုဒ်, အတုလပုဒ်တို့ဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏ ဂုဏ်တော်အပေါင်းကို -

၁။ ဟေတုသမ္ပဒါ (အကြောင်းနှင့်ပြည့်စုံခြင်း)၊

၂။ ဖလသမ္ပဒါ (အကျိုးနှင့်ပြည့်စုံခြင်း)

၃။ သတ္တုပကာရသမ္ပဒါ (သတ္တဝါတို့၏ ကျေးဇူးကို ဆောင်ခြင်းနှင့်ပြည့်စုံခြင်း) သုံးပါးသော ဂုဏ်အစုတို့ဖြင့် ချီးမွမ်းခြင်းကို ပြုပါသည်။

အခြားသောဂုဏ်ပုဒ်များရှိကြသေးသော်လည်း သမ္မာသမ္ဗုဒ္ဓ၊ အတုလနှစ်ပုဒ်သည် ဟေတု, ဖလ, သတ္တုပကာရ ဟူသော သမ္ပဒါသုံးပါး၏အစွမ်းဖြင့် ဘုရားရှင်၏ဂုဏ်တော်တို့ကို ထင်ရှားစွာပြနိုင်သောကြောင့် သမ္မာသမ္ဗုဒ္ဓ အတုလ နှစ်ပုဒ်ဖြင့်သာ ချီးမွမ်းတော်မူခြင်းဖြစ်ပါသည်။

## သမ္ပဒါသုံးပါးတို့၏အဓိပ္ပာယ်

၁။ ဟေတုသမ္ပဒါ = မဟာကရုဏာတော်နှင့် အဖန်တလဲလဲယှဉ်ခြင်း, သဗ္ဗညုတဉာဏ်တော်၏ အဆောက်အဦဖြစ်သော သုံးဆယ်သောပါရမီတို့ကို ဖြည့်ကျင့်တော်မူခြင်းတို့သည် ဟေတုသမ္ပဒါ = (အကြောင်းနှင့်ပြည့်စုံခြင်း) မည်၏။

၂။ ဖလသမ္ပဒါ = အကျိုးတရားနှင့်ပြည့်စုံခြင်း၊ ဖလသမ္ပဒါ ဟူသည် ဉာဏသမ္ပဒါ, ပဟာနသမ္ပဒါ, အာနုဘာဝသမ္ပဒါ, ရူပကာယသမ္ပဒါ ဟူ၍ (၄)မျိုး ရှိသည်။

(က) သဗ္ဗညုတဉာဏ်၏ နီးစွာသောအကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်သည်၎င်း၊ ထိုအရဟတ္တမဂ်လျှင် အကြောင်းအရင်းရှိကုန်သော ဒသဗလစသော ဉာဏ်တို့သည်၎င်း ဉာဏသမ္ပဒါ မည်၏။

(ခ) ဝါသနာနှင့်တကွ အလုံးစုံသော ကိလေသာတို့ကို စင်စစ်တစ်ဖန်မဖြစ်ခြင်း သဘောရှိသည်၏အဖြစ်သို့ ရောက်စေခြင်း (ပယ်ခြင်း) သည် ပဟာနသမ္ပဒါ မည်၏။

(ဂ) အလိုရှိတော်မူသည့်အတိုင်း လိုအပ်သောအကျိုးကို ပြီးစေခြင်း၌ အစိုးရတော်မူသည်၏အဖြစ်သည် အာနုဘာဝသမ္ပဒါ မည်၏။

(ဃ) သတ္တဝါအားလုံးတို့၏ မျက်စိတို့ကို ဆောင်ယူ၍ မိမိ၌ သွန်းလောင်းဘိသကဲ့သို့ (၃၂)ပါးသော လက္ခဏာတော်ကြီး၊ (၈၀)သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ခန္ဓာကိုယ်အတ္တဘောတော်နှင့် ပြည့်စုံခြင်းသည် ရူပကာယသမ္ပဒါ မည်၏။

၃။ သတ္တုပကာရသမ္ပဒါ = သတ္တဝါတို့၏ ကျေးဇူးကို ဆောင်ရွက်ခြင်းနှင့် ပြည့်စုံခြင်းသည် သတ္တုပကာရသမ္ပဒါ မည်၏။

ထိုသတ္တုပကာရသမ္ပဒါသည် (က) မြတ်သောအလို (အာသယ)၊ (ခ) မြတ်သော လုံ့လ (ပယောဂ) တို့၏အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် (က) ဒေဝဒတ် အစရှိသော ဆန့်ကျင်ဘက်ဖြစ်ကုန်သော သတ္တဝါတို့၌လည်း အမြဲအစီးအပွားကို အလိုရှိသည်၏ အဖြစ်သည်လည်းကောင်း မရင့်ကျက်သေးသော ဣန္ဒြေရှိကုန်သော သတ္တဝါတို့၏ ဣန္ဒြေရင့်သောအခါကို ငံ့တော်မူခြင်းသည်လည်း ကောင်းမြတ်သော အလို (အာသယ) မည်၏။

ဒေဝဒတ်စသော ဆန့်ကျင်ဘက်သတ္တဝါတို့မှ တစ်ပါးဖြစ်ကုန်သော မိတ်ဘက်သတ္တဝါတို့၏ လာဘ်အထူးပူဇော်ခြင်း အစရှိသည်တို့၌ ငြိခြင်းကင်းသော စိတ်ရှိတော်မူသော မြတ်စွာဘုရား၏ အနိစ္စစသော လက္ခဏာယာဉ်သုံးပါးတို့၏အပေါင်းကို အကြောင်းပြုသဖြင့် အလုံးစုံသော ဆင်းရဲမှ ထွက်မြောက်စေတတ်သော တရားတော်ကို ဟောခြင်းသည် မြတ်သော လုံ့လ (ပယောဂ) မည်၏။

''သမ္မာသမ္ဗုဒ္ဓံ'' ပုဒ်ဖြင့် ရှေ့နှစ်ပါးသော ဖလသမ္ပဒါ (ဉာဏ+ပဟာန သမ္ပဒါ) တို့ကို ဖော်ပြပါသည်။

''အတုလံ'' ပုဒ်ဖြင့် နောက်နှစ်ပါးသော ဖလသမ္ပဒါ (အာနုဘာဝ+ရူပကာယ)နှင့် သတ္တုပကာရသမ္ပဒါတို့ကို ဖော်ပြပါသည်။

''သမ္မာသမ္ဗုဒ္ဓံ'' ပုဒ် ''အတုလံ''ပုဒ် နှစ်ပုဒ်ပေါင်းဖြင့် (ဖလသမ္ပဒါ+သတ္တုပကာရသမ္ပဒါတို့၏ အကြောင်းရင်းဖြစ်သော) ဟေတုသမ္ပဒါကို ဖော်ပြပါသည်။

အဘယ့်ကြောင့် ဟေတုသမ္ပဒါကို နှစ်ပုဒ်တို့ဖြင့်ပြပါသနည်း။ ။ ထိုသို့သဘောရှိသော မဟာကရုဏာ၊ ပါရမီ၊ စာဂ၊ စရိယဟုဆိုအပ်သော အကြောင်းနှင့်ကင်းသဖြင့် ထိုနှစ်ပါးကုန်သော ဖလသမ္ပဒါ၊ သတ္တုပကာရသမ္ပဒါတို့၏ ပြည့်စုံခြင်း မဖြစ်သင့်သောကြောင့်တည်း၊ အကြောင်းမရှိသည်ရှိသော် ခမ်းသိမ်းသော သတ္တဝါတို့၌ ထိုဖလသမ္ပဒါ၊ သတ္တုပကာရသမ္ပဒါတို့၏ ဖြစ်သင့်ခြင်း၌ လျှဉ်းပါးဖွယ် (ယုံမှားသံသယဖြစ်ဖွယ်) ရှိသောကြောင့် ဖြစ်ပါသည်။

## ''သသဒ္ဓမ္မဂဏုတ္တမံ'' ပါဒ်ကို ဆက်၍မိန့်ဆိုခြင်း

သမ္မာသမ္ဗုဒ္ဓမတုလံ – ဟူသော နှစ်ပုဒ်တို့ဖြင့် ဘုရားရတနာကို သမ္ပဒါသုံးပါးတို့ဖြင့် ကောင်းစွာချီးမွမ်း၍ တိုက်ရိုက်ပြဋ္ဌာန်းခြင်းရှိသော ရှိခိုးခြင်းကိုပြုပြီး၍၊ ယခုအခါ၌ ကြွင်းသော တရား၊ သံဃာရတနာတို့အားလည်း ရှိခိုးခြင်းကို အားထုတ်

လိုသော အရှင်အနုရုဒ္ဓါဆရာသည် "သသဒ္ဓမ္မဂဏုတ္တမံ" ဟူသောပုဒ်ကို ဆက်၍ မိန့်ဆိုတော်မူပါသည်။

ဘုရားရတနာကို တိုက်ရိုက်ပြဋ္ဌာန်းခြင်းရှိသော ရှိခိုးခြင်းဟုဆိုသဖြင့် မပြဋ္ဌာန်းသောသဘောရှိသော တရား၊ သံဃာတို့အား အဘယ်သို့ရှိခိုးခြင်းမည်နိုင် (ဖြစ်နိုင်) သိနိုင်ပါသနည်း။

မပြဋ္ဌာန်းသည်ဖြစ်၍ ဖြစ်ကုန်သော တရား၊ သံဃာရတနာတို့အားလည်း ရှိခိုးအပ်သည်၏အဖြစ်ကို "သဟ-အတူတကွ" ပုဒ်နှင့် ယှဉ်နေခြင်းကြောင့် သိနိုင်ပါသည်။ ဥပမာ- "သားမယားနှင့် တကွလာ၏"ဟု ဆိုသည်ရှိသော် သားမယားလည်း လာခြင်းကို သိအပ်သိနိုင်သကဲ့သို့ မှတ်ရပါမည်။

## အဘိဓမ္မတ္ထသင်္ဂဟံ-၌

**အဘိဓမ္မ** အရ ဓမ္မသင်္ဂဏီ စသော အဘိဓမ္မာ (၇)ကျမ်း ရ၏။

**အဘိဓမ္မတ္ထ** အရ ထိုအဘိဓမ္မာ (၇)ကျမ်း၌ ဟောအပ်ကုန်သော စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ်အနက်တရားတို့ကို ရ၏။

**အဘိဓမ္မတ္ထသင်္ဂဟ** အရ အဘိဓမ္မာ (၇)ကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို အကျဉ်းပေါင်း၍ ယူရာယူကြောင်းဖြစ်သော အဘိဓမ္မ တ္ထသင်္ဂဟသင်္ဂြိုဟ်ကျမ်းကို ရ၏။

## ဓမ္မအဓိပ္ပာယ်နှင့် အရကောက်

မိမိဟု ဆိုအပ်သော တရားကို ဆောင်ကုန် ကျင့်ကုန်သော သတ္တဝါတို့ကို အပါယ်လေးပါးတို့၌လည်းကောင်း၊ ဝဋ်ဆင်းရဲတို့၌လည်းကောင်း မကျသည်တို့ကို ပြု၍ ဆောင်တတ်သောကြောင့် ဓမ္မ မည်ပါသည်။

အပါယ်၌ဖြစ်စေ၊ ယုတ်ဘိလေ၊ ဖျက်ချွေဓာရဏာ၊ (ဓာရဏာ= ဆောင်ခြင်း)

**ဓမ္မ** အရ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရား ၉-မျိုးကိုရ၏။

တစ်နည်း **ဓမ္မ** အရ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ်တရားဆယ်မျိုး ရ၏။

ကိုးပါး/ ဆယ်ပါးသော တရားတော်တို့၏ ဆောင်ခြင်းဆိုသည်မှာ - အပါယ်စသည်တို့၌ ဖြစ်စေတတ်သော ကိလေသာကိုဖျက်ဆီးခြင်းသည်ပင် ဓမ္မ၏ဆောင်ခြင်း မည်ပါသည်။ (အပါယ်စသည်တို့၌ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးခြင်းသည် လူနတ်နိဗ္ဗာန်သို့ ပို့ဆောင်နေခြင်း ဖြစ်ပါသည်။)

**မဂ်လေးပါး နိဗ္ဗာန်သည်=** ကိလေသာကို ဖျက်ဆီးတတ်၍ **မုချအားဖြင့် ဓမ္မ** မည်၏။ **ဖိုလ်လေးပါး ပရိယတ်တို့သည် ဥပစာအားဖြင့် ဓမ္မမည်၏။**

**အရိယာမဂ်**သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်တတ်သည်၏အဖြစ်ကြောင့် **မုချအားဖြင့် ဓမ္မ** မည်၏။

နိဗ္ဗာန်သည်လည်း ထိုအရိယာမဂ်က နိဗ္ဗာန်ကို အာရုံပြုလျက် ထိုကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း ကိစ္စပြီးစီးခြင်း၏အကြောင်းဖြစ်သောကြောင့် **မုချအားဖြင့် ဓမ္မမည်၏**။ ဓမ္မအမည်ကို ရအပ်၏။

♦ **လေးမဂ် နိဗ္ဗာန်၊ မုချမှန်၊ ဧကန်ဓမ္မ အမည်ရ။**

ဖိုလ်သည်လည်း ကိလေသာတို့ကို တစ်ဖန်ထပ်၍ ငြိမ်းစေခြင်း၏အစွမ်းဖြင့် မဂ်အားလျော်စွာဖြစ်သော အကျိုးတရားဖြစ်သောကြောင့် **ဥပစာ (ကာရဏူပစာ) အားဖြင့် ဓမ္မမည်၏။** (ဋီ-မြန်-၁၆)

**ပရိယတ်**သည်လည်း ထိုအရိယာမဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းတရားဖြစ်သောကြောင့် **ဥပစာ (ဖလူပစာ)အားဖြင့် ဓမ္မမည်၏။** (ဋီ-မြန်-၁၆)

♦ **ဖိုလ်ကာရဏူ၊ ပရိယတ်မူ၊ ဖလူယူကြပရိယ။**

ဥပစာအသုံး။ ။ တိုက်ရိုက်မုချမဟုတ်ဘဲ တင်စား၍ ခေါ်ဝေါ်သုံးစွဲခြင်းကို ဥပစာ-ဟု ခေါ်သည်။

အကြောင်း၏အမည်ကို အကျိုး၌တင်စား၍ ခေါ်ဝေါ်သုံးစွဲခြင်းသည် ကာရဏူပစာ မည်၏။ (ကာရဏ= အကြောင်း၊ ဥပစာ = တင်စား၍သုံးခြင်း။

ကိလေသာကို အမှန်တကယ်ဖျက်ဆီးနိုင်သော အကြောင်းတရားမဂ်၏ ဓမ္မ အမည်ကို အမှန်တကယ်မဖျက်ဆီးနိုင်သော အကျိုးတရားဖိုလ်၌ တင်စား၍ ကာရဏူပစာအားဖြင့် ဖိုလ်ကို ဓမ္မဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

အကျိုး၏အမည်ကို အကြောင်း၌တင်စား၍ ခေါ်ဝေါ်သုံးစွဲခြင်းသည် ဖလူပစာ မည်၏။ (ဖလ = အကျိုး၊ ဥပစာ = တင်စား၍သုံးခြင်း)

မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အကျိုးတရား၏ ဓမ္မဟူသော အမည်ကို ပရိယတ်တရားတည်းဟူသော အကြောင်းတရားပေါ်၌ တင်စား၍ ဖလူပစာအားဖြင့် ပရိယတ်တရားကို ဓမ္မဟုခေါ်ဆိုပါသည်။

## သဒ္ဓမ္မအဓိပ္ပာယ်

၁။ သူတော်ကောင်းဖြစ်ကြကုန်သော အရိယာပုဂ္ဂိုလ်တို့၏တရားသည် သဒ္ဓမ္မ မည်၏။

၂။ (တစ်နည်းကား) - ပရမတ္ထအားဖြင့်ထင်ရှားရှိသောတရားသည် သဒ္ဓမ္မ မည်၏။ (တိတ္ထိတို့သည် ကြံဆအပ်သော 'အတ္တ'ကိုယ်ကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှား မရှိသော တရားမျိုးမဟုတ်။)

၃။ (တစ်နည်းကား) - သွာက္ခာတတာ စသော ဂုဏ်နှင့်ယှဉ်ခြင်းကြောင့် ချီးမွမ်းအပ်သော တရားသည် သဒ္ဓမ္မမည်၏။

(သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် ဟောအပ်သောတရားကဲ့သို့ စင်စစ်ကဲ့ရဲ့အပ်သော တရားမျိုးမဟုတ်ပေ။)

## ဂဏုတ္တမ အဓိပ္ပာယ်

## ဂဏ + ဥတ္တမ = ဂဏုတ္တမ တို့၏ အသီးသီးအဓိပ္ပါယ်

၁။ အရိယာသံဃာသည် အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းဖြစ်သောကြောင့် ဂဏ မည်၏။ (ဝါ) အပေါင်းဖြစ်၏။ အပေါင်းသည် ဂဏမည်၏။

၂။ သုပ္ပဋိပန္နတာစသော ဂုဏ်ထူးနှင့်ယှဉ်ခြင်းကြောင့် ဥတ္တမလည်း မည်၏။ (ဝါ) မြတ်လည်းမြတ်၏။

၃။ ထို့ကြောင့် ထိုအရိယာသံဃာသည် ဂဏုတ္တမ မည်၏။

တစ်နည်းကား - နတ်လူအစရှိသောအပေါင်းတို့ထက်၊ တစ်နည်း- နတ်လူ အစရှိသောအပေါင်းတို့တွင် ဆိုအပ်ပြီးသော ဂုဏ်၏အစွမ်းကြောင့် မြတ်၏။ ထို့ကြောင့် ထိုအရိယာသံဃာသည် ဂဏုတ္တမ မည်၏။

## မြတ်စွာဘုရားသည် သသဒ္ဓမ္မ ဂဏုတ္တမ မည်ပုံ

သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ တရား၊ ပရမတ္ထအားဖြင့် ထင်းရှားရှိသောတရား၊ ချီးမွမ်းအပ်သော တရားနှင့်လည်းကောင်း၊ မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းနှင့်လည်းကောင်း တကွဖြစ်သောကြောင့် မြတ်စွာ ဘုရားသည် ''သသဒ္ဓမ္မဂဏုတ္တမ'' မည်၏။ (သဒ္ဓမ္မေနစ ဂဏုတ္တမေနစ သဟ ယော ဝတ္တတီတိ သော သဒ္ဓမ္မဂဏုတ္တမော။ ယော= အကြင်ဘုရားသည် ဒွန္တသောစနေနည်း)

## "ပရမတ္ထတရား လေးပါး"

မိမိတို့၏ သဘောလက္ခဏာမှ မဖောက်ပြန်သောကြောင့် မြတ်သော အနက် သဘောသည် ပရမတ္ထ မည်၏။

တစ်နည်း မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာအာရုံဖြစ်သောကြောင့် ပရမတ္ထမည်၏။

## ပရမတ္ထ အဓိပ္ပာယ်

**ပရမ + အတ္ထ = ပရမတ္ထ ပုဒ်တို့၏ အသီးသီး အဓိပ္ပာယ်များ**

ပရမ = မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သော (ဗလောင်းဗလဲ ပြောင်းလဲခြင်းမရှိသော) သဘော။

အတ္ထ = သဘာဝတ္ထ လိုရင်းတရား၊ (ဝါ) အာရုံတရား

ပရမတ္ထ= မဖောက်မပြန် မှန်ကန်တည့်မတ်မြတ်သော သဘာဝတ္ထလိုရင်း တရား (ဝါ) မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာဖြစ် သော အာရုံတရား။

## ပရမတ္ထတရားတို့၏ ပညတ် ပရမတ်အခွဲ

စိတ် စေတသိတ် ရုပ် နိဗ္ဗာန်တို့၏ အာရုံကို သိခြင်း စသော သဘော လက္ခဏာသည် ပရမတ်။ စိတ် စေတသိတ် ရုပ် နိဗ္ဗာန်တို့၏ အမည်များသည် ပညတ် အမည်များ ဖြစ်ပါသည်။

## အဘိဓမ္မတ္ထနှင့်ပရမတ္ထ အရေကောက် ထူးခြားမှုရှိ /မရှိ

**အဘိဓမ္မတ္ထ** အရကား ပညတ် ပရမတ်အားဖြင့် နှစ်ပါး၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ်အားဖြင့် ငါးပါးကို ရ၏။

**ပရမတ္ထ** အရကား စိတ် စေတသိက် ရုပ် နိဗ္ဗာန် လေးပါးရ၏။ (သင်္ဂြိုဟ်ကျမ်း အလို ထူးခြား၏။

ဋီကာကျော်ကျမ်းအလိုကား - ပရမတ္ထအားဖြင့်ရေတွက်လျှင် လေးပါးစီ အတူတူဖြစ်သည် (မထူးခြားပါ)၊

၁။ ဝိညာဏက္ခန္ဓာ ဟူသော (စိတ်)။

၂။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟူသော ခန္ဓာသုံးပါးတို့၏ အပေါင်းသည် (စေတသိက်)။

၃။ ဘူတရုပ်၊ ဥပါဒါရုပ်အားဖြင့် ပြားသော ရူပက္ခန္ဓာသည် (ရုပ်)။

၄။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ်သည် (နိဗ္ဗာန်)။

အာရုံကို သိတတ်သောကြောင့် စိတ်မည်၏။ စိတ်သည် အာရုံကို အထူး သဖြင့် သိတ်တက်သော သဘောရှိ၏။ အာရုံနှင့် ကင်း၍လည်း စိတ်မဖြစ်ပေ၊ လူနတ်

တိရစ္ဆာန်မည်သည့်ပုဂ္ဂိုလ်သန္တာန်၌ ရှိသောစိတ် ဖြစ်စေ အာရုံကို သိတတ်မြဲ သာ ဖြစ်သည်။ အာရုံကို သိခြင်းသဘောမှ ဘယ်သောအခါမှ မဖောက်ပြန် ထို့ကြောင့် **ပရမတ်** မည်၏။

တနည်းကား- အကြောင်းဖြစ်သောထိုစိတ်ဖြင့် စိတ်နှင့်ယှဉ်သောတရားတို့သည် သိတတ်ကုန်၏၊ ထိုသို့သိကြောင်းဖြစ်သောသတ္တိကြောင့် **စိတ်** မည်၏၊ တနည်းကား ကြံစည်သိရှိခြင်းသည် **စိတ်** မည်၏၊

## စိတ်၏ အဓိပ္ပာယ်များ

(က) ဆန်းကြယ်သော အမှုအယာရှိခြင်းကြောင့် စိတ်မည်၏။ (ကုသိုလ် +အကုသိုလ်စိတ်ကို ရ၏) ကုသိုလ်အကုသိုလ်စိတ်တို့ကြောင့် လူချင်း နတ်ချင်း တူပါလျက် ဆင်းရဲ ချမ်းသာ၊ အဆင်းလှ မလှ၊ ပညာတတ် မတတ်စသည် ဖြစ်နေကြသဖြင့် ဆန်းကြယ်လွန်းလှသည်။

(ခ) မိမိ၏ဆန်းကြယ်သည်၏အဖြစ်ကြောင့်လည်း စိတ်မည်၏။ (စိတ် ၈၉- ပါးလုံးကို ရ၏။)

စိတ်၏ဆန်းကြယ်မှုကား မည်သည့်အရာမှ လိုက်မမှီ တစ်လောကလုံး ဆန်း ကြယ်သမျှအရာအားလုံး ကွန်ပျူတာ၊ တီဗွီစသော ထူးဆန်းထွေလာ သိပ္ပံပစ္စည်း များကို စိတ်ဖြင့်သာ ဖန်တီးသည်၊ လျင်မြန်သည့်အရာတွင်လည်း စိတ်ကို လိုက်မမှီ စိတ်ဖြင့် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ စကြဝဠာအနန္တသို့ ချက်ချင်း အာရုံယူနိုင် သွားရောက်နိုင်၏။ စိတ်ထက် ဆန်းကြယ်သော အရာကား မရှိပါပေ။

(ဂ) ဆန်းကြယ်သော အထူးထူးသော အာရုံရှိသောကြောင့်လည်း စိတ် မည်၏။ (စိတ် ၈၉ - ပါးလုံးကိုရ၏။)

စိတ်သည် အာရုံယူရာ၌လည်း အလွန်ဆန်းကြယ်၏။ အာရုံတခုတည်းကိုပင် ပုဂ္ဂိုလ်အမျိုးမျိုးသို့ လိုက်၍ ကွဲပြားသွားသည်။ ဒူးရင်းသီးကို အချို့ကြိုက်၏။ အချို့ကား အနံ့ကို မကြိုက်၍ ရွံရှာဖွယ်ဟု မြင်သည်။ သူသေကောင်ပုတ်ကို ခွေးနှင့်လင်းတ တို့က အလိုရှိအပ်သော ဣဋ္ဌာရုံဟု မြင်ပြီး၊ လူများက မနှစ်သက်ဖွယ် အနိဋ္ဌာရုံဟု မြင်သည်။ ဤသို့ပုဂ္ဂိုလ်လိုက်၍ စိတ်၏အာရုံသည် ဆန်းကြယ်လှ၏။

(ဃ) ကံ+ကိလေသာတို့သည် ဆည်းပူးအပ်သောကြောင့် စိတ်မည်၏။ (ဝိပါက်စိတ် ရ၏။)

ကုသိုလ်ကံ အကုသိုလ်ကံနှင့် ကိလေသာတို့ကြောင့် အကျိုးဝိပါက်စိတ်များ ဖြစ်လာရကား၊ ကံ ကိလေသာတို့ ဆည်းပူးအပ်သော စိတ်အဖြစ် ဝိပါက်စိတ်ကိုရ၏။

(င) ကံ+ကိလေသာတို့သည် ဆည်းပူးအပ်သော အတ္တဘောကို စောင့်တတ်သောကြောင့်လည်း စိတ်မည်၏။ (ဝိပါက်စိတ်ကိုပင် ရ၏။)

ကုသိုလ်ကံ အကုသိုလ်ကံ ကိလေသာတို့ကြောင့် အကျိုးဝိပါက်စိတ် ဖြစ်ရ၏။

ထိုအကျိုးဝိပါက်အတိုင်း အတ္တဘောဟုဆိုအပ်သော လူနတ် စသည့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအစဉ်ဖြစ်လာပြီး ဆက်လက်တည်ရှိနေရသည်။ ထို့ကြောင့် ဝိပါက်စိတ်သည် အတ္တဘောကို စောင့်တတ်သော စိတ်ဖြစ်သည်။

(စ) အတ္တဘော– ဟုဆိုအပ်သော ဇောစိတ်အစဉ်ကို ပွားစေတတ်သောကြောင့်လည်း စိတ်မည်၏။ (ဇောစိတ်ကို ရ၏)

အတ္တဘောဟုဆိုအပ်သော ရုပ်နာမ်ခန္ဓာအစဉ်ရှိနေသမျှ မိမိမှိရာ အတ္တဘော၌ ကုသိုလ် အကုသိုလ်ဇော စိတ်အစဉ်များ ဖြစ်နေမည်သာ ဖြစ်သည်။

**စိတ်၏ ပကတိသဘောနှင့် ကုသိုလ်စိတ် အကုသိုလ်စိတ် ဖြစ်လာရခြင်း အကြောင်း။**

စိတ်၏ ပကတိသဘောမှာ ဖြူစင်၍ ပြိုးပြိုးပြက်ပြက် အရောင်ထွက်လျှက်ရှိသည်၊ သို့သော် မည်းညစ်သော လောဘစသော အကုသိုလ် စေတသိက်တို့နှင့် ယှဉ်လာသောအခါ အကုသိုလ်စိတ်ဖြစ်၍၊ ဖြူစင်သော သဒ္ဓါစသော ကုသိုလ် စေတသိက်တို့နှင့် ယှဉ်လာသောအခါ ကုသိုလ်စိတ်ဟူ၍ ဖြစ်လာပါသည်။

အဘိဝါဒိယ = အထူးအားဖြင့် ရှိခိုး၍ ဟူသည် အဘာယ်သို့ရှိခိုးခြင်း ပြုပါသနည်း။

ကြောက်၍ရှိခိုးခြင်း (ဘယ)၊ လာဘ်ကိုလို၍ရှိခိုးခြင်း (လာဘ)၊ အမျိုးဓလေ့အားဖြင့်ရှိခိုးခြင်း (ကုလာစာရ) စသည်တို့မှ ကင်းလွတ်၍ ရိုသေစွာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့ဖြင့် ရှိခိုးခြင်းကို ဆိုပါသည်။ (အဘိ=အထူးအားဖြင့်– ဝါဒိယ= ရှိခိုး၍)

## "စေတသိက်"

စိတ်၌ အမြဲယှဉ်တတ်သောကြောင့် စေတသိက်မည်၏။ စိတ်၌ မှီတွယ်၍ စိတ်ကို ခြယ်လှယ်တတ်သောကြောင့် စေတသိက် မည်၏။

(စေတသိက်သည် စိတ်မရှိလျှင် အခြင်းခပ်သိမ်းမဖြစ်နိုင်၊ စိတ်နှင့်ကင်း၍လည်း အာရုံကို ယူခြင်းငှါ မစွမ်းနိုင်။)

ဥပမာ – စိတ်သည် သန့်စင်သောရေ၊ ဆီတို့နှင့်တူ၏၊ စေတသိက်ကား ဆေးအရောင်မျိုးစုံနှင့်တူ၏၊ အရောင်မျိုးစုံ ရေးခြယ်ဖို့ရန် သန့်စင်သောရေ၊ ဆီတို့ မပါလျှင် အရောင်ခြယ်ခြင်းကိစ္စကို မပြုလုပ်နိုင်၊ ရေသန့်၊ ဆီသန့်နှင့်ရောစပ်ပြီးမှ

လိမ်းခြယ် ရေးဆွဲ၍ ရ၏။ ရေနှင့်ဆီတို့ကား သူ့အလိုလိုပင် လိမ်း၍ ခြယ်၍ ရနေသည်။ စိတ်သည် စေတသိက်မပါဘဲလည်း အာရုံကို ယူနိုင်သည်။

## "ရုပ်"

ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏။ (တစ်နည်း) အချမ်း အပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ရှေးရုပ် အစဉ်နှင့်မတူအောင် နောက်ရုပ်အစဉ်၏ ထင်ထင်ရှားရှား ဖြစ်ပျက်ပြောင်းလဲဖောက်ပြန် ခြင်းသည် ရုပ်မည်၏။

(နာမ်တရားတို့သည်လည်း ဖြစ်ပျက် ဖောက်ပြန်ပြောင်းလဲနေသောကြောင့် ရုပ်မည်သင့်၊ မမည်သင့် မေးဖွယ်ရှိရာ၊ နာမ်တရားတို့၏ ဖြစ်+ပျက်ဖောက်ပြန်မှုသည် သိမ်မွေ့၏၊ မထင်ရှားလှပေ၊ ထင်ရှားသောဖောက်ပြန်မှုကိုသာ ရုပ်ဟုဆိုအပ်သောကြောင့် နာမ်တရားတို့ကို ရုပ်ဟု မခေါ်သင့်ပေ။)

တစ်ဖန် ထင်ရှားသောဖောက်ပြန်မှုကိုသာ ရုပ်ဟုဆိုသော် ရူပဗြဟ္မာဘုံ၌ ထင်ရှားသော အချမ်းအပူတို့ မရှိသဖြင့် ရုပ်မရှိဟု မှတ်ရမည်လော၊ မေးဖွယ်ရှိပြန်ရာ- ရူပဗြဟ္မာ့ပြည်၌ အလွန်အကဲ နှိပ်စက်ညှဉ်းပန်တတ်သော အအေး အပူတို့ မရှိသော်လည်း ချီးမြောက်တတ်သော (အလိုရှိအပ်သည့်) အအေးဓာတ် အပူဓာတ်လေးများ ရှိသေး၍ ဖောက်ပြန်သောသဘောမှ မလွန်နိုင်သေးသောကြောင့် ရူပဘုံ၌ ရုပ်ဟူသော အမည်သည် ဖြစ်သင့်ပါသေးသည်။

## "နိဗ္ဗာန်"

ဘဝငယ်၊ ဘဝကြီးကို ဖွဲ့တတ် ချုပ်တတ်သော ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်၏။ (တစ်နည်း) ရာဂစသော မီးအပေါင်း၏ ငြိမ်းအေးကြောင်း ဖြစ်တတ်သောကြောင့် နိဗ္ဗာန်မည်၏။

### ရုပ်+နာမ်အခွဲ

စိတ် စေတသိက် နိဗ္ဗာန် သုံးမျိုးသည် နာမ်တရား

ရုပ်သည် ရုပ်တရား၊ ဤသို့ ပရမတ္ထတရားသည် ရုပ်+နာမ် နှစ်မျိုးသာရှိသည်။

### နိဗ္ဗာန်ကို အဆုံး၌ထားခြင်း

နာမ်တရားချင်းတူ၍ စိတ်+စေတသိက်ပြီးလျှင် နိဗ္ဗာန်ကို အရင် ပြပြီးမှ ရုပ်ကို အဆုံးထား၍ ပြသင့်သော်လည်း စိတ် စေတသိက် ရုပ်တို့၏ ချုပ်ငြိမ်းရာသည်၊ နိဗ္ဗာန်ဖြစ်သည်ကို ပြလို၍ နိဗ္ဗာန်ကို အဆုံးထား၍ ဆိုသည်။

## ဘုံအားဖြင့် စိတ်လေးမျိုး အစဉ်အတိုင်း ထားရပုံ

**ကာမာဝစရစိတ် ရူပါဝစရစိတ် အရူပါဝစရိတ် လောကုတ္တရာစိတ်**

↑ ↑ ↑ ↑

အယုတ် အမြတ် အထူးသဖြင့်မြတ် အမြတ်ဆုံး

အနေဖြင့် စဉ်ထားပါသည်။

## ကာမာဝစရစိတ်

ကာမ ၁၁–ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် ကာမာဝစရစိတ် မည်၏။ (တစ်နည်း) ကာမစိတ် ၅၄–ပါးသည် ကာမတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ကာမာဝစရစိတ်မည်၏။ အလိုရှိတတ်သောကြောင့် **ကာမတဏှာသည်– ကာမမည်၏။** ထိုကာမတဏှာသည် ကာမစိတ်တို့၌ အာရုံပြုသည်၏ အစွမ်းဖြင့် ကျင်လည်တတ် ဖြစ်တတ်၏။ ထိုသို့ကျင်လည်ရာ ဖြစ်ရာဖြစ်၍ **ကာမစိတ်သည် ကာမာဝစရ** မည်၏။ နောက်တစ်နည်းကား – ကာမ (၁၁) ဘုံကို ကာမတဏှာသည် အလိုရှိအပ်၏၊ ထိုကြောင့် **ကာမ (၁၁) ဘုံသည် ကာမမည်၏။** (ဤအလို) ထိုကာမ (၁၁)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် **ကာမစိတ်သည် ကာမာဝစရ** မည်၏။

ထိုစကားမှန်၏၊ များသောအားဖြင့် ကျင်လည်ခြင်းကို အလိုရှိသောကြောင့် ရူပဘုံအရူပဘုံတို့၌ တစ်ရံတစ်ခါဖြစ်သော်ငြားလည်း ဤစိတ်၏ ကာမာဝစရပင် အမည်ဖြစ်ခြင်းသည် သင့်လျော်ပြည့်စုံ၏။ နောက်တစ်နည်းကား – **ဝတ္ထုကာမ ကိလေသာကာမ နှစ်ပါးသည် ကာမမည်၏။** (ဤအလို) ကာမ (၁၁) ဘုံ၌ ဝတ္ထုကာမ ကိလေသာကာမ နှစ်ပါးသည် ကျင်လည်၍ဖြစ်တတ်၏။ ထိုသို့ ဖြစ်ရာဖြစ်သော သတ္တိကြောင့် **ကာမ (၁၁) ဘုံသည် ကာမာဝစရ** မည်၏။

ကာမ < ဏှာ / ၁၁ / ဝတ္ထု/ကိ     ကာမာဝစရ < ၅၄ / ၅၄ / ၁၁

ဤနောက်နည်း၌ – ကာမဘုံ၌မှီတတ်သော နိဿိတ ဌာနီကာမစိတ်၏ ကာမာဝစရအမည်ကို မှီရာနိဿယ ဌာနကာမဘုံ၌ တင်စား၍ ဌာနူပစာအားဖြင့် ကာမာဝစရမည်၏ဟု ဆိုခြင်းဖြစ်ပါသည်။ ဥပမာ – ကုဋင်ပေါ်၌ လူတစ်ယောက် အိပ်ပြီး တခေါခေါနှင့် ဟောက်၍နေ၏။ ထိုအခြေအနေမျိုးကို ကုဋင်အနီးအနားနေသူများက – ဟိုကုဋင်ကတော့ အလွန်ဟောက်တာဘဲ –ဟု ပြောကြ၏၊ အမှန်တကယ်

ဌာန-ကုဋင်က ဟောက်ခြင်းမဟုတ်ဘဲ ကုဋင်ပေါ်အိပ်နေသော ဌာနီ-လူကသာ ဟောက်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဌာနီလူ၏ဟောက်ခြင်းကို ဌာနကုဋင်ပေါ် တင်စား၍ ဌာနူပစာအားဖြင့် ဆိုလိုက်ခြင်းဖြစ်ပါသည်။ (ဌာနကုဋင်ပေါ်ကို တင်းစား၍ ဆိုသော်လည်း ဌာန-ကုဋင်ပေါ်ရှိ ဌာနီ-လူကသာဟောက်ခြင်းကို အလိုလိုနားလည် နိုင်ကြပါသည်။)

(မှီတတ်သော၊ နိဿိတ - ဌာနီ - ကာမစိတ် = လူ - နှင့်တူ
မှီရာ နိဿယ - ဌာန - ဘုံ = ကုဋင်နှင့်တူ)

## ရူပါဝစရစိတ်

အသည်းသတ်ကြည်သော ရူပ ၁၆-ဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့် ရူပါဝစရစိတ်မည်၏။

(တစ်နည်း) ဤ ၁၅-ပါးသောစိတ်သည် ရူပတဏှာ၏အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ရူပါဝစရစိတ်မည်၏။

## အရူပါဝစရစိတ်

အရူပလေးဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်သောကြောင့် အရူပါဝစရစိတ်မည်၏။

(တစ်နည်း) ဤ ၁၂-ပါးသောစိတ်သည် အရူပတဏှာ၏ အာရုံပြုသော အားဖြင့် ဖြစ်ရာဖြစ်သောကြောင့် အရူပါဝစရစိတ်မည်၏။

## လောကုတ္တရာစိတ်

မဂ်စိတ်သည် ဉပါဒါနက္ခန္ဓာငါးပါးဟူသော သင်္ခါရလောကမှ အာသဝေါတရား တို့၏ အာရုံမဟုတ်သောအားဖြင့် လွန်မြောက်ဆဲဖြစ်သောကြောင့် လောကုတ္တရာစိတ် မည်၏။

ဖိုလ်စိတ်လေးပါးသည် သင်္ခါရလောကမှ လွန်မြောက်ပြီးဖြစ်သောကြောင့် လောကုတ္တရာစိတ် မည်၏။ တစ်နည်း - မဂ် ဖိုလ် နိဗ္ဗာန်သုံးပါးသည် သင်္ခါရလောက ထက် လွန်ကဲမြင့်မြတ်သောကြောင့် လောကုတ္တရာစိတ် မည်၏။

## စိတ်ပိုင်းအစဉ်ထားပုံ

ယုတ်သောကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာ မိန့်ဆိုသည်။ မတင့်တယ် သောကြောင့် အဟိတ်စိတ်ကို၊ မြတ်သောကြောင့် ကာမသောဘနစိတ်ကို အလွန်

မြတ်သောကြောင့် ရူပ အရူပစိတ်ကို၊ အမြတ်ဆုံးဖြစ်သောကြောင့် လောကုတ္တရာစိတ်ကို ဤသို့ ယုတ်သည်မှ အမြတ်ဆုံးသို့ အစဉ်အတိုင်း ဆိုပါသည်။ (ဘုံစဉ်အားဖြင့် စဉ်ပုံနှင့် အနည်းငယ်ကွာသည်။)

## အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို ရှေးဦးစွာ ဆိုရခြင်း

ကုသိုလ်ကို ရှေ့ထားမဆိုဘဲ အကုသိုလ်ကို ရှေ့ဆုံး၌ထား၍ ဆိုရခြင်းမှာ အကုသိုလ်စိတ် အဟိတ်စိတ်ကို အသောဘဏစိတ်ဟု ရှေးဦးစွာ ပြလို၍လည်းကောင်း၊ အကုသိုလ် အဟိတ်မှ ကြွင်းသောစိတ်တို့ကို သောဘဏစိတ်ဟုလည်းကောင်း ခေါ်ဝေါ်စေလို၍ အကုသိုလ် အဟိတ်စိတ်တို့ကို ရှေးဦးစွာ ဆိုပါသည်။

## အကုသိုလ်

(မိတ်ဆွေ၏ ဆန့်ကျင်ဘက်သည် ရန်သူမည်သကဲ့သို့) ကုသိုလ်၏ ဆန့်ကျင်ဘက်သည် အကုသိုလ် မည်၏။

## အကုသိုလ်စိတ် ၁၂-ပါး အစဉ်ထားပုံ

ဘုံသုံးပါး၌ ပဋိသန္ဓေယူသောသတ္တဝါတို့အား ရှေးဦးစွာဝီထိစိတ်၏အစွမ်းဖြင့် ပဋိသန္ဓေစိတ်ဖြစ်ပြီးသည့်နောက် ဘဝင်စိတ်အနည်းငယ်ဖြစ်ပြီး မိမိရောက်ရှိနေသည့် ဘဝကို တပ်နှစ်သက်သော (ဘဝနိကန္တိကလောဘဇော ဝီထိစိတ်) အရင်ဖြစ်သောကြောင့် လောဘမူစိတ်ကို ရှေးဦးစွာ ဆိုပါသည်။ မှန်၏၊ တိရစ္ဆာန်ပင်ဖြစ်သော်လည်း မိမိဘဝကို တပ်နှစ်သက်နေသည်မှာ ထိုလောဘဇော၏ အစွမ်းကြောင့်ပင် ဖြစ်သည်။

ထို့နောက် ဒွိဟိတ်စိတ်ချင်းတူသောကြောင့် ဒေါသမူစိတ်ကို ထို့နောက် ဧကဟိတ်စိတ်ဖြစ်၍ မောဟမူစိတ်ကို အဆုံး၌ထား၍ ဆိုပါသည်။

## လောဘမူစိတ် (၈)ပါးတို့၏ဖြစ်စဉ်

၁။ အကြင်အခါ၌ ကာမဂုဏ်တို့၌ အပြစ်မရှိ၊ ဤသို့ စသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်ရွှင်ပျပျ သဘောအားဖြင့် ထက်သည်သာလျှင်ဖြစ်သော မတိုက်တွန်းအပ်သောစိတ်ဖြင့် ကာမဂုဏ်တို့ကိုလည်းမှီဝဲ၏။ ဒိဋ္ဌမင်္ဂလာ အစရှိ

သည်တို့ကိုလည်း အနှစ်သာရအားဖြင့် ယုံကြည်၏။ ထိုအခါ ရှေးဦးစွာသော အကုသိုလ်စိတ်သည် ဖြစ်၏။

၂။ အကြင်အခါ၌ ကာမဂုဏ်တို့၌ အပြစ်မရှိ ဤသို့စသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်ရွှင်ပျပျ နှံ့သော တိုက်တွန်းအပ်သောစိတ်ဖြင့် ကာမဂုဏ်တို့ကို ခံစား၏။ ဒိဋ္ဌမင်္ဂလာ အစရှိသည်တို့ကိုလည်း အနှစ်သာရအားဖြင့် ယုံကြည်၏။ ထိုအခါ ဒုတိယဖြစ်သော အကုသိုလ်စိတ်သည်ဖြစ်၏။

၃။ အကြင်အခါ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုမူ၍ သက်သက်ရွှင်ရွှင်ပျပျ သဘော အားဖြင့် ထက်သည်သာလျှင်ဖြစ်သော မတိုက်တွန်းအပ်သောစိတ်ဖြင့် မေထုန်ကို သော်လည်း မှီဝဲ၏။ သူတစ်ပါး၏ စည်းစိမ်ကိုမူလည်း ရှေးရှုကြံစည်၏။ သူတစ်ပါး ဥစ္စာဘဏ္ဍာကိုမူလည်း ခိုးယူ၏။ ထိုအခါ တတိယဖြစ်သော အကုသိုလ်စိတ်သည် ဖြစ်၏။

၄။ အကြင်အခါ၌ နှံ့သော တိုက်တွန်းအပ်သောစိတ်ဖြင့် မေထုန်ကိုသော်လည်း မှီဝဲ၏။ သူတစ်ပါး၏စည်းစိမ်ကိုသော်လည်း ရှေးရှုကြံစည်၏။ သူတစ်ပါး၏ ဥစ္စာ ဘဏ္ဍာကိုသော်လည်း ခိုးယူ၏။ ထိုအခါ (၄)ခုမြောက်သော အကုသိုလ်စိတ်သည် ဖြစ်၏။

၅။ အကြင်အခါ ကာမဂုဏ်တို့၏ မပြည့်စုံခြင်းကို စွဲ၍လည်းကောင်း၊ တစ်ပါး ကုန်သော သောမနဿအကြောင်းတို့၏ မရှိသဖြင့်လည်းကောင်း၊ (၄)ပါးသောစိတ် တို့၌ သောမနဿမှ ကင်းကုန်၏။ ထိုအခါ ကြွင်းကုန်သော (၄)ပါးသော ဥပေက္ခာ သဟဂုတ်စိတ်တို့သည် ဖြစ်ကုန်၏။

## လောဘမူစိတ်ကို သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့နှင့် အထူးပြု၍ ဆိုရခြင်း

လောဘမူစိတ်၌ ဝေဒနာစေတသိက်သာမက၊ ဖဿစသော စေတသိက် ၂၂-ပါးတို့လည်း ယှဉ်ပါလျက် ဝေဒနာစေတသိက်ဖြင့်သာ သောမနဿဝေဒနာ ဥပေက္ခာဝေဒနာဟု အထူးမှတ်ပြုပြီး ဖဿစသော စေတသိက်တို့ဖြင့် အဘယ်ကြောင့် အထူးမှတ်၍ မဆိုပါသနည်း။

ဖဿစသော စေတသိက်တို့သည် အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ဆက်ဆံ၍ ထူးခြားမှုမရှိနိုင်၊ သောမနဿစသော ဝေဒနာစေတသိက်သည်သာ အချို့သော အကုသိုလ်စိတ်နှင့် ဆက်ဆံပြီး အချို့သောအကုသိုလ်နှင့် မဆက်ဆံသော ကြောင့် ထူးခြားမှုရှိ၍ ''သောမနဿသဟဂတံ''ဟု ဝေဒနာဖြင့်သာ အထူးပြု၍ ဆိုပါသည်။

ရှင်းဦးအံ့၊ သောမနဿဝေဒနာ စေတသိက်သည် လောဘမူ၌သာ ဆက်ဆံပြီး၊ ဒေါသမူ+မောဟမူတို့၌ မဆက်ဆံ၊ ဒေါမနဿဝေဒနာ စေတသိက်သည်လည်း ဒေါသမူ၌သာ ဆက်ဆံပြီး၊ လောဘမူ၊ မောဟမူတို့၌ မဆက်ဆံ၊ ဤသို့ အားလုံးနှင့် မဆက်ဆံသဖြင့် ကွဲပြားမှုရှိ၍ သောမနဿစသော ဝေဒနာဖြင့်သာ အထူးမှတ်၍ ဆိုပါသည်။

ဥပမာအားဖြင့် မြန်မာပြည်၏မြို့ကြီးတိုင်းတွင် ဗမာများနေရာတကာရှိနေ၍ ဗမာတန်း+ဗမာရပ် ဟု အထူးမဆိုတော့ဘဲ၊ တရုတ်များသည်သာ ဟိုနားဒီနား ကွက်ကွက်ကလေးရှိသောကြောင့် တရုတ်တန်း၊ တရုတ်ရပ်၊ တရုတ်စု စသည်ဖြင့် အထူးပြု၍ ဆိုရသကဲ့သို့တည်း။

## သောမနဿသဟဂုတ်အဓိပ္ပာယ်

သုမနဿ ဘာဝေါ သောမနဿံ။

သုမနဿ၊ ကောင်းမြတ်တင့်တယ်သော စိတ်၏၊ (ဝါ) ကောင်းမြတ်တင့်တယ်သောစိတ်ရှိသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ သောမနဿံ၊ ကောင်းမြတ်တင့်တယ်သောစိတ်၏ (ဝါ) ၎င်းစိတ်ရှိသူ၏ဖြစ်ကြောင်း။

**သုမန** အရ ကောင်းမြတ်တင့်တယ်သော စိတ်ကိုရ၏ (ဝါ) ၎င်းစိတ်ရှိသူကို ရ၏။ **သောမနဿ** အရ တင့်တယ်ကောင်းမြတ်သော စိတ်၌ဖြစ်သော သုခဝေဒနာကို ရ၏။

သောမနဿေန သဟဂတံ သောမနဿသဟဂတံ။

သောမနဿေန၊ တင့်တယ်ကောင်းမြတ်သော စိတ်၌ဖြစ်သော သုခဝေဒနာနှင့်၊ သဟဂတံ၊ အတူတကွ ဖြစ်သည်တည်း၊ သောမနဿသဟဂတံ၊ သုခဝေဒနာနှင့် အတူတကွဖြစ်သည်။

**သောမနဿသဟဂတံ** အရ သောမနဿသဟဂုတ်စိတ်ကို ရ၏။

## သောမနဿဝေဒနာ (ရွှင်ရွှင်ပြပြ နှစ်သက်ခံစားမှု) ဖြစ်ရန်အတွက်

၁။ ပင်ကိုယ်သဘာဝအားဖြင့်လည်းကောင်း ကြံဆသောအားဖြင့်လည်း ကောင်း မိမိနှစ်သက်စရာ (ဣဋ္ဌ) အာရုံဖြစ်ခြင်း၊

၂။ သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း။

၃။ စိတ်နေစိတ်ထား မလေးနက်ခြင်း။

ဤအင်္ဂါသုံးပါးကြောင့် များသောအားဖြင့် သောမနဿဖြစ်တတ်၏၊ တစ်ပါးပါး ကြောင့်လည်း ဖြစ်တတ်၏။ ကေန်ဖြင့် ရမည်ဟု မဆိုလို၊ အဖြစ်များသည်ကိုသာ

ဆိုခြင်းဖြစ်သည်။ စိတ်ထားမလေးနက်သူတို့မှာ သာမန်နှစ်သက်ဖွယ် အာရုံကလေး၌ပင် ရွှင်ရွှင်ပြုံးပြုံး ဖြစ်တတ်၏။

လက်ာ။ ။ သောမနဿ+သန့်၊ မနက်ပြန့်၊ ဣဋ္ဌမိုက်ပ၊ သောမနဿ။

## သောမနဿဝေဒနာ စသည်တို့သည် အချို့စိတ်မှာသာဖြစ်၍ အချို့စိတ်မှာ မဖြစ်ကြခြင်း

သောမနဿဝေဒနာဖြစ်ခြင်းအကြောင်းရှိသောကြောင့် အချို့စိတ်မှာဖြစ်၍ သောမနဿဝေဒနာဖြစ်ခြင်းအကြောင်းမရှိသောကြောင့် အချို့စိတ်မှာ မဖြစ်ကြပါ။

## ဥပေက္ခာဖြစ်ဖို့ရန်အတွက်

၁။ အလယ်အလတ် နှစ်သက်ဖွယ် (ဣဋ္ဌမဇ္ဈတ္တ) အာရုံဖြစ်ခြင်း။

၂။ ဥပေက္ခာဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း။

၃။ စိတ်နေစိတ်ထား လေးနက်သူဖြစ်ခြင်း။

ဤသုံးပါးကြောင့် ဥပေက္ခာအဖြစ်များသည်၊ စိတ်ထားလေးနက်သူမှာ သာမန်ကောင်းသည့်အာရုံကို လျစ်လျူရှုနိုင် သည်းခံနိုင်၏။

လက်ာ။ ။ ဥပေက္ခာ+သန့်၊ ဂမ္ဘီရုံ၊ မဇ္ဈိမိုက်ပ၊ ဥပေက်မှတ်။

## ဒိဋ္ဌိဂတပုဒ်အဓိပ္ပာယ်

မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ၊

မိစ္ဆာ၊ မှားယွင်းဖောက်ပြန်သောအားဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိ၊ ထို့ကြောင့်၊ ဒိဋ္ဌိ၊ ဒိဋ္ဌိမည်၏။

မှားယွင်းဖောက်ပြန်သောအားဖြင့် မြင် တတ်သောကြောင့် ဒိဋ္ဌိမည်၏။ (ဒိဋ္ဌိဟု သာမာန်ဆိုလျှင် သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိနှစ်ပါးလုံးနှင့် သက်ဆိုင်ပါသည်၊ ဤ၌ အကုသိုလ် အရာဌာနဖြစ်၍ မိစ္ဆာဒိဋ္ဌိကိုသာ ယူရပါမည်၊) (ဂတ–ပုဒ်အနက်အထူး မရှိပါ)၊ ၎င်းဒိဋ္ဌိသည်ပင် ဒိဋ္ဌိဂတမည်၏။

တစ်နည်း – ၆၂–ပါးသောဒိဋ္ဌိတို့၌ အတွင်းဝင်သောကြောင့် ဒိဋ္ဌိဂတမည်၏။

တစ်နည်း – ဖောက်ပြန်သောအယူ၌ သိအပ်သော အတ္တအစရှိသော တစ်စုံတစ်ယောက်သည်မရှိ၊ ဖောက်ပြန်သောအယူ၏ ဖြစ်ခြင်းမျှဖြစ်သောကြောင့် ဒိဋ္ဌိဂတမည်၏။

## ဒိဋ္ဌိဂတသမ္ပယုတ္တ အဓိပ္ပာယ်

ငါ၏အယူသာမှန်၏။ တစ်ပါးသော သူတို့၏အယူသည် အချည်းနှီးသာတည်းဟု ဖြစ်သော ငါ့ကိုယ်, ငါ၏ဥစ္စာ အစရှိသည်ဖြင့် မှားသော နှလုံးသွင်းခြင်းသည် ဒိဋ္ဌိမည်၏။

ဒိဋ္ဌိဂတသမ္ပယုတ္တ = ထိုဒိဋ္ဌိနှင့်အညီအမျှ ကေပ္ပါဒအစရှိကုန်သော အပြားတို့နှင့် ယှဉ်တတ်သောကြောင့် ဒိဋ္ဌိဂတသမ္ပယုတ္တ မည်၏။

## ဒိဋ္ဌိဖြစ်ဖို့ရန် (ဒိဋ္ဌိသမ္ပယုတ္တ = ဒိဋ္ဌိနှင့်ယှဉ်ရန်) အတွက်

၁။ အယူပျက်စီးသူ၊ အယူမှားရှိသူကို မှီဝဲခြင်း။

၂။ မိမိကိုယ်တိုင်က သဿတဒိဋ္ဌိ၊ (ဘဝအစဉ်အဆက်မြဲ၏) ဥစ္ဆေဒဒိဋ္ဌိ ဘဝသည် ပြတ်၏)ဟု အယူမှားရှိနေခြင်း)။

လင်္ကာ။ ။ မှားသူ ကပ်မှီ၊ မှားယူရှိ၊ ဒိဋ္ဌိဖြစ်ကြောင်းရပ်။

## အသင်္ခါရိက (အလိုအလျောက် စိတ်ထက်သန်မှု) ဖြစ်ဖို့ရန်

မိမိနှင့်သင့်လျော်လျောက်ပတ်သော နှစ်သက်ဖွယ်သော ဘောဇဉ်+အိမ်+ ကျောင်းအိပ်ရာနေရာ+အဆွေခင်ပွန်း+ပုဂ္ဂိုလ် စသည်တို့သည် အသင်္ခါရိကဖြစ် ကြောင်းဖြစ်၏။

**မှတ်ချက်။** ။ အပြန်အားဖြင့် ဒိဋ္ဌိဝိပ္ပယုတ္တ= ဒိဋ္ဌိကင်းကြောင်း၊ သသင်္ခါရိက ဖြစ်ကြောင်းတို့ကို သိပါလေ။

## သင်္ခါရ

နောက်စိတ်ကို ထက်သန်စေတတ်သည်၏အဖြစ်ဟုဆိုအပ်သော တန်ဆာ အထူးဖြင့် စီရင်တတ်သောကြောင့် ရှေးဖြစ်သော တိုက်တွန်းခြင်း ပုဗ္ဗပယောဂသည် သင်္ခါရမည်၏။

(တစ်နည်း) ရှေးစိတ် စသည်တို့၏ တိုက်တွန်းမှုကြောင့်ဖြစ်သော နောက် စိတ်သည်ပင်လျှင် သင်္ခါရမည်၏။

ထိုသို့သော ကာမေသုမိစ္ဆာစာရအမှု၊ ခိုးမှုစသော အကုသိုလ်တို့၌ မပြုလုပ် လိုသဖြင့် တွန့်ဆုတ်ဆုတ်ဖြစ်နေသောစိတ်ကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ သူတစ်ပါးတို့ကသော်လည်းကောင်း၊ အကုသိုလ်ပြုရန် ရှေ့ပိုင်းမှတိုက်တွန်း နှိုးဆော် ခြင်း လုံ့လ+စေတနာ (ပုဗ္ဗပယောဂ) သည် မုချအားဖြင့် သင်္ခါရမည်၏။

ဤသို့ ရှေ့ပိုင်းမှ တိုက်တွန်းနှိုးဆော်မှုလုံ့လ+စေတနာ (ပုဗ္ဗပယောဂ)ကို သင်္ခါရ အဖြစ် (မုချအားဖြင့်) ကောက်ယူရသော်လည်း ဥပစာအားဖြင့် ထိုပုဗ္ဗပယောဂကြောင့်

ဖြစ်ပေါ်လာသောစိတ်၏ ထက်သန်မှုသတ္တိအထူးကိုသာလျှင် ဤအရာ၌ ကာရဏူပစာအားဖြင့် သင်္ခါရအဖြစ်ယူရမည်။

ထိုသို့ ပုဗ္ဗယောဂကြောင့် ဖြစ်ပေါ်လာသော စိတ်၏ထက်သန်မှုအထူး (သင်္ခါရ) မရှိလျှင် အသင်္ခါရိကဖြစ်ပြီး၊ သင်္ခါရရှိလျှင် သသင်္ခါရိကဖြစ်သည်။

## မုချနှင့် ဥပစာအကြောင်း

မြန်မာစာပေ၌လည်းကောင်း၊ ပါဠိစာပေ၌လည်းကောင်း၊ စာပေ၏ အဆင်တန်ဆာဂုဏ်မြောက်အောင် တိုက်ရိုက်မဆိုဘဲ သွယ်ဝိုက်သောနည်းဖြင့် တင်စားသုံးနှုန်းထားသော ဥပစာအလင်္ကာများစွာရှိသည်။ မြန်မာစာပေ၌ အကြောင်းကို (မုချ) တိုက်ရိုက်ပြောသော်လည်း ဥပစာနည်းအားဖြင့် အကျိုးတရားကို ကောက်ယူရသော ''အကြောင်းပြော၊ အကျိုးကောက်'' ဥပစာအသုံးများကို တွေ့ရ၏။

ဥပမာ။ ''နှုတ်ချို၊ သျှိုတစ်ပါး''

'နှုတ်ချို'' ဟူသောစကား၌ နှုတ်ခမ်းသည် စကားဖြစ်ပေါ်စေရန် အကြောင်းမျှသာဖြစ်သည်။ နှုတ်ခမ်းကြောင့် ဖြစ်ပေါ်လာသော အကျိုးစကားသံ၏ ချိုသာခြင်းကိုသာ ပြောလိုရင်းဖြစ်၍ (နှုတ်ခမ်းကို တိုက်ရိုက်မယူရဘဲ) ဥပစာအားဖြင့် စကားသံကိုသာ ကောက်ယူရသည်။

(နှုတ်ခမ်းသည် အကြောင်း (မုချနက်)၊ စကားသံသည် အကျိုး (ဥပစာနက်)

ဤသင်္ခါရအရာ၌ ပုဗ္ဗပယောဂသည် မုချအကြောင်းအနေဖြင့် သင်္ခါရဟုဆိုရသော်လည်း၊ ဥပစာနည်းအားဖြင့် ပြဆိုသောအရာဖြစ်၍ ထိုပုဗ္ဗပယောဂကြောင့် ဖြစ်ပေါ်လာသော စိတ်ထက်သန်လာမှု၊ စိတ်တက်ကြွလာမှု အကျိုးတရားကိုသာ ''အကြောင်းပြော အကျိုးကောက်ယူ'' ဥပစာနည်းအရ ကောက်ယူရမည်ကို ပြဆိုခြင်း ဖြစ်သည်။

## ပုဗ္ဗပယောဂနှစ်မျိုး

(ပုဗ္ဗ = ရှေးဖြစ်သော၊ ပယောဂ = လှုံ့လပြုမှု-တိုက်တွန်းမှု)

မိမိ၏ပုဗ္ဗပယောဂနှင့် သူတစ်ပါး၏ ပုဗ္ဗပယောဂဟု နှစ်မျိုးရှိသည်။ မိမိ၏ ပုဗ္ဗပယောဂအရ ဝီရိယကို ယူရမည်။ သူတစ်ပါး၏ ပုဗ္ဗပယောဂအရမှာ နှိုးဆော်မှုစေတနာကို ယူရမည်။ (မိမိ၏ ပုဗ္ဗပယောဂမှာ ကိုယ့်ကိုယ်ကို အားတင်းခြင်း၊ ငါလိုပုဂ္ဂိုလ်က ပျင်းနေလို့ဘယ်ဖြစ်ပါ့မလဲ၊ ငါယောက်ျားပဲ စသည်ဖြင့် စိတ်ထက်သန်လာအောင် လှုံ့လအားထုတ်မှုပြုခြင်းတည်း၊

သူတစ်ပါး၏ ပုဗ္ဗပယောဂမှာ အာဃာတရှိ သူတို့က စေခိုင်း၍သော်လည်းကောင်း၊ ဒဏ်ထား၍သော်လည်းကောင်း မခံချင် အောင်ပြော၍သော်လည်းကောင်း အမျိုးမျိုး တိုက်တွန်း၍ ကုသိုလ်+အကုသိုလ်ပြုဖြစ် အောင် နှိုးဆော်ပေးမှု စေတနာတရား ပင်ဖြစ်သည်။

ပုဗ္ဗပယောဂ အရ မိမိကိုယ်တိုင် စိတ်တက်ကြွအောင်လုပ်လျှင် ဝီရိယကို ယူ၍ သူတစ်ပါးတို့က တိုက်တွန်းလျှင် စေတနာကို ကောက်ယူရမည်။

လင်္ကာ။ ။ ပုဗ္ဗပယောဂ်၊ သူ့ချည်းသာ၊ ခေါ်ပါသင်္ခါရ၊ (မုချ) သသင်္ခါရိက၊ မဏ္ဍာန ဝိသေသာ၊ သတ္တိသာ၊ ခေါ်ပါသင်္ခါရ၊ တစ်နည်းပြ။

မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သောကြောင့် ဒိဋ္ဌိဂတသမ္ပယုတ် မည်၏။

မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သောကြောင့် ဒိဋ္ဌိဂတဝိပ္ပယုတ် မည်၏။

ဒိဋ္ဌိရှိ + မရှိတို့တွင် အရှိကို ပြသဖြင့်၊ မရှိကို သိရသောကြောင့် ဒိဋ္ဌိဂတ သမ္ပယုတ်ကို ရှေ့ထားဆိုပါသည်။

အနုံ့အညံ့ (မန္ဒ)+ထက်မြက်မှု (တိက္ခ) နှစ်မျိုးတွင် (တိက္ခ)ကို ပြသဖြင့် အနုံ့ အညံ့ကို သိခြင်းငှာ အသင်္ခါရိကကို ရှေ့ထားဆိုရသည်။

လောဘမူစိတ် (၈)ပါးသည် လောဘဟိတ်+မောဟဟိတ် (၂)ပါးနှင့် ယှဉ်သော် လည်း (လောဘဟိတ်သည်သာ အခြားသောစိတ်နှင့် မဆက်ဆံသောကြောင့်) အဆုံး ၌မူ လောဘသဟဂုတ်စိတ်ဟုသာ ဆိုပါသည်။ (မောဟမှာ အကုသိုလ်အားလုံးနှင့် ဆက်ဆံသောကြောင့် မထူးခြား၍ မဆိုပါ။)

ဥပေက္ခာ – ဟူသည် သုခဒုက္ခတို့နှင့် မဆန့်ကျင်သောအားဖြင့် အာရုံ၏ အရသာကို ခံစားသော်လည်း လျစ်လျူရှုသောအခြင်းအရာ၌တည်သောအားဖြင့် ခံစားတတ်သောကြောင့် ဥပေက္ခာ မည်၏။

တစ်နည်း– သုခဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်သည်ဖြစ်၍ ခံစားတတ်သော ကြောင့် ဥပေက္ခာမည်၏။

(သုခ+ဒုက္ခတို့နှင့် မဆန့်ကျင်ဟုဆိုသည်မှာ သုခ+ဒုက္ခဝေဒနာတို့၏အခြားမဲ့၌ ဖြစ်နေခြင်း၊ ဆက်၍ဖြစ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

(သုခဝေဒနာ+ဒုက္ခဝေဒနာတို့ကား တစ်ပါးနှင့်တစ်ပါးဆန့်ကျင်ကြသောကြောင့် တစ်ပါး၏အခြားမဲ့၌ (= တစ်ပါး၏နောက်၌) တစ်ပါးဆက်၍မဖြစ်နိုင်ကြကုန်၊ ဥပေက္ခာ ဝေဒနာသည်ကား သုခနောင်လည်းဆက်ဖြစ်နိုင်သည် ဒုက္ခနောင်လည်းဆက်ဖြစ်နိုင်

သည်၊ ဥပေက္ခာနောင်လည်းဆက်ဖြစ်နိုင်သည်၊ ထို့ကြောင့် သုခ+ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်ကြောင်း သိရပါသည်။)

## ဥပေက္ခာနှင့် တတြမဇ္ဈတ္တတာ အထူး

ဥပေက္ခာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ အလယ်အလတ်အားဖြင့် ရှုခြင်း လက္ခဏာ ရှိပါသည်။ တတြမဇ္ဈတ္တတာသည်– စိတ်စေတသိက်တို့ကို လျစ်လျူရှုခြင်း လက္ခဏာ ရှိပါသည်။

တစ်နည်း – ဥပေက္ခာသည် ဝေဒနုပေက္ခာ၊ စိတ်၏လက္ခဏာ ဖြစ်ပါသည်။ တတြမဇ္ဈတ္တတာသည် ဗြဟ္မဝိဟာရုပေက္ခာ၊ စေတသိက်၏လက္ခဏာဖြစ်ပါသည်။

## ဒေါသမူစိတ် ၂–ပါး

မကောင်းသောစိတ်ရှိသူ၏ ဖြစ်ကြောင်းဝေဒနာသည် ဒေါမနဿမည်၏။ ဒေါမနဿဝေဒနာနှင့်တကွဖြစ်ခြင်းကြောင့် ဒေါမနဿသဟဂုတ်မည်၏။

အာရုံ၌ ထိပါးတတ်သောကြောင့် ဒေါသသည်ပင် ပဋိဃမည်၏။

ထိုဒေါသသည် ကြမ်းတမ်းသော သဘောရှိသည်၏အဖြစ်ကြောင့် အာရုံကို မထိပါးသော်လည်း ထိပါးသကဲ့သို့ဖြစ်၏။

ဝေဒနာအကွဲအပြားမရှိပါဘဲ ဤစိတ်နှစ်ပါးကို ဒေါမနဿသဟဂုတ်စိတ် ဟု အထူးပြု၍ဆိုရခြင်းမှာ ဒေါမနဿဝေဒနာသည် တစ်ပါးသောစိတ်တို့၌ မယှဉ်သည်၏အဖြစ်ကိုလည်းကောင်း၊ ဤစိတ်နှစ်ပါး၌သာ အမြဲယှဉ်သည်၏ အဖြစ်ကိုလည်းကောင်း ပြလို၍ ဒေါမနဿပုဒ်ဖြင့် အထူးပြု၍ ဒေါမနဿသဟဂုတ်ဟု ဆိုပါသည်။

ပဋိဃသမ္ပယုတ္တပုဒ်ကို ထည့်ဆိုရခြင်းမှာ ဒေါမနဿဝေဒနာနှင့် ပဋိဃတို့၏ အမြဲတမ်း အတူတကွဖြစ်ကြသည်ကို ပြလို၍ ထည့်ဆိုခြင်းဖြစ်သည်။

## ဒေါမနဿနှင့် ပဋိဃခြားနားမှု

ဒေါမနဿ (ဝေဒနာ)သည် အလိုမရှိအပ်သော အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနက္ခန္ဓာ၌ အကျုံးဝင်သောတရားဖြစ်၏။

ပဋိဃသည် ကြမ်းတမ်းသောသဘောဖြစ်သော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သောတရားဖြစ်၏။ (ဤသို့ထူးပါသည်)

## ဒေါမနဿ+ပဋိဃဖြစ်ကြောင်းများ

၁။ မိမိအလိုမရှိအပ် မနှစ်သက်အပ်သည့်အာရုံများကို တွေ့ရသော်လည်းကောင်း၊

၂။ ရန်ငြိုးဖွဲ့ ခြင်း (အာဃာတဝတ္ထု ၉–ပါး) ကြောင့်လည်းကောင်း၊

အာဃာတဝတ္ထု ၉–မျိုးမှာ–

(က) ဤသူသည် ငါ၏အကျိုးမဲ့ကို ရှေးကလဲ ပြုဘူးပြီး၊ ယခုလဲပြုဆဲ၊ နောင်လဲပြုလတ္တံ့ဟု မိမိကို စွဲ၍ ၃–မျိုး၊

(ခ) ဤသူသည် ငါ့ချစ်သူ၏အကျိုးမဲ့ကို ရှေးကလဲ ပြုဘူးပြီ၊ ယခုလဲပြုဆဲ၊ နောင်လဲ ပြုလတ္တံ့ဟု မိမိချစ်သူကို စွဲ၍ ၃–မျိုး၊

(ဂ) ဤသူသည် ငါ့ရန်သူ၏အကျိုးကို ရှေးကလဲ ပြုဘူးပြီ ၊ ယခုလဲ ပြုဆဲ၊ နောင်လဲပြုလတ္တံ့ ဟု မိမိရန်သူကို စွဲ၍ ၃–ပါး။

၃။ အဋ္ဌာနကောပ–မိုးကလဲ ရွာလွန်းသည်၊ နေကလဲ ပူလွန်းလိုက်တာ စသည်ဖြင့် အရာမဟုတ်သည်၌ စိတ်တိုနေခြင်းကြောင့်လည်းကောင်း၊ ဤအကြောင်းတို့ ကြောင့် ဒေါမနဿ+ပဋိဃတို့ ဖြစ်ကြသည်။ ထိုနှစ်ပါးတို့၏ဖြစ်စဉ်ကို သူတစ်ပါး၏ အသက်ကို သတ်ခြင်း စသောအကုသိုလ်တို့၌ ထက်စွာ နှံ့စွာ ဖြစ်သော ကာလတို့၌ သိအပ်၏။

## မောဟမူစိတ် ၂–ပါး

အလွန်ပြင်းစွာသော တွေဝေခြင်းဖြင့် တွေဝေတတ်သောကြောင့် မောဟမူ မည်၏။

**ဝိစိကိစ္ဆာ၊** ။ တွေဝေခြင်း၊ ယုံမှားခြင်းရှိသောပုဂ္ဂိုလ်အား ထိုယုံမှားသံသယဖြင့် သဘော သဘာဝကို စူးစမ်းသည်ရှိသော် ပူပန်တတ် (ပင်ပန်းတတ်)၏၊ ထိုသို့ပူပန်ကြောင်း (ပင်ပန်းကြောင်း) ဖြစ်သောကြောင့် ဝိစိကိစ္ဆာ မည်၏။

(တွေဝေခြင်း၊ ယုံမှားခြင်းရှိသော ပုဂ္ဂိုလ်အား သဘာဝအမှန်တရားကို စဉ်းစားဆုံးဖြတ်နိုင်းလျှင် မဆုံးဖြတ်နိုင်သဖြင့် ထိုပုဂ္ဂိုလ်အတွက် ဆင်းရဲစရာ၊ ပူပန်စရာပင်ပန်းစရာသာဖြစ်သည်။)

တစ်နည်းကား –ဤယုံမှားသံသယရှိသော ဝိစိကိစ္ဆာစိတ်ကို ဉာဏ်ဖြင့် ကုစားခြင်းငှာ ခဲယဉ်းသည်ဖြစ်၍ ဉာဏ်တည်းဟူသော ဆေးသမားသည် ကင်းသောကြောင့် ဝိစိကိစ္ဆာ မည်၏။ မှန်၏၊ ရောဂါမျိုးစုံဖြင့် နှိပ်စက်ခြင်းခံနေရသော လူမမာအား ဆေးသမားသည် ပျောက်အောင်ကုသပေးရန် အလွန်ခဲယဉ်းသည်ဖြစ်၍ မကုသချင်သဖြင့် ရှောင်ကွင်းခွဲခွာသွားတတ်သည်။ ဝိစိကိစ္ဆာသည် ယုံမှားခြင်း ရောဂါများသူဖြစ်သည်။

**ယုံမှားမှု ရောဂါများပုံများ**

၁။ ဗုဒ္ဓေ ကင်္ခတိ = ဘုရား၌ ယုံမှား၏။
၂။ ဓမ္မေ ကင်္ခတိ = တရား၌ ယုံမှား၏။
၃။ သံဃေ ကင်္ခတိ = သံဃာ၌ ယုံမှား၏။
၄။ သိက္ခာယ ကင်္ခတိ = လူ+ရဟန်းဆိုင်ရာ ကျင့်ဝတ်တရား၌ ယုံမှား၏။
၅။ ပုဗ္ဗန္တေ ကင်္ခတိ = သံသရာရှေ့အစွန်း၌ ယုံမှား၏။
၆။ အပရန္တေ ကင်္ခတိ = သံသရာနောက်အစွန်း၌ ယုံမှား၏။
၇။ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ = သံသရာရှေ့ နောက်စွန်း၌ ယုံမှား၏။
၈။ ပဋိစ္စသမုပ္ပန္နေ ကင်္ခတိ = ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှား၏။

ဤသို့ ယုံမှားမှုမျိုးစုံဖြစ်နေ၍ ဉာဏ်တည်းဟူသော ဆေးသမားသည်း မကုချင် ရှောင်ကွင်း၍သာ နေတော့၏။ ဤသို့ ဉာဏ်ဖြင့် ကုစားခြင်းငှာ ခဲယဉ်းသည် ဖြစ်၍ ဉာဏ်တည်းဟူသော ဆေးသမားသည် ကင်းသောကြောင့် ဝိစိကိစ္ဆာမည်၏။

အထက်ပါ ဝိစိကိစ္ဆာအရ၊ ပဓာနအားဖြင့် ဝိစိကိစ္ဆာစေတသိက်ကို အရ ကောက်ရ၏၊ ထိုဝိစိကိစ္ဆာစေတသိက်နှင့်ယှဉ်သောကြောင့် ဝိစိကိစ္ဆာစိတ်မည်၏။

**အမည်ရင်းကား စေတသိက်**

'လောဘ + ဒေါသ+ ဝိစိကိစ္ဆာ + ဥဒ္ဓစ္စ စသည်တို့သည် စိတ်၏အမည်ရင်း လော၊ စေတသိက်၏အမည်ရင်းလောဟု' မေးသော် စေတသိက်၏ အမည်ရင်းသာ ဖြစ်သည်ဟု ဖြေရမည်။ အဘယ်ကြောင့် ဆိုသော် ပရမတ္ထအားဖြင့် စိတ်သည် အာရုံကို သိခြင်းကိစ္စအားဖြင့် တစ်မျိုးတည်းသာဖြစ်သည်။ စေတသိက်အမျိုးမျိုး၏ အရောင် ဆိုးပေးမှုကြောင့်သာ စိတ်အမည်အမျိုးမျိုး ကွဲပြားနေရခြင်းဖြစ်သည်။

**ဥဒ္ဓစ္စ**။ ။အလွန်တုန်လှုပ် ပျံ့လွင့်တတ်သော စိတ်၏ဖြစ်ကြောင်းဖြစ်သော စေတသိက်သည် ဥဒ္ဓစ္စမည်၏၊ (ပြာပုံထဲသို့ ခဲကိုပစ်ချလိုက်သော် ပြာမှုန့်များပျံ့လွင့်၍ တက်သကဲ့သို့ ဖြစ်သည်။)

**ဥဒ္ဓစ္စကို အကုသိုလ်စိတ် အဆုံး၌ထား၍ ဆိုရခြင်း**

ဥဒ္ဓစ္စသည် အကုသိုလ်စိတ်အားလုံးနှင့် သက်ဆိုင်သော်လည်း နောက်ဆုံး ဖြစ်သေ ၁မောဟမူစိတ်၌သာလျှင် မိမိနှင့်ယှဉ်ဖော်ယှဉ်ဖက်တရားတို့၌ အားကြီး+ ထင်ရှား+ ပြဋ္ဌာန်းသောကြောင့် နောက်ဆုံးမောဟမူစိတ်၌သာ ဥဒ္ဓစ္စကို အထူးပြု၍ ဆိုသည်။

ဥဒ္ဓစ္စသည် နောက်ဆုံးမောဟမူ၌သာ လွှင့်ချင်တိုင်းလွှင့်ခွင့်၊ ပျံ့ချင်တိုင်း ပျံ့လွင့် တုန်လှုပ်ချင်တိုင်း တုန်လှုပ်ခွင့်ကို ရသောကြောင့် အဆုံးမောဟမူ၌ အားကြီး+ထင်ရှား+ပြဋ္ဌာန်းခြင်း ဖြစ်သည်။

မောဟမူစိတ်သည် အဘယ့်ကြောင့် ဥပေက္ခာတစ်မျိုးတည်းသာ ဖြစ်ပါသနည်း။

မောဟမူစိတ်သည် မောဟဟိတ်တစ်ပါးတည်းနှင့်သာယှဉ်သဖြင့်၎င်း၊ ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့် ယှဉ်သဖြင့်၎င်း၊ အလွန်တွေဝေသောကြောင့် ကောင်းသောဣဋ္ဌအာရုံ၌လည်း နှစ်သက်ဝမ်းမြောက်မှုသဘောမရှိ (ဝိစိကိစ္ဆာ)၊တုန်လှုပ်သောကြောင့် မကောင်းသော အာရုံ၌လည်း မနှစ်သက်ခြင်း ဒေါမနဿ သဘောမရှိ (ဥဒ္ဓစ္စ)၊ ထို့ကြောင့် ဥပေက္ခာ တစ်မျိုးတည်းသာရှိသည်။

## မောဟမူဒွေ၌ သင်္ခါရအပြားမရှိ

မောဟမူဒွေသည် အာရုံ၌ ယုံမှားပျံ့လွင့်သည်၏အဖြစ်ကြောင့်၎င်း၊ ထိုသို့ ယုံမှား ပျံ့လွင့်လွန်းသောစိတ်၌ ပင်ကိုယ်သဘောအားဖြင့် ထက်သန်သည်၏အဖြစ် တိုက်တွန်းအပ်သည်၏အဖြစ် အလုံးစုံသောအာရုံ၌မရှိသောကြောင့်၎င်း သင်္ခါရအပြား မရှိပါ။ အသင်္ခါရိကဟု ဆိုကုန်၏။

**မှတ်ချက်။** ။ ပရမတ္ထဒီပနီကျမ်းပြု လယ်တီဆရာတော်နှင့် နောက်ပိုင်းဆရာတို့က အသင်္ခါရိကဟု ယူကြကုန်သည်။

**ဋီကာမှတ်ချက်။** ။ (ထိုသို့ ဝိစိကိစ္ဆာ+ဥဒ္ဓစ္စနှင့် ယှဉ်သဖြင့် အလွန်တုန်လှုပ်ချောက်ချား၍ တိုက်တွန်းခြင်းမရှိသောကြောင့် သင်္ခါရအပြား မရှိ၊ အသင်္ခါရိကဟု ဆိုကြကုန်၏။)

အကုသိုလ်စိတ်ပြီး၏။

◆ ◆ ◆

# အဟိတ်စိတ်

ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟိတ်စိတ်မည်၏။

အသောဘဏစိတ်ချင်းတူသောကြောင့် အကုသိုလ်၏နောက်၌ အဟိတ်စိတ်ကို ပြပါသည်။

အဟိတ်စိတ်၌ အကုသလဝိပါက်+ကုသလဝိပါက်+ကြိယာဟူ၍ ၃-ပါးတို့တွင် အကုသိုလ်စိတ်၏အခြားမဲ့၌ အကုသိုလ်၏ အကျိုးဝိပါက်စိတ်တို့ကိုသာလျှင် (စက္ခု အစရှိသော မိုရာ၊ သမ္ပဋိစ္ဆိုင်း အစရှိသော ကိစ္စတို့ဖြင့်) ၇-ပါးအပြားဖြင့် ဝေဖန်ခြင်းငှာ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်စသည်ဖြင့် အကုသလဝိပါက်ကို ရှေ့ထား၍ ဆိုပါသည်။

၁။ ဝိညာဏ်၏တည်ရာဖြစ်၍ ညီညွတ်သည်၊ မညီညွတ်သည်ကို ပြောကြား သကဲ့သို့ ဖြစ်တတ်သောကြောင့် ပသာဒရုပ်သည် စက္ခုမည်၏။

၂။ (တစ်နည်း) ရူပါရုံကို သာယာသကဲ့သို့ဖြစ်သောကြောင့် ပသာဒရုပ်သည် စက္ခုမည်၏။

၃။ (တစ်နည်း) အဆင်းရူပါရုံကို ထင်ရှားစွာပြတတ်သောကြောင့် ပသာဒရုပ်ကို စက္ခုဟု ဆိုပါသည် (သမ္မောဟ ဝိ၊ ၄)

စက္ခု အရ စက္ခုပသာဒ (မျက်စိအကြည်ဓာတ်)ကို မုချအားဖြင့် ရ၏။ စက္ခုပသာဒနှင့်တကွဖြစ်၍ မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော အသားဆိုင်ကို ဥပစာအားဖြင့်ရ၏။ (သောတ, ဃာနစသည်တို့၌ နည်းတူ)

နံပါတ် (၂) အရ -

* ရူပါရုံကို သာယာသကဲ့သို့ ဖြစ်တတ်သောကြောင့် ပသာဒရုပ်သည် စက္ခု မည်သည်ရှိသော် သောတပသာဒ စသည်တို့လည်း သဒ္ဒါရုံစသည်ကို သာယာတတ် သောကြောင့် စက္ခုမည်၏ဟု မှတ်ရမည်ကဲ့သို့ဖြစ်နေသည် မဟုတ်ပါလော၊ အဘယ် ကဲ့သို့ မှတ်ရပါမည်နည်း၊

ဤအရာ၌ တင်စား၍ ဆိုသောနည်းဖြစ်၍ သောတပသာဒ စသည်တို့ကို စက္ခု ဟု မမှတ်ရပါ။

ဥပမာ။ ။ မယူရသဒ္ဒါသည် မြေ၌တွန်မြည်တတ်သောငှက်အပေါင်းကို ဟော သော်လည်း အခြားမြေ၌တွန်မြည်တတ်သော ငှက်များကို မယူရဘဲ ဥဒေါင်းငှက်၌ သာ အထင်ရုဠီအားဖြင့် ယူရသကဲ့သို့ သာယာခြင်းသဘောတူသော်လည်း စက္ခု သဒ္ဒါသည် ကြည့်ရှုခြင်းငှာ အလိုရှိသည်၏အဖြစ်ဟု ဆိုအပ်သော ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်တို့၏ ကြည်ခြင်းလက္ခဏာ ရှိသော စက္ခုပသာဒ၌သာ အထင်ရုဠီအားဖြင့် တင်စားအပ်သောကြောင့် သောတ ပသာဒ စသည်တို့ ကို စက္ခုဟူ၍ မမှတ်ယူရပါ။

ဝိညာဏ်၏ တည်ရာဖြစ်၍ အသံကို ကြားတတ်သောကြောင့် သောတ ပသာဒရုပ်သည် သောတမည်၏။

ဂန္ဓာရုံကို ယူတတ်သောကြောင့် ဃာနပသာဒရုပ်သည် ဃာနမည်၏။

အသက်၏ အကြောင်းဖြစ်သောကြောင့် ရသာရုံသည် ဇီဝိတမည်၏။ ထိုရသာရုံ၌ ညွတ်တတ်သည်ဖြစ်၍ ထိုဇီဝိတဖြစ်သောရသာရုံကို ခေါ် တတ်သော ကြောင့် ဇိဝှါပသာဒရုပ်သည် ဇိဝှါမည်၏။

မိုရာသဘော, အာရုံသဘောဖြစ်ကုန်သော ဥပါဒါရုပ်တို့၏ ထိပါးခြင်းသည် အားနည်းသောကြောင့် စက္ခုဝိညာဏ်စသော လေးပါးသောစိတ်သည် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်၏။ စက်ဆုပ်အပ်ကုန်သော အကုသိုလ်တရားတို့၏ တည်ရာဖြစ်သော ကြောင့် ကာယပသာဒရုပ်သည် ကာယ မည်၏။

အကြောင်းမှာ ဖောဋ္ဌဗ္ဗာရုံကို ယူသောသဘောရှိသောကြောင့် ထိုဖောဋ္ဌဗ္ဗာရုံကို သာယာသောအစွမ်းဖြင့် ဖြစ်ကုန်သော ထိုဖောဋ္ဌဗ္ဗာရုံလျှင် အကြောင်းရင်းရှိကုန်သော အကုသိုလ်တရားတို့၏ ထူးသောအကြောင်းဖြစ်သောကြောင့် ကာယိန္ဒြေ (ကာယ ပသာဒ)ကို ထိုအကုသိုလ်တရားတို့၏ ဖြစ်ရာကဲ့သို့ ဆိုအပ်ပါသည်။

(တစ်နည်း) ကာယပသာဒနှင့်တကွဖြစ်သော ဤရူပကာယသည်လည်း စက်ဆုပ်အပ်သော ဆံအစရှိသည်တို့၏ တည်ရာဖြစ်သောကြောင့် ကာယပသာဒကို လည်း ကာယဟုပင် ဆိုရ၏။

စက်ဆုပ်အပ်သည်ဖြစ်၍ ကိုယ်၌ဖြစ်သောချမ်းသာ (ကာယိကသုခ)ကို တူးဖြိုဖျက်ဆီးတတ်သောကြောင့် ဝေဒနာသည် ဒုက္ခမည်၏။

(တစ်နည်း) သည်းခံနိုင်ခဲသောကြောင့် ဝေဒနာသည် ဒုက္ခမည်၏။

(အပရေဆရာတို့အလို) ဝေဒနာအား ခဲယဉ်းသေ ၁အခွင့်ပေးခြင်းရှိသောကြောင့် ဝေဒနာသည် ဒုက္ခမည်၏။

စက္ခုပသာဒကိုမှီ၍ဖြစ်သောစိတ်သည် စက္ခုဝိညာဏ်စိတ်မည်၏။

စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးက ယူအပ်ပြီးသော အာရုံကို ခံလင့်သကဲ့ သို့သော အခြင်းအရာအားဖြင့်ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မည်၏။

သမ္ပဋိစ္ဆိုင်းသည် ခံယူပြီးသောအာရုံငါးပါးကို ကောင်းစွာစုံစမ်းတတ်သော ကြောင့် သန္တီရဏစိတ် မည်၏။

## အကုသလဝိပါက်စိတ် ခုနစ်ပါးပြားရခြင်း၊

စက္ခုအစရှိသောမှီရာ၊ သမ္ပဋိစ္ဆိုင်အစရှိသော ကိစ္စတို့၏ အပြားအားဖြင့် အကုသလဝိပါက်စိတ် ခုနစ်ပါး ပြားရပါသည်။

(အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ကုန်သော) ကုသိုလ်+အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်မည်၏။

**ကံ၏အကျိုးဆက်ဖြစ်သော ကမ္မဇရုပ်ဝိပါက်အမည်ရထိုက်၊ မထိုက်မှတ်ချက်။** ။ ဝိပါက်အမည်သည်-ကုသိုလ်+အကုသိုလ်ကံ၏ မုချအကျိုး၏အဖြစ်သို့ ရောက်သော ( နာမ်တရား)တို့၏အမည်ဖြစ်သည်။ ကဋတ္တာရုပ် (ကမ္မဇရုပ်) တို့သည် ကုသိုလ် အကုသိုလ်ကြောင့်ဖြစ်သော်လည်း မုချအကျိုးတရားမဟုတ်၊ အကျိုးဆက် ရုပ်တရားမျှသာဖြစ်၍ ဝိပါက်ဟူ၍ မခေါ်ရပေ။)

ကိုယ်စိတ်ကို ကောင်းစွာချမ်းသာစေတတ်သောကြောင့် ဝေဒနာသည် သုခမည်၏။ (တစ်နည်း) ကောင်းစွာ ကိုယ်စိတ်၏ကြင်နာခြင်းကို တူးဖြိုတတ်သောကြောင့် ဝေဒနာသည် သုခမည်၏။ (တစ်နည်း) ချမ်းသာသဖြင့် သည်းခံအပ်သောကြောင့် ဝေဒနာသည် သုခမည်၏။ (အပရေဆရာတို့အလို) ဝေဒနာအား လွယ်သော အခွင့်ပေးခြင်းရှိသောကြောင့် သုခ မည်၏။

## ကုသလဝိပါက်၌ သန္တီရဏ နှစ်ပါးပြားခြင်း

အကုသလဝိပါက်စိတ်၌ ဥပေက္ခာသန္တီရဏ တစ်ပါးတည်းဆို၍ ကုသလဝိပါက်၌ အဘယ်ကြောင့် သောမနဿ ဥပေက္ခာသန္တီရဏ နှစ်ပါးဆိုပါသနည်း။

ဣဋ္ဌာရုံ (ကောင်းသောအာရုံ) ဣဋ္ဌမဇ္ဈတ္တာရုံ (အလယ်အလတ်ကောင်းသောအာရုံ) ဟု ဝေဒနာနှစ်မျိုး ပြားသောကြောင့် နှစ်မျိုးဆိုရသည်။

## အကုသလဝိပါက်၌ ဥပေက္ခာသန္တီရဏတစ်ပါးသာ ဆိုရခြင်း

အကုသလဝိပါက်စိတ်၌ကား အနိဋ္ဌာရုံ (မကောင်းသောအာရုံ) အနိဋ္ဌ မဇ္ဈတ္တာရုံ (အလယ်အလတ် မကောင်းသောအာရုံ) ဟု ၂-မျိုးမရှိဘဲ အနိဋ္ဌာရုံတစ်မျိုးသာ ရှိသည်။

✱ ထိုသို့ အနိဋ္ဌာရုံဖြစ်လျှင် ဒေါမနဿဝေဒနာဖြစ်၍ ဒေါမနဿသန္တီရဏဟု ဆိုသင့်သည် မဟုတ်ပါလော။

အနိဋ္ဌာရုံဖြစ်သော ဒေါမနဿသည်လည်း အမြဲတမ်း ပဋိဃနှင့်တွဲ၍ဖြစ်သောကြောင့် အကုသိုလ် အနိဋ္ဌာရုံဇစ်စစ် ဖြစ်ကြ၏။

ထိုသို့ အကုသိုလ်ဇာတ် စစ်စစ်ဖြစ်သော ဒေါမနဿ + ပဋိဃတို့သည် အဗျာကတဇာတ်ဖြစ်သော အကုသလဝိပါက်နှင့် ဇာတ်မတူ ကွဲပြားသောကြောင့် ဒေါမနဿသန္တီရဏဟု ဆို၍မရပေ၊ ထို့ကြောင့် အကုသလဝိပါက်၌ ဥပေက္ခာ သန္တီရဏတစ်ပါးသာ ဆိုရ၏။

ဥပမာဖြင့် တစ်နည်းဆိုရသော် –

အားကြီးသောသူသည် ပုတ်ခတ်အပ်သည်ရှိသော် အားနည်းသောသူသည် ပြန်လှန်ပုတ်ခတ်ခြင်းငှာ မတတ်သာဘဲ အားကြီးသောသူ၌ အလျှော့ပေး လျစ်လျူ ရှုရသကဲ့သို့ ထို့အတူ အကုသလဝိပါက်စိတ်တို့သည် ထက်ဝန်းကျင်အားနည်း သည်၏အဖြစ်ကြောင့် အနိဋ္ဌာရုံ၌လည်း ဒေါမနဿဖြစ်ခြင်းမရှိသောကြောင့် အကုသလဝိပါက် သန္တီရဏစိတ်သည် ဥပေက္ခာတစ်မျိုးသာဖြစ်ရသည်။

## စက္ခု+သောတ+ဃာန+ဇိဝှါတို့ ဥပေက္ခာ ဝေဒနာတစ်မျိုးသာ ဖြစ်ရခြင်း

စက္ခုဝိညာဏ်+သောတဝိညာဏ်+ဃာနဝိညာဏ်+ဇိဝှါဝိညာဏ်တို့သည် ဝတ္ထုနှင့်အာရုံထိခိုက်ခြင်း၏ အားနည်းသည်၏အဖြစ်ကြောင့် ဥပေက္ခာဝေဒနာ တစ်မျိုး သာဖြစ်ကြကုန်၏။

ထိခိုက်မှု အားနည်းပုံမှာ စက္ခုဝိညာဏ်စသည်တို့၏ မှီရာရုပ်တရားမှာ စက္ခုပသာဒစသော ဥပါဒါရုပ်အမျိုးအစားများဖြစ်သည်။ ရူပါရုံစသော အာရုံ ၄–ပါး တို့သည်လည်း ဥပါဒါရုပ် အမျိုးအစားများသာဖြစ်သည်။

ဥပါဒါရုပ်များသည် မဟာဘုတ်တရားလေးပါးကိုသာ အမှီအတွယ်ပြု၍နေရ သောကြောင့် ၎င်းတို့ကိုယ်တိုင်မှာ စွမ်းအင်သိပ်မရှိ၊ အားနည်းလှ၏။ ထိုသို့ အားနည်း သော ဥပါဒါရုပ်အချင်းချင်း ထိခိုက်မှုသည် (ဝါဂွမ်းဆိုင်တစ်ခုနှင့် ဝါဂွမ်းဆိုင်တစ်ခု ထိခိုက်ခြင်းကဲ့သို့) အလွန်အားနည်းသောကြောင့် အမြဲတမ်း ဥပေက္ခာတစ်မျိုးသာ ဖြစ်ကြသည်။

## ကာယဝိညာဏ်စိတ်၌ သုခ+ဒုက္ခဝေဒနာ နှစ်မျိုးဖြစ်ခြင်း

ဖောဋ္ဌဗ္ဗာရုံအရှိန်က အားကြီးသဖြင့် မဟာဘုတ်ကိုထိခိုက်ရာ၌ ဝတ္ထုနှင့် အာရုံတို့၏ ထိခိုက်မှုအားရှိသောကြောင့် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ် ဣဋ္ဌာရုံ၌ သုခသဟဂုတ်နှစ်မျိုး ဖြစ်ရသည်။

## ဝတ္ထုအာရုံထိခိုက်မှုအားရှိပုံမှာ

ကာယဝိညာဏ်စိတ်၏အာရုံမှာ ဖောဋ္ဌဗ္ဗာရုံဖြစ်သည်။ (ပထဝီ+ တေဇော+ ဝါယော ဟူသော မဟာဘုတ်သုံးပါးတည်း။) မဟာဘုတ်သည် မိမိကိုယ်တိုင်ပင် အားကြီး ရှိနေ၏။ တစ်ဖန် ကာယဝိညာဏ်၏ မှီရာမှာ ကာယပသာဒဖြစ်သည်။ (ဥပါဒါရုပ်တည်း)။ ကာယပသာဒ၏တည်ရာ ခန္ဓာကိုယ်ကိုကား မဟာဘုတ် ဓာတ်ကြီး လေးပါးဖြင့် ဖွဲ့စည်းထားသည်။

ကာယဝိညာဏ်စိတ်၏ အာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံ အရှိန်က အားကြီးသဖြင့် ကာယဝိညာဏ်စိတ်၏ မှီရာ ကာယပသာဒရုပ်နှင့် ထိခိုက်သောအခါ ကာယပသာဒကို လွန်၍ ကာယပသာဒ၏တည်ရာ မဟာဘုတ်ဓာတ်ကြီးလေးပါးဖြင့် သွားရောက် ထိခိုက်ကြသည်။ ဤသို့ မဟာဘုတ်ခြင်းထိခိုက်၍ အားပြင်းသောကြောင့် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ်+ဣဋ္ဌာရုံ၌ သုခသဟဂုတ် ဖြစ်ရသည်။

**ဥပမာ။** ။ ပေတုံးပေါ်၌ ဝါဂွမ်းဆိုင်ကိုတင်၍ တူဖြင့် ထုရိုက်လိုက်သောအခါ တူသည် ဝါဂွမ်းဆိုင်ကိုလွန်၍ ပေးတုံးထိပ်ကိုပါ ရိုက်မိသကဲ့သို့တည်း။

| | | |
|---|---|---|
| တူ, သည် | = | ဖောဋ္ဌဗ္ဗာရုံ (ဘူတရုပ်)၊ |
| ဝါဂွမ်းဆိုင်သည် | = | ကာယပသာဒ (ဥပါဒါရုပ်)၊ |
| အောက်ခံပေတုံးသည် | = | ကာယပသာဒ၏ တည်ရာခန္ဓာ (ဓာတ်ကြီးလေးပါးအစု ဘူတရုပ်)။ |

## သမ္ပဋိစ္ဆိုင်းနှစ်ပါး ဥပေက္ခာတစ်မျိုးသာ ဖြစ်ရခြင်း။

စက္ခုဝိညာဏ်စသောစိတ်များသည် ပဉ္စဝတ္ထုရုပ်ကို မှီကြသည်၊ သမ္ပဋိစ္ဆိုင်း စိတ်ကား ဟဒယဝတ္ထုကိုမှီ၏၊ မှီရာမတူကြ၊ ထို့ကြောင့် တူသော မှီရာဝတ္ထုရှိသော စိတ်မှ အနန္တရပစ္စည်းကို မရသဖြင့် သဘောတူသော အထောက်အပံ့မှကင်းသော ယောက်ျား · ကဲ့သို့ အားနည်းလှ၍ ခမ်သိမ်းသော အခြင်းအရာအားဖြင့် အားအရှိန် နည်းသောကြောင့် အာရုံ၏အရသာကို မခံစားနိုင်သောကြောင့် သမ္ပဋိစ္ဆိုင်းနှစ်ပါးသည် ဥပေက္ခာဝေဒနာတစ်မျိုးသာဖြစ်သည်။

(ဤနေရာ၌ နားလည်လွယ်အောင် ဝိထိစိတ်အစဉ်ဖြစ်ပုံ အနန္တရပစ္စည်း သဘောကို သတိပြုပါ။)

ဝိထိစိတ်အစဉ် န+ဒ+ပဉ္စဒွါရာဝဇ္ဇန်း+စက္ခုဝိညာဏ်စသည်+သမ္ပဋိစ္ဆိုင်း+ သန္တီရဏ+ဝုဋ္ဌော+ဇော+တဒါရုံ ဟူ၍ ရှေ့စိတ်ချုပ် နောက်စိတ်ဖြစ် စသည်ဖြင့်

အဆင့်ဆင့်ကျေးဇူးပြုသွားသည်။ ဤ၌ သမ္ပယုတ္တစိုင်း၏ မှီရာဝတ္ထုမှာ ဟဒယဝတ္ထု ဖြစ်သည်။ ၎င်း၏ရှေ့၌ဖြစ်ပြီး ၎င်းကို ကျေးဇူးပြုမည့် စက္ခုဝိညာဏ် (သောတဝိညာဏ်+ဃာနဝိညာဏ်+ဇိဝှါဝိညာဏ်+ကာယဝိညာဏ်) တို့၏ မှီရာဝတ္ထုမှာ ဆိုင်ရာစက္ခုဝတ္ထု စသည်တို့ဖြစ်ကြသည်၊ ထို့ကြောင့် မှီရာမတူကြ၊) မှီရာမတူသဖြင့် အားမရှိ၍ အာရုံ၏အရသာကို မခံစားနိုင်။ ထို့ကြောင့် ဥပေက္ခာတစ်မျိုးတည်းသာ ဖြစ်ရသည်။

ဥပမာအားဖြင့်ပြောရလျှင် မိမိရှေ့၌ရှိသော စိတ်နှင့် မှီရာတူမှ အားရှိသည် ဆိုရာတွင် လောက၌ မိဘဘိုးဘွားတို့သည် ကုန်သည်လုပ်ငန်းဖြင့် ရောင်းဝယ်ဖောက်ကားခြင်းကို အမှီပြု၍ ကြီးပွားချမ်းစွာနေထိုင်သွားခဲ့ကြသည်။ မိဘများ ကွယ်လွန်သော် သားသမီးတို့သည်လည်း (ထိုလုပ်ငန်းဖြင့်ပင်) မိဘများချန်ထားခဲ့သော ရောင်းဝယ်မှုဆိုင်ရာ ကုန်ပစ္စည်းများ၊ နည်းပညာများ၊ ကုန်သည်တို့နှင့် ဆက်သွယ်မှုများ စသည်ဖြင့် လုပ်ငန်းတူ (မှီရာတူ) မိဘလက်ငုတ်လက်ရင်း အထောက်အပံ့ရရှိ၍ အားကောင်းသောကြောင့် အမျိုးမျိုးကြီးပွားနိုင်လေသည်။

ထိုသို့မဟုတ်ဘဲ မိဘဘိုးဘွားများလက်ထက်က အမှုထမ်း အရာထမ်းဘဝဖြင့်နေထိုင်ခဲ့ပြီး၊ သားသမီးများလက်ထက်ကျကာမှ ရောင်းဝယ်ဖောက်ကားမှုဖြင့် အသက်မွေးမည်ဆိုလျှင် လုပ်ငန်းတူ၊ မှီရာတူအထောက်အပံ့မရရှိ၍ အခက်အခဲများနှင့် ကြုံကာ အမျိုးမျိုးကြီးပွားရန် မလွယ်ကူလှချေ။

**သန္တီရဏစိတ်၏ သောမနဿ+ဥပေက္ခာဝေဒနာနှစ်မျိုးဖြစ်ရခြင်း**

မှီရာတူဝတ္ထုမှ အထောက်အပံ့ရသဖြင့် အားရှိ၍ အာရုံ၏အရသာကို ခံစားနိုင်သောကြောင့် ဣဋ္ဌာရုံ၌ သောမနဿသန္တီရဏ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသန္တီရဏဟု ဝေဒနာနှစ်မျိုးဖြစ်ရသည်။

သန္တီရဏလည်း ဟဒယဝတ္ထုကို မှီသည်၊ ၎င်း၏ ရှေ့သမ္ပယုတ္တစိုင်းလည်း ဟဒယဝတ္ထုကို မှီသည်။

## အဟိတ် "အဟေတုက" ပုဒ်ထည့်ဆိုရခြင်း

၁။ အကုသလဝိပါက်စိတ် ၇-ပါး

၂။ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး

၃။ အဟိတ်ကြိယာစိတ် ၃-ပါး

အကုသလဝိပါက်စိတ်သည် –

အထက်ပါ အမျိုးအစား ၃–မျိုးတွင် အကုသလဝိပါက်စိတ်သည် အဟိတ်သက်သက်ဖြစ်၍ အဟိတ် (အဟေတုက) ပုဒ်ထည့်စရာမလိုပေ၊ ကုသလဝိပါက်သည်သာ အဟိတ်ကုသလဝိပါက်+ သဟိတ်ကုသလဝိပါက်ဟု နှစ်မျိုးရှိ၍ အဟိတ်ကုသလဝိပါက်ဟု ကွဲပြားစေလိုသောကြောင့် (အဟိတ် = အဟေတုက) ပုဒ်ကို ထည့်ရသည်။ (ကြိယာ၌လည်း အတူပင်)

အကုသိုလ်၏အခြားမဲ့၌ အကုသိုလ်၏အကျိုးကို ပြလို၍ အကုသလဝိပါက်ပုဒ်ကို ထည့်ဆိုရပါသည်။

ကုသလဝိပါက်ပုဒ်ကို ဆိုရခြင်းမှာ အကုသိုလ်၏အကျိုးကိုပင် ဆက်ပြနေသည်ဟု ထင်မည်စိုး၍ ထည့်ဆိုရသည်။

## အဟိတ်ကြိယာစိတ် ၃–ပါး

၁။ စက္ခုဒွါရစသော ငါးဒွါရ၌ ထင်လာသော အာရုံငါးပါးကို ဆင်ခြင်နှလုံးသွင်းတတ်သော စိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်မည်၏။

တစ်နည်း – ငါးဒွါရ၌ဖြစ်သော စိတ်အစဉ်ကို ဘဝင်ဖြစ်ရန် မပေးမူ၍ ဝိထိစိတ်ဖြစ်ခြင်းငှာ ညွှတ်စေတတ်သောကြောင့် ကြိယာအဟိတ် မနောဓာတ်စိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းမည်၏။

မနောဒွါရာဝဇ္ဇန်းစိတ်၏ အနန္တရပစ္စည်းဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ဘဝင်သည် ဝိထိစိတ်တို့၏ ဖြစ်ခြင်းအကြောင်းဖြစ်သောကြောင့် မနောဒွါရမည်၏။

၂။ ဘဝင်အယဉ်ဟု ဆိုအပ်သော မနောဒွါရ၌ ထင်လာသောအာရုံ ၆–ပါးကို ဆင်ခြင် တတ် အာရုံပြုတတ်သောစိတ်သည် မနောဒွါရာဝဇ္ဇန်းစိတ်မည်၏။

တစ်နည်း – ဆိုအပ်ပြီးသောနည်းဖြင့် စိတ်အစဉ်ကို ညွှတ်စေတတ်သောကြောင့် ကြိယာအဟိတ် မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ်စိတ်သည် မနောဒွါရာဝဇ္ဇန်း မည်၏။

(ဤမနောဒွါရာဝဇ္ဇန်းကိုပင်လျှင် သန္တီရဏစိတ်သည် စုံစမ်းအပ်ပြီးသော အာရုံကိုပိုင်းခြား မှတ်သားတတ်သောကြောင့် ပဉ္စဒွါရ၌ဖြစ်ခိုက် ဝုဋ္ဌောဟုလည်း ခေါ်ပါသည်။)

၃။ ပြုံးရယ်ခြင်းကို ဖြစ်စေတတ်သောစိတ်သည် ဟသိတုပ္ပါဒ်စိတ် မည်၏။ ဘုရား ရဟန္တာပုဂ္ဂိုလ်တို့အား မရုန့်ရင်းသော သိမ်မွေ့သောအာရုံတို့၌ ပြုံးသော အခြင်းအရာမျှ အကြောင်းဖြစ်သော ကြိယာအဟိတ် မနောဝိညာဏဓာတ် သောမနဿသဟဂုတ်စိတ်ကို ဟသိတုပ္ပါဒ်ဟု ဆိုအပ်၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်နှစ်ပါးကား - ဇောစိတ်မဟုတ် သဖြင့် အာရုံကို ဆင်ခြင်ရုံမျှ ပြုလုပ်ရုံမျှ ဖြစ်သောကြောင့် ကြိယာမည်၏။ (ငှက်စာဆော့သော သစ်ပင်၏ လေပန်းနှင့်တူ၏)

ဟသိတုပ္ပါဒ်စသော ဇောဖြစ်သော ကြိယာစိတ်များကား အာသဝေါကင်းပြီး သော ဘုရား+ရဟန္တာတို့သန္တာန်၌ဖြစ်၏။ ဘုရားရဟန္တာတို့သည် ကုသိုလ်ပြုသော် လည်း အကျိုးကိုမဖြစ်စေနိုင်၊ ပြုကာမျှဖြစ်သောကြောင့် ကြိယာမည်၏။

## အာဝဇ္ဇန်းဒွေး ဥပေက္ခာဖြစ်ပုံ

ပဉ္စဒွါရာဝဇ္ဇန်းအတွက် ပဉ္စဒွါရဝီထိစဉ်ကို အရင်အာရုံပြုထားရမည်။ ပဉ္စဒွါရ ဝီထိစဉ် ဘဝင်စလန + ဘဝင်ုပစ္ဆေဒ + ပဉ္စဒွါရာဝဇ္ဇန်း + စက္ခုဝိညာဏ်စသည်+ သမ္ပဋိစ္ဆိုင်း + သန္တီရဏ + ဝုဋ္ဌော + ဇော + တဒါရုံ။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေး၌တစ်စုံတစ်ခုသော ဝီထိစိတ်သည် မယူအပ် သေးသော အာရုံငါးပါးကို ရှေးဦးစွာ အာရုံပြုရသောကြောင့်လည်းကောင်း၊ ထိုအာရုံ ငါးပါး၌ တစ်ကြိမ်သာဖြစ်သောကြောင့်လည်းကောင်း အလွန်အားနည်းသဖြင့် အာရုံ၏အရသာကို မခံစားနိုင်၍ ဥပေက္ခာသဟဂုတ်သာဖြစ်ရ၏။ ( ဋီ၊ မှတ်ချက်) ၎င်းဝီထိစဉ်တွင် ပဉ္စဒွါရာဝဇ္ဇန်းသည်လည်း ဟဒယဝတ္ထုကိုမှီ၏။ ၎င်း၏ရှေ့မှ ဘဝင်စိတ် ၁၉-ပါးသည်လည်း ဟဒယဝတ္ထုကို မှီ၏။ ဤသို့ မှီရာတူသော ရှေ့ဘဝင်စိတ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရသဖြင့် အနည်းငယ်အင်အားရှိ၏။

ထိုသို့ အင်အားရှိသော်လည်း ငါးဒွါရ၌ထင်လာသော အာရုံအသစ်ကို ဘဝင်ပြီး သည်နှင့် -

(၁) ဝီထိစိတ်အနေဖြင့် အစဦးဆုံးထွက်၍ အာရုံယူရခြင်း၊
(၂) ထိုသို့ အာရုံယူရာ၌လည်း အကြိမ်များစွာ ဖြစ်ခွင့်မရဘဲ တစ်ကြိမ်သာ ဖြစ်ခွင့်ရခြင်း၊
(၃) မှီရာမတူသော နောက်ပဉ္စဝိညာဏ်တို့အား အနန္တရသတ္တိဖြင့် ကျေးဇူး ပြုပေးနေရခြင်းတို့ကြောင့် အာရုံ၏ အရသာကို ကျနစွာ မခံစားရ သဖြင့် အားမရှိ၍ ဥပေက္ခာသာဖြစ်ရတော့သည်။

မည်သည့်ကိစ္စ၌မဆို အစဦးဆုံးလဲ လုပ်ရပြန်၊ တစ်ကြိမ်တည်းလဲ လုပ်ရပြန် ဆိုလျှင် ဘာမှကောင်းကောင်း သိရှိနားလည် ခံစားလိုက်ရမည် မဟုတ်သလို၊ မိမိလုပ်ငန်းနှင့် အခြေအနေခြင်း မတူသူကိုလည်း အကူအညီပေးနေရလျှင် အလွန် ပင်ပန်းပြီး အလုပ်ရှုပ်သကဲ့သို့ ဖြစ်နေ၍ ကောင်းစွာ သိရှိခံစားခွင့်မရပေ၊ ထို့ကြောင့် ဥပေက္ခာသာ ဖြစ်ရသည်။

**မနောဒွါရာဝဇ္ဇန်းအတွက် မနောဒွါရဝီထိစဉ်မှာ**

၁။ မနောဒွါရ ဝိဘူတာရုံ = န + ဒ + မနောဒွါရာဝဇ္ဇန်း + ဇော + တဒါရုံ (တဒါရုမ္မဏဝါရ)

၂။ ပဉ္စဒွါရပရိတ္တာရုံ = န + ဒ + ပဉ္စဒွါရာဝဇ္ဇန်း + စ + သမ် + တီ+ ဝုဋ္ဌော + ဘဝင် ( ဝေါဋ္ဌဗ္ဗနဝါရ)

မနောဒွါရာဝဇ္ဇန်းစိတ်သည်လည်း ဇာတ်မတူသော ဇောစိတ်ဖြစ်ဖို့ရန် ငဲ့ကွက် နေရသဖြင့် အာရုံ၏အရသာကို မခံစားနိုင်သောကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ရ၏။ (ဦး၊ မြန် အောက်ခြေမှတ်ချက်)

မနောဒွါရာဝဇ္ဇန်းလည်း ပဉ္စဒွါရာဝဇ္ဇန်းကဲ့သို့ ဝိဘူတာရုံဝီထိ၌ ဘဝင်ပြီးသည် နှင့် -

(၁) အာရုံသစ်ကို ရှေးဦးစွာယူရခြင်း၊

(၂) မိမိနှင့်သဘောအစဉ်မတူသော ဇောစိတ်အစဉ်ဆက်ဖြစ်ဖို့ရန် အထောက်အပံ့ပေးနေရခြင်း၊

(၃) ပရိတ္တာရုံဝီထိလည်း ဝုဋ္ဌောအမည်ဖြင့် မိမိနှင့်သဘောအစဉ်မတူသော ဘဝင်စိတ်အစဉ်ဆက်ဖြစ်ဖို့ရန် အထောက်အပံ့ ပြုပေးနေရခြင်း တို့ကြောင့် ကြောင့်ကြဗျာပါဒ များနေ၍ အာရုံ၏ အရသာကို မခံ စားနိုင်၊ ထို့ကြောင့် အားမရှိ၍ ဥပေက္ခာသာဖြစ်ရသည်။

ဟသိတုပ္ပါဒ်စိတ်ကား - သောမနဿဖြင့်သာ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ် သောကြောင့် သောမနဿဝေဒနာ ဖြစ်ရသည်။

ဟသိတုပ္ပါဒ်သည် ဘုရား+ရဟန္တာတို့၏ ပြုံးရယ်စိတ်ဖြစ်လျက် အသောဘဏ စိတ်၌ပါဝင်ခြင်းမှာ ယုတ်ညံ့၍မဟုတ်၊ တင့်တယ်သော အလောဘ+အဒေါသ စသော ဟိတ်များနှင့်မယှဉ်၍သာ အသောဘဏစိတ်၌ ပါဝင်ခြင်းဖြစ်သည်။

အကုသိုလ်စိတ် (၁၂)ပါးသည် မိမိသည် ကိန်းတည်အပ်သော သူအား အပါယ် စသော ဒုက္ခသို့ ရောက်စေတတ်သောကြောင့် ပါပ (ယုတ်သောတရား) မည်၏။

အကုသိုလ်စိတ် ၁၂ ပါးသည် အပြစ်ရှိသော လောဘဟိတ်+ဒေါသဟိတ်+မောဟဟိတ်တို့နှင့်ယှဉ်သဖြင့် မတင့်တယ်သောကြောင့် အသောဘနမည်၏။

အဟိတ်စိတ် ၁၈ ပါးသည် အပြစ်ရှိသည့် လောဘ+ဒေါသ+မောဟဟိတ်နှင့်လည်းကောင်း၊ အပြစ်မရှိ တင့်တယ်ကောင်းမြတ်သော အလောဘ+ အဒေါသ+ အမောဟဟိတ်တို့နှင့်လည်းကောင်း ယှဉ်ဖော်ယှဉ်ဖက် ဟိတ်မရှိသောကြောင့် အသောဘဏမည်၏။

## သောဘဏစိတ် ၅၉–ပါး၊ အကျယ် ၉၁–ပါး
## ကာမာဝစရသောဘဏစိတ် ၂၄–ပါး

အကုသိုလ် အဟိတ်မှကြွင်းသော ၅၉–ပါး၊ အကျယ်အားဖြင့် ၉၁–ပါးသော စိတ်တို့သည် သဒ္ဓါဂုဏ်၊ ဟိရိဂုဏ်စသော ကောင်းမြတ်တင့်တယ်သောဂုဏ်ကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ အလောဘအစရှိသော အပြစ်မရှိသော ဟိတ်တို့နှင့် ယှဉ်သောကြောင့်လည်းကောင်း သောဘဏစိတ်မည်၏။

တစ်နည်း – အလောဘ, အဒေါသ, အမောဟဖြစ်သော အပြစ်ကင်း၍ တင့်တယ်သော ဟိတ်တို့နှင့်ယှဉ်သောကြောင့် သောဘဏစိတ်မည်ကုန်၏။

သောဘဏစိတ်တို့တွင် ဘုရားရှင်သည် အဘိဓမ္မာပါဠိတော်၌ ကာမာဝစရ သောဘဏစိတ်ကို ရှေးဦးစွာ ဟောသောကြောင့် ရှေးဦးစွာ ဆိုပါသည်။

ထိုကာမာဝစရသောဘနစိတ်တွင်လည်း ကုသိုလ်စိတ်သည် ဝိပါက်+ ကြိယာ (အဗျာကတ) တရားတို့၏ရှေ့သွားဖြစ်၍ ရှေးဦးစွာ ဆိုပါသည်။

ကုသိုလ်၏အကျိုးတရားဖြစ်သောကြောင့် ကုသိုလ်၏အခြားမဲ့၌ ဝိပါက်စိတ်ကို အလယ်၌ထား၍ ဆိုပါသည်။

ကုသိုလ်သတ္တိအရှိန်ကင်းသောကြောင့်လည်းကောင်း၊ အကျိုးမပေးသော တရားဖြစ်သောကြောင့်လည်းကောင်း၊ ထိုဝိပါက်နှင့် ဘုံတစ်ခုတည်း၌ အကျိုးဝင်သောကြောင့်လည်းကောင်း၊ ကြိယာကို နောက်ဆုံးထား၍ ဆိုပါသည်။

ပင်ကိုသဘာဝ အမှန်တရားကို ထိုးထွင်း၍သိတတ်သောကြောင့် ဉာဏ်မည်၏။ (ရုပ်+နာမ်ပရမတ်တရားတို့၏ ဖြစ်+ပျက်ပုံ၊ မမြဲပုံတို့ကို အမှန်အတိုင်း ထိုးထွင်း၍သိသည်။)

မဟာကုသိုလ်စိတ် ၈-ပါးသည် သောမနဿ+ ဥပေက္ခာ (ဝေဒနာအပြား) ဉာဏသမ္ပယုတ်+ဉာဏဝိပ္ပယုတ် (ဉာဏ်အပြား)၊ အသင်္ခါရိက+ သသင်္ခါရိက (သင်္ခါရ အပြား)အားဖြင့် ၂-မျိုးစီ ပြား၍ (၂×၂×၂=၈) ရှစ်ပါးဖြစ်ရသည်။

ထို့အတူ ကုသိုလ်-၈+ဝိပါက်-၈+ကြိယာ- ၈ ပါးစီပြား၍ ကာမသောဘဏ ၂၄-ပါး ဖြစ်ပါသည်။

ထိုတွင် ဝေဒနာနှစ်မျိုးပြားသည်မှာ ဝေဒနာ၏သဘောလက္ခဏာခြင်း မတူသော ကြောင့် သောမနဿ+ဥပေက္ခာဟူ၍ နှစ်ပါးပြားခြင်းဖြစ်သည်။

* ဉာဏ်နှင့်သင်္ခါရတို့သည် သဘောလက္ခဏာ တစ်မျိုးစီသောဖြစ်ပါလျက် အဘယ့်ကြောင့် ဉာဏ်အပြား၊ သင်္ခါရအပြားဟု ဆိုပါသနည်း။

မိုးရွာမှု မိုးမရွာမှုကို အစွဲပြု၍ ဝပြောစည်ပင်ခြင်း ငတ်မွတ်ခြင်းကို မိုးတစ်မျိုး တည်းကပင် ပြုသည်ဆိုသကဲ့သို့ ဉာဏ်+သင်္ခါရမပြားသော်လည်း ဉာဏ်+သင်္ခါရတို့၏ ရှိမှု မရှိမှုကိုအစွဲပြု၍ ရှိခြင်း မရှိခြင်းအပြားကိုပင် ဉာဏ်အပြား သင်္ခါရအပြားဟု ဆိုခြင်းဖြစ်ပါသည်။ (ငြိ၊ မြန်၊ အောက်ခြေမှတ်ချက်)

## (မဟာကုသိုလ်) သောမနဿဖြစ်ကြောင်း

(၁) အားကြီးသော သဒ္ဓါတရားရှိခြင်း။

(၂) ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်း။

(၃) လှူဖွယ်ပစ္စည်းနှင့်ပြည့်စုံခြင်း။

(၄) အလှူခံနှင့် ပြည့်စုံခြင်း။

(အပြန်အားဖြင့် ဥပေက္ခာဖြစ်ကြောင်းကို သိပါ)

## ဉာဏသမ္ပယုတ်ဖြစ်ကြောင်း

(၁) ပညာကိုဖြစ်စေတတ်သေ ၁ကံကို ဆည်းပူးခဲ့ခြင်း။

(၂) (အနှောက်အယှက်ကင်းသော) ဗြဟ္မာ့ဘုံ၌ ဖြစ်ခဲ့ဘူးခြင်း။

(၃) ဣန္ဒြေရင့်ကျက်ခြင်း။

(၄) ကိလေသာမှ ဝေးခြင်း

(အပြန်အားဖြင့် ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းကို သိပါ)

## အသင်္ခါရိကဖြစ်ကြောင်း

(၁) ကောင်းမြတ်လျှောက်ပတ်သော ကျောင်း+အိမ်+အိပ်ရာနေရာ+ ဥတု+ ဘောဇဉ်+ပုဂ္ဂိုလ်တို့နှင့် တွေကြုံရခြင်း၊

(၂) ကိုယ်+စိတ် ၂-ပါး ကျန်းမာရွှင်လန်းခြင်း၊
(၃) ရှေးဘဝက ဒါနမှု အလေ့အလာများခဲ့ခြင်း၊
(အပြန်အလှန်အားဖြင့် သသင်္ခါရိကဖြစ်ကြောင်းကို သိပါ)

## မဟာကုသိုလ်များဖြစ်ပုံ

(၁) မဟာကုသိုလ်တို့တွင် အကြင်သူသည် အကြင်အခါ၌ လှူဖွယ်ဝတ္ထုပြည့်စုံခြင်း၊ အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်း အစရှိသည်ကိုလည်းကောင်း၊ တစ်ပါးသော ဝမ်းမြောက်ဖွယ် သောမနဿအကြောင်းကိုလည်းကောင်း အကြောင်းပြု၍ ရွှင်ရွှင်ပျပျ, လှူသော အလှူရှင်၏အကျိုးသည်ရှိ၏။ ဤသို့အစရှိသောနည်းဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိအယူကို ရှေ့သွားပြု၍, လွတ်လွတ်စွန့်ကြဲခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် မတွန့်တို မဆုတ်နစ်မူ၍, သူတစ်ပါးတို့သည် မတိုက်တွန်းအပ်သည် ဖြစ်၍ ဒါနစသော ကုသိုလ်ကောင်းမှုတို့ကိုပြု၏။ ထိုအခါ ထိုသူအား သောမနဿ သဟဂုတ်, ဉာဏသမ္ပယုတ်, အသင်္ခါရိကစိတ်ဖြစ်၏။

(၂) အကြင်အခါ၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရွှင်ရွှင်ပျပျ, ကောင်းသော သမ္မာဒိဋ္ဌိအယူကို ရှေ့သွားပြုသော်လည်း, မလွတ်မကျွတ် စွန့်လွတ်လှူဒါန်းသည်၏ အစွမ်းဖြင့် တွန့်တို ဆုတ်နစ်လျက်, သူတစ်ပါးတို့ကလည်း တိုက်တွန်းအပ်မှသာ ဒါနစသော ကုသိုလ်တို့ကိုပြု၏။ ထိုအခါ၌ ထိုသူအား ဒုတိယမြောက်ဖြစ်သော သောမနဿသဟဂုတ်, ဉာဏသမ္ပယုတ်, သသင်္ခါရိကစိတ်ဖြစ်၏။

(၃) အကြင်အခါ၌ ဆွေမျိုးများ၏အကျင့်ကို မြင်သဖြင့် အလိုလိုဖြစ်သော အလေ့အကျင့်ရှိကုန်သော သူငယ်တို့သည် ရဟန်းတို့ကို မြင်ကုန်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်၍ အဆောတလျင် တစ်စုံတစ်ခုသော လက်၌ရှိသော ပစ္စည်းကို ပေးမှုလည်း ပေးလှူတတ်ကုန်၏၊ ရှိခိုးမှုလည်း ရှိခိုးတတ်ကုန်၏။ ထိုအခါ ထိုသူငယ်တို့အား တတိယမြောက်ဖြစ်သော သောမနဿသဟဂုတ်, ဉာဏဝိပ္ပယုတ်, အသင်္ခါရိက စိတ်ဖြစ်၏။

(၄) အကြင်အခါ၌ လှူကုန်လော့, ရှိခိုးကုန်လော့ဟု ဆွေမျိုးတို့သည် တိုက်တွန်းအပ်ကုန်သည်ဖြစ်၍ ဤသို့ရှိခိုးခြင်း စသည်ကို ပြုကုန်၏။ ထိုအခါလေးခုမြောက်ဖြစ်သော သောမနဿသဟဂုတ်, ဉာဏဝိပ္ပယုတ်, သသင်္ခါရိကစိတ်ဖြစ်၏။

(၅-၈) အကြင်အခါ၌ လှူဖွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ် အစရှိသည်တို့၏ မပြည့်စုံခြင်းကိုလည်းကောင်း၊ တစ်ပါးကုန်သော သောမနဿဖြစ်ခြင်း အကြောင်းတို့၏လည်းကောင်း မရှိခြင်းကို အကြောင်းပြု၍ လေးပါးသော ဆိုခဲ့ပြီးသော ကာလအထူး

တို့၌ သောမနဿနှင့် ကင်းကုန်၏။ ထိုအခါကြွင်းကုန်သော လေးပါးသော ဥပေက္ခာ သဟဂုတ်စိတ်တို့သည် ဖြစ်ကုန်၏။

အဋ္ဌပိ–၌ ပိသဒ္ဒါဖြင့် ပေါင်းယူအပ်သော မဟာကုသိုလ်စိတ်ပေါင်း ၁၅၁၂၀ (တစ်သောင်း ငါးထောင် တစ်ရာ နှစ်ဆယ်) ဖြစ်ပုံ။

| | |
|---|---|
| မဟာကုသိုလ်စိတ် | ၈–ပါး |
| ၎င်းကို ဒါနစသော ပုညကြိယာဝတ္ထု ၁၀–ပါးနှင့် မြှောက် | × ၁၀–ပါး |
| | ၈၀–ပါး |
| ၎င်းကို အာရုံ ၆–ပါးနှင့်မြှောက် | × ၆–ပါး |
| | ၄၈၀–ပါး |
| (၎င်း–၄၈၀ကို ဉာဏသမ္ပယုတ်အတွက် | ၂၄၀ |
| ဉာဏဝိပ္ပယုတ်အတွက် | ၂၄၀ ခွဲပါ) |
| ဉာဏသမ္ပယုတ် ၂၄၀–ကို အဓိပတိ ၄–ပါးနှင့် မြှောက် | ၂၄၀–ပါး |
| | × ၄–ပါး |
| | ၉၆၀–ပါး |
| ဉာဏဝိပ္ပယုတ် ၂၄၀–ကို (ဝီမံသာဓိပတိကြဉ် အဓိပတိ ၃– ပါးနှင့်မြှောက်) | ၂၄၀–ပါး |
| | × ၃–ပါး |
| | ၇၂၀–ပါး |
| နှစ်ရပ်ပေါင်း ၉၆၀ + ၇၂၀ = | ၁၆၈၀–ပါး |
| ၎င်းကို (ကာယကံ+ဝစီကံ+မနောကံ) ကံ ၃–ပါးနှင့်မြှောက် | × ၃–ပါး |
| | ၅၀၄၀–ပါး |
| ၎င်းကို (ဟီန+မဇ္ဈိမ+ပဏီတ) ၃–မျိုးနှင့်မြှောက် | × ၃–ပါး |
| မဟာကုသိုလ်စိတ်ပေါင်း | ၁၅၁၂၀–ပါး |

(ကာလ+ဒေသ စသည်ဖြင့် ဆက်ပွားလျှင်ကား မရေမတွက်နိုင်အောင် များလှပါ၏။)

မှတ်ချက်။ ။ အဘိဓမ္မာဝတာရကျမ်းကို ရေးသားသော အရှင်ဗုဒ္ဓဒတ္တမထေရ်
အလိုအားဖြင့် ဉာဏဝိပ္ပယုတ်အတွက် ဝိမံသာဓိပတိကို မလျော့
ဘဲ မြှောက်ယူသဖြင့် မဟာကုသိုလ်စိတ်ပေါင်း ၁၇၂၈၀–ဖြစ်၏။

မဟာကြိယာစိတ်ပေါင်းလည်း မဟာကုသိုလ်စိတ် ၁၅၁၂၀–အတိုင်းပင်။

**မဟာဝိပါက်စိတ်ပေါင်း ၁၄၄**

| | |
|---|---|
| မဟာဝိပါတ်စိတ် | ၈–ပါး |
| ၎င်းကို (အာရုံ ၆ ပါးနှင့် မြှောက် | × ၆–ပါး |
| | ၄၈–ပါး |
| ၎င်းကို ( ဟီန + မဇ္ဈိမ + ပဏီတ) = ၃– ပါးနှင့်မြှောက် | × ၃–ပါး |
| | ၁၄၄–ပါး |

## မဟာကုသိုလ် မဟာဝိပါက်ခြားနားမှု

မဟာကုသိုလ်စိတ်တို့သည် ပုညကြိယာဝတ္ထု၏ အစွမ်းအားဖြင့်လည်း ကောင်း၊ ကံ ဒွါရတို့၏အစွမ်းအားဖြင့်လည်းကောင်း၊ ကံ၏အစွမ်းအားဖြင့်လည်း ကောင်း၊ အဓိပတိအစွမ်းအားဖြင့်လည်းကောင်း ဖြစ်ကုန်သကဲ့သို့ မဟာဝိပါက်စိတ် တို့သည် မဖြစ်ကုန်၊ အဘယ်ကြောင့်ဆိုသော် ဒါနအစရှိသည်တို့၏အစွမ်းအားဖြင့် မဖြစ်သောကြောင့်လည်းကောင်း၊ ကာယဝိညတ်စသည်ကို မဖြစ်စေနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အကျိုးတရားကို မပေးနိုင်သောသဘောရှိသည် အဖြစ်ကြောင့် လည်းကောင်း၊ ဆန္ဒအစရှိသည်တိုကို ရှေ့သွားပြု၍ မဖြစ်သော ကြောင့်လည်းကောင်း မဖြစ်ကြပါကုန်၊ ထိုကြောင့် ပုညကြိယာဝတ္ထုအစရှိသည် တို့၏အစွမ်းအားဖြင့် ယုတ်စေလျော့စေ၍ ထိုက်သည့်အားလျော်စွာ အရေအတွက် သချ်ာတို့ကို ရအပ်ကုန်၏။ (ဋီ၊ မြန်)

မဟာဝိပါက်စိတ်တို့၌ ဒါနစသည်တို့၏အစွမ်းဖြင့် မဖြစ်သောကြောင့် ဒါန စသော ပုညကြိယာဝတ္ထု ၁၀–ပါး မရ၊ ဆန္ဒစသည်ကို ရှေ့သွားပြု၍ ဖြစ်ခြင်း မရှိသောကြောင့် အဓိပတိ ၄–ပါးလည်း မရ၊ (ကံအကျိုးပေးခြင်းလည်း မရှိ၍ ကာယကံစသည်ကြောင့်ဖြစ်သော ကာယဝိညတ်စသည်လည်း မရှိ၊ ထိုကြောင့် ကံ ၃–ပါးလည်း မရပေ)

(၁) ကာမာဝစရကုသိုလ်စိတ် (မဟာကုသိုလ်စိတ်)

(၂) သဟိတ် ကာမာဝစရဝိပါက်စိတ် (မဟာဝိပါက်စိတ်)

(၃) သဟိတ် ကာမာဝစရကြိယာစိတ် (မဟာကြိယာစိတ်)

၁။ ကာမာဝစရကုသိုလ်စိတ်၌ "အဟိတ်လော၊ သဟိတ်လော" ဟု ယုံမှားစရာ မရှိ၊ သဟိတ်ကေန်ဖြစ်သောကြောင့် သဟိတ် (သဟေတုက)ပုဒ်ကို ထည့်စရာ မလိုဘဲ၊ ဝိပါက်+ကြိယာတို့၌သာ အဟိတ်ဝိပါက် အဟိတ်ကြိယာ သဟိတ်ဝိပါက် သဟိတ်ကြိယာ ဟု မျိုးကွဲများရှိသောကြောင့် အဟိတ်ဝိပါက်+ အဟိတ်ကြိယာ တို့ကို ပယ်လို၍ သဟိတ် (သဟေတုက) ပုဒ်ကို ထည့်ဆိုပါသည်။

မဟာကုသိုလ်+မဟာဝိပါက်+မဟာကြိယာစိတ်တို့တွင် ကာမာဝစရပုဒ် ထည့်ဆိုရခြင်းမှာ ရူပ+အရူပ ကုသိုလ်+ဝိပါက်+ကြိယာစိတ်တို့နှင့် ကွဲပြားစေလို၍ ထည့်ဆိုရသည်။ (အကုသိုလ်စိတ်မှာ ကေန်ကာမာဝစရစိတ်ဖြစ်၍ ယုံမှားစရာ မရှိသောကြောင့် ကာမာဝစရပုဒ်ကို ထည့်မဆိုပါ။)

ကုသိုလ်။ ။ စက်ဆုပ်ဖွယ်သော အကုသိုလ်စိတ်တို့ကို တုန်လှုပ်စေတတ်၊ ကင်းပျောက်စေတတ်၊ ပယ်ရှားတတ်သောကြောင့် ကုသိုလ် မည်ပါသည်။

တစ်နည်း – စက်ဆုပ်အပ်သော အခြင်းအရာအားဖြင့် သန္တာန်၌ ဖြစ်တတ် သောကြောင့် ကုသဟု ဆိုအပ်ကုန်သော အကုသိုလ်တရားတို့ကို ဖြတ်တတ်သော ကြောင့် ကုသိုလ် မည်ကုန်၏။ (ဋီ၊ မြန်)

တစ်နည်း – စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ခေါင်းပါးအောင် ပြုတတ်သောကြောင့်လည်းကောင်း၊ အဆုံးပြုတတ်သောကြောင့်လည်းကောင်း၊ ကုသ–ဟု ဆိုအပ်သော ဉာဏ်ဖြင့်လည်းကောင်း၊ သဒ္ဓါစအရှိသော တရား အပေါင်းဖြင့်လည်းကောင်း သဟဇာတပစ္စည်း ဥပနိဿယပစ္စည်းအဖြစ်ဖြင့် ထိုက်သည့်အားလျော်စွာ ရအပ် ဖြစ်စေအပ်သောကြောင့်လည်းကောင်း၊ ကုသိုလ် မည်၏။ (ဋီ–မြန်)

ဝိပါက်။ ။ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကုသိုလ်+အကုသိုလ်တို့၏ အကျိုးတရားဖြစ်သောကြောင့် ဝိပါက်မည်ပါသည်။

ကြိယာ။ ။ (ဘုရား ရဟန္တာတို့၏သန္တာန်၌သာဖြစ်၍ ကုသိုလ်အကျိုးပေးခြင်း သဘော မရှိဘဲ ပြုကာမျှ အားထုတ်ကာမျှသာဖြစ်သောသဘောသည် ကြိယာမည် ပါသည်။

## မဟာဝိပါက်စိတ်၌ သောမနဿ+ဥပေက္ခာဖြစ်ကြောင်း

(၁) ဣဋ္ဌာရုံ (ကောင်းသောအာရုံသည်) သောမနဿဖြစ်ကြောင်း ဖြစ်သည်။

(၂) ဣဋ္ဌမဇ္ဈတ္တာရုံ (သာမန်ကောင်းသော အာရုံသည်) ဥပေက္ခာဖြစ် ကြောင်းဖြစ်သည်။

## မဟာဝိပါက် ဉာဏသမ္ပယုတ်+ဖြစ်ကြောင်း

၁။ (ပဋိသန္ဓေ+ဘဝင်+စုတိအစွမ်းဖြင့် ဖြစ်သောအခါ ပဋိသန္ဓေအကျိုးကို ပေးသော ကံသည်) တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံဖြစ်ခြင်း။

၂။ (တဒါရုံအစွမ်းဖြင့်ဖြစ်သောအခါ) ဉာဏသမ္ပယုတ်ဇောနောင်ဖြစ်ခြင်း။

၃။ (ပဝတ္တိအကျိုးကို ပေးသောကံသည်) ဗလဝ (အားကြီးစွာ) ဖြစ်ခြင်း။

မဟာဝိပါက် ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းကို (ဉာဏသမ္ပယုတ်မှ အပြန် အားဖြင့် ယူပါ)

၁။ (ပဋိသန္ဓေ+ဘဝင်+စုတိ အစွမ်းဖြင့် ဖြစ်သောအခါ ပဋိသန္ဓေအကျိုးကို ပေးသော ကံသည်) တိဟိတ်ဩမက+ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ ဖြစ်ခြင်း။

၂။ (တဒါရုံအစွမ်းဖြင့် ဖြစ်သောအခါ) ဉာဏဝိပ္ပယုတ်ဇောနောင် ဖြစ်ခြင်း။

၃။ (ပဝတ္တိအကျိုးကို ပေးသောကံသည်) ဒုဗ္ဗလ (အားနည်းစွာ) ဖြစ်ခြင်း။

### မဟာဝိပါက် အသင်္ခါရိက ဖြစ်ကြောင်း

၁။ မိမိပယောဂ+သူတစ်ပါး ပယောဂမပါဘဲ၊ သေခါနီးအခါ၌ ထင်လာသော ကံ+ကမ္မနိမိတ်+ဂတိနိမိတ်အာရုံတို့တွင် တစ်ပါးပါးဖြစ်ခြင်း။

၂။ မွန်မြတ်သော ဥတု+ဘောဇဉ်+ကျောင်း+အိမ်+အိပ်ရာ+နေရာတို့ကို တွေ့ကြုံရခြင်း။

### မဟာဝိပါက် သသင်္ခါရိကဖြစ်ကြောင်း

၁။ မိမိပယောဂ+သူတစ်ပါးပယောဂနှင့်တကွ၊ သေခါနီးအခါ၌ ထင်လာ သော ကံ+ကမ္မနိမိတ်+ဂတိနိမိတ်အာရုံတို့တွင် တစ်ပါးပါးဖြစ်ခြင်း။

၂။ ယုတ်ညံ့ကြမ်းတမ်းသော ဥတု+ဘောဇဉ်+ကျောင်း+အိမ်+အိပ်ရာ+ နေရာတို့ကို တွေ့ကြုံရခြင်း။

## ရူပါဝစရစိတ်

ဝိတက် (စိတ်+စေ) သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးတတ် (ကြံစည်တတ်) သောကြောင့် ဝိတ-ဓမည်၏။
(စိတ် စေတသိက် သမ္ပယုတ်တရားတို့ကို အာရုံသို့ရောက်၍ရောက်၍ သွားအောင် ပို့ဆောင်တင်ပေးမှုကို ကြံစည်သည်ဟု ခေါ်သည်။)

ဝိစာရ ဝိတက်ကြောင့် အာရုံပေါ်သို့ရောက်ပြီးသောစိတ်သည် အာရုံအာရုံကို အဖန်ဖန် အပြန်ပြန် သုံးသပ်ခြင်းကို ဝိစာရဟုခေါ်သည်။
ဝိစာရသည် အာရုံ၌စိတ်ကို ဆင်ခြင်သုံးသပ်တတ်သောကြောင့် အာရုံကို ဆင်ခြင်သုံးသပ်တတ်သော လက္ခဏာရှိ၏။ ထိုကြောင့် ဝိစာရကို အာရုံနှင့်တကွ စိတ်ကို စပ်တတ်သည်ဟု ဆိုပါသည်။

### ဝိတက်+ဝိစာရတို့၏အဓိပ္ပာယ်ကို ဥပမာဖြင့် ပြခြင်း၊

| (ဝိတက်) | (ဝိစာရ) |
|---|---|
| (၁) ဝိတက်သည် (သမ္ပယုတ်တရား) နှင့် တူသော တောရပ်နေသူကို အာရုံနှင့်တူသော မင်းနန်းတော်သို့ ပို့ပေးသူ မင်ကျွမ်းဝင်သူနှင့် တူ၏။ | (၁) မင်းကျွမ်းဝင်သူနှင့် သွားလာဖူး၍ မင်းကျွမ်းဝင်သူမပါဘဲ မင်းနန်းတော်သို့ ဝင်ထွက်သွားလာနိုင်သူနှင့်တူ၏။ |
| (၂) ရှေးဦးစွာထိုးအပ်သော ခေါင်းလောင်း သံကဲ့သို့ အာရုံသို့ စိတ်စ၍ ရောက်သည်နှင့်တူ၏။ | (၂) ဝိစာရသည် ခေါင်းလောင်းထိုးပြီး ဆက်လက်မပြတ်မြည်သံကဲ့သို့ အဖန်ဖန် သုံးသပ်သည်နှင့်တူ၏။ |
| (၃) ငှက်၏အတောင်စ၍ ခပ်ခြင်းနှင့် တူ၏။ | (၃) ကောင်းကင်၌ လေဟုန်စီးခြင်းနှင့် တူ၏။ |
| (၄) ပျားပိတုံးတို့၏ ပန်းများပေါ်သို့ စ၍ ရောက်ခြင်းနှင့် တူ၏။ | (၄) ပန်းများပေါ်၌ ရစ်ဝဲနေခြင်းနှင့် တူ၏။ |

ဝိတက်သည် စိတ်တို့ကို အာရုံသို့ (ရောက်အောင် ပို့ပေး၏) ဟု ဆိုသော် ဝိတက်မယှဉ်သော ဒွေးပဉ္စဝိညာဏ် ၁၀-နှင့် ဒု+တ+စ+ပဉ္စမဈာန်တို့သည် မည်သူ၏အစွမ်းဖြင့် အာရုံသို့ ရောက်မည်နည်း။

ဝိတက်မယှဉ်သော စိတ်တို့သည်လည်း ဝိတက်၏အားအစွမ်းဖြင့်ပင် အာရုံသို့ တက်ရောက်နိုင်သည်။ (ဥပမာ) တောရပ်နေသူသည် မင်းကျွမ်းဝင်သူနှင့် မင်းနန်း

တော်သို့ သွားဖန်များသဖြင့် မင်းကျွမ်းဝင်သူမပါဘဲ၊ အကြောက်အလန့်မရှိ ဝင်ထွက်သွားရောက်နိုင်သကဲ့သို့တည်း။

(ဝိတက်နှင့်တိုက်ရိုက်မယှဉ်သော်လည်း ဝိတက်နှင့်ယှဉ်သောစိတ်များနှင့် အတူတကွ အဖန်တလဲလဲ ဖြစ်ခဲ့ဘူးသောကြောင့် အကျွမ်းဝင်မှုရှိပြီး၊ ထိုဝိတက်၏ အရှိန်ဖြင့်ပင် အာရုံကိုယူနိုင် (အာရုံသို့ရောက်နိုင်) သည်။

တစ်နည်းအားဖြင့် –

(က) ဒွေးပဉ္စဝိညာဏ်တစ်ဆယ်သည် ဝတ္ထုနှင့်အာရုံတို့ ထိခိုက်သောအားအစွမ်းဖြင့် အာရုံကိုယူနိုင်၏။

(ခ) ဒု+တ+စ+ပဉ္စမဈာန်တို့သည် အောက်အောက်၌ဖြစ်သော ဘာဝနာ၏အစွမ်းဖြင့် အာရုံကိုယူနိုင်၏။

(ဆောင်) ဝတ္ထာ ရမ္မဏ၊ [1]သံဃဋ္ဋ၊ တက်ရ ဒွေးပဉ္စာ။
[2]ဟေဋ္ဌာ ဘာဝနာ၊ အစွမ်းရ၊ ဒု+တ+စသည်မှာ။

## ဝိတက်နှင့်ဝိစာရအထူး

| ဝိတက်သည် | ဝိစာရသည် |
| --- | --- |
| (က) စိတ်၏ရှန့်ရင်းကြမ်းတမ်းသော သဘောရှိ၏။ | (က) စိတ်၏ ငြိမ်သက် (သိမ်မွေ့) သော သဘောရှိ၏။ |
| (ခ) စိတ်၏တုန်လှုပ်သော ဖြစ်ခြင်းရှိ၏။ | (ခ) စိတ်၏ မတုန်လှုပ်သော ဖြစ်ခြင်းရှိ၏။ |
| (ဂ) ရှေးဦးစွာ အာရုံ၌ကျ၏။ | (ဂ) အဖန်တလဲလဲ သုံးသပ်၏။ |

(ဥပမာများဖြင့် ယှဉ်၍ စဉ်းစားပါလေ)

ပီတိ — အာရုံကို နှစ်သက်မြတ်နိုးတတ်+ရောင်ရဲစေတတ်+တိုးပွားစေတတ်၏။

သုခ — (စိတ်+ စေတသိက်) သမ္ပယုတ်တရားတို့ကို ချမ်းသာစေတတ်ကြောင့် သုခမည်၏။

---

၁။ သံဃဋ္ဋ = ထိခိုက်ခြင်း၊

၂။ ဟေဋ္ဌာ = အောက်၌။

## ပီတိ+သုခအထူး

အာရုံကို ကြား+ သိ+ တွေ့မြင်လာသောအခါ နှစ်သက်ခြင်းသည် ပီတိမည်၏ ရရှိလာသောအာရုံကို ခံစားခြင်းသည် သုခမည်၏။

ဥပမာ (နေပူခရီးခဲမှ လာသောသူအား သစ်ပင်ရိပ်နှင့်ရေကို တွေ့၍ နှစ်သက်ခြင်းနှင့် ပီတိတူ၏။ နေရိပ်၌ခို၍ ရေကိုသုံးဆောင်ခံစားခြင်းနှင့် သုခတူ၏။

## ပီတိ+သောမနဿအထူး

ပီတိကား နှစ်သက်ကြည်ဖြူခြင်း လက္ခဏာရှိ၏။

သောမနဿကား ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

အထူးထူးသောအာရုံ၌ ပျံ့လွင့်ခြင်းမရှိသည်၏အဖြစ်ဖြင့် ဤစိတ်အား တစ်ခုတည်းသော အာရုံဟု ဆိုအပ်သော အဖို့ရှိသောကြောင့် စိတ်သည် ဧကဂ္ဂ မည်၏။

ဧကဂ္ဂတာ အထူးထူးသောအာရုံ၌ ပျံ့လွင့်ခြင်းမရှိသည်ဖြစ်၍ တစ်ခုတည်းသော အာရုံရှိသော စိတ်၏ဖြစ်ကြောင်းဖြစ်သောကြောင့် သမာဓိစေတသိက်သည် ဧကဂ္ဂတာမည်၏။

ဥပေက္ခာကို ဈာနင်၏အဖြစ်ဖြင့် ဘုရားဟောတော်မူသော်လည်း ဈာန်အင်္ဂါ၏ အဖြစ်ဖြင့် (ဝါ) ဈာနင်၏အဖြစ်ဖြင့် မရေတွက်ခြင်းမှာ ဥပေက္ခာသည် ငြိမ်သက်ခြင်းသဘောရှိ၍ သုခ၌ အကျုံးဝင်ပြီးဖြစ်သောကြောင့် ဈာနင်အဖြစ်ဖြင့် သီးခြားမရေတွက်တော့ပါ။

## ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။
## ပဌမ + ဈာန် + ဈာနင်တို့၏ အဓိပ္ပာယ်

ဒေသနာ (ဟောစဉ်) အားဖြင့်လည်းကောင်း၊ ဖြစ်စဉ်အားဖြင့်လည်းကောင်း၊ အစဖြစ်သောကြောင့် ပဌမ ဖြစ်သည်။

ပထဝီကသိုဏ်းစသော အာရုံကိုကပ်၍ရှုတတ်သောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း ဈာန် မည်၏။ ဝိတက် ဝိစာရ စသော တရားများကား ဈာန်၏အစိတ်ဖြစ်သောကြောင့် ဈာနင် မည်၏။

## ဈာန်နှင့် ဈာနင်အထူး

ဝိတက်စသော အပေါင်းသည် ဈာန်။

ဝိတက်၊ ဝိစာရတစ်ခုစီသည် ဈာနင်။

(ဥပမာ- လှည်းနှင့် လှည်း၏အင်္ဂါများ၊ ကိုယ်နှင့်ကိုယ်၏အင်္ဂါများ)

## ဝိတက်စသော ၅းပါးကိုသာ ဈာန်အင်္ဂါဟု ဆိုရခြင်း

တစ်ပါးသော ဖဿစသော သမ္ပယုတ်တရားတို့သည်လည်း ဈာန်စိတ်များ၌ ယှဉ်ကြပါလျက် ဤဝိတက်စသော တရား၅းပါးတို့ကိုသာ အဘယ်ကြောင့် ဈာန် အင်္ဂါ၏အစွမ်းဖြင့် ဆိုအပ်ပါကုန်သနည်း ဆိုသော် ...

ဖဿစသော တရားများသည် နီဝရဏတရားတို့ကို မပယ်ဖျက်နိုင်သော ကြောင့် ဈာန်အင်္ဂါ၌ မဆိုရ၊ ဝိတက်စသော တရားများကား အာရုံကို ကပ်၍ ရှုနိုင်ခြင်း၊ နီဝရဏတရားတို့ကို ပယ်ဖျောက်နိုင်ခြင်းတို့ကြောင့် ဝိတက်စသော တရားများကိုသာ ဈာန်အင်္ဂါအစွမ်းဖြင့် ဟု ဆိုအပ်ပါကုန်၏။

## ဝိတက်စသောတရား၅းပါးတို့သာ အသီးအသီး ကသိုဏ်းအာရုံသို့ ကပ်၍ရှုပုံ။

ဝိတက်သည် အာရုံ၌ စိတ်ကို ရှေးရှုတင်တတ်၏၊ ဝိစာရသည် အာရုံကို အစဉ်ဖွဲ့တတ်၏၊ ပီတိသည် အာရုံ၌ ထိုစိတ်၏နှစ်သက်ခြင်းကို ပြု၏၊ သုခသည် အာရုံ၏ ပွားစေခြင်းကို ပြု၏၊ ဤသို့သဘောရှိသော သမ္ပယုတ်တရားနှင့် တကွ ဖြစ်သော ထိုစိတ်ကို ထိုဝိတက်စသည်တို့သည် အာရုံသို့ရှေးရှုတင်ခြင်း၊ အစဉ် ဖွဲ့ခြင်း၊ နှစ်သက်ခြင်း၊ ပွားများခြင်းတို့ဖြင့် ချီးမြှောက်ထောက်ပင့်အပ်သော ဧကဂ္ဂတာ သည် စိတ်ကို အာရုံ၌ ကောင်းစွာထားသောကိစ္စဖြင့် မိမိသို့ အစဉ်လိုက်စေလျက် ဘစ်ခုတည်းသော အာရုံ၌ ကောင်းစွာ အမျှထားတတ်၏။

ဣန္ဒြေမျှသည်၏အစွမ်းဖြင့် အညီအမျှ ဆန့်ကျင်ဘက်နီဝရဏတရား၏ ဝေးသည်၏အဖြစ်ကြောင့် စိတ်၏တွန့်တိုခြင်း၊ ပျံ့လွင့်ခြင်းမရှိသည်၏အဖြစ်အားဖြင့် ကောင်းစွာထားတတ်၏၊ ဤသို့လျှင် ဝိတက်စသော ဈာန်အင်္ဂါ၅းပါးတို့သည် အသီးအသီး ကသိုဏ်းစသော အာရုံသို့ ကပ်၍ရှုတတ်သော ကိစ္စရှိကြကုန်၏။

## ဈာနင်အသီးသီးတို့၏ နီဝရဏပယ်ပုံ

ဝိတက်သည် ဆန့်ကျင်ဘက် ထိန + မိဒ္ဓ နီဝရဏကို ပယ်၏။
ဝိစာရသည် ဆန့်ကျင်ဘက် ဝိစိကိစ္ဆာ နီဝရဏကို ပယ်၏။
ပီတိသည် ဆန့်ကျင်ဘက် ဗျာပါဒနီဝရဏကို ပယ်၏။
သုခသည် ဆန့်ကျင်ဘက် ဥဒ္ဓစ္စ+ကုက္ကုစ္စ နီဝရဏကို ပယ်၏။
ဧကဂ္ဂတာ (သမာဓိသည်) ဆန့်ကျင်ဘက် ကာမစ္ဆန္ဒနီဝရဏကို ပယ်၏၊

ဝိတက်သည် အသင့်ကြံစည်ခြင်း၏အစွမ်းဖြင့် ပျံ့နှံ့သော ဖြစ်ခြင်းရှိသောကြောင့် စိတ်စေတသိက်တို့၏ တွန့်တိုခြင်း ထိုင်းမှိုင်းခြင်းသဘော ရှိသော ထိန+မိဒ္ဓနှင့် ဆန့်ကျင်သည်။

ဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း၏အစွမ်းဖြင့် ပညာသဘော ရှိသောကြောင့် တွေးတောယုံမှားသည့် ဝိစိကိစ္ဆာနှင့် ဆန့်ကျင်သည်။

ပီတိသည် အာရုံ၌ နှစ်သက်ဝမ်းမြောက်ခြင်းရှိသောကြောင့် ကြမ်းတမ်းခက်ထန်သည့်ဒေါသနှင့် ဆန့်ကျင်သည်။

သုခသည် ငြိမ်းအေးချမ်းသာခြင်းသဘောရှိသောကြောင့် စိတ်၏ မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်းရှိသော ဥဒ္ဓစ္စ၊ နှလုံးပူပန်ခြင်း ကုက္ကုစ္စတို့နှင့် ဆန့်ကျင်သည်။

ဧကဂ္ဂတာ (သမာဓိ)သည် ကသိုဏ်းအာရုံတစ်ခုတည်း၌ တည်ကြည်ငြိမ်သက်အောင် ထားတတ်သောကြောင့် ကာမဂုဏ်တို့ကို လိုချင်မှု (ကာမစ္ဆန္ဒ) တို့၏ ဖြားယောင်းမှုကြောင့် ချာချာပတ်ပတ်လည်နေသော ကာမစ္ဆန္ဒနီဝရဏနှင့် ဆန့်ကျင်သည်။

ဤသို့ ကသိုဏ်းစသည်ကို ကပ်၍ရှုသဖြင့်လည်းကောင်း၊ ကာမစ္ဆန္ဒ စသော နီဝရနတို့နှင့်ဆန့်ကျင်သဖြင့်လည်းကောင်း (ဖသဿစသော တရားများရှိပါလျက်) ဝိတက်စသည်တို့ကိုသာ ဈာန်အင်္ဂါ ဟု ခေါ်ရသည်။

## ရူပ+အရူပစိတ်တို့၌ သင်္ခါရအပြားမရှိ

ရူပ အရူပဈာန်ရဖို့ရန်အတွက် –

(၁) ရှေးဘဝက ဈာန်တရားကို ကြိုးကြိုးစားစား အားထုတ်ခဲ့ဖူးသော ရှေးကောင်းမှု (အဓိကာရ)လည်း ရှိရမည်။

(၂) ယခုဘဝ ပရိကမ္မဘာဝနာစသည်ဖြင့် သမထဘာဝနာကို အားထုတ်မှု အစွမ်းလည်းရှိရမည်။

နံပါတ်တစ်အရ ရှေးဆုတောင်းကောင်းမှုလည်း ရှိရမည်ဟု ဆိုသဖြင့် ယခုဘဝ ပရိကမ္မဘာဝနာစသည်ဖြင့် ကြိုးစားအားထုတ်မှု (သင်္ခါရ) ရှိယုံဖြင့် မရ၊ ထို့ကြောင့် သသင်္ခါရိကဖြစ်သည်ဟု တထစ်ကျမဆိုနိုင်။ နံပါတ်နှစ်အရ ရှေးဆုတောင်းကောင်းမှုရှိယုံဖြင့်လည်း မရ။ ယခုဘဝ ပရိကမ္မဘာဝနာ စသည်ဖြင့် ကြိုးစားအားထုတ်မှုလည်း ရှိမှ ရမည်ဟု ဆိုသဖြင့် အသင်္ခါရိက(သင်္ခါရမရှိ) ဟုလည်း တထစ်ကျ မပြောနိုင်၊ ထို့ကြောင့် သင်္ခါရအပြားမရှိဟု မှတ်ပါ။

မဂ်ကို ရသဖြင့် ဖြစ်ပေါ်လာသောဈာန်သည် နောက်အဖို့၌ ပရိကံအစွမ်းဖြင့် သာလျှင် ဖြစ်ခြင်းကြောင့် ''အသင်္ခါရိက'' ဟုလည်း မဆိုရ၊ ကမ္မဋ္ဌာန်းအားထုတ်မှု ကြောင့်ရသော ဈာန်သည်လည်း ဈေးဘဝဆုတောင်းမှုနှင့် ကင်း၍မဖြစ်နိုင်ခြင်း ကြောင့် ''သသင်္ခါရိက'' ဟုလည်း၊ မဆိုရ၊ ထိုကြောင့် ရူပါဝစရစိတ်၌ သင်္ခါရမရှိဟု မှတ်ရမည်။ (ဋီ၊ မှတ်ချက်)

တစ်နည်းအားဖြင့် သသင်္ခါရိကဟု သတ်မှတ်သည်။ (သသင်္ခါရက ကေန်ဖြစ်နေ၍ သင်္ခါရအပြားကို မဆို)

ဤနည်းတွင် ဈေးဆုတောင်းကောင်းမှု (အဓိကာရ) ကို ဈာန်ရကြောင်း အင်္ဂါရပ်တစ်ခုအနေဖြင့် အဓိကမယူဘဲ၊ ယခုဘဝ ပရိကမ္မဘာဝနာစသည်ဖြင့် သမထဘာဝနာကို အားထုတ်ခြင်း သင်္ခါရမရှိက ဘယ်လိုနည်းနှင့်မှ ဈာန်မရနိုင် သောကြောင့် ယခုဘဝ အားထုတ်မှုသာ ဈာန်ရဖို့ အဓိကအကြောင်းဖြစ်၍ သသင်္ခါရိက ကေန်ဖြစ်သည်ဟု ဆိုသည်။ သသင်္ခါရိကကေန်ဖြစ်နေသောကြောင့် သင်္ခါရအပြားကို မဆိုခြင်းဖြစ်သည်။

ဥပမာ – မိန်းကလေးသီးသန့်ကျောင်းတွင် စာရင်းဖြည့်ရာ၌ (မိန်ကလေး သီးသန့် ကေန်ဖြစ်နေ၍) ကျား၊ မ ခွဲသောစာရင်းကို ထည့်စရာ ဖြည့်စရာ မလိုခြင်း နှင့်တူ၏။

လင်္ကာ။ ။ ရူပနှင့် အရူပေ၊ အသင်္ခါ+သသင်၊ ငြင်းကြွေထွေထွေ။
နှစ်ပါးလေ၊ ခြားရေတော့ဟုတ်ဘူး၊ သသင်္ခါ– ဋီကာမိန့်တယ်၊
နောက်ဟိတ် အထူး။

## ကာမာဝစရကုသိုလ်၏ ဝိပါက်နှင့်၊ ရူပ အရူပ လောကုတ္တရာကုသိုလ်တို့၏ ဝိပါက်များ ဝေဖန်မှု မတူညီကြပုံ

ရူပ+အရူပ+လောကုတ္တရာဝိပါက်များမှာ ၎င်းတို့၏ ကုသိုလ်စိတ်များနှင့် ရေအတွက်တူစွာ ၅–ပါး+၄–ပါး+၄–ပါးဟု အရေအတွက် အမျိုးအစား အတိအကျ ဝေဖန်ကြပြီး ကာမာဝစရကုသိုလ် မဟာကုသိုလ်၏ အကျိုးဝိပါက်များကား ၎င်းမဟာကုသိုလ်နှင့် အရေအတွက် အတိအကျမတူဘဲ မဟာဝိပါက်စိတ် ၈– ပါး+ အဟိတ်ကုသလ ဝိပါက်စိတ် ၈–ပါး ပေါင်း အရေအတွက် အမျိုးအစား ၁၆– မျိုးဖြင့် ကွဲပြားစွာ ဝေဖန်၍ ပြပါသနည်း။

| | | | | |
|---|---|---|---|---|
| ကာမာဝစရကုသိုလ် | ၈ | → | ကာမာဝစရကုသလဝိပါက် | ၁၆ |
| ရူပါဝစရကုသိုလ် | ၅ | → | ရူပါဝစရဝိပါက် | ၅ |
| အရူပါဝစရကုသိုလ် | ၄ | → | အရူပါဝစရဝိပါက် | ၄ |
| လောကကုတ္တရာကုသိုလ် | ၄ | → | လောကုတ္တရာဝိပါက် | ၄ |

ဥပစာရရှာန်မှ ထူးသော ရူပ+အရူပ+လောကုတ္တရာဝိပါက်စိတ်များသည် အပ္ပနာသို့ရောက်၍ နီဝရဏတရားတို့သည် လှုပ်ချောက်ချားမှုမပြုနိုင်တော့သဖြင့် ကုသိုလ်နှင့်တူစွာ အကျိုးဝိပါက်စိတ်များကို အတိအကျထပ်တူဝေဖန်၍ ပြတော်မူ၏။ ကာမာဝစရကုသိုလ်၏အကျိုးဝိပါက်များသည် နီဝရဏတရားတို့၏ တုန်လှုပ်ချောက်ခြားမှုကို ခံနေရသေး၍ မတည်ငြိမ်သေးသောကြောင့် ကုသိုလ်နှင့် ထပ်တူညီမျှ အရေအတွက်အမျိုးအစားမတူဘဲ အဟိတ်ကုသလဝိပါက်+သဟိတ်ကာမာဝစရဝိပါက် စသည်ဖြင့် ကွဲပြားစွာဝေဖန်၍ ပြရပါမည်။

အပ္ပနာသို့ ရောက်သဖြင့် နီဝရဏတရားတို့သည် မချောက်ခြားနိုင်သောကြောင့် ကုသိုလ်နှင့်တူသော အကျိုးကို ပေးနိုင်သည်။

လူစသည်တို့၏အရိပ်သည် လူစသည်နှင့် တူသကဲ့သို့ စင်စစ်ရူပဝိပါက်သည် အကြောင်းဖြစ်သော ရူပကုသိုလ်ဈာန်များနှင့်သာ တူသောကြောင့် ကုသိုလ်ဈာန်နှင့်တူစွာ ''ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ ပထမဇ္ဈာနဝိပါကစိတ္တံ'' စသည်ဖြင့် ဝေဖန်ပါသည်။ (အရူပနှင့် လောကုတ္တရာ၌လည်း အတူပင်)

ရူပစိတ် - ၁၅ + အရူပစိတ် ၁၂ = ပေါင်း ၂၇ ပါးကို -

(၁) ကိလေသာကို ပယ်နိုင်ခြင်း၊
(၂) ကြီးကျယ်သော အကျိုးကို ပေးနိုင်ခြင်း၊
(၃) အသက်ခန္ဓာ ကြာရှည်စွာ တည်နိုင်ခြင်း၊
(၄) ကြီးမြတ်သောအဖြစ်သို့ ရောက်နိုင်ခြင်းတို့ကြောင့် မဟဂ္ဂုတ်စိတ်ဟု ခေါ်သည်။

တစ်နည်း - မြတ်သော ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့သည် ရောက်အပ်သောကြောင့် မဟဂ္ဂုတ်မည်၏။

ရူပဈာန်သည် ဝိတက်စသော ဈာန်အင်္ဂါ ၅-မျိုးနှင့် ယှဉ်သော (သမ္ပယောဂ) အပြားအားဖြင့် ပထမဈာန်စသော ၅-မျိုး ပြားရမည်။

ရူပဈာန်ကို စတုက္ကနည်း (လေးမျိုးအနေဖြင့်) ယူသော် -

**ပထမဈာန်** ဝိတက် + ဝိစာရ + ပီတိ + သုခ + ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅မျိုးရှိ။

**ဒုတိယဈာန်** ပီတိ + သုခ + ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၃ပါးရှိ။

(စတုက္ကနည်း၌ ဝိတက်နှင့် ဝိစာရကို တစ်ပြိုင်တည်းလွန်နိုင် + ပယ်နိုင်သဖြင့် ဝိစာရ စသော ဈာန်အင်္ဂါ ၄-ပါးရှိသော ဈာန်ကို မဆိုတော့)

**တတိယဈာန်** သုခ + ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂ပါးရှိ။

**စတုတ္ထဈာန်** ဥပေက္ခာ + ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၂ပါးရှိ။

(ဤဈာန်လေးမျိုးနည်းကို ငါးမျိုးနည်း၌ အကျုံးဝင်ပြီးဖြစ်၍ သင်္ဂြိုဟ်ကျမ်း၌ မပြခြင်းဖြစ်သည်။

## အရူပါဝစရစိတ်

၁။ **အာကာသာနဉ္စာယတနစိတ်** = (ဥပါဒ်ဋီဘင်အားဖြင့် အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော ဈာန်နှင့် ယှဉ်သောစိတ်)။

၂။ **ဝိညာဏဉ္စာယတနစိတ်** = (ဥပါဒ် ဋီ ဘင်အဆုံး အပိုင်းအခြားမရှိသော ပထမာရုပ္ပဝိညာဏ်စိတ် (ပထမ+အရူပ+ဝိညာဏ်စိတ်)လျှင် အာရုံရှိသော ဈာန်နှင့်ယှဉ်သောစိတ်)။

၃။ **အာကိဉ္စညာယတနစိတ်** = (ပထမာရုပ္ပဝိညာဏ်စိတ်သည် ဥပါဒ် ဋီ ဘင်အားဖြင့် ချုပ်ပျက်သွားသောအခါ ဘာမျှအကြွင်းမရှိသောအဖြစ် (နတ္ထိဘောပညတ်) လျှင် အာရုံရှိသော ဈာန်နှင့် ယှဉ်သောစိတ်)။

၄။ **နေဝသညာနာသညာယတနစိတ်** = ရုန့်ရင်းသော သညာကား မရှိ၊ သိမ်မွေ့သော သညာမရှိသည် မဟုတ်၊ ရှိသည်သာဖြစ်သော မနာယတန+ ဓမ္မာယတန၌ အကျုံးဝင်သော ဈာန်နှင့်ယှဉ်သောစိတ်)။

## အာကာသာနဉ္စာယတနကုသိုလ်စိတ်-အစိတ်အစိတ်အဓိပ္ပာယ်

**အနန္တ** = ကောင်းကင်အား ဥပါဒ်အစရှိသော အပိုင်းအခြားကင်းသည် ဖြစ်၍ အပိုင်းအခြားမရှိသောကြောင့် အနန္တမည်၏။ ကောင်းကင်လည်း ဟုတ်၏။ ဥပါဒ်စသော အပိုင်းအခြားလည်း မရှိ၍ အနန္တလည်း ဖြစ်၏။

အာကာသာနန္တ+အာကာသာနဉ္စ = ဥပါဒ်စသော အပိုင်းအခြားကင်းသော ကြောင့် ကသိုဏ်းမှခွာ၍ရအပ်သော ကောင်းကင်ပညတ်သည် အာကာသာနန္တ အာကာသာနဉ္စ မည်၏။ (နန္တမှ ပါဠိသဒ္ဒါနည်းအရ နဉ္စဟု ဖြစ်သည်၊ အတူတူပင်)

အာယတန = နတ်တို့၏တည်ရာသည် ဒေဝါလယ ဒေဝါယတန မည် သကဲ့သို့ အပိုင်းအခြားမရှိသော ကောင်းကင်သည်သာလျှင် သမ္ပယုတ်တရားနှင့် တကွဖြစ်သော ဈာန်၏ တည်ရာဟူသော အနက်အားဖြင့် အာယတနမည်၏။

အာကာသာနဉ္စာယတန = နတ်တို့၏တည်ရာသည် ။ပ။ အပိုင်းအခြား မရှိသော ကောင်းကင်သည်သာလျှင် ဈာန်၏တည်ရာဟူသော အနက်အားဖြင့် အာယတနမည်သောကြောင့် အာကာသာနဉ္စာယတနမည်၏။

တစ်နည်း – (အပိုင်းအခြားမရှိသော ကောင်းကင်ကို ခွာ၍ရသော ကောင်း ကင်အာရုံ၌ တည်၍ အပ္ပနာသို့ရောက်သော ပဌမာရုပ္ပ (ပဌမ–အရူပ) ဈာန်ကို လည်း ဌာနူပစာအားဖြင့် အာကာသာနဉ္စာယတန မည်၏။

ပထဝီကသိုဏ်းလျှင်အာရုံရှိသောဈာန်ကို ပထဝီကသိုဏ်းဟု ဆိုနိုင်သကဲ့သို့ ဖြစ်ပါသည်။)

တစ်နည်း – ထိုဈာန်အား အပိုင်းအခြားမရှိသောကောင်းကင်သာလျှင် တည်ရာရှိသောကြောင့် ထိုဈာန်သည် အာကာသာနဉ္စာယတန မည်၏။

ထိုအပိုင်းအခြားမရှိသော ကောင်းကင်လျှင် အာရုံရှိသော ဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်သည် အာကာသာနဉ္စာယတနကုသိုလ်စိတ်မည်၏။

## ဝိညာဏဉ္စာယတနအစိတ် အစိတ်အဓိပ္ပာယ်

ဝိညာဏာနန္တ+ဝိညာဏာနဉ္စ = ပဌမအရူပဝိညာဏ်စိတ် (အာကာသာ နဉ္စာယတနစိတ်) သည်ပင်လျှင် ဥပါဒ်အစရှိသော အပိုင်းအခြားမရှိသောကြောင့် ဝိညာဏာနန္တ = ဝိညာဏာဉ္စမည်၏။

အနန္တ = ပထမအရူပဝိညာဏ်ကို ဥပါဒ်အစရှိသော အပိုင်းအခြားရှိသော် လည်း ဥပါဒ်အစရှိသော အပိုင်းအခြားမရှိသော ကောင်းကင်အာရုံဖြစ်သော ကြောင့်လည်းကောင်း မိမိကိုယ်ကို အာရုံပြု၍ဖြစ်သော ပရိကမ္မဘာဝနာ၏ ဥပါဒ်အစရှိသော အပိုင်းအခြားကို မယူမူ၍ အပိုင်းအခြားမရှိသောအားဖြင့် ပျံ့နှံ့သည်၏အစွမ်းဖြင့် ဖြစ်သောကြောင့်လည်း အနန္တမည်၏။ (ဋီ၊ မြန်)

**အာယတန** = အပိုင်းအခြားမရှိသော ပထမာရုပ္ပဝိညာဏ် (အာကာသာနဉ္စာယတနစိတ်) သည်ပင်လျှင် ဒုတိယာရုပ္ပဝိညာဏ် (ဝိညာဏဉ္စာယတနစိတ်)၏ တည်ရာဖြစ်၍ အာယတန မည်၏။

**ဝိညာဏဉ္စာ** = အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဏ်သည်ပင်လျှင် ဒုတိယအရူပါယတနစိတ်ဝိညာဏ်၏ တည်ရာဖြစ်၍ အာယတနမည်သောကြောင့် ဝိညာဏဉ္စာယတနမည်၏။

## အာကိဉ္စညာယတန အစိတ်စိတ်အဓိပ္ပာယ်

**အကိဉ္စန** = ပဌမာရုပ္ပဝိညာဏ်အား အနည်းငယ်မျှသော ယုတ်သော အပိုင်းအခြားအားဖြင့် ဘင်ခဏလေးမျှသော အကြွင်းအကျန်သည်ပင်မရှိသောကြောင့် အကိဉ္စနမည်၏။

**အာယတန** = ဘင်ခဏမျှ အကြွင်းအကျန်မရှိသော ပဌမအရူပဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်သည် အာယတနမည်၏။

## နေဝသညာနာသညာယတန အစိတ်စိတ်အဓိပ္ပာယ်

**နေဝသညာ** = ရုန့်ရင်းသော သညာ၏ မရှိသောကြောင့်လည်းကောင်း၊

**နာသညာ** = သိမ်မွေ့သော သညာ၏ ရှိသည်၏အဖြစ်ကြောင့် လည်းကောင်း

သမ္ပယုတ်တရားနှင့် တကွဖြစ်သော ထိုဈာန်အား ရုန့်ရင်းသော သညာသည် မရှိ၊ သိမ်မွေ့သော သညာသည် မရှိသည်လည်း မဟုတ်သောကြောင့် စတုတ္ထ အရူပဈာန်သည် နေဝသညာ နာသညာမည်၏။

**နေဝသညာ** = ရုန့်ရင်းသောသညာကား မရှိ၊ သိမ်မွေ့သော သညာမရှိသည် မဟုတ်သော နာသညာ ဈာန်သည်ပင်လျှင် မနာယတန ဓမ္မာယတန၌ အကျုံးဝင်၍ သမ္ပယုတ်အာယတနတရားတို့၏ တည်ရာဖြစ်သောကြောင့် နေဝသညာ နာသညာ ယတန မည်၏။

တစ်နည်း - နေဝသညာနာသညာ = သညာသည်သာလျှင် ဝိပဿနာ ပညာ၏ အာရုံအဖြစ်သို့ရောက်၍ ငြီးငွေ့ခြင်းကို ဖြစ်စေ၏ဟု ဆိုအပ်သော ထင်သော သညာကိစ္စ၏ မရှိသောကြောင့် နေဝသညာမည်၏။

ရေပူ၌ တေဇောဓာတ်ကဲ့သို့ ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းသောသိမ်မွေ့သော သင်္ခါရတရားရှိသည်၏။ အဖြစ်အားဖြင့် သညာ၏ ထင်းရှားရှိသည်ဖြစ်၍

သညာမရှိသည်လည်းမဟုတ်သောကြောင့် **နာသညာ** = ထိုနှစ်ရပ်ပေါင်းတို့ကြောင့် **နေဝသညာ နာသညာ**မည်၏။

**အာယတန** = ထိုရှုန့်ရင်းသောသညာလည်းမဟုတ်၊ သိမ်မွေ့သောသညာ မရှိသည်လည်းမဟုတ်သော သညာသည်ပင်လျှင် သမ္ပယုတ်တရားနှင့်တကွဖြစ်သော ဤဈာန်၏မှီရာအဖြစ်ကြောင့် (တည်ရာလည်းဖြစ်သောကြောင့်) အာယတန မည်၏။

**နေဝသညာနာသညာယတန** = ထိုရှုန့်ရင်းသော ..... မှီရာအဖြစ်ကြောင့် တည်ရာလည်းဖြစ်၏။ ထို့ကြောင့် နေဝသညာနာသညာယတနမည်၏။

## "ရှေးရှေးဈာန်ပင်၊ စွန့်ပယ်လျှင်၊ အစဉ်နောက်ဈာန်ရ"

ဟူသောအတိုင်း အရူပ ပထမစိတ်ဖြစ်ဖို့ ရူပဈာန်ရအောင် ပွားများအားထုတ် ခဲ့သော ကသိုဏ်းစသည်ကို အာရုံမပြုတော့ဘဲ ပယ်၍ + ခွာ၍ + ဖျောက်၍ + လွှန်၍ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်အာရုံကို "**အာကာသော အနန္တော**၊ အာကာသကောင်းကင် ကြီးသည် အဆုံးအပိုင်းအခြားမရှိ၊ **အာကာသော အနန္တော** (အာကာသကောင်းကင်ကြီးသည် အဆုံးအပိုင်းအခြားမရှိ) " ဟု ပွားရမည်၊ ထိုသို့ ပွား၍ရသော ဈာန်စိတ်သည် အာကာသာနဉ္စာယတန ပထမ အရူပ စိတ်မည်၏။

အာကာသဟင်းလင်းပြင် ကောင်းကင်သည် ဖြစ်ခြင်း (ဥပါဒ်)+ပျက်ခြင်း (ဘင်)အားဖြင့် မဖြစ်ခြင်းကြောင့်လည်းကောင်း၊ အဆုံးမရှိဟု နှလုံးသွင်းသော ကြောင့်လည်းကောင်း အဆုံးအပိုင်းအခြားမရှိ "အနန္တ" ဟု ဆိုပါသည်။

ထိုသို့ ဖြစ်ခြင်း + ပျက်ခြင်း အဆုံးအပိုင်းအခြားမရှိသော ပထမအရူပဝိညာဏ် စိတ်ကိုပင် "**ဝိညာဏံ အနန္တံ၊ ဝိညာဏံ အနန္တံ** = ပထမ အရူပဝိညာဏ်စိတ်သည် အဆုံးအပိုင်း အခြားမရှိ"ဟု အဖန်ဖန်ပွားများပြန်သောအခါ ဒုတိယအရူပ ဝိညာဏဉ္စာယတနစိတ် ဖြစ်ပြန်၏။

* ပထမအရူပစိတ်သည် ဥပါဒ် ဋ္ဌီ ဘင် အဆုံးအပိုင်းအခြားနှင့် ရှိပါလျက် အဘယ့်ကြောင့် ဝိညာဏံ အနန္တံ(အဆုံးအပိုင်းအခြားမရှိဟု) ရှုရပါသနည်း။

**ရှင်းဦးအံ့**။ (အမှန်မှာ စိတ်၏သဘာဝအတိုင်း ပထမအရူပဝိညာဏ်စိတ်သည် ဥပါဒ် ဋ္ဌီ ဘင် – ဖြစ် တည် ပျက်ခြင်းသဘောရှိ၏။ ထိုစိတ်၏ အာရုံပြုရာ ဖြစ်သော ကောင်းကင်ပညတ်အာရုံသည်သာ ဖြစ်+ပျက်ခြင်း သဘော

မရှိ၍ ဥပစာအားဖြင့် တည်ရာဌာနစိတ်ကို ဆိုသဖြင့် ထိုစိတ်၏ အာရုံပြုရာ ဌာနီကိုလိုက်၍ ''တည်ရာ ပြောတည်ရာအာရုံကို ကောက်သောနည်းဖြင့်'' စိတ်ကို အဆုံးအပိုင်းအခြားမရှိဟု ဆိုခြင်းဖြစ်သည်။)

ထိုပထမအရူပဝိညာဏ်စိတ်သည် ဥပါဒ်+ဌီ+ဘင်အားဖြင့် ဖြစ်+တည်+ပျက်သွားသောအခါ ''နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ = ပထမ အရူပစိတ်လေးသည် ဘာမှ မရှိတော့၊ စိုးစဉ်းမျှ မရှိတော့ပါလား'' ဟု အဖန်ဖန် ပွားများလတ်သော် တတိယ အရူပ အာကိဉ္စညာယတနစိတ် ဖြစ်ပြန်သည်။

ထိုသို့ ပထမ အရူပစိတ်ကလေး ဥပါဒ် +ဌီ+ဘင် အကြွင်းမရှိတော့သည့်အခါ တတိယ အရူပဝိညာဏ်စိတ်ကလေးသည် ''သန္တမေတံ၊ ပဏီတမေတံ = အလွန်ငြိမ်သက်ပါပေ့လား၊ အလွန်မွန်မြတ်ပါပေ့လား''ဟု အဖန်ဖန်ပွားများလတ်သော် ရုန့်ရင်းသော သညာမရှိတော့ဘဲ၊ သိမ်မွေ့သော သညာသာရှိတော့သည့် စိတ် = စတုတ္ထ အရူပ နေဝသညာနာသညာယတနစိတ် ဖြစ်လာ၏။

အလွန်ငြိမ်သက်သွားသော်လည်း ဖဿ+ဝေဒနာ+သညာသဘောတို့ လုံးဝ ချုပ်ငြိမ်းသွားသည်မဟုတ်ဘဲ၊ ရုန့်ရင်းသော ဖဿ+ဝေဒနာ+သညာတို့သာ မရှိခြင်း ဖြစ်ပြီး၊ သိမ်မွေ့သည့် ဖဿ+ဝေဒနာ+သညာ သဘောလေးများကား ရှိနေသေးသည်သာ။

ဤစတုတ္ထအရူပစိတ်၌ သိမ်မွေ့သော ဖဿ+ဝေဒနာတို့လည်း ရှိပါလျက် သညာဖြင့်သာ နေဝသညာနာသညာဟု ဆိုခြင်းမှာ သညာ၏အစွမ်းဖြင့် ဈာန်ကို မှတ်ခြင်းသည် အမြွက်ကို ပြကာမျှဖြစ်သော နိဒဿနနည်းကို ဆို ခြင်းသာ ဖြစ်သည်။ နေဝဝေဒနာ နာဝေဒနာစသည်ဖြင့်လည်း စတုတ္ထအရူပစိတ်ကို ဆိုမည်ဆိုက ဆိုနိုင်သည်သာ။

အရူပစိတ်အားလုံးသည် ဈာန်အင်္ဂါအားဖြင့် ဥပေက္ခာ+ဧကဂ္ဂတာ နှစ်ပါး သာရှိသည်။ ထို့ကြောင့် ပဥ္စမဈာန် သက်သက်သာဖြစ်သည်၊ ရူပစိတ်ကဲ့သို့ ဈာန်အင်္ဂါအားဖြင့် ကွဲပြားမှုမရှိသောကြောင့် (ဈာနဘေဒ)စိတ်မဟုတ်၊ ကသိုဏ်း ပညတ်အာရုံ၊ ကောင်းကင်ပညတ်အာရုံစသော အာရုံအသီးသီးကို လွန်သဖြင့်သာ ကွဲပြားလာ သောကြောင့် (အာရမ္မဏဘေဒ)စိတ် မည်၏။

## အောက်အောက်အာရုံကို ကျော်လွှန်၍ အထက်အထက်အာရုံသို့ရောက်ပုံ

| စိတ်အမည် | | အတိက္ကမိတဗ္ဗအာရုံ (ပယ်ရလွှန်ရမည့်အာရုံ) | အာလမ္ဗိတဗ္ဗအာရုံ (ရောက်ရမည့်အာရုံ) |
|---|---|---|---|
| ၁။ | ပဌမ အရူပစိတ် | ပထဝီကသိုဏ်းစသည့် နိမိတ်အာရုံ | ကသိဏုဂ္ဃါဋိမာကာသ (ကသိုဏ်းကိုခွာ၍ ရအပ်သော ကောင်းကင်အာရုံ) |
| ၂။ | ဒုတိယ အရူပစိတ် | ကသိဏုဂ္ဃါဋိမာကာသ | ပဌမာရုပ္ပဝိညာဏ်အာရုံ |
| ၃။ | တတိယ အရူပစိတ် | ပဌမာရုပ္ပဝိညာဏ်အာရုံ | နတ္ထိဘောပညတ်အာရုံ ပထမာရုပ္ပဝိညာဏ်၏ မရှိတော့ခြင်း |
| ၄။ | စတုတ္ထ အရူပစိတ် | နတ္ထိဘောပညတ်အာရုံ | တတိယာရုပ္ပဝိညာဏ်အာရုံ |

**လင်္ကာ။** ။ ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ၊ ပဌမာရုပ္ပ၊ ဝိညာဏနှင့် ဘာဝနတ္ထိ၊ တတိယာရုပ္ပ၊ ဝိညာဏ်လေးတန် အာရုံစဉ်တိုင်းတည်း။

## အရူပါဝစရစိတ်ကို ပဥ္စမဈာန်ဟု ဆိုရပုံ

အရူပါဝစရစိတ်သည် ဥပေက္ခာ+ ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သဖြင့် ပဥ္စမဈာန်နှင့် ဈာန်အင်္ဂါခြင်း တူမျှသောကြောင့် ပဥ္စမဈာန်ဟု ဆိုရပါမည်။

## အရူပဝစရစိတ်ကို ဈာန်အင်္ဂါအပြားဖြင့်မဆိုပုံ

အရူပါဝစရစိတ်၌လည်း ဥပေက္ခာ + ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိနေ၍ ဈာန်အင်္ဂါအပြား (ဈာနင်္ဂယောဂဘေဒ) အားဖြင့် ဆိုသင့်လျက်မဆိုဘဲ၊ အာရုံအပြား (အာလမ္ဗဏဘေဒ)အားဖြင့်သာ ဆိုပါသနည်း။

အရူပါဝစရစိတ်အားလုံးသည် ဥပေက္ခာ + ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးခြင်း တူနေသောကြောင့် ရှေးရှေး၌ဖြစ်သော ဈာန်အင်္ဂါကို လွန်သည်၏အစွမ်းဖြင့် မဖြစ်၊

ရှေးရှေးအာရုံကို လွန်သည်၏အစွမ်းဖြင့်သာဖြစ်သောကြောင့် အာလမ္ဗဏဘေဒ အပြားအားဖြင့်သာ ဆိုပါသည်။

## လောကုတ္တရာစိတ်

ဖြစ်တတ် ပျက်တတ်သော သင်္ခါရလောကမှ လွန်မြောက်သောစိတ်ကို **လောကုတ္တရာစိတ်** ဟူ၍ ခေါ်ပါသည်။

(လောက + ဥတ္တရ = လောက= သင်္ခါရလောကမှ။ ဥတ္တရ= လွန်မြောက်ခြင်း)

နိဗ္ဗာန်ကိုရှားမှီးတတ်သောကြောင့် **မဂ်မည်၏**။ (နိဗ္ဗာနံမဂ္ဂတိ ဂဝေသတီတိမဂ္ဂေါ)

တစ်နည်း – နိဗ္ဗာန်ကိုအလိုရှိသောသူတို့သည် ရှာမှီးအပ်သောကြောင့် လည်း **မဂ်မည်၏**။ (နိဗ္ဗာနတ္ထိကေဟိ မဂ္ဂိယတီတိ မဂ္ဂေါ)

တနည်း – ကိလေသာတို့ကို သတ်ဖြတ်ပယ်ရှားလျက် နိဗ္ဗာန်သို့ သွားတတ် သောကြောင့်လည်း **မဂ်မည်၏**။ (ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ)

## မဂ်စိတ်လေးပါး

၁။ သောတာပတ္တိမဂ် (သောတ + အာပတ္တိ)

**သောတ** = နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားတတ်သောကြောင့် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်စိတ်ကို သောတဟု ခေါ်ပါသည်။

တစ်နည်း – နိဗ္ဗာန်ဟုဆိုအပ်သော မဟာသမုဒ္ဒရာသို့ ညွတ်သည်၏အဖြစ်ဖြင့် ရေအလျဉ် နှင့်တူသည်၏အဖြစ်ကြောင့် မြတ်သော အင်္ဂါ ၈–ပါးရှိသော မဂ်ကို သောတ ဟု ဆိုပါသည်။

**သောတသ** = နိဗ္ဗာန်သို့ ရှေ့ရှုအာရုံပြုသောအားဖြင့် သွားတက်သော အရိယာ မဂ်အယဉ်သို့၊ အာပတ္တိ = ရှေးဦးစွာ ရောက်ခြင်းရှိသော မဂ်စိတ်)

ထိုမဂ်နှင့်ယှဉ်သောစိတ်သည် မဂ်စိတ်မည်၏။ ထိုသောတမည်သော မဂ်သို့ ရှေးဦးစွာရောက်ခြင်းဖြင့် ရအပ်သောမဂ်စိတ်သည် သောတာပတ္တိမဂ်စိတ်မည်၏။

တစ်နည်း – ထိုပုဂ္ဂိုလ်အား အရိယာမဂ်အယဉ်သို့ ရှေးဦးစွာ ရောက်ခြင်း ရှိသောကြောင့် ထိုပုဂ္ဂိုလ်သည် သောတာပတ္တိ (သောတာပန်) မည်၏။

ထိုအရိယာမဂ်သို့ ရှေးဦးစွာရောက်သော ပုဂ္ဂိုလ်၏မဂ်သည် သောတာပတ္တိမဂ် မည်၏။ ထိုသောတာပတ္တိမဂ်နှင့် ယှဉ်သောစိတ်သည် သောတာပတ္တိမဂ်စိတ် မည်၏။

(အရိယာမဂ်တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်ခြင်းရှိသောကြောင့် သောတာပန်ပုဂ္ဂိုလ် မည်၏။ ထိုပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သောစိတ်ဖြစ်သောကြောင့် သောတာပတ္တိမဂ်စိတ် ဟု ခေါ်သည်။) အရိယာနယ်ထဲသို့ အစဆုံးရောက်သောစိတ်။

မဟာသမုဒ္ဒရာသည် ငါး+လိပ်+မကန်းစသည်တို့၏ နေရာ ရွှေ+ငွေ+ပုလဲစသော ရတနာတို့၏တည်ရာဖြစ်သကဲ့သို့ နိဗ္ဗာန်သည်လည်း အရိယာပုဂ္ဂိုလ်တို့၏နေရာ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့၏ တည်ရာဌာန ဖြစ်သည်။ သမုဒ္ဒရာသို့ ရေအယဉ်များ စီးဝင်သကဲ့သို့ နိဗ္ဗာန်သို့ အရိယာမဂ်တည်း ဟူသော ရေအယဉ်များ စီးဝင်သည် ။ ကာမဘုံ၌ ၇-နှစ်ဘဝ ပဋိသန္ဓေ နေနိုင်သေးသည်။ (ရူပ၊ အရူပဘုံတို့၌ ခုနစ်ဘဝမက နေနိုင်သည်။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဟူသော ကိလေသာသံယောဇဉ် နှစ်ပါးတို့ကို အကြွင်းမဲ့ ပယ်သတ်လိုက်ပြီ၊ ထို့အပြင် အပယ်လေးပါးသို့ ရောက်စေနိုင်သော အကုသိုလ်တို့ကိုလည်း ပယ်လိုက်နိုင်ပြီး သောတာပန်ပုဂ္ဂိုလ်သည် အပါယ်သို့ ကျခြင်း မရှိတော့ပေ။

## သောတာပတ္တိမဂ်၌ နည်းတစ်ထောင် ရေတွက်ပုံ

| | | | | |
|---|---|---|---|---|
| ၁။ | သုညတသက်သက်၁-ပါး+ အပ္ပဏိဟိတသက်သက်၁-ပါး= | | | ၂-ပါး |
| ၂။ | ၎င်းကို [၁]ပဋိပဒါ ၄-ပါးနှင့်မြှောက် | (၂ × ၄) | = | ၈-ပါး |
| ၃။ | အထက် ၂-ပါးနှင့် ပြန်ပေါင်း | ( ၈ + ၂) | = | ၁၀-ပါး |
| ၄။ | ဈာန်စသောနည်း ၂၀-နှင့်မြှောက် | (၁၀× ၂၀) | = | ၂၀၀-ပါး |
| ၅။ | ၎င်းကို အဓိပတိ ၄-ပါးနှင့်မြှောက် | (၂၀၀×၄) | = | ၈၀၀-ပါး |
| ၆။ | အထက် ၂၀၀နှင့် ပြန်ပေါင်း | (၈၀၀+၂၀၀) | = | ၁၀၀၀-ပါး |

သောတာပတ္တိနည်းတစ်ထောင် ဖြစ်၏။

၇။ မဂ် ၄-ပါးနှင့် မြှောက်လျှင် မဂ်စိတ်လေးထောင်ရ၏။

---

၁။ ပဋိပဒါလေးပါး - (၁) ဒုက္ခပဋိပဒါဒန္ဓာဘိညာ၊ (၂) ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ၊ (၃) သုခပဋိပဒါဒန္ဓာဘိညာ၊ (၄) သုခပဋိပဒါခိပ္ပါဘိညာ။

၂။ သကဒါဂါမိမဂ် (သကိံ + အာဂါမိ)

(သကိံ = တစ်ကြိမ် + အာဂါမိ = ဤလူ့ဘုံသို့ ပဋိသန္ဓေနေသောအားဖြင့် ပြန်လာတက်သော မဂ်စိတ်)

တစ်ကြိမ်သာ ဤလူ့ဘုံသို့ ပဋိသန္ဓေနေသောအားဖြင့် ပြန်လာတက်သော ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ် မည်၏။ ထိုပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သော စိတ်ဖြစ်သော ကြောင့် သကဒါဂါမိမဂ်စိတ် မည်၏။

ကာမ ရာဂ ဗျာပါဒနှင့် မောဟတည်းဟူသော ကိလေသာသံယောဇဉ် ၃- ပါးတို့ကို ခေါင်းပါးအောင်ပယ်သတ်နိုင်ပြီ။ (သိမ်မွေ့သော ကာမရာဂ ဗျာပါဒနှင့် မောဟတို့ကိုကား အကြွင်းမဲ့ မပယ်နိုင်သေး)

သကဒါဂါမ်အပြား

(က) ဣဓ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ။
(ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်)

(ခ) တတ္ထ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ။
(ထိုနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်)

(ဂ) ဣဓ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ။
(ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်)

(ဃ) တတ္ထ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ။
(ထိုနတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ဤလူ့ပြည်၌ပင် ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်)

(င) ဣဓ ပတ္တာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ။
(ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ သွားဖြစ်ပြီး တစ်ဖန်ဤလူ့ပြည်သို့ပြန်၍ ပရိနိဗ္ဗာန်ပြုသော သကဒါဂါမ်ပုဂ္ဂိုလ်)

(ဤ၌ တိုက်ရိုက်အားဖြင့် အဆုံး (င)အမှတ်သာ သကဒါဂါမ်အမည်ရ၏။

အဘယ်ကြောင့်ဆိုသော် ထိုပဌမမြောက် သကဒါဂါမ်ပုဂ္ဂိုလ်သည်သာ ဤလူ့ ပြည်မှ နတ်ပြည်သို့ရောက်၍ တစ်ဖန်တစ်ကြိမ် ဤလူ့ပြည်သို့ လာတတ်သောကြောင့် ယူအပ်၏။ *ကျင်းယောက်ပြည့်သော နောက်ဆုံး သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်ကို ဤ သကဒါဂါမိမဂ္ဂစိတ္တံဟူသောပုဒ်၌ အလိုရှိအပ်၏။* ထို သကဒါဂါမ်ပုဂ္ဂိုလ်၏မဂ်သည် သကဒါဂါမိမဂ်မည်၏ ကျန်သော ၄-မျိုးမှာ ရုဠှီအားဖြင့် (အထင်အားဖြင့်)သာ သကဒါဂါမ်အမည်ရ ကြသည်။

## သကဒါဂါမိမဂ်စိတ်၏ သကဒါဂါမိဖိုလ် အမည်ရကြောင်း

မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ထိုသို့ တစ်ကြိမ်ပဋိသန္ဓေယူသောအားဖြင့် ဤလူ့ပြည်သို့ မလာနိုင်သောကြောင့် ဖိုလ်ပုဂ္ဂိုလ်၏သာလျှင် မုချသကဒါဂါမိမည်သော်လည်း ထိုသကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၏အကြောင်းဖြစ်သောကြောင့် ဖိုလ်၏ရှေးအဘို့၌ဖြစ်သော သကဒါဂါမိမဂ်ကိုလည်း တစ်ပါးသောမဂ်ကိုတားမြစ်ခြင်းငှာ ဖိုလ်ပုဂ္ဂိုလ်ဖြင့်အထူးပြု၍ သကဒါဂါမိမဂ်ဟုဆိုအပ်ပါသတည်း။ အနာဂါမိမဂ်ပုဂ္ဂိုလ်ကိုလည်း ဤသကဒါဂါမိမဂ်ပုဂ္ဂိုလ်ကဲ့သို့ပင် မှတ်အပ်၏။

သကဒါဂါမိမဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် စိတ္တက္ခဏတစ်ချက်သာရှိ၍ ပဋိသန္ဓေနေသောအားဖြင့် တစ်ကြိမ် ဤလူ့ဘုံသို့ မလာနိုင်သောကြောင့် သကဒါဂါမိမဂ်ပုဂ္ဂိုလ်အနေဖြင့် အထူးပြုလျက် ဆို၍မရပါ။ ထို့ကြောင့် *သကဒါဂါမိမဂ်ကို ပထမ၊ တတိယ၊ စတုတ္ထမဂ်တို့မှထူးစေခြင်းငှာ ဖလဋ္ဌာန်ပုဂ္ဂိုလ်အနေဖြင့် အထူးပြု၍ ဖလူပစာအားဖြင့် သကဒါဂါမိမဂ်ဟု ဆိုခြင်းဖြစ်ပါသည်။*

**မေး။** မဂ်သည်ဖိုလ်ပုဂ္ဂိုလ်မဖြစ်ခြင်းကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်မဂ်ဟူ၍ မဆိုသင့်ပါ၊ အဘယ့်ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ် (ဖိုလ်ပုဂ္ဂိုလ်) ဖြင့် အထူးပြု၍ သကဒါဂါမိမဂ္ဂစိတ္တံ ဟု ဆိုပါသနည်း။

**ဖြေ။** အထက် နှစ်ပိုဒ် ကြိုက်ရာဖြေပါ။

၃။ **အနာဂါမိမဂ်စိတ်** ( ပဋိသန္ဓိဝသေန ဣမံ ကာမဓာတုံ န အာဂစ္ဆတီတိ အနာဂါမိ) = ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့ မလာတတ်သောကြောင့် အနာဂါမိ (အနာဂါမ်ပုဂ္ဂိုလ်) မည်၏။ ထိုအနာဂါမ်ပုဂ္ဂိုလ်၏မဂ်သည် အနာဂါမိမဂ်မည်၏။

ထိုအနာဂါမိပုဂ္ဂိုလ်၏ မင်္ဂနှင့်ယှဉ်သောစိတ်ဖြစ်သောကြောင့် အနာဂါမိမဂ်စိတ်ဟု ခေါ်သည်။

ကာမရာဂ + ဗျာပါဒတည်းဟူသော ကိလေသာသံယောဇဉ်နှစ်မျိုးတို့ကို အကြွင်းမရှိ အမြစ်ပြတ် ပယ်၏။

၄။ အရဟတ္တမဂ်စိတ်

မြတ်သော အလှူကို ခံထိုက်သည်ဖြစ်၍ ပူဇော်အထူးကို ခံခြင်းငှာ ထိုက်တော်မူသောကြောင့် အရဟာ မည်၏။

တစ်နည်း – ဤပုဂ္ဂိုလ်သည် ကိလေသာဟုဆိုအပ်ကုန်သော ရန်သူတို့ကို သတ်အပ်ကုန်၏။ ဤသို့သတ်အပ်သော ကိလေသာရန်သူရှိသောကြောင့် အရ + ဟာ မည်၏။

တစ်နည်း – ဤပုဂ္ဂိုလ်သည် သံသရာစက်၏ အကန့်ဖြစ်ကုန်သော ကိလေသာတို့ကို ဖျက်ဆီးအပ်ကုန်၏။ ဤသို့ ဖျက်ဆီးအပ်သော သံသရာအကန့်ရှိသောကြောင့် အရ+ဟာ မည်၏။

တစ်နည်း – မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာအရပ်မရှိသောကြောင့် ရှစ်ယောက်မြောက်သော အရိယာပုဂ္ဂိုလ်သည် အ+ရဟာ မည်၏။

(အရဟာပုဒ် အားလုံးအတွက် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကို ရ၏။)

ထိုအရဟာ (ရဟန္တာပုဂ္ဂိုလ်၏) မင်္ဂနှင့်ယှဉ်သော စိတ်ဖြစ်သောကြောင့် အရဟတ္တမဂ်စိတ်မည်၏။

ထိုအရဟာ (ရဟန္တာပုဂ္ဂိုလ်၏) ဖိုလ်နှင့်ယှဉ်သော စိတ်ဖြစ်သောကြောင့် အရဟတ္တဖိုလ်စိတ် မည်၏။

ကြွင်းသော ရူပရာဂ + အရူပရာဂ + မာန+ ထိန+ ဥဒ္ဓစ္စ+ အဟိရိက+ အနောတ္တပ္ပ + အဝိဇ္ဇာတည်းဟူသော ကိလေသာသံယောဇဉ်အားလုံးကို ပယ်၏။

## မဂ်လေးမျိုးပြားရခြင်း

ဤသို့လျှင် မဂ်သည် (ကိလေသာတို့ကိုပယ်ရာ၌ သဒ္ဓါစသော ဣန္ဒြေတို့၏ မထက်သည်၏အဖြစ်၊ ထက်သည်၏အဖြစ်၊ အထူးသဖြင့် ထက်သည်၏အဖြစ်၊ အလွန်အထူးသဖြင့်ထက်သည်၏အဖြစ်ဟု ဆိုအပ်သော သတ္တိပြား၍) ကိလေသာသံယောဇဉ်တို့ကို အသီးသီးပယ်ခြင်းကိစ္စထူးသောကြောင့် မဂ်လေးမျိုးပြားရသည်။ (ဋီ၊ မြန် အောက်ခြေမှတ်ချက်)

သောတာပတ္တိမဂ်စိတ်သည် သဒ္ဓါစသောဣန္ဒြေတို့ နုသေး၍ (မရင့်ကျက်၊ မထက်သေး၍) ဒိဋ္ဌိ+ဝိစိကိစ္ဆာကိုသာ ပယ်နိုင်သေး၏။ သကဒါဂါမိမဂ်စိတ်သည် ဣန္ဒြေအနည်းငယ်ရင့်၍ (ထက်သည်ဖြစ်၍) ကာမရာဂ+ ဗျာပါဒနှင့်မောဟတို့ကို ခေါင်းပါးစေနိုင်၏။ အမြစ်ပြတ်ကား မပယ်နိုင်သေး။ အနာဂါမိမဂ်သည် ဣန္ဒြေပိုရင့်လာပြီး (အထူးသဖြင့်ထက်သည်ဖြစ်၍) ကာမရာဂ+ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်နိုင်၏။ အရဟတ္တမဂ်စိတ်သည် ဣန္ဒြေအလွန်ရင့်ပြီး (အထက်မြက်ဆုံးဖြစ်၍) ကြွင်းသော ကိလေသာ+သံယောဇဉ်တို့ကို အကုန်ပယ်နိုင်၏။ ဤသို့ ပယ်ပုံကိစ္စ လေးမျိုးပြား၍ မဂ်စိတ် ၄-မျိုးပြားရသည်။

ထိုမဂ်စိတ် ၄-ပါးအားလျော်စွာ ဖိုလ်လေးပါးဖြစ်သည်မှာ မဂ်ဖြင့် ကိလေသာမီးတို့ကို အပြီးတိုင်ငြိမ်းအေးအောင် သတ်ပြီးဖြစ်သော်လည်း ကိလေသာအခိုးအငွေ့ အပူရှိန်လေးများကို တစ်ဖန်ငြိမ်းစေသည်၏အစွမ်းဖြင့် မဂ်အားလျော်စွာ ဖြစ်ပါသည်။ မီးပုံကြီးကို တစ်ဖန်ပြန်၍ မတောက်လောင်နိုင်အောင် သတ်ပြီးဖြစ်သော်လည်း အပူရှိန်နှင့်အခိုးအငွေ့များ ကျန်ရှိနေသေးသည်၊ ထိုအပူရှိန်လေးများကား တဖြည်းဖြည်းမှ ငြိမ်းအေးသည်။ ဖိုလ်သည် ကိလေသာ အခိုးအငွေ့လေးများကို တဖြည်းဖြည်း ငြိမ်းအေးစေသည်။

## လောကုတ္တရာ၌ ကြိယာစိတ်မရှိ

မဂ် (ကုသိုလ်)စိတ်သည် တစ်ကြိမ်တည်း (စိတ္တက္ခဏတစ်ချက်တည်း)ဖြင့် ကိလေသာတို့ကို အပြီးတိုင်ငြိမ်းအောင် သတ်လိုက်နိုင်ပြီးဖြစ်၍ လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိတော့ပါ။

မဂ်ကုသိုလ်စိတ်သည် လောကီကုသိုလ်စိတ်ကဲ့သို့ အကြိမ်ကြိမ်အဖန်ဖန် ဖြစ်လျှင် လောကုတ္တရာစိတ်၌ ကြိယာစိတ်ရှိသင့်ရာ၏။ မဂ်စိတ်သည် တစ်ကြိမ်သာ ဖြစ်၍ ကိလေသာကို အကြွင်းမဲ့ဖြတ်သည်၏အစွမ်းဖြင့်သာလျှင် ရအပ်သောကြောင့်လည်းကောင်း တစ်ကြိမ်မျှသာဖြစ်သော ထိုမဂ်စိတ်သည် အရှိန်ပြင်းစွာ တစ်ကြိမ်တည်း ပစ်လိုက်သော မိုးကြိုးသည် သစ်ပင်နှင့်အမြစ်စသည်ကိုပါ ပြန်လည်မရှင်နိုင်ရန် ဖျက်ဆီးပစ်လိုက်နိုင်သကဲ့သို့ ထိုကိလေသာတို့၏ တစ်ဖန်မဖြစ်ခြင်းကို ပြီးစေနိုင်သောကြောင့်လည်းကောင်း၊ တစ်ဖန်ဖြစ်သော်လည်း ပြုဖွယ် ပယ်ဖွယ် ကိစ္စမရှိသောကြောင့်လည်းကောင်း၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာ

နေခြင်းအကျိုးငှာ ဖလသမာပတ်၏ နိဗ္ဗာန်အာရုံရှိသည်၏အစွမ်းဖြင့် ဖြစ်သော ကြောင့်လည်းကောင်း တစ်ခါတရံမျှလည်း သေက္ခ အသေက္ခပုဂ္ဂိုလ်တို့အား မဖြစ်၊ ထို့ကြောင့် ခမ်သိမ်းသော အခြင်းအရာအားဖြင့် လောကုတ္တရာကြိယာစိတ် မရှိနိုင်ပါ။ (ဋီ၊ မြန်)

**ရှင်းဦးအံ့။** ။ ကာမကုသိုလ်+မဟဂ္ဂုတ်ကုသိုလ်တို့သည် အကြိမ်များစွာဖြစ်၏။ ထိုကုသိုလ်တို့သည် ဘုရား+ရဟန္တာတို့သန္တာန်၌ဖြစ်သောအခါ ကြိယာအနေဖြင့် ဖြစ်ကြ၏။ ဘုရား+ရဟန္တာတို့သည် ကာမကုသိုလ် မဟဂ္ဂုတ် ကုသိုလ်တို့ကို သတ္တဝါဝေနေယျတို့၏အကျိုးငှာ ပြုကာမတ္တ (ကြိယာ) သဘောဖြင့် ပြုတော်မူသေး၏။ မဂ်(ကုသိုလ်)ဖြင့် ကိလေသာပယ်ခြင်းကိစ္စမှာ မိမိ၏ အဇ္ဈတ္တ သန္တာန်၌ရှိသော အကုသိုလ်ကို ပယ်ခြင်းသာဖြစ်၏။ သတ္တဝါဝေနေယျတို့နှင့် မဆိုင်၊ ထိုသို့ပယ်ရာ၌လည်း အင်အားပြင်း ထန်သောမိုးကြိုးသည် တစ်ချက်တည်းဖြင့် သစ်ပင်၏ ပင်စည်ရော၊ အမြစ်ပါမကျန် လောင်ကျွမ်းခြောက်သွေ့သွားစေသကဲ့သို့ တစ်ချက်တည်းဖြင့် ဆိုင်ရာအကုသိုလ်ကို အမြစ်ပြတ်ပယ်နိုင်၍ နောက်ထပ်ပြုဖွယ် ဖြစ်ဖွယ် မလိုတော့ပေ။

အကယ်၍ မဂ် (ကုသိုလ်) စိတ်တစ်ကြိမ်မက အကြိမ်များစွာဖြစ်လျှင်ကား အရိယာပုဂ္ဂိုလ်တို့အတွက် လောကုတ္တရာကြိယာစိတ် ရှိနိုင်သည်။ သို့သော် (မဂ်ကုသိုလ်) စိတ်လည်း တစ်ကြိမ်ထက် ပိုမဖြစ်၊ အရိယာပုဂ္ဂိုလ်တို့၏ အဆုံး ပန်းတိုင်ဖြစ်သော ဒုက္ခခပ် သိမ်းတို့၏ ငြိမ်းရာနိဗ္ဗာန်ကို အာရုံပြု၍ လက်ရှိဘဝ ကိုယ်ခန္ဓာ၏ ချမ်းသာစွာ နေဖို့ရန်အတွက်လည်း ဖိုလ်ကို အကြိမ်ကြိမ်ဝင်းစားခြင်း (ဖလသမာပတ်ဖြင့်) ပင် ကိစ္စပြီးနေသောကြောင့် ကြိယာစိတ်ဖြစ်ဖွယ် မလိုတော့ပြီ။

**လင်္ကာ။** ။ [၁]ကိရိယာ နုတ္တရ၊ အနုဒ္ဓဆရာ၊ စိတ်သင်္ချာရေး မထုတ်၊ ထွေးရှုပ်စရာ၊
မဂ်ကိစ္စတစ်ကြိမ်သာ၊ ဖြစ်မြဲသာမှန်ဘိ၊ ကျမ်းဋီကာ၊ အမှာရေးတယ်၊
တွေးဆသတိ။

* ကာမစိတ်များသည် ကာမဘုံ၌သာဖြစ်သည်မဟုတ်၊ အခြားသော ရူပ အရူပ ဘုံတို့၌လည်း ဖြစ်သေး၏။ ထိုသို့ အခြားသောဘုံတို့၌ ဖြစ်သောအခါ ရူပစိတ် ရူပစိတ် အရူပစိတ်ဟု ခေါ်ဆိုရမည်လော။

---

၁။ ကိရိယာနုတ္တရ = ကိရိယ + အနုတ္တရာ = ကိရိယာ၊ ကြိယာစိတ်+အနုတ္တရ လောကုတ္တရာစိတ်။

ကာမတဏှာ၏ အာရုံဖြစ်သောစိတ်ဖြစ်၍ ကာမဘုံ၌ အကျုံးဝင်သော စိတ်ဟု ဆိုခြင်းဖြစ်သည်။ အခြားဘုံ၌ဖြစ်သော်လည်း ကာမတဏှာ၏အာရုံဖြစ်သော စိတ်အဖြစ်မှ မပြောင်းလဲသဖြင့် ကာမစိတ်ဟူ၍သာ ခေါ်ရသည်။ လူမိန်းမဝမ်းမှ မွေးသောတိရစ္ဆာန်သည် လူမှမွေးသော်လည်း တိရစ္ဆာန်မျိုး၌ အကျုံးဝင်သောကြောင့် တိရစ္ဆာန် ဟူ၍သာ ခေါ်ရသည်။

အကြောင်းတရားမဂ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားသည် (ဖလ) ဖိုလ် မည်၏။ ယင်းဖိုလ်စိတ်သည်လည်း အကြောင်းတရားမဂ်အားလျော်စွာ လေးပါးပင် ပြားရ၏။ (ဋီ၊ မြန်၊ မှတ်ချက်)

## လောကုတ္တရာစိတ်အကျဉ်းမှ အကျယ်ဖြစ်လာပုံ

လောကုတ္တရာမဂ်+ဖိုလ်ရဖို့ရန် (၁) သင်္ခါရတရားတို့ကို အနိစ္စ+ဒုက္ခ+ အနတ္တဟု ဝိပဿနာသက်သက်ရှုသော (ဝိပဿနာနိယာမပုဂ္ဂိုလ်၏)အစွမ်းဖြင့် လောကုတ္တရာစိတ်အကျဉ်း ၈-ပါးဖြစ်ပြီး၊ (အကျယ် ၄၀ ဖြစ်ရာ၌) -

(၁) ဈာန်ကို အခြေခံအားဖြင့် ဝင်စားခြင်း၊ (၂) ဈာန်ကို သုံးသပ်ခြင်း၊

(၃) အလိုဆန္ဒအလျောက် ဈာန်ကိုတောင့်တခြင်း- တို့ကိုပြုပြီးမှ မဂ်+ဖိုလ်ရအောင်အားထုတ်သော (ဈာနနိယာမ) ပုဂ္ဂိုလ်တို့အား ထိုဝင်စား+ သုံးသပ်+တောင့်တသည့်ဈာန်များနှင့်တကွ မဂ်ဖိုလ်စိတ်များ ဖြစ်ပေါ်လာသည်။ ဈာန်သည် ငါးမျိုးရှိ၍ ငါးမျိုးလုံးပင် ရနိုင်သည်။ ထို့ကြောင့် လောကုတ္တရာစိတ် ၈-ပါးကို ဈာန်ငါးမျိုးနှင့်ပွားသော် (၈×၅=၄၀) လောကုတ္တရာစိတ် အကျယ် လေးဆယ်ဖြစ်လာရသည်။

**ပထမဈာန သောတာပတ္တိမဂ်စိတ် ဟုခေါ်ရပုံ**-ပထမဈာန်နှင့် ဈာန်အင်္ဂါတူသောစိတ်ဖြစ်သောကြောင့် ပဌမဈာန်လည်းဖြစ်, သောတာပတ္တိမဂ်စိတ်လည်း ဖြစ်သောကြောင့် ပထမဈာန သောတာပတ္တိမဂ်စိတ် မည်၏။

၁။ **ပါဒကဈာန်** ဟူသည် (ဈာန်ကို **အခြေခံ**အားဖြင့် ဝင်စားပြီးမှ
သင်္ခါရတရားတို့ကို အနိစ္စ+ဒုက္ခ+အနတ္တရှုကာ မဂ်ရခြင်း)

အကြင်ဈာန်ကို ဝင်စားပြီးမှ မဂ်စိတ်ဖြစ်အံ့၊ မဂ်စိတ်ဖြစ်ကြောင်း အခြေခံဖြစ်သော ထိုဈာန်သည် ပါဒကဈာန်မည်၏။

ပါဒက(အခြေခံ)ဈာန် ဟူသည် ပထမဈာန်စသော ဈာန်တစ်မျိုးမျိုးကို အခြေခံအနေဖြင့် အရင်ဝင်စား၏။ ထို့နောက် ထိုဈာန်မှထ၍ သင်္ခါရတရားတို့ကို အနိစ္စ+ဒုက္ခ+အနတ္တအားဖြင့် ရှု၏။ ထိုသို့ရှုသောအခါ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်

ဖြစ်၏။ ထိုအခြေခံဝင်စားအပ်သောဈာန်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာဖြစ်ကြောင်း အခြေခံဖြစ်သောကြောင့် ပါဒကဈာန် မည်၏။

ငင်းပုဂ္ဂိုလ်အတွက် ထိုပါဒကပြု၍ ဝင်စားခဲ့သောဈာန်နှင့်အတူ မဂ်ဖိုလ်များ ဖြစ်လာ၏။

(သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် ၂-ပါးကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ဟု ခေါ်သည်။ မဂ်ဖိုလ်သို့ ကေန်အရောက်ပို့မည့်ဉာဏ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဟု ခေါ်သည်။ ထို့ကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်သို့ ရောက်လျှင် မဂ်+ဖိုလ်သို့ ရောက်သည်နှင့်တူ၏။)

ဝုဋ္ဌာန= မဂ်သို့၊ ဂါမိနီ = အရောက်ပို့တတ်သောဉာဏ်။

## ၂။ သမ္မသိတဈာန် (သုံးသပ်အပ်သောဈာန်)

အကြင်ဈာန်ကိုသုံးသပ်၍ မဂ်စိတ်ဖြစ်ပေါ်လာ၏။ ထိုသုံးသပ်အပ်သော ဈာန်သည် သမ္မသိတဈာန်မည်၏။

အခြေခံ (ပါဒက) ဈာန်တစ်မျိုးမျိုးကို မဝင်စားဘဲ ရရှိပြီးသော ဈာန်တစ်မျိုးမျိုး ကိုပင် အနိစ္စ+ဒုက္ခ+အနတ္တ အနေဖြင့် သုံးသပ်၏။ ထိုသို့သုံးသပ်၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သို့ ရောက်၏။ ထိုဈာန်ကို သမ္မသိတဈာန်ဟု ခေါ်သည်။ ၎င်းပုဂ္ဂိုလ် အတွက် ထိုသုံးသပ်အပ်သော ဈာန်နှင့်အတူ မဂ်ဖိုလ်များဖြစ်လာ၏။

## ၃။ ပုဂ္ဂလဇ္ဈာသယဈာန် (ပုဂ္ဂိုလ်၏အလိုဆန္ဒအတိုင်း ဖြစ်လာသောဈာန်)

ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော ဈာန်နှင့်စပ်သော အလိုဆန္ဒသည် ပုဂ္ဂလ ဇ္ဈာသယမည်၏။

ပဌမဈာန်နှင့်တူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော မဂ်ဖြစ်ပါမူ ငါ့အား ကောင်းလေစွဟုလည်းကောင်း၊ တစ်နည်း - ဒုတိယဈာန် အစရှိသည်တို့တွင် တစ်ပါးပါးသော ဈာန်နှင့်တူသော လေးပါးသောအင်္ဂါစသည်အပြားရှိသော မဂ်သည် ငါ့အား ဖြစ်ပါမူ ကောင်းလေစွဟု ဤသို့ ယောဂီပုဂ္ဂိုလ်၏ ဖြစ်စေလိုသောအလိုသည် ပုဂ္ဂလဇ္ဈာသယ မည်၏။

ထိုသုံးမျိုးတို့တွင် အကြင်သူသည် ပဥ္စမဈာန်အစရှိသည်တို့တွင် တစ်ပါးပါး သော ဈာန်ကို ဝင်စားပြီး၍ ထိုဈာန်မှထ၍ ပြိုးပြွမ်းသော သင်္ခါရတို့ကို သုံးသပ်၍ မဂ်ကို ဖြစ်စေအပ်၏။ ထိုပုဂ္ဂိုလ်၏ ထိုဖြစ်ပေါ်သောမဂ်သည် ပဌမဈာန်

အစရှိသည်တို့တွင် ထိုထိုပါဒကဈာန်နှင့် တူစွာသာ ဖြစ်၏။ အကယ်၍ ဝိပဿနာ၏ အခြေဖြစ်သော တစ်ခုခုသော ဈာန်သည် မရှိ။ သက်သက်ပထမဈာန် အစရှိသည် တို့တွင် တစ်ပါးပါးသော ဈာန်ကို သုံးသပ်၍ မဂ်ကိုဖြစ်စေအပ်၏။ ထိုယောဂီပုဂ္ဂိုလ်၏ ထိုမဂ်သည် သုံးသပ်အပ်သော ဈာန်နှင့်တူစွာဖြစ်၏။

အကြင်အခါ၌ အမှတ်မရှိသော ဈာန်ကို ဝင်စား၍ ထိုဈာန်မှထ၍ ဈာန် တစ်ပါးပါးကို သုံးသပ်၍ မဂ်ကို ဖြစ်စေအပ်၏။ ထိုအခါ ပုဂ္ဂိုလ်၏အလိုအစွမ်းဖြင့် နှစ်ပါးသော ပါဒကဈာန်,သမ္မသိတဈာန်တို့တွင် တပါးပါးသော ဈာန်နှင့် တူရ၏။ ယောဂီပုဂ္ဂိုလ်အား ထိုသို့သဘောရှိသောအလိုသည် အကယ်၍မရှိအံ့။ အောက် အောက်ဈာန်မှထ၍ အထက်ထက်ဈာန် တရားတို့ကို သုံးသပ်၍ ဖြစ်စေအပ်သော မဂ်သည် ပါဒကဈာန်ကို မငဲ့မူ၍ သုံးသပ်အပ်သော ဈာန်နှင့်တူ၏။

အထက်ထက်ဖြစ်သော ဈာန်မှထ၍ အောက်အောက်ဖြစ်သော ဈာန်တရား တို့ကို သုံးသပ်၍ ဖြစ်စေအပ်သော မဂ်သည် သုံးသပ်အပ်သော ဈာန်ကို မငဲ့မူ၍ ပါဒကဈာန်နှင့်တူစွာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အောက်အောက်ဖြစ်သော ဈာန်ထက် အထက်အထက်ဖြစ်သောဈာန်သည် အားအလွန်ကြီးသောကြောင့် တည်း။

တရားရှုသည့် ယောဂီပုဂ္ဂိုလ်သည် ဈာန်တစ်မျိုးမျိုးကို ပါဒကဈာန်အနေဖြင့် ဝင်စား၏။ ထိုဈာန်မှထ၍ သမ္မသိတဈာန်အနေဖြင့် ဈာန်တစ်မျိုးမျိုးကို သုံးသပ် ပြန်၏၊ ထိုနှစ်မျိုးဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်မှတစ်ဆင့် မဂ်၊ ဖိုလ် ရလာ သောအခါ (ပုဂ္ဂိုလ်၏ အလိုဆန္ဒအတိုင်း) ပါဒကဈာန်နှင့်ဖြစ်စေ၊ သမ္မသိတဈာန်နှင့် ဖြစ်စေ မဂ်ဖိုလ်တို့ ဖြစ်လာခြင်းကို ပုဂ္ဂလဇ္ဈာသယဈာန် ဟုခေါ်သည်။

ဥပမာ။ ။ ပါဒကဈာန်အနေဖြင့် ဒုတိယဈာန်ကိုဝင်စား၏။ သမ္မသိတဈာန်အနေဖြင့် ပထမဈာန်ကို အနိစ္စ+ဒုက္ခ+အနတ္တအနေဖြင့် သုံးသပ်၏။ ထိုသို့ ဝင်စားသုံးသပ်၍ မဂ်ဖိုလ်ရသောအခါ ပွားများသူ၏ဆန္ဒက သမ္မသိတဈာန်နှင့်တူသော ပထမဈာန်ကို လိုချင်လျှင် ပထမဈာန်နှင့်တကွ မဂ်ဖိုလ်ကိုရ၏။

အကယ်၍ ပွားများသူယောဂီပုဂ္ဂိုလ်က ထိုဈာန်နှစ်မျိုးအနက် မည်သည့် ဈာန်ကို ရလိုသည် ဟူသော ရလိုမှု သတ်မှတ်ချက်မထားဘဲ (ရချင်တဲ့ ဈာန်ရ ပါစေ) ဆိုလျှင် ဈာန်နှစ်မျိုးတွင် အဆင့်မြင့်သည့် အထက်ဈာန်သာ အဆင့်နိမ့်သည့်

အောက်ဈာန်ထက် အားကြီးသောကြောင့် အဆင့်မြင့်ဈာန်သည်သာ မဂ်ဖိုလ်တို့နှင့် အတူ ဖြစ်ပေါ်လာ၏။

(ဤသို့ ပါဒကဈာန်+သမ္မသိတဈာန်+ပုဂ္ဂလဇ္ဈာသယဈာန် စသည်တို့ဖြင့် ဝင်စား+သုံးသပ်၍ ရလာသော မဂ်+ဖိုလ်တို့သည် ဈာန်နှင့်တစ်ပါတည်း ပွား လာသော မဂ်ဖိုလ်များဖြစ်သောကြောင့် လောကုတ္တရာစိတ်အကျယ် လေးဆယ် ဖြစ်လာရသည်။)

## ဈာန်ဝင်စားခြင်း၊ ဈာန်မှထခြင်း

ဈာန်ဝင်စားခြင်း ဆိုသည်မှာ ဘဝင်မခြားဘဲ ဈာန်စိတ်များ ဆက်တိုက် ဖြစ်ပေါ်နေခြင်းကို ဆိုသည်။ ဈာန်စိတ်အဆက်ပြတ်၍ ဘဝင်စိတ်များ ဖြစ်ပေါ်လာ ခြင်းကို ဈာန်မှထသည် ဟု ဆိုသည်။

မှတ်ချက်။ ။ လောကုတ္တရာစိတ်အကျဉ်း ၈-ပါး၌ သောမနဿ+ ဥပေက္ခာ အထူးမဆို၍ အကြွင်းမရှိသောအနက်ကို သိအပ်သောကြောင့် သောမနဿ+ဥပေက္ခာနှစ်မျိုးလုံး ဖြစ်သင့်သည်။အကျယ် (၄၀) ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာနိယာမ၏အစွမ်းဖြင့် ဝေဒနာကို မှတ်ရမည်။ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် သည် သောမနဿနှင့်ယှဉ်လျှင် မဂ်ဖိုလ်တို့လည်း သောမနဿဖြစ်၏။ ဥပေက္ခာနှင့် ယှဉ်လျှင် မဂ်ဖိုလ်တို့လည်း ဥပေက္ခာဖြစ်ရ၏။

(မဂ်ရခါနီး ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်သို့ ရောက်သောအခါ အလွန် နှစ်သက်ဝမ်းမြောက်မှုများ ဖြစ်ပေါ်လာသဖြင့် သောမနဿသာအဖြစ် များ၏။ ဥပေက္ခာဈာန်ကို သီးသန့်ဝင်စားသုံးသပ်သူအတွက်သာ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်အခိုက်တွင် ဥပေက္ခာဖြစ်သည်။) လော ကု = သောမနဿ ၃၂ + ဥပေက္ခာ ၈ = ပေါင်း ၄၀-ဖြစ်သည်။

## ပထမဈာန်နှင့်တူသော မဂ်ကိုသာ ရခွင့်ရှိသော ပုဂ္ဂိုလ်များ

၁။ သုက္ခဝိပဿက = ဈာန်အစေးမှ ခြောက်သောပုဂ္ဂိုလ်။
(ဈာန်မရဘဲ သင်္ခါရတရား (ကာမတရား) သက်သက်ကိုသာ သုံးသပ် ဆင်ခြင်၍ မဂ်ကိုရသောအရိယာပုဂ္ဂိုလ်။)

၂။ ဈာန်ရသော (ဈာနလာဘီ) ပုဂ္ဂိုလ်ဖြစ်သော်လည်း ဈာန်ကိုမဝင်စား+ မသုံးသပ်ဘဲ ကာမတရားတို့ကိုသာ အနိစ္စ+ဒုက္ခ+အနတ္တ ရှု၍ မဂ်ရသော အရိယာပုဂ္ဂိုလ်။

၃။ ပထမဈာန်ကို ဝင်စားသော ဈာန်ရသော (ဈာနလာဘီ) အရိယာပုဂ္ဂိုလ်။
၄။ ဈာန်ကို မဝင်စားဘဲ ပထမဈာန်ကို အနိစ္စ+ဒုက္ခ+အနတ္တ စသည်သုံးသပ်၍ မဂ်ရသော ဈာနလာဘီ အရိယာပုဂ္ဂိုလ်။
၅။ ပထမဈာန်ကိုသာ ဝင်စားခြင်း+သုံးသပ်ခြင်းပြုသော ဈာနလာဘီ အရိယာပုဂ္ဂိုလ်။

**၁။ သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်၏ ဈာနင်ဖြစ်ပုံ**

သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်အား- ပါဒကဈာန် အစရှိသည်တို့၏မရှိသဖြင့် ထိုပါဒကဈာန် စသည်တို့၏အစွမ်းဖြင့် မှတ်ခြင်းမရှိသောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမှတ်ခြင်းဖြင့်သာလျှင် ဈာန်အင်္ဂါ၅ပါးရှိသော ပဉ္စမဈာန်မဂ်ဖြစ်၏။

၂။ ဈာန်ရသော်လည်း ဈာန်ကိုအခြေမပြု၊ ပြိုးပွမ်းသော သင်္ခါရတို့ကို သုံးသပ်၍ ဖြစ်သောမဂ်သည်လည်း ဝိပဿနာမှတ်ခြင်းဖြင့် ဈာန်အင်္ဂါ၅ပါးရှိ၏။ ( ၃/၄/၅ သိသာပြီ )

စိတ်အကျဉ်း၌ ကုသိုလ်စိတ် ၂၁-ပါး/အကျယ်၌ ကုသိုလ်စိတ် ၃၇-ပါး စိတ်အကျဉ်း၌ ဝိပါက်စိတ် ၃၆-ပါး/အကျယ်၌ ဝိပါက်စိတ် ၅၂-ပါး။

စိတ်တို့ကို အကြောင်းစိတ်၊ အကျိုးစိတ်၊ အကြောင်းအကျိုးနှစ်ပါးမှ လွတ်သော စိတ်အားဖြင့် ခွဲခြားသော် -

| | | |
|---|---|---|
| ကုသိုလ်+အကုသိုလ်စိတ်များကား | = | အကြောင်းစိတ် |
| ဝိပါက်စိတ်များကား | = | အကျိုးစိတ် |
| ကြိယာစိတ်များကား | = | ကြောင်း+ကျိုးနှစ်ပါးမှ လွတ်သော စိတ်တို့ ဖြစ်သည်။ |

**စိတ်ပိုင်း ဋီကာအဖွင့် ပြီး၏။**

♦ ♦ ♦

# စေတသိက်ပိုင်း

## စေတသိက်လက္ခဏာလေးပါး

၁။ **ဧကုပ္ပါဒ** = စိတ်နှင့်အတူဖြစ်ခြင်း။
(စိတ်ဖြစ်လျှင် ဆိုင်ရာစေတသိက်များလည်း ဖြစ်ကြသည်၊ ထိုသို့ အတူ ဖြစ်ခြင်းကို ဧကုပ္ပါဒ ဟူ၍ ခေါ်၏။)

၂။ **ဧကနိရောဓ** = စိတ်နှင့်အတူ ချုပ်ပျက်ခြင်း။
(စိတ်ချုပ်လျှင် ဆိုင်ရာစေတသိက်များလည်း ချုပ်ပျက်ကြသည်၊ ထိုသို့ ပြိုင်တူ ချုပ်ပျက်သည်ကို ဧကနိရောဓ ဟု ခေါ်သည်။)

၃။ **ဧကာလမ္ဗဏ** = စိတ်နှင့်တူသော အာရုံရှိခြင်း။
(စိတ်သည် ရူပါရုံကို အာရုံပြုသော် ဆိုင်ရာစေတသိက်လည်း ရူပါရုံကိုပင် အာရုံပြု၏။ ထိုသို့ အာရုံပြုခြင်းတူသည်ကို ဧကာလမ္ဗဏဟု ခေါ်သည်။)

၄။ **ဧကဝတ္ထုက** = စိတ်နှင့် မှီရာဝတ္ထုတူခြင်း။
(စိတ်သည် စက္ခုဝတ္ထုကို မှီသော်၊ ဆိုင်ရာစေတသိက်လည်း စက္ခုဝတ္ထု ကိုပင် မှီ၏။ ဤသို့ မှီရာခြင်းတူသဖြင့် ဧကဝတ္ထုက ဟု ခေါ်သည်။)

အကြင်စေတသိက်တို့အား စိတ်နှင့်တကွ တစ်ပေါင်းတည်းဖြစ်ခြင်းသည် လည်းကောင်း၊ ချုပ်ခြင်းသည်လည်းကောင်း ရှိသောကြောင့် ထိုစေတသိက်တို့သည် **ဧကုပ္ပါဒနိရောဓ** မည်၏။

အကြင်စေတသိက်တို့အား စိတ်နှင့်တူသော အာရုံသည်လည်းကောင်း၊ တူသော မှီရာသည်လည်းကောင်း ရှိသောကြောင့် ထိုစေတသိက်တို့သည် **ဧကာလမ္ဗဏဝတ္ထုက** မည်ကုန်၏။

စိတ်နှင့်တူသော ဖြစ်မှုရှိခြင်း၊ စိတ်နှင့်တူသော ချုပ်မှုရှိခြင်း၊ စိတ်နှင့်တူသော အာရုံရှိခြင်း၊ စိတ်နှင့်တူသော မှီရာရှိခြင်း ဤအင်္ဂါလေးချက်စလုံး ပြည့်စုံမှ စေတသိက်မည်၏။ တစ်ပါး နှစ်ပါးစသည် ပြည့်စုံရုံနှင့် စေတသိက် အမည်မရနိုင်။

### ဧကနိရောဓသဒ္ဒါဖြင့် ဆောင်ရှက်မှု၊ သိစေမှု

စိတ္တဇရုပ်+ကမ္မဇရုပ်တို့သည် ဧကုပ္ပါဒ = စိတ်နှင့်အတူဖြစ်ကြသော်လည်း ဧကနိရောဓ = အတူချုပ်မှုမရှိသောကြောင့် စေတသိက်အမည်မရနိုင်။ ထို့ကြောင့်

ကေနိရောဓ–သဒ္ဒါဖြင့် စိတ္တဇရုပ် ကမ္မဇရုပ်တို့သည် စေတသိက်အမည် မရဟု တားမြစ်လိုက်သည်။

စိတ္တဇရုပ်+ကမ္မဇရုပ်တို့သည် ရုပ်တရားဖြစ်သည့်အတိုင်း စိတ္တ ဏ ၁၇–ချက်ပြည့်မှ တစ်ခါချုပ်၏။ စေတသိက်(နာမ်)တရားသည် စိတ္တလက္ခဏာ တစ်ချက်လျှင် တစ်ခါချုပ်သဖြင့် အတူချုပ်ခြင်း ကေနိရောဓလက္ခဏာ မရပေ။

## ကောလမ္ဗဏသဒ္ဒါဖြင့် ဆောင်ရွက်မှု၊ သိစေမှု ၂–ပါးသည်

(ကာယဝိညတ်ရုပ်+ဝစီဝိညတ်ရုပ်) (ရုပ်သက်၊ နာမ်သက်တို့၏ သက်တမ်းအတိုင်း စိတ်နှင့် ခဏငယ်သုံးချက်ဖြင့် သက်တမ်းတူသဖြင့် အတူတကွ ဖြစ်ချုပ်ခြင်း ကေပ္ပါဒ+ကေနိရောဓ လက္ခဏာ ၂–ချက်ရနိုင်သော်လည်း ရုပ်တရားသည် အာရုံကို မယူတတ်သည့် (အနာရမ္မဏ) တရားဖြစ်၍ စိတ်နှင့်တူသောအာရုံ မရှိနိုင်၊ ထို့ကြောင့် ကောလမ္ဗဏသဒ္ဒါဖြင့် ဝိညတ်ရုပ် ၂–ပါးသည်လည်း စေတသိက်မမည်–ဟု တားမြစ်လိုက်သည်။

ကေပ္ပါဒ+ကေနိရောဓ+ကောလမ္ဗဏ– အင်္ဂါသုံးချက်ညီလျှင်ကား တူသောမှီရာရှိသည်ချည်းဟု ပြခြင်းငှာ ကေဝတ္ထုကသဒ္ဒါကို ဆိုပါသည်။

(ရှေ့သုံးပါးရလျှင် ကေဝတ္ထုက ဖြစ်ပြီးသားဖြစ်တော့သည်။)

## စေတသိက် ၅၂–ပါး အဓိပ္ပါယ်ဖွင့်

### အညသမာန်း စေတသိက် ၁၃–ပါး

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး = (စိတ်အားလုံး၌ အမြဲယှဉ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ မည်၏။)

အလုံးစုံသောစိတ်တို့နှင့် ယှဉ်သည်ဖြစ်၍ အရာကျယ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်ကို (စေတသိက်အားလုံးတို့တွင်) ရှေးဦးစွာ ဆိုပါသည်။

ပိဋကပါဠိတော်၌ ဖဿပဉ္စကရာသီကို ရှေးဦးစွာဟော၍ ဖဿစေတသိက်ကို ရှေးဦးစွာမိန့်ဆိုပါသည်။

ဖဿ အာရုံကို တွေ့ထိတတ် (တွေ့ထိသလို ဖြစ်တတ်)သောကြောင့် ဖဿမည်၏။

ဖဿသည် နာမ်တရားဖြစ်လျက် မည်ကဲ့သို့ အာရုံကို တွေ့ထိသနည်းဟူမူ၊

(အာရုံ၌ တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်တတ်သောကြောင့် ဖဿသည် အာရုံကို တွေ့ထိခြင်း လက္ခဏာရှိပါသည်။)

ဥပမာ။ ။ ချဉ်သီးစားသူကို မြင်၍ သွားရည်ယိုခြင်း၊ တံတွေးမျိုးခြင်း၊ အလွန်မြင့်သော သစ်ပင်စသည်တို့၏ ထိပ်ဖျား၌ ကျလုကျချင်း ဖြစ်နေသူကို မြင်၍ ကြောက်ဒူးတုန်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း တို့ကဲ့သို့ ဖြစ်သည်။

ဝေဒနာ အာရုံ၏အရသာကို အစဉ်ခံစားတက်သောကြောင့် ဝေဒနာမည်၏။

စိတ်စေတသိက်တရားအားလုံးပင် အာရုံကို ယူနိုင်ကြ (ခံစားနိုင်ကြ)သည် ဖြစ်ပါလျက် ဝေဒနာကိုသာ အာရုံကို ယူတတ် ခံစားတတ်သည်ဟု ဆိုပါသနည်း ဟူမူ –

ဝေဒနာမှ ကြွင်းသော စိတ် စေတသိက် (သမ္ပယုတ်) တရားတို့သည် အာရုံ၏ အရ သာကို တစ်စိတ်တစ်ဒေသသာ ခံစားနိုင်၏။ ဝေဒနာသည်သာ အာရုံ၏ အရသာကို ပြည့်ပြည့်ဝဝ အစိုးတရအနေအားဖြင့် ခံစားနိုင်သောကြောင့် ဝေဒနာ စေတသိက်ကိုသာ အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိသည်ဟု ဆိုပါသည်။

ဥပမာ။ ။ဝေဒနာ၏ အာရုံခံစားမှုသည် ကောင်းသော ဘောဇဉ်၏ အရသာကို ခံစားသော ပြည့်ရှင်မင်း၏ အလိုရှိတိုင်း စိတ်ကြိုက်ပွဲတော်တည် သည်နှင့် တူ၏။

ဝေဒနာမှ ကြွင်းသောစိတ်+စေတသိက် (သမ္ပယုတ်)တရားတို့၏ ခံစားမှုသည် စားဖိုသည်၏ ဟင်းကိုမြည်းကြည့်သည်နှင့် တူ၏။

သညာ နီ + ညို + ပြာ + ဝါ စသည့် အပြားရှိသော အာရုံကို (နောက်၌ သိခြင်း၏ အကြောင်းဖြစ်သော) အမှတ်ကို ပြု၍ သိတတ်သော ကြောင့် သညာမည်၏။

ဥပမာ။ ။ လက်သမား၊ လှသမားစသည်တို့သည် သစ်စသည်၌ ဖြတ်ရန် ထွင်ရန် မှတ်သကဲ့သို့တည်း။

## အဆက်ဆက်သညာမည်ပုံ

ပထမဆုံးမှတ်လိုက်သော သညာသည် နောက်၌ သိဖို့ရန် အကြောင်းဖြစ်၍ သညာမည်သည်မှာ အထူးပြောဖွယ် မရှိသော်လည်း၊ ပထမဦးဆုံး မှတ်လိုက်သည့် အတိုင်း နောက်မှသိသော ဒုတိယသညာ စသည်တို့သည် အဘယ်သို့ သညာဖြစ်နိုင် ပါသနည်း ဟူမူ –

ဒုတိယသညာသည် တတိယသညာဖြစ်ဖို့ရန်၊ တတိယသညာသည် စတုတ္ထသညာဖြစ်ဖို့ရန် အစဉ်အားဖြင့် နောက်နောက်သညာဖြင့် အမှတ်ပြု၍ သိကြောင်းဖြစ်သောကြောင့် သညာမည်ကြသည်သာ ဖြစ်သည်။

(ဘဝတစ်သက်တာလုံး မမေ့နိုင်စရာအကြောင်းများမှာ သညာအဆက်ဆက်ကြောင့်ဖြစ်သည်။)

**စေတနာ** မိမိနှင့်တကွဖြစ်ဖက် စိတ်+ စေတသိက် (သမ္ပယုတ်) တရားတို့ကို အာရုံ၌ ကျရောက်အောင် စေ့ဆော်တတ်၊ ကောင်းစွာထားတတ်သောကြောင့် စေတနာ မည်၏။ တစ်နည်း ပြုပြင်အပ်ကုန်သော သင်္ခတတရားတို့ကို ပြုပြင်ခြင်း၌ အလွန်အားထုတ်ခြင်းသို့ ရောက်တတ်သောကြောင့်လည်း စေတနာမည်၏။

ဤစေတနာသည် ပြုပြင်ခြင်း၌ အလွန်ပြဋ္ဌာန်းသောကြောင့် ဝိဘင်းကျမ်း၌လည်း ''သင်္ခတံ ။ ပ ။ သင်္ခါရာ'' ဟု ဟောတော်မူပြီး၍ ''စက္ခုသမ္ဖဿဇာ စေတနာ'' စသည်ဖြင့် ညွှန်ပြတော်မူအပ်၏။

ဥပမာ။ ။ လက်ထောက်တပည့်ကြီး၊ လက်ထောက်လက်သမားကြီးတို့နှင့် တူ၏။

ထိုတပည့်ကြီးတို့သည် မိမိကိုယ်တိုင်လည်း အလုပ်ကိစ္စများကို ပြုလုပ်ရသည့်အပြင်+ လက်အောက်ငယ်သားတို့ကိုလည်း အလုပ်ပြီးအောင် တိုက်တွန်းနှိုးဆော်ခြင်းပြုရသည်။ မိမိကိစ္စ၊ သူတပါးကိစ္စတို့ကို ပြီးစေတတ်၏။

**ဧကဂ္ဂတာ** စိတ် စေတသိက် (သမ္ပယုတ်) တရားတို့ကို အထူးထူးသော အာရုံတို့၌ ပျံ့လွင့်မှုကို မဖြစ်စေဘဲ၊ တစ်ခုတည်းသောအာရုံ၌ ကျရောက်စေလျက် တည်ကြည်အောင် ပြုတတ်သော သမာဓိသည် ဧကဂ္ဂတာ မည်၏။

ဥပမာ။ ။ လေငြိမ်သောအရပ်၌ ထွန်းထားသောမီးသည် တည်ငြိမ်နေသကဲ့သို့ စိတ် စေတသိက် (သမ္ပယုတ်) တရားတို့ကို အာရုံတစ်ခုတည်း၌ ငြိမ်သက် တည်ကြည်နေအောင် ပြုတတ်၏

**ဇီဝိတိန္ဒြေ** ဇီဝိတသည်ပင်လျှင် ယှဉ်ဘော်ယှဉ်ဖက်ဖြစ်သော စိတ် စေတသိက် (သမ္ပယုတ်) တရားတို့ကို နိဗ္ဗာန်တိုင်ထိ ဖြစ်မှု စဉ်ဆက်မပျက်အောင် အစိုးတရ စောင့်ရှောက်တတ်သောကြောင့် ဇီဝိတိန္ဒြေမည်၏။

ဇီဝိတိန္ဒြေဖြင့် ယှဉ်ဖော်ယှဉ်ဖက်တရားတို့သည် တည်တတ်ကုန်၏၊ ထိုသို့ တည်ကြောင်းဖြစ်သောကြောင့် ဇီဝိတ မည်၏။

ထိုဇီဝိတသည်ပင်လျှင် အတူတကွဖြစ်သောတရားကို စောင့်ခြင်းသည် အစိုးရသည်၏အဖြစ်နှင့် ယှဉ်သည်ဖြစ်၍ ဣန္ဒြေလည်း မည်၏။ ထိုနှစ်ပါးသော သတ္တိကြောင့် ဇီဝိတိန္ဒြေမည်၏။ ထိုဇီဝိတိန္ဒြေစေတသိက်သည် အတူတကွဖြစ်သော တရားတို့ကို စောင့်ခြင်းလက္ခဏာရှိ၏။

(စေတသိက်အရာဖြစ်၍ - နာမ်ဇီဝိတိန္ဒြေကိုသာ ယူပါ)

ဥပမာ။ ။ ကြာ ရိုး၌ရှိသောရေသည် မိမိရှိနေသ၍ ကြာကို မသိုးရအောင် အစိုးတရ စောင့်ရှောက်ပေးနေသကဲ့သို့တည်း။

ကြာရိုး၌ရှိသောရေသည် ဇီဝိတိန္ဒြေနှင့်တူ၏။ ကြာရိုးနှင့်ကြာတို့သည် စိတ် စေတသိက် (သမ္ပယုတ်) တရားတို့နှင့်တူ၏။

ဇီဝိတိန္ဒြေက စောင့်ရှောက်၏-ဟု ဆိုသော်လည်း ကြာပင်ကို စိမ်းရှင် လန်းဆန်း အောင်စောင့်ရှောက်သောရေသည် ကြာပင်ရှိခိုက်သာ စောင့်ရှောက် နိုင်၍ ကြာပင်မရှိက မစောင့်ရှောက်နိုင်သကဲ့သို့ ထိုအတူ တကွဖြစ်ဖက် သဟဇာတ် တရားတို့မချုပ်မီ ထင်ရှားရှိခိုက်၌သာ စောင့်ရှောက်နိုင်၏။ ချုပ်မသွားအောင်ကား စောင့်ရှောက်၍ မထားနိုင်။

အထိန်းသည်,သည် သူတစ်ပါးကြောင့်ဖြစ်ပေါ်လာသော သားသမီးကို စောင့်ရှောက်သကဲ့သို့ အာရုံ, ကံအစရှိသော အကြောင်းတို့ကြောင့် ဖြစ်ပေါ် လာသော ရုပ်နာမ်ကိုသာ စောင့်ရှောက်နိုင်၏။ မိမိတို့ကား သဟဇာတ်တရားတို့ ဖြစ်ပေါ်လာအောင် တာဝန်မယူနိုင်ပါ။

## မိမိကိုယ်ကို မိမိစောင့်ရှောက်

(ဇီဝိတိန္ဒြေသည် အခြားသောစိတ် စေတသိက်တို့ကို စောက်ရှောက်သည် ဆိုသော်) ဇီဝိတိန္ဒြေကိုကား မည်သည့်အရာက စောင့်ရှောက်ပါသနည်း။

ဇီဝိတိန္ဒြေသည် အခြားသော စိတ်စေတသိက်တရားတို့ကို စောင့်ရှောက်ရင်းပင် မိမိကိုယ်ကိုလည်း စောင့်ရှောက်ပြီးသားဖြစ်နေသည်၊ ကြာရိုး၌ရှိသောရေသည် ကြာကို စောင့်ရှောက်ရင်းပင် မိမိတည်နေနိုင်မှု ထင်ရှားရှိနေမှုကိစ္စလည်း ပြီးစီးနေတော့သည်။

## သူ့ကိုယ်သူစောင့်

ဥပမာ။ ။လှေကူးတို့ပို့သူသည် လှေနှင့်ခရီးသည်တို့အား ဘေးကင်းစွာ တစ်ဖက်ကမ်းသို့ ရောက်အောင်ပို့ဆောင်ရင်း မိမိကိုယ်ကိုလည်း တစ်ဖက်ကမ်းသို့ ဘေးကင်းစွာ ပို့ဆောင်စောင့်ရှောက်ပြီးဖြစ်လေသကဲ့သို့ ထို့အတူ ဇီဝိတသည် သဟဇာတ် (အတူဖြစ်ဖက်) တရားတို့ကို စောင့်ရင်းပင် ထိုသဟဇာတ် တရားများနှင့် စပ်လျက်ဖြစ်ရသောကြောင့် မိမိကိုယ်ကိုလည်း မိမိပြန်၍ စောင့် ရှောက်ပြီးသား ဖြစ်လေသည်။ သားသမီးတို့ကို စောင့်ရှောက်ရင်း ပွဲလမ်းသဘင်သို့ လိုက်ပို့သော မိဘများသည် မိမိကိုယ်ကိုလည်း ပွဲသဘင်သို့ ပို့ပြီးသားဖြစ်နေသည်။

**မနသိကာရ** စိတ်၌ အာရုံကို ပြုခြင်းသဘော ဆင်ခြင်းခြင်း သဘောသည် မနသိကာရ မည်၏။

ထိုမနသိကာရစေတသိက်သည် စိတ်ကို အာရုံ၌ ရှေ့ရှုဆောင်ခြင်း လက္ခဏာ ရှိ၏။ စိတ်၌ အာရုံကို၊ (ဝါ) အာရုံ၌ စိတ်ကို ကျရောက်အောင်ထားတတ်၊ နှလုံးသွင်း ဆင်ခြင်တတ်၊ ညွတ်ကိုင်းစေတတ်သောကြောင့် မနသိကာရ မည်၏။

ဥပမာ။ ။ အာဇာနည်မြင်းတို့ကို အညီယှဉ်စေတတ်သော ရထားထိန်းနှင့်တူ၏။ ရထားထိန်းသည် မြင်းရထားကို လိုရာသို့ရောက်အောင် ကောင်းစွာဆောင်သွား နိုင်သကဲ့သို့ မနသိကာရစေတသိက်သည် စိတ်ကို အာရုံ၌ ကောင်းစွာကျရောက် အောင် (ဆင်ခြင်နှလုံးသွင်းမိအောင်) ကောင်းစွာဆောင်တတ်၊ ညွတ်ကိုင်းစေတတ်၏။

ယောနိသော မနသိကာရ = အသင့်အားဖြင့် ကိုသိုလ်ဖြစ်အောင် နှလုံး သွင်းဆင်ခြင်းခြင်း၊

အယောနိသောမနသိကာရ = မသင့်မတင့်သောအားဖြင့် အကုသိုလ် ဖြစ်အောင် နှလုံးသွင်းဆင်ခြင်ခြင်း။

### ပကိဏ်းစေတသိက် ၆–ပါး

ယှဉ်သင့်သော စိတ်နှင့်သာယှဉ်၍၊ မယှဉ်သင့်သော စိတ်နှင့် မယှဉ်၊ ဤသို့ ယှဉ်သင့်သလို အပြားအားဖြင့် ပြိုးပြွမ်းယှဉ်သောကြောင့် ပကိဏ်းစေတသိက် မည်၏။ (ဋီ၊ မှတ်ချက်)

ဝိတက် + ဝိစာရ + ပီတိ တို့ စိတ်ပိုင်း၌ ထင်ရှားခဲ့ပြီ၊

**အဓိမောက္ခ** အာရုံ၌ ထိုထိုဤဤ တုန်လှုပ်ခြင်းမဖြစ်ဘဲ ဆုံးဖြတ်နိုင်ခြင်းသည် အဓိမောက္ခ မည်၏။

အာရုံ၌ တုန်လှုပ်ခြင်းမရှိသည်၏အဖြစ်ကြောင့် မြဲမြံစွာစိုက်အပ်သော ကျောက်စာတိုင်ကဲ့သို့ မှတ်အပ်၏။

ဥပမာ။ ။ ကြီးမားတုတ်ခိုင်၍ ပေနှစ်ဆယ်ခန့်ရှည်သော ကျောက်တိုင်ကြီးကို မြေဝင်ဆယ်ပေခန့်မြှုပ်၍ စိုက်ထားလိုက်သောအခါ အရပ်လေး မျက်နှာမှ လေအမျိုးမျိုးတို့ တိုက်ခတ်သော်လည်း တုန်လှုပ်ခြင်းမရှိ မြဲမြံသကဲ့သို့ အဓိမောက္ခသည် အာရုံ၌ ယိမ်းယိုင်တုန်လှုပ်မှုမရှိဘဲ မြဲမြံစွာ ဆုံးဖြတ်နိုင်၏။

**ဝီရိယ** ရဲရင့်သောသူတို့၏အဖြစ်၊ ရဲရင့်သောသူတို့၏အမှုသည် ဝီရိယမည်၏။ တစ်နည်း - သင့်မြတ်လျောက်ပတ်သောအားဖြင့် ဖြစ်စေအပ်သော ကြောင့် အားထုတ်ခြင်းလုံ့လသည် ဝီရိယမည်၏။

ထိုဝီရိယသည် အတူတကွဖြစ်ဖက် (သဟဇာတဖြစ်သော) ရုပ်နာမ် တရားတို့ကို ထောက်ပံ့နိုင်စေခြင်း လက္ခဏာရှိသည်။ မည်သို့ ထောက်ပံ့နိုင်စေ သနည်း ဆိုသော် -

ဝီရိယ၏အစွမ်းဖြင့် ထိုသဟဇာတ်တရားတို့၏ ဆုတ်နစ်သောဖြစ်ခြင်းသည် မဖြစ် (ဝါ) မဆုတ်နစ်၊ ဤဝီရိယ၏ ဝိတက်စသော စေတသိက်တို့နှင့် ထူးခြားပုံသည် အလွန်ထင်ရှား၏။

လောကတွင် မည်သည့်ကိစ္စ၌မဆို ကြံ့ကြံ့ခံနိုင်ဘို့အရေးမှာ ရဲရင့်ဖို့လည်း လို၏။ ရဲရင့်ရုံနှင့်လည်း မပြီး၊ မိမိဆောင်ရွက်ချက်သည် သင့်မြတ်လျော်ကန်သည့် အားထုတ်မှုလည်း ရှိဘို့လို၏။ ထိုသို့ မှန်ကန်မှု၊ ရဲရင့်မှုရှိလျှင် ကိစ္စတိုင်း၌ ကြံ့ ကြံ့ခံနိုင်သကဲ့သို့ ဝီရိယသည် အတူဖြစ်ဖက် (သဟဇာတ်)တရားတို့ကို ဆုတ်နစ်မှု မဖြစ်ရအောင် ရဲရဲရင့်ရင့် မှန်ကန်စွာအားထုတ်ခြင်းဖြင့် ထောက်ပံ့နိုင်စေတတ်၏။

ဥပမာ။ ။ ပြိုလုဆဲဆဲဖြစ်နေသောအိမ်ကို ထောက်ထားသောကျားကဲ့သို့ အတူဖြစ် ဖက် (သဟဇာတ်တရား) သမ္ပယုတ်တရားတို့ကို အားပေး၍ ချီးမြှောက် ထောက်ပံ့ခြင်းဖြစ်၏။

**ဆန္ဒ** အလိုရှိခြင်းသည် ဆန္ဒမည်၏၊ ပြုလိုကာမျှသဘော၊ အာရုံကို အလိုရှိကာမျှ သဘောသည် ဆန္ဒမည်၏။ (အာရုံ၌ ငြိကပ် တွယ်တာမှု ကား မရှိပေ)

ထိုဆန္ဒသည် အမှုကို ပြုလိုသည်၏အဖြစ်ဟူသော လက္ခဏာရှိ၏။ ထို့ကြောင့် ဤဆန္ဒကို စိတ်၏အာရုံကို ယူရာ၌ လက်ကိုဆန့်ခြင်းကဲ့သို့ ဆိုအပ်၏။

**ဥပမာ။** ။ မင်း၏ လေးသမားတို့သည် မြားကို ကောက်ယူခြင်းနှင့်တူ၏။ ထိုသို့ ကောက်ယူရာတွင် မြား၌ တွယ်တာကပ်ငြိမှုမရှိဘဲ မြားကို ပစ်လွှတ်လိုသောစိတ်သာရှိသည်၊ ထိုသို့ ပစ်သဖြင့် မင်းထံမှ ဆုလာဘ်များရမည်၊ ဂုဏ်သတင်းကျော်စောမည် စသည်ဖြင့် နောက်၌ဖြစ်သည့် အကြောင်းတရားတို့ကို မျှော်လင့်၍ မြားကို ကောက်ယူကာမျှသဘောသည် ဆန္ဒမည်၏။

ဒါနဝတ္ထုကိုစွန့်သည်၏အစွမ်းဖြင့် ဖြစ်သောကာလ၌လည်း ဤဆန္ဒသည် စွန့်အပ်သော ထိုဝတ္ထုဖြင့် အလိုရှိအပ်၏။

ဒါနပြုလို၍ ဥစ္စာရလိုခြင်း၊ ပညာရှာခြင်း၊ တရားရလိုခြင်း စသော ကောင်းမှုသဘောတို့မှာ ငြိကပ်တွယ်တာမှုမရှိ၍ ဆန္ဒသဘောသာ ဖြစ်သည်။

## ဆန္ဒနှစ်မျိုး

၁။ ပြုလိုကာမျှ အလိုရှိကာမျှသဘော (ကတ္တုကမျတာဆန္ဒ)။

၂။ ငြိကပ်တွယ်တာ၍ အာရုံကို အလွန်အလိုရှိသော (တဏှာဆန္ဒ)။

ဤ၌ နံပါတ်တစ် – ကတ္တုကမျတာဆန္ဒကိုသာ ယူရမည်။

## ဆန္ဒနှင့်လောဘအထူး

ငြိကပ်မှုမရှိ အာရုံကိုအလိုရှိကာမျှသဘောတည် ဆန္ဒ။ (မြားကို ကောက်ယူသည်နှင့် တူ၏။) ငြိကပ်တွယ်တာ၍ အာရုံကိုအလွန်အလိုရှိသော သဘောသည် လောဘမည်၏။ (အလွန်စေးကပ်သော ကော်နှင့်တူ၏။ ငြိကပ်စရာဝတ္ထု မှန်သမျှ ငြိကပ်တတ်၏)

## အညသမာန်း (အညသမာန)

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး၊ ပကိဏ်းစေတသိက် ၆–ပါး ပေါင်း ၁၃–ပါးကို အညသမာန်းစေတသိက် ဟု ခေါ်သည်။ တစ်ပါးသောစိတ်နှင့် တူသည် အဖြစ်ကြောင့် (အည + သမာန) အညသမာန်းစေတသိက်မည်၏။

(အည) တစ်ပါး,တခြားသောစိတ်ဟူသည် စိတ်အကုန်နှင့်မယှဉ်မူ၍ **တစ်ပါးတစ်ခြားသောစိတ်**နှင့်သာ ယှဉ်ခြင်းကြောင့် အညသမာန်းစေတသိက် မည်၏။

သောဘဏစိတ်နှင့်ယှဉ်သောအခါ အသောဘဏစိတ်မှတစ်ပါးဖြစ်သော သောဘဏစိတ်နှင့်ယှဉ်သည်မည်၏။

အသောဘဏစိတ်နှင့်ယှဉ်သောအခါ သောဘဏစိတ်မှတပါးဖြစ်သော အသောဘဏစိတ်နှင့်ယှဉ်သည်မည်၏။

**(သမာန) တူပုံမှာ -**

သောဘဏစိတ်နှင့်ယှဉ်သောအခါ (အသောဘဏစိတ်မှတစ်ပါး) သောဘဏစိတ်နှင့် တူသည်၏အဖြစ်၊ အသောဘဏစိတ်နှင့်ယှဉ်သောအခါ (သောဘဏစိတ်မှတစ်ပါး) အသောဘဏစိတ်နှင့် တူသည်၏အဖြစ်သည် အညသမာန်းမည်၏။

အကုသိုလ်, အဟိတ်, သောဘဏစိတ်တို့နှင့် ယှဉ်သောကြောင့် အညသမာန်းရာသီကို ရှေးဦးစွာဆိုပါသည်။

## ဝိတက် စေတနာ မနသိကာရ ၃-မျိုး ထူးခြားချက်

၁။ ဝိတက်သည် သဟဇာတ်တရား (သမ္ပယုတ်တရား)တို့ကို အာရုံသို့ ရှေ့ရှုတင်ခြင်းသဘောရှိသောကြောင့် ထိုသဟဇာတ်တရားတို့ကို ထိုအာရုံ၌ တည်စေသကဲ့သို့ အာရုံသို့ရောက်အောင် ပို့ဆောင်ပေးတတ်၏။

၂။ စေတနာသည် ဝိတက်က ပို့ဆောင်ပေးလိုက်သော သဟဇာတ်တရား (သမ္ပယုတ်တရား)တို့ကို အာရုံ၌ ယှဉ်စေတက် (အာရုံပြုဖို့ တိုက်တွန်းနှိုးဆော်တတ်သော စစ်ဗိုလ်မှူးနှင့် တူ၏။)

၃။ မနသိကာရသည် အာရုံ၌ (အာရုံပြုပြီးသော) သဟဇာတတရား (သမ္ပယုတ်တရား)တို့ကို အာရုံ၌ အညီအမျှ ရှေ့ရှုယှဉ်စေတတ် ဆောင်သွားတတ်သောကြောင့် အာဇာနည်မြင်းတို့ကို အညီယှဉ်စေသော ရထားထိန်းကဲ့သို့ ဖြစ်၏။

ဥပမာ။ ။ လှည်းနှင့်နွားကို တပ်ဆင်မောင်းနှင်ရာ၌ လှည်းရှိရာအရပ်သို့ နွားကို ပို့ဆောင်ဆွဲယူလာသူနှင့် ဝိတက်တူ၏။ နွားကို လှည်း၌တပ်ယှဉ်စေခြင်း (နှိုးဆော်ခြင်း) နှင့် စေတနာတူ၏။ လိုရာရောက်အောင် နွားကို အညီအမျှ မောင်း၍ လှည်းကိုဆောင်ယူသွားသူ (လှည်းမောင်းသမား) နှင့် မနသိကာရ တူ၏။

အလုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ်သော စေတသိက်ကို ပြဆိုခြင်း၌ မောဟ စေတသိက်ကို ရှေးဦးစွာ ပြဆိုရ၏။ သဗ္ဗာကုသလ သာဓာရဏ စေတသိက်တို့တွင်လည်း မူလဖြစ်သောကြောင့် မောဟကို ရှေဦးစွာ မိန့်ဆိုရ၏။

**လက်ာ။** ။ပို့+ နှိုး +ဆောင်ကြ၊ တက် + စေ + မ၊ သုံးဝအထူးတည်း။

စိတ်ပိုင်း၌ ဆိုအပ်သော အစဉ်အားလျော်စွာ အကုသိုလ်စေတသိက်ကို ရှေ့ထားဆိုရ၏။

## အကုသိုလ်စေတသိက် ၁၄–ပါး

၁။ **မောဟ** = အာရုံ၌တွေဝေတတ်သောကြောင့် ဉာဏ်၏ဆန့်ကျင်ဘက် ဖြစ် သောတရားသည် မောဟမည်၏။

ထိုမောဟသည် အာရုံ၏ သဘောမှန်ကို ဖုံးလွှမ်းခြင်းလက္ခဏာ ရှိ၏။ အကြောင်းမှာ – ဤမောဟသည် အာရုံကို ယူခြင်း၏အစွမ်းဖြင့် ဖြစ်သော်လည်း ထိုအာရုံ၏ ဟုတ်မှန်သောသဘောကို ဖုံးလွှမ်းသောအခြင်းအရာအားဖြင့်သာလျှင် ဖြစ်သောကြောင့်တည်း။ ခန္ဓာ၅ပါး၏သဘောမှန်ကို မသိအောင် ဖုံးလွှမ်းတတ်၏။ ရုပ်နာမ်တရားတို့သည် အမြဲတမ်း ဖြစ်ပျက်လျက်ရှိကြ၍၊ (အနိစ္စ = မမြဲသော တရားသာ ဖြစ်၏။)

နေ့စဉ် ရုပ်ခန္ဓာကိုယ်ကြီး၏ စားဝတ်နေရေးအတွက်၎င်း၊ နာမ်ခန္ဓာ၏ တောင့်တမှု၊ ကြောင့်ကြမှု မျိုးမျိုးအတွက်၎င်း၊ ပြေးလွှားလှုပ်ရှားနေကြရ၍၊ (ဒုက္ခ= ဆင်းရဲစင်စစ်သာဖြစ်၏။)

ရုပ်နာမ်ခန္ဓာ ၅–မျိုးသည် အို+နာ+သေသို့သာ သူ့သဘောအတိုင်း ရှေ့ရှု သွားနေ၏။ ကိုယ့်သဘောမရသဖြင့် (အနတ္တ = အစိုးမရမှု အမှန်ဖြစ်၏)။ ရုပ်ခန္ဓာ ကိုယ်ကြီးမှ ထွက်သမျှ တစ်ခုမှအကောင်းမရှိ၊ မတင့်တယ်၊ သုဘမဟုတ်၊ အသုဘ စင်စစ် ဖြစ်၏။ ဤသို့ ရုပ်နာမ်ခန္ဓာတို့၏ သဘောမှန်ကို မသိအောင် အာရုံ၅ပါး ကာမဂုဏ်တရားတို့ဖြင့် ဖုံးလွှမ်းထား၍ မသိခြင်း၊ သစ္စာလေးပါးကို မသိခြင်းသည် မောဟမည်၏။ (မောဟသည် ဉာဏ်ပညာ၏ ဆန့်ကျင်ဘက်တည်း။)

**ဥပမာ။** ။ လကွယ်နေ့ ညဉ့်၊ သန်းခေါင်ယံ၊ တောအုပ်အလယ်၌ မိုးမှောင်ကျနေ သောအခါနှင့်တူ၏။

၂။ **အဟိရိက** = ကာယဒုစရိုက်စသည်တို့မှ မရှက်တတ် မစက်ဆုပ်တတ် သောကြောင့် မရှက်သောသူသည်လည်းကောင်း တရား အပေါင်းသည်လည်းကောင်း အဟိရိကမည်၏။

မရှက်တတ်သူ၏ အကြောင်းသည် **အဟိရိကမည်၏**။ ထိုအဟိရိကသည်ပင် **အဟိရိကမည်၏**။ ကာယဒုစရိုက်စသည်ကို မစက်ဆုပ်ခြင်း၊ မရွံ့ရှာခြင်း၊ မရှက်ခြင်းသည် **အဟိရိကမည်၏**။

**ဥပမာ**။ ။ ရွာသူတို့၏ ဝက်သည် မစင်ကို မစက်ဆုပ်ခြင်းနှင့်တူ၏။

၃။ **အနောတ္တပ္ပ** = ကာယဒုစရိုက်စသည်တို့မှ မကြောက်တတ် မလန့်တတ်သောကြောင့် **အနောတ္တပ္ပ** မည်၏။

**ဥပမာ**။ ။ မီးကို ပိုးဖလံတို့သည် မကြောက်လန့်ခြင်းနှင့် တူ၏။

## အဟိရိက အနောတ္တပ္ပအထူး

ရွာသူတို့၏ဝက်သည် မစင်ကို မစက်ဆုပ်သကဲ့သို့ **အဟိရိကသည်** ကာယဒုစရိုက်စသည်ကို မစက်ဆုပ်ခြင်း မရှက်ခြင်းလက္ခဏာရှိ၏။ မီးကို ပိုးနံ့သည် မကြောက် မလန့်သကဲ့သို့ **အနောတ္တပ္ပသည်** ထိုကာယဒုစရိုက်စသည်ကို မကြောက်လန့်ခြင်း လက္ခဏာရှိ၏။

ရွာသူတို့၏ဝက်သည် မစင်ကို မစက်ဆုပ်သကဲ့သို့ အရှက်မရှိသောသူသည် မကောင်းမှုကို မစက်ဆုပ်တတ်၊ ပိုးနံ့ကောင်သည် မီးကို မကြောက်မလန့်သကဲ့သို့ အကြောက်အလန့် ဩတ္တပ္ပမရှိသောသူသည် မကောင်းမှုကို မကြောက်တတ်၊

၄။ **ဥဒ္ဓစ္စ** = မငြိမ်သက်သောစိတ်ရှိသောသူ၏ ဖြစ်ကြောင်းသည် ဥဒ္ဓစ္စမည်၏၊

ထိုဥဒ္ဓစ္စသည် စိတ်၏ မငြိမ်သက်ခြင်း လက္ခဏာရှိ၏။ ကျောက်ခဲဖြင့်ခပ်မိ၍ အထက်သို့တက်သောပြာနှင့် တူ၏။ စိတ်၏ပျံ့လွင့်တုန်လှုပ်တတ်သောအဖြစ်၊ မငြိမ်သက်သောအဖြစ်သည် ဥဒ္ဓစ္စ မည်၏။

**ဥပမာ**။ ။ ပြာပုံထဲသို့ ခဲကိုပစ်ချသော် တက်လာသောပြာမှုန့်များနှင့်တူ၏။

၅။ **လောဘ** = ကာမဂုဏ် အာရုံတို့၌ ကပ်ငြိတွယ်တာတတ်၊ အလွန်အလိုရှိတတ်သောကြောင့် လောဘမည်၏။

**ဥပမာ**။ ။ အလွန်စေးကပ်သော မြောက်နဲ့စေး သစ်စေး ကော်စေးများနှင့် တူ၏။ (ဆန္ဒနှင့်လောဘနှိုင်းယှဉ်ချက်ပြန်ကြည့်ပါ)

၆။ **ဒိဋ္ဌိ** = မှားသောအားဖြင့် နှလုံးသွင်းခြင်းလက္ခဏာရှိ၏။ မှားယွင်းဖောက်ပြန် မမှန်သောသဘောတရားကို အမှန်ဟု စွဲယူထားတတ်၏။

ထို မိမိစွဲယူထားသောတရားသာ မှန်၏။ သူတစ်ပါးတို့၏ အယူအဆများကား အမှားတည်း၊ ငါသိတာမှ အမှန်၊ ငါတတ်တာမှ အဟုတ်–စသည်ဖြင့် အမှားကို အမှန်ဟု စွဲယူခြင်းသည် ဒိဋ္ဌိမည်၏။

(အယူအဆမှားကို အမှန်ဟုထင်သဖြင့် မပြုသင့်မပြုထိုက်သော အကုသိုလ်များကို မပြုထိုက်ဟု မသိဘဲ၊ အမှန်ထင်ကာ ပြုလုပ်သဖြင့် မကောင်းမှုများ ဆထက်တိုးကာ သံသရာတစ်လျောက်လုံး အမှောင်ဖုံး၍ ရေဲ့သွားသာ ဖြစ်ရသည်။ ဒိဋ္ဌိသည် အဆိုးဝါးဆုံး အကုသိုလ်ဖြစ်သည်။ မိဘသတ်၍ အစိစိကျသူသည် ကမ္ဘာပျက်လျှင် လွတ်ခွင့်ရသေး၏။ ဒိဋ္ဌိကြောင့် အဝီစိကျသူသည် ကမ္ဘာပျက်သော်လည်း ကံမကုန်သေးသော် အခြားကမ္ဘာသို့ပြောင်း၍ ခံရသေးသည်။)

## ဉာဏ်နှင့် ဒိဋ္ဌိ အထူး

ဉာဏ်သည် အာရုံ၏သဘောကို ဟုတ်တိုင်းမှန်စွာ ထိုးထိုးထွင်းထွင်း သိတတ်သည်။ ဒိဋ္ဌိသည် ဟုတ်မှန်သောသဘောကိုစွန့်၍ မဟုတ်မမှန်သောသဘောအားဖြင့် မြင်တတ်၊ ယူဆတတ်၏။

၇။ **မာန** = မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟူ၍ မှန်ကင်းကဲ့သို့ ထောင်လွှားခြင်း လက္ခဏာရှိ၏။ ငါသာမြတ်၏၊ ငါသာတတ်၏၊ ငါလိုလူ ဇမ္ဗူမရှိ၊ ငါလို ပုဂ္ဂိုလ်ကို ဘယ်လိုလူစား အောက်မေ့လို့လဲဟု မိမိကိုယ်ကို အထင်ကြီးခြင်းသည် မာနမည်၏။

**ဥပမာ**။ ။ဘုံအမြင့်၌ရှိသော မှန်ကင်း + တံခွန်တို့နှင့် တူ၏။ (ဒိဋ္ဌိသည် အယူမှားကို အမှန်ဟု ထင်ကာ တငါငါနှင့်စွဲ၍ မှားချင်တိုင်းမှား၍နေ၏။ မာနသည် မိမိကိုယ်ကို အထင်ကြီးကာ တငါငါ ဟု ဝင့်ကြွားတက်ကြွ မာနထောင်လျက်ရှိ၏။ ၎င်းဒိဋ္ဌိနှင့်မာနသည် တငါငါနှင့် စွဲယူခြင်း ထောင်လွှားခြင်းများဖြစ်ကြ၍ တူသယောင်ရှိသော်လည်း မတူကြ၊ အကုသိုလ်အရာ၌ အားအရှိန်အလွန်ကြီးကြ၏။ တစ်ခုဖြစ်လျှင် တစ်ခုဖြစ်ရိုးမရှိ၊ အတူမဖြစ်နိုင်၊ သုံးသပ်ပုံခြင်း မတူကြပေ။ ထို့ကြောင့် ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ် ၄–ပါးမှာယှဉ်ပြီး၊ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ပါးမှာ ယှဉ်၏။

**ဥပမာ**။ ။ ဂူတစ်ခုထဲတွင် ခြင်္သေ့နှစ်ကောင် အတူမအောင်းနိုင်သကဲ့သို့တည်း။

၈။ **ဒေါသ** = ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်းလက္ခဏာရှိ၏။ မိမိ သူတစ်ပါး နှစ်ဦးသားကို ဖျက်ဆီးအပ် ပျက်စီးစေတတ်သော ကြမ်းတမ်းသော သဘောသည် ဒေါသမည်၏။

**ဥပမာ။** ။ မြွေဟောက်ကို တုတ်ဖြင့် ထိုးလိုက်သောအခါ ရှူးရှူးရှားရှားဖြင့် ကြမ်းတမ်းခက်ထန်ပုံနှင့် တူ၏။

၉။ **ဣဿာ** = သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းလက္ခဏာရှိ၏။ မိမိဥစ္စာပစ္စည်းနှင့် မသက်ဆိုင်ဘဲ သူတစ်ပါးတို့ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသည်ကို မြင်၊ တွေ့၊ ကြား၊ သိရသည့်ရှိသော် ဝမ်းမမြောက်နိုင်ဘဲ၊ မနာလိုခြင်း၊ စိတ်နှလုံးမသာယာခြင်းတို့သည် ဣဿာမည်၏။

၁၀။ **မစ္ဆရိယ** = မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာရှိ၏။ မိမိရရှိပြီးသော စည်းစိမ်ချမ်းသာ (သို့မဟုတ်) ရဖို့ရာ အလားအလာရှိသော စည်းစိမ်ဥစ္စာတို့ကို သူတစ်ပါးတို့အား မပေးကမ်းလို၊ မဆက်ဆံလို၍၊ လျှို့ဝှက်ခြင်း ဝန်တိုခြင်းသည် မစ္ဆရိယမည်၏။

တစ်နည်း ဤအံ့ဖွယ်သရဲသည် တစ်ပါးသောသူတို့အား မဖြစ်ပါစေသတည်း။ ငါ့အားသာ ဖြစ်ပါစေသတည်း။ ဤသို့ဖြစ်သော သဘောတရားသည် မစ္ဆရိယ မည်၏။

(ဣဿာသည် သူတစ်ပါးပစ္စည်း၌ ငြူစူခြင်းဖြစ်ပြီး၊ မစ္ဆရိယသည် မိမိ ပစ္စည်း၌ လျှို့ဝှက်ခြင်း၊ ဝန်တိုခြင်း ဖြစ်သည်။)

## မစ္ဆရိယ ၅-မျိုး

၁။ အာဝါသမစ္ဆရိယ = ကျောင်း၊ ကန်၊ အိမ်၊ အိပ်ရာ၊ နေရာထိုင်ခင်းတို့၌ ဝန်တိုခြင်း။

၂။ ကုလမစ္ဆရိယ = ဆွေမျိုးညာတိ မိတ်သင်္ဂဟ၊ ဒါယကာ၊ ဒါယိကာမ တို့၌ ဝန်တိုခြင်း။

၃။ လာဘမစ္ဆရိယ = ဥစ္စာပစ္စည်း၊ လာဘ်လာဘတို့၌ ဝန်တိုခြင်း။

၄။ ဝဏ္ဏမစ္ဆရိယ = ကိုယ်အဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုခြင်း။

၅။ ဓမ္မမစ္ဆရိယ = တရားဓမ္မနှင့် အတတ်ပညာတို့၌ ဝန်တိုခြင်း။

၁၁။ **ကုက္ကုစ္စ** ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တို့ကို ပြန်တွေး၍ အဖန်တလဲလဲ စိုးရိမ်ပူပန်နေခြင်းသည် ကုက္ကုစ္စ မည်၏။

(ကုကတဿ ဘာဝေါ ကုက္ကုစ္စံ = ကုကတဿ၊ စက်ဆုပ်သော အမူအရာ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ကုက္ကုစ္စံ၊ စက်ဆုပ်အပ်သောအမူအရာ၏ ဖြစ်ကြောင်း။ နောင်တတစ်ဖန် နှလုံးပူပန်ဆင်းရဲကြောင်း။) ပြုအပ်ပြီးသော ဒုစရိုက်ကံ၊ မပြုလိုက်မိသော သုစရိုက်ကံသည် စက်ဆုပ်အပ်သော အမူအရာဖြစ်သောကြောင့် ကုကတ မည်၏။

ပြုအပ်ပြီးသော ဒုစရိုက်ကို စက်ဆုပ်ဖွယ်အမူအရာ (ကုကတ) ဟု ဆိုသည်မှာ ဒုစရိုက်ဖြစ်၍ သင့်လျော်ပါ၏။

မပြုလိုက်မိသော သုစရိုက်ကို စက်ဆုပ်ဖွယ်အမူအရာ (ကုကတ) ဟု ဆိုသည်မှာ မည်သို့ သင့်လျော်ပါသနည်း။

ပြုဖို့ အခွင့်ကြုံပါလျက်၊ သုစရိုက်ကို ငါမပြုလိုက်ရပါလားဟု ပြန်တွေးမိတိုင်း၊ ပူပန်ဆင်းရဲမှု (ဝိပ္ပဋိသာရ) ဖြစ်နေရသဖြင့်လည်းကောင်း၊ လူအများက ဤသူသည် သုစရိုက်ပြုခွင့်ကြုံပါလျက် အဘယ်ကြောင့်မပြုရသလဲ၊ ကဲ့ရဲ့စရာ၊ စက်ဆုပ်ဖွယ် အမူအရာပါလားဟု ခေါ်ဝေါ်ပြောဆိုကြသောကြောင့်လည်းကောင်း မပြုလိုက်မိသော သုစရိုက်သည်လည်း ကဲ့ရဲ့စရာ စက်ဆုပ်ဖွယ်အမူအရာ (ကုကတ) မည်ပေသည်။

တစ်နည်း – ပြုအပ်ပြီးသော ဒုစ္စရိုက်၊ မပြုလိုက်မိသော သုစရိုက်ကို အကြောင်း ပြု၍ဖြစ်သော နှလုံးမသာယာသော စိတ္တုပ္ပါဒ်သည် ကုကတ မည်၏။ ထိုနှလုံး မသာယာသော စိတ္တုပ္ပါဒ်၏အဖြစ်သည် ကုက္ကုစ္စမည်၏။

၁၂ + ၁၃။ **ထိန** +**မိဒ္ဓ** (ဝီရိယနှင့် လဟုတာတို့၏ ဆန့်ကျင်ဘက်ဖြစ်သည်။ စိတ်၏အမှု၌ မခံ့ခြင်းသည် ထိနမည်၏။

အားထုတ်ခြင်းကင်းသည်ဖြစ်၍ စိတ်၏ (ဝိညာဏက္ခန္ဓာ၏) တွန့်တို ဆုတ်နစ်ခြင်း၊ ပျင်းရိခြင်းသည် ထိန မည်၏။

စေတသိက်တို့၏ မခံ့ခြင်းသည် မိဒ္ဓမည်၏၊ အစွမ်းသတ္တိကင်းသော စိတ်၏အဖြစ်သည် မိဒ္ဓမည်၏၊

တစ်နည်းကား – သမ္ပယုတ်တရားတို့၏ အစွမ်းသတ္တိမရှိသည်၏ အဖြစ် တည်းဟူသော ပင်ပန်းခြင်းသည်လည်း မိဒ္ဓမည်၏။

ထိနသည် စိတ်၏အမှု၌ မခံ့ခြင်းလက္ခဏာရှိ၏။

မိဒ္ဓသည် စေတသိက်တို့၏ (ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း၏) အမှု၌ မခံ့ခြင်း လက္ခဏာရှိ၏။

## မိဒ္ဓသည် ရုပ်မဟုတ် (မိဒ္ဓကို ရုပ်ဟုယူသော ကေစိဝါဒကို ပယ်ရှားချက်)

မိဒ္ဓကို အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော်၌ –

၁။ "တတ္ထ ကတမံ မိဒ္ဓံ ယာ ကာယဿ အကလ္လတာ၊ အကမ္မညတာ" ထိုထိန+မိဒ္ဓတို့တွင် အဘယ်သည် မိဒ္ဓမည်သနည်း၊ (ကာယဿ = စေတသိက်အပေါင်း၏၊ (ဝါ) ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်း၏၊ (ဝါ) နာမကာယ၏)။ အကလ္လတာ၊ အမှု၌ မခံ့သည်၏အဖြစ်သည်၊ မိဒ္ဓံ မိဒ္ဓ မည်၏။

ဤ၌ ကာယဿ–ကို ကြည့်၍ နာမကာယ+ရူပကာယ–၂ မျိုးတွင် ရူပကာယကို ယူရမည်ဟုအထင်ရှိ၍ မိဒ္ဓကို ရုပ်ဟုထင်တတ်သည်၊ အမှန်မှာ ဤ၌ ကာယအရ – နာမကာယကိုသာ ယူရမည်ဖြစ်၍ မိဒ္ဓသည် ရုပ်မဟုတ်ပေ။

၂။ မိဒ္ဓသည် နီဝရဏတရား၌ အပါအဝင်ဖြစ်၍ မင်္ဂဖြင့် ပယ်အပ်သည့်တရား၊ (ပဟာတဗ္ဗတရားမျိုးသာ) ဖြစ်သည်၊ ရုပ်သည် မင်္ဂဖြင့်မပယ်အပ်သည့် (အပ္ပဟာတဗ္ဗတရားမျိုးသာ)ဖြစ်၍ မိဒ္ဓသည် ရုပ်မဖြစ်နိုင်။

သုတ္တန်တရား၌ "န တုမှံ ဘိက္ခဝေ ရူပံ ပဇဟထ – ရဟန်းတို့ ရုပ်သည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုရုပ်ကို သင်တို့ပယ်ကြကုန်လော့"ဟု ဟောရာ၌ ရုပ်ကို ပယ်ရမည့် (ပဟာတဗ္ဗ)တရားအဖြစ် တိုက်ရိုက်ဟောသည် မဟုတ်၊ (ဖယာ ဆန္ဒရာဂကွေပေါ်=) ရုပ်၌ တပ်နှစ်သက်သော ဆန္ဒရာဂကိုသာ ပယ်ရမည်ဟု ဥပစာအားဖြင့် ဆောင်၍ ဟောခြင်းသာဖြစ်သည်။)

၃။ ရုပ်မိဒ္ဓရှိပါမူ ထိုထိုသုတ္တာန်တရားတို့၌ ရုပ်မိဒ္ဓ+နာမ်မိဒ္ဓဟု ခွဲခြားဟောခဲ့ ရာ၏၊ ထိုသို့မဟောဘဲ၊ "မိဒ္ဓံ ပဟာယ – (မိဒ္ဓကိုပယ်၍)"ဟု သာမညအားဖြင့်သာ ဟောသောကြောင့် ရုပ်မိဒ္ဓ မရှိနိုင်။

၄။ မိဒ္ဓကို သမ္ပယုတ္တဓမ္မ (ယှဉ်ဖော်ယှဉ်ဖက်တရား)အဖြစ်ဟော၍ နာမ်တရားတို့သည်သာ ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ္တဓမ္မများဖြစ်ကြသည်၊ ရုပ်သည် သမ္ပယုတ္တဓမ္မမဟုတ်၊ ထို့ကြောင့် ရုပ်မိဒ္ဓ မရှိနိုင်။

၅။ အရူပဘုံ (နာမ်သက်သက်ဘုံ)၌ မိဒ္ဓရှိသည်ကို ဟောထား၍ မိဒ္ဓသည် နာမ်တရားသာဖြစ်သည်။

၆။ ရုပ်မိဒ္ဓမရှိဟု ဆိုသော် မိဒ္ဓအပါအဝင် နီဝရဏတရားအားလုံးကို ပယ်ပြီးသော ရဟန္တာတို့၏ အိပ်ခြင်း၊ ငိုက်မြည်းခြင်းသည် ရုပ်မိဒ္ဓ ဟု ထင်စရာ ရှိသော်လည်း အမှန်မှာ မိဒ္ဓကြောင့်မဟုတ် ကိုယ်ခန္ဓာ၏ ပင်ပန်းခြင်း၊ အားနည်းခြင်း စသော အကြောင်းတို့ကြောင့်သာ အိပ်ခြင်းဖြစ်ပါသည်။

၁၄။ ဝိစိကိစ္ဆာ = စိတ်ပိုင်းတွင် ပြန်ကြည့်ပါ။ အာရုံကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိ၏။

အဟိတ်စေတသိက် မရှိ = အဟိတ်မည်ကုန်သော အသီးခြားဖြစ်ကုန်သော စေတသိက်တို့သည်မရှိသောကြောင့် ထိုအဟိတ်စေတသိက်တို့ကို အသီးအခြား မဆိုအပ်ကုန်၊ (အဟိတ်စိတ်၌ယှဉ်သော စေတသိက်အသီးအခြားမရှိသောကြောင့် အဟိတ် စေတသိက်မရှိဟု မှတ်)

## သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး

သောဘဏစိတ်တစ်ခု ယုတ်ခြောက်ဆယ်တို့၌ဖြစ်သောကြောင့်လည်း ကောင်း၊ သောဘဏစိတ်နှင့် ဆက်ဆံသောကြောင့်လည်းကောင်း သောဘဏသာဓာရဏ စေတသိက် မည်၏။

သဒ္ဓါ ဘုရားအစရှိသော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။ ရတနာသုံးပါး၊ ကံ+ကံ၏ အကျိုးတရားတို့၌ ယုံကြည်တတ်သောကြောင့် သဒ္ဓါမည်၏။

### ယုံ + ကြည်

ကြည် ။ စိတ် + စေတသိက် သမ္ပယုတ်တရားများ ကြည်လင်သန့်ရှင်းနေ၏၊ ထိုသို့ ကြည်လင်နေသဖြင့် ရတနာသုံးပါးအပေါ်၌လည်းကောင်း၊ ကုသိုလ်ကံ + အကုသိုလ်ကံနှင့် ထိုကံတို့၏ ကောင်းကျိုး +မကောင်းကျိုးတို့ကိုလည်း ကောင်း၊ ဘဝသံသရာဆက်စပ်မှု ပြတ်မှုစသော ပဋိစ္စသမုပ္ပါဒ်တရားတို့၌ လည်းကောင်း အရှိကိုအရှိအတိုင်း အမြင်ကြည်လင်သန့်ရှင်းနေ၏။

ယုံ ။ ထိုသို့ ရတနာသုံးပါး ကံ+ကံ၏အကျိုးတရား၊ ဘဝသံသရာ အဖြစ်အပျက်များကို အရှိကိုအရှိအတိုင်း ကြည်ကြည်လင်လင် ထင်ထင်ရှားရှား မြင်ရသောအခါ လောက၌ မှား+မှန်၊ ကျိုး+ကြောင်း၊ ဆိုး+ကောင်း ခွဲခြား

သိလာ၏။ ထိုသို့ သိလာလျှင် ဘာကိုလုပ်သင့်သည်၊ ဘာကိုမလုပ်သင့်ဟု ဆုံးဖြတ်ချက်ချနိုင်သည်။ ဆုံးဖြတ်ချက်ချနိုင်ခြင်းသည် ယုံခြင်းပင်တည်း။ (ယုံခြင်းသည် ဆုံးဖြတ်ချက်ချခြင်း တစ်မျိုးပင်)။

**ဥပမာ။** ။ သဒ္ဓါသည် ရေနောက်ကို ကြည်လင်စေတတ်သော စကြာမင်း၏ ပတ္တမြားရတနာနှင့်တူ၏။ (သမ္ပယုတ်တရားတို့ကို ကြည်လင်စေတတ်၏။)

**တစ်နည်း** - ဥပမာ သဒ္ဓါသည် လက်နှင့်တူ၏။

သဒ္ဓါမရှိက အမြင်မကြည်လင်၍ ကောင်း+ဆိုး+မှား+မှန် မဆုံးဖြတ်နိုင်၊ ဒါန၊ သီလ၊ ဘာဝနာပြု ကျင့်ယူစရာ တရားကောင်း၊ တရားမှန်များရှိပါလျက် သဒ္ဓါတည်းဟူသော လက်မရှိ၍ ယူရမှန်းမသိ၊ ယူ၍မရ၊ လက်မရှိသူသည် ရွှေပုံကြီးကို တွေ့သော်လည်း မကောက်ယူနိုင်သည်နှင့်တူ၏။

တစ်နည်း ဥပမာ - သဒ္ဓါသည် မျိုးစေ့နှင့် တူ၏၊ မြေကောင်းယာကောင်း၊ ဥတုရာသီမည်မျှကောင်းစေကာမူ မျိုးစေ့မရှိလျှင်၊ သစ်ပင်၊ အသီးအပွင့်တို့ကို မစိုက်ပျိုးနိုင်သကဲ့သို့ သဒ္ဓါမျိုးစေ့မရှိလျှင်၊ ဘုရား တရား သံဃာ မိဘ-ဆရာသမား အစရှိသော လယ်ယာမြေကောင်း ရာသီဥတုကောင်းတို့ မည်မျှပြည့်စုံစေကာမူ ဒါနသီလ ဘာဝနာ ကုသိုလ်တရား အသီးအပွင့်တို့ကို မစိုက်ပျိုးနိုင်ပေ။

(သဒ္ဓါသည် ကုသိုလ်တရား ပြုလုပ်ဘို့ရာ ဆုံးဖြတ်ချက်ချသည်။ အဓိမောက္ခသည် ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံးအတွက် ဆုံးဖြတ်ချက်ချသည်။)

အခြားသော တိတ္ထိတို့၏အယူ စသည်၌ ယုံကြည်မှု၊ အယူမှား၊ အကျင့်မှားတို့၌ ယုံကြည်မှုများနှင့် ဗေဒင်ဆရာ၊ ဓာတ်ဆရာ၊ နတ်ဆရာ၊ အကြားအမြင်ဆရာစသည်တို့ကို ယုံကြည်မှုများသည် မှားသောအားဖြင့် ဆုံးဖြတ်ခြင်း၊ မိစ္ဆာဓိမောက္ခ၊ သဒ္ဓါ အတုသာ ဖြစ်သည်။

**သတိ** ဘုရားအစရှိကုန်သော ကောင်းသောအာရုံ၌ သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်းလက္ခဏာရှိ၏။ ဘုရားစသော အာရုံနှင့် ကောင်းမှုကုသိုလ်တရားတို့ကို အမှတ်တရ အောက်မေ့နိုင်ခြင်းသည် သတိမည်ပါသည်။ (ကုသိုလ်အရာဖြစ်၍ သမ္မာသတိကို ယူပါ)

အကုသိုလ်အရာတို့၌ အမှတ်ရ အောက်မေ့နိုင်ခြင်းသည် မိစ္ဆာသတိ (သတိတု)သာ ဖြစ်သည်။

ဥပမာ။ ။ သတိသည် မင်း၏တံခါးစောင့်နှင့်တူ၏။ တံခါးစောင့်သည် မကောင်းသူကို မဝင်စေဘဲ၊ ကောင်းသူကိုသာ ဝင်စေသကဲ့သို့ သတိသည် အကုသိုလ်တရားများ မဝင်စေဘဲ ကုသိုလ်တရားများသာ ဝင်နိုင်အောင် သမ္ပယုတ်တရားတို့ကို အမှတ်ရစေ အောက်မေ့စေနိုင်၏။

## သညာနှင့် သတိအထူး

ရှေး၌ယူအပ်ပြီးသော အာရုံကို အမှတ်အသားပြု၍ သိမှုသည် **သညာ** မည်၏၊ ရှေးဦးစွာ ယူအပ်ပြီးသော အာရုံကိုဖြစ်စေ၊ မယူအပ်သေးသောအာရုံကို ဖြစ်စေ၊ အမှတ်မပြုဘဲ ပြဋ္ဌာန်းသောအားဖြင့် ထင်မြင်လာမှုသည် **သတိ**မည်၏။

(ဋီ-မှတ်ချက်၌ သညာသည် ရှေးယူအပ်ပြီးအာရုံကို အမှတ်မပြုဘဲ သိ၏ဟု ဆို၏၊) မှားသည်ဟုထင်သည်။)

သညာသည် ကောင်း + မကောင်း နှစ်မျိုးလုံးကို အမှတ်ပြု၍သိ၏၊ (သတိ၏ အကြောင်းတရားဖြစ်၏) သတိသည် ကောင်းသောကုသိုလ်တရားတို့ကိုသာ အမှတ်ရ အောက်မေ့စေနိုင်၏။ (သညာ၏အကျိုးတရားဖြစ်၏) ကာယဒုစရိုက် စသည်မှ ရှက်ခြင်းသည် ဟိရီ၊ ကာယဒုစရိုက် စသည်မှ လန့်ခြင်းသည် ဩတ္တပ္ပ။

## ဟိရီ+ဩတ္တပ္ပအထူး

အမျိုးကောင်းသမီးချွေးမကဲ့သို့ မိမိဂုဏ်ကိုအလေးပြု၍ မကောင်းမှုမှ ရှက်၍ ရှောင်ကြဉ်ခြင်းသည် ဟိရီမည်၏၊ ပြည့်တန်ဆာမကဲ့သို့ တစ်ပါးသော မိတ်ဆွေသင်္ဂဟ စသည်ကိုငဲ့၍ မကောင်းမှုမှ ကြောက်၍ ရှောင်ကြဉ်ခြင်းသည် ဩတ္တပ္ပမည်၏။ *(ဋီ-မှတ်ချက်)*။

မိမိ၏ မျိုးရိုး၊ ရာထူး၊ ဂုဏ်သိမ်၊ စည်းစိမ်၊ ပညာစသည်တို့ကိုငဲ့၍ ***မိမိကိုယ်ကို ရိုသေသည်၏အစွမ်းဖြင့်*** ကာယဒုစရိုက်တို့ကို ပြုဘို့ရာ ရှက်ခြင်း စက်ဆုပ်ခြင်းသည် ဟိရီမည်၏။

(ပတ်ဝန်းကျင် သူတစ်ပါးတို့အားလည်းကောင်း၊ တန်ခိုးကြီးနတ် ကိုယ်စောင့် နတ်တို့အားလည်းကောင်း ငဲ့၍) ***သူတစ်ပါးကို ရိုသေသည်၏အစွမ်းဖြင့်*** ကာယ ဒုစရိုက်တို့ကိုပြုဖို့ရာ ကြောက်လန့်ခြင်းသည် ဩတ္တပ္ပမည်၏။

ဥပမာ။ ။ ဟိရီသည် အမျိုးကောင်းသမီး ချွေးမနှင့်တူ၏၊ မိမိအမျိုးကောင်းမှုဂုဏ်ကို ငဲ့၍ဤလို အမျိုးကောင်းသမီးသည် ကာယဒုစရိုက် စသည်ပြုဖို့ရာမသင့်ဟု ယောကျ်ားတစ်ပါး နှင့်ဖောက်ပြားခြင်းကို ရှက်၏။

ဩတ္တပ္ပသည် ပြည့်တန်ဆာမနှင့်တူ၏၊ ပြည့်တန်ဆာ အမျိုးသမီး သည် ကိုယ်ဝန်တည်လျှင် ယောကျ်ားအများတို့ မနှစ်သက်ကြ၊ ထိုသို့ မနှစ်သက်မည်ကို

ကြောက်၍ အခပေးသော ယောက်ျားမှတစ်ပါး အခြားယောက်ျားများနှင့် ဖောက်ပြားခြင်းကို ရှောင်ကြဉ်ရ၏။ မိမိက မည်သို့ပင် လျှို့ဝှက်စွာပြုသော်လည်း တန်ခိုးကြီးသော နတ်များနှင့် ကိုယ်စောင့်နတ်တို့ သိနေသည်ကို ကြောက်သဖြင့် ဒုစရိုက်မှုများကို ပြုခြင်းသည်လည်း ဩတ္တပ္ပပင် ဖြစ်သည်။

ဤ ရှက်+ကြောက်တရားနှစ်ပါး အတော်အတန်ရှိနေသေး၍ လူ့ဘောင်လောကကြီး၌ မိ+ဘ+သမီး+သား+ဇနီး+မယား ဟူ၍ တိတိကျကျ သတ်သတ်မှတ်မှတ် ဂုဏ်သိမ်ရှိရှိ နေထိုင်နိုင်ကြသည်။ ထိုနှစ်ပါးမရှိသော် ဒုစရိုက်ပြုချင်တိုင်းပြု၍ တိရစ္ဆာန်လောကနှင့် တူသွားပြီး လောကကြီး ပျက်စီးမည်သာဖြစ်သည်။ ထို့ကြောင့် ဤနှစ်ပါးကို "လောကစောင့် = လောကပါလ တရားနှစ်ပါး" ဟူ၍ ခေါ်သည်။

**အလောဘ** အာရုံ၌ငြိသောအားဖြင့် မတပ်ခြင်းလက္ခဏာရှိ၏။ လောဘ၏ ဆန့်ကျင်ဖက်တည်း။ လှူဒါန်းပေးကမ်းလိုသော သဘောဖြစ်၏။

လောဘများသော ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်တို့၌ ငြိကပ်တွယ်တာမှု များနေသောကြောင့် စွန့်လွှတ်ဖို့မဖြစ်နိုင်၊ အမြဲတမ်း လိုအပ်လျက်သာရှိနေသည်။ လိုအပ်ချက်ကိုချည်း ဖြည့်ဆည်းနေရသောကြောင့် လှူဒါန်း ပေးကမ်းနိုင်မှုမဖြစ်နိုင်၊ အလောဘသဘောသည် ကာမဂုဏ်အာရုံတွေ ကြားမှာနေသော်လည်း ငြိကပ်မှုမရှိ၊ ကာမဂုဏ်အာရုံများနှင့် မလိမ်းကျံဘဲ သန့်ရှင်း၍နေ၏။

**ဥပမာ။** ။ ရဟန္တာပုဂ္ဂိုလ်များသည် တဏှာအစေးကုန်ခမ်းပြီးသော ပုဂ္ဂိုလ်များဖြစ်၍ ကာမဂုဏ်အာရုံတောမှာ နေသော်လည်း ကာမဂုဏ်အာရုံများနှင့် ဆက်ဆံခြင်းမရှိပေ။ အလောဘစေတသိက်သည် (ကိလေသာမှလွတ်ပြီးသော) ရဟန္တာနှင့်တူသော စေတသိက်ဖြစ်သည်။

**ဥပမာ။** ။ ကြာရိုး+ကြာရွက်သည် ရွှံ့+ရေတို့နှင့် အတူတကွ ဖြစ်နေသော်လည်း၊ ရွှံ့ ရေတို့နှင့် မလိမ်းကျံ သန့်ရှင်းနေသကဲ့သို့ ဖြစ်သည်။

**အဒေါသ (မေတ္တာ)** = ကြမ်းတမ်းသောအားဖြင့် မပြစ်မှားခြင်းသည် အဒေါသမည်၏။ ဒေါသ၏ဆန့်ကျင်ဘက်တည်း။ မိမိနှင့် သူတစ်ပါးတို့ကို မဖျက်ဆီးအပ်၊ မပျက် စီးစေတတ်သောကြောင့် အဒေါသ

မည်၏။ သတ္တဝါအားလုံးတို့၌ ကောင်းကျိုးဖြစ်စေလိုသော သဘော ဖြစ်သည်။

ဥပမာ။ ။ သဘောချင်းမျှသော မိတ်ကောင်း ဆွေကောင်းကဲ့သို့ ကောင်းကျိုး လိုလားသော သဘောရှိ၏။ လပြည့်ဝန်းကဲ့သို့ မိမိနှင့်သူတစ်ပါးတို့အား အေးမြငြိမ်းချမ်းစေသော သဘောရှိ၏။

တတြမဇ္ဈတ္တတာ (ဥပေက္ခာ) = ထိုထိုသို့သောအာရုံတို့၌ သမ္ပယုတ်တရားတို့ကို လျစ်လျူရှုစေခြင်းလက္ခဏာရှိ၏။ စိတ် စေတသိက် သမ္ပယုတ်တရားတို့ကို ဆိုင်ရာ အာရုံကိစ္စတို့၏အလယ်၌တည်၍၊ အယုတ်အလွန်မရှိစေဘဲ အညီအမျှ ဖြစ်စေတတ်သော သဘောရှိ၏။

စိတ်စေတသိက် (သမ္ပယုတ်တရား)တို့၏ ဆိုင်ရာကိစ္စကို ဆောင်ရွက်ကြရာတွင် အယုတ်အလွန်မရှိရအောင် တည်တည်ငြိမ်ငြိမ်ထားနိုင်သော သဘောဖြစ်သည်။

ဥပမာ။ ။ မြင်းရထားကို အညီအမျှ (အယုတ်အလွန်မရှိ) ဆွဲဆောင်ပြေးသွားလျက်ရှိသော အာဇာနည်မြင်းနှစ်ကောင်ကို ရထားထိန်းသည် တစ်ကောင်ကောင်ကိုမျှ ကြာပွတ်ဖြင့် တို့ထိစရာ ရိုက်စရာမလိုဘဲ လျစ်လျူရှု၍ အလိုက်သင့် တည်တည်ငြိမ်ငြိမ် ထားနိုင်သည်နှင့်တူ၏။

ဥပေက္ခာသည် ကြားနေသဘောဖြစ်၍ သုခ သောမနဿနှင့်လည်း အလိုက်သင့် ဆက်ဆံနိုင်၏။ ဒုက္ခ ဒေါမနဿနှင့်လည်း အလိုက်သင့်ဆက်ဆံနိုင်၏။

## ကာယပဿဒ္ဓိ+စိတ္တပဿဒ္ဓိ – (ဥဒ္ဓစ္စပြဋ္ဌာန်းသည့် ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်၏)

စေတသိက်တို့၏ငြိမ်းခြင်းသည် ကာယပဿဒ္ဓိ၊ စိတ်၏ငြိမ်းခြင်းသည် စိတ္တပဿဒ္ဓိ၊ စိတ်တို့၏ ပူလောင်မှု၊ ယောက်ယက်ခက်မှု မရှိ၊ ငြိမ်းအေးခြင်းသည် စိတ္တပဿဒ္ဓိ မည်၏။

စေတသိက်အပေါင်း (နာမကာယ) ၏ တစ်နည်း–ဝေဒနာစသော ခန္ဓာသုံးပါး အပေါင်း၏ ပူလောင်မှု၊ ယောက်ယက်ခတ်မှုမရှိ ငြိမ်းအေးခြင်းသည် ကာယပဿဒ္ဓိ မည်၏။

မှတ်ချက်။ ။ဤ၌ ကာယသဒ္ဒါသည် ကိုယ်ခန္ဓာကို မဟော၊ အပေါင်းဟူသော အနက်ကို ဟော၏။ စေတသိက်အပေါင်း (နာမကာယကို ယူရမည်)

ဥဒ္ဓစ္စပြဋ္ဌာန်းသော စိတ်စေတသိက်တို့သည် ပျံ့လွင့်ပြီး၊ မငြိမ်မသက် ယောက်ယက်ခတ်ကာ ပူလောင်ခြင်းသဘော ရှိ၏။ ထိုသို့ပျံ့လွင့်၊ ပူလောင်၊ ယောက်ယက်ခတ် နေလျှင် ကုသိုလ်တရားတို့ကို ဖြစ်ပွားစေဖို့ မလွယ်ကူတော့ပေ။ ထိုဥဒ္ဓစ္စကိုနှိမ်နင်း၍ စိတ်စေတသိက်တို့၏ အေးမြငြိမ်သက်ခြင်းသည် ကာယပဿဒ္ဓိ + စိတ္တပဿဒ္ဓိ မည်၏။

ဥပမာ။ ။ ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့နှင့် ယှဉ်သောစိတ် စေတသိက်တို့သည် အလွန်ပူသော ကျောက်ဖျာထက်၌ ငါးကို ထားသောအခါ မငြိမ်မသက် ယောက်ယက်ခတ်ကာ ပူလောင်ခြင်းနှင့်တူ၏။ ကာယပဿဒ္ဓိ + စိတ္တပဿဒ္ဓိသည် အေးမြသော ရေရှိသည့်ကန်၌ ငါးကို ထားသည်နှင့် တူ၏။

## ကာယလဟုတာ+စိတ္တလဟုတာ (ထိန+မိဒ္ဓ ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏)

စေတသိက်တို့ ပေါ့ခြင်းသည် ကာယလဟုတာ၊ စိတ်၏ပေါ့ခြင်းသည် စိတ္တလဟုတာ။

စိတ်တို့၏ လေးလံထိုင်းမှိုင်းမှု မရှိ၊ လျှင်မြန်ပေါ့ပါးသည်၏အဖြစ်သည် စိတ္တလဟုတာမည်၏။ ဝေဒနာအစရှိသော စေတသိက်အပေါင်း၏ လေးလံထိုင်းမှိုင်းမှု မရှိ၊ ပေါ့ပါးလျှင်မြန်သည်၏ အဖြစ်သည် ကာယလဟုတာမည်၏။

ထိန+မိဒ္ဓ ပြဋ္ဌာန်းသော စိတ်စေတသိက်တို့သည် လေးလံထိုင်းမှိုင်းပြီး ဇောစိတ်တို့ လျင်လျင်မြန်မြန်မဖြစ်ဘဲ ဘဝင်စိတ်တွေသာ များစွာဖြစ်၍နေ၏။ ကုသိုလ်ကောင်းမှုလုပ်ငန်း ဝိပဿနာတရားအားထုတ်ခြင်းလုပ်ငန်းတို့၌ ကုသိုလ်ကြိယာဇောဝီထိစိတ်တို့၏အကြားဝယ် ဘဝင်များစွာမခြားဘဲ ဇောဝီထိစိတ်အစဉ်များ သွက်သွက်လက်လက် လျင်လျင်မြန်မြန် ဆက်ကာဆက်ကာ ဖြစ်နေခြင်းကို ကာယလဟုတာ + စိတ္တလဟုတာ ဟု ဆိုပါသည်။

## ကာယမုဒုတာ+စိတ္တမုဒုတာ ( ဒိဋ္ဌိ+မာန ပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏)

စိတ်တို့၏ နူးညံ့ပျော့ပြောင်းသည်၏အဖြစ်သည် စိတ္တမုဒုတာမည်၏။

ဝေဒနာအစရှိသော စေတသိက်အပေါင်း၏ နူးညံ့ပျော့ပြောင်းသည်၏ အဖြစ်သည် ကာယမုဒုတာ မည်၏။

ဒိဋ္ဌိပြဋ္ဌာန်းသော စိတ်စေတသိက်တို့သည် ငါ့အယူသာ၊ ငါ့အထင်သာ မှန်၏ဟု အမှားကို စွဲယူထား၍ အမှန်တရားကို ပြောဆို၍မရ- ခေါင်းမာ၏။ မာတောင့်တောင့် ရှိလှ၏။ မာနသည် ငါသာလျှင် မြတ်သည်ဟု ထောင်လွှားတက်ကြွပြီး ဘဝင်မြင့်နေ သဖြင့် အမှန်တရားကို မသိနိုင် မဆင်ခြင်နိုင်ဘဲ ခက်ခက်ထန်ထန် မာတောင့်တောင့် ရှိလှ၏။ ကာယမုဒုတာ+စိတ္တမုဒုတာနှစ်ပါးသည် ဒိဋ္ဌိ+မာန နှစ်မျိုးကို နှိမ်နင်း၍ နူးညံ့ပျော့ပြောင်းခြင်းသဘော ရှိ၏။

## ကာယကမ္မညတာ+စိတ္တကမ္မညတာ
## ( ကာမစ္ဆန္ဒနီဝရဏ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်၏)

အမှု၌ကောင်းခြင်းသည် ကမ္မညမည်၏၊ ထိုအမှု၌ ကောင်းသည်၏အဖြစ်သည် ကမ္မညတာမည်၏။

စိတ်တို့၏ အမှု၌ကောင်းသောအဖြစ်လျှင် လက္ခဏာရှိခြင်းသည် စိတ္တကမ္မညတာမည်၏။ ဝေဒနာအစရှိသော စေတသိက်တို့၏အမှု၌ ကောင်းသော အဖြစ်လျှင် လက္ခဏာရှိခြင်းသည် ကာယကမ္မညတာမည်၏။

(ကာမစ္ဆန္ဒ) ကာမဂုဏ်အာရုံတွေအပေါ် လိုချင်တပ်မက်မှုများနေသောစိတ်+ စေတသိက်တို့သည် ဒါန၊ သီလ၊ ဘာဝနာအမှုပြုရန် မေ့လျော့မှုဖြစ်နေသဖြင့် ကောင်းမှုပြုဖို့ ကြုံလာသောအခါ အရန်သင့်ဖြစ်မနေဘဲ ကောင်းမွန်ခံ့ငြားမှု မရှိ၊ ကာမအမှောင်ဖုံးနေ၍ ကာမဂုဏ်ထဲ၌ နှစ်နေပြီး ပျော့ဖတ်ဖတ်နိုင်လွန်းလှ၏။

ဒေါသတရားတို့ လွှမ်းမိုးနေလျှင်လည်း ကုသိုလ်တရားတို့ပြုဖို့ရန် အခွင့် ကြုံလာသောအခါ အရန်သင့်ဖြစ်မနေဘဲ၊ မာကြော၏ကြမ်းတမ်းနေသဖြင့် ကောင်းမွန် ခံ့ငြားမှုမရှိပေ၊ ထိုနှစ်မျိုးလုံးမရှိဘဲ စိတ်+စေတသိက်တို့၏ ကောင်းမွန်ခံ့ငြားနေခြင်း၊ အရန်သင့် ဖြစ်နေခြင်းပင်တည်း။

ဥပမာအားဖြင့် ရွှေတုံးရွှေခဲသည် ပျော့လွန်း မာလွန်းနေလျှင် လက်ကောက် နားဆွဲစသော ဘယက်တန်ဆာများ ပြုလုပ်ရန် အရန်သင့်မဖြစ်၊ မကောင်းမွန် မခံ့ငြား၊ မပျော့လွန်း မမာလွန်းသော လျှော်ပြီး ဦးပြီး ချက်ထားပြီးသော ရွှေတုံး ရွှေခဲသည်သာ လိုရာတန်းဆာများပြုလုပ်ဖို အရန်သင့်ဖြစ်ပြီး ကောင်းမွန်ခံ့ငြား နေသည်နှင့်တူ၏။

ကာယပါဂုညတာ+စိတ္တပါဂုညတာ (အဿဒ္ဓိယ = အနာရှိသော စိတ်ဟု ဆိုအပ်သော သဒ္ဓါတရားမရှိခြင်း စသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။)

လေ့လာသည်၏အဖြစ်သည် ပါဂုညမည်၏ ထိုပါဂုညပုဒ်သည်ပင် ပါဂုညတာမည်၏၊ စိတ်၏လေ့လာခြင်းလက္ခဏာသည် စိတ္တပါဂုညတာ,စေတသိက်တို့၏ လေ့လာခြင်းလက္ခဏာသည် ကာယပါဂုညတာ။

(ဒါန+သီလ+ဘာဝနာ = ကုသိုလ်ကောင်းမှုတရားတို့၌) စိတ်၏လေ့လာပွားများမှု၊ ပွန်းတီးမှု၊ ကျေပွန်မှုများသည်၏အဖြစ်သည် စိတ္တပါဂုညတာမည်၏။

ဒါန+သီလ+ဘာဝနာ = ကုသိုလ်တရားတို့၌ စေတသိက်အပေါင်း၏ လေ့လာပွားများမှု၊ ပွန်းတီးမှု၊ ကျေပွန်မှုများသည်၏အဖြစ်သည် ကာယပါ ဂုညတာ မည်၏။

အလေ့အလာ အကျက်အမှတ်များ၍ အလွန်ကျေညက်စွာ ရရှိထားပြီးသော စာကို ရွတ်ဆိုသောအခါ ထစ်ငေါ့ခြင်း၊ မေ့လျော့ခြင်း၊ ညီးညီးညူညူ တအင်းအင်းနှင့် စဉ်းစားနေရခြင်းစသော အပြစ်အနာအဆာများမရှိဘဲ ချောမောစွာ ပြန်ဆိုနိုင်သကဲ့သို့ ကုသိုလ်တရားတို့၌ လေ့လာပွန်းတီးမှု အလွန်များသဖြင့် စိတ်+စေတသိက်တို့သည် အလွန်သန့်ရှင်းနေသည်၊ ရတနာသုံးပါး၊ ကံ, ကံ၏အကျိုးတရားတို့၌ ယုံကြည်ချက်လည်းခိုင်မာသည်၊ မယုံကြည်ခြင်း (အဿဒ္ဓိယ) လောဘ+ဒေါသ+ဣဿာ+ မစ္ဆရိယ စသော ကိလေသာအပြစ်အနာအဆာတရားတို့ကြောင့် စိတ်စေတသိက်တို့သည် မကျန်းမမာ နာကျင်မှုမရှိ၊ ကျန်းမာရွှင်ပြလျက်သာ ရှိသည်၊ ကျန်းမာသော စိတ် + စေတသိက်တို့သည် မည်သည့် ကောင်းမှုကိစ္စကိုမဆို ပြုလုပ်နိုင်စွမ်းရှိသည်။

## ကာယုဇုကတာ+စိတ္တုဇုကတာ
## (မာယာ+သာဌေယျ တို့၏ ဆန့်ကျင်ဘက်ဖြစ်၏)

စိတ်တို့၏ ကောက်ကျစ်မှု လှည့်ပတ်မှု မရှိ၊ ဖြောင့်မတ်သည်၏ အဖြစ်သည် စိတ္တုဇုကတာမည်၏။

ဝေဒနာအစရှိသော စေတသိက်တို့၏ ကောက်ကျစ်မှု+လှည့်ပတ်မှု မရှိ၊ ဖြောင့်မတ်သည်၏ အဖြစ်သည် ကာယုဇုကတာ မည်၏။

လောက၌ စိတ်ထားစိတ်နေ ဖြောင့်မှန်ရိုးသားမှ အမှုခပ်သိမ်းတို့ကို ဆောင်ရွက်ရာ၌၊ ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်၊ ကောက်ဉာဏ် အလိမ်ဉာဏ်များဖြင့် ဆောင်ရွက်သော် အကောက်အလိမ်ပေါ်သည်နှင့် မည်သူမျှ ဆက်ဆံ လုပ်ကိုင်ချင်စိတ်

မရှိတော့ပေ။ မိမိ၌ရှိသောအပြစ်ကို ဖုံးလွှမ်းလို၍ အပြစ်မရှိလေဟန် လိမ်လည် လှည့်ပြားတတ်သော မာယာ၊ မိမိ၌မရှိသော ဂုဏ်ကိုရှိလေဟန် ဟန်ဆောင် ကောက်ကျစ်တတ်သော သာထေယျ။ ဤ-မာယာ+သာထေယျနှစ်မျိုး လွှမ်းမိုး နေသောပုဂ္ဂိုလ်သည် ကောင်းမှုကိစ္စအပေါင်းတို့၌ ဖြောင့်ဖြောင့်မတ်မတ် မှန်မှန် ကန်ကန် ဆောင်ရွက်မည့်ပုဂ္ဂိုလ် မဖြစ်နိုင်ပေ။

ထိုကောင်းမှုကုသိုလ်ကောင်းမှု ဖြစ်နိုင်ဖို့အတွက် စိတ်နေစိတ်ထား ဖြောင့်မှန် ရိုးသားရပေမည်။

## နှစ်ပါးစုံအားဖြင့် တွဲဟောရခြင်းအကြောင်း

သဒ္ဓါစသော စေတသိက်တို့သည်ကား တစ်ပါးစီသာ အကုသိုလ်တရားတို့ကို ပယ်နိုင်ကုန်၏။ ကာယပဿဒ္ဓိ စသောစေတသိက်များကား နှစ်ပါးစီတွဲ၍သာ ဆန့်ကျင်ဖက်အကုသိုလ်တရားတို့ကို ပယ်နိုင်သောကြောင့် နှစ်ပါးစီတွဲ၍ ဟောတော်မူ၏။

တစ်နည်း – စိတ္တပဿဒ္ဓိစသည်တို့ဖြင့် စိတ်၏ငြိမ်းခြင်း စသည်သာဖြစ်၍ ကာယပဿဒ္ဓိစသည်တို့ဖြင့် ရုပ်၏လည်းငြိမ်းခြင်းစသည် ဖြစ်၏၊ ထို့ကြောင့် နှစ်ပါးစီတွဲ၍ ဟောရ၏။

ခပ်သိမ်းသော သောဘဏစိတ် တစ်ခုယုတ် (၆၀)တို့နှင့် ယှဉ်သောကြောင့် သဒ္ဓါစသော စေတသိက်တို့သည် သောဘဏသာဓာရဏ စေတသိက် မည်ကုန်၏။ ပါဠိတော်အစဉ်အားလျော်စွာ သဒ္ဓါစသော စေတသိက်တို့ကို မိန့်ဆို၏။

## ကာယပဿဒ္ဓိစသည်တို့ ဖြစ်ကြောင်း

ထိုကာယပဿဒ္ဓိ စသည်တို့သည် ကိုယ်စိတ်တို့၏ ခက်တရော်ရှိခြင်း အစရှိ သည်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဖက်ဖြစ်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

| စေတသိက်များ | ဆန့်ကျင်ဘက်ကိလေသာများ | |
|---|---|---|
| ၁။ ပဿဒ္ဓိ + ------ | ပျံ့လွင့် + | (ဥဒ္ဓစ္စ) |
| ၂။ လဟု၊ ------- | ထိုင်း + မှိုင်း၊ | (ထိန + မိဒ္ဓ) |
| ၃။ မုဒု + --------- | စိတ်ရိုင်း– ဒိဋ္ဌိ+မာန် | (ဒိဋ္ဌိ + မာန) |
| ၄။ ကမ္မည်၊ -------- | ကာမံလိုရှိ၊ | (ကာမစ္ဆန္ဒ) |
| ၅။ ပါဂုညည်နှင့် ----- | အသဒ္ဒိယာ၊ | (အဿဒ္ဓိယ) |
| ၆။ ထို့ပြင် ဥဇုက --- | မာယာ+သာဌေယျ | (မာယာ+ သာဌေယျ) |
| ခြောက်ခမ္ဘ၊ ကာယစိတ်နှင့် နော။ | ဤခြောက်ဝ၊ တွဲကြစဉ်တိုင်းသာ။ | |

ဤ ပဿဒ္ဓိစသော ခြောက်စုံတို့သည် စိတ် + စေတသိက်တို့၏ ပူပန်ခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ အမှု၌ မခံ့ခြင်း၊ မလေ့လာမကျေပွန်၍ အပြစ်အနာရှိခြင်း၊ ဖြောင့်မတ်တည်ကြည်မှု မရှိခြင်းတို့ကို ပယ်သဖြင့် စိတ်စေတသိက်တရားတို့နှင့် အတူတကွဖြစ်ကြကုန်သော ရုပ်ခန္ဓာကိုယ်၏ ပူပန်ခြင်း၊ လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ အမှု၌မခံ့ခြင်း၊ မလေ့လာမကျေပွန်၍ အပြစ်အနာရှိခြင်း၊ ဖြောင့်မတ်တည်ကြည်မှု မရှိခြင်းတို့ကိုလည်း ပယ်ပြီးသား ဖြစ်တော့သည်။ "စိတ်ထောင်းကိုယ်ကျေ၊ စိတ်ပျို ကိုယ်နု" စကားအတိုင်း ရုပ်ခန္ဓာကိုယ်ကြီး ကျန်းမာသန့်ရှင်းဖို့ စိတ်စေတသိက်တို့ အရင်းခံလျက် ရှိသည်။ ရုပ်ပိုင်း၌ ပို၍သိရလတ္တံ့။

## ဝိရတီစေတသိက် ၃–ပါး

ကာယ+ဝစီ–ဒုစရိုက်+ဒုရာဇီဝ (မကောင်းမှု)တို့ကို ပြုခွင့်ကြုံလျက်မပြုဘဲ ရှောင်ကြဉ်ခြင်းသည် ဝိရတီ မည်၏။

၁။ **သမ္မာဝါစာ** အာဇီဝဟေတုကို မငဲ့မူ၍ (ဝါ) (အသက်မွေးဝမ်းကြောင်းမှု) နှင့် မဆိုင်ဘဲ၊ သက်သက် မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဟူသော ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာ မည်၏။ (မရှောင်လျှင် မိစ္ဆာဝါစာ မည်၏။)

(စား+ဝတ်+နေရေးနှင့်မသက်ဆိုင်ဘဲ သက်သက်ပျော်မြူးလို့မှု၊ ပျက်စီးလိုမှု သဘောဖြင့် မုသားစသည် ပြောဖို့အခွင့်ကြုံလာပါလျက် မပြောဘဲ ရှောင်ကြဉ်ခြင်း ဖြစ်သည်။

၂။ သမ္မာကမ္မန္တ အာဇီဝဟေတုကို မငဲ့မူ၍ (ဝါ) (အသက်မွေးဝမ်းကြောင်းမှု) နှင့် မဆိုင်ဘဲ သက်သက် ပါဏာတိပါတ+ အဒိန္နာဒါန+ကာမေသုမိစ္ဆာ စာရဟူသော ကာယ ဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာ ကမ္မန္တ မည်၏။ (မရှောင်လျှင် မိစ္ဆာကမ္မန္တ မည်၏။)

(စား+ဝတ်+နေရေးနှင့် မသက်ဆိုင်ဘဲ သက်သက်ပျက်စီးလို၊ ပျော်မြူးလိုသော သဘောဖြင့် သတ်ခြင်း၊ ခိုးခြင်း၊ ကာမဂုဏ်၌ မှားယွင်းခြင်း စသည်ကို ပြုဖို့အခွင့် ကြုံပါလျက် မပြုဘဲရှောင်ကြဉ်ခြင်းဖြစ်သည်။)

၃။ သမ္မာအာဇီဝ အာဇီဝဟေတုကို ငဲ့၍ (ဝါ) (အသက်မွေးဝမ်းကြောင်းမှု)နှင့် ဆက်စပ်သော ဝစီဒုစရိုက်၄–ပါး+ကာယဒုစရိုက် ၃–ပါး = ပေါင်း ၇–ပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ မည်ပါ သည်။ (မရှောင်လျှင် မိစ္ဆာအာဇီဝမည်၏။)

တစ်နည်း– အံ့ဖွယ်သရဲကို ဖြစ်စေခြင်း၊ မိမိကိုယ်ကို ချီးမြှောက်၍ပြောခြင်း အစရှိသော မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်သည်၏အစွမ်းဖြင့် များသောအပြားရှိ၏။

(အချို့ရဟန်းတော်များနှင့် အချို့ ဓာတ်ဆရာ၊ နတ်ဆရာတို့သည် ပစ္စည်းလာဘ် လာဘကို ရရှိလိုသော အလိုဆိုးဖြင့် အံ့ဘွယ်သရဲကို ပြုလုပ်၍ပြခြင်း၊ မိမိကို အထင်ကြီးအောင် ပြောဆိုခြင်းစသော လှည့်စားသော အပြုအမူတို့ဖြင့် ပြုလုပ်မှု မှန်သမျှတို့သည်လည်း မိစ္ဆာအာဇီဝများပင် ဖြစ်ပါသည်။)

(ဤဝစီဒုစရိုက် ၄–ပါး + ကာယဒုစရိုက် ၃–ပါးကိုပြုလျှင် မိမိ စား+ဝတ်+နေရေး သက်မွေးမှု ပြည့်စုံချမ်းသာမည်၊ ပြုဖို့+ပြောဖို့လည်း အခွင့်ကြုံနေသည်၊ ထိုသို့ဖြစ်လျက် မပြုမပြောဘဲ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ မည်၏။)

## ဒုစရိုက်နှင့် ဒုရာဇီဝ

အသက်မွေးဝမ်းကြောင်းမဟုတ်သော မိစ္ဆာဝါစာ+ မိစ္ဆာကမ္မန္တတို့နှင့်ဆိုင်သော ဝစီဒုစရိုက် ၄–ပါး+ ကာယဒုစရိုက် ၃–ပါးတို့သည် အသက်မွေးမှုနှင့် မဆိုင်သဖြင့် ဒုစရိုက်သာ မည်၏။ ဒုရာဇီဝ မမည်။ အသက်မွေးခြင်း၏အကြောင်းဖြစ်သော မိစ္ဆာ အာဇီဝနှင့်ဆိုင်သော ဝစီဒုစရိုက် ၄–ပါး+ကာယဒုစရိုက် ၃–ပါးတို့သည် အသက် မွေးမှုနှင့်ဆိုင်သဖြင့် ဒုစရိုက်လည်းမည်၏။ ဒုရာဇီဝလည်း မည်၏။

## ဝိရတီအဆင့် ၃-မျိုး

၁။ သမ္ပတ္တဝိရတီ = သိက္ခာပုဒ်ကို ဆောက်တည်ထားခြင်းမပြုဘဲ၊ လွန်ကျူး ဖွယ်ဒုစရိုက်ကို တွေ့ကြုံသောအခါ စိတ်ကောင်းဝင်၍ ရှောင်ကြဉ်ခြင်း၊

၂။ သမာဒါနဝိရတီ = သီလဆောက်တည်ထားပြီး ဒုစရိုက် လွန်ကျူးစရာ တွေ့သောအခါ သိက္ခာပုဒ်သီလ ဆောက်တည်ထားသည်ကို သတိရ၍ ရှောင်ကြဉ်ခြင်း၊

၃။ သမုစ္ဆေဒဝိရတီ = လွန်ကျူးဖွယ် ဒုစရိုက်ကို တွေ့သော်လည်း ဘုရား+ ရဟန္တာ အရိယာပုဂ္ဂိုလ်တို့သည် မဂ်ဖြင့် အနုသယ ကိလေသာဓာတ်ကို အကြွင်းမဲ့ ဖြတ်ထားပြီးဖြစ်၍ ရှောင်ကြဉ်ပြီးသားဖြစ်နေခြင်း။

ဥပမာ။ ။ သီဟိုဠ်ကျွန်း၌ စူဠစက္ကန+မဟာစက္ကန ညီနောင်နှစ်ဦးတို့သည် မိခင်ကြီး မကျန်းမမာဖြစ်၍ ဆေးဆရာနှင့် ပြသရာ ယုန်သားဓာတ်စာရမှ မိခင်ကြီး ကျန်းမာရေး သက်သာပျောက်ကင်းနိုင်မည်ဖြစ်ကြောင်းပြောသဖြင့် အကိုကြီး မဟာစက္ကနသည် ညီငယ် စူဠစက္ကနကို တောထဲသို့ ယုန်ရှာရန် လွှတ်လိုက်လေသည်။

ညီငယ်စူဠစက္ကနသည် တောထဲ၌ ယုန်ထောင်ရာ ယုန်သားကောင်လေးများကို မိလေသည်။ ယုန်သားလေးများမိနေစဉ် မိခင်ယုန်မကြီးသည် အလွန်ကြောက်ရွံ့ ထိတ်လန့်ပြီး ထွက်မပြေးဘဲ ယုန်သားလေးများ အနီး၌ ဆောက်တည်ရာ မရအောင် လှည့်ပတ်ပြေးသွားလျက်ရှိသည်။

ထိုမြင်ကွင်းကို မြင်ရသော စူဠစက္ကနလုလင်သည် ယုန်သားလေးများကို မသတ်ရက်တော့ဘဲ ''ငါသည် သိတတ်သည့်အရွယ်မှစ၍ သူတစ်ပါးတို့၏ အသက်ကို မသတ်ခဲ့စဖူး၊ သတ္တဝါတစ်ဦး၏အသက်ကို သတ်ပြီးမှ ငါ့မိခင် အသက်ရှင်ရေးအတွက် ဆောင်ရွက်ခြင်းသည် မတရားသော လုပ်ရပ်သာ ဖြစ်သည်''ဟု စဉ်းစားဆုံးဖြတ်ပြီး မိထားသော ယုန်သားကောင်လေးများကို လွှတ်လိုက်လေသည်။ဤသို့ ရှောင်ကြဉ်မှုမျိုးသည် သမ္ပတ္တဝိရတီ မည်၏။

သီဟိုဠ်ကျွန်း၌ ဥပါသကာတစ်ယောက်သည် ရဟန်းတစ်ပါးထံမှ သီလ ဆောက်တည်ပြီး လယ်ထွန်ထွက်ခဲ့၏။ လယ်ထွန်ပြီးသော် နွားများကို လွှတ်ထား၏။

ထိုလွှတ်ထားသော နွားများကို လိုက်ဖမ်းစဉ် ဥတ္တရ၀ဓမာန တောင်ပေါ်သို့ ရောက်သွား၏။ ထိုတောင်ပေါ်၌ စပါးကြီးမြွေ၏ ရစ်ပတ်မှုကို ခံရ၏၊ ထိုအခါ မိမိ၌ပါလာသော ပဲခွပ်ဖြင့် စပါးကြီးမြွေကို သတ်လျှင်ဖြစ်ပါလျက် သီလဆောက်တည်ထားသည်ကို သတိရ၍ မသတ်ဘဲ ရှောင်ကြဉ်ခြင်းသည် သမာဒါနဝိရတိ မည်၏။

ဒုစရိုက်တရားများကို အမြစ်ပြတ်ပယ်သတ်ပြီးသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်များသည် ဒုစရိုက်များကို အထူးရှောင်ကြဉ်ဆောက်တည်စရာမလိုဘဲ အမြဲရှောင်ကြဉ်ပြီးသားဖြစ်လေသည်။

**(ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ** = တရားစောင့်သူကို တရားကပြန်လည်စောင့်ရှောက်သည်။)

ဤသို့ တရားကို စောင့်သဖြင့် ရှောင်ကြဉ်ခြင်းကြောင့် စက္ကနလုလင်သည် ''ယုန်ကို ဖမ်းမိပါလျက် သူ့အသက်ကို မသက်ဘဲ ရှောင်ကြဉ်ရသော ကုသိုလ်ကြောင့် မိခင်၏ မကျန်းမာမှုသည် ကင်းပျောက်ပါစေသတည်း'' ဟု သစ္စာဆိုလိုက်သောအခါ ချက်ချင်းပင် မိခင်၏ရောဂါသည် ပျောက်ငြိမ်းသွားခဲ့သည်။

စပါးကြီးမြွေ ရစ်ပတ်ခံရသော ဥပါသကာသည် စပါးကြီးမြွေကို မိမိလက်ထဲ၌ရှိသောပဲခွပ်ဖြင့် သတ်မည်ပြုပြီးမှ နံနက်က ဆောက်တည်ခဲ့သောသီလကို သတိရ၍ ''အသက်သာအသေခံတော့မည် သီလကို အပျက်မခံ'' ဟု ဆုံးဖြတ်ပြီး ရှောင်ကြဉ်စိတ်ထားလိုက်သော ခဏမှာပင် စပါးကြီးမြွေသည် ပူလောင်နေသော သံတိုင်ကြီးကို ရစ်ပတ်ထားရသကဲ့သို့ ခံစားရပြီး အလိုအလျောက် ဖြေလျော့၍ ထွက်သွားခဲ့လေသည်။

ဒုစရိုက်ကိုရှောင်သော ကာလ = အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးတို့တွင် အတိတ်ဖြစ်သော ဒုစရိုက်ကို မရှောင်ကြဉ်နိုင်၊ ပြုဆဲဒုစရိုက်ကိုလည်းကောင်း၊ ပြုလတ္တံ့သော ဒုစရိုက်ကိုလည်းကောင်း အာရုံပြု၍ ရှောင်ကြဉ်နိုင်၏။

## အပ္ပမညာစေတသိက် ၂-ပါး (ကရုဏာ+မုဒိတာ)

အတိုင်းအရှည်မရှိသော၊ (အကန့်အသတ်မရှိသော) အနန္တဒုက္ခိတသတ္တဝါ၊ သုခိတ သတ္တဝါတို့ကို အာရုံပြု၍ဖြစ်သော စေတသိက်တို့သည် အပ္ပမညာ မည်ပါသည်။

ကရုဏာ၏လက္ခဏာများ =

(၁) အတိုင်းအရှည်မရှိသော အကန့်အသတ်မရှိသော ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်းလက္ခဏာ ရှိ၏။

(၂) သူတစ်ပါးတို့၏ဆင်းရဲကို ပယ်+ဖျက်လိုသည်၏အဖြစ်လျှင် လက္ခဏာ ရှိ၏။

## ကရုဏာ၏ အဓိပ္ပါယ်များ

သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို မြင်သော် သူတော်ကောင်းတို့၏ စိတ်နှလုံးတွင် ပင်ပန်းခြင်းကို ဖြစ်စေတတ်၏။ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်တတ်သောသဘော ရှိ၏။ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ဖျက်ဆီးတတ်သောသဘော ရှိ၏။ ဆင်းရဲဖြစ်သော သတ္တဝါတို့၌ ပြန့်အပ်သော သဘောလည်း ရှိ၏။

(မိမိ၏ မိ+ဘ+ညီ+ကို+မောင်+နှမ ဆွေးမျိုးဉာတကာတို့နှင့် စပ်၍ဖြစ်သော စိတ်ပင်ပန်းမှု ဆင်းရဲမှုတို့ကို ပယ်ဖျောက်လိုမှုတို့မှာ (အကန့်အသတ်သဘော ရှိနေ၍) ကရုဏာအတု ဒေါမနဿ ပြဋ္ဌာန်းသော သောကသဘောသာတည်း ၊ ကရုဏာအစစ်မဟုတ်ပေ၊ ကရုဏာ အစစ်မှာ ကုသိုလ်သဘောသက်သက်တည်း)

### ဆင်းရဲကို ပယ်တတ်မှ ကရုဏာဟု ခေါ်ခြင်းမဟုတ်

ကရုဏာသည် ဆင်းရဲကို ပယ်နိုင်သည်ဖြစ်စေ၊ မပယ်နိုင်သည်ဖြစ်စေ ဆင်းရဲကို ပယ်လိုသော အခြင်းအရာရှိလျှင်ပင် ကရုဏာ ဟူ၍ ခေါ်ဆိုနိုင်ပေသည်။

### မုဒိတာ၏ လက္ခဏာများ

၁။ အတိုင်းအရှည်မရှိသော (အကန့်သတ်မရှိသော) သုခိတသတ္တဝါပုဂ္ဂိုလ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းလက္ခဏာရှိ၏။

၂။ သူတစ်ပါးတို့၏ စည်းစိမ်ချမ်းသာပြည့်စုံမှုကို ဝမ်းမြောက်ခြင်းလက္ခဏာ ရှိ၏။

(မိမိ၏ မိ+ဘ+ညီ+ကို+မောင်+နှမ ဆွေမျိုးဉာတကာတို့၏ ပြည့်စုံချမ်းသာမှုကို မြင်ရ၍ ဝမ်းမြောက်ခြင်းမှာ (အကန့်အသတ်သဘောရှိနေ၍) လောဘသို့ ယိုင်သော မုဒိတာအတုသာဖြစ်သည်။ မုဒိတာအစစ်မှာ အကန့်အသတ်သဘော မရှိသော အတိုင်းအရှည်မရှိသော ကုသိုလ်သဘော သက်သက်တည်း)။

အပ္ပမညာ၏သဘောမှာ – တစ်ယောက်တည်းကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ မိမိချစ်နှစ်သက်သူဟုလည်းကောင်း၊ ဆွေမျိုးဉာတကာဟုလည်းကောင်း အမှတ်မပြု၊ သတ္တဝါပုဂ္ဂိုလ်ဟူသော အားလုံးကို အကန့်အသတ်မရှိ အာရုံပြု၏။

## အပ္ပမညာ-၂-ပါးသာ ဆိုရခြင်း

ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာလေးပါးဆိုထားပါလျက် ဤစေတသိက်ပိုင်း၌-နှစ်ပါးသာဆိုရခြင်းမှာ အဒေါသဖြင့် မေတ္တာကို၊ တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူပြီးဖြစ်သောကြောင့် နှစ်ပါးသာ ဆိုပါသည်။

ပညိန္ဒြေ　အပြားအားဖြင့် ခွဲခွဲခြမ်းခြမ်းသိတတ်၊ (ခန္ဓာငါးပါးအပေါ်၌) အနိစ္စ စသည် တို့၏အစွမ်းဖြင့် ထိုးထိုးထွင်းထွင်း သိတတ်သောကြောင့် ပညာမည်၏။
ထိုပညာသည်ပင် အနိစ္စစသည်တို့၏အစွမ်းဖြင့် ထိုးထိုးထွင်းထွင်း သိခြင်း၌ အစိုးရသည်၏အဖြစ်နှင့် ယှဉ်ခြင်းကြောင့် *ဣန္ဒြေ*မည်၏။
ထိုသတ္တိ နှစ်မျိုးကြောင့် *ပညိန္ဒြေ*မည်၏။

## သညာ ဝိညာဏ် ပညာ (သုံးမျိုးတို့၏ သိပုံအထူး)

သညာသိ။ ။ ဖြူ+နီ+ညို+ဝါ-စသည်ဖြင့် အမှတ်အသားမျှသာ သိခြင်းသည် သညာသိ မည်၏။ (အနိစ္စစသော သဘောလက္ခဏာတို့ကို ထိုးထွင်း၍မသိနိုင်သေး) ကလေးသည် လမ်း၌ရွှေကို တွေ့ရာ ဝင်းဝင်းဝါဝါ လှလှပပဖြစ်၍ ကောက်ယူခဲ့ သည်နှင့် တူ၏။ တန်းဖိုးရှိမှန်း မရှိမှန်း မသိပေ။

ဝိညာဏ်သိ။ ။ ဖြူပုံ+နီပုံ+ညိုပုံ+ဝါပုံ စသည်ကို အကြောင်းနှင့်တကွလည်း သိ၏။ အနိစ္စစသော သဘောလက္ခဏာကိုလည်း သိ၏။ (လုံ့လအားထုတ်ပြီး ဝိပဿနာဉာဏ်ဖြင့် မဂ်+ဖိုလ်ဆိုက်အောင် ထိုးထိုးထွင်းထွင်းကား မသိသေး)။ ထိုရွှေကို မိဘတို့အားပြသရာ ရွှေမှန်း တန်ဖိုးရှိမှန်းသိသည်နှင့် တူ၏။ အလေးချိန်၊ တန်ဖိုးအရည်အသွေးတို့ကိုကား တိတိကျကျ မသိသေးပေ။

ပညာသိ။ ။ ဖြူပုံ+နီပုံ+ညိုပုံ+ဝါပုံ စသည်တို့ကိုလည်း အကြောင်းနှင့်တကွ သိ၏။ အနိစ္စစသော သဘောလက္ခဏာကိုလည်း သိ၏။ လုံ့လအားထုတ်ပြီး ဝိပဿနာဉာဏ်ဖြင့် မဂ်+ဖိုလ် ဆိုက်အောင် ထိုးထိုးထွင်းထွင်းလည်း သိ၏)

ပညာသိ။ ။ ရွှေပန်းတိမ်သည်၏ အသိနှင့်တူ၏၊ ပန်းတိမ်သည်သည် ရွှေဖြစ်မှန်း ကိုလည်းကောင်း၊ တန်ဘိုးရှိမှန်းကိုလည်းကောင်း၊ အလေးချိန် တန်ဖိုး အရည် အသွေးတို့ကိုပါ တိတိကျကျ အကြွင်းအကျန်မရှိ သိနိုင်၏။

ဉာဏဝိပ္ပယုတ်၌ ယှဉ်သော သညာနှင့်ဝိညာဏ်တို့ တစ်လှည့်စီ ပြဋ္ဌာန်းကြ၏။

ဉာဏဝိပ္ပယုတ်၌ ယှဉ်သောသညာ၏ အခြင်းအရာကို ယူသည်၏အစွမ်းဖြင့် ဖြစ်သောအခါ၌ သညာက ပြဋ္ဌာန်း၏၊ အားကြီး၏၊ ဝိညာဏ်က မပြဋ္ဌာန်း၊ သညာ၏ အခြင်းအရာကို ယူခြင်းမှ ကြွင်းသောအခါ၌ ဝိညာဏ်က ပြဋ္ဌာန်း၏ (အားကြီး၏) သညာကမပြဋ္ဌာန်း။

ဉာဏသမ္ပယုတ်၌ ယှဉ်သောအခါ၌ သညာ+ဝိညာဏ်+ပညာတို့တွင်- ပညာသာ ပြဋ္ဌာန်း၏။ (အားကြီး၏) သညာနှင့်ဝိညာဏ်ကား မပြဋ္ဌာန်း နောက်လိုက်မျှသာ ဖြစ်ကြသည်။

## ပညာယောင်ယောင် ပညာအတုများ

လောက၌ မကောင်းမှုပြုရာ၌ လုပ်ပုံလုပ်နည်း၊ အကြောင်းခြင်းရာ လိမ္မာပါးနပ်မှု၊ စွမ်းဆောင်နိုင်မှုတို့မှာ ဉာဏ်အစစ်များ မဟုတ်ပေ၊ မိစ္ဆာဉာဏ်များသာဖြစ်သည်၊ ၎င်းမိစ္ဆာဉာဏ် (ပညာအတု)များ ဖြစ်ပေါ်အောင်၊ မောဟ+လောဘ+ဒိဋ္ဌိ+ဝိတက်+ဝိစာရ+စိတ်၊ ဤ-၆-ပါးတို့က ဆောင်ရွက်ခြင်း ဖြစ်ပေသည်။

## ဒိဋ္ဌိ + ပညာအထူး

ဒိဋ္ဌိသည် မှားယွင်းဖောက်ပြန်သောအားဖြင့် သိ၏။ ပညာသိမဟုတ် မာယာသိ တဏှာသိသာ မည်၏။ ပညာသည်- မဖောက်မပြန် ဟုတ်မှန်သောအတိုင်းသိ၏။

သောဘဏသာဓာရဏစေတသိက် ၁၉+ ဝိရတီ-၃+ အပ္ပမညာ-၂+ ပညိန္ဒြေ ဤ ၂၅-ပါးသော စေတသိက်တို့သည် တင့်တယ်ကောင်းမြတ်သော သဘောတရားဖြစ်သောကြောင့် သောဘဏစေတသိက် မည်ကုန်၏။

## စိတ္တုပ္ပါဒ = စိတ္တ+ဥပ္ပါဒ

ဖြစ်တတ်သောကြောင့် ဥပ္ပါဒ မည်၏။

(တစ်နည်း) ဤတရားအပေါင်းဖြင့် စိတ်သည်ဖြစ်တတ်၏။ ထိုသို့ဖြစ်ကြောင်း ဖြစ်သောသတ္တိကြောင့် စေတသိက်တရားအပေါင်းသည် ဥပ္ပါဒ မည်၏။

စိတ်သည်သာလျှင် ဥပ္ပါဒ မည်သောကြောင့် စိတ္တုပ္ပါဒမည်၏။

(တစ်နည်း) ယှဉ်ဘော်ယှဉ်ဘက်စိတ်နှင့် စေတသိက်တို့သည် စိတ္တုပ္ပါဒ် မည်၏။ တစ်နည်း - စိတ်သည်လည်းကောင်း ထိုစိတ်၏ဖြစ်ကြောင်းဖြစ်သော စေတသိက်တို့သည်လည်းကောင်း ရှိ၏။ ထိုစိတ်+စေတသိက်အပေါင်းသည် စိတ္တုပ္ပါဒ် မည်၏။

**စေတသိက်-၅၂ ပါးအဖွင့်ပြီး၏။**

◆ ◆ ◆

# သမ္ပယောဂနည်း

## ပကိဏ်းစေတသိက်–၆ပါး

### ဝိတက်၌၊ ဒွေပဉ္စဝိညာဏ် တစ်ဆယ်နှင့် ဒုတိယဈာန်စသည်တို့မယှဉ်ခြင်း

ဒွေပဉ္စဝိညာဏ်တစ်ဆယ်သည်၊ အာရုံငါးပါးကို သာမညသိမှုသာ ဖြစ်သဖြင့် အလွန်တရာအားနည်း၍ အာရုံကို ကြံစည်နိုင်သော သဘောမျိုးမဟုတ်သောကြောင့် (သဘောအားဖြင့် ဝိတက်ကင်းသောကြောင့်) ကြံစည်ခြင်းသဘောရှိသောဝိတက်၌ မယှဉ်နိုင်။

ဒုတိယ+တ+စ+ပဥ္စမဈာန်တို့သည်–ဘာဝနာ၏အစွမ်းဖြင့် ဝိတက်ကို ပယ်ထား ခဲ့ပြီးဖြစ်သောကြောင့် ဝိတက်၌ မယှဉ်ကြ။

### အဓိမောက္ခ၌ ဒွေပဉ္စဝိညာဏ် ၁၀နှင့် ဝိစိကိစ္ဆာတို့မယှဉ်ခြင်း

ဒွေပဉ္စဝိညာဏ် ၁၀–သည် မြင်ယုံ–ကြားယုံ စသော သဘောမျှသာဖြစ်၍ အလွန်အားနည်းသောကြောင့်၊ အာရုံကို မဆုံးဖြတ်နိုင်။ ထို့ကြောင့် အဓိမောက္ခ၌ မယှဉ်။

ဝိစိကိစ္ဆာသည်လည်း အာရုံကို မဆုံးဖြတ်နိုင်သဖြင့် အာရုံကိုဆုံးဖြတ်ခြင်း အဓိမောက္ခနှင့် ဆန့်ကျင်ဘက်ဖြစ်၍ မယှဉ်။

### ဝီရိယ၌–ဒွေပဉ္စဝိညာဏ်–၁၀၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတို့ မယှဉ်ခြင်း

၎င်း ၁၆ပါးသည်၊ အားနည်း၍၊ ဗိုလ်ကိစ္စမတတ်နိုင်သောကြောင့် ဗိုလ်ထိုက် သော ဝီရိယ၌ မယှဉ်။

### ပီတိ၌ ဒေါသမူ ဒွေ၊ ဒုက္ခ+သုခသဟဂုတ်၊ စတုတ္ထဈာန် ၁၁၊ ဥပေက္ခာ၅၅–တို့ မယှဉ်ခြင်း။

ဒေါသမူ + ဒုက္ခသဟဂုတ်တို့သည် ကြမ်းတမ်းသောသဘောရှိ၏။ ဆင်းရဲသော သဘောရှိ၏။ ပီတိကား နှစ်သက်မှုသဘောဖြစ်၍ ဆန့်ကျင်သောကြောင့် မယှဉ်။

သုခသဟဂုတ် ကာယဝိညာဏ်သည် ကိုယ်၌ဖြစ်သော ချမ်းသာကို ခံစားသော ကာယိကသုခချမ်းသာခြင်းဖြစ်၏။ ပီတိကား စိတ်ချမ်းသာမှုကို ခံစားသော မနသိကသုခဖြစ်၏။ ထိုသို့ ဆန့်ကျင်သောကြောင့် မယှဉ်။

စတုတ္ထဈာန် ၁၁–ပါး၌ ပီတိကို ဘာဝနာ၏အစွမ်းဖြင့် ပယ်ထားခဲ့ပြီးသား ဖြစ်နေသောကြောင့် မယှဉ်။

ပီတိသည် သောမနဿဝေဒနာနှင့် အမြဲယှဉ်သောကြောင့် ဥပေက္ခာ ၅၅–ပါး၌မယှဉ်။

## ဆန္ဒ၌ မောဟမူအဟိတ်တို့မယှဉ်ခြင်း

ဆန္ဒသည် အလိုရှိသောသဘောမျိုးဖြစ်၍၊ မောဟမူ ၂+အဟိတ်စိတ် ၁၈–တို့သည် အလိုရှိခြင်းသဘောကင်း၍ မယှဉ်။

## အကုသိုလ်စေတသိက် ၁၄–ပါး (သမ္ပယောဂနည်း)

မောဟ + အဟိရိက + အနောတ္တပ္ပ + ဥဒ္ဓစ္စ–လေးပါးတို့သည် အကုသိုလ်စိတ် ၁၂–ပါး၌ အမြဲယှဉ် အမြဲဆက်ဆံသောကြောင့် –[၁] သဗ္ဗာကုသလသာဓာရဏ စေတသိက် မည်၏။

* အဘယ့်ကြောင့် ၎င်းလေးပါးသည် အကုသိုလ်စိတ် –၁၂–ပါးလုံး၌ ဆက်ဆံပါသနည်း။

၎င်းစေတသိက်လေးပါးရှိမှ အကုသိုလ်စိတ် ဖြစ်နိုင်သဖြင့်၊ အကြောင်းရင်းဖြစ်သောကြောင့် အကုသိုလ်စိတ် ၁၂–ပါးလုံး၌ ယှဉ်ခြင်းဆက်ဆံခြင်းဖြစ်သည်။

လောဘမူစိတ် (၈)ပါးသည် လောဘလျှင်အကြောင်းရင်းရှိသောကြောင့် လောဘမူစိတ် (၈)ပါးလုံး၌ လောဘယှဉ်၏။

ဒေါသမူ+မောဟမူတို့သည် တပ်နှစ်သက်ခြင်းမရှိ၍ လောဘ၌ မယှဉ်နိုင်ကြ။

---

၁။ သဗ္ဗာကုသလသာဓာရဏစေတသိက် – သဗ္ဗ + အကုသလ သာဓာရဏ စေတသိက် အလုံးစုံသော + အကုသိုလ်စိတ်တို့နှင့် ဆက်ဆံသော စေတသိက်။

ဒိဋ္ဌိစေတသိက်ကား - လောဘမူစိတ် (၈)ပါးတွင် သက္ကာယဒိဋ္ဌိမရှိသော သူ၏ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်နှင့် မယှဉ်နိုင်၊ သက္ကာယဒိဋ္ဌိရှိသော သူ၏ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌သာ ယှဉ်၏။

မာနစေတသိက်သည် ဒိဋ္ဌိယှဉ်သောစိတ်၌ မယှဉ်နိုင်သောကြောင့် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်၌သာ ယှဉ်၏။

## ဒိဋ္ဌိ မာနတို့ အတူမယှဉ်နိုင်ကြခြင်း

ဒိဋ္ဌိသည် သက္ကာယခေါ် ခန္ဓာကိုယ်၌ ငါစွဲစွဲ၍ ငါရှိ၏၊ (ငါမြဲ၏ဟု အမြင်မှား အယူမှားသောအားဖြင့်)ဖြစ်၏။ မာနကား သက္ကာယခေါ် ခန္ဓာကိုယ်၌ ငါစွဲစွဲ ပြီးလျှင် (ငါမြတ်၏၊ ငါဂုဏ်ရှိ၏ဟု ထောင်လွှားသောအားဖြင့်)ဖြစ်၍ စွဲလမ်းမှု တူသောကြောင့် လောဘမူစိတ်၌ ယှဉ်ကြသော်လည်း နှလုံးသွင်းပုံ သုံးသပ်ပုံခြင်း မတူသောကြောင့် အတူမယှဉ်နိုင်ကြခြင်းဖြစ်သည်။

ဒိဋ္ဌိ+မာနတို့သည် ခန္ဓာငါးပါးအပေါ် စွဲ၍ ဖြစ်ပုံခြင်းတူသဖြင့် အရှိန်အဝါကြီး မှုတွင် အတူတူပင်ဖြစ်ကြသည် - နှလုံးသွင်းပုံ၊ သုံးသပ်ပုံ မတူ၍သာ အတူမယှဉ် ကြခြင်းဖြစ်သည်၊ တစ်ခုဖြစ်လျှင် တစ်ခုမဖြစ်ပေ။ ကေသရာဇာခြင်္သေ့မင်းနှစ်ပါးနှင့် တူကုန်၏။ တန်ခိုးအရှိန်အဝါ ကြီးပုံခြင်းတူသော ကေသရာဇာခြင်္သေ့မင်းနှစ်ကောင် တို့သည် တစ်ဂူတည်း၌ အတူတကွ နေရိုးမရှိသကဲ့သို့တည်း။

## ဒိဋ္ဌိ နှင့်မာနတို့ လောဘ၌သာ ယှဉ်ကြခြင်း

ဒိဋ္ဌိ မာနတို့သည် သက္ကာယခေါ် ခန္ဓာငါးပါးအပေါ်၌ သာယာနှစ်သက်ခြင်းကို အကြောင်းပြု၍ ဖြစ်သောကြောင့် လောဘမူ၌သာ ယှဉ်၏၊ ဒေါသမူ၌ မယှဉ်ပေ။ (ဋီ၊ မှတ်ချက်)

## ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ ဒေါသ၌သာ ယှဉ်ကြခြင်း

သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်း၊ မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း၊ ပြုပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်းရှိသူတို့အား ထိုထိုအာရုံတို့၌ ထိပါးညှဉ်းဆဲသကဲ့သို့ ဖြစ်သောကြောင့် ထိုဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့သည် ဒေါသမူစိတ်၌သာ ယှဉ်ကုန်၏။

## ထိန မိဒ္ဓတို့ အသင်္ခါရိကစိတ်၌ မယှဉ်နိုင်ခြင်း

အမှုကို ပြုခြင်းငှာ မခံ့၊ တွေဝေထိုင်းမှိုင်းနေသောသူအား သဘောအားဖြင့် ထက်ကုန်သော အသင်္ခါရိကစိတ်တို့၌ မယှဉ်နိုင်သောကြောင့် သသင်္ခါရိကစိတ်တို့၌သာ ယှဉ်ကုန်၏။

## သောဘဏစေတသိက် သမ္ပယောဂနည်း

### လောကုတ္တရာစိတ်၌ ဝိရတိစေတသိက်သုံးပါးတို့ အမြဲ (နိယတ) ယှဉ်ပုံနှင့် ပယ်ပုံပယ်နည်း

လောကုတ္တရာစိတ်ကား – အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတရားတို့ကို တစ်ပြိုက်နက်သောခဏ၌ အကြွင်းမဲ့ပယ်နိုင်သောကြောင့် ၎င်းလောကုတ္တရာစိတ်၌ ဝိရတိအမြဲယှဉ်၏၊ ထို့ကြောင့် ''နိယတာ''ဟု ဆို၏။

(မဂ်သည် ကာယဒုစရိုက်စသည်တို့ကို တစ်ပြိုင်နက်သောခဏ၌ အကြွင်းမဲ့ ဖြတ်တတ် ပယ်တတ် ရှောင်ကြဉ်တတ်သောကြောင့်လည်းကောင်း၊ ဖိုလ်သည်လည်း မဂ်အားလျော်စွာ ဖြစ်သောကြောင့်လည်းကောင်း အမြဲ (နိယတာ) ယှဉ်၏ဟူ၍ ဆိုပါသည်။)

ထိုသို့ ဒုစရိုက် ဒုရာဇီဝတို့ကို အကြွင်းမဲ့ပယ်ရာ၌ တစ်ပါးစီ ပယ်နေရသည် မဟုတ်ဘဲ တစ်ပေါင်းတည်း ပယ်သောကြောင့် ဧကတော (တစ်ပေါင်းတည်း) ဟူသောပုဒ်ဖြင့် အထူးပြု၍ ဆိုပါသည်။

ထိုသို့ ဒုစရိုက် ဒုရာဇီဝတို့ကို တစ်ပေါင်းတည်းပယ်ရာ၌ နည်းနည်းပါးပါး မျှမကျန် အားလုံးကို အကြွင်းအကျန်မရှိ ပယ်ပုံကို သဗ္ဗထာ (အလုံးစုံသော အခြင်းအရာဖြင့်) ဟူသော ပုဒ်ဖြင့် အထူးပြု၍ ဆိုပါသည်။

### လောကီ ကာမာဝစရကုသိုလ်၌ ဝိရတီသုံးပါး ရံခါ (ကဒါစိ) ယှဉ်ပုံနှင့်ပယ်ပုံပယ်နည်း

လောကီ ကာမကုသိုလ်စိတ်၌ကား ပုထုဇဉ်တို့သည် တစ်ခါတစ်ရံ ဒါနကြောင့်လည်း ကာမကုသိုလ်ဖြစ်၏၊ သီလကြောင့်လည်း ကာမကုသိုလ်ဖြစ်၏။ ဒုစရိုက် ဒုရာဇီဝမှ ရှောင်ကြဉ်သောကြောင့်လည်း ကာမကုသိုလ်ဖြစ်၏။ ထို့တွင်

ဒုစရိုက်မှ ရှောင်ကြဉ်သော အခါမှသာ လောကီ ကာမကုသိုလ်စိတ်၌ ဝိရတိ တစ်ခါတစ်လေသာ ဖြစ်၏။ ကာမာဝစရကုသိုလ်ဖြစ်တိုင်း ဝိရတိ အမြဲ (နိယတာ) ဖြစ်မနေ၊ ထို့ကြောင့် (ကဒါစိ–တစ်ရံတစ်ခါ)မှသာ မဟာကုသိုလ်စိတ်၌ ဝိရတိယှဉ်သည်ဟု ဆိုပါသည်။

ထိုသို့ တစ်ခါတစ်လေမှသာ ယှဉ် သည့်အပြင် ယှဉ်သောအခါလည်း ဝိရတိ သုံးပါးလုံး တစ်ပြိုင်နက်ဖြစ်ကြ၊ ယှဉ်ကြသည်မဟုတ်ဘဲ သမ္မာဝါစာဖြစ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝ မဖြစ်။ သမ္မာကမ္မန္တဖြစ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝ တို့မဖြစ်၊ ထိုသို့ အသီးအသီးသာဖြစ်သောကြောင့် (ဝိသုံ ဝိသုံ – အသီးသီးတစ်လှည့်စီ)သာ ဖြစ်ကြသည်ဟု ဆိုပါသည်။

## လောကုတ္တရာနှင့်လောကီတို့၌ ဝိရတိဖြစ်ပုံ ကွာခြားချက်

လောကုတ္တရာ၌ နိယတာ=အမြဲဖြစ်၏၊ ဧကတော = တစ်ပေါင်းတည်းဖြစ်၏။ လောကီ၌ အနိယတ=အမြဲမဖြစ်၊ ကဒါစိ=တစ်ခါတစ်ရံသာ ဖြစ်၏၊ ဝိသုံဝိသုံ= အသီးသီးဖြစ်၏။

ဝိရတီသုံးပါးတို့ လောကုတ္တရာ၌ နိယတ, လောကီ၌ အနိယတ (ကဒါစိ) ဖြစ်ကြပုံကို မည်သို့ သိရပါသနည်း။

လောကုတ္တရာ၌ ဝိရတီသုံးပါးကို "သမ္မာဝါစာ ဟောတိ"စသည်ဖြင့် သရုပ်အတိအကျ ထုတ်ပြပြီး လောကီ၌ သရုပ်မထုတ်ဘဲ သာမန် (ယေဝါပနက=အတိအကျ သတ်မှတ်ချက်မထားဘဲ) ဟောသောကြောင့် သိရပါသည်။

လောကုတ္တရာ၌ ဧကတော, လောကီ၌ ဝိသုံဝိသုံဖြစ်ပုံကို မည်သို့သိရပါသနည်း။

လောကုတ္တရာ၌ နိဗ္ဗာန်တည်းဟူသော အာရုံတစ်မျိုးတည်းရှိ၍ ဧကတော။ လောကီ၌ လွန်ကျူးစရာ အာရုံအမျိုးမျိုးကို ငဲ့၍ အာရုံပြားသောကြောင့် ဝိသုံဝိသုံ=အသီးသီးအဖြစ်ကို သိရပါသည်။

## အပ္ပမညာစေတသိက်၌ ပဉ္စမဈာန်မရခြင်း

အပ္ပနာသို့ ရောက်သော အပ္ပမညာ စေတသိက် ဟူသမျှတို့သည် တစ်ခါတစ်ရံမျှ သောမနဿနှင့်ကင်း၍ ဖြစ်ရိုးမရှိသောကြောင့် ပဉ္စမဈာန်ကား ဥပေက္ခာသဟဂုတ်ဖြစ်သောကြောင့် မယှဉ်ပါ။

## အပ္ပမညာ၌ အများဆုံး ယှဉ်နိုင်သောစိတ်

မဟာကုသိုလ် (၈)ခု၊ မဟာကြိယာ (၈)ခု၊ ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ် သောမနဿ (၁၂) ပေါင်း (၂၈)ပါးဖြစ်၏။

## အပ္ပနာ၏ရှေ့အဖို့၌ဖြစ်သော အပ္ပမညာ၌ ယှဉ်နိုင်သောစိတ်

မဟာကုသိုလ်စိတ် (၈) ပါး၊ မဟာကြိယာစိတ် (၈)ပါး ပေါင်း (၁၆)ပါး ဖြစ်၏။

## အပ္ပနာသို့ ရောက်သော အပ္ပမညာ၌ ယှဉ်နိုင်သောစိတ်

မဟာကုသိုလ်သောမနဿ (၄)ပါး၊ မဟာကြိယာသောမနဿ (၄)ပါး၊ ပဉ္စမ ဈာန်ကြဉ်သော မဟဂ္ဂုတ် သောမနဿ (၁၂)ပါး၊ ပေါင်း (၂၀)ပါးဖြစ်၏။

အပ္ပနာ၏ရှေ့အဖို့၌ဖြစ်သော အပ္ပမညာ၌ မဟာကုသိုလ် မဟာကြိယာ ဥပေက္ခာတို့ ယှဉ်သကဲ့သို့ အပ္ပနာသို့ ရောက်သော အပ္ပမညာ၌ မဟာကုသိုလ် မဟာကြိယာ ဥပေက္ခာတို့ အဘယ်ကြောင့် မယှဉ်ပါသနည်း။

ဇာတ်ပြားလျှင် အာသေဝနပစ္စည်းမတပ်သကဲ့သို့ ဝေဒနာပြားလျှင်လည်း အာသေဝနပစ္စည်း မတပ်ပါ။ (အပ္ပမညာယှဉ်သော မဟဂ္ဂုတ်စိတ်မှန်သမျှ သောမနဿသာ ဖြစ်သည်။) ထို့ကြောင့် အပ္ပနာသို့ ရောက်သော အပ္ပမညာ ယှဉ်သည့် မဟဂ္ဂုတ်သောမနဿအတွက် အာသေဝနပစ္စည်းတပ်နိုင်မည့် ဝေဒနာတူချင်းဖြစ်သော မဟာကုသိုလ် မဟာကြိယာ သောမနဿသာ ဖြစ်ခွင့် ရတော့သည်။

## ကေစိဝါဒ = အချို့ဆရာတို့၏ဝါဒ (ညံ့သောဝါဒ)

ကရုဏာ မုဒိတာကို ပွားများသောအခါ၌ အပ္ပနာဝီထိ၏ရှေး၌ အလေ့အလါ၏ အစွမ်းဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကံဖြစ်၏။ အဘယ်သို့နည်း-

ကောင်းစွာလေ့ကျက်ဖန်များပြီးသောစာကို အာရုံတစ်ပါးသို့ စိတ်ရောက် သျှက်လည်း ရွတ်ဆိုနိုင်သကဲ့သို့လည်းကောင်း (ဉာဏသမ္ပယုတ်စိတ်ဖြင့် ကောင်း စွာလေ့လာ ပွားများအပ်ပြီးသော ဝိပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့ကို သုံးသပ် ဆင်ခြင်သူအား အဖန်ဖန် ပွားများထားမှု စွမ်းအင်ကြောင့် တစ်ခါတစ်ရံ ဉာဏ ဝိပ္ပယုတ်စိတ်ဖြင့်လည်း သုံးသပ်ဆင်ခြင်နိုင်သကဲ့သို့လည်းကောင်း၊ ကရုဏာ မုဒိတာ အပ္ပမညာကမ္မဋ္ဌာန်းကို အဝါးဝအောင် အဖန်ဖန်လေ့လာပွားများပြီးသူအား အဖန်ဖန်ပွားများထားမှု စွမ်းအင်ကြောင့် အပ္ပနာ၏ရှေ့အဖို့၌ ရံခါ ကာမာဝစရ

ကုသိုလ် ကြိယာ ဥပေက္ခာဖြင့်လည်းကောင်း၊ ရံခါ ကာမာဝစရ ကုသိုလ် ကြိယာ သောမနဿဖြင့်လည်းကောင်း ပွားများမှု ပရိကံကို ပြုနိုင်သောကြောင့် ဥပေက္ခာ သဟဂုတ်စိတ်၌ အပ္ပမညာမယှဉ် ဟူသော ဝါဒကို ကေစိဝါဒဟု သင်္ဂြိုဟ်ဆရာက ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။ (ဋီ၊ မြန်) [ဦးစားပေး ဖြေပါ]

အပ္ပမညာစေတသိက်သည် အပ္ပနာသို့ ရောက်သော အပ္ပမညာ၊ အပ္ပနာသို့ မရောက်သော အပ္ပမညာ ဟု နှစ်မျိုးရှိရာ အပ္ပနာသို့ ရောက်သော အပ္ပမညာ ကား - သောမနဿဝေဒနာနှင့်သာ တကွဖြစ်၏။ အပ္ပနာသို့ မရောက်သော အပ္ပမညာကား - ယေဘုယျအားဖြင့် ပကတိအခါဝယ် သောမနဿဝေဒနာနှင့် တကွဖြစ်၏၊ အပ္ပကအားဖြင့် နှံ့သည်, ထက်သည်၏အစွမ်းဖြင့် လျစ်လျူရှုသော အခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်နိုင်သေး၏ "ကေစိ" ထိုးတော်မူပါသည်။ (ဋီ၊ မှတ်ချက်) (မစုံ)

အပ္ပနာသို့ မရောက်သေးသော ကာမာဝစရအပ္ပမညာတို့၌ ဥပေက္ခာဝေဒနာ နှင့်ယှဉ်နိုင်ကြောင်းကို ထင်စွာဆိုဦးအံ့ -အလုံးစုံသော လောကီရျာန်၊ လောကုတ္တရာ ဈာန်တို့၏ ရှေ့အဖို့၌ဖြစ်သော ပုဗ္ဗဘာဂဘာဝနာတို့မည်သည် အပ္ပနာနှင့် နီးကပ် သောအခါ၌သာလျှင် သောမနဿဈာန် ဖြစ်လိမ့်မည် မှန်က သောမနဿ ပုဗ္ဗ ဘာဂဘာဝနာဖြစ်ကုန်၏။ အပ္ပနာနှင့် မနီးလေသေး၊ အဝေးကြီးကာလ၌မူကား အလုံးစုံသော ပုဗ္ဗဘာဂဘာဝနာတို့သည် ရံခါ သောမနဿဖြစ်ကုန်၏၊ ရံခါ ဥပေက္ခာ ဖြစ်ကုန်၏။ ထို့ကြောင့် အပ္ပမညာကို ပွားများသောပုဂ္ဂိုလ်၏ ပုဗ္ဗဘာဂဘာဝနာ အပ္ပမညာသမ္ပယုတ်ဇောတို့သည်လည်း သောမနဿ ရံခါဖြစ်တဲ့ချည်း၊ ဥပေက္ခာ ရံခါ ဖြစ်တဲ့ချည်းဟု သိသာထင်ရှား၏၊ သို့အတွက် ဥပေက္ခာမရသော ဝါဒကို "ကေစိဝါဒ"ဟု ဆိုရပေသည်။ (သံခိပ်ဋီကာ)

ပရိကမ္မနိမိတ်+ဥဂ္ဂဟနိမိတ် + ပဋိဘာဂနိမိတ် အပ္ပမညာ၊ သောမနဿ

သောမနဿ+ဥပေက္ခာ သောမနဿ → အပ္ပနာဈာန်

ပရိကမ္မဘာဝနာ + ဥပစာရဘာဝနာ → အပ္ပမညာ သောမနဿ

သော + ဥ သော အပ္ပနာဈာန်

## အနိယတယောဂီ နှင့် နိယတယောဂီ စေတသိက်အခွဲ

ဣဿာစသော (၁၁)ပါးတို့ အမြဲမယှဉ်သောကြောင့် ''အနိယတယောဂီ စေတသိက်''မည်ကုန်၏။ ကြွင်းသော စေတသိက် (၄၁)ပါးတို့သည် အမြဲယှဉ်သော ကြောင့် ''နိယတယောဂီစေတသိက်''မည်ကုန်၏။

မိမိတို့နှင့် ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမပါဝင် (ရံခါသာ) ပါဝင်နိုင်သော စေတသိက်များသည် အနိယတယောဂီ, စေတသိက်မည်၏၊ အနိယတယောဂီ စေတသိက် (၁၁)ပါးရှိ၏။

လင်္ကာ ။ ။ မာ ဣဿ် မစ် ကု၊ ထိ မိ စု၊ သုံးခုဝိရတီ။
နှစ်ခု ပမညာ၊ ဆယ့်တစ်ဖြာ၊ ရံခါယှဉ်ကြဘိ၊
အာရုံမတူ၊ ကွဲကြမူ၊ အတူမဖြစ်ဘိ။

| | | | | |
|---|---|---|---|---|
| မာန | ဣဿာ မစ္ဆရိယ ကုက္ကုစ္စ | ဝိရတိ - ၃ | အပ္ပမညာ -၂ | ထိနမိဒ္ဓ |
| ကဒါစိ | (နာနာ+ကဒါစိ) | (နာနာ+ကဒါစိ) | နာနာ+ကဒါစိ) | (သဟ+ကဒါစိ) |
| (ရံခါ) | (အသီးသီး+ရံခါ) | | | (အတူတကွ-ရံခါ |

## မာနစေတသိက် ကဒါစိဖြစ်ပုံ

မိမိကိုယ်ကို ''ငါသာလျှင် မြတ်၏''ဟု ထောင်လွှားသောအခါ မာနဖြစ်၏။ မထောင်လွှားသောအခါ မာနမဖြစ်။ (ဤသို့ ရံခါသာဖြစ်လေ့ရှိသည်ကို ''ကဒါစိ'' ဟု ဆိုပါသည်။)

(မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်လေးပါးနှင့် ယှဉ်ဖက်ဖြစ်၏။ ထိုဒိဋ္ဌိဂတဝိပ္ပယုတ် လေးပါးဖြစ်တိုင်း မာန အမြဲတမ်းမပါ၊ ထောင်လွှားမှသာ ပါ၏၊ မထောင်လွှားက မာနမပါပေ။ ထို့ကြောင့် မာနသည် ကဒါစိ အနိယကယောဂီ စေတသိက်မည်၏။ အချို့ ချမ်းသာသူများသည် အစားကောင်း၊ အဝတ်ကောင်း၊ အိမ်ကောင်း၊ ကားကောင်း၊ အသုံးအဆောင်ကောင်းတို့ကို သုံးဆောင်၏၊ မိမိ၏ နှစ်သက်၍ လောဘဖြင့် သုံးဆောင်ခြင်းသာဖြစ်၏။ မည်သူ့အပေါ်မှ မာန်မာန မရှိပေ။ အချို့ကား မိမိ၏နှစ်သက်လေးဘဖြင့် သုံးလည်းသုံးဆောင်၏၊ အခြားသူတို့အပေါ်လည်း

မိမိကဲ့သို့ သုံးနိုင် စားနိုင်ရဲ့လားဟု မော်ကြွားကာ မာန်မာနလည်း တက်၏၊ ထောင်လွှား၏။

လောဘသည် လောဘမူ (၈)ပါးနှင့် ယှဉ်ဖက်ဖြစ်၏၊ လောဘမူစိတ် (၈)ပါး ဖြစ်တိုင်း လောဘမပါသည်ဟု မရှိ၊ အမြဲပါနေ၍ လောဘကို ''နိယတယောဂီ စေတသိက်''ဟု ခေါ်၏။)

## ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ နာနာကဒါစိဖြစ်ပုံ

ငြူစူသောအခါ ဣဿာ,သာဖြစ်၏၊ ကျန်နှစ်ခုမဖြစ်။ ဤသို့ တစ်ခုဖြစ်က ကျန်နှစ်ခု မဖြစ်ခြင်းကို နာနာ (အသီးသီး) ယှဉ်သည်ဟု ဆိုပါသည်။

သူတစ်ပါးစည်းစိမ်ကို ငြူစူမှသာ ဣဿာဖြစ်၏၊ မငြူစူက ဣဿာမဖြစ်။ ဝန်တိုမှ မစ္ဆရိယဖြစ်၏၊ ဝန်မတိုက မစ္ဆရိယမဖြစ်။ ပြုပြီး ဒုစရိုက်၊ မပြုလိုက် မိသော သုစရိုက်တို့၌ စိုးရိမ်မှ ကုက္ကုစ္စဖြစ်၏၊ မစိုးရိမ်က ကုက္ကုစ္စမဖြစ်။ (ဤသို့ ရံခါမှသာ ဖြစ်သည်ကို ''ကဒါစိ''ဟု ဆိုသည်။)

## ဝိရတီစေတသိက်သုံးပါး နာနာကဒါစိဖြစ်ပုံ

အာဇီဝဟေတုကို မငဲ့ဘဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာဖြစ်၏၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ မဖြစ်။ ဤသို့ တစ်ခုဖြစ်က ကျန် နှစ်ခုမဖြစ်ခြင်းကို ''နာနာ = အသီးသီးယှဉ်သည်''ဟု ဆိုပါသည်။

အာဇီဝဟေတုကို မငဲ့ဘဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာ ဖြစ်၏၊ မရှောင်ကြဉ်သောအခါ မဖြစ်။ အာဇီဝဟေတုကို မငဲ့ဘဲ ကာယ ဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တဖြစ်၏၊ မရှောင်ကြဉ်လျှင် မဖြစ်။ အာဇီဝဟေတုကို ငဲ့၍ ကာယ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သောအခါ သမ္မာအာဇီဝ ဖြစ်၏၊ မရှောင်ကြဉ်လျှင် မဖြစ်။ ဤသို့ ရံခါသာ ဖြစ်သည်ကို ''ကဒါစိ''ဟု ဆိုပါသည်။

## အပ္ပမညာဒွေး နာနာကဒါစိဖြစ်ပုံ

ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခိုက် ကရုဏာဖြစ်၏၊ မုဒိတာ မဖြစ်။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခိုက် မုဒိတာဖြစ်၏၊ ကရုဏာ မဖြစ်။ (ဤသို့ တစ်လှည့်စီ အသီးသီးဖြစ်သည်ကို ''နာနာ''ဟု ဆိုပါသည်။)

ဒုက္ခိတသတ္တဝါပညတ်ကို တွေ့မြင်၍ သနားသောအခါ ကရုဏာဖြစ်၏၊ မသနားသောအခါ မဖြစ်။ သုခိတသတ္တဝါပညတ်ကို တွေ့မြင်၍ ဝမ်းမြောက်သော

အခါ မုဒိတာဖြစ်၏၊ ဝမ်းမမြောက်သောအခါ မုဒိတာမဖြစ်။ (ဤသို့ တစ်ရံတစ်ခါ ဖြစ်သည်ကို ''ကဒါစိ''ဟု ဆိုပါသည်။)

## ကရုဏာ မုဒိတာတို့ ကာမဝိပါက်စိတ်နှင့်လောကုတ္တရာစိတ်တို့၌ မယှဉ်နိုင်ခြင်းအကြောင်း

၎င်းကရုဏာ မုဒိတာ စေတသိက်တို့သည် ဒုက္ခိတသတ္တဝါပညတ်၊ သုခိတသတ္တဝါပညတ်လျှင် အာရုံရှိ၏။ ကာမဝိပါက်စိတ်တို့ကား ကာမတရား ပရမတ္ထမှုကို ကေန်အာရုံပြု၏။ လောကုတ္တရာစိတ်ကား နိဗ္ဗာန်ကိုအာရုံပြု၏။ ဤသို့ အာရုံပြားသောကြောင့် ကာမဝိပါက်စိတ်နှင့် လောကုတ္တရာစိတ်တို့၌ ကရုဏာ,မုဒိတာတို့ မယှဉ်နိုင်ကြကုန်။

## ထိန မိဒ္ဓနှစ်ပါး သဟ ကဒါစိဖြစ်ပုံ

နာမက္ခန္ဓာလေးပါးတို့၏အမှု၌ မခံ့ဘဲ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသောအခါ ထိန မိဒ္ဓဖြစ်၏၊ အမှု၌ ခံ့သောအခါ ထိန မိဒ္ဓမဖြစ်။ (ဤသို့ တစ်ခါတစ်ရံမှ ဖြစ်သည်ကို ''ကဒါစိ''ဟု ဆိုပါသည်။ ဤနှစ်ပါးသည် အမြဲတမ်း အတူတကွ တွဲ၍သာ ဖြစ်ကြသဖြင့် ''သဟစေတသိက်လည်း'' မည်၏။

**နိယတသက်သက်စေတသိက်** -

အနိယတ (၁၁)ပါးမှ ကြွင်းသော စေတသိက် (၄၁)ပါး။

**နိယတ အနိယတ နှစ်မျိုးရသော စေတသိက်ကား** -

ဝိရတီစေတသိက် သုံးပါး။

**အနိယတသက်သက်စေတသိက်ကား** -

ဝိရတီသုံးပါးမှကြွင်းသော အနိယတစေတသိက် (၈)ပါး။

သမ္ပယောဂနည်းပြီး၏။

◆ ◆ ◆

# သင်္ဂဟနည်း

**သမ္ပယောဂနည်း။** ။ ဤစေတသိက်တို့ကို ဤမျှသောစိတ်တို့၌ ရအပ်၏ဟု စိတ်ကို ပိုင်းခြား၍ ပြခြင်းသည် ''သမ္ပယောဂနည်း'' မည်၏။

ဆိုင်ရာ စေတသိက်တို့၌ ယှဉ်သော စိတ်ကို ရေတွက်၍ပြသောနည်း။

သင်္ဂဟနည်း။ ။ ဤစိတ်၌ ဤမျှသော စေတသိက်တို့သည် ဖြစ်ကြသည်ဟု စေတသိက်ကို ပိုင်းခြား၍ ပြခြင်းသည် ''သင်္ဂဟနည်း'' မည်၏။

ဆိုင်ရာစိတ်တို့၌ ယှဉ်သော စေတသိက်တို့ကို ရေတွက်၍ပြသောနည်း။

## လောကုတ္တရာစိတ်၌ အပ္ပမညာနှစ်ပါး မရခြင်း

လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၏။ အပ္ပမညာစေတသိက်တို့ နံ့ကွဲတ သုခိတသတ္တဝါပညတ်ကို အာရုံပြု၏။ ဤသို့ အာရုံကွဲပြား၍ မယှဉ်ခြင်း ဖြစ်၏။ ဝိတက် ဝိစာရ ပီတိတို့ကား ဘာဝနာ၏အစွမ်းဖြင့် ပယ်အပ်ကုန်၏။

## မဟဂ္ဂုတ်စိတ်၌ ဝိရတီသုံးပါးမရခြင်း

မဟဂ္ဂုတ်ဈာန်တို့သည် သီလဝိသုဒ္ဓိ၏အစွမ်းဖြင့် သုတ်သင်ဖြူစင်ပြီးသော ကာယပယောဂ ဝစီပယောဂရှိသော ယောဂီပုဂ္ဂိုလ်အား သက်သက်စိတ်တည်ကြည်ကာမျှဖြင့်သာလျှင် ဖြစ်ကုန်၏။ မဟာကုသိုလ်စိတ်များကဲ့သို့ ကာယကံ ဝစီကံတို့ကို သုတ်သင်သည်၏အစွမ်းဖြင့် ဖြစ်သည်မဟုတ်ကုန်။ လောကုတ္တရာကုသိုလ်စိတ်တို့ကဲ့သို့ ဒုစရိုက် ဒုရာဇီဝတရားတို့ကို အကြွင်းမဲ့ဖြတ်သည်၏အစွမ်းဖြင့် ဖြစ်ပေါ်လာသည်မဟုတ်ကုန်။ ထို့ကြောင့် ဒုစရိုက် ဒုရာဇီဝတို့ကို ဖြတ်တတ်သော ဝိရတီစေတသိက်တို့ကို မဟဂ္ဂုတ်စိတ်၌ ကြဉ်အပ်ကုန်၏။ (ဋီ၊ မှတ်ချက်)

မဟဂ္ဂုတ်ဈာန်ရဖို့အတွက် ပဌမဆုံး သီလစင်ကြယ်ရမည်၊ သီလစင်ကြယ်သဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာများ စင်ကြယ်မည်၊ ထိုသို့စင်ကြယ်ပြီးလျှင် သမထဘာဝနာဖြင့် စိတ်တည်ကြည်အောင် ပွားများနိုင်လျှင် မဟဂ္ဂုတ်ဈာန်စိတ်များဖြစ်လာသည်။ မဟဂ္ဂုတ်ဈာန် ရဖို့ရန်အတွက် -

(ဝိရတီနှင့် ယှဉ်ဖက်ဖြစ်သော မဟာကုသိုလ်ဖြင့်လည်း ကာယဒုစရိုက် ဝစီဒုစရိုက်များကို ရှောင်ကြဉ်နေစရာမလို၊ လောကုတ္တရာဖြင့်လည်း ဒုစရိုက် ဒုရာဇီဝတို့ကို အကြွင်းမဲ့ ဖြတ်စရာ မလို။) မလို၍ မရခြင်းဖြစ်သည်။

## တစ်နည်းတိုတိုမှတ်လိုလျှင်

မဟဂ္ဂုတ်စိတ်သည် ပညတ်ကို အာရုံပြု၏၊ ဝိရတီစေတသိက်တို့သည် ရှောင်ကြဉ်အပ်သော (ဝိရမိတဗ္ဗ) ဝတ္ထုကို အာရုံပြု၏။ ဤသို့ အာရုံကွဲပြား၍မရခြင်း ဖြစ်သည်။

**မှတ်ချက်။** ။ မဟာဂ္ဂုတ်စိတ်၌ အပ္ပမညာနှစ်ပါးသည် အသီးသီးသာ ယှဉ်ကြ၏။

## မဟဂ္ဂုတ် ပဥ္စမဈာန်၌ အပ္ပမညာဒွေးကို မရခြင်း

မဟဂ္ဂုတ်စိတ်တို့သည် အပ္ပနာစိတ်များဖြစ်ကြ၍ အပ္ပနာသို့ ရောက်သော အပ္ပမညာစေတသိက်တို့မည်သည်။ သောမနဿဝေဒနာနှင့်အမြဲဖြစ်လေ့ရှိသော ကြောင့် ဥပေက္ခာသဟဂုတ်ဖြစ်သော ပဥ္စမဈာန်စိတ်တို့၌ မယှဉ်နိုင်ကြ၍ အပ္ပမညာ ဒွေးကို ကြဉ်အပ်၏။ (ဋီ၊ မှတ်ချက်)

## အများဆုံး, အမြဲတမ်း, တစ်ပြိုင်နက်ယှဉ်ပုံ

အများဆုံးယှဉ်သည် ဆိုသည်မှာ – ရနိုင်သမျှ (ယှဉ်နိုင်သမျှ) အားလုံးကို ဆိုသည်။

အမြဲတမ်း ယှဉ်သည် ဆိုသည်မှာ – အများဆုံးရသည့်ထဲမှ အသီးသီးယှဉ် သော စေတသိက်ကို နှုတ်ခြင်းဖြင့် အမြဲတမ်းယှဉ်သော စေတသိက်ကို ရရှိသည်။

တစ်ပြိုင်နက်ယှဉ်သည် ဆိုသည်မှာ – အမြဲတမ်း ယှဉ်သည့်ထဲတွင် အသီးသီး ယှဉ်သော စေတသိက်တစ်ခုကို ပြန်ထည့်ခြင်းဖြင့် တစ်ပြိုင်နက်ယှဉ်သော စေတသိက်တို့ကို ရရှိသည်။

ဥပမာ။ ။ မဟဂ္ဂုတ်ပထမဈာန်၌ အညသမာန်း (၁၃)ပါး၊ ဝိရတီ (၃)ပါး ကြဉ်သော သောဘဏစေတသိက် (၂၂)ပါး၊ စုစုပေါင်း (၃၅) ပါး တို့သည် အများဆုံးယှဉ်၏။ ထိုအထဲမှ အသီးသီးယှဉ်သော အပ္ပမညာ နှစ်ပါးကို နှုတ်၍ (၃၃)ပါးသည် အမြဲတမ်းယှဉ်ခြင်းဖြစ်၏။ ထိုအမြဲတမ်း (၃၃)ပါးတွင် အသီး သီးယှဉ်သော အပ္ပမညာတစ်ပါးပါးကို ပြန်ထည့်၍ (၃၄)ပါးသည် တစ်ပြိုင်နက်တည်း ယှဉ်နိုင်သော စေတသိက်ဖြစ်၏။

## မဟာကုသိုလ်၌ အပ္ပမညာ, ဝိရတီတို့ အသီးသီးတစ်ခုစီသာ ယှဉ်ကြခြင်း

မဟာကုသိုလ်စိတ်၌ အပ္ပမညာ, ဝိရတီစေတသိက်တို့သည် ယှဉ်ကြသော် လည်း အပ္ပမညာစေတသိက်သည် သတ္တဝါပညတ်ကို အာရုံပြု၏။ ဝိရတီ စေတသိက်သည် ရှောင်ကြဉ်အပ်သော (ဝိရမိတဗ္ဗ) ဝတ္ထုကို အာရုံပြု၏။ ဤသို့ အာရုံကွဲ၍ တစ်ခုသောစိတ်၌ အတူမဖြစ်နိုင်သောကြောင့် အပ္ပမညာယှဉ်ခိုက် ဝိရတီ မယှဉ်၊ ဝိရတီယှဉ်ခိုက် အပ္ပမညာ မယှဉ်နိုင်၍ အအသီးသီးသာ ယှဉ်ကြသည်။

အပ္ပမညာနှစ်ပါးတွင်လည်း ကရုဏာယှဉ်ခိုက် မုဒိတာမယှဉ်၊ မုဒိတာ ယှဉ်ခိုက် ကရုဏာမယှဉ်နိုင်၍ အသီးသီးသာ ယှဉ်ကုန်၏။

**မှတ်ချက်။** ။မဟာကုသိုလ် အပ္ပမညာ, ဝိရတီတို့ အသီးသီး သာ ယှဉ်ကြ၏။ (အများဆုံး၊ အမြဲတမ်း၊ တစ်ပြိုင်နက် ကောက်တတ်ပါစေ။)

## မဟာကြိယာစိတ်၌ ဝိရတီသုံးပါးမရခြင်း

လောကီ၌ ဝိရတီဖြစ်လျှင် စင်စစ်ကုသိုလ်သဘောသာဖြစ်၍ [၁]အဗျာကတ သဘောရှိသော မဟာကြိယာ၌ ဝိရတီမရပါ။ (ဝိရတီသည် လောကီ၌ မဟာကုသိုလ် (၈)ပါး၌သာ ယှဉ်၏။)

လောကုတ္တရာ၌ ဝိရတီကား မဂ်ကုသိုလ်သာမက ဖိုလ်သည်လည်း မဂ် အားလျော်စွာ ဒုစရိုက် ဒုရာဇီဝတို့ကို တစ်ဖန်ငြိမ်းစေသည်၏အစွမ်းဖြင့် ဖြစ်သော ကြောင့် အဗျာကတသဘောရှိသော လောကုတ္တရာဝိပါက်ဖိုလ်စိတ်၌ကား ဝိရတီ ကို ရလေသည်။

## မဟာဝိပါက်စိတ်၌ အပ္ပမညာ, ဝိရတီ ငါးပါးမရခြင်း

မဟာဝိပါက်စိတ်သည် ကာမတရားကို ကေန်အာရုံပြု၏၊ အပ္ပမညာ စေတသိက်သည် သတ္တပညတ်ကို အာရုံပြု၏။ ဤသို့ အာရုံကွဲ၍ မဟာဝိပါက် စိတ်၌ အပ္ပမညာနှစ်ပါးကို ကြဉ်ရ၏။

မဟာဝိပါက်စိတ်သည် အဗျာကတဇာတ်သဘောရှိ၏၊ လောကီ၌ ဝိရတီ စေတသိက်သည် ကုသိုလ်သဘောသက်သက်သာဖြစ်၏။ ဤသို့ ဇာတ်သဘော ကွဲသောကြောင့် ဝိရတီသုံးပါး မရ။

---

၁။ အဗျာကတ = ဝိပါက + ကြိယာ (အ + ဗျာကတ)

ဗျာကတ = ဖြေဆိုခြင်း၊ ဟောကြားခြင်း (ကုသိုလ် အကုသိုလ်၏အဖြစ်အားဖြင့် ဖြေဆိုဟော ကြားခြင်း၊)

အဗျာကတ = မဖြေဆိုခြင်း၊ မဟောကြားခြင်း (ကုသိုလ် အကုသိုလ်၏အဖြစ်အားဖြင့် မဖြေဆို မဟောကြားခြင်း၊ ကုသိုလ် အကုသိုလ်အဖြစ် မဟောကြားသော တရားမှာ ဝိပါက်နှင့်ကြိယာတရား ဖြစ်သည်။

ကာမာဝစရကုသိုလ် (မဟာကုသိုလ်)သည် နိဗ္ဗာန်,ပညတ်စသော လောကီ လောကုတ်တရားများကို အာရုံပြု၏။

ကာမာဝစရဝိပါက် (မဟာဝိပါက်) သည် ကာမတရား (ပရိတ္တတရား) ကိုသာ အာရုံပြု၏။ (ပကိဏ်ပိုင်းကို ကြည့်ပါ။)

ကာမာဝစရဝိပါက် (မဟာဝိပါက်) သည် ကာမာဝစရကုသိုလ် (မဟာ ကုသိုလ်)၏ အကျိုးတရားဖြစ်၍ အကြောင်းနှင့်အကျိုးတရားသည် အာရုံချင်း တူသင့်ပါလျက် အဘယ်ကြောင့် ကာမာဝစရဝိပါက်သည် ကာမာဝစရကုသိုလ်ကံ သည်ယူအပ်သော ပညတ်စသောအာရုံကို မယူဘဲ ကာမအာရုံ (ပရိတ္တအာရုံ) ကိုသာ အာရုံယူပါသနည်း။ *(မဟဂ္ဂုတ် လောကုတ္တရာ၌ကား ကုသိုလ်နှင့်ဝိပါက်အာရုံ တူကြ၏။)*

ကာမာဝစဝရဝိပါက်သည် ကာမတဏှာနှင့်စပ်သော ကာမာဝစရစိတ်၏ အကျိုးဖြစ်၏။ ကာမာဝစရဝိပါက်ကို ကာမတဏှာက အရှင်သခင်သဖွယ် ကြီး ကိုင်၍နေ၏။ ကာမာဝစရကုသိုလ်သည် ကျွန်မနှင့်တူ၏။ ကာမာဝစရ ကုသလ ဝိပါက်သည် ထိုကျွန်မမှ မွေးသောသားနှင့်တူ၏။ ကျွန်မမှမွေးသောသားသည် ကျွန်မ၏ အလိုအတိုင်း အလုံးစုံမဖြစ်နိုင်။ (ကျွန်မက မပိုင်၊ အရှင်သခင်ကသာ ပိုင်၏။) အရှင်သခင်၏ အလိုတိုင်းသာ ဖြစ်ရ၏။

| အရှင်သခင် | ကျွန်မ | ကျွန်မ၏သား |
|---|---|---|
| *(ကာမတဏှာ)* | *(မဟာကုသိုလ် . ၈)* | *(မဟာဝိ. ၈ + အဟိတ်ကုဝိ. ၈)* |

ထို့ကြောင့် ကာမာဝစရဝိပါက်သည် ကာမာဝစရကုသိုလ်၏ အာရုံပြုရာ ဖြစ်သော ပညတ်စသော တရားကို အာရုံမပြုနိုင်ဘဲ ကာမတဏှာ၏ အာရုံပြုရာ ဖြစ်သော ကာမတရား (ပရိတ္တတရား) ကိုသာ အာရုံပြုနိုင်၏။

## ဝိသေသကစေတသိက်များ အထူးပြုပုံမှာ

အချို့သောစိတ်မှာ ယှဉ်၍၊ အချို့သောစိတ်မှာ မယှဉ်ခြင်းကိုပင် အထူးပြု သည်ဟု ဆိုပါသည်။

## လောကုတ္တရာစိတ်၌ ဝိတက် ဝိစာရ ပီတိ သုခ ဈာန်စေတသိက် တရားများ အထူးပြုပုံ

ဝိတက်သည် ပဌမဈာန်၌ ယှဉ်၍ ဒုတိယဈာန်စသည်၌ မယှဉ်။ ဤသို့ ယှဉ်, မယှဉ်အားဖြင့် ပဌမဈာန်မှသည် ဒုတိယဈာန် စသည်ကို ထူးခြားအောင် ပြုသည်။ ဝိစာရသည် ပဌမဈာန် ဒုတိယဈာန်၌သာ ယှဉ်၍ တတိယဈာန်စသည်၌ မယှဉ်သောကြောင့် ပဌမ ဒုတိယဈာန်နှင့် တတိယဈာန်စသည်ကို ထူးခြားအောင် ပြုသည်။ ပီတိသည် ပဌမ ဒုတိယ တတိယဈာန်၌သာ ယှဉ်၍ စတုတ္ထ ပဉ္စမဈာန်တို့၌ မယှဉ်သဖြင့် အထူးပြုသည်။ သုခ (ဝေဒနာစေတသိက်)သည် ပဌမ ဒုတိယ တတိယ စတုတ္ထ ဈာန်တို့၌သာ ယှဉ်၍ ပဉ္စမဈာန်၌ မယှဉ်သဖြင့် အထူးပြုသည်။

## မဟဂ္ဂုတ်စိတ်၏ မဇ္ဈိမစိတ်အမည်ရပုံ

ကာမာဝစရစိတ်, လောကုတ္တရာစိတ်တို့၏ အလယ်၌ဖြစ်သောကြောင့် မဟဂ္ဂုတ်စိတ်သည် ''မဇ္ဈိမ''မည်၏။

## မဟဂ္ဂုတ်စိတ်၌ ဝိတက် ဝိစာရ ပီတိ သုခ ဈာန်အင်္ဂါလေးပါးတို့ အထူးပြုပုံနှင့် အပ္ပမညာဒွေးက အထူးပြုပုံ

(ဝိတက်စသည် အထူးပြုပုံမှာ အထက်က အတိုင်းပင် မှတ်လေ။)

အပ္ပမညာဒွေးသည် မဟဂ္ဂုတ် ပဌမ ဒုတိယ တတိယ စတုတ္ထ ဈာန်တို့၌သာ ယှဉ်၍ ပဉ္စမဈာန်၌ မယှဉ်။ ဤသို့ ယှဉ်,မယှဉ်သောအားဖြင့် အထူးပြု၏။

## ကာမသောဘဏစိတ်၌ ဝိရတီသုံးပါး၊ အပ္ပမညာဒွေ၊ ဉာဏ်၊ ပီတိတို့ အထူးပြုပုံ

ဝိရတီသုံးပါးသည် ကာမာဝစရကုသိုလ် (၈)ခု၌ ယှဉ်၍ ဝိပါက် ကြိယာတို့၌ မယှဉ်သောအားဖြင့် အထူးပြု၏။ အပ္ပမညာဒွေးသည် ကာမာဝစရကုသိုလ် ကြိယာ၌သာယှဉ်၍ ဝိပါက်၌ မယှဉ်။ ဤသို့ ယှဉ်, မယှဉ်သောအားဖြင့် အထူးပြု၏။ ဉာဏ်သည် (၁၂)ပါးသော ဉာဏသမ္ပယုတ်မှာသာ ယှဉ်၍ (၁၂)ပါးသော ဉာဏဝိပ္ပယုတ်၌ မယှဉ်။ ဤသို့ ယှဉ်, မယှဉ်သောအားဖြင့် အထူးပြု၏။ ပီတိသည် သောမနဿမှာသာ ယှဉ်၍ ဥပေက္ခာ၌ မယှဉ်။ ဤသို့သော သောမနဿသဟဂုတ်စိတ်မှ ဥပေက္ခာသဟဂုတ်စိတ်ကို ယှဉ်, မယှဉ်သောအားဖြင့် အထူးပြု၏။

(သင်္ဂဟနည်း စေတသိက်ယှဉ်ပုံကို ကျေအောင် ကြည့်ပါ။)

လက်ာ။ ။ တက် စာ ပီ သုံ၊ ရှာန်အင်စုံ၊ နှစ်ခုပမညာ၊
ဝိရတီ ဉာဏာ၊ ပေါင်းဆယ်ဝ၊ မှတ်ကြဝိသေသာ။

## အကုသိုလ်စိတ်သင်္ဂဟနည်း

**မှတ်ချက်။** ။ပဥ္စမအသင်္ခါရိကစိတ် (ဒေါသမူ ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်) ၌ ဣဿာ မစ္ဆရိယ ကုက္ကုစ္စစေတသိက်တို့သည် (အာရုံပြားသောကြောင့်) အတူတကွမယှဉ်ဘဲ အသီးသီးသာ ယှဉ်ကြကုန်၏။)

ငင်းပဥ္စမမြောက် (ဒေါသမူ) အသင်္ခါရိကစိတ်၌ အများဆုံးအားဖြင့် ပီတိကြဉ်သော အညသမာန်းစေတသိက် (၁၂)၊ မောဟစတုက္ကလေးပါး၊ ဒေါသစတုက္ကလေးပါး ပေါင်း (၂၀)တို့၌ ယှဉ်၏။

အမြဲတမ်းအားဖြင့် ဣဿာ မစ္ဆရိယ ကုက္ကုစ္စကြဉ်သော (၁၇)ပါးယှဉ်၏။

တစ်ပြိုင်နက်အားဖြင့် ငင်း (၁၇)ပါးတွင် ဣဿာ မစ္ဆရိယ ကုက္ကုစ္စ တစ်ပါးပါးကို ထည့်၍ (၁၈)ပါး ယှဉ်၏။

(အသီးသီးယှဉ်သော စေတသိက်ပါလျှင် အများဆုံး၊ အမြဲတမ်း၊ တစ်ပြိုင်နက် ခွဲနိုင်သည်။)

## ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခမယှဉ်နိုင်

အဓိမောက္ခ,က အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာ၊ ဝိစိကိစ္ဆာ,က အာရုံကို မဆုံးဖြတ်နိုင်ဘဲ နှစ်လိုးနှစ်ခွါဖြစ်ခြင်းလက္ခဏာ၊ ဤသို့ လက္ခဏာသဘောဆန့်ကျင် နေ၍ မယှဉ်။

## သဗ္ဗာကုသလသာဓာရဏစေတသိက်
## အကုသိုလ်စိတ်အားလုံးနှင့် အမြဲဆက်ဆံသည့် စေတသိက်)

မော စတုက်လေးပါး (မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ)

## သဗ္ဗာကုသလယောဂီစေတသိက်
## အကုသိုလ်စိတ်အားလုံးနှင့်ယှဉ်သောစေတသိက်

၁၄–ပါး = မော စတုက် လေးပါး၊ ဆန္ဒ ပီတိ အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် ဆယ်ပါး။

## အဟိတ်ပဋိသန္ဓေအစုံ (အဟေတုကပဋိသန္ဓိယုဂလ)

ကုသလဝိပါက် သန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ဖြစ်သော အဟိတ်ပဋိသန္ဓေစ[illegible]ဖြစ်၏။

ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် ကာမသုဂတိဘုံ၌ဖြစ်သော အဟိတ် ပဋိသန္ဓေစိတ်ဖြစ်၏။

## မနောဓာတ်, ပဉ္စဝိညာဏဓာတ်နှင့် မနောဝိညာဏဓာတ်တို့၏ ထူးခြားမှု

သိကာမျှဖြစ်သော ဓာတ်သဘောသည် မနောဓာတ်မည်။ မနောဓာတ်ထက် အသင့်အတင့် ထူးသောအားဖြင့် သိခြင်းသည် ပဉ္စဝိညာဏဓာတ်မည်၏၊ အထူးသဖြင့် သိခြင်းကိစ္စနှင့်ယှဉ်သော ဓာတ်သဘောသည် မနောဝိညာဏဓာတ်မည်၏။

## သင်္ဂဟနည်းအစဉ်ထားပုံ

နိယတယောဂီ စေတသိက်အယှဉ်များသောကြောင့် လောကုတ္တရာသင်္ဂဟနည်းကို ရှေးဦးဆို၏။ မဟဂ္ဂုတ်စိတ်နှင့်နိယတယောဂီစေတသိက် အယှဉ်တူသော်လည်း အယုတ်အလတ်အစဉ်အာလျော်စွာ လောကုတ်သင်္ဂနည်းကို ရှေးဦးစွာ ဆိုရ၏။

အကုသိုလ်စိတ် (၁၂)ပါးသည် အဟိတ်စိတ်ထက် ယုတ် သော်လည်း စေတသိက်အယှဉ်များသောကြောင့် အကုသိုလ်စိတ်သင်္ဂဟနည်းကို ရှေးဦးစွာ မိန့်ဆိုရ၏။

ကာမသောဘဏ မဟာကုသိုလ်၌ (၃၈)ပါးယှဉ်သော်လည်း နိယတယောဂီ အနေဖြင့် (၃၃)ပါးသာ ယှဉ်နိုင်၍ နောက်ထား၍ ဆို၏။

## စိတ်နှင့်အညီအမျှပြားသော (ပွားလာသော) စေတသိက်များ

ဖဿသည် စိတ်အကျဉ်း (၈၉)၊ အကျယ် (၁၂၁)ပါး၌ ယှဉ်သောကြောင့် ဖဿစေတသိက်ပေါင်း (၈၉)၊ အကျယ် (၁၂၁)ပါး ဖြစ်လာသည်။

ဝိတက်စေတသိက်သည် စိတ် (၅၅)ပါး၌ ယှဉ်သောကြောင့် ဝိတက် စေတသိက် ပေါင်း (၅၅)ပါး ဖြစ်လာသည်။ (စေတသိက်အားလုံးပွားယူပါလေ။)

## စေတသိက်ကို စေတသိက်ဖြင့်၍ ယှဉ်သောနည်း

ဖဿစေတသိက်၌ ယှဉ်သော စေတသိက်ကို ရှာလိုသော် (ပဌမ) ဖဿနှင့် ယှဉ်သောစိတ်ကို ရှာပါ။ (စိတ် ၈၉ / ၁၂၁-ပါးလုံး၌ ယှဉ်၏။) (ဒုတိယ) ၎င်း ၈၉/

၁၂၁-ပါးသော စိတ်၌ယှဉ်သော စေတသိက်ကို ရှာပါ၊ (စေတသိက် (၅၂-ပါးလုံး ယှဉ်၏။) (တတိယ) ၎င်း ၅၂-ပါးထဲမှ ဖဿကို ပြန်နှုတ်ပါ၊ (၅၁)ပါးကျန်၏) ၎င်း ဖဿကြဉ်သော (၅၁)ပါးသည် ဖဿနှင့်ယှဉ်သော စေတသိက်များဖြစ်သည်။

## မောဟစေတသိက်နှင့်ယှဉ်သော စေတသိက်

**(ပဌမ)** မောဟနှင့်ယှဉ်သော စိတ်မှာ အကုသိုလ်စိတ် (၁၂)ပါးဖြစ်၏။

**(ဒုတိယ)** အကုသိုလ်စိတ် (၁၂)ပါး၌ အညသမာန်း ၁၃၊ အကုသလစေတသိက် ၁၄၊ ပေါင်း (၂၇)ပါးယှဉ်၏။

**(တတိယ)** ၎င်း (၂၇)ပါးမှ မောဟပြန်နုတ်သော် (၂၆)ပါး ကျန်၏၊ ၎င်း (၂၆)ပါး သည် မောဟနှင့်ယှဉ်သော စေတသိက်ဖြစ်၏။

## စေတသိက်ပိုင်းပြီး၏။

◆ ◆ ◆

## ပကိဏ်းပိုင်း

စိတ် စေတသိက်တို့ကို ဝေဒနာစသော အပိုင်းကဏ္ဍခြောက်မျိုးတို့ဖြင့် ပြိုးပြွမ်းရောနှော၍ ခွဲခြမ်းဝေဖန်သောကြောင့်လည်းကောင်း၊ ထိုသို့ဝေဒနာစသည် ပြိုးပြွမ်းသောအပြားအားဖြင့် ပြားသော စိတ် စေတသိက်တို့ကို ခွဲခြမ်းဝေဖန်သောကြောင့်လည်းကောင်း ''ပကိဏ်း''ဟု မည်၏။

**ပကိဏ္ဏက = ပြိုးပြွမ်းခြင်း၊ ရောပြွမ်းခြင်း**

နာမ်တေပညာသ = နာမ်တရား (၅၃)ပါး၊ တေ = သုံး၊ ပညာသ = ငါးဆယ်။

စိတ်အားလုံးသည် အာရုံကို သိခြင်းလက္ခဏာအားဖြင့် တူ၍ (၈၉-ပါးရှိသော်လည်း) တစ်ပါးတည်းသာ ယူရ၏။ စေတသိက် (၅၂)ပါးသည် ဆိုင်ရာလက္ခဏာ အသီးသီးရှိကြ၍ (၅၂)ပါးပင် ယူရ၏။ နှစ်ရပ်ပေါင်း (၅၃)ပါးကို ''နာမ်တေပညာသ''ဟု ခေါ်သည်။

ပကိဏ်းပိုင်း၌ အပိုင်း (၆)ပိုင်း ရှိ၏၊ ၎င်းတို့သည် -

(၁) ဝေဒနာသင်္ဂဟ၊

(၂) ဟေတုသင်္ဂဟ၊

(၃) ကိစ္စသင်္ဂဟ၊

(၄) ဒွါရသင်္ဂဟ၊

(၅) အာရမ္မဏသင်္ဂဟ၊

(၆) ဝတ္ထုသင်္ဂဟ တို့ ဖြစ်ကြသည်။

### ၁။ ဝေဒနာသင်္ဂဟ

သင်္ဂဟ = ပေါင်းစုခြင်း၊ စုပေါင်းရေတွက်ခြင်း၊ အကျဉ်းချုံးခြင်း။

ဝေဒနာ၏အပြားအားဖြင့် ထိုဝေဒနာနှင့် ယှဉ်ကုန်သော စိတ် စေတသိက်တို့ကို စုပေါင်းရေတွက်၍ ပြကြောင်းဖြစ်သော သင်္ဂဟသည် ''ဝေဒနာသင်္ဂဟ'' မည်၏။

### ဝေဒနာသုံးမျိုးမှ ငါးမျိုးပွားလာခြင်း

သုခဝေဒနာ = (အလိုရှိအပ်သော အာရုံကို ခံစားမှု) တစ်ခုကိုပင် ကိုယ်၌ဖြစ်သော အလိုရှိအပ်သော အာရုံကို ခံစားမှု (ကာယိကသုခ)၊ စိတ်၌ဖြစ်သော အလိုရှိအပ်သော အာရုံကို ခံစားမှု (မနသိကသုခ) ဟု ခွဲခြားပြီးနောက် -ကာယိက

သုခကို သုခဝေဒနာအားဖြင့်လည်းကောင်း၊ မနသိကသုခကို သောမနဿဝေဒနာအမည်ဖြင့်လည်းကောင်း၊ ဒုက္ခဝေဒနာ၌လည်း ကာယိကဒုက္ခကို ဒုက္ခဝေဒနာအမည်ဖြင့်လည်းကောင်း၊ မနသိကဒုက္ခကို ဒေါမနဿဝေဒနာအမည်ဖြင့်လည်းကောင်း နှစ်မျိုးပြားကြ၏။

ဥပေက္ခာသည် သုခ ဒုက္ခတို့ကဲ့သို့ ကာယိက မနသိက နှစ်မျိုးမပြားဘဲ မနသိကတစ်မျိုးသာရှိ၍ ဥပေက္ခာကား အပြားမရှိ၊ တစ်မျိုးတည်းသာဖြစ်၏။ ဤသို့လျှင် ဝေဒနာသုံးမျိုးမှ ငါးမျိုးပွားလာပါသည်။

(၁) သုခ < (က) ကာယိကသုခ = ***သုခဝေဒနာ*** = (ကာယိကသာတ)
(ခ) မနသိကသုခ = ***သောမနဿဝေဒနာ*** =(မနသိကသာတ)

(၂) ဒုက္ခ < (ဂ) ကာယိကဒုက္ခ = ***ဒုက္ခဝေဒနာ*** = (ကာယိကအသာတ)
(ဃ) မနသိကဒုက္ခ = ***ဒေါမနဿဝေဒနာ*** = (မနသိကအသာတ)

(၃) ***ဥပေက္ခာ***= (င) မနသိက ***ဥပေက္ခာဝေဒနာ***။(တစ်မျိုးသာ)

*(သာတ = သာယာနှစ်သက်ဖွယ် = သုခ)*

*(အသာတ = မသာယာ၊ မနှစ်သက်ဖွယ် = ဒုက္ခ)*

ဤသို့လျှင် သုခ ဒုက္ခ တစ်မျိုးစီကို ကာယိကသုခ ကာယိကဒုက္ခ (သို့မဟုတ်) ကာယိကသာတ ကာယိကအသာတ၊ မနသိကသုခ မနသိကဒုက္ခ၊ (သို့မဟုတ်) မနသိကသာတ မနသိကအသာတ ဟူ၍ ဝေဒနာက္ခန္ဓ (၅)မျိုးပြားသောကြောင့် အာရမ္မဏာနုဘဝနည်း–ဝေဒနာသုံးပါးမှ ဣန္ဒြိယဘေဒနည်း ဝေဒနာငါးမျိုး ဖြစ်လာပါသည်။

## ဥပေက္ခာကား အပြားမရှိ

သုခသည် ကိုယ်စိတ်နှစ်ပါးကို ချိုးမြှောက်၍ ချမ်းသာခြင်းကို ပြုခြင်းဖြင့် နှစ်ပါး၊ ဒုက္ခသည်လည်း ကိုယ်စိတ်နှစ်ပါးကို ညှဉ်းဆဲနှိပ်စက်ခြင်းကို ပြုခြင်းဖြင့် နှစ်ပါး၊ ဤသို့ သုခ ဒုက္ခတို့ ကိုယ်စိတ်နှစ်ပါးကို ချိုးမြှောက် ညှဉ်းဆဲသကဲ့သို့ ဥပေက္ခာသည် ကိုယ်စိတ်နှစ်ပါးကို ချိုးမြှောက် ညှဉ်းဆဲခြင်းကို မပြုတတ်၊ အလယ်အလတ်သဘော နှလုံးသွင်းခြင်းသာဖြစ်၍ ကာယိကသဘောမရှိ၊ မနသိက (စိတ်) သဘောတစ်မျိုးသာရှိ၍ ဥပေက္ခာကား အပြားမရှိ၊ တစ်မျိုးတည်းသာဖြစ်သည်။

## ဝေဒနာငါးမျိုးသဘောလက္ခဏာ

(၁) သုခဝေဒနာ = အလိုရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာ၊

(၂) သောမနဿဝေဒနာ = သဘောအားဖြင့်လည်းကောင်း၊ ကြံဆသောအားဖြင့်လည်းကောင်း ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ၊

(၃) ဒုက္ခဝေဒနာ = အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာ၊

(၄) ဒေါမနဿဝေဒနာ = သဘောအားဖြင့်လည်းကောင်း၊ ကြံဆသောအားဖြင့်လည်းကောင်း အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ၊

(၅) ဥပေက္ခာဝေဒနာ = အလယ်အလတ် ကောင်းသောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ) ၊ အလယ်အလတ် မကောင်းသောအာရုံ (အနိဋ္ဌမဇ္ဈတ္တာရုံ) ကို ခံစားခြင်းလက္ခဏာ။

(ကောင်း မကောင်း အာရုံနှစ်မျိုးကို အလယ်အလတ်ခံစားခြင်း)

ဥပေက္ခာ = အဒုက္ခမသုခါ ဝေဒနာ၊

ဒုက္ခဝေဒနာမှလည်းကောင်း၊ သုခဝေဒနာမှလည်းကောင်း တစ်ပါးဖြစ်သော ဝေဒနာသည် မ–အက္ခရာလာသည်၏အစွမ်းဖြင့် ''အဒုက္ခမသုခဝေဒနာ'' မည်၏။

အဒုက္ခ + မသုခါ ဝေဒနာ = ဒုက္ခလည်း မဟုတ် + သုခလည်းမဟုတ်+ ခံစားခြင်း။

## ဝေဒနာနှစ်ပါးဟူသည် (သုခ ဒုက္ခ)

အာရမ္မဏာနုဘဝနနည်းဖြင့် ဝေဒနာသုံးပါးမှ အဒုက္ခမသုခါ အမည်ရသော ဥပေက္ခာဝေဒနာကို နှစ်ပိုင်းခွဲ၍ အလယ်အလတ်သဘောရှိသည့် အပြစ်မရှိသော အဖို့၌တည်သော ဥပေက္ခာ (အဒုက္ခမသုခ) ဝေဒနာကို သုခဝေဒနာ၌လည်းကောင်း၊ အလယ်အလတ်သဘောရှိ၍ အပြစ်ရှိသော အဖို့၌တည်သော ဥပေက္ခာ (အဒုက္ခမသုခါ) ဝေဒနာကို ဒုက္ခဝေဒနာ၌လည်းကောင်း သွင်းယူလိုက်လျှင် ဝေဒနာသည် သုခ ဒုက္ခ နှစ်ပါးသာ ကျန်ရှိတော့သည်။

## ဝေဒနာတစ်ပါး ဟူသည် (ဒုက္ခ)

ကောင်း မကောင်း ဝေဒနာအားလုံးပင် အမြဲမရှိ၊ ဖြစ် တည် ပျက်သာတည်း၊ ထို့ကြောင့် မကောင်းသည့် ဝေဒနာလည်း ဒုက္ခ၊ ကောင်းသည့်ဝေဒနာလည်း မမြဲသဖြင့် ဒုက္ခသာတည်း။ ဤသို့ ဝေဒနာအားလုံးကို ချုပ်သော် အားလုံးပင် (အနိစ္စ) အမြဲမရှိခြင်း၊ သင်္ခါရဒုက္ခ (ဖောက်ပြန်ပြောင်းလဲတတ်ခြင်းစသော ဒုက္ခ) ချည်းဖြစ်သောကြောင့် ဒုက္ခဝေဒနာတစ်ပါးတည်းသာ ဖြစ်တော့သည်။

## ဟေတုသင်္ဂဟ

လောဘအစရှိသော ဟိတ်တို့ကို ဝေဖန်သည်၏အစွမ်းဖြင့်လည်းကောင်း၊ ထိုဟိတ်တို့နှင့်ယှဉ်သော စိတ္တုပ္ပါဒ်တို့၏အစွမ်းဖြင့်လည်းကောင်း စုပေါင်း၍ ယူရာယူကြောင်းဖြစ်သော သင်္ဂဟသည် ''ဟေတုသင်္ဂဟ''မည်၏။

**ဟိတ်**။ ။ ပကတိ သစ်ပင်၏အမြစ်သည် သစ်ပင်ကို တည်တံ့ခိုင်ခံ့စေသကဲ့သို့ အာရုံ၌ မိမိနှင့်ယှဉ်ဖော် ယှဉ်ဖက်ဖြစ်ကုန်သော အကျိုးတရားတို့ကို ကောင်းမွာခိုင်ခံ့တည်တံ့စေတတ်သော ရင်းမြစ် မူလ အကြောင်းတရားသည် ''ဟိတ်''မည်၏။ (ဋီ၊ မှတ်ချက်)

ဥပမာ။ ။ ၎င်းဟိတ်တရားတို့သည် သစ်မြစ်နှင့်တူကုန်၏၊ သစ်မြစ်သည် သစ်ပင်ကို ခိုင်ခံ့တည်တံ့အောင် ပြုသကဲ့သို့ ဟိတ်တရားတို့သည်လည်း သမ္ပယုတ်တရားတို့၏ ကောင်းစွာထောက်တည်ရာကို ဖြစ်စေတတ်သော‌ကြောင့် ဟိတ်တရားတို့သည် သစ်မြစ်တူကုန်၏။ (ဋီ၊ မြန်) ထိုဟိတ်တရားတို့ကို သစ်မြစ်နှင့်တူသည်၏အဖြစ်ကြောင့် ''မူလ''ဟု ဆိုအပ်ကုန်၏။ (ဋီ၊ မြန်)

(ဟိတ်တရားသည် သစ်ပင်၏ ရေသောက်မြစ်နှင့် တူ၏၊ သစ်ပင်၏ ရေသောက်မြစ် အားကြီးသလောက် ထိုသစ်ပင်၏ ပင်စည် အကိုင်း အခက်တို့ ကြီးပွားစည်ပင်ကြကုန်သကဲ့သို့ လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဟိတ်တရားတို့ ကြီးမားသည့်အလျောက် ထိုဟိတ်နှင့်ဆိုင်သော ရုပ်တရား နာမ်တရား (စိတ် စေတသိက်) တို့သည် ကြီးပွားစည်ပင် ဖြစ်ထွန်းကြလေသည်။

ထို့ကြောင့် ဟိတ်တရားတို့သည် ဆိုင်ရာ ရုပ်နာမ်တရားတို့ကို ဆက်လက်ဖြစ်ပွားနေအောင် ထောက်တည်ရာကို ဖြစ်စေတတ်သောကြောင် ဟိတ်တရားတို့သည် မူလ (သစ်မြစ်) နှင့် တူ၏။)

အဟိတ်စိတ်တို့သည် အမြစ်မရှိသော မှော်နှင့်တူ၏။ လောဘစသော ယှဉ်ဖော်ယှဉ်ဖက် ဟိတ်မရှိသောကြောင့် အဟိတ်စိတ်မည်၏။

မောဟမူစိတ်သည် မောဟဟိတ်တစ်ပါးတည်းရှိသောကြောင့် ဧကဟိတ်စိတ်မည်၏။

ကြွင်းသော အကုသိုလ်စိတ် (၁၀)ပါးတို့တွင် လောဘမူစိတ်ကား လောဘဟိတ်နှင့်မောဟဟိတ်ရှိသောကြောင့် ဒွိဟိတ်စိတ်မည်၏။

ဒေါသမူစိတ်သည် ဒေါသဟိတ်နှင့် မောဟဟိတ်နှစ်ပါး ရှိသောကြောင့် ဒွိဟိတ်စိတ်မည်၏။

ဉာဏဝိပ္ပယုတ်စိတ် (၁၂)ပါးကား အလောဘဟိတ် အဒေါသဟိတ် နှစ်ပါးရှိသောကြောင့် ဒွိဟိတ်စိတ်မည်၏။ (ဤသို့လျှင် ဒွိဟိတ်စိတ် ပေါင်း ၂၂-ပါးရှိ၏။)

ဉာဏသမ္ပယုတ်စိတ် (၁၂)ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် (၃၅)ပါး ပေါင်း (၄၇)ပါးသော စိတ်တို့သည် အလောဘ အဒေါသ အမောဟဟိတ်သုံးပါးရှိသောကြောင့် တိဟိတ်စိတ်မည်ကုန်၏။

## ဟေတုဘာဝ (ဟိတ်အဖြစ်) = ဟိတ်တရားက ဆောင်ရွက်သောစွမ်းရည်

ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရား (စိတ် စေတသိက် ရုပ်) တို့၏ ဆက်လက်ကြာရှည်ဖြစ်ပေါ်တည်ရှိမှုကို ပြီးစေတတ်သော တည်ရာ၏အဖြစ်သည် ''ဟေတုဘာဝ (ဟိတ်အဖြစ်)''မည်၏။

(ဟေတုပစ္စယသတ္တိကို ''ဟေတုဘာဝ''ဟု ခေါ်သည်။)

| အကြောင်းပစ္စည်း | အကျိုးပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟ ဟိတ် (၆)ပါးပစ္စည်း တရားတို့သည် | သဟိတ်စိတ် ၇၁၊ မောဟမူဒွေးစိတ်၌မောဟကြဉ်သော စေတသိက် ၅၂-ခု၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား | ဟေတုပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ |

"အကြောင်းပစ္စည်း" ဖြစ်သော ဟိတ်တရားတို့ ဖြစ်ပေါ်လာလျှင် ထိုဟိတ်တရားတို့သည် ဆိုင်ရာ "အကျိုးပစ္စယုပ္ပန်" ဖြစ်သော စိတ် စေတသိက် ရုပ်တရားတို့၏ ဆက်လက်ကြာရှည်တည်နေအောင် ပြီးစေတတ်သော တည်ရာအဖြစ်သည် "ဟေတုဘာဝ"မည်၏။

ဥပမာ။ ။ လောဘဟိတ်ဖြစ်သည်ဆိုလျှင် လောဘနှင့်ဆိုင်ရာ ကာယကံ ဝစီကံ မနောကံအမှု (စိတ် စေတသိက် ရုပ်တရား) တို့ကို ဆက်လက်ကြာရှည်တည်နေအောင် ပြီးစေတတ်သော တည်ရာ၏အဖြစ်သည် "ဟေတုဘာဝ"မည်၏။

## အပရေဆရာ၏ အယူအဆ ဟေတုဘာဝ

အပရေဝါဒ = တစ်ပါးသော ဆရာတို့၏ အယူအဆ။

ဟေတုဘာဝ = ဟိတ်အဖြစ်။

ကုသိုလ် အကုသိုလ် အဗျာကတ စသော တရားတို့၏ ကုသိုလ် အကုသိုလ် အဗျာကတ စသော အဖြစ်ကို ပြီးစေတတ်သော သဘောသည် "ဟေတုဘာ (ဟိတ်အဖြစ်) " မည်၏။

## အပရေဆရာ၏ အယူအဆကို ရှင်းလင်းချက်

အပရေဆရာ၏ အယူအဆမှာ - ဟိတ်တရားသည် ကုသိုလ် အကုသိုလ် အဗျာကတအဖြစ်ကို ဖြစ်စေ၏ဟု ဆိုသည်။

ထိုစကားတွင် ဟိတ်တရားကိုယ်တိုင်ပင် ကုသိုလ် အကုသိုလ် အဗျာကတ ဖြစ်နေ၍ ထိုကုသိုလ် အကုသိုလ် အဗျာကတဖြစ်နေသော ဟိတ်တရားကို အဘယ် ဟိတ်တရားက ပြီးစေပါသနည်းဟု ဟိတ်တရားတစ်ပါးကို ရှာနေရဦးမည်၊ ဟိတ်ခြောက်ပါးမှတခြားသော ဟိတ်တရားလည်း မရှိသဖြင့် အပရေဆရာ၏ စကားသည် မသင့်မြတ်ပေ။

### နောက်တစ်ချက် စဉ်းစားရန်မှာ

ဟိတ်ခြောက်ပါးတို့၏ ကုသိုလ် အကုသိုလ် အဗျာကတအဖြစ်ကို ပြီးစေတတ်သော တခြားဟိတ်တစ်ပါး မရှိလျှင် ဟိတ်ခြောက်ပါး၏ အကျိုးပစ္စယုပ္ပန် ဖြစ်သော ယှဉ်ဖော်ယှဉ်ဖက် စိတ် စေတသိက် ရုပ်တရားတို့နှင့် အချင်းချင်းပြန်လှန်ကျေးဇူးပြုကြသဖြင့် ဟိတ်၊ ဟိတ်နှင့်ယှဉ်ဖက် (ပစ္စည်း ပစ္စယုပ္ပန်) တရားနှစ်မျိုးလုံး ကုသိုလ် အကုသိုလ် အဗျာကတအဖြစ် ပြီးစီးစေနိုင်သည်ဟု စဉ်းစားနိုင်ပြန်၏။

**အထက်ပါ စကားရပ်ကို စိစစ်ကြည့်သော် –**

ဟိတ်ခြောက်ပါး၊ ထိုဟိတ်တရားနှင့် ယှဉ်ဖက် စိတ် စေတသိက် ရုပ်တရားတို့ အပြန်ပြန်အလှန်လှန် ကျေးဇူးပြု၍ ကုသိုလ် အကုသိုလ် အဗျာကတအဖြစ် ပြီးစီးသည်ဆိုလျှင် (မောဟမူဒွေး၌ မောဟသည် ယှဉ်ဖက် ပစ္စယုပ္ပန်တရား၌ မပါသဖြင့် အကုသိုလ်မဟုတ်ဟု ပြောရတော့မည်လော၊ အဟိတ်စိတ်လည်း ယှဉ်ဖက် ပစ္စယုပ္ပန်တရား၌ မပါသဖြင့် အဗျာကတတရားမဟုတ်ဟု ပြောရမည်လော) ဤသို့လျှင် ယှဉ်ဖက်အကျိုး ပစ္စယုပ္ပန်တရားတို့၌ မပါဝင်သဖြင့် မောဟမူဒွေး၌ မောဟသည် အကုသိုလ်မဟုတ်၊ အဟိတ်စိတ်သည်လည်း အဗျာကတမဟုတ်ဟု ယူဆစရာ ဖြစ်နေသည်။ (စင်စစ်မှာမူ – မောဟမူဒွေး၌ မောဟလည်း အကုသိုလ် စင်စစ် ဖြစ်ပြီး၊ အဟိတ်စိတ်လည်း အဗျာကတတရားစင်စစ်ဖြစ်နေ၏။)

ထို့ကြောင့် အပြန်အလှန်ယှဉ်ဖက်ခြင်း ကျေးဇူးပြု၍ ကုသိုလ် အကုသိုလ် အဗျာကတအဖြစ်ကို ပြီးစေသည်ဟူသော အယူအဆလည်း ယုတ္တိမတန်သည့် အချက်သာ ဖြစ်ပေသည်။

ဤသို့ ဟိတ်တရားကိုယ်တိုင်က ကုသိုလ် အကုသိုလ် အဗျာကတတရား ဖြစ်နေ၍ တခြားဟိတ်တစ်ပါးကို ရှာဖို့ လိုနေခြင်း၊ ဟိတ်၊ ထိုဟိတ်နှင့်ယှဉ်ဖက် စိတ် စေတသိက် ရုပ်တရားကို အပြန်အလှန် ကျေးဇူးပြုသဖြင့် ကုသိုလ် အကုသိုလ် အဗျာကတအဖြစ်ကို ပြီးစေသည်ဟူသော အချက်လည်း မမှန်ကန်ခြင်း မသင့်လျော်ခြင်းတို့ကြောင့် အပရေဆရာ၏ အယူအဆသည် မသင့်မြတ်ပေ။

အမှန်မှာ – ကုသိုလ် အကုသိုလ် အဗျာကတအဖြစ်ကို ပြီးစေသော အကြောင်းမှာ – ယောနိသော မနသိကာရ (သင့်တင့်လျော်ကန်စွာ ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတတ်ခြင်း) ကြောင့် ကုသိုလ်ဆိုင်ရာ ဟိတ်များနှင့် ယှဉ်ဖက် စိတ်များ၊ ရုပ်များ ဖြစ်ကြ၏။ အယောနိသော မနသိကာရ (သင့်တင့်လျော်ကန်စွာ ကုသိုလ်ဖြစ်အောင် နှလုံးမသွင်းတတ်ခြင်း) ကြောင့် အကုသိုလ်ဆိုင်ရာ ဟိတ်များနှင့် ယှဉ်ဖက်စိတ်များ၊ ရုပ်များ ဖြစ်ကြ၏။

| | | | | |
|---|---|---|---|---|
| အယောနိသော မနသိကာရ | → | အကုသိုလ်ဟိတ်များ လောဘ ဒေါသ မောဟ | → | ဆိုင်ရာယှဉ်ဖက်စိတ်စေ-များ၊ ရုပ်များ |
| ယောနိသော မနသိကာရ | → | ကုသိုလ်ဟိတ်များ အလောဘ အဒေါသ အမောဟ | → | ဆိုင်ရာယှဉ်ဖက်စိတ်+စေ-များ ရုပ်များ |

- ကုသိုလ်ဖြစ်ရန် - အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းခြင်း - ယောနိသော မနသိကာရနှင့် စပ်၏၊ (ဆိုင်၏)
- အကုသိုလ်ဖြစ်ရန် - အသင့်အတင့်အားဖြင့် နှလုံးမသွင်းခြင်း အယောနိသော မနသိကာရနှင့် စပ်၏၊ (ဆိုင်၏)
- ကြိယာအဗျာကတဖြစ်ရန် - နိရာနုသယ (အနုသယမရှိသော) ဘုရား ရဟန္တာတို့၏ အဝိပါကဘာဝ (အကျိုးမပေးသောအဖြစ်)နှင့် စပ်၏၊ (ဆိုင်၏)
- ဝိပါက်အဗျာကတဖြစ်ရန် - ကုသိုလ်ကံ အကုသိုလ်ကံ၏ အဝိပါကဘာဝ (အကျိုးမပေးသောအဖြစ်) နှင့် စပ်၏၊ (ဆိုင်၏)

ဟိတ်နှင့် မစပ်၊ ဟိတ်နှင့် မဆိုင်။ ထို့ကြောင့် မြတ်စွာဘုရားသည် "ယောနိသော ဘိက္ခဝေ မနသိ ကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ ရဟန်းတို့ ယောနိသော မနသိကာရ ရှိသူအား မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့သည် တိုးပွားကုန်၏။"ဟု ဟောတော်မူအပ်၏။

အဗျာကတတရားတို့၏ အဗျာကတအဖြစ်သည် အနုသယမရှိသော ဘုရား ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်နှင့် စပ်၏၊ ကံနှင့်လည်း စပ်၏၊ အကျိုးကို မဖြစ်စေတတ်သည်၏အဖြစ်နှင့်လည်း စပ်၏။

ဘုရား ရဟန္တာတို့၏ ကြိယာဖြစ်ခြင်းကား - အနုသယမရှိသောကြောင့် ဖြစ်၏။ ဝိပါက်ကြိယာဖြစ်ခြင်းကား - ကံနှင့်စပ်၏။ ကြိယာဝိပါက်နှစ်ပါးလုံး၏ အဗျာကတဖြစ်ခြင်းကား အကျိုးမပေးသော သဘောနှင့်စပ်၏။

## ကိစ္စသင်္ဂဟ

ပဋိသန္ဓေအစရှိသော ကိစ္စတို့ကို ဝေဖန်သည်၏အစွမ်းဖြင့်လည်းကောင်း၊ ထိုပဋိသန္ဓေကိစ္စ စသည်ရှိကုန်သော စိတ်တို့ကို ပိုင်းခြားသည်၏အစွမ်းအားဖြင့်လည်းကောင်း ပေါင်းရုံးသိမ်းကျုံး၍ ပြသော သင်္ဂဟသည် ''ကိစ္စသင်္ဂဟ''မည်၏။

ပြုခြင်းသည် ''ကိစ္စ''မည်၏။

ဘဝဟောင်းနှင့် ဘဝသစ်ကို စပ်ခြင်းသည် ''ပဋိသန္ဓေကိစ္စ''မည်၏။

ဥပပတ္တိဟု ဆိုအပ်သော ပစ္စုပ္ပန်ဘဝ၌ ဖြစ်နေသော ခန္ဓာအစဉ် (စိတ် အစဉ်)၏ အသက်ထက်ဆုံး ကံအရှိန်ရှိသမျှ မပြတ်ရအောင် ဆက်လက်ဆောင်ရွက်ပေးခြင်းသည် ''ဘဝင်ကိစ္စ''မည်၏။

တစ်စုံတစ်ခုသောအာရုံကို နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းသည် ''အာဝဇ္ဇန်းကိစ္စ''မည်၏။

အသီးသီးပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်းသည် ''ဝုဋ္ဌောကိစ္စ''မည်၏။

အာရုံ၌ ထိုထိုကိစ္စကို ပြီးစေသည်၏အစွမ်းဖြင့် အကြိမ်များစွာသော်လည်းကောင်း၊ တစ်ကြိမ်သော်လည်းကောင်း လျင်သော အဟုန်ဖြင့် ပြေးသော ယောကျာ်း၏ ဖြစ်ခြင်းကဲ့သို့ အာရုံကို ပိုင်းခြားစွာသိလျက် အရှိန်အဟုန် လျင်မြန်စွာဖြစ်ခြင်းသည် ''ဇောကိစ္စ''မည်၏။ (ဋီ၊ မြန်၊ မှတ်ချက်၊ နှစ်ခုပေါင်း)

မိမိရှေ့မှ ဇောသည် ယူအပ်ပြီးသော အာရုံကို ဆက်လက်အာရုံပြု၍ (အရှိန်မသေဘဲ) ဖြစ်ခြင်းသည် ''တဒါရုံကိစ္စ''မည်၏။

ဘဝင် ဟူသည် ဘဝင်္ဂ ဟူသော ပါဠိပုဒ်မှ သက်ဆင်းလာ၏။ ဘဝဿ + အင်္ဂ ဟု ဝစနတ်ပြု၍ ဘဝဿ၊ ဥပပတ္တိဘဝ၏ (လက်ရှိပစ္စုပ္ပန်ဘဝ၏။ အင်္ဂ၊ မပြတ်မစဲ ဖြစ်မြဲဖြစ်ရန် အကြောင်းခံသောစိတ်- အနက်ပေးပါ။

ဘဝ အရ - လက်ရှိပစ္စုပ္ပန်ဘဝ (ဥပပတ္တိဘဝ) ရ၏။

အင်္ဂ အရ - ဘဝင်္ဂပစ္စေဒ (ဘဝင်စိတ်) ၁၉-မျိုးကို ရ၏။

ဥပပတ္တိဘဝဟု ဆိုအပ်သော ပစ္စုပ္ပန်ဘဝ၌ ဖြစ်နေသော ခန္ဓာအစဉ်၏ အသက်ထက်ဆုံး မပြတ်မလပ်ရအောင် ဖြစ်ခြင်း၏အကြောင်းသည် ''ဘဝင်ကိစ္စ'' မည်၏။

ဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၏ ပျက်ပြားချုပ်ဆုံး သေလွန်ခြင်းသည် ''စုတိကိစ္စ'' မည်၏။

## ကိစ္စနှင့်ဌာနအထူး

စိတ်တို့၏သတ္တိသည် ကိစ္စ မည်၏၊

ထိုသတ္တိ၏တည်ရာ သတ္တိမန္တ စိတ်ဒြပ်သည် ဌာန မည်၏။

အတိတ် ဘဝဟောင်းနှင့်ပစ္စုပ္ပန်ဘဝသစ်ကို ဆက်စပ်ပေးခြင်း သတ္တိသဘောသည် ပဋိသန္ဓေကိစ္စ မည်၏။ ထိုကိစ္စဖြင့် မှတ်အပ်သော သတ္တိမန္တ ကိစ္စဝန္တဖြစ်သော ပဋိသန္ဓေစိတ်ဒြပ်သည် ပဋိသန္ဓေဌာန မည်၏။

(စိတ်သည် ဌာန၊ စိတ်၏စွမ်းရည်သည် ကိစ္စ) (ဋီ၊ မြန်)

[ ဘာသာဋီကာရှင်းလင်းချက် -

### ကိစ္စ ဌာန အထူး

ပဋိသန္ဓေစိတ် အစရှိသော ပရမတ္ထတရားတို့၏ ဘဝသစ်ကို ဆက်စပ်ပေးမှု၊ အာရုံကို ဆင်မြင်မှု စသော အခြင်းအရာသည် ကိစ္စ မည်၏။

စုတိစိတ်၊ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်ဟု စိတ်အစဉ်ရှိရာတွင် ရှေ့စုတိစိတ် နောက်ဘဝင်စိတ် နှစ်ပါးတို့၏အကြား၌ ပဋိသန္ဓေစိတ်တစ်ခု၏ ဖြစ်လောက်ရာ ခဏငယ်သုံးချက်ကာလသည် ဌာန မည်၏။

ရှင်းပါဦးအံ့ - တရားသူကြီး၊ တရားစီရင်မှုကိစ္စ၊ တရားစီရင်ရာရုံးဌာန သုံးမျိုး ပြသကဲ့သို့ ထိုအတူ ပဋိသန္ဓေစိတ်၊ ဆက်စပ်ခြင်းကိစ္စ၊ ဆက်စပ်ရာဌာန (ကာလ) ဟု သုံးမျိုးပြားပုံကို သိရာ၏။ ထိုအချိန်ကာလ (ဌာန) ဟူသည် ဘာမျှမရှိသော ပညတ်ဖြစ်၍ ထိုဌာနဖြစ်သော ကာလ၏ ပုံစံကို ဘာမျှမရှိသော သုညသုံးလုံးဖြင့်

| စုတိစိတ် | ပဋိသန္ဓေစိတ် | ဘဝင်စိတ် | ဟု ပြကြ၏။ |
|---|---|---|---|
| ↓ | ↓ | ↓ | |
| ၀ ၀̊ ၀ | ၀ ၀̊ ၀ | ၀ ၀̊ ၀ | |

ဤ၌ သုညသုံးလုံးတစ်တွဲ၊ တစ်တွဲသည် တစ်ဌာနဖြစ်၏၊ စုတိ, ပဋိသန္ဓေ, ဘဝင်တို့ကား ထိုဌာန၌ ရွေ့လျောခြင်း, ဆက်စပ်ခြင်း, အစဉ်မပြတ်ဖြစ်ခြင်း ဟူသော ကိစ္စတပ်လျက် ဖြစ်ကြသော စုတိ, ပဋိသန္ဓေ, ဘဝင်စိတ်များ၏ ပုံစံတည်း။ ထို့ကြောင့် ကိစ္စနှင့်ဌာန ကွဲပြားပုံမှာ အလွန်ထင်ရှားလှ၏၊ ကိစ္စက (၁၄)မျိုး၊ ဌာနက (၁၀)မျိုးသာ ရှိသဖြင့် ကိစ္စ ဌာနတို့ သဘာဝမတူကြောင်း ကောင်းကောင်းကြီး မှတ်ယူသင့်ပေ၏။]

ဦးကာကျော်ဝါဒ –

## ကိစ္စ ဌာနအတူတူဖြစ်ခြင်း

ပဋိသန္ဓိကိစ္စအရလည်း စိတ်၊ ပဋိသန္ဓိဌာနအရလည်း စိတ်ပင် ရ၏ဟု ယူ၍ ကိစ္စနှင့်ဌာနသည် အရမပြားပေ။

ထိုသို့ အရမပြားသော်လည်း ''ပဋိသန္ဓိယာ + ဌာနံ = ပဋိသန္ဓိဌာနံ'' ဟူသော ဝစနတ္ထ ကြောင့် ''ပဋိသန္ဓေ၏တည်ရာသည် ပဋိသန္ဓိဌာန မည်၏။ ထို့ကြောင့် ပဋိသန္ဓေမှ လွတ်သော ဌာနမည်သည် အကယ်၍ကားမရှိ၊ ယင်းသို့ မရှိသော်လည်း ယူလွယ်စေခြင်းအကျိုးငှာ ''သိလာပုတ္တကဿ + သရီရံ''ပါဌ်ကဲ့သို့ မပြားသော်လည်း ပြားသကဲ့သို့ ကြံဆ၍ယူခြင်း ''အဘေဒဘေဒူပစာ''ဟူ၍ မှတ်အပ်၏။

(သိလာပုတ္တကဿ၊ သားကလေးသဖွယ် သေးငယ်သော ကျောက်တုံး၏။ + သရီရံ၊ ကိုယ်တည်း။ သိလာပုတ္တက အရ အထက်အောက်နံပါးမကျန် ကျောက်တုံးလေးတစ်ခုလုံး ရ၏။ သရီရံ–အရလည်း အထက်အောက်စသည်မကျန် ကျောက်တုံးလေးတစ်ခုလုံးပင် ရ၏။ ဤသို့ အရကောက်မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ''အဘေဒဘေဒူပစာနည်း''အားဖြင့် ''သိလာပုတ္တကဿ+ သရီရံ''ဟု ဆိုရသကဲ့သို့ ပဋိသန္ဓေကိစ္စ အရနှင့် ပဋိသန္ဓေဌာန အရ မကွဲပြားသော်လည်း ''ပဋိသန္ဓိယာ + ဌာနံ = ပဋိသန္ဓိဌာနံ''ဟု သမ္ဗန်နှင့်သမ္ဗန္ဓီ ခွဲခြား၍ ဆဋ္ဌီတပ္ပုရိသ်သမာသ်ပြုနိုင်ပါသည်။)

ပဋိသန္ဓိယာ + ဌာနံ = ပဋိသန္ဓိဌာနံ။
သိလာပုတ္တကဿ + သရီရံ = သိလာပုတ္တကသရီရံ။

## ကိစ္စ (၁၄)၊ ဌာန (၁၀) ဖြစ်ရခြင်း

ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုင်းတို့၏အကြား၌ ဖြစ်ခြင်းတူ၍၊ ပဉ္စဝိညာဏ် ငါးခုကို ပဉ္စဝိညာဏဌာနဟု တစ်ခုတည်းပေါင်း၍ ယူထားသောကြောင့် ကိစ္စ (၁၄) မျိုးဖြစ်ပြီး၊ ဌာနမှာ (၁၀)ပါးသာ ရှိသည်။ ဝီထိချရာ၌ ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုင်း အကြားတွင် စက္ခုဝိညာဏဝီထိ၌ စက္ခုဝိညာဏ်ဖြစ်၏။ သောတဝိညာဏ်ဝီထိအခိုက်၌ သောတဝိညာဏ်ဖြစ်၏။ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တို့လည်း တစ်လှည့်စီဝင်ကြ၏။ ထို့ကြောင့် ဖြစ်ရာတူကြ၏။

## ဌာနများကို ရနိုင်သမျှ သတ်မှတ်၍ပြခြင်း

ပဋိသန္ဓေ (၁)ဌာန၊ ဘဝင် (၆)ဌာန၊ အာဝဇ္ဇန်း (၂)ဌာန၊ ပဉ္စဝိညာဏ် (၁)ဌာန၊ သမ္ပဋိစ္ဆိုင်း (၁)ဌာန၊ သန္တီရဏ (၁)ဌာန၊ ဝုဋ္ဌော (၂)ဌာန၊ ဇော (၆)ဌာန၊ တဒါရုံ (၂)ဌာန၊ စုတိ (၃)ဌာန၊ ပေါင်း (၂၅)ဌာန ဖြစ်သည်။

| | | |
|---|---|---|
| **ပဋိသန္ဓေဌာန** | = စုတိစိတ်နှင့်ဘဝင်စိတ်အကြားသည် ပဋိသန္ဓေဌာနမည်၏။ | |
| **ဘဝင် (၆)ဌာန** | = ပဋိသန္ဓေစိတ်နှင့် အာဝဇ္ဇန်းစိတ်တို့အကြား | (၁)ဌာန၊ |
| | ဇောနှင့်အာဝဇ္ဇန်းတို့အကြား | (၁)ဌာန၊ |
| | တဒါရုံနှင့်အာဝဇ္ဇာန်းတို့အကြား | (၁)ဌာန၊ |
| | ဝုဋ္ဌောနှင့်အာဝဇ္ဇန်းတို့အကြား | (၁)ဌာန၊ |
| | ဇောနှင့်စုတိတို့အကြား | (၁)ဌာန၊ |
| | တဒါရုံနှင့်စုတိတို့အကြား | (၁)ဌာန၊ |
| **အာဝဇ္ဇန်း(၂)ဌာန** | = ဘဝင်နှင့်ပဉ္စဝိညာဏ်တို့အကြား | (၁)ဌာန၊ |
| | ဘဝင်နှင့်ဇောတို့အကြား | (၁)ဌာန၊ |
| **ပဉ္စဝိညာဏ်(၁)ဌာန** | = ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုင်းအကြား | (၁)ဌာန |
| **သမ္ပဋိစ္ဆိုင်း(၁)ဌာန** | = ပဉ္စဝိညာဏ်နှင့် သန္တီရဏတို့အကြား | (၁)ဌာန။ |
| **သန္တီရဏ(၁)ဌာန** | = သမ္ပဋိစ္ဆိုင်းနှင့်ဝုဋ္ဌောအကြား | (၁)ဌာန၊ |
| **ဝုဋ္ဌော(၂)ဌာန** | = သန္တီရဏနှင့်ဇောတို့အကြား | (၁)ဌာန၊ |
| | သန္တီရဏနှင့်ဘဝင်တို့အကြား | (၁)ဌာန၊ |
| **ဇော(၆)ဌာန** | = ဝုဋ္ဌောနှင့်တဒါရုံအကြား | (၁)ဌာန၊ |
| | ဝုဋ္ဌောနှင့်ဘဝင်အကြား | (၁)ဌာန၊ |
| | ဝုဋ္ဌောနှင့်စုတိအကြား | (၁)ဌာန၊ |
| | မနောဒွါရာဝဇ္ဇန်းနှင့်တဒါရုံတို့အကြား | (၁)ဌာန၊ |
| | မနောဒွါရာဝဇ္ဇန်းနှင့်ဘဝင်တို့အကြား | (၁)ဌာန၊ |
| | မနောဒွါရာဝဇ္ဇန်းနှင့်စုတိတို့အကြား | (၁)ဌာန။ |

## သုခသန္တီရဏ, သောမနဿသန္တီရဏ ပဋိသန္ဓေကိစ္စမတပ်ခြင်း

သန္တီရဏချင်းအတူတူ ဥပေက္ခာသန္တီရဏနှစ်ပါးမှာ ပဋိသန္ဓေကိစ္စတပ်ပြီး သောမနဿသန္တီရဏစိတ်၏ ပဋိသန္ဓေကိစ္စမတပ်ခြင်းမှာ (ပဋိသန္ဓေ၏အစွမ်းဖြင့် ဖြစ်ခြင်းသဘောမရှိသောကြောင့်လည်းကောင်း၊ ပဉ္စာန်း ပဋိစ္စဝါရ၌လည်း ပဋိသန္ဓေ၏အစွမ်းဖြင့် မဝေဖန်ဘဲ ပဝတ္တိ၏အစွမ်းဖြင့်သာ ဝေဖန်သောကြောင့် လည်းကောင်း ဖြစ်ပါသည်။

ဒွိဟိတ်ဩမကဖြစ်သော သောမနဿကုသိုလ်ကံသည် အလွန်အားနည်း သောကြောင့် အဟိတ်သောမနဿပဋိသန္ဓေကို မပေးနိုင်၍ သောမနဿသန္တီရဏ စိတ်ကို ကြည်ရ၏၊ ပဋိသန္ဓေကိစ္စ မဖြစ်နိုင်၍ ဘဝင်ကိစ္စ စုတိကိစ္စလည်း မဖြစ် နိုင်ပါ။

## ပရမတ္ထဒီပနီကျမ်းပြု လယ်တီဆရာတော်၏အလို

အဟိတ် ပဋိသန္ဓေအကျိုးကို ပေးသော ဒွိဟိတ်ဩမက ကုသိုလ်ကံသည် အလွန်အားနည်း၍၊ အားရှိသော သောမနဿပဋိသန္ဓေအကျိုးကို မပေးနိုင်သော ကြောင့် သောမနဿသန္တီရဏသည် ပဋိသန္ဓေကိစ္စ မတပ်၊ ပဋိသန္ဓေကိစ္စမတပ်၍ ဘဝင်ကိစ္စ စုတိကိစ္စလည်း မတပ်နိုင်။

## အာဝဇ္ဇန်းနှွေးသည် ကြိယာဖြစ်လျက် ဇောမထိုက်ခြင်း

အာဝဇ္ဇန်းနှစ်ပါးသည် အာရုံကို ဆင်ခြင်ရုံသာဖြစ်၍ အာရုံ၏အရသာကို မသိ နိုင် မခံစားနိုင်သောကြောင့် ဇောကိစ္စ မတပ်ပါ။ ထို့ကြောင့် အာဝဇ္ဇန်းဒွေးကို ကြည် ရပါသည်။ အားနည်း၍ လျင်သောအဟုန်ဖြင့် ဖြစ်မှုမရှိသောကြောင့် အာဝဇ္ဇန်း ဒွေးသည် ဇောကိစ္စမတပ်ပါ။ (ပရမတ္ထဒီပနီ)

## အာဝဇ္ဇန်းဒွေးကို ကြည်ရခြင်းအကြောင်း

မနောဒွါရာဝဇ္ဇန်းစိတ်သည် ကာမအာရုံ၌ ဝုဋ္ဌောကိစ္စဆောင်ရွက်သောအခါ နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်သော်လည်း ထိုမနောဒွါရာဝဇ္ဇန်းသည် အာရုံ၏အရသာကို ခံစားနိုင်ခြင်းမရှိသောကြောင့် ဇောကိစ္စ မဖြစ်။ ထို့ကြောင့် ``အာဝဇ္ဇနဒ္ဒွယဝဇ္ဇိတာနိ = အာဝဇ္ဇန်းဒွေးကို ကြည်ရ၏''ဟု ဆို၏။

(ပဉ္စဒွါရာဝဇ္ဇန်းကား တစ်ကြိမ်သာဖြစ်၍ အထူးလျှော်းပါးဖွယ်မလို။)

## မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်လျက် ဇောထိုက်ခြင်း

တစ်ခုသော စိတ္တက္ခဏသာရှိသော်လည်း လောကုတ္တရာမဂ် အစရှိသည်သည် ထိုဇောသဘောရှိသည်၏အဖြစ်ကြောင့် (ဝါ) အာရုံ၏အရသာကို ခံစားနိုင်သော သဘောရှိသောကြောင့် ဇောကိစ္စ မည်၏။ (ဇောကိစ္စတပ်၏။)

လျင်သောအဟုန်နှင့် ဖြစ်ခြင်းသဘောရှိသောကြောင့် ဇောကိစ္စတပ်သည်။ (ပရမတ္ထဒီပနီ)

အဘယ်ကြောင့်ဆိုသော် တစ်ခုခုသော အာရုံရှိသော်လည်း သဗ္ဗညုတဉာဏ်သည် အလုံးစုံသော အာရုံကို သိခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်နှင့် ယှဉ်သော ကြောင့် တစ်ခါတစ်ရံမျှ ထိုသဗ္ဗညုတအမှုကို မစွန့်သကဲ့သို့တည်း။

## ဖိုလ်စိတ်၏ ဇောကိစ္စတပ်ပုံ

ဖိုလ်စိတ်သည် (ဝိပါက်ဖြစ်၍ အာသေဝနပစ္စည်း ကင်းသော်လည်း) မဂ်စေတနာ၏ အာနုဘော်ကြီးသော တန်ခိုးအရှိန်ကြောင့်လည်းကောင်း၊ ပရိကမ္မဘာဝနာ၏အစွမ်းဖြင့် ဖြစ်သောကြောင့်လည်းကောင်း အာရုံ၌ လျင်မြန်စွာ ဖြစ်ခြင်းသဘောရှိ၍ ဇောကိစ္စတပ်သည်။

## ဒွါရသင်္ဂဟ

အာဝဇ္ဇန်အစရှိကုန်သော နာမ်တရားတို့၏ ဖြစ်ခြင်း၏အကြောင်းဖြစ်၍ တံခါးနှင့်တူသောကြောင့် ''ဒွါရ''မည်ကုန်၏။

ဒွါရတို့ကိုလည်းကောင်း၊ ဒွါရ၌ ဖြစ်သော စိတ်တို့ကိုလည်းကောင်း ပိုင်းခြားသည်၏အစွမ်းဖြင့် အကျဉ်းပေါင်း၍ ယူရာယူကြောင်းဖြစ်သောသင်္ဂဟသည် ''ဒွါရသင်္ဂဟ''မည်၏။ (ဋီ၊ မြန်)

ပကတိတံခါးသည် ဝင်ကုန်၊ ထွက်ကုန်သော အိမ်ရှင်ဖြစ်သူတို့၏ ဝင်ရာထွက်ရာ၊ ဝင်ကြောင်းထွက်ကြောင်းဖြစ်သကဲ့သို့ အာဝဇ္ဇန်းစသော နာမ်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ''ဒွါရ''မည်၏။ (ဋီ၊ မှတ်ချက်)

ဒွါရ = တံခါးပေါက်။

၁။ စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။

၂။ သောတပသာဒရုပ်သည် သောတဒွါရမည်၏။

၃။ ဃာနပသာဒရုပ်သည် ဃာနဒွါရမည်၏။

၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှါဒွါရမည်၏။
၅။ ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။
၆။ မနောဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ (၁၉)ခုသည် မနောဒွါရမည်၏။

ကြွင်းသော (အတီတဘဝင်၊ ဘဝင်္ဂစလန စသော ဘဝင်များမှာ ဘဝင်ပင် ဖြစ်ကုန်ငြားသော်လည်း မနောဒွါရာဝဇ္ဇန်းစိတ်အား အနန္တရပစ္စည်းမတပ်နိုင်သောကြောင့် မနောဒွါရ မမည်ကုန်။

**မနောဒွါရဝီထိ** – တီ၊ န၊ ဒ၊ မ၊ ဇော၊ တဒါရုံ၊ ဘဝင်။
**ပဉ္စဒွါရဝီထိ** – တီ၊ န၊ ဒ၊ ပ၊ စ၊ သမ်၊ တီ၊ ဝု၊ ဇော၊ တဒါရုံ၊ ဘဝင်။

## မနောဒွါရ၌ မန အရ၊ မနောဒွါရ အရတို့ကို ခွဲပြခြင်း

မန အရ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့ကို ရ၏။
(အာဝဇ္ဇနာဒီနံ မနာနံ ဒွါရန္တိ မနောဒွါရံ။ ဆဋ္ဌီတပ္ပုရိသ်)။

တစ်နည်း မန အရ ဘဝင်္ဂုပစ္ဆေဒ (၁၉)ခု ရ၏း
(မနောယေဝ ဝါ ဒွါရန္တိ မနောဒွါရံ။ အဝဓာရဏကမ္မဓာရည်း)

**မနောဒွါရ** အရ "ဘဝင်္ဂန္တိ အာဝဇ္ဇနာနန္တရံ ဘဝင်္ဂံ"ဟု ဖွင့်သော ဋီကာနည်းအရ မနောဒွါရာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ (၁၉)ခုသည် မနောဒွါရမည်၏။ (ဋီ၊ မြန်)

တစ်နည်း – ဘဝင်္ဂုပစ္ဆေဒဖြစ်သော ဘဝင် (၁၉)သည်သာလျှင် ဒွါရဖြစ်သောကြောင့် မနောဒွါရ မည်၏။ (ဋီ၊ မြန်)

တစ်နည်း – "မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ" သင်္ဂဟအရ မနောဒွါရဟူသည် စက္ခုဒွါရစသည်တို့ကဲ့သို့ ရုပ်တရားမဟုတ်၊ ဘဝင်စိတ်များတည်း၊ ဘဝင်စိတ်များ၌ အာရုံထင်လာလျှင် ထိုအာရုံကို ယူလျက် မနောဒွါရိကဝီထိစိတ်များ ဖြစ်ရသောကြောင့် ဘဝင်စိတ်ဟူသမျှကို မနောဒွါရဟု ခေါ်သည်။ (ဘာသာဋီ)

စင်စစ် ပသာဒရုပ်မှန်လျှင် အာရုံ၏ထင်ရာ ဟုတ်ဟုတ်, မဟုတ်ဟုတ် အမြဲ ဒွါရရုပ်အမည်ရသည်သာ။ "ဝဠဉ္ဇနဋ္ဌေန ဒွါရံ"အရ ထွက်ဝင်ကြောင်း အပေါက်ကို "ဒွါရ (တံခါး)"ဟု ဆိုရာ၌ ထွက်ဝင်သူ ရှိရှိ, မရှိရှိ အမြဲဒွါရ (တံခါး) မည်သကဲ့သို့

တည်း။ ထိုအတူ ဘဝင်ဟူသမျှလည်း အခွင့်သာလျှင် ဝိထိစိတ်တို့၏ဖြစ်ကြောင်း ဒွါရချည်းသာဖြစ်သောကြောင့် ဘဝင်ဟူသမျှသည် ဒွါရအမည်ရထိုက်သည်။ ထို့ကြောင့်ပင် အရှင်အနုရုဒ္ဓါလည်း မည်သည့်ဘဝင်ဟု မသတ်မှတ်ဘဲ ''မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ''ဟု ဘဝင်အားလုံးကို ယူထား၏။

## စက္ခုဒွါရိကစိတ် (၄၆)ပါးတို့ ထိုက်သည့်အားလျော်စွာဖြစ်ပုံ

စက္ခုဒွါရ၌ဖြစ်သောစိတ်တို့သည် (၄၆)ပါး ဆိုသော်လည်း အခါခပ်သိမ်း (၄၆)ပါး မဖြစ်၊ ဣဋ္ဌာရုံအစရှိသော အာရုံ၌ ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရ အနုသယကင်းပြီးသော ရဟန္တာသန္တာန်၊ အနုသယမကင်းသော ပုထုဇဉ်သန္တာန် စသည်အားဖြင့် ထိုက်သည့်အားလျော်စွာဖြစ်ကြသည်။

အမျိုးသမီးအချောအလှ (ဣဋ္ဌ - ကောင်းသောအာရုံ) ကို တွေ့သောအခါ မသင့်မတင့် နှလုံးသွင်းသူများမှာ - သောမနဿ လောဘဇောတွေ ဖြစ်မည်။ ပညာရှိတို့က သင့်တင့်လျောက်ပတ်စွာ 'အမ နှမ''စသည်ဖြင့် နှလုံးသွင်းသော အခါ ဥပေက္ခာ ကုသိုလ်ဇောမျိုးဖြစ်မည်။ ရဟန္တာများအဖို့ကား ကြိယာဇောတွေ သာ ဖြစ်မည်။ ဤသို့ ထိုက်သည့်အားလျော်စွာ ဖြစ်ကြသည်။

## တစ်ခုယုတ် (၂၀)သော စိတ်တို့၏ ဒွါရဝိမုတ်စိတ်ဖြစ်ရခြင်း

<u>ပဋိသန္ဓေ၊ ဘဝင်၊ စုတိ အမည်ရသောစိတ် (၁၉)မျိုး -</u>

ဥပေက္ခာသန္တီရဏစိတ် (၂)ခု၊ မဟာဝိပါက်စိတ် (၈)ခု၊ မဟဂ္ဂုတ်ဝိပါက် (၉) ပေါင်း (၁၉)ခုတို့ဖြစ်ကြသည်။

၎င်းစိတ်တို့သည် ဖြစ်စေတတ်သော ဇနကအဟုန်သက်သက်ကြောင့်သာ ဖြစ်ကုန်၏။ အာရုံနှင့်ဒွါရတို့၏ ထိခိုက်မှုကြောင့်ဖြစ်သော စိတ်မျိုးမဟုတ်၍ ဒွါရခြောက်ပါးမှ လွတ်မြောက်သောစိတ်မျိုး ဖြစ်သောကြောင့် ဒွါရဝိမုတ်စိတ် မည်၏။ (ပဋိသန္ဓေ + စုတိ)

တစ်နည်း - စက္ခုစသော ဒွါရတို့၌ မဖြစ်သောကြောင့်လည်းကောင်း၊ မိမိ သည်ပင် မနောဒွါရဟု ဆိုအပ်သော ဘဝင်ဖြစ်သောကြောင့်လည်းကောင်း၊ (ဘဝင်)

ကမ္မနိမိတ်စသည်တို့မှ တစ်ပါးသောအာရုံကို ယူခြင်း၏အစွမ်းဖြင့် မဖြစ် သောကြောင့်လည်းကောင်း ဒွါရဝိမုတ်စိတ် မည်၏။ (ဘဝင် + စုတိ)

(ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်များသည် ကံအစွမ်းကြောင့်သာ ဖြစ်ကြပြီး ဒွါရ၏အစွမ်းဖြင့် မဖြစ်သောကြောင့် ဒွါရဝိမုတ်စိတ်မည်ကြ၏။)

ဒွေပဉ္စဝိညာဏ်စိတ် (၁၀)၊ မဟဂ္ဂုတ် လောကုတ္တရာဇော (၂၆) ပေါင်း (၃၆)ပါး သောစိတ်တို့သည် ထိုက်သည့်အားလျော်စွာ တစ်ဒွါရ၌သာ ဖြစ်ကြခြင်း။

ဒွေပဉ္စဝိညာဏ်စိတ် (၁၀)ပါးတို့သည် မိမိ, မိမိတို့၏ဆိုင်ရာ ပဉ္စဒွါရ၌သာ ဖြစ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ် လောကုတ္တရာဇော (၂၆)ပါးတို့သည် မနောဒွါရ၌သာ ဖြစ်သောကြောင့်လည်းကောင်း ထို (၃၆)ပါးသော စိတ်တို့သည် ထိုက်သည့်အားလျော်စွာ မိမိတို့၏ ဒွါရအားလျော်စွာ တစ်ဒွါရစိ၌သာ ဖြစ်ကြကုန်၏။

## ရံခါ (၆)ဒွါရ၌ဖြစ်၊ ရံခါ (၆)ဒွါရမှ လွတ်သည့် နှစ်မည်ရစိတ် (၁၀)ပါး

(ဥပေက္ခာသန္တီရဏစိတ် (၂)ခု၊ မဟာဝိပါက်စိတ် (၈) = (၁၀)၊ ဤဆယ်ပါး သော စိတ်တို့ ာည် ဆောင်ရွက်သော ကိစ္စအလိုက် ခြောက်ဒွါရ၌ ဖြစ်ခြင်း လွတ် ခြင်းတို့ ဖြစ်ရ၏။

၎င်းဆယ်ပါးတို့သည် ပဉ္စဒွါရတို့၌ သန္တီရဏ၊ တဒါရုံတို့၏အစွမ်းဖြင့် ဖြစ်ခြင်း ကြောင့်လည်းကောင်း၊ မနောဒွါရ၌ တဒါရုံတို့၏အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်လည်း ကောင်း ခြောက်ဒွါရ၌ ဖြစ်ကုန်၏။ ပဋိသန္ဓေအစရှိသည်၏အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် ဒွါရခြောက်ပါးမှလည်း လွတ်ကုန်၏။

(၎င်းဆယ်ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကို ဆောင်ရွက် သောအခါ ခြောက်ဒွါရမှ လွတ်၏။

သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတို့ကို ဆောင်ရွက် သောအခါ ခြောက်ဒွါရ၌ ဖြစ်၏။

## အမြဲတမ်း ခြောက်ဒွါရမှ လွတ်သော စိတ်(၉)ပါး

မဟဂ္ဂုတ်ဝိပါက်စိတ် (၉)ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စသာ ဆောင်ရွက်ကြသောကြောင့်လည်းကောင်း၊ ခြောက်ဒွါရ၌ဖြစ်သော ကိစ္စမရှိသော ကြောင့်လည်းကောင်း အမြဲတမ်း ခြောက်ဒွါရမှ လွတ်သည့် ကေန်ဒွါရဝိမုတ် မည်၏

## အာရမ္မဏသင်္ဂဟ

အာရုံတို့ကို သရုပ်အားဖြင့်လည်းကောင်း၊ ဝေဖန်သောအားဖြင့်လည်းကောင်း၊ ထိုအာရုံကို ပြုသော စိတ်အားဖြင့်လည်းကောင်း သိမ်းကျုံးပေါင်းရုံး၍ ယူရာ ယူကြောင်းဖြစ်သော သင်္ဂဟသည် ''အာရမ္မဏသင်္ဂဟ''မည်၏။

### အာရမ္မဏ (အာရုံ)

စိတ် စေတသိက်တို့သည် လာရောက်မွေ့လျော်ရာဖြစ်သောကြောင့် ရူပ, သဒ္ဒ စသည်တို့သည် ''အာရမ္မဏ (အာရုံ)''မည်၏။

### အာရုံနှင့်အာရမ္မဏိကတရားတို့ကို ခွဲပြခြင်း

ပစ္စုပ္ပန်ဖြစ်သော ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗနှင့် ဓမ္မာရုံတို့ကို စိတ် စေတသိက်တို့သည် လာရောက်မွေ့လျော်ရာဖြစ်သောကြောင့် အာရမ္မဏ (အာရုံ)ဟု ခေါ်သည်။ (ပစ္စည်း)

စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်စိတ် စသော စိတ် စေတသိက်တရားတို့ကို (ထိုအာရုံတို့ကို ယူတတ်သော တရားများဖြစ်၍) အာရမ္မဏိကဟု ခေါ်သည်။ (ပစ္စယုပ္ပန်)

အဘိုးအို၊ အဖွားအိုတို့သည် တုတ် တောင်ဝှေး ကြိုးတန်းတို့ကို အမှီပြုရမှ ထခြင်း ထိုင်ခြင်း သွားလာလှုပ်ရှားခြင်းတို့ကို ပြုရသကဲ့သို့ စိတ် စေတသိက်တို့သည်လည်း အာရုံကို အမှီပြုရမှ ဖြစ်ပေါ်ကြရကုန်၏။

(၁) အဆင်း၏ ဖောက်ပြန်ခြင်းသို့ ရောက်သည်ဖြစ်၍ နှလုံး၌ရောက်သည်၏ အဖြစ်ကို ပြတတ်သောကြောင့် ရူပ မည်၏။

ထိုရူပသည်ပင်လျှင် အားနည်းသော ယောကျာ်းသည် တောင်ဝှေးစသည်ကို ဆွဲကိုင်သကဲ့သို့ စိတ်စေတသိက်တို့သည် စွဲလမ်းဆွဲကိုင်အပ်သောကြောင့် အာရမ္မဏ မည်၏။

တစ်နည်းကား – ထိုစိတ် စေတသိက်တို့သည် လာ၍ ဤအာရုံ၌ မွေ့လျော်တတ်၏၊ ထိုသို့ မွေ့လျော်ရာဖြစ်သောကြောင့် အာရမ္မဏ မည်၏။

ဤသို့ အဆင်းသည်ပင် စွဲလမ်းအပ်သောကြောင့်လည်း၊ မွေ့လျော်ရာဖြစ်သောကြောင့်လည်း ရူပါရမ္မဏ = ရူပါရုံ မည်၏။ (ဋီ၊ မြန်)

စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော အညို အရွှေ စသော အဆင်းအမျိုးမျိုးသည် ဖောက်ပြန်ပြောင်းလဲ၍ စိတ်အလို ကို ပြတတ်သောကြောင့် ရူပ မည်၏။

(ထိုရူပ (အဆင်း)သည် စိတ် စေတသိက်တို့ လာ၍ မွေ့လျော်ရာဖြစ်သောကြောင့် အာရမ္မဏ မည်၏။ (ဋီ၊ မှတ်ချက်)

(၂) နှုတ်ဆိုအပ်သောကြောင့် အသံသည် သဒ္ဒမည်၏။

ထိုသဒ္ဒသည်ပင် (စိတ် စေတသိက်တို့၏ လာရောက်မွေ့လျော်ရာ) အာရုံဖြစ်သောကြောင့် သဒ္ဒါရမ္မဏ = သဒ္ဒါရုံ မည်၏။ (ဋီ၊ မြန်)

ရွတ်ဆိုအပ်သောကြောင့် သဒ္ဒ မည်၏။ တစ်နည်း သောတဝိညာဏ်၏ အာရုံ အဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒ မည်၏။

(၃) မိမိ၏ မှီရာကို ဤဝတ္ထုသည် ဤ၌ ရှိ၏ဟု ကုန်းတိုက်ခြင်းကို ပြုသကဲ့သို့ ဖြစ်တတ်သောကြောင့် ဂန္ဓ မည်၏။

ထိုဂန္ဓသည်ပင် စိတ်စေတသိက်တို့၏ လာ၍ မွေ့လျော်ရာ အာရုံဖြစ်သောကြောင့် ဂန္ဓာရမ္မဏ = ဂန္ဓာရုံ မည်၏။ (ဋီ၊ မြန်)

မိမိအနံ့၏ တည်ရာဖြစ်သော စံပယ် စကား စသော ပန်းဒြပ်တို့ကို ဤမွှေးသောပန်းတို့သည် ဤအရပ်မှာ ရှိသည်ဟု ကုန်းချောသကဲ့သို့ ဖြစ်သောကြောင့် ဂန္ဓ မည်၏။ (ဋီ၊ မှတ်ချက်)

(၄) ထိုအာရုံကို သတ္တဝါသည် သာယာအပ်သောကြောင့် ရသ မည်၏။

ထိုရသသည်ပင် (စိတ် စေတသိက်တို့၏ လာ၍မွေ့လျော်ရာ) အာရုံဖြစ်သောကြောင့် ရသာရမ္မဏ = ရသာရုံ မည်၏။

(၅) တွေ့ထိအပ်သောကြောင့် ဖောဋ္ဌဗ္ဗမည်၏။

ထိုဖောဋ္ဌဗ္ဗသည်ပင် (စိတ်စေတသိက်တို့၏ လာရောက်မွေ့လျော်ရာ) အာရုံဖြစ်သောကြောင့် ဖောဋ္ဌဗ္ဗာရမ္မဏ = ဖောဋ္ဌဗ္ဗာရုံ မည်၏။

(၆) မိမိတို့၏ သဘောလက္ခဏာကို ဆောင်တတ်သောကြောင့် ဓမ္မ မည်၏။

ထိုဓမ္မသည်ပင် (စိတ် စေတသိက်တို့၏ လာ၍ မွေ့လျော်ရာ) အာရုံဖြစ်သောကြောင့် ဓမ္မာရမ္မဏ = ဓမ္မာရုံ မည်၏။

ရူပါရုံစသော အာရုံငါးပါးတို့သည် ပစ္စုပ္ပန်အာရုံချည်း ဖြစ်ကြ၏။

## ပစ္စုပ္ပန်အပြားနှင့် ဤ၌ ယူရမည့် ပစ္စုပ္ပန်

[ ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန် ဟု သုံးမျိုးရှိရာတွင် ဤ၌ ခဏပစ္စုပ္ပန်ကိုသာ ယူရမည်။ ]

အဘယ်ကြောင့်နည်း -

စက္ခုဒွါရ (စက္ခုပသာဒ) စသည်၌ ထိခိုက်လာသော၊ ထိခိုက်လာသော မျက်မှောက်ဖြစ်သော (ထိခိုက်ဆဲဖြစ်သော) အာရုံကိုသာ စက္ခုဝိညာဏ်စသော စိတ်တို့သည် အာရုံပြုနိုင်ကြ၏။ ထိခိုက်ဆဲမဟုတ်၊ ထိခိုက်ပြီးသောအာရုံ၊ ထိခိုက်လတ္တံ့သောအာရုံကို အာရုံမပြုနိုင်သောကြောင့် ပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုနိုင်ကြသည်။

## နိဗ္ဗာန် ပညတ်တို့ ကာလဝိမုတ်ဖြစ်ခြင်း

ပျက်စီးခြင်းမရှိသောကြောင့်လည်းကောင်း၊ အတိတ်စသော ကာလ၏ အစွမ်းဖြင့် မဆိုအပ်သောကြောင့်လည်းကောင်း နိဗ္ဗာန် ပညတ်တို့သည် ကာလဝိမုတ်ဖြစ်ကြသည်။

မနောဒွါရ၌ဖြစ်သော စိတ်တို့၏အာရုံသည် ထိုက်သည့်အားလျော်စွာ ပစ္စုပ္ပန်ဖြစ်၍လည်းကောင်း၊ အတိတ်ဖြစ်၍လည်းကောင်း၊ အနာဂတ်ဖြစ်၍လည်းကောင်း၊ ကာလဝိမုတ်ဖြစ်သော ခြောက်ပါးအပြားရှိသော အာရုံဖြစ်၏။ (ဋီ၊ မြန်)

မနောဒွါရ၌ဖြစ်သော စိတ် (၆၇)ပါးတို့သည် အာရုံခြောက်ပါး၊ ကာလသုံးပါးနှင့်တကွ ကာလဝိမုတ်တရားတို့ကို အာရုံပြုကြကုန်၏ဟု ဆိုသော်လည်း ''ယထာရဟံ''သဒ္ဒါကို သတ်မှတ်ပြဆိုထားသဖြင့် ဤဆိုသောအတိုင်း အာရုံပြုကြသည်မဟုတ်၊ ထိုက်သည့်အားလျော်စွာသာ အာရုံပြုကုန်၏။ (ဋီ၊ မှတ်ချက်)

## ယထာရဟ အာရုံပြုပုံများ

ဟသိတုပ္ပါဒ်ကြဉ်သော ကာမာဝစရဇောတို့သည် ကာလသုံးပါးဖြစ်သော အာရုံခြောက်ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်တို့ကို အာရုံပြုကုန်၏။

ဟသိတုပ္ပါဒ်စိတ်ကား ကာလသုံးပါး၌ဖြစ်သော ကာမအာရုံခြောက်ပါးကိုသာ အာရုံပြု၏။

အဘိညာဏ်ဇောတို့ကား ကာလသုံးပါး၌ဖြစ်သော အာရုံခြောက်ပါးတို့ကိုလည်းကောင်း၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်တို့ကိုလည်းကောင်း အာရုံပြုကုန်၏။ (ဋီ၊ မှတ်ချက်)

## မနောဒွါရိကစိတ်တို့၏ ယထာရဟ အာရုံပြပုံ

| စိတ် | လုံးရေ | ပစ္စုပ္ပန် | အတိတ် | အနာဂတ် | ကာလဝိမုတ် | | အာရုံ |
|---|---|---|---|---|---|---|---|
| | | | | | နိဗ္ဗာန် | ပညတ် | |
| ဟသိကြဉ်သော ကာမဇော | ၂၉ | ပြ | ပြ | ပြ | ပြ | ပြ | ၆ ပါး |
| ဟသိတုပ္ပါဒဇော | ၁ | ပြ | ပြ | ပြ | | | ၆ ပါး |
| ဒိဗ္ဗစက္ခုအဘိညာဉ်ဇော | ၁ | ပြ | | | | | ရူပါရုံ |
| ဒိဗ္ဗသောတအဘိညာဉ်ဇော | ၁ | ပြ | | | | | သဒ္ဒါရုံ |
| ဣဒ္ဓိဝိဓအဘိညာဉ်ဇော | ၁ | ပြ | ပြ | ပြ | | | ၆ ပါး |
| စေတောပရိယအဘိညာဉ်ဇော | ၁ | ပြ | ပြ | ပြ | | | ဓမ္မာရုံ |
| ပုဗ္ဗေနိဝါသအဘိညာဉ်ဇော | ၁ | | ပြ | | | ပြ | ၆ ပါး |
| ယထာကမ္မူပဂအဘိညာဉ် | | ပြ | | | | | ဓမ္မာရုံ |
| အနာဂတံသအဘိညာဉ် | | | | ပြ | ပြ | ပြ | ၆ ပါး |
| ရူပဇော | ၁၀ | | | | | ပြ | ဓမ္မာရုံ |
| အရူပ ပ တ ဇော | ၄ | | | | | ပြ | ဓမ္မာရုံ |
| အရူပ ဒု စ ဇော | ၄ | | ပြ | | | | ဓမ္မာရုံ |
| လောကုတ္တရာဇော | ၈ | | | | ပြ | | |

အနာဂတံသအဘိညာဉ်သည် မိမိ၏အာရုံဖြစ်သော အနာဂတ်အာရုံ၌ သဗ္ဗညုတဉာဏ်နှင့်အလားတူသည်ဟု အဋ္ဌကထာဆရာများ ဆိုကြသည်။

မနောဒွါရိကစိတ်တို့၏ အာရုံကို (ယထာရဟံ) ခွဲခြားပြရာ၌ တဒါရုံ၏ အာရုံကို ခွဲမပြဘဲ ဇောတို့၏အာရုံကိုသာ ခွဲပြသည်။

## ပဋိသန္ဓေ ဘဝင် စုတိစိတ် (၁၉)ပါးကို ဒွါရဝိမုတ်ဟု ခေါ်ဆိုရခြင်း

ပဋိသန္ဓေစိတ်သည် တစ်ဘဝတွင် အစဆုံးစိတ်ပေတည်း၊ သို့အတွက် ဒွါရ ခြောက်ပါးတွင် မည်သည့်ဒွါရကိုမျှ စွဲမှီ၍ ဖြစ်ရသည်မဟုတ်။ ဝိထိစိတ်တို့၏ အကြားအကြား ဖြစ်ပေါ်လာသော ဘဝင်စိတ်များသည်လည်း မည်သည့်ဒွါရနှင့်မျှ

ဆက်စပ်ခြင်းမရှိ၊ဝီထိစိတ်အဆုံးမှာ ရှေးကံအလျောက် အလိုလိုပေါ်ပေါက်လာသော ဝိပါက်စိတ်သာတည်း၊ စုတိစိတ်များလည်း ကံကုန်ချိန်ကျလျှင် မရဏာသန္နဝီထိ အဆုံးမှာ အလိုလိုပေါ်လာသော နောက်ဆုံးဝိပါက်စိတ်ပင် ဖြစ်သည်။ ထို့ကြောင့် ပဋိသန္ဓေ ဘဝင် စုတိစိတ်များကို "ဒွါရဝိမုတ်စိတ်" ဟု ခေါ်၏။ (သင်္ဂြိုဟ်ဘာသာ ဋီကာ)

## ပဋိသန္ဓေ ဘဝင် စုတိတို့၏အာရုံ

ထို ပဋိသန္ဓေ ဘဝင် စုတိဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် သေခါနီးသောအခါ ခြောက်ပါးသော ဒွါရတို့သည် ယူဆောင်၍ ပေးအပ်သော (ဆဒွါရိက မရဏာသန္နဇောသည် ယူဆောင်၍ ပေးအပ်သော) ပစ္စုပ္ပန် အတိတ်ပညတ်ဟုဆိုအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါးတွင် တစ်ပါးပါးကို (ယထာသမ္ဘဝံ) ဖြစ်သင့်သည်အားလျော်စွာ အာရုံပြုကုန်၏။ (သင်္ဂြိုဟ် ပါဠိ)

## စုတိစိတ်၏အာရုံ

စုတိစိတ်၏အာရုံကား ခြောက်ပါးသော ဒွါရတို့၌ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော အတိတ်ဖြစ်သော ကမ္မနိမိတ်ဟု သမုတ်အပ်သော ရူပါရုံ အစရှိသော အာရုံငါးပါးဖြစ်၏။ (ဋီ၊ မြန်)

ထိုဒွါရဝိမုတ်စိတ်တို့သည် ပစ္စုပ္ပန် အတိတ် ပညတ်ဟု ဆိုအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးကို အာရုံပြု၏ဟု ဆိုသော်လည်း ၎င်းသုံးပါးကို တစ်ခါတည်း အာရုံပြုကြသည် မဟုတ်ကုန်။ "ယထာသမ္ဘဝံ"သဒ္ဒါကို သတ်မှတ်ပြဆိုထားသဖြင့် ထိုထိုသို့သော ကာမ ရူပ အရူပဘုံတို့၌ ဖြစ်ကုန်သော ပဋိသန္ဓိ ဘဝင် စုတိစိတ်တို့၏ ထိုထိုသို့သော ဒွါရဖြင့် ယူအပ်သော အာရုံအားလျော်စွာသာ ဖြစ်ကုန်၏။ (ဋီ၊ မှတ်ချက်)

## ဒွါရဝိမုတ်စိတ်တို့၏ကာလ

ထိုဒွါရဝိမုတ်စိတ်တို့သည် ပစ္စုပ္ပန် အတိတ်အာရုံကိုသာ ထင်ရှားရှိ၍ အာရုံပြုနိုင်ကုန်၏။ အနာဂတ်အာရုံကိုကား ထင်ရှားမရှိသောကြောင့် အာရုံမပြုနိုင်။ (ဋီ၊ မှတ်ချက်)

## ယထာသမ္ဘဝံ ဖြစ်ပုံကား

(က) ကာမာဝစရ ပဋိသန္ဓေ ဘဝင် ဒွါရဝိမုတ်စိတ်တို့သည် ပဥ္စဒွါရဖြင့် ယူအပ်သည်ဖြစ်အံ့ -

ဈေးဘဝက ပစ္စုပ္ပန် ကမ္မနိမိတ်ဖြစ်သော အာရုံငါးပါးကိုသာ အာရုံပြုကုန်၏၊ မနောဒွါရဖြင့် ယူအပ်သည်ဖြစ်အံ့၊ ဈေးဘဝ အတိတ် ကမ္မနိမိတ်ဖြစ်သော အာရုံငါးပါးကိုသာ အာရုံပြုကုန်၏။

(ခ) ကာမာဝစရဖြစ်သော စုတိ ဒွါရဝိမုတ်စိတ်ကား ဈေးဘဝက ခြောက်ဒွါရဖြင့် ယူအပ်သော အတိတ် ကမ္မနိမိတ်ဖြစ်သော အာရုံငါးပါးကို အာရုံပြု၏။ ဤကား ပဥ္စာရုံအဖို့မှတ်။

(ဂ) ထိုဒွါရဝိမုတ်စိတ်တို့သည် ဓမ္မာရုံဖြစ်ပါမူ ကာလအားဖြင့် အတိတ် နိမိတ် အားဖြင့် ကံ ကမ္မနိမိတ်ဖြစ်သော မနောဒွါရဖြင့် ယူအပ်သော ဓမ္မာရုံကိုသာ အာရုံ ပြုကြကုန်၏။ (ဤကား ကံနှင့်ကမ္မနိမိတ်အာရုံအဖို့တည်း။)

(ဃ) ဂတိနိမိတ်အာရုံဖြစ်ပါမူ ပစ္စုပ္ပန် ရူပါရုံတစ်ပါးသာဖြစ်၍ မနောဒွါရဖြင့် ယူ အပ်သော ဂတိနိမိတ်ကိုသာ အာရုံပြုကုန်၏။ ဤကား ကာမာဝစရအဖို့ ယထာ သမ္ဘဝံ ဖြစ်ပုံတည်း။ (ငြိ၊ မှတ်ချက်၊ ( ဂတိမှာကား–ပန်ရှုထား၊ ထင်ပြားမနောတည်း)

(င) မဟဂ္ဂုတ် ပဋိသန္ဓေ စသော ဒွါရဝိမုတ်စိတ်တို့တွင် ရူပါဝစရနှင့် ပဌမအရူပ၊ တတိယအရူပဖြစ်ကုန်သော ပဋိသန္ဓေ ဘဝင် စုတိ ဒွါရဝိမုတ်စိတ်တို့သည် မနော ဒွါရဖြင့် ယူအပ်သော ကသိုဏ်းပညတ်ဖြစ်သော ကမ္မနိမိတ် ဓမ္မာရုံကိုသာ အာရုံ ပြုကုန်၏။

(စ) ဒုတိယအရူပနှင့်စတုတ္ထအရူပဖြစ်သော ပဋိသန္ဓေ ဘဝင် စုတိ ဒွါရဝိမုတ်စိတ် တို့ကား မနောဒွါရဖြင့် ယူအပ်သော (ဝါ) မနောဒွါရ၌ ထင်ပေါ်လာသော အတိတ် ဖြစ်သာ ကမ္မနိမိတ် ဓမ္မာရုံကိုသာ အာရုံပြုကုန်၏။ ဤကား မဟဂ္ဂုတ်အဖို့ ယထာ သမ္ဘဝ ဖြစ်ပုံတည်း။

## ဒွါရဝိမုတ်စိတ်တို့၏ ယထာသမ္ဘဝ အာရုံပြုပုံ

| | စိတ် | | ဒွါရ | ပစ္စုပ္ပန် | အတိတ် | ပညတ် | ကံ | ကမ္မနိမိတ် | ဂတိနိမိတ် | အာရုံ |
|---|---|---|---|---|---|---|---|---|---|---|
| (က) | ကာမ ပဋိသန္ဓေ ဘဝင် | ၁၀ | ဆ-ဒွါရ | ပြု | ပြု | | | ပြု | | ပဉ္စာရုံ |
| (ခ) | ကာမ စုတိ | ၁၀ | ဆ ဒွါရ | | ပြု | | | ပြု | | ပဉ္စာရုံ |
| (ဂ) | ကာမ ပဋိသန္ဓေ ဘင် စုတိ | ၁၀ | မနော | | ပြု | | ပြု | ပြု | | ဓမ္မာရုံ |
| (ဃ) | ကာမ ပဋိသန္ဓေ ဘဝင် စုတိ | ၁၀ | မနော | ပြု | | | | | ပြု | ရူပါရုံ |
| (င) | ရူပ ပဋိသန္ဓေ ဘဝင် စုတိ | ၅ | မနော | | | ပြု | | ပြု | | ဓမ္မာရုံ |
| | အရူပ ပ တ | ၂ | မနော | | | ပြု | | ပြု | | ဓမ္မာရုံ |
| (စ) | အရူပ ဒု စ | ၂ | မနော | | ပြု | | | ပြု | | ဓမ္မာရုံ |

လင်္ကာ – (၁) ကာမသန္ဓိ၊ ဘဝင်သည်ကား၊ ငါးပါးအာရုံ၊ ခြောက်ပုံဒွါရ၊ ယူကုန်ကြလျက်၊ ပစ္စုပ္ပန်နှင့်၊ တီတံ–ကမ္မ၊ နိမိတ္တဟု၊ အာရုံပြု၏။ (၂) စုတိစိတ်မှာ၊ အတိတ်သာတည်း။ (၃) ဓမ္မာရုံကား၊ ထိုစိတ်များ၏၊ တစ်ပါးမနော၊ ဒွါရဇောဖြင့်၊ ယူသော တီတံ၊ ကံနှင့်ကမ္မ၊ နိမိတ်သင့်။ (၄) ရူပအာရုံ၊ တစ်ပုံမနော၊ ဒွါရဇောဖြင့်၊ ယူသောဧကန်၊ ပစ္စုပ္ပန်ရှိ၊ ဂတိနိမိတ်၊ ဆိုရိုပ်လည်းကောင်း။ (၅–၆) တစ်ကြောင်းဆက်ထုတ်၊ မဟဂ္ဂုတ်တွင်၊ အာရုပ်ပထမ၊ တတိယနှင့်၊ ရူပသန္ဓိ၊ ဘွင်စုတိမှာ၊ ဓမ္မာရုံဟော၊ မနောဒွါရ၊ ဂဟိတမှတ်၊ ပညတ်ကမ္မ၊ နိမိတ္တာရှင့်။ (၇) ဒုတိယ စတုတ္ထာ၊ အရူပါတွက်၊ မဟဂ္ဂတ၊ ကမ္မနိမိတ်၊ အတိတ်ဟူသော၊ မနောဒွါရ၊ ယူရဓမ္မာ၊ အာရုံလာသည်၊ ယထာသမ္ဘဝံပေတည်း။

## အနာဂတ်ကာလ၏ ပဋိသန္ဓေအာရုံမဖြစ်နိုင်ခြင်း

## အနာဂတ်ကာလ၏ ပဋိသန္ဓေအာရုံ၏အဖြစ်ကို တားမြစ်ခြင်း

အနာဂတ်အာရုံသည် အတိတ်ဖြစ်သော ကံ ကမ္မနိမိတ်တို့ကဲ့သို့ ခံစားဖူးသည်လည်း မဟုတ်၊ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ် ဂတိနိမိတ်ကဲ့သို့ ထင်ခြင်းသို့ ရောက်သည်လည်းမဟုတ်သောကြောင့် အနာဂတ်ကာလသည် ပဋိသန္ဓေအာရုံ မဖြစ်နိုင်ပါ။ (အနာဂါတ်ကာလ၌ ပဋိသန္ဓေအာရုံကို တားမြစ်ပါသည်။)

(ထိုဒွါရဝိမုတ်စိတ်တို့သည် ပစ္စုပ္ပန် အတိတ်အာရုံကိုသာ ထင်ရှားရှိ၍ အာရုံပြုနိုင်ကြကုန်၏။ အနာဂတ်အာရုံကိုကား ထင်ရှားမရှိသောကြောင့် အာရုံမပြုနိုင်ကုန်။)

နောက်ဘဝ၌ ဖြစ်လတ္တံ့သော (ပဋိသန္ဓေ ဘဝင် စုတိ ဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် ယေဘုယျ–များသောအားဖြင့် အခြားမဲ့လွန်ခဲ့သော ဘဝဟောင်းက (ကပ်လျက်ဘဝက) ဆဒွါရိကမရဏာသန္နဇောသည် ယူ၍ပေးအပ်သော (သေခါနီးအခါ ခြောက်ပါးသော ဒွါရတို့သည် ယူဆောင်၍ ပေးအပ်သော) ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံခြောက်ပါးတွင် တစ်ပါးပါးကို အာရုံပြုကြမြဲ ဖြစ်သည်။

ဝိထိမုတ်စိတ် (ဒွါရဝိမုတ်စိတ်) တစ်ခုယုတ် (၂၀)တို့၏ အာရုံကို ပြရာ၌ သေခါနီးသော ကာလ၌ ဖြစ်သည့် ဇောတို့သည် ယူအပ်သော အာရုံကို ရည်၍ ''ဆဒွါရဂ္ဂဟိတံ=ခြောက်ပါးသော ဒွါရတို့သည် ယူဆောင်ပေးအပ်သော'' ဟူသော စကားကို အရှင်အနုရုဒ္ဓါဆရာသည် မိန့်တော်မူသည်။ ပရမတ္ထဝိနိစ္ဆယကျမ်း၌လည်း

မရဏာသန္နသတ္တဿ၊ ယတောပဋ္ဌိတဂေါစရံ။

ဆဒွါရေသု တမာရဗ္ဘ၊ ပဋိသန္ဓိဘဝင်္ဂရေ။

**အဓိပ္ပာယ်ကား** – အလွန်နီးသော သေခြင်းရှိသော သတ္တဝါအား ခြောက်ပါးသော ဒွါရတို့၌ မရဏာသန္နအခါ ထင်တိုင်းသော ထိုအာရုံကို အာရုံပြု၍ ဘဝတစ်ပါး၌ ပဋိသန္ဓေသည် ဖြစ်လေ၏။

ပဋိ (ဘဝင် – ဝိထိစိတ်များ ဇ ဇ ဇ ဇ ဇ ဒါ ဒါ ဘွင် စု/ ပဋိ + ဘဝင် မ–ဇ။

မရဏာသန္နဇော ဘဝသစ်ဝိထိ

ဘဝဟောင်းဝိထိ

## ယေဘုယျေန (များသောအားဖြင့်) စကားကို ဆိုရခြင်း

ကာမဘုံမှ စုတေသော ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်တို့သည် ဌါရခြောက်ပါးဖြင့် စုတေခါနီးသောအခါ မရဏာသန္နဇောသည် အာရုံကို ယူနိုင်သည်ချည်းဖြစ်ကြ၏။ အသညသတ်ဘုံမှ စုတေသော အသညသတ်ဗြဟ္မာများအား ရုပ်သက်သက်ပုဂ္ဂိုလ်ဖြစ်ကြ၍ နာမ်တရားမဖြစ်နိုင်သဖြင့် မရဏာသန္နဇောလည်း မရှိ၊ အာရုံကိုလည်း မယူနိုင်သောကြောင့် ထိုအသညသတ်ပုဂ္ဂိုလ်ကို စင်စေခြင်းငှာ ယေဘုယျသဒ္ဒါကို မိန့်ဆိုရ၏။ (ဋီ၊ မှတ်ချက်)

အထက်ပါ စာပိုဒ်တွင် ယေဘုယျန = များသောအားဖြင့်ဟု ဆိုထားခြင်းမှာ သတ္တဝါတိုင်း သေခါနီးအခါ မရဏာသန္နဇောစိတ်က ယူပေးသော အာရုံကို အာရုံပြုနိုင်ကြသည် မဟုတ်၊ အသညသတ်ဘုံမှ စုတေမည့် အသညသတ်ဘုံသားများသည် ရုပ်သက်သက်ဘုံသားများ ဖြစ်၍ နာမ် မရှိသောကြောင့် သေခါနီးအခါ မရဏာသန္နဇောစိတ်က ယူပေးသော အာရုံကိုလည်း မယူနိုင်သောကြောင့် ထိုအသညသတ် မပါသည်ကို ရည်၍လည်းကောင်း

ထို့ပြင် အရူပဘုံသားများလည်း နာမ်တရားသက်သက်ဖြစ်၍ အရူပဘုံမှ စုတေတော့မည်ဆိုလျှင် နိမိတ်သုံးပါးတွင် ရုပ်နှင့်ဆိုင်သော ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတို့ကို အာရုံယူနိုင်မည် မဟုတ်ဘဲ နာမ်တရားနှင့်ဆိုင်သော ကံအာရုံကိုသာ သေခါနီးမရဏာသန္နဇောစိတ်က ယူပေးနိုင်စရာရှိပေသည်။ ထို့ကြောင့် အရူပဘုံသားတို့၏ ရုပ်နှင့်ဆိုင်သော နိမိတ်ကို မယူနိုင်သည်ကို ရည်၍လည်းကောင်း "ယေဘုယေျန = များသောအားဖြင့်" စကားကို ဆိုထားခြင်း ဖြစ်ပါသည်။

လင်္ကာ – အသညမှ၊ စုတိကျ၍၊ ကာမသန္ဓေ၊ စွဲကပ်နေသော်၊ စုတေနီးတို့၊
ထိုသည့်ဘုံ၌၊ အာရုံယူမည့်၊ ဆဋ္ဌါရိက၊ ဇောမရခဲ့။ အရူပဝယ်၊ စုတေ
ရှယ်လည်း၊ ရုပ်နွယ်ဟူသမျှ၊ ကမ္မ ဂတိ၊ နိမိတ်နှစ်ခု၊ မရှုကြောင့်၊
ယေဘုယေျန၊ ဆရာပြသည်၊ ထင်ကြအာရုံ ကံကြောင့်တည်း။
(သင်္ဂြိုဟ် ဘာသာဋီ)

### အသညသတ်ဗြဟ္မာ စုတိရာ၌ နိမိတ်အာရုံ ကင်းဆိတ်ပုံနှင့် ဘဝသစ်၌ ပဋိသန္ဓေဖြစ်လာပုံ

**မေး။** ။ အသညသတ်၊ စုတိလတ်သော်၊ အလျော်စေတနာ၊ နိမိတ်လာကို၊ မရဏာ
သန်ဇော၊ ယူသလော။

ဖြေ။ ။ ဤကာမဘုံမှ ဈာန်ကိုရသဖြင့် အသညသတ်ဘုံသို့ ရောက်လာသူသည် ထိုအသညသတ်ဘုံမှ စုတေလျှင် ကာမသုဂတိဘုံသို့သာလျှင် ပြန်လာရလိမ့်မည်၊ အသညသတ်ဘုံ၌ ရုပ်သက်သက်သာ တည်သည်ဖြစ်၍ စိတ်ဟူသမျှ လုံးဝမရှိရကား စုတေသောအခါလည်း မရဏာသန္နဇော မရှိ၊ နိမိတ်သုံးပါးတွင်လည်း တစ်ပါးပါးကိုမျှ အာရုံမယူနိုင်။ ဆိမ်းလျှံသည် မြင်းလေသကဲ့သို့ ရုပ်၏ ပျောက်ငြိမ်းခြင်းဖြင့်သာ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေတည်လာသည်။ ၎င်းပဋိသန္ဓေစိတ်၏ အာရုံသည် အခြားမဲ့ လွန်ခဲ့ပြီးသော ဘဝဟောင်းက (အသညသတ်ဘဝ) သေခါနီးအခါ ဆဋ္ဌဒွါရိက မရဏာသန္နဇောက ယူပေးသောအာရုံမဟုတ်ဘဲ အသညသတ်ဘုံသို့ မရောက်မီ ရှေးရှေးဘဝက ပြုခဲ့၍ ယခု ကာမပဋိသန္ဓေအကျိုးကို ပေးခွင့်ကြုံသော အပရာပရိယဝေဒနီယကံသည် ထင်စေအပ်သော ကံ+ ကမ္မနိမိတ်+ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြုလေသည်။

(ရှေးရှေးဘဝက အပရာပရိယကံအစွမ်းကြောင့် ပဋိသန္ဓေစိတ်နှင့် နိမိတ်အာရုံတို့ တစ်ပြိုင်နက် ဖြစ်ပေါ်လာ၏။ မီးကို မွှေးသော် အခိုးကိုလည်း ပြုသည်မည်သကဲ့သို့ ထိုရှေးရှေးသော အပရာပရိယကံသည် ပဋိသန္ဓေကို ဖြစ်စေသော် ပဋိသန္ဓေ၏ အာရုံကိုလည်း ပြုသည်ပင် မည်လေသည်။)

ကံ၏ အဟုန်အစွမ်းဖြင့်သာလျှင် ထို အသညသတ်ဘုံမှစုတေသော ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်အား ကမ္မနိမိတ်အစရှိသောအာရုံသည် အလိုလို ထင်လာ၏။

**မှတ်ချက်**။ ။ အသညသတ်ဗြဟ္မာဟူသည် ရုပ်သက်သက်ဖြစ်သောဘုံ၌ ဖြစ်၍ သေခါနီးအခါ မရဏာသန္နဇောစိတ်မရှိ၍ အာရုံကို မယူနိုင်သောကြောင့် စုတ၏ နိမိတ်အာရုံ မရှိ၊ ထိုသို့ မရှိသော်လည်း ၎င်းဘဝမှ စုတေ၍ အခြားဘုံ၌ ပဋိသန္ဓေစိတ်ဖြစ်ခဲ့သော် ထိုပဋိသန္ဓေစိတ်အား ရှေးရှေးသောဘဝ၌ ပြုခဲ့ဖူးသော ကမ္မနိမိတ်စသော အာရုံသည် အလိုလို ထင်ရှားလာ၏ဟု မှတ်ပါ။ (ဋီ၊ မြန်)

**သစ္စသံခိပ်၌** –

ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။

ဟောတိ သာသန္နိ တေနေဝ၊ ဉပဋ္ဌာပိတဂေါစရော။

ဘဝန္တရကတံ၊ အသညသတ်ဘုံသို့ မရောက်မီ တစ်ပါးပါးသော ဘဝဆီက ပြုအပ်ခဲ့သော။ ယံကမ္မံ၊ အကြင်အပရာပရိယဝေဒနီယကံသည်။ ဩကာသံ၊ အကျိုးပေးခွင့်ကို။ လဘေ၊ ရအပ်၏။ တတော၊ ထိုသို့ အခွင့်ရသောကြောင့်။ သာသန္နိ၊

အသညသတ်ဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်လာသော သတ္တဝါတို့၏ ထိုပဋိသန္ဓေသည်။ တေနေဝ၊ ထိုအကျိုးပေးခွင့်ရသော အပရာပရိယဖြစ်သော ဉပစာရကံသည်သာလျှင်။ ဉပဋ္ဌာပိတဂေါစရေ၊ ထင်စေအပ်သောအာရုံ၌။ ဟောတိ၊ ဖြစ်၏။

| | အာရုံ | ကာလ | ဒွါရ |
|---|---|---|---|
| ကံ | ဓမ္မာရုံ | အတိတ်ကာလ | မနောဒွါရ |
| ကမ္မနိမိတ် | ၆–ပါး/ပစ္စုပ္ပန် | အတိတ် (ပစ္စုပ္ပန်) | ဆဒွါရ |
| ဂတိနိမိတ် | ရူပါရုံ (ဆအာရုံ) | ပစ္စုပ္ပန် မနောဒွါရ | (ဆဒွါရ) |

ကံအာရုံမှာ၊ တိတ်ဓမ္မာ၊ ထင်ရာမနောတည်း။
ကမ္မနိမိတ်၊ ပန် တိတ် ညတ်မှန်၊ ဆဋ္ဌာရုံ၊ ထင်ရန်ဆဒွါရတည်း။
ဂတိမှာကား၊ ပန်ရှုထား၊ ထင်ငြားမနောတည်း။ (ဋီ)
ဂတိခြောက်တန်၊ ပစ္စုပ္ပန်၊ ထင်ရန်ဆဒွါရတည်း။ (ပရမတ္ထဒီပနီ)

## မနောဓာတ်သုံးပါး၏အာရုံ

ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စာရုံကို ဆင်ခြင်သောစိတ်ဖြစ်၏၊ သမ္ပဋိစ္ဆိုင်းသည် ပဉ္စာရုံကို ခံယူသောစိတ်ဖြစ်၏။ ထို့ကြောင့် အာရုံငါးပါးလုံးကို အာရုံပြုနိုင်၏။

ထိုမနောဓာတ်စိတ်တို့အား ရူပါရုံအစရှိသော ငါးပါးအပြားရှိသော အာရုံရှိသောကြောင့် ထိုမနောဓာတ်စိတ်တို့သည် ရူပါဒိပဉ္စာရမ္မဏာ မည်ကုန်၏။ (ဋီ၊ မြန်)

မနောဓာတ်သုံးပါးတို့သည် ပဉ္စဝိညာဏ်ဝီထိတိုင်း၌ ပါသောကြောင့် ပဉ္စာရုံကို အာရုံပြုနိုင်ကုန်၏။ (ဋီ၊ မှတ်ချက်)

တစ်နည်း – ပဉ္စဒွါရာဝဇ္ဇန်းသည် ပဉ္စာရုံကို ဆင်ခြင်သောစိတ်ဖြစ်၏။ သမ္ပဋိစ္ဆိုင်းသည် ပဉ္စာရုံကို ခံယူသောစိတ်ဖြစ်၏။ ထို့ကြောင့် အာရုံငါးပါးလုံးကို အာရုံပြုနိုင်၏။ (ဋီ၊ မှတ်ချက်)

''သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနိ (အလုံးစုံသော ကာမာဝစရအာရုံ)'' ဟူသည် ခပ်သိမ်းသော ခြောက်ဒွါရ၌ဖြစ်သော အပြား၊ ခြောက်ဒွါရမှ လွတ်သော အပြား၊ ခြောက်ပါးသော အာရုံတို့၌ ဖြစ်နိုင်စွမ်းသော်လည်း စင်စစ် ကာမာဝစရသဘောရှိကုန်သော အာရုံခြောက်ပါးလျှင် အာရုံရှိကုန်၏။

(သန္တိရဏ (၃)ခု၊ မဟာဝိပါက် (၈)ခု) ကာမဝိပါက်(၁၁)ခုတို့သည် သန္တိရဏ စသည်ကိစ္စ တပ်ပါမူ ပဉ္စာရုံကို အာရုံပြု၏။ ပဋိသန္ဓေစသော ကိစ္စတပ်ပါမူ ကာမ အာရုံခြောက်ပါးကို အာရုံပြုကုန်၏။

## ဟသိတုပ္ပါဒ်စိတ်၏ ကာမအာရုံခြောက်ပါးကို အာရုံပြုပုံ

၁။ ကမ္ဗဋ္ဌာန်းစီးဖြန်းရန် သင့်လျော်လျောက်ပတ်သောအရပ်ကို တွေ့မြင်၍ နှစ်သက်ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟသိတုပ္ပါဒ်စိတ်သည် ရူပါရုံကို အာရုံပြု၏။

၂။ ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာ၌ ကျယ်လောင်စွာ ခေါ်ဝေါ် ပြောဆိုကြသော အသံကို ကြား၍ ငါသည် ဤသို့သော လောလုပ္ပတဏှာကို ပယ်အပ်ပြီဟု နှစ်သက် ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟသိတုပ္ပါဒ်စိတ်သည် သဒ္ဒါရုံကို အာရုံပြု၏။

၃။ ပန်းနံ့သာစသည်တို့ဖြင့် စေတီတော်ကို ပူဇော်သောအခါ၌ နှစ်သက်ဝမ်း မြောက်သော ရဟန္တာအရှင်၏ ဟသိတုပ္ပါဒ်စိတ်သည် ဂန္ဓာရုံကို အာရုံပြု၏။

၄။ အရသာနှင့် ပြည့်စုံသော ဆွမ်းဘောဇဉ်ကို သီတင်းသုံးဖော်တို့နှင့်တကွ ဝေဖန်၍ သုံးဆောင်သောအခါ၌ နှစ်သက်ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟသိတုပ္ပါဒ်စိတ်သည် ရသာရုံကို အာရုံပြု၏။

၅။ ခန္ဓကဝတ်ပါဠိတော်လာ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်သောအခါ၌ နှစ် သက်ဝမ်းမြောက်သော ရဟန္တာအရှင်၏ ဟသိတုပ္ပါဒ်စိတ်သည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

၆။ ပုဗ္ဗေနိဝါသဉာဏ် စသည်တို့ဖြင့် ဆင်ခြင်အပ်သော ကာမာဝစရတရား တို့ကို အာရုံပြု၍ နှစ်သက်ဝမ်းမြောက်သော ရဟန္တာအရှင်မြတ်၏ ဟသိတုပ္ပါဒ်စိတ်သည် ဓမ္မာရုံကို အာရုံပြု၏။

ဤသို့လျှင် ဟသိတုပ္ပါဒ်စိတ်သည် ကာမအာရုံခြောက်ပါးကို အာရုံပြု၏။

## အကုသိုလ်စိတ်နှင့်ဉာဏဝိပ္ပယုတ် ကာမာဝစရဇောတို့၏အာရုံအဖွင့်

(၁၂)ပါးသော အကုသိုလ်၊ (၈)ပါးသော ဉာဏဝိပ္ပယုတ်ဇောစိတ်တို့၏အစွမ်း အားဖြင့် စိတ် (၂၀)ပါးတို့သည် မိမိ၏ မိုက်သည့်အဖြစ်ကြောင့် လောကုတ္တရာကိုးပါး

တို့ကို အာရုံပြု၍ ဖြစ်ခြင်းငှာ မစွမ်းနိုင်ကုန်၊ ထို့ကြောင့် ကိုးပါးအပြားရှိသော လောကုတ္တရာတရားတို့ကို ကြည်၍ ဘုံသုံးပါး၌ဖြစ်သော အာရုံတို့ကိုလည်းကောင်း ပညတ်အာရုံကိုလည်းကောင်း အာရုံပြု၍ ဖြစ်ကုန်၏။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးပါးတို့သည် ကာမတရားကို အကြောင်းပြု၍ မှားသောအားဖြင့် သုံးသပ်သောကာလ၊ သာယာနှစ်သက်သောကာလတို့၌ ကာမာဝစရတရားကို အာရုံပြုကုန်၏။

ရှာန်ရသောပုဂ္ဂိုလ်တို့သည် မဟဂ္ဂုတ်တရားတို့ကို အကြောင်းပြု၍ သာယာမှုစသည်ဖြစ်သောကာလ၌ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏။

သမုတ်ပညတ်အပ်သောတရားတို့ကို အကြောင်းပြု၍ သာယာမှုစသည် ဖြစ်သောအခါ၌ ပညတ်ကို အာရုံပြုကုန်၏။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်လေးပါးတို့သည် ထိုကာမ မဟဂ္ဂုတ် ပညတ်တရားတို့ကို ရှေးအတူ အကြောင်းပြု၍ သာယာမှုစသည်ဖြစ်သောအခါတို့၌ ကာမ မဟဂ္ဂုတ် ပညတ်တရားတို့ကို အာရုံပြုကုန်၏။

ဒေါသမူဒွေးသည် ရှာန်မှ ရွေ့လျောသော ပုဂ္ဂိုလ်စသည်တို့အား ထိုကာမ မဟဂ္ဂုတ် ပညတ်တရားတို့ကို အကြောင်းပြု၍ ဖြစ်မှားမှု၊ နှလုံးမသာယာမှု၏ အစွမ်းဖြင့် ဖြစ်သောအခါတို့၌ ကာမ မဟဂ္ဂုတ် ပညတ်တရားတို့ကို အာရုံပြုကုန်၏။

ဝိစိကိစ္ဆာသဟဂုတ်စိတ်သည် ကာမ မဟဂ္ဂုတ် ပညတ်တရားတို့ကို အကြောင်းပြု၍ အာရုံကို မဆုံးဖြတ်နိုင်သည်၏အစွမ်းဖြင့် ဖြစ်သောအခါ၌ ကာမ မဟဂ္ဂုတ် ပညတ်တရားတို့ကို အာရုံပြုကုန်၏။

ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ထို့အတူ အကြောင်းပြု၍ ပျံ့လွင့်သောအစွမ်း၊ မငြိမ်သက်သောအစွမ်း ဖြစ်သောအခါတို့၌ ကာမ မဟဂ္ဂုတ် ပညတ်တရားတို့ကို အာရုံပြုကုန်၏။

ကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်လေးပါးတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်တို့အား ဉာဏ်နှင့်မယှဉ်မူ၍ အမှတ်မဲ့ ပေးကမ်းလှူဒါန်းသောအခါ၊ တရားကို ဆင်ခြင်သောအခါ၊ တရားနာသောအခါ စသည်တို့၌ ကာမကို အာရုံပြုကုန်၏။

အလွန်တရာ လေ့လာပွားများအပ်ပြီးသော ဈာန်ကို ဆင်ခြင်သော အခါ၌ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။

ကသိုဏ်းနိမိတ်စသည်တို့၌ ပရိကံစသည်ပြုသောအခါ၌ ပညတ်ကို အာရုံပြုကုန်၏။

ကြိယာဉာဏဝိပ္ပယုတ်လေးပါးတို့သည် ရဟန္တာအရှင်တို့အား ထို့အတူ ဉာဏ်နှင့်မယှဉ်မူ၍ အမှတ်မဲ့ ပေးကမ်းလှူဒါန်းသောအခါ၊ တရားကို ဆင်ခြင်သောအခါ၊ တရားနာသောအခါတို့၌ ကာမကို အာရုံပြုကုန်၏၊ အလွန်တရာ လေ့လာပွားများအပ်ပြီးသောဈာန်ကို ဆင်ခြင်သောအခါ၌ မဟဂ္ဂုတ်ကို အာရုံပြုကုန်၏။ ကသိုဏ်းနိမိတ်စသည်တို့၌ ပရိကံစသည်ပြုသောအခါ ပညတ်တရားတို့ကို အာရုံပြုကြကုန်၏။

ရဲရဲညီးသော မီးပုံကြီး၌ ယင်ကောင်တို့သည် မနားနိုင်ကုန်သကဲ့သို့ ထို့အတူ လောကုတ္တရာတရားတို့သည် အလွန်တရာ တန်ခိုးအရှိန်ကြီးမားသောကြောင့် ဉာဏ်ကင်း၍ ယုတ်ညံ့သော မိုက်မဲသော ၎င်းအကုသိုလ်စသောစိတ်(၂၀)တို့သည် လောကုတ္တရာတရားကို အာရုံမပြုနိုင်ကြကုန်။

## အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်ရခြင်းအကြောင်း

ကုသိုလ်ဉာဏသမ္ပယုတ်စိတ်၊ ကုသိုလ်အဘိညာဉ်စိတ်တို့သည် သေက္ခပုဂ္ဂိုလ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သန္တာန်၌သာ ဖြစ်သောကြောင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တရားတို့ကို အာရုံမပြုနိုင်ကုန်။

သေက္ခပုဂ္ဂိုလ်တို့သည် လောကီစိတ်ကို ကြည့်၍ ရဟန္တာပုဂ္ဂိုလ်၏ မဂ် ဖိုလ်ဟု ဆိုအပ်သော အသီးဖြစ်သော ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်သော စိတ်ကို မရသောကြောင့် သိခြင်းငှာမစွမ်းနိုင်ကုန်။ ထို့အတူ ပုထုဇဉ်အစရှိသော သူတို့သည်လည်း သောတာပန်အစရှိသောပုဂ္ဂိုလ်တို့၏ အသီးဖြစ်သော ပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်သောစိတ်တို့ကို သိခြင်းငှာ မစွမ်းနိုင်ကုန်။

သိနိုင်သောအာရုံကား– သေက္ခပုဂ္ဂိုလ်တို့အား မိမိ၊ မိမိ၏မဂ် ဖိုလ်ကို ဆင်ခြင်သောအခါတို့၌လည်းကောင်း၊ သူတစ်ပါးသန္တာန်၌ဖြစ်သော မဂ်ဖိုလ်လျှင်အာရုံရှိသော အဘိညာဉ်၏ ပရိကံပြုသောအခါ၌ လည်းကောင်း၊ အဘိညာဉ်စိတ်ဖြင့်

သာလျှင် မဂ် ဖိုလ်တို့ကို ပိုင်းခြားသောအခါ၌လည်းကောင်း၊ မိမိ မိမိ၏ လည်းကောင်း၊ မိမိနှင့်တူကုန်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ အောက်ဖြစ်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း မဂ်ဖိုလ်တရားတို့ကို အာရုံပြု၍ ကုသိုလ်ဇောတို့၏ ဖြစ်ခြင်းသည် ရှိ၏။ ထို့ကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုသာလျှင် ပယ်ခြင်း ပြုအပ်၏။ (ဋီ၊ မြန်)

## ကုသိုလ်ဉာဏသမ္ပယုတ်၊ ကုသိုလ်အဘိညာဉ်စိတ်တို့၏ ကာမ မဟဂ္ဂုတ် ပညတ် နိဗ္ဗာန်တို့ကို အာရုံပြုပုံ

ကာမ မဟဂ္ဂုတ် ပညတ် နိဗ္ဗာန်တို့သည်ကား သေက္ခပုဂ္ဂိုလ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ရှိသေစွာ အလှူပေးခြင်း၊ ရှိသေစွာ ဆင်ခြင်ခြင်း၊ ရှိသေစွာ တရားနာခြင်း၊ ရှိသေစွာ သင်္ခါရတရားတို့ကို သုံးသပ်ခြင်း၊ ရှိသေစွာ ကသိုဏ်းပရိကံကို ပြုခြင်း အစရှိသော အခါတို့၌လည်းကောင်း၊ ထိုထိုသို့သော ကာမ မဟဂ္ဂုတ်၊ ပညတ်၊ နိဗ္ဗာန်လျှင်အာရုံရှိကုန်သော အဘိညာဉ်ဇောတို့၏ ပရိကံပြုသောအခါ၌လည်းကောင်း၊ ဂေါတြဘု ဝေါဒါန်အခါ၌လည်းကောင်း၊ ဒိဗ္ဗစက္ခုအဘိညာဉ် အစရှိသည်တို့ဖြင့် ရုပ်ကို သိမြင်သောအခါစသည်တို့၌လည်းကောင်း ကုသိုလ်ဇောတို့၏ အာရုံအဖြစ်သို့ ရောက်ကုန်၏။

## ကြိယာဉာဏသမ္ပယုတ်၊ ကြိယာအဘိညာဉ်၊ ဝုဋ္ဌောတို့၏ အာရုံ

ဉာဏသမ္ပယုတ်ကြိယာစိတ်နှင့်ကြိယာအဘိညာဉ်စိတ်၊ ဝုဋ္ဌောစိတ်တို့သည် အလုံးစုံသော ကာမ မဟဂ္ဂုတ် လောကုတ္တရာ ပညတ် နိဗ္ဗာန်တရားတို့ကို အာရုံပြုကြကုန်၏။

အလုံးစုံကို အာရုံပြုပုံကား – ကြိယာဇောစိတ်တို့၏ သဗ္ဗညုတဉာဏ် အစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်သောအခါ၌ တစ်စုံတစ်ခုသော အာရုံမပြုနိုင်မည်သည် မရှိ။ ဝုဋ္ဌော၏လည်း ထိုထိုသို့သော သဘောရှိသော သဗ္ဗညုတဉာဏ်၊ ကြိယာအဘိညာဉ် အစရှိသည်တို့၏ရှေး၌ ဖြစ်သည်၏အစွမ်းဖြင့် ဖြစ်သောအခါ၌ တစ်စုံတစ်ခုသော အာရုံမပြုနိုင်သော အရာမည်သည် မရှိ။

မနောဒွါရာဝဇ္ဇန်း (ဝုဋ္ဌော) ဆိုသော်လည်း ကာမဇောစသည်တို့၏ရှေး၌ ဖြစ်သော မနောဒွါရာဝဇ္ဇာန်းမျိုးမဟုတ်၊ သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ် စသည်တို့၏ ရှေ့သွားဖြစ်သော မနောဒွါရာဝဇ္ဇန်းဖြစ်သောကြောင့် မနောဒွါရာဝဇ္ဇန်းစိတ်သည် အလုံးစုံကို အာရုံပြုနိုင်၏။

ဒွေးပဥ္စဝိညာဏ် (၁၀)ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း (၁)၊ သမ္ပဋိစ္ဆိုင်း (၂)ပါး၊ သန္တီရဏ (၃)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ဟသိတုပ္ပါဒ်စိတ် (၁)ပါး ပေါင်း (၂၅)ပါးသော စိတ်တို့သည် ကာမကို ကေန်အာရုံပြုကုန်၏။

အဘယ်ကြောင့် ကာမာဝစရသည် ပရိတ္တမည်ပါသနည်းဟူမူ - ကာမာဝစရ အာရုံသည် မဟဂ္ဂုတ်အာရုံစသည်တို့ကို ထောက်၍ နည်းသော အာနုဘော်ရှိသည် ဖြစ်၍ ထက်ဝန်းကျင်မှ ပိုင်းဖြတ်သကဲ့သို့ ဖြစ်တတ်သောကြောင့် "ပရိတ္တ" မည်၏။

အရူပဝိညာဏဥ္စာယတနစိတ် (၃)ပါး၊ နေဝသညာနာသညာယတနဈာန်စိတ် (၃)ပါးအားဖြင့် (၆)ပါးသော စိတ်တို့သည် မဟဂ္ဂုတ်ကို ကေန်အာရုံပြုကုန်၏။

အဘိညာဏ်ကြဉ်သော ရူပါဝစရစိတ် (၁၅ပါး၊ အရူပ အာကာသာနဉ္စာ ယတနဈာန်စိတ် (၃)ပါး၊ အာကိဉ္စညာယတနဈာန်စိတ် (၃)ပါးအားဖြင့် (၂၁)ပါးသော စိတ်တို့သည် ပညတ်ကို ကေန်အာရုံပြုကုန်၏။

ဤ၌ **ပညတ်တရား** အရ ကသိဏ်းပညတ်၊ အသုဘပညတ်၊ ကောဋ္ဌာသ ပညတ၊ အာနာပါနပညတ်၊ သုခိတဒုက္ခိတသတ္တဝါပညတ်၊ ကသိဏ်း (၉)ပါးမှ ခွာ၍ ရအပ်သော ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ်တို့ကို ယူရပါမည်။

လောကုတ္တရာစိတ် (၈)ပါးတို့သည် နိဗ္ဗာန်ကို ကေန်အာရုံပြုကုန်၏။ ဤကား ကေန်အာရုံတည်း။

အကုသိုလ်စိတ် (၁၂)ပါး၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် (၄)ပါး၊ မဟာ ကြိယာဉာဏဝိပ္ပယုတ်စိတ် (၄)ပါး၊ ဤစိတ် (၂၀)ပါးတို့သည် လောကုတ္တရာမှ တစ်ပါးသော ကာလသုံး၌ဖြစ်သော လောကီစိတ် (၈၁)ပါး၊ စေတသိက် (၅၂)၊ ရုပ် (၂၈)ပါး၊ ကာလဝိမုတ်ဖြစ်သော ပညတ်တရားတို့ကို အနေကန်အာရုံပြုကုန်၏။

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် (၄)ပါး၊ ကုသိုလ်အဘိညာဉ် (၁)ပါး၊ ဤစိတ် (၅)ပါးတို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော ကာလသုံးပါး၌ ဖြစ်သော စိတ် (၈၇)ပါး၊ စေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ်ကို အနေကန် အာရုံပြုကုန်၏။

မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄)ပါး၊ ကြိယာအဘိညာဉ် (၁)ပါး၊ ဝုဋ္ဌော စိတ် (၁)ပါး၊ ဤစိတ် (၆)ပါးတို့သည် ကာလသုံးပါး၌ဖြစ်သော အလုံးစုံသော စိတ်

(၈၉)ပါး၊ စေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်တို့ကို အနေကန် အာရုံပြုကုန်၏။ ဤကား အနေကန်အာရုံတည်း။

(ကာမဘုံ၌ အာရုံခြောက်ပါး၊ ရူပဘုံ၌ ရူပါရုံ၊ သဒ္ဒါရုံ၊ ဓမ္မာရုံ ဟူသော အာရုံသုံးပါး။ အရူပဘုံ၌ ဓမ္မာရုံတစ်ပါးသာ အာရုံရှိကုန်၏။)

မနောဒွါရာဝဇ္ဇန်းသည် ကာမဇော စသည်တို့၏ ရှေ့၌ဖြစ်သောအခါ အလုံးစုံကို အာရုံမပြုနိုင်ဘဲ သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ် စသည်တို့၏ ရှေ့သွားဖြစ်သော မနောဒွါရာဝဇ္ဇန်းသည်သာ အလုံးစုံကို အာရုံပြုနိုင်၏။

**ကေန်အာရုံပြုသည် အုပ်စု လေးစု**

(၁) ကာမကေန် - ၂၅
(၂) မဟဂ္ဂုတ်ကေန် - ၆
(၃) ပညတ်ကေန် - ၂၁
(၄) နိဗ္ဗာန်ကေန် - ၈

**အနေကန်အာရုံပြုသည့် အုပ်စုသုံးစု**

(၁) လောကုတ္တရာ၊ နိဗ္ဗာန်မှတစ်ပါး အလုံးစုံကို အနေကန် အာရုံပြုသည့်စိတ် (၂၀)ပါး၊

(၂) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံကို အနေကန်အာရုံပြုသည့်စိတ် (၅)ပါး၊

(၃) အလုံးစုံသော အာရုံကို အနေကန်အာရုံပြုသည့်စိတ် (၆)ပါး။

## ဝတ္ထုသင်္ဂဟ

ဝတ္ထုတို့ကို ဝေဖန်သောအားဖြင့်လည်းကောင်း၊ ထိုဝတ္ထု၌ဖြစ်သော စိတ်ကို ပိုင်းခြားသည်၏အစွမ်းဖြင့်လည်းကောင်း ပေါင်းရုံးသိမ်းကျုံး၍ ယူရာယူကြောင်းဖြစ်သော သင်္ဂဟသည် ''ဝတ္ထုသင်္ဂဟ''မည်၏။

စိတ် စေတသိက်တို့သည် စက္ခုပသာဒရုပ်စသည်လျှင်မှီရာရှိသောကြောင့် နေတတ်ကုန်၏၊ ဤသို့ နေရာဖြစ်သောကြောင့် ထိုစက္ခုပသာဒရုပ်စသည်တို့ သည် ''ဝတ္ထု''မည်ကုန်၏။ (ဋီ၊ မြန်)

စိတ် စေတသိက်တို့၏ တည်ရာ မှီနေရာဖြစ်သော (ပသာဒ) ရုပ်တရားတို့သည် ''ဝတ္ထု''မည်၏။ (ဋီ၊ မှတ်ချက်)

(ဒွါရ၊ ဝတ္ထု၊ ဣန္ဒြေ တရားကိုယ်အားဖြင့် ပသာဒကိုသာ အရ ကောက်ရ၏)

ကာမဘုံ၌ ပြည့်စုံသော ဣန္ဒြေရှိသောပုဂ္ဂိုလ်ကို ရအပ်သောကြောင့် ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံးကို ရအပ်ပါသည်။ (ဋီ၊ မှတ်ချက်)

ပိသဒ္ဒါဖြင့် ကန်းသူ၊ နားထိုင်းသူ အစရှိသည်တို့၏အစွမ်းဖြင့် အချို့သော စက္ခု သောတတို့၏ မဖြစ်ခြင်းကို ပြ၏။ (ဋီ၊ မြန်)

(ကာမဘုံ၌ ကာမဂုဏ်အာရုံကို တောင့်တသော ကာမတဏှာ၏အစွမ်းကြောင့် ရူပါရုံစသော ကာမဂုဏ် အာရုံငါးမျိုးလုံးကို ခံစားနိုင်အောင် စက္ခုဣန္ဒြေစသော (ရုပ်ပသာဒ) ရုပ်ဝတ္ထုများ အပြည့်အစုံ ပါရှိလာရသည်။ ထိုသို့ အပြည့်အစုံ ပါရှိလာရအောင် ကာမတဏှာကသာ စွမ်းနိုင်သဖြင့် ကာမဘုံ၌သာ ဝတ္ထုခြောက်ပါးလုံး အပြည့်အစုံ ရနိုင်၏။

(အချို့ အကုသိုလ်ကံအစွမ်းဖြင့် မျက်စိ၊ နား၊ နှာတို့ ချို့တဲ့မှု အနည်းငယ်ရှိကြ၏။)

ရူပဗြဟ္မာများသည် ကာမဂုဏ်အာရုံတို့၌ တပ်ခြင်းကင်းသော (ကာမဝိရာဂ) ဘာဝနာ၏အစွမ်းဖြင့် ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၏ တပ်ခြင်းမရှိသည်၏အဖြစ်ကြောင့် ထိုဂန္ဓာရုံအစရှိသည်လျှင် အာရုံရှိကုန်သော ဃာန၊ ဇိဝှါ၊ ကာယ၊ ဝတ္ထု (ပသာဒ) တို့သည် ရူပဗြဟ္မာဘုံ၌ မရှိကုန်။ (ပသာဒဝတ္ထုရုပ်သာ မရှိခြင်း ဖြစ်သည်၊ နှာခေါင်းပုံသဏ္ဌာန် စသည်ကား ရှိသည်သာ။)

ဘုရားစသည်ကို ဖူးမြင်ရန်၊ တရားတော်ကို နာယူရန်အလို့ငှာ ထိုဗြဟ္မာဘုံ၌ (စက္ခု သောတတို့၌ တပ်ခြင်းမကင်းသည်၏အဖြစ်ကြောင့်) စက္ခု သောတ ဝတ္ထု (ပသာဒ) နှစ်မျိုးသာ ရှိကုန်၏၊ (ရူပါရုံ၊ သဒ္ဒါရုံတို့အပေါ်၌ ခံစားလိုစိတ်ကား မရှိပေ။)

အရူပဗြဟ္မာများသည် ရုပ်ဟူသမျှ၌ လွန်စွာစက်ဆုပ်ရွံရှာလှသဖြင့် ရုပ်၌ တပ်ခြင်းကင်းသော (ရူပဝိရာဂ) ဘာဝနာကို ပွားများသည်၏အစွမ်းကြောင့် အရူပဘုံ၌ ရုပ်မရှိ၊ ဝတ္ထုရုပ် ခြောက်ပါးလုံး မရပေ။

ပဉ္စဝိညာဏ် (စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်) ငါးပါးသည် သတ္တဝါလည်းမဟုတ်၊ အသက်လည်းမဟုတ်သော အနက်အားဖြင့် ဓာတ်မည်သောကြောင့် *ပဉ္စဝိညာဏဓာတ်* မည်၏။

သိကာမတ္တ သိသာရုံမျှသာဖြစ်သောဓာတ်သည် *မနောဓာတ်* မည်၏။ (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း ၌ေ = မနောဓာတ်သုံးခု)

တစ်နည်း - ဒွါရငါးပါး၌ ထင်လာသော အာရုံငါးပါးကို ဆင်ခြင်ရုံမျှ ခံလင့်ရုံမျှဖြစ်၍ အာရုံကို ပိုင်းခြား၍ ကောင်းစွာမသိသောကြောင့် *မနောဓာတ်* မည်၏။

## ကြွင်းသော စိတ်တို့၏မိုရာ

သန္တီရဏစသော ကြွင်းသော စိတ် (၇၆)ပါးကား မနောဓာတ်ကဲ့သို့ သိကာမျှလည်း မဟုတ်၊ ပဉ္စဝိညာဏဓာတ်ကဲ့သို့ အသင့်အတင့် သိသည်လည်း မဟုတ်၊ အာရုံကို ပိုင်းပိုင်းခြားခြား အထူးသဖြင့် သိသောကြောင့် မနောဝိညာဏဓာတ် မည်၏။ (ဋီ၊ မှတ်ချက်)

စိတ်သည်ပင်လျှင် ထူးအောင်သိခြင်းနှင့် ယှဉ်သောကြောင့် *ဝိညာဏ်*လည်း မည်၏။ သတ္တဝါမဟုတ်၊ အသက်မဟုတ် ဟူသော အနက်ကြောင့် *ဓာတ်*လည်း မည်၏။ ထို့ကြောင့် *မနောဝိညာဏဓာတ်* မည်၏။

တစ်နည်း - စိတ်၏ဝိညာဏဓာတ်ဖြစ်သောကြောင့် *မနောဝိညာဏဓာတ်* မည်၏။ အဘယ့်ကြောင့်ဆိုသော် ထိုမနောဝိညာဏဓာတ်သည် အနန္တရပစ္စည်း ဖြစ်သော စိတ်ကြောင့်ဖြစ်သော စိတ်၏သာလျှင် အနန္တရပစ္စည်းဖြစ်၏။ ထို့ကြောင့် *စိတ်နှင့်စပ်၏*။

**မေး။** ***ပဉ္စဝိညာဏဓာတ်တွင် မနောဖြင့်မမှတ်ဘဲ ပဉ္စဖြင့်သာမှတ်ပြီး မနောဝိညာဏ် ဓာတ်တွင်သာ မနောဖြင့်မှတ်ပါသနည်း။***

| ပဉ္စ | ဝိညာဏဓာတ်။ | မနော | ဝိညာဏဓာတ်။ |
|---|---|---|---|

**ဖြေ။** ကြွင်းသော *ပဉ္စဝိညာဏ်*စသည်တို့ကား- မန ဖြစ်ပါလျက် မနောသဒ္ဒါဖြင့် မှတ်၍မဆိုပါဘဲ ဤဓာတ်ကိုသာ မနောသဒ္ဒါဖြင့် မှတ်၍ဆိုရခြင်းကား တူသော မိုရာရှိသော၊ နောက် မန-မှ အနန္တရပစ္စည်းကိုရသဖြင့် ဖြစ်ပေါ်လာပြီးလျှင် ရှေ့ မန-၏ အနန္တရပစ္စည်းဖြစ်သောကြောင့် မနောနှင့်စပ်၍ မနောသဒ္ဒါဖြင့်မှတ်လျက် ''မနောဝိညာဏ်''ဟု ဆိုအပ်ပါသည်။ ''ပဉ္စဝိညာဏ်တို့ ကား- မနောနှင့်မစပ်၍ လည်းကောင်း၊ ပသာဒငါးပါးဟော ပဉ္စသဒ္ဒါဖြင့်မှတ်ပြီး ဖြစ်၍လည်းကောင်း ''မနော''ဖြင့် ထပ်၍မှတ်ပြဖွယ်မရှိဟူလို'' (ဋီ၊ မြန်-မှတ်ချက်)

## မနောဓာတ်သုံးခု သာမန်သိပုံ

မနောဓာတ်သုံးခုတွင် ပဉ္စဒွါရာဝဇ္ဇန်းသည် ဝီထိစိတ်တွင် အစဆုံးအနေဖြင့် အာရုံသစ်ကို ရှေးဦးစွာ ယူရခြင်း၊ တစ်ကြိမ်မျှသာ ယူရခြင်းတို့ကြောင့် ထိထိမိမိ မသိလိုက်ရ၊ တစ်ဖန် မှီရာဝတ္ထုချင်းမတူသော ပဉ္စဝိညာဏ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုနေရသည့်အတွက် အလုပ်များနေသဖြင့် အာရုံကို ထင်ထင်ရှားရှား မသိလိုက်နိုင်။ ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းသည် အာရုံကို သိကာမတ္တ သိရုံမျှသာ သိလိုက်ရသောကြောင့် မနောဓာတ်မည်၏။ (ဝီထိစဉ်ကို သတိပြုပါ။)

သမ္ပဋိစ္ဆိုင်းနှစ်ခုသည် မှီရာဝတ္ထုချင်းမတူသော ပဉ္စဝိညာဏ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြု ခံရသောကြောင့်၊ မှီရာဝတ္ထုတူစိတ်မှ ကျေးဇူးပြုခံရသလောက် အားမရှိ၊ အာရုံကို လက်ခံလိုက်ရုံမျှသာဖြစ်၍ ကောင်းစွာကျန မသိလိုက်၊ သိကာမျှသဘောလေး ရှိသဖြင့် မနောဓာတ် မည်၏။

## ပဉ္စဝိညာဏဓာတ် အသင့်အတင့်ထူးသောအသိရှိ

စက္ခုဝိညာဏ်စသော စိတ် (၁၀)ပါးတို့ကား လက်ငင်း ပစ္စက္ခထင်ရှားသော အာရုံငါးပါးကို မြင်ခြင်း၊ ကြားခြင်းစသော ကိစ္စရှိ၍ မနောဓာတ်ထက် အသင့်အတင့်ထူးသော သိခြင်းရှိသောကြောင့် ပဉ္စဝိညာဏဓာတ် မည်၏။ (ဋီ၊ မှတ်ချက်)

## မနောဝိညာဏဓာတ် အလွန်အကြူး အထူးဂါပုံ

သန္တီရဏ စသော ကြွင်းသော (၇၆)ပါးသော စိတ်တို့သည် မှီရာတူစိတ်မှလည်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရ၊ မှီရာတူစိတ်ကိုလည်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေးရသဖြင့် အားရှိပြီး၊ အာရုံကို ထိထိမိမိ သိရှိခံစားရကာ အထူးသိတတ်သောကြောင့် မနောဝိညာဏဓာတ် မည်၏။

လင်္ကာ။ ။အာရုံပြုဟန်၊ အတန်တန်ဝယ်၊ သာမန်သိသော၊ ဓာတ်သဘောကို၊
မနော ဟု မှတ်။
မနောဓာတ်ထက်၊ လွန်တတ်သိပြန်၊ ဝိညာဏ်တည်း။
တစ်ဖန်ထို့ထက်၊ ဆထက်ကဲချွန်၊ အလွန်အကြူး၊ အထူးသိသော၊
ဓာတ်သဘောကား၊ မနောဝိညာဏ၊ အမည်တွင်သည်၊ ဤတွင်မှတ်
ဖွယ် အချုပ်တည်း။

ဟာဒယဝတ္ထုကို အမြဲမှီခြင်း ဟူသည် ဟာဒယဝတ္ထု ရကောင်းရာ၊ ကာမဘုံ ရူပဘုံ၌ ဖြစ်သော စိတ်ဖြစ်ပြီး၊ အရူပဘုံ၌ မဖြစ်သော စိတ်ဖြစ်မှ ဟာဒယဝတ္ထုကို အမြဲမှီနိုင်သည်။

သန္တိရဏစိတ် (၃)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ ရူပါဝစရစိတ် (၁၅)ပါး၊ မနောဓာတ် (၃)ပါး၊ ပေါင်း (၃၃)ပါးသော စိတ်တို့သည် ကာမဘုံ၊ ရူပဘုံ၌ဖြစ်သော စိတ်ဖြစ်သောကြောင့် ဟာဒယဝတ္ထုကို အမြဲမှီ၍သာ ဖြစ်ကုန်၏။ (အရူပဘုံ၌ မဖြစ်နိုင်ကြပေ။) (ဋီ၊ မှတ်ချက်)

## ၎င်းစိတ် (၃၃)ပါးတို့ ဟာဒယဝတ္ထုကိုသာ မှီရခြင်း၊ အရူပဘုံ၌ မဖြစ်နိုင်ခြင်း

သန္တိရဏစိတ် (၃)ခုသည် ပဥ္စဒွါရ၌ သန္တိရဏကိစ္စတပ်၏၊ အရူပဘုံ၌ ပဥ္စဒွါရ မရှိ၍ သန္တိရဏကိစ္စလည်း မတပ်နိုင်။ သန္တိရဏ၊ မဟာဝိပါက်စိတ် (တဒါရုံ) စိတ်တို့သည် ကာမဇော ကာမသတ္တဝါ ကာမအာရုံ သုံးပါးစုံမှ တဒါရုံကိစ္စတပ်နိုင်၏၊ အရူပဘုံ၌ ထိုသုံးပါးမရှိ၍ တဒါရုံကိစ္စလည်း မတပ်နိုင်။

ထိုသို့ သန္တိရဏသုံးပါးနှင့်မဟာဝိပါက်ရှစ်ပါးတို့သည် အရူပဘုံ၌ ဒွါရနှင့် ပြုဖို့ရာ ကိစ္စမရှိသောကြောင့် အရူပဘုံ၌ မဖြစ်နိုင်ကြပေ။

ထိုပဋိဃနှင့်တကွဖြစ်သော ဒေါသမူ နှစ်ပါးသည် နီဝရဏတရားစစ်စစ် ဖြစ်၍ ဈာန်တရားတို့၌ နီဝရဏအခိုက်အခဲ ကင်း၍ ဒေါသမရှိခြင်းကြောင့် ရူပဘုံမှာပင် မရနိုင်၊ အရူပဘုံမှာ ဖြစ်ဖို့ရာ ဆိုဖွယ်ရာ မရှိပြီ။

သောတာပတ္တိမဂ်ကို ရဖို့ရာ ဘုရားအစရှိသော သူတော်ကောင်းတို့ထံ ဆည်းကပ်၍ တရားနာခြင်း၊ ကျင့်ကြံခြင်းတို့ကို ပြုလုပ်မှ ရနိုင်သည်။ အရူပဘုံ၌ "ပရတောဃောသ"ဟု ဆိုအပ်သော တရားနာဖို့ရာ နား (သောတ ကို မဆိုထားဘိ၊ ခန္ဓာကိုယ်ပင် မရှိချေ၊ ကိုယ့်တရားကိုယ် ရှာနိုင်သော ဘုရား၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း လူ့ဘုံ၌ဖြစ်ပြီး အရူပဘုံ၌ မဖြစ်နိုင်သောကြောင့် အရူပဘုံမှာ သောတာပတ္တိမဂ် ဖြစ်နိုင်, ရနိုင်ဖို့ အခြေအနေမရှိပေ။

ဟသိတုပ္ပါဒ်စိတ်သည်လည်း အရူပဗြဟ္မာဘုံ၌ (ရူပကာယ) ကိုယ်မရှိသောကြောင့် ပြုံးဖို့ရာ မဖြစ်နိုင်။ ရူပါဝစရစိတ် (၁၅)ပါးသည် ရုပ်လျှင်အာရုံရှိသော ဈာန်စိတ် များ ဖြစ်ကြသည်။ အရူပဘုံ အရူပဗြဟ္မာတို့အား ရုပ်၌ တပ်ခြင်းကင်း

သော (ရူပဝိရာဂ) ဘာဝနာအစွမ်းဖြင့် ရုပ်ကို ပယ်ထားပြီးဖြစ်၍အရူပဘုံ၌ ရုပ်မရှိ၍ မဖြစ်နိုင်။

ဆောင်။ * မှတ်လော့သာကြည်၊ ကဗျာစိပိမ့်၊ သန္တိ မဟာ၊ ဝိပါက်တို့၊ ဒွါရာကိစ္စ။ မရှိကြ၍၊ အရူပ၌။ မဖြစ်ထိုက်ခဲ့။ နောက်လိုက်ဒေါသ၊ ပဋိဃမှာ၊ နိဝရဏမှန်၊ မြဲကေန်ကြောင့်၊ ဈာန်ကိုတားလှင့်၊ တရားရင်မို့၊ သူနှင်ယှဉ်တူ၊ ဒေါသမူကား၊ ရူပ၌ကား၊ မဖြစ်ချင်စွ၊ အရူပဝယ်၊ မဆိုဖွယ်သာ။

* မဂ်သောတာလည်း၊ ဆရာသမား၊ ဘုရားအထံ၊ တရားမှန်ကို၊ နာခံမရ၊ ရှိကုံကမူ၊ သာဝကသန္တာန်၊ အမှန်ဖြစ်မျိုး၊ မရှိရိုးတည်း၊ ကိုယ့်ကျိုးစီးပွား၊ ကိုယ့်တရားဖြင့်၊ ဘုရားပစ္စေ၊ ဖြစ်ကြပေလည်း၊ လူပြည်၌သာ၊ ဖြစ်ရိုးရာမို့ သောတာပတ္တိမဂ်မရှိခဲ့။

* ဟသိတုပ္ပါဒ်၊ ယင်းစိတ်ဓာတ်လည်း၊ ပြုံးတတ်စေဖို့၊ ကာယချို့သဖြင့်၊ မဖြစ်သင့်တန်၊ ရူပဈာန်မှာ၊ ဘာဝနာထွက်၊ တပ်မက်လွတ်ကင်း၊ စက်ဆုပ်ခြင်းကြောင့်၊ အလျှင်းယူဆ၊ အရူပ၌၊ မဖြစ်ထိုက်၍၊ စွဲပိုက်ဟဒယ၊ မြဲမှီကြသည်၊ ဓမ္မသုံးဆယ် နှင့်နှင့်တည်း။

မနောဓာတ် (၃)ခု (ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း) တို့သည်လည်း ငါးဒွါရ (ငါးပသာဒ) ဖြစ်သော ရုပ်တရား၌ ထင်လာသော အာရုံကို ဆင်ခြင်ခြင်း၊ လက်ခံခြင်းတို့ကို ပြုခြင်းဖြစ်သဖြင့် အရူပဘုံ၌ ရုပ်မရှိ၍ မဖြစ်နိုင်။

ဤ (၃၃)ပါးသော စိတ်တို့သည် အရူပဘုံ၌ မဖြစ်နိုင်ပေ။ ကာမဘုံ ရူပဘုံတို့၌သာ ထိုက်သည့်အားလျော်စွာ ဖြစ်ကြကုန်၏။ ထို့ကြောင့် ဟဒယဝတ္ထုကို အမြဲမှီကြသည်။

ရူပါဝစရကုသိုလ်မှ ကြွင်းသော လောကီကုသိုလ် (၁၂)ပါး၊ ဒေါသမူဒွေးမှ ကြွင်းသော အကုသိုလ် (၁၀)ပါး၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ ရူပါဝစရကြိယာမှ ကြွင်းသော ကြိယာစိတ် (၁၃)ပါး၊ သောတာပတ္တိမဂ်မှ ကြွင်းသော လောကုတ္တရာစိတ် (၇)ပါး၊ ဤ (၄၂)ပါးသော စိတ်တို့သည် ကာမဘုံ ရူပဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်ကုန်၏။ အရူပဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုမရှိ၍ မမှီဘဲ ဖြစ်ကုန်၏။

ဒွေးပဥ္စဝိညာဏ် (၁၀)ပါ၊ မနောဓာတ် (၃)ပါး၊ သန္တီရဏစိတ် (၃)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ဒေါသမူဒွေး၊ သောတာပတ္တိမဂ် (၁)ပါး၊ ဟသိတုပ္ပါဒ်စိတ် (၁)ပါး၊ ရူပါဝစရစိတ် (၁၅)ပါး၊ ဤ (၄၃)ပါးသော စိတ်တို့သည် ဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်ကုန်၏။

## ဟဒယဝတ္ထုကို ရံခါမှီ၊ ရံခါမမှီမူ၍ဖြစ်ခြင်း

လောဘမူ (၈)၊ မောဟမူ (၂)၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် (၈)၊ မဟာကြိယာ (၈)၊ အရူပကုသိုလ် (၄)၊ အရူပကြိယာ (၄)၊ အထက်လောကုတ္တရာစိတ် (၇)ပါး၊ ပေါင်း (၄၂)ပါးသော စိတ်တို့သည် ကာမဘုံ ရူပ (ပဥ္စဝေါကာရ)ဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်ကုန်၏။ အရူပ (စတုဝေါကာရ)ဘုံ၌ ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်မရှိ၍ ဟဒယဝတ္ထုကို မမှီမူ၍ ဖြစ်ကုန်၏။

အရူပစိတ်လေးပါတို့သည် ဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ကုန်၏။

### ဘုံအလိုက် ရနိုင်သော ဝတ္ထုနှင့်ဝိညာဏဓာတ်

| ဘုံ | ဝတ္ထု | ဝိညာဏဓာတ် |
|---|---|---|
| ကာမဘုံ | ဝတ္ထု ၆–ပါး | ဝိညာဏဓာတ် ၇–ပါး |
| ရူပဘုံ | ဃာ၊ ဇိ၊ ကာ၊ ကြဉ်သော ဝတ္ထု ၃–ပါး | ဃာ၊ ဇိ၊ ကာ၊ ကြဉ်သော ဝိညာဏဓာတ် ၄–ပါး |
| အရူပဘုံ | | မနောဝိညာဏဓာတ် ၁–ပါး |
| အသညသတ်ဘုံ | | |

ပကိဏ်းပိုင်းပြီး၏။

◆ ◆ ◆

# ဝီထိပိုင်း

ဝီထိ = အစဉ်အတန်း = ဖြစ်စဉ် = အစီအစဉ် (စိတ်တို့၏ ရှေ့နောက်ဖြစ်စဉ်)။

ဤ၌ ``ဝီထိ''ဟူသည် စက္ခုဒွါရ၊ သောတဒွါရ (မျက်စိတံခါး၊ နားတံခါး) တို့မှ ဝင်လာသော အာရုံကို အစွဲပြု၍ ဖြစ်ပေါ်လာသော စိတ်တို့၏ရှေ့နောက်ဖြစ်စဉ်= စိတ္တနိယာမ=စိတ်အစဉ်အတန်းကို ``ဝီထိ''ဟု ခေါ်သည်။

လူတို့၏ သွားလာရာခရီးသည် ရွာစဉ်ကို မကျော်ဘဲ အစဉ်သွားဘိသကဲ့သို့ ထို့အတူ စိတ္တနိယာမအတိုင်းဖြစ်သော စိတ်တို့၏အစဉ်သည်လည်း ဖြစ်သင့်သော စိတ်တစ်ခုနှင့်တစ်ခု မကျော်မူ၍ အစဉ်အတိုင်းဖြစ်တတ်သောကြောင့် ``ဝီထိ'' မည်၏။ (ဋ္ဌီ၊ မှတ်ချက်)

စက္ခုဒွါရ၌ဖြစ်သော စိတ်အဆက်ဆက်သည် ``စက္ခုဒွါရဝီထိ''မည်၏။ ဤကား ဒွါရ၏အစွမ်းဖြင့် ဝီထိအမည်ရပုံတည်း)

စက္ခုဝိညာဏ်နှင့်တကွ တူသောအာရုံ၊ တူသောဒွါရ၌ ဖြစ်သည်ဖြစ်၍ တကွ ဖြစ်သည်၏အဖြစ်ကြောင့် စက္ခုဝိညာဏ်နှင့်စပ်သော စိတ်တို့၏ အဆက်ဆက်သည် ``စက္ခုဝိညာဏဝီထိ''မည်၏။ (ဤကား ဝိညာဏ်၏အစွမ်းဖြင့် ဝီထိအမည်ရ ပုံတည်း။)

## ဝိသယပ္ပဝတ္တိခြောက်ပါးအဓိပ္ပာယ်

(၁) ဝီထိတို့တွင် တစ်ချက်သောစိတ်၏ ခဏကဲ့သို့သော ခဏကို လွန်ခြင်းရှိသည် ဖြစ်၍ ထင်ခြင်းသို့ ရောက်သော (၁၆)ချက်သော စိတ်တို့၏ ခဏကဲ့သို့သော ခဏ သာလျှင် အသက် ရှိသော အာရုံသည် ``အတိမဟန္တာရုံ''မည်၏။

တစ်နည်း – အလွန်များသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံသည်လည်းကောင်း၊ ထင်ထင်ရှားရှား အားကြီးသော အာရုံငါးပါးသည်လည်းကောင်း ``အတိမဟန္တာ ရုံ''မည်၏။

(၂) နှစ်ချက် သုံးချက်သော စိတ်၏ ခဏကဲ့သို့သော ခဏကို လွန်ခြင်းရှိသည် ဖြစ်၍ ထင်ခြင်းသို့ ရောက်သော (၁၅)ချက်၊ (၁၄)ချက်သော စိတ်တို့၏ ခဏ ကဲ့သို့သော ခဏသာလျှင် အသက်ရှိသော အာရုံသည် ``မဟန္တာရုံ''မည်၏။

တစ်နည်း - များသော ဝိထိစိတ္တုပ္ပါဒ်ရှိသော အာရုံသည်လည်းကောင်း၊ သင့်ရုံအားကြီးထင်ရှားသော အာရုံငါးပါးသည်လည်းကောင်း ''မဟန္တာရုံ''မည်၏။

(၃) (၄)ချက်မှစ၍ (၉)ချက်တိုင်အောင်သော စိတ္တက္ခဏကို လွန်ခြင်းရှိသည် ဖြစ်၍ ထင်ခြင်းသို့ ရောက်သော (၁၃)ချက်မှစ၍ (၈)ချက်သော စိတ္တက္ခဏတိုင်အောင်သော စိတ္တက္ခဏာသာလျှင်အသက်ရှိသော အာရုံသည် ''ပရိတ္တာရုံ''မည်၏။

တစ်နည်း - နည်းသော ဝိထိစိတ္တုပ္ပါဒ်ရှိသော အာရုံသည်လည်းကောင်း မထင်မရှား မသိမသာ အားနည်းသောအာရုံငါးပါးသည်လည်းကောင်း ''ပရိတ္တာရုံ'' မည်၏။

(၄) (၁၀)ချက်မှစ၍ (၁၅)ချက်တိုင်အောင်သော စိတ္တက္ခဏာသာလျှင် လွန်ခြင်း ရှိသည်ဖြစ်၍ ထင်ခြင်းသို့ ရောက်သော (၇)ချက်မှစ၍ (၂)ချက်တိုင်အောင်သော စိတ္တက္ခဏာသာလျှင်အသက်ရှိသော အာရုံသည် ''အတိပရိတ္တာရုံ''မည်၏။

တစ်နည်း - အလွန်နည်းသော ဝိထိစိတ္တုပ္ပါဒ်ရှိသော အာရုံသည်လည်းကောင်း၊ အလွန တရာ မသိမသာ မထင်မရှား အာနည်းလှသော မြင်သလို ကြားသလို စသော အာရုံငါးပါးသည်လည်းကောင်း ''အတိပရိတ္တာရုံ''မည်၏။

ဤသို့ ပဉ္စဒွါရ၌ အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည် (ဝါ) အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် လေးပါးအပြားရှိ၏။

မနောဒွါရ၌ ထင်ထင်ရှားရှား ဖြစ်သော အာရုံသည် ''ဝိဘူတာရုံ''မည်၏။

မထင်မရှားသော အာရုံသည် ''အဝိဘူတာရုံ''မည်၏။

ဤသို့ မနောဒွါရ၌ အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည် (ဝါ) အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် နှစ်ပါးအပြားရှိ၏။

ပဉ္စဒွါရ၌ (၄)ပါး၊ မနောဒွါရ၌ (၂)ပါး ပေါင်း ဝိသယပ္ပဝတ္တိခြောက်ပါးအပြား ရှိ၏။

ထိုအာရုံတို့ကို အာရုံပြုဖြစ်သော ဝိထိစိတ်သည် ''အတိမဟန္တာရုံဝိထိ'' စသည်မည်ကုန်၏။

ခရီးသွားရာ၌ ရွာစဉ်ကို မကျော်ဘဲ အစဉ်အတိုင်းသွားသကဲ့သို့ စိတ်တို့ သည်လည်း ဆိုင်ရာဒွါရအာရုံအလိုက် ဆိုင်ရာစိတ်တို့ သဘာဝအလျောက် သူ့အစီ အစဉ်အတိုင်း ဖြစ်သွားကြသည်။ ထိုသို့ဖြစ်သွားသည်ကို ဝိထိစိတ်ဖြစ်သည်ဟု ခေါ်သည်။

သတ္တဝါတို့သန္တာန်၌ အသက်မသေသေးသမျှ စိတ်များဖြစ်နေကြသည်။ ထိုစိတ်မှာ အကျဉ်းအားဖြင့် အမျိုးအစား နှစ်မျိုးသားရှိသည်။ လှုပ်ရှားနိုးကြား စိတ်နှင့် ငြိမ်သက် (အိပ်စက်)သောစိတ်ဟု ခွဲနိုင်သည်။ ထိုနှစ်မျိုးတို့ တစ်လှည့်စီ ဖြစ်နေကြသည်။ လှုပ်ရှားနိုးကြားစိတ်ကို ဝီထိစိတ်ဟု ခေါ်ပြီး ငြိမ်သက်အိပ်စက် သောစိတ်ကို ဘဝင်စိတ် (သို့) ဝီထိမုတ်စိတ် (သို့) ဒွါရဝိမုတ်စိတ်ဟု ခေါ်သည်။

ထိုစိတ်နှစ်မျိုးဖြစ်ပုံကို ထင်ရှားသော ဥပမာတစ်ခု ပြရလျှင် ပင့်ကူတစ်ကောင် သည် ပင့်ကူအိမ်၏အလယ်၌ ငြိမ်သက်အိပ်စက်နေသည်ကို ဘဝင်စိတ်ဖြစ်နေ နေသည်ဟု မှတ်ယူပြီး ပင့်ကူအိမ်သို့ ယင်ကောင်တစ်ကောင် လာတိုးလိုက်သော အခါ ထိုဘဝင်စိတ်များ လှုပ်ရှားမှု ပေါ်လာပြီး ဘဝင်ပြတ်ကာ ဝီထိစိတ်များ ဖြစ်ပေါ် လာသည်။ မည်သို့ဝီထိစိတ်များ ဖြစ်ပေါ်လာသနည်း၊ ပင့်ကူသည် မျက်စိဖွင့်၍ ယင်ကောင်ကို ကြည့်လိုက်သောအခါ ပင့်ကူ၏ စက္ခုပသာဒ မျက်စိအကြည်ဓာတ် နှင့်ယင်ကောင်တည်းဟူသော ရူပါရုံတို့ ဆုံတွေ့၍ ပထမဆုံးအနေဖြင့် မူလရှေးဘဝင် စိတ် (အတိတဘဝင်စိတ်ကလေး) စိတ္တက္ခဏ တစ်ကြိမ်လွန်သွားသည်။ ဒုတိယ မြောက် ထိုမူလဘဝင်စိတ်ကလေး တစ်ကြိမ် လှုပ်ရှားသွားပြန်၏၊ ''ဘဝင်စလန'' ဟု ခေါ်၏။ တတိယမြောက် ရူပါရုံအားကောင်းသဖြင့် မူလဘဝင်စိတ်ကလေး လုံးလုံး ပြတ်စဲသွားတော့၏၊ ''ဘဝင်္ဂုပစ္ဆေဒ''ဟု ခေါ်၏။ ဘဝင်စိတ်လုံးဝပြတ်သွားသောအခါ ဝီထိစိတ်ပေါ်တော့မည်၊ ထိုမြင်သောအာရုံအပေါ် ဘာပါလိမ့်ဟု ဆင်ခြင်သော ပဉ္စ ဒွါရာဝဇ္ဇန်းစိတ်ကလေးသည် စတုတ္ထမြောက် (ပထမဆုံးသော ဝီထိစိတ်အနေဖြင့်) ဆက်လက်ဖြစ်ပေါ်လာသည်။ ဘာပါလိမ့်ဟု ဆင်ခြင်လိုက်သောအခါ မြင်မှု ပီပီ ပြင်ပြင် ဖြစ်လာပြီဖြစ်၍ မြင်သိစိတ် စက္ခုဝိညာဏ်စိတ်သည် ပဉ္စမမြောက်စိတ် အဖြစ် ဆက်လက်ဖြစ်ပေါ်လာပြန်၏။ ထိုသို့မြင်သိပြီးသော် ထိုမြင်သိလိုက်သော အာရုံကိုလက်ခံသော သမ္ပဋိစ္ဆိုင်းစိတ်ကလေးသည် ဘယ်လူနတ်ဗြဟ္မာကမှ မခိုင်း စေရဘဲ စိတ္တနိယာမ-စိတ်တို့၏ဖြစ်စဉ်အတိုင်း ဆဋ္ဌမမြောက် စိတ်ဖြစ်ရပြန်သည်။ ထိုမျှဖြင့်လည်း မရပ်သေး၊ အာရုံကို လက်ခံလိုက်ပြီးလျှင် ဘာကောင်လဲ၊ စားလို့ ရသလား၊ မရလား စသည်ဖြင့် စူးစမ်းသော သန္တီရဏစိတ်သည်လည်း စိတ်တို့၏ သဘာဝအလျောက် သတ္တမမြောက်စိတ်အနေဖြင့် ဖြစ်ပြန်၏။ တစ်ဖန် စားလို့ ရသည့် အကောင်၊ စားလို့ မရသည့်အကောင် စသည်ဖြင့် ဆုံးဖြတ်ခြင်း ဝုဋ္ဌော စိတ်လည်း မလွဲမသွေ အဋ္ဌမမြောက်အဖြစ် ပေါ်လာပြန်၏။ ဆုံးဖြတ်ပြီးလျှင်လည်း

ရပ်နေ၊ ဆုံးဖြတ်သည့်အတိုင်း စားလို့ရလျှင် စားသည့်စိတ်, အာရုံကို ခံစားစိတ်, အာရုံ၌ အရှိန်အဟုန်ပြင်းစွာဖြစ်သော ဇောစိတ်သည် ခုနစ်ကြိမ် ခုနစ်ခါ လျင်စွာ ဖြစ်ပေါ်လာပြန်၏။ (၁၅)ကြိမ်မြောက် ဖြစ်သွားပြီး အရသာကောင်းကောင်း စားလိုက်ပြီးသောအခါ စားပြီးပြီးချင်း အရသာခံစားမှု မပြတ်သေး၊ အကြွင်းအကျန် လေးများကို အရှိန်မပြေ ဆက်လက်ခံစားလိုသောဇောသို့ အစဉ်လိုက်သည့် တဒါရုံ စိတ် နှစ်ကြိမ်ဖြစ်ပြန်သေး၏။ (၁၇)ကြိမ်မြောက် ဖြစ်သွားပြီး၊ နာမ်သက် (၁၇)ကြိမ် မြောက်ဖြစ်သွားသောအခါ ရုပ်သက်တစ်ကြိမ် ပြည့်သွားပြီဖြစ်၍ (စက္ခုပသာဒ= မျက်စိအကြည်ဓာတ် ရုပ်တရားနှင့် ရူပါရုံတရားနှစ်ခု ထိခိုက်ရာမှ ပေါ်လာသော) ရုပ်ဝိထိ–စိတ်သက်တန်း တစ်ကြိမ်အဖြစ် ရပ်ပြီး၊ ဘဝင်စိတ်များ ဆက်ဖြစ်ရပြန်၏။ ပင့်ကူသည် ပင့်ကူအိမ်အလယ်သို့ ပြန်သွား၍ အိပ်သည်နှင့်ဘဝင်စိတ်များ ဆက် ဖြစ်သွားသည်နှင့်တူ၏။ ဤဥပမာပုံအတိုင်း ဝိထိစိတ်နှင်ဘဝင်စိတ်တို့သည် သတ္တဝါတို့သန္တာန်ဝယ် တစ်လှည့်စီ မပြတ်မလပ် ဒလစပ် ဖြစ်ပေါ်၍နေပေ၏။

ပထမဦးဆုံးသော ကာမဇောဝါရ အတိမဟန္တာရုံ စက္ခုဒ္ဒါရဝိထိပုံ

(၁) အတီတဘဝင် = အာရုံနှင့်ပသာဒတို့ ကောင်းကောင်းမထိခိုက် မတိုက်ဆိုင် မထင် မြင်မီ ချုပ်ပျောက်သွားသော ဘဝင်။

(၂) ဘဝင်စလန = အာရုံနှင့်ပသာဒတို့ ထိခိုက် တိုက်ဆိုင် ထင်မြင်လာသဖြင့် မူလဘဝင်စိတ်ကလေးလှုပ်ရှားခြင်း။

(၃) ဘဝင်ုပစ္ဆေဒ = အာရုံနှင့်ပသာဒတို့ ထိခိုက် တိုက်ဆိုင် ထင်မြင်မှု အား ကောင်းလာသဖြင့် မူလဘဝင်စိတ်ကလေး ပြတ်သွားခြင်း၊ ပျောက်သွား ခြင်း။

(၄) ပဉ္စဒွါရာဝဇ္ဇန်း = မူလဘဝင်ပြတ်သွား၍ အာရုံသစ်ကို ကောင်းစွာယူနိုင် ပြီဖြစ်၍ ဆင်ခြင်မှု ဆက်ဖြစ်လာခြင်း။

(၅) စက္ခုဝိညာဏ် = အာရုံသစ်ကို ကောင်းစွာယူနိုင်၊ ထင်မြင်လာနိုင်၊ ဆင်ခြင် နိုင်သဖြင့် မြင်သိစိတ်ဖြစ်လာခြင်း။

(၆) သမ္ပဋိစ္ဆိုင်း = ထိုမြင်သိသည့်အာရုံကို လက်ခံသိမ်းပိုက်ခြင်း။

(၇) သန္တီရဏ = လက်ခံပြီး စူးစမ်းစိတ် ဆက်ဖြစ်လာခြင်း။

(၈) ဝုဋ္ဌော = စူးစမ်းပြီး ကောင်း မကောင်းဆုံးဖြတ်ခြင်း။

(ဆုံးဖြတ်မှုတွင် အသင့်အတင့် ကုသိုလ်ဖြစ်အောင် ဆင်ခြင်တတ်သည့် ယောနိသော မနသိကာရ၊ မသင့်မတင့် အကုသိုလ်ဖြစ်အောင် ဆင်ခြင်တတ်သည့် အယောနိသော မနသိကာရ ဟူ၍ နှစ်မျိုးရှိရာ ယောနိသော မနသိကာရ ဖြစ်ဖို့ အရေးကြီး၏။)

(၉–၁၅) ဇောဆုံးဖြတ်သည့်အတိုင်း အာရုံကို လျင်မြန်စွာ အရှိန်အဟုန် ကောင်း ကောင်းဖြင့် ခံစားသည့် ကုသိုလ်ဇော၊ အကုသိုလ်ဇော (ရဟန္တာပုဂ္ဂိုလ်တို့ အတွက် ကြိယာဇော)တို့ ခုနစ်ကြိမ်ဖြစ်လေသည်။

(၁၆–၁၇) တဒါရုံ အရှိန်ကောင်းကောင်းဖြင့် ခုနစ်ကြိမ်ဖြစ်ပြီးသော ဇောနောက် တွင် (ခုတ်မောင်းသွားသော သင်္ဘောနောက်သို့ ရေသည် အနည်းငယ် အစဉ် လိုက်သကဲ့သို့ ) အမြင်မပြတ် ဆက်လက်ဖြစ်သည့် တဒါရုံစိတ် နှစ်ကြိမ် ဆက်ဖြစ်လာခြင်း။

ဤသို့လျှင် နာမ်သက် (၁၇)ချက်ပြည့်၍ ရုပ်သက်တစ်ကြိမ် ရှိသွားပြီး ဘဝင် များဖြစ်ပြန်၏။ ခရီးသွားရာ၌ ရွာစဉ်ကို မကျော်ဘဲ အစဉ်အတိုင်း သွားသကဲ့သို့ ဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏ အစီအစဉ် (စိတ္တနိယာမ) အတိုင်း တစ်ခုနှင့်တစ်ခု မကျော်လွန်ဘဲ ဖြစ်ခြင်းကို ''ဝီထိ''ဟု ခေါ်သည်။

ထိုဝီထိစိတ်တို့သည် ဆိုင်ရာဘုံအလိုက်သော်လည်းကောင်း၊ ဆိုင်ရာ ပုဂ္ဂိုလ် အလိုက်သော်လည်းကောင်း ဤဘုံ, ဤပုဂ္ဂိုလ်တို့၌ ဤစိတ်ပြီးလျှင် ဤစိတ် ဆက် ဖြစ်၏။ ဤစိတ်၏အခြားမဲ့၌ ဤစိတ်တို့သည် ဆက်ဖြစ်ပြန်သည်ဟု ရှေ့စိတ် နောက် စိတ်တို့၏ ဖြစ်စဉ်ဖြင့် (ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌) မှတ်အပ်သော ဝီထိသင်္ဂဟ ကို ''ပဝတ္တိသင်္ဂဟ (စိတ်တို့၏ဖြစ်စဉ်ကို အကျဉ်းချုပ်၍ ပြခြင်း)'' ဟု ခေါ်သည်။

ဝီထိပိုင်း၌ ဝတ္ထုခြောက်ပါး၊ အာရုံခြောက်ပါး၊ ဒွါရခြောက်ပါး၊ ဝိညာဏ် ခြောက်ပါး၊ ဝီထိခြောက်ပါး၊ ဝိသယပ္ပဝတ္တိခြောက်ပါးဟု ၆×၆လီ– (ဆက္က–၆–ပါး) ထုတ်ပြရာ (ဝတ္ထု အာရုံ ဒွါရတို့မှာ ပကိဏ်းပိုင်း၌ ပြဆိုပြီးလျှင် ထပ်၍ ထုတ်ပြ ခြင်းမှာ) ဆက္က × ၆ –မျိုး = ခြောက် × ခြောက်လီ – အပြည့်အစုံ ပြလို၍ ဆို ထားခြင်းဖြစ်သည်။

(၁) အာရုံတို့၏ ဒွါရ တို့၌ ဖြစ်ခြင်းသည် (ဝီထိစိတ်တို့၏) ဝိသယပ္ပဝတ္တိ မည်၏။

(၂) အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် (ဝီထိမုတ်စိတ်တို့၏) ဝိသယပ္ပဝတ္တိ မည်၏။

## ဝိသယပ္ပဝတ္တိ=အာရုံဖြစ်ပေါ်မှု (၉)မျိုး

| | |
|---|---|
| ဒွါရိကစိတ်တို့၏<br>ဝီထိစိတ်တို့၏ | = ဝိသယပ္ပဝတ္တိမှာ (၆)မျိုးသိခဲ့ပြီ။ |
| ဝီထိမုတ်စိတ်တို့၏<br>ဒွါရဝိမုတ်စိတ်တို့၏ | = ဝိသယပ္ပဝတ္တိမှာ ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးမျိုး |

## ဝီထိမုတ်စိတ်

ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တပ်သော စိတ် (၁၉)ပါးတို့သည် ကံ၏ အဟုန်ကြောင့် ထင်မြင်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့ကိုသာ အမြဲအာရုံပြုလျက် ဖြစ်ကုန်၏။ (ခြောက်ဒွါရ၌ ထင်မြင်လာသော ရူပါရုံစသည်ကို အချင်းခပ်သိမ်း အာရုံမပြုကုန်၍) ခြောက်ဒွါရ၌ ထင်မြင်လာသော အာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်မှအပ တခြားဖြစ်သောကြောင့် ဝီထိမုတ်စိတ်မည်၏။ (ဋီ၊ မှတ်ချက်) (မုတ္တ=မုတ်=လွတ်သော၊ ကင်းသော၊ တခြားဖြစ်သော။)

စက္ခုဒွါရ၌ဖြစ်သော စိတ်အဆက်ဆက်သည် စက္ခုဒွါရဝီထိမည်၏။ (သောတဒွါရစသည်သည် တူပြီ။

စက္ခုဝိညာဏ်နှင့်တူသောအာရုံ၊ တူသော ဒွါရတို့၌ စက္ခုဝိညာဏ်နှင့်အတူ တကွ စပ်၍ဖြစ်ကြသော စိတ်အဆက်အဆက်သည် စက္ခုဝိညာဏဝီထိမည်၏။ (သောတဝိညာဏစသည်တူပြီ။)

မနောဝိညာဏ်နှင့် တူသော အာရုံ၊ တူသောဒွါရတို့၌ မနောဝိညာဏ်နှင့် အတူတကွ ဆက်စပ်၍ဖြစ်ကြသော စိတ်အဆက်ဆက်သည် မနောဝိညာဏဝီထိ မည်၏။

**အတိမဟန္တာရုံ။** ။ အလွန်ထင်ရှား အားကြီးသော အာရုံ၊ (အလွန်များသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံ = တဒါရုံထိအောင်ဖြစ်။

(၁) အတီတဘဝင် တစ်ချက်အလွန်တွင် ထင်ခြင်းသို့ ရောက်၍ စိတ္တက္ခဏ (၁၆)ချက် အသက်ရှိသော အာရုံသည် အတိမဟန္တာရုံမည်၏။

**မဟန္တာရုံ**။ ။ သင့်ရုံထင်ရှား အားကြီးသော (များသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံ = ဇောထိအောင်ဖြစ်)

(၂) အတီတဘဝင် နှစ်ချက်သုံးချက်အလွန်တွင် ထင်ခြင်းသို့ ရောက်၍ စိတ္တက္ခဏ (၁၅)ချက်၊ (၁၄)ချက်အသက်ရှိသော အာရုံသည် မဟန္တာရုံမည်၏။

**ပရိတ္တာရုံ**။ ။ မထင်ရှား မသိသာ အားနည်းသော အာရုံ၊ (နည်းသော ဝီထိ စိတ္တုပ္ပါဒ်သာ ရှိသော အာရုံ = ဝုဋ္ဌောထိသာဖြစ်)

(၃) အတီတဘဝင်လေးချက်မှ ကိုးချက်အလွန်တွင် ထင်ခြင်းသို့ ရောက်၍ စိတ္တက္ခဏ (၁၃)ချက်မှ (၈)ချက်တိုင်အောင် အသက်ရှိသော အာရုံသည် ပရိတ္တာရုံ မည်၏။

**အတိပရိတ္တာရုံ**။ ။ အလွန်တရာ မသိသာ မထင်ရှား အားနည်းလှသော အာရုံ (ဝီထိစိတ် လုံးဝမဖြစ်တော့။)

(၄) အတီတဘဝင် ဆယ်ချက်မှ ဆယ့်ငါးချက် အလွန်တွင် ထင်ခြင်းသို့ ရောက်၍ စိတ္တက္ခဏခုနစ်ချက်မှ နှစ်ချက်တိုင်အောင် အသက်ရှိသော အာရုံသည် အတိပရိတ္တာရုံမည်၏။

ဝိဘူတ၊ အဝိဘူတ များသိခဲ့ပြီ။

**ဥပါဒ်ခဏ** =ဖြစ်ပေါ်ရန် အကြောင်းပြည့်စုံညီညွတ်၍ ပရမတ္ထသဘောတရား တို့၏ ရှေးဦးစွာ ဖြစ်ပေါ်လာသော ခဏအခါသည် ဥပါဒ်ခဏ မည်၏။

**ဋ္ဌီခဏ** = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ မချုပ်သေးမီ တည်နေသော အခိုက်အတန့်အခါသည် (ဝါ) ဥပါဒ် ဘင်တို့၏အလယ်၌ ဘင်သို့ ရှေးရှုဖြစ်ခြင်းသဘောသည် ဋ္ဌီခဏမည်၏။

**ဘင်ခဏ** = ဖြစ်ပေါ်ပြီးသော ပရမတ္ထတရားတို့၏ ကွယ်ပျောက်ချုပ်ဆုံးသော အခါခဏသည် ဘင်ခဏမည်၏။

## ဋ္ဌီခဏ ရှိ/မရှိ ပြဿနာ

အဘိဓမ္မာ စိတ္တယမိုက်ကျမ်း၌ ဋ္ဌီခဏကို ဘုရားရှင် တိုက်ရိုက်ဟောထား ခြင်းမရှိ၊ ထိုသို့မရှိသဖြင့် ဋ္ဌီခဏမရှိ (မလိုအပ်)ဟု ယူဆစရာ ဖြစ်နေ၏။ (အရှင် အနုရုဒ္ဓါဆရာလည်း ဋ္ဌီခဏကို လိုအပ်၍ ထည့်ထား၏။)

ဘုရားရှင်သည် ဌိခဏကို တိုက်ရိုက်မဟောသည်မှာ မရှိ၍ (မလိုအပ်၍) မဟုတ်၊ ဝေနေယျသတ္တဝါတို့အား အလိုဆန္ဒအား မဆန့်ကျင်သောအားဖြင့် နည်းကို ပြသည်၏အစွမ်းဖြင့် တိုက်ရိုက်မဟောခြင်းသာ ဖြစ်သည်။

မည်ကဲ့သို့သောနည်းကို ပြသနည်းဆိုသော် -

ကျောက်ဖျာပေါ် သားသမင်ဖြတ်သွားရာ၌ ကျောက်ဖျာ၏ ဟိုဘက်ဒီဘက်ဘေး တက်ရာ ဆင်းရာတို့၌ သမင်ခြေရာကို တွေ့သဖြင့် ကျောက်ဖျာသို့ သားသမင်ဖြတ်သွားသည်ကို သိနိုင်သည့် မိဂပဒဝလဥ္ဇနနည်း (သမင်၏လှည့်လည်သွားလာသော ခြေရာကို ကြည့်၍ သိရသောနည်း) ကို ပြသောအားဖြင့် ဟောခြင်းသာဖြစ်သည်။

ဥပါဒ် (ဖြစ်စ)နှင့် ဘင် (ချုပ်ဆုံး)ခြင်း အစွန်းဘေးနှစ်ဖက်ကို ကြည့်၍ ဌိ (တည်တံ့မှု) ရှိသည်ကို သိနိုင်လေပြီ။

ဌိခဏ မရှိဟုယူသော် ဥပါဒ်နှင့် ဘင်တို့သည် တခြားစီ ဖြစ်နေသည်။ ဖြစ်တာက တရားတစ်မျိုး၊ ချုပ်တာက တရားတစ်မျိုးဟု ယူဆစရာဖြစ်နေသည်။ အမှန်မှာ ဖြစ်သောတရားပင် ချုပ်ခြင်းဖြစ်၏။ တစ်မျိုးစီမဟုတ်။ ထို့ကြောင့် ဥပါဒ်နှင့်ဘင်တို့ကို ဆက်စပ်ပေးသော ဥပါဒ်၊ ဘင်တို့နှင့် သဘောတရားမတူသော (ထူးသော) ဘင်သို့ ရှေးရှုသောအခိုက်အတန့် ဌိခဏကို အလိုရှိအပ်၍ အနုရုဒ္ဓဆရာ ''ဥပ္ပါဒဌိတိဘင်္ဂဝသေန'' ဟု ဆိုသော စကားသည် ကောင်းစွာဆိုသော စကားပင်ဖြစ်သည်။ အဋ္ဌကထာ၌လည်း ''ဧေကဿ စိတ္တဿ ဥပ္ပါဒဌိတိဘင်္ဂဝသေန တယော တယော ခဏာ''ဟု ဆိုတော်မူခြင်း ဖြစ်ပါသည်။

ဘုရားရှင်သည် သုတ္တန်ဒေသနာ၌သာ ဝေနေယျသတ္တဝါတို့ အလိုကိုလိုက်၍ နည်းအမျိုးမျိုး ဟောသည်မှာ လက်ခံနိုင်စရာဖြစ်၏။ အဘိဓမ္မာဒေသနာဟူသည် ရုပ်နာမ်ဓမ္မ သဘာဝသက်သက်ကိုသာ ဟော၍၊ ဝေနေယျဇ္ဈာသယ (သတ္တဝါတို့အလိုသို့ လိုက်၍) မဟောသည် မဟုတ်ပါလော့ဟု မေးစရာရှိ၏။

မှန်၏၊ အဘိဓမ္မာ၌ သတ္တဝါတို့အလိုသို့ လိုက်၍ ဟောကြားချက် မရှိသလောက် ရှားပါး၏။ သို့သော် တစ်ခါတစ်ရံမှာ ပုဂ္ဂိုလ်သတ္တဝါတို့ အလိုကိုလိုက်၍ ရုပ်အခန်းတွင် ဇာတိရုပ်တစ်မျိုးကိုပင် ဥပစယ သန္တတိဟု ခွဲခြားဟောကြားချက်မျိုးရှိသဖြင့် အဘိဓမ္မာ၌လည်း ပုဂ္ဂိုလ်သတ္တဝါတို့အလိုသို့ လိုက်၍ ဟောကြားချက် ရှိသေးသည်ဟု မှတ်ယူရပေမည်။

## ရုပ်သက် နာမ်သက်များ

စိတ် စေတသိက်တို့၏ အသက်သည် ဥပါဒ်, ဌီ, ဘင်အားဖြင့် ခဏငယ် သုံးချက်သာ အသက်ရှိ၏။ (ဝိညတ်ဒွေး လက္ခဏာရုပ်လေးခုမှ တစ်ပါးသော ရုပ် နှစ်ပါးတို့၏ အသက်သည် ခဏကြီးအားဖြင့် စိတ္တလက္ခဏ (၁၇)ချက် အသက် ရှည်သည်။ (ဋီ၊ မှတ်ချက်)

ယူတတ် ယူအပ်သော အဖြစ်၏ ထိုထိုခဏ၏ အစွမ်းဖြစ်သောကြောင့် နာမ်သည် လျင်သောချုပ်ခြင်းရှိ၏။ ရုပ်သည် လေးသောချုပ်ခြင်းရှိ၏။ (ဋီ၊ မြန်)

## နာမ်သက်မြန်၍ ရုပ်သက်ကြာပုံ

စိတ် စေတသိက် (နာမ်) တရားတို့သည် အကောင်အထည် အတုံးအခဲ သဘောမှ ကင်းဆိတ်သောကြောင့် လျင်မြန်စွာ ဖြစ်တတ် ပျက်စီးတတ်ကုန်၏။ စိတ္တက္ခဏတစ်ချက်တည်းဖြင့်ပင် အာရုံကို ယူနိုင် သိနိုင်၏။ ထို့ကြောင့် နာမ်သက် သည် ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက် = စိတ္တက္ခဏတစ်ချက်သာ အသက်ရှည်၏။

ရုပ်တရားတို့သည် (ဝိညတ်ဒွေး၊ လက္ခဏာရုပ် ၄-ပါး မပါ) အကောင်အထည် အတုံးအခဲသဘောရှိသောကြောင့် နှေးကွေးစွာ ဖြစ်တတ် ပျက်စီးတတ်၏။ ထို့ကြောင့် စိတ်၏ အသက်သည် ခဏငယ် (၃) ချက်သာ ရှိ၏။ ရုပ်၏ အသက်သည် စိတ္တက္ခဏ (၁၇) ချက် အသက်ရှည်၏။

## ရုပ်သက်နာမ်သက်ဖြစ်ပုံ ဥပမာ

တစ်ယောက်သော ယောကျာ်းသည် အသီးကိုကျစေရန် တုတ်လှန်တံဖြင့် ပစ်ခတ်ချလေရာ အသီးတို့သည်လည်းကောင်း၊ အရွက်တို့သည်လည်းကောင်း တစ်ပြိုင်နက် အညှာမှ ကြွေကြကုန်၏။ ထိုကျလာသော အသီးအရွက်တို့တွင် အသီးတို့သည် ဝန်လေးသောကြောင့် မြေသို့ ရှေးဦး ပထမ လျင်မြန်စွာ ကျရောက် ကြကုန်၏။ အရွက်တို့သည်ကား ပေါ့သောကြောင့် ဖြေးနှေးစွာ နောက်ကျမှ မြေသို့ ကျကုန်၏။ ထို့အတူပင် အညှာမှ အသီးအရွက်တို့၏ တစ်ပြိုင်နက် ကြွေကျသော အခါကဲ့သို့ ပဋိသန္ဓေအခါတို့၌ ရုပ်နှင့်နာမ်တို့၏ တစ်ပြိုင်နက် ဖြစ်မှုကို မှတ်အပ်၏။ အသီးတို့၏ ဝန်လေးသောကြောင့် လျင်မြန်စွာ မြေသို့ကျသကဲ့သို့- ရုတ်တရား မချုပ်သေးမီ နာမ်တရားတို့၏ ၁၆-ကြိမ်တိုင်တိုင် ဖြစ်မှုပျက်မှုကို သိအပ်၏။ အရွက်တို့၏ ပေါ့ပါးသောကြောင့် နောက်မှ မြေသို့ ကျသကဲ့သို့ ရုပ်တရားတို့၏ ၁၇-ကြိမ်မြောက်သော စိတ်နှင့်မှ အတူချုပ်ငြိမ်း ကွယ်ပျောက်မှုကို သိအပ်၏။

## ဝိညတ်ဒွေနှင့် လက္ခဏာရုပ်လေးခုတို့ ရုပ်သက် ၁၇-ချက် အသက်မမှီကြ

ဝိညတ်ဒွေးသည် စိတ္တာနုပရိဝတ္တိ = စိတ်သို့အစဉ်လိုက်သောတရား ဖြစ်၍ စိတ်နှင့်အသက် အသက်တူမျှသောကြောင့် စိတ္တက္ခဏာတစ်ချက် ခဏငယ် သုံးချက်သာ အသက်ရှည်၏။

လက္ခဏာရုပ်လေးပါးတွင် ဥပစယ သန္တတိ နှစ်ပါးသည် စိတ်၏ ဥပါဒ် ခဏမျှသာ အသက်ရှည်၏။

အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ အသက်ရှည်၏။

ဇရတာသည် ရုပ်၏ ဌီခဏမျှသာ အသက်ရှည်၏။ ခဏငယ် (၄၉)ချက် (= စိတ္တက္ခဏ ၁၆-ချက်နှင့် ခဏငယ် ၁-ချက်) အသက်ရှည်၏။

## နာမ်သက်မှာ စိတ္တက္ခဏတစ်ချက်သာရှိ၍ ရုပ်သက်မှာ စိတ္တက္ခဏ ၁၇-ချက် ရှိရခြင်းအကြောင်းရင်း

နာမ်တရားဟူသည် အာရုံကို ယူတတ်သော တရားမျိုးဖြစ်၏။ စိတ္တက္ခဏ တစ်ချက် (ဥပါဒ်, ဌီ, ဘင်သုံးချက်) မျှဖြင့် အာရုံကို ယူနိုင် သိနိုင်သောကြောင့် စိတ္တက္ခဏတစ်ချက် (ဥပါဒ်, ဌီ, ဘင်သုံးချက်) မျှသာ အသက်ရှိ၏။

အာရုံအဖြစ်ယူအပ်သောတရားများကား - စိတ္တက္ခဏ ၁၇-ချက်ကြာမှ ပုရေဇာတ စသော ပစ္စည်းတပ်သောကိစ္စ၊ ဖောက်ပြန်မှုကိစ္စ ပြီးစီးနိုင်သောကြောင့် စိတ္တက္ခဏ ၁၇-ချက် အသက်ရှိရ၏။

**ဆောင်။** ။ နာမ်တွင် ချုပ်ချာ၊ စိတ်တံ့မှာကား၊ ဆိုင်ရာအာရုံ ရမိရုံမျှ၊ အမြန်ပင်ပျက်၊
သို့ဖြစ်ချက်ကြောင့်၊ တွဲဖက်အများ၊ နာမ်တရားတို့၊ မခြားဆက်သွယ်၊
အပျက် လွယ်၏၊ ရုပ်ဝယ်ချုပ်ချာ၊ ဘုတ်တို့မှာမူ၊ လွန်စွာလေးဆေး၊
အပျက်နှေးသဖြင့်၊ ယှက်ထွေးရုပ်တွေ၊ အသက်ရှည်သည်၊ မြွက်လေ
အနဋ္ဌကာတည်း။

## ရုပ်သက်ကို စိတ္တက္ခဏ ၁၆-ချက်သာရှိ၏ဟု ယူသော ကေစိဝါဒ သင့်/မသင့်

ပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ၌ ပကတူပနိဿယပစ္စည်း မဖြစ်မီ လွန်သွားသော အတီတဘဝင်တစ်ချက်ကို ချန်၍ ဘဝင်စလနစိတ်ဖြစ်ခြင်းအား ပကတူပနိဿယ

ပစ္စည်းဖြင့် ကျေးဇူးပြုခြင်း၌ လျော်လျောက်ပတ်သော ဋီခါဏ၏အစွမ်းဖြင့်သာ ၁၆-ချက်ဟု ဆိုထားခြင်းကို ကြည့်၍ ကေစိဆရာတို့က ရုပ်သက် ၁၆-ချက်သာ ရှိ၏ဟု ယူဆခြင်းမှာ မသင့်လျော်ပေ။ အမှန်မှာ အတီတဘဝင်ကိုပါ ထည့်၍ ၁၇-ချက်သာ ယူရမည်။ ခန္ဓဝိဘင်းအဋ္ဌကထာမှာလည်း ၁၇-ချက်ပင် လာရှိ၏။

## ဋီကာကျော်မှတ်ချက်

ပဋ္ဌာန်းစသမုပ္ပါဒ်ဝိဘင်း အဋ္ဌကထာအလိုကား - အတီတဘဝင်စိတ်နှင့်အတူ ဥပါဒ်သော ရူပါရုံသည် ဘဝင်စလနအား ကျေးဇူးမပြုနိုင်။ အတီတဘဝင်၏ ဋီခါဏကျ သောရူပါရုံသာ ဘဝင်စလနအား ထင်နိုင်အောင် ကျေးဇူးပြုသည်ဖြစ်သောကြောင့် အတီတဘဝင်၏ ဥပါဒ်ကို ကြည့်၍ ရုပ်သက်ကို ၁၆-ချက်ဟု မိန့်တော်မူ၏။

ခန္ဓဝိဘင်း အဋ္ဌကထာအလိုကား - အတီတဘဝင်၏ ဋီခါဏကျသော ရူပါရုံသာ ဘဝင်စလနစိတ်ဖြစ်ခြင်းအား ကျေးဇူးပြုနိုင်သည် မှန်သော်လည်း ဟေဋ္ဌိမ ပရိစ္ဆေဒနည်း (= အောက်ထစ်ပိုင်းခြား အယုတ်ဆုံးနည်း) ၏ အစွမ်းဖြင့် အတီတ ဘဝင်၏ ဥပါဒ်ခဏသည်လည်း အာရုံဖြင့် ထိခိုက်၍ လွန်သောအာရုံမှသာ ထင်နိုင် သောကြောင့် ဥပါဒ်ခဏသည်လည်း အာရုံထင်ရာ၌ အကြောင်းတစ်ပါးဖြစ်၍ ၁၇-ချက်ဟူ၍ပင် ဆိုတော်မူ၏။

## စက္ခုဒွါရ အတိမဟန္တာရုံဝီထိ

ကေစိတ္တက္ခဏာတီတာနိ ဝါ ဗဟုစိတ္တက္ခဏာတီတာနိ ဝါ ဋ္ဌိတိပ္ပတ္တာနေဝ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထမာဂစ္ဆန္တိ။

တစ်ခုသောစိတ်၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်းရှိကုန်သည်ဖြစ်၍ လည်းကောင်း၊ များသောစိတ်တို့၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်းရှိကုန်သည် ဖြစ်၍လည်းကောင်း ဋီသို့ ရောက်ကုန်သည်ဖြစ်၍သာလျှင် ငါးပါးသော အာရုံ တို့သည် ငါးဒွါရ၌ ထင်ခြင်းသို့ ရောက်ကုန်၏။

"ဋ္ဌိတိပ္ပတ္တာနေဝ = ဋီသို့ ရောက်ကုန်သည်ဖြစ်၍သာလျှင်"ဟူသော စကား၌ ဋီအရ ရုပ်၏ဋီခဏကိုသာ ယူရ၏။

အာရုံနှင့် ပသာဒတို့သည် အတီတဘဝင်၏ ဥပါဒ်က စဖြစ်ကြ၍ ဘဝင် စလန၏ ဥပါဒ် (ရုပ်၏ဋီခဏ) ရောက်မှ ထင်ခြင်းသို့ ရောက်ပါသည်။

(စိတ်သက်၌ ဥပါဒ် + ဌီ + ဘင်ရှိသကဲ့သို့ ရုပ်သက်လည်း ဥပါဒ် + ဌီ + ဘင် ဟူ၍ ခဏသုံးချက်ရှိ၏။ ရုပ်သက် = စိတ္တက္ခဏ ၁၇-ချက် = ခဏငယ် ၅၁-တွင် အစဆုံး ခဏငယ်သည် ရုပ်၏ ဥပါဒ်ခဏဖြစ်ပြီး အဆုံးခဏငယ်သည် ရုပ်၏ဘင်ခဏ မည်၏။ အလယ်မှ ခဏငယ် ၄၉-ချက်သည် ရုပ်၏ ဌီခဏ မည်၏။) (ဋီ၊ မှတ်ချက်)

**ဧကစိတ္တက္ခဏာတီတာနိ** အရ စိတ္တ ကွဏတစ်ချက်သာလွန်သော အတိ မဟန္တာရုံကို ယူရပါမည်။

**ဗဟုစိတ္တက္ခဏာတီတာနိ** အရ များသော စိတ္တက္ခဏ လွန်သော မဟန္တာရုံ စသည်ကို ယူရပါမည်။

## အာပါထဂမာဂစ္ဆန္တိ = အာရုံထင်ပုံ

စက္ခုပသာဒနှင့်သောတပသာဒတို့သည် မိမိထံသို့ မရောက်သော အာရုံကို ယူတတ်သော အသမ္ပတ္တဂါဟ တရားမျိုးဖြစ်သောကြောင့် ရူပါရုံ သဒ္ဒါရုံတို့သည် များစွာသော ကလာပ်၌ တည်ကုန်သည်ဖြစ်၍ စက္ခုဝိညာဏ် သောတဝိညာဏ် အား အာရမ္မဏပစ္စည်းတပ်နိုင်၏။

ဃာန ဝိညာဏ ကာယပသာဒတို့သည်ကား မိမိထံသို့ ရောက်သော အာရုံကိုသာ ယူတတ်သော သမ္ပတ္တဂ္ဂါဟတရားမျိုးဖြစ်သောကြောင့် တစ်ခုသော ကလာပ်၌ တည်ကုန်၏။ ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့အား အာရမ္မဏပစ္စည်းတပ်ကုန်၏။

ထိုပသာဒတို့သည် (ဘဝင်္ဂစလန၏ အနန္တရပစ္စည်းဖြစ်သော) အတီတဘဝင် နှင့် ပြိုင်၍ဖြစ်ကုန်၏။ အပရေဆရာတို့ကား ''အာဝဇ္ဇန်းနှင့်တကွ ဖြစ်ကုန်၏''ဟု ဆိုကြ၏။ (ဋီ၊ မြန်)

ဝိထိစိတ်ဖြစ်ရာ၌ စိတ္တက္ခဏတစ်ချက် (သို့) များစွာသော စိတ္တက္ခဏလျှင် ရှည်သော အသက်ရှိကုန်သော အာရုံတို့သည် တွေ့လျှင်တွေ့ခြင်း ထိလျှင်ထိခြင်း ပသာဒရုပ်၌ ထင်ခြင်းသို့ မရောက်ကုန်။ အယုတ်ဆုံးအားဖြင့် စိတ္တက္ခဏတစ်ချက် လွန်ပြီးသော ရုပ်၏ဌီဖြစ်သော ဘဝင်္ဂစလန၏ ဥပါဒ်ကစ၍သာ ထင်ခြင်းသို့ ရောက်ကုန်၏။ (ဋီ၊ မှတ်ချက်)

အာရုံငါးပါးတို့ ငါးဒွါရ၌ အသီးသီးထင်ရာတွင် -

ရူပါရုံနှင့် သဒ္ဒါရုံတို့သည် အသမ္ပတ္တဂေါစရဂ္ဂါဟကဖြစ်သော စက္ခု + သောတ ပသာဒရုပ်တို့၏ ထင်လာရကား ပသာဒ၌ မငြိကပ်ဘဲ မိမိတည်ရာ အရပ်၌

တည်လျက်သာလျှင် အာရုံအဖြစ်သို့ ရောက်နိုင်ကြသည်။ ဥပမာ – နေလတို့သည် မိုင်ပေါင်းများစွာ ဝေးကွာသော အရပ်တို့၌ တည်ရှိလျက်ပင် စက္ခုပသာဒ၌ ထင်လာနိုင်ကြ၏။ မိုးချုန်းသံစသည်တို့၏ သောတပသာဒဝယ် ထင်လာကြရာ၌ လည်း နည်းတူ။ ထိုသို့ ထင်လာရာ၌ ရုပ်ကလာပ်တစ်ခု၌ တည်ရှိသော ရူပါရုံ သဒ္ဒါရုံတို့က ထင်လာနိုင်ကြသည်မဟုတ်၊ ရုပ်ကလာပ်အများ၌ တည်ရှိလာသော ရူပါရုံ သဒ္ဒါရုံအများတို့ကသာ ထင်လာနိုင်ကြ၏။ ထိုသို့ အများထင်လာရာ၌လည်း မြင်သူ ကြားသူ၏ နှလုံးသွင်းလျှင် ဦးခေါင်းပိုင်းရှိ ရူပါရုံအများ ထင်လာ၏။ ဤသို့စသည်ဖြင့် နှလုံးသွင်းအားလျော်စွာ ထင်လာပုံကို သိပါ။

ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံတို့သည်ကား သမ္ပတ္တဂေါစရဂ္ဂါဟကဖြစ်သော ဃာန, ဇိဝှါကာယပသာဒရုပ်တို့၌ ထင်လာရကား ထိုပသာဒရုပ်တို့၏ မှီရာ မဟာဘုတ် တို့၌ ထိလျက် ငြိလျက် ကပ်လျက် အာရုံအဖြစ်သို့ ရောက်ကြရသည်။ ထိုသို့ ရောက်ရာ၌ ရူပ, သဒ္ဒတို့ကဲ့သို့ အနေကကလာပဂတ (များစွာသောရုပ်ကလာပ် တို့၌ တည်ကုန်သည်) သာမက ကလာပ်တစ်ခု၌ တည်သော ဂန္ဓစသည်ကလည်း ထင်လာနိုင်သည်။

**အသမ္ပတ္တဂေါစရဂ္ဂါဟက** – မထိမရောက်လာသောအာရုံကို ယူနိုင်ခြင်း၊

**သမ္ပတ္တဂေါစရဂ္ဂါဟက** – ထိကပ်ရောက်လာသော အာရုံကိုသာ ယူနိုင်ခြင်း။

အာရုံနှင့်ပသာဒတို့ မထိခိုက် မတိုက်ဆိုင် မထင်မြင်မီ ချုပ်ပျောက်သွားသော ဘဝင်ဖြစ်သောကြောင့် ``အတီတဘဝင်´´မည်၏။ (ဋီ၊ မှတ်ချက်)

အာရုံနှင့်ပသာဒတို့သည် အဘယ်ကစဖြစ်၍ ဘယ်မှာ ထင်ခြင်းသို့ ရောက် သနည်း ဆိုသော် –

အတီတဘဝင်၏ဥပါဒ်က စဖြစ်ကြ၍ ဘဝင်စလန၏ ဥပါဒ် (ရုပ်၏ဌီခဏ) ရောက်မှ ထင်ခြင်းသို့ ရောက်ပါသည်။

ထိုသို့ ထင်ခြင်းသို့ ရောက်သည်မှနောက်၌ ဘဝင်နှစ်ကြိမ် လှုပ်သည်ရှိသော် ဘဝင်၏အယဉ်ကို ဖြတ်၍ ထိုရူပါရုံကိုပင်လျှင် ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဖြစ်၍ ချုပ်၏၊ (ဋီ၊ မြန်)

ဖြစ်လတ္တံ့သော ဝီထိစိတ်အပေါင်းတို့တွင် ရှေးဦးစွာ ပထမဖြစ်သော ဝီထိ စိတ်သည် ဒွါရငါးပါး၌ ထင်လာသော အာရုံငါးပါးကို ဤအာရုံကား အဘယ်ဟာ မျိုးပါနည်းဟု ဆင်ခြင်တတ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ် မည်၏။

## ဘဝင်နှစ်ကြိမ်လှုပ်ပုံဖြစ်ပုံ
## ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ နှစ်မျိုးဖြစ်ရခြင်း

အာရုံဇီးပါးသည် ဒွါရဇီးပါး၌ အသီးသီးထိခိုက်သည်ရှိသော် ထိုထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့် ရှေးဖြစ်နှင့်ပြီးသော ဘဝင်အစဉ်ပြတ်လတ်သော် အဆော တလျင်မပြတ်မူ၍ အဟုန်ဖြင့်ပြေးသွားသောယောကျ်ားသည် ရပ်လိုငြားသော်လည်း ရပ်လိုသောနေရာ၌ မရပ်တည်နိုင်သေးဘဲ ခြေတစ်လှမ်း နှစ်လှမ်းတို့ကို လွန်ပြီးမှ ရပ်နိုင်သကဲ့သို့ (ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဟု) ဘဝင်နှစ်ကြိမ်ဖြစ်၍သာလျှင် ပြတ်ရ၏။

ထိုဘဝင်နှစ်ကြိမ်တို့တွင် ရှေ့ဘဝင်စိတ်သည် ဘဝင်အစဉ်ကို မလှုပ်သော်လည်း လှုပ်သကဲ့သို့ ဖြစ်သောကြောင့် ဘဝင်္ဂစလန မည်၏။

ဒုတိယဘဝင်စိတ်သည် မြစ်ရေအယဉ်ကဲ့သို့ အစဉ်အတိုင်းဖြစ်နေသော ဘဝင်အယဉ်သည် အာရုံသစ်ထင်လာသဖြင့် မိမိယူမြဲတိုင်းသော အာရုံဟောင်းကို စွန့်လွှတ်၍ အာရုံသစ်ကို ယူဖို့ရန် ဤနေရာတွင် ပြတ်လေ၏။ ဤသို့ ဘဝင်အယဉ် ဘဝင်အစဉ် မှန်သမျှတို့၏ အစိုးစွန်ပြတ်သော ဘဝင်ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ မည်၏။

### ပဉ္စဒွါရာဝဇ္ဇန်း

ဖြစ်လတ္တံ့သော ဝီထိစိတ်အပေါင်းတို့တွင် ရှေးဦးပထမဖြစ်သော ဝီထိစိတ်သည် ဒွါရဇီးပါး၌ ထင်လာသော အာရုံဇီးပါးကို ဤအာရုံကား အဘယ်ဟာမျိုး ပါနည်းဟု ဆင်ခြင်တတ်သောကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မည်၏။

### ဘဝင်စိတ်လှုပ်ရခြင်း

ပဉ္စာရုံသည် ပဉ္စပသာဒကို ထိခိုက်ရာ၌ ပဉ္စပသာဒကို မှီ၍ဖြစ်သော ပဉ္စ ဝိညာဏ်စိတ်သာ လှုပ်သင့်လျက် အဘယ်ကြောင့် ဟဒယဝတ္ထုကို မှီသော ဘဝင်က လှုပ်ရပါသနည်း၊

ရူပါရုံစသည်တို့သည် စက္ခုပသာဒစသည်တို့ကိုသာ ထိခိုက်သော်လည်း စက္ခုပသာဒစသည်တို့၏မှီရာ မဟာဘုတ်သည် ဟဒယဝတ္ထု၏မှီရာ မဟာဘုတ်နှင့် သန္တတိပစ္စုပ္ပန် (အစဉ်)၏အစွမ်းဖြင့် တစပ်တည်းစပ်သောကြောင့် ဟဒယဝတ္ထုကို ှီသော ဘဝင်စိတ်လှုပ်ရပါသည်။

ဥပမာ – စည်မျက်နှာတစ်ဘက်၌ ကပ်ငြိသော သကာခဲတွင် ယင်ယယ်တစ်ကောင်နားနေရာ စည်မျက်နှာတစ်ဘက်ကို လက်ခတ်ဖြင့် တီးခတ်လေလျှင် အစဉ်အတိုင်း စည်ကို ကြက်သော သားရေးကြိုးစသည် လှုပ်သဖြင့် သကာခဲလည်း လှုပ်၍ ယင်ကောင်ပျံသွားခြင်းကဲ့သို့ ထို့အတူ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည်ရှိသော် စက္ခုပသာဒ၏မှီရာ မဟာဘုတ်နှင့်စပ်သော မဟာဘုတ်အဆက်ဆက် လှုပ်၏။ ထို့ကြောင့် ဟဒယဝတ္ထု၏မှီရာ မဟာဘုတ်လည်း အစဉ်၏အစွမ်းဖြင့် တစ်စပ်တည်းစပ်နေ၍ လှုပ်ရ၏။ ဟဒယဝတ္ထု၏မှီရာ မဟာဘုတ်လှုပ်လျှင် ဟဒယ ဝတ္ထုလည်း လှုပ်လေ၏။ ဟဒယဝတ္ထုလှုပ်လျှင် ဟဒယဝတ္ထု၌မှီသော ဘဝင်လည်း လှုပ်ရတော့၏။

"စက္ခုနာ ရူပံ ဒိသွာ = စက္ခုပသာဒဖြင့် ရူပါရုံကို မြင်၍"ဟူသော ဘုရား ဟောနှင့် "စက္ခုဝိညာဏ်သည် ရူပါရုံကို မြင်ကြောင်း"သင်္ဂြိုဟ်စကား မဆန့်ကျင့် ပုံ။

ဘုရားဟောထားခြင်းမှာ စက္ခုပသာဒဖြင့် ရူပါရုံကို မြင်သည်ဟု "ဖြင့်" ဟူသော ကရိဏ်းကိုသာ သုံးထားခြင်းဖြစ်သည်။ "စက္ခုပသာဒသည် ရူပါရုံကို မြင်သည်"ဟု "သည်"ဟူသော ကတ္တားကို သုံးထားခြင်းမဟုတ်၊ စက္ခုမှာ ရုပ်တရားဖြစ်၍ အာရုံမယူတတ်သော အကန်းတရားဖြစ်ခြင်းကြောင့် ရူပါရုံကို မမြင်နိုင်။ စက္ခုပသာဒကသာ မြင်သည်ဟု ဆိုလျှင် မည်သည့် ဝိညာဏ်စိတ် နှင့် ပြည့်စုံသူပင် ဖြစ်စေကာမူ ရူပါရုံကို မြင်နိုင်သည်ဟု ဆိုရာရောက်ပေလိမ့်မည်။ ထို့ကြောင့် စက္ခုဝိညာဏ်သည်သာ ရူပါရုံကို မြင်ကြောင်း သင်္ဂြိုဟ်ဆရာက ဆိုထားပါသည်။ စက္ခုဝိညာဏ်က ရူပါရုံကို မြင်ရာ၌လည်း တိုက်နံရံတို့ဖြင့် "အလင်းရောင်" ကို တားဆီးထားပါမူ မြင်နိုင်မည်မဟုတ်။ ဖန်စသော "အလင်း"ပေါက်ပစ္စည်းကို တားဆီးထားသော အရာပင်ဖြစ်စေကာမူ အလင်းရောင်ရှိက ရူပါရုံကို မြင်နိုင်ပေသည်။ "စက္ခုနံ ရူပံ ဒိသွာ = စက္ခုပသာဒဖြင့် ရူပါရုံကို မြင်၍"ဟု ဆိုခြင်းသည် ကာရဏူပစာအားဖြင့် ဆိုထားခြင်းသာ ဖြစ်သည်။ စက္ခုပသာဒကို မှီ၍ဖြစ်သော စက္ခုဝိညာဏ်ဖြင့်သာ မြင်ခြင်းဖြစ်သည်။ (ရူပံ ပဇဟထ = ရုပ်တရားကို ပယ်ကြကုန်လော ဟု ဆိုရာ၌ ရုပ်တရားကို ပယ်ရမည်မဟုတ်၊ ရုပ်၌ တပ်နှစ်သက်သော ရာဂကို ပယ်ရမည်)ဟု ဥပစာအားဖြင့် ဟောထားချက်ကဲ့သို့တည်း။

တစ်နည်း – ‘‘မန္ဒာ ဥက္ကဋ္ဌိ ကရောန္တိ’’ကဲ့သို့ (မန္ဒာ၊ ညောင်စောင်းကုဋင်တို့သည်။ ဥက္ကဋ္ဌိ၊ ကြွေးကြော်သံကို။ (ဝါ) ဟောက်သံကို။ ကရောန္တိ၊ ပြုကြကုန်၏။ ဤပါဠိ၌ ညောင်စောင်းကုဋင်က ဟောက်သည်မဟုတ်၊ ညောင်စောင်းကုဋင်ပေါ် အိပ်နေသော လူကသာ အမှန်တကယ်ဟောက်ခြင်းဖြစ်သော်လည်း ဌာနီလူ၏ အမည်ကို ဌာနကုဋင်၌ တင်စား၍ ဆိုသော ဌာနျူပစာရနည်းအာဖြင့်) ဌာနီ မှီတတ်သော စက္ခုဝိညာဏ်၏ဖြစ်ခြင်းကြိယာကို ဌာန မှီရာဖြစ်သော စက္ခုပသာဒ၌ တင်စား၍ ဌာနျူပစာရအားဖြင့် မိန့်ဆိုသော စကားဖြစ်ပါသည်။ (ဋီ၊ မြန်) (လက်သည်းကွင်းကို ချန်၍ ဖြေနိုင်သည်။)

**ပသာဒသုံးမျိုးရွေးချယ်ပုံ**

(၁) မန္ဒာယုက ပသာဒ = အာရုံဇီးပါးအောက် တိုသော၊ နည်းသော အသက် ရှိသော ပသာဒ။

(၂) အမန္ဒာယုက ပသာဒ = အာရုံဇီးပါးထက် ရှည်သော၊ များသော အသက် ရှိသော ပသာဒ။

(၃) မဇ္ဈိမာယုက ပသာဒ = အာရုံဇီးပါးနှင့်တူသော အသက်ရှိသော ပသာဒ။

ဤပသာဒသုံးမျိုးကို ပုရေဇာတပစ္စည်း တပ်နိုင်သော ပသာဒရုပ်ကို သိလို၍ ရွေးချယ်ခြင်းဖြစ်သည်။

အတိမဟန္တာရုံ စက္ခုဒွါရဝိထိ ဆိုကြပါစို့ –

ဘဝင် (၁၃)ချက်၊ တီ၊ န၊ ဒ၊ ပ၊ စက္ခုဝိညာဏ်၊ သံ၊ ဏ၊ ဝု၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂)၊ ဘဝင်။




ဤဝိထိတွင် စက္ခုဝိညာဏ်၏မှီရာ ပသာဒရုပ်ကား အဘယ်ပါနည်း၊ အဘယ် ပသာဒရုပ်ကို မှီ၍ သိမှုကိစ္စ တပ်နိုင်ပါသနည်းဟု စိစစ်ရမည်။

ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ နောက်ကို ပြန်၍ရေတွက်သော် (၁၇)ချက်မြောက်သော ဘဝင်စိတ်၏ဘင်က စ၍ ပဉ္စဒွါရာဝဇ္ဇန်းအဆုံးအထိ စိတ္တက္ခဏ (၁၇)ချက် ခဏငယ် (၄၉)ချက်တို့၌ရှိသော ပသာဒ (၄၉)ခုကို မှီ၍၊ ထို (၄၉)ချက်တွင် -

(၁) အတီတဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်သော ပသာဒရုပ်တစ်ခုသည် ဒုတိယ တဒါရုံ၏ဘင်နှင့် ပြိုင်၍ချုပ်သဖြင့် အာရုံငါးပါးနှင့်အသက်တူမျှသော ကြောင့် ``မဇ္ဈိမာယုကပသာဒ``မည်၏။

(၂) အတီတဘဝင်၏ ရှေ့စိတ္တက္ခဏတို့၌ ဖြစ်ကုန်သော ဘဝင် (၁၃)ချက်၊ ခဏငယ် (၃၇)ခုတို့၌ရှိသော ပသာဒ (၃၇)ခုတို့သည် ဒုတိယတဒါရုံ မချုပ်မီ ချုပ်နှင့်၍ အာရုံငါးပါးအောက် အသက်တိုသောကြောင့် ``မန္ဒာယုကပသာဒ``မည်၏။

(၃) အတီတဘဝင်၏ဋီမှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ဘင်တိုင်အောင် ခဏငယ် (၁၁) ချက်တို့၌ရှိသော ပသာဒရုပ် (၁၁)မျိုးတို့သည် ဒုတိယတဒါရုံ ချုပ်ပြီးသည်နောက်မှ ချုပ်၍ အာရုံငါးပါးထက် ရှည်သော အသက်ရှိသော ကြောင့် ``အမန္ဒာယုကပသာဒ``မည်၏။

သတ္တဝါတို့၏ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်ဖြစ်သောစိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်သမျှသောစိတ်တို့၏ ဥပါဒ် တိုင်း ဋီတိုင်း ဘင်တိုင်း တဖွားဖွားဖြစ်၍နေသော ပသာဒရုပ်အများတို့နှင့် ပဉ္စ ဝိညာဏ်စိတ်ဖြစ်သည့်အခါ မရှိသော ချုပ်နှင့်သော ပသာဒရုပ်နှင့် ပဉ္စဝိညာဏ် စိတ် ဖြစ်၊ နောက်မှ ဖြစ်ပေါ်လာသော ပသာဒရုပ်တို့ကား ပဉ္စဝိညာဏ်သည် မှီလေ သလော၊ မမှီလေသလော ဟု ရွေးချယ်စိစစ်ဖို့ မရှိသဖြင့် မရွေးချယ်မူ၍ -

ပဉ္စဝိညာဏ်ဖြစ်သည်တိုင်အောင် မှီသော (၄၉)ချက်သော ပသာဒရုပ်တို့ တွင်သာ အဘယ်ပသာဒရုပ်ကို စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်ဓာတ်တို့သည် မှီကုန်သနည်းဟု လျှဉ်းပါးဖွယ်ရှိသောကြောင့်လည်းကောင်း၊ ပဉ္စဝိညာဏ်ဓာတ်၏ မှီရာ ပုရေဇာတ နိဿယ ပစ္စည်းတပ်သော ပသာဒရုပ်ကို ကွဲပြားသိသာစိမ့်သော ငှာ အာယုကသုံးပါးကို စိစစ်ရွေးချယ်ပြရ၏ဟု မှတ်။

(ရုပ်တရားတို့သည် ရှေးကဖြစ်နှင့်နေပြီ၊ ရုပ်၏ ဋီအခိုက် ထင်ရှားရှိနေတုန်း သား ပစ္စယုပ္ပန်တရားတို့အား ပုရေဇာတပစ္စည်းအနေဖြင့် ကျေးဇူးပြုနိုင်သည်၊

ရုပ်သက်တမ်း ဋီအဖြစ်ဖြင့် မရှိတော့သောအခါ ပုရေဇာတပစ္စည်းအနေဖြင့် ကျေးဇူး မပြုနိုင်တော့ပါ။

အထက်ပါ (၄၉)ချက်၌ရှိသော ပသာဒတို့သည် ပဉ္စဝိညာဏ်စိတ်များ ဖြစ်သောအခါ ဋီအဖြစ် ထင်ရှား၍ ပဉ္စဝိညာဏ်စိတ်တို့က မှီ/မမှီ ယုံမှားစရာရှိသောကြောင့် မန္တာယုက စသည်ဖြင့် စိစစ်ရေတွက်ရသည်။ အထက်ပါ (၄၉)ချက်မှ ရှေ့နောက်ဖြစ်သော ပသာဒတို့ကိုကား ပဉ္စဝိညာဏ်စိတ်ဖြစ်သောအခါ ဋီအဖြစ်ဖြင့် ထင်ရှားမရှိ၍ မှီ/မမှီ ယုံမှားစရာမရှိသောကြောင့် မရေတွက်ပါ။

## လဒ္ဓပစ္စယဝသေန – (ရအပ်သောအကြောင်း၏အစွမ်းဖြင့်) ဟူသည်

ဝုဋ္ဌော၏အခြားမဲ့၌ ဇောကျ၏ ဟု ဆိုသော်လည်း ဇောစိတ် (၂၉)ပါးတို့တွင် အမှတ်မရှိ ကျချင်သလို ကျသည်မဟုတ်၊ ရရှိဖြစ်ပေါ်လာသော ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရ စသော အကြောင်းအားလျော်စွာသာ ကျ၏ဟု ဆိုလိုသည်။

ယောနိသော မနသိကာရ အကြောင်းခံလျှင် ကုသိုလ်ဇော စော၏၊ အယောနိသော မနသိကာရ အကြောင်းခံလျှင် အကုသိုလ်ဇော စော၏။

(ယောနိသော မနသိကာရ – သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်မှု အကုသိုလ်မဖြစ်စေဘဲ ကုသိုလ်ဖြစ်အောင် နှလုံးသွင်း ဆင်ခြင်တတ်မှု)

အယောနိသော မနသိကာရ – သင့်တင့်လျောက်ပတ်စွာ နှလုံးမသွင်း တတ်မှု (ကုသိုလ်မဖြစ်စေဘဲ အကုသိုလ်ဖြစ်အောင် နှလုံးသွင်းဆင်ခြင်မှု။)

## ယေဘုယျေန – (များသောအားဖြင့်) ဆိုရကြောင်း

ယေဘုယျေန–အရ ဤသို့သော ကုသိုလ်ဇော အကုသိုလ်ဇောတို့သည် စောရာဝယ် တစ်ကြိမ် နှစ်ကြိမ်သာ စောသည်မဟုတ်၊ ပကတိထင်ထင်ရှားရှာ အားကြီးသောအခါ များသောအားဖြင့် ခုနစ်ကြိမ်စော၏။ သို့သော် အနည်းအကျဉ်း အားဖြင့် ရေနစ်သူ၊ သစ်ပင်ပေါ်မှ ကျသူတို့၏ ရေမွန်းသောအခါ၊ သတိမေ့မြော သောအခါ စသည်တို့၌ အားနည်းတွေဝေနေသောကြောင့် ခြောက်ကြိမ်လည်း ဒစောသေး၏။ သေခါနီးအခါ၌သာ (၅)ကြိမ်စော၏။ ထို့ကြောင့် ဇော ခုနစ်ကြိမ်စော သည်ဟု ဆိုထားခြင်းမှာ ယေဘုယျေန (များသောအားဖြင့်) သာ ဆိုထားခြင်းဖြစ်၏။

## တဒါရုံဖြစ်ပုံသဘော

မြစ်ညာရေညာသို့ ဆန်၍ လှော်ခတ်ခုတ်မောင်းနေသော လှေသင်္ဘော၏ နောက်သို့ အရေအဟုန်ယက်ပန်းသည် အနည်းငယ်အစဉ်လိုက်ဘိသကဲ့သို့ ဇောသို့ အစဉ်တစိုက် အနည်းငယ်လိုက်သောအားဖြင့် ဇော၏အာရုံကို အာရုံပြု၍ဖြစ်သော စိတ်သည် တဒါရုံ မည်၏။

ထိုတဒါရုံသည် ယထာရဟံ – (ထိုက်သည်အားလျော်စွာ) ပုဒ်အရ အမှတ်မဲ့ ကျချင်သလို ကျသည်မဟုတ်။ အာရုံ ဇော သတ္တဝါ အားလျော်စွာ ကျ၏ဟု မှတ်။

## ဝီထိစိတ်ဖြစ်ပုံ – သရက်သီးကောက်၍စားသော ဥပမာ

ဤဝီထိစိတ်ဖြစ်ပုံကို သရက်သီးဥပမာဖြင့် ထင်စွာပြဆိုကုန်၏။ ပြပုံမှာ – အသီးသီးသော သရက်ပင်အနီး၌ တစ်ဦးသော ယောက်ျားသည် အိပ်နေသတတ်၊ ထိုအခါ သရက်သီးသည် အိပ်နေသော ယောက်ျား၏ အနီးနားရင်း၌ ကြွေကျ လတ်သော် ထိုကြွေကျသောအသံဖြင့် နိုး၍ မျက်စိကိုဖွင့်၍ ကြည့်လေလျှင် သရက်သီးကို မြင်၍ ထိုသရက်သီးကို ကောက်ယူကာ ဆုပ်နယ်နမ်းရှုပ် ကြည့်ရှု သဖြင့် မှည့်သည်ကို သိရှိ၍ ကိုက်ခါကိုက်ခါ စားပြီးလျှင် ခွဲခမ်းသလိပ်နှင့်တကွ ထွေးလုံးခါမျို၍ ထိုသရက်ပင်ရင်း၌ အိပ်မြဲ အိပ်ပြန်လေ၏။

ဤဥပမာစကားရပ်၌ ယောက်ျား၏အိပ်သောအခါကဲ့သို့ ဘဝင်စိတ်ဖြစ်သော အခါကို မှတ်အပ်၏။ သရက်သီးကြွေ၍ မြေ၌ ကျသကဲ့သို့ ရူပါရုနှင့်စက္ခုပသာဒ တို့ ထိခိုက်သောအခါကို မှတ်အပ်၏။ သရက်သီးကြွေလာသောအသံဖြင့် နိုးသော အခါကဲ့သို့ အာဝဇ္ဇန်းဖြစ်သောအခါကို မှတ်အပ်၏။ မျက်စိဖွင့်သော အခါကဲ့သို့ စက္ခုဝိညာဏ်ဖြစ်သောအခါကို မှတ်အပ်၏။ သရက်သီးကို ကိုင်ယူသေအခါကဲ့သို့ သမ္ပဋိစ္ဆိုင်းဖြစ်သောအခါကို မှတ်အပ်၏။ ဆုပ်နယ်သောအခါကဲ့သို့ သန္တီရဏာဖြစ် သော အခါကို မှတ်အပ်၏။ နမ်းသောအခါကဲ့သို့ ဝုဋ္ဌောဖြစ်သောအခါကို မှတ် အပ်၏။ ကိုက်ခါကိုက်ခါစားသောအခါကဲ့သို့ ဇောဖြစ်သောအခါကို မှတ်အပ်၏။ မျိုသော အခါကဲ့သို့ တဒါရုံဖြစ်သောအခါကို မှတ်အပ်၏။ တစ်ဖန်ပြန်အိပ်သောအခါ ကဲ့သို့ ဘဝင်ကျသောအခါကို မှတ်အပ်၏။

## ၁။ ဝိထိစိတ်တို့၏ စိတ္တနိယာမအားဖြင့် ဖြစ်ပုံ

ဝိထိစိတ်တို့သည် အချင်းချင်း မရောမယှက်ကုန်သည်ဖြစ်၍ ဆိုင်ရာကိစ္စကို ဆောင်ရွက်ကြကုန်လျက် စိတ်တို့၏ ဖြစ်မြဲနိယာမသဘောအားဖြင့်သာ ဖြစ်ကြကုန်၏။ တစ်စုံတစ်ယောက်သောသူက ''သင် အာဝဇ္ဇန်းသည် ဘဝင်၏အခြားမဲ့၌ ဖြစ်ပါလေ၊ စက္ခုဝိညာဏ်စသည်သည် အာဝဇ္ဇန်း၏အခြားမဲ့၌ ဖြစ်ပါလေ'' စသည်ဖြင့် စေခိုင်း တိုက်တွန်း၍ ဖြစ်လာရခြင်းမဟုတ်ဘဲ စိတ်တို့၏ဖြစ်မြဲ စိတ္တနိယာမ၏အစွမ်းဖြင့်သာ ဖြစ်လာကြကုန်၏။

## မဟန္တာရုံဝိထိ၌ တဒါရုံမဖြစ်ခြင်းအကြောင်း

တစ်ခုသော ဝိထိ၌ အချို့ကုန်သော ပစ္စုပ္ပန်အာရုံတို့၌၊ အချို့ကုန်သော စိတ်တို့သည် အတိတ်အာရုံရှိကုန်၏။ ထို့ကြောင့် တဒါရုံမဖြစ်။ (ဋီ၊ မြန်)

အာရုံသည် အတိမဟန္တာရုံလောက် အားမကောင်း၊ အားနည်းသဖြင့် တဒါရုံ နှစ်ကြိမ် မဖြစ်လောက်သောကြောင့် တဒါရုံမကျခြင်းဖြစ်သည်။ တစ်ကြိမ်တည်းလည်း တဒါရုံကျရိုးမရှိ။ ထို့ကြောင့် တဒါရုံမကျနိုင်ခြင်းဖြစ်သည်။

## တဒါရုံတစ်ကြိမ်ကျခြင်းကိုမဆိုဘဲ နှစ်ကြိမ်ကျခြင်းကိုသာ ဆိုခြင်း

(၁၅)ချက်သော စိတ္တက္ခဏအသက်ရှိသော အာရုံတို့၌လည်း ဇောဖြစ်သည်မှ နောက်၌ စိတ္တက္ခဏတစ်ချက်သည်သာလျှင် ကြွင်း၏။ ထို့ကြောင့် တဒါရုံ နှစ်ကြိမ်ဖြစ်ခြင်းငှာ မလောက်သည်၏အဖြစ်ကြောင့် ဒုတိယတဒါရုံ၏ ဖြစ်ခြင်းမရှိ။ ဒုတိယတဒါရုံမဖြစ်နိုင်သောကြောင့် ပဌမတဒါရုံလည်း မဖြစ်။

အဘယ့်ကြောင့် တဒါရုံတစ်ကြိမ် မဖြစ်ပါသနည်း ဆိုသော် - စိတ်ဖြစ်ခြင်းကို ရေတွက်ရာ၌ ဝါရအားလုံးတို့၌ ''တဒါရမ္မဏာနိ ဒွေ''ဟု တဒါရုံနှစ်ကြိမ်သာ လာသည်၏အဖြစ်ကြောင့် နှစ်ကြိမ်သာလျှင် တဒါရုံ၏ဖြစ်ခြင်းကို ပါဠိတော်၌ မှတ်ပြတော်မူပါသည်။

[ပရမတ္ထဝိနိစ္ဆယကျမ်း၌ ''တဒါရုံတစ်ကြိမ် (သို့) နှစ်ကြိမ်ကျသည်''ဟု မဏ္ဍိမနိကာယ်ဆောင်မထေရ်တို့၏ အယူအ ာကို မှီး၍ဆိုထား၏။ ယင်းအယူအဆကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ပယ်သောကြောင့် အရှင်အနုရုဒ္ဓါမထေရ်လည်း ပယ်တော်မူ၏။]

## ဘဝင်ကျပုံအဓိပ္ပာယ်

စိတ်သည် ဝီထိစိတ်၏အစွမ်းဖြင့် မဖြစ်ဘဲ ဘဝင်ကိစ္စ၌ ကျရောက်ခြင်းကဲ့သို့ ဘဝင်၏အစွမ်းဖြင့် ဖြစ်ခြင်းသည် ဘဝင်ကျသည် မည်ပါသည်။

## ပရိတ္တာရုံဝီထိ

ယာဝ ဇဝနုပ္ပါဒါပိ အပ္ပဟောန္တာတီတကမာပါထံ အာရမ္မဏံ ပရိတ္တံ နာမ၊ တတ္ထ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွိတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။ တတော ပရံ .ဘဝင်္ဂပါတောဝ ဟောတိ။

ဇောဖြစ်သည်တိုင်အောင်လည်း မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော ထင်ခြင်းသို့ ရောက်သော အာရုံသည် ပရိတ္တာရုံဝီထိမည်၏။ ထိုပရိတ္တာရုံဝီထိ၌ ဇောမဖြစ်သောကြောင့် ဝုဋ္ဌောစိတ် နှစ်ကြိမ် သုံးကြိမ်သာလျှင် ဖြစ်၏။ ထိုဝုဋ္ဌော ချုပ်သည်မှနောက်၌ ဘဝင်ကျ၏။

## ပရိတ္တာရုံဝီထိ၌ ဇောမရခြင်းအကြောင်း

ပရိတ္တာရုံဝီထိသည် အာရုံငါးပါးကို ထင်ရှားစွာ မမြင်နိုင်၊ မထိခိုက်နိုင်ပါဘဲ မြင်လိုက်သလို၊ ကြားလိုက်သလိုမျှဖြစ်သော အားနည်းသော အာရုံမျိုးဖြစ်သည်၊ ဤသို့အားနည်းသော အာရုံဖြစ်၍ အာရုံ၏အရသာကို ပိုင်းခြား၍ သေချာစွာ မသိနိုင် မခံစားနိုင်သည်ဖြစ်သောကြောင့် ဇောမကျနိုင်ခြင်းဖြစ်သည်။

## ဝုဋ္ဌော နှစ်ကြိမ်ဖြစ်ရခြင်း

ဇောမရသောဝါရ၌ ဇောအရာကို ယူ၍ ဝုဋ္ဌော နှစ်ကြိမ်ဖြစ်ရ၏၊ ထို့ကြောင့် ဤပရိတ္တာရုံဝီထိကို ဝေါဋ္ဌဗ္ဗနဝါရ ဟု ဆိုလေသည်။

ဝုဋ္ဌောသည် ဇောကျသော ဝီထိ၌ တစ်ကြိမ်ဖြစ်၍ ဇောမကျသော ဝီထိ၌ ဇောအစား နှစ်ကြိမ် သုံးကြိမ် ဖြစ်ခွင့်ရှိသောကြောင့် ဇောမကျသော ဤပရိတ္တာရုံ ဝီထိ၌ ဝုဋ္ဌောနှစ်ကြိမ် သုံးကြိမ် ဖြစ်ရသည်။

ဒွိတ္တိက္ခတ္တုံ = (ဝုဋ္ဌော) နှစ်ကြိမ်သော်လည်းကောင်း၊ သုံးကြိမ်သော်လည်း ကောင်း။

ဒွိက္ခတ္တုံ + တိက္ခတ္တုံ = ဒွိတ္တိက္ခတ္တုံ – နှစ်ကြိမ် သုံးကြိမ် နှစ်ကြိမ်သုံးကြိမ် စကား၌ ဝုဋ္ဌောသည် ဒွိက္ခတ္တုံ = နှစ်ကြိမ်သာကျသည်၊ တိက္ခတ္တုံ=သုံးကြိမ်ကျ သည်ဆိုသော် စကားမှာ အပိုစကားဖြစ်သည်။ စကားပြေပြစ်ရုံ စကားချောရုံ မျှသာ ထည့်ထားသည်ဟု ကေစိဆရာတို့က ယူဆကြကုန်၏။

## တိက္ခတ္တုံ သဒ္ဒါပို / မပို

အမှန်တကယ် ဒွိက္ခတ္တုံ = နှစ်ကြိမ်သာ အတိအကျ ဖြစ်သည်ဟုဆိုလျှင် ''ဒွိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပရိဝတ္တတိ = နှစ်ကြိမ် ဝုဋ္ဌောစိတ်သည်သာလျှင် အဖန်ဖန် ဖြစ်၏''ဟု ဆိုလျှင်လည်း စကားပြေပြစ် ချောမောလှပါသည်။ (သုံးကြိမ်မဖြစ်ဘဲ တိက္ခတ္တုံ သဒ္ဒါကို စကားပြေပြစ် ချောမွေ့ဖို့ရန် အထူးအပိုထည့်စရာမလိုပါ။)

ထို့ပြင် တိက္ခတ္တုံ = သုံးကြိမ်ဖြစ်ခြင်းကို တားမြစ်ထားသော စကားတစ်စိ တစ်ခုကိုမျှလည်း အဋ္ဌကထာကျမ်းများ၌ မတွေ့ရ။

သီဟိုဠ်အဋ္ဌကထာဆရာတို့၏ အဋ္ဌကထာတို့၌လည်း ''ဒွိက္ခတ္တုံ ဝါ တိက္ခတ္တုံ ဝါ''ဟုသာ ဖွင့်ဆိုကြသောကြောင့် ''တိက္ခတ္တုံ''သဒ္ဒါကို တမင်အပိုထည့်ထားခြင်း မဟုတ်ပါ။

ပရိတ္တာရုံဝိထိတွင် ဝုဋ္ဌော နှစ်ကြိမ် သုံးကြိမ်သာ ဖြစ်၏။ ဇောမဖြစ်ပေ။ ဝုဋ္ဌောနောင် ဇောမဖြစ်ခြင်းကို မူလဋီကာဆရာ အရှင်အာနန္ဒထေရ် မနှစ်သက်ချေ။ အဘယ်ကြောင့်ဆိုသော် 'ဝုဋ္ဌော ဟူသော အာဝဇ္ဇန်းသည် ကုသိုလ် အကုသိုလ် ကြိယာဇောတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏''ဟု ပဋ္ဌာန်းကျမ်းတွင် ဟော ထားချက်ရှိသည်။ ထို့ကြောင့် ဝုဋ္ဌောနောင် ဇောကေန်ဖြစ်ရမည်။ ခုနစ်ကြိမ်ပြည့် အောင် မစောနိုင်စေကာမူ မုစ္ဆာကာလ (တွေဝေသောအခါ )စသည်တို့၌ အားနည်း၍ လေးကြိမ် ငါးကြိမ် စောနိုင်ပါသေးသည်၊ လေးကြိမ် ငါးကြိမ်မျှ စောခွင့်မရလျှင် မူလကတည်းက ဝိထိစိတ်ဖြစ်လာနိုင်စရာ မရှိဟု ယူဆသော ကြောင့် ဖြစ်သည်။

အရှင်အာနန္ဒာ၏ ယင်းသို့ ပြဆိုချက်သည် မလျောက်ပတ်ပါချေ၊ အဘယ် ကြောင့် ဆိုသော် အနန္တရပစ္စည်းအဖြစ် ဟောထားတော်မူချက်ပါလျက် အကြောင်း ချို့တဲ့လျှင် အနန္တရပစ္စည်း မတပ်သော အရာလည်း ရှိပါသေးသည်။ ဥပမာအားဖြင့် တိဟိတ်ဝိပါက်စိတ်တို့ကို အနန္တရပစ္စည်းတပ်သော တရားအဖြစ် ပဋ္ဌာန်းကျမ်း၌ ဟောထားတော်မူ၏။ ထိုသို့ ဟောထားသော်လည်း ချွင်းချက်အနေဖြင့် ရဟန္တာ တို့၏ တိဟိတ်ဝိပါက်စိတ်သည် နောက်ဘဝပဋိသန္ဓေအား အနန္တရသတ္တိဖြင့် ကျေးဇူးမပြုနိုင်ကြောင်းကို သီးသန့်ထုတ်ဆိုထားခြင်း မရှိပါ။ ထို့အတူပင် ဝုဋ္ဌော သည် ဇောအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဆိုသော်လည်း အာရုံ၏ အားနည်းခြင်းဟူသော အကြောင်းချို့တဲ့၍ ဝုဋ္ဌောနောင် ဇောမဖြစ်နိုင်ခြင်းကို သီးသန့်မဆိုသော်လည်း သိနိုင်ပါသည်။ ထို့ကြောင့် ဝုဋ္ဌောနှစ်ကြိမ် သုံးကြိမ်သာ ဖြစ်ရပါသည်။

## အတိပရိတ္တာရုံဝီထိ

ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါ စ ပန အပ္ပဟောန္တာတီတကမာပါထ မာဂတံ နိရောဓာ သန္နမာရမ္မဏံ အတိပရိတ္တံ နာမ၊ တတ္ထ ဘဝင်္ဂစလနမေဝ ဟောတိ၊ နတ္ထိ ဝီထိစိတ္တုပ္ပာဒေါ။

ဝုဋ္ဌောစိတ်ဖြစ်သည်တိုင်အောင် မလောက်သည်ဖြစ်၍ လွန်ခြင်းရှိသော ထင်ခြင်းသို့ ရောက်သော နီးသော ချုပ်ခြင်းရှိသော (ဝါ) ချုပ်ခါနီးသော အာရုံသည် အတိပရိတ္တာရုံမည်၏။

ထိုအတိပရိတ္တာရုံ၌ ဘဝင်လှုပ်ရုံမျှသာ ဖြစ်၏၊ ဝီထိစိတ်ဖြစ်ခြင်း မရှိပေ။

## ဝီထိစိတ်ဖြစ်ခြင်းမရှိတော့ပါဘဲလျက် အတိပရိတ္တာရုံဝီထိဟု ခေါ်ဆိုခြင်း အကြောင်း

ဤအတိပရိတ္တာရုံဝီထိသည် အမိဝမ်းတိုက်မှ မွေးဖွားခါစ အခိုက်ကလေး သူငယ်များအား ဖြစ်သော ဝီထိစိတ်မျိုးတည်း။ ထိုကလေးသူငယ်တို့သည် မွေးခါစ ဖြစ်၍ အလွန်တရာ အားနည်းသောကြောင့် ပသာဒနှင့်အာရုံ ထိခိုက်သော်လည်း ပဉ္စဒွါရာဝဇ္ဇန်းစသော ဝီထိစိတ်မဖြစ်မူ၍ အာရုံတို့သည် အထိုင်းမသိ ချုပ်သွားကြကုန်၏။ ထိုသို့ဖြစ်သော်လည်း အာရုံနှင့်ပသာဒရုပ်တို့၏ ထိခိုက်မှုကြောင့် ဘဝင်တို့၏ လှုပ်ရှားမှုကို အစွဲပြု၍ ဝီထိစိတ်မဖြစ်သော်လည်း ဝီထိအရာသို့ သွင်း၍ ခေါ်ဆိုရလေ၏။

အရှင်အနုရုဒ္ဓါဆရာသည် အတိပရိတ္တာရုံဝီထိ၌ "နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ = ဝီထိစိတ်တို့ဖြစ်ခြင်းမရှိ"ဟု ဆိုတော်မူ၏။ အပရေဆရာတို့က "နတ္ထိ ဘဝင်္ဂုပစ္ဆေဒေါ =ဘဝင်ပြတ်ခြင်းမရှိ"ဟု ဆိုကြ၏။ ထိုအဆိုနှစ်ရပ်လုံးပင် သင့်မြတ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ဝီထိစိတ်ဖြစ်လျှင် မုချဘဝင်ပြတ်ရသည်။ ဝီထိစိတ်မဖြစ်သော် ဘဝင်ပြတ်ခြင်းမရှိ။ ထို့ကြောင့် ယင်းအဆိုနှစ်ခုတွင် တစ်ခုကို ဆိုက အဓိပ္ပာယ်ပြည့်စုံပေပြီ။ အောက်အတိမဟန္တာရုံ၌လည်း ဘဝင်္ဂုပစ္ဆေဒအမည်ဖြင့် အသီးအခြားမဆိုသောကြောင့် ဤပရိတ္တာရုံအရာ၌လည်း ဘဝင်္ဂစလန ဟူ၍ သာမည်အားဖြင့် ဆိုအပ်၏။

အနုရုဒ္ဓါဆရာသည် အတိပရိတ္တာရုံဝီထိကိုသာ ဝီထိစိတ်တို့ ဖြစ်ခြင်းမရှိသောကြောင့် "မောဃဝါရ"မည်ဟု ဆိုတော်မူ၏။

အဋ္ဌသာလိနီအဋ္ဌကထာ၌ မဟာန္တာရုံဝိထိသည် တဒါရုံမဖြစ်ခြင်း၊ (တဒါရုံမှ ဆိတ်သုဉ်းခြင်းကြောင့်)လည်းကောင်း၊ ပရိတ္တာရုံဝိထိသည် ဇောမဖြစ်ခြင်း (ဇောမှ ဆိတ်သုဉ်းခြင်းကြောင့်လည်းကောင်း မောဃဝါရများဟုပင် ဆိုတော်မူ၏။

## ဤအတိပရိတ္တာရုံဝိထိ၌ ဝိထိစိတ်မဖြစ်ဘဲ ဘဝင်သာကျရခြင်း

လွန်သော အဖို့အစုအားဖြင့် (အလွန်အားဖြင့်) စိတ္တက္ခဏ (၇)ချက်အသက် ကြွင်းရှိသော အာရုံ၏ ဝဋ္ဋော နှစ်ကြိမ် သုံးကြိမ်ဖြစ်ခြင်းငှာ မလောက်သောကြောင့် ဝိထိစိတ်များ ဖြစ်ခြင်းမရှိ၊ ဘဝင်သာ ကျရသည်။

**ပဉ္စဒွါရဝိထိ စိတ္တပ္ပဝတ္တိအခန်းပြီး၏။**

---

## မနောဒွါရ ကာမဇောဝါရ

ပဉ္စဒွါရဝိထိ၌ အာရုံသည် ပစ္စုပ္ပန် ပဉ္စာရုံကိုသာ အာရုံပြု၍ အတိမဟန္တာရုံ စသည်အားဖြင့် မှတ်သားပြီး မနောဒွါရဝိထိ၌ မနောဒွါရဟူသည်မှာ ဘဝင်စိတ် ဖြစ်၍ ထိုဘဝင်စိတ်၌ တည်လာနိုင်သောအာရုံသည် ပစ္စုပ္ပန် ပဉ္စာရုံသာမက ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် စေတသိက် ရုပ် အားလုံးနှင့်နိဗ္ဗာန် ပညတ် များကိုသာ အာရုံယူနိုင်သောကြောင့် မနောဒွါရဝိထိ၌ အတိမဟန္တာရုံ စသည်ဖြင့် မှတ်ခြင်းငှာ မစွမ်းနိုင်၍ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ် စေတသိက် စသော အာရုံအားလုံးကို ထင်ထင်ရှားရှား အာရုံပြုက ဝိဘူတာရုံနှင့် မထင်မရှား အာရုံပြုက အဝိဘူတာရုံဟု အာရုံ (ဝိသယပ္ပတ္တိ) နှစ်မျိုးဖြင့်သာ မှတ်သားပါသည်။

### မနောဒွါရ၌ ထင်နိုင်သောအာရုံများ

မနောဒွါရ၌ လွန်လေပြီးသော အတိတ်ရုပ်နာမ်တရား၊ မဖြစ်သေးသော အနာဂတ်ရုပ်နာမ်တရား၊ ဖြစ်တုန်းဆဲဆဲဖြစ်သော ပစ္စုပ္ပန်ရုပ်နာမ်တရား၊ ထင်ရှား မရှိသော ပညတ်အမျိုးမျိုး၊ အလွန်သိမ်မွေ့နက်နဲသော နိဗ္ဗာန်တရားများပင် ထင်လာနိုင်ကြသည်။ (မနောဒွါရ၌ မထင်နိုင်သော အာရုံဟူ၍ မရှိ၊ စိတ်စွမ်းသတ္တိ ရှိသလောက် မနောဒွါရ၌ အာရုံအမျိုးမျိုး ဆန်းဆန်းကြယ်ကြယ် ထင်နိုင်သည်။)

### ထင်လာခြင်းအကြောင်းများကား

ဆောင်။ ။ တွေ့ အကြား၊ နှစ်ပါးရယ်နှင့်စပ်၍ကြုံ၊ သဒ္ဓါယုံ ကိုယ်အကြိုက်ကယ်
နှင့်၊ ခြင်းရာကို ကြံကာနှိုက်၊ ကိန်းဆိုက်အာရုံ၊ ဉာဏ်အမှု၊ စွာရှု၍

နှစ်သက်ပုံ၊ ကံအဟုန်တန်ခိုး၊ ဓာတ်ခေါ်ဘုံ၊ နတ်များငယ်ဆော်ဖန်လို့
လျှော်ကန်တော်မှန်သိတာကြောင့် ဘဝင်မှာ ထင်လာပြီရတယ်၊
ကျမ်းရှိလက်ရိုး။

ကိုယ်တိုင်တွေ့ခဲ့၊ ကြားခဲ့သည်ကို ပြန်၍အာရုံထင်နိုင်ခြင်း၊ သူတစ်ပါးပြောသည်ကို ယုံ၍ အာရုံ၌ ထင်လာခြင်း၊ ကြိုက်နှစ်သက်သော အာရုံကို တွေးပြီး အာရုံထင်နေခြင်း၊ (ပရမတ္ထ) တရားသဘောတို့ကို ဆင်ခြင်သဖြင့် အာရုံမှာ ထင်နေခြင်း၊ အရာရာတိုင်း၌ ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ ကျေနပ်နှစ်သက်ဆုံးဖြတ်၍ အာရုံထင်နေခြင်း၊ (ကံအစွမ်းကြောင့်လည်းကောင်း၊ ဓာတ်လေးပါးမညီ၍လည်းကောင်း၊ နတ်တို့ဖန်ဆင်း ဆောင်ပြခြင်းဖြင့်လည်းကောင်း၊ (အိပ်မက်အနေဖြင့်) အာရုံထင်နေခြင်း၊ သစ္စာလေးပါးကို အမှန်အတိုင်းသိ၍ အာရုံထင်နေခြင်းစသည်ဖြင့် မနောဒွါရ၌ အာရုံထင်နိုင်မှု အကြောင်းများစွာ ရှိငြိလေသည်။

## ကာမဇောဝါရ မနောဒွါရဝီထိတိုင်း အတီတဘဝင်ကျနိုင်သည်မဟုတ်ကြောင်း

(၁၇)ချက် ရုပ်သက်အစေ့ရကောင်းသော (ဝိညတ်ဒွေး၊ လက္ခဏာရုပ်လေးခု) ကြဉ်သော ပစ္စုပ္ပန်ရုပ်ဗာဝီသ (၂၂)မျိုးကို အာရုံပြုသော မနောဒွါရဝီထိမျိုးသာ အတီတဘဝင်ကျနိုင်သည်။

(၁၇)ချက်အသက်စေ့မရကောင်းသာ ကာလသုံးပါး၌ဖြစ်သော ရုပ်နာမ် ပညတ်တို့ကို အာရုံပြုသော မနောဒွါရဝီထိမျိုးကား အတီတဘဝင်မကျကောင်းပါ။

အတီတဘဝင်ကျနိုင်သော ဝီထိမျိုးမှာ -

(၁) ကာမဇောဝါရလည်း ဖြစ်မှ၊

(၂) ၁၇-ချက် ရုပ်သက်စေ့သေည့် ပစ္စုပ္ပန်ရုပ်ဗာဝီသကိုလည်း အာရုံပြုမှ အတီတဘဝင်ကျနိုင်သည်။

## မနောဒွါရ အပ္ပနာဇောဝါရ

''အပ္ပနာ''ဟသည် စိတ် စေတသိက်တရားတို့ကို အာရုံ၌ မြဲမြံတည်တံ့အောင် အပ်နှံထားခြင်း၊ ရှေ့ရှုတည်ထားခြင်းကို ''အပ္ပနာ''ဟု ခေါ်သည်။ (အပ္ပနာ= အပ်နှံထားခြင်း၊ ရှေ့ရှုတည်ထားခြင်း) ဝိတက်သည် စိတ် စေတသိက် တရားတို့ကို အာရုံသို့ ရောက်အောင် တင်ပေးခြင်းဖြစ်၍ အပ္ပနာ၏အမည်ရင်းမှာ ဝိတက်ပင်ဖြစ်သည်။

စိတက်၏အာရုံကို တင်ပေးမှုကိစ္စအထူးကြောင့် ဆိုင်ရာအာရုံတို့၌ အပ်နှံထားသောအားဖြင့် မြဲမြံခိုင်ခံ့ တည်တံ့နေသော လောကီ လောကုတ္တရာ ပဌမ ဈာန်စိတ်ကို ''အပ္ပနာစိတ်''ဟု ခေါ်၏။

အပ္ပနာနှင့်စပ်သော စိတ်အဆက်ဆက်သည် အပ္ပနာဝီထိ မည်၏။

ထိုအပ္ပနာဝီထိသည် အမှတ်မရှိ ကျချင်သလို ကျသည်မဟုတ်၊ သမထ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ရူပ အရူပ အပ္ပနာဈာန်ဇော တို့သာ ဖြစ်၏။ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား လောကုတ္တရာ (မဂ်ဖိုလ်) အပ္ပနာဇောတို့ စောကုန်၏ ဟု ယထာဘိနီဟာရဝသေန (ရူပ အရူပ လောကုတ္တရာ မဂ်ဖိုလ်တို့ အားလျော်စွာ သမထ ဝိပဿနာဘာဝနာသို့ ရှေးရှုသည်၏အစွမ်းဖြင့်) စကားဖြင့် ပြပါသည်။ (ဋီ၊ မှတ်ချက်)

ထိုနည်းတူစွာ ဆန့်ကျင်သော နီဝရဏတရားတို့မှ ဝေးကွာ၍ ဆိုင်ရာ အာရုံတို့၌ အပ်နှံထားသော မြဲမြံတည်တံ့နေသော လောကီ လောကုတ္တရာ ဒု တ စ ပဉ္စမဈာန်တို့ကိုလည်း ''အပ္ပနာစိတ်''ဟုပင် ခေါ်၏။

ဆောင် ။ ။ စိတက်ခေါင်မှူး၊ ကိစ္စထူးကြောင့်၊ လွန်ကြူးမြဲမြံ၊ ပဌမဈာန်ကို၊
ခေါ်ရန်ဝေါဟာ၊ အပ္ပနာတည့်၊ တစ်ဖြာထက်ခွင်၊ ဈာန်အစဉ်လည်း၊
ဆန့်ကျင်ကွာကင်း၊ မြဲခိုင်ခြင်းကြောင့်၊ မယွင်းမှီယူ၊ သဒိသူဖြင့်၊ ညီတူ
ဝေါဟာ၊ အပ္ပနာဧ၊ ဋီကာမူလ၊ အဖွင့်ပြသည်၊ အဌကထာ
အသုံးတည်း။

ဤအပ္ပနာဇောဝါရ၌ ကာမဇောဝါရ၌ကဲ့သို့ ဝိဘူတ အဝိဘူတ ဟု နှစ်မျိုး မပြားဘဲ ဝိဘူတတစ်မျိုးသာ ရှိ၏။

အဘယ်ကြောင့် ဆိုသော် – ကသိုဏ်းပညတ်စသော မဟဂ္ဂုတ်အာရုံ၊ တေဘူမကအာရုံတို့ ထင်ထင်ရှားရှား ဖြစ်ပေါ်သောအခါ၌သာလျှင် အပ္ပနာဇောများ ဖြစ်နိုင်သောကြောင့် ဝိဘူတာရုံ တစ်ပါးသာဖြစ်၏။ မထင်ရှားသော အဝိဘူတာရုံ မရနိုင်ပေ။ အပ္ပနာဇောဝါရ၌ တဒါရုံလည်း ကျခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံ သုံးချက်စုမှ တဒါရုံကျနိုင်သည်။ ဤ၌ မဟဂ္ဂုတ်အာရုံ အပ္ပနာဇောဖြစ်၍ တဒါရုံမကျနိုင်။ (ဋီ၊ မှတ်ချက်)

အပ္ပနာဈာန်ရရန် – ကသိုဏ်း၊ နိမိတ်စသည်ကို အာရုံပြုကာ ပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်များ ထင်လာပြီး

အပ္ပနာဖြစ် လုလတ်သော် ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့အတွက် ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်ဇော လေးပါးတို့တွင် တစ်ပါးပါး။ ရဟန္တာသန္တာန်၌ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောလေးပါးတို့တွင် တစ်ပါးပါးသော ဇောစိတ်သည် မန္ဒပညာ ပုဂ္ဂိုလ်အား ပရိကံ+ဥပစာရ+အနုလုံ+ဂေါတြဘူ ဟု လေးကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်အား ဥပစာ+အနုလုံ+ဂေါတြဘူ ဟု သုံးကြိမ်ဖြစ်၏။ (ဋီ၊ မှတ်ချက်)

ထိုအပ္ပနာဇောဝါရ၌ အာရုံများကား လောကုတ္တရာအပ္ပနာဇောများအတွက် နိဗ္ဗာန်အာရုံနှင့် လောကီမဟဂ္ဂုတ်အပ္ပနာဇောများအတွက် ကသိုဏ်းပညတ်စသော အာရုံများဖြစ်၍ မနောဒွါရဖြင့် အာရုံယူခြင်းဖြစ်ရကား အတီတဘဝင်ချဖွယ်မလို။ ထုံးစံအတိုင်း ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်းတို့ဖြစ်ပြီးနောက် ကာမာဝစရဉာဏသမ္ပယုတ်ဇောတို့ စောကြ၏။ ထိုသို့ စောရာ၌ ဈာန်မဂ်ဖိုလ် တို့၏ ရှေ့သွားဖြစ်သောကြောင့် ဉာဏသမ္ပယုတ်ဇောသာ စောရ၏။ (ပုထုဇဉ်သေက္ခ သန္တာန်၌ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော လေးပါးနှင့် ရဟန္တာတို့သန္တာန်၌ မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄-ပါး ပေါင်း ၈-ပါးတွင် တစ်ပါးပါးဖြစ်သည်။ ၎င်း ၈-ပါးကို အပ္ပနာဇော၏ အနီးအနား၌ ဖြစ်သောဇောများ ဖြစ်သောကြောင့် လည်းကောင်း၊ သမာဓိအားကောင်းသောကြောင့်လည်းကောင်း ဥပစာရသမာဓိ ဇောဟု ခေါ်သည်။)

ထို ၈-ပါးတွင် တစ်ပါးပါးသည် ဉာဏ်နုံသူ= မန္ဒာဘိညာပုဂ္ဂိုလ်အတွက် ပရိကံ+ ဥပစာ+အနုလုံ+ဂေါတြဘူဟု ၄-ကြိမ် ဉာဏ်ထင်သူ= တိက္ခပညာပုဂ္ဂိုလ်အတွက် ဥပစာ+အနုလုံ+ဂေါတြဘူဟု ၃-ကြိမ်ဖြစ်ပြီးမှ ဆိုင်ရာကိစ္စ ဆောင်ရွက်မှု ပြီးစီး သဖြင့် ဆိုင်ရာ အပ္ပနာဇောတို့ ဆက်လက်ဖြစ်ပေါ်လာ၏။ (ဘာသာဋီ)

၁။ ထိုတွင် အပ္ပနာဈာန်ဖြစ်ပေါ်ရန် ပြုပြင်စီရင်တတ်သောကြောင့် ပရိကံ မည်၏။

၂။ အပ္ပနာဇော၏ အနီး၌ မကြာမီ အပ္ပနာဖြစ်ပေါ်ရန် ဖြစ်တတ်သော ကြောင့် ဥပစာ မည်၏။

၃။ အောက်ပရိကံဇောအားလည်းကောင်း၊ အထက်အပ္ပနာဇောအား လည်းကောင်း လျော်စွာဖြစ်သောကြောင့် အနုလုံ မည်၏။

၄။ ကာမအနွယ်ကို နှိပ်စက်၍ ပုထုဇဉ်အနွယ်ကို ဖြတ်တတ်သောကြောင့် လည်းကောင်း၊ မဟဂ္ဂုတ်+ လောကုတ္တရာအနွယ်ကို ပွားစေတတ် သောကြောင့်လည်းကောင်း ဂေါတြဘူ မည်၏။

ဒွိဟိတ် ဉာဏဝိပ္ပယုတ်ဇောတို့သည် ဉာဏ်နှင့်မယှဉ်၊ ဉာဏ်မှကင်းကုန်သည် ဖြစ်၍ မခိုင်ခံ၊ တုတ်လှုပ်ချောက်ချားတတ်သဖြင့် ဈာန်တရားကို ကပ်၍ မရှုနိုင်ကုန်။ အပ္ပနာအား အနန္တရူပနိဿယပစ္စည်း မတပ်နိုင်သောကြောင့် ပရိကံ စသည်မဖြစ်နိုင်ကုန်။

## အပ္ပနာဇောဝါရ ဝီထိ၌ ဇော ၄-ကြိမ် ၅-ကြိမ်ဖြစ်ရပုံ

ကာမဇောဝါရ၌ ဇော ၇-ကြိမ်ဖြစ်သကဲ့သို့ ဤဝါရ၌ ၄-ကြိမ် ၅-ကြိမ်သာ ဖြစ်ရပုံမှာ -

အစဦးဆုံးသော အာဒိကမ္မိကဈာန် အပ္ပနာဝီထိဖြစ်ပုံ -

(မန္ဒပညာ) န+ဒ+မ+ပရိကံ+ ဥပစာ+အနုလုံ+ဂေါတြဘူ+ဈာန်- ဘဝင်-ဘဝင်။

တိက္ခပညာ န+ဒ+မ+ဥပစာ+အနုလုံ+ဂေါတြဘူ+ဈာန်+ဘဝင်+ဘဝင်။

အထက်ပါဝီထိပုံစံတွင် ၅-ကြိမ်မြောက်၊ ၄-ကြိမ်မြောက်တို့၌ ဇောစိတ်အဖြစ်ရပ်ပြီး ၆-ကြိမ်၊ ၇-ကြိမ်မြောက်ထိ မဖြစ်ရခြင်းမှာ -

၆-ကြိမ်၊ ၇-ကြိမ်မြောက်၌ ဖြစ်သောဇောသည် ဘဝင်ကျဖို့ နီးနေသောကြောင့် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်ခြင်းငှာ မစွမ်းနိုင်ပါ။

ချောက်ကမ်းပါးသို့ ရှေ့ရှုပြေးသောသူ ရပ်လိုသော် ကမ်းပါးနှင့်ကပ် မရပ်ဝံ့၊ ရပ်ပါကလည်း အရှိန်လွန်၍ ကမ်းပါးအောက် ချောက်ထဲသို့ ကျတတ်သကဲ့သို့ ထို့အတူ ထိုအပ္ပနာဇောတို့သည် ဘဝင်တည်းဟူသော ကမ်းပါးပြတ်နှင့်နီးကပ်လျက်ရှိသောကြောင့် ခြောက်ကြိမ်မြောက်၌သော်လည်းကောင်း၊ ခုနစ်ကြိမ်မြောက်၌သော်လည်းကောင်း မဖြစ်နိုင်၊ လေးကြိမ်မြောက်၊ ငါးကြိမ်မြောက်၌သာ ဖြစ်နိုင်ကျနိုင်၏။

၄-ကြိမ်အောက် အယုတ်အားဖြင့် မဖြစ်ခြင်းမှာ -

ဉ+ န+ ဂေါတြဘူ+ ဈာန်-ဝီထိတွင် အနုလုံသည်-

ဥပစာဟူသော မှီရာတူဇောမှ အာသေဝနပစ္စည်းကို မရလျှင် ဂေါတြဘူကို မဖြစ်စေနိုင်။ ဂေါတြဘူ မဖြစ်လျှင် ဈာန်လည်း မဖြစ်လာနိုင်။ ထို့ကြောင့် ၄-ကြိမ်အောက် အယုတ်အပ္ပနာဇောဖြစ်နိုင်ဖွယ် မရှိပေ။

ကာမဇောသည် မန္ဒအတွက် ၄-ကြိမ်ဖြစ်ပြီးလျှင် အပ္ပနာဇောသည် ၅-ကြိမ်မြောက်၌လည်းကောင်း၊

ကာမဇောသည် တိက္ခအတွက် ၃-ကြိမ်ဖြစ်ပြီးလျှင် အပ္ပနာဇောသည် ၄-ကြိမ်မြောက်၌လည်းကောင်း ဖြစ်၏။

သင်္ဂြိုဟ်ပါဌ်၌ ရင်းအစဉ်အတိုင်း ကာမဇောအပိုင်း၌ စတုက္ခတ္တုံ တိက္ခတ္တုံ မေဝဝါဟု သချာအစဉ်အတိုင်းဆိုပြီး အပ္ပနာဇောအပိုင်း၌ စတုတ္ထံ ပဥ္စမံဝါဟု ဆိုခြင်းမှာ သချာအစဉ်မကျဘဲ ဖြစ်နေသည်။

အဘယ်ကြောင့် ထိုသို့ ဆိုပါသနည်း။

ကာမဇောအပိုင်း၌ အများကို အရင်ဆိုခြင်းမှာ အများဆုံးရနိုင်သောဇော အကြိမ်ကို အရင်ပြလို၍ စတုက္ခတ္တုံ တိက္ခတ္တုံမေဝဝါဟု ဆိုခြင်းဖြစ်သည်။

အပ္ပနာဇောအပိုင်း၌ သချာအစဉ်အတိုင်းသာ အနည်းမှ အများကို ပြလို၍ စတုတ္ထံ ပဥ္စမံဝါဟု ဆိုခြင်းဖြစ်သည်။

## ဂေါတြဘူကို ဥပစာဟု ဆိုနိုင်, မဆိုနိုင်

အပ္ပနာ၏အနီး၌ ဖြစ်သောကြောင့် ဥပစာဟုဆိုလျှင် ဂေါတြဘူသည် အပ္ပနာနှင့်အနီးဆုံးဖြစ်၍ ဂေါတြဘူသာ ဥပစာ မည်သင့်သည် မဟုတ်ပါလော။

ဥပစာသည် အနီးကပ်ဆုံး မဟုတ်သော်လည်း မဝေးလွန်းသောကြောင့် ဒုတိယစိတ်ကိုသာ ဥပစာ ခေါ်ပါသည်။

ပ+ဥ+နု+ဂေါ ဟူသော ဤကာမာဝစရသမာဓိဇော အမည်လေးမျိုးမှာ - အမည်ချင်းမထပ်အောင် တစ်မျိုးစီ ခွဲခြားဆိုထားခြင်းဖြစ်သည်၊

အမှန်မှာ ဤဇောလေးမျိုးလုံးကို ပရိကံလေးမျိုး၊ ဥပစာလေးမျိုး၊ အနုလုံလေးမျိုးဟု ခေါ်ဆိုက ခေါ်နိုင်ပေသည်။ (ဂေါတြဘူအမည်ကိုကား အဆုံးစတုတ္ထဇောတစ်ခုကိုသာ ခေါ်နိုင်သည်။)

သင်္ဂြိုဟ်ပါဌ်၌ = တတော ပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတော ဝ ဟောတိ။

တတော၊ ထိုလေးကြိမ် ငါးကြိမ်မြောက်၌ အပ္ပနာဇောဖြစ်ပြီးသည်မှ။ ပရံ၊ နောက်၌။ အပ္ပနာဝသာနေ၊ အပ္ပနာဇော၏အဆုံး၌။ ဘဝင်္ဂပါတောဝ၊ ဘဝင်ကျတော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

အထက်ပါစကား၌ "တတော ပရံ (အပ္ပနာဝသာနေ) ဘဝင်္ဂပါတော"၌ "အပ္ပနာဝသာနေ" စကာကို ထည့်မဆိုဘဲ "တတောပရံ ဘဝင်္ဂပါတာဝ" လောက်သာဆိုလျှင် လေးကြိမ်၊ ငါးကြိမ်မြောက်၌ အပ္ပနာဇောတစ်ကြိမ်ဖြစ်ပြီး ဘဝင်ကျသော အပ္ပနာဝီထိများချည်းသာ ရှိသည်။ လေးကြိမ်မြောက်၊ ငါးကြိမ်မြောက်

အထက်အလွန် အပ္ပနာဇောများ ပို၍ဖြစ်ခြင်း မရှိတော့ပြီဟု မှတ်ယူစရာဖြစ်နေသည်။

အမှန်မှာ - မဂ္ဂဝီထိ သမာပတ္တိဝီထိတို့နောင် အပ္ပနာဇောများ လေးကြိမ်ငါးကြိမ်ထက် အလွန်ဖြစ်ပြီး အပ္ပနာဇောများဆုံးမှသာ ဘဝင်ကျသော စည်းကမ်းရှိသည်ကို ပြလို၍ ''အပ္ပနာဝသာနေ''စကားရပ်ကို ထည့်ဆိုရပါသည်။

''ဘဝင်္ဂပါတော ဝ-ဘဝင်္ဂပါတော ဝေ-၌ တားမြစ်သည့် ''ဝေ-သာလျှင်' ဟူသော စကားရပ်ကို ထည့်ဆိုရခြင်းမှာ အပ္ပနာဇောများဆုံးလျှင် ဘဝင်သာကျတော့သည်။ အာဒိကမ္မိက (အစဆုံးဖြစ်သော အပ္ပနာဇောတစ်ကြိမ်နောင် ဇောခုနစ်ကြိမ်ပြည့်စေရန် ကာမဇော နှစ်ကြိမ် သုံးကြိမ် ဝင်၍ဖြည့်ပေးရသေးသည်ဟု ဇေတဝနဝါသီဂိုဏ်း၊ အဘယဂိရိဝါသီဂိုဏ်းသားတို့ အယူရှိကြသဖြင့် ထိုအယူကို တားမြစ်လို၍ ''ဝေ''ဟူသော စကားကို ထည့်ဆိုခြင်းဖြစ်သည်။

## ကာမာဝစရဉာဏ် သမ္ပယုတ်ဇောများနောင် အပ္ပနာဇောများ နောင်းရာ၌

သောမနဿသဟဂတဇဝနာနန္တရံ၊ သောမနဿသဟဂုတ်ဖြစ်ကုန်သော ကုသိုလ်ကြိယာဇောတို့၏အခြားမဲ့၌။ သောမနဿသဟဂတာဝ၊ သောမနဿသဟဂုတ်ဇောသာလျှင်ဖြစ်သော ရှာန်လေးပါး, သုက္ခဝိပဿကအရိယာပုဂ္ဂိုလ်ရှာန်ရ, အရိယာပုဂ္ဂိုလ်တို့၏ မင်္ဂဖိုလ်တို့၏အစွမ်းဖြင့် သောမနဿကိုသာ အလိုရှိ၏။ ဥပေက္ခာဇောမရ။

သောမနဿဇောနောင် ဥပေက္ခာဇော မနှောင်းခြင်းမှာ ဝေဒနာမတူသောဇောအချင်းချင်း အာသေဝနပစ္စည်း မတပ်နိုင်သောကြောင့် ဖြစ်၏။

ကုသိုလ်ဇောနောင် ကြိယာဇောမနှောင်းခြင်းမှာ ဖြစ်ရာပုဂ္ဂိုလ်သန္တာန် မတူကွဲပြားသောကြောင့်လည်းကောင်း၊ ဇာတ်ပြားသောကြောင့်လည်းကောင်း ဖြစ် သည်။ (ကုသိုလ်သည် တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်၏၊ ကြိယာသည် ဘုရားရဟန္တာတို့သန္တာန်၌ ဖြစ်၏။)

ကုသလ ဇဝနာနန္တရံ၊ ကုသိုလ်ဇောနောင် ကုသိုလ်ဇောသာ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏၊ ကြိယာဇောမဖြစ်။

## တဒါရမ္မဏနိယာမ

အောက်၌ ပဋ္ဌာန်ရိုကဝီထိ၊ မနောဒွါရိုကဝီထိ အရ ဝီထိစိတ်ကျပုံဖြစ်ပုံကို သာမညအားဖြင့် ပြ၏၊ ယခုအခါ ဝီထိစိတ်တို့ကို ကုသလဝိပါက်၊ အကုသလ ဝိပါက် စသည်ဖြင့် ဝိသေသအားဖြင့် ဝေဖန်၍ ပြတော်မူ၏။

မကောင်းသော မစင်၊ ခွေးသေကောင်ပုပ် စသော အနိဋ္ဌာရုံကို မြင်မှုသည် မကောင်းသော အကုသိုလ်ကံကြောင့် မြင့်ရသောကြောင့် အဟိတ်အကုသလ ဝိပါက်ဖြစ်သော ပဥ္စဝိညာဏ်အစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့သည် ဖြစ်ကုန် ကျကုန်၏။ ရွှေအိမ်ရွှေနန်းစသော ကောင်းသော ဣဋ္ဌာရုံကို မြင်ရမှုသည် ကုသိုလ် ကံကြောင့် မြင်ရသောကြောင့် အဟိတ်ကုသလဝိပါက်ဖြစ်သော ပဥ္စဝိညာဏအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့သည် ဖြစ်ကုန်၊ ကျကုန်၏။

ဘုရား တရား သံဃာ ရဟန္တာ စသည် ရတနာသုံးပါးနှင့် စပ်လျဉ်းသမျှ အလွန်နှစ်သက်ဖွယ် အတိဣဋ္ဌာရုံကို တွေ့မြင်သောအခါ အဟိတ်ကုသလဝိပါက် သောမနဿသဟဂုတ် သန္တီရဏနှင့်တဒါရုံတို့သည် ဖြစ်ကုန်၊ ကျကုန်၏။

ဣဋ္ဌေ ကုသလဝိပါကာနိ-၌ ဣဋ္ဌ အရ အတိဣဋ္ဌာရုံ (အလွန်နှစ်သက်ဖွယ် အာရုံ) ကို သီးသန့်ပြဆိုမည်ဖြစ်၍ ဣဋ္ဌမဇ္ဈတ္တာရုံ (အလယ်အလတ်ကောင်းသော အာရုံ)ကိုသာ ယူရမည်။ (အလယ်အလတ်ကောင်းသောအာရုံ (ဣဋ္ဌမဇ္ဈတ္တာရုံ)၌ ဝေဒနာမှာ ဥပေက္ခာဖြစ်သည်။ အတိဣဋ္ဌာရုံ (အလွန်နှစ်သက်ဖွယ်အာရုံ)အတွက် သောမနဿ ဟု ဆိုရသည်။)

ဝိပါက်တို့မည်သည် အကျိုးတရားမျိုးဖြစ်၍ ကြေးမုံပြင်မှန်အတွင်း ထင်သော မျက်နှာရိပ်ကဲ့သို့ သက်သက်သော ကံ၏တန်ခိုးသတ္တိအားလျော်စွာ ဖြစ်ရသော ကြောင့် (ကုသိုလ် အကုသိုလ်ဇောများကဲ့သို့ ဣဋ္ဌကို အနိဋ္ဌ ဟုလည်းကောင်း၊ အနိဋ္ဌကို ဣဋ္ဌဟုလည်းကောင်း ဖောက်ပြန်ကာ ကြံဆ၍ မယူနိုင်ပါဘဲ ထင်လာ သောအာရုံအတိုင်းသာ ဝေဒနာနှင့်ယှဉ်ကာ ဖြစ်ရ၍ ဣဋ္ဌာမဇ္ဈတ္တာရုံ၌ ဥပေက္ခာ၊ အတိဣဋ္ဌာရုံ၌ သောမနဿဖြစ်ရလေသည်။

## ဝိပါက်အမှန် ဇောအပြန်

ကုသိုလ် အကုသိုလ်ဇောတို့သည် သညာဝိပလ္လာသ စသော (ထင်မှတ်မှု ဖောက်ပြန်ခြင်း) မကင်းသော ပုထုဇန် သေက္ခပုဂ္ဂိုလ်တို့၏သန္တာန်၌ ဖြစ်သောကြောင့်

အတိဋ္ဌာရုံကိုသော်လည်း ဣဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံအဖြစ်ဖြင့် ယူတတ် ထင်တတ်ကြ၏။ အနိဋ္ဌာရုံစင်စစ်ဖြစ်ပါလျက် ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံအနေအားဖြင့် ယူတတ် ထင်တတ်ကုန်၏။

ဥပမာ - ရတနာသုံးပါးကို မကြည်ညိုကုန်သော တိတ္ထိစသည်တို့သည် ဘုရားအစရှိသော အတိဣဋ္ဌာရုံအစစ်ကို တွေ့မြင်ရပါသော်လည်း အနိဋ္ဌအဖြစ်ဖြင့် ဒေါသဇော စောကုန်၏။ သဒ္ဓါတရား ခေါင်းပါးသော သူတို့သည် ဘုရားအစရှိသော အတိဣဋ္ဌာရုံကို ဖူးမြင်ရသော်လည်း လျစ်လျူရှုသောအားဖြင့် ဥပေက္ခာဇော စောကုန်၏။

နက်နဲသော ဉာဏ်သဘောရှိသောသူတို့သည် စက်ဆုပ်အပ်သောမစင်၊ ခွေး သေကောင်ပုပ် စသော အနိဋ္ဌာရုံကို မြင်ရသော်လည်း လျစ်လျူရှုသောအားဖြင့် ဥပေက္ခာဇော စောကုန်၏။ ခွေး ဝက် ကြက် ငှက်တို့သည် စက်ဆုပ်ဖွယ်ဖြစ်သော အနိဋ္ဌာရုံကို နှစ်သက်သောအားဖြင့် သောမနဿဇော စောကုန်၏။

ဤသို့လျှင် ဝိပ္ပလ္လာသ (ဖောက်ပြန်မှု) မပယ်ရသေးသော သူတို့အား ဝိပ္ပလ္လာသအဟုန်အစွမ်းအားဖြင့် ဖောက်ဖောက်ပြန်ပြန် ဖြစ်မှုကြောင့် အာရုံပင် မှန်သော်လည်း ကုသိုလ် အကုသိုလ်ဇောတို့သည် ဝေဒနာအမှန်နှင့်မယှဉ်နိုင်ဘဲ ဖောက်ပြန်ကုန်သောကြောင့် ''ဇောအပြန်''ဟု ခေါ်သည်။

ဝိပါက်မှာမူကား ဆိုအပ်ပြီးသောအတိုင်း ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးတရားမျိုးဖြစ်၍ ထိုကံတရားအတိုင်း (ထိုကံတရား၏ ပြုပြင်သည်အား လျော်စွာ) မှန်ကြည့်သူကဲ့သို့ အကျိုးဝိပါက် စိတ် ဝေဒနာတို့သည်လည်း အမှန် အတိုင်း ဖြစ်ရကုန်သောကြောင့် ''ဝိပါက်အမှန်''ဟု ခေါ်သည်။

**ကာမဇောနောင် တဒါရုံကျပုံကို ခွဲခြားမှတ်သားပြရာ၌**

(ပုထုဇဉ် သေက္ခတို့၏) ကုသိုလ် အကုသိုလ် သောမနဿဇောနောင် ဥပေက္ခာ တဒါရုံ ဥပေက္ခာနောင် သောမနဿတဒါရုံ စသည်ဖြင့် ဝေဒနာ အရောရော အနှောနှော မညီမညွတ်ကျလေ့ရှိသကဲ့သို့ (ဇယားကြည့်ပါ။)

**သောမနဿတဒါရုံကျပုံ**

တတ္ထာပိ သောမနဿသဟဂတကြိယာဇဝနာဝသာနေ သောမနဿသဟ- ဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ။

ကာမကြိယာသောမနဿဇောဏ်အဆုံး၌ သောမနဿတဒါရုံတို့သာ ဖြစ်ကုန်၏။ ဘုရားရဟန္တာတို့၏စိတ်သည် ဖောက်ပြန်ခြင်းမရှိသောကြောင့် ကြိယာဇောတို့သည်လည်း အာရုံအားလျော်စွာသာ ဖြစ်ကုန်၏။

ဤစကားရပ်ဖြင့် ဇောပေါင်းများစွာတို့တွင် ကြိယာဇော၏နောက်၌ တဒါရုံကျပုံကိုပြတော်မူ၏။သို့ဖြစ်၍ တဒါရုံကျနည်းကို သိရှိရန် အကျယ်တဝင့် ဖွင့်ပြပေအံ့။

(တဒါရုံကျပုံ) *လော မော ကုနောင် – အကုန်ဆောင်ရွေ့။ ဒေါ် နောင် – ဥ ဆ။*

*သောမန ကြိယာ – သောပဥ္စာတည်း။ ကြိယာ ဥ မှ – ဥ ဆ တဒါ*

*ဖြစ်ပို့လာသည်၊ သချာမှတ်လေ အမြဲတည်း၊*

(၁) မဟာကြိယာဥပေက္ခာဇောလေးပါးနောင် ဥပေက္ခာတဒါရုံခြောက်ပါး၊

(၂) ဟသိတုပ္ပါဒ် သောမနဿကြိယာဇောနောင် သောမနဿတဒါရုံ ခြောက်ပါး၊

ကြိယာဥပေက္ခာဇောနောင် ဥပေက္ခာတဒါရုံ။ ကြိယာသောမနဿဇောနောင် သောမနဿတဒါရုံ စသည်ဖြင့် ကြိယာဇောတို့၏နောက်၌ တဒါရုံကျပုံကို အရှင်အနုရုဒ္ဓါနှင့်အဋ္ဌကထာကြီးငယ်ဆရာမြတ်တို့သည် ထည့်ရွေ့ ပြဆိုပါသည်–

ကြိယာဇောများသည် ဘုရား ရဟန္တာ အရှင်မြတ်များ၏သန္တာန်တော်၌သာ ဖြစ်သောကြောင့် ၎င်းအရိယာအရှင်တို့သည် အနိဋ္ဌာရုံကို တွေ့မြင်ပါက အနိဋ္ဌာရုံဟုသာ ထင်မြင်တော်မူကြကုန်၏။ ဖောက်ပြန်၍ ဣဋ္ဌာရုံဟု မထင်ကြကုန်၊ ဣဋ္ဌာရုံကို တွေ့ရှိပါကလည်း ဣဋ္ဌာရုံဟုသာမြင်၏။ ဖောက်ပြန်သောအားဖြင့် အနိဋ္ဌာရုံဟု မမြင်ကြကုန်။ သို့သော် တပ်နှစ်သက်ခြင်းမရှိကြ၊ ဤသို့ အထင်အမြင် ဖောက်ပြန်သော (သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသမရှိသော) ကြောင့် ဝိပါက်လည်း အမှန်ဖြစ်ပြီး ဇောလည်းအမှန် ဖြစ်ရသည်။ ဤကား ဘုရား ရဟန္တာတို့၏ ကြိယာဇောနောင် တဒါရုံကျပုံတည်း၊ ထို့ကြောင့် ကြိယာဇောနောင် တဒါရုံကျပုံကို တိုက်ရိုက် ပြဆိုကြပါသည်။ ထိုသို့ အဋ္ဌကထာကြီးငယ် အနုဋီကာ မဟာဋီကာ ပရမတ္ထသရူပတို့၌ ပြဆိုသော်လည်း–

အဘိဓမ္မာပဋ္ဌာန်းတရားတော်၌ ဘုရားရှင်က "ကုသလာကုသလေ နိရုဒ္ဓေ ပါကော တဒါရမ္မဏာ ဥပ္ပဇ္ဇတိ"ဟု ကုသိုလ် အကုသိုလ်ဇောနောင် တဒါရုံ ကျခြင်းကိုသာ ဟောသည်။ ကြိယာဇောနောင် တဒါရုံကျခြင်းကို မဟော။ ထို့ကြောင့်

ကြိယာဇောနောင် တဒါရုံကျခြင်းမရှိဟု မူလဋီကာ(ကေစိ)ဆရာတို့ ယူကြကုန်၏။ ထိုအယူ သင့်မသင့်ကို အောက်ပါအမေးအဖြေဖြင့် ရှင်းလင်းသိသာစေပါမည်။

**မေး။** ပဋ္ဌာန်းပါဠိတော်ကို အကိုးပြု၍ ကုသိုလ် အကုသိုလ်၏ အခြားမဲ့၌သာ တဒါရုံကျကောင်းသည်၊ ကြိယာဇောနောင် တဒါရုံမကျကောင်းဟူ၍ဆိုသော မူလဋီကာဆရာစကား သင့်မြတ်ပါမည်လော။

**ဖြေ။** ကြိယာအဗျာကတတရားနောင် တဒါရုံကျကောင်းသည်ဟု ဟောသော်-ဝုဋ္ဌောသည် ကြိယာအဗျာကတဖြစ်၍ ဝုဋ္ဌော၏အခြားမဲ့၌လည်း တဒါရုံကျနိုင်သည်ဟု ထင်မှားစရာရှိနိုင်သဖြင့်အယူမှားကိုပယ်ဖျက်လိုသည့်အတွက် အဗျာကတတရားများနောင် တဒါရုံကျခြင်းကို မဟောဘဲထားသည်။ ကြိယာဇောနောင် တဒါရုံမကျကောင်းသောကြောင့် မဟောခြင်းမဟုတ်ရကား- ကြိယာဇောနောင် တဒါရုံကျကောင်းပါသည်၊ ထို့ကြောင့် မူလဋီကာဆရာဆိုသောစကား မသင့်။

ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ဝတ္ထုဒုက်၌ ဟဒယဝတ္ထုရုပ်ရအပ်သော်လည်း အာရမ္မဏဒုက်၌ မရသည့်အတွက် ဒေသနာအစဉ်ပျက်မည်စိုးသောကြောင့် ဟဒယဝတ္ထု ရုပ်ကိုမဟောဘဲ ထားသကဲ့သို့ ကြိယာဇောနောင် တဒါရုံကျသင့်လျက် ကြိယာချင်းတူသော ဝုဋ္ဌောနောင်လည်း တဒါရုံကျကောင်းသည်ဟု ယူမည်စိုး၍ မဟောဘဲ ထားရခြင်းဖြစ်သည်။

ဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့အား မဟာဝိပါက်ဉာဏဝိပ္ပယုတ္တ တဒါရုံလေးပါး၊ အဟိတ်သန္တီရဏ (၃)ပါးအားဖြင့် တဒါရုံ (၇)ပါး ကျနိုင်၏။ သုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့အား အဟိတ်သန္တီရဏ (၃)ပါးသာ ကျနိုင်၏။ ဤကား ပုထုဇဉ်ပုဂ္ဂိုလ်နှင့်ကြွင်းအရိယာပုဂ္ဂိုလ်တို့၏ တဒါရုံကျပုံတည်း။

## ပုဂ္ဂိုလ်အလိုက် တဒါရုံကျပုံ

အဟိတ်တဒါ၊ သုံးပါးမှာ၊ ဒု-သာအမှန်ဖြစ်။

အဟိတ်+ဒွိ-ဒါ၊ ခုနစ်ဖြာ၊ သုမှာ ဒွိ ဋ္ဌဖြစ်၊

ကောဒသံ၊ တိ+ဖလန်၊ ငါးတန်သူတို့ဖြစ်၊

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ၊ အဟိတ်တဒါရုံသုံးပါးဖြစ်၏။ သုဂတိအဟိတ်+ဒွိဟိတ် ပုဂ္ဂိုလ်တို့မှာအဟိတ်တဒါရုံသုံးပါး+ဒွိဟိတ်တဒါရုံလေးပါး =ခုနစ်ပါးဖြစ်၏၊

တိဟိတ်+ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့မှာ တဒါရုံ ကောဒသ အကုန်ဖြစ်သည်။

## ကုသိုလ် အကုသိုလ် ကြိယာဇောတို့ဖြင့်သာ တဒါရုံကို မှတ်ပြ၍ ဉာဏသမ္ပယုတ် ဝိပ္ပယုတ်ဇောတို့ဖြင့် တဒါရုံကို မှတ်၍ မပြခြင်း

(ကာမကုသိုလ်ဇောနောင်၊ အကုသိုလ်ဇောနောင်၊ ကြိယာဇောနောင် စသည်ဖြင့်) ကုသိုလ် အကုသိုလ် ကြိယာဇောတို့ဖြင့်သာ တဒါရုံကို မှတ်ပြ၍။

(ဉာဏသမ္ပယုတ်ဇောနောင်၊ ဉာဏဝိပ္ပယုတ်ဇောနောင် စသည်ဖြင့်) အဘယ်ကြောင့် တဒါရုံကို မှတ်၍ မပြပါသနည်း။

ကုသိုလ် အကုသိုလ် ကြိယာဇောတို့ဖြင့် တဒါရုံကို မှတ်ခြင်းသည် ဆိုင်ရာဇောနောင်၊ ဆိုင်ရာတဒါရုံ သတ္တဝါ အာရုံ အားလျော်စွာ ဖြစ်ပုံ၊ ကျပုံ သေချာသည့် (ဧကန္တိက)နည်းဖြစ်၍ ဇောဖြင့်သာ တဒါရုံကို မှတ်၍ပြခြင်းဖြစ်သည်။

ဉာဏသမ္ပယုတ်ဇောနောင် ဉာဏသမ္ပယုတ်တဒါရုံဖြစ်သည် စသည်ဖြင့် သမ္ပယုတ် ဝိပ္ပယုတ်ဖြင့် တဒါရုံကို မှတ်ခြင်းသည် မသေချာသည့် (အနေကန္တိက) နည်းဖြစ်၍ သမ္ပယုတ် ဝိပ္ပယုတ်ဖြင့် တဒါရုံကို မှတ်၍ မပြခြင်းဖြစ်သည်။

### သမ္ပယုတ် ဝိပ္ပယုတ်ဖြင့် မှတ်ခြင်း၌ အနေကန္တိကဖြစ်ပုံ

အကုသိုလ်ဇော၌ အလေ့အကျက်များသူအား တစ်ခါတစ်ရံ ကုသိုလ်ဇောစောသောအခါ တိဟိတ်ဉာဏသမ္ပယုတ် ကုသိုလ်ဇောနောင် အဟိတ်တဒါရုံ ဖြစ်နိုင်သေးသည်။

ကုသိုလ်ဇော၌ အလေ့အကျက်များသူအား တစ်ခါတစ်ရံ အကုသိုလ်ဇောစောသောအခါ အကုသိုလ်ဇောနောင် တိဟိတ်ဉာဏသမ္ပယုတ် တဒါရုံ ဖြစ်နိုင်သေးသည်။

ဤသို့ သမ္ပယုတ်နောင် သမ္ပယုတ်တဒါရုံ၊ ဝိပ္ပယုတ်နောင် ဝိပ္ပယုတ်တဒါရုံ စသည်ဖြင့် တဒါရုံသည် မမြဲသောဖြစ်ခြင်း ကျခြင်းရှိသောကြောင့် အနေကန္တိကနည်းဖြစ်သည်။

ဒေါမနဿနှင့်သောမနဿတို့သည် မီးနှင့်ရေကဲ့သို့ ဆန့်ကျင်ဘက်ကျသောကြောင့် အနန္တရပစ္စည်း မတပ်ကုန်။ သို့ဖြစ်၍ ဒေါသဇော နောက်၌ သောမနဿတဒါရုံ သောမနဿဘဝင်တို့ မဖြစ်နိုင်ကုန်၊ ဥပေက္ခာသည်ကား ချိန်သဖွယ် အလယ်အလတ်သဘောရှိသောကြောင့် သောမနဿနှင့်လည်း အချင်းချင်းအနန္တရပစ္စည်း

တပ်နိုင်၏။ ဒေါမနဿနှင့်လည်း အချင်းချင်း အနန္တရပစ္စည်း တပ်နိုင်၏။ သို့ဖြစ်၍ ဒေါသဇောနောင်၌ သောမနဿတဒါရုံ မကျနိုင်၊ ဥပေက္ခာတဒါရုံ ဥပေက္ခာဘဝင်သာ ကျနိုင် ဖြစ်နိုင်ကုန်၏။

## (ဥပေက္ခာသန္တီရဏသည် အပိုအာဂန္တုကဘဝင်ကိစ္စတပ်၍ ဖြစ်ရခြင်း)

### အာဂန္တုကဘဝင်ဝိထိ

ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့သည် ဘုံ ဇာတ် သမ္ပယုတ္တဓမ္မ ဝေဒနာ သင်္ခါရတို့အားဖြင့် မကွဲပြားသင့်ကုန်။ မူလပဋိသန္ဓေအခါက သောမနဿနှင့်တကွ ဖြစ်သောစိတ်နှင့် ပဋိသန္ဓေတည်နေခဲ့သော ပုဂ္ဂိုလ်အား ဘဝင်ကျခဲ့သော် သောမနဿ ဘဝင်သာ ကျရ၏။

သို့သော် အတိဣဋ္ဌာရုံအစစ်ဖြစ်သော သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို တွေ့မြင်ရပါလျက် တိတ္ထိတို့သည် နှစ်သက်ကြည်ညိုမှု မဖြစ်နိုင်ကြသဖြင့် သောမနဿဇော မစောဘဲ ဒေါသဇောသာ စောကုန်၏။

ထိုသို့ စောသောအခါမျိုး၌ စိစစ်လိုက်သော် ပဋိသန္ဓေစိတ်က သောမနဿ စိတ်ဖြစ်၍ ဇောစိတ်က ဒေါသဇောဖြစ်နေ၏။ ပဋိသန္ဓေစိတ်ကို ထောက်သော် သောမနဿတဒါရုံ၊ သောမနဿဘဝင်သာ ကျရလိမ့်မည်။ သို့ကျသင့်သော်လည်း လောလောဆယ်ဇောက ဒေါသဇော ဖြစ်နေ၍ ဝေဒနာချင်း မတူ၍ အနန္တရပစ္စည်း မတပ်နိုင်သောကြောင့် သောမနဿတဒါရုံ သောနဿဘဝင်သို့ မကျနိုင်။

သို့ဖြစ်၍ ဤတစ်ဘဝတည်းတွင် ဒေါမနဿဇော မဖြစ်မီ ရှေးအခါကာလက မိမိလေ့ကျက်နေကြ နှလုံးသွင်းနေကြဖြစ်သော ကာမအာရုံကို အာရုံပြု၍ (ဒေါသဇောကို ငဲ့ကာ) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ စသည် မတပ်ပါဘဲ (အာဝဇ္ဇန်းကင်းလျက်) အပိုအာဂန္တုကဘဝင်ကိစ္စ တပ်၍ တစ်ကြိမ် ဖြစ်ပေးရ၏။

ထိုနောင်မှ ၎င်းဥပေက္ခာသန္တီရဏဖြစ်သော အပိုအာဂန္တုကဘဝင်ကို အနန္တရ ပစ္စည်းပြု၍ မူလပဋိသန္ဓေစိတ်နှင့်တူစွာ သောမနဿဘဝင် ဆက်၍ ကျလေ၏။

### သောမနဿပဋိသန္ဓေရှိပြီး ဒေါသဇော စောနိုင်သူများ

သောမနဿဖြင့် ပဋိသန္ဓေနေပြီး ဘုရားအစရှိသော ရတနာသုံးပါးအာရုံ၌ နှစ်သက်ကြည်ညိုနိုင်ခြင်းမရှိသော တိတ္ထိပုဂ္ဂိုလ်။

## ကာမဇောအဆုံး၌သာ တဒါရုံဖြစ်ခြင်း

ကာမတဏှာလျှင် အကြောင်းအရင်းရှိသော ကံကြောင့်သာလျှင် ဖြစ်သောကြောင့် ကာမဇော၏ အဆုံး၌သာလျှင် တဒါရုံဖြစ်သည်။

## မဟဂ္ဂုတ် လောကုတ္တရာဇောတို့၏အဆုံး၌ တဒါရုံမဖြစ်ခြင်း

မဟဂ္ဂုတ် လောကုတ္တရာကံသည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကံနှင့် ဘုံအားဖြင့် မတူသောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ် လောကုတ္တရာဇောတို့၏ အဆုံး၌ တဒါရုံ မဖြစ်ပါ။

ဥပမာ – မိမိနေမြဲအိမ်မှ တစ်ပါးသောအရပ်သို့ သွားလိုသော သူငယ်ကလေးသည် မိမိနှင့်အမြဲနေဖော်ဖြစ်သော အမိ၊ အဘ (သို့မဟုတ်) ဘကြီး၊ ဘထွေးစသော သူတို့၏နောက်သို့သာလျှင် လိုက်၏။ သူစိမ်းပြင်ပဖြစ်သော သူတို့၏နောက်သို့ကား မလိုက်ဘိသကဲ့သို့ ထို့အတူ သူငယ်နှင့်တူသော တဒါရုံသည် အမိအဘနှင့်တူသော ကာမကုသိုလ် အကုသိုလ်ဇောတို့၏ နောက်၌လည်းကောင်း ဘကြီး၊ ဘထွေး စသည်တို့နှင့်တူသော မဟာကြိယာဇော၏ နောက်၌လည်းကောင်း ကျလေ ဖြစ်လေ၏။

သူစိမ်းပြင်ပနှင့်တူသော ရူပဇော အရူပဇော လောကုတ္တရာဇောတို့၏ နောက်၌ကား အချင်းခပ်သိမ်း ကျရိုး ဖြစ်ရိုး မရှိပေ။

ကာမအာရုံ၌သာလျှင် တဒါရုံ ကျနိုင်၍ တစ်ပါးသော မဟဂ္ဂုတ် လောကုတ္တရာ ပညတ်အာရုံတို့၌ တဒါရုံ မကျနိုင်ပုံကား –

တဒါရုံစိတ်တို့သည် အာသဝေါတရားဖြင့် အမြဲထုံအပ်သော ကာမအာရုံကိုသာ အာရုံပြုသောတရား ဖြစ်၏။ မဟဂ္ဂုတ် လောကုတ္တရာ ပညတ်အာရုံကို အာရုံပြုရိုး မရှိ၊ အာရုံမပြုနိုင်။

ဥပမာ – ၎င်းသူငယ်သည် ဘကြီး၊ ဘထွေး စသည်တို့၏နောက်သို့ လိုက်ငြားသော်လည်း မိမိသွားလာနေကျဖြစ်သော အရပ်သို့သာလျှင် လိုက်၏။ တစ်ပါးသော မသွားလာဘူးသည့် အရပ်သို့ မလိုက်ဘိသကဲ့သို့ သူငယ်နှင့်တူသော တဒါရုံသည်လည်း အာရုံပြုနေကျဖြစ်သော ကာမအာရုံ၌သာ ဖြစ်၏။ မဟဂ္ဂုတ် လောကုတ္တရာ ပညတ်အာရုံတို့ကို အာရုံပြုရိုးမရှိ၍ ၎င်းအာရုံ၌ မဖြစ်နိုင် မကျနိုင်။

ကာမပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် ဗြဟ္မာတို့အား တဒါရုံ မဖြစ်သော်လည်း ကာမအဟိတ်ဖြစ်သည့် စက္ခုဝိညာဏ် သောဝိညာဏ်များကား အဘယ်ကြောင့် ဗြဟ္မာတို့၌ ဖြစ်ပါသေးသနည်း ဆိုသော် -

ဗြဟ္မာတို့အား စက္ခုန္ဒြေ သောတိန္ဒြေဖြစ်ခြင်း၏ အစွမ်း အာနုဘော်ကြီးသောကြောင့်လည်းကောင်း၊ စက္ခုဒွါရဝိထိ သောတဒွါရဝိထိတို့၌ သမ္မဋိစ္ဆိုင်း သန္တိရဏစိတ်တို့ဖြစ်ခြင်း မြဲသောကြောင့်လည်းကောင်း၊ စက္ခုဝိညာဏ် သောတဝိညာဏ်တို့သည် ဗြဟ္မာတို့၌ ဖြစ်ကြသေးသည်။

ဇဝနနိယာမ

(၇+၆-ကြိမ်) ကာမဇောတို့သည် ပကတိအခါ၌ ၇+၆-ကြိမ် စော၏။

သေခါနီးသောအခါ (မရဏာသန္နကာလ)၊ ဒုက္ခဝေဒနာ နှိပ်စက်၍ မေ့မြောနေသောအခါ၊ သတိလစ်၍ မေ့လျော့နေသောအခါ (ဝိသညိကာလ)၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေသောအခါ၊ အမိဝမ်းမှ ဖွားခါစအခါမျိုးသည် မန္ဒပဝတ္တိကာလ (နုံသည့် အားနည်းသည့်အခါ ကာလ) တို့ဖြစ်သည်။

(၆+၅-ကြိမ်) ၎င်းမရဏာသန္နကာလ (သေခါနီးအခါ) စသည်တို့၌ မှီရာဝတ္ထုရုပ်က အလွန်အားနည်းလှသောကြောင့် မှီသောဇောစိတ်တို့သည်လည်း အလွန်အားနည်းကုန်၏။ သို့ဖြစ်၍ ထိုအခါမျိုး၌ ကာမဇောစိတ်တို့သည်လည်း အလွန်အားနည်းကုန်၏။ သို့ဖြစ်၍ ၇-ကြိမ်တိုင်အောင် မဖြစ်ဘဲ ၆-ကြိမ်သော်လည်းကောင်း၊ ၅-ကြိမ်သော်လည်းကောင်း ဖြစ်ကုန်၏။

[မန္ဒပဝတ္တိကာလတို့တွင် မရဏာသန္နအခါသည် အတိမန္ဒကာလ=အလွန်အားနည်းပြီဖြစ်၍ ၅းကြိမ်သာ စောသည်။ ကျန် မန္ဒပဝတ္တိကာလ သာမညမန္ဒကာလတို့၌ သာမာန်သာ အားနည်း၍ (၆)ကြိမ်စောသည်ဟု မှတ်။)

(၅-၄-ကြိမ်) မြတ်စွာဘုရားသည် တိတ္ထိတို့အား နှိမ်နင်းရန်အစရှိသောအခါတို့၌ ကိုယ်တော်အထက်ပိုင်းမှ မီးလျှံ+အောက်ပိုင်းမှ ရေလျှံ၊ မွေးညင်းတစ်ခုမှ ရေလျှံ၊ မွေးညင်းတစ်ခုမှ မီးလျှံ၊ မျက်လုံး၊ နား၊ နှာခေါင်း ဂသည်တို့မှလည်း ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို (ယမကပါဋိဟာရိယ)ဟု ခေါ်သည်။

ထိုအခါမျိုး၌ မီးအဂ္ဂိဝှာ တေဇောကသိဏ်းကို ပါဒကဈာန်ပြုကာ ဝင်စား၍ ထိုဈာန်မှ ထပြန်၍ဝင်စားသော စတုတ္ထဈာန်အဘိညစ်ပါးကို သမ္မသိတဈာန်အဖြစ် ၁ ပ်ဆင်ခြင်တော်မူ၏။ ထိုဈာန်အင်္ဂါကို ဆင်ခြင်ပြီးသော်

ကိုယ်တော်၏အထက်ပိုင်းသည် မီးဖြစ်စေသတည်း စသည်ဖြင့် အဓိဋ္ဌာန် ခြင်းပြုတော်မူ၏။ ထို့နောက် အဘိညာဉ်ဝင်စားကာ အဘိညာဉ်မှ ထတော်မူမှ အဘိညာဉ်အစွမ်းဖြင့် အထက်ကိုယ်တော်၌ မီးအဟုန်ဖြစ်ပေါ်လာ၏။ ထို့အတူ ရေအလျှံဖြစ်ပေါ်လာအောင် အာပေါကသိုဏ်းကို ပါဒကရျာန်ပြု၍ ဝင်စားခြင်း စသည်ကိုပြုမှ ရေအဟုန်ဖြစ်ပေါ်လာ၏။

ဤသို့ မွေးညင်းတော်အမျှ ရေ မီးအစုံဖြစ်ရန် ဈာန်ဝင်စားတော်မူသော မြတ်စွာဘုရား၏ စိတ်တော်သည် အလွန်လျင်မြန်စွာ စီးဖြန်းပွားများရသောကြောင့် ၎င်းအခါမျိုး၌ ဈာန်ကို ဆင်ခြင်သုံးသပ်သော ပစ္စဝေက္ခဏာဇောတို့သည် လေးကြိမ် ငါးကြိမ်သာ စောကုန်၏။

သို့သော် တစ်စိတ်တစ်ပိုင်းကို ဆိုသဖြင့် အလုံးစုံကို ကောက်ယူနိုင်သော ဥပလက္ခဏနည်းအားဖြင့် ဆိုထားခြင်းဖြစ်၍ (ဘုရားရှင်းတည်းဟူသော တစ်စိတ် တစ်ပိုင်းကို ဆိုသဖြင့် တပည့်သာဝကရဟန္တာတို့ကိုပါ ကောက်ယူရပါမည်။)

ထို့ကြောင့် မြတ်စွာဘုရား၏ ပစ္စဝေက္ခဏာဇောသည် အလွန်လျင်မြန်၍ လေးကြိမ်၊ အဂ္ဂသာဝက မဟာသာဝက ရဟန္တာတို့၏ ပစ္စဝေက္ခဏာဇောသည် ဘုရားရှင် လောက် မလျင်မြန်၍ ငါးကြိမ်စောသည်ဟု မှတ်ရမည်။

[လေးကြိမ်၊ ငါးကြိမ် ယူရာ၌ ရင့်သောဣန္ဒြေ၊ နုသောဣန္ဒြေတို့၏ အစွမ်း အားဖြင့် ယူရမည်ဟု အရှင်ဓမ္မပါလမထေရ်သည် မိန့်ဆိုပါသည်။ ထို့ကြောင့် ဘုရားရှင်းအား လေးကြိမ်၊ တစ်ပါးသော သာဝကတို့အား ငါးကြိမ်ဟု ယူသော အဆိုးအဖြတ်စကားသည် သင့်အံ့ထင်၏။]

(၄+၃-ကြိမ်) ကာမာဝစရ ဥပစာရသမာဓိဇောသည် ဈာန် မဂ္ဂဝီထိ၏ရှေ့၌ မန္ဒပုဂ္ဂိုလ်အား လေးကြိမ်။ တိက္ခပုဂ္ဂိုလ်အား သုံးကြိမ် အသီးသီးစောကုန်၏။

(၃+၂-ကြိမ်) မဂ်၏အခြားမဲ့၌ ဖိုလ်ဇောတို့သည် ဒန္ဓာဘိညာပုဂ္ဂိုလ်=မန္ဒ ပညာပုဂ္ဂိုလ်အား နှစ်ကြိမ်၊ ခိပ္ပါဘိညာပုဂ္ဂိုလ်=တိက္ခပညာပုဂ္ဂိုလ်အား သုံးကြိမ် စော၏။

ဖိုလ်စိတ်များကား မဂ်ဖြင့် အကြွင်းမဲ့သတ်အပ် ပယ်ဖျက်အပ်ပြီးသော ကိလေသာတို့၏အရှိန်ကို နောက်ထပ်အပြီးသတ် ငြိမ်းအေးစေသော တရားများ ဖြစ်သောကြောင့် နှစ်ကြိမ် သုံးကြိမ် စောကုန်၏။

အဘယ်ကြောင့် မဂ်စိတ်နောင် ဖိုလ်ဇော နှစ်ကြိမ်၊ သုံးကြိမ် ဇောပါသနည်း ဆိုသော် တစ်ခုသော အာဝဇ္ဇန်းရှိသောဝိထိ၌ ဇောခုနစ်ကြိမ်မျှသာ ဖြစ်ခွင့်ရှိ၍ မန္ဒအတွက် ကာမဇော လေးကြိမ်၊ မဂ်တစ်ကြိမ်၊ ၎င်းနောက် ဇောခုနစ်ကြိမ်ပြည့်ရန် ဖိုလ်ဇော နှစ်ကြိမ်ကျရသည်။ တိက္ခပုဂ္ဂိုလ်အတွက် ကာမဇော သုံးကြိမ်၊ မဂ်တစ်ကြိမ်၊ ၎င်းနောက် ခုနစ်ကြိမ်ပြည့်ရန် ဖိုလ်ဇော သုံးကြိမ်ကျရသည်။ ဤသို့ ဖိုလ်ဇောသည် နှစ်ကြိမ် သုံးကြိမ် (ယထာရဟ)=ထိုက်သည်အားလျော်စွာ ဖြစ်ရသည်။

နိရောဓသမာပတ် ဟူသည်

အစဉ်အတိုင်း ချုပ်ခြင်း၏အစွမ်းဖြင့် စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းသည် "နိရောဓသမာပတ်"မည်၏။

နိရောဓသမာပတ်ဝင်စားသူများ –

၎င်းနိရောဓသမာပတ်ကို သင်္ခါရတရားတို့ ဖြစ်မှု ပျက်မှုဖြင့် နှိပ်စက်နေခြင်းကို စက်ဆုပ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌ နိဗ္ဗာန်ဝင်စံသကဲ့သို့ ချမ်းသာစွာ နေထိုင်ခြင်းအကျိုးငှာ သမာပတ်ရှစ်ပါးကို ရသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်ကို ဝင်စားတော်မူကြကုန်၏။

၎င်းနိရောဓသမာပတ်ကို ဝင်စားသောအခါ (နိရောဓ၏ရှေ့၌) နေဝသညာနာသညာဇောသည် နှစ်ကြိမ်ဖြစ်သည်။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်တို့အား အနာဂါမိဖိုလ်ဇော တစ်ကြိမ်၊ ဘုရားရဟန္တာပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်ဇော တစ်ကြိမ် ထိုက်သည့်အားလျော်စွာ ဖြစ်၍ ချုပ်၏။

တစ်ကြိမ် –

(၁) အာဒိကမ္မိကမဟာ ဂ္ဂုတ်ဇောသည် (တစ်ကြိမ်တည်းဖြင့်ပင် ကိလေသာတို့ကို ဝိက္ခမ္ဘနသတ္တိဖြင့် (ခပ်ကြာကြာ) ပယ်ဖျက်နိုင်၍ (ဋ္ဌိ) တစ်နည်းဖြစ်စဖြစ်၍ အားနည်းသောကြောင့် တစ်ကြိမ်သာ ဇောသည်။)

(၂) အဘိညာဉ်ဇောသည် (တစ်ကြိမ်တည်းဖြင့်ပင် တန်ခိုးဖန်ဆင်းမှုကိစ္စပြီးသောကြောင့် တစ်ကြိမ်သာ ဇောသည်။)

(၃) မဂ်ဇော (မဂ်စိတ်တို့မည်သည် ဝရဇိန်မိုးကြိုးပမာ အလွန်တရာ အရှိန်ပြင်းထန်သော ဝဇီရူပမာတရားမျိုးဖြစ်သဖြင့် ဆိုင်ရာကိလေသာတို့ကို အကြိမ်ကြိမ် ပယ်ဖျက်ဖို့ မလို၊ တစ်ကြိမ်တည်းဖြင့်သာ ပယ်ဖျက်နိုင်သောကြောင့် တစ်ကြိမ်သာ ဖြစ်ရသည်။)

**အကြိမ်များစွာ** –

အလုံးစုံသော ဈာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိ၌ ဘဝင်၏အယဉ်ကဲ့သို့ ဝီထိကို မှတ်ခြင်းသည် မရှိ။ ထို့ကြောင့် များစွာကုန်သော အပ္ပနာဇောတို့ကို ရအပ်၊ သိအပ်ကုန်၏။ (သင်္ဂဟ)

သမာပတ္တိဝီထိ (ဈာန်းချန်တရား၊ ဖိုလ်တရားတို့ကို အထပ်ထပ်ဝင်စားသောဝီထိ)၌ မဂ်ဇော အဘိညာဉ်ဇောမှ ကြွင်းသော မဟဂ္ဂုတ် လောကုတ္တရာဇော တို့သည် နေ့ညဉ့်ပတ်လုံး သမာပတ်ဝင်စားခြင်းဖြစ်နိုင်သောကြောင့် အကြိမ်များစွာ ဖြစ်ကြသည်။

## ပုဂ္ဂလ
## ပုဂ္ဂိုလ် (၁၂)ယောက်

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်၊ မဂ်ပုဂ္ဂိုလ်လေးဦး၊ ဖိုလ်ပုဂ္ဂိုလ်လေးဦး။

ပဋိသန္ဓေအခါ၌ အလောဘ အဒေါသ ဟိတ်နှစ်ပါးသာရှိသောကြောင့် ဒွိဟိတ်ပုဂ္ဂိုလ် ဟု ခေါ်ရ၏။

ပဋိသန္ဓေအခါ၌ အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါးအနက် တစ်ပါးမျှ မရှိသောကြောင့် အဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ရ၏။ ထိုအဟိတ်ပုဂ္ဂိုလ်သည်လည်း ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်ဟု နှစ်ယောက်ရှိ၏။

ယင်းဒွိဟိတ် သုဂတိအဟိတ် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် အပ္ပနာဇော၏ အကြောင်းရင်းဖြစ်သော အမောဟဟိတ်မပါရှိသဖြင့် ပဝတ္တိအခါ ဈာန်အကျိုး မဂ်အကျိုးကို မရနိုင်အောင် ဝိပါကန္တရာယ်က တားဖြစ်သောကြောင့် အပ္ပနာဇောကို မရ။ အပ္ပနာဇောကို မရသဖြင့် အရဟတ္တဖိုလ်သို့ မရောက်။ ရဟန္တာမဖြစ်သောကြောင့် ကြိယာဇောကိုလည်း မရ။ (ယင်းသို့ အမောဟဟိတ်မပါ မယှဉ်သော ဒွိဟိတ်ပဋိသန္ဓေဝိပါက်စိတ်သည်ပင် ဝိပါကန္တရာယ်မည်၏။)

(ဝိပါက = မဂ် ဖိုလ်အကျိုးတရားကို။ အန္တရာယ = တားမြစ် ပိတ်ပင်ခြင်း)

ဒွိဟိတ်ပုဂ္ဂိုလ် သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် မူလပဋိသန္ဓေတည်စဉ်ကပင် ဉာဏ်ကင်း၍ ချို့တဲ့ယုတ်ညံ့ မိုက်သည်၏အဖြစ်ကြောင့် ဉာဏသမ္ပယုတ်ဝိပါက် စိတ်တို့ကို မရကုန်။ ၎င်းပုဂ္ဂိုလ်တို့သည် ပဝတ္တိ တခါရံဖြစ်သောအခါ၌မူ အထူးထူး သောကံကြောင့် ဉာဏဝိပ္ပယုတ်စိတ်တို့ ဖြစ်ကုန်၏။

အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါးလည်းရှိသော ပဋိသန္ဓေစိတ် နှင့် ပဋိသန္ဓေတည်နေသူသည် တိဟိတ်ပုဂ္ဂိုလ်မည်၏။

ထိုပုဂ္ဂိုလ်မျိုးကား ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက် ပေါင်း ကိုးယောက်ရှိ၏။ ထိုကိုးယောက်တို့တွင် ဘုရာ ရဟန္တာအရှင်များသည် တဏှာတည်းဟူသော အကြောင်းရင်းကို ပယ်ပြီးဖြစ်သောကြောင့် ကုသိုလ်ဇော အကုသိုလ်ဇောတို့ကို မရကုန်။

သောတာပန်စသော အောက်အရိယာပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် ရဟန္တာ ဖြစ်ရန် သိက္ခာသုံးပါးတို့၌ ကျင့်ကြံစရာ အကျင့်များ ကျန်ရှိနေ၍ ကျင့်ဆဲဖြစ် သောကြောင့် သေက္ခပုဂ္ဂိုလ်မည်၏။

ဘုရားရဟန္တာပုဂ္ဂိုလ်သည် သီလ သမာဓိ ပညာ သိက္ခာသုံးပါးတို့ကို အပြည့် အစုံ ပြည့်ကျင်ပြီးဖြစ်၍ ကျင်စရာမကျန်တော့သောကြောင့် အသေက္ခပုဂ္ဂိုလ် မည်၏။ (သေက္ခ = ကျင့်ဆဲပုဂ္ဂိုလ်၊ အသေက္ခ = ကျင့်ပြီးပုဂ္ဂိုလ်)

ထိုပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်ခဏကပင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ပယ်ပြီး ဖြစ်သောကြောင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နှင့်ဝိစိကိစ္ဆာတို့ကို မရကုန်။

သေက္ခပုဂ္ဂိုလ်တို့အား အဘယ်ကြောင့် ကြိယာဇောတို့ကို မရသနည်း ဟူမူ သေက္ခပုဂ္ဂိုလ်တို့သည် တဏှာမူလကို မပယ်ရသေးသောကြောင့်လည်းကောင်း၊ ကြိယာဇောသည် ရဟန္တာတို့၏ အသီးအခြား ဥစ္စာဖြစ်သောကြောင့်လည်း မရခြင်း ဖြစ်သည်။

အနာဂါမ်ပုဂ္ဂိုလ်တို့အား အနာဂါမ်မဂ်ဖြင့် ဒေါသမူဇောကို ပယ်ထားပြီး ဖြစ် သောကြောင့် ဒေါသမူဇောကို မရပါ။

## မဂ်စိတ် ဖိုလ်စိတ်တို့သည် ဆိုင်ရာ မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်တို့၌ ထိုက်သည့်အားလျော်စွာ (ယထာရဟ)ဖြစ်ပုံ

မဂ်စိတ်လေးပါးတို့သည် စိတ္တက္ခဏတစ်ခုစီသာ ရှိသဖြင့် မိမိမိမိ မဂ်ပုဂ္ဂိုလ်မှ တစ်ပါးသောပုဂ္ဂိုလ်တို့၌ မဖြစ်သင့်သောကြောင့် သောတာပတ္တိမဂ်စိတ်သည် သောတာပန်ပုဂ္ဂိုလ်အားသာ ဖြစ်၏။ အထက်ပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့် အသီးသီးသာ မဂ်အားလျော်စွာ ဆိုင်ရာပုဂ္ဂိုလ်တို့၌သာ ဖြစ်၏။

တစ်နည်း - အောက်အောက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် အထက် အထက်ဖြစ်သော သမာပတ်ကို မရသောကြောင့်လည်းကောင်း၊ အထက် အထက်ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်လည်း အောက်အောက်မဂ်တို့ဖြင့် အကြွင်းမဲ့ မဖြတ်အပ်သော ကံ ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်ခြင်းဖြင့် သောတာပန်အဖြစ်မှ သကဒါဂါမ်အဖြစ်၊ သကဒါဂါမ်အဖြစ်မှ အနာဂါမ်အဖြစ် စသည်သို့ ရောက်၍ အောက်အောက်အမည်များ ငြိမ်းအေး ပျောက်ကွယ်သွားသောကြောင့်လည်းကောင်း လောကုတ္တရာစိတ်တို့သည် မိမိတို့၏ မဂ်ဖိုလ်အား လျော်စွာ အရိယာအဖြစ်ကို ဖြစ်စေကုန်၏။

စတုစတ္တာလီသ = ၄၄-ပါး (ကာမရှာန်ရ ရဟန္တာ)
ဆပညာသ = ၅၆-ပါး၊ (ကာမဘုံ-ရှာန်ရ- သေက္ခခုနစ်ယောက်အတွက်)
စတုပညာသ = ၅၄ (ကာမဘုံ ပုထုဇဉ် ရှာန်ရ)

စတုစတ္တာလီသ - အရကား ကာမဝိပါက် တေဝီသ (၂၃)၊ ကြိယာစိတ် ဝီသ (၂၀)၊ အရဟတ္တဖိုလ်ဝိတ် (၁)ပါး၊ ပေါင်း (၄၄)ပါးဖြစ်၏။ (ဤ၄၄-ပါးကား သမာပတ်ကို အကုန်ရသော ကာမရဟန္တာရသော စိတ်ကိုသာ ရည်၍ ဆိုခြင်း ဖြစ်သည်။

ဆပညာသ အရ ကာမဝိပါက် တေဝီသ (၂၃)၊ အာဝဇ္ဇန်းဒွေး (၂)၊ ကုသိုလ် ဧကဝီသ (၂၁)၊ ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် (၇)၊ အောက် ဖိုလ် (၃)၊ ပေါင်း (၅၆)ပါးဖြစ်၏။ (ဤစိတ်များကား သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့ ရသော ဝီထိစိတ်ဖြစ်သည်း)

စတုပညာသ အရ - ကာမဝိပါက် တေဝီသ (၂၃)၊ အာဝဇ္ဇန်းဒွေ (၂)၊ လောကီ ကုသိုလ် သတ္တရသ (၁၇)၊ အကုသိုလ်ဒွါဒသ (၁၂) ပေါင်း (၅၄)ပါးဖြစ်သည်။ (ဤစိတ် များက ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်တို့ ရသော ဝီထိစိတ်များဖြစ်သည်။)

## ဘုမိဝိဘာဂ

ကာမဘုံ၌ ဒွါရခြောက်ပါးလုံး၊ ပုဂ္ဂိုလ်အားလုံးရသင့် ဖြစ်သင့်သောကြောင့် (ဝီထိမုတ်စိတ်ကေန်ဖြစ်သော မဟဂ္ဂုတ်ဝိပါက် ၉-ပါးကြဉ်) အလုံးစုံသော ဝီထိစိတ် ၈၀-ပါးတို့သည် ထိုထိုဘဝ ထိုထိုပုဂ္ဂိုလ်တို့ အား ထိုက်သည့်အားလျော်စွာ (ယထာရဟ) ဖြစ်ကုန်၏။

ရူပဘုံ၌ ဒေါသဖြစ်ရန် အကြောင်းဖြစ်သော အနိဋ္ဌာရုံမရှိသောကြောင့် ဘုံ၏ အစွမ်းဖြင့် ဒေါသဇောမဖြစ်၊ တဒါရုံကား ကာမဘုံသာဖြစ်၍ ရူပဘုံ၏ အရာဌာန မဟုတ်သောကြောင့် မဖြစ်ပါ။

ရူပဘုံ၌ အနိဋ္ဌာရုံများမရှိလျှင် အကုသိုလ်ဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ လေးပါးတို့ မရသင့်တော့ပြီ မဟုတ်လော၊ အဘယ်ကြောင့် ရနေပါသေးသနည်း ဆိုသော်

ရူပဘုံ၌ အနိဋ္ဌာရုံများ မရှိသော်လည်း ရူပဘုံကနေ၍ လူ့ဘုံ၌ လှမ်းကြည့်သောအခါ အနိဋ္ဌာရုံများကို မြင်နိုင်၊ ကြားနိုင်၊ အာရုံပြုနိုင်သေးသောကြောင့် ရနေခြင်းဖြစ်သည်။

ထိုရူပဘုံ၌ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး ကြဉ်သော အဟိတ်ဝိပါက် ကိုးပါး၊ အာဝဇ္ဇန်း၊ ဒေါသမူဒွေးကြဉ်သော ဇော (၅၃ )ပါး၊ ပေါင်း (၆၄)ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

အရူပါဝစရဘုံ၌ ရုပ်မရှိ နာမ်ချည်းသက်သက်ဖြစ်၍ တရားတော်နာရန် သောတပသာဒရုပ်စသည် မရှိသောကြောင့် သောတာပတ္တိမဂ် မဖြစ်ပါ။

ရူပဝိရာဂဘာဝနာ၏အစွမ်းဖြင့် ရူပါဝစရတရားကို ပယ်ထားပြီးဖြစ်၍ ရူပါဝစရစိတ်ကို မရ၊ ရုပ်မရှိသောကြောင့် ဟသိတုပ္ပါဒ်လည်း မဖြစ်၊ ဘာဝနာ၏ အစွမ်းဖြင့် ပယ်ထားသောကြောင့် အောက်အောက် အရူပစိတ်တို့သည်လည်း မဖြစ်ကုန်။

ထို့ကြောင့် အရူပဘုံ၌ ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် (၁၀)ပါး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် (၈)၊ မဟာကြိယာ (၈) အရူပကုသိုလ် (၄)၊ အရူပကြိယာ (၄)၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် (၇) ပေါင်း (၄၂)ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

အသညသတ်ဗြဟ္မာကြီးများကား နာမ်တရားကို မြင်၍ အရူပဝိရာဂ ဘာဝနာ၏အစွမ်းဖြင့် ပယ်ထားသောကြောင့် နာမ်တရား ဘယ်သောအခါမှ မဖြစ်ကုန်။

## စိတ်စိတ်များဖြစ်နေပုံ

ဘဝတစ်ခုအတွင်း ဘဝင်ခြားခြင်း၊ နိရောဓသမာပတ်ဝင်စားခြင်းတို့ မရှိလျှင် (ယထာသမ္ဘဝ) ဆိုင်ရာဘုံဘဝ၊ ဆိုင်ရာဒွါရ အားလျော်စွာ (ပဋိသန္ဓေနောင် ဘဝနိကန္တိက မနောဒွါရဝီထိမှစ၍ (ယာဝတာယုက) = အသက်ရှည်သမျှ ကာလပတ်လုံး) ဝီထိစိတ်တို့သည် မပြတ်မစဲ တရစပ်ဖြစ်၍ နေ၏။

ဝီထိပိုင်းပြီး၏။

◆ ◆ ◆

# ဝိထိမုတ်ပိုင်း (ဘုံပိုင်း)

## ပဝတ္တိသင်္ဂဟနှစ်မျိုး

(က) ပဝတ္တိအခါ ဝိထိစိတ်တို့ ဖြစ်ပုံဖြစ်နည်းကို ပေါင်းရုံးဖော်ပြသော သင်္ဂဟသည် ဝိထိပဝတ္တိသင်္ဂဟမည်၏။

(ခ) ပဋိသန္ဓေအခါ၊ ဘဝင်အခါ၊ စုတိအခါတို့၌ ဝိထိမုတ်စိတ်တို့၏ ဖြစ်ပုံဖြစ်နည်းကို ပေါင်းရုံးဖော်ပြသော သင်္ဂဟသည် ဝိထိမုတ္တပဝတ္တိသင်္ဂဟ မည်၏။

(က) ကို အောက်ဝိထိပိုင်း၌ ပြပြီး၍ ယခုအခါ (ခ) ကို ပြမည်။

**မှတ်ချက်။** ။ စကြဝဠာအနန္တ၊ ကမ္ဘာအနန္တရှိ၏၊ စကြဝဠာတိုင်း၌ (၃၁)ဘုံ ရှိသည်။

## အပါယ်လေးဘုံ

ကောင်းမှုဟု သမုတ်အပ်သော ကုသိုလ်မှ များသောအားဖြင့် ကင်းတတ်သောကြောင့် အပါယ်မည်၏။ ထိုအပါယ်သည်ပင် သတ္တဝါတို့၏ဖြစ်ရာဖြစ်သောကြောင့် ဘုံမည်၏။ ထိုနှစ်ပါးသော သဘောကြောင့် အပါယ်ဘုံ မည်၏။ (ဋီ၊ မြန်)

များသောအားဖြင့် ကုသိုလ်ကောင်းမှုမှ ကင်းသောကြောင့် အပါယ် မည်၏။ [အပ္ပက (အနည်းငယ်)အားဖြင့် နဂါး ဂဠုန် စသော တိရစ္ဆာန်တို့အား ကုသိုလ်ကောင်းမှုဖြစ်သေး၏။] ထိုအပါယ်သည်ပင် သတ္တဝါတို့၏ ဖြစ်ရာဌာနဖြစ်သော ဘုံမည်၏။ (ဋီ၊ မှတ်ချက်။)

တစ်ပါးမက များစွာသော စည်းစိမ်ချမ်းသာတို့၏ တည်ရာဖြစ်သောကြောင့် တင့်တယ်၏၊ ရောက်အပ်သောကြောင့် ဂတိလည်း မည်၏။ ထိုသို့တင့်တယ် သော ဂတိဖြစ်သောကြောင့် သုဂတိ မည်၏။ ကာမတဏှာ၏ ကျင်လည်ရာဟု ဆိုအပ်သော သုဂတိဖြစ်သောကြောင့် ကာမသုဂတိ မည်၏။ ထိုကာမသုဂတိသည်ပင် ဘုံဖြစ်သောကြောင့် ကာမသုဂတိဘုံ မည်၏။ (ဋီ၊ မြန်)

ကုသိုလ်ကောင်းမှု ပြုသောသူတို့သည် ရောက်အပ်သောကြောင့် ဂတိ မည်၏။ တင့်တယ်မြင့်မြတ်သော ဂတိဖြစ်သောကြောင့် သုဂတိမည်၏၊ ကာမတဏှာနှင့် တကွဖြစ်သော သုဂတိသည် ကာမသုဂတိမည်၏။ (ဋီ၊ မှတ်ချက်)

ချမ်းသာမှ ကင်းသောကြောင့် နိရယ (ငရဲ) မည်၏။ (ဋီ၊ မြန်)

ချမ်းသာသုခမှ ကင်းသောကြောင့် ငရဲမည်၏။ (ဋီ၊ မှတ်ချက်)

အောက်အဖို့အားဖြင့် (ဝါ) ဗိလာကန့်လန့်အားဖြင့် သွားတတ်သောကြောင့် တိရစ္ဆာန်မည်၏။ (ဋီ၊ မြန်)

လူနတ်တို့ကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အထက်သို့ တက်ရောက်ခြင်းမရှိ၊ များသောအားဖြင့် အောက်အဖို့ဟု ဆိုအပ်သော ငရဲစသည့် ဘဝသို့သာ လာတတ် ရောက်တတ်သောကြောင့် တိရစ္ဆာန်မည်၏။ သို့သော် ဖားနတ်သားစသော တိရစ္ဆာန်များကား နတ်ပြည်သုဂတိသို့ ရောက်သည်ကို ထောက်၍ ယေဘုယျ (များသောအားဖြင့် ဆိုသော) နည်းဟု ဆိုအပ်၏။ (ဋီ၊ မှတ်ချက်)

ခန္ဓာတို့၏ဖြစ်ခြင်း၊ အထူးသဖြင့် သတ္တဝါတို့သည် မရောနှောကုန်သော်လည်း ဇာတ်တူသည်၏အဖြစ်ကြောင့် ရောနှောကုန်သကဲ့သို့ ဖြစ်တတ်ကုန်၏။ ထိုသို့ ရောယှက်သကဲ့သို့ ဖြစ်ကြောင်းဖြစ်သောသတ္တိကြောင့် ယောနိ မည်၏။ ထိုယောနိဟူသည် တရားကိုယ်အားဖြင့် ခန္ဓာတို့၏ ဖြစ်ခြင်း အထူးတည်း။ (ဝါ) ခန္ဓာတို့၏ ဖြစ်ခြင်းအထူးသည် ယောနိမည်၏။ ထိုတိရစ္ဆာန်တို့၏အမျိုးသည် (ဝါ) ခန္ဓာဖြစ်ရာ အထူးသည် တိရစ္ဆာနယောနိမည်၏။ (ဋီ၊မြန်)

သတ္တဝါတို့သည် ရောယှက်မှုမရှိကြသော်လည်း ဇာတ်တူသဖြင့် ရောယှက်သကဲ့သို့ အတူတကွ ခန္ဓာတို့၏ဖြစ်ခြင်းသည် ယောနိမည်၏။ (ဝါ) ဘုံမည်၏။ တိရစ္ဆာန်တို့၏ဘုံသည် တိရစ္ဆာနယောနိမည်၏။ (ဋီ၊ မှတ်ချက်)

ချမ်းသာမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပေတ မည်၏။ နိဇ္ဈာမတဏှိကာ စသည်အပြားရှိကုန်သော ပြိတ္တာတို့၏ဖြစ်ရာဘုံသည် ပေတ္တိဝိသယ = ပြိတ္တာဘုံမည်၏။ (ဋီ၊ မြန်=မှတ်ချက်တူ)

**အထူးမှတ်ရန်။** ။ ဤတိရစ္ဆာနယောနိ (တိရစ္ဆာနဘုံ)၊ ပေတ္တိဝိသယ (ပြိတ္တာဘုံ) ဟု ဆိုရာ၌ သတ္တဝါတို့၏ ခန္ဓာတို့ကိုသာလျှင် ဘုံဟု- ဆိုပါသည် အဘယ်ကြောင့် ခန္ဓာကိုသာ ဘုံဟု ယူရပါသနည်း ဆိုသော် ထိုတိရစ္ဆာန်နှင့်ပြိတ္တာတို့အား ထိုသို့သဘောရှိသော သီးသန့်ပိုင်းခြားထားသော အရပ်မရှိသောကြောင့် ဖြစ်ပါသည်။ (လူ့ဘုံနှင့်ရောထွေးနေ၏။)

တစ်နည်း - ထိုတိရစ္ဆာန် ပြိတ္တာတို့သည် (များသောအားဖြင့်) တောခြေတောင်ခြေ မြစ်သမုဒ္ဒရာ စသည်တို့၌လည်း အမြဲတည်နေကြကုန်၏၊ ၎င်းတို့ အမြဲအစွဲ တည်နေကြရာ အရပ်ကိုလည်း ယူအပ်၏။

အစိုးရသည်၏အဖြစ်၊ မြူးတူးခြင်းအစရှိသည်တို့ဖြင့် မမြူးတူးတတ်ကုန်သောကြောင့် ပြိတ္တာ အသုရာတို့သည် အသုရာမည်ကုန်၏။ (ဤပြိတ္တာ အသုရာမှ တစ်ပါးကုန်သော နတ်အသုရာတို့သည်ကား တာဝတိံသာနတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သောကြောင့် ၎င်းတို့သည်လည်း အသုရာမည်ကုန်၏။)

ဤ ''အသုရာကာယ''ပုဒ်၌ကား ပြိတ္တာ အသုရာတို့ကိုသာ ယူရပါမည်။ အဘယ်ကြောင့်ဆိုသော် ပြိတ္တာ အသုရာမှတစ်ပါးကုန်သော နတ်အသုရာတို့ကို တာဝတိံသာနတ်တို့၌ ထည့်သွင်းယူရမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ အရှင်အနုရုဒ္ဓါမထေရ်ကလည်း -

တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တိသုရာဂတာ = တာဝတိံသာနတ်တို့၌ ဝေပစိတ္တိအသုရာ (သိကြားမင်း၏ ယောက္ခမနတ်မျိုးတို့သည်) အတွင်းဝင်ကုန်၏ဟု ဆိုဂါသည်။ (ဋီ၊ မြန်)

အသုရာတို့၏အပေါင်းသည် အသုရာကာယ မည်ပါသည်။ ထိုတိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ်တို့သည် ငရဲကဲ့သို့ ဘုံသီးခြားမရှိ၊ ၎င်းတို့၏ ခန္ဓာသည်ပင် ဘုံမည်၏။ တစ်နည်း တော တောင် မြစ် သမုဒ္ဒရာတို့သည် ၎င်းတို့၏ ဘုံမည်၏။

## ကာမသုဂတိ ခုနစ်ဘုံ

သတိစသော လောကုတ္တရာဂုဏ်ထူး၊ ရဲရင့်သောဂုဏ်ထူး၊ ရဟန်းပဥ္စင်းဖြစ်နိုင်သော ဂုဏ်ထူးတို့ဖြင့် မြတ်သော စိတ်ရှိသောကြောင့် ''မနုဿ''မည်၏။ ထိုလူတို့၏နေရာဖြစ်ရာသည် ''မနုဿဘုံ=လူ့ဘုံ'' မည်၏။

ထို့ကြောင့်ပင် သီလ သမာဓိ ပညာ အစရှိသော ဂုဏ်းတို့နှင့် ပြည့်စုံသော ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် လူ့ပြည်လူသားတို့သာ ဖြစ်ကုန်၏။

**မနုဿ** အရ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သော သူတို့သည်သာလျှင် မုချအားဖြင့် လူမည်ကုန်၏။ အခြားကျွန်းကြီး ကျွန်းငယ်တို့၌နေကုန်သော သူတို့ကိုလည်း ဇမ္ဗူဒိပ်ကျွန်းနေသူတို့နှင့် ရုပ်သွင်တူသောကြောင့် လူဟုပင် ဆိုရပါသည်။

လောကီသဒ္ဒါဆရာကြီးတို့၏အလိုအားဖြင့် မနုမည်သော ကမ္ဘာဦးအစမင်း၏ သားသမီးများဖြစ်ကုန်သောကြောင့် မနုဿ=လူဟု ဆိုပါသည်။

နတ်မင်းကြီးလေးယောက်တို့၌ ခစားတတ်သောကြောင့်လည်းကောင်း၊ နတ်မင်းကြီးလေးယောက်တို့၏ နေရာအရပ်၌ ဖြစ်တတ်သောကြောင့်လည်းကောင်း စတုမဟာရာဇ်နတ်မည်၏။ ထိုစတုမဟာရာဇ်နတ်တို့၏ နေရာဖြစ်သောကြောင့် စာတုမဟာရာဇ်ဘုံမည်၏။

မာဃလုလင်နှင့်တကွ ကောင်းမှုပြုဖက် သုံးကျိပ်သုံးယောက်သော သူတို့၏ နေရာဖြစ်သောကြောင့် တာဝတိံသာဘုံမည်၏။ (အထက်ပါ ၃၃–ဦးတို့၏ နေရာဖြစ်သောကြောင့် တေတ္တိံသ ⟶ တေတ္တိံသ – မှ ပါဠိသဒ္ဒါနိရုတ္တိနည်းအားဖြင့် ပြောင်းလဲပြီး တာဝတိံသ ဖြစ်လာ၏။)

[ဤစကြဝဠာ၌သာ နတ်ပြည်များ ရှိပါသလော၊ အခြားစကြဝဠာတို့၌လည်း နတ်ပြည်များ ရှိပါသလော ဟု မေးဖွယ်ရှိရာ "သဟဿံ စာတုမဟာရာဇိကာနံ၊ သဟဿံ တာဝတိံသာနံ = အထောင်သော စတုမဟာရာဇ်ဘုံ၊ အထောင်သော တာဝတိံသာဘုံ စသည်ဖြင့် ဟောတော်မူသောကြောင့် အခြားစကြဝဠာတို့၌လည်း နတ်ပြည်များ ရှိပါသည်။ ထို့ကြောင့် ဤတာဝတိံသာစသော အမည်သည် ထိုနတ်ဘုံ၏အမည်မျှဖြစ်၏ ဟု ယူအပ် မှတ်အပ်၏။]

ပူပန်ထန်ပြင်း ဆင်းရဲခြင်းအဝဝတို့မှ ကင်းလွတ်၏၊ နတ်ပြည်၌ဖြစ်သော ချမ်းသာအဝဝတို့နှင့် ပြည့်စုံစွာ ခံစားရသောကြောင့် ယာမာမည်၏။ ယာမာနတ်တို့၏ နေရာဖြစ်ရာသည် ယာမာဘုံမည်၏။

မိမိ၏ စည်းစိမ်ရိပ်ငြိမ် အထွေထွေအာသရေနှင့် ပြည့်စုံ၍ နှစ်သက်ခြင်းသို့ ရောက်တတ်သောကြောင့် တုသိတာ မည်၏။ တုသိတာနတ်ပြည်တို့၏ နေရာဖြစ်ရာသည် တုသိတာဘုံ မည်၏။

မိမိတို့သည် ဖန်ဆင်းအပ်သော နတ်ဘုံနတ်နန်း၌ မွေ့လျော်တတ်သောကြောင့် နိမ္မာနရတိနတ် မည်၏။ နိမ္မာနရတိနတ်တို့၏နေရာဖြစ်ရာဘုံသည် နိမ္မာနရတိဘုံ မည်၏။

သူတစ်ပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ၌ မိမိအလိုသို့ လိုက်စေတတ်သောကြောင့် ပရနိမ္မိတဝသဝတ္တီနတ် မည်၏။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ နေရာဖြစ်ရာဘုံသည် ပရနိမ္မိတဝသဝတ္တီဘုံ မည်၏။

မဟာဗြဟ္မာတို့၏ အလုပ်အကျွေးပရိသတ်ဖြစ်သောကြောင့် ဗြဟ္မပါရိသဇ္ဇ မည်၏။

မဟာဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌ တည်သောကြောင့် ဗြဟ္မပုရောဟိတ မည်၏။

ဈာန်အစရှိကုန်သော ထိုထိုဂုဏ်ထူးတို့ဖြင့် ကြီးပွားကုန်သောကြောင့် ဗြဟ္မာ မည်ကုန်၏။ အဆင်းနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ရှည်သော အသက်ရှိသည်၏အဖြစ် အစရှိသော ဂုဏ်တို့ကြောင့်လည်းကောင်း ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့ထက် မြတ်ကုန်သော ဗြဟ္မာဖြစ်ကုန်သောကြောင့် မဟာဗြဟ္မာ မည် ကုန်၏။

ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့ထက် အသက်ရှည်ခြင်း အဆင်းလှခြင်း စသည်တို့ဖြင့် မြင့်မြတ်သောကြောင့် မဟာဗြဟ္မာမည်၏။

ဤဗြဟ္မာသုံးဦးတို့၏ မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော တူမျှ သော ဘုံအပြင်သည် ပဌမဗြဟ္မာသုံးပါတို့ ဘုံမည်၏။

အပ္ပမာဏာဘာ၊ အာဘဿရာဗြဟ္မာတို့အောက် နည်းသော အရောင် အလင်းရှိသောကြောင့် ပရိတ္တာဘာ မည်၏။

အတိုင်းအရှည်မရှိသော အရောင်ရှိသောကြောင့် အပ္ပမာဏာဘာ မည်၏။

ထိုဗြဟ္မာတို့အား တိမ်တိုက်မှ လျှပ်စစ်ပြက်သကဲ့သို့ ပီတိနှင့်တကွဖြစ်သော ဈာန်ကြောင့်ဖြစ်သော ခန္ဓာအစဉ်ရှိသည်အဖြစ်ကြောင့် အရောင်သည် ထိုမှဤမှ ထွက်တတ်သောကြောင့် အာဘဿရာ မည်ကုန်၏။ (တစ်နည်းကား) ဆီမီးတိုင်၏ အလျှံကဲ့သို့ ထိုဗြဟ္မာတို့၏ကိုယ်မှ အရောင်သည် ပြတ်၍ပြတ်၍ ကျသကဲ့သို့ ထွက် သောကြောင့် အာဘဿရာ မည်၏။ (တစ်နည်း) အကြင်ဆိုအပ်ပြီးသော အရောင် ဖြင့် ထွန်းတောက်ထွန်းပလေ့ရှိသောကြောင့် အာဘဿရာ မည်၏။

ထိုသုံးပါးကုန်သော ဗြဟ္မာတို့သည်လည်း အထူးသဖြင့် မြတ်ကုန်သည်အဖြစ် ဟု ဆိုအပ်သော အရောင်တို့ဖြင့် ထွန်းတောက်ပသော တူသောအပြင်၌ နေကုန်၏။ အရောင်သည် ကိုယ်မှထွက်၍ ထိုမှဤမှထွက်ကာ ထွန်းလင်းတတ်သောကြောင့် အာဘဿရာမည်၏။

ဗြဟ္မာသုံးဦးတို့၏ အထူးသဖြင့်မြတ်သော ရတနာရောင်တို့ဖြင့် တောက် ပသော တူမျှသော ဘုံအပြင်သည် ဒုတိယဗြဟ္မာသုံးပါးတို့၏ဘုံမည်၏။

အထက်ဘုံ၌ဖြစ်သော ဗြဟ္မာတို့အောက်နည်းသော တစ်ခဲနက်ဖြစ်၍ မတုန် မလှုပ် တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ရှိသောကြောင့် ပရိတ္တာသုဘာ မည်၏။

အတိုင်းအရှည်မရှိသော တစ်ခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်း မြတ်သော ကိုယ်ရောင်ရှိသောကြောင့် အပ္ပမာဏာသုဘာ မည်၏။

တစ်ခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်တို့ဖြင့် ထက်ဝန်းကျင်ပြွမ်းသောကြောင့် သုဘကိဏှာမည်၏။

အရောင်အပေါင်းဟု ဆိုအပ်ကုန်သော တင့်တယ်ခြင်းတို့နှင့် ပြွမ်းကုန်သောကြောင့် သုဘကိဏ္ဏာ မည်ကုန်၏။ သုဘကိဏ္ဏာ ဟု ဆိုအပ်လျက် အာ သဒ္ဒါကို ရဿ အ ပြု၍ အဆုံး ဏ အက္ခရာကို ဟ ပြု၍ သုဘကိဏှာ ဟု ဆိုအပ်၏။

ဤပြဟ္မာသုံးဦးတို့၏ အထူးသဖြင့် မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော တူမျှသော ဘုံအပြင်သည် တတိယပြဟ္မာသုံးဦးတို့၏ဘုံမည်၏။

ဈာန်၏အာနုဘော်ကြောင့်ဖြစ်သော ကြီးကျယ်ပြန့်ပြောသော အကျိုးရှိသောကြောင့် ဝေဟပ္ဖိုလ်ပြဟ္မာမည်၏။ (ဋီ၊ မြန်)

ထိုပြဟ္မာတို့အား သညာ၌ တပ်ခြင်းကင်းသော ဘာဝနာကြောင့်ဖြစ်သော ရုပ်စဉ်မျှသာရှိသည်အဖြစ်ကြောင့် သညာသည်လည်းကောင်း၊ ထိုသညာကို အရင်းပြုသဖြင့် ဆိုအပ်ကုန်သော ကြွင်းသော နာမ်ခန္ဓာတို့သည်လည်းကောင်း မရှိသောကြောင့် အသညာ မည်ကုန်၏။ ထိုသညာမရှိသော ပြဟ္မာတို့သည်သာလျှင် သတ္တဝါလည်းမည်ကုန်သောကြောင့် အသညသတ္တ မည်ကုန်၏။

သညာ၌ ရွံရှာစက်ဆုပ်သော ဘာဝနာ၏အစွမ်းဖြင့် သညာနှင့်တကွသော နာမ်ခန္ဓာတို့၏မရှိသောကြောင့်လည်းကောင်း၊ သတ္တဝါလည်းဖြစ်သောကြောင့် လည်းကောင်း အသညသတ္တပြဟ္မာမည်၏။ ဤပြဟ္မာနှစ်ဦးတို့၏ အထူးသဖြင့် အလွန်မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော တူသောဘုံအပြင်သည် စတုတ္ထဈာန်ဘုံမည်၏။

အနည်းငယ်သော ကာလအားဖြင့် မိမိနေရာဌာနကို မစွန့်တတ်သောကြောင့် အဝိဟာပြဟ္မာမည်၏။ ထိုပြဟ္မာတို့၏နေရာဖြစ်သောဘုံသည် အဝိဟာပြဟ္မာဘုံ မည်၏။

တစ်စုံတစ်ခုသော အကြောင်းဖြင့် ပူလောင်ခြင်းမရှိသောကြောင့် အတပ္ပါ ပြဟ္မာမည်၏။ ထိုပြဟ္မာတို့၏နေရာဖြစ်သောဘုံသည် အတပ္ပါပြဟ္မာဘုံမည်၏။

မြတ်သော ကောင်းသော အဆင်းရှိ၍ ချမ်းသာသဖြင့် ကြည့်အပ်သော ကြောင့် သုဒဿာဗြဟ္မာမည်၏၊ ထိုဗြဟ္မာတို့၏နေရာဖြစ်သောဘုံသည် သုဒဿာ ဗြဟ္မာဘုံမည်၏။

အလွန်ပင်စင်ကြယ်သော စက္ခုဝိညာဏ်ရှိ၍ ချမ်းသာစွာ မြင်နိုင်သော ကြောင့် သုဒဿီဗြဟ္မာမည်၏။ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့် သုဒဿီဗြဟ္မာ ဘုံမည်၏။

လွန်ကဲသော စည်းစိမ်ဂုဏ်သိရ်ရှိသဖြင့် စည်းစိမ်ဂုဏ်သိရ်သေးငယ်မှု မရှိ သောကြောင့် အကနိဋ္ဌဗြဟ္မာမည်၏။ ထိုဗြဟ္မာတို့၏နေရာဖြစ်သောကြောင့် အကနိဋ္ဌ ဗြဟ္မာဘုံမည်၏။

စင်ကြယ်ကုန်သော အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့၏သာလျှင် နေရာ ဖြစ်ကုန်သောကြောင့် သုဒ္ဓါဝါသမည်ကုန်၏။ (တစ်နည်းကား) ထိုဗြဟ္မာတို့အား ချစ်ခြင်း မုန်းခြင်းမရှိသည်၏အဖြစ်ကြောင့် စင်ကြယ်သော နေရာရှိသောကြောင့် သုဒ္ဓါဝါသမည်ကုန်၏။ ထိုဗြဟ္မာတို့၏နေရာဘုံသည် ဌာနူပစာအားဖြင့် သုဒ္ဓါဝါသ မည်၏။

ဤဘုံ၅ပါးသည် ကာမရာဂါနုသယ ပဋိဃာနုသယတို့မရှိသဖြင့် အလွန်စင် ကြယ်တော်မူကြသော အနာဂါမ် ရဟန္တာ အရှင်တို့၏ နေရာဖြစ်သောကြောင့် သုဒ္ဓါ ဝါသဘုံမည်၏။

## အရူပဘုံမည်ပုံ နှစ်မျိုး

အာကာသာနဉ္စာယတနဟု သတ်မှတ်အပ်သောအရပ်၌ (အပိုင်းအခြား မရှိသော ကသိုဏ်းကိုးပါးကို ခွာ၍ရအပ်သော ကောင်းကင်အာရုံ၌) ဖြစ်ကုန်သော ပဌမအရူပနာမက္ခန္ဓာလေးပါးတို့သည်ပင် (အဝတ္ထာ ဘုံ၏ အစွမ်းဖြင့်) အာကာသာ နဉ္စာယတနဘုံမည်၏။

တစ်နည်း – ထိုပဌမအရူပဝိပါက်နာမက္ခန္ဓာလေးပါးတို့ဖြင့် ပိုင်းခြားအပ်သော အရပ်သည် (ဌာနဘုံ၏အစွမ်းဖြင့်) အာကာသာနဉ္စာယတနဘုံမည်၏။ (ဝိညာဏာ နဉ္စာယတနစသည် နည်းတူသိပါလေ။

ကသိုဏ်းကိုးပါးမှ ခွာ၍ရအပ်သော ကောင်းကင်ပညတ်သည် အာကာ သာနဉ္စာယတနဈာန်၏လည်းကောင်း၊ ပဋိသန္ဓေဖြစ်သော ပဌမဈာန် ဝိပါက်

နာမက္ခန္ဓာ၏လည်းကောင်း တည်ရာဖြစ်သောကြောင့် အာကာသာနဉ္စာယတနဘုံ မည်၏။

တစ်နည်း – အာကာသာနဉ္စာယတန ကုသိုလ်ဈာန်စိတ်သည်လည်းကောင်း၊ ပဋိသန္ဓေဖြစ်သော အာကာသာနဉ္စာယတနဝိပါက်စိတ်သည်လည်းကောင်း မိမိနှင့် သမ္ပယုတ်ဖြစ်သော တရားတို့၏ မှီရာဖြစ်သောကြောင့် အာကာသာနဉ္စာယတန ဘုံမည်၏။ (ကြွင်း အရူပဘုံများကိုလည်း နည်းတူသိ။)

သုဒ္ဓါဝါသငါးဘုံတို့၌ ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့ မရနိုင်၊ မရောက်နိုင်ကုန်။ အသညသတ်ဘုံ အပါယ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့သည် မဖြစ်ကုန်၊ ထိုဘုံတို့မှ ကြွင်းကုန်သော (၂၁)ဘုံတို့၌သာ အရိယာပုဂ္ဂိုလ်တို့သည်လည်း ကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ဖြစ်ကုန်၏ ဟူလို။

ထိုလေးပါးသော ပဋိသန္ဓေတို့တွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်ဘုံ၌ သက်သောခဏ၌ ပဋိသန္ဓေဖြစ်၍ ပဋိသန္ဓေအခါမှ နောက်၌ ဘဝင်ဖြစ်၍ အဆုံး၌ စုတိဖြစ်၍ ပြတ်၏။ တစ်ခုသော ဤပဋိသန္ဓေသည် အပါယ်ပဋိသန္ဓေမည်၏။

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ကာမဘုံ၌ ပဋိသန္ဓေ အားဖြင့် ကန်းသောသူ အစရှိကုန်သော လူတို့အားလည်းကောင်း၊ ဘုမ္မစိုးနတ်တို့ကို မှီ၍ဖြစ်ကုန်သော ဘုမ္မသိတနတ်၊ဝိနိပါတိကအသုရာ နတ်တို့အားလည်း ကောင်း ပဋိသန္ဓေ ဘဝင် စုတိစိတ်၏အစွမ်းဖြင့် ဖြစ်၏။

ပဋိသန္ဓေလေးမျိုးတွင် သံသေဒဇပဋိသန္ဓေ၊ ဩပပါတ်ပဋိသန္ဓေ နှစ်ပါးဖြင့် ပဋိသန္ဓေတည်နေသောသူတို့အား ပဋိသန္ဓေခဏ၌ စက္ခုနှင့်တကွဖြစ်သင့်လျက် စက္ခု မဖြစ်သည်ဖြစ်အံ့၊ ဇစ္စန္ဓပုဂ္ဂိုလ်ဖြစ်၏။ အဏ္ဍဇပဋိသန္ဓေ၊ ဇလာဗုဇပဋိသန္ဓေ နှစ်ပါးတို့ဖြင့် ပဋိသန္ဓေတည်နေသောသူတို့အား သတ္တမသတ္တာဟ (သို့) ကောဒသမသတ္တာဟစက္ခုဖြစ်ချိန် ကာလ၌ အကုသိုလ်ကံ တားမြစ်သောကြောင့် စက္ခုမပါ မဖြစ်သည်ဖြစ်အံ့၊ ဇစ္စန္ဓ ပုဂ္ဂိုလ်မည်၏။ စက္ခုဒသကကလာပ်ဖြစ်ပြီးမှ တစ်စုံတစ်ခုသောအကြောင်းကြောင့် စက္ခုမပါမူ၍ မွေးဖွားသောပုဂ္ဂိုလ်ကို ဇစ္စန္ဓ ဟု မဆိုအပ်ချေ။

''ဇစ္စန္ဓာဒီနံ''၌ အာဒိသဒ္ဒါဖြင့် ဇစ္စဗဓိရ၊ ဇစ္စဃာန၊ ဇစ္စမူဂ၊ ဇစ္စဇဠ၊ ဇစ္စုမ္မတ္တက၊ ပဏ္ဍက၊ ဥဘတောဗျဥ္စနက၊ နပုံသက၊ စမ္မ စသော သူတို့ကို ယူအပ်ကုန်၏။

ငင်းပုဂ္ဂိုလ်တို့သည်လည်း အဟိတ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေနေသောသူတို့ မည်ကုန်၏။

ထိုပုဂ္ဂိုလ်တို့တွင် ပဋိသန္ဓေအားဖြင့် နားပင်းသောသူသည် ဇစ္စဗဓိရ မည်၏။ ပဋိသန္ဓေအားဖြင့် ဃာနပသာဒချို့တဲ့သူသည် ဇစ္စဃာနမည်၏။ ပဋိသန္ဓေအားဖြင့် ဇိဝှါပသာဒ မချို့ကောင်းပေ။ ပဋိသန္ဓေအားဖြင့် အသောသူသည် ဇစ္စမူဂ မည်၏။ ပဋိသန္ဓေအားဖြင့် ဆွံ့သောသူသည် ဇစ္စဇဠမည်၏။ ပဋိသန္ဓေအားဖြင့် စိတ်ဖောက်ပြန်သော ဝမ်းတွင်းရူးသူသည် ဇစ္စုမ္မတ္တကမည်၏။ ကာမဂုဏ်ကို ခံစားလိုသောကြောင့် ပန်းစုပ်ခြင်းစသော ယုတ်မာသော အမှုမျိုးကို ပြုလုပ်မှ ကာမဂုဏ်ခံစားနိုင်သော သူမျိုးသည် ပဏ္ဍုက်မည်၏။

ယောကျ်ားတစ်လ၊ မိန်းမတစ်လ စသည်ဖြင့် ဖြစ်ပျက်ပြောင်းလဲ၍ ယောကျ်ားဖြစ်တုန်း၊ မိန်းမဖြစ်တုန်း ယောကျ်ား မိန်းမတို့၏ နိမိတ်အင်္ဂါ အစုံရှိသူသည် ဥဘတောဗျဉ်းမည်၏။

ယောကျ်ားမဟုတ်၊ မိန်းမလည်းမဟုတ်၊ နှစ်ပါးစုံမှ လွတ်၍ လိင်နှစ်ပါးမှ ကင်းသောသူသည် နပုံမည်၏။

စကားပြောဆိုရာ၌ စကားတစ်လုံးတစ်လုံးကို အလွန်အားထုတ်၍ ပြောဆိုရ၏။ ထိုသို့ပြောဆိုပါသော်လည်း ချောချောပြေပြေမရှိ၊ ထစ်ထစ်ငေါ့ငေါ့ ပြောဆိုသောသူသည် မမ်း စွဲသောသူ မည်၏။

တန်ခိုးကြီးမားသော ရက္ခစိုး ဘုမ္မစိုးနတ်တို့ကို မှီခို၍ နေကြရသောကြောင့် ဘုမ္မသိတနတ်မည်ကုန်၏။ ထိုနတ်တို့သည် မိမိကိုယ်ပိုင် ဘုံဗိမာန်များ မရှိကြသဖြင့် တောချုံပုတ်အပေါင်းတို့၌လည်းကောင်း၊ ရှုံရိုး မြောင်ရိုးတို့၌လည်းကောင်း၊ လိုဏ်အို၊ ဂူအို၊ ကျောင်းပျက်၊ ကန်ပျက်၊ သုသာန် သချိုင်းစသည်တို့၌လည်းကောင်း မှီခိုကပ်ရပ်၍ ဆင်းရဲစွာနေကြကုန်သော ယခုကာလခေါ်ကြသော တစ္ဆေသူရဲစသော နတ်မျိုးတို့ပင်တည်း။ ထိုဘုမ္မသိတဖြစ်သော တစ္ဆေသူရဲစသော နတ်တို့သည် ချမ်းသာအပေါင်းမှ ရွေ့လျောတတ်၊ ကင်းကွာတတ်သောကြောင့် ဝိနိပါတိက **အသုရာ** မည်ကုန်၏။

မဟာဝိပါက်စိတ် (၈)ခုတွင် ဉာဏဝိပ္ပယုတ်စိတ် (၄)ခုဖြင့် ပဋိသန္ဓေတည်နေသော နတ်လူများသည် အလောဘဟိတ် အဒေါသဟိတ် နှစ်ပါးသော ရှိသောကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်မည်ကုန်၏။ ဉာဏသမ္ပယုတ်စိတ်လေးခုဖြင့် ပဋိသန္ဓေတည်နေသော နတ် လူတို့သည် အလောဘ အဒေါသ အမောဟဟိတ် သုံးပါးရှိသောကြောင့် တိဟိတ် ပုဂ္ဂိုလ်မည်ကုန်၏။

## လူနှင့်အပါယ်ပုဂ္ဂိုလ်စသည်တို့၏အသက်တမ်း

တေသု ပန စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကာသုရာနဉ္စ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ။

ထိုဆယ်ပါးသော ပဋိသန္ဓေနှင့် ယှဉ်ကုန်သော ပုဂ္ဂိုလ်တို့တွင် လေးယောက်ကုန်သော အပါယ်ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ လူတို့၏လည်းကောင်း၊ ဝိနိပါတိက အသုရာတို့၏လည်းကောင်း အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၌ မြဲခြင်းမရှိ။

ထိုအပါယ်သား၊ လူ ၊ ဝိနိပါတိက အသုရာတို့အား အကြင်မျှလောက် ကုသိုလ်ကံ အကုသိုလ်ကံသည် မကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး စုတေခြင်း မရှိ၍ ၎င်းတို့၏ကံသာလျှင် ပမာဏဖြစ်သောကြောင့် အသက်ရှည်သူ ရှည်၍ တိုသူ တိုကြကုန်၏။ အသက်အတိုင်းအရှည် အရေအတွက်မမြဲကုန်။ ထို့ကြောင့် အချို့သော ဘုမ္မစိုးနတ်တို့သည် ခုနစ်ရက်မျှသာ အသက်ရှည်၍ အချို့မှာ အာယုကပ်ပတ်လုံး တည်ကြကုန်၏။ လူတို့မှာလည်း တစ်ခါတစ်ရံ အသင်္ချေယျအသက်ရှည်၍ တစ်ခါတစ်ရံ ဆယ်နှစ်မျှ အသက်ရှည်ကြကုန်၏ ဟု မှတ်။

တစ်နည်းကား အပါယ်ပုဂ္ဂိုလ် အစရှိသည်တို့တွင် အချို့ကုန်သော သတ္တဝါတို့၏ ရှည်သော အသက်ရှိသည်အဖြစ်ကြောင့်လည်းကောင်း၊ အချို့ကုန်သော သတ္တဝါတို့၏ အလွန်ရှည်သော အသက်ရှိသည်အဖြစ်ကြောင့်လည်းကောင်း၊ အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၌ မြဲခြင်းမရှိပေ။ ထို့ကြောင့် ရှေးဆရာတို့သည် အပါယ်ဘုံ၌ဖြစ်သော သတ္တဝါနှင့်လူတို့၏ အသက်အပိုင်းအခြားသည် မရှိ။ ထို့ကြောင့်သာလျှင် ကာဠနာဂါးသည်လည်းကောင်း၊ မန္ဓာတ်မင်းသည်လည်းကောင်း အချို့ကုန်သော နတ်ဘီလူးတို့သည်လည်းကောင်း ရှည်သော အသက်ရှိကုန်၏။ အဘယ့်ကြောင့် အသက်အပိုင်းအခြား မရှိပါသနည်း ဟူမူ ထိုအပါယ်လေးဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့အား အကြင်မျှလောက် ကာလပတ်လုံး စုတေခြင်း မရှိသောကြောင့် အပါယ်ဘုံတို့၌ ကံသာလျှင် အတိုင်းအရှည်ပမာဏဖြစ်၏။

ထို့ကြောင့် အပါယ်ဘုံသားတို့အား အသက်အပိုင်းအခြားမရှိ။ ဘုမ္မစိုးနတ်တို့၏ အသက်အပိုင်းအခြား ပမာဏသည် ထိုအပါယ်ဘုံသားအတူ ကံသာလျှင် အတိုင်းအရှည်ပမာဏရှိ၏။ ထိုစကားမှန်၏၊ ထိုဘုမ္မစိုးနတ်တို့၌ဖြစ်ကုန်သော အချို့သော သတ္တဝါတို့သည်လည်း ခုနစ်ရက်သာ တည်ကုန်၏၊ အချို့သော သတ္တဝါတို့သည် အာယုကပ်အတိုင်းအရှည်ရှိသော ကာလပတ်လုံး တည်ကုန်၏။ လူတို့လည်း ထို့အတူ အသက်အပိုင်းအခြားမရှိ၊ အဘယ့်ကြောင့် အသက်အပိုင်းအခြား မရှိပါသနည်း ဟူမူ ထိုလူတို့၏ တစ်ရံတစ်ခါ အသချေ်ယအသက်ရှည်သည်၏အဖြစ်ကြောင့်၊ တစ်ရံတစ်ခါ ဆယ်နှစ်အသက်ရှည်သည်၏အဖြစ်ကြောင့် အသက်အပိုင်းအခြားမရှိ။ ''ယော စိရံ ဇီဝတိ၊ သော ဝဿသတံ ဇီဝတိ အပ္ပံ ဝါ ဘိယျော ဝါ ဒုတိယံ ဝဿသတံ န ပါပုဏာတိ''ဟူသော ဤစကားသည် ယခုကာလ၌ ဖြစ်ကုန်သော လူတို့ကို ရည်၍ ဆိုအပ်သောစကားဖြစ်၏။

အဓိပ္ပာယ်ကား - အကြင်သူသည် ရှည်မြင့်စွာသော ကာလပတ်လုံး အသက်ရှည်၏၊ ထိုသူသည် အနှစ်တစ်ရာပတ်လုံး အသက်ရှည်၏၊ အနည်းငယ် အနှစ်တစ်ရာထက်လွန်သော ကာလပတ်လုံးသော်လည်း အသက်ရှည်တတ်၏။

လူတို့၏ အနှစ် (၅၀)သည် စာတုမဟာရာဇ်နတ်တို့၌ တစ်ရက်ဖြစ်၏။ ထိုရက် (၃၀)သည် နတ်တို့၌ တစ်လဖြစ်၏။ ထို (၁၂)လသည် နတ်တို့၌ တစ်နှစ် ဖြစ်၏။ ထိုနှစ်ပေါင်း (၅၀၀)သည် စာတုမဟာရာဇ်တို့၏ အသက်ဖြစ်၏။ လူတို့၏ အရေအတွက်အားဖြင့် အနှစ် (၉)သန်းဖြစ်၏ ဟူလို။

တာဝတိံသာစသော အထက်အထက်နတ်တို့သည် အောက်အောက်နတ်တို့ထက် ရက်၊ လ၊ နှစ် အားဖြင့် နှစ်ဆသာ၏၊ အသက်တမ်းအားဖြင့်လည်း နှစ်ဆသာလွန်၏။ ဤသို့ ရက် လ နှစ် အားဖြင့် နှစ်ဆပိုကဲ သာလွန်သော နေ့ နှစ်ဆတက်၊ အသက်တမ်း နှစ်အားဖြင့် နှစ်ဆပိုကဲ သာလွန်သောနှစ် နှစ်ဆထက် အားဖြင့် လေးဆတက် စတုဂ္ဂုဏ ဖြစ်၏။

လွန်ပုံကား - လူတို့၏ အနှစ် (၅၀)သည် စာတုမဟာရာဇ်နတ်တို့၏ တစ်ရက်ဖြစ်၏။ ၎င်းစာတုမဟာရာဇ်နတ်တို့၏ တစ်ရက်ဖြစ်သော အနှစ်ငါးဆယ်ကို နှစ်ဆတက်၍ လူတို့၏ အနှစ်တစ်ရာမှ တာဝတိံသာနတ်တို့၏ တစ်ရက်ဖြစ်သော ကြောင့် တာဝတိံသာနတ်တို့သည် စာတုမဟာရာဇ်နတ်တို့ထက် ရက်အားဖြင့် နှစ်ဆသာ ဒိဂုဏဖြစ်၏။ အသက်တမ်းအားဖြင့်လည်း စာတုမဟာရာဇ်နတ်တို့၏

အသက်တမ်းသည် (၅၀၀)ဖြစ်သဖြင့် ၎င်းငါးရာထက် နှစ်ဆလွန်သော အနှစ် (၁၀၀၀)သည် တာဝတိံသာနတ်တို့၏ အသက်ဖြစ်၍ အသက်တမ်းအားဖြင့်လည်း နှစ်ဆသာ နှစ်ဆတက် ဒိဂုဏဖြစ်၏။ ယင်းရက် နှစ်ဆတက် အသက်တမ်း နှစ်ဆကို ပေါင်းသော စတုဂ္ဂုဏ လေးဆတက်ဖြစ်၏ ဟု မှတ်။

## ပရနိမ္မိတဝသဝတ္တိနတ်သက်

နဝသတဥ္စေကဝီသ-ဝဿာနံ ကောဋိယော တထာ။

ဝဿသတသဟဿာနိ၊ သဋ္ဌိ စ ဝသဝတ္တိသု။

ပရနိမ္မိတဝသဝတ္တိဘုံ၌ဖြစ်ကုန်သော နတ်တို့၏ အသက်အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် နှစ်တို့၏ ကုဋေကိုးရာတို့သည်လည်းကောင်း၊ နှစ်ဆယ့်တစ်ကုဋေတို့သည်လည်းကောင်း ထိုမှတစ်ပါး အနှစ်ခြောက်သန်းတို့သည် လည်းကောင်း ဖြစ်ကုန်၏။

ပဥ္စကနည်းအရ ဈာန်ငါးပါး ဝိပါက်ငါးပါး ပြားနေသော်လည်း စတုက္ကနည်း အရ ဈာန်လေးပါးမျှသာဖြစ်၍ ၎င်းပဥ္စကနည်း၌ တတိယဈာန်ဝိပါက်သည် စတုက္က နည်း၌ ဒုတိယဈာန်ဝိပါက်ပင် ဖြစ်သောကြောင့် ဒုတိယဘုံ၌သာ အကျိုးပေး၏။ သို့ဖြစ်၍ "ဒုတိယဈာနဝိပါကံ တတိယဈာနဝိပါကဉ္စ"ဟု ပေါင်း၍ သင်္ဂြိုဟ်၌ မိန့်ဆိုတော်မူ၏။

## ရူပဗြဟ္မာတို့၏အသက်တမ်း

တေသု ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿ တတိယော ဘာဂေါ အာယုပ္ပမာဏံ။

ထိုခြောက်ပါးသော ပဋိသန္ဓေနှင့်ယှဉ်ကုန်သော ပုဂ္ဂိုလ်တို့တွင် ဗြဟ္မာပါရိ သဇ္ဇာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏အသက်အတိုင်းအရှည်သည် အသင်္ချေယျ ကပ်၏ သုံးဖို့တစ်ဖို့ဖြစ်၏။

အဘယ့်ကြောင့် အသင်္ချေယျကပ်ကို ယူရပါသနည်း ဟူမူ ဗြဟ္မာပါရိသဇ္ဇ အစရှိကုန်သော ဗြဟ္မာသုံးဘုံတို့၏ မဟာကပ်၏အစွမ်းဖြင့် အသက်အပိုင်းအခြား သည် မဖြစ်သင့်၊ အဘယ့်ကြောင့် မဖြစ်သင့်ပါသနည်း ဟူမူ ထိုပဌမဈာန်သုံးဘုံ တို့၏ တစ်ခုသောကပ်၌ မပျက်စီးခြင်း မရှိသည်ဖြစ်၍ ပြည့်စုံသော မဟာကပ်၌ မဖြစ်သင့်သောကြောင့် မဖြစ်သင့်။

ထိုစကားသင့်၏၊ ဤလောကကြီးသည် ခုနစ်ကြိမ်တို့၌ မီးဖြင့် ပျက်စီး၏၊ ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်စီး၏၊ တစ်ဖန် ခုနစ်ကြိမ်တို့၌ မီးဖြင့် ပျက်စီး၏၊ ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်စီး၏။ ဤသို့ ရှစ်ကြိမ်မြောက်သော အဌကတို့သည် ပြည့်ကုန်သည်ရှိသော် နောက်ဆုံးအကြိမ်၌ လေဖြင့် ပျက်စီး၏။ ထိုသို့ ပျက်စီးရာ၌ ပဌမဈာန်သုံးဘုံအပြင်ကို အစပြု၍ မီးဖြင့် ပျက်စီး၏၊ ဒုတိယဈာန်သုံးဘုံအပြင် တတိယဈာန်သုံးဘုံအပြင်ကို အစပြု၍ ရေဖြင့် ပျက်စီး၏။ စတုတ္ထဈာန်ဘုံအပြင်ကို အစပြု၍ လေဖြင့် ပျက်စီး၏။

အနက်ကား - ခုနစ်ကြိမ် ခုနစ်ကြိမ် မီးဖြင့် လောကသည် ပျက်စီး၏၊ ရှစ်ကြိမ်မြောက်၊ ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်စီး၏၊ အကြင်အခါ၌ (၆၄)ကြိမ်တို့သည် ပြည့်ကုန်၏။ ထိုအခါ လေတစ်ကြိမ် ဖြစ်၏၊ အာဘဿရာဘုံမှ အောက်၌ မီးဖြင့် လောကသည် ပျက်စီး၏။ သုဘကိဏှာဘုံမှအောက်၌ ရေဖြင့် ပျက်စီး၏။ ဝေဟပ္ဖိုလ်ဘုံမှအောက်၌ လေဖြင့် ပျက်စီး၏။ ဤသို့ လောကသည် ပျက်စီး၏။

ဗြဟ္မာပါရိသဇ္ဇစသော ပဌမဈာန်သုံးဘုံရှိ ဗြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် တစ်ခုသောကပ်၌ မပျက်စီးသည်မည်သည်မရှိ၊ ပျက်စီးသည်သာဖြစ်၍ ပြည့်စုံစွာသော မဟာကပ်၌ မဖြစ်သင့်သောကြောင့် မဟာကပ်ကို မယူပါဘဲ အသင်္ချေယျကပ်ကိုသာ ယူရ၏။

အသင်္ချေယျကပ်တစ်ခု၏ အသက်အတိုင်းအရှည်ကား အလျားတစ်ယူဇနာ၊ အနံတစ်ယူဇနာရှိသော မုန်ညင်းစေ့ကို ပုံထား၍ ထိုအပုံထဲမှ အနှစ်တစ်ရာ တစ်ရာလွန်သောအခါ တစ်စေ့တစ်စေ့ကို ယူပစ်၍ ထိုမုန်ညင်းစေ့အပုံကြီးသည် ကုန်သွားသော်လည်း ကုန်ခြင်းသဘောမရှိသော မဟာကပ်တစ်ကပ်၏ လေးဖို့တစ်ဖို့ပမာဏရှိ၏။

ထိုစကားချဲ၍ပြဦးအံ့၊ ကပ်သည် အာယုကပ် အန္တရကပ် အသင်္ချေယျကပ် မဟာကပ် ဟူ၍ လေးပါးရှိ၏။ သတ္တဝါတို့၏ ရာ ထောင် စသော အသက်အပိုင်းအခြားသည် အာယုကပ်မည်၏။ ဝိဝဋ္ဋဌာယီ အသင်္ချေယျကပ် တစ်ခု၏ အတွင်း၌ ဆယ်နှစ်တမ်းမှ အသင်္ချေယျ၊ အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းသို့ လူတို့၏ အသက်တမ်းတိုးမှု၊ ဆုတ်မှု နှစ်ခုသည် အန္တရကပ်တစ်ခုဖြစ်၏။ ထိုအန္တရကပ် (၆၄)ကပ်သည် အသင်္ချေယျတစ်ကပ်ဖြစ်သည်။

ထိုအသင်္ချေယျကပ်သည် သံဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋ၊ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ဟူ၍ လေးပါးရှိ၏။ ထိုလေးမျိုးတွင် ကမ္ဘာပျက်မိုးရွာသည်မှစ၍ မီးအလျှံငြိမ်းသည်တိုင်အောင် ပျက်နေဆဲကာလသည် သံဝဋ္ဋအသင်္ချေယျကပ်မည်၏။ မီးအလျှံငြိမ်းသည်မှစ၍ ကမ္ဘာပြုမိုးရွာသည့်တိုင်အောင် အပျက်အဖြစ်ဖြင့် တည်နေဆဲ ကာလသည် သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်၏။ ကမ္ဘာပြုမိုးရွာသည်မှစ၍ နေ လ နက္ခတ်ထွက်သည့်တိုင်အောင် တိုးပွားနေဆဲကာလသည် ဝိဝဋ္ဋအသင်္ချေယျကပ်မည်၏။ နေ လ နက္ခတ်ထွက်သည်မှစ၍ ကမ္ဘာပျက်မိုး တစ်ဖန်ရွာသည်တိုင်အောင် တိုးပွားမှုတည်နေဆဲကာလသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။ ထိုအသင်္ချေယျကပ်လေးကပ်သည် မဟာကပ်တစ်ကပ်မည်၏။

ထိုမဟာကပ်သည်လည်း မီးဖျက်သော မဟာကပ်၊ ရေဖျက်သောမဟာကပ်၊ လေဖျက်သောမဟာကပ် ဟူ၍ သုံးမျိုးရှိ၏။ မီးခုနစ်ကြိမ် ရေတစ်ကြိမ်၊ ထိုနောင် ခုနစ်ကြိမ်တိုင်တိုင် မီးဖြင့် ပျက်စီး၍ ရှစ်ကြိမ်မြောက်၌ ရေတစ်ကြိမ် ဤသို့ အလှည့်စီ အလှည့်စီ ပျက်စီး၍ အကြင်အခါ (၆၄)ကြိမ်မြောက် ဖြစ်၏။ ထိုအခါ လေတစ်ကြိမ်ဖြင့် လောကကြီး ပျက်စီး၏။ မီးဖျက်သောကြောင့် ပဌမစျာန်သုံးဘုံတိုင်အောင် ပျက်စီး၏။ ရေဖျက်သောကြောင့် ဒုတိယစျာန်သုံးဘုံတိုင်အောင် ပျက်စီး၏။ လေဖျက်သောကြောင့် ဝေဟပ္ဖိုလ်ဘုံအောက်အကုန်ပျက်စီး၏ဟု မှတ်။

## စတုမဟာရာဇ်နတ်သက် ၅၀၀သည် လူတို့၏ အရေအတွက်အားဖြင့် အနှစ် ကိုးသန်းဖြစ်ပုံ

၁။ လူ့ပြည်အနှစ် (၅၀)သည် စတုမဟာရာဇ် နတ်ပြည်၏ တစ်ရက်ဖြစ်၏။ ထို့ကြောင့် –

| | | | |
|---|---|---|---|
| | ၅၀ | – | နှစ် |
| | × ၃၀ | – | ရက် |
| လူတို့နှစ် | ၁၅၀၀ | = | စတုမဟာရာဇ်တစ်လ |
| | × ၁၂ | – | လ |
| လူတို့နှစ် | × ၁၈၀၀၀ | = | စတုမဟာရာဇ်တစ်နှစ် |
| | × ၅၀၀ | – | နှစ် |
| လူတို့နှစ်ပေါင်း | ၉၀၀၀၀၀၀ | = | စတုမဟာရာဇ်နတ်သက် ၅၀၀ |

## တစ်ဘဝ၌ တူရသော တရားသုံးပါး

တစ်ခုသောဘဝ၌ ပဋိသန္ဓေစိတ်သည်လည်းကောင်း၊ ဘဝင်စိတ်သည်လည်းကောင်း၊ ထိုမှတစ်ပါး စုတိစိတ်သည်လည်းကောင်း၊ ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မ သင်္ခါရ အားဖြင့် တူသည်သာလျှင်တည်း။ ထို့အတူ တူသောအာရုံရှိသည်သာလျှင် ဖြစ်၏။

## ဘုံ+ဇာတ်+သမ္ပယုတ္တ ဓမ္မ+သင်္ခါရ+အာရုံအားဖြင့် တူပုံ

ပဋိသန္ဓေစိတ်သည် ကာမစိတ်ဖြစ်အံ့။ ဘဝင် စုတိစိတ်တို့သည် ကာမဘဝင် ကာမစုတိစိတ်တို့သာ ဖြစ်ရကုန်၏။ ရူပ အရူပတို့၌လည်း ထို့အတူပင်။ (ဘုံတူပုံ)

ပဋိသန္ဓေစိတ်သည် ဝိပါက်အဗျာကတဇာတ်ဖြစ်အံ့။ ဘဝင် စုတိတို့လည်း ဝိပါက်အဗျာကတဇာတ်သာ ဖြစ်ရကုန်၏။ (ဇာတ်တူပုံ)

ပဋိသန္ဓေစိတ်သည် ဖဿ စသော စေတသိက်နှင့် ယှဉ်သည်ဖြစ်အံ့။ ဘဝင် စုတိတို့လည်း ဖဿ စသော စေတသိက်တို့နှင့်သာ ယှဉ်ရကုန်၏။ (သမ္ပယုတ္တဓမ္မတူပုံ)

ပဋိသန္ဓေစိတ်သည် အသင်္ခါရိကဖြစ်အံ့။ ဘဝင် စုတိတို့သည်လည်း အသင်္ခါရိကသာ ဖြစ်ရကုန်၏။ (သင်္ခါရတူပုံ)

ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုအံ့။ ဘဝင် စုတိတို့သည်လည်း ကံကိုသာ အာရုံပြုရကုန်၏။ (အာရုံတူပုံ)

## ကိစ္စအားဖြင့် ကံလေးပါး

၁။ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်၊ အကုသိုလ် စေတနာသည် ဇနကကံ မည်၏။

၂။ ဇနကကံကိုလည်းကောင်း၊ ဇနကကံ၏အကျိုးကိုလည်းကောင်း၊ ပဝတ္တိအခါ၌သာ မြဲမြံခိုင်ခံ့တည်တံ့အောင် ထောက်ပံ့တတ်သော ကုသိုလ်၊ အကုသိုလ်စေတနာသည် ဥပတ္ထမ္ဘကကံမည်၏။

၃။ ဇနကကံ၏ အကျိုးကို အားနည်းချည့်နဲ့ မဖွံ့ဖြိုးအောင် နှိပ်စက်ညှဉ်းပန်းတတ်သော ကုသိုလ် အကုသိုလ် စေတနာသည် ဥပပီဠကကံ မည်၏။

၄။ အားနည်းသော ဇနကကံ၏ အကျိုးကို ဖြစ်စေတတ်သောအစွမ်းသတ္တိကို ဖြတ်၍ ပဝတ္တိ ပဋိသန္ဓေ ၂-ပါးလုံး၌ မိမိ၏ အကျိုးကို ပေးသော ကုသိုလ် အကုသိုလ်စေတနာသည် ဥပဃာတကကံမည်၏။

## ဇနကကံနှင့် ဥပဃာတကကံတို့၏အထူး

ဇနကကံသည် ကံတစ်ပါး၏ အကျိုးကို မတားမြစ်ဘဲ မိမိ၏ အကျိုးကို ပေးတတ်၏။

ဥပဃာတကကံသည် ကံတစ်ပါး၏ အကျိုးကိုဖြတ်၍ မိမိ၏အကျိုးကို ပေး၏။ ။(အပရေဝါဒကား - ကံတစ်ပါး၏အကျိုးကိုဖြတ်၍ တစ်ပါးသောကံ၏ အကျိုးပေးခွင့်ကို ပြု၏။ မိမိမူကား - အကျိုးမပေးဟု ဆို၏။ (ထူးပုံနှစ်မျိုး)

## ဥပဃာတကကံနှင့် ဥပပီဠကကံအထူး (အပရေဆရာ၏ဝါဒ)

ဥပဃာတကကံသည် ကံတစ်ပါး၏အကျိုးကို အလုံးစုံဖြတ်၍ တစ်ပါးသော ကံ၏ အကျိုးပေးခွင့်ကို ပြု၏။ မိမိကိုယ်တိုင်ကား အကျိုးမပေးတတ်။

ဥပပီဠကကံသည် ဇနကကံ၏ အကျိုးကို တစ်ခါတည်းမဖြတ်ဘဲ မသေမီ အကြားအကြား၌ နှိပ်စက်၏။ ထိုသို့ နှိပ်စက်ရာဝယ် အနာရောဂါဖြစ်ခြင်း၏ အကြောင်းကို ထိုပုဂ္ဂိုလ်သန္တာန်၌ ဆောင်ပို့သောအားဖြင့် နှိပ်စက်သည်။

## ပါကဒါန ပရိယာယကံ ၄ မျိုး
## (အကျိုးပေးလှည့် အစဉ်အတိုင်း ကံ ၄-မျိုး)

၁။ တစ်ပါးသောကံများက မတားမြစ်နိုင်ဘဲ စုတိ၏အခြားမဲ့၌ အကျိုးပေးနိုင်သော အလွန်အပြစ်ကြီးသော အလွန်အာနုဘော်ကြီးသော ကံသည် ဂရုကံမည်၏။ (ကုသိုလ်အရာ၌ မဟဂ္ဂုတ် ကုသိုလ်ကံသည်လည်းကောင်း၊ အကုသိုလ်ကံအရာ၌ အမိသတ်ခြင်း စသော ပဉ္စာနန္တရိယကံများ နိယတမိစ္ဆာဒိဋ္ဌိကံများသည်လည်းကောင်း ဖြစ်ကြ၏။)

၂။ ရှေးအခါက ပြုပြီး၍ သေခါနီးအခါ၌ အောက်မေ့အပ်သော ကုသိုလ် အကုသိုလ်ကံသည်လည်းကောင်း၊ သေခါနီးအခါ၌ ပြုအပ်သော ကုသိုလ် အကုသိုလ်ကံသည်လည်းကောင်း အာသန္နကံမည်၏။

၃။ အမြဲမပြတ် လေ့လာပြုလုပ်အပ်သော ကုသိုလ် အကုသိုလ်ကံသည်လည်းကောင်း၊ တစ်ကြိမ်ပြုပြီးနောက် အမြဲမပြတ်သော မှီဝဲအပ်,

ဆင်ခြင်အောက်မေ့အပ်သော ကုသိုလ် အကုသိုလ်ကံသည်လည်း ကောင်း အာစိဏ္ဏကံမည်၏။

၄။ ဂရုကံစသော ကံသုံးပါးမှ တစ်ပါးသော ပြုကာမျှဖြစ်သော ဆိုအပ်ပြီး သော ကံလေးပါးတို့သည် အကြင်ပုဂ္ဂိုလ်၌ အလုံးစုံရှိအံ့။ ဂရုကံသည် ရှေးဦးစွာ စုတိ၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေး၏။ ယင်းကံမရှိခဲ့သော် အာသန္နကံ၊ အာသန္နကံ မရှိသော အာစိဏ္ဏကံ၊ အာစိဏ္ဏကံ မရှိသော် ကဋတ္တာကံက အကျိုးပေး၏။ ဤသို့ ကံလေး ပါးတို့ အလှည့်အစဉ်အတိုင်း အကျိုးပေးသောကြောင့် ပါကဒါန ပရိယာယကံဟု ဆို၏။

## အဘိဓမ္မာဝတာရ စသော ဆရာတို့အလိုကိုပြခြင်း

အထက်ပါ အကျိုးပေးစဉ်တွင် အမြဲမပြတ် လေ့ကျက်အပ်သော အာစိဏ္ဏ ကံသည် သေခါနီးမှ ဖုတ်ပူမီးတိုက် ပြုလုပ်အပ်သော အာသန္နကံနှင့်စာလျှင် အရင် အကျိုးပေးသင့်သည်ဟု အဘိဓမ္မာဝတာရ ဆရာ စသည်တို့ ဆိုထား၏။ ထိုသို့ ဆိုသော်လည်း နွားခြံတွင်းသို့ ဝင်သော နွားတို့တွင် နွားအိုကြီးသည် သန်မာသော နွားတို့နောက်မှ ဝင်ရသဖြင့် ခြံဝ၌သာ အိပ်ရ၏။ နွားခြံဖွင့်၍ ထွက်ကြသောအခါ နွားအိုကြီးသည် အားမရှိသော်လည်း ခြံဝနှင့် အလွန်နီးသောကြောင့် အရင်ဆုံး ထွက်ရသကဲ့သို့ အာစိဏ္ဏကံသည် အားကောင်းသော်လည်း အာသန္နကံသည် သေခါနီးအခါနှင့် နီးကပ်နေသောကြောင့် အရင်အကျိုးပေး၏ဟု ဆို၏။ ထို့ကြောင့် ဤသင်္ဂြိုဟ်ကျမ်း၌ အာသန္နကံကို ရှေးဦးစွာ မိန့်ဆိုအပ်၏။

### ပဉ္စာနန္တရိယကံ ၅-မျိုး

၁။ မာတုဃာတက (အမိသတ်ခြင်း)

၂။ ပိတုဃာတက (အဖသတ်ခြင်း)

၃။ အရဟန္တဃာတက (ရဟန္တာကို သတ်ခြင်း)

၄။ လောဟိတုပ္ပါဒက (ဘုရားကိုသွေးစိမ်းတည်အောင် ပြုခြင်း)

၅။ သံဃဘေဒက (သံဃာသင်းခွဲခြင်း)

## နိယတမိစ္ဆာဒိဋ္ဌိကြီး ၃–မျိုး

(အပါယ်ကို ကေန်ပို့နိုင်သော ဒိဋ္ဌိကြီး ၃–မျိုး)

၁။ အကရိယဒိဋ္ဌိ (အကြောင်းပယ်)

၂။ နတ္ထိကဒိဋ္ဌိ (အကျိုးပယ်)

၃။ အဟေတုကဒိဋ္ဌိ (ကြောင်းကျိုးနှစ်ခုလုံးပယ်)

အာသန္နကံစသော ကံများရှိသော်လည်း ဂရုကံသည် ဦးစွာပထမ အကျိုးပေးသည်။ ဥပမာအားဖြင့် အနည်းငယ်သော ရေကို ကြီးစွာသော မိုးရေအလျဉ်သည် လွှမ်းမိုး၍သွားသကဲ့သို့ ဖြစ်သည်။ (အနည်းငယ်သော ရေသည် အာသန္နကံစသည်နှင့်တူ၏။ ကြီးစွာသော မိုးရေအလျဉ်သည် ဂရုကံနှင့်တူ၏။)

ထိုဂရုကံမရှိသော် ဝေးသောကံ နီးသောကံတို့တွင် အကြင်ကံသည် နီး၏၊ သေခါနီးသောအခါ၌ အောက်မေ့အပ်၏၊ ထိုအာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေး၏။ သေခါနီးအခါ၌ ပြုအပ်သောကံ၌ ဆိုဖွယ်ရာမရှိပြီ။ ထိုအာသန္နကံ မရှိသော် လေ့ကျက်အပ်သောကံ၊ မလေ့ကျက်အပ်သောကံတို့တွင် သီလရှိသူအဖြစ်ဟူသော၊ သီလမရှိသူအဖြစ်ဟူသော အကြင်အာစိဏ္ဏကံသည် ရှိ၏၊ ထိုအာစိဏ္ဏကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေး၏။ ကဋတ္တာကံသည်ကား ရအပ်သော မှီခဲခြင်းရှိသည်ဖြစ်၍ ရှေးကံသုံးပါးတို့ မရှိသည်ရှိသော် ပဋိသန္ဓေကို ပေး၏၊ ဤဆိုအပ်ပြီးသောနည်းဖြင့် ဂရုကံသည် ခပ်သိမ်းသော ကံတို့၏ ရှေးဦးစွာ အကျိုးပေး၏။

### အကျိုးပေးရာကာလအားဖြင့် ကံ ၄–မျိုး (ပါကကာလကံ ၄–မျိုး)

၁။ မျက်မှောက်ဖြစ်သော ယခု ပစ္စုပ္ပန်ဘဝ၌ ခံစားရန် အကျိုးပေးသော ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံမည်၏။ (ကာကဝလိယ ဇနီးမောင်နှံ၊ မဟာဒုတ်၊ ပုဏ္ဏ ဥတ္တရာဇနီးမောင်နှံ) (ဒေဝဒတ် စိဉ္စမာန)

၂။ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ ခံစားရန် ပဋိသန္ဓေအကျိုးကို ပေးသော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏။

၃။ မျက်မှောက်ဘဝ၊ ဒုတိယဘဝမှတစ်ပါးသော တတိယဘဝမှစ၍ အနာဂတ် နိဗ္ဗာန်ရသည် ဘဝတိုင်အောင် အခွင့်ရသည်ရှိသော် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကိုပေးသော အလယ်ဇော၅ချက်စေတနာသည် အပရာပရိယဝေဒနီယကံမည်၏။

၄။ ထိုဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံ သုံးပါးတို့သည် အကြောင်းမသင့် အခွင့်မသာကုန်သဖြင့် မိမိတို့ဆိုင်ရာဆိုင်ရာ ကာလအားလျော်စွာ အကျိုးမပေးကြဘဲ အလိုလိုဆိတ်သုဉ်း၍ သုဉ်း၍သွားသော ဇောစေတနာခုနစ်ခုသည် အဟောသိကံမည်၏။

## ပါကကာလအဓိပ္ပာယ်

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ၊ ဥပပဇ္ဇဝေဒနီယကံသည် ပစ္စုပ္ပန်ကာလမှ အခြားမဲ့ဖြစ်သော ဒုတိယဘဝကာလ၊ အပရာပရိယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အမှတ်မရှိသော မရေမတွက်နိုင်သောကာလ၊ အဟောသိကံသည် ဆိုအပ်ပြီးသောကာလမရှိခြင်း၊ လွန်ခြင်းဟု ဆိုအပ်သောကာလ၊ ဤသို့ အကျိုးပေးသောကာလ၊ အကျိုးမပေးသောကာလတို့ကို အကြောင်းပြု၍ အမည်ရသော ကံမျိုးကို ပါကကာလကံဟု ခေါ်သည်။

ပ → ဒု → တ → စ → ပဉ္စ → ဆ → သတ္တ။

---

(ဇောခုနစ်ကြိမ်အစဉ်အတိုင်း အားကောင်း၍ အားနည်းပုံ (ပရမတ္ထဒီပနီအလို)

ပထမဇောစေတနာသည် ပစ္စုပ္ပန်မျက်မှောက်ဘဝ၌ (ပဝတ္တိအကျိုး)ကို ပေး၏။ မျက်မှောက်ဘဝ၌ ကုသိုလ်အကျိုးပေးနိုင်သော အင်္ဂါများမှာ

၁။ ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ မနှိပ်စက်ခြင်း။
၂။ ရှေးရှေးဘဝက ဆည်းပူးခဲ့သည့် အပရာပရိယအကြောင်းထူး၏ အစွမ်းဖြင့် ရအပ်သော ကုသိုလ်သတ္တိအထူးရှိခြင်း။
၃။ အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထခါစ ဘုရားရှင်နှင့် အနာဂါမ်ရဟန္တာဖြစ်ခြင်း။
၄။ မိမိလှူအပ်သော ပစ္စည်း၏ ဓမ္မိယလဒ္ဓဖြစ်ခြင်း။
၅။ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း ဤအင်္ဂါရပ်များနှင့် ပြည့်စုံလျှင် မျက်မှောက်၌ပင် ဒါနကုသိုလ်သည် အကျိုးပေးပါသည်။ (မဟာဒုတ်၊ ကာကဝလိယ ဇနီးမောင်နှံ၊ ပုဏ္ဏလယ်သမားစသည်)

အကုသိုလ်အရာ၌လည်း

၁။ ဆန့်ကျင်ဘက် ကုသိုလ်တရားတို့က မနှိပ်စက်ခြင်း၊

၂။ ရှေးရှေးဘဝက ဆည်းပူးခဲ့သည့် အပရာပရိယအကြောင်းထူး၏ အစွမ်းဖြင့် ရအပ်သော အကုသိုလ်သတ္တိထူးရှိခြင်း။

၃။ ဘုရားရဟန္တာတို့ကို ပြစ်မှားခြင်းတို့ကြောင့် မျက်မှောက်၌ အကုသိုလ် အကျိုးကို ခံစားကြရသည်။ (သောရေယျသူဌေးသား၊ ဒေဝဒတ်၊ စိဉ္စမာန၊ သုပ္ပဗုဒ္ဓ၊ နန္ဒဝနွားသတ်သမားစသည်)

ထိုဒိဋ္ဌဓမ္မဝေဒနီယကံ (ပထမဇောစေတနာ) သည် လက်တွေ့အကျိုးပေးသဖြင့် အလွန်ကြီးကျယ်သော အကျိုးပေးခြင်းဟု ထင်စရာရှိသော်လည်း အမှန်မှာ အဟိတ်ကုသလဝိပါက်အကျိုးမျှသာ ဖြစ်သည်။ ပဝတ္တိအကျိုးသက်သက်သာ ဖြစ်သည်။ ပဋိသန္ဓေအကျိုးကို မပေးစွမ်းနိုင်။ ပဋိသန္ဓေကျိုး ပေးနိုင်မှ အားရှိသည်၊ အားကောင်းသည်၊ ပထမဇောစေတနာသည် အစဆုံးဇောဖြစ်သဖြင့် ၎င်းရှေ့မှ သဘောတူဇော တည်းဟူသော အာသေဝနပစ္စည်း အထောက်အပံ့ကို မရသေး၍ လေပွင့်မျှသာဖြစ်သော ပဝတ္တိအကျိုး၊ အဟိတ်အကျိုးကိုသာ ပေးနိုင်ခြင်းဖြစ်သည်။ အသီးသဖွယ်ဖြစ်သော ပဋိသန္ဓေကို မပေးနိုင်ပေ။

အဆုံးသတ္တမဇောသည် ဥပပဇ္ဇဝေဒနီယကံမည်၏။ ဒုတိယဘဝ၌ ပဋိသန္ဓေ+ ပဝတ္တိ အကျိုးများကို ပေးနိုင်သည်။ အဆုံးဇောသည် နောက်ဆုံးအနေဖြင့် တစ်စုံတစ်ခုသော အကျိုးကို ပြီးစေတတ်သော ဆုံးဖြတ်တတ်သော သဘောရှိခြင်း၊ ရှေးဘဝက ဆည်းပူးခဲ့သော ကုသိုလ် အကုသိုလ်သတ္တိထူးရှိခြင်းတို့ကြောင့် ဒုတိယဘဝ၌ ပဋိသန္ဓေ ပဝတ္တိကျိုးကို ပေးခြင်းဖြစ်သည်။ (အစည်းအဝေးတစ်ခုကို ကျင်းပရာ၌ နောက်ဆုံးရက်တွင် တစ်စုံတစ်ခုသော အကျိုးသက်ရောက်မှု ဖြစ်စေဖို့ မည်သို့ဆက်လုပ်ရမည်ကို ဆုံးဖြတ်ချက်ချသကဲ့သို့ အဆုံးသတ္တမဇောသည်လည်း ဒုတိယဘဝ၌ မည်သည့် ပဋိသန္ဓေပဝတ္တိအကျိုးကို ပေးမည်ဟု ဆုံးဖြတ်ချက် ပြုသည်နှင့် တူ၏။)

**မှတ်ချက်။** ။ ဥပပဇ္ဇဝေဒနီယကံ (သတ္တမဇောစေတနာ)သည် ပဋိသန္ဓေကျိုးကို ပေးမှ ပဝတ္တိကျိုးကို ပေးနိုင်သည်။ ပဋိသန္ဓေကျိုးကို မပေးလျှင် ပဝတ္တိအကျိုးလည်း မပေးပါ။ (ပဋိသန္ဓေကျိုးကို ပေးလျှင်ကား ဘဝအရာတိုင်အောင်လည်း ပဝတ္တိကျိုးကို ပေးသည်ဟု ဆရာတို့ဆိုကြသည်။) ယင်းအယူအဆကို ဆရာတို့ မနှစ်သက်ကြကုန်။

အပရာပရိယဝေဒနီယကံ (အလယ်ဇောငါးချက်စေတနာ) သည် အစဉ် အတိုင်း အားရှိသော ဇောများဖြစ်၍ အကျိုးပေးခြင်းသဘော၏ မပြတ်မစဲ အမြဲ ရှိနေသောကြောင့် အခွင့်ကြုံတိုင်း တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ပဋိသန္ဓေ+ပဝတ္တိအကျိုးတို့ကို ဖြစ်စေသည်။

ရှေးကံသုံးပါးတို့ဖြင့် အကျိုးပေးခွင့်မရဘဲ အကျိုးပေးသောကာလကို လွန်သော ဇော ၇-မျိုးသည် အဟောသိကံ မည်၏။

## ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် အပရာပရိယဝေဒနီယကံတို့၏ အကျိုးပေးပုံဥပမာ

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပထမဇောစေတနာတည်း။ မျက်မှောက်ဘဝ၌ပင် အကျိုးပေး၏။ မုဆိုးသည် သားသမင်ကို မြားနှင့်ပစ်ရာ သမင်ကို တည့်တည့်မှန် လျှင် သမင်သေ၍ ချက်ချင်း သမင်ကိုရပြီး အကျိုးခံစားရ၏။ မမှန်လျှင် ၎င်းမြားသည် အဟောသိကံဖြစ်တော့သည်။ ၎င်းမြားနှင့် ဒိဋ္ဌဓမ္မဝေဒနီယကံတူ၏။

အပရာပရိယဝေဒနီယကံသည် အလယ်ဇောငါးချက် စေတနာတည်း။ တတိယဘဝမှ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အခွင့်ရတိုင်း အကျိုးပေးသည်။ သားလိုက်မုဆိုး၏ ခွေးနှင့်တူ၏။ သားလိုက်မုဆိုး၏ ခွေးသည် သားကောင်နောက်သို့ လိုက်ရာ အခွင့်ရသည့်အခါတိုင်း ကိုက်သတ် ကိုက်သတ်၍ သားကောင်တို့ကို ရစေ၏။ အခွင့်ရတိုင်း အကျိုးပေး၏။ (သံယုတ်)

## ပါကဌာနကံ ၄-မျိုး

ပါကဌာနကံဟူသည်မှာ ပဋိသန္ဓေအကျိုးပေးရာဖြစ်သော ကာမာဝစရဘုံ၊ ရူပါဝစရဘုံ၊ အရူပါဝစရဘုံဌာနကို အကြောင်းပြု၍ အမည်ရသောကံမျိုးကို ပါကဌာနကံဟု ခေါ်သည်။

''ကမ္မဒွါရဝသေန'' ဟူသည်ကား ကံ၏ဖြစ်ရာဖြစ်ကြောင်းသည် ကမ္မဒွါရ မည်၏။ ကာယကံစသော ကံသုံးပါးသည် ကမ္မဒွါရကို အကြောင်းပြု၍ အမည် ရသော ကံမျိုးဖြစ်၍ ကမ္မဒွါရကံဟု ခေါ်သည်။

## ဒွါရသုံးမျိုး

၁။ ကာယဝိညတ်ရုပ်သည် ကာယကံသုံးပါး၏ ဖြစ်ကြောင်းဖြစ်သော ကြောင့် ကာယဒွါရ မည်၏။

၂။ ဝစီဝိညတ်ရုပ်သည် ဝစီကံလေးပါး၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဝစီဒွါရ မည်၏။

၃။ အလုံးစုံသော စိတ်တစ်ခုယုတ် ကိုးဆယ်သည် အနန္တရစသော ပစ္စည်းတပ်၍ နောက်နောင်သော မန (စိတ်) ၏ အကြောင်းဖြစ်သောကြောင့် မနောဒွါရ မည်၏။

## ကာယကံသုံးပါး

၁။ ဇီဝိတိန္ဒြေကို ဖြည်းဖြည်းမကျစေဘဲ လျင်မြန်စွာ ကျစေခြင်းသည် ပါဏာတိပါတ မည်၏။

တရားကိုယ်အားဖြင့် ပါဏဟူသည် ပညတ်အားဖြင့် သတ္တဝါကို ယူရမည်။ ပရမတ်အားဖြင့် ဇီဝိတိန္ဒြေကို ယူရမည်။ ထိုဇီဝိတိန္ဒြေတည်းဟူသော သတ္တဝါ၌ သတ္တဝါအမှတ်ရှိသောသူတို့၏ ဇီဝိတိန္ဒြေကို ဖြတ်သော ကိုယ်၊ နှုတ်တို့၏ အမူအရာကို ဖြစ်စေတတ်သော သတ်ခြင်းစေတနာ (သန္နိဋ္ဌာပက သတ္တမဇောစေတနာ) သည် ပါဏာတိပါတ မည်၏။ ပါဏာတိပါတီ-အရ ထိုသတ်ခြင်းစေတနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရ၏။ မိမိကိုယ်ကို မိမိသတ်ရာ၌ ပါဏာတိပါတ မဖြစ်ဟု ပရမတ္ထဒီပနီက ဆို၏။ (သန္နိဋ္ဌာပကစေတနာ = ဆုံးဖြတ်ချက်ချသော စေတနာ)

၂။ အရှင်သည် ကိုယ်၊ နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းသည် အဒိန္နာဒါန မည်၏။ (ဋီ၊ မှတ်ချက်)

တရားကိုယ်အားဖြင့် သူတစ်ပါးဥစ္စာ၌ သူတစ်ပါးဥစ္စာဟု အမှတ်ရှိလျက် ယူတတ်သော ကိုယ်အမူအရာ နှုတ်အမူအရာကို ဖြစ်စေတတ်သော ခိုးယူကြောင်းဖြစ်သော စေတနာသည် အဒိန္နာဒါန မည်၏။

၃။ မေထုန်ကို လွန်ကျူးခြင်းဟု ဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်း၍ ကျင့်ခြင်းဟု ဆိုအပ်သော ယုတ်မာသောအကျင့်သည် ကာမေသုမိစ္ဆာစာရ မည်၏။

တရားကိုယ်အားဖြင့် မေထုန်မှီဝဲသည်၏အစွမ်းဖြင့် ကာယဒွါရ၌ဖြစ်သော မသွားလာအပ်သောအရာကို ကျူးလွန်ကြောင်းဖြစ်သော စေတနာသည် ကာမေ သုမိစ္ဆာစာရ မည်၏။

## အကုသလကမ္မပထတရား ၁၀-ပါး (ဒုစရိုက် ၁၀-ပါး)၌ သုရာပါနအမည် မပါဝင်ခြင်း

ပါဏာတိပါတ စသော ကံလေးပါး၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ကာမေသုမိစ္ဆာစာရနှင့် သဘောတူသောကြောင့်လည်းကောင်း၊ သုရာပါနကို သီးခြားခွဲ၍ မဆိုပါ။ သေအရက် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ရသာရုံ၌ ဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်ဖြစ်၍ ကာမေ သုမိစ္ဆာစာရ၌ အကျုံးဝင်ပြီးဖြစ်သောကြောင့်လည်းကောင်း၊ အနေကန္တိက ကမ္မပထ ဖြစ်သောကြောင့်လည်းကောင်း သုရာပါနကို သီးခြားအမည်ဖြင့် မထည့်သွင်းခြင်း ဖြစ်သည်။

## ကာယဝိညတ် ဝစီဝိညတ်သည်သာ ကာယကံ စသည် ဖြစ်ဖို့အကြောင်း

ကာယဝိညတ်၊ ဝစီဝိညတ်သည် ကာယကံ စသည်၏ဖြစ်ကြောင်း ဖြစ်၏ဟု ဆိုခြင်းသည်သင့်၏။ ထိုကာယဝိညတ် ဝစီဝိညတ်ကို ကံနှင့်တကွဖြစ်သော စိတ္တဇရုပ်ဒွါရက ဖြစ်စေ၏။ ထို့ကြောင့် ကာယကံစသည်ဖြစ်ဖို့ အကြောင်းတရားအစစ်မှာ ကံနှင့်တကွသောစိတ္တဇရုပ်ဒွါသာ ဖြစ်သင့်၏။ သို့သော်လည်း လက်လှုပ်ခြင်း၊ ခြေလှုပ်ခြင်း၊ နှုတ်မြွက်ခြင်းဟုဆိုအပ်သောဝိညတ်မရှိလျှင် ကာယကံစသည် ဖြစ်မလာနိုင်သောကြောင့် ဝိညတ်ကိုသာ ကာယကံစသည်ဖြစ်ခြင်း၏ အကြောင်းဟု ဆိုပါသည်။

ကံနှင့်တကွသော စိတ္တဇရုပ်ဒွါ → ကာဝိညတ် ဝစီဝိညတ် → ကာယကံ ဝစီကံ စသည် -

ကာယကံသည် ကာယဒွါရ၌ ဝစီကံသည် ဝစီဒွါရ၌ ဖြစ်ခြင်းသည် ဗာဟုလ္လေန (များသောအားဖြင့်) ဖြစ်ခြင်းသာဖြစ်သည်။ အမြဲဖြစ်သည်မဟုတ်၊ အပ္ပကအားဖြင့် ''သေစားသေစေ''ဟု အမိန့်ချသော မင်းစသည်တို့အား ဝစီဒွါရ၌လည်း ဖြစ်သေး၏ ဟူသော အနက်ကို သိစေလိုသောကြောင့် ဗာဟုလ္လသဒ္ဒါကို မိန့်ဆိုတော်မူ၏။ ကာယကံသည် ဝစီဒွါရ၌၊ ဝစီကံသည် ကာယဒွါရ၌ (အပ္ပက=နည်းနည်းပါးပါးအားဖြင့်) ဖြစ်ကြသေးသည်။

ဥပမာ - သူ့အသက်သတ်ခြင်း စသည်ကို နှုတ်ဖြင့် စေခိုင်းသောသူသည် လည်း ကာယကံအမှုကို နှုတ် (ဝစီဒွါရ) ဖြင့် ပြုခြင်းဖြစ်၍ ကာယကံသည် ဝစီ ဒွါရ၌ ဖြစ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒွါရဖြင့် ကံကို မှတ်သားခြင်းငှာ မဖြစ်နိုင်ရာ။

ထိုအတူ လိမ်လည်လှည့်ဖြားခြင်း စသည်ကို နှုတ်ဖြင့် မပြောဘဲ ကိုယ်၏ ဖောက်ပြန်ခြင်း လက် ခြေ မျက်နှာ မျက်ခုံး စသည်ဖြင့် အရိပ်နိမိတ်ပြ၍ သိစေ ခြင်းသည် လိမ်ခြင်းအမှုကို ကာယဒွါရဖြင့် ပြုခြင်းဖြစ်၍ ဝစီကံသည် ကာယဒွါရ တွင်လည်း ဖြစ်သည်မည်၏။ ထို့ကြောင့် ကံဖြင့် ဒွါရကို မှတ်သားခြင်းသည် မဖြစ်နိုင်ရာ။

ဥပမာ - မုဆိုးကို အိမ်၌ နေစဉ်လည်း တော၌ လှည့်လည်ကျက်စားမှု များသောကြောင့် တောမုဆိုး ဟူ၍ပင် ခေါ်ရသကဲ့သို့တည်း။

များသောအားဖြင့် ပုဏ္ဏားတို့၏ နေရာဖြစ်သော ရွာအစရှိသည်တို့၏ ပုဏ္ဏား အစရှိသော အမည်ရှိသည်၏အဖြစ်သည် ပြီးသကဲ့သို့တည်း။

## ဝစီကံလေးပါး

(၁) **မုသာဝါဒ**။ ။ **မုသာ** အရ မဟုတ်မမှန်သောဝတ္ထု (အကြောင်းအရာ) ကို ယူရမည်။ **ဝါဒ** အရ ထိုမဟုတ်မမှန်သော ဝတ္ထုအကြောင်းအရာကို ဟုတ်မှန် သောအားဖြင့် ပြောဆိုခြင်းကို ယူရမည်။ **မုသာဝါဒ** အရ တရားကိုယ်အားဖြင့် မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သယောင် သူတစ်ပါးတို့အား သိစေခြင်း၊ ကာယ+ ဝစီပယောဂ (လှုံ့လအမှုကို) ဖြစ်စေတတ်သော စေတနာသည် မုသာဝါဒ မည်၏။

(၂) **ပိသုဏဝါစာ**။ ။ ညီညွတ်ခြင်းကို ဖျက်ဆီးတတ်သောစကား၊ (သို့) အချစ်ကို ပျက်သုဉ်းစေသော စကားကို ယူရမည်။

**ပိသုဏဝါစာ** အရ သူတစ်ပါးတို့အား အချစ်ပျက်စေ၍ မိမိအား ချစ်စေ လိုသဖြင့် သူတစ်ပါးတို့၏ အချစ်ပျက်ခြင်းကို ဖြစ်စေတတ်သော ကာယ+ဝစီ ပယောဂ (ကိုယ်နှုတ်လှုံ့လအမှုအရာကို) ဖြစ်စေတတ်သော စေတနာသည် ပိသုဏ ဝါစာမည်၏။

(၃) **ဖရုသဝါစာ**။ ။ **ဖရုသ** အရ လွှသွားကဲ့သို့ ကြမ်းတမ်းပြီး မိမိ သူ တစ်ပါး နှစ်ဦးသားကို ကြမ်းတမ်းစေသော စကားကို ယူရမည်။ **ဖရုသဝါစ** အရ

သူတစ်ပါးတို့၏ မြတ်နိုးခြင်းကို ဖြတ်တတ်သော ကာယ ဝစီပယောဂကို ဖြစ်စေတတ်သော စင်စစ်ကြမ်းတမ်းသော စေတနာသည် ဖရုသဝါစာမည်၏။

(၄) **သမ္ဖပ္ပလာပဝါစာ**။ ။သမ္ဖ အရ မိမိ သူတစ်ပါး နှစ်ဦးသားအတွက် ချမ်းသာ စီးပွားအကျိုးမရ၊ အလဟဿအချိန်ကုန်သော စကားများကို ယူရမည်။ **သမ္ဖပ္ပလာပ** အရ သီတာမိဖုရားကို ဆောင်သော အကျိုးမရှိသော အနက်ကို သိစေတတ်သော ဇာတ်ပွဲသဘင်၊ ရုပ်ရှင်အကြောင်း၊ မင်းသမီး၊ မင်းသားအကြောင်း တို့ကို ပြောဆို၍ အကျိုးမရှိ၊ အချည်းနှီး အချိန်ကုန်စေတတ်သော ကာယ ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် သမ္ဖပ္ပလာပမည်၏။

## ဝစီကံ၌ ကံနှင့်ကမ္မပထ

မုသာဝါဒအရာ၌ မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတစ်ပါးကို သိစေလိုသော သူ၏ သိစေသော ပယောဂ (လှုံ့လ)ကို ဖြစ်စေတတ်သော စေတနာသည် မုသာဝါဒမည်၏။ ထိုမုသာဝါဒကံသည် သူတစ်ပါးအကျိုးကို ပျက်စီးခြင်းကို ပြုမှသာလျှင် အပါယ်လားကြောင်း မကောင်းမှုကံအဖြစ် အထမြောက်၏။ (ကမ္မပထမြောက်၏။)

သူတစ်ပါးအကျိုးကို မဖျက်ဆီးမူကား မုသာဝါဒ (ဒုစရိုက်)ကံသာ ဖြစ်သည်။ (အပါယ်လားကြောင်း မကောင်းမှုကံမဖြစ် = ကမ္မပထမဖြစ်) [ပိသုဏဝါစာတို့၌လည်း နည်းတူမှတ်]

**မှတ်ချက်**။ ။မိ ဘ ဆရာသမားတို့ သား သမီး တပည့်တို့ကို ဆဲဆိုကြိမ်းမောင်းခြင်းသည် နှုတ်ထွက်ကြမ်းတမ်းသော်လည်း အတွင်းစေတနာ နူးညံ့သိမ်မွေ့သောကြောင့် ဖရုသဝါစာမဖြစ်၊ ဘုရင်သည် သေဒဏ်ကျသူအား ''ဤသူကို ချမ်းသာစွာ အိပ်ပါစေ'' ဟု ချိုချိုသာသာ ပြောသော်လည်း စိတ်စေတနာ ကြမ်းတမ်းလှသဖြင့် ဖရုသဝါစာဖြစ်၏။

## မနောကံသုံးပါး

(၁) သူတစ်ပါး၏ စည်းစိမ်ကို ရှေးရှုကာ မတရားလိုချင်သော လောဘ၏ အစွမ်းဖြင့် ကြံတတ်သောကြောင့် အဘိဇ္ဈာ မည်၏။

(၂) စီးပွားချမ်းသာ ပျက်စီးကြောင်း၊ စီးပွားချမ်းသာကို ဖျက်ဆီးကြောင်း ဖြစ်သောကြောင့် ဒေါသသည် ဗျာပါဒ မည်၏။

(၃) မှားယွင်းဖောက်ပြန်သောအားဖြင့် ရှုတတ်မြင်တတ်သောကြောင့် မိစ္ဆာဒိဋ္ဌိ မည်၏။ (ဋီ၊ မှတ်ချက်)

## မနောကံ၌ ကံနှင့်ကမ္မပထ

``ဤဥစ္စာသည် ငါ၏ဥစ္စာဖြစ်လျှင် ကောင်းမှာပဲ'' ဟု သူတစ်ပါး၏ဥစ္စာကို ရှေးရှုကြံခြင်းသည် အဘိဇ္ဈာမည်၏။ ထိုအဘိဇ္ဈာသည် သူတစ်ပါးဥစ္စာကို မိမိသို့ ညွတ်စေသော်သာလျှင် အပါယ်လားကြောင်း ကမ္မပထ (ကံ)မြောက်တော့၏။

[အလားတူ ပစ္စည်းကို ရလိုခြင်း ခေတ္တခဏ တောင်းလို၊ ဝယ်လိုခြင်း၊ သာယာခြင်းမှာ - အဘိဇ္ဈာ ကမ္မပထ မမြောက်ပေ။]

``ဤသတ္တဝါသည် သေကျေပျက်စီးလျှင် ကောင်းမှာပဲ''ဟု ဤသို့ စိတ်ဖြင့် ပြစ်မှားခြင်းသည် ဗျာပါဒမည်၏။ ထိုဗျာပါဒသည်ပင် အပါယ်လားကြောင်း ကမ္မပထ မြောက်၏။ [သာမန်အမျက်ဒေါသ ဖြစ်ရုံမျှသည် ကမ္မပထ မမြောက်ပေ။]

ပေးလှူအပ်သော အလှူ၏အကျိုး မရှိဟု ဤသို့စသော နည်းဖြင့် ဖောက်ပြန်သော အယူသည်မိစ္ဆာဒိဋ္ဌိမည်၏။ ဤမိစ္ဆာဒိဋ္ဌိအရာ၌ အကြောင်းကို ပယ်သော (အကိရိယဒိဋ္ဌိ)၊ အကျိုးကို ပယ်သော (နတ္ထိကဒိဋ္ဌိ)၊ ကြောင်းကျိုးနှစ်ပါးလုံးပယ်သော (အဟေတုကဒိဋ္ဌိ) ဤဒိဋ္ဌိကြီးသုံးမျိုးသည် မိစ္ဆာဒိဋ္ဌိ ကမ္မပထ မြောက်၏။ [ခန္ဓာငါးပါးကို နိစ္စ သုခ အတ္တ ဟု စွဲယူသော သက္ကာယဒိဋ္ဌိ စသည်တို့သည် ကမ္မပထ မမြောက်ပေ။]

ဆောင်။ ။ ``အကြောင်း ကရိ၊ ကျိုး နတ္ထိ၊ ပယ်ဘိနှစ်ခု အဟေတုက''။

မနောကံ ဟူသည် ကာယဝိညတ် ဝစီဝိညတ် တည်းဟူသော ဝိညတ်ကြောင့် ဖြစ်သော တရားမျိုးမဟုတ်သည်၏အဖြစ်ကို သိစေခြင်းငှာ ``အညတြာပိ ဝိညတ္တိယာ''ဟူသော စကားမျိုးကို မိန့်ဆိုရ၏။ (ဋီ၊ မှတ်ချက်)

မနောကံသည် ကာယဒွါရ ဝစီဒွါရ၌ကား ဖြစ်၏။ သို့သော် ကာယဒွါရ ဝစီဒွါရတို့ကြောင့် မဖြစ်။ ၎င်းကာယဒွါရ ဝစီဒွါရ၌ ဖြစ်သော်လည်း အနည်းငယ်သာ ဖြစ်၏၊ မနောဒွါရ၌သာ များသောအားဖြင့် ဖြစ်၏။ (ဋီ၊ မှတ်ချက်)

[ဤမနောကံသည် ဝိညတ်မပါ၊ စိတ်၌သာအဖြစ်များသည်။ ကာယကံ ဝစီကံများသည် ကာယဝိညတ် ဝစီဝိညတ်တို့ကြောင့် ဖြစ်ကြသည်။ ထို့ကြောင့် ``အညတြာပိ ဝိညတ္တိယာ မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော''ဟု ဆိုခြင်းဖြစ်သည်။ (ဝိညတ္တိယာ၊ ဝိညတ်ကို။ အညတြာပိ၊ ကြဉ်၍လည်း။ မနသ္မိံယေဝ၊ မနောဒွါရ၌သာ။ ဗာဟုလ္လဝုတ္တိတော၊ အဖြစ်များသောကြောင့်။)

အပ္ပက (နည်းနည်းပါးပါး) အားဖြင့် မနောကံသည် ကာယဝိညတ် ဝစီဝိညတ်တို့ကြောင့်လည်း ဖြစ်သေးသည်။ ဥပမာ – "ဒီပစ္စည်း ငါ့ဟာဖြစ်လျှင် ကောင်းမှာပဲ"ဟု နှုတ်မြွက်မိရာ၌လည်းကောင်း၊ လက်ဖြင့် ကိုင်မိရာ၌လည်း ကောင်း ဖြစ်တတ်သေး၏။ (မပြောပလောက်ပါပေ။]

ဒုစရိုက် ၃၀ = ဒုစရိုက်ဆယ်ပါးကို စေတနာသုံးတန်နှင့်မြှောက်၊
(ပုဗ္ဗ မုဉ္စ အပရစေတနာ)

ဒုစရိုက် ၄၀ = ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူ လေးဆယ်ကံ။

## ဒုစရိုက်ဆယ်ပါးတို့၏အကြောင်းရင်း ဟိတ်တရားများ

ဆောင်။ ။ ပါဏာ ဖရု၊ ဗျာပါစု၊ ဒေါ ဒုအရင်းခံ။
ကာမေ ဒိဋ္ဌာ၊ အဘိဇ္ဈာ၊ လောဘာအရင်းခံ။
အဒိန် မုသာ၊ ပိ သမ္ဖာ၊ လောဘ ဒေါနှစ်တန်။

### ဒေါသမူ့ဒွေးကြောင့်ဖြစ်သောကံ

"ဒေါသမူလေန ဇာယန္တိ = ဒေါသမူဒွေးကြောင့်ဖြစ်သောကံ"ဟူသည် သဟဇာတစသော ပစ္စည်းသတ္တိဖြင့် ဒေါသဟု ဆိုအပ်သော မူလကြောင့် (တစ်နည်းကား ဒေါသလျှင်မူလရှိသော စိတ်ကြောင့် ဖြစ်ကုန်၏။ လောဘမူစသည်တို့ကြောင့် မဖြစ်ကုန်။ ထိုစကားမှန်၏။။

### လောဘမူကြောင့်ဖြစ်သောကံ

မိစ္ဆာအယူ၏ မှားသောအားဖြင့် မြဲမြံစွာ စွဲလမ်းအပ်သော ဝတ္ထုတို့၌ လောဘပြဋ္ဌာန်းသည်သာဖြစ်၍ မြဲမြံစွာ စွဲလမ်းခြင်းကြောင့် "မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန" ဟု ဆို၏။

အကြင်သူသည် ရှေးဦးစွာ အလိုရှိအပ်သော ဝတ္ထုကိုလည်းကောင်း၊ အလိုမရှိအပ်သော ဝတ္ထုကိုလည်းကောင်း မိမိကို ဝေ်မှတ်ခြင်းစသည်မှ စောင့်ရှောက်ခြင်း၊ ဆွေမျိုးကို ဝေ်မှတ်ခြင်းစသည်မှ စောင့်ရှောက်ခြင်းအစရှိသော အကျိုးကို ရည်စူး၍ ခိုးယူ၏၊ ထိုသူ၏ အဒိန္နာဒါနကံသည် လောဘမူစိတ်ကြောင့် ဖြစ်၏။ ရန်ပွားခြင်းအကျိုးငှာ ခိုးယူသောသူအား ဒေါသမူစိတ်ဖြင့် ခိုးယူ၏။

## လောဘ ဒေါသနှစ်ပါးကြောင့် ဖြစ်သောကံ

ရယ်မြူးလျက် သူ့အသက်ကို သတ်နိုင်းခြင်းသည် (နှစ်သက် လောဘ မဟုတ်) ဒေါသဖြင့်သာ အသက်သတ်မှုကို စေခိုင်းနိုင်ခြင်းကြောင့် ၎င်းပါဏာ တိပါတကံသည် ဒေါသအရင်းခံသာဖြစ်သည်။ သမ္မာဒိဋ္ဌိအယူရှိသူသည် စိတ်ဆိုး၍ မိစ္ဆာဒိဋ္ဌိကို ယူရာ၌ (စိတ်ဆိုးခြင်းမှာ ရှေဦးကိစ္စသာဖြစ်၍) မိစ္ဆာဒိဋ္ဌိအယူကို ယူခြင်းမှာ မြဲစွာစွဲလမ်းအပ်သော ဝတ္ထုတို့၌ လောဘအရင်းခံမပါလျှင် ယူဖို့ မဖြစ်နိုင်သော ကြောင့် လောဘသာလျှင် အရင်းခံဖြစ်သည်။ အဒိန္နာဒါနသည် ရလိုမှု၊ သုံးစားမှု အတွက် ခိုးလျှင် လောဘပြဋ္ဌာန်းသည်။ ပျက်စီးစေလို၊ ရန်ပွားစေလို၍ ခိုးလျှင် ဒေါသပြဋ္ဌာန်းသည်။ (ကြွင်း စဉ်းစားပါလေ။)

ကြက်တစ်ကောင်ကို စားလို၍ ရိုက်သတ်ရာ၌ စားလိုမှု လောဘက ရှေဦးကိစ္စသာ၊ ရိုက်သတ်မှုဖြစ်အောင် စွမ်းဆောင်နိုင်သည်ကား ဒေါသသာဖြစ်၍ ဒေါသသာ ပြဋ္ဌာန်း၏။

## မောဟကြောင့် အဒိန္နာဒါန်ဖြစ်ပုံ

နီတိကျမ်း၌လာသော ပါဠိအပိုင်းအခြားအားဖြင့် မကောင်းသောသူတို့ကို နှိပ်စက်ခြင်းအကျိုးငှာ သူတစ်ပါးတို့၏ဥစ္စာကို ဆောင်ယူကုန်သော မင်းတို့၏ လည်းကောင်း၊ ပုဏ္ဏားတို့၏လည်းကောင်း ဤအလုံးစုံကို ပုဏ္ဏားတို့အား မင်းတို့ သည် ပေးလှူအပ်၏။ ထိုသို့လှူသော်လည်း ထိုပုဏ္ဏားတို့၏ အလုံးစုံအား နည်း သည်၏အဖြစ်ကြောင့် တစ်ပါးသောသူတို့သည် သုံးဆောင်ကုန်၏။ မိမိဥစ္စာကို သာလျှင် ပုဏ္ဏားတို့သည် သုံးဆောင်ကုန်၏။ ဤသို့စသော စကားတို့ကို ဆို၍ မိမိဥစ္စာအမှတ်ဖြင့်သာလျှင် အလုံးစုံသော ဥစ္စာကို ဆောင်ယူကုန်သော ပုဏ္ဏား တို့၏လည်းကောင်း၊ ကံ၏အကျိုးနှင့်စပ်၍ ယူလေ့ရှိသူ၊ ကံ၏အကျိုးကို တားမြစ် လေ့ရှိသူတို့၏လည်းကောင်း အဒိန္နာဒါန်ကံသည် မောဟမူစိတ်ကြောင့် ဖြစ်၏။ မုသာဝါဒအစရှိသည်တို့၌လည်း ထိုက်သည့်အားလျော်စွာ ယှဉ်အပ်၏။

## သင်္ဂြိုဟ်ဘာသာဋီကာမှတ်ချက်

ဋီကာ “နီတိကျမ်းအဆိုအရ ရှင်ဘုရင်က ပြစ်မှုကျူးလွန်သူကို နှိပ်ကွပ်သော အားဖြင့် ဒဏ်ငွေယူရာ၊ (ပုဏ္ဏားတို့အား မြက် ထင်းစသည်တို့ကို လွတ်လွတ်လပ် လပ် တောအရပ်၌ ယူခွင့်ပေးထားသည့်အတွက် အခွင့်မရသော ဥစ္စာကိုပင်)

ကိုယ်ပိုင်ထင်၍ ပုဏ္ဏားတို့ယူကြရာ၊ ကံ၊ ကံ၏အကျိုးကို မယုံကြည်သူတို့ ယူကြရာ၌ အဒိန္နာဒါနကံသည် အမှန်မသိမှု မောဟကြောင့် ဖြစ်၏''ဟု ဖွင့်၏။ ထိုအဖွင့်များမှာ ကျမ်းဆရာ၏ အာဘော်လည်း မဟုတ်။ ထိုကဲ့သို့ ယူကြရာ၌ ယူတုန်းအခိုက်မှာ ဒေါသ လောဘ တစ်ခုခုယှဉ်၍ ပါမည်သာတည်း။ ထို့ပြင် တကယ့်ကို ပိုင်ဆိုင်သည်ထင်၍ ပုဏ္ဏားတို့ ယူရာ၌ အဒိန္နာဒါနကံသည် မဖြစ်နိုင်၊ ပရိယာယ်မာယာဖြင့် ယူလျှင် လောဘကြောင့်ပင် ဖြစ်၏။

**မုသာဝါဒစသည်။** ။ မုသာဝါဒလည်း တရားဆိုင်ရာ စသည်တို့၌ တစ်စုံတစ်ခုရလို၍ လိမ်လျှင် လောဘကြောင့် ဖြစ်၏။ တစ်ဖက်သားကို နစ်နာစေလိုသော စိတ်ဖြင့် လိမ်လျှင် ဒေါသကြောင့် ဖြစ်၏။ ပိသုဏဝါစာလည်း မိမိကို ချစ်စေလို၍ ရန်တိုက်လျှင် လောဘကြောင့်ဖြစ်၏။ ထိုသူနှစ်ယောက် ကွဲစေလို၍ ရန်တိုက်လျှင် ဒေါသကြောင့်ဖြစ်၏။ သမ္ဖပ္ပလာပလည်း ပစ္စည်းကို ရလို၍ ပြောဆိုရေးသားလျှင်သို့မဟုတ် မမှန်သော အကြောင်းအရာကိုပင် သာယာနှစ်သက်၍ ပြောဆိုရေးသားလျှင် လောဘကြောင့် ဖြစ်၏၊ ကွက်စိပ်ပြောနေရာ၌ တစ်စုံတစ်ယောက်က နှောင့်ယှက်လာ၍ စိတ်ဆိုးဆိုးနှင့် ပြောရလျှင် ဒေါသကြောင့် ဖြစ်၏။

**မောဟအမြဲပါ။** ။ ဤကမ္မပထတို့ဖြစ်ရာ၌ မောဟမူလည်း အမြဲပါ၏၊ သို့သော် မောဟက အားလုံးနှင့် ဆက်ဆံသောကြောင့် မပြတော့ဘဲ အသာဓာရဏနည်းအားဖြင့် သီးခြားရထိုက်သော လောဘ ဒေါသတို့ကိုသာ ပြသည်။ ထို့ပြင် တရားကိုယ်ဓမ္မအားဖြင့်လည်းကောင်း၊ ကောဋ္ဌာသအာရုံဝေဒနာအားဖြင့်လည်းကောင်း ခွဲခြားနည်းရှိသေး၏။ အဋ္ဌသာလိနီ ဒွါရကထာ၌ ထင်ရှားစွာ ပြလျက်ရှိပြီးဖြစ်သောကြောင့် ထို၌ ရှုကြပါလေ။

## သုစရိုက်ဆယ်ပါး

(ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ခြင်းသည် သုစရိုက်ဆယ်ပါးဖြစ်သည်။)

**ပုညကြိယာဝတ္ထုဆယ်ပါး** (ပြုသင့်ပြုထိုက်သော ကောင်းမှုဆယ်မျိုး

ဒါနသီလဘာဝနာအပစာယနဝေယျာဝစ္စပတ္တိဒါနပတ္တာနုမောဒနဓမ္မသဝနဓမ္မဒေသနာဒိဋ္ဌိဇုကမ္မဝသေန ဒသဝိဓံ ဟောတိ။

ဒါန-အလှူပေးခြင်း။ သီလ-သီလဆောက်တည်ခြင်း။ ဘာဝနာ-ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း။ အပစာယန- ရတနာသုံးပါး ဆရာ မိဘစသော သူတို့အား

အရှိအသေပြုခြင်း။ ဝေယျာဝစ္စ-ရတနာသုံးပါးဆရာ မိဘစသော သူတို့၏ အမှုကြီး ငယ်ကို ရွက်ဆောင်ခြင်း။ ပတ္တိဒါန-မိမိပြုခဲ့သော ကုသိုလ်အဖို့ကို သူတစ်ပါးအား ပေးဝေခြင်း။ ပတ္တာနုမောဒန-သူတစ်ပါးပြုသော ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်း။ ဓမ္မဿဝန-တရားနာခြင်း။ ဓမ္မဒေသနာ-တရားဟောခြင်း။ ဒိဋ္ဌုဇုကမ္မ-အယူကို ဖြောင့်မတ်စွာ ယူခြင်းတို့၏အစွမ်းအားဖြင့် ဆယ်ပါးအပြားရှိ၏။

(၁) ဒါန - လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ပေးလှူခြင်းသည် ဒါနမည်၏။ (တရား ကိုယ်အားဖြင့် ထိုသို့ပေးလှူကြောင်းဖြစ်သောကြောင့် စွန့်ကြဲကြောင်းဖြစ်သော စေတနာသည် ဒါနမည်၏။

[ဒါနအရာ၌ မလှူခင် လှူဆဲ လှူပြီး (ပုဗ္ဗ မုဉ္စ အပရစေတနာသုံးတန်) အခိုက် တို့၌ ဝမ်းမြောက်ခြင်းအားလုံးကို ဒါန၌ သိမ်းသွင်းယူရမည်။ ထို့ကြောင့် ဝတ္ထု ပစ္စည်း မလှူနိုင်သေးစေကာမူ လှူချင်စိတ်ဖြင့် ကြိုတင်ဝမ်းမြောက်သော ပုဗ္ဗ စေတနာအခိုက်ကို ဒါနအဖြစ် သိမ်းယူသောကြောင့် ဒါနမည်သည်ဟု မှတ်အပ်၏။ ၎င်းကို စေတနာဒါနခေါ်သည်။ ဝတ္ထုပစ္စည်းကို လှူခြင်းသည် ဝတ္ထုဒါနမည်၏။ ထို့ကြောင့် စာပေနားလည်သော ဒါယကာ ဒါယိကာမတို့က တပည့်တော်တို့ စေတနာဒါနတော့ ရှိပါသည်ဘုရား၊ ဝတ္ထုဒါနတော့ မတတ်နိုင်သေးပါဟု လျှောက် တတ်ကြသည်။]

(၂) သီလ - ကာယကံ ဝစီကံတို့ကို ကောင်းစွာထားတတ်သောကြောင့် သီလ မည်၏။ (တစ်နည်း) ကုသိုလ်တရားတို့ကို တည်စေတတ်သောကြောင့်လည်း သီလ မည်၏။ (တရားကိုယ်အားဖြင့် ဖြည့်ကျင့်စောင့်ထိန်းကြောင်းဖြစ်သော စေတနာကို ရ၏။)

[ငါးပါး ရှစ်ပါး ဆယ်ပါးသီလများ၊ ဝိရတီဖြင့် ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း ရဟန်း သာမဏေတို့၏ သိက္ခာပုဒ်သီလများအားလုံးကို ယူရမည်။]

(၃) ဘာဝနာ - ထိုစေတနာဖြင့် ကုသိုလ်တရားတို့ကို ပွားစေတတ်၏၊ ထိုသို့ ကုသိုလ်တို့ကို ပွားစေကြောင်းဖြစ်သော သတ္တိကြောင့် စေတနာသည် ဘာဝနာ မည်၏။ (တရားကိုယ်အားဖြင့် ကုသိုလ်တရားတို့ကို ပွားစေကြောင်း စေတနာကို ရ၏။)

[ကမ္မဋ္ဌာန်းလေးဆယ်ကို ပွားများခြင်း (သမထဘာဝနာ)၊ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်ပွားများခြင်း (ဝိပဿနာဘာဝနာ)တို့ဖြင့်

ပွားများ၍ (ရျာန် မဂ် ဖိုလ်) အပ္ပနာသို့ မရောက်ခင် ဂေါတြဘူအဆုံးရှိသော စေတနာသည် ဘာဝနာမည်၏။ (အပ္ပနာတစ်ခုခုသို့ ရောက်လျှင် ပွားများမှုတစ်ခု ပြီးစီးသွား၍ ဘာဝနာအရ ဂေါတြဘူအထိ ယူရသည်။)]

**မှတ်ချက်။** ။ ဘာဝနာ အရ အပြစ်ကင်းသော အတတ်ပညာဟူသမျှ သင်ကြားပို့ချလေ့လာမှတ်သားကြောင့် စေတနာကိုလည်း သိမ်းသွင်း၍ ယူရမည်။ ထို့ကြောင့် ဝိနည်းပါဠိတော်၌ ဘီလူး နဂါး ဂဠုန်တို့၏ ဘေးအန္တရာယ်မှ အစောင့်အရှောက်ပေးမည့် မန္တန်ကို သင်ကြားဖို့ ရဟန်းတို့အား ခွင့်ပြုတော်မူထားသေးသည်။

(၄) **အပစာယန** – ထိုစေတနာဖြင့် ပူဇော်သည်၏အစွမ်းဖြင့် အရိုအသေကို ပြုတတ်၏၊ ထိုသို့ အရိုအသေပြုကြောင်းဖြစ်သော သတ္တိကြောင့် စေတနာသည် အပစာယန မည်၏။ (တရားကိုယ်အားဖြင့် အရိုအသေပြုကြောင်းဖြစ်သော စေတနာကို ယူရမည်။)

[အသက် ဂုဏ်ကြီးသူတို့အား ပစ္စည်းလာဘ်လာဘရလိုမှုကို မငဲ့ဘဲ ပူဇော်သဖြင့် အရိုအသေပြုခြင်း၊ ခရီးဦးကြိုခြင်း၊ နေရာပေးခြင်းတို့ဖြစ်သည်။]

(၅) **ဝေယျာဝစ္စ** – ထိုထိုကိစ္စပြုခြင်း၌ လုံ့လပြုသောသူ၏အဖြစ်သည် ဝေယျာဝစ္စ မည်၏။ အသက် ဂုဏ်ကြီးသူတို့အားလည်းကောင်း၊ မကျန်းမာသူတို့အားလည်းကောင်း ပစ္စည်းလာဘ်လာဘကို မငဲ့ဘဲ ထိုထိုအမှုကိစ္စကြီးငယ်ကို ပြုလုပ်ပေးခြင်းသည် ဝေယျာဝစ္စ မည်၏။

(မြတ်သော အလိုဆန္ဒဖြင့် အမှုကိစ္စကို ပြုလုပ်ကြောင်း လုံ့လစေတနာကို အရ ကောက်ရမည်။)

(၆) **ပတ္တိဒါန (အမျှဝေခြင်း)** – ထိုသဘောတရားဖြင့် မိမိသန္တာန်၌ဖြစ်သော ကုသိုလ်ကောင်းမှုအဖို့ကို သူတစ်ပါးတို့အား ပေးအပ်၏။ ထိုသို့ပေးကြောင်းဖြစ်သော စေတနာသည် ပတ္တိဒါန မည်၏။ (တရားကိုယ်အားဖြင့် မိမိကုသိုလ်ကို သူတစ်ပါးတို့နှင့် ဆက်ဆံပတ်သက်စေလိုသော စေတနာရ၏။)

(၇) **ပတ္တာနုမောဒနာ (သာဓုခေါ်ခြင်း)** – ထိုသဘောတရားဖြင့် သူတစ်ပါးတို့၏ ကုသိုလ်ကောင်းမှုအဖို့ကို ဝမ်းမြောက်တတ်၏။ ထိုသို့ဝမ်းမြောက်ကြောင်းဖြစ် သောကြောင့် စေတနာသည် ပတ္တာနုမောဒနာ မည်၏။ (တရားကိုယ်အားဖြင့် ဝမ်းမြောက်ကြောင်း စေတနာကို ယူရ၏။)

[သူတစ်ပါးတို့က အမျှပေးဝေသည်ဖြစ်စေ၊ မပေးဝေသည်ဖြစ်စေ (မိမိက ဝန်တိုခြင်းကင်းသောစိတ်ဖြင့်) ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်သော စေတနာသည် ပတ္တာနုမောဒနာ မည်၏။]

(၈) ဓမ္မဿဝန – မြတ်သော အလိုဆန္ဒဖြင့် တရားနာတတ်၏။ ထိုသို့ နာကြောင်းဖြစ်သော စေတနာသည် ဓမ္မဿဝန မည်၏။ (တရားကိုယ်အားဖြင့် နာကြားကြောင်းဖြစ်သော စေတနာကို ယူရ၏။)

[ဤတရားကို နာ၍ လိုက်နာကျင့်ကြံကာ ချာန် မဂ် ဖိုလ် ရရောက်ရပါလို၏ဟုလည်းကောင်း၊ ဤတရားကိုနာ၍ သူတစ်ပါးတို့အား တစ်ဆင့်ပြန်လည် ဟောကြား ဗဟုသုတပေးနိုင်ရပါလို၏ဟုလည်းကောင်း၊ ဤသို့ မိမိအကျိုး၊ သူတစ်ပါးအကျိုး မျှော်ကိုး၍ မြင့်မြတ်သော စိတ်ဓာတ်ဖြင့် (ညစ်ညူးခြင်းမရှိဘဲ) နာကြားခြင်းစေတနာသည် ဓမ္မဿဝန မည်၏။]

မှတ်ချက်။ ။ အပြစ်ကင်းသော အတတ်ပညာအစရှိသည်ကို နာကြားမှုမှန်သမျှ ဓမ္မဿဝနမည်၏။

(၉) ဓမ္မဒေသနာ – ပစ္စည်းလာဘ်လာဘကို မငဲ့ဘဲ သတ္တဝါတို့အပေါ်၌ အကျိုးစီးပွါးကို လိုလားသော မြတ်သောဆန္ဒဖြင့် တရားကို ဟောတတ်၏။ ထိုသို့ဟောကြောင်းဖြစ်သော စေတနာသည် ဓမ္မဒေသနာမည်၏။ (တရားကိုယ်အားဖြင့် မြတ်သော ဆန္ဒဖြင့် ဟောကြောင်း စေတနာကို ယူရမည်။)

မှတ်ချက်။ ။ အပြစ်ကင်းသော အတတ်ပညာတို့ကို သင်ပေးခြင်းကို ဓမ္မဒေသနာအဖြစ် ယူရမည်။

(၁၀) ဒိဋ္ဌိဇုကမ္မ – ''လှူခြင်းသည် အကျိုးရှိ၏၊ ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုး မကောင်းကျိုးတို့သည် ရှိ၏''စသည်ဖြင့် အယူကို ဖြောင့်မှန်စွာ ယူခြင်းသည် ဒိဋ္ဌိဇုကမ္မမည်၏။ (တရားကိုယ်အားဖြင့် အယူကို ဖြောင့်စွာ ယူကြောင်း စေတနာကို ရ၏။)

ထိုဒါနစသည်တို့တွင် အနုသယနှင့်တကွဖြစ်သော ခန္ဓာအစဉ်ရှိသော ပုဂ္ဂိုလ်၏ သူတစ်ပါးတို့ကို ပူဇော်ခြင်း၊ ချီးမြှောက်ခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့် မိမိ၏ ထင်ရှားရှိသော ဝတ္ထုကို စွန့်ကြဲသောအစွမ်းဖြင့်ဖြစ်သော စေတနာသည် ဒါန မည်၏။ ဒါနဝတ္ထုကို ဂုဏ်းမှီးသည်၏အစွမ်းဖြင့်လည်းကောင်း၊ ပေးလှူအပ်ပြီးသော ဒါနကို ဝမ်းမြောက်သောစိတ်ဖြင့် အဖန်တလဲလဲ အောက်မေ့သည်၏အစွမ်းဖြင့်

လည်းကောင်း။ ရှေ့အဖို့၌ဖြစ်သောစေတနာ၊ နောက်အဖို့၌ဖြစ်သောစေတနာ တို့သည် ဤဒါနသာလျှင် ပေါင်းခြင်းသို့ ရောက်ကုန်၏၊ ကြွင်းသော ပုညကြိယာ ဝတ္ထုတို့၌ ဤအတူ ထိုက်သည့်အားလျော်စွာ မှတ်အပ်၏။

မြဲသောသီလအစရှိသည်တို့၏အစွမ်းဖြင့် ငါးပါးသီလတို့ကိုလည်းကောင်း၊ ရှစ်ပါးသီလတို့ကိုလည်းကောင်း၊ ဆယ်ပါးသီလတို့ကိုလည်းကောင်း၊ ဆောက်တည် သောသူ၏လည်းကောင်း၊ ဆောက်တည်ပြီးသော သီလနှင့် ပြည့်စုံသောသူ၏ လည်းကောင်း၊ မဆောက်တည်မူ၍လည်း ရောက်သော ကာယဒုစရိုက် ဝစီဒုစရိုက် တို့မှ ရှောင်ကြဉ်သောသူ၏လည်းကောင်း၊ ရှင်းရဟန်းပြုသောသူ၏လည်းကောင်း၊ ပဉ္စင်းခံသော သိမ်အပြင်၌ သီလကို ဆောက်တည်သောသူ၏လည်းကောင်း စတု ပါရိသုဒ္ဓိသီလကို ဖြည့်သော ရဟန်း၏လည်းကောင်း ဖြစ်သော စေတနာသည် သီလ မည်၏။

လေးဆယ်သော ကမ္မဋ္ဌာန်းတို့၌လည်းကောင်း၊ ခန္ဓာအစရှိကုန်သော တေဘုမ္မကအာရုံတို့၌လည်းကောင်း အဖန်တလဲလဲ စီးဖြန်းသည်ကို ပြုခြင်း၊ အဖန် တလဲလဲ အနိစ္စအစရှိသည်ဖြင့် သုံးသပ်ခြင်းအစွမ်းဖြင့်ဖြစ်သော အပ္ပနာသို့ မရောက် သေးသော ဂေါတြဘူအဆုံးရှိသော စေတနာသည် ဘာဝနာ မည်၏။

**မှတ်ချက်။** ။ အပြစ်ကင်းသော အတတ်အစရှိသည်ကို သင်ကြားသော စေတနာသည်လည်း ဤဘာဝနာ၌သာလျှင် ပေါင်းခြင်းသို့ ရောက်၏။)

အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ကြီးကုန်သော သူတို့အား သက်နီးအစရှိသည်တို့၌ တောင့်တခြင်းကင်းသော ညစ်ညူးခြင်းမရှိ သော အလိုဖြင့် ခရီးဦးကြိုဆိုခြင်း၊ နေရာကို ရှေ့ရှုဆောင်ခြင်း အစရှိသော အစီ အရင်ဖြင့် ရိုသေမြတ်နိုးခြင်းကို ပြုကြောင်းဖြစ်သော စေတနာသည်။ အပစာယန မည်၏။

အရွယ်၊ ဂုဏ်အားဖြင့် ကြီးကုန်သော သူတို့၏လည်းကောင်း၊ နာကုန်သော သူတို့၏လည်းကောင်း အကြင်အကြင်ဆိုအပ်ပြီးသော မြတ်သောအလိုဖြင့် ထိုထို သို့သော ကိစ္စ ပြုကြောင်းဖြစ်သော စေတနာသည် ဝေယျာဝစ္စ မည်၏။

မိမိသန္တာန်၌ဖြစ်သော ကုသိုလ်ကို သူတစ်ပါးတို့နှင့် ဆက်ဆံသည်၏အဖြစ် ကို အလိုရှိသော စေတနာသည် ပတ္တိဒါနမည်၏။

သူတစ်ပါးတို့သည် ပေးဝေအပ်သည်လည်းဖြစ်သော ကောင်းမှုကို ဝန်တိုခြင်းကင်းသော စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုနုမော် ခေါ်သော စေတနာသည် ပတ္တာနုမောဒနာ မည်၏။

ဤသို့ ဤတရားကို ကြားနာ၍ ထိုတရား၌ ဟောအပ်သောနည်းဖြင့် ကျင့်သောသူသည် လောကီ လောကုတ္တရာဂုဏ်ထူး၏အဖို့ရှိသည် ဖြစ်ရပါလို၏ ဟုလည်းကောင်း၊ အကြားအမြင်ရှိသည်ဖြစ်၍ သူတစ်ပါးတို့အား တရားဟောခြင်း စသည်တို့ဖြင့် ချီးမြှောက်အံ့ဟုလည်းကောင်း၊ ဤသို့ မိမိ၏လည်းကောင်း၊ သူတစ်ပါး၏လည်းကောင်း အကျိုးစီးပွားဖြစ်စေခြင်း၏အစွမ်းဖြင့်ဖြစ်သော ညစ်ညူးခြင်း မရှိသော မြတ်သောအလိုဖြင့် အစီးအပွားရှိသည်ကို ရည်၍ ကြားနာကြောင်းဖြစ်သော စေတနာသည် ဓမ္မဿဝနမည်၏။

မှတ်ချက်။ ။အပြစ်ကင်းသော အတတ်ပညာအစရှိသည်ကို နာကြားသော စေတနာကိုလည်း ဤဓမ္မဿဝန၌သာလျှင် ပေါင်းယူအပ်၏။

လာဘ်ပူဇော်ခြင်းအစရှိသည်တို့၌ မငဲ့သည်ဖြစ်၍ အသင့်အားဖြင့် နှလုံးသွင်းသောသူ၏ အစီးအပွားရှိသည်ကို ရည်၍ တရားဟောသော စေတနာသည် ဓမ္မဒေသနာ မည်၏။

မှတ်ချက်။ ။ အပြစ်မရှိသော အတတ်အစရှိသည်ကို သင်ကြောင်းဖြစ်သော စေတနာသည်လည်း ဤဓမ္မဒေသနာ၌သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ပေးလှူအပ်သော အလှူ၏အကျိုးသည် ရှိ၏၊ ဤသို့အစရှိသောနည်းဖြင့် ဖြစ်သော ကောင်းသော အမြင်၏အစွမ်းဖြင့် အယူကို ဖြောင့်မတ်စွာ ပြုခြင်းသည် ဒိဋ္ဌိဇုကမ္မမည်၏။

## ဒိဋ္ဌိဇုကမ္မ-၌ ဉာဏဝိပ္ပယုတ် ရထိုက် မရထိုက်

ဒိဋ္ဌိဇုကမ္မသည် သမ္မာဉာဏ်အမြင်၏အစွမ်းဖြင့် အယူကို ဖြောင့်မတ်မှန်ကန်စွာ ယူသောကြောင့် ဉာဏသမ္ပယုတ်စိတ်သာ ဖြစ်သင့်၏။ ဉာဏဝိပ္ပယုတ်မဖြစ်သင့်၊ မရထိုက်ဟု ဆိုကြ၏။ သို့သော်လည်း ပုညကြိယာဝတ္ထုအရာ၌ ရှေ့အဖို့၌ ဖြစ်သော ပုဗ္ဗစေတနာ၊ နောက်အဖို့တို့၌ ဖြစ်သော အပရစေတနာအခိုက်တို့ကိုလည်း ယူရသောကြောင့် ဒိဋ္ဌိဇုကမ္မအရာ ရှေ့အဖို့ နောက်အဖို့တို့၌ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်သေးကြောင်း၊ ဖြစ်သင့်ကြောင်း၊ ရထိုက်ကြောင်း သိရပါသည်။

# ပုညကြိယာဝတ္ထု (၁၀)ပါးကို ဒါန သီလ ဘာဝနာ၌ သွင်းယူရခြင်းအကြောင်း

ဒါန သီလ၊ ဘာဝနာ၊ သုံးဖြာစဉ်၍ခြင်း။

အစနှစ်ကိုလယ်၊ အလယ်နှစ်ကိုစ၊ နောက်မှာနောက်ချင်းသွင်း။

## ပုညကြိယာဆယ်ပါးကို ဒါန သီလ ဘာဝနာ၌ သွင်းပြပုံ

ဤဆယ်ပါးသော ပုညကြိယာဝတ္ထုတို့တွင် ပတ္တိဒါနနှင့်ပတ္တာနုမောဒနာတို့သည် ထိုဒါနသဘောရှိသောကြောင့် ဒါန၌ ပေါင်းခြင်းသို့ ရောက်ကုန်၏။ ထိုစကားသင့်၏။ ဒါနသည်လည်း ဣဿာနှင့်မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထိုပတ္တိဒါန ပတ္တာနုမောဒနာတို့သည်လည်း ဣဿာ မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ထို့ကြောင့် တူသော ဆန့်ကျင်ဘက်ရှိသည်အဖြစ်အားဖြင့် တူသော လက္ခဏာရှိသောကြောင့် ထိုပတ္တိဒါန ပတ္တာနုမောဒနာတို့ကို ဒါနမယပုညကြိယာဝတ္ထု၌ ပေါင်းအပ်ကုန်၏။

ပတ္တိဒါန ပတ္တာနုမောဒနာနှစ်ပါးသည် ဒါနနှင့်ဆန့်ကျင်ဘက်သဘောချင်း တူသောကြောင့် ဒါန၌ သွင်းယူရ၏။ (ဒါနနှင့်ပတ္တိဒါန၊ ပတ္တာနုမောဒနတို့သည် ဣဿာ မစ္ဆေရတို့၏ ဆန့်ကျင်ဘက်ဖြစ်ကြပုံချင်း တူ၏။)

အပစာယန+ ဝေယျာဝစ္စ နှစ်ပါးသည် စာရိတ္တသီလမျိုးဖြစ်သောကြောင့် သီလမယဖြစ်သော ပုညကြိယာဝတ္ထု၌ သွင်းယူရမည်။ [သီလသည် စာရိတ္တသီလ (ပြုကျင့်ဆောင်ရွက်ရမည့် ဝတ်ကြီးဝတ်ငယ်တို့ကို ပြုကျင့်သောသီလ)နှင့် ဝါရိတ္တသီလ (ရှောင်ကြဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့်သီလ) ဟူ၍ နှစ်မျိုးရှိသည်။]

ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌုဇုကမ္မ သုံးပါးတို့သည် ကုသိုလ်တရားကို ပွားစေသောကြောင့် ဘာဝနာမယဖြစ်သော တရားများဖြစ်၍ ပုညကြိယာဝတ္ထု၌ သွင်းယူရမည်။ (ဓမ္မပါလဆရာအလိုတည်း။)

[အပရေဆရာတို့အလိုအားဖြင့် တရားဟော၊ တရားနာပုဂ္ဂိုလ်တို့သည် ဒေသနာသို့ အစဉ်လျောက်သဖြင့် ဉာဏ်ကို စေလွှတ်၍ (ဒေသနာ၌ ဉာဏ်စိုက်၍) အနိစ္စ ဒုက္ခ အနတ္တ+လက္ခဏာကို ထိုးထွင်းသိပြီးလျှင် သိသည့်အတိုင်း ဟောလည်းဟော၏၊ နာလည်းနာ၏။ ထိုဓမ္မဿဝန ဓမ္မဒေသနာ နှစ်ပါးတို့သည် ပဋိဝေဓဉာဏ် (ထိုးထွင်း သိဉာဏ်ကိုသာလျှင် ဆောင်ကုန်၏။ ထို့ကြောင့် ဘာဝနာမယ ပုညကြိယာဝတ္ထု၌ သွင်းယူရမည်။]

တစ်နည်းအားဖြင့် ဓမ္မဒေသနာသည် ဓမ္မဒါန = တရားဓမ္မပေးဝေခြင်း သဘောရှိသောကြောင့် ဒါန၌ သွင်းယူရမည်။ ထို့ကြောင့် ''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ= အလှူအားလုံးတွင် ဓမ္မဒါနသည် အမြတ်ဆုံး အသာဆုံး ဖြစ်သည်ဟု ဆိုကြ၏။ ဒိဋ္ဌိဇုကမ္မကား ''ဒိဋ္ဌိဇုကမ္မံ သဗ္ဗေသံ နိယမလက္ခဏံ''ဟု ဒီဃနိကာယ် အဋ္ဌကထာ၌ ဆိုသဖြင့် ဒိဋ္ဌိဇုကမ္မသည် အလုံးစုံသော ပုညကြိယာဝတ္ထုတို့၏ မှတ်ကြောင်းလက္ခဏာဖြစ်သောကြောင့်လည်းကောင်း၊ အယူဖြောင့်မှန်မှ ပုညကြိယာဝတ္ထုဆယ်ပါးလုံး ဖြစ်နိုင်သောကြောင့်လည်းကောင်း (၁၀)ပါးလုံး၌ ရသင့်သည်။

ယင်းစကားထင်ရှားအောင် ပြဦးအံ့၊ ဒါနစသည်တို့တွင် အမှတ်မရှိ တစ်ပါးပါးသော ပုညကြိယာဝတ္ထုသည် အတ္ထိ ဒိန္နံ- ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော ပညာဖြင့် သုတ်သင်အပ်သည်ရှိသော် ကြီးသော မှချအကျိုးလည်း ရှိ၏။ ကြီးစွာသော အကျိုးဆက်လည်းရှိ၏။ ထို့ကြောင့် ဒီဃနိကာယ်အဋ္ဌကထာ၌ ''ဒိဋ္ဌိဇုကမ္မံ သဗ္ဗေသံ နိယမနလက္ခဏံ''ဟု မိန့်ဆိုအပ်၏။ ဤသို့ ဒါန သီလ ဘာဝနာတို့၏ အစွမ်းအားဖြင့် သုံးပါးသော ပုညကြိယာဝတ္ထုတို့၌ အပစာယနစသော ခုနစ်ပါးသော ပုညကြိယာဝတ္ထုတို့ကို ပေါင်းခြင်းကြောင့် အကျဉ်းအားဖြင့် ပုညကြိယာဝတ္ထုသည် သုံးပါးအပြားရှိ၏ဟု မှတ်အပ်၏။

မဟဂ္ဂုတ်ကုသိုလ်ကံ (၉)ပါး

ရူပါဝစရကုသိုလ်ကံ (၅)ပါး၊

အရူပါဝစရကုသိုလ်ကံ (၄)ပါး ပေါင်း (၉) ပါးဖြစ်သည်။

လက်ာ။ ။ မဟဂ်ကိုးဖြာ၊ ဘာဝနာ၊ အပ္ပနာ မနောကံ။

မဟဂ္ဂုတ်ကုသိုလ်ကံတို့သည် အလွန်ငြိမ်သက်သောကြောင့် ကာယဝိညတ် ဝစီဝိညတ်တို့ ဖြစ်ခြင်းမရှိ၊ ကာယဝိညတ် ဝစီဝိညတ်မဖြစ်၍ ကာယဒွါရစသည်တို့၌ မဖြစ်သောကြောင့် မနောကံ သက်သက်သာ ဖြစ်သည်။

မဟဂ္ဂုတ်ကုသိုလ်သည် အလှူပေးခြင်း စသော ဒါနစသည်တို့ကြောင့် ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ စိတ်ဖြင့် ပွားများအားထုတ်ခြင်းကြောင့်သာ ဖြစ်ပေါ်လာသောကြောင့် ဘာဝနာမယ (ဘာဝနာဖြင့် ပြီးသော ကုသိုလ်) ဖြစ်သည်။

မဟဂ္ဂုတ်ရာန် (အပ္ပနာရာန်) ဖြစ်ဖို့ရန် ရှေ့ပိုင်းမှာ ကာမာဝစရကုသိုလ် စိတ်ရှိဖို့ လို၏။ မဟဂ္ဂုတ်ကုသိုလ်ရာန်စိတ်၏ရှေ့၌ ကာမာဝစရကုသိုလ်တို့ ရှိနေ

သောကြောင့် မဟဂ္ဂုတ်ကုသိုလ်များသည် အပ္ပနာပတ္တ (အပ္ပနာသို့ ရောက်သော ဈာန်စိတ်များ) ဖြစ်ကြသည်။

ရူပကုသိုလ်သည် ပဋိပဒါစသော များသော အပြားရှိသော်လည်း အစဉ်အတိုင်း ဈာန်အင်္ဂါအသီးသီးကို လွန်သော ဈာန်အင်္ဂါအပြားအားဖြင့် ငါးပါးပြားသည်။ အရူပကုသိုလ်သည် ကောင်းကင်အာရုံအစရှိသော လေးပါးသော အာရုံတို့၏ အပြားအားဖြင့် လေးပါးပြားပါသည်။

## အကုသိုလ်ကံအကျိုးပေးပုံများ

ဥဒ္ဓစ္စစေတနာသည် ကြဉ်အပ်သော အကုသိုလ်ကံ (၁၁)ခုသည် အပါယ် ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ (၁၂)ပါးသော အလုံးစုံသော အကုသိုလ်ကံသည် ခုနစ်ပါးသော အကုသလဝိပါက်စိတ်တို့ကို အလုံးစုံသော ကာမဘုံ၌လည်းကောင်း၊ ရူပဘုံ၌လည်းကောင်း ထိုက်သည့်အားလျော်စွာ အကျိုးကို ဖြစ်စေ၏၊ (ဝါ) အကျိုးပေး၏။

## အကုသိုလ်ကံ (၁၂)ပါးတွင် ပဋိသန္ဓေအကျိုးပေးရာ၌ ဥဒ္ဓစ္စစေတနာကို ကြဉ်ရခြင်း

ဥဒ္ဓစ္စသဟဂုတ်စိတ် (ဥဒ္ဓစ္စစေတနာ) သည် ပဋိသန္ဓေကို ပေးခြင်းသဘော မရှိသဖြင့် ပဋိသန္ဓေအကျိုးကို မဖြစ်စေနိုင်သောကြောင့် ကြဉ်ရသည်။ (ဋီ၊ မှတ်ချက်)

အားကြီးသော စေတနာကံသည် ပဋိသန္ဓေအကျိုးကိုပေး၏၊ အားနည်းသော စေတနာကံသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ၎င်းစိစစ်ချက်အရ ကြည့်သော်–

ဥဒ္ဓစ္စစေတနာသည် ဆုံးဖြတ်ခြင်း (အဓိမောက္ခ)နှင့်ယှဉ်၍ အားကြီး၏။

ဝိစိကိစ္ဆာသည် ဆုံးဖြတ်နိုင်ခြင်း (အဓိမောက္ခ) နှင့်မယှဉ်၍ အလုံးစုံသော အကုသိုလ်တို့အောက် အားနည်း၏။ ထိုသို့ ဥဒ္ဓစ္စသည် အားကောင်းပါလျက် ပဋိသန္ဓေအကျိုးကို မပေးဘဲ အားနည်းသော ဝိစိကိစ္ဆာက အဘယ်ကြောင့် ပဋိသန္ဓေအကျိုးကို ပေးပါသနည်း –

ဥဒ္ဓစ္စသည် အားပင်ကောင်းသော်လည်း ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သော သဘောမရှိသောကြောင့် ပဋိသန္ဓေကို မငင်နိုင် မပေးနိုင်ခြင်းဖြစ်သည်။ [အားကြီးမှု အားနည်းမှု စိစစ်ခြင်းမှာ ပဋိသန္ဓေအကျိုးကို ပေးလေ့ရှိသော ကံတရားတို့၌သာ စိစစ်ခြင်းဖြစ်သည်။ ပင်ကိုကပင် ပဋိသန္ဓေအကျိုးကို ပေးခြင်းသဘော မရှိသော ဥဒ္ဓစ္စ၌ စိစစ်ဖွယ်မလိုချေ။]

## ဉဒ္ဒစ္စစေတနာ ပဋိသန္ဓေအကျိုး မပေးနိုင်ကြောင်း အထောက်အထားများ

(၁) သောတာပတ္တိမဂ်သည် ပယ်အပ်သော အကုသိုလ်တရားတွင် ဉဒ္ဒစ္စ မပါဝင်ခြင်း၊

(၂) ပဋိသန္ဓေအကျိုးပေးနိုင်သော နာနာက္ခဏိက ကမ္မပစ္စည်းအဖြစ် ဟော သော တရားတွင် ဉဒ္ဒစ္စမပါဝင်ခြင်း တို့ကြောင့် ပဋိသန္ဓေအကျိုး မပေး နိုင်ကြောင်းကို သိရပါသည်။

ရှင်းပြပါဦးအံ့၊ သောတာပန်ဖြစ်လျှင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးပါး၊ ဝိစိကိစ္ဆာတစ်ပါး ပေါင်း ငါးပါးကို ပယ်ပြီးဖြစ်သည်။ ဉဒ္ဒစ္စကို မပယ်ရသေး။ သို့သော် လည်း သောတာပန်သည် အပါယ်ငရဲစသည်သို့ ကျရောက်နိုင်ခြင်းမရှိတော့။ ဉဒ္ဒစ္စ အကုသိုလ်ကို မပယ်ရသေးသဖြင့် ဉဒ္ဒစ္စအကုသိုလ်သည် အကယ်၍ ပဋိသန္ဓေ အကျိုးကို ပေးနိုင်လျှင် အပါယ်ပဋိသန္ဓေအကျိုးကိုသာ ပေးရမည်။ ထို့ကြောင့် သေက္ခဖြစ်သော သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့၏လည်း အပါယ် ငရဲစသည်သို့ ရောက်နိုင်သေးသကဲ့သို့ ဖြစ်နေသည်။ ထိုသေက္ခပုဂ္ဂိုလ်တို့၏လည်း အပါယ်သို့ လားရရောက်ရခြင်းသည် မသင့်သည်သာတည်း။ အဘယ့်ကြောင့် မသင့်ပါသနည်းဟူမူ ''စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော၊ အဝိနိပါတဓမ္မော''စသော ပါဠိတော်တို့နှင့် ဆန့်ကျင်သောကြောင့် မသင့်။ ပဋိသန္ဓေအကျိုးကို မပေးနိုင်သော ကြောင့်သာ သောတာပတ္တိမဂ်သည် ပယ်အပ်သော (ဒဿနေန ပဟာတဗ္ဗ) တရား တို့တွင် မပါဝင်ခြင်းဖြစ်သည်။

### အကုသိုလ်ပယ်စဉ်သုံးမျိုး

(၁) ဒဿနေန ပဟာတဗ္ဗ = သောတာပတ္တိမဂ်သည် ပယ်အပ်သော တရား ဒိဋ္ဌိဂတသမ္ပယုတ်လေးပါး၊ ဝိစိကိစ္ဆာ**တစ်ပါး**။
[ဒဿန = မြင် ခြင်း =နိဗ္ဗာန်ကို ရှေးဦးစွာ မြင်ခြင်း = (သောတာပတ္တိ မဂ်ကို ဒဿနဟု ဆိုသည်။]

(၂) ဘာဝနာယ ပဟာတဗ္ဗ = အထက်မဂ်သုံးပါးသည် ပယ်အပ်သော တရား အရဟတ္တမဂ်ဖြင့် ဉဒ္ဒစ္စကို ပယ်၏။

[အထက်မဂ်သုံးပါးသည် သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော နိဗ္ဗာန်၌ ပွားစေသည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် ဘာဝနာဟု အမည်ရသည်။]

ထိုဥဒ္ဓစ္စသဟဂုတ်ကံ၏ စင်စစ်အားဖြင့် ဘာဝနာယ ပဟာတဗ္ဗအဖြစ်ဖြင့် "ကတမေ ဓမ္မာ ဘာဝနာယ ပဟာတဗ္ဗာ၊ ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ"ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။ ထို့ကြောင့် သောတာပတ္တိမဂ်သည် ပယ်အပ်သော တရားတို့၌ ဘုရားဟောတော်မမူခြင်းသည် ဤဥဒ္ဓစ္စသဟဂုတ်ဖြစ်သော ကံ၏ ပဋိသန္ဓေကို ပေးခြင်းမရှိခြင်းကို ပြီးစေ သိစေ၏။

စောဒနာဦးအံ့၊ ပဋိသမ္ဘိဒါဝိဘင်း၌ "ယသ္မိံ သမယေ (ပ) တေသံ ဝိပါကေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ"ဟု ဤသို့ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ထုတ်ပြီး၍ ထိုဥဒ္ဓစ္စ သဟဂုတ်စိတ်၏ အကျိုးကိုလည်း ထုတ်အပ်သည်မဟုတ်ပါလော၊ ထို့ကြောင့် ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၏ ပဋိသန္ဓေကို ပေးခြင်း မရှိခြင်းကို အဘယ်သို့လျှင် ဝန်ခံအပ်ပါသနည်း၊ ဤကား စောဒနာခြင်းတည်း။

ဤဥဒ္ဓစ္စသဟဂုတ်စိတ်၏အကျိုးကို ပဋိသန္ဓေပေးခြင်းကို ရည်၍ မြတ်စွာဘုရားသည် မထုတ်အပ်၊ မဟောအပ်။ စင်စစ်အားဖြင့်ကား ပဝတ္တိအကျိုးပေးခြင်းကို ရည်၍ ထုတ်ဆိုအပ်၏။ ထို့ကြောင့် ထိုဥဒ္ဓစ္စသဟဂုတ်ကံ၏ ပဋိသန္ဓေအကျိုးကို ပေးခြင်းသည် မရှိဟု မှတ်အပ်၏။ ပဋ္ဌာန်းကျမ်း၌လည်း "သဟဇာတ (ပ) ကမ္မပစ္စယေန ပစ္စယော"ဟု သောတာပတ္တိမဂ်သည် ပယ်အပ်သော စေတနာ၏ သာလျှင် သဟဇာတပစ္စည်း၊ နာနာက္ခဏိကကမ္မပစ္စည်းအဖြစ်ကို ထုတ်၍ "သဟဇာတ (ပ) ကမ္မပစ္စယေန ပစ္စယော"ဟူ၍ အထက်မဂ်သုံးပါးသည် ပယ်အပ်သော စေတနာ၏ သဟဇာတကမ္မပစ္စည်း၏အဖြစ်ကိုသာလျှင် ထုတ်ဆောင်အပ်၏။ နာနာက္ခဏိကကမ္မပစ္စည်း၏အဖြစ်ကို မထုတ်အပ်၊ နာနာက္ခဏိကကမ္မပစ္စည်းကို ကြည့်၍ ပဋိသန္ဓေကို ငင်ခြင်း ပေးခြင်းသည်လည်း မရှိ။ ထို့ကြောင့် ထိုဥဒ္ဓစ္စသဟဂုတ်စေတနာ၏ ခပ်သိမ်းသော အပြားအားဖြင့် ပဋိသန္ဓေကို ပေးခြင်းသည် မရှိ။ ဤသို့သော အဆုံးအဖြတ်ကို မှတ်အပ်၏။

## ကာမကုသိုလ်၏ အပါယ်ဘုံတို့နှင့် ကာမ (၁၁)ဘုံလုံးတို့၌ ပဝတ္တိကျိုးပေးပုံသာဓက

အချို့တိရစ္ဆာန်များ၊ နဂါး၊ ဂဠုန်၊ ဝေမာနိကပြိတ္တာ၊ အချို့အသူရကာယ်များ၊ အလွန်စည်းစိမ်ကြီးစွာဖြင့် နေရခြင်းသည်လည်းကောင်း၊ ငရဲသူငရဲသားများထံသို့ အရှင်မောဂ္ဂလာန် ကြွရောက် တရားဟောအခါ ငရဲမီးငြိမ်းအေးခွင့်ရခြင်း၊ တရား နာရခြင်းတို့သည်လည်းကောင်း အပါယ်ဘုံတို့၌ ကာမကုသိုလ်၏ ပဝတ္တိကျိုး ဖြစ်ပါသည်။ ထို့ကြောင့် ကာမကုသိုလ်သည် ``သဗ္ဗတ္ထာပိ ကာမလောကေ ဝိပစ္စတိ = ကာမ (၁၁)ဘုံလုံး၌ ကာမကုသိုလ်သည် ပဝတ္တိအကျိုးပေးသည်ဟု ဆိုခြင်းဖြစ်သည်။)

### ကာမကုသိုလ်၏ ရူပဘုံတို့၌ အဟိတ်ဝိပါက် ပဝတ္တိကျိုးများ ပေးခြင်း

(၁) ရူပဘုံ၌ ရူပါဝစရကုသိုလ်ကံ၏အစွမ်းကြောင့် ကာမကုသိုလ်၏ အကျိုး ဖြစ်သော အဟိတ်ဝိပါက်များ ဖြစ်ခြင်းမရှိ။

(၂) ရူပဘုံ၌ ကာမဂုဏ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းကြောင့် ကာမတဏှာ၏အာရုံဖြစ်သော စိတ်ဝိညာဏ်များမရှိ၊ ထို့ကြောင့် ကာမ အဟိတ်ဝိပါက်များလည်းမဖြစ်။

(၃) ရူပ အရူပ လောကုတ္တရာ ကုသိုလ်တို့သည် စင်စစ်တူသော အကျိုး ကိုသာ ပေးတတ်သောကြောင့် ကာမအဟိတ်ဝိပါက်ကျိုးကို ပေးခြင်း ဖြစ်ခြင်းမရှိ။

ထိုသို့ဖြစ်ပါလျက် ရူပဘုံ၌ ကာမအဟိတ် ဝိပါက်အကျိုးများ ဖြစ်နေခြင်းမှာ (ကာမကုသိုလ်ကံက ရူပဘုံ၌ ပဝတ္တိအကျိုးကို ဝင်ရောက်၍ ပေးနေခြင်းသာ ဖြစ်သည်)

### တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ စသည်တို့ အကျိုးပေးပုံ

တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ။

ထိုကာမာဝစရကုသိုလ်ကံတို့တွင်လည်း တိဟိတ်ဥက္ကဋ္ဌဖြစ်သော လေးပါး အပြားရှိသော ကုသိုလ်ကံသည် တိဟိတ်ဖြစ်သော လေးပါးအပြားရှိသော ပဋိသန္ဓေကို ပေး၍ ပဝတ္တိအခါ၌ ၁၆–ပါးသော ဝိပါက်စိတ်ကို ဖြစ်စေ၏။

အကြွင်ကုသိုလ်ကံကို မိမိပြုသောအခါ၌ ရှေ့အဖို့ နောက်အဖို့၌ဖြစ်ကုန် သောကုသိုလ်ကံတို့ဖြင့် ခြံရံအပ်၏။ နောက်၌မူလည်း အဖန်တလဲလဲ မှိဝဲခြင်းကို ရသဖြင့် အဖန်တလဲလဲ လေ့လာအပ်၏၊ ထိုကံသည် ဥက္ကဋ္ဌကံ မည်၏။ အကြွင် ကုသိုလ်ကံကို ပြုသောအခါ၌ ရှေ့အဖို့ နောက်အဖို့တို့၌ဖြစ်ကုန်သော အကုသိုလ် ကံတို့ဖြင့် ခြံရံအပ်၏။ နောက်၌လည်း ငါသည် ဤကောင်းမှုကို မကောင်းသဖြင့် ပြုအပ်ပြီဟု နှလုံးမသာမယာဖြစ်ခြင်းဖြင့် အဖန်တလဲလဲ ထုံအပ်၏။ ထိုကုသိုလ် ကံသည် ဩမကကံ မည်၏ဟု မှတ်အပ်၏။

**ဆောင်။** ။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ခြံ၊ မှတ်ရန်ဥက္ကဋ္ဌာ။

ရှေ့နောက်နှစ်တန်၊ အကုခြံ၊ မှတ်ရန်ဩမကာ။

[ဉာဏ်နှင့်ယှဉ်လျှင် တိဟိတ်၊ ဉာဏ်နှင့်မယှဉ်လျှင် ဒွိဟိတ်။]

ဉာဏ်ဆိုသည်မှာ ကမ္မဿကတာဉာဏ်နှင့်လက္ခဏာယာဉ်သုံးပါးကို ဆင်ခြင်သော ဝိပဿနာဉာဏ်မျိုးဖြစ်ပါက တိဟိတ်ကုသိုလ်ဖြစ်ပါသည်။

**တိဟိတ်ဩမကကုသိုလ်ကံသည် အလွန်အားနည်း၍ အဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးသင့်လျက် မပေးဘဲ ဒွိဟိတ်ပဋိသန္ဓေကျိုးကိုပေးပုံ–**

အလွန်အားနည်းသော်လည်း ဉာဏ်နှင့်ယှဉ်နေသောကြောင့် (ဉာဏသမ္ပယုတ်အစွမ်းသတ္တိသည် ပဋိသန္ဓေအားဖြင့် ကန်းခြင်း၊ နားပင်းခြင်း၊ ကိုယ်လက် အင်္ဂါ ချို့ယွင်းခြင်းတို့ကို ဖြစ်စေနိုင်သည့် မောဟအပါအဝင် အကုသိုလ်အားလုံး တို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်) အကုသိုလ်ဆိုင်ရာ အဟိတ်ပဋိသန္ဓေကျိုး မပေးဘဲ ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးခြင်းဖြစ်သည်။

**ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည်လည်း အလွန်အားရှိ၍ တိဟိတ် ပဋိသန္ဓေကို ပေးသင့်လျက် မပေးဘဲ ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးပုံ**

ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ဉာဏ်နှင့်မယှဉ်သောကြောင့် တိဟိတ် ပဋိသန္ဓေကျိုးကို မပေးဘဲ ဒွိဟိတ်ပဋိသန္ဓေကျိုးကိုသာ ပေးပါသည်။

**မှတ်ချက်။** ။ ကုသိုလ်ကံတစ်ခုသည် ပဋိသန္ဓေကျိုးတစ်ခုသာ ပေးနိုင်၏။ ပဝတ္တိကျိုးကိုသာ ဘဝအရာ အထောင် ပေးနိုင်၏။

ရှင်းပါဦးအံ့၊ ''ပဋိသန္ဓိ ဘစ်ပါးသာလျှင်ဖြစ်သော ပဋိသန္ဓေကို'' ဆိုရာ၌ စေတနာတစ်ခု ကံတစ်ခုသည် တစ်ခုသော ပဋိသန္ဓေကိုသာ ဖြစ်စေ၏။ ဘဝတစ်

ခုကိုသာ ဖြစ်စေ၏။ ပဝတ္တိကျိုးကိုမူကား ဘဝ အရာ အထောင် ဘဝ အသချေ်တို့၌ပင် ဖြစ်စေနိုင်၏။

''ပဋိသန္ဓိ တစ်ပါးသာလျှင်ဖြစ်သော ပဋိသန္ဓေကို''ဆိုရာ၌ ထိုစကားမှန်၏၊ တစ်ပါးသောကံကြောင့် တစ်ပါးမကသော ဘဝတို့၌ ပဋိသန္ဓေသည် မဖြစ်နိုင်၊ ပဝတ္တိအကျိုးသည်ကား ဘဝအရာ၌လည်းကောင်း၊ ဘဝအထောင်၌လည်းကောင်း ဖြစ်နိုင်သေး ၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောပါသနည်း ဟူမူ ''တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ''ဟု ဟောတော်မူ၏။

အဓိပ္ပာယ်ကား - တိရစ္ဆာန်သတ္တဝါအား အလှူကို ပေး၍ အရာသော အကျိုးရှိသော ဒါနစေတနာကို အလိုရှိအပ်၏။

ဤစကားရပ်၌ စောဒကတက်ဖွယ်ရှိသည်ကို ပြဦးအံ့ -

ဘုရားဟော သုတ္တန်ဒေသနာတော်များ၌ ပန်းကလေးတစ်ပွင့်၊ ဆွမ်းကလေးတစ်ဇွန်း၊ အဝတ်ကလေးတစ်ထည် လှူဒါန်းဖူးသည်နှင့်ဘဝကုဋေတစ်ထောင်ပတ်လုံး နတ်ပြည် လူပြည် ပဋိသန္ဓေတည်နေရပြီး အဆုံး၌ နိဗ္ဗာန်သို့ ကူးမြောက်ရ၏ ဟု ဟောကြားချက်များရှိရာ အထက်ပါစကားရပ်နှင့် ဆန့်ကျင်သကဲ့သို့ထင်ရ၏။

အမှန်မှာ - ဒါနမှုတစ်ခု ပြုလုပ်သောအခါ စေတနာတစ်ခုသာမက ပုဗ္ဗစေတနာများ၊ မုဉ္စစေတနာများ၊ အပရစေတနာများ များစွာဖြစ်နိုင်သောကြောင့်လည်းကောင်း၊ စိတ်တို့မည်သည် လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတွင်းမှာပင် ကုဋေတစ်သိန်းမက ချုပ်ပျက်လျက်ရှိသောကြောင့်လည်းကောင်း၊ ဘဝပေါင်း ကုဋေတစ်ထောင်မက အကျိုးပေးသည်ဟူသော စကားကို စောဒကတက်ဖွယ်မရှိနိုင်ပေ။ (လှူဆဲ မုဉ္စစေတနာအခိုက်သာမက ပုဗ္ဗစေတနာ၊ အပရစေနာတို့တို့၏ ပဋိသန္ဓေကျိုးကို ပေးနိုင်ကြောင်းကို ကောသလသံယုတ်၌ ပြဆိုထားချက် ရှိသည်။)

တိဟိတ်ဥက္ကဋ္ဌအသင်္ခါရိကကုသိုလ်ကံ နှစ်ပါးသည် အသင်္ခါရိက ပဋိသန္ဓေဝိပါက်ကိုသာ ပေး၏။ သသင်္ခါရိက ပဋိသန္ဓေဝိပါက်ကို မပေး။ ပဝတ္တိအခါ၌မူ မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးပါး၊ အဟိတ်ကုသလဝိပါက် ရှစ်ပါး အားဖြင့် (၁၂)ပါးသော အကျိုးကို ပေးနိုင်၏။

တိဟိတ် ဩမက ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်နှစ်ပါသည်လည်းကောင်း၊ ဒွိဟိတ်ဥက္ကဋ္ဌ ဉာဏဝိပ္ပယုတ် အသင်္ခါရိကနှစ်ပါးသည်လည်းကောင်း

ဒွိဟိတ် ဥက္ကဋ္ဌ ဉာဏဝိပ္ပယုတ် အသင်္ခါရိက ပဋိသန္ဓေဝိပါက်ကို ပေးပြီး၍ ပဝတ္တိအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကနှစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါးအားဖြင့် (၁၀)ပါးသော အကျိုးကို ပေး၏။

ဒွိဟိတ်ဩမက ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကုသိုလ်နှစ်ပါးသည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ အဟိတ်ပဋိသန္ဓေကို ပေးပြီး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်ရှစ်ပါးကို ပေး၏။ (သသင်္ခါရိက၌လည်း ဤနည်းတူသိ) ဤကား ကေစိဝါဒအလိုတည်း။

## ကေစိဝါဒ ဟု တွင်သော မောရဝါပိအရပ်၌ သီတင်းသုံးသော အရှင် မဟာဓမ္မရက္ခိတမထေရ်၏အယူအဆ

အသင်္ခါရိကကုသိုလ်ကံသည် အသင်္ခါရိကဝိပါက် ပဋိသန္ဓေကိုသာ ဖြစ်စေ၏။ သသင်္ခါရိကအကျိုးဝိပါက်ကို မဖြစ်စေနိုင်။

သသင်္ခါရိက ကုသိုလ်ကံသည် သသင်္ခါရိကဝိပါက် ပဋိသန္ဓေကိုသာ ဖြစ်စေ၏။ အသင်္ခါရိကအကျိုးဝိပါက်ကို မဖြစ်စေနိုင်။

ဆိုင်ရာ ရှေးကုသိုလ်ကံအတိုင်း ⟶ အကျိုးဝိပါက် ပဋိသန္ဓေစိတ်၏ သင်္ခါရ အပြားကို မှတ်အပ်၏ ဟု ဆို၏။ ဥပမာ – မျက်နှာလှုပ်သည်ရှိသော် မှန်ထဲမှ မျက်နှာရိပ်လည်း လှုပ်သကဲ့သို့ (ရှေးကုသိုလ်ကံနှင့်သင်္ခါရ ထပ်တူညီရမည်။) ဟု မောရဝါပိဆရာက ဆို၏။

ဤကျမ်းရေးသူ အရှင်အနုရုဒ္ဓါနှင့်အခြားဆရာများက အကျိုးဝိပါက် ပဋိသန္ဓေတို့၏ သင်္ခါရအပြားကို (နီးကပ်သော) ကမ္မနိမိတ် စသည်တို့၏အစွမ်းဖြင့်သာ အလိုရှိအပ်၏။ (ရှေး) ကံ၏အစွမ်းဖြင့် အလိုမရှိအပ်ဟု ဆို၏။ ရှင်းပါဦးအံ့- ဝိပါက်ပဋိသန္ဓေစိတ်၏ သင်္ခါရအပြားသည် ရှေးကုသိုလ်ကံအစွမ်းဖြင့် (ရှေးကုသိုလ်ကံအတိုင်း) အသင်္ခါရိက+ သသင်္ခါရိက ဖြစ်ကြသည်မဟုတ်ဘဲ သေခါနီးအခါ ထင်လာတိုင်းသော ကံအာရုံ+ကမ္မနိမိတ်အာရုံ+ ဂတိနိမိတ်အာရုံ စသော အကြောင်း (ပစ္စယ)၏အစွမ်းဖြင့်သာ အသင်္ခါရိက+ သသင်္ခါရိက ဖြစ်ရသည်။

ထို့ကြောင့် ရှေးကုသိုလ်ကံအတိုင်း ဝိပါက်ပဋိသန္ဓေ စိတ်၏ အသင်္ခါရိက+ သသင်္ခါရိက ပြားသည်ဟု ယူသော မောရဝါပိဆရာ၏အယူကို ညံ့သော= အဆင့်နိမ့်သော ကေစိဝါဒ ဟု ဆိုခြင်းဖြစ်သည်။

[သောခါနီးအခါ၌ ကံ+ကမ္မနိမိတ်+ဂတိနိမိတ်အာရုံတို့ ထင်မြဲဖြစ်၏။ ထိုသို့ ထင်ရာ၌ မိမိပယောဂ၊ ဆွေမျိုးဉာတကတို့၏ ပြောကြားသတိရစေသော ပယောဂ အားဖြင့် ထင်လာလျှင် သသင်္ခါရိကဝိပါက် ပဋိသန္ဓေစိတ်ဖြစ်မည်။ ပယောဂမျိုးစုံ မပါဘဲ အလိုလိုထင်လာလျှင် အသင်္ခါရိက ဝိပါက် ပဋိသန္ဓေစိတ်ဖြစ်မည်။]

သင်္ဂြိုဟ်ဘာသာဋီကာ၏ ရှင်းလင်းချက်ကိုလည်း ရှုပါဦး -

ထင်ရှားစေဦးအံ့၊ ဝိပါက်စိတ်တို့၏ ကိစ္စများမှာ ပဋိသန္ဓေသော ကိစ္စများ တည်း၊ ထိုတွင် မိမိ၏ပယောဂ၊ ဆွေမျိုးဉာတိ စသူတို့ ပယောဂ မပါဘဲ ထင် လာသော ကံ+ကမ္မနိမိတ်+ဂတိနိမိတ် အာရုံတစ်ခုခုကို အာရုံပြု၍ ပဋိသန္ဓေစိတ် ဖြစ်လျှင် အသင်္ခါရိက ပဋိသန္ဓေစိတ်ဖြစ်၍ ထိုပယောဂ အကူအညီကြောင့် ထင် လာသော အာရုံတစ်ခုခုကို အာရုံပြု၍ ပဋိသန္ဓေစိတ်ဖြစ်လျှင် သသင်္ခါရိက ပဋိသန္ဓေ စိတ်ဖြစ်၏။ ဘဝင်စုတိစိတ်တို့မှ ပဋိသန္ဓေအတိုင်းသာတည်း၊ တဒါရုံကိစ္စမှာ ဇွေ့ဇောများနှင့်စပ်လျက်ရှိ၏၊ ဇွေ့ဇောများက အသင်္ခါရိကဇောဖြစ်လျှင် တဒါရုံလည်း အသင်္ခါရိကအဖြစ်များပေမည်။ ဤသို့လျှင် ဝိပါက်စိတ်၏ ထက်မှု ညံ့မှုများမှာ ကံ+ကမ္မနိမိတ်+ဂတိနိမိတ် အာရုံထင်ရာ၌ ပယောဂပါမှု၊ မပါမှု တဒါရုံကိစ္စတပ်ရာ၌ ဇွေ့စောတို့၏ အသင်္ခါရိက၊ သသင်္ခါရိကဖြစ်မှုနှင့် ဆက်သွယ်လျက်ရှိသောကြောင့် ''ကံနှင့်အလားတူ ဝိပါက်စိတ်၌ သင်္ခါရဖြစ်သင့်သည်''ဟူသော မဟာဒတ္တထေရ်၏ ဝါဒကို အောက်တန်းချ၍ ''ကေစိဝါဒ''ဟု မိန့်သည်။

မှတ်ချက်။ ။ မောရဝါပီအရပ်၌ သီတင်းသုံးသော ကေစိဝါဒမထေရ်၏ အမည်မှန်မှာ မဟာဒတ္တထေရ်ဖြစ်သည်။ ဋီကာကျော်၌ အမည်မှားနေသည်။

## ပရိတ္တ+မဇ္ဈိမ+ပဏီတရျာန်တို့၏ အဓိပ္ပာယ်

(ထက်ဝန်းကျင်မှ ပိုင်းခြားအပ်သော ဝတ္ထုကဲ့သို့) နည်းသော အာနုဘော် ရှိသောကြောင့် ပရိတ္တဈာန်မည်၏။ မြတ်သည်၏အဖြစ်ကို ဆောင်တတ်သော ကြောင့် ပဏီတဈာန် မည်၏။ ပရိတ္တ-ပဏီတ နှစ်ပါးတို့၏အလယ်၌ ဖြစ်သောကြောင့် မဇ္ဈိမဈာန် မည်၏။

ယုတ်သော ဆန္ဒ+စိတ္တ+ဝီရိယ+ဝီမံသတို့သည် ဖြစ်စေအပ် ပွားများစေအပ် သော ဈာန်သည် ပရိတ္တ။

အလယ်အလတ်ဖြစ်သော ဆန္ဒ+စိတ္တ+ဝီရိယ+ဝီမံသတို့သည် ဖြစ်စေအပ် ပွားများစေအပ်သော ဈာန်သည် မဇ္ဈိမမည်၏။

မြတ်သော ဆန္ဒ+စိတ္တ+ဝီရိယ+ဝီမံသတို့သည် ဖြစ်စေအပ် ပွားများစေအပ်သော ဈာန်သည် ပဏီတ။ (ဋီကာ၊ ဒုတိယနည်း)

ဈာန်ကို ရကာမျှ ဝသီဘော်ငါးပါးတို့ဖြင့် မပွားများအပ်သော ဈာန်သည် နည်းသော အာနုဘော်ရှိသောကြောင့် ပရိတ္တဈာန်မည်၏။

ဝသီဘော်ငါးပါးတို့ဖြင့် လွန်စွာမပွားများအပ် (သာမန်သာ ပွားများအပ်) သော ဝသီဘော်မပြည့်စုံသေးသော ဈာန်သည် မဇ္ဈိမဈာန်မည်၏။

ဝသီဘော်ငါးပါးတို့ဖြင့် အလွန်ပွားများအပ်သည်ဖြစ်၍ ဝသီဘော်အားလုံး ပြည့်စုံသော ဈာန်သည် ပဏီတဈာန်မည်၏။ (ဤသင်္ဂြိုဟ်==လက်သန်းအဋ္ဌကထာ ကျမ်းပြု အနုရုဒ္ဓါအလို။)

ပဌမဈာန်ကို (သာမန်ပွားလျှင်) ဝေဟပ္ဖိုလ်ဘုံသို့ ရောက်၏။ ပဌမဈာန်ကို (သညာကင်းအောင် ပွားလျှင်) အသညသတ်ဘုံသို့ ရောက်၏။

ဤ၌ ပဌမဈာန်အရ-အဘိညာဉ်၏အဖြစ်သို့ မရောက်သေးသော ပဌမဈာန် ကိုသာ ယူရမည်။ [အဘိညာဉ်၏အဖြစ်သို့ ရောက်သော ပဌမဈာန်သည် အဘိညာဉ် ကိစ္စအနေဖြင့် တစ်ကြိမ်ဖြစ်ပြီးလျှင် ဆိုင်ရာတန်ခိုးဖန်ဆင်းခြင်းကိစ္စကို ပြီးစေ၍ ချုပ်သွားသောကြောင့် ပဋိသန္ဓေကျိုးကို ပေးဖွယ်မရှိပြီ။ ထို့ကြောင့် အဘိညာဉ်၏ အဖြစ်သို့ ရောက်သော ပဌမဈာန်ကို မရခြင်းဖြစ်ပါသည်။

**အဘိညာဏ်အဖြစ်သို့ ရောက်သော ပဌမဈာန်၏ ပဋိသန္ဓေကျိုး မပေးပုံ**

မဟဂ္ဂုတ်ကုသိုလ်တို့သည် တူသောဘုံရှိသော ဈာန်မှ အာသေဝနပစ္စည်း ရမှ အားရှိ၍ ပဋိသန္ဓေကို ပေးနိုင်သည်။ (အဘိညာဏ်အဖြစ်သို့ ရောက်သော ပဌမဈာန်သည် တစ်ကြိမ်သာဖြစ်၍ အာသေဝနမရ။ အားမရှိ။ ထို့ကြောင့် ပဋိသန္ဓေ ကျိုးကို မပေးနိုင်ဟု ဋီကာကျော်ဆရာ ဆို၏။

(အထက်ပါဋီကာကျော်ဆရာ၏ အဆိုကို သုံးသပ်ချက်)

အမှန်မှာ- အဘိညာဏ်အဖြစ်သို့ ရောက်သော ပဌမဈာန်သည် တန်ခိုး ဖန်ဆင်းဖို့ ကိစ္စအတွက်သာ ဖြစ်၏။ တန်ခိုးဖန်ဆင်းဖို့လည်း တစ်ကြိမ်ဖြစ်ရုံနှင့် သူ့ဆိုင်ရာကိစ္စ ပြီးပြည့်စုံအောင် ဆောင်ရွက်သွားနိုင်၏။ ဤသည်လျှင် သူ့ကိစ္စ ဖြစ်သည်။ အာသေဝန ရဖို့လည်း မလိုပေ။ ပဋိသန္ဓေကျိုး ပေးရန်လည်းမဟုတ်။ ထို့ကြောင့် အဘိညာဏ်အဖြစ်သို့ မရောက်သော ပဌမဈာန်ကိုသာ ယူရခြင်း ဖြစ်သည်။

မဟဂ္ဂုတ်ကုသိုလ်တို့သည် အာသေဝနပစ္စည်းရမှ အားရှိ၍ ပဋိသန္ဓေကျိုးကို ပေးသည် ဟု ဆိုသော စကားမှာ စဉ်းစားဖွယ်ရှိ၏။

မဟဂ္ဂုတ်ဈာန်ကို အစဆုံးရသူ၌ ဈာန်စိတ်တစ်ကြိမ်သာ ဖြစ်၏။

သမာပတ္တိဝီထိ (ထပ်ပွားရာ၌) ဈာန်စိတ်များစွာ ဖြစ်၏။

အဘိညာဉ်ဝီထိ၌ ပဥ္စမဈာန်အဘိညာဉ်စိတ် တစ်ကြိမ်သာ ဖြစ်၏။

အာသေဝနပစ္စည်းရမှ (တစ်ကြိမ်မကဖြစ်မှ) အားရှိ၍ ပဋိသန္ဓေကျိုးကို ပေးသည်ဆိုလျှင် အဘိညာဉ်ပဥ္စမဈာန် မပေးနိုင်သလို အစဦးဆုံး ရခါစ မဟဂ္ဂုတ် ဈာန်လည်း တစ်ကြိမ်သာဖြစ်၍ ပဋိသန္ဓေကျိုးကို မပေးနိုင်ဟု ယူရပါမည်။ ထိုသို့ကားမဟုတ်၊ ရခါစ မဟဂ္ဂုတ်ဈာန်လည်း ဆိုင်ရာဘုံ၌ ပရိတ္တဈာန်အဖြစ် ပဋိသန္ဓေကျိုးကို ပေးနိုင်၏။ ထို့ကြောင့် အာသေဝနပစ္စည်းရမှ (တစ်ကြိမ်မက ဖြစ်မှ) ပဋိသန္ဓေကျိုးကို ပေးနိုင်သည်ဟူသော ဋီကာကျော်၏ ယူဆချက်ကို စဉ်း စားသင့်ကြောင်း အရှင်ဇနကာဘိဝံသ ဘာသာဋီကာ၌ ထောက်ပြထားသည်။]

## အသညသတ်ဘုံသို့ ရောက်အောင် ကမ္မဋ္ဌာန်းစီးဖြန်းပုံ

ပဥ္စမဈာန်ကိုပင် (သညာ ရောဂေါ = သညာသည် အနာရောဂါတည်း။ သညာ ဂဏ္ဍော = သညာသည် အိုင်းအမာတည်း ဟုလည်းကောင်း၊ ဓိ စိတ္တံ = စိတ်သည် စက်ဆုပ်ဖွယ်ကောင်း၏။ ဓိဗ္ဗတံ စိတ္တံ = စိတ်သည် စက်ဆုပ်အပ်သော အကျင့်၏ ဖြစ်ကြောင်းတည်း ဟုလည်းကောင်း) နာမ်တရားတို့၌ အပြစ်ကို ရှုသဖြင့် စိတ် မရှိလျှင် ကောင်းမည်၊ စိတ်မရှိမှ မွန်မြတ်သည်၊ စိတ်ရှိနေ၍ သောက ပရိဒေဝ များ ခံစားနေရသည်ဟု ဆုံးဖြတ်ရှုမြင်၍ ဝါယောကသိုဏ်းကိုလည်းကောင်း၊ အချို့ သော ဆရာတို့၏ အလိုအားဖြင့် ပိုင်းခြားအပ်သော ကောင်းကင်၌လည်းကောင်း ပွားများသော ယောဂီပုဂ္ဂိုလ်သည် (နာမ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်း ဖြင့်) အသညသတ်ဘုံ၌ ဖြစ်ရသည်။

## အသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်နှင့်ဖြစ်ပုံအနေအထား

ကံနှင့်ကံ၏အကျိုးသည် ရှိ၏ ဟု အယူရှိသော ကမ္မကိရိယဝါဒီ တိတ္ထိတို့ သည်သာ အသညသတ်ဘုံ၌ ဖြစ်နိုင်သည်။ (ကံ+ ကံ၏အကျိုးမရှိဟု ယူသော ပုဂ္ဂိုလ်များမှာ ဈာနဘာဝနာမဖြစ်နိုင်၍ မရောက်နိုင်။)

ဝှင်းတိတ္ထိတို့သည် လူ့ပြည်၌ အိပ်ခြင်း ထိုင်ခြင်းစသည့် ဣရိယာပုထ် တစ်မျိုးမျိုးဖြင့် သေသည့်ပုံအတိုင်း အသညသတ်ဘုံ၌ ရှေ့တုံးရှေ့ခဲကြီးသဖွယ် ဖြစ်သွားပြီး ကမ္ဘာငါးရာတိုင် မလှုပ်မယှက် တည်လေ၏။

အနာဂါမိနော ပန သုဒ္ဓါဝသေသု ဥပ္ပဇ္ဇန္တိ။ ဟူသည်ကား အနာဂါမ်ဖြစ်ကုန် သော အရိယာတို့သည်သာလျှင် ပုထုဇဉ်အစရှိသော ကာလ၌ လည်းကောင်း၊ နောက်ကာလ၌ လည်းကောင်း၊ ဟီန, မဇ္ဈိမ, ပဏီတ အားဖြင့် သုံးပါးအပြားရှိ သည်လည်း ဖြစ်သော ပဉ္စမဈာန်ကို ပွားများ၍ သဒ္ဓါအစရှိသော ဣန္ဒြေတို့၏ လွန်သည် အဖြစ်ဟု ဆိုအပ်သော အစဉ်ဖြင့် ငါးပါးကုန်သော သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကုန်၏ ဟူလို။

သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်စဉ်

(၁) သဒ္ဓိန္ဒြေလွန်ကဲသော အနာဂါမ်သည် အဝိဟာဘုံ၌၊

(၂) ဝီရိယန္ဒြေလွန်ကဲသော အနာဂါမ်သည် အတပ္ပါဘုံ၌၊

(၃) သတိန္ဒြေလွန်ကဲသော အနာဂါမ်သည် သုဒဿာဘုံ၌၊

(၄) သမာဓိန္ဒြေလွန်ကဲသော အနာဂါမ်သည် သုဒဿီဘုံ၌၊

(၅) ပညိန္ဒြေလွန်ကဲသော အနာဂါမ်သည် အကနိဋ္ဌာဘုံ၌ -

ဤသို့ သဒ္ဓါစသော ဣန္ဒြေတို့ လွန်ကဲသောအစဉ်ဖြင့် သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ကြကုန်၏။

## အနာဂါမ်ပုဂ္ဂိုလ်များ ကာမဘုံ၌ မဖြစ်တော့ခြင်း

အနာဂါမ်ပုဂ္ဂိုလ်တို့သည် ကာမရာဂကို အကြွင်းမဲ့ပယ်ပြီးဖြစ်၍ ကာမဘုံ တို့၌ ဖြစ်လိုသော တပ်ခြင်း= နိကန္တိ မရှိသောကြောင့် ကာမဘုံ၌ မဖြစ်တော့ပါ။ ကာမဘုံသည် ကြဉ်အပ်သော အခြားရှာန်ဘုံများ၌ ဖြစ်နိုင်သေး၏။ ထိုစကား မှန်၏၊ ''သုဒ္ဓါဝါသဘုံတို့၌ အနာဂါမ် အရိယာတို့သည်သာလျှင် ဖြစ်ကုန်၏''ဟု မှတ်ခြင်းသည် ''အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံမှတစ်ပါးသောဘုံတို့ မဖြစ် နိုင်ဟု မှတ်ခြင်းမဟုတ်။ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် -

''အနာဂမ်ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည်သာလျှင် သုဒ္ဓါဝါသဘုံတို့၌ ဖြစ် ကုန်၏၊ အနာဂါမ်သည်ကြဉ်အပ်ကုန်သော ပုဂ္ဂိုလ်တို့သည်ကား ကာမဘုံ၌ ဖြစ်ကုန်၏''ဟု ဆိုခြင်းဖြစ်သည်။

အနာဂါမ်မှန်လျှင် ဗြဟ္မာ့ပြည် အမြဲရောက်သည်။ အထက်နတ်ဘုံမှ နတ်များသည် အနာဂါမ်ဖြစ်လျှင် နတ်ဘုံ၌ ကာမအာရုံတွေ များသဖြင့် ကြာရှည်မနေဘဲ ဗြဟ္မာ့ပြည်သို့ ပြောင်းရွှေ့ကြသည်။

သုဒ္ဓါဝါသဘုံသည် အနာဂါမ်၏ သီးခြားဘုံဖြစ်သည်။ (သုဒ္ဓါဝါသဘုံ၌ အနာဂါမ်မှတစ်ပါး အခြားပုဂ္ဂိုလ်များမရှိ။) အနာဂါမ်ပုဂ္ဂိုလ်များကား အခြားဘုံများ၌လည်း ရှိနိုင်သည်။

**သမာပတ်ရှစ်ပါး** = စတုက္ကနည်းအားဖြင့် ရူပဈာန်လေးပါး+ အရူပဈာန်လေးပါး၊ ပေါင်း ရှစ်ပါး၊ အနာဂါမ်အတွက် ပြပြီး၍ (ကြွင်းသော သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော ရူပ+အရူပဈာန်ရသော ပုထုဇဉ် သောတာပန် သကဒါဂါမ်နှင့်) ပတ်သက်၍ ပြဆိုအံ့၊

(ဈာန်ရပုဂ္ဂိုလ်တို့သည်) ဆိုင်ရာဈာန်တို့ကို (ပရိတ္တ+မဇ္ဈိမ+ပဏီတ) စသည် ပွားများသောအတိုင်းသာ ဆိုင်ရာ ထိုထိုဗြဟ္မာ့ဘုံတို့၌သာ ဖြစ်ပါသလော၊ အခြား ဗြဟ္မာ့ အခြားဗြဟ္မာ့ဘုံများ၌ ဖြစ်နိုင်ပါသေးသလောဟု မေးမူ -

(အနေအထိုင်များခဲ့သော ဘုံဘဝတို့၌ တပ်နှစ်သက်မှု နိကန္တိကတဏှာ ရှိခဲ့လျှင်) သုဒ္ဓါဝါသကြဉ် အခြားဗြဟ္မာ့ဘုံများ၌လည်း ဖြစ်နိုင်ပါသေးသည်။

ပရိတ္တ+မဇ္ဈိမ+ပဏီတ စသည်ဖြင့် ဆိုထားခြင်းမှာ ပါကဋ္ဌာန = အကျိုးပေးရာဌာနအစဉ်ကို ပုံမှန်အသီးအခြား ရနေကျအတိုင်း ဖော်ပြခြင်းသာ ဖြစ်သည်။

(ၡင်းပုဂ္ဂိုလ်တို့သည်) ကာမဘုံ၌ ဖြစ်နိုင်သလော -

ဈာန်ရပုဂ္ဂိုလ်များသည် ဈာန်ဘုံတို့၌သာ အမြဲဖြစ်သည်မဟုတ်၊ ကာမဘုံ၌ တပ်နှစ်သက်သော နိကန္တိ ရှိလျှင် ဈာန်များကွယ်ပျောက်၍ (သို့) ဈာန်မှ လျှော ချ၍ ကာမာဝစရကုသိုလ်ကံ၏အစွမ်းဖြင့် ကာမဘုံ၌ ဖြစ်နိုင်ပါသေးသည်။

## ဈာန်မရသော (သုက္ခဝိပဿက) အနာဂါမ်များလည်း သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်

ဈာန်မရသော အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဈာန်ပင်မရသော်လည်း သမာဓိတရားကို ဖြည့်ကျင့်ပြီးဖြစ်၍ ရင့်ကျက်ပြီးဖြစ်သောကြောင့် သေခါနီးကာလ၌ ဧကန်ဈာန်ရမည်ဖြစ်သည်။ (ဈာန်မရဘဲ သေရိုးမရှိ) ယုတ်စွအဆုံး အိပ်နေစဉ် လည်းပင်ကို ဓားနှင့် လှီး၍သတ်သော်လည်း ဈာန်ရပြီးမှ သေပါသည်။ ထို့ကြောင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်သည်။

## မိန်းမများလည်း ဗြဟ္မာဖြစ်နိုင်

သမာပတ်ရှစ်ပါး ရပြီးသော ပုထုဇဉ် အရိယာအမျိုးသမီးသည် ဗြဟ္မာ့ဘုံ အသီးသီး၌ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတ ဗြဟ္မာများ သွားဖြစ်နိုင်သည်။ မဟာဗြဟ္မာ (ဗြဟ္မာမင်းကြီး) ကား မဖြစ်နိုင်သေး၊ အဘယ့်ကြောင့် ဆိုသော် အမျိုးသမီး များသည် ပင်ကိုအားဖြင့် အမျိုးသားများလောက် ဆန္ဒ+စိတ္တ+ ဝီရိယ+ ဝိမံသ ဓာတ်တို့ မထက်မြက်သေးသောကြောင့် ဖြစ်သည်။

## ဘဝသီသ (ဘဝဂ္ဂ) ထိပ်ဆုံး သုံးပုံ

(၁) နေဝသညာနာသညာဘုံသည် အရူပလေးဘုံတွင် ထိပ်ဆုံးဘုံဖြစ်သည်။

(၂) အကနိဋ္ဌာဘုံသည် သုဒ္ဓါဝါသငါးဘုံတွင် ထိပ်ဆုံးဖြစ်သည်။

(၃) ဝေဟပ္ဖိုလ်ဘုံသည် ကြွင်းသော ဗြဟ္မာဘုံတို့တွင် ထိပ်ဆုံးဖြစ်သည်။

၎င်းထိပ်ဆုံးသုံးဘုံသို့ ရောက်သော အရိယာပုဂ္ဂိုလ်များသည် အခြားဘုံ တို့သို့ မပြောင်းရွှေ့တော့ဘဲ ၎င်းဘုံတို့၌ပင် ပရိနိဗ္ဗာန်ယူတော့မည်ဖြစ်သည်။ နောက်ဆုံး ပရိနိဗ္ဗာန်ယူတော့မည့် အဆုံးဘုံများဖြစ်၍ ထိပ်ဆုံးသုံးဘုံဟု ခေါ်သည်။

[၎င်းသုံးဘုံတွင် အကနိဋ္ဌာဘုံ၌ဖြစ်သော အနာဂါမ်အရိယာဗြဟ္မာသည် တစ်ဘဝတည်းပင် အရဟတ္တဖိုလ်သို့ တက်၍ ပရိနိဗ္ဗာန်ယူတော့မည်ဖြစ်သော ကြောင့် ၎င်းဘုံ၌ပင် ထပ်၍မဖြစ်တော့ပေ။ ကြွင်း- နှစ်ဘုံ၌ကား အခြားဘုံသို့သာ မပြောင်းသည်။ ၎င်းဘုံ၌ကား ထပ်၍ထပ်၍ ဖြစ်နိုင်သေးသည်။]

ပုံမှန်သဘာဝအားဖြင့် အထက်အထက်ဘုံတို့၌ဖြစ်သော အရိယာဗြဟ္မာတို့ သည် အောက်အောက်ဗြဟ္မာဘုံတို့၌ မဖြစ်ကြတော့ကုန်။

**အလင်္ကာ။** ။ ဗြဟ္မာ့ပြည်မှာ၊ အရိယာ၊ အောက်ရွာ ဆင်းမရှိ။

## ကမ္မစတုက္ကပြီး၏။

## မရဏုပ္ပတ္တိစတုက္က - သေခြင်းလေးမျိုး

ကံ၏တန်ခိုးအာနုဘော်သည်ရှိသော်လည်း ထိုထိုဂတိတို့၌ အကြင်ပိုင်းခြား အပ်သော အသက်၏ကုန်သဖြင့် သေခြင်းသည် အာယုက္ခယမရဏ မည်၏။

ထိုထိုသော ဂတိ၌ ပိုင်းခြားအပ်သော အသက်ကြွင်းသည်လည်းကောင်း၊ လားရာဂတိ ကာလအစရှိသော အကြောင်း၏ ညီညွတ်ခြင်းသည်လည်းကောင်း ရှိသော်လည်း ထိုထိုဘဝကို ပြီးစေနိုင်သောကံ၏ ပြီးပြီးသောအကျိုးရှိသည်အဖြစ် ကြောင့် သေခြင်းသည် ကမ္မက္ခယမရဏ မည်၏။

အသက် ကံ နှစ်ပါးတို့၏အမျှသာလျှင် ကုန်သောကြောင့် သေခြင်းသည် ဥဘယက္ခယ မရဏ မည်၏။

ထိုနှစ်ပါးသော အသက် ကံသည် ရှိလင့်ကစား ရှေ့ဘဝ၌ ဖြစ်စေအပ်သော တစ်စုံတစ်ခုသော ကပ်၍ဖြတ်တတ်သော ကံ၏အားအစွမ်းဖြင့် လက်နက်ကို ဆောင်ခြင်းအစရှိကုန်သော လှံ့လတို့ဖြင့် ပြတ်သော ခန္ဓာအစဉ်ရှိကုန်သော ပုဂ္ဂိုလ်တို့၏ သေခြင်းကဲ့သို့လည်းကောင်း၊ ဂုဏ်အားဖြင့် မြတ်ကုန်သော် သူတို့၌ ပြုအပ်သော တစ်စုံတစ်ခုသော လှံ့လဖြင့် အားထုတ်အပ်သော ဥပစ္ဆေဒကကံသည် တားမြစ်ခြင်းငှာစွမ်းနိုင်သောကံ၏ ထိုထိုသို့သော အတ္တဘော၏ ဖြစ်ခြင်း၌ မစွမ်းနိုင်သည် အဖြစ်ကြောင့် ဒုသိမာရ်မင်း၊ ကာလာဗုမင်း အစရှိကုန်သော သူတို့၏ ထိုမကောင်းမှုပြုသော ခဏ၌သာလျှင် ဖြစ်ဆဲဖြစ်သော အတ္တဘောမှ ရွေ့လျောစေသည်အစွမ်းဖြင့် ဖြစ်သော သေခြင်းကဲ့သို့လည်းကောင်း သေခြင်းသည် ဥပစ္ဆေဒကမရဏ မည်၏။ (ဋီ၊ မြန်)

(ဤဥပစ္ဆေဒက သေခြင်းသည်ကား ဇရဲသူတို့အားလည်းကောင်း၊ မျောက်ကျွန်းသူတို့အားလည်းကောင်း၊ အချို့သောနတ်တို့အားလည်းကောင်း မဖြစ်။)

(၁) အသက်မသေ နေရမည့်ကံ ရှိပါသော်လည်း အသက်တမ်းအပိုင်းအခြားကုန်ခြင်းကြောင့် သေခြင်းသည် အာယုက္ခယ သေခြင်း မည်၏။

(၂) ပိုင်းခြားအပ်သော အသက်တမ်း အကြွင်းရှိသေးသော်လည်း ကောင်းမှုကံ ကုန်ခြင်းကြောင့် သေခြင်းသည် ကမ္မက္ခယ သေခြင်း မည်၏။

(၃) အသက်တမ်း+ကောင်းမှုကံ နှစ်ပါးစုံ ကုန်သောကြောင့် သေခြင်းသည် ဥဘယက္ခယ သေခြင်း မည်၏။

(၄) အသက်+ကံနှစ်ပါးပင် ရှိသော်လည်း ရှေးဘဝက ပြုခဲ့သော ဥပစ္ဆေဒကကံကြောင့်လည်းကောင်း+ ယခုဘဝ ဂုဏ်ကြီးသော မိဘစသော သူတို့အပေါ်၌ ပြုအပ်သော ဥပစ္ဆေဒကကံကြောင့်လည်းကောင်း အဆောတလျင် ဓားလက်နက် စသည်ဖြင့် မိမိကိုယ်ကို သတ်ခြင်း၊ သူတစ်ပါးတို့က သတ်ခြင်းတို့ကြောင့် သေခြင်းသည် ဥပစ္ဆေဒက သေခြင်း မည်၏။

ဒုသိမာနတ်သည် အဂ္ဂသာဝကအရှင်မြတ်၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ပစ်ပေါက်ခြင်း၊ ကာလာဗုမင်းသည် ခန္တီဝါဒီရသေ့အား အမျိုးမျိုးနှိပ်စက်ခြင်း အကုသိုလ်ကံတို့ကြောင့် လတ်တလော မြေမျို၍ သေရခြင်းမျိုးတည်း။

ဥပစ္ဆေဒကကံဖြင့် မသေနိုင်သူများ
(၁) ဘုမ္မဇိုဝ်းနတ်မှတစ်ပါးသော အချို့သောနတ်များ (ကေသဋ္ဌိဒေဝါများ)
(၂) ငရဲသူများ၊
(၃) မြောက်ကျွန်းသူများ၊
(၎င်းနတ်များသည် ဥပစ္ဆေဒကကံဖြင့် မသေနိုင်ကြဘဲ ကံကုန်မှသာ သေကြသည်။
လင်္ကာ။ ။ကေသဋ္ဌိနတ်၊ မြောက်ကျွန်းရပ်နှင့်၊ နိရယတ်ပါ၊ ပစ္ဆေဒါ၊ ငိုကာမရှိမိန့်။

## စုတေခါနီးကာလ နိမိတ်ထင်ပုံ

ထိုလေးပါးသော သေခြင်းတို့တွင် တစ်ပါးပါးသော သေခြင်းဖြင့် သေကုန်သော သတ္တဝါတို့အား ကံ +ကမ္မနိမိတ်+ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသည် ထင်ရမြဲဖြစ်၏။ ထိုတွင် ကံအာရုံထင်ပုံကား ရှေးရှေးဘဝ+ ယခုဘဝ ပြုခဲ့သော များစွာသောကံတို့တွင် ယခုအကျိုးပေးခွင့် အလှည့်သင့်သော ကံသည် ထင်လာ၏။ သုဂတိဘုံသို့ လားရမည့်သူဖြစ်အံ့၊ ထိုကုသိုလ်ကံကို ပြုခဲ့သော ကာလ၌ ရှေး၌ ရအပ်သည်လည်းဖြစ်သော အဆောက်အဦလည်းဖြစ်သော ရူပါရုံအစရှိသော ကျောင်း ဘုရား စေတီ ဆွမ်း သင်္ကန်း ထီး တံခွန် ပန်းမာလ် အစရှိသော ကမ္မနိမိတ်သည်လည်းကောင်း၊ အခြားမဲ့ဖြစ်လတ္တံ့သော ဘဝ၌ ရအပ်ခံစားအပ်သည်လည်းဖြစ်သော နတ်သမီး ဗိမာန် ပဒေသာပင် အစရှိသော ဂတိနိမိတ်သည်လည်းကောင်း၊ ကုသိုလ်ကံ၏အစွမ်းကြောင့် ဒွါရခြောက်ပါးတွင် တစ်ခုခုသော ဒွါရ၌ အဖန်တလဲလဲ ရှေ့ရှုဖြစ်၍ ထင်လာ၏။

ဒုဂ္ဂတိဘုံသို့ လားရမည်သူဖြစ်အံ့၊ ထိုအကုသိုလ်ကံကို ပြုခဲ့သော ကာလ၌ ရှေး၌ ရအပ်သည်လည်းဖြစ်သော အဆောက်အဦးလည်းဖြစ်သော ရူပါရုံအစရှိ သော တုတ် လှန်ကန် ဓား လှံ လေး မြား အစရှိသော ကမ္မနိမိတ်သည်လည်း ကောင်း၊ အခြားမဲ့ဖြစ်လတ္တံ့သောဘဝ၌ ရအပ်ခံစားအပ်သည်လည်းဖြစ်သော အပါယ်ဘုံသားတို့၏ အမိဝမ်းရေး ငရဲအိုး ငရဲထိန်း ငရဲမီးလျှံ ခွေးနက်ကြီး အစရှိသော ဂတိနိမိတ်သည်လည်းကောင်း၊ အကုသိုလ်ကံ၏အစွမ်းကြောင့် ဒွါရခြောက် ပါးတွင် တစ်ခုခုသော ဒွါရ၌ အဖန်တလဲလဲ ရှေ့ရှုဖြစ်၍ ထင်လာ၏။ အကုသိုလ်ကံ ထင်လာ၏။ ကမ္ဘာတစ်ရာက ပြုခဲ့သော ကံဖြစ်စေကာမူ မိမိ အကျိုးပေးခွင့်

အလှည့်သင့်ပါက ယနေ့ ပြုသကဲ့သို့ အသစ်ဖြစ်၍ မနောဒွါရ၌ မိမိအလိုလို ရှေ့ရှုပေါ်လာ၏။ ထိုသို့ (ရှေ့ရှုပေါ်လာသည်ကို=အာဘိမုခီဘူတ)ဟု ဆိုခြင်း ဖြစ်သည်။

## ကမ္မနိမိတ်အာရုံ

ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခဲ့စဉ်က တွေ့ကြုံခဲ့ရသော အာရုံများ၊ အကုသိုလ်အရာ၌ ကျောင်းဆောက်လျှုဒါန်းပုံ၊ ရေစက်ချပုံစသည်များ၊ အကုသိုလ် အရာ၌ သတ်ခြင်း၊ ခိုးခြင်း စသည်များ နိဂုံအတိုင်း ပြန်၍မြင်ယောင်လာခြင်း။

## ကမ္မနိမိတ် ၂-မျိုး

(က) ဥပလဒ္ဓကမ္မနိမိတ် = ကံပြုစဉ်က တိုက်ရိုက်ရအပ်သော ပဓာနအာရုံ။

(ခ) ဥပကရဏကမ္မနိမိတ် = ကံပြုစဉ်က အခြံအရံအာရုံများ။

ကုသိုလ် အကုသိုလ်ကံကို ပြုစဉ်အခါ စေတီ ဆင်းတုတော် ရဟန်းစသော အာရုံသည် ကံမပြုမီ ရှေးက ရအပ်ပြီးသော အာရုံဖြစ်သော ဥပလဒ္ဓအာရုံ ကမ္မနိမိတ်ဖြစ်၏။

ထိုကံကို ပြုသောအခါ ပန်း ထီး တံခွန် လက်နက် စသော အာရုံသည် ကုသိုလ်ကံ၏ အဆောက်အဦဖြစ်သောကြောင့် ဥပကရဏအာရုံ ကမ္မနိမိတ်ဖြစ်၏။

ဥပမာ – ကျောင်းဆောက်လုပ်လှူဒါန်းရာ၌ ကျောင်းသည် ပဓါနအာရုံ ဖြစ်၍ ဥပလဒ္ဓကမ္မနိမိတ် မည်၏။ အလှူခံသံဃာများ၊ လှူဖွယ် ဆွမ်း သင်္ကန်း ပန်း ထီး တံခွန်များ လာရောက်ကြသော ဧည့်ပရိသတ်များသည် အခြံအရံအာရုံ ဖြစ်၍ ဥပကရဏကမ္မနိမိတ် မည်၏။

လင်္ကာ။ ။ကျောင်း,ကန်,ဘုရား,စေတီများနှင့်၊ သားငါး ဥစ္စာ သူ့အိမ်ယာ,များစွာ ဥပလဒ္ဓ။

ကျောင်းဆောက်လုပ်လှူဒါန်း၊ ဆွမ်း+သင်္ကန်းတည့်၊ ပန်းနှင့်ဘုရား၊ သားငါးတို့တွက် လက်နက်လှံတံ၊ ခြံရံသူဟူသမျှ၊ အဝဝ၊ ဥပကရဏ မှတ်။

ဂတိနိမိတ် – သေပြီးလားရောက်ရမည့်ဘဝနှင့် နတ်သမီး+ဘုံဗိမာန်+ပဒေသာ ပင် + လူ့အမိဝမ်းရေ အစရှိသည်၌တည်သော ရူပါရုံသည် သုဂတိ ပဋိသန္ဓေ၏ အကြောင်း ဂတိနိမိတ်တည်း။ ငရဲအိုး ငရဲမီးလျှံ ခွေးနက်ကြီး ငရဲသား အပါယ်ဘုံ

သားတို့၏ အမိဝမ်းရေအစရှိသည်၌ တည်သော ရူပါရုံ စသည်သည် ဒုဂ္ဂတိ ပဋိသန္ဓေ၏ အကြောင်းဂတိနိမိတ်တည်း။

လားရာဂတိ၏ အကြောင်းနိမိတ်သည် ဂတိနိမိတ်မည်၏။

ဂတိနိမိတ် ၂-မျိုး

(က) ဥပလဘိတဗ္ဗဂတိနိမိတ် = တိုက်ရိုက်ရောက်ရမည့် ဘုံဘဝ များကို မြင်ခြင်း။

(ခ) ဥပဘောဂဂတိနိမိတ် = ထိုဘုံဘဝ၌ တွေ့ကြုံခံစားရမည့် အတွင်းအပ အသုံးအဆောင် အခြံအရံ အာရုံမျိုးစုံကို မြင်ခြင်း။

နောက်၌ ဆိုက်ရောက်ခံစားရမည့် အမိဝမ်းရေ နတ်ဘုံ ငရဲဘုံ တောတောင်ခြေရင်းစသော သုဂတိနိမိတ် ဒုဂ္ဂတိနိမိတ် အာရုံသည် ဥပလဘိတဗ္ဗ ဂတိနိမိတ် မည်၏။

နောက်၌ ဘဝအားလျော်စွာ ခံစားအပ်သော နတ်သမီး ဗိမာန် ပဒေသာပင် ငရဲမီး စသော အတွင်းအပ အသုံးအဆောင် အခြံအရံဖြစ်သော ထင်လာသော အာရုံသည် ဥပဘောဂ ဂတိနိမိတ် မည်၏။

ဥပမာ။ ။ နတ်ပြည်သို့ရောက်မည့်သူ၏ နတ်ပြည်သို့ အာရုံရောက်ခြင်းသည် ဥပလဘိတဗ္ဗဂတိနိမိတ် မည်၏။ နတ်သား နတ်သမီး ဥယျာဉ် ဗိမာန် ပဒေသာပင် စသည်တို့ကို မြင်ခြင်းသည် ဥပဘောဂဂတိနိမိတ် မည်၏။

လင်္ကာ။ ။တိုက်ရိုက်ရအပ်၊ အမိဝမ်းရေ၊ ငရဲပြည်နှင့်၊ တောခြေ+မြစ်ကမ်း၊ နတ်ဘုံနန်းဟု၊ အစုစု၊ ဥပလဘိတဗ်။

တွင်းပသုံးဆောင်၊ များမြောင်စွာလှ၊ ခွေး, လင်းတ, ကျီး၊ ငရဲမီးနှင့်၊ နတ်သမီးဝေဆာ၊ ပဒေသာဟု၊ အစုစု၊ ဥပဘောဂမှတ်။

## စုတိခါနီး စိတ်အစဉ်ဖြစ်ပုံ

ယင်းကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသည် ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံအစွမ်းကြောင့်သာ အလိုလို ဖြစ်သင့်သည့်အားလျော်စွာ စက္ခုဒွါရ စသော ခြောက်ပါးသောဒွါရတို့တွင် တစ်ပါး ပါးသော ဒွါရ၌ အဖန်တလဲလဲ ရှေ့ရှုဖြစ်၍ ထင်လာ၏။

ထိုသို့ အဖန်တလဲလဲ ရှေ့ရှုဖြစ်၍ ထင်သည်မှနောက်၌ ထိုသို့သော အခြင်း အရာဖြင့် ရှေ့ရှုဖြစ်၍ ထင်သော ထို ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကိုပင် အာရုံပြု၍ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအားလျော်စွာ စင်ကြယ် သည်ဖြစ်၍လည်းကောင်း (ကုသိုလ်အတွက်)၊ ညစ်နွမ်းသည်ဖြစ်၍လည်းကောင်း (အကုသိုလ်အတွက်)၊ ရအပ် ခံစားအပ်သော ဘဝအားလျော်စွာ ထိုရအပ် ခံစား အပ်သော ဘဝ၌ ညွတ်သကဲ့သို့ စိတ်၏ အစဉ်သည် မပြတ်မလပ် အထပ်ထပ် (ဗာဟုလ္လေန = များသောအားဖြင့်) ဖြစ်၏။

တမေဝ တထောပဋ္ဌိတံ အာရမ္မဏံ အာရဗ္ဘ။

တထောပဋ္ဌိတံ၊ ထိုဆိုခဲ့တိုင်းသော အခြင်းအရာအားဖြင့် ထင်လာသော။ တမေဝ အာရမ္မဏံ၊ (ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးသော) ထိုအာရုံကိုပင်။ အာရဗ္ဘ၊ အာရုံပြု၍။ စိတ္တသန္တာနံ၊ စိတ်အစဉ်သည်။ ပဝတ္တတိ၊ ဖြစ်နေ၏။ ''ထင်လာတဲ့အာရုံကိုပင် အာရုံပြု၍ (ထိုအာရုံကို မလွှတ်ဘဲ) မစုတေ ခင် စိတ်အစဉ်ဖြစ်နေသည်ဟူလို။)

ဤ၌ ''တမေဝ အာရမ္မဏံ အာရဗ္ဘ - ထိုအာရုံကိုပင် မလွှတ်တမ်း အာရုံ ပြုနေသည်''ဟူသော စကားသည် ယေဘုယျသာ၊ မသေခင် ခပ်စောစောကပင် ကောင်းသော အာရုံတွေ ထင်ပြီးမှ သေခါနီး၌ မကောင်းသော အာရုံသို့ ပြောင်း၍ ထင်သော ဝတ္ထု၊ မကောင်းသော အာရုံတွေ ထင်ပြီးမှ ဆွေမျိုးဉာတိတို့က ကူညီ ဝိုင်းဝန်းကြသဖြင့် ကောင်းသောအာရုံသို့ ပြောင်း၍ထင်သော ဝတ္ထုများလည်း ထင်ရှားရှိသည်။

**ဝတ္ထုအထောက်အထား။** ။ သောဏဂိရိခေါ် တောင်ပေါ်ကျောင်း၌ သီတင်း သုံးတော်မူသော ရဟန္တာအရှင်သောဏ၏ ခမည်းတော်သည် သန်သန်မာမာ ရှိစဉ်က မုဆိုးအလုပ်ဖြင့် အသက်မွေးပြီးလျှင် အိုမင်းမစွမ်းမှ သားတော်အထံ ရဟန်းပြုနေသတဲ့၊ စုတေခါနီးလတ်သော် တောင်ခြေမှ ခွေးကြီးတွေ မိမိကို ကိုက် မလိုအနေဖြင့် ဂတိနိမိတ်ထင်လာသောကြောင့် ''ချောက်ပါဟဲ့သားရဲ''ဟု ဆက် ကာဆက်ကာ ဟော်ဟစ်ရာ ''ဘာလဲ ဦးပဉ္စင်းကြီး''ဟု မေးလေသော် ''ခွေးကြီး တွေ ခွေးကြီးတွေ''ဟု ပြောပြသဖြင့် ငရဲဂတိနိမိတ်ထင်လာကြောင်းကို သိရ၍ ''ငါကဲ့သို့ သားရှိပါလျက် ငရဲသို့ ဘာ့ကြောင့် ကျရမလဲ''ဟု စိတ်ထား၍ သာမဏေ များကို ပန်းရှာခိုင်းပြီးလျှင် စေတီရင်ပြင်တော်မှာ ပန်းမွေ့ရာခင်းပြီးမှ ဦးပဉ္စင်း

ကြီးကို ညောင်စောင်းနှင့်တကွ ရွှေ၍ စေတီ၏ရှေ့၌ ချထားလေ၏။ ထို့နောက် "ဦးပဥ္စင်းကြီးအတွက် ပန်းပူဇော်ထားသည်၊ ကြည်ညိုပါ"ဟု တိုက်တွန်းသဖြင့် ကြည်ညိုဝမ်းမြောက်သည့်ခဏ၌ ခွေးကြီးတွေ မထင်တော့ဘဲ နတ်သမီးတွေ ထင်လာရာ "ဟဲ့သားရဲ့ ဖယ်ပေးပါ၊ ဖယ်ပေးပါ၊ သားရဲ့မိထွေးများ လာနေတယ်"ဟု ယောင်းယမ်းပြောဆိုနေစဉ် စုတိကျ၍ နတ်ပြည်သို့ ရောက်ရလေသည်ဟု ဆို၏။

ဓမ္မာသောကမင်းကြီးကား ရှေးဦးစွာ အာရုံကောင်းထင်လာပြီးမှ သမားတော်၏ ဆက်သအပ်သော သျှိသျှားသီးပိုင်းကလေးကို ရှုမိသဖြင့် "ဇမ္ဗူဒိပ်ကို အစိုးရသူဖြစ်ပါလျက် ယခုမှာ သျှိသျှားသီးပိုင်းကလေးကို အစိုးရသူဖြစ်ရလေ ခြင်း" အလွန်အမင်း ဝမ်းနည်းလျက် မကောင်းသော အာရုံများကို ယူကာ စုတေရရှာပြီးနောက် စပါးကြီးမြွေဖြစ်ရသည်။ ထို့နောက် သားတော်မဟိန္ဒက ကယ်ဆယ်ချေချွတ်၍ ထိုဘဝမှ လွတ်ပြီးနောက် ရဟန္တာဖြစ်သည်ဟု ဆို၏။ ဤသို့လျှင် အချိန်စောစောက ကြိုတင်၍ထင်ရာ၌ အာရုံကောင်း မကောင်းအပြောင်းအလဲနှင့် ကံ ကမ္မနိမိတ် ဂတိနိမိတ် အပြောင်းအလွဲ (ကံထင်ပြီးမှ ကမ္မနိမိတ်ပြောင်းခြင်း စသည်) များလည်း ရှိကောင်းပေမည်။ (ဘာသာဋီကာ)

## အကုသိုလ်ကံ တဏှာ

ရဟန်းတို့ သတ္တဝါတို့သည် သေခါနီး (မရဏာသန္နဇော) အခါ၌ တင့်တယ်သော မိန်းမ ယောကျ်ားတို့၏ တစ်ကိုယ်လုံး၌လည်းကောင်း၊ အင်္ဂါအစိတ်အပိုင်းတို့၌လည်းကောင်း၊ ပြုံးရယ်ခြင်းအမူအရာ စသည်၌လည်းကောင်း တပ်မက်သော တဏှာစိတ်ဖြင့် ဖြစ်နေပြီး စုတိစိတ်ကျအံ့ (သေအံ့)၊ ကေန် ငရဲသို့ဖြစ်စေ၊ တိရစ္ဆာန်ဘဝသို့ဖြစ်စေ ရောက်ရာ၏။

## စောဒနာဖွယ် ကုသိုလ်ကံတဏှာ

နတ်ပြည်စည်းစိမ်ကို နှစ်သက်ခြင်း (တဏှာ)၊ လူ့ပြည်စသည်ကို နှစ်သက်ခြင်းတဏှာမှာ (မိန်းမအာရုံ ယောကျ်ားအာရုံ စသည်တို့၌ နှစ်သက်မှုတဏှာလောက် မပြင်းထန်) ကုသိုလ်ကံအစွမ်းကြောင့် နတ်ပြည်၊ နတ်စည်းစိမ်တို့ကို သာယာမှုဖြစ်ခြင်းသာ ဖြစ်သည်။ ကုသိုလ်ဇောစိတ်အစဉ်ကြောင့် မြင်လာ ပေါ်လာသော နိမိတ်သာဖြစ်သည်။ ၎င်းကုသိုလ်ကံတဏှာက လူ့ပြည်၊ နတ်ပြည်သုဂတိသို့သာ ရောက်စေ၏။

တစ်စုံတစ်ခုသောဂတိ၌ မဖြစ်လတ္တံ့သော ရဟန္တာပုဂ္ဂိုလ်အား ရှေး၌ ထင်မြဲတိုင်းသော နာမ်ရုပ်အစရှိသော အာရုံသည်သာလျှင် စုတိအဆုံးရှိကုန်သော စိတ်တို့၏ (ပရိနိဗ္ဗာနစုတိမပါ မရဏာသန္နဝီထိစိတ်တို့၏) အာရုံ၏အဖြစ်သို့ ရောက်၏၊ ကံ ကမ္မနိမိတ် အစရှိသော အာရုံတို့သည် အာရုံ၏အဖြစ်သို့ မရောက်ကုန်။

## ဘုရားရဟန္တာတို့ စုတိစိတ် နိဗ္ဗာန်ကို အာရုံပြု မပြု

| | မရဏာသန္နအခါ | စုတိအခါ |
|---|---|---|
| ပုထုဇဉ် သေက္ခများ | ကံ+ ကမ္မနိမိတ် | ကံ+ကမ္မနိမိတ်<br>ဂတိနိမိတ်အာရုံ |
| ဘုရား+ရဟန္တာများ | နာမ်+ရုပ်+လက္ခဏာ<br>ပညတ်အာရုံ၊ နိဗ္ဗာန်အာရုံ၊ | ကံ+ကမ္မနိမိတ်<br>ဂတိနိမိတ်အာရုံ |

ဇယားပါအတိုင်း ဘုရား ရဟန္တာတို့ စုတိစိတ်သည် မဟာဝိပါက် ပထမဆုံးဖြစ်၍ အာရမ္မဏာသင်္ဂဟအရသော်လည်းကောင်း၊ တစ်ဘဝ၌ တူမြဲတရားသုံးပါးအရလည်းကောင်း ကံ+ကမ္မနိမိတ်+ဂတိနိမိတ်အာရုံဟူသော = ကာမတရား ပရိတ္တတရားကိုသာ အာရုံပြု၏။ နိဗ္ဗာန်ကို အာရုံမပြုပါ။

ဘုရား၊ ရဟန္တာတို့၏ စုတိအဆုံးရှိသော စိတ်သည် (စုတိမပါ–မရဏာသန္နအခါ၊ သေခါနီးအခါ၌ကား) သမာပတ်ကို ဝင်စားခြင်း၊ သင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တစသည်ဖြင့် အဖန်ဖန် သုံးသပ်ခြင်းတို့၏ ပရိနိဗ္ဗာန်ပြုမည်ဖြစ်သည့်အတွက် နာမ်+ရုပ်+လက္ခဏာ+ပညတ်–နိဗ္ဗာန်ကို အာရုံပြုသည်။

ထိုသို့ သေခါနီးအခါ နိဗ္ဗာန်သို့ ညွတ်ကိုင်းသောစိတ်ဖြစ်ပြီး စုတိသောအခါ ထုံးစံအတိုင်းပင် စုတိစိတ်သည် ကံ+ကမ္မနိမိတ်+ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးကို အာရုံပြုပါသည်။ နိဗ္ဗာန်ကို အာရုံမပြုပါ။ (ပုထုဇဉ်သေက္ခတို့ကား ဇယားပါအတိုင်းပင်။)

## ဘာသာဋီကာ၌ ရှင်းလင်းချက်

(ဥပလဘိတဗ္ဗဘဝါနုရူပံ တတ္ထောဏတံဝ–ရောက်ထိုက်သည့်ဘဝအားလျော်စွာ ထိုဘဝ၌ ညွတ်သကဲ့သို့) စုတေခါနီး ဖြစ်သမျှစိတ်အလျဉ်သည်

မည်သည့်အာရုံကို အာရုံပြုနေစေကာမူ ရောက်ရတော့မည် နောက်ဘဝကိုသာ ညွတ်ကိုင်းလျက် ရှိတော့၏။ လူပြည်ရောက်မည့်သူ၏ စိတ်အစဉ်သည် လူပြည်ကိုသာ ညွတ်ကိုင်းလျက်ရှိ၏ စသည်ဖြင့် သိလေ။ ဥပမာ - အရပ်တစ်ပါးသို့ သွားဖို့ရန်အတွက် ထိုထိုကိစ္စများကို စီမံပြင်ဆင်နေခိုက်မှာ ထိုထိုကိစ္စကို တိုက်ရိုက် အာရုံပြုနေသော်လည်း စိတ်အစဉ်ကား သွားရမည့်အရပ်သို့ ညွတ်လျက်ရှိသကဲ့သို့ တည်း။ ထို့ကြောင့် ဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်ခါနီး၌ နိဗ္ဗာန်ကို အာရုံမပြုပါဘဲ နိဗ္ဗာန်ကို ရည်ရွယ်ကိုင်းညွတ်လျက်ရှိကြောင်းဖြင့် ''အနေဇော သန္တိမာရဗ္ဘ ယံကာလမကရီ မုနိ = အနေဇော၊ တဏှာရှိတော်မမူသော။ မုနိ၊ မြတ်စွာဘုရားသည်။ သန္တိံ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ ရည်ရော်မျှော်မှန်း၍။ ကာလံ၊ ပရိနိဗ္ဗာန်စံချိန်ကို။ ယံ အကရိ၊ အကြင်ပြုတော်မူပြီ''ဟု မိန့်တော်မူပေသည်။ (အာရဗ္ဘ ကို အာရုံပြု၍ ဟု မဆိုသည်ကို သတိပြု)၊ အာရုံပြုခြင်းနှင့် ညွတ်ခြင်းကို ခွဲခြား၍ဆိုသည်။

ဤအဓိပ္ပာယ်အလို ''ဥပလဘိတဗ္ဗဘဝါနုရူပံ၊ ရောက်ထိုက်သောဘဝအားလျော်စွာ။ တတ္ထ၊ ထိုရောက်ထိုက်သောဘဝ၌။ ဩဏတံဝ၊ ဩဏတံ ဣဝ၊ ညွတ်ကိုင်းသကဲ့သို့''ဟု အနက်ဆိုသည်။

လယ်တီဆရာတော်၏ ပရမတ္ထဒီပနီ၌ ဩဏတံဝကို ဩဏတံဝေဟု ပုဒ်ခွဲ၍ တတ္ထ၊ ထိုထင်လာသောအာရုံ၌။ ဩဏတံ ဝေ၊ ညွတ်ကိုင်းလျက်သာလျှင်ဟု အနက်ဖွင့်၏။

တတ္ထောဏတံဝ အရ ညွတ်ခြင်းဟူသည်မှာ ပကတိသော သစ်ကိုင်းစသည်သည် ဖြောင့်မတ်နေရာမှ လေအဟုန်ကြောင့် ကိုင်းညွတ်ဘိသကဲ့သို့ ပကတိကံစသော အာရုံကို အာရုံပြုနေရာမှ ပြောင်းရွှေ့ကာ ထင်လာသော အာရုံအားလျော်စွာ ဘဝသစ်ကို အာရုံပြုမှုကိုပင် မညွတ်သော်လည်း ညွတ်သကဲ့သို့ ဖြစ်သည်ကိုပင် ညွတ်၏ဟု ဆိုရ၏။

ထိုစုတေခါနီး၌ ကံ ကမ္မနိမိတ် ဂတိနိမိတ် တစ်ပါးပါးထင်ရာ ထိုထင်လာသော အာရုံကို စိတ်အစဉ်က ညွတ်ကိုင်းနေသည်။ အာရုံပြုနေသည်ဟု ဆိုလိုသည်။ (အာရုံပြုခြင်းနှင့် ညွတ်ခြင်းကို အတူတူဖြစ်ကြောင်း ဆိုသည်။)

လယ်တီဆရာတော်၏ အယူသည် တထောပဋ္ဌိတံ အာရမ္မဏံ အာရဗ္ဘ = ဆိုခဲ့တိုင်းသော အခြင်းအရာအားဖြင့် ထင်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတွင် တစ်ပါးပါးသော အာရုံကိုပင် အာရုံပြု၍ စိတ်အစဉ်သည် ဖြစ်၏ဟု

ဆိုသောစကား၏ အဓိပ္ပာယ်သာ ဖြစ်၍ ''ဩဏာတံဝ''၏ အဓိပ္ပာယ် မသက်ရောက်၍ ကျမ်းဆရာအာဘော်မကျဟု ထင်ကြောင်း ဆိုသည်။

ဗာဟုလ္လေန (များသောအားဖြင့်) ညွတ်သည် ဆိုရာ၌ -

''ဗာဟုလ္လေန''ဟူသော ဤပါဌ်ဖြင့် ဖြေးညှင်းသာယာစွာ သေသော သတ္တဝါတို့အား မပြတ်သာလျှင် ဖြစ်သကဲ့သို့ အဆောတလျင် ဓား လက်နက် အစရှိသည်တို့ဖြင့် ဖြတ်အပ်သော ဇီဝိတိန္ဒြေရှိကုန်သော သတ္တဝါတို့အား မပြတ်မဖြစ်ဟူသော အဓိပ္ပာယ်ကို ပြအပ်၏ဟု သိအပ်၏။

၃၁-ဘုံတွင် (အသညသတ်ဘုံသားတို့ကား စိတ်ဖြစ်မှုမရှိသဖြင့် ဘဝသစ်သို့ ညွတ်သောစိတ် မဖြစ်နိုင်၊ ၃၀-သောဘုံသားတို့သာ စိတ်ညွတ်မှုဖြစ်နိုင်သောကြောင့်) များသောအားဖြင့်သာ ဘဝသစ်သို့ ညွတ်နိုင်သည်ဟု ဆိုပါသည်။ အပ္ပက (အနည်းအကျဉ်းအားဖြင့်) ကေဝေါကာရ သတ္တဝါ = (အသညသတ်ဘုံသားများ) ကား မညွတ်နိုင်ဟု သိစေသည်။ (ဋီ၊ မှတ်ချက်)

ကံအာရုံထင်ပုံ

ပဋိသန္ဓေကို ဖြစ်စေမည့် ကံသည် မိမိကိုယ်ကို အသစ်တစ်ဖန် ပြုနေရသည်၏အစွမ်းဖြင့် ဒွါရသို့ ထင်လာရောက်လာ၏။

အဘိနဝကရဏဝသေန (မိမိကိုယ်ကို အသစ်ပြုနေရသည်၏အစွမ်းဖြင့်) ထင်ပုံ

ကံတရားသည် အတိတ်တရားဖြစ်၍ စုတေလတ္တံ့သောသူသည် မိမိပြုခဲ့သမျှသော အတိတ်ကံကို မသိလင့်ကစား ကမ္မာတစ်သိန်းက ပြုခဲ့သော ကံပင်ဖြစ်စေကာမူ ယခုသေခါနီးအခါ၌ ပြုနေရဘိသကဲ့သို့ မနောဒွါရ၌ အသစ်တစ်ဖန် ထင်လာပြန်၏။ ယင်းသို့ အတိတ်ဖြစ်သဖြင့် ကြာမြင့်ဟောင်းနွမ်း၍ နေသော်လည်း ယခုသေခါနီးအခါ၌ လက်ငင်းပြု၍နေရသကဲ့သို့ ထင်ပေါ်၍လာသည်ကိုပင် ''အဘိနဝကရဏဝသေန'' ဟု ဆိုပါသည်။

လင်္ကာ။ ။ကံအာရုံမှာ၊ တိတ်ဝှာ၊ ထင်ရာမနောတည်း။

မရဏာသန္န သေခါနီးအခါ ဝီထိကျပုံ

အလွန်နီးကပ်သော သေခြင်းရှိသော သတ္တဝါ၏ တဒါရုံအဆုံးရှိသော ဝီထိစိတ်၏ အဆုံး၌လည်းကောင်း၊ ဇောအဆုံးရှိသော ဝီထိစိတ်၏ အဆုံး၌လည်း

ကောင်း၊ စုတေသည်၏ အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သော စုတိစိတ်သည် ဖြစ်၍ချုပ်၏။

**မရဏာသန္နဝိထိကျပုံ၊ စုတိပုံပြ၊ မရဏာသန္နလေးဝိထိ**

၁။ တဒါရုံ နောင် စုတိကျသောဝိထိ၊

၂။ တဒါရုံ နောင် ဘဝင်၊ ဘဝင်နောင် စုတိကျသော ဝိထိ၊

၃။ ဇော နောင် စုတိကျသော ဝိထိ၊

၄။ ဇော နောင် ဘဝင်၊ ဘဝင်နောင် စုတိကျသော ဝိထိ ရှိရာ

''ဝိထိစိတ္တာဝသာနေ ဝါ''ပါဌ်ဖြင့် တဒါရုံအဆုံးရှိသော မရဏာသန္နဝိထိနှင့် ဇောအဆုံးရှိသော မရဏာသန္နဝိထိကို ပြ၏။ ''ဘဝင်္ဂက္ခယေ ဝါ''ပါဌ်ဖြင့် တဒါရုံ ဘဝင်နောင် စုတိအဆုံးရှိသော မရဏာသန္နဝိထိနှင့် ဇောဘဝင်နောင် စုတိအဆုံး ရှိသော မရဏာသန္နဝိထိကို ပြ၏။

ဇောတစ်ခုသာရှိသော ဝိထိထက်လွန်သော အသက်ကြွင်းရှိသည်ဖြစ်အံ့၊ ထိုအခါ ဘဝင်၏အဆုံး၌လည်း စုတိစိတ်သည်ဖြစ်၍ ချုပ်၏။ ထိုသို့မဟုတ်ဘဲ စိတ္တက္ခဏတစ်ခုမျှ အသက်ကြွင်းရှိသည်ဖြစ်အံ့၊ ထိုအခါ ဝိထိစိတ်၏အဆုံး၌ စုတိစိတ်ဖြစ်၍ ချုပ်၏။ ထိုစုတိစိတ်သည်လည်း အတိတ်ဖြစ်သော ကံအစရှိသော အာရုံရှိ၏။

ဘဝင်္ဂက္ခယေဝါတိ၊ ကား။ ကေဇဝနဝိထိတော၊ တစ်ခုသော ဇောဝိထိထက်။ အဓိကတရာယုသေသော၊ ပိုလွန်သော အသက်ကြွင်းသည်။ ယဒိ သိယာ၊ အကယ်၍ ရှိအံ့။ (ဇံ သတိ၊ သော်။) တဒါ၊ ထိုအခါ၌။ ဘဝင်္ဂါဝသာနေ၊ ဘဝင်၏အဆုံး၌ သော်လည်း။ (စုတိစိတ္တံ၊ စုတိစိတ်သည်။) ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ အထ၊ သို့မဟုတ်။ ကေစိတ္တက္ခဏာယုသေသော၊ တစ်ခုသော စိတ္တက္ခဏရှိသော အသက်အကြွင်းသည်။ ယဒိ သိယာ၊ အံ့။ (ဇံ သတိ၊ သော်။) တဒါ၊ ၌။ ဝိထိစိတ္တာဝသာနေ၊ ဝိထိစိတ်၏အဆုံး၌။ (စုတိစိတ္တံ၊ စုတိစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈတိ) တဥ္စ၊ ထိုစုတိစိတ်သည်လည်း။ အတီတကမ္မာဒိဝိသယမေဝ၊ အတိတ်ကံအစရှိသော အာရုံရှိသည်သာလျှင်နည်း။

အနီးကပ်ဆုံးကို ''ပစ္စာသန္နမရဏ'' ခေါ်သည်။ မည်မျှနီးကပ်သနည်းဟု မေးဖွယ်ရှိ၍ ''ကေ (ပ) ဝသေန''ဟု ဖွင့်သည်။ မရဏာသန္နဝိထိဆုံးလျှင် စုတိ

စိတ်ဖြစ်လောက်အောင်(သို့မဟုတ်) ထိုဝီထိနောင် ဘဝင်အနည်းငယ်ကျ၍ စုတိစိတ်ဖြစ်လောက်အောင် နိုးကပ်နေသည် ဟူလို။

မရဏာသန္နဝီထိနောင် ကြွင်းသော စိတ္တက္ခဏဟူသည် စုတိစိတ္တက္ခဏတည်း။ ထို့ကြောင့် စိတ္တက္ခဏတစ်ချက်ခန့် အသက်ကြွင်းထက် ပို၍ဘဝင်ချလောက်အောင် စိတ္တက္ခဏကျန်သေးသည်ကို "အဝိကတရာယုသေသ"ဆိုသည် ဟု မှတ်။

(တဒါရုံအဆုံးရှိသော ဝီထိကား ကာမဘုံမှ စုတေ၍ ကာမဘုံ၌ဖြစ်သော ပုဂ္ဂိုလ်များအဖို့ ဖြစ်၏။ ဇောအဆုံးရှိသော ဝီထိများကား ကြွင်းသော ပုဂ္ဂိုလ်များအဖို့ ဖြစ်၏။) ဟု မှတ်။

**လင်္ကာ။** ။ တဒါ+ဘဝင်+စု၊ တဒါ+စု၊ နှစ်ခုတိမဟန္တာ။ (၂-၁)
ဇော+ဘဝင်+စု၊ ဇောနှင့်စု၊ နှစ်ခုမဟန္တာ။ (၄-၃)

တဒါရုံအဆုံးရှိသော ဝီထိကား - ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်များအတွက် ဖြစ်၏။ ဇောအဆုံးရှိသော ဝီထိများကား ကြွင်းသော ပုဂ္ဂိုလ်များအတွက် ဖြစ်၏။ (ဓမ္မာနုသာရီကျမ်း)

**လင်္ကာ။** ။ပုဂ္ဂိုလ်ကာမ၊ ဇောကာမနှင့်၊ ကာမအာရုံ၊ သုံးချက်စုံ၊ တဒါရုံ၏ အခွင့်တည်း။

ပစ္စာသန္နမရဏာသ (ပ) စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊

စုတေဖို့ရာ နိုးကပ်နေသူကို "ပစ္စာသန္နမရဏ"ဟု ခေါ်၏၊ မရဏာသန္နဝီထိ တစ်ဝီထိအဆုံး၌ဖြစ်စေ၊ ထိုဝီထိနောက်၌ ဘဝင်ကျပြီးမှ ဖြစ်စေ၊ စုတေမည့် သတ္တဝါကို ဆိုလိုသည်။

"ဝီထိစိတ္တာဝသာနေ"ပါဌ်ဖြင့် ဇောနောင် စုတိကျသောဝါရ၊ တဒါရုံနောင် စုတိကျသောဝါရ ဤနှစ်ဝါရကို ပြ၏။

"ဘဝင်္ဂက္ခယေ ဝါ"ပါဌ်ဖြင့် ဇောနောင် ဘဝင်ဖြစ်ပြီးမှ စုတိကျသောဝါရ၊ တဒါရုံနောင် ဘဝင်ဖြစ်ပြီးမှ စုတိကျသောဝါရ၊ ဤနှစ်ဝါရကို ပြသည်။

(ဘဝင်ချရာ၌ ဋီကာများဝယ် တစ်ကြိမ်သာ ပြကြ၏။ သို့သော် ကမ္မဇရုပ်တို့ မချုပ်သေးလျှင် တစ်ကြိမ်ထက် အလွန်လည်း ဘဝင်ကျခွင့်ရှိပေလိမ့်မည်။) ထိုပြ အပ်ခဲ့သော လေးဝီထိကို ဝီထိဆိုရိုး၌ ပြထား၏။)

## ပစ္စာသန္နမရဏကာလ (အလွန်နီးသော သေခြင်းရှိသောကာလ)ဟူသည်

ဝိထိတစ်ခုဖြစ်ချိန်ကာလ (သို့) ဝိထိတစ်ခုဖြစ်ချိန်ထက် အနည်းငယ်ပို၍ အသက်ကြွင်းရှိသောအချိန်ကာလကို အလွန်နီးသော သေခြင်းရှိသောကာလဟု ဆိုပါသည်။

သေခါနီး ကံ ကမ္မနိမိတ် ဂတိနိမိတ်ထင်နိုင်သောကာလကို သမ္မောဟ အဋ္ဌကထာ၌ အလွန်လျင်မြန်စွာ သေခြင်းရှိသော သတ္တဝါအား (ဥပမာ – ယင်ကောင်ကို တူဖြင့် ထု၍သတ်ခြင်းဖြင့် လျင်မြန်စွာ သေခြင်းမျိုး၌ပင်) သုံးဝိထိ အခါကပင် နိမိတ်ထင်သည်ဟု ဆို၏။

ဖြေးနှေးစွာ သေရသော သတ္တဝါအား ၅–ဝိထိ၊ ၆–ဝိထိ ကွာသော မုစ္ဆာကာလကသော်လည်းကောင်း၊ ထို့ထက်ကွာသော မုစ္ဆာကာလကသော် လည်းကောင်း ထင်၏ဟု ဆိုသည်။

(သောဏဂိရိတောင်၌နေသော ရဟန်းတစ်ပါး၏ဖခင် မှဆိုးကြီး သေခါနီး၌ ငရဲနိမိတ်ထင်၏။ သားရဟန်းက စေတီကို ပန်းများဖြင့် ပူဇော်ခြင်းကို စီမံပေး၍ နတ်ပြည်နိမိတ်ပြောင်း၍ ထင်လာ၏။ ပန်းပူဇော်ခြင်းအမှုများ စီမံရသောအချိန် ကာလမှာ ဝိထိများ မြောက်များစွာ ဖြစ်ကြသည်။)

## ပဋိသန္ဓေစိတ်ဖြစ်ပုံ (သင်္ဂြိုဟ်ကျမ်းရင်း မြန်မာပြန်)

ထိုစုတိစိတ်သည် ချုပ်သည်ရှိသော် ချုပ်သည်၏အဆုံး၌ ထိုစုတိစိတ်၏ အခြားမဲ့၌သာလျှင် ထိုသို့သောအခြင်းအရာဖြင့် ဆဒ္ဒါရိကမရဏာသန္နဇောသည် ယူအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ မှီရာဝတ္ထုရှိသည်ဖြစ်၍လည်းကောင်း၊ မှီရာဝတ္ထုမရှိသည်ဖြစ်၍လည်းကောင်း ထိုက်သည့်အားလျော်စွာ အဝိဇ္ဇာနုသယသည် ခြံရံအပ်သော တဏှာနုသယလျှင် အကြောင်းရင်းရှိသော ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရသည် ဖြစ်စေအပ်သော ဖဿ, ဝေဒနာ အစရှိသော သမ္ပယုတ်တရားတို့သည် ခြံရံ၍ယူအပ်သော အတူတကွ ဖြစ်ဖက်တရားတို့၏ တည်ရာ၏ အဖြစ်ကြောင့် ရှေ့သွားခေါင်းဆောင်သဖွယ် ပြဋ္ဌာန်းသော ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်း စပ်သည်၏အစွမ်းဖြင့် ပဋိသန္ဓေဟု ခေါ်ဆိုအပ်သော စိတ်သည် ဥပါဒ်လျှင် ဥပါဒ်ချင်းသာလျှင် (ဝါ) ဖြစ်ဆဲ ဖြစ်၍သာလျှင် ဘဝတစ်ပါး၌ တည်၏။

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

(ထိုစုတိစိတ်ချုပ်သည်၏ အခြားမဲ့၌သာလျှင်) ''တဿ နိရုဒ္ဓါဝသာနေ တဿာ နန္တရမေဝ'' စကားဖြင့် စုတိစိတ်ချုပ်နောင်သည်နှင့်တစ်ပြိုင်နက် (ဝါ) စုတိစိတ် ချုပ်လျှင်ချုပ်ခြင်း ပဋိသန္ဓေစိတ်ဆက်ဖြစ်သည်ကို ပြသည်။ (အချို့ပုဂ္ဂိုလ်များက စုတိပြီး သေပြီးနောက် စုတိနှင့် ပဋိသန္ဓေအကြား ဘဝတစ်ခု၌ အမိအဖတို့ သွားလာပေါင်းဖော်ခြင်း၊ အမိ၏ဥတုလာခြင်း စသည်တို့ကို ဆိုင်းငံ့၍ ၇-ရက်ခန့် အိမ်ပေါ်မှာနေပြီး ၇-ရက်လည်မှ အိမ်ပေါ်မှ ဆင်း၍ ဘဝတစ်ပါး၌ ပဋိသန္ဓေ ယူသည်ဟူသော မိစ္ဆာအယူကို တားမြစ်ပါသည်။ [ဗုဒ္ဓဘာသာဝင်တို့ ရက်လည် ကျွေးမွေးလှူဒါန်းခြင်းကို စဉ်းစားသင့်၏။ သေသူကို ရည်စူးလှူခြင်းသည် မည်သည့် ရက်မဆို ပြုကောင်း၏။]

စုတိစိတ်ချုပ်ပြီးစီးသည့်နောက် ကာလမခြားဘဲ ဆက်လက်၍ ပဋိသန္ဓေစိတ် ဖြစ်၏။ ၎င်းပဋိသန္ဓေစိတ်သည် မစုတေမီ ရှေ့အဖို့က မရဏာသန္နဇောဝီထိကို ယူထားအပ်သော အာရုံကို ဆက်လက်၍ အာရုံပြု၏။

မရဏာသန္နဇောဝီထိစိတ်သည် ကံကို အာရုံယူခဲ့လျှင် ပဋိသန္ဓေစိတ်သည် လည်း ကံအာရုံကိုပင် ဆက်လက်၍ အာရုံပြုသည်။ ကမ္မနိမိတ်ကို အာရုံယူခဲ့လျှင် ကမ္မနိမိတ်ကိုပင် ဆက်၍အာရုံပြုသည်။ ဂတိနိမိတ်ကို အာရုံယူခဲ့လျှင် ဂတိနိမိတ် ကိုပင် ဆက်၍ အာရုံပြုသည်။ (တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ)

### ပဋိသန္ဓေ စတည်သောအခါ၌ ရုပ်က အရင်ဖြစ်သလော? နာမ်က အရင်ဖြစ်သလော?

ဤအမေးစကားကို အဘိဓမ္မာသင်တန်းဆရာများပင် အမှတ်တမဲ့ အမေး ခံရသောအခါ ရုပ်က အရင်ဖြစ်သည်ဟုလည်းကောင်း၊ နာမ်က အရင်ဖြစ်သည်ဟု လည်းကောင်း အမှတ်တမဲ့ ဖြေဆိုကြသည်ကို ကြားနေရပေသည်။

ခန္ဓာငါးပါးရှိသော အပါယ်လေးဘုံသား လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့သည် သဝတ္ထုက = ဟဒယဝတ္ထုနှင့်တကွ (ဟဒယဝတ္ထုရုပ်နှင့်အတူ) ပဋိသန္ဓေစိတ်ဖြစ် သည်ကိုလည်းကောင်း၊ နာမ်ခန္ဓာလေးပါးသာရှိသော အရူပလေးဘုံသားတို့သည် အဝတ္ထုက = ဟဒယဝတ္ထုရုပ်မပါ ပဋိသန္ဓေစိတ်သက်သက်ဖြင့်သာ ပဋိသန္ဓေ နေကြသည်ကိုလည်းကောင်း အောက်ပါစကားရပ်များဖြင့် သိနိုင်ကြရာ၏။ (အသညသတ်ကား ရုပ်သက်သက်ပဋိသန္ဓေသာတည်း။)

## သဝတ္ထုက (မှီရာဝတ္ထုရုပ်နှင့်တကွ)

(ဟဒယဝတ္ထုရုပ်နှင့်တကွ ပဋိသန္ဓေစိတ်သည် အတူတကွသွားဖြစ်သည်။) ထိုစကားသည် ခန္ဓာငါးပါးလုံးရနိုင်သော ဘုံသား (ပဉ္စဝေါကာရဘုံသား) များအတွက် ရူပက္ခန္ဓာနှင့်တကွ ခန္ဓာ ၅-ပါးကို ရနိုင်၍ ဟဒယဝတ္ထုရုပ်ရနိုင်သော ဘုံသားများ ဖြစ်သဖြင့် ပဋိသန္ဓေစိတ်ကလေးသည် ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ အတူတကွ ဖြစ်သည်။ (ရုပ်နှင့်နာမ် အတူဖြစ်သည်။)

## အဝတ္ထုကမေဝ ဝါ [မှီရာဝတ္ထုရုပ်မရှိ]

ရုပ်တရား (ရူပက္ခန္ဓာ) မရသော အရူပစတုဝေါကာရဘုံသား = အရူပဘုံသားများသည် ရူပက္ခန္ဓာ မရသောကြောင့် ရုပ်မရှိ၍ ၎င်းတို့ ပဋိသန္ဓေစိတ်ကလေးသည် ဟဒယဝတ္ထုရုပ်ကို မှီ၍ မဖြစ်၊ မှီရာဝတ္ထုရုပ် မရှိ။ (အရူပဘုံသားများ နာမ်တရား သက်သက် ပဋိသန္ဓေစိတ်ဖြစ်သည်။)

ယထာရဟံ-ဖြင့် ကံပြုသောကာလ၊ အကျိုးပေးရာကာလအားလျော်စွာ ပဋိသန္ဓေတည်နေ၏ဟူသော အဓိပ္ပာယ်ကို ပြ၏။

တစ်နည်းကား - အကျိုးပေးလတ္တံ့သော ကံအားလျော်စွာ အနုသယ၏ အစွမ်းဖြင့်လည်းကောင်း၊ မရဏာသန္နဇောနှင့်တကွဖြစ်သော အစွမ်းဖြင့်လည်းကောင်း၊ ဖြစ်ခြင်းအားလျော်သောအားဖြင့်လည်းကောင်း ပဋိသန္ဓေတည်နေ၏။ ''အဝိဇ္ဇာနုသယပရိက္ခိတ္တေန = အဝိဇ္ဇာနုသယသည် ခြံရံအပ်သော'' အစရှိသော စကားကို အရှင်အနုရုဒ္ဓါဆရာသည် ဆိုအပ်သည် မဟုတ်ပါလော၊ မရဏာသန္နဇောနှင့်တကွဖြစ်ကုန်သော အဝိဇ္ဇာ တဏှာတို့၏လည်း အနုသယအဖြစ်သည် အသို့ဖြစ်ရာသနည်း၊ ဤသို့ တစ်စုံတစ်ယောက်သော စောဒကဆရာသည် ဆိုငြားအံ့၊ ဤမရဏာသန္နဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ တဏှာတို့၏ အနုသယအဖြစ်သည် အပြစ်မဖြစ်၊ အဘယ့်ကြောင့် အပြစ်မဖြစ်ပါသနည်းဟူမူ - အနုသယနှင့်တူသည်၏အဖြစ်ကြောင့် ထိုပစ္စုပ္ပန်ဖြစ်ကုန်သော မရဏာသန္နဇောနှင့်တကွဖြစ်ကုန်သော အဝိဇ္ဇာ တဏှာတို့ကိုလည်း အနုသယဟူ၍ ခေါ်အပ်သောကြောင့် အပြစ်မဖြစ်၊ အနာဂတ်ဖြစ်သော ကိလေသာသာလျှင် အနုသယမည်သည်ရှိသော် ပဋိသန္ဓေကို ပေးတတ်သော တစ်ဆယ့်တစ်ပါးသော အကုသိုလ်ကံနှင့်တကွဖြစ်သော အတိတ်ဖြစ်သော အဝိဇ္ဇာ တဏှာအစရှိကုန်သော ကိလေသာတို့ကိုလည်း

ကောင်း၊ ဘဝကို တောင့်တသော တဏှာနှင့်တကွဖြစ်ကုန်သော အတိတ်ဖြစ်သော အစရှိကုန်သော ကိလေသာတို့ကိုလည်းကောင်း၊ စုတိစိတ်၏အနီးဖြစ်ကုန်သော ဇောနှင့်တကွဖြစ်ကုန်သော ပစ္စုပ္ပန်ဖြစ်ကုန်သော အဝိဇ္ဇာ တဏှာအစရှိကုန်သော ကိလေသာတို့ကိုလည်းကောင်း ဖရတွက်ခြင်းသည် မဖြစ်ခဲ့ရာ အဝိဇ္ဇာသည်ပင်လျှင် မပယ်အပ်သောအနက်ဖြင့် အဖန်တလဲလဲဖြစ်တတ်သောကြောင့် အနုသယမည်၏။ ''ထိုအဝိဇ္ဇာအနုသယသည် ခြံရံအပ်သော''ဟူလို။ ဤသင်္ခါရအား တဏှာနုသယ သည်သာလျှင် တကွဖြစ်သော အကြောင်းဖြစ်၍ဖြစ်သော ပြဓာန်းသော အကြောင်း ရှိသောကြောင့် တဏှာနုသယမူလက မည်၏။

## အပါယ်ဘုံ၌ဖြစ်လတ္တံ့သော သတ္တဝါ၊ သုဂတိဘုံသို့ လားလတ္တံ့သော သတ္တဝါတို့အား အဝိဇ္ဇာ တဏှာ သင်္ခါရတို့ဖြစ်ပုံ

အပါယ်ဘုံ၌ ဖြစ်လတ္တံ့သော သတ္တဝါတို့အား မရဏာသန္နဇောနှင့်တကွဖြစ် ကုန်သော အဝိဇ္ဇာ တဏှာ သင်္ခါရတို့သည် ကံအစရှိသော အာရုံ၌ အဖြစ်ကို ဖုံးလွှမ်းခြင်းသည်လည်း ဖြစ်၏။ ညွတ်ခြင်းသည်လည်း ဖြစ်၏။ ပစ်ချခြင်းသည် လည်း ဖြစ်၏။ ထိုမှကြွင်းသော သုဂတိဘုံသို့ လားလတ္တံ့သော သတ္တဝါတို့အား အရိယာမဂ်ဖြင့် မပယ်အပ်ကုန်သေးသော အဝိဇ္ဇာ တဏှာ သမုဒယတို့သည် ကံ အစရှိကုန်သော အာရုံ၌ အပြစ်ကို ဖုံးလွှမ်းခြင်းသည်လည်းကောင်း၊ ညွတ်ခြင်းသည် လည်းကောင်း ဖြစ်၏။ ဤသုဂတိဘုံသို့ လားလတ္တံ့သော သတ္တဝါ၌ ဘဝသစ်သို့ ပစ်ချတတ်ကုန်သော သင်္ခါရတို့သည်ကား ကုသိုလ်သင်္ခါရတို့သည်သာ ဖြစ်ကုန်၏။

## အဝိဇ္ဇာနုသယခြံရံ၊ တဏှာနုသယအရင်းခံ၍ ကုသိုလ်ကံ အကုသိုလ် ကံ သင်္ခါရများအား ကျေးဇူးပြုကြပုံ

ကုသိုလ်ကံ အကုသိုလ်ကံပြုရာ၌ များသောအားဖြင့် မျှော်လင့်ချက် တစ်ခု ခုဖြင့် တောင့်တမှုတဏှာသည် အရင်းခံလျက် ရှိတတ်သောကြောင့် တဏှာနုသယ ကို မူလ (အရင်းခံတရား)ဟု ဆို၍ မတောင့်တထိုက်သည်ကို တောင့်တ၍ ပြုရာ၌ အဝိဇ္ဇာမှာ အပြစ်မမြင်နိုင်အောင် ဖုံးလွှမ်းကာကွယ်ရံသာဖြစ်သောကြောင့် အဝိဇ္ဇာနုသယကို အခြံအရံ-ပရိက္ခိတ္တတရားဟုသာ ဆိုသည်။

သင်္ခါရ အရက (က) ကံပြုစဉ်တုန်းက ဖြစ်ခဲ့သော ပဋိသန္ဓေသစ်ကို ဖြစ်စေ နိုင်သော ကုသိုလ် အကုသိုလ်ကံ စေတနာ သင်္ခါရနှင့် ထိုကံနှင့်ယှဉ်ဖက် ဖဿ

စသော သမ္ပယုတ်တရားတို့ကို ကောက်ယူသောနည်း၊ (ခ) သင်္ခါရ အရ သေခါနီး အခါ မရဏာသန္နဇောစေတနာနှင့် ထိုစေတနာနှင့်ယှဉ်ဖက် ဖဿစသော သမ္ပယုတ် တရားတို့ကို ကောက်ယူသောနည်းဟု နှစ်နည်းရှိ၏။

(က) ပဌမနည်း၌ ကုသိုလ် အကုသိုလ်စေတနာသည် ပဋိသန္ဓေဝိညာဏ် စိတ်အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။ သမ္ပယုတ်ဖြစ်သော သင်္ခါရ တို့သည် ပဋိသန္ဓေဝိညာဏ်စိတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသိုလ်သင်္ခါရဖြစ်အံ့ - အဝိဇ္ဇာနှင့်တဏှာသည် တိုက်ရိုက်မယှဉ်နိုင်သော် လည်း ကုသိုလ်ပြုသူသန္တာန်၌ အရဟတ္တမဂ်ဖြင့် မပယ်ရသေးသော အဝိဇ္ဇာနှင့် တဏှာတို့သည် အနုသယဓာတ်ဖြင့် ကိန်းဝပ်လျက်ရှိကြသေး၏။ အဝိဇ္ဇာနှင့်တဏှာ မရှိလျှင် ကုသိုလ်မဖြစ်နိုင်။ ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာတို့သည် ကုသိုလ်သင်္ခါရ အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကာ ဝိုင်းဝန်းခြံရံ အရင်းခံလျက် ရှိကြ၏။

အကုသိုလ်သင်္ခါရအရာ၌လည်း ထို့အတူ ပကတူပနိဿယသတ္တိဖြင့် အဝိဇ္ဇာ နုသယနှင့်တဏှာနုသယတို့သည် အကုသိုလ်သင်္ခါရအား ကျေးဇူးပြုကြ၏။ ခွဲပြ ပါဦးအံ့၊ အကုသိုလ်သင်္ခါရတွင် လောဘမူ သင်္ခါရဖြစ်လျှင် အဝိဇ္ဇာ တဏှာ နှစ်မျိုးလုံး အတူတကွ ပူးတွဲယှဉ်ကပ်လျက်ပါ၏။ ဒေါသမူ မောဟမူ သင်္ခါရဖြစ်လျှင် အဝိဇ္ဇာယှဉ်ကပ်လျက်ပါ၏။ ဤသို့ အဝိဇ္ဇာနှင့်တဏှာတို့က သဟဇာတအဖြစ် ဖြင့်လည်း အကုသိုလ်သင်္ခါရကို ဝိုင်းဝန်းခြံရံ အရင်းခံလျက် ရှိကြသည်။

[သဟဇာတဖြင့် ကျေးဇူးပြုသောအခိုက်၌လည်း အဝိဇ္ဇာနှင့်တဏှာကို အနုသယဟု ဆိုထိုက်ပုံ]

(သဟဇာတဖြင့် ကျေးဇူးပြုရာ၌ အဝိဇ္ဇာနှင့်တဏှာတို့သည် ကိန်းဝပ်နေသော အနုသယမဟုတ်တော့ဘဲ ဥပါဒ်+ဌီ+ဘင် အထင်အရှားဖြစ်လျက် ရှိနေပြီ။ သို့သော် လည်း ကိန်းဝပ်နေသော အနုသယနှင့်အဝိဇ္ဇာ တဏှာချင်းတူသောကြောင့် သဒိသူ ပစာအားဖြင့် သဟဇာတဖြင့် ကျေးဇူးပြုရာ၌ ဖြစ်သော အဝိဇ္ဇာ တဏှာကိုလည်း အနုသယ ဟုပင် ဆိုနိုင်သည်။)

ဤသို့ အဝိဇ္ဇာနှင့်တဏှာတို့က တချို့သင်္ခါရကို ပကတူပနိဿယသတ္တိဖြင့်၊ တချို့သင်္ခါရကို သဟဇာတသတ္တိဖြင့် ဝိုင်းဝန်းခြံရံ အရင်းခံ၍ ကျေးဇူးပြုလျက် ရှိသောကြောင့် "ယထာရဟံ"ဟု ဆိုသည်။

ဤကား သင်္ခါရအရ ကံပြုစဉ်အခါတုန်းက ကုသိုလ်ကံ အကုသိုလ်ကံ စေတနာနှင့် ယှဉ်ဖက် ဖဿစသည်ကို ကောက်သောနည်းတည်း။

(ခ) ဒုတိယနည်း၌ သင်္ခါရအရ မရဏာသန္နဇောစေတနာနှင့် ၎င်းနှင့်ယှဉ်ဖက် ဖဿစသော ဝေဒနာတရားတို့ကို ကောက်ယူရာ၌ အဝိဇ္ဇာနုသယနှင့်တဏှာနုသယ တို့က အကုသိုလ်မရဏာသန္နဇောအခိုက်၌ ပဋိသန္ဓေဝိညာဏ်အား ကျေးဇူးပြုပုံ မှာ လူတစ်ယောက်ကို ရန်သူသုံးယောက်က ဝိုင်းဝန်းနှိပ်စက်ရာ၌ တစ်ယောက်က မျက်စိကို ကွယ်ထား၏၊ တစ်ယောက်က ''လက်မြှောက်လိုက်၊ ရှေ့နားမှာ ယူစရာ ရှိသည်''ဟု ပြော၏၊ တစ်ယောက်က တွန်းထိုးပစ်ချလိုက်၏၊ ထို့အတူ -

(၁) ကံ+ကမ္မနိမိတ်+ဂတိနိမိတ် တစ်ပါးပါး ထင်လာရာ၌ အာရုံ၏ အပြစ်ကို အဝိဇ္ဇာနုသယက ဖုံးလွှမ်းပေ၏။

(၂) တဏှာနုသယက ထိုအာရုံသို့ မိမိကိုယ်တိုင် ကိုင်းညွတ်နေသဖြင့် ပဋိသန္ဓေဝိညာဏ်ကိုလည်း ကိုင်းညွတ်အောင် ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ (အညွတ်ခိုင်းသလို ဖြစ်၏ဟူလို)

(၃) မရဏာသန္နဇော ဟူသော ကုသိုလ် အကုသိုလ်သင်္ခါရက ထိုအာရုံသို့ ရှေ့ရှု ပဋိသန္ဓေဝိညာဏ်ကို ပစ်ချလိုက်၏။ (ထိုအာရုံပြုအောင် ပဋိသန္ဓေ ဝိညာဏ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ကိုပင် ပစ် ချသည်ဟု စကားသုံးသည်။)

ဤ၌ အဝိဇ္ဇာ တဏှာ သင်္ခါရ ဟူရာဝယ် လောဘမူ မရဏာသန္နသင်္ခါရကို ရည်ရွယ်သည်။ ဒေါသမူ မောဟမူ ဖြစ်သော အဝိဇ္ဇာက သဟဇာတသတ္တိ၊ တဏှာက ပကတူပနိဿယသတ္တိဖြင့် ထိုက်သလို ကျေးဇူးပြုမည်။ (ဤသို့ ထိုက်သလို ကျေးဇူး ပြုသည်ကို ''ယထာရဟံ''ဟု ဆိုသည်။) (ကုသိုလ်အရာ၌လည်း နည်းတူပင်။)

လင်္ကာ။ ။အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာညွတ်စေမူ၊
ကံသင်္ခါရ၊ ဇနက၊ ပစ်ချဖြစ်စေမူ။

(ဖဿ ဝေဒနာအစရှိသော သမ္ပယုတ်တရားတို့သည် ခြံရံ၍ ယူအပ်သော= သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ)

ပဋိသန္ဓေစိတ်၌ (စိတ်တစ်ခုတည်းချည်း ဖြစ်သည်မဟုတ်)၊ ဖဿ ဝေဒနာ သညာ အစရှိသော ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်တရားများ၊ စေတသိက်တရားများ လည်း ပါရှိသည်။ ပဋိသန္ဓေဝိညာဏ်ကို ဖဿစသော ယှဉ်ဖက်တရားတို့က သဟဇာတ+အညမည စသော ပစ္စည်းဖြင့် ခြံရံလျက်ရှိ၏။

[ပဋိသန္ဓေစိတ်ကို အတူတကွ ဖြစ်ဖက် ယှဉ်ဖက်တရားတို့၏ တည်ရာဖြစ်၍ ရှေ့သွားခေါင်းဆောင်ဟု ဆို၏။ (သဟဇာတာနမိဒ္ဓိဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ။)]

ပဋိသန္ဓေစိတ်သည် စ၍ဥပါဒ်လျှင် ဥပါဒ်ချင်းသာလျှင် (ဖြစ်ဆဲဖြစ်၍သာလျှင်) ဘဝသစ်၌ တည်၏။ (ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ)

ဤစကားရပ်ဖြင့် ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှာ ဥပါဒ်အခိုက် ဖြစ်ခဲ့၍ ဌီအခိုက်ကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်ဟူသော အယူမှားမှုကို တားမြစ်လေသည်။ လောက၌ ''လောက်လန်းသဖွယ် ဝိညာဏ်တွယ်'' ဟူသော စကားအရ လောက်လန်းသတ္တဝါသည် အမြီးပိုင်းဖြင့် တစ်နေရာ၌ တည်ပြီးလျှင် ဦးခေါင်းပိုင်းဖြင့် အခြားတစ်နေရာကို ရှာဖွေ၏၊ ရှာဖွေ၍ မတွေ့သမျှ အမြီးပိုင်းကို မလွှတ်ဘဲ ရှာဖွေ၍ တွေ့မှ ဦးခေါင်းပိုင်းဖြင့် ထောက်တည်ရာကို ယူပြီး အမြီးပိုင်းကို လွှတ်လေ၏။

ထိုနည်းအတူ ပဋိသန္ဓေဝိညာဏ်စိတ်ကလေးသည် ဥပါဒ် ဌီ ဘင် ခဏငယ် အပိုင်းသုံးပိုင်းတွင် ဘဝဟောင်းမှာ ဥပါဒ်ပြီး ဘဝသစ်၌ ထောက်ရာတည်ရာ ဌီအဖြစ် မရမချင်း ဘဝဟောင်း (ဥပါဒ်အခိုက်)မှာပင် ဖြစ်နေပြီး တည်တံ့မှုရရာ ဌီ အခိုက်ကျမှသာ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်ဟူသော အယူအဆမျိုးကို တားမြစ်ပါသည်။

## အယူမှားဒိဋ္ဌိကို ပယ်ရန်

ဘဝဟောင်းက ရုပ်နာမ်တွေ စဉ်ဆက်မပြတ်ဖြစ်ကာ ပြောင်းရွှေ့လာသည်ဟု ယူဆခြင်း (သဿတဒိဋ္ဌိ)၊ ဘဝဟောင်းက ရုပ်နာမ်နှင့် လုံးဝအဆက်အသွယ်မရှိ၊ ဘာမှမပတ်သက်၊ တစ်သီးတခြားစီသာ ဘဝသစ် ရုပ်နာမ်တွေ ဖြစ်သည်ဟု ယူဆခြင်း (ဥစ္ဆေဒဒိဋ္ဌိ) ဤနှစ်ခုလုံးပင် အယူမှားများဖြစ်သည်။

ပြဆိုခဲ့သည်တိုင်း ဘဝဟောင်းက ရုပ်နာမ်များလည်း တိုက်ရိုက်ပြောင်းရွှေ့လာသည်မဟုတ်၊ (သဿတဒိဋ္ဌိကို ပယ်၏) ဘဝဟောင်းက အဝိဇ္ဇာ တဏှာ သင်္ခါရ အကြောင်းကင်း၍လည်း ဘဝသစ် ပဋိသန္ဓေဖြစ်သည်မဟုတ်၊ (ဥစ္ဆေဒဒိဋ္ဌိကို ပယ်၏။) အမှန်မှာ ဘဝဟောင်းက အဝိဇ္ဇာ တဏှာ သင်္ခါရ အကြောင်းကြောင့် ဘဝသစ်ရုပ်နာမ်တရားများ ဆက်ဖြစ်လာခြင်းဖြစ်သည်။

ဖယောင်းတိုင်တစ်တိုင်မှ မီးများကို ကူးယူရာ၌ နောက်ထပ်ပွားယူထား သော မီးတိုင်များသည် ပဌမမီးမဟုတ်၊ ပဌမမီးနှင့်လည်း ကင်း၍မဖြစ်။

တံဆိပ်တုံးရိုက်ခြင်း၌လည်း နောက်နောက်တံဆိပ်ရာများသည် ပဌမ တံဆိပ်တုံးမဟုတ်၊ ပဌမတံဆိပ်တုံးနှင့်လည်း ကင်း၍မဖြစ်။

တောင်ကြား၌ ပဲ့တင်သံပြန်ကြားရာ ပဌမအော်သော အသံကြောင့် ပဲ့တင်သံကြားရ၏၊ ပဲ့တင်သံသည် ပဌမအသံမဟုတ်၊ ပဌမအသံနှင့်လည်း ကင်း၍မဖြစ်။ ဤဥပမာများဖြင့် အယူမှာ ဒိဋ္ဌိနှစ်မျိုးကို ပယ်ရာ၏။

ပဋိသန္ဓေစိတ်သည် ကြီးမြတ်သော တန်ခိုးအာနုဘော်ရှိ၏၊ လောက၌ ယောကျ်ားမြတ်တစ်ယောက် ဖွားမြောက်လာလျှင် ဖွားဖက်တော်နှင့် အသုံးအဆောင် ဥယျာဉ် ဗိမာန် စသည်တို့ပါ တစ်ပါတည်းပါရှိလာသလို ပဋိသန္ဓေစိတ်မှာလည်း ဖဿစသော အခြေအရံနှင့်မှီရာဟဒယဝတ္ထုစသော ကမ္မဇရုပ်များ တစ်ပါတည်း ပါရှိလေသည်။

**မှတ်ချက်။** [ပဋိသန္ဓေစိတ်အခန်းဖြစ်၍ ပဋိသန္ဓေစိတ်ကိုသာ အခြံအရံရှိကြောင်း ပြောနေရခြင်းဖြစ်သည်။ အမှန်မှာ စိတ်တိုင်းပင် ဆိုင်ရာ အခြံအရံ စေတသိက်များ ရုပ်များ ရှိကြသည်ကို သိခဲ့ပြီ။]

[(ဘဝဟောင်း ဘဝသစ် တစ်စပ်တည်းစပ်သည်၏အစွမ်းဖြင့် ဘဝသစ် 'ပဋိသန္ဓေဝိညာဏ်ဖြစ်၏) ''ဘဝန္တရပဋိသန္ဓာနဝသေန''ဟု ဆိုရာတွင် ဘဝဟောင်းမှ ပဋိသန္ဓေဝိညာဏ်စသော ရုပ်နာမ်ခန္ဓာ အလုံးစုံတွင် တစ်စုံတစ်ခုသော တရားမျှ ဘဝသစ်သို့ ပြောင်း၍မဖြစ်၊ ဘဝဟောင်း၌ပင် အကုန်ချုပ်ငြိမ်း၏၊ သို့သော် ဘဝဟောင်းက အဝိဇ္ဇာ တဏှာ ကံ ဟု ဆိုအပ်သော အကြောင်းတို့နှင့်ကင်း၍လည်း ဘဝသစ်ပဋိသန္ဓေဝိညာဏ် မဖြစ်နိုင်။

ဥပမာ - ပဲ့တင်သံ၊ ဆီမီးလျှံ၊ တံဆိပ်ရေး တို့ကဲ့သို့ မှတ်အပ်၏။ (ဋီ၊ မှတ်ချက်) [ပဲ့တင်သံသည် မူလအော်လိုက်သော အသံမဟုတ်၊ မူလအသံနှင့် ကင်း၍လည်းမဖြစ်၊ မူလအသံ၏အစွမ်းကြောင့် ပဲ့တင်သံတည်းဟူသော အကျိုးတရား ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။]

## မရဏာသန္နဇောနှင့်စုတိကျပုံ
## သင်္ဂြိုဟ်ကျမ်းရင်းအနက်

ဤမရဏာသန္နဝီထိ၌ နံ့သည်ဖြစ်၍ ဖြစ်ကုန်သော ငါးကြိမ်သာလျှင် ဖြစ်ကုန်သော ဇောတို့ကို အကြင်ကြောင့် အလိုရှိအပ်ကုန်၏။ ထို့ကြောင့် ထင်ခြင်းသို့

ရောက်ကုန်သော တုတ် လှံကန် (ပ) ပန်းမာလ် စသော ကမ္မနိမိတ်၊ အမိဝမ်း ရေ (ပ) ပဒေသာပင် စသော ဂတိနိမိတ် ဟု ဆိုအပ်သော ပစ္စုပ္ပန်အာရုံတို့သည် ထင်ရှားရှိကုန်စဉ်ပင်လျှင် အကြင်အခါ သေခြင်းသည် ဖြစ်၏။

ဝတ္ထုရုပ် အားနည်းသည်ဖြစ်၍ ဖြစ်ကုန်သောကြောင့် ''မန္ဒပ္ပဝတ္တာနိ'' မည်ကုန်၏။ မနောဒွါရ၌ ဂတိနိမိတ်၏အစွမ်းဖြင့် ပဉ္စဒွါရ၌ ကမ္မနိမိတ်၏အစွမ်းဖြင့် ပစ္စုပ္ပန်အာရုံတို့သည် ထင်ခြင်းသို့ ရောက်ကုန်စဉ် သေခြင်းသည် ဖြစ်၏။ ဤကား အရှင်အနုရုဒ္ဓါဆရာ၏ အလိုတော်တည်း။

''မန္ဒပ္ပဝတ္တာနိ''ဟူသောပါဠိဖြင့် စုတေခါနီးသော သတ္တဝါသည် ရေနံ ခာတ်ဆီကုန်ခန်းသော မီးကဲ့သို့ ကံအား၊ ဟဒယဝတ္ထုအား စသည်တို့သည် အလွန်အားနည်းကုန်သည်အဖြစ်ကြောင့် ဇောအရှိန်တို့သည် ပကတိအခါ၌ကဲ့သို့ ခုနစ်ကြိမ်မစောနိုင်ဘဲ ငါးကြိမ်သာ စောကုန်တော့၏ဟူသော အဓိပ္ပာယ်ကို ပြ၏။

## ပဋိသန္ဓေ ဘဝင်တို့၏အာရုံ

ထိုအခါ ပဋိသန္ဓေ ဘဝင်စိတ်တို့၏လည်း ပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်ကို ဆိုအပ်၏။

ထို့ကြောင့် ကာမာဝစရပဋိသန္ဓေ၏အာရုံကို ဆဋ္ဌဒွါရိကမရဏာသန္နဇောသည် ယူအပ်သော (ပစ္စုပ္ပန် အတိတ်ဖြစ်သော) တုတ် လှံကန် အစရှိသော ကမ္မနိမိတ်ကိုလည်းကောင်း၊ မနောဒွါရဖြင့် ယူအပ်သော (ပစ္စုပ္ပန်သာလျှင်ဖြစ်သော) အမိဝမ်းရေ အစရှိသော ဂတိနိမိတ်ကိုလည်းကောင်း ရအပ်၏။

## သေခါနီးအခါ (၅)ကြိမ်သာ စောရခြင်း

[မရဏာသန္နဇောတို့သည် ချုပ်ဖို့ရာ နီးကပ်နေသောကြောင့်လည်းကောင်း၊ ဝတ္ထုရုပ်အားနည်းသောကြောင့်လည်းကောင်း အားနည်းစွာ ဖြစ်ကြပါသည်။ စုတေခါနီးသတ္တဝါသည် ရေနံခာတ်ဆီကုန်ခန်းသောမီးကဲ့သို့ ကံအား၊ ဟဒယဝတ္ထုအား စသည်တို့ အားနည်းစွာ ဖြစ်ကြသောကြောင့် ခုနစ်ကြိမ်မစောနိုင်ဘဲ ငါးကြိမ်သာ စောပါသည်။]

''တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏေသု အာပါထမာဂတေသု ဓရန္တေသွေဝ မရဏံ ဟောတိ = (ပစ္စုပ္ပန်အာရုံများ ထင်ရှားရှိစဉ်ပင် သတ္တဝါများ သေကြသည်)''ဆိုလိုသည်မှာ ပဉ္စဒွါရ မရဏာသန္န လေးဝိထိတွင် ဇောနောင် စုတိကျသော ဝိထိမှာ

မရဏာသန္နဇောသည် ငါးကြိမ်မျှသာ ဇော၍ စုတိတိုင်အောင် ရေတွက်ကြည့်ရာ စိတ္တက္ခဏ (၁၄)ချက်သာ ရှိသေး၍ ဘဝပေါင်းက ပစ္စုပ္ပန် အာရုံမချုပ်သေးသော ကြောင့် ပစ္စုပ္ပန်အာရုံကို အာရုံပြုရသည်။ ထို့ကြောင့် ပစ္စုပ္ပန်အာရုံများ ထင်ရှား ရှိစဉ်ပင် သတ္တဝါများ သေသည်ဟု ဆိုပါသည်။

## (ပဥ္စဒွါရ) မရဏာသန္နလေးဝီထိ

၎င်းလေးဝီထိတွင် တဒါရုံအဆုံးရှိသော ဝီထိစိတ်နောင် ဘဝင် စုတိကျသော အထက်ဆုံးဝီထိသည် စိတ္တက္ခဏ (၁၇)ချက်ပြည့်မှ စုတိသို့ ရောက်သဖြင့် ပစ္စုပ္ပန် အာရုံချုပ်ပြီးမှ ဘဝသစ် ပဋိသန္ဓေ ဘဝင်တို့ ဖြစ်ရသည်။ (ဘဝသစ် ပဋိသန္ဓေ ဘဝင်တို့သည် အတိတ် ကမ္မနိမိတ်ကိုသာ အာရုံပြုရတော့သည်။)

ကျန် သုံးဝီထိသည် စိတ္တက္ခဏ (၁၇)ချက် အသက်မပြည့်ခင် စုတိသို့ ရောက် သောကြောင့် ပစ္စုပ္ပန်အာရုံ မချုပ်ခင် (ပစ္စုပ္ပန်အာရုံ ထင်ရှားရှိစဉ် သတ္တဝါများ သေကြသည်။ (ဘဝသစ် ပဋိသန္ဓေ ဘဝင်တို့လည်း ပစ္စုပ္ပန်အာရုံကိုပင် အာရုံ ပြုကြသေးသည်။)

[ထို့ကြောင့် ပစ္စုပ္ပန်အာရုံများ ထင်ရှားရှိစဉ် သတ္တဝါများ သေကြသည်ဟု ဆိုပါသည်။ မနောဒွါရ၌ ဂတိနိမိတ် ပစ္စုပ္ပန်အာရုံ၊ ပဥ္စဒွါရ၌ ကမ္မနိမိတ် ပစ္စုပ္ပန် အာရုံများ ထင်ရှားရှိစဉ်ပင် သတ္တဝါများ သေကြပါသည်။]

| မနောဒွါရ မရဏာသန္နလေးဝီထိ | ဘဝသစ် ပဋိသန္ဓေဝီထိ |
|---|---|
| န ဒ မ ဇဇဇဇဇ ဒါ ဒါ င် စု | ပဋိ+ဘဝင် ၁၅–၁၆+မ–ဇော ၇၊ ဘွင်ဘွင် |
| န ဒ မ ဇဇဇဇဇ ဒါ ဒါ စု | (ဘဝနိကန္တိကလောဘဇော ၇ ကြိမ်ကိုယူ |
| န ဒ မ ဇဇဇဇဇ င် စု | |
| န ဒ မ ဇဇဇဇဇ စု | |

## ဘဝသစ် ပဋိသန္ဓေ ဘဝင်တို့၏အာရုံ

(ထိုအခါ ဘဝသစ် ပဋိသန္ဓေ ဘဝင်တို့သည် ပစ္စုပ္ပန်ကို အာရုံပြု၏) "တဒါ ပဋိသန္ဓိဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတိ"ဆိုသည်မှာ မရဏာသန္နလေး ဝီထိတွင် အဆုံးဖြစ်သော ဇောနောင် စုတိကျသော ဝီထိမှာ အတိတဘဝင်မှစ၍ စုတိတိုင် အာရုံအသက်မှာ စိတ္တက္ခဏ (၁၄)ချက်သာ ရှိသေး၍ ပစ္စုပ္ပန်အာရုံမချုပ်

သေး၊ ထို့ကြောင့် ဘဝသစ်မှာ ပဋိသန္ဓေနှင့်ဘဝင် နှစ်ကြိမ်တို့သည် ပစ္စုပ္ပန်အာရုံ ကိုပင် ဆက်၍အာရုံပြုကြ၏။

## (ပဥ္စဒွါရ) မရဏာသန္နလေးဝိထိ

(၁၇) ၁၊ တီ န ဒ ပ စ သမ် တီ ၀ု ဇ (၅) ရုံ (၂) ဘဝင် စုတိ ၊ ဋိ

(၁၆) ၂၊ တီ န ဒ ပ စ သမ် တီ ၀ု ဇ (၅) ရုံ (၂) × စုတိ ၊

(၁၅) ၃၊ တီ န ဒ ပ စ သမ် တီ ၀ု ဇ (၅) ရုံ (၂) ဘဝင် စုတိ ၊

(၁၄) ၄၊ တီ န ဒ ပ စ သမ် တီ ၀ု ဇ (၅) ရုံ (၂) × စုတိ ၊

ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံဟူသည် တရားကိုယ်အစစ်အားဖြင့် ကာမစိတ်၊ ကာမစေတသိက် (၃၈)ပါး၊ ရုပ် (၂၈)ပါး ကာမတရားတို့သာ ဖြစ်ကုန်၏။ ထိုတွင် - ကံအာရုံမှာ ပြုခဲ့ပြီးသော ကုသိုလ်ကံ၊ အကုသိုလ်ကံများဖြစ်၍ ကာလအားဖြင့် အတိတ်ကာလ၊ အာရုံအားဖြင့် ဓမ္မာရုံ၊ ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်နိုင်၏။

လင်္ကာ။ ။ ကံအာရုံမှာ၊ တိတ်ဓမ္မာ၊ ထင်ရာမနောတည်း။

## ကမ္မနိမိတ်နှစ်မျိုး (ပစ္စုပ္ပန်ကမ္မနိမိတ်၊ အတိတ်ကမ္မနိမိတ်)

ကာမာဝစရပဋိသန္ဓေ၌ ကမ္မနိမိတ် ဂတိနိမိတ် နှစ်ပါးတွင် ကမ္မနိမိတ်ကား ပစ္စုပ္ပန်ကမ္မနိမိတ် အတိတ်ကမ္မနိမိတ် ဟူ၍ နှစ်မျိုးရှိ၏။ ပစ္စုပ္ပန်ကမ္မနိမိတ် စုတေခါနီးဝယ် မိဘဆွေမျိုးတို့သည် ဆောင်ယူထားအပ်သော ဆွမ်း ပန်း စသော မချုပ်သေးဘဲ ထင်ရှားရှိသော ကမ္မနိမိတ်သည် ပစ္စုပ္ပန်ကမ္မနိမိတ် မည်၏။

(မရဏာသန္နဇောတိုင်အောင် တစ်ဆက်တည်း မကွဲမပြားတစ်သားတည်း တည်ရှိသောကြောင့်) ထိုမရဏာသန္နဇောအခိုက် ထင်နေသော ကမ္မနိမိတ်သည် ပစ္စုပ္ပန် ကမ္မနိမိတ် မည်၏။ မရဏာသန္နဇော၏ ရှေ့ပိုင်း ကမ္မနိမိတ်များ ဘဝများစွာ သံသရာက ပြုခဲ့ပြီး ထင်လာသော ကမ္မနိမိတ်သည် အတိတ်ကမ္မနိမိတ် မည်၏။

(ရှင်သောဏ၏ ဖခင် မုဆိုးကြီး သေခါနီး ဘုရားအား ပန်းများကို လှူဒါန်းခိုင်းခြင်းမျိုးတည်း။)

သဗ္ဗြိုဟ်ဘာသာဋီကာ၏ ရှင်းလင်းချက်ကို လေ့လာပါဦး -

ကမ္မနိမိတ်မှာ ပစ္စုပ္ပန် အတိတ် နှစ်မျိုးပင်ရ၏၊ ထိုတွင် ကျောင်းဆောက်ခဲ့ဖူးသူ၌ ကျောင်းကြီးထင်လာလျှင် ထိုကျောင်းသည် အတိတ်ကမ္မနိမိတ်တည်း၊ နွားသတ်ခဲ့သူ၌ နွားကြီးထင်လာလျှင် ထိုနွားသည် အတိတ်ကမ္မနိမိတ်တည်း။ ဤသို့စသည်ဖြင့် ဘဝများစွာက ကမ္မနိမိတ်များ၏ အတိတ်ဖြစ်ပုံကိုလည်း စဉ်းစားပါ။

ပစ္စုပ္ပန် ကမ္မနိမိတ်ကား အစစ်မရနိုင်၊ မှန်၏၊ မရဏာသန္နဇောက ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကံဖြစ်မှ ကမ္မနိမိတ်သည် ပစ္စုပ္ပန်အာရုံအစစ်ဖြစ်နိုင်မည်။ မရဏာသန္နဇောသည် ပဋိသန္ဓေသစ်အား အာရုံထင်အောင် ရှက်ဆောင်ရမည့် တာဝန်ရှိနေ၍ ပဋိသန္ဓေအကျိုးကို မပေးနိုင်။ သူသည်ပင် အာရုံထင်လာအောင် ရှက်ဆောင်ရသူသည်ပင် ပဋိသန္ဓေကျိုးပေးရ ဟု နှစ်ကိစ္စ မရှက်ဆောင်နိုင်။ ထို့ပြင် ကံအကျိုးပေးရာ ဌာနတိုင်းမှာပင် ''ကတတ္တာ ဥပစိတတ္တာ''ဟု ဟောတော်မူလေ့ရှိ၏။ ''ကတ''ဟူသည် တစ်ကြိမ်တစ်ခါ ပြုမူတည်း။ ''ဥပစိတ''ဟူသည် အထပ်ထပ်ပွားစေ များစေမှု (အခါခါပြုမှု)တည်း။ တစ်ကြိမ်တစ်ခါနှင့်အကျိုးပေးနိုင်ခဲ၏။ အထပ်ထပ်ပြုမှ အကျိုးပေးတတ်သည်။ မရဏာသန္နဝီထိကျမှဖြင့် အထပ်ထပ် ပြုချိန်လည်း မရတော့၊ ပြခဲ့သော ပဋိသမ္ဘိဒါမဂ်၌လည်း ကုသိုလ်တစ်ခုကို ပြုပြီးနောက် ထိုကုသိုလ်ကို သာယာလိုက်မှ ပဋိသန္ဓေကျိုးပေးကြောင်းဖြင့် ''နိကန္တိက္ခဏေ ဒွေ ဟေတူ''ဟု ဟောပြထား၏။ မရဏာသန္နဇောကျမှဖြင့် ပြုပြီးနောက် သာယာချိန်မရနိုင်တော့ပြီ၊ ထို့ပြင် မရဏာသန္နဇောသည် စက္ခုဒွါရိကစသော ပဥ္စဒွါရိကဇောဖြစ်အံ့၊ ပဥ္စဒွါရိကဇောမှန်လျှင် အင်မတန် အားသေးရကားမည်သည့်ကမ္မပထတစ်ခုကိုမျှ ထမြောက်အောင် မပြုနိုင်၊ ဤပြခဲ့သော အကြောင်းများအရ မရဏာသန္နဇောသည် ကံအထမမြောက်၊ ကံအထမမြောက်လျှင် မရဏာသန္နဇော၏ ပစ္စုပ္ပန်အာရုံလည်း ကမ္မနိမိတ်အစစ်မဖြစ်နိုင်။ တစ်နည်းနည်းဆက်သွယ်ထားသော ကမ္မနိမိတ်အတုသာ ဖြစ်ခွင့်ရှိသည်။

**ကမ္မနိမိတ်အတု။** ။ အတုဖြစ်ပုံကို ထင်ရှားစေအံ့။ လူတစ်ယောက်သည် သေရာညောင်စောင်း၌ လျောင်းနေပြီး ဆွေမျိုးစသည်တို့က ကုသိုလ်ရစေလို၍ ပန်များကို ယူလာ၏၊ တချို့ 'ဟောဒီပန်းတွေကို ဘုရားပူဇော်လိုက်၊ ပူဇော်လိုက်''ဟု ပြော၏၊ လူမမာသည် လျောင်းရင်းပင် ဘုရားကို မှန်း၍ ပန်းပူဇော်ရှာသည်။

ကုသိုလ်ဇောတွေ အထပ်ထပ်စောသောကြောင့် ကာတ ဥပစိတ ဖြစ်၏။ ထိုကုသိုလ်ဇောတွေကို အားကိုးအားထားပြုကား မိမိကုသိုလ်ကို မိမိသာယာ၏၊ ထိုကုသိုလ်ဇောတွေကို အာသေဝနကံပြု၍ ဝင်စစ်အကျိုးပေးတော့မည်။ ပန်းတွေကား ကမ္မနိမိတ်အစစ်တည်း။ တဖြည်းဖြည်း သွေးဆုတ်ကာ မရဏာသန္နဝီထိသို့ ရောက်လာ၏။ မျက်စိလည်း မြင်တုန်း၊ ပန်းတွေလည်း ရှိတုန်းမှာ ထိုပန်းတွေကို ကြည့်ရှုလျက် စက္ခုဒွါရိက မရဏာသန္နဝီထိကျ၍ စုတေရလေပြီ။

ဤ၌ စက္ခုဒွါရိက မရဏာသန္နဇောဝီထိ၏ ပန်းအာရုံသည် ပစ္စုပ္ပန်အမှန်ပင်တည်း။ စက္ခုဒွါရိကဇောက ကံမပြောက်သောကြောင့် ကမ္မနိမိတ် (ကံ၏အာရုံ) ကား မဟုတ်ချေ၊ သို့သော် မရဏာသန္နဝီထိမကျမီက ကမ္မနိမိတ်ပန်းနှင့် မရဏာသန္နဝီထိ၏ အာရုံဖြစ်တဲ့ ပန်းသည် (ပရမတ္ထအလို ခဏခဏပျက်သောကြောင့် တစ်ခု တည်းဟု မဆိုနိုင်သော်လည်း) သန္တတိပညတ်အားဖြင့် မကွဲမပြား တစ်သားတည်း တစ်ခုတည်းပင် ဖြစ်ရကား ကမ္မနိမိတ်အစစ်ပန်းနှင့် ယခု မရဏာသန္နဝီထိအခိုက် ထင်သော ပန်းတို့၏ တူမျှမှုကို စွဲ၍ သဒိသူပစာရအားဖြင့် မရဏာသန္နဇော၏ အာရုံဖြစ်သော ပန်းကိုပင် ပစ္စုပ္ပန်ကမ္မနိမိတ်ဟု ခေါ်ဝေါ်ရသည်။ ''ပစ္စုပ္ပန်ကား အစစ်ကမ္မနိမိတ်ဟူသောနာမည်ကား သဒိသူပစာရ''ဟူလို။

သဒ္ဒါရုံစသည်။ ။တရားသံစသည်ကို နာယူရင်း စုတေလျှင် သဒ္ဒါရုံ၊ လှူအပ်သော ပန်းတို့၏အနံကို အာရုံပြုရင်း စုတေလျှင် ဂန္ဓာရုံ၊ စတုမဓုစသော အရသာကို ကိုယ်တိုင်လည်းစား၍ သံဃာအားလည်း လှူဒါန်းစဉ် စုတေလျှင် ရသာရုံ၊ ဖဲမွေ့ရာစသည်ကို လက်ဖြင့် ကိုယ်ယူလှူဒါန်းစဉ် စုတေလျှင် ဖောဋ္ဌဗ္ဗာရုံ၊ မိမိကိုယ်ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုစဉ် စုတေလျှင် ဓမ္မာရုံကို အာရုံပြု၍ သောတဒွါရစသော ဝီထိများလည်း ထိုက်သလို ဖြစ်ကြ၏။ ဤနည်းဖြင့် ဒွါရခြောက်ပါးဝယ် အာရုံခြောက်ပါးတို့ ထိုက်သည့်အားလျော်စွာ ပစ္စုပ္ပန် ကမ္မနိမိတ်များ ဖြစ်နိုင်ကြသည်။ အကုသိုလ်အရာကိုလည်း ဖွေရှာထုတ်ပြပါ။

လက်ာ။ ။ ယင်းနိမိတ္တံ၊ ပစ္စုပ္ပန်၊ ခြောက်တန်ဆဒ္ဒါရ။

[အတိတ်ကမ္မနိမိတ် - ရှေးအခါက ပြုခဲ့သော ချုပ်ဆုံးပျောက်ကွယ်ပြီးသော ဆွမ်း သင်္ကန်း ကျောင်း ကန် စသော ကုသိုလ်ကမ္မနိမိတ်နှင့် တုတ် လှံတန် ဓား စသော အကုသိုလ်ကမ္မနိမိတ်တို့သည်လည်းကောင်း (မရဏာသန္နဇောမတိုင်ခင်

အထိ ပြုလုပ်အပ်သမျှသော ကုသိုလ် အကုသိုလ် ကမ္မနိမိတ်သည်လည်းကောင်း) အတိတ်ကမ္မနိမိတ်မည်ကုန်၏။ ထိုအတိတ်ကမ္မနိမိတ်သည် မနောဒွါရတစ်ခု၌သာ ထင်နိုင်၏၊ (အတိတ်က ပြုခဲ့သော ကမ္မနိမိတ်များကား စိတ်မနောဒွါရ၌သာ ထင်လာပုံမှာ သိသာလှပေသည်။)

**လင်္ကာ။** ။ ကမ္မနိမိတ်၊ အတိတ်လွန်လေ၊ ပြားခြောက်ထွေ၊ ထင်လေမနောတည်း။

**မှတ်ချက်။** ။ အတိတ်ကမ္မနိမိတ်သည်သာ ကမ္မနိမိတ်အစစ်ဖြစ်သည်။ ပစ္စုပ္ပန် ကမ္မနိမိတ်သည် (မရဏာသန္နအခါ ထင်သော အားနည်းသည် ကမ္မနိမိတ်ဖြစ်၍ ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့်) ကမ္မနိမိတ်အတုသာ ဖြစ်သည်။ (မရဏာသန္နအခါ ထင်သောအာရုံသည် အာရုံထင်မှု ကိစ္စကိုသာ တပ်နိုင်၏၊ ပဋိသန္ဓေအကျိုးကို ပေးခြင်းကိုကား မတပ်နိုင်။)

## ဂတိနိမိတ်

ဂတိနိမိတ်သည် ကာလအားဖြင့် ပစ္စုပ္ပန်ကာဖြစ်၍ အာရုံအားဖြင့် ရူပါရုံ ၊ ဒွါရအားဖြင့် အိပ်မက်မက်နေသလို မေ့မြောနေစဉ် ထင်လာခြင်းဖြစ်သောကြောင့် မနောဒွါရ၌သာ ထင်နိုင်၏။

**လင်္ကာ။** ။ ဂတိမှာကား၊ ပန်, ရူထား၊ ထင်ပြားမနောတည်း။

(အဌကထာဆရာ၊ ဋီကာကျော်ဆရာတို့အလိုတည်း)

## လယ်တီဆရာတော်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာဆို့အဆိုအရ ဂတိနိမိတ် ခြောက်ဒွါရ၌ ထင်နိုင်ပုံ

ဂတိနိမိတ်ထင်ရာ၌ ရောက်ရမည့်ဘဝ၏ အဆင်းရူပါရုံများသာမက အဆင်း အသံ အနံ့ စသည် အာရုံခြောက်ပါးပင် ဒွါရခြောက်ပါးလုံး၌ ထင်နိုင်၏။ သာဓက အားဖြင့် နတ်ပြည်သွားမည့် ဓမ္မိကသတင်းသည်နှင့် ဒုဌဂါမဏိမင်းတို့သည် နတ်ရထားဆိုက်လာသောအခါ နတ်ရထားခ၏အဆင်း၊ ညိုးညိုးညံ့ညံ့အသံများ၊ နတ်ပန်းအမွှေးအကြိုင် စသည်များပါ ထင်နိုင်သဖြင့် အာရုံခြောက်ပါးလုံး ဒွါရခြောက်ပါးလုံး၌ ထင်နိုင်ပေသည်။ ရောက်တော့မည်ဘဝကို လက်ငင်းချက်ချင်း ထင်နေသည်ဖြစ်၍ ပစ္စုပ္ပန်ကာလဟု ဆို၏။

**လင်္ကာ။** ။ ဂတိခြောက်တန်၊ ပစ္စုပ္ပန်၊ ထင်ရန် ဆဒွါရ။

ထို့ပြင် ပစ္စုပ္ပန်ဂတိနိမိတ်သည် ပြီးခဲ့သော နောက်နောင်ဝိထိတို့၏ အာရုံ ဖြစ်လျှင် ဂတိနိမိတ်သည် အတိတ်လည်း ဖြစ်နိုင်ပြန်၏၊ အတိတ်ကို အာရုံပြုသော ဂတိနိမိတ်ကား မနော၌ရ၍သာ ထင်နိုင်သည်။

**လင်္ကာ။** ။ ဂတိနိမိတ်၊ အတိတ်လွန်လေ၊ ပြားခြောက်ထွေ၊ ထင်လေမနောတည်း။

ထို့ကြောင့် ဂတိနိမိတ်ကိုလည်း ကမ္မနိမိတ်နှင့် အာရုံ ကာလ ၌ရအားဖြင့် သဘောတူပင် အရှင်အနုရုဒ္ဓါ ဆိုတော်မူသည်။

**မရဏာသန္နဇော (သေခါနီးဇော) ပဋိသန္ဓေကျိုး မပေးနိုင်**

မရဏာသန္နဇောအခိုက် ငါးကြိမ်သာ စောတော့သဖြင့် အားနည်းလှသည် ဖြစ်၍ တဏှာဖြင့် သာယာမှုလည်း မဖြစ်နိုင်တော့။ မရဏာသန္နဇောသည် တစ်ဝိထိ၊ တစ်ဝိထိထက် အနည်းသာပို၍ဖြစ်သဖြင့် အကြိမ်များစွာ ဆည်းပူးအပ်သော အာသေဝနပစ္စည်းလည်း မရသဖြင့် ပဋိသန္ဓေကျိုးကို မပေးနိုင်ပါ

**ရူပပဋိသန္ဓေ၏အာရုံ**

ရူပါဝစရပဋိသန္ဓေ၏အာရုံမှာ ပထဝီကသိုဏ်း အစရှိသော ပညတ်ဖြစ်သော ကမ္မနိမိတ်တည်း။ ရူပါဝစရဈာန်သည် ကသိုဏ်းစသော ပညတ်ကို အာရုံပြုရကား စုတေခါနီး ဈာန်၏အာရုံဖြစ်သော ကသိုဏ်းပညတ်များသည် ကမ္မနိမိတ်အဖြစ်ဖြင့် ထင်လာရမြဲဖြစ်၏။ ထို့ကြောင့် စုတိ၏အခြားမဲ့၌ ဗြဟ္မာပြည်မှာ ဖြစ်သော ပဋိသန္ဓေစိတ်လည်း ထိုကသိုဏ်းစသော ပညတ်ကမ္မနိမိတ်ကိုပင် ဆက်၍သာ အာရုံပြုသည်။ (ပညတ်ဖြစ်၍ ကာလအတွက် စဉ်းစားဖွယ်မလို၊ ကာလဝိမုတ်သာ ဖြစ်သည်။)

**အရူပပဋိသန္ဓေ၏အာရုံ**

အရူပပဋိသန္ဓေ၏အာရုံမှာ ပညတ် မဟဂ္ဂုတ် နှစ်မျိုးနှင့်ဆိုင်သော ကမ္မနိမိတ် တည်း။

**အရူပစိတ်လေးပါးတွင်** –

(၁) ပထမအရူပစိတ်သည် ကောင်းကင်ပညတ် ကမ္မနိမိတ်အာရုံ၊
(၂) တတိယအရူပစိတ်သည် နတ္ထိဘောပညတ် ကမ္မနိမိတ်အာရုံ၊
(၃) ဒုတိယအရူပစိတ်သည် ပဌမအရူပစိတ်ဟူသော အတိတ် မဟဂ္ဂုတ် စိတ် ကမ္မနိမိတ်အာရုံ၊

(၄) စတုတ္ထ အရူပစိတ်သည် တတိယအရူပစိတ်ဟူသော အတိတ်မဟဂ္ဂုတ်စိတ် ကမ္မနိမိတ်အာရုံ။

ဤသို့ အသီးသီး (ယထာရဟ-ထိုက်သည့်အားလျော်စွာ) ဖြစ်ကြကုန်၏။

## အသညသတ်ဘုံသားတို့၏ ပဋိသန္ဓေ

အသညသတ်ဘုံသားတို့သည် ရုပ်သာရှိ၍ နာမ် (စိတ် စေတသိက်) တရားမရှိရကား ဇီဝိတနဝကကလာပ်ခေါ်သော ရုပ်တရားဖြင့် ပဋိသန္ဓေနေရလေသည်။

ထို့ကြောင့် အသညသတ်ဘုံသားတို့သည် ရုပ်ခန္ဓာတစ်ခုတည်းသက်သက် ပဋိသန္ဓေနေသော ဧကဝေါကာရဘုံသား မည်၏။ အရူပဘုံသားတို့သည် ရုပ်မရှိဘဲ နာမ်ခန္ဓာလေးပါးဖြင့်သာ ပဋိသန္ဓေနေသော စတုဝေါကာရဘုံသားတို့မည်၏။ ကျန်ကာမဘုံ ရူပဘုံသားများသည် (ရုပ်+နာမ်) ခန္ဓာ၅းပါးလုံးဖြင့် ပဋိသန္ဓေနေသော ပဉ္စဝေါကာရဘုံသားတို့မည်၏။

ရူပါဝစရစုတိ (ရူပဝိပါက်) ၅းခုနောင် (ပဋိသန္ဓေစိတ် ၁၉-ပါးတွင် အဟိတ်ပဋိသန္ဓေ နှစ်ခုကို ကြဉ်) ပဋိသန္ဓေစိတ် (၁၇)ပါး နှောင်းနိုင်၏။ ရူပဘုံမှ စုတေလျှင် ရူပ အရူပဘုံ၌လည်း ပဋိသန္ဓေနေနိုင်၏။ ကာမဘုံ၌လည်း တိဟိတ် ဒွိဟိတ် ပဋိသန္ဓေနေနိုင်၏။ (ဤစကားသည် ပုထုဇဉ်ကို ရည်ရွယ်သော စကားဖြစ်၏၊ အရိယာတို့ကား အထက်ရောက်လျှင် အောက်ဘုံသို့ ပြန်၍ ပဋိသန္ဓေမနေပြီ။)

### (ရူပါဝစရစုတိနောင် အဟိတ်ပဋိသန္ဓေ+အပါယ်ပဋိသန္ဓေတို့ မရနိုင် ခြင်းအကြောင်း)

[ရူပါဝစရစုတိ အရ အသညသတ်စုတိကို မယူရ၊ ရူပဝိပါက်စိတ် ၅းခုသာ ယူရ၏။ ရူပဘုံမှာ စုတေလျှင် ရရှိသော ဈာန်အားလျော်စွာ ရူပ အရူပဘုံ၌ ဖြစ်နိုင်၏။ ရူပဘုံ၌ ကာယကံ ဝစီကံတွေ အမျိုးမျိုးဖြစ်နေသောကြောင့် ဈာန်မရလျှင် ထိုကံအားလျော်စွာ ကာမဘုံ၌ ဒွိဟိတ်+တိဟိတ် ပဋိသန္ဓေနေနိုင်၏။ နီဝရဏ တို့ကို ပယ်ခွာထားသဖြင့် ဈာန်ဖြင့် ထုံထားသော စွမ်းအင်ရှိပြီးသော စိတ်ဖြစ် သောကြောင့် အဟိတ်ပဋိသန္ဓေအကျိုး မဖြစ်စေနိုင်တော့ပါ။] (ဘာသာဋီ၊ ၄၃၇)

### ရူပါဝစရစုတိနောင် ဒွိဟိတ်ပဋိသန္ဓေဖြစ်နိုင်သေးကြောင်း

ရူပဈာန်၏အနီး၌ဖြစ်သော ကာမာဝစရဉာဏသမ္ပယုတ် သမာဓိဇော - ဥပစာရဇောသည် တိဟိတ်ဖြစ်သည် မှန်သော်လည်း [တိဟိတ်တွင် တိဟိတ်ညြမက

ကံလည်း ဖြစ်သင့်သေးသောကြောင့် (တိဟိတ်ဩမကဖြစ်လျှင် ဒွိဟိတ်ဥက္ကဋ္ဌနှင့် အဆင့်တူသောကြောင့်) ဒွိဟိတ်ပဋိသန္ဓေလည်း ဖြစ်သင့်ပါသေးသည်။

အာကာသာနဉ္စာယတနဘုံမှ စုတေသော ဗြဟ္မာကြီးသည် အရူပပဋိသန္ဓေ လေးပါး၊ ကာမတိဟိတ်ပဋိသန္ဓေလေးပါးအားဖြင့် ပဋိသန္ဓေ (၈)ပါးသာ ဖြစ်နိုင်၏။ (ဒွိဟိတ်မျိုး၊ ငရဲမျိုး၌ မဖြစ်နိုင် ဆိုလိုသည်။ ကြွင်း ဤအတိုင်းသိ။)

ဝိညာဏာနဉ္စာယတနစုတိစိတ်နောက်၌ ဝိညာဏာနဉ္စာယတနပဋိသန္ဓေ တစ်ပါး၊ အာကိဉ္စညာယတနပဋိသန္ဓေတစ်ပါး၊ နေဝသညာနာသညာယတန ပဋိသန္ဓေတစ်ပါး၊ ကာမတိဟိတ်ပဋိသန္ဓေလေးပါးအားဖြင့် ခုနစ်ပါးသော ပဋိသန္ဓေ စိတ်တို့သည် ဖြစ်ကုန်၏။

အာကိဉ္စညာယတနစုတိမှ နောက်၌ အာကိဉ္စညာယတနပဋိသန္ဓေတစ်ပါး၊ နေဝသညာနာသညာပဋိသန္ဓေတစ်ပါး၊ ကာမတိဟိတ်ပဋိသန္ဓေလေးပါးအားဖြင့် ခြောက်ပါးသော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

နေဝသညာနာသညာစုတိမှ နောက်၌ နေဝသညာနာသညာယတန ပဋိသန္ဓေတစ်ပါး၊ ကာမတိဟိတ်ပဋိသန္ဓေလေးပါးအားဖြင့် ငါးပါးသော ပဋိသန္ဓေ စိတ်တို့သည် ဖြစ်ကုန်၏။

## အထက်အရူပစုတိစိတ်နောင် အောက်အောက် အရူပပဋိသန္ဓေများကို ကြဉ်ရခြင်း

အထက်အထက် အရူပဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့သည် အောက်အောက် ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သောကံကို အားမထုတ်ကြသောကြောင့် အောက် အရူပပဋိသန္ဓေများကို ကြဉ်ရပါသည်။

## အရူပဗြဟ္မာများ စုတေလျှင် တိဟိတ်ကာမဘုံသားဖြစ်ရခြင်း

အရူပဘုံသားတို့မှာ မိမိရရှိသောဈာန် အောက်အောက်ဈာန်တို့သည် ငြိမ်း ကုန် ဆိတ်သုဉ်းကြကုန်၏။ ထိုထိုအောက်အောက်ဈာန်တို့ကို ထပ်မံအားထုတ် မှုလည်း မရှိကြကုန်။ ထို့ကြောင့် အရူပဘုံသားအတွင်းမှာပင် အောက်အောက် ဘုံ၌ ထပ်၍ဖြစ်လေ့မရှိကြကုန်။ ထိုအရူပဘုံသားပုထုဇဉ်တို့သည် (ပမာဒပက္ခ=မေ့ လျော့သောအဖို့) တည်၍ ဈာန်ကို လွှတ်ကြကုန်ပြီးလျှင် (ဩရမ္ဘာဂိယသံယောဇဉ်= အောက်ကာမဘုံ၌ ဖြစ်ခြင်းအဖို့အရှိသော သံယောဇဉ်) ဆွဲငင်မှုကြောင့် ကာမဘုံသို့

လားကြရကုန်သော်လည်း ဒွိဟိတ်+အဟိတ်ပုဂ္ဂိုလ်များ မဖြစ်ကြတော့။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်တို့သန္တာန်၌ တိဟိတ်ပဋိသန္ဓေကို ဖြစ်စေတတ်သော၊ အားကြီးသော တိဟိတ်ဥက္ကဋ္ဌ ဥပစာရစေတနာမှတစ်ပါး အခြားသော အားနည်းသည့် ဒုဗ္ဗလကံတို့ အကျိုးပေးခွင့်မရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကာမဘုံသို့ လာလျှင် တိဟိတ်သာလျှင် ဖြစ်ရသည်။

## အသညသတ်စုတိနောင် နောင်းနိုင်သော ပဋိသန္ဓေများ

အသညသတ်ဘုံ၌ ဈာန်ကို ဆက်၍မရသောကြောင့် အသညသတ်စုတိနောင် ရူပ အရူပ ပဋိသန္ဓေများ မနောင်းနိုင်၊ အသညသတ် မရောက်ခင် ကာမဘုံဝယ် ဈာန်ကို အားထုတ်စဉ်က နီဝရဏတွေကို ပယ်ခွာထားသဖြင့် အဟိတ်ပဋိသန္ဓေကျိုးကို ပေးမည့်ကံများလည်း အခွင့်မရနိုင်ကြ။ ထို့ကြောင့် အသညသတ်စုတိနောင် ကာမဒွိဟိတ်+တိဟိတ် ပဋိသန္ဓေ-၅ပါး နောင်းနိုင်သည်။ (ဘာသာဋီကာ၊ ၄၃၈)

လင်္ကာ။ ။ အသညဘုံ၊ စုတိတုံက၊ ကာမတိဟိတ်၊ ဒွိဟိတ်သန္ဓေ၊ ရှစ်ခုနေ၏။

ကာမတိဟိတ် (မဟာဝိပါက် ဉာဏသမ္ပယုတ်) လေးခုနောင် (ရုပ်ပဋိသန္ဓေနှင့်တကွ) ပဋိသန္ဓေ ၂၀-လုံး နောင်းနိုင်၏။ [ဈာန်ရလျှင် ရူပ+အရူပဘုံသို့ ရောက်နိုင်၏၊ ဈာန်မရလျှင် ကာမဘုံ၌ ထိုက်သလို ဖြစ်နိုင်၏။]

ဆိုခဲ့ပြီးသော စုတိစိတ်များမှ ကြွင်းသော ကာမ အဟိတ် ဒွိဟိတ် စုတိ [(မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄)+အဟိတ်ဥပေက္ခာသန္တီရဏ ၂-ခု] ဤစုတိခြောက်ခုနောင် ထိုဒွိဟိတ် အဟိတ်ပုဂ္ဂိုလ်တို့က ဈာန်မရနိုင်သောကြောင့် ကာမပဋိသန္ဓေ (၁၀)ခု သာ နောင်းနိုင်၏။

## ဘဝင်ဖြစ်ပုံ

ပဋိသန္ဓေစိတ် ချုပ်သွားပြီးသောအခါ ထိုပဋိသန္ဓေစိတ်၏အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်သည်ပင် စုတိစိတ်ဖြစ်သည်တိုင်အောင် ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည်မရှိသော် ဘဝ၏အကြောင်း၏အဖြစ်ဖြင့် ဘဝမပြတ်အောင် ဆက်စပ်ပေးသော ဘဝင်အစဉ်ဟု ဆိုအပ်သော စိတ်သည် မပြတ်မူ၍ မြစ်ရေအယဉ်ကဲ့သို့ ဖြစ်၏။

**စုတိစိတ်ဖြစ်ပုံ။** ။ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် ယခုဘဝဆုံးရာ၌လည်း ရွေ့လျော စုတိသည်၏အစွမ်းဖြင့် စုတိစိတ်ဖြစ်၍ ချုပ်၏။

## ပဋိသန္ဓေစိတ်ကိုပင် ဘဝင်စိတ်၊ စုတိစိတ်ဟု ခေါ်ရကြောင်းဥပမာ

တစ်ဘဝ၌ ပဋိသန္ဓေ+ဘဝင်+စုတိတို့သည် ဘူမိ+ဇာတိ+သမ္ပယုတ္တဓမ္မ+သင်္ခါရ+အာရုံအားဖြင့် တူကြသောကြောင့် ချုပ်သွားသော ပဋိသန္ဓေစိတ်သည်ပင် ပဋိသန္ဓေ၏အာရုံကို အာရုံပြုကာ ဘဝင် စုတိစိတ်တို့အနေဖြင့် ဖြစ်ကြသည်။

အမှန်မှာ ပဋိသန္ဓေစိတ်မှာ ချုပ်သွားပြီဖြစ်၍ တူဖို့ရာမရှိ၊ သီးသန့်စီသာ ဖြစ်ကြသည်။ သို့သော်လည်း -

လူမမာတစ်ဦးသည် ဆေးပုလင်းတစ်ခု၏အတွင်းမှ ဆေးကို နေ့စဉ်နေ့တိုင်း မှန်မှန်ယူစား၍နေ၏၊ ယနေ့စားသောဆေးသည် လွန်ခဲ့သော နေ့ရက်များက စားခဲ့သောဆေးများ မဟုတ်ပါဘဲလျက် ဖြတ်+ပိတ်ချင်း+ချင်း စသော ဆေးမြစ် အစွမ်းသတ္တိများ ညက်ညောပုံ၊ အဆင်းအသွေးစသည် တူညီသောကြောင့်သာ မနေ့က ဆေးကိုပဲ ဆက်စားနေသည်ဟု လောက၌ ပြောရသကဲ့သို့ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် ဘဝင်စိတ် စုတိစိတ်ဖြစ်သည့်တိုင်အောင် မပြတ်ဖြစ်နေသောကြောင့် ပဋိသန္ဓေစိတ်ကိုပင် ဘဝင်စိတ် စုတိစိတ် ဟူ၍ ခေါ်ခြင်းဖြစ်သည်။ တခြားစီ တခြားစီဖြစ်ကြသော်လည်း ဘုံ ဇာတ် သမ္ပယုတ္တ ဓမ္မ အာရုံ တူကြသောကြောင့်သာ တစ်မျိုးတည်း၊ တစ်ခုတည်းကဲ့သို့ ပြဆိုခြင်းဖြစ်သည်။ စင်စစ် တခြားစီသာတည်း။

## သံသရာစက် လည်ပုံနှင့်ပြတ်ပုံ

(လည်ပုံ) ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည်လည်းကောင်း၊ (ဘဝင်သည်လည်းကောင်း၊ ဝီထိစိတ်သည်လည်းကောင်း) စုတိစိတ်သည်လည်းကောင်း ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင် ရထားလှည်းဘီးစက်ကဲ့သို့ တစ်ပြောင်းပြန်ပြန် လည်၍ဖြစ်သကဲ့သို့ တစ်ဖန်ဘဝတစ်ပါး၌လည်း ပဋိသန္ဓေ+ဘဝင်+ဝီထိ+စုတိ စသော စိတ်အစဉ်တို့သည် တပြောင်းပြန်ပြန် လည်၍ဖြစ်၏။

(ပြတ်ပုံ) တိဟိတ်ပဋိသန္ဓေဉာဏ်ပညာရှိတို့သည် မမြဲသော သဘောရှိသော ထိုဝဋ်တရားကို ပညာဖြင့် ဆင်ခြင်၍ ရှည်မြင့်စွာသော ကာလပတ်လုံး ကောင်းသော အကျင့်သီလ+သမာဓိ ရှိကုန်သည်ဖြစ်၍ ကောင်းစွာ မဂ်ဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်း နှောင်ဖွဲ့ခြင်းရှိကုန်သည်ဖြစ်၍ ရွေ့လျောခြင်းမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိကုန်၍ ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကုန်လတ္တံ့။

ဝီထိမုတ်ပိုင်း ပြီး၏။

# ရုပ်ပိုင်း

စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာ – ခေါင်းစဉ်အရ

(၁) စိတ်ပိုင်းနှင့်စေတသိက် (၅၂)ပါးကို အကျဉ်း–ဥဒ္ဒေသအားဖြင့်လည်း ကောင်း၊

(၂) စိတ်စေတသိက်တို့ကို သမ္ပယောဂနည်း၊ သင်္ဂဟနည်းတို့ဖြင့် နိဒ္ဒေသ–အကျယ်အားဖြင့်လည်းကောင်း၊

(၃) ပကိဏ်းပိုင်း သင်္ဂဟ (၆)မျိုးတို့ဖြင့် ပဋိနိဒ္ဒေသ–တစ်ဖန် အကျယ်ချဲ့သောအားဖြင့်လည်းကောင်။

(၄) ဝီထိပိုင်းဖြင့် စိတ်တို့၏ဖြစ်စဉ်–ပဝတ္တိအားဖြင့်လည်းကောင်း၊

(၅) ဝီထိမုတ်ပိုင်းဖြင့် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်အစွမ်းဖြင့် ဖြစ်ခြင်း–ပဋိသန္ဓေအားဖြင့်လည်းကောင်း ဝေဖန်ဖော်ပြပြီး၍ ရုပ်ပိုင်းကို ဆက်လက်ပြဆိုသည်။

သပ္ပဘေဒပဝတ္တိကာလ၌ ပဘေဒ–အပြားဟူသည် ဥဒ္ဒေသ၊ နိဒ္ဒေသ၊ ပဋိနိဒ္ဒေသတို့ဖြင့် ဝေဖန်ဖော်ပြအပ်သော စိတ် ၈၉ (၁၂၁)ပါး စေတသိက် ၅၂–ပါး အပြားကိုဆိုခြင်းဖြစ်သည်။

သ+ ပဝတ္တိကာဖြင့် –စိတ်ဖြစ်စဉ် ဝီထိ = ပဝတ္တိအစွမ်းအားဖြင့်လည်းကောင်း၊ ပဋိသန္ဓေ ဘဝင် စုတိ အစွမ်းအားဖြင့်လည်းကောင်း၊ စိတ်စေတသိက်တရားတို့ကို ဝေဖန်ဖော်ပြခြင်းကို ယူရမည်။

၁။ ရုပ်တို့ကို အကျဉ်းအားဖြင့် ဖော်ပြခြင်းသည် ရူပသမုဒ္ဒေသမည်၏။

၂။ ကေဝိဓ စသည်တို့၏အစွမ်းဖြင့် ရုပ်အပြားကို ခွဲခြားဝေဖန်ခြင်းသည် ရူပဝိဘာဂ မည်၏။

၃။ စိတ်ကြောင့်ဖြစ်သောရုပ်စသည်ဖြင့် ရုပ်တို့၏ဖြစ်ခြင်းအကြောင်းကို ဖော်ပြခြင်းသည် ရူပသမုဋ္ဌာန မည်၏။

ဤအကြောင်းကြောင့် ရုပ်သည် (ဝါ) အကျိုးသည် ဖြစ်တတ်၏၊ ဤသို့ ရုပ်၏ဖြစ်ခြင်းအကြောင်းဖြစ်သောကြောင့် ကံအစရှိကုန်သော ရုပ်ကို ဖြစ်စေတတ်သောအကြောင်းတို့သည် ရူပ သမုဋ္ဌာန်မည်၏။ (ဋီ၊ မြန်)

၄။ စက္ခုဒွါရက စသည်ဖြင့် ရုပ်တို့ကို အပေါင်းအစည်းအားဖြင့် ဝေဖန်ဖော်ပြခြင်းသည် ရူပကလာပ မည်၏။
၅။ ဘုံ၊ ကာလ၊ သတ္တဝါတို့၏ အပြားဖြင့် ရုပ်တို့၏ ဖြစ်စဉ်ကို ဖော်ပြခြင်းသည် ရူပ ပဝတ္တိက္ကမ မည်၏။

## ၁။ ရူပသမုဒ္ဒေသ
## မဟာဘုတ်လေးပါးနှင့်ဥပါဒါရုပ်အဖွင့်

(၁) ဥပါဒိန္နသန္တာန်၊ အနုပါဒိန္နသန္တာန်တို့၌ သသမ္ဘာရဓာတ်၏အစွမ်းဖြင့် များကုန်သည်ဖြစ်၍ ထင်ရှားဖြစ်တတ်ကုန်သောကြောင့် မဟာဘုတ် မည်ကုန်၏။ (ဋီ၊ မြန်)

တစ်နည်းကား - တစ်ပါးမက များသောအပြားရှိသော အံ့ဖွယ်အထူးကို ပြတတ်သောကြောင့်လည်းကောင်း။ များစွာသော မဟုတ်မမှန်သော သဘောကို ပြတတ်သောကြောင့်လည်းကောင်း၊ ထိုသူတို့၌ များကုန်သော အံ့ဖွယ်အထူးတို့သည် ရှိကုန်သောကြောင့် ထိုသူတို့သည် မဟာဘုတ်မည်ကုန်၏။ (ဋီ၊ မြန်)

တစ်နည်း - ထိုသူတို့၌ များစွာကုန်သော မဟုတ်မမှန်သော ဝတ္ထုတို့သည် ရှိကုန်သောကြောင့် ထိုသူတို့သည် မဟာဘူတ မည်ကုန်၏။ မျက်လှည့်သည် အစရှိသူတို့ကိုရ၏။ (ဋီ၊ မြန်)

မဟာဘုတ်မည်ပုံ = သမုဒ္ဒရာ၌ ရှိသော ငါးကြီး၊ လိပ်ကြီး၊ အသူရိန်နတ်ကြီး၊ ဗြဟ္မာကြီးစသော ဥပါဒိန္နသန္တာန်၊ စကြဝဠာ၊ ရေ၊ မြေ စသော အနုပါဒိန္နသန္တာန်တို့၌ မဟာဘုတ်ဟု ဆိုအပ်သော သသမ္ဘာရဓာတ်တို့၏ အစွမ်းဖြင့် ကြီးမား၍ ထင်းရှားစွာ ဖြစ်တတ်သောကြောင့်လည်းကောင်း၊ မျက်လှည့်သည် ဘီလူးမတို့နှင့်တူသောကြောင့်လည်းကောင်း၊ ကြီးမားသော မဟာဘုတ် ဥပါဒါန် ရုပ်တို့၏ ဖြစ်ရာဖြစ်သောကြောင့်လည်းကောင်း မဟာဘုတ်မည်၏။ (ဋီ၊ မှတ်ချက်)

### မဟာဘုတ်တို့၏မျက်လှည့်ဆရာ၊ ဘီလူးမတို့နှင့်တူပုံ

ထိုရုပ်တရားတို့သည် မိမိသည် မညိုခြင်းအစရှိကုန်သော သဘောရှိကုန်သည်ဖြစ်၍ ညိုသောအဆင်းအစရှိကုန်သော သဘောဖြင့် ဥပါဒါရုပ်ကို ပြခြင်းအစရှိသောအားဖြင့် ထိုမျက်လှည့်သည်တို့နှင့် တူကုန်သောကြောင့် မဟာဘုတ် မည်ကုန်၏။

တစ်နည်းကား – နှစ်လိုဖွယ်သော အဆင်းသဏ္ဌာန် အစရှိသည်တို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်ကုန်သော ဘီလူးမအစရှိသည်ကဲ့သို့ နှစ်လိုဖွယ်သော မိန်းမ ယောကျ်ားတို့၏အဆင်းကို ပြခြင်းအစရှိသည်ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သည်၏အဖြစ်ကြောင့် ထိုရုပ်တရားတို့၌ များစွာကုန်သော မဟုတ်မမှန်သော သဘောတို့သည် ရှိကုန်သောကြောင့် မဟာဘုတ်မည်ကုန်၏။

ထိုရုပ်တရားတို့သည် များကုန်သည်ဖြစ်၍ ထင်ရှားဖြစ်တတ်ကုန်သောကြောင့် မဟာဘုတ်မည်ကုန်၏ ဟူ၍ သမုတ်အပ်ကုန်၏။

မဟုတ်မမှန်သဖြင့် လှည့်ပတ်တတ်ကုန်သည်ဖြစ်၍ မျက်လှည့်သမားအစရှိသည်နှင့် တူကုန်သောကြောင့် မဟာဘုတ်ဟု သမုတ်အပ်ကုန်၏။ (ဋီ၊ မြန်)

တစ်နည်းကား – များစွာဖြစ်၍ ထင်ရှားဖြစ်တတ်သည်ဖြစ်၍ ထိုရုပ်တို့၌ များစွာကုန်သော ဥပါဒါရုပ်တို့သည်လည်းကောင်း၊ မဟာဘုတ်တို့သည်လည်းကောင်း ဖြစ်တတ်ကုန်၏၊ ထိုသို့ဖြစ်ရာဖြစ်သောကြောင့် မဟာဘုတ်မည်ကုန်၏။ (ဋီ၊ မြန်)

မဟာဘုတ်ကို မှီ၍ဖြစ်သောကြောင့် ဥပါဒါရုပ် မည်၏။

**ကောဒသ** အရကား ရုပ်တို့ကို ဇာတ်တူအားဖြင့် ပေါင်းလိုက်သည်ရှိသော် ဘူတရုပ် (၁)၊ ပသာဒရုပ် (၁)၊ ဂေါစရရုပ် (၁) ၊ ဘာဝရုပ် (၁)၊ ဟဒယရုပ် (၁)၊ ဇီဝိတရုပ် (၁)၊ အာဟာရရုပ် (၁)၊ ပရိစ္ဆေဒရုပ် (၁)၊ ဝိညတ်ရုပ် (၁)၊ ဝိကာရရုပ် (၁)၊ လက္ခဏရုပ် (၁) အားဖြင့် (၁၁)ပါးဖြစ်၏ ဟူလို (ဋီ၊မှတ်ချက်)

## မဟာဘုတ်တို့လည်း အပြန်အလှန်မှီကြ၍ ဥပါဒါရုပ်ဟု ခေါ်နိုင်/ မခေါ် နိုင်။

သူတစ်ပါးကို မှီခိုသူသက်သာဖြစ်ပြီး အမှီခံအဖြစ် လုံးဝမရသောရုပ်ကိုသာ ဥပါဒါရုပ် ဟူ၍ ခေါ်ပါသည်။ မဟာဘုတ်သည် အမှီခံလည်းဖြစ်၊ မှီခိုသူလည်းဖြစ်၍ ဥပါဒါရုပ်ဟူ၍ မခေါ်ဆိုနိုင်ပါ။

အလွန်အံ့သြဖွယ်ကောင်းသောကြောင့်လည်း မဟာဘုတ်မည်၏။

(လ နေ နက္ခတ် စသော ဆန်းကြယ်သမျှ အရာဝတ္ထုများ)

အကြီးအကျယ် ဖောက်ပြန်တတ်သောကြောင့်လည်း မဟာဘုတ်မည်၏။ (ကမ္ဘာကြီး ပျက်စီးပုံစသည်။)

မဟာဘုတ်လေးပါးလက္ခဏာ အဘိဓမ္မာ၌ပြန်ကြည့်ပါ။

## မဟာဘုတ်လေးပါး၏အဓိပ္ပာယ်

**ပထဝီ**။ ။ မိမိနှင့်အတူတကွ ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏တည်ရာ မှီရာဖြစ်သောကြောင့် ပထဝီ မည်၏။

ပြကတေ့ဖြစ်သော မြေသည် သစ်ပင် တော တောင် အစရှိသည်တို့၏ တည်ရာ၏အဖြစ်ဖြင့် ထင်ရှားသကဲ့သို့ ထို့အတူ သဟဇာတ်ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာ၏အဖြစ်ဖြင့် ထင်ရှား၏။ ပထဝီသည်သာလျှင် မိမိ၏လက္ခဏာကို ဆောင်ခြင်းအစရှိသော အနက်ကြောင့်လည်းကောင်း၊ သတ္တ ဝါလည်းမဟုတ် ဇီဝလည်း မဟုတ်သော အနက်ကြောင်လည်းကောင်း၊ ကိုယ်၏အစိတ်ဖြစ်သော သွေးအစရှိသော ဓာတ်၊ ဆေးဒန်းမြင်းသီလာ အစရှိသော ကျောက်ဖြစ်သော ဓာတ်နှင့် တူသည်၏အဖြစ်ကြောင့်လည်းကောင်း ဓာတ်လည်းမည်၏။ ထိုနှစ်ပါးသော သတ္တိကြောင့် ပထဝီဓာတ်မည်၏။ (ဋီ၊ မြန်)

**အာပေါ်**။ ။ မိမိနှင့်အတူတကွ ဖြစ်ကုန်သော ရုပ်ကလာပ်တို့ကို ပျံ့နှံ့တတ် ပွားစေတတ်သောကြောင့် အာပေါ် မည်၏။

**တေဇော**။ ။ ကြွင်းသော ဘုတ်သုံးပါး အပေါင်းတို့ကို ရင့်ကျက်စေတတ်၊ ထက်စေတတ်၊ ပူစေတတ်၊ နူးညံ့စေတတ်သောကြောင့် တေဇော မည်၏။

**ဝါယော**။ ။ ရုပ်အစု ဘုတ်အစုတို့ကို တည်မြဲတိုင်းသောအရပ်မှ အခြား တစ်ပါးသောအရပ်သို့ ရောက်အောင် တိုက်လွှင့်တတ်သောကြောင့် ဝါယော မည်၏။

## ခြေတစ်လှမ်း၌ မဟာဘုတ်လေးပါးသတ္တိ

ခြေတစ်လှမ်း၌ ကြွမှု (ဥဒ္ဓရဏ) သည် တေဇော၏သတ္တိဖြစ်သည်။ ခြေကို ရှေ့သို့ တည့်တည်လှမ်းမှု (အတိဟရဏ)၊ နံဘေးသို့ လှမ်းမှု (ဝီတိဟရဏ) တို့သည် ဝါယော၏သတ္တိဖြစ်၏။ ကြွလှမ်းသောခြေကို အောက်သို့ချမှု (အဝက္ခိပန)သည် အာပေါ်၏သတ္တိဖြစ်သည်။ ခြေကို မြေကြီး၌ ထောက်တည်ခိုင်မာစွာ ရပ်ထားမှု (ပတိဋ္ဌာပန)၊ ဖိနှိပ်၍ နင်းမှု (ဥပ္ပီဠန)တို့သည် ပထဝီ၏သတ္တိဖြစ်သည်။

## မဟာဘုတ်လေးပါးကို မြွေလေးကောင်နှင့်နှိုင်းပုံ

(၁) ကဋ္ဌမုခမြွေကိုက်လျှင် ခန္ဓာကိုယ်သည် ထင်းတုံး ထင်းချောင်းကဲ့သို့ တောင်တင်းခက်မာ၍ သွား၏၊ ထို့အတူ ပထဝီဓာတ်လွန်ကဲလျှင် ခန္ဓာကိုယ်ကြီးသည် တောင့်တင်းခက်ထန်၍ လာ၏။

(၂) ပထဝီမုခမြွေကိုက်လျှင် ခန္ဓာကိုယ်ပုပ်ပွ၍ အရည်များထွက်ကျ စီးဆင်းလာ၏။ ထို့အတူ အာပေါဓာတ်လွန်ကဲလျှင် ခန္ဓာကိုယ်ကြီးသည် ဖောခြင်း၊ ရောင်ခြင်း၊ ပုပ်ခြင်း အမျိုးမျိုးဖြစ်၍ အရည်ယိုစီးခြင်းများ ဖြစ်လာ၏။

(၃) သဋ္ဌမုခမြွေကိုက်လျှင် ဓားသွားဖြင့် ဖြတ်သကဲ့သို့ အသားစိုင်အသားစများ၊ ခြေလက်အင်္ဂါများ၊ ပြတ်ကျ ပြတ်ကျ ပဲ့ကျခြင်းများ ဖြစ်၏။ ထို့အတူ ဝါယောဓာတ်လွန်ကဲလျှင် လေဖြတ်၍ ကိုယ်တစ်ခြမ်းသေ၊ လက်တစ်ဖက်သေ၊ မလှုပ်နိုင်၊ မသယ်နိုင်ခြင်းများ ဖြစ်လာ၏။

(၄) အဂ္ဂိမုခမြွေကိုက်လျှင် ခန္ဓာကိုယ်သည် မီးလောင်သကဲ့သို့ ပြင်းစွာပူလောင်၏၊ ထို့အတူ တေဇောဓာတ်လွန်ကဲလျှင် ခန္ဓာကိုယ်ကြီးသည် ပိန်ချုံးညှိုးရော်ခြောက်ကပ်၍ ရောဂါအမျိုးမျိုးတို့ကို စွဲကပ်ခံစားရ၏။

ကဋ္ဌ = ထင်းတုံး၊ ထင်းချောင်း၊ သစ်သားချောင်း။
ပူတိ = ပုပ်ခြင်း။ သတ္တ = ဓားသွား၊ လှံသွား။
အဂ္ဂိ = မီး။ မုခ = ခံတွင်းပါးစပ်။

## ပသာဒရုပ်ငါးပါး

မဟာဘုတ်လေးပါးတို့ကို ကြည်လင်စေတတ်သောကြောင့် ပသာဒရုပ်မည်၏။ ထိုပသာဒရုပ်သည် အစဉ်အတိုင်း အာရုံငါးပါးတို့ကို မြင်လို ကြားလို နံလို စားလို ထိတွေ့လိုသော ကာမတဏှာအကြောင်းရင်းရှိသော၊ ကံကြောင့်ဖြစ်သော မဟာဘုတ်လေးပါးတို့ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။

စက္ခုပသာဒ။ ။ မျက်နက်ဝန်းအလယ် သန်းဦးခေါင်းပမာဏရှိသော ရှေ့၌ရပ်သောသူ၏ ကိုယ်သဏ္ဌာန်အရုပ်ပေါ်ရာအရပ်၌ ဂွမ်းလွှာခုနစ်ထပ်တို့၌ လောင်းအပ်သော ဆီသည် ပျံ့နှံ့၍တည်သကဲ့သို့ မျက်လွှာခုနစ်ထပ်တို့၌ ပျံ့နှံ့၍ တည်သော ကြည်လင်သောသဘောသည် စက္ခုပသာဒ မည်၏။

## အတူတကွဖြစ်ဖက် မဟာဘုတ်လေးပါးတို့က စက္ခုပသာဒရုပ်အား သဟဇာတနိဿယ စသောသတ္တိတို့ဖြင့် ကျေးဇူးပြုပုံ –

မင်းသားလေးကို အထိန်းတော်လေးယောက်တို့သည် နှံ၍ဆောင်ခြင်း၊ ရေချိုးပေးခြင်း၊ တန်ဆာဆင်ခြင်း၊ ယပ်ခတ်ပေးခြင်းကိစ္စတို့ကို ဆောင်ရွက်စောင့်

ရှောက် ကျေးဇူးပြုဘိသကဲ့သို့ တစ်ကလာပ်ထည်း၌ အတူဖြစ်ကြသော မဟာဘုတ် လေးပါးတို့သည် စက္ခုပသာဒရုပ်အား ကောင်းစွာ ဆောင်ခြင်း (ပထဝီဓာတ်၏ကိစ္စ) ဖွဲ့ခြင်း (အာပေါဓာတ်၏ကိစ္စ)၊ ရင့်ကျက်စေခြင်း (တေဇောဓာတ်၏ကိစ္စ)၊ လှုပ်ရှား စေခြင်း (ဝါယောဓာတ်၏ကိစ္စ) တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးပြုနေကြ၏။

ထို့ပြင် ဥတု စိတ် အာဟာရတို့ကလည်း ကမ္မဇရုပ်ဖြစ်သော စက္ခုပသာဒကို သုတ္တန် ပကတူပနိဿယသတ္တိနည်းအားဖြင့် ထောက်ပံ့ကျေးဇူးပြုလျက်ရှိပါသည်။

တစ်ကလာပ်တည်း၌ဖြစ်သော ဇီဝိတိန္ဒြေရုပ်ကလည်း စက္ခုပသာဒရုပ်အား စောင့်ရှောက်ကျေးဇူးပြုနေ၏။

ဝဏ္ဏ ဂန္ဓ ရသ သြဇာဟူသော အတူဖြစ်ဖက်ရုပ်တို့ကလည်း စက္ခုပသာဒ အား ခြံရံလျက် ကျေးဇူးပြုနေကြ၏။

စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏ်၏ မှီရာ (ဝတ္ထု)လည်းဖြစ်၍ ဒွါရလည်း ဖြစ်၏။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း စသော ဝီထိစိတ်တို့၏ကား ဒွါရအနေဖြင့်သာ ပြီးစေ ဖြစ်စေ၏။ ထို့ကြောင့် ''ယထာယောဂံ သာဓေန္တိ = ယှဉ်ထိုက်သည်အား လျော်စွာ ပြီးစေ ဖြစ်စေသည်''ဟု ဆိုပါသည်။

**သောတပသာဒ**။ ။ နားပေါက်၏အတွင်း၌ လက်စွပ်သဏ္ဌာန်ရှိသော၊ နူးညံ့သိမ်မွေ့သော၊ နီရဲသော၊ အမွေးရှိသောအရပ်ကို ပျံ့နှံ့၍ တည်သော အကြည် ဓာတ်သည် သောတပသာဒ မည်၏။

**ဃာနပသာဒ**။ ။ သသမ္ဘာရ နှာခေါင်းပေါက်အတွင်း၌ ဆိတ်ခွာသဏ္ဌာန် ရှိသော အရပ်ကို ပျံ့နှံ့၍တည်သော အကြည်ဓာတ်သည် ဃာနပသာဒမည်၏။

**ဇိဝှါပသာဒ**။ ။ လျှာ၏အလယ် အထက်ပြင်၌ အလယ်၌ပြတ်၍နေသော ကြာရွက်ဖျားသဏ္ဌာန်ရှိသော အရပ်ကို ပျံ့နှံ့၍တည်သော အကြည်ဓာတ်သည် ဇိဝှါပသာဒမည်၏။

**ကာယပသာဒ**။ ။ ကမ္မဇတေဇောဓာတ်၏ တည်ရာအရပ်ကိုလည်းကောင်း၊ ဆံဖျား၊ အမွေးများ၊ ခြေသည်းများ၊ လက်သည်းများ၊ ခြောက်သောအရေတို့ကို ထား၍ ထိုမှကြွင်းသော တစ်ကိုယ်လုံးကို ပျံ့နှံ့၍တည်သော အကြည်ဓာတ်သည် ကာယပသာဒမည်၏။

**သသမ္ဘာရစက္ခု** ဟူသည် မျက်စိအကြည်ဓာတ် (ပသာဒ) ကို ထိန်းထားပေး သော မျက်မှောင်ရိုးဖြင့် ပိုင်းခြားထားသော အသားစိုင် မျက်လုံးဝန်းကို ခေါ်ပါသည်။

## ကာယပသာဒသည် တစ်ကိုယ်လုံး၌တည်သောကြောင့် စက္ခုစသော ပသာဒတို့နှင့် ရောယှက်ခြင်းရှိ/မရှိ

တူသောမိုရာရှိကြကုန်သော်လည်း ရူပါရုံ,ရသာရုံအစရှိသည်တို့သည် ပသာဒ ရုပ်ချင်း - ပြားသောမိုရာ၊ ပြားသောလက္ခဏာရှိသောကြောင့် မရောယှက်ကြပါ။

## ဖောဋ္ဌဗ္ဗာရုံ၌ အာပေါဓာတ်ကို ကြဉ်ရခြင်း

အာပေါဓာတ်သည် သိမ်မွေ့သည်ဖြစ်၍ တွေ့ထိခြင်းငှာ မတတ်ကောင်း သောကြောင့် အာပေါဓာတ်ကို ကြဉ်ရပါသည်။

## အာပေါကို တွေ့ထိလို့မရ

အာပေါဓာတ်ကို မတွေ့ထိကောင်းဟုဆိုသော် အေးသည်၏အဖြစ်ကို တွေ့ ကောင်းသည်မဟုတ်လော။

အအေးကို ထိသိသည်မှာ အာပေါကို ထိသိခြင်းမဟုတ်၊ အအေး တေဇောကို ထိသိခြင်းဖြစ်ပါသည်။

**တေဇောနှစ်မျိုး**

(၁) သီတတေဇော၊

(၂) ဥဏှတေဇော။

## တေဇောနှစ်မျိုးဖြစ်ရခြင်း

ဓာတ်ကြီးလေးပါးတွင် တေဇောဓာတ်သည် သီတတေဇော၊ ဥဏှတေဇော ဟု နှစ်မျိုးရှိ၏၊ ထိုထိုရုပ်ကလာပ်၌ သီတဖြစ်စေ၊ ဥဏှဖြစ်စေ တေဇောဓာတ် တစ်မျိုးသာလျှင် အမြဲပါရှိရပေသည်။ အအေးဓာတ်ဟူသော သီးခြားရုပ်တစ်မျိုးမရှိ၊ ပွက်ပွက်ဆူသောရေ၌ ဥဏှတေဇော (အပူဓာတ်) ပါ၏၊ မီးနှင့်ဝေး၍ တဖြည်း ဖြည်း အပူဓာတ်လျော့သောအခါ အအေးဓာတ်ဖြစ်လာ၏။ စမ်းသပ်ကြည့်သူတို့မှာ ''အေးသည်''ဟု အမှတ်သညာ ဖြစ်ပေါ်လာ၏။ ထိုရေကို ထပ်၍ ချက်သောအခါ အအေးဓာတ်လျော့ပါး၍ အပူဓာတ်ဖြစ်ပေါ်လာ၏။ စမ်းသပ်ကြည့်လျှင် ''အပူ''ဟူ သော အမှတ်သညာဖြစ်ပေါ်လာ၏။ (ဘာသာဋီကာ)

အမြဲပူအိုက်နေသောနွေအခါဝယ် နေပူ၌ရပ်တည်ပြီး၍ အရိပ်သို့ ဝင်လာ သူတို့မှာ ''အေးမြပါပေ့''ဟု အမှတ်သညာဖြစ်၏။ ထိုအရိပ်မှာပင် အတော်ကြာကြာ နေသူတို့မှာတော့ ''တယ်ပူသကိုး''ဟု ဥဏှသညာဖြစ်ပေါ်၏။ ဤစကားဖြင့်

''အေးသည်၊ ပူသည်''ဟူသော အမှတ်သညာသည် တစ်နေရာတည်း၊ တစ်ချိန်တည်းမှာပင် အမျိုးမျိုးဖြစ်နိုင်၏ဟု ပြ၏။ ထိုသို့ပြသဖြင့် သီတဟူသော အအေးသည် အာပေါဓာတ်မဟုတ်ကြောင်းကိုလည်း သိစေသည်။

ထိုမှာဘက်ကမ်း၊ ဤမှာဘက်ကမ်း၌ဖြစ်သော အသိသည် အမြဲမရှိသောကြောင့် ထိုမှာဘက်ကိုလည်း ဤမှာဘက်ကမ်း၊ ဤမှာဘက်ကိုလည်း ထိုမှာဘက်ကမ်းဟု အမှတ်အမြဲမရှိ။ (တောင်ဘက်နေသူက တောင်ဘက်သည် ဤမှာဘက်ကမ်း၊ မြောက်ဘက်သည် ထိုမှာဘက်ကမ်း၊ မြောက်ဘက်နေသူသည် မြောက်ဘက်သည် ဤမှာဘက်ကမ်း၊ တောင်ဘက်သည် ထိုမှာဘက်ကမ်းဖြစ်၍ အမြဲမရှိသကဲ့သို့) ထို့အတူ ပူသည်၏အဖြစ်ကိုပင် အမြဲမရှိသောကြောင့် အေး၏ဟုဖြစ်ပေါ်သော အသိဉာဏ်ဖြစ်ရပါသည်။ တေဇောဓာတ် တစ်ခုတည်း၏အခြင်းအရာကွဲပြားမှုသာ ဖြစ်သည်။

## ပျော့ပျောင်းသည်၏အဖြစ်ကို အာပေါဟု ယူဆ၍ ပျော့ပျောင်းမှု အာပေါကို ထိလို့ရသည်ဟု ယူဆချက် မှန် / မမှန်

အာပေါဓာတ်မှကြွင်းသော ဓာတ်ကြီးသုံးပါးကို ထိသိသည့်ခါ သဏ္ဌာန်ဒြပ်ကြီးကို ထိသိသည်ဟု ထင်ခြင်းသည်ပင် မှားသောအထင် အယူအဆဖြစ်၍ ပျော့ပျောင်းသည်၏အဖြစ်ကို ထိသိနိုင်သည်ဟု ယူဆခြင်းမှာလည်း မှားယွင်းသော အယူအဆသာဖြစ်ပါသည်။

### ဂေါစရရုပ်ခုနစ်ပါး

ပဉ္စဝိညာဏ်၏အာရုံဖြစ်သောကြောင့် ဂေါစရရုပ်မည်၏။

### ဂေါစရရုပ်၏လက္ခဏာ

စက္ခုဝိညာဏ်စသည်တို့၏ကျက်စားရာ အာရုံအဖြစ်လျှင် လက္ခဏာရှိ၏၊ တစ်နည်း - စက္ခုပသာဒအစရှိသည်တို့၏ ထိခိုက်ခြင်းလက္ခဏာရှိ၏။

### ဘာဝရုပ်နှစ်ပါး

ဣတ္ထိ၏အဖြစ်သည်လည်းကောင်း၊ ပုရိသ၏အဖြစ်လည်းကောင်း ဘာဝရုပ်မည်၏။ မိန်းမ၏ဖြစ်ကြောင်းသည် ဣတ္ထတ္တ၊ ယောကျ်ား၏ဖြစ်ကြောင်းသည် ပုရိသတ္တ မည်၏။

## ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ နှစ်ပါးကို ဘာဝရုပ်ဟု ခေါ်ရခြင်း

မိန်းမ ယောကျ်ားဟု သိသော အသိဉာဏ်တို့၏ ဖြစ်ခဲ့ရာဖြစ်ကြောင်းဖြစ်သောကြောင့် ဘာဝရုပ် မည်ပါသည်။

## ဣတ္ထိဘာဝရုပ်

ဣတ္ထိန္ဒြေသည် မိန်းမ၏လိင်၊ မိန်းမဟူ၍ သိခြင်း၏အကြောင်း၊ မိန်းမ၏အပြုအမူ၊ မိန်းမ၏အသွင်အပြင်တို့၏အကြောင်း၏အဖြစ်လျှင် လက္ခဏာရှိ၏။

ဣတ္ထိလိင်၊ ဣတ္ထိနိမိတ်၊ ဣတ္ထိကုတ္တ၊ ဣတ္ထိအာကပ္ပတို့၏ ဖြစ်ကြောင်းဖြစ်သောသဘောသည် ဣတ္ထိဘော (ဣတ္ထိဘာဝရုပ်) မည်၏။

မိန်းမဟူ၍ သိစေတတ်သောကြောင့် မိန်းမတို့၏အင်္ဂါဇာတ်သည် ဣတ္ထိလိင် မည်၏။

မိန်းမဟူ၍ သိခြင်း၏အကြောင်းဖြစ်သောကြောင့် မိန်းမတို့၏ အသံ အလိုဆန္ဒတို့သည် ဣတ္ထိနိမိတ္တမည်၏။

မိန်းမတို့၏ မသန့်ရှင်းသော ရပ်ခြင်း၊ သွားခြင်း၊ ထိုင်ခြင်း အစရှိသော ကြိယာသည် ဣတ္ထိကုတ္တ မည်၏။

မိန်းမတို့၏ လက် ခြေ စသော သဏ္ဌာန်သည် ဣတ္ထိအာကပ္ပ မည်၏။ (ဋီ၊ မြန်)

[ပုရိသဘော (ပုရိသဘာဝရုပ်) ကိုလည်း ၎င်းအတိုင်းသိ။]

တစ်နည်း - လက်အစရှိသော သဏ္ဌာန်သည် လိင်္ဂမည်၏။ ပြုံးရယ်ခြင်းအစရှိသည်သည် နိမိတ္တမည်၏။ ဗန်းငယ်စသည်ဖြင့် ကစားခြင်း စသည်သည် ကုတ္တမည်၏။ သွားပုံလာပုံ စသည်သည် အာကပ္ပမည်၏။ (အဋ္ဌသာလိနီ)

ဟဒယရုပ်။ ။ နှလုံးသားအတွင်း ပုန်းညက်စေ့လောက်ပမာဏရှိသော တွင်းငယ်၌တည်သော တစ်လက်ဆွမ်းခွဲမျှလောက်သော သွေးကို မှီ၍ ဖြစ်သောသဘောသည် ဟဒယဝတ္ထုမည်၏။ ၎င်းသွေးကို မှီ၍ ဟဒယဝတ္ထု တည်ရှိသည်။ ၎င်းဟဒယဝတ္ထုကို မှီ၍ မနောဓာတ် မနောဝိညာဏဓာတ်တို့ ဖြစ်ပေါ်လာသည်။

ဟဒယဝတ္ထုသည် ဟဒယရုပ်မည်၏။ ဟဒယရုပ်သည်သာလျှင် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်၍ ဝတ္ထုလည်းမည်သောကြောင့် ဟဒယဝတ္ထုမည်၏။ ထိုဟဒယဝတ္ထုသည် ဓာတ်နှစ်ခုတို့၏ မှီရာအဖြစ်လျှင် လက္ခဏာရှိ၏။

## ဟဒယဝတ္ထု ရှိမရှိ

ဟဒယဝတ္ထုကို အဘိဓမ္မာဓမ္မသင်္ဂဏီကျမ်း၌ ဘုရားရှင် ဟောထားချက် မရှိပါ။ ဤသင်္ဂြိုဟ်ကျမ်း၌ အနုရုဒ္ဓါဆရာဆိုထားသဖြင့် မည်သို့နားလည်ရမည်နည်း။

ဘုရားရှင် မဟောခြင်းမှာ မရသင့်၍ မဟောခြင်း မဟုတ်ပါ။ (ဝတ္ထုဒုက်၊ အာရမ္မဏဒုက် ဟောနေသော) ဒေသနာအစဉ် ပျက်မည်စိုးသောကြောင့် မဟောခြင်းသာ ဖြစ်ပါသည်။

ထိုသို့မဟောသော်လည်း အာဂုံပါဠိသာဓကအားဖြင့်လည်းကောင်း၊ **သဘာဝယုတ္တိသာဓကအားဖြင့်လည်းကောင်း** ဟဒယဝတ္ထုရုပ်ရှိသည်၏အဖြစ်ကို သိရပါသည်။

အာဂုံပါဠိသာဓက [ယံ ရူပံ (အကြင်ဟဒယဝတ္ထုရုပ်ကို) နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော]

ယုတ္တိသာဓကအနေဖြင့် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည် နိပ္ဖန္နဖြစ်သော ဥပါဒါရုပ်များကိုသာမှီ၍ဖြစ်ကြရသည်။ ထိုနိပ္ဖန္နရုပ်များတွင် စက္ခုပသာဒ (စက္ခုဝတ္ထု) စသည်တို့သည် စက္ခုဝိညာဏ် စသည်တို့၏ မှီရာအဖြစ် ခံနေကြရသည်။ ရူပါရုံ စသည်တို့သည်လည်း အပြင်အပ ဗဟိဒ္ဓအာရုံများဖြစ်၍ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့က မှီ၍မရ။ ဇီဝိတိန္ဒြေသည်လည်း အတူတကွဖြစ်ဖက်ရုပ်တရားတို့ကို စောင့်ရှောက်ခြင်းအလုပ်လုပ်နေရ၍ မနောဓာတ်တို့၏ အမှီမခံနိုင်။ ဘာဝရုပ်နှစ်ခုတွင် မနောဓာတ်များ မှီသည်ဟု ပြောလျှင် ဘာဝရုပ်နှစ်ခုလုံး မရှိသော နပုံးပဏ္ဍုက်များပင် မနောဓာတ်များရှိနေ၍ ပြော၍မရနိုင်။ သို့ဖြစ်၍ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ မှီရာအစစ်အမှန်မှာ ဟဒယဝတ္ထုသာ ကျန်တော့သည်။ ဟဒယဝတ္ထုသာမရှိလျှင် မနောဓာတ်တို့၏မှီရာ မရှိနိုင်။ ထို့ကြောင့် ဟဒယဝတ္ထုကေန်ရှိကို ရှိရမည်သာဖြစ်ကြောင်း သိသာလှပါသည်။

## ဇီဝိတရုပ်

မိမိနှင့် အတူတကွဖြစ်သော ကမ္မဇရုပ်တရားတို့၏ အသက်ရှင်ကြောင်းဖြစ်သောကြောင့် ဇီဝိတ မည်၏။ ကံကြောင့်ဖြစ်သော ရုပ်တို့ကို စောင့်ခြင်း၌ အစိုး

ရသောကြောင့် ဣန္ဒြိယ မည်၏။ ထို့ကြောင့် ဇီဝိတိန္ဒြေ မည်၏။ ဇီဝိတိန္ဒြေသည် ဇီဝိတရုပ် မည်၏။

ဇီဝိတိန္ဒြေသည် သဟဇာတ်ဖြစ်သော (အတူတကွဖြစ်သော) ကမ္မဇရုပ်ကို စောင့်ခြင်း လက္ခဏာရှိ၏။

## ဇီဝိတိန္ဒြေရုပ်သည် ရုပ်သက်တမ်း ခဏတာမျှဖြစ်သော်လည်း ကမ္မဇရုပ်တို့ကို စောင့်ရှောက်နိုင်ပုံ

ဇီဝိတိန္ဒြိယရုပ်သည် ခဏတာမျှဖြစ်သော်လည်း အတူတကွဖြစ်ဖက် ကမ္မဇ ရုပ်တို့၏ တည်တံ့ရေးဆောင်ရွက်ရန် အကြောင်းတရားဖြစ်သောကြောင့် စောင့်ရှောက်နိုင်သည်ဟု ဆိုပါသည်။

ကမ္မဇရုပ်တို့သည် ကံကြောင့် ဖြစ်လာရသော်လည်း ထိုကံသည် ကမ္မဇရုပ် ကို မွေးဖွားပြီးလျှင် မွေးဖွားပြီးချင်း ပဋိသန္ဓေအခိုက်မှာပင် ချုပ်ဆုံးသွားခဲ့သဖြင့် ကမ္မဇရုပ်သည် ကံတည်းဟူသော မိခင်ရင်းကင်းမဲ့သွားရသည်။ မိခင်ရင်း မရှိ တော့သော ကမ္မဇရုပ်ကို ဇီဝိတိန္ဒြေရုပ်က မွေးစားမိခင်သဖွယ် ဆက်လက် စောင့်ရှောက်ရလေသည်။

အာဟာရဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်တို့သည် မိမိတို့ထင်ရှားခိုက် မိမိတို့ ကြောင့်ဖြစ်သောရုပ်တို့ကို တည်တံ့နေအောင် ဆောင်ရွက်သကဲ့သို့ ဇီဝိတိန္ဒြေရုပ် သည်လည်း မိမိထင်ရှားရှိခိုက် မိမိနှင့်အတူဖြစ်ဖက် ကမ္မဇရုပ်တို့၏ တည်တံ့ရေး အတွက် ဆောင်ရွက်စောင့်ရှောက်ပေးပါသည်။

တစ်နည်း - ဥပမာ - ကြာစေ့တည်းဟူသော မျိုးဗီဇဓာတ်ကြောင့် ဖြစ်ပေါ်လာသော ကြာပင်သည် ကြာစေ့မျိုးဓာတ်မရှိတော့သော်လည်း ရေဓာတ်က ဆက်လက်စောင့်ရှောက်၍ ရှင်သန်တည်နေနိုင်သကဲ့သို့ အတိတ်ကံကြောင့် ဖြစ်ပေါ်လာသော ကမ္မဇရုပ်သည် အရင်းမူလဖြစ်သော ကံမရှိတော့သော်လည်း ဇီဝိတရုပ်က ဆက်လက်စောင့်ရှောက်၍ ဖြစ်စဉ်ဆက်ကာ အနှစ်တစ်ရာ အနှစ် တစ်သိန်း ကမ္ဘာငါးရာ ကမ္ဘာတစ်သောင်းခြောက်ထောင်စသည် အသက်ရှည်ကြ ရှင်ကြကုန်၏။

## အသက်ရှင်သည်ဟူ၍ မခေါ်ရသောရုပ်များ

ဇီဝိတိန္ဒြေမှ ကင်းကြကုန်သော စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့ကို အသက်ရှင်သည်ဟူ၍ မခေါ်ဆိုနိုင်ပေ။

## ဇီဝိတိန္ဒြိယရုပ်၏တည်ရာ

ပါစကာတေ ဇောဓာတ်နှင့်တကွ အလုံးစုံသောဥပါဒိန္နုဥပါဒိန္နကမ္မဇ ရူပကာယ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍တည်ပါသည်။

## အာဟာရရုပ်

အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အာဟာရသည် အာဟာရရုပ် မည်၏။

အလုပ်အလွေ့ပြု၍ မျိုအပ်သောကြောင့် ကဗဠီကာရာဟာရ မည်၏။

အာဟာရရုပ် အရ – ဆွမ်းလုပ်ကို တိုက်ရိုက်ယူရမည် မဟုတ်။ ဆွမ်းလုတ်၌ ပါသော (ရုပ်အပေါင်းကို ခိုင်ခံ့စေတတ်၊ တစ်ကိုယ်လုံးသို့ အရသာကို ဆောင်တတ် သော ဆွမ်းလုတ်၌ပါသော ဩဇာအစေးဓာတ်ကို ယူရမည်။ ဆွမ်းလုတ်ဟူသော တည်ရာဌာနကိုဆိုသဖြင့် ဆွမ်းလုတ်၌တည်သော ဩဇာဓာတ်ကို ယူရသော ဌာနူပစာ ဖြစ်သည်။)

အာဟာရရုပ်သည် ဣန္ဒြိယရုပ် ၈–ရုပ်နှင့် ရုပ်အပေါင်းကို ခိုင်ခံ့စေတတ်၊ ဩဇာလျှင် ရှစ်ခုမြောက်သော အဋ္ဌကလာပ်ရုပ်တို့ကို ဆောင်ခြင်းလျှင် လက္ခဏာ ရှိ၏။ ရုပ် ၁၈–ပါးသည် ကက္ခဠစသော မိမိတို့၏သဘောအားဖြင့်ရအပ်သောကြောင့် **သဘာဝရုပ်**မည်၏။

ဥဒါဒိစသော လက္ခဏာ၊ အနိစ္စတာစသော လက္ခဏာတို့နှင့်တကွ ဖြစ်သော ကြောင့် **သလက္ခဏရုပ်** မည်၏။

ပရိစ္ဆေဒ၊ ဝိကာရလက္ခဏာတို့၏အဖြစ်ကိုကြဉ်ထား၍ မိမိ၏သဘောအားဖြင့် သာလျှင် ကံစသောအကြောင်းတို့သည် ပြီးစေအပ်သောကြောင့် **နိပ္ဖန္နရုပ်**မည်၏။

ဖောက်ပြန်ခြင်းသဘောအစစ်ဖြစ်သောရုပ်သည် ရူပရုပ်မည်၏။

## ရူပရူပံ (ရူပရုပ်) ဟု ရူပသဒ္ဒါနှစ်ဆင့်ဆိုရခြင်း

ရူပသဒ္ဒါတစ်ခုတည်းဆိုလျှင် ဖောက်ပြန်ခြင်းသဘောအစစ်မဟုတ်သော အနိပ္ဖန္နရုပ် (၁၀)ပါးနှင့် ရုပ်အားလုံးကို ရ၏။ ''ရူပရူပံ''ဟု နှစ်ဆင့်ဆိုလိုက်သောအခါ ဖောက်ပြန်ခြင်းသဘောအစစ်ဖြစ်သော နိပ္ဖန္နရုပ် (၁၈)ပါးကိုသာရပြီး အနိပ္ဖန္နရုပ် (၁၀)ပါးကို မယူရဟု တားမြစ်လို၍ နှစ်ဆင့်ဆိုခြင်းဖြစ်သည်။ (ဒုက္ခ ဒုက္ခဟု ပြောလျှင် ဒုက္ခအကြီးအသေးအကုန်ရပြီး ''ဒုက္ခဒုက္ခ''ဟု ပြောလျှင် တကယ့်ကို အစစ်အမှန်ဒုက္ခကြီးပါလားဟု သိနိုင်သကဲ့သို့တည်း။

ပရိစ္ဆေဒ အစရှိသည်တို့အဖြစ်ကိုလွန်လျက် သဘောအားဖြင့် ရအပ်သည် ဖြစ်၍ လက္ခဏာယာဉ်သုံးပါးသို့တင်ကာ သုံးသပ်ခြင်းငှာ ထိုက်သောကြောင့် သမ္မသန ရုပ်မည်၏။

## ပရိစ္ဆေဒရုပ်

တုတ်စသည်တို့ဖြင့် မရေးခြစ်အပ်သောကြောင့် အာကာသ မည်၏။

ပုဂ္ဂိုလ် ဇီဝမဟုတ်သော အနက်ကြောင့်လည်း ဇီဝိတ မည်၏။ ထို့ကြောင့် ရုပ်ကလာပ်မှုန့်တို့၏ ပတ်လည်ဝန်းကျင်ဟင်းလင်းဟာလာဖြစ်သော အကြား အပေါက်သဘောသည် ရေးခြစ်၍မရကောင်းသောကြောင့် အာကာသဓာတ် မည်၏။ ၎င်းအာကာသဓာတ်သည်ပင်လျှင် ကလာပ်မှုန့်ချင်း တစ်ပါးနှင့်တစ်ပါး မရောယှက်ရအောင် ပိုင်းခြားတတ်သော အပိုင်းအခြားဖြစ်သောကြောင့် ပရိစ္ဆေဒ ရုပ်မည်၏။

တစ်နည်း - ထိုစက္ခုဒသကအစရှိကုန်သော တစ်ခုခုသောကလာပ်ဖြစ် ကုန်သော ရုပ်တို့ကို ပိုင်းခြားအပ်သောရုပ်သည် ပရိစ္ဆေဒရုပ်မည်၏။

တနည်းကား ထိုစက္ခုဒသကအစရှိကုန်သော တစ်ခုခုသောကလာပ်ဖြစ်ကုန် သောရုပ်တို့ကို ပိုင်းခြားကာမျှဖြစ်သောရုပ်သည် ပရိစ္ဆေဒရုပ်မည်၏။ ထိုစကား မှန်၏၊ ထိုပရိစ္ဆေဒရုပ်သည် ထိုထိုသော ရုပ်ကလာပ်ကို ပိုင်းခြားသကဲ့သို့ ဖြစ်၏။ (ဋီ၊မြန်)

## အမှန်တကယ် ပိုင်းခြားတတ်သော ကတ္တားသတ္တိကား မရှိ

ပရိစ္ဆေဒရုပ်သည် အသဘာဝရုပ်ဖြစ်သည်။ အမှန်တကယ်ပိုင်းခြားတတ် သော ပုဂ္ဂလဗျာပါဒကတ္တားသတ္တိမရှိဘဲလျက် ပိုင်းခြားတတ်သည်ဟု ဆိုခြင်းမှာ- ထိုထိုရုပ်ကလာပ်တို့ကို ပိုင်းခြားတက်သကဲ့သို့ ဖြစ်ခြင်းသဘောကိုပင် (ကလာပ် အချင်းချင်းမရောစပ်ဘဲ ဖြစ်နေခြင်းကိုပင်) ပိုင်းခြားတတ်သည်ဟု ဆိုထားခြင်း ဖြစ်သည်။

## ကလာပ်ချင်း ထိကပ်နေသော်လည်း မရောနှော

ဘောလုံးများကို စုထည့်ထားသောအခါ ဘောလုံးချင်းထိနေသော်လည်း ရောစပ်ခြင်းမရှိ။ (အကြားအလပ် - အာကာသ) နေရာများ ရှိနေသကဲ့သို့လည်း ကောင်း၊ ဆန်အိတ်တွင်းမှ ဆန်လုံးများသည်လည်းကောင်း၊ သဲအိတ်တွင်းမှ သဲလုံးများသည်လည်းကောင်း ထိကပ်နေသော်လည်း မရောယှက်ဘဲ အကြား အလပ် - အာကာသနေရာလေးများ ရှိမြဲရှိနေသည်သာ ဖြစ်သည်။

ထို့အတူ ခန္ဓာကိုယ်တွင်းမှ ရုပ်ကလာပ်မှုန်ကလေးများသည် ထိကပ်နေသော်လည်း (အကြားအလပ် - အာကာသ)ကား ရှိမြဲရှိလျက်သာရှိ၏။ အကြားအလပ် အာကာသရှိ၍သာ ခန္ဓာကိုယ်တွင်းမှ ချွေးများ ထွက်လာနိုင်ခြင်းဖြစ်သည်။

## အာကာသဓာတ်နှင့်ရုပ်ကလာပ်တို့ ရောနှောခြင်းမရှိ

အကြားအလပ် - အာကာသအရပ်နှင့် ဘေးမှဝိုင်းရံလျက်ရှိသော ရုပ်ကလာပ်တို့ အချင်းချင်းတွေ့ထိခြင်းမရှိ၊ တွေ့ထိသည်ဟုယူဆလျှင် ရုပ်ကလာပ်အချင်းချင်း ရောနှောပျံ့နှံ့ကုန်မည်ဖြစ်၍ ပိုင်းခြားခြင်းသဘော မရနိုင်တော့ပေ။

## ဝိညတ်ရုပ်နှစ်ပါး

ကာယဝိညတ်သည်လည်းကောင်း၊ ဝစီဝိညတ်သည်လည်းကောင်း ဝိညတ်ရုပ် မည်၏။

**ကာယဝိညတ်။** ။ လှုပ်သော ကိုယ်ဖြင့် မိမိအလိုကို သူတစ်ပါးတို့အား သိစေတတ်၊ မိမိအလိုကို သူတစ်ပါးတို့သည် သိအပ်သောကြောင့် ကာယဝိညတ်မည်၏။ (ဋီ၊ မှတ်ချက်)

**ဝစီဝိညတ်။** ။ သဝိညာဏကသဒ္ဒ (သက်ရှိပုဂ္ဂိုလ်တို့၏အသံ) ဖြင့် မိမိအလိုကို သူတစ်ပါးတို့အား သိစေတတ်၊ မိမိ၏အလိုကို သူတစ်ပါးတို့သည် သိအပ်သောကြောင့် ဝစီဝိညတ်မည်၏။ (ဋီ၊ မှတ်ချက်)

**ကာယဝိညတ်** အရ စိတ်သည် ရှေ့သို့လှမ်းလိုသောအခါ ဝါယောဓာတ်သည် လှုပ်ရှားလာရ၏၊ ဝါယောဓာတ်လှုပ်ရှားခြင်းကြောင့် ရုပ်တရားကြီး လှုပ်ရှားလာရ၏။ ထို့ကြောင့် စိတ္တဇဝါယောဓာတ်လှုပ်ရှားမှု (အမူအရာထူး-ဝိကာရ)ကို ကာယဝိညတ် အရ ယူရမည်။

**လက်ာ။** ။ စိတ္တဇဝါယော၊ ဝိကာရော၊ ကာယောမှတ်ဘိ ဝိညတ္တိ။

ရှေ့သို့ လှမ်းလိုသောအခါ ဝါယောဓာတ်သည် လှုပ်ရှားလာရ၏။ဝါယောဓာတ်လှုပ်ရှားခြင်းကြောင့် ရုပ်တရားကြီးလှုပ်ရှားလာရ၏။ ထို့ကြောင်း စိတ္တဇဝါယောဓာတ်လှုပ်ရှားမှု (အမူအရာထူး-ဝိကာရ)ကို ကာယဝိညတ်အရ ယူရမည်။

**လက်ာ။** ။ စိတ္တဇဝါယော၊ ဝိကာရော၊ ကာယောမှတ်ဘိ၊ ဝိညတ္တိ။

ရှေ့သို့လှမ်းလိုသောစိတ်ဖြစ်သောအခါ စိတ္တဇရုပ်များ ဖြစ်လာ၏။ ထိုရုပ်များတွင် (လှုပ်ရှားရမည့်ကိစ္စကို ဆောင်ရွက်ရာဖြစ်၍) ဝါယောဓာတ်သည် သတ္တိ

လွှန်ကဲ၏။ ထိုစိတ္တဇဝါယောဓာတ်သည် အခြားအခါ၌ဖြစ်သော ဝါယောဓာတ်ရိုးရိုး မဟုတ်ဘဲ ထူးခြားသောအမူအရာ-ဝိကာရတစ်မျိုးပါသော ဝါယောဓာတ်တည်း။ ထိုဝိကာရကို ကာယဝိညတ် ဟု ဆိုသည်။

ကာယဝိညတ် (ကာယဝိကာရ-စောပနာကာယ)သည် ပဲ့သူ ကြီးနှင့် တူ၏။ စိတ္တဇကလပ် (စိတ္တဇရုပ်)တို့သည် သင်္ဘောလှေနှင့်တူ၏။ ပဲ့သူကြီးသည် ပဓာနဖြစ်သောနေရာတစ်ခု၌တည်၍ တစ်ခုသော ပဲ့တက်မကြီးကို မြဲမြံစွာ စွဲကိုင်ပြီးကာ မြစ်ရေအယဉ်၌သော်လည်းကောင်း၊ ပင်လယ်ပြင်၌သော်လည်းကောင်း အလိုရှိရာ အရပ်သို့ ပဲ့ဆောင်၍ သင်္ဘောလှေကြီးကို သွားစေ၏၊ ရေမျောတိုင်း လေလွင့်တိုင်း မသွားစေရသကဲ့သို့ ထို့အတူ ကာယဝိညတ် (ကာယဝိကာရ-စောပနကာယ) သည် ဝါယောဓာတ်လွှန်ကဲသော စိတ္တဇကလာပ်ရုပ်တို့ကို ဖြစ်ချင်တိုင်း ဖြစ်ခွင့် မပေးဘဲ ပုဂ္ဂိုလ်အလိုရှိရာသို့ ရှေ့ရှုကိုင်းရှိုင်း၍ ဖြစ်စေ၏။

<u>အတွင်းသဘောအလိုဆန္ဒကို သိရာ၌-</u>

စိတ်၊ စိတ္တဇရုပ်၊ လှုပ်ရှားမှု၊ အမူအရာအထူး ဟု အချက်လေးချက်ရှိ၏။ **စိတ်သက်သက်သည်** အလိုဆန္ဒကိုမသိနိုင်သေး။ **စိတ္တဇရုပ်သည်လည်း** ငြိမ်သက်ခိုက်၌ဖြစ်နိုင်၍ စိတ္တဇရုပ်အခိုက်မှာလည်း အလိုဆန္ဒကိုမသိနိုင်သေး၊ လှုပ်ရှားမှုအခိုက်သက်သက်တွင်လည်း အလိုဆန္ဒကို မသိနိုင်သေး။ (အိပ်ပျော်စဉ် လက်ခြေ လှုပ် မှုများ၊ လေတိုက်၍ သစ်ပင်သစ်ခက် လှုပ်ရှားမှုများ အလိုဆန္ဒမပါ) ထိုလှုပ်ရှားမှု၌ပါဝင်သော ဝါယောဓာတ်၏အမူအရာထူးသည်သာ အတွင်းသဘောကိုသိနိုင်၍ ဝိညတ်ဟုလည်းကောင်း၊ ဝိကာရဟုလည်းကောင်း ခေါ်ရသည်။

## လက်ယပ်ခေါ်ရာ၌ ဝိညတ်ကို သိပုံ

လက်ယပ်ခေါ်သောအခါ လှုပ်သောလက်ကိုမြင်သော စက္ခုဒွါရဝီထိဖြစ်၏၊ ထို့နောင် တဒနုဝတ္တက မနောဒွါရဝီထိဖြစ်၏။ ထို့နောက် တတိယမြောက် သုဒ္ဓမနောဒွါရဝီထိဖြင့် လာစေလိုသော အမူအရာထူး ဝိညတ်ကို သိရ၏။

---

* စိတ္တဇဝါယော - စိတ်ကြောင့်ဖြစ်သော လှုပ်ရှားတွန်းကန်မှု။

* စောပနကာယ - စိတ်၏စေ့ဆော်တိုက်တွန်းမှုကြောင့်ဖြစ်လာသော ကိုယ်အမူရာ။

တစ်ခုသော အာဝဇ္ဇန်းရှိသော မနောဒွါရဝီထိ၌ (မနောဒွါရဝီထိ၌ မနောဒွါရာ ဝဇ္ဇန်းတစ်ခုသာ ပါ၏။ ပဉ္စဒွါရဝီထိမှာကား ပဉ္စဒွါရာဝဇ္ဇန်းနှင့် ဝုဋ္ဌော ဟု အာဝဇ္ဇန်း နှစ်မျိုးပါ၏။ အာဝဇ္ဇန်းနှစ်မျိုးပါသော ပဉ္စဒွါရဝီထိ၌ ဝိညတ်ကို မဖြစ်စေတတ်။)

ဇောခုနစ်ကြိမ်တွင် သတ္တမဇောကြောင့်ဖြစ်သော ဝါယောဓာတ်သည် ဝိညတ် ဝိကာရရုပ်နှင့်တကွဖြစ်၍ စိတ္တဇရုပ်ကို အရပ်တစ်ပါးသို့ရောက်အောင် လှုပ်ရှား စေနိုင်၏။ (ရှေ့ဇော (၆)ကြိမ်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့ကား ထောက်ပံ့ခြင်း၊ ကောင်းစွာဆောင်ထားခြင်းမျှကိုသာပြု၍ သတ္တမဇောကြောင့်ဖြစ်သော ဝါယော ဓာတ်ကို ထောက်ပံ့ရုံသာ တတ်နိုင်ကြသည်၊ လှုပ်ရှားအောင် မတတ်နိုင်ကြ။

ဥပမာ - နွားခုနစ်ရှဉ်းဖြင့် ဆွဲမှ ရွေ့မည့်လှည်း၌ ရှေ့နွားခြောက်ရှဉ်းတို့သည် လှည်းကို တောင့်ထား၊ ဆွဲထားကြသော်လည်း ရွေ့ရှားအောင် မတတ်နိုင်ကြ၊ သတ္တမ နွားတစ်ရှဉ်း၏ အကူအညီမျှသာဖြစ်၏။ သတ္တမနွားတစ်ရှဉ်းသည်သာ လှည်းကို လှုပ်ရှားအောင် ပြုနိုင်သကဲ့သို့တည်း။ (ဝါယောဓာတ်တို့နှင့် နွားတို့သည် တူ၏။ လှုပ်ရှားသောလက်စသည်နှင့် လှည်းသည် တူ၏။)

လှုပ်ခြင်း ဟူသည် - လူအများ၏အထင်၌ လက်စသောအရာဝတ္ထုတစ်ခုလုံး ရွေ့၍ရွေ့၍နေခြင်းဟု ထင်ကြသော်လည်း ပရမတ္ထအစစ်အားဖြင့် ထိုလက်စသည်တို့ မရွေ့နိုင်ကြ။ ပဌမရုပ်အစုချုပ်ပြီးနောက် ဒုတိယရုပ်အစုဖြစ်သောအခါ ပဌမရုပ် နေရာ၌ မဖြစ်ကြဘဲ ဒုတိယနေရာ၌ဖြစ်၍ တတိယရုပ်လည်း ဒုတိယရုပ်နေရာ၌ မဖြစ်ကြဘဲ တတိယနေရာ၌ဖြစ်ကြ၏။ ထိုနေရာ ရွေ့၍ရွေ့၍ ဥပါဒ်ဖြစ်မှုသည် လက်ဖျစ်တစ်ချက်တီးခန့်ခဏ၌ပင် ကုဋေများစွာဖြစ်နိုင်ရကား လူအများက လက်စသော အရာဝတ္ထုကြီး လှုပ်သည်ဟု- ထင်မှတ်ကြလေသည်။

## အဘယ်ကြောင့် အရပ်တစ်ပါး၌ ရွေ့၍ ဥပါဒ်ခြင်းဖြစ်ခြင်းကို လှုပ်ခြင်းဟု ခေါ်ဆိုပါသနည်း -

ရုပ်တရားတို့သည် အဖြစ်အပျက်အလွန်မြန်ရကား မူလဖြစ်ရာအရပ်မှ ဘစ်ဆံခြည်ဖျားမျှ မရွေ့နိုင်ကြ။ ဖြစ်ရာအရပ်မှာပင် ချုပ်ကြသည်။ ထို့ကြောင့် နောက်ဖြစ်သောရုပ်တို့က မူလအရပ်မှ တစ်ပါးသောအရပ်၌ ဥပါဒ်ခြင်း ကိုသာ လှုပ်ခြင်းဟု ခေါ်ရသည်။

ရုပ်တရားတို့သည် အရုပ်တစ်ပါး၌ ထပ်၍ထပ်၍ ဥပါဒ်ခြင်း မဟုတ်ဘဲ နဂိုဖြစ်နေသော ရုပ်သည်ပင် နေရာရွေ့၍ ရွေ့၍သွားခြင်းဟုယူလျှင် အဘယ် အပြစ်သင့် မည်နည်း –

နဂိုရုပ်သည်ပင် နေရာရွေ့ကာ လှုပ်ရှားပါသည်ဟုယူလျှင် ရုပ်တရားသည် အဗျာပါဒ မဟုတ်။ သဗျာပါဒ (ကြောင့်ကြဗျာပါဒ) ရှိရာရောက်ခြင်းဟူသောအပြစ်၊ ရုပ်တရားသည် ဥပါဒ် ဌီ ဘင် အခိုက်အတံ့သာတည်သည်မဟုတ်ဘဲ ပဗန္ဓ (အတော်ကြာကြာ ဆက်ကာဆက်ကာ တည်သည်) ဟူသော အပြစ်များ ဖြစ်စရာ ရှိပါသည်။ (အမှန်အားဖြင့် ပရမတ္ထတရားမှန်လျှင် ဗျာပဒ လည်းမရှိ၊ ဥပါဒ် ဌီ ဘင် အခိုက်အတံ့မျှသာ တည်နိုင်ကြ၏။) ဝါယောဓာတ်သည် အရုပ်တစ်ပါး၌ အခြားရုပ်များ ဖြစ်ရခြင်း၏အကြောင်းဖြစ်သည်။

ဝါယောဓာတ်သည် မိမိက အရုပ်တစ်ပါး၌ဖြစ်လျှင် မိမိနှင့်အတူဖြစ်သော စိတ္တဇရုပ်များလည်း နဂိုဖြစ်ရာအရုပ်၌ ထပ်၍မဖြစ်ဘဲ အခြားအရုပ်၌ ဖြစ်ကြရ၏။ ဤနည်းအားဖြင့် မိမိနှင့်အတူဖြစ်သော စိတ္တဇရုပ်များ၏ အခြားအရုပ်၌ ဖြစ်ရခြင်း သည် ဝါယောဓာတ်ကြောင့်ဖြစ်ရကား– ဝါယောဓာတ်ကို (ဒေသန္တရုပ္ပတ္တိဟေတုဘာဝ) = အရုပ်တစ်ပါး၌ အခြားရုပ်များ ဖြစ်ခြင်း၏အကြောင်းဖြစ်သည်ဟု ဆိုရသည်။

(ပရမတ္ထတရားတို့၏သဘောကား နက်နဲလှပါ၏။ တိုး၍ကြံစည်ကြပါလေ)

## စိတ္တဇရုပ်လှုပ်လျှင် ကျန်တိဇရုပ်လည်းလှုပ်

မြစ်ရေလှုပ်လျှင် ထိုရေပေါ်၌တည်နေသော နွားချေးခဲခြောက်လည်း လှုပ်ရ သကဲ့သို့ စိတ္တဇရုပ်လှုပ်လျှင် စိတ္တဇရုပ်နှင့်ဆက်သွယ်နေသော ကမ္မဇ စသော ရုပ်သုံးမျိုးလည်း လှုပ်ကြရသည်။ [နွားချေးခဲနှင့် တိဇရုပ် (ကမ္မဇ စသည်သုံးပါး) ရေအယဉ်နှင့် စိတ္တဇရုပ် တူ၏။]

## ပဌမဇောစသည်၌ ဝိညတ် ပါ/မပါ

ပဌမဇော စသည်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့သည် သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်တို့ကဲ့သို့ လှုပ်စေခြင်းငှာ မတတ်ကောင်းသော်လည်း ဝိညတ် = ဝိကာရရုပ်ကား ပါရှိသည်သာ ဖြစ်၏။

အဘယ်ကြောင့်နည်း။ ရှေ့သို့သွားလိုလျှင် ပဌမဇောစသည်တို့၌ပါသော ဝါယောဓာတ်တို့ကလည်း ရှေ့ဘက်သို့ အတူဖြစ်ဖက်ရုပ်တို့ကို အထောက်အပံ့

ပေးနိုင်သည်မှာ ဝိညတ် = ဝိကာရရုပ်က စိတ္တဇဝါယောဓာတ်ကို ရှေ့ဘက်သို့ လှုပ်ခဲ့သလို ပွဲပေးသောကြောင့်သာ ဖြစ်သည်။

ရှေ့ဇော ၆-ကြိမ်၌ဖြစ်သော ဝါယောဓာတ်တို့၌ ဝိညတ်ပါပုံအထောက်အထား

ဝုဋ္ဌောဟူသော မနောဒွါရာဝဇ္ဇန်းသော်မှ ဝိညတ်ကို ဖြစ်စေနိုင်၏ဟု-ဆိုသဖြင့် ထိုထက် သတ္တိအားကောင်းသော ပဌမဇောစသော ဇော ၆-ကြိမ်၌ ပါသော ဝါယောဓာတ်၌လည်း ဝိညတ်ပါသည်ကို သိနိုင်သည်။

## ဝစီဝိညတ်

စိတ္တဇဝါယောဓာတ်၏ ထူးခြားသောအမူအရာ ဝိကာရသည် ကာယဝိညတ် မည်သကဲ့သို့ စိတ္တဇပထဝီဓာတ်၏ ထူးခြားသောအမူအရာ ဝိကာရသည် ဝစီဝိညတ် မည်၏။

စိတ္တဇပထဝီဓာတ်သည် အက္ခရာဖြစ်ရာ လည်ချောင်းစသောအရပ်၌ ရှိသော ကမ္မဇရုပ်များနှင့် (ကမ္မဇပထဝီဓာတ်နှင့်) ထိခိုက်မှ အသံ ဖြစ်၏။ ထိုသို့ ထိခိုက်ဖို့ရန်လည်း ဝိညတ်ဟူသော ဝိကာရရုပ်က ကျေးဇူးပြုလျက်ရှိ၏။ (ပထဝီဓာတ်သည် အက္ခရာသံ ဖြစ်ပေါ်ရာရုပ်များနှင့် ထိခိုက်သောအခါ အရမ်းမထိခိုက်ဘဲ ဝစီဝိညတ်၏ ပွဲကိုင်ပေးမှုကြောင့် အသံဖြစ်ပေါ်လာအောင် ထိခိုက်ရသည်။)

လက်ာ။ ။ ဓာတ်ပထဝီ၊ ဝိကာရီ၊ ဝစီမှတ်ဘိ၊ ဝိညတ္တိ။

ဆရာက တပည့်ကို "လာ" ဟု အသံဖြစ်ပေါ်စေ၍ ခေါ်ရာ၌ တပည့်က ဆရာသည် ငါ့ကို လာစေလို၏ဟု ဆရာ၏ အတွင်းသဘောအလိုဆန္ဒကို သိရလေသည်။ အသံသည် ပထဝီဓာတ်ချင်း ထိခိုက်မှုကြောင့် ဖြစ်ရိုးမှန်သော်လည်း **ဆိုလိုရာ အသံထင်ရှားအောင် ဖြစ်ပေါ်လာမှုမှာ ဝိညတ်၏ ကိစ္စသာဖြစ်သော** ကြောင့် ဝစီဝိညတ်က အလိုဆန္ဒကို သိစေသည်ဟု ဆိုလိုသည်။

လေတိုက်သံ၊ သစ်ပင်ကြီးမျာ ရိုက်ခတ်သံ၊ ဝမ်းတွင်းမှ လေလည်မှုအသံများသည် အလိုဆန္ဒကို သိစေမှုမပါ၍ ဝစီဝိညတ် မမည်။ ကြွင်းသောအရာများကို ကာယဝိညတ်တွင် ဆိုသောနည်းအတိုင်း သိပါလေ။

သို့သော်လည်း ကာယဝိညတ်တွင် ဆိုတိုင်း အားလုံးကို မမှတ်ရ။ ကာယဝိညတ်၌ သတ္တမဇောကျမှသာ စိတ္တဇရုပ်ကို လှုပ်ရှားအောင် တတ်နိုင်၏။ ဝစီဝိညတ်၌ကား ပဌမဇောအခိုက်မှာပင် ပထဝီဓာတ်ချင်း ထိခိုက်သည်နှင့်တစ်ပြိုင်နက် အသံဖြစ်ပေါ်စေနိုင်၏။ (ဤကား ထူးခြားချက်တည်း)

## အလိုဆန္ဒနှင့်ကာယ/ဝစီ (ဝိညတ်=ဝိကာရ) နှစ်မျိုးလုံးကို သိရပုံ

ဥပမာ။ ။ ရေရှားသော တောခရီး၌ "ဤနေရာမှာ ရေရှိ၏"ဟု ခရီးသွားတို့ သိကြဖို့ရန် နွားဦးခေါင်းရိုး (သို့) ထန်းရွက်စသည်တို့ကို မြင့်သော သစ်ပင် ထိပ်၌ ဖွဲ့ချည်ထားတတ်ကြ၏၊ ခရီးသွားတို့ကလည်း ဤအမှတ်အသားများသည် ရေရှိကြောင်း အထိမ်းအမှတ်ဖြစ်သည်ဟု ရှေးရှေးကပင် အမှတ်သင်္ကေတရှိခဲ့ကြ ဖူး၏။ ထို့ကြောင့် သစ်ပင်ပေါ်က နွားဦးခေါင်းရိုးကို မြင်သောအခါ စက္ခုဒွါရ ဝိထိဖြစ်၏။ ထို့နောက် တဒနုဝတ္တက မနောဒွါရဝိထိ ဖြစ်၏။ ထို့နောက် နွားဦး ခေါင်းရိုး၏ ရေနှင့်အဆက်အသွယ်ရှိသည်ကို အမှတ်ရသော တတိယ မနောဒွါရ ဝိထိဖြစ်ပြန်၏။ ထို့နောက် ရေရှိကြောင်းကို သိသော စတုတ္ထ မနောဒွါရဝိထိ ဖြစ် လေ၏။

နွားဦးခေါင်းရိုး (သို့) ထန်းရွက်စသည်သည် = လက်လှုပ်ခြင်းစသည်၊ လာ-ဟူသော အသံ စသည်နှင့်တူ၏။ နွားဦးခေါင်းစသည်ကို မြင်ရခြင်းသည် လက် လှုပ်မှုကို မြင်ရခြင်း၊ အသံကို ကြားရခြင်းနှင့်တူ၏။ နွားဦးခေါင်းရိုးစသည်သည် ရေနှင့်အဆက်အသွယ်ရှိကြောင်း သိရခြင်းသည် (ဝိညတ်ကို သိရခြင်းနှင့်တူ၏ ထို့နောက် ရေရှိမှန်း သိရခြင်းသည် = (အလိုဆန္ဒကို သိရခြင်းနှင့်တူ၏။)

[ဤနွားဦးခေါင်းရိုး ထန်းရွက်စသော ဥပမာသည် ကာယ ဝစီဝိညတ် နှစ် မျိုးလုံးကို သိရပုံနှင့် ဆက်ဆံသော နှစ်မျိုးဆိုင် ဥပမာဖြစ်သည်။]

(လာ-ဟု အသံဖြင့် ခေါ်ရာ၌ သောတဒွါရဝိထိ၊ တဒနုဝတ္တကမနောဒွါရဝိထိ၊ ထို့နောက် တတိယ မနောဒွါရဝိထိဖြင့် ဝိညတ်ကိုသိသော ဝိထိဖြစ်၏၊ ထို့နောင်မှ စတုတ္ထမနောဒွါရဝိထိဖြင့် လာစေလိုသောအလိုဆန္ဒကို သိသောဝိထိဖြစ်လေသည်။

(လာ-ဟု လက်ယပ်ခေါ်ရာ၌လည်း လေးဝိထိဖြစ်ပုံကို သိပါ။)

ဝိကာရရုပ်။ ။ ဤရုပ်သုံးပါးသည်ဖြစ်လျှင် သုံးပါးတွဲ၍သာဖြစ်၏၊ အမူအရာ ထူး၍ သုံးပါးခွဲ၍ ဆိုရခြင်းဖြစ်သည်။

**ရူပဿ လဟုတာ။** ။ နိပ္ဖန္နရုပ်တို့၏ ပေါ့သောအဖြစ်သည် ရူပဿ လဟု တာ မည်၏။ (အနာကင်း၍ ပေါ့ပါးခြင်းကဲ့သို့)

**ရူပဿ မုဒုတာ။** ။ နိပ္ဖန္နရုပ်တို့၏ နူးနူးညံ့ညံ့ဖြစ်သော အမူအရာသည် ရူပဿ မုဒုတာ မည်၏။ (ကောင်းစွာ ထက်၍ညက်စွာ နယ်အပ်ပြီးသော သားရေ သည် နူးညံ့သကဲ့သို့)

**ရူပဿ ကမ္မညတာ။** ။ အမှုအမျိုးမျိုး၌ ကောင်းသော၊ လျော်သော၊ ခံ့သည်ဖြစ်ကြောင်းသဘောသည် ရူပဿ ကမ္မညတာ မည်၏။ (ကောင်းစွာချက်ပြီးသော မမာလွန်း၊ မပျော့လွန်းသော ရွှေသည် လက်ဝတ်တန်ဆာအထူးလုပ်ရန်အဆင်သင့်ဖြစ်သကဲ့သို့) ဤသည်ပင် ဤရုပ်သုံးခုတို့၏ အဓိပ္ပာယ်တည်း။

အချင်းချင်း မစွန့်သော်လည်း လဟုတာ စသော သုံးခုအပေါင်း၏ ထိုထိုသို့သော ဖောက်ပြန်ခြင်းလျှင် အလွန်ရှိသော နိပ္ဖန္နရုပ်ဖြင့် ထူးသည်၏အဖြစ်ကို ဆိုအပ်၏။ ယင်းထူးပုံကို အကျဉ်းဖွင့်ပြဦးအံ့- နိပ္ဖန္နရုပ်တို့၏ လေးသည်၏အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ဆန့်ကျင်ဘက်ပစ္စည်းကြောင့်ဖြစ်သော နိပ္ဖန္နရုပ်တို့ ဖောက်ပြန်ခြင်းသည် လဟုတာ မည်၏။ နိပ္ဖန္နရုပ်တို့၏ ခက်တရော်ရှိသည်အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ပစ္စည်းကြောင့်ဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းသည် မုဒုတာ မည်၏။ ကိုယ်ဖြင့် ပြုအပ်ကုန်သောအမှုတို့အား မလျောက်ပတ်သည်အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော ရုပ်၏ဖောက်ပြန်ခြင်းသည် ကမ္မညတာ မည်၏။ (ဋီ၊ မြန်)

ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ-၌ ရူပဿ အရ စိတ် ဥတု အာဟာရဖြစ်သော မဟာဘုတ် (ဝါ) နိပ္ဖန္နရုပ်ကိုသာ ယူရမည်၊ ပေါ့ပါး နူးညံ့ ကျန်းခံ့သည်၏အဖြစ်သည် ပစ္စုပ္ပန်အကြောင်းကိုသာ ငဲ့သောကြောင့် ကမ္မဇရုပ်၌ ပေါ့ပါးသည်၏အဖြစ်စသည် မရှိ၍ ကမ္မဇရုပ်ကို မယူရပါ။

## လက္ခဏရုပ်လေးပါး

ရှေးဦးစွာ နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသည် ဥပစယ မည်၏။

ထိုဥပစယ သန္တတိနှစ်ပါးတို့တွင် ပဋိသန္ဓေမှစ၍ အကြင်မျှလောက် ကာလ ပတ်လုံး စက္ခုဒသကအစရှိသော ရုပ်တို့၏ဖြစ်ခြင်းသည် ရှိ၏၊ ထိုအတွင်း၌ နိပ္ဖန္နရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယ မည်၏။ (ဋီ၊ မြန်)

ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှစ၍ ဇီဝှါဒသကဖြစ်သည့်တိုင်အောင် ဤအတွင်း၌ နိပ္ဖန္နရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယမည်၏။ (ဋီ၊ မှတ်ချက်)

ပွားဆဲဖြစ်ဆဲသည် သန္တတိ မည်၏။

ထိုဇိဝှါဒသက၏နောက်၌ ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိမည်၏။

ဤသတ်မှတ်ချက်သည် ဂဗ္ဘသေယျက သတ္တဝါကိုသာ ရည်၍ဆိုသည်၊ (သံသေဒဇ၊ ဩပပါတ်သတ္တဝါတို့အတွက် ပဋိသန္ဓေခဏ၌ ရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယ မည်၏။ ထို့နောင်မှ စုတိတိုင်အောင် ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိ မည်၏)

**ဇာတိရုပ်တစ်ခုကို ဥပစယ+သန္တတိ နှစ်ခုခွဲ၍ဟောခြင်း**

ဇာတိရုပ်တစ်ခုတည်းဖြစ်သော်လည်း ရှေးဦးစွာ အစ၌ဖြစ်ခြင်း (**နိဗ္ဗတ္တိ ဥပစယ**) ဆက်၍တိုးပွားခြင်း၊ (ဝုဍ္ဍိဥပစယ) တည်တံ့၍ ဖြစ်နေခြင်း (သန္တတိ) ဟူသော ဖြစ်ပုံအခြင်းအရာ ကွဲပြားသဖြင့်လည်းကောင်း၊ အဘိဓမ္မာပိဋကာ၏အစဆုံး ဓမ္မ သင်္ဂဏီကျမ်း ရူပကဏ္ဍ၌ ဥပစယ+သန္တတိတို့ကို ခွဲဟောမှ နားလည် နိုင်မည်ဖြစ်၍ သတ္တဝါဝေနေယျတို့အလိုသို့ လိုက်၍ အကြိုက်ကျစေခြင်း၊ နားလည်စေခြင်းငှာ လည်းကောင်း ခွဲ၍ဟောရခြင်းဖြစ်သည်။

**ဆောင်။** ။ ဖြစ်ပုံခြင်းရာ၊ ကွဲသည့်တာနှင့်၊ ဝေနေယျပေါင်း၊ ကျေနပ်ကြောင်းဖြင့်၊ ထုံးဟောင်းနယ၊ မြော်ခေါ်ရှုလျက်၊ ဥပစယံ၊ မည်နာမံရှိ၊ သန္တတိဟု၊ ဇာတိကိုပင်၊ ခွဲ၍လျှင်၊ ရှင်ပင်ဟောခဲ့သည်။

မိမိတို့၏ပစ္စည်းအားလျော်စွာ တစ်ခဏမျှတည်ခြင်းအလေ့ရှိသော ရုပ်တို့၏ ဘင်သို့ ရှေးရှုဖြစ်ခြင်းအစွမ်းအားဖြင့် ဆွေးမြေ့ခြင်းသည် ဇရာမည်၏။ ထိုဇရာသည် ပင်လျှင် ဇရတာ မည်၏။ (ဋီ၊ မြန်)

ရုပ်တို့၏ အလုံးစုံပျက်စီးခြင်းကို အနိစ္စတာဟု ရအပ် မှတ်အပ်၏၊ နိပ္ဖန္န ရုပ်တရားတို့၏ ထိုထိုသို့သော ဥပါဒ်အစရှိသော အခိုက်အတန့်အစွမ်းအားဖြင့် မှတ် ကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ်မည်၏။ (ဋီ၊ မြန်)

**ဇရာ။** ။ နိပ္ဖန္နရုပ်တို့၏ ချုပ်ခြင်းဘင်သို့ ရှေးရှုသည်၏အဖြစ်ဖြင့် အိုခြင်း ရင့်ခြင်းသည် ဇရာ မည်၏။ (ဋီ၊ မှတ်ချက်)

**အနိစ္စတာ။** ။ နိပ္ဖန္နရုပ်တို့၏ ချုပ်ကွယ်ပျောက်ဆုံး ကုန်ခန်းပျက်စီးခြင်း သည် အနိစ္စတာ မည်၏။ (ဋီ၊ မှတ်ချက်)

နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဟုဆိုအပ်သော အခိုက်အတန့်၏ အစွမ်းအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ် မည်၏။ (ဋီ၊ မှတ်ချက်)

လက္ခဏာရုပ်တို့သည် လေးပါးပြားရာ ဥပစယနှင့်သန္တတိဟု နှစ်ပါးပြားသော် လည်း ဇာတိရုပ်တစ်ပါးသာဖြစ်၏၊ သို့သော် ရှေးဦးစွာ အစ၌ဖြစ်ခြင်း၊ နောက်၌

ဖြစ်ခြင်း (ရှေးဦးစွာဖြစ်ခြင်း၊ အထက်အထက်၌ ဖြစ်ခြင်း)ဟုဆိုအပ်သော ဖြစ်ပုံ အခြင်းအရာ ကွဲပြားမှုကြောင့် ဝေနေယျသတ္တဝါအားလျော်စွာသာ ဥပစယ သန္တတိ ဟူ၍ နှစ်ပါးခွဲဝေ၍ ဟောတော်မူအပ်၏။

ဘူတရုပ်လေးခု၊ ပသာဒရုပ်ငါးခု၊ ဝိသယရုပ်ခုနစ်ခု၊ ဘာဝရုပ်နှစ်ခု၊ ဟဒယ ရုပ်တစ်ခု၊ ဇီဝိတရုပ်တစ်ခု၊ အာဟာရရုပ်တစ်ခု ဤ (၁၈)ပါးသော ရုပ်တို့သည် ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါးတို့သည် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ် မည်ကုန်၏။

ပရိစ္ဆေဒရုပ်တစ်ခု၊ ဝိညတ်ရုပ်နှစ်ခု၊ ဝိကာရရုပ်ငါးခု၊ လက္ခဏာရုပ်လေးခု ဤ(၁၀)ပါးသော ရုပ်တို့သည် ယင်းအကြောင်းတရာလေးပါးတို့သည် မဖြစ်စေအပ်၊ မပြီးစေအပ်သောကြောင့် အနိပ္ဖန္နရုပ်မည်ကုန်၏။

(အသဘာဝရုပ်၊ အလက္ခဏာရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ်တို့ကို အပြန် အားဖြင့် သိပါလေ။)

## ၂။ ရူပဝိဘာဂ

(၁) ဤအလုံးစုံသော ရုပ်တရားသည် သမ္ပယုတ်ဖြစ်သော အလောဘ စသောဟိတ်မရှိသောကြောင့် အဟေတုက မည်၏။

(၂) အကြင်အကြင် မိမိ၏ဥစ္စာဖြစ်သော ကံ စိတ် ဥတု အာဟာရ တည်းဟူ သော အကြောင်းရှိသောကြောင့် သပ္ပစ္စယ မည်၏။

(၃) မိမိကို အာရုံပြု၍ဖြစ်ကုန်သော ကာမာသဝစသည်တို့နှင့် တကွဖြစ် သောကြောင့် သာသဝ မည်၏။

(၄) ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားလေးပါး တို့သည် ပြုပြင်စီရင်အပ်သောကြောင့် **သင်္ခတ** မည်၏။

(၅) ဥပါဒါနက္ခန္ဓာဟု-ဆိုအပ်သော လောက၌ယှဉ်သောကြောင့် **လောကိယ** မည်၏။

(၆) ကာမတဏှာ၏ကျက်စားရာဖြစ်သောကြောင့် **ကာမာဝစရ**မည်၏။

(၇) နာမ်တရားတို့ကဲ့သို့ တစ်စုံတစ်ခုသောအာရုံကို မယူတတ်သောကြောင့် **အနာရမ္မဏ** မည်၏။

(၈) တဒင်္ဂပဟာန်စသည်တို့၏အစွမ်းဖြင့် မပယ်အပ်သောကြောင့် **အပ္ပဟာ တဗ္ဗ** မည်၏။

( ရုပ်တရားကို မပယ်ရ၊ ရုပ်၌ တပ်နှစ်သက်သော တဏှာကိုသာ ပယ်ရမည်၊ ရုပ်၌မှီသော နီဝရဏ ကိလေသာတို့ကိုသာ ပယ်ရမည်။)

## အဇ္ဈတ္တိက–ဗာဟိရ အဓိပ္ပာယ်

အတ္တဘောဟု– ဆိုအပ်သော ခန္ဓာပဉ္စကကို စွဲ၍ဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ်မည်၏။ ထိုစကားမှန်၏၊ တစ်ပါးသော အတ္တဘောကို စွဲ၍ဖြစ်ကုန်သော စိတ်စေတသိက် ရုပ်တရားတို့သည် ရှိပါကုန်သော်လည်း အထင်ရဋ္ဌိ၏အစွမ်းဖြင့် စက္ခုပသာဒအစရှိသော ရုပ်ငါးခုအပေါင်းသည်သာလျှင် အဇ္ဈတ္တိကမည်၏။

တစ်နည်းကား – ငါတို့သည် အကယ်၍ မရှိကုန်အံ့၊ သင်အတ္တဘောသည် ထင်းတုံးနှင့်တူသည်ဖြစ်လတ္တံ့ဟု ဆိုကုန်သကဲ့သို့ အတ္တဘောအား အလွန်အကဲဖြစ်လတ္တံ့ဟု ဆိုကုန်သကဲ့သို့ အတ္တဘောအား အလွန်အကဲ ကျေးဇူးပြုတတ်သောကြောင့် စက္ခုပသာဒ အစရှိသည်တို့သည်သာလျှင် အထူးအားဖြင့် အဇ္ဈတ္တိက မည်ကုန်၏။

တစ်နည်းကား – စက္ခုအစရှိသော ရုပ်ငါးခုအပေါင်းသည် အတ္တ ဟု ဆိုအပ်သော ပဉ္စဒွါရိကစိတ်ကို စွဲ၍ ထိုပဉ္စဒွါရိကစိတ်၏ဖြစ်ခြင်းအကြောင်းဖြစ်သောကြောင့် အဇ္ဈတ္တ မည်၏။ ထိုအဇ္ဈတ္တသည်သာလျှင် အဇ္ဈတ္တိက မည်၏။

သတ္တဝါတို့၏ကိုယ် ဟူသော အတ္တဘောကို စွဲ၍ဖြစ်သောကြောင့် ပသာဒရုပ်ငါးပါးသည် အဇ္ဈတ္တိကရုပ် မည်၏။ တစ်နည်း – ခန္ဓာအတ္တဘော၌ ကျေးဇူးအထူးကြီးမားသောကြောင့် ပသာဒရုပ်ငါးပါးသည် အဇ္ဈတ္တရုပ်မည်၏။ တစ်နည်းအတ္တဟုဆိုအပ်သော စိတ်ကိုစွဲ၍ဖြစ်သောကြောင့် ပသာဒရုပ်ငါးပါးသည် အဇ္ဈတ္တိကရုပ် မည်၏။ (ဋီ၊ မှတ်ချက်)

ထိုမှကြွင်းသော ရုပ် (၂၃)ပါးသည် အပ၌ ဖြစ်သောကြောင့် ဗာဟိရရုပ်မည်၏။

## ဝတ္ထုရုပ် အဝတ္ထုရုပ်

ပသာဒရုပ်ငါးပါး၊ ဟဒယရုပ်တစ်ပါးဟု ဆိုအပ်သော ရုပ်ခြောက်ပါးသည် စိတ်စေတသိက်တို့၏တည်ရာမှီရာဖြစ်သောကြောင့် ဝတ္ထုရုပ်မည်၏။

## ဒွါရရုပ် အဒွါရရုပ်

ပသာဒရုပ်ငါးပါးသည် ပဉ္စဒွါရဝီထိ စိတ် စေတသိက်တို့၏ ဖြစ်ရာဖြစ်သောကြောင့် ဒွါရရုပ်မည်၏။

ဝိညာဏ်ရုပ်နှစ်ပါးကား ပါဏာတိပါတစသော ကံတို့၏ဖြစ်ရာဖြစ်သောကြောင့် ဒွါရရုပ် မည်၏။ ကြွင်းသော ရုပ် (၂၁)ပါးသည် စိတ်စေတသိက်တို့၏ဖြစ်ရာ မဟုတ်သောကြောင့် အဒွါရရုပ် မည်၏။

## ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်

ပဉ္စဝိညာဏ်တို့၌လည်းကောင်း၊ ဣတ္ထိလိင် အစရှိသည်တို့၌လည်းကောင်း၊ သဟဇာတ်ဖြစ်ကုန်သော ရုပ်တို့ကို စောင့်ခြင်း၌လည်းကောင်း အစိုးရသည်အဖြစ်နှင့်ယှဉ်ခြင်းကြောင့် ရှစ်ပါးအပြားရှိသောရုပ်သည် ဣန္ဒြိယရုပ်မည်၏။ ယင်းအရအကျယ်ချဲ၍ ပြဦးအံ့ - ငါးပါးအပြားရှိသော ပသာဒရုပ်၏ မိမိ၏ထက်ခြင်း၊ မထက်ခြင်း အစရှိသည်၏အဖြစ်ကြောင့် ထိုစက္ခုဝိညာဏ် အစရှိသည်တို့၏လည်း ထက်ခြင်း မထက်ခြင်း အစရှိသည်အဖြစ်သို့ ရောက်စေခြင်းကြောင့် စက္ခုဝိညာဏ် အစရှိသည်တို့၌ အစိုးရခြင်းဖြစ်၏။ ဘာဝရုပ်နှစ်ခုအပေါင်း၏လည်း အကြင်အကြင်မိမိတို့၏ဥစ္စာဖြစ်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော်လည်း ထိုဣတ္ထိလိင်အစရှိသည်တို့၏ များသောအားဖြင့် ''ဘော''ရှိသော သန္တာန်၌သာလျှင် ထိုထိုသို့သော ဣတ္ထိလိင်အစရှိသော အခြင်းအရာဖြင့် ဖြစ်ခြင်းကြောင့် ဣတ္ထိလိင် အစရှိသ်တို့၌လည်း အစိုးရသည်အဖြစ်သည် ဖြစ်၏။ ဣန္ဒြိယပစ္စည်း၏အဖြစ်ကြောင့် အစိုးရသည်အဖြစ် မဟုတ်ပေ။

ဇီဝိတိန္ဒြေ၏လည်း ထိုသဟဇာတ်ဖြစ်ကုန်သော ကမ္မဇရုပ်တို့၏ အကြင်အကြင်မိမိတို့၏ဥစ္စာဖြစ်ကုန်သော တစ်ခဏမျှတည်ခြင်း၏ ဇီဝိတိန္ဒြေနှင့်စပ်သည် အဖြစ်ကြောင့် သဟဇာတ်ဖြစ်ကုန်သော ကမ္မဇရုပ်တို့ကို စောင့်ခြင်း၌ အစိုးရသည် အဖြစ်သည်ဖြစ်၏။ မိမိ ဟု ဆိုအပ်သော ဇီဝိတိန္ဒြေသည်လည်း မိမိနှင့်ထားအပ်သော တရားနှင့်စပ်သဖြင့်သာလျှင် ဖြစ်၏။ အဘယ်ကဲ့သို့နည်းဟူမူ - လှေသူကြီးသည် လှေနှင့်စပ်သဖြင့်သာလျှင် ဖြစ်သကဲ့သို့တည်း။

ဤရုပ်ရှစ်ပါးသည် ပဉ္စဝိညာဏ်စိတ်စသည်တို့၌ အစိုးရသောကြောင့် ဣန္ဒြိယရုပ် မည်၏။ ကြွင်းသောရုပ် (၂၀)ပါးကား အစိုးမရသောကြောင့် အနိန္ဒြိယရုပ် မည်၏။

### ဣန္ဒြိယရုပ် (၈)ပါး

(၁) စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။

(၂) သောတပသာဒရုပ်သည် သောတဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။

(၃) ဃာနပသာဒရုပ်သည် ဃာနဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၄) ဇိဝှါပသာဒရုပ်သည် ဇိဝှါဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၅) ကာယပသာဒရုပ်သည် ကာယဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၆) ဣတ္ထိဘာဝရုပ်သည် ဣတ္ထိလိင်ကို အစိုးရ၏။
(၇) ပုမ္ဘာဝရုပ်သည် ပုံလိင်ကို အစိုးရ၏။
(၈) ဇီဝိတရုပ်သည် မိမိနှင့်သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို အစိုးရ၏။

## ဩဠာရိကရုပ် သုခုမရုပ်

ပသာဒရုပ်ငါးခု၊ ဝိသယရုပ်ခုနစ်ပါး၊ ဤရုပ်(၁၂)ပါးသည် အာရုံ အာရမ္မဏိက အဖြစ်သို့ ရောက်သည်၏အစွမ်းဖြင့် ရန့်ရင်းကြမ်းတမ်းသည်၏အဖြစ်ကြောင့် (ဝါ) ထင်မြင်လွယ်သောကြောင့် ဩဠာရိကရုပ်မည်၏။ ထိုသို့ ရန့်ရင်းကြမ်းတမ်းသည် ဖြစ်၍ ထိုးထွင်း၍သိရန် လွယ်ကုန်သောကြောင့် သန္တိကေရုပ်လည်းမည်၏။ အာရုံအာရမ္မဏိကအားဖြင့် ထိပါးခြင်း၊ မဟာဘုတ်အချင်းချင်း ထိပါးခြင်းနှင့်တကွ ဖြစ်သောကြောင့် သပ္ပဋိဃရုပ်လည်း မည်၏။

မိမိ၏အစွမ်းဖြင့်လည်းကောင်း၊ မိမိ၏မှီရာဖြစ်သော မဟာဘုတ်တို့၏အစွမ်း အားဖြင့်လည်းကောင်း ရောက်သည်လည်းဖြစ်ကုန်သော၊ မရောက်သည်လည်းဖြစ် ကုန်သော ဝတ္ထုအာရုံတို့၏ အကြင်ရှေ့ရှုတော်တည့်ကြသည်အဖြစ်သည် အကြင် အချင်းချင်း ပေါင်းဆုံမိခြင်းသည် ရှိ၏၊ ထိုရှေ့ရှုတော်တည့်ကြသည်အဖြစ်သည် အားရှိသော သူနှစ်ယောက်တို့၏ ထိခိုက် တိုးဝှေ့ခြင်းနှင့် တူ၏။ ထို့ကြောင့် ပဋိဃ မည်၏။ (ဋီ၊ မြန်)

အာရုံ အာရမ္မဏိကအားဖြင့် ထိပါးခြင်း မဟာဘုတ်အချင်းချင်း ထိပါးခြင်းနှင့် တကွဖြစ်သောကြောင့် သပ္ပဋိဃရုပ်မည်၏။

ကြွင်းသောရုပ်သည် ဆိုအပ်ပြီးသော ထိပါးခြင်းမရှိသောကြောင့် အပ္ပဋိဃရုပ် မည်၏။

ယင်းစကားကို ရှင်းပြဦးအံ့၊ နှစ်ယောက်ကုန်သောသူတို့၏ ထိပါးမှုဖြစ်လင့် သော် အားနည်းသောသူ၏လှုပ်ခြင်းဖြစ်သကဲ့သို့ ဤအတူ ဩဠာရိကရုပ်တို့၏ အချင်းချင်းဆိုင်မိသည်ရှိသော် နာမ်သဘောရှိသည်အဖြစ်ကြောင့် အားနည်းသော ဘဝင်၏လှုပ်ခြင်းသည်ဖြစ်၏။ အကြင်ဩဠာရိကရုပ်အား အချင်းချင်းဆိုင်မိခြင်းသည် ရှိ၏။ ထိုဩဠာရိကရုပ်သည် သပ္ပဋိဃရုပ်မည်၏။(ထိုသပ္ပဋိဃရုပ်တို့တွင် ဖောဋ္ဌဗ္ဗာရုံ

သည် မိမိအစွမ်းအားဖြင့် ကာယပသာဒသို့ ရောက်၏။ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ဂန္ဓာရုံ ရသာရုံတို့သည် မိမိတို့၏မှီရာ ပသာဒ၏အစွမ်းဖြင့် အချင်းချင်း ရောက်ကုန်၏။ စက္ခုပသာဒ၊ သောတပသာဒ ရူပါရုံ သဒ္ဒါရုံတို့သည် မိမိ၏ အစွမ်းအာဖြင့်လည်းကောင်း၊ မိမိတို့၏မှီရာ မဟာဘုတ်တို့၏အစွမ်းအားဖြင့်လည်းကောင်း၊ နှစ်ပါးသောအပြားအားဖြင့်လည်း မရောက်ကုန်) ဩဠာရိကရုပ်မှတစ်ပါးသော (၁၆)အပြားရှိသော ရုပ်သည် ရှန့်ရင်းသည်၏အဖြစ်အစရှိသောသဘောမရှိခြင်းကြောင့် (ဝါ) မရှန့်ရင်းသောကြောင့် သုခုမရုပ်စသည် မည်၏။ (ဋီ၊ မြန်)

ကြွင်းသောရုပ် (၁၆)ပါးသည် သိမ်မွေ့သောကြောင့် သုခုမရုပ်မည်၏၊ ဝေးသောရုပ် ဒူရေရုပ်လည်းမည်၏။ ထိပါးခြင်းမရှိသောကြောင့် အပ္ပဋိဃရုပ်လည်း မည်၏။

## ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်

တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော တေဘူမကကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သောကြောင့် ကမ္မဇရုပ်သည် ဥပါဒိန္နရုပ်မည်၏။ ကြွင်းသည့် စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့်အာဟာရဇရုပ်တို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သောကြောင့် အနုပါဒိန္နရုပ်မည်၏။

## သနိဒဿနရုပ် အနိဒဿနရုပ်

ရူပါရုံသည် သနိဒဿနရုပ်မည်၏။ (ဝါ) မြင်ခြင်းနှင့်တကွဖြစ်သော ရုပ်မည်၏။ (ဝါ) မြင်အပ်သည်နှင့်တကွဖြစ်သောရုပ်မည်၏။ (ဝါ) မြင်အပ်သည်အဖြစ်နှင့်တကွဖြစ်သော ရုပ်မည်၏။ ထိုမှတစ်ပါးပါးသော (၂၇)ခုသောရုပ်သည် အနိဒဿနရုပ်မည်၏။ (ဝါ) မြင်ခြင်းမရှိသောရုပ်မည်၏။ (ဝါ) မြင်အပ်သည်မရှိသော ရုပ်မည်၏။ (ဝါ) မြင်အပ်သည့်အဖြစ်မရှိသော ရုပ်မည်၏။

မြင်ခြင်းနှင့်တကွ ဖြစ်သောကြောင့် (ဝါ) ကြည့်၍ မြင်ကောင်းသောကြောင့် ရူပါရုံသည် သနိဒဿန မည်၏။ (ဋီ၊ မှတ်ချက်)

### နိဒဿန နှင့် သနိဒဿန အရ

**ပထမနည်း** – နိဒဿန အရ (မြင်အပ်သော ရူပါရုံကို ကောက်သင့်သော်လည်း သနိဒဿနအရနှင့် ကွဲပြားစေခြင်းငှာ) မြင်အပ်သည်၏အဖြစ်တည်းဟူသော အာရမ္မဏသတ္တိကို ကောက်ရမည်။

**သနိဒဿန အရ** မြင်အပ်သောသဘောနှင့်တကွဖြစ်သော ရူပါရုံကို ရ၏။

**ဒုတိယနည်း – နိဒဿန အရ** စက္ခုဝိညာဏ်၏မြင်ခြင်းကိစ္စ ရ၏။

**သနိဒဿန အရ** (ထိုမြင်ခြင်းကိစ္စသည် ရူပါရုံပေါ်၌ တည်သောကြောင့်) ရူပါရုံကို ရ၏။

## ဦးကာကျော် နိဿယရှင်းလင်းချက်

စက္ခုဝိညာဏ်၏အာရုံဟူသည် ရူပါရုံတည်း၊ ထိုစက္ခုဝိညာဏ်၏အာရုံ၏ ဖြစ်ကြောင်းဖြစ်ရာ သတ္တိဟူသည် စက္ခုဝိညာဏ်အားကျေးဇူးပြုနိုင်သော အာရမ္မဏ သတ္တိတည်း၊ ထိုသတ္တိကို "နိဒဿန"အရကောက်ရ၏။

ရူပါရုံနှင့်ရူပါရုံ၏သတ္တိသည် နှစ်မျိုးမကွဲပြား၊ သို့သော် "နိဒဿနဘာဝ (သတ္တိ) နှင့်တကွဖြစ်သောတရား"ဟု ဆိုမှ သဒ္ဒါရုံစသော အခြားတရားတို့၌ ထိုသတ္တိမရှိ သောကြောင့် ထိုအခြားတရားတို့မှ ရူပါရုံက ကွဲပြားနိုင်မည်။ ထို့ကြောင့် "သတ္တိနှင့် သတ္တိမန္တတရား"ဟု နှစ်မျိုးမကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ အဘေဒဘေဒူ ပစာရအားဖြင့် "နိဒဿနဘာဝ (သတ္တိ)နှင့်တကွဖြစ်သောတရား"ဟု ဆိုထားသည်။

ရုပ်တရား (နာမ်တရားပါ) အားလုံးသည် ဓမ္မအဖြစ်ဖြင့် တစ်မျိုးတည်း တစ်ခုတည်းလိုဖြစ်နေ၏။ "ဓမ္မ"ဟု ခေါ်လျှင် "တရားအားလုံးပါဝင်နေသည်" ဟူလို။ ထိုဓမ္မသာမညအားဖြင့် တစ်မျိုးတည်းဖြစ်သော တရားတို့၌ ထူးအောင် ပြုတတ်သောသတ္တိကို သတ္တိရှိသောတရားမှ တစ်မျိုးတခြားမဟုတ်သော်လည်း တစ်မျိုးတခြားကဲ့သို့ ဥပစာတင်စား၍ ပြောဆိုသင့်သည်။

## ဂေါစရဂ္ဂါဟိကရုပ်

ပသာဒရုပ်ငါးပါးသည် အာရုံကို ယူရာဌာနဖြစ်သောကြောင့် ဂေါစရဂ္ဂါဟိက ရုပ် မည်၏။ ထိုပသာဒရုပ်ငါးပါးတို့တွင် စက္ခုနှင့်သောတ နှစ်ပါးသည် မရောက်မထိ မငြိသည်၏အစွမ်းဖြင့် အာရုံကို ယူတတ်၏။ (အသမ္ပတ္တ ဂါဟကရုပ် မည်၏။) ဃာန, ဇိဝှာ, ကာယ သုံးပါးသည် ရောက်သည်၊ ထိသည်၊ ငြိသည်၏အစွမ်းဖြင့် အာရုံကို ယူတတ်၏။ (သမ္ပတ္တဂါဟကရုပ် မည်၏။) (ဦး၊ မှတ်ချက်)

## ရုပ်တရားသည် အနာရမ္မဏအာရုံကိုမယူတတ်ဟု ဆိုခြင်းနှင့် ရုပ်တရားကိုပင် ဂေါစရဂ္ဂါဟိက = အာရုံကို ယူတတ်သော တရားဟု ဆိုသော စကားနှစ်ရပ်

ရုပ်တရားသည် အနာရမ္မဏ=အာရုံကို မယူတတ်ဟု ဆိုခြင်းမှာ (မုချ နီတတ္ထ) တိုက်ရိုက်ဆိုခြင်းဖြစ်ပြီး ရုပ်တရားသည် ဂေါစရဂ္ဂါဟိက အာရုံကိုယူသည်ဟု ဆိုခြင်းမှာ ဌာနီဖြစ်သော အာရုံကို ယူတတ်သည့် ပဉ္စဝိညာဏ်၏အမည်ကို ဌာနဖြစ်သောအာရုံကိုမယူတတ်သည့် ပသာဒငါးပါး ရုပ်တရားအပေါ်မှာ တင်စား၍ ဌာနျူပစာ နေယျတ္ထအားဖြင့် သွယ်ဝိုက်၍ ဆိုခြင်းသာ ဖြစ်သည်။

(ပသာဒရုပ် ငါးပါး၌တည်မှီနေသော ပဉ္စဝိညာဏ်၏ အာရုံကို ယူတတ်သည်၏ အဖြစ်ကို ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။)

### အသမ္ပတ္တ၊ သမ္ပတ္တ၊ စက္ခုပသာဒနှင့် ရူပါရုံတို့ အသမ္ပတ္တဖြစ်ပုံ

စက္ခုပသာဒသည် စက္ခုဝိညာဏ်ဖြစ်ဖို့ရာ ရူပါရုံ၊ အာလောက၊ မနသိကာရ တို့ပါမှဖြစ်၏။ ထိုတွင် ရူပါရုံနှင့် ပသာဒတို့ ထိရောက်ငြိကပ်နေလျှင် အလင်းရောင် အာလောကအင်္ဂါကို မရနိုင်တော့ပေ။ ထိုသို့ အလင်းရောင်မရှိလျှင် စက္ခုဝိညာဏ် စိတ်လည်း ဖြစ်မလာနိုင်။ အာလောကအလင်းရောင်ရဖို့ရာ စက္ခုပသာဒနှင့် ရူပါရုံ မထိမစပ်မငြိကပ်မှသာ ဖြစ်နိုင်၏။ ထို့ကြောင့် စက္ခုဝိညာဏ်၏ မှီရာ စက္ခုပသာဒ သည် မိမိသို့ မထိမရောက်မငြိကပ်သော ရူပါရုံကိုသာ (အဝေးမှ ရူပါရုံကိုသာ) ယူနိုင်သော အသမ္ပတ္တဂါဟကရုပ် မည်လေသည်။

### သောတပသာဒနှင့် သဒ္ဒါရုံတို့ အသမ္ပတ္တဖြစ်ပုံ

သောတပသာဒလည်း သောတဝိညာဏ်စိတ်ဖြစ်ဖို့ရာ သဒ္ဒါရုံ၊ အာကာသ၊ မနသိကာရတို့လို၏။ ထိရောက်၊ ငြိကပ်၊ ပိညပ်နေလျှင် အာကာသ (အကြား အလပ်) အင်္ဂါကို မရနိုင်တော့။ ထိုသို့ အာကာသမရှိလျှင် သောတဝိညာဏ်လည်း ဖြစ်မလာနိုင်၊ အာကာသ (အကြားအလပ်) ရရှိဖို့ရာ သောတပသာဒနှင့် သဒ္ဒါရုံတို့ မထိမစပ် မငြိကပ်မှသာ ဖြစ်နိုင်၏။ ထို့ကြောင့် သောတဝိညာဏ်၏တည်ရာ သောတပသာဒသည် မိမိသို့ မထိရောက် မငြိကပ်သော သဒ္ဒါရုံကိုသာ (အဝေးမှ သဒ္ဒါရုံကိုသာ) ယူနိုင်သော အသမ္ပတ္တဂါဟကရုပ် မည်လေသည်။

## လောကသဘာဝနှင့် ဆန်းစစ်ကြည့်ပါဦး

ရူပါရုံ၌ အရောင်အဆင်းများသည် ဥတုဇရုပ် အဆက်ဆက်အားဖြင့် မဟာဘုတ် ရုပ်အဆက်ဆက်ကိုအမှီပြုကာ ပျံ့နှံ့ပြေးသွားကြသော ရောင်ရှင်များလည်း ရှိ၏။ နေရောင်၊ လရောင်တို့သည်လည်းကောင်း၊ ယခုခေတ် ရုပ်မြင်သံကြား ထုတ်လွှင့်မှုတို့သည်လည်းကောင်း ဥတုဇရုပ် အဆက်ဆက်အားဖြင့် မဟာဘုတ် အဆက်ဆက်ကို အမှီပြုကာရောက်လာကြကုန်၏။ ထိုသို့ ပသာဒသို့ ရောက်လာသော ထိလာ ငြိလာသော အာရုံကိုသာ ယူနိုင်၏ဟု အချို့ယူဆကြ၏။ ထိုသို့ ယူဆချက်ကို သုံးသပ်ကြည့်သော် ဥတုဇရုပ် အဆက်ဆက်အားဖြင့် ဖြစ်လာသော ဥတုဇရုပ်၊ ရူပါရုံကိုသာ စက္ခုပသာတို့က ယူနိုင်သည်။ ကံ စိတ် အာဟာရတို့ကြောင့် ဖြစ်သော ရူပါရုံရုပ်ကို စက္ခုပသာဒက အာရုံမယူနိုင်ဟု ဆိုရာရောက်သည်။ အမှန်မှာ ကံ, စိတ်, ဥတု, အာဟာရအကြောင်းလေးပါးကြောင့်ဖြစ်သော ရုပ်တို့ကို စက္ခုပသာဒက အာရုံယူနိုင်သည်။

နောက်တစ်ချက် အဝေး၌တည်ရှိသော သစ်ပင်၊ တော၊ တောင်၊ အဆင်းတည်းဟူသော ရောင်သေတို့သည်လည်းကောင်း အဝေး၌ရှိသော စက္ခုပသာဒသို့ မထိ မငြိမရောက် မပျံ့နှံ့နိုင်၍ စက္ခုပသာဒက အာရုံမယူနိုင်ဟု ယူဆရတော့မည်။ အမှန်တကယ်မှာ ၎င်းအဆင်းအရောင်များကိုလည်း စက္ခုပသာဒက လှမ်း၍ အာရုံယူနိုင်သည်သာ ဖြစ်သည်။

သဒ္ဒါရုံတွင်လည်း အဝေးသို့ ပျံ့နှံ့ရောက်ရှိနိုင်သော မိုးချုန်းသံ၊ အသံလွှင့်ရုံမှ ထုတ်လုပ်သောအသံတို့သည်လည်း စွမ်းအားရှိသလောက် အဝေးသို့ ပျံ့နှံ့နိုင်ကြသည်။ ထိုသို့ ပျံ့နှံ့ရောက်ရှိ ထိလာ ငြိလာသော သဒ္ဒါရုံကိုသာ အာရုံယူနိုင်သည်ဟု အချို့ယူဆကြပြန်၏။ သိပ္ပံပညာအရလည်း အသံလှိုင်းများသည် နားတွင်းရှိ နားစည် **(eardrum)** ကို ထိခိုက်တုန်ခါစေသဖြင့် အသံကြားရခြင်း ဖြစ်သည်ဟု ဆိုသဖြင့် ထိလာ ငြိလာသော ရောက်လာသောသဒ္ဒါရုံကိုသာ အာရုံယူနိုင်၏ဟု ဆိုခြင်းမှာ သဘာဝကျသလို ရှိနေပြန်၏။

ထိုယူဆချက်ကို သုံးသပ်သော် သောတပသာဒသို့ ရောက်လာ ထိလာ ငြိလာသော သဒ္ဒါရုံကိုသာ သောတပသာဒက အာရုံယူနိုင်သည်ဟု ဆိုသော် ဘုရင့်လေးသည်ကျော်တို့သည် ငှက်ဆိုးများတွန်မြည်သောအခါ အသံကိုမှန်း၍ အဝေး၌ ရှိသော ငှက်ကို ပစ်နိုင်ကြ၏။ သောတပသာဒကိုထိမှ အသံကြားရပြီး အာရုံယူ

နိုင်လျှင် လေးသမားသည် မိမိ၏ နားအတွင်းသို့သာ မြှားကို ပစ်ချဖို့ ရှိ၏။ ထိုသို့ကား မဟုတ်၊ အဝေးမှ ငှက်သံကို အာရုံယူ၍ ပစ်နိုင်သဖြင့် အဝေးမှ အသံသဒ္ဒါရုံကို အာရုံယူနိုင်သည်မှာ ထင်ရှားလှပါသည်။

ရူပါရုံ၌လည်း စက္ခုပသာဒသည် ထိလာ ငြိလာ ကပ်လာ ရောက်လာသော အာရုံကို အာရုံယူနိုင်လျှင် စက္ခုပသာဒနှင့် အနီးဆုံးဖြစ်သော မျက်ခုံး၊ မျက်တောင်၊ မျက်လုံးတို့ကို မြင်နိုင်ရာ၏။ ထိုသို့ အနီးကပ်ဆုံးဖြစ်သော အဆင်းတို့ကိုပင် မယူနိုင် မမြင်နိုင်သဖြင့် ထိကပ်ရောက်လာသော အာရုံကို မယူနိုင်သည်မှာ ထင်ရှားလှပါသည်။

ထို့ကြောင့် စက္ခုပသာဒနှင့် သောတပသာဒတို့သည် မိမိပသာဒသို့ မရောက် မထိ မငြိကပ်သော အဝေးမှ အဆင်း အသံတို့ကိုသာ အာရုံယူနိုင်ကြသည်ဟု စွဲမြဲစွာ မှတ်အပ်၏။

## အဝိနိဗ္ဘောဂရုပ်

ရူပါရုံလည်းကောင်း၊ ဂန္ဓာရုံလည်းကောင်း၊ ရသာရုံလည်းကောင်း၊ သြဇာလည်းကောင်း၊ ဘူတရုပ်လေးခု အပေါင်းလည်းကောင်း ဤရုပ် ရှစ်ပါးသည် အသီးသီး တစ်ပါးစီခွဲ၍မရသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏။ ဤမှ တစ်ပါးသော (၂၀) သော ရုပ်သည် အသီးသီး ခွဲခြမ်းအပ်သောကြောင့် ဝိနိဗ္ဘောဂ ရုပ်မည်၏။ တစ်စုံတစ်ခုသော ရုပ်ဖြစ်ရာအရပ်၌ အချင်းချင်း အသီးအသီး ဖြစ်ခြင်း၏ မရှိသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏။ (ဋီ၊ မြန်)

ထိုရုပ်ရှစ်ပါးသည် အမြဲတွဲလျက်ရှိသော်လည်း တစ်မျိုးမျိုးက သတ္တိလွန်ကဲအားကောင်းသောအခါ အခြားရုပ်များအားမကောင်းကြ။ မြေကြီးတွင် ပထဝီဓာတ်ခက်မာမှု လွန်ကဲ၏။ အခြားရုပ်များ အားနည်း၏၊ ရေတွင် ယိုစီးမှု အာပေါဓာတ်လွန်ကဲ၏၊ အခြားရုပ်များ အားနည်း၏၊ ကြွင်းကြံစည်ပါလေ။

ရှုအပ် ကြည့်အပ်သောကြောင့် ရူပါရုံသည် ဝဏ္ဏ မည်၏၊ မိမိဟု ဆိုအပ်သော သြဇာဓာတ်ဖြစ်ပြီးသည်နောက် ဌီကာလ၌ ရုပ်ကို ဖြစ်စေတတ်သောကြောင့် သြဇာမည်၏။

## ရူပသမုဋ္ဌာန

ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံ, ရူပါဝစရကုသိုလ်ကံအားဖြင့် နှစ်ဆယ့်ငါးပါးသောကံသည် ကမ္မဇရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍

ခဏတိုင်း, ခဏတိုင်း မပြတ်မလပ် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်စေ၏။ ၎င်း ၁၇-ချက်မြောက်သောစိတ်၏ ဋီကာလမှစ၍ ကမ္မဇရုပ်တို့ မဖြစ်တော့ပြီ။

စိတ်၏ဋီခဏ ရှိသင့်/မရှိသင့်ပြဿနာကို အောက်ဝိထိပိုင်းအစ စိတ်သက်ကို ပြဆိုခန်း၌ ရှင်းခဲ့ပြီးအတိုင်း သိပါလေ။

## ယခုအခါ စိတ်၏ဘင်ခဏ၌ ရုပ်ဖြစ်နိုင် မဖြစ်နိုင်

ပြဿနာကို သင်္ဂြိုဟ်ဘာသာဋီကာလာအတိုင်း လေ့လာကြည့်ပါဦး –

မူလဋီကာအလို စိတ်၏ဘင်ခဏ၌ ရုပ်မဖြစ်ထိုက်၊ အနုဋီကာစသည်တို့၏အလို ဖြစ်ထိုက်၏။ ဆက်လက်ရှင်းပြပါမည်။ ''ယဿ သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ နော''ဟူသော ဤသစ္စယမိုက်ပါဠိတော်ကို ထောက်၍ စိတ်၏ဘင်ခဏ၌ မည်သည့်ရုပ်မျှ မဖြစ်နိုင်''ဟု မူလဋီကာ မိန့်ဆိုပြန်၏။ ထင်ရှားစေအံ့ – ''ယဿ သမုဒယသစ္စံ နိရုဇ္ဈတိ''ပါဌ်ဖြင့် သမုဒယသစ္စ တဏှာလောဘ၏ ချုပ်ဆဲဘင်ခဏကို ပြ၏။ ''တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ''ပါဌ်ဖြင့် တဏှာလောဘ၏ ချုပ်ဆဲဘင်ခဏ၌ ဒုက္ခသစ္စာဟူသော လောကီစိတ် စေတသိက် ရုပ်များ ဖြစ်နိုင်ရဲ့လားဟု မေးသည်။ ''နော''ဟူသော ပါဌ်ဖြင့် ''မဖြစ်နိုင်''ဟု ဖြေသည်။ ဤအဖြေကိုထောက်၍ ''လောဘချုပ်ခိုက်မှာ စိတ် စေတသိက်အားလုံး မဖြစ်နိုင်သကဲ့သို့၊ ထို့အတူ ရုပ်ဟူသမျှလည်း မဖြစ်နိုင်''ဟု မူလဋီကာဆရာကယူလို၏။ (ပင်ကိုကပင် ဋီခဏမရှိ ဟု ယူထားပြီးဖြစ်သောကြောင့် မူလဋီကာက ''ရုပ်ဟူမျှ စိတ်၏။ ဥပါဒ်ခိုက်၌သာ ဖြစ်ကြသည်ဟု ယူဆလေသည်။)

**အနုဋီကာစသည်။** ။ အနုဋီကာစသည်တို့၏အယူကား – ''နော''ဟူသော အဖြေသည် စိတ်နှင့်ဆက်သွယ်၍ဖြစ်လေ့ရှိသော စိတ္တဇရုပ်ကိုသာ ရည်ရွယ်သော အဖြေဖြစ်သည်။ ထို့ကြောင့် စိတ်၏ဘင်ခဏ၌ စိတ္တဇရုပ်တစ်မျိုးသာမဖြစ်၊ အခြားရုပ်များကား ဖြစ်နိုင်ကြသည်သာဟု ယူကြသည်။ ထင်ရှားစေအံ့၊ စိတ်သည် ဥပါဒ်အခိုက်မှာ အားအကောင်းဆုံးဖြစ်၏။ ထို့ကြောင့် စိတ်၏အားမရှိရာ ဘင်ခဏ၌ စိတ္တဇရုပ်၏ မဖြစ်ခြင်းသည် ယုတ္တိရှိ၏။ ကမ္မဇ ဥတုဇ အာဟာရဇရုပ်တို့ကား စိတ်နှင့်ဆက်သွယ်ခြင်းမရှိကြ။ နိရောဓသမာပတ်ဝင်စားနေသောအခါ၌ စိတ်မဖြစ်သော်လည်း ကမ္မဇစသော ရုပ်သုံးမျိုးမှာ ဖြစ်လျက်ရှိ၏။ စိတ်၏ဘင်ခဏ၌ မဖြစ်နိုင်ရိုးမှန်ပါလျှင် လုံးလုံးစိတ်မရှိသည့်အခါဝယ် အဘယ်မှာဖြစ်နိုင်ပါတော့အံ့နည်း၊

ထို့ကြောင့် ''နော''ဟူသော ယမိုက်အဖြေသည် စိတ်နှင့် ဆက်သွယ်နေသော စိတ္တဇရုပ်ကိုသာ ရည်ရွယ်သောအဖြေတည်း။ ကမ္မဇစသော အခြားရုပ်များကား စိတ်၏ဥပါဒ်ခိုက်၊ ဌီအခိုက်၊ ဘင်အခိုက်၌လည်းကောင်း၊ နိရောသမာပတ်အခိုက်၌လည်းကောင်း အကြောင်းအားလျော်စွာ ဖြစ်ခွင့်ရှိပေသည်။

(အရူပဘုံ၌ ရုပ်ဟူသမျှ မဖြစ်သောကြောင့် ''နော''ဟူသော အဖြေသည် အရူပဘုံကို ရည်ရွယ်သော အဖြေဖြစ်၏ဟု တစ်နည်းပြကြသေးသည်၊ ယုတ္တိမရှိလှ)

အရူပါဝစရ ကုသိုလ်ကံသည်ကား ရုပ်ကိုမဖြစ်စေလိုသော ရူပဝိရာဂဘာဝနာ၏အစွမ်းကြောင့် ရုပ်ကို မဖြစ်စေ။ (ဝိရာဂ=တပ်နှစ်သက်မှုကင်းခြင်း)

ရုပ်ကိုဖြစ်စေသော ကံအရတွင် လောကုတ္တရာမဂ်ကုသိုလ်ကံသည် ဖိုလ်စိတ်ကိုသာ ဖြစ်စေသဖြင့် ရုပ်ကို မဖြစ်စေနိုင်၍ မရခြင်းဖြစ်သည်။

## အရူပဝိပါတ် လေးပါးနှင့် ပဉ္စဝိညာဏ်တို့ ရုပ်ကို မဖြစ်စေနိုင်ပုံ

အရူပဝိပါက်စိတ်ကား ရုပ်၌ တပ်ခြင်းကင်းသော ဘာဝနာသည် ဖြစ်စေအပ်သည်အဖြစ်ကြောင့် အကြောင်းဖြစ်သော အရူပကံ၏ ထိုရုပ်နှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း၊ ရုပ်ဖြစ်ရာဘုံ မဟုတ်သောကြောင့်၎င်း၊ ရုပ်ကို မဖြစ်စေနိုင်၊ ဒွေးပဉ္စဝိညာဏ်စိတ်ကား ရုပ်ကို ဖြစ်စေခြင်း၌ ထူးသောအကြောင်းဖြစ်ကုန်သော ဟိတ်, ဈာနင်, မဂ္ဂင်တို့နှင့် မယှဉ်သဖြင့် စိတ်အင်္ဂါ အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်ဟုမှတ်။

လင်္ကာ။ ။ ရုပ်ကိုရှုံ့ရှာ၊ မွန်ပြဟ္မာတို့၊ နေရာဌာန၊ အရူပဝယ်၊ ရုပ်ဖြစ်ဖွယ်လျှင်း၊
မလိုခြင်းကြောင့်၊ ယင်းဝိပါတ်များ ရုပ်မဖွား၊ မှတ်သားမြဲခိုင်ခိုင်။
ဈာန်နင်, မဂ္ဂင်၊ ဟိတ်မယှဉ်၍၊ စိတ်အင်္ဂါစု၊ အားနည်းမှုကြောင့်၊
ဆယ်ခုဝိညာဏ်၊ ရုပ်ဖြစ်ရန်၊ ကေန်မတတ်နိုင်။

ရှင်ဇနကာဘိဝံသ

## စိတ်အင်္ဂါအားနည်းပုံ (ဖတ်ရုံသာ)

[ဈာန်အင်္ဂါဖြစ်သော စေတသိက်များပါဝင်မှ စူးစိုက်မှု အာရုံယူနိုင်မှု တည်ကြည်မှုတို့ ဖြစ်နိုင်၍ စိတ်အားရှိ၏၊ လောဘစသော ဟိတ်တရားများပါဝင်မှ ဟိတ်အားကောင်းသလောက် စိတ္တဇရုပ်များအားကောင်းနိုင်၏၊သမ္မာမဂ္ဂင်အားကောင်းမှ ကုသိုလ်စိတ္တဇရုပ်များ တိုးပွားမည်၊ မိစ္ဆာမဂ္ဂင်အားကောင်းသလောက်

အကုသိုလ်စိတ္တဇရုပ်များ တိုးပွားမည်။ ပဋိဝိညာဏ်ဆယ်ပါး၌ ဈာန်နှင့်ဟိတ် မဂ္ဂင်တရားများမပါ၍ စိတ်အင်္ဂါအားနည်း၏။]

## ပဋိသန္ဓေစိတ်လည်း ရုပ်ကို မဖြစ်စေနိုင်ခြင်း

(၁) မှီရာဟဒယဝတ္ထု အားနည်းခြင်း၊
(၂) တည်တည်တံ့တံ့ မရှိသေးခြင်း၊
(၃) ပုရေဇာတစသော အကြောင်းအထောက်အပံ့ချို့တဲ့ခြင်း၊
(၄) ပစ္ဆာဇာတပစ္စည်းကင်းခြင်း၊
(၅) ဘဝသစ်၌ ရောက်ခါစဧည့်သည်မျှသာဖြစ်ခြင်း၊
(၆) စိတ္တဇရုပ်များတည်ဖို့ရန် ကမ္မဇရုပ်သို့ သတ္တိစွမ်းအင်များကို ပေးလိုက်ရခြင်း၊ (မိမိ၌ရှိသောစွမ်းအင်ကို ကမ္မဇရုပ်က ယူသွားခြင်း) ထို့ကြောင့် ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်တော့။

လင်္ကာ။ ။မှီရာဝတ္ထု၊ အားနည်းမှုနှင့်၊ စုစုခိုင်ခိုင်၊ မတည်နိုင်ချေ၊ ပုရေဇာတ၊ ပစ္ဆယလည်း၊ ထောက်မကောင်းဖို့၊ အကြောင်းချို့၍၊ တစ်ဖို့တဝ၊ ရောက်သစ်စတည်း၊ စိတ္တဇအပေါင်း၊ တည်ဖို့ကြောင်းကို၊ စုဆောင်းယူကြ၊ ကမ္မဇတို့၊ တည်ရပလေ၊ အကြောင်းတွေကြောင့်၊ သန္ဓေစိတ်များ၊ ရုပ်မဖွားသည်၊ မှတ်သားကျမ်းဆို အမြဲတည်း။ [ဇနကာဘိဝံသ]

## ရဟန္တာတို့စုတိစိတ်လည်း ရုပ်ကို မဖြစ်စေနိုင်

လင်္ကာ။ ။အဝိဇ္ဇာနှင့်၊ တဏှာဝဋ်မြစ်၊ ပြတ်ပြီးဖြစ်၍၊ အသစ်နောက်ထပ်၊ ဆက်စပ်ဖို့လမ်း၊ မရှိခန်းသဖြင့်၊ ရဟန္တာထိုထို၊ စုတိဆို ရုပ်ကိုမဖြစ်စေ။ [သမ္မော-၄။ ရှင်ဇနကာဘိဝံသ]

မှတ်ချက်။ ။ [ရဟန္တာတို့၏စုတိသာမက သတ္တဝါအားလုံးတို့၏ စုတိစိတ်အားလုံးပင် ရုပ်ကိုမဖြစ်စေနိုင်ဟု ခန္ဓဝိဘင်း မူလဋီကာ၊ အဋ္ဌသာလိနီ မူလဋီကာ၊ သင်္ဂြိုဟ်ယမိုက်တို့၌ ဆို၏။]

## ပဋိသန္ဓေစိတ် စုတိစိတ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဘဲ သင်္ဂြိုဟ်ကျမ်း၌ သီးသန့်ကြဉ်ခြင်းကို မပြုပုံ

ပဋိသန္ဓေစိတ် စုတိစိတ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေသော်လည်း ဘဝင်စိတ်အနေဖြင့် ရုပ်ကို ဖြစ်စေနိုင်သေးကြောင်း ၎င်းပဋိသန္ဓေ ဘဝင် စုတိစိတ်တို့မှာ

စိတ်အတူတူဖြစ်၍ ကြည်သော်လည်း ပျော့သွားမည်မဟုတ်၍ သိီးသန့်ကြည်ခြင်းကို မပြုခြင်းဖြစ်သည်။

## စိတ်သည် ဥပါဒ်အခိုက်၌သာ အားရှိ၍ ရုပ်ကိုဖြစ်စေပုံ

စိတ်သည် အလွန်လျင်မြန်သဖြင့်လည်းကောင်း၊ အနန္တရပစ္စည်း အာသေဝန ပစ္စည်းကို မရသဖြင့်လည်းကောင်း ရုပ်ကဲ့သို့ ဌီခဏ ဘင်ခဏတို့၌ အားမရှိသောကြောင့် ဌီခဏ ဘင်ခဏတို့၌ ရုပ်ကို မဖြစ်စေနိုင်။ ရုပ်၏ဥပါဒ်ခဏ၌သာ လတ်လတ်လောလောဖြစ်သော အနန္တရပစ္စည်း အာသေဝနပစ္စည်း အရှိန်အငွေ့ကို ခံစံကြရ၍ အားရှိကြကုန်သဖြင့် အနန္တရပစ္စည်း အာသေဝနပစ္စည်းကိုရ၍ အားကြီးသောကြောင့် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ရုပ်ကို ဖြစ်စေနိုင်၏ဟု မှတ်။

ကိုယ်၌တည်သော သွားခြင်း လာခြင်း ထိုင်ခြင်းစသော ကြိယာသည်ဣရိယာ မည်၏။ ၎င်းဣရိယာ၏အကြောင်းဖြစ်သော သွားသောအခိုက်အတန့်၊ လာသော အခိုက်အတန့်အတွင်း၌ဖြစ်သော ရုပ်တရားသည် ဣရိယာပုထ်မည်၏။

အပ္ပနာဇော ဆဗ္ဗိသသည် ၎င်းဣရိယာပုထ် မပျက်စီးရအောင်၊ တည်တံ့အောင် ထောက်ပံ့တတ် ဖြစ်စေတတ်၏။

၎င်းအပ္ပနာဇောတို့သည် အာသေဝနပစ္စည်းကိုရ၍ အရှိန်အဟုန်ရှိသော်လည်း ကာမဇောတို့ကဲ့သို့ ရုန့်ရင်းသောစိတ်မဟုတ်သောကြောင့် ဝိညတ်ကို မဖြစ်စေနိုင်။

မနောဒွါရ၌ဖြစ်သော ဝုဋ္ဌော ကာမဇောတစ်ခုယုတ် သုံးဆယ်၊ အဘိညာဉ် ဒွေးတို့သည် အားကြီးသောကြောင့် ဝိညတ်ကိုလည်း ဖြစ်စေနိုင်ကုန်၏၊ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်ကုန်၏။ (ဋီ၊ မှတ်ချက်)

ပဉ္စဒွါရ၌ဖြစ်သော ဝုဋ္ဌော ကာမာဝစရဇောတို့ကား အားနည်းသောကြောင့် ဝိညတ်စသည်တို့ကို မဖြစ်စေနိုင် ဟု မှတ်။ (ဋီ၊ မှတ်ချက်)

ထိုဝိညတ်ကို ဖြစ်စေတတ်သော ဝုဋ္ဌော ကာမာဝစရဇောတစ်ခုယုတ် သုံးဆယ်တို့တွင် (၁၃)ပါးသော သောမနဿဇောတို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏။ ၎င်း (၁၃)ပါးလည်း မနောဒွါရ၌သာ ဖြစ်ကုန်၏၊ ပဉ္စဒွါရ၌ အားနည်း၍ မဖြစ်နိုင်။

**တေရသအရကား** – ကာမာဝစရကုသိုလ်သောမနဿ (၄)ပါး၊ အကုသိုလ်သောမနဿ (၄)ပါး၊ ကာမာဝစရကြိယာသောမနဿ (၄)ပါး၊ အဟိတ်ကြိယာသောမနဿ (၁)ပါးအားဖြင့် (၁၃)ပါးကို ယူ။

ထိုစိတ်တို့တွင် ပုထုဇဉ်တို့သည် အကုသိုလ်သောမနဿလေးပါး၊ မဟာကုသိုလ်သောမနဿလေးပါး ဤ (၈)ပါးတို့ဖြင့် ရယ်ရှင်ကုန်၏။ သေက္ခပုဂ္ဂိုလ်ဟုဆိုအပ်သော အောက်ဖလဋ္ဌာန်သုံးယောက်တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ် အကုသိုလ်သောမနဿနှစ်ပါး၊ မဟာကုသိုလ်သောမနဿလေးပါး ဤစိတ်ခြောက်ပါးတို့ဖြင့် ရယ်ရှင်ကုန်၏။ အသေက္ခဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့သည် မဟာကြိယာသောမနဿလေးပါး၊ ဟသိတုပ္ပါဒ်တစ်ပါး ဤစိတ်ငါးပါးတို့ဖြင့် ရယ်ရှင်ကုန်၏။

## ဇာဂရဏစိတ် (နိုးကြားတက်ကြွကြောင်းစိတ်များ)

အပ္ပနာဇော (၂၆)၊ ဝုဋ္ဌော၊ ကာမဇော (၂၉)၊ အဘိညာဉ်ဒွေး ပေါင်း (၅၈)ပါးတို့ဖြစ်ကြသည်။

**အဇာဂရဏစိတ်** (မနိုးကြား မတက်ကြွသောစိတ်များ၊ ငြိမ်သက် အိပ်စက်စိတ်များ) ဘဝင်စိတ်များဖြစ်ကြသည်။

## ရုပ်မှ ဣရိယာပုထ် ဝိညတ်တို့ကို အသီးအခြားဆိုရပုံ

ရုပ်မှလွတ်သော ဣရိယာပုထ် ဝိညတ်တို့ အသီးအခြားမရှိပါ။ ထိုသို့ မရှိသော်လည်း ရုပ်ကို ဖြစ်စေတတ်သော စိတ် (၇၅)ပါးလုံးသည် ဣရိယာပုထ် ဝိညတ်တို့ကို ဖြစ်စေနိုင်သည်မဟုတ်။ အချို့ကား ရုပ်သက်သက်ကိုသာ၊ အချို့ကား ရုပ်နှင့်ဣရိယာပုထ်၊ အချို့ကား ရုပ် ဣရိယာပုထ်နှင့်ဝိညတ်ကို ဖြစ်စေ၏ဟု ထူးခြားမှုကို ပြလို၍ ရုပ်မှ ဣရိယာပုထ် ဝိညတ်တို့ကို သီးသန့်ခွဲထုတ်ခြင်းဖြစ်သည်။

**မှတ်ချက်။** ။ ဣရိယာပုထ်သည် ဝိညတ်နှင့်မကွေမကွာ ဖြစ်လေ့ရှိသည့်အတွက် ဝိညတ်ကို ဖြစ်စေတတ်သော စိတ်မှန်သမျှ ဣရိယာပုထ်ကို ခိုင်စေသည်သာ ဖြစ်သည်။

## ဘုရားရှင် ဟသိတုပ္ပါဒ်ဖြင့် ပြုံး/မပြုံး

ဘုရားရှင်တို့ ပြုံးသမျှအမှုသည် ဉာဏ်တော်သို့ အစဉ်လိုက်သည်ချည်းသာ ဖြစ်သည်။ ဉာဏ်ကင်းသော ဟသိတုပ္ပါဒ်ဖြင့် ဘုရားရှင် မပြုံးဟု ယူဆကြ၏။

ဘုရားရှင်တို့သည် သတ္တဝါတစ်ဦး၏ ရှေးဘဝများစွာကို ပုဗ္ဗေနိဝါသဉာဏ် ဖြင့်လည်းကောင်း၊ နောင်ဖြစ်ဦးမည့်ဘဝများကို အနာဂတံသဉာဏ်ဖြင့်လည်း ကောင်း၊ သဗ္ဗညုတဉာဏ်ဖြင့်လည်းကောင်း တွေးတောဆင်ခြင် ဉာဏ်သက်ဝင် ပြီးမှ ဟသိတုပ္ပါဒ်ဖြင့် ပြုံးခြင်းဖြစ်၍ ဟသိတုပ္ပါဒ်ဖြင့် ပြုံးနိုင်ပါသည်။

## ဒေါသပြုံး (မဲ့ပြုံး) ရှိနိုင်/မရှိနိုင်

ရန်သူကို တွေ့၍မဲ့၏၊ ဒေါသဖြစ်၏၊ နိုင်လောက်သော ရန်သူဖြစ်၍ သောမနဿဖြင့် ပြုံး၏၊ သီးခြားစီသာဖြစ်၏၊ စိတ်အစဉ် လျင်မြန်မှုကြောင့် ရောထွေးသယောင် ထင်နေရ၏။ ထို့ကြောင့် ဒေါသပြုံး (မဲ့ပြုံး) မရှိနိုင်။

သီတုဏှောတုသမညာတာ တေဇောဓာတု ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။

သီတဥတု ဥဏှဥတု ဟု ဆိုအပ်သောတေဇောဓာတ်သည် ဌီသို့ ရောက်သည် ဖြစ်၍သာလျှင် ဥတုကြောင့်ဖြစ်သောရုပ်ကို အဇ္ဈတ္တသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓ သန္တာန်၌လည်းကောင်း ထိုက်သည်အားလျော်စွာ ဖြစ်စေ၏။

## ဥတုဇရုပ်ကို ဖြစ်စေပုံအဖွင့်

ပဋ္ဌာဇာတအစရှိသော ပစ္စည်းအထောက်အပံ့ကိုရခြင်းကြောင့် ဌီခဏ၌ သာလျှင် ဥတုဇသြဇာတို့၏ အားရှိသည်၏အဖြစ်သည် ဖြစ်၏။ ထို့ကြောင့် ''တေဇော ဓာတု ဌိတိပ္ပတ္တာဝ''ဤသို့ အစရှိသောစကားကို မိန့်ဆိုအပ်၏။ (ဋီ၊ မြန်)

အအေး ဟူသော သီတတေဇော၊ အပူ ဟူသော ဥဏှတေဇောဓာတ်သည် ပဋိသန္ဓေ၏ဥပါဒ်ခဏ ကမ္မဇရုပ်၌ပါရှိသော်လည်း ၎င်းဥပါဒ်ခဏ၌ ကျေးဇူးမပြု နိုင်သေး။ ပဋိသန္ဓေစိတ်၏ ဌီခဏကျမှသာ ပဋ္ဌာဇာတပစ္စည်းကိုရသဖြင့် အားရှိ သောကြောင့် ဥတုကြောင့်ဖြစ်သော ရုပ်ကို ဖြစ်စေနိုင်၏။

**ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ။** ။ ရုပ်တို့မည်သည် အချုပ်နှေးသဖြင့် ဌီ အခိုက်မှာ ကြာရှည်စွာ တည်ရ၏။ သို့အတွက် ဌီအခိုက်မှာ ဓမ္မတာအတိုင်းပင် အားပြည့်ကြသည်။ ထို့ကြောင့် ဆိုင်ရာရုပ်ကလာပ်တွင် ပါဝင်သော တေဇောဓာတ် သည် ဥပါဒ်ပြီးနောက် ဌီသို့ အရောက်အရောက်မှာ ဥတုရုပ်ကလာပ်အသစ် အသစ်ကို ဖြစ်စေသည်။ထိုသို့ ဖြစ်စေရာ၌ ဥတုတစ်ခုလျှင် ဥတုဇရုပ်ကလာပ် တစ်ခုကိုသာ ဖြစ်စေသည်ဟု မှတ်ပါ။

ဋီကာကျော်။ ။ ''ပဌာဇာတာဒိပစ္စယုပတ္ထမ္ဘလာဘေန ဌိတိက္ခဏေယေဝ ဥတုသြဇာနံ ဗလဝဘာဝေါ''ဟူသော ပါဠ်ဖြင့် ပစ္ဆာဇာတပစ္စည်း အာဟာရပစ္စည်း စသည်တို့၏ အထောက်အပံ့ကို ဌီခဏကျမှရသည့်အတွက် ဥတုသြဇာတို့သည် ဌီခဏကျမှ အားကောင်း၍ ရုပ်ကို ဖြစ်စေသည်ဟု ဆို၏။ သို့သော် နိရောဓသမာ ပတ်ဝင်စားခိုက်၌ ပစ္ဆာဇာတ အထောက်အပံ့မရ၊ အသညသတ်ဘုံ၌ ဖြစ်ခိုက် မှာကား ပစ္ဆာဇာတ အာဟာရ နှစ်မျိုးလုံးပင် အထောက်အပံ့မရ၊ ဗဟိဒ္ဓဥတုများ လည်း ပစ္ဆာဇာတ အထောက်အပံ့မရ၊ ထိုဥတုများသည် ရုပ်ကို ဖြစ်စေနိုင်ကြသည် သာ။ ထို့ကြောင့် ဥတု၏ ရုပ်ကို ဖြစ်စေနိုင်ဖို့ အရေးကြီး၍ ပစ္ဆာဇာတစသော ပစ္စည်းများသည် ကြီးလေးသော အထောက်အပံ့မဟုတ်၊ ရုပ်တို့၏ဓမ္မတာအတိုင်း ဌီခဏ၌ အားကောင်းသောကြောင့်သာ ဆိုင်ရာရုပ်ကိုဖြစ်စေနိုင်ကြသည်။ ပစ္ဆာဇာတ စသော အထောက်အပံ့ကို ရသောအခါ ပင်ကိုဓမ္မတာထက် အားပိုလာသည်ဟု ယူဆဖွယ်ရှိ၏။

အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါ စ ယထာရဟံ။ ။ အဇ္ဈတ္တဥတုသည် အဇ္ဈတ္တ၌ ရထိုက်သမျှ ဥတုဇရုပ်ကို ထိုက်သင့်သလို ဖြစ်စေ၍ ဗဟိဒ္ဓဥတုကလည်း ဗဟိဒ္ဓ၌ ရထိုက်သမျှ ဥတုဇရုပ်ကို ဖြစ်စေသည်။ (အဇ္ဈတ္တဥတုသည် သူ့ချည်းသက်သက် ရုပ်ကိုမဖြစ်စေနိုင်၊ ဗဟိဒ္ဓဥတု၏ အကူအညီရမှ ဖြစ်စေနိုင်သည်ဟု ကျမ်းဂန်၌ ဆို၏။ ဗဟိဒ္ဓဥတုကလည်း ခန္ဓာကိုယ်၌ အမြဲထိတွေ့စိမ့်ဝင်လျက်ရှိသောကြောင့် အဇ္ဈတ္တဥတုကို အချိန်မရွေး ကူညီထောက်ပံ့နိုင်ခွင့်ရှိသည်။ (ဘာသာဋီ)

ပဋိသန္ဓေစိတ်မှစ၍ဖြစ်ပေါ်နေသော ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းလေးပါးကြောင့်ဖြစ်သော **အတွင်းအဇ္ဈတ္တသြဇာဓာတ်သည် အပ ဗဟိဒ္ဓ သြဇာဓာတ်**နှင့် မတွေ့ထိရသဖြင့် သြဇာရုပ်ကို မဖြစ်စေနိုင်သေး။ ပဋိသန္ဓေတည် နေသည်မှနောက် တစ်သတ္တာဟ နှစ်သတ္တာဟသို့ ရောက်၍ အမိမျိုသော ဘောဇဉ်၌ ပါသော ဗဟိဒ္ဓသြဇာနှင့် အချင်းချင်းပေါင်းဆုံမိကြသဖြင့် (ခုနစ်ရက်ကြာ၍) ရုပ်၏ ဌီသို့ရောက်မှသာလျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။

အဇ္ဈောဟရဏကာလေ သမုဋ္ဌာပေတိ။ ။ အများထုံးစံလိုက်၍ ''အဇ္ဈောဟရဏကာလေ၊ မျိုလိုက်သောအခါ အာဟာရသမုဋ္ဌာန်ရုပ်ကို ဖြစ်စေ သည်''ဟု ဆိုသည်။ စင်စစ်မှာ မျိုမချခင်, ဝါး၍မစားခင် လျှာပေါ်၌ တင်မိလျှင်ပင် အချို့အစာများ၏အရသာသည် လျှာအပြင်ပမှစ၍ ခန္ဓာကိုယ်၌ ထိုက်သင့်သမျှ ပျံ့နှံ့လေ၏။ အစာအာဟာရ၏ အရသာကောင်းသလောက် ကိုယ်မှာ အရသာ

ပျံ့နှံ့မြန်၏။ အရသာကို ဆောင်ယူသော အကြောများ သန့်ရှင်းသလောက်လည်း ကိုယ်မှာ အရသာ ပျံ့နှံ့မြန်၏။ အရသာညံ့ဖျင်းသော အစာများကား သွားဖြင့် ကိုက်ချေဝါးမျိုးလိုက်မှ အရသာပျံ့နှံ့သည်။ ဝါးမျိုစားသောက်၍ အစာအိမ်သို့ ရောက်သောအခါ ဝမ်းမီးချက်မှုကြောင့် အစာအာဟာရအချို့ အဖတ်အကာဖြစ် ရစ်၍ တချို့မှာ သွေးကြောတို့ကို အစဉ်လျောက်လျက် အထက်အောက်တစ်ကိုယ် လုံးမှာ ရသာဓာတ်ရည် ပျံ့နှံ့၏။ ထိုအရသာဓာတ် ပျံ့နှံ့ရာတိုင်း၌ ပါဝင်သော ဩဇာသည် ရုပ်ကို ဖြစ်စေနိုင်၏။ ထို့ကြောင့် စားခြင်း မစားခြင်း မျိုခြင်း မမျိုးခြင်းက လိုရင်းမဟုတ်။ အရသာပျံ့နှံ့ခြင်း မပျံ့နှံ့ခြင်းသာ လိုရင်းဖြစ်သည်ဟု မှတ်ပါ။

ဆက်ဦးအံ့၊ ဣသိသိင်္ဂရသေ့ သုံးနှစ်လောက် မေ့နေတုန်းက မွေးညှင်းပေါက် များမှ နတ်ဩဇာကို သွင်းပေးသဖြင့် အာဟာရဇရုပ်များ ဖြစ်ကြ၏။ ယခုကာလ အစာမစားနိုင်သော လူမမာသည်ကို နှာခေါင်းမှလည်းကောင်း၊ ဒွါရမှလည်း ကောင်း အစာသွင်းပေးသဖြင့် အာဟာရဇရုပ်များ ဖြစ်နိုင်ကြသည်။ အမိဝမ်း တွင်းမှာ ကိန်းအောင်းနေသော သူငယ်၏ ကိုယ်ကလေး၌ အမိစားလိုက်သော အစာမှ ဆက်သွယ်ပျံ့နှံ့သဖြင့် အာဟာရဇရုပ်များ ဖြစ်ကြသည်။ လူတို့၏ အစာ အာဟာရမှ အရသာဓာတ်သည် ခုနစ်ရက်ခန့်မျှ ပျံ့နှံ့သောကြောင့် ခုနစ်ရက်ခန့် တိုင်အောင် ခန္ဓာကိုယ်၌ ထောက်ပံ့အားပေးလျက် အာဟာရဇရုပ်များ မွေးဖွား၏၊ နတ်တို့ဩဇာမှ တစ်လ နှစ်လ ကြာအောင်ပင် စွမ်းဆောင်နိုင်သတဲ့။

**ဩနပ္ပတ္တော၀ သမုဋ္ဌာပေတိ။** ။ ဤ၌ "ဩနပ္ပတ္တော၀" ဟူသော စကားကို အထူးအဆန်းမမှတ်နှင့်၊ ရုပ်တို့ဓမ္မတာအတိုင်း ဌီခဏရောက်မှ အားရှိသဖြင့် "ဩနပ္ပတ္တော၀၊ ဌီသို့ ရောက်မှသာလျှင်။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏" ဟု ဆိုသည်။ ထင်ရှားစေအံ့၊ ရေခွက်ထဲက ရေကို ကြည့်ရှုရာ၌ "မူလက ရေသည် အခြေမပျက် တည်လျက်ရှိသည်"ဟု ထင်ရသော်လည်း စင်စစ်မှာ - အဟောင်းအဟောင်းရေ တွေ (အရည်ကလာပ်တွေ) ပျက်၍ အသစ်အသစ်ရေများ ဖြစ်ပွားတည်နေသကဲ့သို့ ထို့အတူ ပြအပ်ပြီးသော အရသာဓာတ်ရည်သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့လေရာ အဟောင်းအဟောင်း အရသာဓာတ်ရည်များ ပျက်၍ အသစ်အသစ်အရသာဓာတ် ရည်များ ဥပါဒ်ဖြစ်ပွားလျက်ရှိ၏။ ထိုသို့ ဖြစ်ပွားရာ၌ ပါရှိသော ဩဇာသည် အသစ် အသစ်ဥပါဒ်ပြီးနောက် ဌီအခိုက်သို့ အရောက်အရောက်မှာ အာဟာရသမုဋ္ဌာန ရုပ်ကလာပ်တစ်ခုခုကို ဖြစ်စေသည်ဟု ဆိုလိုသည်။

ထိုသို့ဖြစ်စေရာ၌ အစာအာဟာရတွင် ပါရှိသော ထိုဩဇာသည် ခန္ဓာကိုယ်၌ ရှိသော ကမ္မဇရုပ်များ၏ (အထူးအားဖြင့် ကမ္မဩဇာ၏) အထောက်အပံ့ကိုရမှသာ အာဟာရသမုဋ္ဌာနရုပ်ကို ဖြစ်စေနိုင်သည်။ ဆိုလိုရင်းကား - ''အရသာဓာတ် ရည်သည် ခန္ဓာကိုယ်၌ ပျံ့နှံ့သောအခါ ထိုထိုအရပ်၌ ကမ္မဇရုပ်များနှင့် ပေါင်းစပ် မိ၏။ ထိုကမ္မဇရုပ်များ၏ အထောက်အပံ့ကိုရသဖြင့် အရသာဓာတ်တွင်ပါသော ဩဇာက ရုပ်ကို ဖြစ်စေနိုင်သည်''ဟူလို။

**မဟာဋီကာဝါဒ**။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာကား ''အစာအာဟာရတွင် ပါဝင် သော ဗဟိဒ္ဓဩဇာသည် ခန္ဓာကိုယ်တွင်းမှာရောက်သော်လည်း ရုပ်ကိုတိုက်ရိုက် မဖြစ်စေနိုင်။ အဇ္ဈတ္တ (ခန္ဓာကိုယ်အတွင်းမှာ အမြဲတည်ရှိသော) ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ၊ ဩဇတို့ကသာ အာဟာရဇရုပ်ကို ဖြစ်စေ၏။ ဗဟိဒ္ဓဩဇာကား အဇ္ဈတ္တဩဇာများ ဖြစ်စေဖို့ရာ ထောက်ပံ့ရုံသာ ထောက်ပံ့နိုင်သည်'ဟု ယူဆ၍ ဤနေရာနှင့်တကွ ပဏ္ဏာသသံယုတ် ပဋ္ဌာန်းအဋ္ဌကထာတို့ ပြောင်းပြန်ချည်း ဖွင့်လေသည်။ သို့သော် အစာအာဟာရတွင်ပါသော ဗဟိဒ္ဓဩဇာက ခန္ဓာကိုယ် တွင်းသို့ ရောက်သောအခါ ရုပ်ကိုဖြစ်စေနိုင်ပုံသည် အလွန်ထင်ရှား၏၊ မကျန်းမာ သောလူတစ်ယောက်သည် မတည့်သောအစာကို လျှာပေါ်တင်မိရုံဖြင့် ရောဂါ တိုးလာ၏၊ တည့်သောအစာကို အနည်းငယ်စားရုံမျှဖြင့် ကျန်းမာလာ၏၊ ဆေးတစ် ခွက်ဖြင့် ကျန်းမာလာ၏။ အစားကောင်းလျှင် စားတိုင်း အရသာရှိလျှင် မကြာခင် အသားအရေတိုးလျက် ဝဖြိုးလာ၏။ ဤသို့ ဖြစ်ခြင်းသည် အပြင်ပက အစာ အာဟာရတွင်ပါသော ဗဟိဒ္ဓဩဇာ၏အစွမ်းမဟုတ်ပါလော၊ ဤသို့လျှင် အဇ္ဈတ္တ ဩဇာက ဥပတ္ထမ္ဘကသတ္တိ (သုတ္တန်ပကတူပနိဿယ) သဘောဖြင့် ထောက်ပံ့ရုံ ထောက်ပံ့၍ ဗဟိဒ္ဓဩဇာကသာ ဇနကသတ္တိဖြင့် အာဟာရဇရုပ်ကို ဖြစ်စေပုံက ထင်ရှားသောကြောင့် ''ဗဟိဒ္ဓဩဇာက ရုပ်ကို မဖြစ်စေနိုင်၊ ထောက်ပံ့ရုံသာ ထောက်ပံ့နိုင်သည်''ဟူသော အရှင်ဓမ္မပါလ၏အယူအဆကို ဆရာမြတ်တို့က လက် မခံလာကြချေ။

## ပုဂ္ဂိုလ်အလိုက် ဩဇာများ ပျံ့နှံ့ပုံ

ဩဇာဖရဏာမုပါဒါယအာဟာရသမုဋ္ဌာနာ။ ။ ဤ၌ ဩဇာအရ အစာ အာဟာရ၌ပါသော ဗဟိဒ္ဓဩဇာကိုယူ၊ ထိုဗဟိဒ္ဓဩဇာ၏ ခန္ဓာကိုယ်၌ ပျံ့နှံ့ပုံကို ရူပသမုဋ္ဌာန်ခန်း၌ ပြခဲ့ပြီ။ ''ဘယ်အချိန်ကစ၍ ဩဇာပျံ့နှံ့နိုင်သနည်း''ဟု မေးဖွယ်

ရှိ၏။ သံသေဒဇနှင့် ဩပပါတိကသတ္တဝါတို့မှာ ပဋိသန္ဓေနေပြီးနောက် မိမိတို့ အနီး အပါး၌ရှိသော အစာကို စားသောက်ရာအခါမှစ၍၊ အစာမရနိုင်သော ပြိတ္တာ စသည်တို့မှာ မိမိတံတွေးစသည်ကို မျိုချရာအခါမှစ၍ ဩဇာပျံ့နှံ့သည်။ ထိုပျံ့နှံ့ သော ဩဇာသည် ခန္ဓာကိုယ်၏ အထက်အောက် ရောက်လေရာအရပ်၌ အာဟာရ သမုဋ္ဌာနရုပ်ကို ဖြစ်စေ၏။ ဂဗ္ဘသေယျကသတ္တဝါတို့၌ကား အမိစားသော အစာမှ ဩဇာပျံ့နှံ့သည့်အခါ သားအိမ်မှ ဆက်သွယ်လျက် သူငယ်၏ ကိုယ်၌လည်း ပျံ့နှံ့ မိလေ၏။ ထိုအခါ သူငယ်၏ ကိုယ်၌ ပျံ့နှံ့သော ဩဇာသည် သူငယ်၏ သန္တာန်မှာ အာဟာရသမုဋ္ဌာနရုပ်ကို ဖြစ်စေ သည်။

ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ ယက္ခသံယုတ်၌ ဟောတော်မူသည်မှာ-

ယဉ္စဿ ဘုဉ္ဇတိ မာတာ, အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော တိရော။

အဿ၊ ထိုသူငယ်၏။ မာတာ၊ မိခင်သည်။ အန္နံ၊ ထမင်းလည်းဖြစ်သော။ ပါနဉ္စ၊ အဖျော်လည်းဖြစ်သော။ ယံဘောဇနံ၊ အကြင်အစာကို။ ဘုဉ္ဇတိ၊ စား၏။ မာတုကုစ္ဆိဂတော၊ အမိဝမ်း၌တည်သော။ တိရော၊ အမိဝမ်းရေခြားကွယ်အပ်သော။ သော၊ ထိုကိုယ်ဝန်သူငယ်သည်။ တေန၊ ထိုအမိစားအပ်သော အစာဖြင့်။ တတ္ထ၊ ထိုအမိဝမ်း၌။ ယာပေတိ၊ မျှတရလေ၏။

''တိရော''နေရာ၌ ''နရော'' ဟုလည်း ရှိ၏။

အဋ္ဌကထာ။ ။ ထိုဂါထာ၏ အဖွင့်အဋ္ဌကထာ၌ ''သူငယ်မှ ချက်ကြိုး ပေါက်၏။ ထိုချက်ကြိုးသည် အမိဝမ်းရေနှင့် ဆက်သွယ်နေ၏။ ချက်ကြိုး၌ ကြာရိုး ကဲ့သို့ အပေါက်အပေါက်ကလေးတွေ ရှိ၏။ မိခင်၏အစာမှ အရသာရည်သည် ထိုချက်ကြိုးအပေါက်တို့မှ သူငယ်ကိုယ်၌ စိမ့်ဝင်လျက် ဩဇာပျံ့နှံ့သည်''ဟု ဖွင့်ပြသည်။ ထိုအဋ္ဌကထာ၌ ''ချက်ကြိုးပေါက်မှ အရသာရည်ဝင်နိုင်သည်'' ဟူသော စကားသည် အရသာရည် အထင်အရှားဝင်နိုင်လောက်ရာအခါကို မှန်း ၍ မိန့်ဆိုခြင်းဖြစ်၏။ ချက်ကြိုးမပေါက်ခင်လည်း ထိုက်သင့်သမျှ ဩဇာပျံ့နှံ့ ခွင့်ရှိ သည်သာ။ ချက်ကြိုးပေါက်မှ အရသာပျံ့နှံ့ရမည်ဆိုလျှင်၊ ချက်ကြိုးမရှိသော အဏ္ဍဇ သတ္တဝါတို့တွင် အဘယ်မှာ ဩဇာပျံ့နှံ့နိုင်ပါတော့အံ့နည်း။ ဇလာဗုဇသတ္တဝါတို့၌ လည်း (၄-၅) သတ္တာဟမြောက်သော်လည်း ချက်ကြိုးပေါက်နိုင်ဦးမည်မဟုတ်။

ခန္ဓဝိဘင်္ဂအဋ္ဌကထာ၌ကား– ''အရသာဓါတ်ရည်နှင့်တကွ ပျံ့နှံ့ရမည့် ဩဇာသည် ကြွမ်းတမ်း၏။ ကလလရေကြည်ဟူသော ဝတ္ထုကား သိမ်မွေ့လှ၏။ ထို့ကြောင့် ထိုသိမ်မွေ့သော ဝတ္ထုဝယ် ဩဇာသည် အဘယ်မှာ ပျံ့နှံ့နိုင် တည်နေနိုင်ပါတော့အံ့နည်း'' ဟု စောဒနာပြီးလျှင် ''ရှေးဦးစွာ ကလလရေကြည်အခိုက်၌ ဩဇာပျံ့နှံ့တည်နေသည်မဟုတ်, တစ် သတ္တာဟ၊ နှစ် သတ္တာဟလောက်လွန်မှ တည်နေနိုင်သည်'' ဟု ဖြေပြီးနောက်၊ ထိုစကားလည်း ကိန်းသေတစ်ထစ်ချ မယူထိုက်ရကား၊ ''တစ်သတ္တာဟ နှစ်သတ္တာဟ၏ ရှေ့ကဖြစ်စေ၊ နောက်မှဖြစ်စေ အမိမျိုအပ်သော အစာမှ ဩဇာပျံ့နှံ့တဲ့အခါ ရုပ်ကို ဖြစ်စေတာပဲ'' ဟု ဆိုသည်။ ထို့ကြောင့် ''ဂဗ္ဘသေယျကသတ္တဝါတို့၌ မည်သည့်ကာလကစ၍ အာဟာရဇရုပ်ဖြစ်၏။''ဟု ကိန်းသေမပြနိုင်ရကား ''အကြင်အခါ ဩဇာပျံ့နှံ့၏၊ ထိုအခါ အာဟာရဇရုပ်များစ၍ ဖြစ်သည်'' ဟု မှတ်ပါ။

လဟုတာ စသော ရုပ်သုံးပါးအပေါင်းသည် ဥတု, စိတ်, အာဟာရ ဟူသော ပစ္စုပ္ပန်အကြောင်းတရားကိုသာ ငဲ့၏၊ အတိတ်ဖြစ်သော ကံတည်းဟူသော အကြောင်းတရားကို မငဲ့သောကြောင့် ကံကြောင့် မဖြစ်ပါဘဲ ဥတု, စိတ်, အာဟာရ တို့ကြောင့်သာ ဖြစ်၏။

ကမ္မဇရုပ်တို့သည် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ကာလသုံးပါးလုံး၌ ဖြစ်၏၊ ကာလသုံးပါး၌ဖြစ်သော ရုပ်ကိုမှသာ ကမ္မဇရုပ်ဟု ခေါ်ရသည်။

လဟုတာ စသော ရုပ်သုံးခုတို့သည် စိတ်, ဥတု, အာဟာရတို့ကြောင့်သာ ဖြစ်၏၊ ကံကြောင့် မဖြစ်။ ပစ္စုပ္ပန်ကာလ၌သာ ဖြစ်၏၊ အတိတ် အနာဂတ်တို့၌ မဖြစ်။

လဟုတာ စသော ရုပ်သုံးခုအပေါင်းကို ကံကြောင့် ဖြစ်သည်ဟု ယူလျှင် ကမ္မဇရုပ်ကဲ့သို့ ကာလသုံးပါးလုံး၌ ဖြစ်သည်ဟူသောအဖြစ် ရောက်လိမ့်မည်။

**ကမ္မဇရုပ်ကေန်**။ ။ ဟဒယရုပ် (၁)၊ ဣန္ဒြိယရုပ် (၈)အားဖြင့် ကိုးပါး။

**ကမ္မဇရုပ်အနေကန်**။ ။ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ အာကာသဓာတ်တစ်ပါး အားဖြင့် (၉)ပါး၊ ပေါင်း (၁၈)ပါး။

**စိတ္တဇရုပ်ကေန်**။ ။ ဝိညတ်ဒွေး။

**စိတ္တဇရုပ်အနေကန်**။ ။ သဒ္ဒရုပ် (၁)၊ လဟုတာဒိတ္တယ (၃)၊ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ အာကာသဓာတ် (၁)ပါး ပေါင်း (၁၅)ပါး။

**ဥတုဇရုပ်အနေကန်**။ ။ သဒ္ဒရုပ် (၁)ပါ၊ လဟုတာဒိတ္တယ (၃)ပါး၊ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ အာကာသဓာတ် (၁)ပါး ပေါင်း (၁၃)ပါး။

**အာဟာရဇရုပ်အနေကန်**။ ။ လဟုတာဒိတ္တယ (၃)ပါး၊ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ အာကာသဓာတ် (၁)ပါး ပေါင်း (၁၂)ပါးဖြစ်ကြ၏။

လက္ခဏရုပ်လေးပါးတို့သည် နိပ္ဖန္နရုပ်တို့၏ဥပါဒ်အခိုက် ဌီအခိုက် ဘင်အခိုက် အတန့်မျှသာဖြစ်၍ မိမိတို့သဘောလက္ခဏာကား ထင်ရှားမရှိကုန်သောကြောင့် ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားတို့ကြောင့်ဖြစ်သော တရားမျိုးမဟုတ်ကုန်။

ကြွင်းသော အနိပ္ဖန္နရုပ်တို့သည် ကံအကြောင်းတရားကြောင့် မဖြစ်သော်လည်း စိတ် ဥတု အာဟာရဟူသော အကြောင်းထူး၏အစွမ်းဖြင့် ထင်ရှားသောကြောင့် ''န ကုတောစိ သမုဋ္ဌာန်''ဟု မဆိုရ။

**လက္ခဏရုပ်လေးပါး** = <u>ဥပစယ+သန္တတိ</u>၊ + ဇရတာ + အနိစ္စတာ

= ဇာတိ + ဇရာ + မရဏ

= ဥပါဒ် + ဌီ + ဘင်

= ဖြစ်ဆဲ + ရင့်ဆဲ + ပျက်ဆဲ

လက္ခဏရုပ်လေးပါးသည် နိပ္ဖန္နရုပ်တို့၏ ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲအခိုက်အတန့်သဘောမျှသာဖြစ်၍ပရမတ္ထ သဘာဝဓမ္မအစစ်မဟုတ်၊ ရုပ်အစစ်မဟုတ် ရုပ်အတုသာဖြစ်၏။ ထို့ကြောင့် နကုတောစိ သမုဋ္ဌာနရုပ်မည်၏။ ရုပ်အစစ်များ၌ (ဥပမာ စက္ခုပသာဒ၌ သီးသန့် ဥပါဒ် ဌီ ဘင် လက္ခဏာ ရသကဲ့သို့) ဇာတိစသည်၌ ဖြစ်ဆဲအခိုက်အတန့်ထက် ပို၍ ဇာတိ၏ ဥပါဒ် ဌီ ဘင် ဟု သီးသန့်လက္ခဏာ မရစကောင်းပါ။ အကယ်၍ ဇာတိစသည်၌ သီးသန့် ဥပါဒ် ဌီ ဘင် လက္ခဏာ ရကောင်းလျှင် –




The infinity of JATI (ဇာတိအဆုံးမရှိနိုင်တော့)

ဤသို့လျှင် ဇာတိ ဇရတာ အနိစ္စတာ တို့၏ ဖြစ်ခြင်းစသည်လည်း မပြီးမဆုံး နိုင်ရှိတော့မည်။ ထို့ကြောင့် ဇာတိ စသည်သည် ရုပ်သဘာဝအစစ်မဟုတ်၊ နိပ္ဖန္န ရုပ်တို့၏အခိုက်အတန့် ပညတ်သဘောတရားမျှသာ ဖြစ်သောကြောင့် မည်သည့် အကြောင်းကြောင့်မျှ ဖြစ်သော ရုပ်မဟုတ်ကြောင်း ထင်ရှားနေသည်။ (ဤကား သင်္ဂြိုဟ်ဆရာ၏အလိုတည်း။)

ဥပစယနှင့်သန္တတိအမည်ရသော ဇာတိရုပ်သည် ကံစသော အကြောင်း လေးပါးကြောင့် ဖြစ်သေးပုံ

အဘိဓမ္မာပါဠိတော် (ဘိ၊ ၁၊ ၂၃၉)၌လည်းကောင်း၊ မာတိကာ ဥပါဒိန္နတိက် ဝယ် ကမ္မဇရုပ်ဝိသတွင် ဥပစယ သန္တတိ နှစ်ပါးကို ထည့်ယူထားသဖြင့်လည်း ကောင်း၊ အဋ္ဌကထာ၌လည်း ဥပစယနှင့်သန္တတိကို ကံစသော အကြောင်းလေး ပါးတို့ကြောင့်ဖြစ်သော ကုတောစိ သမုဋ္ဌာန (စတုဇရုပ်) ဟု ဆိုကြသည်။

ဖြစ်ပုံကို ကြည့်ပါဦး - ကံ စိတ် ဥတု အာဟာရတို့သည် မိမိတို့ဆိုင်ရာ ရုပ်ကို ဖြစ်စေရာ၌ မိမိတို့ဖြစ်စေအပ်သော ရုပ်တို့၏ ဥပါဒ် ဌီ ဘင် အခိုက်တို့တွင် ဥပါဒ်ခဏပြီးသည့်တိုင်အောင် စွမ်းအင်သတ္တိများ ပျံ့နှံ့လျက်ရှိသည်။ (ဥပါဒ်မှ နောက် ကာလ၌ကား မပျံ့နှံ့တော့။)

(ထိုဥပါဒ်အခိုက်၌ ဥပစယ သန္တတိတို့ကို ရအပ်သောကြောင့် ဥပစယနှင့် သန္တတိတို့သည် ကံစသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်သည်ဟူသော "ကုတောစိသမုဋ္ဌာန်ရုပ်"ဖြစ်ကြောင်း (=စတုဇရုပ်ဖြစ်ကြောင်း)ကို ပရိယာယ်အား ဖြင့် ပါဠိတော် အဋ္ဌကထာကြီးများ၌ ဟောထားခြင်းဖြစ်သည်။

## ပရမတ္ထသံခိပ်ဋီကာဆရာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏မှတ်ချက်

လက္ခဏာရုပ်လေးခုကို သင်္ဂြိုဟ်ဆရာနှင့်လယ်တီဆရာတော်ဘုရားကြီးတို့က နကုတောစိသမုဋ္ဌာန်ရုပ် (စတုဝိမုတ်) ဟုသာ ဆိုကြသည်။ ဦးမောင်ကြီး၏ အယူကား ဇရတာနှင့်အနိစ္စတာ နှစ်ခုကိုသာ စတုဝိမုတ် ယူလိုသည်။ ဥပစယ သန္တတိတို့ကိုကား ပါဠိတော် အဋ္ဌကထာကြီးတို့၏နည်းကို မလွန်ကျူးဘဲ စတုဇရုပ်၌ ထည့်သွင်းခြင်းသည်သာ သင့်လျော်လျောက်ပတ်ပေ၏။

## သုတ္တန်ပါဠိတော်များ၌ ဇာတိသာမက ဇရာမရဏတို့လည်း စတုဇရုပ်များ ဖြစ်ကြောင်းပြဆို

သုတ္တန်ပါဠိတော်များ၌ "ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ" ဟု ဟောတော်မူချက် ရှိသေး၏။ (ဇရာမရဏံ၊ ဇရာမရဏသည်။ အနိစ္စံ၊ မမြဲ။ သင်္ခတံ၊ အကြောင်းတရားတို့သည် ပြုစီမံအပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်းတရားကို စွဲ၍ဖြစ်၏။) ဤပါဠိတော်၌ ဇရာမရဏသည် မုချအားဖြင့် သင်္ခတ ပဋိစ္စသမုပ္ပန္န တရားမဟုတ်သော်လည်း သင်္ခတ ပဋိစ္စသမုပ္ပန္နတရားအစစ်ဖြစ်သော ရုပ်ကလာပ်တို့၏ ရင့်ခြင်း–ဇရာ၊ ပျက်ခြင်း–မရဏဖြစ်သောကြောင့် စက္ခုဒသကစသော ရုပ်ကလာပ်တို့၏ သင်္ခတ ပဋိစ္စသမုပ္ပန္န ကို ဇရာ မရဏပေါ် တင်စား၍ ဌာနူပစာရအားဖြင့် ဇရာမရဏတို့လည်း သင်္ခတ ပဋိစ္စသမုပ္ပန္န မည်ကြလေသည်။

## ရူပကလာပ

ရုပ်တို့၏ပေါင်းစုရာသဘောသည် "ကလာပ်"မည်၏၊ ထိုရုပ်ကလာပ်တို့၏ လက္ခဏာသည် –

(၁) ကေပ္ပါဒ၊

(၂) ကေနိရောဓ၊

(၃) ကေနိဿယ၊

(၄) သဟဝုတ္တိ – ဟူ၍ လေးပါးရှိ၏။

တူသောဖြစ်ခြင်းရှိသောရုပ်တရားတို့၏ ဇာတိသဘောသည် ကေပ္ပါဒမည်၏။ တူသောချုပ်ခြင်းရှိသော ရုပ်တရားတို့၏ အနိစ္စတာသဘောသည် ကေနိရောဓ မည်၏။ မဟာဘုတ်လေးပါးတည်းဟူသော တူသောမှီရာရှိသောကြောင့် ကေနိဿယ မည်၏။ အတူတကွ တစ်ပေါင်းတည်းဖြစ်တတ်သောကြောင့် သဟဝုတ္တိမည်၏။

ကလာပ်ဖွဲ့ရာ၌ အင်္ဂါလေးပါးရှိရာ အထက်သုံးပါးညီလျှင် ဖွဲ့၍ရ၏၊ အထက်သုံးပါးညီလျှင် သဟဝုတ္တိ-အလိုလိုညီပြီးသားဖြစ်တော့သည်။

### ထိုအင်္ဂါလေးပါးတွင် ကေပ္ပါဒနှင့်သဟဝုတ္တိသည် သဘောတရား တူပါလျက် သဟဝုတ္တိကို ထပ်ဆိုရခြင်းမှာ -

ကေပ္ပါဒ ဆိုရုံမျှဖြင့် ကလာပ်တစ်စည်းတည်း၌ပါသော ရုပ်တို့၏ အတူတကွ ဖြစ်ခြင်း (ဥပါဒ်ခြင်း) တစ်ခုသာ ယူရ၏။ သဟဝုတ္တိဖြင့်ကား - ကလာပ်စည်းထဲ၌ ပါသော ရုပ်တို့၏အတူဖြစ်ခြင်း (ဥပါဒ်ခြင်း) သာမက (အတူချုပ်ခြင်း)၊(အတူမှီခြင်း) သုံးမျိုးလုံးကို ယူရ၏။

### အခြားရုပ်များလည်း ပါဝင်လျက် စက္ခုဒသကကလာပ်ဟုသာ ခေါ်ရပုံ

စက္ခုသည်သာ အခြားသောကလာပ်များနှင့် မဆက်ဆံသောကြောင့်လည်း ကောင်း၊ ထင်ရှားသောအမှတ်ဖြစ်သောကြောင့်လည်းကောင်း၊ ပြဓာန်းသော ကြောင့်လည်းကောင်း စက္ခုဖြင့်သာမှတ်၍ ''စက္ခုဒသကကလာပ်''ဟု ဆို၏။ (အကြွင်းနည်းတူမှတ်) ဇီဝိတဖြင့် မှတ်အပ်သော ရုပ်ကိုးခုအပေါင်းသည် ''ဇီဝိတနဝကကလာပ်'' မည်၏။

**ဇီဝိတနဝက**။ ။ အဝိနိဗ္ဘောဂရုပ် (၈)ပါးတွင် ဇီဝိတရုပ်တစ်ပါးထည့်က ဇီဝိတနဝက ကလာပ်ဖြစ်၏။ ''ဇီဝိတပြဓာန်းသော ရုပ်ကိုးခုပေါင်း''ဟူလို။ ဤဇီဝိတ နဝက ကလာပ်ကို - (၁) ကာမဘုံ၌ မရနိုင်ဟူသောဝါဒ၊ (၂) ကာမဘုံ၌ ရထိုက်၏၊ သို့သော် အစာသစ်အိမ်၏ အောက်အရပ်၌ စားသမျှအစာကို ချက်သော ကမ္မဇ ဝမ်းမီးခေါ် ပါစကတေဇော၌သာ ရထိုက်သည်ဟူသောဝါဒ၊ (၃) ကာမဘုံ၌ ရထိုက် ရုံသာမက တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်နေသော သဗ္ဗဋ္ဌာနိက (သဗ္ဗတ္ထကဝုတ္တိ) ကလာပ်ပင်ဖြစ်သည်ဟူသော ဝါဒ၊ ဤသို့ သုံးဝါဒကွဲပြား၏။ ထိုတွင် နောက်ဆုံး ဝါဒကို ဤဘာသာဋီကာက နှစ်သက်သည်။

ချဲဦးအံ့၊ ဤကျမ်းတို့၌ ''ဇီဝိတနဝကကလာပ်ကို ကာမဘုံ၌ သီးခြားမရ အပ်၊ ကာယ ဘာဝ စက္ခုဒသကစသော ကလာပ်များတွင် ဇီဝိတရုပ်ပါဝင်လေပြီ''ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူ၏။ ရှေးဆရာအချို့ကား ''ဇီဝိတနဝကကလာပ်ကို ပါစက တေဇောဓာတ်ဟုခေါ်အပ်သော ဝမ်းမီး၌သာ ရထိုက်၏ဟု ယူကြ၏။ သို့သော် - ကာမဘုံသားတို့သန္တာန်၌ ဇီဝိတနဝကကလာပ်သည် ကာယဘာဝဒသကတို့ကဲ့သို့ တစ်ကိုယ်လုံး ပျံ့နှံ့ကြောင်း အဋ္ဌကထာဋီကာ၌ မိန့်ကြပါသည်။

တေဇောစာတ်လေးမျိုးကို ရူပသမုဒ္ဒေသအခန်း၌ ပြခဲ့ပြီ။ ဝါယောဓာတ်သည် ဥဒ္ဓင်္ဂမ (အထက်သို့ဆန်တက်သောလေ)၊ အဓောဂမ (အောက်သို့ စုန်ဆင်းသောလေ)၊ ကုစ္ဆိဋ္ဌ (ဝမ်းတွင်း၌တည်သောလေ)၊ ကောဋ္ဌာသယ (အူမ၌တည်သောလေ)၊ အင်္ဂမင်္ဂ နုသာရီ (အင်္ဂါကြီးငယ်သို့ လျောက်သောလေ)၊ အဿာသပဿာသ (ထွက်သက် ဝင်သက်လေ) ဟု ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ခြောက်မျိုးကို ပြ၏။ တေဇောလေးမျိုး တွင် ပါစကတေဇောသည် ဇီဝိတနဝကကလာပ်တည်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒီပ္ပ ဝိသုဒ္ဓိနိဒ္ဒေသကို ထောက်ပါ။ အဿာသပဿာသလေသည် စိတ္တဇသဒ္ဒနဝက ကလာပ်တည်း။ ကြွင်းသော တေဇောသုံးမျိုး၊ ဝါယော (၅)မျိုးသည် ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးတို့ကြောင့် ထိုက်သလို ဖြစ်၏။ ထိုတွင် ကံကြောင့် ဖြစ်သော တေဇော၊ ဝါယောကလာပ်သည် ဇီဝိတနဝကကလာပ်တည်း၊ ကြွင်းသော ကလာပ်များက ''ဩဇဋ္ဌ မက''ဟု ခေါ်အပ်သော သုဒ္ဓဋ္ဌကကလာပ်သာတည်း။

ထိုတွင် သန္တပ္ပန ဒဟန ဇီရဏတေဇောတို့သည် ခန္ဓာကိုယ်ဝယ် အမြဲတည် ရှိသော ''ဥသ္မာ'ခေါ် ကိုယ်ငွေ့၏ ဖောက်ပြန်လျက် ဒီဂရီတိုးတက်သောအခါ ဖြစ်ပေါ် ရကား ခန္ဓာကိုယ်၌ အမြဲတည်ရှိသော ''ဥသ္မာ''ခေါ် ကိုယ်ငွေ့၌ ဇီဝိတနဝက ကလာပ်များပါဝင်လျက်ရှိသည်ဟု သိသာ၏။ ထို့ကြောင့် ''ကမ္မသမုဋ္ဌာ သရီရေ ပါကတိကော ဧကော ဥတု အတ္ထိ''ဟူသော ဝိဘင်္ဂအဋ္ဌကထာပါဌ်ကို မူလဋီကာက ''ပါကတိကောတိ ခေါ်ဘံ အပ္ပတ္တော သဒါ ဝိဇ္ဇမာနော''ဟု ဖွင့်ပြီးလျှင် အနုဋီကာက ''ပါကတိကောတိ သာဘာဝိကောဏယုသ္မာတိ အဓိပ္ပေတော''ဟု ဖွင့်သည်။

ထို့ကြောင့် ဇီဝိတနဝကကလာပ်သည် ကာမဘုံသားတို့သန္တာန်၌လည်း ပကတိကိုယ်ငွေ့အဖြစ်ဖြင့်လည်းကောင်း၊ ထိုကိုယ်ငွေ့ဖောက်ပြန်တဲ့အခါ သန္တပ္ပန တေဇော စသောအမည်ဖြင့်လည်းကောင်း၊ ဥဒ္ဓင်္ဂမဝါယော စသောအမည်ဖြင့် လည်းကောင်း တစ်ကိုယ်လုံးဝယ် ပျံ့နှံ့လျက် ရှိသည်သာတည်းဟု မှတ်ပါ။

## သဒ္ဒပါလျက် သဒ္ဒကို ထည့်၍မဆိုခြင်း

ဝစီဝိညတ်သည် သဒ္ဒနှင့်မကင်းမူ၍ဖြစ်သောကြောင့် ''ဝစီဝိညတ်''သဒ္ဒါဖြင့် သဒ္ဒကိုလည်း ရေတွက်ပြီးသာဖြစ်သောကြောင့် ''ဝစီဝိညတ္တိသဒ္ဒဒသက''ဟု မဆိုဘဲ ''ဝစီဝိညတ္တိဒသကံ''ဟုသာ ဆိုရာ၏

(စိတ္တဇကလာပ်ခြောက်စည်း ရေတွက်ပုံ ပြန်ကြည့်ပါ။

## အဗျူတ္တိက ဗဟိဒ္ဓအခွဲ

ဥတုဇကလာပ်လေးစည်းတို့တွင် သဒ္ဒနဝကကလာပ်နှင့်သဒ္ဒနဝကကလာပ် နှစ်စည်းတို့ကို ဗဟိဒ္ဓအပ၌လည်း ရအပ်ကုန်၏။ သက်ရှိသက်မဲ့ နှစ်ပါးလုံး၌ဖြစ်ကုန်၏၊ ကြွင်းသော ကလာပ်စည်းတို့ကား အဗျူတ္တိက၌သာ ဖြစ်ကုန်၏။

လင်္ကာ။ ။ပိုင်းခြားကြောင်းနှင့်၊ မှတ်ကြောင်းမျှသာ၊ ကလာပ်မှာ အင်္ဂါမညီမျှ။ ကလာပ်စည်းရာ၊ စွန့်ပယ်ပါ၊ အာကာ လက္ခဏာ။ (သစ်)

## ကာမဘုံ၌ ရုပ်ဖြစ်စဉ်

သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ အနူနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ။

ရူပကလာပမှတစ်ပါး ရူပပဝတ္တိက္ကမကို ဆိုဦးအံ့၊ အလုံးစုံလည်းဖြစ်ကုန်သော ထိုရုပ်တို့ကို ကာမဘုံ၌ ဘောရှိသောသတ္တဝါ၊ ပြည့်စုံသော အာယတနရှိသော သတ္တဝါတို့အား ထိုက်သည့်အားလျော်စွာ ပဝတ္တိအခါ၌ မယုတ်မလျော့ကုန်သည်ဖြစ်၍ ရအပ်ကုန်၏။

ယခုအခါ၌ (၂၁)ပါးသော ရုပ်ကလာပ်တို့၏ဖြစ်သင့်သည့်အစွမ်းဖြင့် ပဝတ္တိအခါ, ပဋိသန္ဓေအခါ၌ ဖြစ်ခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ သံသေဒဇပဋိသန္ဓေအစရှိသော ယောနိတို့၏အစွမ်းဖြင့်လည်းကောင်း ဖြစ်ခြင်းကို ပြခြင်းငှာ "သဗ္ဗာနိပိ ပနေတာနိ" ဤသို့အစရှိသော စကားကို မိန့်ဆိုအပ်၏။

## ရူပပဝတ္တိက္ကမ (ရုပ်ဖြစ်စဉ်

"ယထာရဟံ"ပါဌ်ဖြင့် ကာမဘုံ၌ ပဝတ္တိအခါဝယ် အလုံးစုံသော ရုပ်တို့ကို ရအပ်၏ဟု ဆိုသော်လည်း ယောကျ်ားဖြစ်အံ့၊ ပုမ္ဘောရုပ်သာ ရ၏၊ ဣတ္ထိဘောရုပ်ကို မရသောကြောင့် ကြွင်းရုပ် (၂၇)ပါးသာ ရ၏။ မိန်းမတို့အား ထို့အတူ (၂၇)ပါးသာ ရ၏။ စက္ခုစသော ဣန္ဒြေချို့တဲ့သော သတ္တဝါတို့အား အချို့သော ဣန္ဒြေကို မရနိုင်ဟူသော အဓိပ္ပာယ်ကို ပြ၏။

ပဒုမ္မာကြာတိုက်၊ သစ်ခေါင်း၊ သစ်ပွေး၊ သစ်ပွင့်၊ ရွံ့၊ ညွန်၊ ရေပုပ်ကောင်း၊ ရေဆွေး၊ အညစ်အကြေး စသည်တို့၌ဖြစ်သော သတ္တဝါသည် "သံသေဒဇသတ္တဝါ မည်၏။ (ပေါက္ခရသာတိ,အာသင်္ကာ,ဝေဠုဝတီ,စိဥ္စမာန)

အကုသိုလ်ကံနှိပ်စက်၍ အာယုတနချို့ပျက်သော ထိုအပါယ် သံသေဒဇ စသော သတ္တဝါများအား အယုတ်အားဖြင့် စက္ခုဒသကကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသကကလာပ်၊ ဘာဝဒသကကလာပ်ရုပ်တို့ကို တစ်ခါတစ်ရံ မရ ကြကုန်။ ထို့ကြောင့် ထိုမဖြစ်သော ရုပ်တို့၏အစွမ်းအားဖြင့် ကလာပ်ယုတ်လျော့ မှုကို သိအပ်၏။

ရုတ်တရက် ကောင်းကင်မှ ကျလာသကဲ့သို့ ထင်ရှားစွာဖြစ်ပေါ်လာသော သတ္တဝါသည် ''ဥပပါတ်ပုဂ္ဂိုလ်''မည်၏။

ထိုအညီ၌ဖြစ်ကုန်သော ပိုးလောက်အစရှိသော သတ္တဝါတို့အားလည်း ကောင်း၊ သံသေဒဇပုဂ္ဂိုလ်နှင့် ကိုယ်ထင်ရှားဖြစ်သော စတုမဟာရာဇ်၊ တာဝတိံသာ နတ်စသော ဥပပါတ်ပုဂ္ဂိုလ်တို့အားလည်းကောင်း ပဋိသန္ဓေအခါ၌ စက္ခုဒသက ကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်ဟု ဆိုအပ် ကုန်သော ကလာပ်ခုနစ်စည်းတို့သည် ဥက္ကဋ္ဌနည်း (အများဆုံးရနိုင်သောနည်း) အားဖြင့် တစ်ပြိုင်နက် တစ်ခါတည်း ထင်ရှားဖြစ်ပေါ်လာကုန်၏။

**သတ္တဒသကာနိပါတုဘဝန္တိ။** ။ သံသေဒဇသတ္တဝါတို့သည် သေးသေး ငယ်ငယ်မှစ၍ တဖြည်းဖြည်း ကြီးရင့်ရသည်။ ဩပပါတိကတို့ကား ထိုထိုဘုံဘဝ၏ သတ္တဝါပမာဏရှိသည့်အတိုင်း တစ်ပြိုင်နက် အထင်အရှား ကြီးကြီးမားမား ဖြစ် ကြ၏။ ထို့ကြောင့် ''သတ္တဒသကာနိ ပါတုဘဝန္တိ''ဟု ဆိုရာ၌ ဩပပါတိကတို့၏ ပဋိသန္ဓေခဏဝယ် ဒသကခုနစ်ခုပေါင်းများစွာ ပါရှိသည်ဟုမှတ်ပါ။

**ဥက္ကဋ္ဌဝသေန။** ။ ''သတ္တဒသကာနိ ပါတုဘဝန္တိ''ဟူသော စကားသည် ဥက္ကဋ္ဌပရိစ္ဆေဒစကား = (အလွန်ဆုံးဖြစ်နိုင်သည်ကို ပိုင်းခြား၍ ပြသောစကား) ဖြစ် သည်။ ''ပဋိသန္ဓေအခါ၌ (၇)ဒသကထက်ပို၍မဖြစ်နိုင်တော့ပြီ''ဟူလို။

**ဩမကဝသေန ။ပ။ န လဗ္ဘန္တိ။** ။ လျော့၍ပိုင်းခြားရေးတွက်လျှင် အချို့သော သံသေဒဇ ဩပပါတိကတို့၏သန္တာန်၌ စက္ခု သောတ ဃာန ဘာဝ ဒသကလေးပါးတို့တွင် တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ၊ လေးပါးလုံး ဖြစ်စေ မရသည်လည်းရှိ၏။ ထိုမရသော ဒသကတို့အတွက် ပဋိသန္ဓေခဏ၌ ရုပ်ကလာပ်လျော့ပုံကို သိရသည်။

## ထိုသံသေဒဇ၊ ဥပပါတ်သတ္တဝါတို့အား ဥက္ကဋ္ဌ = (အလွန်ဆုံး) အားဖြင့် ပဋိသန္ဓေအခါ ကလာပ်ခုနစ်စည်းလုံးရပုံ

ထိုသတ္တဝါတို့သည် ပြည့်စုံသော အာယတနရှိသော သံသေဒဇဥပပါတ်များ ဖြစ်သောကြောင့် ဥက္ကဋ္ဌ-အလွန်ဆုံးရနိုင်သော နည်းအားဖြင့် ခုနစ်စည်းလုံးရခြင်း ဖြစ်သည်။ အဘယ့်ကြောင့် ရပါသနည်း၊ (''အဘိရူပဿ ကညာ ဒါတဗ္ဗာ'' = အမျိုးဇာတ် စည်းစိမ် ပညာနှင့် ပြည့်စုံသော, ထူးသော အမျိုးသားအား အမျိုးဇာတ် စည်းစိမ် ပညာနှင့် ပြည့်စုံသော ထူးသောအမျိုးသမီးကိုသာ ပေးထိုက်သကဲ့သို့ မှတ်ရမည်။)

''အဘိရူပယောကျာ်းအား သတို့သမီးကို ပေးထိုက်၏''ဟူရာ၌ ရုပ်ချောရုံမျှကို အဘိရူပဟု မဆိုလို၊ သတို့သမီးနှင့် ထိုက်တန်အောင် အမျိုးဇာတ်စည်းစိမ် စသည်တို့ဖြင့် ထူးကဲသာလွန်သော အဆင်းလှသူကို ဆိုလိုသကဲ့သို့ ထို့အတူ ''ဥပပါတိကပဋိသန္ဓေ''ဟု ဆိုသော်လည်း စက္ခုစသော ဒသကခုနစ်ပါးလုံး ရထိုက်သော ဩပပါတိကပဋိသန္ဓေ ဖြစ်ရမည်ဆိုသောကြောင့် စက္ခုစသော အာယတနနှင့်ဘာဝရုပ်များ ရထိုက်သော ဩပပါတိကကို ယူပါ။

သုဂတိဘုံ၌ ဩပပါတိကပုဂ္ဂိုလ်ဟူသည် လူနှင့်နတ်ဗြဟ္မာတို့တည်း။ ထိုတွင် လူဟူသည်လည်း ကြီးမားသော ကုသိုလ်ကံကြောင့်ဖြစ်ရသောလူတို့သာ ဥပပါတ်ပဋိသန္ဓေနေနိုင်ကြ၏။ နတ်ဗြဟ္မာတို့၏ ကြီးမားသောကံကြောင်ဖြစ်ရကြောင်းမှာ ဆိုဖွယ်ရာပင် မလို။ ထိုသို့ကြီးမားသောကံကြောင့် ဖြစ်ရသည့်အတွက် စက္ခုစသော ဣန္ဒြေများ မချို့သင့်။ ထို့ကြောင့် ''ကဒါစိ န လဗ္ဘန္တိ''ဟူသော စကားကို သံသေဒဇပုဂ္ဂိုလ်သန္တာန်၌ စက္ခု သောတ ဃာန ဘာဝတို့ မရခြင်းကိုလည်းကောင်း၊ ကမ္ဘာဦးက လူတို့အတွက် ဘာဝရုပ်မရခြင်းကိုလည်းကောင်း ရည်ရွယ်၍ဆိုသည်။ ''ဝသေနပိ''၌ ပိသဒ္ဒါဖြင့် သံသေဒဇကို ပေါင်း၊ ထိုသံသေဒဇတို့အတွက် ဘာဝရုပ်လည်းမရ။

**မှတ်ချက်။** ။ ''သုဂတိယံ မဟာနုဘာဝေန''စသောစကားအားလုံးကို ကောက် ချက်ချလျှင် ဂဗ္ဘသေယျကပုဂ္ဂိုလ်နှစ်မျိုးနှင်သံသေဒဇပုဂ္ဂိုလ်တို့သန္တာန်၌ စက္ခု သောတ ဃာန ဘာဝရုပ်တို့ ချို့ကောင်း၏။ ဒုဂ္ဂတိအပါယ်ဩပပါတိက ပုဂ္ဂိုလ်တို့၌ စက္ခု သောတ ဘာဝ ချို့ကောင်း၏။ (ဃာနကား မချို့ကောင်း) သုဂတိဩပပါတိက ပုဂ္ဂိုလ်တို့တွင် ကမ္ဘာဦးလူတို့၌သာ ဘာဝရုပ်ချို့ကောင်းသည်။

ဤအားလုံးတို့ကို ရည်ရွယ်၍ ပရမတ္ထသရူပဘေဒနီ၌ အောက်ပါလင်္ကာကို ဆိုတော်မူသည်။

*(ဆောင်)* စက္ခုသောတ၊ ဃာနဘာဝ၊ ချို့ကောင်းရာကား၊ နှစ်ဖြာဂဗ္ဘ၊ သံသေဒဇတ်၊ ဥပပါတ်မှာ၊ ပါယ်၌သာလျှင်၊ စက္ခာသောတ၊ ဘာဝချို့ဘိ၊ သုဂတိကား၊ ကပ်ဦးသား ချို့ငြားဘောတစ်ခု။ (ငြိ၊ နိသျ)

**အပရေ ။ပ။ ဝဏ္ဏေန္တိ။** ။ အဘိဓမ္မာဋီကာ၊ (မူလဋီကာ) ဆရာ အရှင်အာနန္ဒာကို "အပရေ"ဟု ဆိုသည်။ အာယတနယမိုက်ပါဠိတော်၌ "ယဿ ဃာနာယတနံ ဥပ္ပဇ္ဇတိ၊ တဿ ဇိဝှါယတနံ ဥပ္ပဇ္ဇတီတိ အာမန္တာ၊ ယဿ ဝါ ပန ဇိဝှါယတနံ ။ပ။ အာမန္တာ"ဟု ဟောတော်မူ၏။ ထိုပါဠိတော်အလိုအားဖြင့် ဃာနဖြစ်လျှင် ဇိဝှါဖြစ်၊ ဇိဝှါဖြစ်လျှင် ဃာနဖြစ်ဟု တကွဖြစ်ဖော်အနေအားဖြင့် ဃာနနှင့်ဇိဝှါကို တွဲ၍ ဟောတော်မူရကား ဇိဝှါချို့သူမရှိသကဲ့သို့ ဃာနချို့သူလည်း မရှိထိုက်ဟု ဖွင့်ကြ၏။

**တတ္ထာပိ ။ပ။ ဝတ္ထုံ။** ။ "ယထာ ။ပ။ အညမညံ ဝိနာ ပဝတ္တန္တိ"၌ "ယထာ" စသော ဥပမာနဝါကျသည် "န ဧဝံ" စသော ဥပမေယျဝါကျနှင့် မတူသော ဝိသဒိသူပမာဝါကျတည်း။ ရူပဘုံ၌ စက္ခု သောတတို့သည် ဃာန ဇိဝှါတို့နှင့် ကင်း၍ (ခွဲ၍) ဖြစ်ကြသကဲ့သို့၊ ဃာန ဇိဝှါတို့သည် အချင်းချင်းကပ်၍ (ခွဲ၍) မဖြစ်ကြပါ။ အဘယ့်ကြောင့်နည်း – ဃာန ဇိဝှါ နှစ်မျိုးလုံးပင် ရူပဘုံ၌ မဖြစ်ဘဲ ကာမဘုံ၌သာ ဖြစ်သောကြောင့်တည်း။

"ဧဝံ ။ပ။ ဝတ္တာ" ဤဝါကျကား နိဂုံးတည်း။ ဤဆိုအပ်ပြီးသည့်အတိုင်း ဃာန ဇိဝှါ နှစ်ပါးလုံးပင် ကာမဘုံ၌သာ အဖြစ်တူမျှ၍ ဘုံအားဖြင့် တကွဲတခြားစီ မဖြစ်ခြင်းကိုထောက်၍ ဃာနမချို့ကောင်းဟု မယူထိုက်ပါ ဟူလို။

အပရေဆရာတို့ ဆိုပုံက ပါဠိတော်ကို ကိုးကား၍ ဆိုသောကြောင့် ထိုအပရေဝါဒကို ဋီကာဆရာက ပယ်ချ၍ ဃာနချို့နိုင်ပုံကို ပြသော်လည်း ထိထိမိမိ မရှိလှချေ။

## သုဂတိသြပပါတိက သတ္တဝါတို့အား စက္ခု၊ သောတ၊ ဃာန မချို့ပုံ

သုဂတိဘုံ၌ အာနုဘော်ကြီးသော ကံကြောင့်ဖြစ်လာသော သြပပါတိက သတ္တဝါတို့အား စက္ခု၊ သောတ၊ ဃာန ဣန္ဒြေတို့ မချို့တဲ့သင့်သောကြောင့် မချို့ခြင်းဖြစ်သည်။

ဩပပါတိက (ဥပပါတ်) ပုဂ္ဂိုလ်တို့အား ဃာနမချို့ကြောင်းကို ဓမ္မဟဒယ ဝိဘင်း၌လည်းကောင်း၊ ယမိုက်၌လည်းကောင်း ဟောသဖြင့် သိရသည်။

သံသေဒဇပုဂ္ဂိုလ်တို့အားကား ဃာနိန္ဒြေချို့ခြင်းကို တားမြစ်ခြင်းငှာ မတတ်ကောင်း။

## ဇိဝှါချို့ကောင်းသော ဂဗ္ဘသေယျကသတ္တဝါ ရှိ/မရှိ

ဂဗ္ဘသေယျကသတ္တဝါအား ပဋိသန္ဓေခါ ကာယ၊ ဘာဝ၊ ဟဒယ၊ ဂဗ္ဘသန္တိမှာ ဆိုသည့်အတိုင်း သုံးမျိုးရ၏။

(စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ သဒ္ဒ၊ အာယတနများမရ၊ ကျန်အာယတန ခုနစ်ပါးရ၏။)

ပဋိသန္ဓေအခါ ဇိဝှါမရခြင်းသည် မဖြစ်သေး၍ မရခြင်းသာဖြစ်သည်။ ပဝတ္တိအခါ၌ ဇိဝှါဒသက ကေန်ဖြစ်မည်ဖြစ်သောကြောင့် ဇိဝှါချို့ကောင်းသော ဂဗ္ဘသေယျက သတ္တဝါ မရှိပါ။

လူ ဩပပါတ်များ = ကမ္ဘာဦးလူ၊ မဟာပဒုမကုမာရ။

လူအဏ္ဍဇ = ကောန္တပုတ္တ ဒွေဘာတိကမထေရ်။

အမိဝမ်းတိုက်သား အိမ်အတွင်း၌ ပဋိသန္ဓေတည်နေသော သတ္တဝါသည် ''ဂဗ္ဘသေယျကသတ္တဝါ''မည်၏။ ထိုဂဗ္ဘသေယျကသတ္တဝါအား ပဋိသန္ဓေကလလ ရေကြည် တည်သောအခါ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကအားဖြင့် ကလာပ်စည်းသုံးစည်း၊ ရုပ်အားဖြင့် ရုပ် (၃၀)တို့သည် တစ်ပြိုင်တည်း ထင်ရှား ဖြစ်ကုန်၏။ (ဋီ၊ မှတ်ချက်)

''ကလလရေကြည်'' ဟူသည်ကား ယခုမွေးဖွားစဖြစ်သော သိုး၏အမွေး (သို့မဟုတ်) ဟိမဝန္တာတော၌ သိမ်မွေ့သော ဇောီမည်သော သားကောင်၏ အမွေး တစ်ချောင်းကို ကြည်လင်သောဆီ၌ နှစ်၍ဆယ်ယူသောအခါ အမွေးဖျား၌ ကပ်ငြိ နေသော ဆီပေါက်ပမာဏရှိ၏၊ အလွန်ကြည်လင်၏၊ ယင်းသေးငယ်လှသော ကလလရေကြည်၌ ရုပ် (၃၀)နှင့်ပဋိသန္ဓေစိတ် စေတသိက် ခန္ဓာ၄ပါးတို့သည် တကွဖြစ်ကုန်၏။ နပုံးတို့အား ဘာဝဒသကကို မရ။

ဆောင်။ ။ကလလမည်၊ ထိုရေကြည်ကား၊ တည်သောအခါ၊ မကွဲကာလျှင်၊ ပါယာ
မေကာ၊ သောက်လောက်စွ ဟု၊ ပမာဏကို၊ နှိုင်းဆဆို၏။ ထိုကိုတစ်
ဖန်၊ များသေးဟန်ဖြင့်၊ ပယ်လှန်ပြီးမှ၊ သိမ်မွေ့လှသား၊ သဏ္ဍာသူစိ၊
ဖျားတွင်ထိလျက်၊ ငြိ၍ပါလာ၊ ဆီပမာဟု၊ တူစွာပုံခင်း၊ ဆိုတုံလျှင်း၏၊
ယင်းကိုတစ်ခါ၊ ပစ်ပယ်ခွာ၍၊ ဒီပါဇမ္ဗူ တစ်သောင်းသူ၏၊ တစ်ဆူဆံ
ပင်၊ အဖျားတွင်၌၊ တင်သည့်ဆီပေါက်၊ ပမာလျောက်၏၊ ထို့နောက်
တစ်ခါ၊ ယင်းကေသာကို၊ ရှစ်ဖြာစိတ်ထား၊ တစ်စိတ်အားမူ၊ မြောက်
ကျွန်းသူ၏၊ တစ်ဆူဆံမျှ ပမာဏဟု၊ နှိုင်းဆပြီးကား၊ ယင်းကေသာကို၊
ကြည့်စွာဆီတွင်၊ နှစ်၍တင်သော်၊ ဆံပင်ဖျားမှာ၊ ကပ်၍ပါသည့်၊
ကေသာဆီပေါက်၊ ပမာလျောက်၏၊ ထို့နောက်တစ်သွယ်၊ ယင်းကိုပယ်
ဘိ၊ တောဝယ်ရှိသည့်၊ ဇာတိဥဏ္ဏာ၊ သားမြတ်စွာ၏၊ နူစွာဖြူဖွေး၊
သေးသေးမျှင်မျှင်။ မွေးတစ်ပင်ကို၊ ကြည်လင်လျောက်ပတ်၊ ဆီထော
ပတ်ဝယ်၊ နှစ်၍ဆယ်သော်၊ ကပ်တွယ်ပါလာ၊ ဆီပမာဟု၊ အဋ္ဌကထာ
ဝိဘင်း၊ မိန့်တုံလျှင်းသည်၊ ရုပ်ရင်းသုံးဆယ်မျှသာတည်း။ (အကျယ်ကို
ခန္ဓဝိဘင်းအဋ္ဌကထာမှာ ရှု)
(နပုံးဖြစ်လျှင် ဘာဝကြည်၊ နှစ်ပင်ရသည်သာ။)

## ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ ခွဲခြားချက်

ပဋိသန္ဓေစိတ်၏ ဉပါဒ် ဌီ ဘင် ခဏငယ်သုံးချက်မျှအခါကို ''ပဋိသန္ဓေအခါ'' ဟု ဆိုအပ်၏။ ထိုပဋိသန္ဓေအခါမှ နောက် ပဋ္ဌမဘဝင်မှစ၍ အမိဝမ်းတွင်း၌ တည်နေသမျှ ကာလသည် ''ပဝတ္တိအခါ''မည်၏။(ဋီ၊မှတ်ချက်)

## ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါယူပုံ

အဋ္ဌကထာ၊ ဋီကာတို့၌ လာရှိသော နည်းကို မှီး၍ ပရမတ္ထသံခိပ် ဋီကာ အခြေပြုသင်္ဂြိုဟ် စသည်တို့၌ ပြဆိုချက် -

ပဋိသန္ဓေအခါ ဟူသည် ပဋိသန္ဓေစိတ်၏ ဉပါဒ် အခိုက်ယူ၍ ပဋိသန္ဓေစိတ်၏ ဌီမှစ၍ စုတိသည်တိုင်အောင် ပဝတ္တိကာလဟု မှတ်အပ်၏။ (ပရမတ္ထသံခိပ်ဋီကာ၊ ၁၊၂၅၉)

**ပဋိသန္ဓိယံ ။ပ။ ပါတုဘဝန္တိ။** ။ ပဋိသန္ဓေစိတ် စေတသိက်နှင့် ကမ္မဇရုပ်တို့၏ တစ်ဘဝ တစ်ဘဝ၌ ပထမဆုံးဖြစ်ရာအခါကို (ပဋိသန္ဓေစိတ်၏ ဉပါဒ်အခိုက်) ပဋိသန္ဓေအခါဟု ခေါ်၍၊ ထိုပထမဆုံးသော ပဋိသန္ဓေစိတ် စေတသိက် ကမ္မဇရုပ်တို့၏ ဌီမှစ၍ နောက်ကာလကို (စုတိမကျမီအတွင်းကို) ပဝတ္တိအခါဟု ခေါ်သည်။ ဤကား အဘိဓမ္မာထုံးစံတည်း။ (အခြေပြုသင်္ဂြိုဟ်၊ ၃၈၂)

[ဋီကာကျော် မှတ်ချက်၌ ပြဆိုထားသော ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ ဝမ်းဗိုက်တွင်း ကာလကိုသာ ပဝတ္တိကာလဟု ယူသည်ကား မပြည့်စုံသော အယူသာဖြစ်၏။ ပဋိသန္ဓေကာလကို ပဋိသန္ဓေစိတ်၏ ဉပါဒ် ဌီ ဘင် ကာလအားလုံး ယူသည်မှာကား နည်းအမျိုးမျိုးဖြင့် ယူနိုင်စရာရှိပါ၏။]

ထိုပဝတ္တိအခါ ပဌမသတ္တာဟ၌ ကလလရေကြည် တည်နေ၏၊ ဒုတိယသတ္တာဟ၌ အမြှုပ်ဖြစ်၏။ တတိယသတ္တာဟ၌ သားတစ်ဖြစ်၏၊ စတုတ္ထသတ္တာဟ၌ အခဲဖြစ်၏၊ ပဉ္စမသတ္တာဟ၌ ခက်မငါးဖြာ ဆံပင် မွေးညင်း စသည်ဖြစ်၏၊ ဆဋ္ဌသတ္တာဟ၌ ဖြစ်သော ခက်မငါးဖြာ ဆံပင် စသည်တို့ ရင့်ကျက်၏။ (အဋ္ဌကထာအလို သတ္တမသတ္တာဟ၌၊ မူလဋီကာအလို ကောဒသမသတ္တာဟ၌) စက္ခုဒသက ဖြစ်၏။

## ပသာဒတွေ ဘယ်အချိန်မှာ ဖြစ်ကြပါသလဲ

**ကမေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။** ။ ဤပြခဲ့သော အစဉ်အဖြင့် တရွေ့ရွေ့ကြီးရင့်လာခဲ့ရာ ကောဒသမသတ္တာဟ (၇၇)ရက်မြောက်၌ ပဋိသန္ဓေခဏတုန်းက ဖြစ်ခွင့်မရခဲ့သော စက္ခု သောတ ဃာန ဇိဝှါ လေးဖြာသော ကမ္မဇကလာပ်တို့ ဖြစ်ကြသည်ဟု မူလဋီကာဆရာနှင့်တကွ ဆရာမြတ်တို့ ယူတော်မူကြသည်။ ဋီကာကျော်ကား - ''ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ၊ ဋီကာကာရမတေန ကောဒသမသတ္တာဟေ ဝါ''ဟု ဖွင့်၏။ (ပဝတ္တိကာလေတိ၊ ပဝတ္တိကာလေ ဟူသည်ကား။ သတ္တမေ သတ္တာဟေ၊ သတ္တမသတ္တာဟ၌။ (ဝါ) ဋီကာကာရမတေန၊ မူလဋီကာကျမ်းဆရာ၏အလိုအားဖြင့်။ ကောဒသမေ သတ္တာဟေ၊ ကောဒသမ သတ္တာဟ၌။)

**အယူမတူခြင်း၏အကြောင်း။** ။ မူလဋီကာနှင့်ဋီကာကျော်တို့ အယူမတူခြင်း၏အကြောင်းရင်းကား ''ဂဗ္ဘသေယျကသတ္တာနံ အဃ္ဃတ္တိကာယတနေသု မနာ

ယတနကာယာယတာနေ၀ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တသတ္တ-
တိရတ္တိမှိ"ဟူသော ကထာဝတ္ထု သဠာယတနပ္ပတ္တိကထာကို ဖွင့်သော အဋ္ဌကထာ
ပါဋ္ဌ်ပင်တည်း။ ထိုပါဋ္ဌ်၏အဓိပ္ပာယ်ကား – "ဂဗ္ဘသေယျကတို့ပဋိသန္ဓေခဏ၌
အစ္စတ္တိကာယတနခြောက်ပါးတွင် ကာယာယတနနှင့်မနာယတနသာ ဖြစ်ကြ
သေး၏။ ကြွင်းသော စက္ခု သောတ ဃာန ဇိဝှါ လေးဖြာသော အာယတနတို့မှာ
သတ္တသတ္တတိရတ္တိ ကြာမှ ဖြစ်ကြသည်"ဟူလို။

ဤအဋ္ဌကထာပါဋ္ဌ်၌ "သတ္တသတ္တတိရတ္တိမှိ"ဆိုလျှင် (၇၇)ညဉ့်ဖြစ်၍ (၁၁)
သတ္တာဟရ၏၊ တိအက္ခရာမပါဘဲ "သတ္တသတ္တရတ္တိမှိ"ဆိုလျှင် ၇ × ၇ လီ (၄၉)
ရက်ဖြစ်၍ (၇)သတ္တာဟသာ ရသည်။ ဤသို့ တိအက္ခရာမပါသော ပါဋ္ဌ်ကို တွေ့၍
"သတ္တမေ သတ္တာဟေ"ဟု ဋီကာကျော်ဆရာ ဖွင့်များဟန်တူသည်ဟု ဆရာတို့
ယူဆတော်မူကြသည်။

**ယုတ္တိစစ်တမ်း။** ။ ယုတ္တိရှိ မရှိကို စဉ်းစားစစ်ဆေးကြည့်လျှင် သတ္တမ
သတ္တာဟဝယ် စက္ခုဒသကဖြစ်နိုင်ဖွယ်မရှိ၊ ပဥ္စမသတ္တာဟ၌ ဦးခေါင်းပေါက်ဖို့ရာ
လည်ပင်းအရာမျှ ပေါ်ခါစသာ ရှိသေး၏၊ ရှေးက တဖြည်းဖြည်းကြီးပွားခဲ့သော
အစဉ်ကို ကြည့်လျှင် သတ္တမသတ္တာဟ၌ လည်ပင်းပုံသဏ္ဌာန်ပင် ဟန်ဟန်ပန်ပန်
ရှိဦးမည်မထင်၊ ကောဒသမသတ္တာဟလောက်ရောက်မှသာ မျက်လုံး နား
နှာခေါင်းနှင့် လျှာဖြစ်သောအခါ စက္ခုပသာဒရုပ်စသည်တို့ အဆင်သင့် ပါဝင်လာဖွယ်
ရှိ၏။

**ကမေန။** ။ ဋီကာကျော်၌ "ကမေနာတိ စက္ခုဒသကပါတုဘာဝတော
သတ္တာဟာတိက္ကမေန သောတာဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဃာန-
ဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဇိဝှါဒသကန္တိ ဧဝံ အနုက္ကမေန"ဟု ဖွင့်၏။

ဆိုလိုရင်းကား – သတ္တမသတ္တာဟ၌ စက္ခုဒသကဖြစ်၏၊ ထို့နောက် အဋ္ဌမ
သတ္တာဟ၌ သောတာဒသက၊ နဝမသတ္တာဟ၌ ဃာနဒသက၊ ဒသမသတ္တာဟ၌
ဇိဝှါဒသကကလာပ်တို့ တစ်သတ္တာဟစီ အစဉ်အတိုင်း ဖြစ်ကြသတဲ့၊ ထိုစကားကို
စိစစ်ဦးအံ့၊ စက္ခု သောတ ဃာန ဇိဝှါပသာဒတို့ တည်ရာအရပ်သည်တစ်ခုနှင့်တစ်ခု
များစွာကွာဝေးသည်မဟုတ်၊ ထိုတည်ရာအရပ်များဖြစ်သောအခါ ပသာဒရုပ်များ
လည်း တ ပါးတည်း ပါလာရမည်၊ ထိုတည်ရာအရပ်များတွင် မျက်လုံးသည်
အထက်ဆုံးကျ၍၊ လည်ပင်းမှ ဆက်လက်၍ အထက်သို့ တဖြည်းဖြည်းကြီးရင့်နေ

သော ကိုယ်ဝန်သူငယ်ကလေးဝယ် ထိုအထက်ဆုံး မျက်လုံးက ပထမဖြစ်၍ ထိုနောက်ကျသော နား နှာခေါင်း လျှာတို့က တစ်သတ္တာဟစီ ကွာခြားပြီးမှ ဖြစ်ရမည့်အရေး၌ ယုတ္တိဝေးလှ၏။ ထို့ကြောင့် ''ကမေန''အရ စက္ခု သောတ စသည်တို့ကို တစ်သတ္တာဟစီ စဉ်၍ ဖွင့်ပြသော ငှက်ကျော်နှင့် အာယတနယမိုက်အကောက်စသော ငှက်ကျော်နောက်လိုက်စကား ဟူသမျှကို ဆရာတို့ နှစ်သက်တော်မမူကြကုန်။

ပသာဒတွေ တစ်ပြိုင်တည်းဖြစ်ကြသလား၊ အတူတူပဲဖြစ်ကြသလား။
တတော ပရံ ပဝတ္တိမှိ၊ ဝဍ္ဎမာနဿ ဇန္တုနော။
စက္ခုဒသကာဒယော စ၊ စတ္တာရော ဟောန္တိ သမ္ဘဝါ။

တတော၊ ထိုပဋိသန္ဓေအခါမှ။ ပရံ၊ နောက်၌။ ပဝတ္တိမှိ၊ ပဝတ္တိအခါ၌။ ဝဍ္ဎမာနဿ၊ တဖြည်းဖြည်းကြီးပွားသော။ ဇန္တုနော၊ သတ္တဝါ၏။ (သန္တာန်၌)၊ စက္ခုဒသကာဒယော၊ စက္ခုဒသကအစရှိကုန်သော။ စတ္တာရော စ၊ လေးပါးသော ရုပ်ကလာပ်တို့သည်လည်း။ သမ္ဘဝါ၊ ဖြစ်သင့်သည့်အားလျော်စွာ။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုဂါထာကား – ဤသင်္ဂြိုဟ်ကျမ်းဆရာကိုယ်တိုင် စီရင်အပ်သော ပရမတ္ထဝိနိစ္ဆယ၌ ရုပ်ကလာပ်တို့၏ ဖြစ်ပုံကို ပြသော ဂါထာတည်း၊ ထိုဂါထာဝယ် ''တတော ပရံ ပဝတ္တိမှိ''ဟူသောစကားနှင့်ဤသင်္ဂြိုဟ်ကျမ်းက ''တတော ပရံ ပဝတ္တိကာလေ''ဟူသော စကားသည်တစ်သားတည်း ထပ်နေ၏။''စက္ခုဒသကာဒယော စ စတ္တာရော ဟောန္တိ သမ္ဘဝါ''နှင့် ''စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ''ဟူသော စကားများလည်း ထူးမခြားနားပင်တည်း။

ထို့ပြင် ''ဝဍ္ဎမာနဿ'' နှင့် ''ကမေန''ပုဒ်လည်း စကားအသုံးကွဲစေကာမူ အဓိပ္ပာယ်မှာ သဘောတူပင်ဖြစ်၏။ ဝဍ္ဎမာနဿ–အရ ကြီးရင့် ခြင်း ဟူသည် တဖြည်းဖြည်းအစဉ်အတိုင်း ကြီးရင့်ခြင်းပင်တည်း။ ယခုလောက၌ တဖြည်းဖြည်း အလုပ်အကိုင်ကြီးပွားနေသူကို ''သူဟာ အစဉ်အတိုင်းကြီးပွားနေတာပဲ''ဟု ပြောစမှတ်ပြုကြသည်။ ထို့ကြောင့် ''ကမေန''အရ အစဉ်ဟူရာ၌ စက္ခုပြီးလျှင် သောတဖြစ်၊ သောတနောက် ဃာနဖြစ်၊ ဤသို့စသော အစဉ်ကို မယူဘဲ တဖြည်းဖြည်း ကြီးရင့်ခြင်းဆိုတဲ့အစဉ်ကိုယူပါ။ ဤသို့ယူလျှင် ဝဍ္ဎမာနဿ–ပါဌ်နှင့် အဓိပ္ပာယ်တစ်ထပ်တည်းကျသောကြောင့် ''ကမေန''ပါဌ်သာလျှင် အရှင်အနုရုဒ္ဓါ၏ အလိုအတိုင်း မှန်သည်ဟုဆုံးဖြတ်ရန် ရှိပေသေးသည်။

**တစ်ပြိုင်နက်မဖြစ်။** ။ စက္ခု သောတ ဃာန ဇိဝှါဒသက လေးပြောတို့ကား-ကောဒသမသတ္တာဟ၌တစ်ပြိုင်နက်ဖြစ်ကြသည်။ ''တစ်ပြိုင်နက်' ဟုဆိုရာ၌ တစ်ချိန်တည်း တစ်ခဏတည်းမှာ ပြိုင်၍ဖြစ်သည်ဟု မယူသင့်။ ကောဒသမသတ္တာဟအတွင်းမှာဖြစ်ကြသောကြောင့် သတ္တာဟချင်း ပြိုင်တူဖြစ်သည်ဟု-ယူသင့်၏။ ထိုစကားမှန်၏၊ လည်ပင်းမှအထက် တဖြည်းဖြည်းကြီးရင့်နေသော သူငယ်ကလေး၌ မျက်လုံး နား နှာခေါင်း လျှာတို့ တစ်ချိန်တည်း မဖြစ်နိုင်ပေ၊ မျက်လုံးဖြစ်ပေါ်မှ စက္ခုပသာဒလည်း ဖြစ်ပေါ်နိုင်မည်။ ထို့အတူ နား နှာခေါင်း လျှာဖြစ်ပေါ်မှ သောတ ဃာန ဇိဝှါပသာဒလည်း ဖြစ်ပေါ်နိုင်မည်။ ထိုနား နှာခေါင်း လျှာ ပေါ်လာလျှင် သောတ ပသာဒ စသည်တို့ကေန်မုချ ပါလာကြမည်သာ။ နား လျှား ဟူသော ဘည်ရာဌာနတွေ ပေါ်ပေါက်လာလျှက် အထက်ပိုင်းကျသော မျက်လုံး နှာခေါင်းတို့ ပေါ်သေးသည့်အတွက် စက္ခု ဃာနတို့နှင့် တစ်ပြိုင်နက် တစ်ခဏတည်းဖြစ်ဖို့ရာ သောတ ဇိဝှါပသာဒတို့က စောင့်ဆိုင်းနေကြမည်မဟုတ်၊ ထို့ကြောင့် စက္ခု သောတ ဃာန ဇိဝှါပသာဒတို့ ကောဒသမသတ္တာဟအတွင်းမှ သင့်သလို ဖြစ်ပေါ်လာကြသည်ဟု မှတ်ပါ။

**ကေသာ လောမာ နခါပိစ။** ။ ဤဆံပင်စသည်တို့သည် ပသာဒတို့ ပေါ်ထွက်ရာ ပဥ္စမသတ္တာဟ၌ ဖြစ်နိုင်ကြသေးသည်မဟုတ်၊ (၄၂)သတ္တာဟမြောက် ရက်ပေါင်း ၂၉၀၊ ကိုးလကျော်ကျော် ဆယ်လအတွင်း မွေးဖွားခါနီးမှ) ဤဆံပင်စသည်တို့ ပေါ်ပေါက်ကြသည်။ (ဘာသာဋီ)

ပရမတ္ထသံခိပ်ရှင်းလင်းချက်ကို လေ့လာပါဦး ---

**ပဋိသန္ဓေတည်စ ကလလရေကြည်၏အရွယ်။** ။ ထိုပဋိသန္ဓေအခါ၌ရှိသော ကလလရေကြည်သည်ကား ပကတိမျက်စိဖြင့် မြင်လောက်သော အဆင်းသဏ္ဌာန်ရှိမည်မဟုတ်ပေ။ မှန်းခြေအားဖြင့် တိုက်ခန်းအိမ်ခန်းအတွင်းတို့၌ ရောက်လာထိုးလာသော နေစွယ်များတွင် မြင်ရထင်ရသော သွားလာကူးရှက်၍နေသော မြူသည် အဏုမြူမည်၏။ ထိုအဏုမြူ၏ (၃၆)စိတ်စိတ်၍ တစ်စိတ်စာအဖို့သည် ပရမာဏုမြူမည်၏။ ထိုပရမာဏုမြူသည် ပကတိလူတို့၏မျက်စိဖြင့် မြင်နိုင်သောအခွင့်မှ လွန်၏၊ နတ်မျက်စိဖြင်သာ မြင်နိုင်သောမြူဟူ၍ အဋ္ဌကထာတို့၌ဆို၏။ ဆိုဆိုပြီး ပရမာဏုမြူသည် အောက်ထစ်အယုတ်ဆုံးအားဖြင့် ခဏအဆင့်ဆင့် ဖြစ်ဘား၍ ဋီသို့ ရောက်ဆဲရှိသော ကလာပ်ပေါင်း (၄၉)ခုလောက်ရှိတန်ရာ၏၊ ထို့ကြောင့်

ကလလရေကြည်သည် ပရမာဏုမြူထက်ပင် သေးသိမ်ငယ်နုံ့လေသည်ဟု သိသာပေသည်။

**အဗ္ဗုဒ။** ။ ထိုကလလရေကြည်အနေအားဖြင့် တစ်သတ္တာဟဟု ဆိုအပ်သော ခုနစ်ရက်တိုင်တိုင် ဖြစ်လေပြီးသော နောက်၌ အဗ္ဗုဒမည်သော အမြှုပ်သည် ခုနစ်ရက်တိုင်တိုင် ဖြစ်ပြန်၏၊ ထိုအဗ္ဗုဒသည် အသားတို့ကိုဆေး၍ ကြွင်းကျန်နေရစ်သော သားဆေးရေနှင့်တူ၏။

**ပေသိ။** ။ အဗ္ဗုဒဖြစ်သော ဒုတိယသတ္တာဟမှ နောက် တတိယသတ္တာဟ မြောက်၌ ပေသိမည်သော အသားခဲအသားစိုင်ဖြစ်၏။ ထိုပေသိမည်သော အသားစိုင်သည် မုန့်ကျွဲသဲအစိုင်နှင့် အလားသဏ္ဌာန်တူ၏၊ လွန်စွာခက်မာခြင်းသို့ မရောက်သေး။

**ဃန။** ။ ပေသိဖြစ်ပြီးသော တတိယသတ္တာဟမှ နောက် စတုတ္ထသတ္တာဟ မြောက်၌ ဃနမည်သော အသားတစ်ဖြစ်၏၊ ထိုဃနမည်သော အသားတစ်သည် ကြက်ဥသဏ္ဌာန်နှင့်တူ၏။ အစွမ်းအစမရှိ လုံးလုံးလျောင်းလျောင်းရှိ၏။ ထို့ကြောင့် ယခင်အဋ္ဌကထာ၌ -

ယထာ ကုက္ကုဋိယာ အဏ္ဍံ၊ သမန္တာ ပရိမဏ္ဍလံ။
ဧဝံ ဃနဿ သဏ္ဌာနံ၊ နိဗ္ဗတ္တံ ကမ္မပစ္စယာ။

ဟူ၍ ဆို၏။ အနက်ကား - ကုက္ကုဋိယာ၊ ကြက်မ၏။ အဏ္ဍံ၊ ဥသည်။ သမန္တာ၊ အစွမ်းအစနှင့်တကွ။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင် ဝန်းဝိုင်းလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ ကမ္မပစ္စယာ၊ ကံဟူသော အကြောင်းကြောင့်။ ဃနဿ၊ ဃနမည်သောသားတစ်၏။ သဏ္ဌာနံ၊ ပုံသဏ္ဌာန်သည်။ သမန္တာ၊ အစွန်းနှင့်တကွ။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင်လုံးလျောင်းသည်။ နိဗ္ဗတ္တံ၊ ဖြစ်၏။ ဤဃနကို ဥ ဟူ၍ ဆိုထိုက်၏။

**ခက်မငါးဖြာ။** ။ ဃနဖြစ်ပြီးသော စတုတ္ထသတ္တာဟမှနောက် ပဉ္စမသတ္တာဟ မြောက်၌ လက်နှစ်ဖက် ခြေနှစ်ဖက် ဦးခေါင်းဟု ဆိုအပ်သော ခက်မငါးဖြာ အစွန်းအစငါးခု ပေါ်ပေါက်လာ၏။ ထိုခက်မငါးဖြားကို "ပသာခ"ဟူ၍ ဆိုအပ်၏။ ထိုပဉ္စပသာခတို့သည် ပေါ်သစ်စအခါ၌ အိုင်းအမာပေါ်ပေါက်ရန် အဖုးအထွတ်များနှင့် တူသောကြောင့် "ပဉ္စပိဠက"ဟူ၍လည်း ဆိုအပ်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌ "ပဉ္စမေ ခေါ် ဘိက္ခဝေ သတ္တာဟေ ပဉ္စ ပိဠကာ ဇာယန္တိ သဏ္ဌန္တိ ကမ္မတော"ဟူ၍ ဟောတော်မူ၏။

အနက်ကား - ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်။ ပဌမေ သတ္တာဟေ၊ ငါးခုမြောက်သော သတ္တာဟ၌။ ပဥ္စ ပိဋကာ၊ ငါးခုသော အဖုအထွတ်တို့သည်။ ဇာယန္တိ၊ ဖြစ်ပေါ်ကုန်၏။ ကမ္မတော၊ ကံကြောင့်။ သဏ္ဌဟန္တိ၊ တည်ကုန်၏။

ပဉ္စပသာခပေါ်ပေါက်သော သတ္တာဟသို့ရောက်လျှင် ငါးသတ္တာဟရှိလေ၏၊ ရက်ပေါင်း (၃၅)ရက်ရှိ၏၊ ထိုတွင် ပထမသတ္တာဟစသည်တို့၌ အလွန်တရာနုလှသေးသဖြင့် ပဉ္စပသာခ မပေါ်ပေါက်နိုင်သေးသကဲ့သို့ ဆဌ သတ္တမ စသော သတ္တာဟတို့၌လည်း ပဉ္စပသာခတွင်ပါရှိသော ဦးခေါင်းတည်းဟူသော သီသပသာခ၏ နုလှသေးသောကြောင့် စက္ခုဒသကစသော ရုပ်ကလာပ်တို့လည်း မဖြစ်ပေါ်နိုင်ကုန်သေး။ ထို့ကြောင့် စက္ခုဒသကစသည်တို့၏ ပေါ်ပေါက်ရန် အုတ်မြစ်ခံဘိသကဲ့သို့ ဆဌ သတ္တာဟမှစ၍ ကောဒသမသတ္တာဟတိုင်အောင် တစ်စုံတစ်ရာတိုးပွားသော ကလာပ်သစ်၏ ဖြစ်ပေါ်မှုမရှိဘဲ ဖြစ်ပြီးသော ပဉ္စပသာခ ရူပကလာပ်အစဉ်သည်သာလျှင် တစ်ဆင့်ထက်တစ်ဆင့် ရင့်စေသောအနေအားဖြင့် ဖြစ်ကြကုန်၏။ ကောဒသမသတ္တာဟသို့တိုင် ရောက်သော အခါ၌ကား သီသပသာခသည် စက္ခုဒသကတို့၏ ဖြစ်နိုင်ရန် ခိုင်ခံ့သောအခြေသို့ရောက်၏။ ထိုကောဒသမအခါ၌သာလျှင် စက္ခုစသော ဒသကကလာပ်လေးပါးတို့သည် တစ်ပြိုင်တည်း ဖြစ်ပေါ်ကြကုန်၏။ ထို့ကြောင့် -

**စက် သော ဃာ ဇိ၊ ဤလေးလီ၊ ဖြစ်ပြီဆယ့်တစ်မှာ။**

ဟူ၍ ဆိုပေသည်။

ကထာဝတ္ထုအဋ္ဌကထာ၌ 'သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှိ ဇာယန္တိ" ဟူ၍ဆို၏။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ စက္ခု သောတ ဃာန ဇိဝှါဟု ဆိုအပ်ကုန်သော အာယတနလေးပါးတို့သည်။ သတ္တသတ္တတိရတ္တိမှိ၊ ခုနစ်ဆယ့်ခုနစ်ရက်ဟု ဆိုအပ်သော ကောဒသမသတ္တာဟ၌။ ဇာယန္တိ ဖြစ်ကြကုန်၏။ ဤအဋ္ဌကထာ၌ ''သတ္တသတ္တတိရတ္တိမှိ''အရ (၇၇)ရက်ကား တစ်ဆယ့်တစ်သတ္တာဟ ပင်တည်း။ ထို့ကြောင့် ကောဒသမသတ္တာဟ၌သာ စက္ခုဒသကစသော အာယတန လေးပါးတို့၏ဖြစ်ကြောင်းကို သိသာထင်ရှား၏ ''သတ္တသတ္တတိရတ္တိမှိ''ဟု ဆိုခြင်းကြောင့် ကောဒသမသတ္တာဟ၏အဆုံးဖြစ်သော (၇၇)ရက်မြောက်သော နေ့၌သာလျှင် စက္ခုဒသကစသည်တို့ ဖြစ်ပေါ်ကုန်၏ဟူ၍ မှတ်အပ်၏။ ကောဒသမ သတ္တာဟ၏အစဖြစ်သော (၇၀)ရက်နေ့၌ ဖြစ်သည်မဟုတ်ကုန် ဟူလို။

သတ္တာမသတ္တာဟာစ၍ စက္ခုဒွါရသက ဤသို့ ကထာဝတ္ထုအဋ္ဌကထာကြီး

စသည်တို့ ဖြစ်သည်ဟူသောဝါဒ။ စသည်တို့၌ ကောဒသမသတ္တာဟာ၌ သာလျှင် စက္ခုဒွါရသကစသည်တို့ ဖြစ်ပေါ်ကြောင်းကို ထင်ထင်ရှားရှားဖွင့်ထား ပါလျက် ပဋ္ဌာန်းပဉှာဝါရ ပစ္စနိက်အစ ပစ္စယုဒ္ဓါရဝါရကိုမှ သတိမရ၍ "အာရမ္မဏူပ နိဿယ ကမ္မတ္ထိပစ္စယေသု သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ"ဟူသော သင်္ဂြိုဟ်ပါဠိ၌ ပစ္စည်းသွင်းယူပုံကို ကသောက်ကရောက် ကယောင်ချောက်ချား မှားနိုင်သ၍မှားအောင် ဖွင့်ဆိုသော ဋီကာကျော်ဆရာသည် "ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ"ဟူသောစကားဖြင့် စက္ခုဒွါရသကစသည်တို့၏ သတ္တမသတ္တာဟ စသည်၌ ဖြစ်ကြောင်းကို ဖွင့်ဆိုမှားပလေသည်။ ထို့ပြင် ကောဒသမသတ္တာဟ၌ စက္ခု စသည်တို့၏ဖြစ်ကြောင်းကို အဋ္ဌကထာ၌ ဆိုချက်ထင်ရှားစွာရှိပါလျက်နှင့် "ဋီကာကာရမတေန ကောဒသမေ သတ္တာဟေ ဝါ"ဟူ၍ မူလဋီကာ၏အလိုအား ဖြင့် ကောဒသမသတ္တာဟ၌ စက္ခုစသည်တို့ ဖြစ်ကုန်၏ဟူ၍ ဋီကာကျော်ဆရာ ဆိုပြန်လေသည်။ ထိုသို့ ဆိုလေသဖြင့် အဋ္ဌကထာရှင်၏စကား၊ ဋီကာရှင်၏စကား နှစ်ပါးကိုပင် ဋီကာကျော်ဆရာသည် ခြားနားစွာရှိအောင် သဘောမထားမိဘဲ ရှိရ လေသည်ဟု သိသာပေသည်။ ထို့ပြင် "ကမေန"ဟု ရှိသော သံယုတ်မဲ့ သင်္ဂြိုဟ် ပါဠိပျက်ကို တွေ့မြင်ရုံမျှနှင့်သော်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာမူလက ပုဗ္ဗန္တ ဘဝစက်၊ တဏှာမူလကအပရန္တဘဝစက် နှစ်ပါးတို့၏ အထူးကို ဖွင့်ဆိုသော သမ္မောဟအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စကားတို့ကို အယူအဆမှား၍သော် လည်းကောင်း "ကမေနာတိ စက္ခုဒွါရသကပါတုဘာဝတော သတ္တာဟာတိက္ကမေန သောတဒသကံ"စသည်ဖြင့် စက္ခုဒွါရသကစသည်တို့၏ တစ်ခုပြီးမှတစ်ခု သတ္တာဟ တစ်ခုစီစဉ်၍ အစဉ်အတိုင်း ဖြစ်ကြောင်းကိုလည်း ဖွင့်ဆိုမှားပြန်ပလေသည်။ "သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှိ"ဟူသော အဋ္ဌကထာကြီး၏စကားကို သတိမူဟန် မတူချေ။

**သခင်ပဝဏ္ဏနာဆရာ၏အကြောင်း။** ။ ဤနေရာ၌ ဋီကာကျော်ဆရာ သာလျှင် မှားမှားယွင်းယွင်း ဖွင့်ဆိုမိလေသည်မဟုတ်၊ ဋီကာကျော်ဆရာ၏စကားကို ဘုရားဟောပါဠိတော်နှင့်အတူ ယုံကြည်လေးစားလျက်နေပေသော သခင်ပဝဏ္ဏနာ ဆရာသည်လည်း ဋီကာကျော်ဆရာထက် ပိုမိုသာလွန်၍ မှားမှားယွင်းယွင်း ဖွင့်ဆိုမိ ပြန်လေသည်။ ထိုသခင်ပဝဏ္ဏနာဆရာသည် -

**တတြာယမာဒိ ဘဝတိ၊ ဣတ္ထိ ပညာသ ဘိက္ခုနော။**

**ဣတ္ထိန္ဒြိယဂုတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေ စ သံဝရော။**

ဟူသော သုတ်တော်တကာတို့၏ လမ်းမကြီးသဖွယ် တွေ့နေကျ ဆောင်ရွက်နေကျဖြစ်သော ဓမ္မပဒပါဠိတော်ကိုမျှ မတွေ့မိ၍ "တတြာယမာဒိ"ဟူသော ကစ္စည်းကျမ်း သန္ဓိပြယုဂ်ကိုပင် မှားမှားယွင်းယွင်း အနက်သမ္ဗန်ခြင်း စသည်ဖြင့် တိမ်းတိမ်းပါးပါး အမှားများသော သုတ္တနိဒ္ဒေသကျမ်းကိုလည်း စီရင်လေသည်။ ထိုသုတ္တနိဒ္ဒေသကျမ်းဖြင့် သင်္ခေပဝဏ္ဏနာဆရာသည် သဒ္ဒါအရေးတို့၌ မိမိ၏ "အကောဝိဒတာ"ဟု ဆိုအပ်သော အချက်ကို ဖော်ပြပေ၏။ ထိုပြင် ဤ စက္ခုဒသက စသည်တို့၏ဖြစ်ပုံကို ဖွင့်ဆိုသောနေရာနှင့်တကွ စာသင်ငယ်အများတို့ ဟောရိုးဆိုရိုးဖြစ်သော ဓာတုကထာ ဝဝတ္ထာန်ကိုမျှ သတိမရလေသောကြောင့် "သောကောတိ ဒေါသော"ဟူ၍ ဖွင့်ဆိုချက် အမှားအယွင်းတို့ဖြင့်ရောပြွမ်းသော သင်္ခေပဝဏ္ဏနာကျမ်းကိုလည်း စီရင်တော်မူ၏။ ထိုသင်္ခေပဝဏ္ဏနာကျမ်းဖြင့် သင်္ခေပဝဏ္ဏနာဆရာ၏ အဘိဓမ္မာရေးတို့၌ မိမိ၏ "အကောဝိဒတာ"ကို ဖော်ပြပေ၏ ဟူ၍ မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီး မိန့်တော်မူသည်ကို ကြားရဖူး၏။

**ဇစ္စန္ဓပုဂ္ဂိုလ်စသည် မည်တွင်ခြင်း။** ။ ဆိုအပ်ပြီးသော စက္ခုစသည်တို့သည် မိမိတို့ဖြစ်ထိုက်ရာ ကောဒသမသတ္တာဟ၌ မဖြစ်မပေါ်လျှင် ပဋိသန္ဓေအခါ၌ပင် ချို့သည်မည်ရကား ထိုစက္ခုစသည်တို့ ချို့သောပုဂ္ဂိုလ်ကို ဇစ္စန္ဓဇစ္စဗဓိရဇစ္စဃာနဟူ၍ ဆိုအပ်၏။

**လက်ာ။** ။ ရေ+ မြုပ်+ခဲ+တစ်၊ ခက်မဖြစ်၊ ရင့်လစ်ငါးသတ္တာ။ (မူလဋီကာအလို)

ကောဒသမသတ္တာဟမှစ၍ စက္ခုဒသကဖြစ်၏၊ ထို့နောက်မှ သောတစသည်တို့ တစ်ခုပြီးမှတစ်ခု အစဉ်အတိုင်းဖြစ်၏ဟု မယူသင့်။ ကောဒသမသတ္တာဟအတွင်းမှာ စက္ခု သောတ ဃာန ဇိဝှါဒသကများ သင့်သလို ဖြစ်ပေါ်လာကြသည်ဟု မှတ်ရမည်။ (ကထာဝတ္ထုပါဠိ)

**သန္ဓေတည်ခြင်းအကြောင်းသုံးပါး**

(၁) မိခင်လောင်း၏ ပန်းပွင့်ပြီးစအချိန်ဖြစ်ခြင်း၊ (ရာသီသွေးစင်ကြယ်ပြီးဖြစ်ခြင်း၊)

(၂) ထိုအခါ မိဘလောင်းတို့ ကူးလူးဆက်ဆံခြင်း၊

(၃) သန္ဓေနေမည့် သတ္တဝါသည် ဘဝဟောင်းမှ ပဋိသန္ဓေသစ်တည်နေဖို့ရာ ရှေ့ရှုတည်ရှိခြင်း၊

[မိဘနှစ်ဦးတို့ တစ်ကြိမ် ကူးလူးဆက်ဆံပြီးလျှင် ခုနစ်ရက်ကြာအောင် သန္ဓေတည်ဖို့ ခေတ်အခါဖြစ်၏။ ဝိဇရဗုဒ္ဓိဋီကာ၌ (၁၅)ရက်ကြာအောင်ပင် သန္ဓေတည်ဖို့ ခေတ်ဖြစ်၏ဟု ဆို၏။]

မယ်တော်မာယာသည် ဝါဆိုလပြည့် ဥပုသ်စောင့်သုံးခိုက် ဘုရားလောင်း ပဋိသန္ဓေနေခြင်းဖြစ်သဖြင့် အမှတ် (၂)အင်္ဂါ ရနိုင်ပါမလားဟု အမေးထုတ်ကြ၏။

## ငွေတောင်ဆရာတော်၏အဖြေ

မိမာတာကြာခမ်းက၊ ပန်းရတုရာသီ၊ ပွင့်စဲစခါဆီ၊ တူယှဉ်မှီပျော်ပါး၊
ကိန်းထိုက်တဲ့ ထိုသသူ၊ ထင်ရှေးရှု၊ စုတိခိုက်ငြား။
သည်အင်္ဂါစုံစေ့မှ ဘုံဓလေ့- ဤလူ့ပြည်၊ တည်သန္ဓေအများ၊
သည်အင်္ဂါသုံးပါးတွင်၊ ယုံမှားတဲ့ ဟိုအင်္ဂါ၊
တူယှဉ်မှီ တစ်ကြိမ်စက်က၊ ခုနစ်ရက်ခေတ်ဖြစ်သည်သာ၊
ဝိမတိကျမ်း ဋီကာမှာ လခွဲကြာအောင် ခေတ်ဖြစ်ကြောင်းနှင့်
စုံပေါင်းနည်းတဖြာ ဟောပြခဲ့ပါ၊
သည်သန္ဓေခဏ်းမှာကွဲ့ ရွှေကျမ်းနှံ့ ကြည် မဟာငယ်၊
ဟိုအင်္ဂါ ခက်ပါဘုလေး။

## ငှက်ပျောပင်စိုက် မိလိုက်ဘပါ

ကလလရေကြည်သည် မျိုးစေ့နှင့်တူ၏၊ မိဘတို့သုက်သွေးက ရွှံ့ ညွန်မြေ ရေများနှင့်တူ၏။ ကလလရေကြည်ကို ဖြစ်ပေါ်စေသော ရှေးဘဝကံတရားကား မျိုးစေ့ကို ကြဲချ စိုက်ပျိုးသူနှင့်တူ၏။

မျိုးစေ့၊ ရွှံ့ ညွန်၊ မြေ ရေ စိုက်ပျိုးသူတို့ စွမ်းရည်ကောင်းလျှင် ကောင်းသလောက် အသီးအနှံတို့ ဖြစ်ထွန်းသကဲ့သို့လည်းကောင်း၊ မြေနိတွင်း၌ အောင်းသော ဖွတ်သတ္တဝါ၏အဆင်းသည် နီ၍ မြေနက်တွင်း၌ အောင်းသော ဖွတ်သတ္တဝါ၏ အဆင်းသည် နက်သကဲ့သို့လည်းကောင်း၊ မိဘတို့၏ သုက်သွေးသန့်ရှင်းမှု ဉာဏ်ပညာထက်မြက်မှု အဆင်းလှမှု စသည်ကိုအစွဲပြု၍လည်းကောင်း၊ မိဘတို့၏ ဇီဝဓာတ်စွမ်းအင်ကောင်းမှု၊ မကောင်းမှုအပေါ် မူတည်၍လည်းကောင်း သား သမီးတို့၏ အဆင်းအရောင် ဉာဏ်ပညာထက်မြက်မှု၊ ကျန်းမာရေး ကောင်းမှု မကောင်းမှု စသည်တို့ ဖြစ်ကြရလေသည်။

ထိုဂဗ္ဘသေယျကပဋိသန္ဓေ၌ အညှဉ့်ဖြစ်သော အဏ္ဍဇပဋိသန္ဓေ၊ အမိဝမ်းတိုက်၌ဖြစ်သော ဇလာဗုဇပဋိသန္ဓေနှစ်မျိုးတို့ကိုလည်း ယူအပ်ကုန်၏၊ သဘောတူကုန်၏။

## ရုပ်လေးပါးတို့ စဖြစ်ပုံ

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစ၍ ဖြစ်ကုန်၏။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေ နောင် ပထမဘဝင်၏ ဥပါဒ်ကစ၍ ဖြစ်ကုန်၏။ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလကစ၍ ဖြစ်ကုန်၏။ အာဟာရဇရုပ်တို့သည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ, နှစ်သတ္တာဟ လွန်၍ အမိမျိုသော အစာအာဟာရမှဖြစ်သော ဩဇာ၏ ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သောအခါမှစ၍ ဖြစ်ကုန်၏။ သံသေဒဇ, ဥပပါတ်သတ္တဝါတို့အား မျိုအပ်သော မိမိသလိပ် တံတွေးနှင့် အာဟာရမှဖြစ်သော ဩဇာ၏ ကိုယ်အင်္ဂါအတွင်း၌ ပျံ့နှံ့သောအခါမှစ၍ ဖြစ်ကုန်၏။

## ရုပ်လေးပါးတို့ နောက်ဆုံးဖြစ်ပုံ၊ ပျက်ပုံ

ကမ္မဇရုပ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဌီကာလမှစ၍ အသစ်မဖြစ်တော့ဘဲ ဖြစ်ပြီးသော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်၏ဘင်နှင့် ပြိုင်၍ ချုပ်ကုန်၏။

ကမ္မဇရုပ်တို့သည် စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်စိတ်၏ ဌီကာလမှ နောက်၌ အဘယ်ကြောင့် မဖြစ်ပါသနည်း။

၁၇-ချက်မြောက် ဘဝင်စိတ်၏ ဌီကာလမှ နောက်ပိုင်းတွင် ကမ္မဇရုပ်များ ဆက်ဖြစ်နေသေးလျှင် ဇီဝိတိန္ဒြေပျက်ယွင်းခြင်းဟူသည် ဖြစ်မလာနိုင်သောကြောင့် သေခါနီးအခါတွင် ထို ၁၇-ချက်မြောက် ဘဝင်စိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်များ မဖြစ်ကြတော့ခြင်း ဖြစ်သည်။ ကမ္မဇရုပ်ပြတ်မှသာ သတ္တဝါ ဘစ်ယောက်သေသည်ဟု ဆိုနိုင်ပါသည်။

## သတ္တဝါတစ်ဦးသေခြင်းဟူသည်

(၁) အာယု = ရုပ် နာမ်ဇီဝိတဟူသော အသက်ရုပ်
(၂) ဥသ္မာ = ကမ္မဇတေဇောဟူသော ကိုယ်အပူငွေ့
(၃) ဝိညာဏံ = ဝိပါက်ဝိညာဏ်စိတ် (ဤသုံးမျိုးချုပ်သည်ကို သတ္တဝါ သေသည်ဟု ဆိုသည်။)

စိတ္တဇရုပ်ကား စုတိစိတ်ချုပ်ပြီးသည်နောက် စိတ္တက္ခဏ ၁၆-ချက်, ခဏငယ် ၄၈-ချက်ခန့်လောက် လူသေကောင် သန္တာန်၌ ကြွင်းကျန်ရစ်သေး၏။

အာဟာရဇရုပ်ကား ဝိညာဏ်တည်းဟူသော အထောက်အပံ့ကိုရသဖြင့် စုတိစိတ်၏ ဘင်ခဏတိုင်အောင်ဖြစ်သေး၍ စုတိစိတ်နောက် ခဏငယ် ၅၁- ခန့် လောက် ကြွင်းကျန်ရစ်သေး၏။

ဥတုဇရုပ်ကား လူသေကောင်သန္တာန်မှာပါသွား၍ သုသာန်တစ သင်ချိုင်းဝ ကျအောင် မကုန်မဆုံး မပျက်ပြုန်းသေးဘဲ ရုပ်ကလာပ် ရုပ်ကြွင်း ရှိသမျှကာလ ပတ်လုံး ဖြစ်နိုင်၏။ (ကမ္ဘာဆုံးသည်တိုင်အောင် တည်သည်ဟု ဆိုသည်။)

## ရူပဘုံ၌ ဃာ+ဇိ+ကာ သုံးပါးမရခြင်း

ရူပဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယဒသက သုံးပါးတို့ကို ကာမဝိရာဂ ဘာဝနာ အစွမ်းဖြင့် ပယ်အပ်သောကြောင့် မရအပ်ကုန်။

## ဗြဟ္မာဘုံ၌ ဘာဝရုပ်နှစ်ပါးကို မရခြင်း

ဘာဝရုပ်နှစ်ပါးသည် အားကြီးထူထဲသော ကာမဂုဏ်တည်းဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာရ၏။ ဗြဟ္မာတို့မှာ ထိုအားကြီးထူထဲသော ကာမဂုဏ် တည်းဟူသောအကြောင်း မရှိသောကြောင့် ထိုဘာဝရုပ်နှစ်ပါးကို ဗြဟ္မာဘုံ၌ မရအပ်ပေ။

## ဗြဟ္မာဘုံ၌ အာဟာရဇရုပ်ကို မရခြင်း

မျိုအပ်သော ဗဟိဒ္ဓအာဟာရမရှိ၍ ရူပဗြဟ္မာကိုယ်၌ တည်နေသော အဇ္ဈတ္တာ ဟာရသည်လည်း ရုပ်ကို မဖြစ်စေနိုင်သောကြောင့် အာဟာရဇရုပ်ကိုလည်း မရပါ။

## ဇီဝိတနဝက ကလာပ်ရုပ်ကို ကာမဘုံ၌မရဘဲ ဗြဟ္မာဘုံ၌သာရခြင်း

ဗြဟ္မာတို့အား ကာယဒသက ကလာပ်အစား ဇီဝိတနဝက ကလာပ်ကိုသာ ရပါသည်။

မေး။ ပဋိသန္ဓေအခါ ကာမဘုံ၌ ဇီဝိတနဝက ကလာပ်ကို မရဘဲ ရူပဘုံ၊ အသည သတ်ဘုံတို့၌ အဘယ်ကြောင့် ရပါသနည်း။

ဖြေ။ ကာမဘုံ၌ သဗ္ဗတ္ထဝုတ္တိကလာပ်ဖြစ်သော ကာယ ဘာဝဒသကကလာပ်များ ပါရှိနေသောကြောင့် ဇီဝိတနဝကကလာပ်ကိုမရပါ။

ဗြဟ္မာတို့အား ကာယဘာဝဟူသော (သဗ္ဗတ္ထဝုတ္တိ = တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ဖြစ်သော) ကလာပ်မရှိဘဲ စက္ခုဒသက ကလာပ်စသော (ပဒေသဝုတ္တိကလာပ် = ဆိုင်ရာ အစိတ်အပိုင်းအသီးသီး၌သာ ပျံ့နှံ့၍ဖြစ်သော ကလာပ်မျိုး)သာ ရှိသဖြင့် ဇီဝိတနဝက ကလာပ်ကိုမျှမရခဲ့လျှင် ဗြဟ္မာဟူ၍ပင် ခေါ်ဝေါ်စရာ သတ္တဝါအကောင်အထည် ညွှန်ပြစရာမရှိသောကြောင့် ကာယဒသက ကလာပ်အစား ဇီဝိတနဝက ကလာပ်ကို ရခြင်းဖြစ်သည်။

## နတ်ဗြဟ္မာတို့သေလျှင် အလောင်းကောင် မကျန်

ရူပဗြဟ္မာများ၊ အသညသတ်ဗြဟ္မာများ ကာမဘုံမှ နတ်ပြည်ခြောက်ထပ် ငရဲသားများ၊ လူပြည်မှ ဥပပါတ်သတ္တဝါအားလုံးသည် စုတိသောအခါ ခန္ဓာအကြွင်းမရှိပါ။

**လင်္ကာ။ ။ ဥပပါတ်မှာ စုတေခါ ခန္ဓာကြွင်းမရှိ။**

အသညသတ်ဗြဟ္မာတို့အား ရူပဗြဟ္မာတို့ရသော စက္ခု, သောတ, ဝတ္ထုဒသကတို့ကိုလည်းကောင်း၊ အလုံးစုံသော စိတ္တဇရုပ်တို့ကိုလည်းကောင်း မရအပ်ကုန်။ ထိုရုပ်အလုံးစုံမှ ကြွင်းသော ဇီဝိတနဝက ကလာပ်ရုပ်သည်သာ ပဋိသန္ဓေအခါ၌ ဖြစ်၍ ပဝတ္တိအခါ၌ သုဒ္ဓဋ္ဌက ကလာပ်, လဟုတာဒေကာဒသက ကလာပ်ဟူသော ဥတုဇကလာပ် ၂-စည်းတို့ကို ရအပ်ကုန်၏။

စုတိသောကာလ၌ ဗြဟ္မာတို့၏ ကိုယ်ကို ပစ်ချခြင်း မရှိသောကြောင့် အသညသတ်မှ တစ်ပါးသော ရူပဗြဟ္မာတို့အား ကံ, စိတ်, ဥတုကြောင့်ဖြစ်သော ရုပ်တို့သည် ကမ္ဘာပျက်ရာ ပြည့်သောအခါ အသညသတ်ဗြဟ္မာတို့အား ကံ ဥတုကြောင့်ဖြစ်သောရုပ်တို့သည် အလိုလို ချုပ်ဆုံးကြကုန်၏။ စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ဆုံးကြကုန်၏။ အသေကောင် မကျန်တော့ပေ။

## ဘုံအလိုက်ရသောရုပ်

ကာမဘုံ၌ ကာမသတ္တဝါတို့အား ရုပ်ပေါင်း (၂၈)ပါး၊ ကလာပ်ပေါင်း (၂၁) ပါးတို့ကို ရအပ်ကုန်၏။

အသညသတ်ကြဉ်သော ရူပ (၁၅)ဘုံ၌ ဃာန ဇိဝှါ ကာယပသာဒရုပ် (၃)ပါး၊ ဘာဝရုပ် (၂)ပါး ကြဉ်သော (၂၃)ပါးသော ရုပ်တို့ကိုသာ ရအပ်ကုန်၏။

ရူပဘုံ၌ ဃာန ဇိဝှါ ကာယ ဘာဝရုပ်နှစ်ခုတို့၏အစွမ်းအားဖြင့် ငါးပါးကုန်သော ရုပ်တို့၏မရှိခြင်းကြောင့် (၂၃)ပါးတို့သည် ဖြစ်ကုန်၏။ အချို့သော ဆရာတို့ကား နိပ္ဖန္နရုပ်တို့၏လေးသည်၏အဖြစ်ကို ပြုတတ်သည်အဖြစ် အစရှိသော ဓာတ်ချောက်ချားခြင်းမရှိသောကြောင့် ထိုရူပဘုံတို့၌ လဟုတာအစရှိသော ရုပ်သုံးပါး အပေါင်းသည် မရှိဟုဆိုကုန်၏။ ထိုကေစိဆရာတို့၏စကားသည် မသင့်သည်သာတည်း။ အဘယ့်ကြောင့်ဆိုသော် ထိုငြိမ်းချမ်းစေတတ်သော ဓမ္မတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော ဓမ္မတို့၏ဖြစ်ခြင်းသည် ငြိမ်းစေအပ်သော ဓမ္မကို ငဲ့ခြင်းမရှိ၊ ထို့ကြောင့် မသင့် ဟူလို။ **အဘယ့်ကြောင့် မရှိသနည်း** ဟူမူ ထိုငြိမ်းစေအပ်သော ဆန့်ကျင်ဘက်ဖြစ်သော ဓမ္မကိုငဲ့ခြင်းရှိသော ထိုငြိမ်းစေအပ်သောတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သောတရား၏ ဖြစ်ခြင်းသည်ရှိလတ်သော် သဟိတ်ကြိယာစိတ်တို့၌ လဟုတာ အစရှိသော ရုပ်တို့၏မရှိသည်၏အဖြစ်ဖြင့် လျဉ်းပါးခြင်းသို့ ရောက်ရာသောကြောင့် မရှိ။ "သဒ္ဒေါ ဝိကာရော"အစရှိသော စကာကို အလုံးစုံသော ကာမရူပပုဂ္ဂိုလ်တို့အား ဆက်ဆံသည်၏အစွမ်းဖြင့် မိန့်ဆိုအပ်၏။

ကလာပ်အားဖြင့် ပဋိသန္ဓေအခါ စက္ခု သောတ ဝတ္ထု ဇီဝိတ ကမ္မဇကလာပ်လေးစည်းကိုသာ ရအပ်၏။ ပဝတ္တိအခါ၌ စိတ္တဇကလာပ်ခြောက်စည်း၊ ဥတုဇကလာပ်လေးစည်းတို့ကို ရအပ်၏။ ပေါင်း ရူပဘုံ၌ ကလာပ် (၁၄)စည်းတို့ကို ရအပ်၏။

အသညသတ်ပြဟ္မာတို့အား ရူပပြဟ္မာများရအပ်သော ရုပ် (၂၃)ပါးတွင် စက္ခု သောတ ဝတ္ထု သဒ္ဒ ဝိညတ်ဒွေး ဤရုပ်ခြောက်ပါးကြဉ်အပ်သော (၁၇)ပါးသော ရုပ်တို့ကို ရအပ်ကုန်၏။ ကလာပ်အားဖြင့် ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ်တစ်စည်းကိုသာ ရ၏။ ပဝတ္တိအခါ၌မူ သုဒ္ဓဋ္ဌကကလာပ်၊ လဟုတာဒေကာဒသကကလာပ်၂-စည်း၊ ပေါင်း ကလာပ် ၃-စည်းတို့ကို ရအပ်ကုန်၏။

အရူပဘုံ၌ကား ရုပ်မရှိ။

## အခါအားဖြင့် ရသောရုပ်

ပဋိသန္ဓေအခါ ဟူသည် ပဋိသန္ဓေစိတ်၏ ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်မျှသာဖြစ်၍ ၎င်းအခါဝယ် သဒ္ဒစသော ရုပ်များ မရနိုင်။ (ဋီ၊ မှတ်ချက်)

ပဝတ္တိအခါ၌သာ ထိုက်သည့်အားလျော်စွာ ရကုန်၏၊ ထိုစကားသည်လည်း ကာမ ရူပ အသညသတ်သတ္တဝါတို့နှင့် ဆက်ဆံသောအားဖြင့်ဆိုသော စကား

ဖြစ်၏။ ကာမဘုံ၊ ရူပဘုံတို့၌ ပဋိသန္ဓေအခါဝယ် မရသော ရုပ်ကား သဒ္ဒရုပ် (၁)၊ ဝိကာရရုပ် (၅)၊ ဇရတာ၊ အနိစ္စတာ ဤရုပ် (၈)ပါးကို မရပေ။ အသညသတ်ဘုံ၌ ပဋိသန္ဓေ အခါဝယ် မရသောရုပ်ကား လဟုတာဒိတ္တယ၊ ဇရတာ၊ အနိစ္စတာ ဤရုပ်ငါးပါးကို မရဟု မှတ်။

## နိဗ္ဗာန်အကြောင်း

''လောကုတ္တရသင်္ခါတံ''ဟူသောပါဌ်ဖြင့် နိဗ္ဗာန်၏ လောကီ၏အဖြစ်ကို နှစ်စေ၍ လောကုတ္တရာအဖြစ်ကို ပြ၏။

''စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ''ဟူသောပါဌ်ဖြင့် နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်အားဖြင့် သိအပ်သည်၏အဖြစ်ကို ပြ၏။

မဂ္ဂဖလာနမာရမ္မဏဘူတံ-ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်ကို ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မှန်းဆသောအားဖြင့်သာ သိအပ်၏။ သိအပ်သည်၏အဖြစ်ကို ပြ၏။ ထိုသို့ပြသဖြင့် ရာဂအစရှိသည်တို့၏မရှိခြင်း ''အဘာဝပညတ်''မျှသည် နိဗ္ဗာန်မည်၏ ဟူသော မိစ္ဆာအယူကို အရှင်အနုရုဒ္ဓါဆရာသည် တားမြစ်တော်မူ၏ ဟု မှတ်ပါ။

''ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ''ဟူသော ပါဌ်ဖြင့် နိဗ္ဗာနပုဒ်၏ ဝိဂြိုဟ်ဝစနတ်ကို ပြ၏။ ''ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ''ဟု ဝိဂြိုဟ်ပြု။

အာသဝေါတရား ကင်းစင်ပပျောက်တော်မူသော ဘုရားရဟန္တာတို့၏ ခန္ဓာငါးပါးသည် မင်ဖြင့်ပယ်အပ်သော ကိလေသာတို့မှ ကြွင်းကျန်သောကြောင့် ''သဉပါဒိသေသ''မည်၏။

ထိုကိလေသာအပေါင်းသာ ကုန်ခန်း၍ ခန္ဓာငါးပါးမှာမူ ကြွင်းကျန်နေသဖြင့် ညစ်ကြေးသန့်ရှင်းသော ရွှေစင်ပမာ အာသဝေါအညစ်အကြေးမှ ကင်းစင်သော ခန္ဓာငါးပါးရှိနေသေးသောကြောင့် ''သဉပါဒိသေသနိဗ္ဗာန်'' မည်၏။

ကိလေသာလည်းမရှိ၊ ကိလေသာတို့မှ ကြွင်းကျန်နေခဲ့သော ခန္ဓာငါးပါးလည်း မရှိသောနိဗ္ဗာန်သည် ''အနုပါဒိသေသနိဗ္ဗာန်'' မည်၏။

''ကာရဏပရိယာယေန''ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်သည် ပရမတ်သဘောအားဖြင့်မပြား၊ သန္တိသဘောမျှသာဖြစ်၍ တစ်ပါးတည်းသာ ဖြစ်၏။ သို့သော် ခန္ဓာရှိမှု၊ မရှိမှု ဟူသော အကြွက်အားဖြင့်သာ နှစ်ပါးပြားရသည်ဟူသော အဓိပ္ပာယ် ကို ပြ၏။

ရာဂ ဒေါသ မောဟ စသော ကိလေသာတို့ကို အာရုံမပြုသောကြောင့် အာရုံအားဖြင့် ဆိတ်၏၊ ရာဂစသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်အပ်သည် ဖြစ်၍ သမ္ပယောဂအားဖြင့်လည်း ဆိတ်၏။ ဤသို့ အာရုံအားဖြင့်လည်းကောင်း၊ သမ္ပယုတ်အာဖြင့်လည်းကောင်း ကိလေသာအနှောင့်အယှက်မရှိ၊ ကိလေသာတို့၏ ဆိတ်ရာသုဉ်းရာဖြစ်သောကြောင့် ''သုညတနိဗ္ဗာန်''မည်၏။

ရာဂစသော ကိလေသာအကြောင်းတရားတို့၏ ကင်းရာဖြစ်သောကြောင့် အနိမိတ္တ နိဗ္ဗာန်မည်၏။

တဏှာတည်းဟူသော တောင်းတခြင်းမရှိရာဖြစ်သောကြောင့်''အပ္ပဏိဟိတ နိဗ္ဗာန်''မည်၏။

တစ်နည်း။ ။ အလုံးစုံသော သင်္ခါရတို့မှ စိတ်ရာဖြစ်သောကြောင့် သုညတ္တ နိဗ္ဗာန် မည်၏။

အလုံးစုံသော သင်္ခါရအကြောင်းမရှိရာဖြစ်သောကြောင့် ''အနိမိတ္တ နိဗ္ဗာန်''မည်၏။

တဏှာတည်းဟူသော တောင့်တခြင်းမရှိရာဖြစ်သောကြောင့် ''အပ္ပဏိဟိတ နိဗ္ဗာန်''မည်၏ဟု မှတ်။

''အာကာရဘေဒေန''ဟူသော ပါဠိဖြင့် နိဗ္ဗာန်သည် တစ်ပါးတည်းပင် ဖြစ် သော်လည်း ဆိုအပ်ပြီးသော သုညတ စသော ဂုဏ်ပြားလေသောကြောင့် နိဗ္ဗာန် လည်း သုံးပါးပြားရ၏ ဟူသော အဓိပ္ပာယ်ကို ပြ၏။ (ကြွင်းပေါ်လွှင်ပြီ။)

တဏှာ၏အာရုံပြုရာအဖြစ်ကို လွန်မြောက်သည်ကို (ဝါ) တဏှာ၏အာရုံ မဟုတ်တော့သည်ကိုပင် ''ဝါန''ဟု ဆိုအပ်သော တဏှာမှ လွန်မြောက်သည်ဟု ဆိုပါသည်။

နိဗ္ဗာန်သည် အလွန်တန်ခိုးကြီးသောကြောင့် တစ်နေ့လုံး အလျှံတစ်ပြောင် ပြောင် တောက်လောင်နေသော သံတွေခဲကြီးကို ယင်ကောင်များ မကပ်နိုင်သကဲ့သို့ တဏှာက အာရုံမပြုနိုင်တော့။ ထိုသို့ တဏှာ၏အာရုံပြုမှုမှ လွတ်သွားသည်ကိုပင် ''နိဗ္ဗာန်''ဟု ခေါ်သည်။

**ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို အနုမာနအားဖြင့် မှန်းဆသိပုံ**

သင်္ခတတရား (လောကီတရား ရုပ်တရားများ)၊ ပညတ်တရား၊ အာရုံများ အပေါ်၌သာ စွဲမှီတည်နေသောဉာဏ်သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း၊

တစ်ဖန် ငြိမ်းစေခြင်းတို့ကို မဆောင်ရွက်နိုင်။ ဤလောက၌ အရိယာပုဂ္ဂိုလ် တို့သည် မဂ်ဖိုလ်တရားတို့ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း၊ တစ်ဖန်ငြိမ်းစေခြင်း တို့ကို ဆောင်ရွက်နိုင်ကြကုန်၏။ ထိုမဂ်ဖိုလ်တို့ဖြင့် ငြိမ်းအေးစေအပ်ပြီး သန္တိလက္ခဏာ အငြိမ်းဓာတ်သဘောဖြစ်သော မဂ်ဖိုလ်တို့၏အာရုံလည်းဖြစ်သော နိဗ္ဗာန်မည်သော တရားထူးတရားမြတ်သည် ဧကန်တိတိ ရှိ၏ဟု ကလျာဏပုထုဇဉ်တို့ မှန်းဆ၍ သိနိုင်ကြသည်။

ရုပ်ပိုင်းပြီး၏။

◆ ◆ ◆

## သမုစ္စည်းပိုင်း

ဒွါသတ္တတိဝိဓာ အရ အာရုံကို သိခြင်းလက္ခဏာအားဖြင့် တူသောကြောင့် စိတ်သည် (၁)ပါး၊ စေတသိက် (၅၂)ပါး၊ နိပ္ဖန္နရုပ် (၁၈)ပါး၊ နိဗ္ဗာန် (၁)ပါးအားဖြင့် စုစုပေါင်း (၇၂)ပါးရ၏။ ထို(၇၂)ပါးသော ပရမတ္ထသဘောတရားများကို အတူတကွ ပေါင်းစည်းရာ သင်္ဂဟသည် ''သမုစ္စယသင်္ဂဟ''မည်၏။

**မှတ်ချက်။** ။ ရုပ်(၂၈)ပါးတွင် နိပ္ဖန္နရုပ် (၁၈)ပါးသာ ဝတ္ထုဓမ္မ သလက္ခဏာ ဖြစ်ခြင်းကြောင့် ပရမတ္ထတရားအစစ်အဖြစ် ယူရသည်။ အနိပ္ဖန္နရုပ် (၁၀)ပါးသည် နိပ္ဖန္နရုပ်တို့၏ အခိုက်အတန့်မျှသာဖြစ်၍ *သလက္ခဏာသာ ရ၏၊ ဝတ္ထုဓမ္မ မရ၊* ထို့ကြောင့် ပရမတ္ထတရားကိုယ်အစစ်အဖြစ် မယူရပါ။

**ဝတ္ထုဓမ္မ** = ပရမတ်အလုံအထည်ကိုယ် ရကောင်းသောတရား၊

**သလက္ခဏာ** = ကိုယ်ပိုင်လက္ခဏာအသီးသီးရှိသောတရား။

### အကုသလသင်္ဂဟ

အကုသိုလ်ဇာတ်အားဖြင့် သဘောတူကုန်သော အာသဝေါတရားစသည့် တရားတို့ကို တစ်ပေါင်းတည်းပြု၍ ပြဆိုရာဖြစ်သော သင်္ဂဟသည် ''အကုသလ သင်္ဂဟ'' ဖြစ်ပါသည်။

### အာသဝေါတရားလေးပါး

(၁) ရှည်မြင့်စွာသော ကာလပတ်လုံး ထုံခြင်းအနက်၊ ထူထပ်သောအနက် ကြောင့်လည်းကောင်း၊

(၂) အိုင်းအမာမှ မန်းရည်ပြည်စေးများ ယိုစီးသကဲ့သို့ စက္ခုစသော ဒွါရ ခြောက်ပါးမှ ရူပါရုံစသော အာရုံခြောက်ပါး၌ ယိုစီးတတ်သောကြောင့် လည်းကောင်း၊

(၃) ဘုံအားဖြင့် နေဝသညာနာသညာယတနဘုံတည်းဟူသော ဘဝဂ် တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် နှံ့၍ဖြစ်တတ်သော ကြောင့်လည်းကောင်း ''အာသဝ''မည်ပါသည်။

(ဘဝဂ်-နေဝသညာနာ သညာယတနဘုံ။)

ကာမတဏှာသည်ပင် အာသဝမည်သောကြောင့် ကာမရာဂသည် ကာမာ သဝမည်၏။

(၁) ကာမဂုဏ်ငါးပါးတို့၌ လိုချင်တပ်မက်သော လောဘစေတသိက်သည် ''ကာမာသဝ''မည်၏။

ရူပဘဝ အရူပဘဝတို့၌ ပြင်းစွာတပ်နှစ်သက်တတ်သော ရာဂသည် ဘဝါသဝ မည်၏။

(၂) ရူပဘုံ အရူပဘုံတို့၌ တပ်နှစ်သက်သော လောဘစေတသိက်သည် ''ဘဝါသဝ''မည်၏။

ဈာန်စိတ်တည်းဟူသော ကမ္မဘဝ၌ တပ်သော လောဘ, သဿတဒိဋ္ဌိ ဟူသော ဘဝဒိဋ္ဌိနှင့်တကွဖြစ်သော လောဘတို့သည်လည်း ဘဝါသဝမည်၏။ (ဋီ၊ မှတ်ချက်)

(၃) (၆၂)ပါးသော ဒိဋ္ဌိသည် ''ဒိဋ္ဌာသဝ''မည်၏။

(၄) အဝိဇ္ဇာဖုံးလွှမ်းသော (၈)ဌာနတို့၌ ''မသိခြင်း'' မောဟ စေတသိက်သည် ''အဝိဇ္ဇာသဝ''မည်၏။

''အာသဝါဒိသု ပနေတ္ထ ကာမဘဝနာမေန'' စကားရပ်၌ ''ကာမဘဝ နာမေန''စကားရပ်ဖြင့် အာသဝအရာစသည်တို့၌ ကာမာသဝ ဘဝါသဝဟု လာရှိရာ ကာမအရ ဝတ္ထုကာမကို။ ဘဝအရ ကမ္မဘဝနှင့်ဥပပတ္တိဘဝကို ဟောရင်း ဖြစ်သော်လည်း ၎င်းဝတ္ထုကာမစသည်တို့၏ အကြောင်းရင်းဖြစ်သော တဏှာကိုသာ ဌာနူပစာရအားဖြင့် ကောက်ယူရမည်ဟူသော အဓိပ္ပာယ်ကို မှတ်အပ်၏။

**မှတ်ရန်။** ။ ဘဝါသဝတွင် ကုသိုလ်ဈာန်၌ တပ်နှစ်သက်သော တဏှာနှင့် သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂကို ပေါင်းယူရမည်။

ထိုဘဝါသဝသုံးမျိုးတွင် –

(၁) ရူပ အရူပဘုံ၌ တပ်နှစ်သက်သော ဆန္ဒရာဂသည် ဥပပတ္တိဘဝတို့၌ ဖြစ်သော ရာဂဖြစ်၏။

(၂) ကုသိုလ်ဈာန်၌ တပ်နှစ်သက်သော နိကန္တိကတဏှာသည် ရူပ အရူပ ကုသိုလ်ဈာန်ဟုဆိုအပ်သော ကမ္မဘဝ၌ဖြစ်သော ရာဂဖြစ်၏။

(၃) သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂကို ဘဝဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂဖြစ်၏ဟု ရာဂသုံးမျိုး မှတ်ယူရမည်။

## အာသဝေါတရားလေးပါးသော ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါ်တြဘူတိုင်အောင် ပျံ့နှံ့ခြင်း

ဘုံအားဖြင့် နေဝသညာနာသညာယတနဘုံဘဝဂ်၊ ဓမ္မအားဖြင့် ဂေါ်တြဘူတိုင်အောင် ပျံ့နှံ့တတ်သော အခြားသော မာနစသည့်တရားတို့ ထင်ရှားရှိကြပါသော်လည်း ''ငါ့ကိုယ်၊ ငါ့ဥစ္စာ''ဟု မှားယွင်းစွာ စွဲလမ်းခြင်းအစွမ်းဖြင့် အထူးနှံ့၍ ဖြစ်တတ်၊ မူးယစ်အောင် ပြုတတ်သောကြောင့် မုဒရက်သီးနှင့် တူရကား လောဘစသောအာသဝေါတရားတို့သည်သာ ''အာသဝ''မည်ရ၏။ အခြားမာနစသည်တို့ အာသဝ မမည်ပါ။ ယင်းတို့သာ ဘုံအားဖြင့် နေဝသညာနာသညာယတနဘုံဘဝဂ်၊ ဓမ္မအားဖြင့် ဂေါ်တြဘူတိုင်အောင် ပျံ့နှံ့၏။

## အဝိဇ္ဇာဖုံးလွှမ်းအပ်သော ဌာန (၈)ပါး

(၁-၂-၃-၄) သစ္စာလေးပါးတို့၌လည်းကောင်း၊

(၅) အတိတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အစွန်းဖြစ်သော (ပုဗ္ဗန္တ)၌လည်းကောင်း၊

(၆) အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အစွန်းဖြစ်သော (အပရန္တ)၌လည်းကောင်း၊

(၇) အတိတ် အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အစွန်းဖြစ်သော (ပုဗ္ဗန္တာပရန္တ)၌လည်းကောင်း၊

(၈) ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ပါးတို့၌လည်းကောင်း (မသိခြင်း မောဟသည် အဝိဇ္ဇာသဝ မည်၏။)

## ဩဃ(၄)ပါး အဓိပ္ပာယ်

သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်၍ အောက်သို့ဆောင်တတ်သောကြောင့်လည်းကောင်း၊ ဝဋ်ဆင်းရဲအောက်၌ နစ်မွန်းစေတတ်သောကြောင့်လည်းကောင်း၊ ရေအလျဉ်နှင့်တူသောကြောင့်လည်းကောင်း ''ဩဃ''မည်ပါသည်။

ရှေး၌ပြဆိုခဲ့သော အာသဝတရားကိုယ်တို့သည်ပင် ဩဃတရားကိုယ်တို့ ဖြစ်ကြသည်။

## ယောဂ(၄)ပါးအဓိပ္ပာယ်

ဝဋ်ဆင်းရဲ၌လည်းကောင်၊ ဘဝတည်းဟူသော ယန္တရားစက်၌လည်းကောင်း၊ သတ္တဝါတို့ကို ကံ၏အကျိုးဝိပါက်နှင့်ယှဉ်စေတတ်သောကြောင့်လည်းကောင်း၊ ဘဝတစ်ပါးစသည်ကို ဘဝတစ်ပါးစသည်နှင့်၎င်း, ဝဋ်ဒုက္ခနှင့်၎င်း သတ္တဝါတို့ကို ယှဉ်စေတတ်သောကြောင့်လည်းကောင်း၊ ဖွဲ့ချည်တတ်သောကြောင့်လည်းကောင်း "ယောဂ"မည်ပါသည်။

ရှေး၌ပြဆိုခဲ့သော အာသဝတရားကိုယ်တို့သည်ပင် ယောဂတရားကိုယ်တို့ ဖြစ်ကြသည်။

## ဂန္ထ (၄)ပါး အဓိပ္ပာယ်နှင့်ဂန္ထတရားလေးပါး

နာမ်တရားအပေါင်းဖြင့် ရုပ်တရားအပေါင်းကို ပစ္စုပ္ပန်ကာယဖြင့် အနာဂတ်ကာယတို့ကို ဖြေရှင်းနိုင်လောက်အောင် ရစ်ထုံးတတ်သောကြောင့်လည်းကောင်း၊ စုတိ ပဋိသန္ဓေတို့၏အစွမ်းဖြင့် ဝဋ်သုံးပါး၌ ဆက်စပ်ထုံးဖွဲ့တတ်သောကြောင့်လည်းကောင်း "ဂန္ထ"မည်၏။

(၁) နာမကာယ–နမ်တရားအပေါင်းဖြင့် ရူပကာယ–ရုပ်တရားအပေါင်းကို ပစ္စုပ္ပန်ကာယဖြင့် အနာဂတ်ကာယတို့ကို ဖြေနိုင်ခဲအောင် ရစ်ထုံးတတ်သောတဏှာသည် "အဘိဇ္ဈာကာယဂန္ထ"မည်၏။

(၂) အထက်ပါအတိုင်း ရစ်ထုံးတတ်သော ဒေါသသည် "ဗျာပါဒကာယဂန္ထ"မည်၏။

(၃) နွားတို့၏အလေ့၊ နွားတို့၏အကျင့်သဘော စသည်ဖြင့် သံသရာမှ စင်ကြယ်၏ဟု သဘောမဟုတ်သောအားဖြင့် စွဲလမ်းခြင်း ဒိဋ္ဌိသည် "သီလဗ္ဗတပရာမာသကာယဂန္ထ"မည်၏

**နွားကျင့် ခွေးကျင့်။** ။ဘုရားစသော သူတော်စင်များကို မဆည်းကပ်ဘဲ သံသရာမှ လွတ်မြောက်ခြင်းကိုလည်း အလိုရှိကြသော အချို့လူတို့သည် "ငါတို့ သန္တာန်၌ ရှေးကပြုမိခဲ့သော အကုသိုလ်တွေ ရှိချေသေး၏၊ ထိုအကုသိုလ်များသည် ယခုဘဝ၌ အလုံးစုံအကျိုးပေးပြီးဖြစ်အောင် အကြွေးဆပ်လျက် နောက်ထပ် အကုသိုလ်မပြုလျှင် ကိလေသာမှလည်း စင်ကြယ်၊ သံသရာမှလည်း လွတ်မြောက်ဖွယ်ရှိသည်"ဟု စဉ်းစားမိကြလေသည်။ ထိုသို့ စဉ်းစားမိသည်အားလျော်စွာ ရှေးက အကုသိုလ်အပြစ်ဒဏ်ကို ယခုဘဝ၌ ခံသောအားဖြင့် တချို့က နွားတို့၏

အလေ့၊ နွားတို့၏အကျင့်ကို ကြိုးကြိုးစားစားကျင့်၏၊ အဝတ်မဝတ်ဘဲနေ၏၊ သွားသောအခါလည်း နွားလိုလေးဘက်ထောက်၍ သွား၏၊ စားလျှင်လည်း နွားလိုစား၏၊ အိပ်လျှင်လည်း နွားလိုအိပ်၏၊ အလေးအပေါ့စွန့်ရာ၌လည်း နွားအတုကိုယူ၍ ဦးချိုနှင့်အမြီးကိုပင် တပ်ထားလိုက်သေး၏။ အချို့က ခွေးကျင့် ကျင့်၏၊ ခွေးတို့၏အလေ့အလာကို သာယာ၏၊ ထိုကဲ့သို့ အကျင့်ဆိုးအလေ့ဆိုးကိုပင် ကိလေသာမှ စင်ကြယ်သံသရာမှ လွတ်မြောက်လွယ်ကြောင်း အကျင့်ကောင်းတစ်ခုဟု စွဲလမ်းမှတ်ထင်လေသည်။ တချို့ကား ထိုအကျင့်များဖြင့် နတ်ရွာသုဂတိကို ရနိုင်၏ဟု အယူရှိကြ၏။

ဆက်ဦးအံ့၊ အခါတစ်ပါး၌ နွားကျင့်ကျင့်သော ပုဏ္ဏပရိဗိုဇ်နှင့် ခွေးကျင့်ကျင့်သော သေနိယဝရိဗိုဇ်တို့သည် ဘုရားရှင်အထံတော်သို့ လာကြ၍ ပုဏ္ဏပရိဗိုဇ်က သေနိယ၏ကျင့်ပုံနှင့် အကျိုးအပြစ်၊ သေနိယပရိဗိုဇ်ကလည်း ပုဏ္ဏ၏ကျင့်ပုံနှင့် အကျိုးအပြစ်ကို လျှောက်ထားကြလေရာ ဘုရားရှင်က မလျှောက်ဖို့ရန် သုံးကြိမ်တိုင်အောင်တားသော်လည်း မရသဖြင့် ''ခွေးအကျင့်ကို ကျကျနန ကျင့်သူသည် (ခွေးစိတ်သာလျှင် အထုံပါနေသောကြောင့်) သေလျှင် ခွေးဖြစ်၏။ နွားအကျင့်ကို သေသေချာချာ ကျင့်သူသည် (နွားစိတ်အထုံပါနေသောကြောင့်) သေလျှင် နွားဖြစ်လေသည်။ ၎င်းမှာ ဤအကျင့်ဖြင့် နတ်မင်း (နတ်ဘုရင်) သော်လည်းကောင်း၊ သို့မဟုတ် နတ်အမတ်ကြီးသော်လည်းကောင်း ဖြစ်ရတော့မှာပဲဟု မိစ္ဆာအယူရှိခဲ့လျှင် မိစ္ဆာအယူကြောင့် ငရဲနှင့်တိရစ္ဆာန် ဘောက်ကန်ရာဖြစ်ရလိမ့်မည်''ဟု ဟောတော်မူသောအခါ နှစ်ယောက်စလုံး ငိုကြွေးလေသည်။ ထို့နောက် ဆက်၍ဟောပြအပ်သောတရားတော်ကို နာရမှ ပုဏ္ဏက သရဏဂုံတည် သေနိယက ရဟန်းပြုပြီးလျှင် မကြာခင် ရဟန္တာဖြစ်လေသည်။ (မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတိကသုတ်ပါဠိတော်)

(၄) ''ငါ၏အယူသည်သာ မှန်၏၊ တခြားအယူသည် မမှန်၊ အချည်းအနှီးသာတည်း''ဟု မြဲမြံစွာ စွဲလမ်းခြင်းအားဖြင့်ဖြစ်သော (သီလဗ္ဗတပရာမာသဒိဋ္ဌိမှအပ) ကြွင်းသော ဒိဋ္ဌိအပေါင်းသည် ''ဣဒံသစ္စာဘိနိဝေသကာယဂန္ထ''မည်၏။

## ဥပါဒါန်(၄)ပါး အဓိပ္ပာယ်

မြွေသည် ဖားကို မြဲမြံစွာ ဖမ်းယူသကဲ့သို့ အာရုံကို ပြင်းစွာမြဲမြံစွာ စွဲလန်းတတ် သောကြောင့် ''ဥပါဒါန်''မည်၏။

(၁) တေဘူမက တရားမှန်သမျှကို စွဲလန်းတတ်သောကြောင့် ကာမတဏှာသည်သာလျှင် ဥပါဒါန်မည်သောကြောင့် **ကာမုပါဒါန်မည်၏။**

**တနည်း**-ဝတ္ထုကာမဂုဏ်တို့ကို မြဲစွာယူတတ်သောကြောင့် **ကာမုပါဒါန်** မည်၏။

(၂) သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှ ကြွင်းသော ဒိဋ္ဌိတို့သည် **ဒိဋ္ဌုပါဒါန်** မည်၏။

(၃) 'ငါ၏ နွားတို့အကျင့်၊ နွားတို့အလေ့သည် သံသရာမှ စင်ကြယ်စေသည်'ဟု ဂေါသီလ ဂေါဝတ စသည်တို့ကို ပြင်းစွာ စွဲလမ်းခြင်းသည် **သီလဗ္ဗတုပါဒါန်** မည်၏။

(၄) တိတ္ထိတို့သည် ကြံဆအပ်သော (၂၀)ပါးသော **အတ္တဒိဋ္ဌိ** (ဝါ) **သက္ကာယဒိဋ္ဌိ**ကို ဆိုကြောင်းဖြစ်သော မှားသောအယူသည် **အတ္တဝါဒုပါဒါန်** မည်၏။

| | | | |
|---|---|---|---|
| ၁။ ရူပံ အတ္တတော သမနုပဿတိ= ရုပ်ကို အတ္တဟု ရုပ်နှင့်အတ္တ | ၂။ ရူပဝန္တံဝါ အတ္တာနံ= အတ္တကို ရုပ်ရှိဟုရှု | ၃။ အတ္တနိဝါ ရူပံ အတ္တ၌ ရုပ်ကိုရှု | ၄။ ရူပသ္မိံဝါ အတ္တာနံ ရုပ်၌ အတ္တကိုရှု |
| မခွဲဘဲရှု (သာမညာ.၁) | ရုပ်နှင့်အတ္တ ခွဲရှု (ဝိသေသ.၃.ပါး) | | |

ခန္ဓာ ၅×၄ = အတ္တဒိဋ္ဌိ (၂၀)ဖြစ်၏၊ သက္ကာယဒိဋ္ဌိ (၂၀) လည်း နည်းတူပင်။

ဤမိစ္ဆာအယူဖြင့် ငါ၏ကိုယ်ဟူ၍ ဆိုတတ်ကုန်၏။ ဤသို့ ဆိုကြောင်းဖြစ်သောကြောင့် **ဝါဒ** မည်၏။ ဥပါဒါနက္ခန္ဓာငါးပါးကို *သာမညာ.၁+ဝိသေသ.၃*= ပေါင်း-၄.ပါးဖြင့်မြှောက်သော် နှစ်ဆယ်သော တိတ္ထိတို့ကြံဆအပ်သော အတ္တဒိဋ္ဌိကို ယူကြောင်းသည် **အတ္တဝါဒ**မည်၏။ ထိုအတ္တဝါဒသည်ပင်လျှင် ဥပါဒါန်ဖြစ်သောကြောင့် **အတ္တဝါဒုပါဒါန်** မည်၏။

**မိစ္ဆာဒိဋ္ဌိ.၆၂** - (က) *သဿတဒိဋ္ဌိဝါဒ ၄.ပါး* (အတ္တသည် လောကသည် မြဲ၏၊ မြဲ၏၊ တောင်ထွဋ်,တံခါးတိုင်တို့ကဲ့သို့ တည်၏၊ သတ္တဝါတစ်ဦးတည်းပင် ဘဝအမျိုးမျိုးသို့ ပြေးသွား၏ဟု ယူဆ)

(ခ) *ဧကစ္စသဿတဒိဋ္ဌိဝါဒ၄.ပါး* (အချို့မြဲ၏၊ အချို့မမြဲ၊ မဟာဗြဟ္မာကြီးများမြဲ၏၊ ကျန်မမြဲဟု ယူဆ)

(ဂ) *အန္တာနန္တဒိဋ္ဌိဝါဒ၄.ပါး* (အဆုံးရှိ, အဆုံးမရှိ, အဆုံးလည်းရှိ,အဆုံးလည်းမရှိ, အဆုံးရှိလည်းမဟုတ်, အဆုံးမရှိလည်းမဟုတ်ဟု ယူဆ)

(ဃ) *အမရာဝိက္ခေပဒိဋ္ဌိဝါဒ ၄.ပါး* (အဆုံးမရှိ ပြစ်လွှတ်အပ်သောအယူ (ကိုင်လိုက် တိုင်း ချော်ထွက်သောငါးကဲ့သို့ မည်သည့်အဖြေမျှ အတိအကျမရသောအယူ)

(င) *အဓိစ္စသမုပ္ပန္န ဒိဋ္ဌိဝါဒ ၂.ပါး* (အတ္တသည် လောကသည် အကြောင်းမဲ့ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ရှေးက ငါမရှိခဲ့၊ ယခုရှိ)

(စ)　*ဥဒ္ဒမာ ဃာတနသညီ ဒိဋ္ဌိဝါဒ ၁၆.ပါး* (သေပြီးနောက် သညာရှိအယူ)။

(ရူပီ) အတ္တာ ဟောတိ အရောဂေါ ပရံမရဏာ [သညီတိ]နံ ပညပေန္တိ။ (အရူပီ), (ရူပီစ အရူပီစ), (နေဝရူပီ နာရူပီ), (အန္တဝါ), (အနန္တဝါ), (အန္တဝါစ အနန္တဝါစ),(နေဝန္တဝါ နာနန္တဝါ),(ဧကတ္တသညီ),(ပရိတ္တသညီ),(အပ္ပမာဏသညီ),(ဧကန္တသုခီ), (ဧကန္တဒုက္ခီ), (သုခဒုက္ခီ),(အဒုက္ခမသုခီ)

(ဆ)　*ဥဒ္ဒမာ ဃာတန ဒိဋ္ဌိဝါဒ ၈.ပါး* (သေပြီးနောက် သညာမရှိ အယူ)။

(ရူပီ) အတ္တာ ဟောတိ အရောဂေါ ပရံမရဏာ [အသညီတိ]နံ ပညပေန္တိ။ ကြွင်းနည်းတူ

(ဇ)　*ဥဒ္ဒမာ ဃာတန နေဝသညီ နာသညီ ဒိဋ္ဌိဝါဒ ၈.ပါး* (သေပြီးနောက်သညာ ရှိသည်လည်းမဟုတ် မရှိလည်းမဟုတ်သောအယူ)။ (ရူပီ) အတ္တာ ဟောတိ အရော ဂေါ ပရံမရဏာ [နေဝသညီ,နာသညီတိ]နံ ပညပေန္တိ။ ကြွင်းနည်းတူ

(ဈ)　*ဥစ္ဆေဒဒိဋ္ဌိဝါဒ ၇.ပါး* (ပြတ်ဆဲအယူ-- မွေး၏၊ သေ၏၊ လုံးဝပြတ်၏။)

(ည)　*ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅.ပါး* (မျက်မှောက်လောကီ နိဗ္ဗာန်အယူ)။ ငါးအာရုံ ပြည့်စုံ ခံစား, ပ-ဈာန်ခံစား, ဒု,တ,စ - လောကီဈာန် အမြတ်ဆုံးချမ်းသာခံစား။

**အတ္တဝါဒုပါဒါနံ**။ ။ ဧတေန၊ ဤအယူဖြင့်။ ဝဒန္တိ၊ ပြောဆိုတတ်ကုန်၏။ ဣတိ၊ ကြောင့်။ ဝါဒေါ၊ မည်၏။ အတ္တနော၊ အတ္တကို။ ဝါဒေါ၊ ပြောဆိုကြောင်း မိစ္ဆာအယူသည်။ အတ္တဝါဒေါ၊ အတ္တဝါဒမည်၏။ အတ္တဝါဒေါယေဝ၊ အတ္တဝါဒသည် ပင်။ ဥပါဒါနံ၊ စွဲလမ်းတတ်သည်တည်း။ ဣတိ၊ ကြောင့်။ အတ္တဝါဒုပါဒါနံ၊ မည်၏။ ဤအတ္တဝါဒုပါဒါန် အယူရှိနေသူသည် ရုပ်နာမ်တရားတို့၏အနတ္တဖြစ်ပုံကို သဘော မကျနိုင်၊ အတ္တရှိသည်ဟုသာ ပြောဆိုလေ့ရှိ၏။ ပုထုဇဉ်အများတို့ စွဲလမ်းထင်မှား အပ်သော ထိုအတ္တသည် ပရမအတ္တ ဇီဝအတ္တဟု နှစ်မျိုးရှိ၏၊ ''ပရမအတ္တ''ဟူသည် ကမ္ဘာလောကကြီးနှင့်သတ္တဝါတွေကို စီမံဖန်ဆင်းနိုင်သူဟု စွဲလမ်းထင်မှားအပ်သော အတ္တတည်း၊ ''ဇီဝအတ္တ''ကား သတ္တဝါတစ်ယောက်တစ်ယောက်၏ ''အသက်''ဟု စွဲလမ်းထင်မှားအပ်သော အတ္တတည်း။

**ချဲ့ဦးအံ့**၊ ဝိထိမုတ်ပိုင်း၌ ပြခဲ့သည့်အတိုင်း ကမ္ဘာတည်၍ ပဌမဈာန်သုံးဘုံ ဖြစ်သောအခါ အထက်ဗြဟ္မာ့ဘုံမှစုတေ၍ ပထမဈာန်ဘုံ၌ ရှေးဦးစွာဖြစ်သော ဗြဟ္မာကြီးသည် တစ်ယောက်တည်း နေရသည့်အတွက် ပျင်းရိလှသဖြင့် အခြား ဗြဟ္မာများ ဖြစ်လာဖို့ရာ တောင့်တခိုက်မှာပင် ''ထန်းသီးကြွေခိုက် ကျီးနင်းခိုက်'' ဆိုသလို အခြားဗြဟ္မာများလည်း အထက်ဘုံမှစုတေ၍ ရောက်လာကြသည်။ ထိုအခါ မူလရှိရင်း ဗြဟ္မာကြီးက သူတောင့်တတိုင်း ဖြစ်ပေါ်လာသောကြောင့် နောက်ရောက်လာသော ဗြဟ္မာများကို ''သူဖန်ဆင်းတာပဲ''ဟု အထင်ကြီးလေ၏။

နောက်မှရောက်လာသော ဗြဟ္မာတို့ကလည်း ထိုဗြဟ္မာကြီးက မိမိတို့ထက် ကိုယ်ရောင်ကိုယ်ဝါ အရာရာသာလွန်သည်ကို မြင်ရ၍ ''မိမိတို့ကို ထိုဗြဟ္မာကြီး ဖန်ဆင်းပေးသည်''ဟု အထင်မှားလျက် ထိုဗြဟ္မာကြီးကို ခစားကြလေသည်။

ဗြဟ္မဇာလသုတ်။ ။ အယံ ခေါ် ဘဝံ ဗြဟ္မာ မဟာဗြဟ္မာ အဘိဘူ အနဘိဘူတော အညဒတ္ထုဒသော ဝသဝတ္တိ ဣဿရော ကတ္တာ နိမ္မာတာ သေဋ္ဌော သဇိတာဝသီ ပိတာ ဘူတဘဗျာနံ၊ မယံ ဘောတာ ဗြဟ္မုနာ နိမ္မိတာ - ဤအရှင် ဗြဟ္မာသည် မဟာဗြဟ္မာမင်းပေတည်း၊ သတ္တဝါတွေကို လွှမ်းမိုးအုပ် စိုးနိုင်သူ ပေတည်း။ သူတစ်ပါး၏ အုပ်စိုးခြင်းကို မခံရ စင်စစ်ကေန် အမှန်အားဖြင့် အလုံးစုံကို မြင်နိုင်သော သဗ္ဗညုဘုရားပေတည်း။ သတ္တဝါဟူသမျှကို မိမိအလိုသို့ လိုက်ပါစေနိုင် သည့် သတ္တဝါဟူသမျှကို အစိုးရသော ဤသွရ ဤပရမိဿရ (ပရမိဿ) ပေတည်း။ ကမ္ဘာလောကနှင့် သတ္တဝါအနန္တကို ပြုစုဖန်ဆင်းတတ်သူပေတည်း။ လောကဓာတ် တစ်ခုလုံးတွင် အမြတ်ဆုံးဖြစ်ပေသည်။ မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်မကျန် သူ့နေရာနှင့်သူ ခွဲခြားစီမံတတ်သူပေတည်း။ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါများ၏ ခမည်းတော် ကြီးဖြစ်ပေသည်။ ငါတို့အားလုံးပင် ဤဗြဟ္မာကြီးကဖန်ဆင်းပေးသဖြင့် ဤဗြဟ္မာ ဘုံမှာ ဖြစ်ကြရပေသည်။

ဤသို့ ဗြဟ္မာ့ပြည်တုန်းကပင် ထိုဗြဟ္မာကြီး၏အပေါ်မှာ အထင်မြင်ကြီးလာခဲ့ ပြီးနောက် အချို့ဗြဟ္မာယေ်တို့သည် ထိုဘဝမှစုတေ၍ လူ့ပြည်သို့ရောက်သည့်တိုင် အောင် ထိုဗြဟ္မာကြီးမှာ ဗြဟ္မာယေ်များထက် သုံးပုံနှစ်ပုံတစ်ပုံခန့် ပိုမို၍ အသက်ရှည် လျက်ကျန်ရစ်ခဲ့လေသည်။ ထိုအခါ လူ့ပြည်ရောက်သူတို့တွင် တစ်ချို့က ရသေ့ ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို အားထုတ်ကြသဖြင့် ဈာန်အဘိညာဉ်ရလေလျှင် ယခင်ဗြဟ္မာကြီးကို ပြန်၍မြင်ကြ၏။ ထိုအခါ ရှေးကထက် ခိုင်မြဲစွာ အထင်အမြင် ကြီးလျက် ''ဤကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတွေကို မဟာဗြဟ္မာမင်း တည်ထောင် ဖန်ဆင်းသည်'' ဟု တဆင့်ဟောပြောကြလေရာ ''ဖန်းဆင်းသူရှိ၏'' ဟူသော ထိုအယူဝါဒသည် လူ့ပြည်လောက၌ ထိုကမ္ဘာဦးကပင် တစ်စတစ်စ ပြန့်ပွားခဲ့လေ သည်။ ထိုအယူဝါဒအလို မဟာဗြဟ္မာကြီးသည် ကမ္ဘာကိုဖန်ဆင်း နိုင်သော ပရမအတ္တ (အလွန်မြတ်သော မပျက်ဆီးနိုင်သော အတ္တတော်ကြီး) ပေတည်း။

**ဆက်ဦးအံ့**- ထိုမဟာဖြဟ္မာကို ပရမအတ္တဟု စွဲလမ်းခဲ့ရာ တစ်စတစ်စဆင်း သက်၍ နောက်လူတို့ လက်ထက်၌ကား ထိုဖြဟ္မာကို မမြင်နိုင်ကြတော့သဖြင့် ''ဤပုဂ္ဂိုလ်ပဲဟု လက်ညှိုးညွှန်ကာ ပုဂ္ဂိုလ်ဒြပ်ကို မပြနိုင်သော်လည်း (ကောင်းကင်၌ တိုက်တည်သလို) စိတ်ကူးဖြင့် မှန်းဆလျက် ဤကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါအနန္တတွေကို ဖန်ဆင်းသူဟု ယူဆအပ်သော ထိုပရမအတ္တ ကိုပင် သက္ကတ ဟိန္ဒီဘာသာအားဖြင့် ''ဤသွရ၊ ပရမိသွာရ၊ ပရမိသွာ''ဟုလည်းကောင်း၊ ပါဠိရှင်ဘာသာအားဖြင့် ''ခုဒါ-ခိုဒါ''ဟုလည်းကောင်း၊ အာရဗီဘာသာအားဖြင့် ''အလ္လာဘ်''ဟုလည်းကောင်း အင်္ဂလိပ်အာသာအားဖြင့် ''ဂေါ့ဒ်''ဟုလည်ကောင်း၊ မြန်မာဘာသာအားဖြင့် ထာဝရဘုရား (အမြဲတည်သောဘုရား'' ဟု လည်းကောင်း အမျိုးမျိုးနာမည်တပ်၍ စွဲမှတ်ခဲ့ကြလေသည်။ ဤကား အတ္တဝါဒပါဒ်နှိဖြင့် ပရမ အတ္တကို စွဲလမ်းပုံတည်း။

## နီဝရဏအမိပ္ပာယ်နှင့်တရားခြောက်ပါး

ရှာန်အစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်ထိုက်သော ကုသိုလ်စိတ်ကို တားမြစ် တတ်၊ ထိုရှာန်စသည်တို့၏ဖြစ်ခွင့်ကို မပေးတတ်သောကြောင့်လည်းကောင်း၊ ပညာ မျက်စိကို ဖုံးလွှမ်းပိတ်ပင်တားမြစ်တတ်သောကြောင့်လည်းကောင်း ''နီဝရဏ'' မည်၏။

(၁) ကာမဂုဏ်ငါးပါးတို့၌ ပြင်းစွာတပ်နှစ်သက်တတ်သောကြောင့် ရာဂ၊ ထိုရာဂ ဟုဆိုအပ်သည့် *ကာမ* သည်ပင် အာရုံကိုအလိုရှိခြင်းဟူသောအနက်ကြောင့် ''ဆန္ဒ''မည်၏။ ထိုနှစ်ပါးသောသတ္တိကြောင် 'ကာမစ္ဆန္ဒ''မည်၏။ ယင်း ကာမစ္ဆန္ဒသည်ပင် နီဝရဏမည်သောကြောင့် ''ကာမစ္ဆန္ဒနီဝရဏ'' မည်ပါသည်။

(၂) ဒေါသဖြင့် စိတ်သည် ပျက်စီးတတ်၏၊ ထိုသို့ပျက်စီးကြောင်းဖြစ်သော ကြောင့် ''ဗျာပါဒ''မည်၏။ တစ်နည်းကား - ''အနတ္ထံ မေ အစရိ'' ဤသို့ အစရှိသောနည်းဖြင့်ဖြစ်သော ကိုးပါးအပြားရှိသော ရန်ငြိုး ဖွဲ့ခြင်းလျှင် နီးစွာသောအကြောင်းရင်း ရှိသည်၏အဖြစ်ကြောင့် ကိုးပါးအပြားရှိသော ဒေါသသည် ဗျာပါဒ မည်၏။ တစ်နည်းကား

အရာမဟုတ်သည့်၌ ဖြစ်သော အမျက်ထွက်ခြင်းနှင့်တကွ ဆယ်ပါး အပြားရှိသော ဒေါသသည် ဗျာပါဒ မည်၏။ ထိုဗျာပါဒသည်ပင် နီဝရဏ မည်သောကြောင့် ဗျာပါဒနီဝရဏမည်၏။

(၃) ထိန၊ မိဒ္ဓသည်ပင် နီဝရဏမည်သောကြောင့် "ထိနမိဒ္ဓနီဝရဏ" မည်၏။

(၄) ဥဒ္ဓစ္စကုက္ကုစ္စသည်ပင် နီဝရဏမည်သောကြောင့် "ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ" မည်၏။

(၅) ဝိစိကိစ္ဆာသည်ပင် နီဝရဏမည်သောကြောင့် "ဝိစိကိစ္ဆာနီဝရဏ" မည်၏။

(၆) အဝိဇ္ဇာသည်ပင် နီဝရဏမည်သောကြောင့် "အဝိဇ္ဇာနီဝရဏ"မည်၏။

## နီဝရဏနှစ်ပါးတွဲများ ဟောရပုံ

ထိနနှင့်မိဒ္ဓကိုလည်းကောင်း၊ ဥဒ္ဓစ္စနှင့်ကုက္ကုစ္စကိုလည်းကောင်း နီဝရဏတစ်ခုစီအဖြစ် တစ်ပေါင်းတည်းပြုကာ ဟောထားရခြင်းမှာ ယင်းတို့သည် တစ်ခုနှင့်တစ်ခု ကိစ္စ +အကြောင်း +ဆန့်ကျင်ဘက်တို့၌ တူညီသောကြောင့် နှစ်ပါးပင်ဖြစ်သော်လည်း တစ်ပါးတည်းပြု၍ ထိန+မိဒ္ဓ၊ ဥဒ္ဓစ္စ+ကုက္ကုစ္စ ဟု ဟောထားခြင်း ဖြစ်၏။ တူညီပုံမှာ --

ထိနနှင့်မိဒ္ဓသည် သမ္ပယုတ်ဖြစ်သောစိတ်၏ တွန့်ဆုတ်ခြင်းသို့ ရောက်စေခြင်း ဟုဆိုအပ်သော ကိစ္စအားဖြင့် တူ၏။

ထိနနှင့်မိဒ္ဓတို့သည် ပျင်းရိခြင်း၊ ကိုယ်တဆန့်ဆန့်ရှိသည်၏အဖြစ်ဟု ဆိုအပ်သော အကြောင်းချင်းလည်း တူ၏။

ထိန၏ဆန့်ကျင်ဘက်လည်း ဝီရိယ၊ မိဒ္ဓ၏ဆန့်ကျင်ဘက်လည်း ဝီရိယ၊ ဤကဲ့သို့ ဝီရိယနှင့် ဆန့်ကျင်ဘက်ဖြစ်ကြ၍ ဆန့်ကျင်ဘက်ချင်းလည်း တူ၏။

ဥဒ္ဓစ္စနှင့်ကုက္ကုစ္စသည် သမ္ပယုတ်ဖြစ်သော စိတ်၏မငြိမ်သက်သည်၏အဖြစ်ကို ပြုခြင်းဟုဆိုအပ်သော ကိစ္စအားဖြင့် တူ၏။

ဆွေမျိုး စည်းစိမ်ပျက်စီးခြင်းစသည်ကို ကြံခြင်းဟု ဆိုအပ်သော အကြောင်းချင်းလည်း တူ၏။

ဥဒ္ဒစ္စ၏ဆန့်ကျင်ဘက်လည်း သမထ (သမာဓိ)၊ ကုက္ကုစ္စ၏ဆန့်ကျင်ဘက်လည်း သမထ (သမာဓိ)၊ ဤကဲ့သို့ သမထ (သမာဓိ)နှင့် ဆန့်ကျင်ဘက်ဖြစ်ကြ၍ ဆန့်ကျင်ဘက်ချင်းလည်း တူ၏။

## အနုသယ(၇)ပါးအဓိပ္ပာယ်

မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့၏သန္တာန်၌ အဖန်တလဲလဲ ဖြစ်တတ်၊ ကိန်းတတ်သောကြောင့် ''အနုသယ''မည်၏။

ထိုအနုသယသည် ကာမရာဂစအရှိသည်တို့၏ ဖြစ်ခြင်းငှာ လျောက်ပတ်သောအကြောင်းကို ရ၍ ဖြစ်ကုန်၏။ ***ထိုအနုသယသည် မုချအားဖြင့် အနာဂတ် ကိလေသာများသာ***ဖြစ်၏၊ သို့သော် ***ထိုအနာဂတ်ကိလေသာတို့နှင့် ညစ်နွမ်းခြင်း သဘောအားဖြင့် တူသောကြောင့် အတိတ်ကိလေသာ ပစ္စုပ္ပန်ကိလေသာတို့ကို လည်း ပရိယာယ်အားဖြင့် ''အနုသယ''ဟုသာ ဆို***အပ်ကုန်၏။ ကာလကွဲပြားရုံ မျှဖြင့် တရားတို့၏သဘောပြားခြင်းသည် မရှိချေ။

*[ကိန်း=အနုသယ။ အတိတ်–ပေါ်ပြီးကိလေသာ၊ ပစ္စုပ္ပံ–ပေါ်ဆဲကိလေသာ၊ မကိန်းဘဲ ပေါ်သွားပြီဆိုလျှင် အနုသယ မဟုတ်တော့။]*

မဂ်ဖြင့် မပယ်ရသေးသော အားအစွမ်းနှင့်ပြည့်စုံသော၊ ကာမရာဂအစရှိသော ကိလေသာတို့ကိုသာ ''အနုသယ''ဟု ဆိုရ၏။ သာမညကိလေသာတို့ကိုကား ''အနုသယ''ဟု မဆိုနိုင်ပေ။

ကိလေသာဆယ်ပါးတို့တွင် –

လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ပေါင်း (၆)ပါးသော ကိလေသာတို့သည် အနုသယလည်းမည်၊ ကိလေသာလည်းမည်သော ***(အားအစွမ်းနှင့် ပြည့်စုံသော ကိလေသာ)***များဖြစ်သည်။

ထိန ဥဒ္ဒစ္စ အဟိရိက အနောတ္တပ္ပ ပေါင်း (၄)ပါးသော ကိလေသာတို့သည် အနုသယမမည်ဘဲ ကိလေသာသာမည်သောကြောင့် ***(သာမညကိလေသာ)***ဖြစ်၏။

**ဆောင်။** ။ *ကိလေသာဆယ်ပါး၊ ရှိပေပြားလည်း၊ အင်အားပြည့်ကြွယ်၊ ရှေ့ခြောက်သွယ်သာ၊ ကိုယ်ဝယ်ကိန်းဝပ်၊ ပါလေတတ်၍၊ စောမြတ်ရှင်ပင်၊ အနုသယ တင်သည်၊ ကျမ်းစဉ် လက်သုံးဖွင့်ရိုးတည်း။*

**အနုသယ။** ။ အနု အနု သေန္တီတိ အနုသယာ – သတ္တဝါတို့၏ခန္ဓာအစဉ်၌ အမြဲမပြတ် ကိန်းဝပ်လျက်ပါနေသော ကိလေသာဓာတ်ကို ''အနုသယ''ဟု ခေါ်သည်။ ထင်ရှားစေအံ့၊ အသီး သီးမည့်သရက်ပင်၌ အသီး သီးစေတတ်သော ဓာတ်သတ္တိသည် သရက်စေ့ဝယ် အညှောက်ထွက်သည်ကစ၍ ပင်လုံး အခက်

အရှက် အညွန့်တို့၌လည်းပါ၏။ ဤသို့ အသီးသီးစေတတ်သော ဓာတ်သတ္တိသည် သရက်ပင်တစ်ပင်လုံး၌ အစအဆုံး ကိန်းဝပ်နေသကဲ့သို့ ထို့အတူ အနုသယဟု ခေါ်အပ်သော ကိလေသာဓာတ်သည်လည်း ကလလရေကြည် တည်ခါစဝယ် ပဋိသန္ဓေစိတ် စေတသိက်နှင့် ကလာပ်သုံးစည်း၌လည်း ပါရှိ၏။ ထို့နောက် တစ်ဘဝလုံး အဆက်ဆက် ရုပ်အစဉ် နာမ်အစဉ်မှာလည်း ပါရှိ၏။ ရဟန္တာမဖြစ် သေးသမျှ ကုသိုလ်ကောင်းမှု ပြုနေတုန်း၊ ကမ္မဋ္ဌာန်းအားထုတ်နေတုန်းမှာလည်း ထိုကိလေသာဓာတ်သတ္တိတွေ အပြည့်အနှက်ပါရှိနေ၏။ တစ်ဘဝကုန်၍ စုတိစိတ် ဖြစ်တုန်းမှာလည်း ပါရှိ၏။ နောက်ဘဝ ပဋိသန္ဓေအသစ်မှာလည်း ဆက်လက်ပါရှိ လေ၏။ အရူပဘုံ၌ နာမ်တရားချည်း ပဋိသန္ဓေနေသော်လည်း ထိုအရူပဘုံ နာမ် အစဉ်မှာလည်း ပါရှိ၏။ အသညသတ်ဘုံ၌ ရုပ်ချည်းနေသော်လည်း အသညသတ် ရုပ်အစဉ်မှာလည်း ပါရှိ၏။ ထို့ကြောင့် ''အနု အနု၊ အစဉ်တစိုက်၊ သန္တာနေ၊ ရုပ်နာမ်ခန္ဓာအစဉ်၌။ သေန္တိ၊ ကိန်းဝပ်တည်နေတတ်ကုန်၏''ဟု ဆိုရပေသည်။ (မည်သည့်ဘုံ မည်သည့်အခါ၌ မည်သည့်အနုသယများ ကိန်းဝပ်ပါရှိကြောင်းကို အနုသယယမိုက်မှာ ကြည့်ပါ။)

ကာမရာဂသည်ပင် အနုသယဖြစ်၍ ''ကာမရာဂါနုသယ စသည်ဖြင့် အနု သယခုနစ်ပါးအမိန့်ဟယ်ကို သိပါလေ။

**ကိလေသာပယ်ကြောင်း။** ။ ပြခဲ့သော ကိလေသာသုံးမျိုးတွင် ဝီတိက္ကမ ကိလေသာမဖြစ်နိုင်အောင် သီလဖြင့် တားမြစ်ရ၏။ ပရိယုဋ္ဌာနကိလေသာမဖြစ် အောင် သမာဓိဖြင့် (ထိုအာရုံ၌ စိတ်မဝင်စားအောင် သမာဓိတရားဖြင့်) တားမြစ်ရ၏။ အနုသယကိလေသာတို့ကား ဆိုင်ရာမဂ်ဖြင့်သတ်မှ အကြွင်းမဲ့ဖြတ်နိုင်သည်။ ဤစကားစဉ်အရ ''မဂ်ဖြင့် မပယ်အပ်သေးသည်ဖြစ်၍ ခန္ဓာကိုယ်၌ ကိန်းဝပ် ဘည်ရှိသော ကိလေသာဓာတ်ကို အနုသယခေါ်သည်ဟု မှတ်ပါ။

**အင်အားကြီးမှ အနုသယခေါ်။** ။ မဂ်ဖြင့် မပယ်အပ်သေးသော ကိလေသာတိုင်းလည်း ခန္ဓာအစဉ်မှာ ကိန်းဝပ်ပါရှိမည်မဟုတ်၊ အားအင်ကြီးမား သော ကိလေသာအချို့သာ ခန္ဓာအစဉ်၌ ကိန်းဝပ်ပါရှိနိုင်မည်။ သို့အတွက် အားအင် နည်းပါးသော ထိနစသည်တို့မှာ ခန္ဓာအစဉ်၌ ကိန်းဝပ်ပါရှိမည်မဟုတ်သောကြောင့် အနုသယဟု မခေါ်ထိုက်။

ထင်ရှားစေအံ့၊ ကိလေသာဆယ်ပါးတွင် လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာခြောက်ပါးသည် ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ကိလေသာစသည်

တို့ထက် သတ္တိအင်အား ကြီးမားထက်မြက်ကြကုန်၏။ ဆိုင်ရာ အကုသိုလ်များ၌ မိမိတို့ခေါင်းဆောင်၍ ထမြောက်အောင် ရှက်ဆောင်နိုင်ကြကုန်၏။ ထိနစသော လေးပါးကား ထိုကဲ့သို့ သတ္တိအင်အား မကြီးမားကုန်၊ ဆိုင်ရာ အကုသိုလ်များ၌ ခေါင်းဆောင်ပဓာနလည်းမဖြစ်နိုင်ကုန်၊ ထို့ကြောင့် လောဘစသည်တို့၏ ဓာတ်သတ္တိများသာခန္ဓာအစဉ်၌ ကိန်းဝပ်တည်နေကြသဖြင့် လောဘစသည်တို့သာ "အနုသယ"ဟု ဘုရားရှင်ဟောတော်မူသည်။ ထို့ကြောင့် အနုသယယမကအဋ္ဌကထာ၌ "**အနုသယောတိ ပန အပ္ပဟီနဋ္ဌေန ထာမဂတကိလေသော ဝုစ္စတိ**" ဟု မိန့်ပြီ။

(ထာမဂတကိလေသာဟူသည် အခွင့်သာလျှင် ဖြစ်နိုင်လောက်အောင် အင်အားရှိသော ကိလေသာတည်း။ ထာမ-အားအစွမ်းသို့၊ ဂတ-ရောက်သော ကိလေသာ၊ ထိုသို့ အင်အားရှိသောကြောင့်ပင် ခန္ဓာအစဉ်၌ ကိန်းဝပ်ပါရှိနိုင်သည်)

**အနုသယ၏ကာလ။** ။ ဤအနုသယကိလေသာသည် ပစ္စုပ္ပန် အတိတ် အနာဂတ် သုံးမျိုးတွင် အဘယ်နည်းဟု မေးလေ့ရှိ၏။ အဖြေကား - အနုသယကိလေသာသည် ပရိယာယ်အားဖြင့် ပစ္စုပ္ပန် အတိတ် အနာဂတ် သုံးမျိုးပင် ဖြစ်သင့်၏။ ချဉ်းအံ့၊ ဥပါဒ် ဌီ ဘင် အခိုက်အတန့်နှင့် ပြည့်စုံခိုက် တရားကို ပစ္စုပ္ပန်၊ ချုပ်ပြီးတရားကို အတိတ်၊ ဥပါဒ် ဌီ ဘင်အားဖြင့် ထင်ရှားဖြစ်လတ္တံ့တရားကို အနာဂတ်ဟု ခေါ်ရ၏။ အနုသယကိလေသာတို့သည် ဥပါဒ် ဌီ ဘင်အားဖြင့် အထင်အရှား မရှိချေ၊ ဘင်သို့ရောက်၍ ချုပ်ပျောက်ပြီးလည်းမဟုတ်၊ ဥပါဒ် ဌီ ဘင်အားဖြင့် ဖြစ်သောအခါ အနုသယမဟုတ်၊ တော့ ပရိယုဋ္ဌာနကိလေသာအနေအားဖြင့်သာ ဖြစ်လတ္တံ့၊ ထို့ကြောင့် 'အနုသယ"ကိလေသာသည် မုချအားဖြင့် ပစ္စုပ္ပန် အတိတ် အနာဂတ်ဟု မဆိုအပ်၊ သို့သော် ထိုထိုစိတ်နှင့်ယှဉ်လျက် ပရိယုဋ္ဌာနအနေအာဖြင့် ဥပါဒ်မှုကို စွဲ၍ ပြောရလျှင် ထိုကိလေသာမျိုးသည် ရှေးကလည်းဖြစ်ဖူးပြီး၊ ပစ္စုပ္ပန်မှာလည်း ဖြစ်ဆဲပင်၊ မဂ်ဖြင့် မပယ်နိုင်သေးသမျှ နောင်လည်းဖြစ်လတ္တံ့၊ ထို့ကြောင့် အကျိုးဖြစ်သော ပရိယုဋ္ဌာနကိလေသာ၏ ပစ္စုပ္ပန်စသောအမည်ကို အကြောင်းရင်းဖြစ်သော အနုသယကိလေသာပေါ်၌ တင်စား၍ ဖလူပစာရ ပရိယာယ်အားဖြင့် အနုသယကို ပစ္စုပ္ပန် အတိတ် အနာဂတ်ဟု ခေါ်ဆိုနိုင်သည်။

ထို့ကြောင့် ယမကအဋ္ဌကထာ၌ "**သော စိတ္တသမ္ပယုတ္တော ။ပ။ အတီတောပိ အနာဂတောပိ ပစ္စုပ္ပန္နောပိ၊ တသ္မာ ဥပ္ပဇ္ဇတီတိ ဝတ္တုံ ယုဇ္ဇတိ**"ဟု

လည်းကောင်း၊ မူလဋီကာ၌ ''န စ အတီတာနာဂတပစ္စုပ္ပန္နတော အညေ ဥပ္ပတ္တိရဟာ နာမ အတ္ထိ၊ တသ္မာ သဗ္ဗေ အတီတာနာဂတပစ္စုပ္ပန္နာ ကာမရာဂါ ဒယော အနုသယာတိ ဝုစ္စန္တိ''ဟုလည်းကောင်း ဖွင့်ပြီ။ ဤသို့ အဋ္ဌကထာ ဋီကာတို့က ပစ္စုပ္ပန် အတိတ် အနာဂတ် ဟု တိုက်ရိုက်ဖွင့်ပြကြသည်ဖြစ်ပါလျက် အနုဋီကာနှင့် နောက်လိုက်ဖြစ်သော ဋီကာကျော်စသည်တို့က ''အနာဂတ် ကိလေသာကိုသာ မုချအားဖြင့် အနုသယဟု ခေါ်သည်၊ အတိတ် ပစ္စုပ္ပန် ကိလေသာ တို့မှာ ကိလေသာသဘောချင်း တူမျှကြသဖြင့် အနုသယအမည်ရသည်''ဟု တစ်မျိုးဖွင့်ကြသေးသည် မှာ စဉ်းစားဖွယ်ရာပင်၊ အနုသယကိလေသာတို့ မုချ အားဖြင့် ပစ္စုပ္ပန် အတိတ် အနာဂတ် မဆိုထိုက်ကြောင်းကို မဂ်ပယ်ခန်း၌ ပြဦး လတ္တံ့။)

## သံယောဇဉ်ဆယ်ပါးနှင့်အဓိပ္ပာယ်

ဆောင်။ ။ကာမရာဂ၊ ပဋိဃနှင့်၊ သီလဗ္ဗိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဤငါးတန် ဩရမ္ဘာဂိယ။
ရူပရာဂ၊ အရူပနှင့်၊ မာန ဥဒ္ဓစ္စံ၊ အဝိဇ္ဇံ၊ ဥဒ္ဓမ္ဘာဂိယ။

သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်၌ အာရုံအမျိုးမျိုးတည်း ဟူသော ကြိုးတို့ဖြင့် တုပ်နှောင်ဖွဲ့ချည်တတ်သောကြောင့် ''သံယောဇဉ်''မည်၏။

သံယောဇဉ် (၁၀)ပါး အဘိဓမ္မာ (သင်္ဂြိုဟ်)၌ သိခဲ့ပြီ။

## ကိလေသာဆယ်ပါးနှင့်အဓိပ္ပာယ်

စိတ်၏ပူပန်ကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ စိတ်ကို နှိပ်စက်ညှဉ်း ဆ တတ်သောကြောင့်လည်းကောင်း ''ကိလေသာ''မည်၏။

ကိလေသာဆယ်ပါးလည်း သိခဲ့ပြီ။

| | အကုသလသင်္ဂဟ တရားကိုယ်ပြဇယား | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မောဟ | အဟိရိက | အနောတ္တပ္ပ | ဥဒ္ဓစ္စ | လောဘ | မာန | ဒိဋ္ဌိ | ဒေါသ | ဣဿာ | မစ္ဆရိယ | ကုက္ကုစ္စ | ထိန | မိဒ္ဓ | ဝိစိကိစ္ဆာ | တရားကိုယ်ပေါင်း |
| အာသဝ | ✓ | | | | ✓ | | ✓ | | | | | | | | ၃ |
| ဩဃ | ✓ | | | | ✓ | | ✓ | | | | | | | | ၃ |
| ယောဂ | ✓ | | | | ✓ | | ✓ | | | | | | | | ၃ |
| ဂန္ထ | | | | | ✓ | | ✓ | ✓ | | | | | | | ၃ |
| ဥပါဒါန် | | | | | ✓ | | ✓ | | | | | | | | ၂ |
| နီဝရဏ | ✓ | | | ✓ | ✓ | | | ✓ | | | ✓ | ✓ | ✓ | ✓ | ၈ |
| အနုသယ | ✓ | | | | ✓ | ✓ | ✓ | ✓ | | | | | | ✓ | ၆ |
| သံယောဇဉ် (သုတ္တန်) | | | | ✓ – – | | | | | | – – | – – | | | | ၉ |
| သံယောဇဉ် (အဘိဓမ္မာ) | ✓ | | | | ✓ | ✓ | ✓ | ✓ | | | | | | ✓ | |
| ကိလေသာ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | ✓ | ✓ | ✓ | | ✓ | ၁၀ |
| တရားပေါင်း | ၇ | ၁ | ၁ | ၃ | ၉ | ၃ | ၈ | ၅ | ၁ | ၁ | ၁ | ၂ | ၁ | ၄ | |

## ၂။ မိဿကသင်္ဂဟ

ကုသိုလ် အကုသိုလ် အဗျာကတဖြစ်သော တရားတို့ကို ရောနှော၍ သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟသည် ''မိဿကသင်္ဂဟ''မည်၏။

### ဟိတ်ခြောက်ပါး

ယင်းအဖွင့်သည် ပကိဏ်းပိုင်းအဖွင့်နှင့် အတူတူပင်ဖြစ်၏။

### ဈာနင်ခုနစ်ပါး

အာရုံသို့ကပ်၍ကြံခြင်းဟုဆိုအပ်သော ရှုအပ်သောအနက်ကြောင့်လည်းကောင်း၊ ထိုက်သည့်အားလျော်စွာ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း ဝိတက်စသောတရားတို့သည် ဈာန် မည်ကုန်၏။

ထိုဈာန်တို့ ဟူသည် အပေါင်းဖြစ်ကုန်သော ဈာန်တရားတို့ကို အစိတ်၏အဖြစ်ဖြင့် သိအပ်ကုန်သောကြောင့် အင်္ဂါတို့လည်း မည်ကုန်၏။ ထိုနှစ်ပါးသောအနက်ကြောင့် ''ဈာနင်္ဂ''မည်ကုန်၏။

အစိတ်မှလွတ်သော အပေါင်းမရှိသော်လည်း သေနင်္ဂ၊ ရထင်္ဂ အစရှိသည်တို့ကဲ့သို့ ဝိတက်အစရှိသည်တို့ကို တစ်ပေါင်းတည်းဖြစ်၍ နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သည်၏အဖြစ်ကြောင့် အသီးအသီး အစိတ်၏အဖြစ်ဖြင့် ဆိုအပ်ကုန်၏။

ဤခုနစ်ပါးသော ဈာနင်တို့တွင် ဒေါမနဿသည် အကုသိုလ်ဈာနင်မည်၏။ ကြွင်းသော အင်္ဂါတို့သည် ကုသိုလ် အကုသိုလ် အဗျာကတဈာနင်တို့မည်ကုန်၏။

ကောင်းသော ကုသိုလ်အာရုံ၌ဖြစ်စေ၊ မကောင်းသော အကုသိုလ်အာရုံ၌ဖြစ်စေ စူးစူးစိုက်စိုက် မြဲမြဲစွာကပ်၍ရှုတတ်သောကြောင့် ''ဈာန်''မည်၏။ ထိုကြောင့် ကုသိုလ် အကုသိုလ် နှစ်မျိုးဖြစ်သော ဈာန်ခုနစ်ပါး ရ၏။ (ဋီ၊ မှတ်ချက်)

တစ်နည်း - ထိုက်သည့်အားလျော်စွာ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောအနက်ကြောင့် ၎င်းဝိတက်စသောတရားတို့သည် ''ဈာန်'' မည်၏။ ထို့ကြောင့် ကုသိုလ်ဈာန်ခြောက်ပါး ရ၏။

ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ သောမနဿ ဒေါမနဿနှင့်ဥပေက္ခာ ဟူသော ဈာနင်ခုနစ်ပါးရှိသည့်အနက် ဒေါမနဿသည် အကုသိုလ်ဈာနင်သက်သက်ဖြစ်၏။ ကျန်ခြောက်ပါးသည် ကုသိုလ် အကုသိုလ် အဗျာကတ သုံးမျိုးတို့နှင့်ဆိုင်သော ဈာနင်တို့ဖြစ်၏။

စစ်အင်္ဂါ၊ ရထားအင်္ဂါစသည်တို့ကဲ့သို့ **ရှာန်၏အစိတ်ဖြစ်သော** ဝိတက်စသည့်တရားတို့ကို ''ဈာနင်''ဟုလည်းကောင်း၊ ''ဈာန်အင်္ဂါ''ဟုဝေါ်၏။

**မဂ္ဂင်(၁၂)** – သုဂတိဘုံ ဒုဂ္ဂတိဘုံသို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း ရှေးရှုရောက်စေတတ်သောကြောင့် ''မဂ်''မည်၏။

ထိုသုဂတိ ဒုဂ္ဂတိ နိဗ္ဗာန်တို့သို့ ရောက်ကြောင်းဖြစ်ကုန်သော သမ္မာဒိဋ္ဌိ စသော အစိတ်တို့သည် ''အင်''မည်ကုန်၏။ ထိုနှစ်ပါးသောအနက်ကြောင့် ''မဂ္ဂင်'' မည်၏။ တစ်နည်း – အင်္ဂါရှစ်ပါးရှိသောမဂ်၏ အစိတ်အပိုင်းတို့သည် ''မဂ္ဂင်''မည်၏။

(၁) မဖောက်မပြန်သောအားဖြင့် မြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိမည်၏။

ထိုသမ္မာဒိဋ္ဌိသည်''**အတ္ထိ ဒိန္နံ**[၁]–အလှူ၏အကျိုးရှိ၏'' အစရှိသော အစွမ်းဖြင့် (၁၀) ပါးပြား၏။ တစ်နည်း''**ပရိညာ**''**စသောကိစ္စ**[၂]အစွမ်းဖြင့် လေးပါးရှိ၏။

(၂) ဝိတက်ဖြင့် မဖောက်ပြန်သောအားဖြင့် သမ္ပယုတ်တရားတို့သည် အာရုံကို ကြံတတ်ကုန်၏၊ ထိုသို့ကြံစည်တတ်ကြောင်းဖြစ်သောကြောင့် သမ္မာသင်္ကပ္ပ မည်၏။ ထိုသမ္မာသင်္ကပ္ပသည် – (၁) နေက္ခမ္မသင်္ကပ္ပ၊ (၂) အဗျာပါဒသင်္ကပ္ပနှင့် (၃) အဝိဟိံသသင်္ကပ္ပ ဟူ၍ သုံးပါးပြား၏။ (၃–၄–၅) ဝိရတီသုံးပါးကို စေတသိက်ပိုင်း၌ ပြဆိုခဲ့ပြီ။

(၆) ဝီရိယတရားဖြင့် မဖောက်မပြန်သောအားဖြင့် သမ္ပယုတ်တရားတို့သည် အားထုတ်ကုန်၏၊ ထိုသို့အားထုတ်ကြောင်းဖြစ်သောကြောင့် ဝီရိယသည် သမ္မာဝါယာမ မည်၏။

(၇) သတိတရားသဘောဖြင့် မဖောက်မပြန်သောအားဖြင့် သမ္ပယုတ်တရားတို့သည် အောက်မေ့တတ်ကုန်၏၊ ထိုသို့အောက်မေ့ကြောင်းဖြစ်သောကြောင့် သတိသည် သမ္မာသတိ မည်၏။ (သမ္မာဝါယာမနှင့်သမ္မာသတိအပြားကို သမ္မပ္ပဓာန်၊ သတိပဋ္ဌာန်အစွမ်းဖြင့် ဗောဓိပက္ခိယပိုင်းတွင် ဖွင့်ဆိုမည်။)

---

၁။ အတ္ထိဒိန္နံ, ယိဋ္ဌံ, ဟုတံ, သုကတဒုက္ကဋာနံ ကမ္မာနံ ဝိပါကော, မာတာ, ပိတာ, ဩပပါတိကာသတ္တာ, အယံလောကော, ပရောလောကော, လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စလောကံ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။

၂။ ပရိညာကိစ္စ (ဒုက္ခသစ္စာ)၊ ပဟာနကိစ္စ (သမုဒယသစ္စာ) သစ္ဆိကရဏကိစ္စ (နိရောဓသစ္စာ)၊ ဘာဝနာကိစ္စ (မဂ္ဂသစ္စာ)

(၈) ကေဂ္ဂတာသည် မဖောက်မပြန်သောအားဖြင့် မိမိသည်သာလျှင် မိမိနှင့် ယှဉ်သောစိတ်ကို ထားအပ်၏၊ ထိုသို့ထားတတ်သောကြောင့် (ကေဂ္ဂတာ) သမာဓိ သည် သမ္မာသမာဓိ မည်၏။

ပဌမဈာန်အစရှိသည်တို့၏အစွမ်းဖြင့် ငါးပါးအပြားရှိသော ကေဂ္ဂတာသည် သမ္မာသမာဓိမည်၏။ သမ္မာသမာဓိသည် ပဌမဈာန်ရှိ ကေဂ္ဂတာ စသည်ဖြင့် ဈာန် ငါးပါးအရ ငါးမျိုးပြား၏။

(၉-၁၀) မိစ္ဆာဒိဋ္ဌိစသော တရားများသည်လည်း ဒုဂ္ဂတိဘဝသို့ ရောက်မိ ကြောင်းဖြစ်သောကြောင့် ''မဂ္ဂင်''အမည်ရပါသည်။

## ဣန္ဒြေ (၂၂)ပါး

သမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် ''ဣန္ဒြေ''မည်၏။ တစ်နည်း ဝိပါက် ကင္ဒြွာရုပ်တို့ကို အစိုးရသောကြောင့် ဣန္ဒမည်သောကံကို ပြတတ်သော ကြောင့်လည်းကောင်း၊ ဣန္ဒမည်သော ကံကြောင့် ပြီးစေတတ်သောကြောင့်လည်း ကောင်း၊ ဣန္ဒမည်သော မြတ်စွာဘုရားသည် မြင်အပ် ဟောအပ်သောကြောင့် လည်းကောင်း ''ဣန္ဒြေ''မည်ပါသည်။

## တရားတစ်ချခြင်းအလိုက် ဣန္ဒြေဖြစ်ပုံ

(၁) ပသာဒိန္ဒြေငါးပါးသည် မြင်ခြင်းစသည် ကိစ္စတို့ကြောင့် စက္ခုဝိညာဏ် စသည်တို့ကို အစိုးရပါသည်။

(၂) များသောအားဖြင့် ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ ဘာဝိန္ဒြေနှစ်ပါးသည် မိန်းမ ယောကျ်ားတို့၏သန္တာန်၌သာလျှင် ဣတ္ထိလိင်စသည်ဖြစ်ခြင်းကြောင့် လိင် အစရှိသည် တို့ကို အစိုးရပါသည်။

(၃) ဇီဝိတိန္ဒြေသည် သဟဇာတ်တရားတို့ကို စောင့်ရှောက်တတ်သည့် အဖြစ်ကြောင့် တည်တတ်ကုန်သော ကမ္မဇရုပ် သမ္ပယုတ်တရားတို့ကို အစိုးရ ပါသည်။

(၄) မနိန္ဒြေသည် အာရုံကို သိခြင်း၌ သမ္ပယုတ်တရားတို့ကို အစိုးရပါ သည်။

(၅) ဝေဒနိန္ဒြေငါးပါးသည် ဣဋ္ဌာရုံ အစရှိသည်တို့ကို ခံစားခြင်းကိစ္စရှိ သည်၏အဖြစ်၌ သုခဝေဒနာ စသည်တို့နှင့်တကွ ဖြစ်သော သမ္ပယုတ်တရားတို့ကို အစိုးရပါသည်။

(၆) သဒ္ဓိန္ဒြေငါးပါးသည် ယုံကြည်ခြင်းအစရှိသည်တို့၌ ယုံကြည်ခြင်းစသော အစွမ်းကြောင့်ဖြစ်ကုန်သော ထိုသဟဇာတ်တရားတို့ကို အစိုးရပါသည်။

(၇) အနညာတညဿာမိတိန္ဒြေသည် မသိဖူးသေးသော သစ္စာလေးပါးတို့ကို သိအောင် ပြုအံ့ဟု ကျင့်သော ပုဂ္ဂိုလ်အား ထိုဣန္ဒြေဖြစ်ခြင်းကြောင့် ထိုသို့သောအခြင်းအရာအားဖြင့်ဖြစ်ကုန်သော သဟဇာတ်တရားတို့ကို အစိုးရပါသည်။

(၈) အညိန္ဒြေသည် ပဌမမဂ်ဖြင့် သိအပ်သော အပိုင်းအခြားကို မလွန်ဘဲ သိခြင်း၌ အစိုးရပါသည်။

(၉) အညာတာဝိန္ဒြေသည် ရဟန္တာတို့၏ဥစ္စာဖြစ်ခြင်းကြောင့် မိမိသို့အစဉ်လိုက်ကုန်သောတရားတို့ကို အစိုးရပါသည်။

## လောကုတ္တရာဣန္ဒြေသုံးပါးမည်ပုံ

(၁) အစမထင် သံသရာပြင်၌ တစ်ရံတစ်ဆစ်မျှ မသိဖူးသေးသော အမြိုက်နိဗ္ဗာန်ကို၊ တစ်နည်း – သစ္စာလေးပါးတရားထူးကို သိအောင်ပြုအံ့ဟု ဤသို့မြတ်သောအလိုဖြင့် ကျင့်သော ယောဂီပုဂ္ဂိုလ်၏ ဣန္ဒြေဖြစ်သောကြောင့် အနညာတညဿာမိတိန္ဒြေ မည်၏။

(၂) သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော အပိုင်းအခြားကို မလွန်မူ၍ သိမြင်တတ်သော ဣန္ဒြေသည် အညိန္ဒြေမည်၏။

(၃) သစ္စာလေးပါးကို ထိုးထွင်း၍ သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေသည် အညာတာဝိန္ဒြေ မည်၏။

တရားကိုယ်အားဖြင့် သောတာပတ္တိမဂ်၌ရှိသော ပညာသည် အနညာတညဿာမိတိန္ဒြေ မည်၏။ အထက်မဂ်သုံးခု၊ အောက်ဖိုလ်သုံးခု၌ရှိသော ပညာသည် အညိန္ဒြေမည်၏။ အရဟတ္တဖိုလ်၌ရှိသော ပညာသည် အညာတာဝိန္ဒြေမည်၏။

## ဣန္ဒြေဟောစဉ်

(၁) သတ္တဝါဟု ခေါ်ဝေါ်အပ်သော အက္ခရာအစဉ်ဟု ဆိုအပ်သော နာမပညတ်၏ ထူးသော မှီရာအကြောင်းဖြစ်သောကြောင့် အဇ္ဈတ္တိကာယတနငါးပါးကို အစ၌ ဟောတော်မူသည်။

(၂) သတ္တဝါဟု ဆိုအပ်သော နာမပညတ်၏ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏ အစွမ်းဖြင့် မိန်းမ ယောကျာ်းဟု ကွဲပြားသောအဖြစ်သို့ရောက်ခြင်းကို ပြခြင်းငှာ ကာယိန္ဒြေ၏အခြားမဲ့၌ ဘာဝရုပ်နှစ်ပါးကို ဟောတော်မူ၏။

(၃) ဥပါဒိန္န ကမ္မဇရုပ်တရားတို့သည် ဇီဝိတိန္ဒြေအစွမ်းဖြင့် တည်ကြသောကြောင့် ဤဥပါဒိန္န ကမ္မဇရုပ်တရားတို့၏ တည်ရာအကြောင်းကို ပြခြင်းငှာ ထိုဘာဝရုပ်တို့၏အခြားမဲ့၌ ဇီဝိတိန္ဒြေကို ဟောတော်မူ၏။

(၄) မနိန္ဒြေကို အဇ္ဈတ္တိကာယတနမျိုးဖြစ်၍ ကာယိန္ဒြေ၏အခြားမဲ့၌ ဆိုသင့်၏။ သို့သော်လည်း သုခိန္ဒြေစသော နာမ်ဣန္ဒြေတို့နှင့် တစ်ပေါင်းတည်း ပြခြင်းငှာ ဇီဝိတိန္ဒြေ၏အခြားမဲ့၌သာ မနိန္ဒြေကို ဟောတော်မူ၏။

(၅) သတ္တဝါဟု ခေါ်ဆိုအပ်သော ဥပါဒိန္နတရားအပေါင်းသည် သန္တာန်အစဉ်၏အစွမ်းအားဖြင့် ဖြစ်လတ်သော် ဤဝေဒနာတရားတို့ကြောင့် ညစ်နွမ်းတတ်သည်ဟု ညစ်နွမ်းခြင်း၏အကြောင်းကို ပြခြင်းငှာ မနိန္ဒြေ၏အခြားမဲ့၌ သုခိန္ဒြေစသော ဝေဒနိန္ဒြေ၅ပါးကို ဟောတော်မူ၏။

(၆) ထိုညစ်နွမ်းခြင်း၏အကြောင်းဖြစ်သော ဝေဒနာတို့မှ စင်ကြယ်ခြင်းကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့၏စင်ကြယ်ခြင်း၏အကြောင်းကို ပြခြင်းငှာ ဝေဒနိန္ဒြေ၅ပါးတို့၏အခြားမဲ့၌ သဒ္ဓိန္ဒြေစသော ဣန္ဒြေအပေါင်းကိုကို ဟောတော်မူ၏။

(၇) ဆည်းပူးအပ်ပြီးသော ဖြူစင်ခြင်း၏အကြောင်းဖြစ်သော ကောင်းမှုရှိကုန်သော သူတော်ကောင်းတို့သည် ဤအနညာတညဿာမိတိန္ဒြေ စသော လောကုတ္တရာဣန္ဒြေသုံးပါးတို့ဖြင့် ညစ်နွမ်းခြင်း၏အကြောင်းဖြစ်သော ဝေဒနာ တို့မှ စင်ကြယ်ရ၏ဟု စင်ကြယ်ခြင်း၏အကြောင်းအဖြစ်ကိုလည်းကောင်း၊ စင်ကြယ်ခြင်းသို့ ရောက်သည်၏အဖြစ်၊ ပြီးပြီးသော ကိစ္စရှိသည်၏အဖြစ်ကိုလည်းကောင်း ပြခြင်းငှာ အဆုံး၌ အနညာတညဿာမိတိန္ဒြေစသည့် ဣန္ဒြေသုံးပါးကို ဟောတော်မူ၏။

## ဣန္ဒြေ(၂၂)ပါးအစဉ်ထားပုံ လင်္ကာ

**ဆောင်။** ။ လောကီမှတ်ရာ၊ ကပ်ကမ္ဘာ၊ သတ္တဝါဟု၊ ပညတ်မှု၏၊ ကြီးထုမှီလစ်၊ အကြောင်းဖြစ်၏၊ အဇ္ဈတ္တိက၊ ဦးစွာပြ၏၊ သတ္တပညတ်၊ ယင်းဒြပ်လည်း၊ ပြားလတ်လေဘိ၊ ဘာဝိန္ဒြိကြောင့်၊ ဣတ္ထိပေါ်သ၊ ကွဲလေရသဖြင့်၊ နောက်မှဆက်ကာ၊ သတ္တဝါဟု၊ ဥပါဒိန္န၊ ထိုဓမ္မလည်း၊

ဇိဝိတတွက်၊ တည်နိုင်ချက်ကို၊ မိန့်မြွက်လိုဟန်၊ ငါးတန်ဝေဒနာ၊ ယင်းတို့တာကြောင့်၊ သူငါညစ်နွမ်း၊ အပြစ်ဖမ်း၍၊ သစ်လမ်းဆင်ပြ၊ ပဥ္စကကား၊ သဒ္ဓအာဒိ၊ စင်ကြယ်ဘိမူ၊ ဤသည့်သုံးချက်၊ စဉ်တိုင်းတက်လျက်၊ အောက်ထက် မင်္ဂဖိုလ်၊ ကျွတ်တမ်းခိုင်၍၊ ထိုထိုကိစ္စ၊ ပြီးစီးရဟု၊ ဟောပြလိုဖြင့်၊ ဋီကာဖွင့်သည်၊ သိနှင့်ရုံမျှ အစဉ်တည်း။

## ပညာဣန္ဒြေကို လေးမျိုးအထိ ဟောထားခြင်း

✱ ပညိန္ဒြေကို ယူပြီးဖြစ်ပါလျက် အဘယ်ကိုပြခြင်းငှာ အနညာတညဿာ မိတိန္ဒြေတို့ကို ယူရပါသနည်း။

ဣန္ဒြေမည်ကုန်သောတရားတို့၏ သရုပ်ကို ပြခြင်းငှာ ဤဣန္ဒြိယနိဒ္ဒေသ၌ ပညိန္ဒြေကို ယူခြင်းကို မြတ်စွာဘုရားသည် ပြုတော်မူ၏။

ပုဂ္ဂိုလ်၏အလို ကိစ္စအထူးကို ပြခြင်းငှာ အနညာတညဿာမိတိန္ဒြေ အစရှိသည်တို့ကို ယူခြင်းကို ပြုအပ်ပါသည်။

## ဖဿ ပထဝီစသည်တို့ကို ဣန္ဒြေအဖြစ် မဟောတော့ခြင်း

စက္ခုန္ဒြေစသော ဣန္ဒြေ (၂၂)ပါးကို ဟောခြင်းဖြင့်ပင် အလိုရှိအပ်သော အကျိုးများ ပြီးစီးခြင်းကြောင့် အခြားသော ဖဿ ပထဝီ စသည့် တရားတို့ကို ဣန္ဒြိယအရာ၌ မဟောအပ်ပါပေ။

## ဖိုလ် (၄)ပါး

အဿဒ္ဓိယ ကောသဇ္ဇ ပမာဒ ဥဒ္ဓစ္စ အဝိဇ္ဇာ အဟိရိက အနောတ္တပ္ပဟု ဆိုအပ်ကုန်သော ဆန့်ကျင်ဘက်တရားတို့သည် မတုန်မလှုပ်စေနိုင်သောကြောင့်လည်းကောင်း၊ သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း ဤအကြောင်းနှစ်ပါးကြောင့် သဒ္ဒါစသော ခုနစ်ပါးတို့သည် "ဖိုလ်" မည်ပါသည်။

♦ အဟိရိကနှင့်အနောတ္တပ္ပတို့သည် သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်တတ်သောကြောင့်သာ ဖိုလ် မည်ပါသည်။ (ဆန့်ကျင်ဘက်တရားတို့ကြောင့် မတုန်လှုပ်၍ ဖိုလ်မည်ခြင်းမဟုတ်ပေ။)

| ဗိုလ်တရား | | ဆန့်ကျင်ဘက်တရား |
|---|---|---|
| (၁) သဒ္ဓါဗိုလ် | = | အဿဒ္ဓိယ (သဒ္ဓါတရားမရှိခြင်း) |
| (၂) ဝီရိယဗိုလ် | = | ကောသဇ္ဇ (ပျင်းရိခြင်း) |
| (၃) သတိဗိုလ် | = | ပမာဒ (မေ့လျော့ခြင်း) |
| (၄) သမာဓိဗိုလ် | = | ဥဒ္ဓစ္စ (ပျံ့လွင့်ခြင်း) |
| (၅) ပညာဗိုလ် | = | အဝိဇ္ဇာ (မသိခြင်း) |
| (၆) ဟိရီဗိုလ် | = | အဟိရိက (အရှက်မရှိခြင်း) |
| (၇) ဩတ္တပ္ပဗိုလ် | = | အနောတ္တပ္ပ (မလန့်ခြင်း) |

## အဓိပတိလေးပါး

မိမိနှင့်စပ်၍ဖြစ်ကုန်သော သမ္ပယုတ်တရားတို့၏ အရှင်သခင် အကြီးအမှူး ဖြစ်သောကြောင့် "အဓိပတိ" မည်၏။

"**ဆန္ဒကဲမို၊ ဘာမဆို၊ အောင်ကို အောင်ရမည်**" အစရှိသော ရှေး၌ ဖြစ်သော စိတ္တုပ္ပါဒ်မှ ပကတူပနိဿယပစ္စည်းကိုရ၍ နောက်စိတ်၌ အကြီးအမှူး ဖြစ်ကုန်သော ဆန္ဒ စသော အဓိပတိတရားတို့သည် မိမိနှင့်ယှဉ်သော သမ္ပယုတ် တရားတို့ကို ပြီးစေတတ်ကုန်၏။ ထို့ကြောင့် ဆန္ဒစသော အဓိပတိတရားတို့သည် မိမိနှင့်စပ်ကုန်သောတရားတို့၏ အကြီးအမှူး အရှင်သခင်ဖြစ်ကုန်၏။

## အဓိပတိနှင့်ဣန္ဒြေအစိုးရပုံခြင်းအထူး

မိမိအဓိပတ်တပ်နေခိုက် အခြားသော အဓိပတိတရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ မိမိသာ အစိုးရသည်၏အဖြစ်သည် အဓိပတိအစိုးရခြင်းတည်း။

တစ်ပါးသော ဣန္ဒြေများ အစိုးရခြင်းရှိသော်လည်း မိမိနှင့်စပ်သောတရား ကိုသာ မိမိအလိုသို့ လိုက်စေခြင်းသဘော၊ အစိုးရခြင်းသဘောမျိုးသည် ဣန္ဒြေ အစိုးရခြင်းတည်း။

**လင်္ကာ။** ။ တစ်ဦးတည်းပိုင်သ၊ အစိုးရ၊ မှတ်ကြ ဓိပတိ။

မိမိဆိုင်ရာ၊ စိုးရပါ၊ မှတ်ပါ ဣန္ဒြိ။

## အာဟာရအဓိပ္ပာယ်

ဩဇာလျှင်ရှစ်ခုမြောက်သော အာဟာရဇ အဋ္ဌကလာပ်ရုပ် စသည်တို့ကို ဆောင်တတ်သောကြောင့် "**အာဟာရ**"မည်၏။

## အာဟာရလေးပါးဆောင်ပုံ

(၁) ကဗဠီကာရာဟာရသည် ဩဇာလျှင်ရှစ်ခုမောက်သော အာဟာရဇ အဋ္ဌကလာပ်ကို ဆောင်သည်။

(၂) ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်သည်။ (ဖဿပစ္စယာ ဝေဒနာ)

(၃) မနောသဉ္စေတနာဟာရ ဟု ဆိုအပ်သော ကုသိုလ် အကုသိုလ်ကံ သင်္ခါရသည် ဘဝသုံးပါး၌ ပဋိသန္ဓေဝိညာဏ်ကို ဆောင်သည်။ (သင်္ခါရပစ္စယာ ဝိညာဏံ)

(၄) ဝိညာဏာဟာရဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်သည် သဟဇာတ်ဖြစ်သော နာမ်၊ ရုပ်ကို ဆောင်ပါသည်။ (ဝိညာဏပစ္စယာ နာမရူပံ)

## အာဟာရဟု ဆိုရပုံ

မိမိ, မိမိတို့၏ ပစ္စယုပ္ပန်ဖြစ်ကုန်သော တရားတို့ကို ဆောင်တတ်သော တစ်ပါးသော တရားတို့ အကယ်၍ ရှိပင်ရှိငြားသော်လည်း အဇ္ဈတ္တိကသန္တာန်၏ ထူးသောအကြောင်းတရားများ ဖြစ်သောကြောင့် ကဗဠီကာရ စသော လေးပါးတို့ကိုသာ ''အာဟာရ''ဟု ဆိုရပါသည်။

## အာဟာရလေးပါးထူးပုံ

(၁) ကဗဠီကာရာဟာရကို စားကုန်သော သတ္တဝါတို့၏ ရူပကာယတွင် ကဗဠီကာရာဟာရသည် ထူးသောအကြောင်းဖြစ်၏။ ကံစသော အကြောင်းတို့က ရူပကာယကို ဖြစ်စေသော်လည်း ကဗဠီကာရာဟာရအစွမ်းကြောင့်သာ ဆယ်နှစ် အနှစ်နှစ်ဆယ်စသည် ကာလပတ်လုံး တည်နိုင်၏။ ထို့ကြောင့် ကဗဠီကာရာဟာရသည် ရူပကာယ၏ ထူးသောအကြောင်းဟု ဆိုရ၏။ ဥပမာအားဖြင့် - ကဗဠီကာရာဟာရသည် နို့ထိန်းနှင့်တူ၏။ နို့ထိန်းသည် သတို့သားငယ်အား နို့ရည်တိုက်ခြင်းစသဖြင့် ထောက်ပံ့နိုင်စေသကဲ့သို့လည်းကောင်း၊ ဆွေးမြေ့သောအိမ်ကို ထောက်ပံ့နိုင်စေသော ယန္တရားတိုင်ကဲ့သို့လည်းကောင်း တူပေသည်။

(၂) ဖဿာဟာရကား သုခဝေဒနာစသော ဝေဒနာတို့၏အကြောင်းဖြစ်သော အာရုံကို တွေ့ထိ၍သာလျှင် ဝေဒနာဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏ ကြာမြင့်စွာတည်ခြင်း၏အကြောင်းဖြစ်၏။

(၃) မနောသဉ္စေတနာဟာရသည် ကုသိုလ် အကုသိုလ်တို့၏အစွမ်းဖြင့် အားထုတ်၍သော ဘုံသုံးပါးတို့၌ တည်ခြင်းဖြစ်စေတတ်သောကြောင့် သတ္တဝါတို့၏ တည်ခြင်းအကြောင်းဖြစ်၏။

(၄) ဝိညာဏာဟာရသည် အာရုံကို သိတတ်သည်ဖြစ်၍ နာမ်ရုပ်ကို ဖြစ်စေရကား သတ္တဝါတို့၏တည်ခြင်းအကြောင်းဖြစ်၏။

**ဆောင်။** ။ ထိုထိုရှေးကံ၊ ပြုစီမံ၍၊ လူ့ထံနတ်ဆီ၊ ဖြစ်ရပြီ လည်း၊ ကဗဠီကာရ၊ အစာရမှ၊ ကာလအရှည်၊ သက်ဆိုးတည်၏၊ တစ်လီဖဿ၊ အဟာရကြောင့်၊ ဣဋ္ဌနိဋ္ဌာ၊ အရသာကို၊ ဝေဒနာခံစား၊ တဏှာပွားလျက်၊ ဝဋ်ကြွေးတက်၍၊ ဆက်လက်ရှည်စွာ၊ စေတနာမူ၊ ခန္ဓာသန္ဓေ၊ စွဲကပ်စေ၍၊ ထွေထွေဝိပါက်၊ ဝိညာဉ်ဆက်၏၊ မပျက်စေ့ငှာ၊ ဝိညာဏာဟု ဟာရစုလည်း၊ နှစ်ခုရုပ်နာမ်၊ ပွားအောင်ဖန်လျက်၊ ခန္ဓာဆက်ဖို့ ဆောင်ရွက်သောအား၊ ကျေးဇူးများသဖြင့်၊ လေးပါးဤတွင်၊ အာဟာရတင်သည် ကျမ်းစဉ်ဖွင့်မြဲ မှတ်တမ်းတည်း။

**ကဗဠီကာရ ဆောင်ပုံ။** ။ အစာအာဟာရကို မှီ၍ အသက်ရှည်ရကုန်သော ကာမဘုံသားတို့သည် ရှေးရှေးကံကြောင့် လူ့ထံ နတ်ပြည်၌ ဖြစ်ကြရသော်လည်း ကံချည်းသက်သက် မတည်တံ့နိုင်၊ ကဗဠီကာရအာဟာရဟူသော အစာကို စားရမှသာ (ကဗဠီကာရအာဟာရက ဆောင်ထားမှသာ) အသက်ဆိုးတိုင် တည်တံ့နိုင်ကြ၏။ ထို့ကြောင့် ကဗဠီကာရအာဟာရသည် တစ်ဘဝအတွက် သတ္တဝါတို့အား အထူးကျေးဇူးများ၏။

**ဖဿာဟာရ ဆောင်ပုံ။** ။ သံသရာ၌ ကျင်လည်ရသော သတ္တဝါတို့၏ ဘဝဆက်ရှည်ရာမှာ ဖဿာဟာရဟူသော အတွေ့သာ အချုပ်အခြာ ဖြစ်၏။ဖဿ မဖြစ်လျှင် ဝေဒနာလည်း မဖြစ်နိုင်၊ ဝေဒနာမဖြစ်က တဏှာလည်း မရစ်ဝဲနိုင် တော့သဖြင့် သံသရာ ပြတ်စဲရုံသာ ရှိ၏။ ယခုမှာကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုမိရာဝယ် ဖဿဟူသော အတွေ့ဓာတ် ဖြစ်ပေါ်လာသဖြင့် ''ဖဿပစ္စယာ ဝေဒနာ'' ဟူသည့်အတိုင်း ဣဋ္ဌ၊ အနိဋ္ဌအရသာကို ခံစားတတ်သော ဝေဒနာ ဖြစ်ပေါ်လာသည့်အတွက် တောင့်တမှု တဏှာများ တိုးပွားလျက် ထိုအရသာမျိုး ကို ရနိုင်ဖို့အကြောင်း ကောင်းကောင်းဆိုးဆိုး ကံအမျိုးမျိုးကို ပြုသဖြင့် သံသရာ ဝဋ်ကြွေးတက်၍ ဘဝဆက်ရှည်ရပြန်သည်။ ထို့ကြောင့် သံသရာတွင် ခန္ဓာအစဉ် ရှည်ဖို့ရာ ဖဿာဟာရက ဆောင်သည်ဟု ဆိုရပေသည်။

## အာဟာရလေးပါးအစဉ်

ကဗဠီကာရာဟာရ စသည်ဖြင့် အာဟာရလေးပါးအစဉ်သည် ဒေသနာ ဟောစဉ်ပင်ဖြစ်သည် ဖဿအစရှိသည်တို့၏ ဒုတိယ အစရှိသောအဖြစ်ကို ဒေသနာ အစဉ်အားဖြင်သာ ဆိုအပ်၏။ ဖြစ်စဉ်မဟုတ်ကြချေ။

**အသည်းသတ်ဘုံနှင့် အာဟာရ။** ။ ဤကဗဠီကာရစသော အာဟာရ လေးပါးသည် အသည်းသတ်ဘုံ၌ မရနိုင်၊ (မရနိုင်ပုံကို စိစစ်ကြည့်ပါ) သုတ္တန်ပါဠိ တော်များ၌ကား "**သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ**" ဟူသောပါဌ်ဖြင့် အသည် သတ်ဘုံသားများနှင့်တကွ သတ္တဝါဟူသမျှကို "အာဟာရဋ္ဌိတိက"ဟု ဟောတော် မူ၏။ ထိုသို့ ဟောတော်မူရာ၌ **မုချအာဟာရ ပရိယာယအာဟာရ**ဟု နှစ်မျိုး မှတ်ရာ၏။ ကဗဠီကာရစသော လေးပါးသည် "မုချအာဟာရ" မည်၏၊ အကျိုးကို ဆောင်နိုင်သော အခြားအကြောင်းစုသည် "ပရိယာယအာဟာရ" မည်၏။ အသ ည်းသတ်ဘုံ၌ ကမ္ဘာ (၅၀၀) ပတ်လုံး တည်နိုင်အောင် အသည်းသတ်ဘုံသားတို့ကို ရုပ်နှင့် စေတနာဟူသော ပရိယာယအာဟာရက ဆောင်ထား၏။ ဤသို့ ရုပ်နှင့် စေတနာဟူသော အာဟာရရှိရကား "သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါ တို့သည်။ အာဟာရဋ္ဌိတိကာ၊ အကြောင်းတရားကြောင့် တည်တံ့ရကုန်၏"ဟု မိန့်တော်မူသည်။ [သံဂီတိသုတ္တဋ္ဌကထာ ကေကကို မှီသည်။]

## ရုပ်နှင့် မိုလ် မဂ္ဂင် မထိုက်သော တရားများ

(၁) <u>ဒွေပဉ္စဝိညာဏ်ဆယ်ပါး ရုပ်နှင့်မထိုက်ခြင်း၊</u>

ယင်းစိတ်ဆယ်ပါးသည် ဝိတက်နှင့်ကင်းပြီး အာရုံသို့ ရှေးရှုကျကာမျှဖြစ်၏၊ ယင်းစိတ်တို့၌ရှိသော ဥပေက္ခာ သုခ ဒုက္ခဝေဒနာတို့သည်လည်း အာရုံ၌ ကပ်၍ ရှုခြင်းမရှိသောကြောင့် ရုပ်နှင့်မထိုက်ပေ။ (ရုပ်နှင့်ဟူသည် ဝိတက်လျှင် နောက်ပိတ် အကွပ် အကြီးအကြပ် ရှိ၏။)

(၂) <u>ဒွေပဉ္စဝိညာဏ်ဆယ်ပါး၊ မနောဓာတ်သုံးပါး၊ သန္တီရဏသုံးပါးဟူသော စိတ် (၁၆)ပါး မိုလ်မထိုက်ခြင်း</u>

ယင်းစိတ်တို့သည် ဝီရိယနှင့် မယှဉ်ကြချေ၊ ဝီရိယအထောက်အပံ့ကင်းသဖြင့် အားနည်းသောကြောင့် ယင်းစိတ်တို့နှင့်ယှဉ်သော ဧကဂ္ဂတာစေတသိက်ကို သမာဓိ မိုလ်မဖွဲ့ထိုက်သောကြောင့်တည်း။ (မိုလ်ဟူသည် ဝီရိယလျှင် နောက်ပိတ်အကွပ် အကြီးအကြပ်ရှိ၏။)

(၃) အဟိတ်စိတ်တို့ မဂ္ဂင်ကိစ္စ မတပ်နိုင်ကြခြင်း၊

အဟိတ်စိတ်တို့၌ယှဉ်သော ဝိတက် ဝီရိယ စေတသိက်တို့သည် ယှဉ်ဖက် သမ္ပယုတ်ဟိတ်ကင်းရကား အားနည်းကြသောကြောင့် မဂ္ဂင်ကိစ္စမတပ်နိုင်ကြပေ။ (မဂ္ဂင်ဟူသည် ဟိတ်တရားလျှင် နောက်ပိတ်အကွပ် အကြီးအကြပ်ရှိ၏။)

(၄) ဝိစိကိစ္ဆာစိတ်၌ ဆုံးဖြတ်ခြင်း အဓိမောက္ခကင်းခြင်းကြောင့် ဝိစိကိစ္ဆာ၌ ယှဉ်သော စေတနာစေတသိက်သည် တည်ကြည်ယုံမှုဖြစ်၏။ ထို့ကြောင့် ယင်း စေတနာစေတသိက်သည် မိစ္ဆာသမာဓိမဂ်၊ သမာဓိန္ဒြေ၊ သမာဓိဗိုလ် မဖွဲ့ထိုက်ပါ။ (ဇယားကြည့်ပါ)

## အဓိပတိ မရသောစိတ်

**ဧကဟိတ်စိတ်၊ အဟိတ်စိတ်**တို့သည် ယှဉ်ဖက်ဟိတ် မရှိသောကြောင့် လည်းကောင်း၊ ယှဉ်ဖက်ဟိတ်မရှိ၍ အလွန်တရာ တွေဝေသောကြောင့်လည်း ကောင်း အဓိပတိမရအပ်ပါ။ **လောကီဝိပါက်စိတ်များ**သည် ပဋိသန္ဓေ၊ ဘဝင်စိတ် များဖြစ်ကြ၍ အားထုတ် ခြင်းကင်းသောကြောင့် အဓိပတိမရပါ။

## အဓိပတိရသောစိတ်

**ဒွိဟိတ်ဇော၊ တိဟိတ်ဇော**တို့၌သာ အဓိပတိရကုန်၏။ ထိုသို့ရသော်လည်း ဒွိဟိတ်ဇောတို့၌ 'ဝိမံသာဓိပတိ' မဖြစ်သင့်သောကြောင့်လည်းကောင်း၊ နောက်စိတ် ကို ပြုပြင်တတ်သော ရှေးစိတ်ဟုဆိုအပ်သည့် ဥပနိဿယ၏ ဒွိဟိတ်ဇော၊ တိဟိတ် ဇော ဖြစ်သင့်သည့်အားလျော်စွာ ဖြစ်ဖြင်းကြောင့်လည်းကောင်း အဓိပတိရခြင်း သည် (ယထာသမ္ဘဝံ) လျော်သောအားဖြင့်သာ ရခြင်းဖြစ်သည်။

အဓိပတိရသော်လည်း အဓိပတိလေးပါးလုံး တစ်ပြိုင်နက် ရသည်မဟုတ်ပေ။ ဆိုင်ရာအဓိပတိတပ်နိုက်ဆိုင်ရာအဓိပတိတစ်ခုသာလျှင် ရသည်။ ကျန် ၃-ပါး မရနိုင်။ တစ်ပြိုင်နက် ရလတ်သော် တစ်ပါးသည် တစ်ပါးအား အဓိပတိသတ္တိ မဖြစ်နိုင် သောကြောင့် တစ်ပါးသာလျှင် အဓိပတိ တပ်ရသည်။ (ပြိုင်ဘက်မင်း မရှိသော စကြာဝတေးမင်းကဲ့သို့တည်း။)၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဟေတု ပစ္စည်း၌ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု ဟောတော်မူသကဲ့သို့ အဓိပတိပစ္စည်း၌ "အဓိပတိ အဓိပတိသမ္ပယုတ္တကာနံ ဓမ္မာနံ"ဟု အပေါင်းအားဖြင့် ဟောတော်မမူဘဲ "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"ဟု အဓိပတိတစ်ခုချင်းစီသာ ဟောတော်မူပါသည်။

မိဿကသင်္ဂဟပြဇယား

| ဟိတ် ၆ | ဈာနင် ၇ | မဂ္ဂင် ၁၂ | ဣန္ဒြေ ၂၂ | ဗိုလ် ၉ | အဓိပတိ ၄ | အာဟာရ ၄ |
|---|---|---|---|---|---|---|
| လောဘ | ဝိတက် | ပညာ | စက္ခု | သဒ္ဓါ | ဆန္ဒ | ဩဇာ |
| ဒေါသ | ဝိစာရ | ဝိတက် (၂) | သောတ | ဝီရိယ | စိတ္တ | ဖဿ |
| မောဟ | ပီတိ | သမ္မာဝါစာ | ဃာန | သတိ | ဝီရိယ | စေတနာ |
| အလောဘ | ဧကဂ္ဂတာ | သမ္မာကမ္မန္တ | ဇိဝှါ | သမာဓိ | ပညာ | ပဋိသန္ဓေစိတ် |
| အဒေါသ | ဝေဒနာ (၃) | သမ္မာအာဇီဝ | ကာယ | ပညာ | | |
| အမောဟ | | ဝီရိယ (၂) | ဣတ္ထိန္ဒြေ | ဟိရီ | | |
| | | သတိ | ပုရိသိန္ဒြေ | ဩတ္တပ္ပ | | |
| | | ဧကဂ္ဂတာ (၂) | ရုပ်ဇီဝိတ | အဟိရိက | | |
| | | ဒိဋ္ဌိ | နာမ်ဇီဝိတ | အနောတ္တပ္ပ | | |
| | | | စိတ် | | | |
| | | | ဝေဒနာ (၅) | | | |
| | | | သဒ္ဓါ | | | |
| | | | ဝီရိယ | | | |
| | | | သတိ | | | |
| | | | သမာဓိ | | | |
| | | | ပညာ (၄) | | | |
| ၆ | ၇ | ၉ | ၁၆ | ၉ | ၄ | ၄ |

| | ဟိတ် | ဈာနင် | မဂ္ဂင် | ဣန္ဒြေ | ဗိုလ် | အဓိပတိ | အာဟာရ | ဌာန |
|---|---|---|---|---|---|---|---|---|
| ပညာ | ✓ | | ✓ | ✓ | ✓ | ✓ | | ၇ |
| ဝီရိယ | | | ✓ | ✓ | ✓ | ✓ | | ၆ |
| ဧကဂ္ဂတာ | | ✓ | ✓ | ✓ | ✓ | | | ၆ |
| စိတ် | | | | ✓ | | ✓ | ✓ | ၄ |
| သတိ | | | ✓ | ✓ | ✓ | | | ၄ |
| ဝိတက် | | ✓ | ✓ | | | | | ၂ |
| ဝေဒနာ | | ✓ | | ✓ | | | | ၂ |
| သဒ္ဓါ | | | | ✓ | ✓ | | | ၂ |

## ၃။ ဗောဓိပက္ခိယသင်္ဂဟ

ဗောဓိဉာဏ်၏ ရင့်သန်ကြောင်းဖြစ်ကုန်သော 'သတိပဋ္ဌာန်' စသောတရား တို့ကို (ဝါ) အရိယာမဂ်ဉာဏ်၏ အဆောက်အဦး အသင်းအပင်းဖြစ်ကုန်သော 'သတိ' စသောတရားတို့ကို တစ်ပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သောကြောင့် ''ဗောဓိပက္ခိယသင်္ဂဟ'' မည်၏။

သစ္စာလေးပါးကို သိတတ်သောကြောင့် ဗောဓိမည်သော အရိယာမဂ်၏ အသင်းအပင်း၌ ဖြစ်ကုန်သော သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်စသောတရားတို့သည် ''ဗောဓိပက္ခိယ'' မည်၏။

ထိုတရားတို့ကို ရေတွက်ဖော်ပြရာဖြစ်သော သင်္ဂဟသည် ''ဗောဓိပက္ခိယ သင်္ဂဟ'' မည်၏။

### သတိပဋ္ဌာန် (၄)ပါး

အခြားတစ်ပါးများစွာသော အာရုံတို့၌ စိတ်ပျံ့နှံ့ပြေးဝင်ခြင်းကို တားမြစ်၍ 'ကိုယ်' စသောအာရုံ၌သာလျှင် အစဉ်ဝင်လျက် တည်တံ့စွာဖြစ်တတ်သောကြောင့် ''သတိပဋ္ဌာန်''မည်၏။

သတိပဋ္ဌာန် ဟူသည် 'သတိ' တစ်ပါးတည်းပင် ဖြစ်သော်လည်း ယူသော ကိစ္စ၊ ပယ်သောကိစ္စအားဖြင့် အာရုံပြားသောကြောင့် လေးပါးပြားရသည်။ [ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့၌ အသုဘ, ဒုက္ခ, အနိစ္စ,အနတ္တဟူသော မှန်သောအခြင်း အရာကို ယူ၏။ သုဘသညာ+သုခသညာ+နိစ္စသညာ+အတ္တသညာ ဟူသော ဖောက်ပြန်သောအခြင်းအရာကို ပယ်၏။]

(၁) စက်ဆုပ်ဖွယ်ရှိကုန်သော ဆံပင်စသည်တို့၏ ဖြစ်ရာဖြစ်သော အတ္တ ဘောသည် ကာယမည်၏။ တစ်နည်း - ထွက်သက် ဝင်သက် အပေါင်းသည် ကာယမည်၏။ ထိုကာယကို အဖန်ဖန် စီးဖြန်းခြင်း၊ အနိစ္စာနုပဿနာစသော အနုပဿနာ ၇-ပါးဖြင့် စီးဖြန်းခြင်း အစွမ်းဖြင့် အောက်မေ့မှုသည် ကာယာနုပဿနာ မည်၏။ သုဘ ဝိပလ္လာသကို ပယ်၏။

[အနုပဿနာ (၇)ပါး= အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ နိဗ္ဗိန္ဒ၊ ဝိရာဂ၊ နိရောဓ= ပဋိနိသဂ္ဂတိနုပဿနာတို့တည်း။ (ဘိ၊ ဋ္ဌ၊ ၃)]

(၂) ဒုက္ခ ဒုက္ခ (ဆင်းရဲအစုကြီး)၊ ဝိပရိဏာမဒုက္ခ (ဖောက်ပြန်ပျက်စီးသော ဒုက္ခ)၊ သင်္ခါရဒုက္ခ (ပြုပြင်ဖန်တီးရသောဒုက္ခ) ဖြစ်ကုန်သောဝေဒနာ တို့ကို ဝေဒနာ၏အစွမ်းဖြင့် အောက်မေ့မှုသည် ဝေဒနာနုပဿနာ မည်၏။ သုခဝိပလ္လာသကိုပယ်၏။

(၃) သရာဂစိတ်၊ မဟာဂ္ဂတစိတ်စသည်ဖြင့် ပြားသောစိတ်တို့၏ အစွမ်း အားဖြင့်လည်းကောင်း၊ သမ္ပယောဂအပြား ဘုံအားဖြင့်ပြားသော စိတ်တို့၏အစွမ်းအားဖြင့်လည်းကောင်း ပြားသောစိတ်တို့ကို အောက်မေ့မှုသည် စိတ္တာနုပဿနာ မည်၏။ နိစ္စဝိပလ္လာသကို ပယ်၏။

(၄) ပြားသော လက္ခဏာရှိသော သညာ၊ သင်္ခါရဟုဆိုအပ်သော တရား တို့ကို အောက်မေ့မှုသည် ဓမ္မာနုပဿနာ မည်၏။

**ဓမ္မာနုပဿနာသတိပဋ္ဌာန်။** ။ ဤ၌ ဓမ္မဟုသာမညဆိုသော်လည်း ရူပက္ခန္ဓာကို ကာယာနုပဿနာဖြင့် ဝေဒနက္ခန္ဓာကို ဝေဒနာနုပဿနာဖြင့် ဝိညာ ဏက္ခန္ဓာကို စိတ္တာနုပဿနာဖြင့် ရှုပြီးဖြစ်သောကြောင့် ဓမ္မအရ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဓမ္မများကိုသာ (ပါဠိသေသနည်းအားဖြင့်) ယူခွင့်ရှိတော့သည်။ ထို ဓမ္မတို့ကို အနတ္တအခြင်းအရာထင်လာအောင် အဖန်ဖန် အာရုံပြုလျက်ရှုသောအခါ အရာရာကိစ္စတို့၌ ထိုပရမတ္ထဓမ္မများသာ ရှက်ဆောင်နေကြောင်း ပရမတ္ထချည်းသာ ထင်ရှားရှိကြောင်းကို သိရ၍ စိမံနိုင်သော အတ္တအကောင်ကလေးမရှိဟူသော အနတ္တအခြင်းအရာ လွန်စွာထင်လာသည်။ ထို့ကြောင့် ဓမ္မာနုပဿနာသည် အတ္တဝိပလ္လာသကို ပယ်ရှားနိုင်သည်။

| | သတိပဋ္ဌာန် | ယူသောအခြင်းအရာ | ပယ်သောတရား |
|---|---|---|---|
| (၁) | ကာယာနုပဿနာ | အသုဘ | သုဘသညာ |
| (၂) | ဝေဒနာနုပဿနာ | ဒုက္ခ | သုခသညာ |
| (၃) | စိတ္တာနုပဿနာ | အနိစ္စ | နိစ္စသညာ |
| (၄) | ဓမ္မာနုပဿနာ | အနတ္တ | အတ္တသညာ |

## သမ္မပ္ပဓာန်အဓိပ္ပာယ်

ကောင်းစွာအားထုတ်ကြောင်း၊ ပြီးစေကြောင်းဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်၏။

ထိုသမ္မပ္ပဓာန်သည် ဝီရိယတရားတစ်ပါးတည်းဖြစ်သော်လည်း 'ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း'စသောကိစ္စတို့၏အစွမ်းဖြင့် လေးပါး ပြားရ၏။

အသုဘဟူ၍ နှလုံးသွင်းခြင်းကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အားထုတ်သည်၏ အစွမ်းဖြင့် လုံ့လပြုခြင်းသည် (ဝါယာမ=) ဝီရိယ မည်၏။

## ဣဒ္ဓိပါဒ်အဓိပ္ပာယ်

ဣဒ္ဓိဝိဓ အဘိညာဏ်ဖြင့် အဓိဋ္ဌာန်အပ် ဖန်ဆင်းအပ်သော နဂါး၊ ဂဠုန် အသွင် အစရှိသဖြင့် ဝတ္ထုတို့ကို ပြည့်စုံစေတတ်သော ဣဒ္ဓိဝိဓဉာဏ်သည် ''ဣဒ္ဓိ''မည်၏။ တစ်နည်း – ဈာန်၊ မဂ်၊ ဖိုလ်ရမှု ပြီးစီးအောင်မြင်မှုသည် ''ဣဒ္ဓိ''မည်၏။ ထိုပြီးစီး အောင်မြင်မှု၏ အခြေခံအကြောင်းရင်းဖြစ်သော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတရား တို့သည် ''ဣဒ္ဓိပါဒ'' မည်၏။ ဣဒ္ဓိဝိဓဉာဏ်၏တည်ရာသည် ''ဣဒ္ဓိပါဒ်''မည်၏။

ဆန္ဒသည်သာလျှင် ထိုပြီးစီးမှု၏ တည်ရာဖြစ်၍ ဆန္ဒိဒ္ဓိပါဒ်စသည်ဖြင့် ဣဒ္ဓိ ပါဒ်လေးပါး အဓိပ္ပာယ်ကို သိပါလေ။

## ဣန္ဒြေ/ ဗိုလ်

သဒ္ဓါအစ ပညာအဆုံး ဣန္ဒြေငါးပါး ဗိုလ်ငါးပါးကို မိဿကသင်္ဂဟ၌ ဆိုခဲ့ပြီ။

## ဗောဇ္ဈင်အဓိပ္ပာယ်

ဝိပဿနာကို အားထုတ်သောကာလမှစ၍ ယောဂါဝစရပုဂ္ဂိုလ်သည် သိတတ်သောကြောင့် ''ဗောဓိ''မည်၏။ (ဋီ၊ မြန်)

သစ္စာလေးပါးတရားတို့ကို ထိုးထွင်းသိတတ်သောကြောင့် ယောဂီပုဂ္ဂိုလ်သည် ''ဗောဓိ''မည်၏။ (ဋီ၊ မှတ်ချက်)

တစ်နည်း – ညီညွတ်သော သတိစသောတရား (၇)ပါးသည် သစ္စာ လေးပါးကိုသိခြင်း၏ အကြောင်းဖြစ်သောကြောင့် ''ဗောဓိ''မည်၏။

တစ်နည်း – ညီညွတ်သော သတိစသောတရား (၇)ပါးသည် ကိလေသာ အစဉ်ဟုဆိုအပ်သော အိပ်ပျော်ခြင်းမှ နိုးကြောင်းဖြစ်သောကြောင့် ဗောဓိ မည်၏။

ညီညွတ်သော သတိစသောတရား (၇)ပါးသည် ကိလေသာတို့ကြောင့် တွန့်ဆုတ်မှုမရှိဘဲ (အကောက်မရှိဘဲ) မဂ်ဖိုလ်သို့ရောက်ခြင်းဖြင့် ပွင့်ကြောင်းဖြစ် သောကြောင့်လည်း ဗောဓိ မည်၏။

သစ္စာလေးပါးကို ထိုးထွင်း၍သိသော ယောဂီပုဂ္ဂိုလ်၏ အကြောင်းဖြစ် သောကြောင့် ဗောဇ္ဈင် မည်၏။

တစ်နည်း - သတိစသော ညီညွတ်သော တရားအပေါင်းဟုဆိုအပ်သော ဓမ္မသာမဂ္ဂီဇောဓိ၏ အစိတ်အပိုင်းဖြစ်သောကြောင့်လည်းကောင်း ဗောဇ္ဈင် မည်၏။

(၁) သတိသည်သာလျှင် ကောင်းသောဗောဇ္ဈင်ဖြစ်သောကြောင့်လည်းကောင်း၊ သတိသည်သာလျှင် ကောင်းသော ယောဂါဝစရ ပုဂ္ဂိုလ်၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း ကောင်းသော ပညာစသော တရားအပေါင်း၏ အစိတ်အပိုင်းဖြစ်သောကြောင့် **သတိသမ္ဗောဇ္ဈင်** မည်၏။

(၂) ဗောဇ္ဈင် ၇-ပါးပြားပုံ သတိအစရှိသော ဓမ္မတို့၏အစွမ်းဖြင့် ဗောဇ္ဈင် ၇-ပါး ပြားပါသည်။ တေဘူမကတရားတို့ကို အနိစ္စစသည်တို့၏ အစွမ်းဖြင့် စုံစမ်းဆင်ခြင်တတ်သောကြောင့် ဝိပဿနာပညာသည် **ဓမ္မဝိစယ** မည်၏။

(၃-၆) သိလွယ်ပြီ။

(၇) တတြမဇ္ဈတ္တတာကို ဥပေက္ခာသမ္ဗောဇ္ဈင်၌ အလိုရှိအပ်၏။

## ဗောဓိပက္ခိယတရားများဖြစ်ပုံ

ရှစ်ပါးအပြားရှိသော လောကုတ္တရာစိတ်၌ အလုံးစုံကုန်သော ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့သည် ဖြစ်ကုန်၏။ ဒုတိယဈာန် စသည်နှင့်ယှဉ်သော လောကုတ္တရာစိတ်၌ ဝိတက်၏ မဖြစ်ခြင်း၊ မယှဉ်ခြင်း။ စတုတ္ထဈာန်နှင့် ယှဉ်သော လောကုတ္တရာစိတ်၌ ပီတိ၏ မဖြစ်ခြင်း၊ မယှဉ်ခြင်းကြောင့် ''ဝိတက်ပီတိ''တို့သည် အချို့သော လောကုတ္တရာစိတ်၌ မဖြစ်ကုန်။

လောကီဖြစ်သော ကာမာဝစရကုသိုလ် မဟဂ္ဂုတ်ကုသိုလ်စိတ်တို့၌ သီလ ဝိသုဒ္ဓိ အစရှိသော ၆-ပါးသော ဝိသုဒ္ဓိတို့၏ ဖြစ်လတ်သော် ထိုထိုသို့သော သတိပဋ္ဌာန် အစရှိသော ကိစ္စအားလျော်သည်၏အစွမ်းဖြင့် အချို့ကုန်သော ဗောဓိပက္ခိယ တရားတို့သည် အချို့သော လောကီဖြစ်သော ကာမာဝစရကုသိုလ် မဟဂ္ဂုတ် ကုသိုလ်စိတ်၌ အသီးသီး ဖြစ်ကုန်၏။

အချို့သော ဗောဓိပက္ခိယတရားတို့သည် အချို့သော လောကီစိတ်၌ မဖြစ်ကုန်။ (ဋီ၊ မြန်)

လောကုတ္တရာစိတ် (၈)ပါးတွင် ဗောဓိပက္ခိယတရား (၃၇)ပါးလုံး တစ်ပြိုင်နက် ဖြစ်ကုန်၏။ သို့သော် ဝိတက်စေတသိက်သည် ပဌမဈာန်၌သာလျှင်ဖြစ်၍ ဒုတိယဈာန်စသည်တို့၌ မဖြစ်ကုန်။ ထို့အတူ ပီတိသည်လည်း ပဌမ-ဒုတိယ တတိယဈာန်တို့၌သာ ဖြစ်ကုန်၏။ စတုတ္ထ ပဥ္စမဈာန်တို့၌ မဖြစ်ကုန်။

လောကီကုသိုလ် ကြိယာ သောဘဏစိတ်တို့၌ကား ဉာဏဒဿနဝိသုဒ္ဓိမှ တစ်ပါး ကျန်သီလဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ စသော လောကီဝိသုဒ္ဓိခြောက်ပါးဖြစ်လတ်သော် ယှဉ်သင့်၊ ဖြစ်သင့်သည်အားလျော်စွာ ဗောဓိပက္ခိယတရားတို့သည် ဖြစ်ကုန်၏။ (ဦး၊ မှတ်ချက်)

ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်တစ်ဌာန တစ်ကိစ္စသာ တပ်၏၊ ပဿဒ္ဓိစေတသိက်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် တစ်ဌာန တစ်ကိစ္စသာ တပ်၏။ ပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင်တစ်ဌာန တစ်ကိစ္စသာ တပ်၏၊ တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင်တစ်ဌာန တစ်ကိစ္စသာ တပ်၏။

ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ်တစ်ဌာန တစ်ကိစ္စသာတပ်၏၊ လောကုတ္တရာစိတ္တိဒ္ဓိပါဒ် တစ်ဌာန တစ်ကိစ္စသာ တပ်၏။ သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် တစ်ဌာန တစ်ကိစ္စသာ တပ်၏။ သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် တစ်ဌာန တစ်ကိစ္စသာတပ်၏။ သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် တစ်ဌာန တစ်ကိစ္စသာ တပ်၏။ သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်အာဖြင့် နှစ်ဌာန နှစ်ကိစ္စ တပ်၏။ ပညိန္ဒြေစေတသိက်သည် ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်အားဖြင့် ငါးဌာန ငါးကိစ္စတပ်၏။ သတိစေတသိက်သည် သတိပဋ္ဌာန်လေးပါး၊ သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သမ္မာသတိမဂ္ဂင်အားဖြင့် ရှစ်ဌာန ရှစ်ကိစ္စတပ်၏၊ ဝီရိယစေတသိက်သည် သမ္မပ္ပဓာန်လေးပါး၊ ဝီရိယိဒ္ဓိပါဒ်၊ ဝီရိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယသမ္ဗောဇ္ဈင်၊ သမ္မာဝါယာမမဂ္ဂင်အားဖြင့် ကိုးဌာန ကိုးကိစ္စတပ်၏။

(ဗောဓိပက္ခိယဇယား ရိုးရိုးအဆင့်တွင် ကြည့်ပါ။)

**ဗောဓိပက္ခိယ ကောဋ္ဌာသ (၇)ပါး** - သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်။

# ၄။ သဗ္ဗသင်္ဂဟ

အလုံးစုံသော ပရမတ္ထတရားတို့ကို ခန္ဓာအစရှိသည်တို့၏အစွမ်းဖြင့် တစ်ပေါင်းတည်း သိမ်းယူပြဆိုရာဖြစ်သော သင်္ဂဟသည် ''သဗ္ဗသင်္ဂဟ''မည်၏။

## ခန္ဓာငါးပါး

အတိတ် အနာဂတ် ပစ္စုပ္ပန် စသော (၁၁)ပါးအားဖြင့် ပြားသော ထိုထိုသို့သော သဘောတူဖြစ်သည့်တရားတို့သည် ပညာဖြင့် တစ်ပေါင်းတည်းပြုအပ်သော ပေါင်းစုခြင်းအနက်သဘောကြောင့် ''ခန္ဓာ''မည်၏။

## ခန္ဓာကို ငါးပါးသာ ဟောရခြင်း

ရူပက္ခန္ဓာသည် ဝေဒနာ၏မှီရာဖြစ်သောကြောင့် တည်ရာခွက်နှင့်တူ၏။ ဝေဒနာက္ခန္ဓာသည် ဝိညာဏ်၏ခံစားအပ်သောကြောင့် ဘောဇဉ်နှင့် တူ၏။ သညာက္ခန္ဓာသည် ဝေဒနာ၏ သာယာခံစားခြင်းကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် စားဖွယ်ဟင်းလျာနှင့် တူ၏။ သင်္ခါရက္ခန္ဓာသည် ပြုပြင်စီရင်တတ်သောကြောင့် စားဖိုသည်နှင့်တူ၏။ ဝိညာဏက္ခန္ဓာသည် ဝေဒနာတည်းဟူသော ဘောဇဉ်ကို စားတတ်သောကြောင့် စားတတ်သူ ထမင်းရှင်နှင့်တူ၏။

ဤမျှသော ရူပက္ခန္ဓာအစရှိသော တရားတို့၏ ခွက်အစရှိသည်နှင့် တူသော သဘောအားဖြင့် ဟောကြားလိုက်ရုံဖြင့် အလိုရှိအပ်သော ခန္ဓာ၏အနက်လိုအပ်သော အကျိုးတရားများ ပြီးပြည့်စုံသောကြောင့် ခန္ဓာကို ငါးပါးသာ ဟောတော်မူ၏။ ခန္ဓာငါးပါးအစဉ်ကိုလည်း ထိုခွက်ဥပမာဖြင့်ပင် ဟောတော်မူ၏။

အဘယ်ကြောင့်ဆိုသော် ဒေသနာအစဉ်၌လည်း ဤသို့ ရုပ်စသည်တို့၏ ခွက်အစရှိသည်တို့နှင့် တူသည်၏အဖြစ်သည်သာလျှင် အကြောင်းတည်း။ အကြင်ခွက်၌ စား၏၊ အကြင်ဘောဇဉ်ကို စား၏၊ အကြင်ငါး အမဲစသော ဟင်းလျာနှင့် စား၏၊ အကြင်ချက်ပြုတ်အပ်သော စားဖိုသည်က စားစေ၏၊ အကြင်ထမင်းရှင်သည်စား၏။ ဤသို့ ခန္ဓာငါးပါး၏အစဉ်ကိုလည်း ထိုခွက်စသော ဥပမာအရအားဖြင့်သာ ဟောတော်မူခြင်းမှာ အလိုရှိသည်၏အဖြစ်ကြောင့်တည်း။ (ဝါ) ဖြစ်သောအကြောင်းကြောင့်ဖြစ်၏။

## ဥပါဒါနက္ခန္ဓာ

ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ခန္ဓာသည် ဥပါဒါနက္ခန္ဓာ မည်၏။ ကာမုပါဒါန်စသော ဥပါဒါန်တရား၊ အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်သော လောကီခန္ဓာ၅ပါးတို့သည် ဥပါဒါနက္ခန္ဓာ မည်ကုန်၏။

## ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာအထူး

သဘောလက္ခဏာအားဖြင့် တူကုန်သော အလုံးစုံသောတရားတို့ကို ပေါင်းခြင်းငှာ အာသဝေါတရားတို့၏အာရုံလည်းဖြစ်သော (**လောကီတရား**)၊ အာသဝေါတရားတို့၏ အာရုံလည်းမဟုတ်သော (**လောကုတ္တရာ**) တရားတို့ကို သာမည အားဖြင့် ''ခန္ဓာ''ဟု ဟောတော်မူ၏။

ဝိပဿနာဇောဏ်အာရုံကို ပြခြင်းငှာ (**ဝိပဿနာရှုခြင်းငှာ**) အာသဝေါတရားတို့၏အာရုံဖြစ်သော **လောကီတရားတို့ကို** ''ဥပါဒါနက္ခန္ဓာ''ဟု ဟောတော်မူ၏။

**လင်္ကာ**။ ။ အာသဝါ နာသဝ၊ သာမည၊ ဟောပြ ပဉ္စက္ခန်။

သာသဝ သာ၊ ဟောဖော်ပါ၊ ဥပါဒါနက္ခန်။

ဥပါဒါန်တရား အာသဝေါတရားတို့၏အာရုံမဟုတ်ကုန်သော လောကုတ္တရာ နာမ်ခန္ဓာလေးပါးတို့သည် ခန္ဓာသာ မည်ကုန်၏။ ဥပါဒါနက္ခန္ဓာ မမည်ကုန်။ ရူပက္ခန္ဓာကား ''သာသဝါ ဓမ္မာ''ဟူသော ဒုက်အရ လောကီအာသဝေါတရားတို့၏ အာရုံကေန်ဖြစ်၏။ နာမ်ခန္ဓာလေးပါးသည်သာ ဥပါဒါန်အာသဝေါတရားတို့၏ အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာ မည်၏။ ဥပါဒါန်အာသဝေါတရားတို့၏အာရုံမဟုတ်လျှင် ခန္ဓာသာ မည်၏။

**ရူပက္ခန္ဓာအတွက်မှတ်ဖွယ်**။ ။ ကျန်ခန္ဓာလေးပါးအတွက် အာသဝေါတို့၏ အာရုံဖြစ်သည်။ အာသဝေါတရားတို့၏အာရုံမဖြစ်ဟု ကွဲပြားကြသော်လည်း ရူပက္ခန္ဓာသည် ထိုသို့ မကွဲပြားပါ။ စင်စစ်ရုပ်သည် ကာမာဝစရဖြစ်သောကြောင့် အာသဝေါတရားတို့၏အာရုံသာ ကေန်မုချဖြစ်ပါသည်။ ထို့ကြောင့် ရုပ်မှာ ဥပါဒါနက္ခန္ဓာတွင်သာ ပါဝင်သင့်ပါလျက် သာမညက္ခန္ဓာတွင်လည်း ပါဝင်နေပြန်သည်။ အကြောင်းမှာကား - သဘောတူသောရုပ်အစုကို ပေါင်းသည်၏အစွမ်းဖြင့် ထိုရုပ်ကို သာမညက္ခန္ဓာ၌ ဟောထားခြင်းပင်ဖြစ်ပါသည်။ ထို့အတူ နာမက္ခန္ဓာတို့နှင့် ''အစု''ဟူသော တူသောအနက်ရှိခြင်း၊ ဥပါဒါန်တို့၏အာရုံဖြစ်ခြင်းကြောင့် ဥပါဒါနက္ခန္ဓာတွင်လည်း ထည့်ဟောတော်မူရပြန်သည်။

စေတသိက် (၅၂)ပါးအနက် ဝေဒနာနှင့်သညာ နှစ်ပါးကိုသာ သီးခြား ခန္ဓာအမည်တစ်ခုစီ ဖွဲ့၍ ကြွင်း (၅၀)ကို ခန္ဓာတစ်ခုစီမဖွဲ့ဘဲ သင်္ခါရက္ခန္ဓာအဖြစ်သာ ပေါင်းယူထားပါသည်။ အကြောင်းမှာ – ဝေဒနာသည် ဝဋ်တရားတို့၌ အာရုံကို သာယာတတ်သောကြောင့်လည်းကောင်း၊ သညာသည် ဝေဒနာဖြင့် အာရုံခံစားနိုင်အောင် (အသုဘကို သုဘဟု ထင်မြင်လာအောင်) ဝေဒနာအား ကျေးဇူးပြုတတ်သောကြောင့်လည်းကောင်း သံသရာ၏ ပြဋ္ဌာန်းသော အကြောင်းတရားနှစ်ပါးဖြစ်၍ သီးသန့်ခန္ဓာအမည်တစ်ခုစီဖြင့် ဖွဲ့ဆိုခြင်းဖြစ်သည်။

လင်္ကာ။ ။ ဝဋ်တရား၌၊ ခံစားသာယာ၊ ရသာပေါ်မူ၊ ကျေးဇူးပြု၊ ဟောမူခန္ဓာခွဲ။

## နိဗ္ဗာန်သည် ခန္ဓာမှ လွတ်ပုံ

အာယတန ဓာတ်တရားတို့တွင် နိဗ္ဗာန်ပါဝင်ပါလျက် ခန္ဓာတရား၌ နိဗ္ဗာန် မပါဝင်ပါ။ အကြောင်းမှာ – (အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက)ဟု ဆိုအပ်သော (၁၁)ပါးအပြားရှိသော တရားမှသာ ခန္ဓာမည်၏။ နိဗ္ဗာန်မှာ ထို (၁၁)ပါးအားဖြင့် အပြားမရှိသောကြောင့် ခန္ဓာအရေအတွက်မှ လွတ်၏။

(အပေါင်းအစုကို ခန္ဓာဟုဆိုလျှင် ဝေဒနာ သညာတို့သည် တစ်ပါးစီ တစ်ပါးစီသာဖြစ်၍ အပေါင်းအစုသဘော မည်သို့ရနိုင်သနည်း၊ တစ်ပါးတည်းဖြစ်၍ မပေါင်းစုနိုင်သော်လည်း အတိတ်စသော (၁၁)ပါးသော အခြင်းအရာဖြင့် ဖြစ်သော ဝေဒနာသညာတို့ကို ပေါင်းစုနိုင်သောကြောင့် ခန္ဓာအမည် ရနိုင်ပါသည်။)

## အာယတနမည်ခြင်းအကြောင်း

–ထိုထိုဒွါရ အာရုံ၌ဖြစ်ကုန်သော စိတ် စေတသိက်တရားတို့သည် ထိုထိုသို့သော အာရုံကို ခံစားခြင်းအစရှိသော မိမိတို့ကိစ္စဖြင့် အားထုတ်ရာဌာနဖြစ်သောကြောင့်လည်းကောင်း၊

ထိုထိုဒွါရ အာရုံ၌ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့ကို ချဲ့တတ်သောကြောင့်လည်းကောင်း၊

ရှည်လျားစွာသော သံသရာဝဋ်ဆင်းရဲကိုဖြစ်စေ တတ်သောကြောင့်လည်းကောင်း၊

စက္ခုဝိညာဏ်စသည်တို့၏ အကြောင်းဖြစ်ကုန်သောကြောင့်လည်းကောင်း စက္ခုပသာဒစသည်တို့သည် "အာယတန"မည်ကုန်၏။

တစ်နည်းကား - သတ္တလောက၌ နေရာ၊ တည်ရာ၊ စုဝေးရာဖြစ်ရာအရပ်ကို "အာယတန"ဟု ဆိုအပ်၏။ ဤအဖွင့်အရ ဆိုပါလျှင် -

ဒွါရ၌ဖြစ်ကုန်သော၊ အာရုံဖြစ်ကုန်သောတရားတို့သည် ဝိညာဏ်တို့၏နေရာဖြစ်သောကြောင့်လည်းကောင်း၊

စက္ခုဝိညာဏ်စသည်တို့၏ တည်ရာဖြစ်သောကြောင့်လည်းကောင်း၊

ဒွါရ အာရုံဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ်စသည်တို့၏ စုဝေးရာဖြစ်သောကြောင့်လည်းကောင်း၊

စက္ခုဝိညာဏ်စသည်တို့၏ဖြစ်ရာဖြစ်သောကြောင့်လည်းကောင်း ဒွါရခြောက်ပါး၊ အာရုံခြောက်ပါးသည် "အာယတန"မည်ပါ၏။

"အာယတန"ဆိုသည်ကား လူအများတို့ သက်ရောက်ရာ လှေဆိပ်ကြီး သင်္ဘောဆိပ်ကြီး ဈေးရုံကြီး ဇာတ်ရုံကြီးများကဲ့သို့ တစ်ယောက်သောသူ၏ ကိုယ်ခန္ဓာမှာ ဆိုင်ရာဆိုင်ရာအာရုံတရားတို့၏ တည်ရာ စုဝေးရာ သက်ရောက်ရာ ဖြစ်သော အနက်ကို ဆိုသည်။

လင်္ကာ။ ။ထွေထွေလာလာ၊ များတကာတို့၊ တည်ရာစုရာ၊ သက်ရောက်ရာကို၊
အာယတန ခေါ်ဆိုကြ၏။

## အာယတနဟောစဉ်

(၁) အဇ္ဈတ္တိကာယတနတို့တွင် သနိဒဿန သပ္ပဋိဃ အာရုံရှိ၍ ထင်ရှားသောကြောင့် စက္ခာယတနကို ရှေးဦးစွာဟောတော်မူ၏။ ထို့နောက် အနိဒဿန သပ္ပဋိဃအာရုံရှိသော သောတာယတနစသည်ကို ဟောတော်မူ၏။ ထို့တွင်လည်း

(၂) မရောက်သေးသောအာရုံကို ယူတတ်သောအဖြစ်ဖြင့် တူသောကြောင့် စက္ခာယတန၏အခြားမဲ့၌ သောတာယတနကို ဟောတော်မူ၏။

(၃) ထို့နောက် လျင်မြန်စွာ အာရုံယူနိုင်စွမ်းသော ဃာနာယတနကို ဟောတော်မူ၏။

(၄) ထို့နောက် ကိုယ်အစိတ်၌ ဖြစ်ခြင်းအားဖြင့် တူသောကြောင့် ဇိဝှါယတနကို ဟောတော်မူ၏။

(၅) ထို့နောက် အလုံးစုံသော ကိုယ်အရပ်၌ဖြစ်သော ကာယာယတနကို ဟောတော်မူ၏။

(၆) ထို့နောက် စက္ခုစသော အဇ္ဈတ္တိကာယတနငါးပါးတို့၏ အာရုံကို ယူနိုင်စွမ်းသော မနာယတနကို ဟောတော်မူ၏။

(၇) ထို့နောက် အဇ္ဈတ္တိကာယတနခြောက်ပါး၏အစဉ်အတိုင်း လျော်စွာပင် ဗာဟိရာယတနခြောက်ပါးကို ဟောတော်မူ၏။

## အာယတန (၁၂)ပါး အစဉ်ထားရပုံ

ဆောင်။ ။ အာယတန၊ ဆယ့်နှစ်ပြာကို၊ ဒေသနာမြွက်၊ အစဉ်မှတ်လော့၊ အဇ္ဈတ်ခြောက်ပါး၊ ကျေးဇူးများ၍၊ ဦးဖျားတည်မူ၊ မထေရ်ပြု၏၊ စက္ခုမှာတုံ၊ အာရုံယူလျှင်း၊ ပေါ်ထင်ခြင်းကြောင့်၊ ယင်းကိုစတန်၊ အသမ္ပတ္တ၊ သဘောမျှ၍၊ သောတကိုဆက်၊ တစ်နည်းမြွက်က၊ ဒဿနနှင့်၊ သဝနာနုတ္တရိ၊ ကြောင်းထူးရှိသဖြင့်၊ အတိဝိသိဋ္ဌ၊ ကျေးဇူးဟိတ်ကြောင့်၊ ဦးထိပ်နှစ်ပါး၊ တင်ကာထားလျက်၊ သုံးပါးဆက်ပြ၊ သမ္ပတ္တတွင်၊ ဃာနဇိဝှာ၊ အာရုံယူလျှင်း၊ လျင်မြန်ခြင်းကြောင့်၊ ယင်းကိုအစ၊ ပဒေသဉ္စ၊ ဖြစ်ကြည်စွ၊ ဇိဝှာကိုဆက်၊ ကိုယ်လုံးယှက်၍၊ နှံ့လျက်ကာယ၊ တစ်ခုမျှမို့၊ နောက်ကစဉ်ပုံ၊ ပဉ္စာရုံကို၊ အကုန်သိမ်းကျုံး၊ ယူသည့်ထုံးကြောင့်၊ နောက်ဆုံးမန၊ စီစဉ်ရ၏၊ ခြောက်ဝအဇ္ဈတ်၊ အစဉ်ကပ်အောင်၊ ဗာဟျတ်ခြောက်ခု၊ အာရုံစုလည်း၊ ထေရ်နုရုဒ္ဓါ၊ စီစဉ်ပါသည်၊ ဋီကာဖွင့်ထုံး ကဗျာတည်း။

## ဓာတ် (၁၈)ပါးအဓိပ္ပာယ်

လင်္ကာ။ ။ သတ္တာဝါအလို၊ ပုဂ္ဂိုလ်အကြိုက်၊ မလိုက်မစား၊ မငဲ့ပြားဘဲ၊ ကြောင်းအားလျော်စွာ၊ သူ့ခြင်းရာနှင့်၊ သူ့သဘာဝ၊ သူ့ကိစ္စကို။ ဆောင်ကြသမူ၊ အကြောင်းပြု၍၊ ဓာတ်ဟုသညာ၊ အစဉ်လာ၏။

မိမိတို့၏ ကက္ခဠ ဖုသန စသောသဘောကို ဆောင်တတ်သောကြောင့်လည်းကောင်း၊

ဖြစ်သင့်သည်အားလျော်စွာ များပြားသောသံသရာဒုက္ခကို စီရင်တတ်သောကြောင့်လည်းကောင်း၊

ဝန်ထမ်းပုဂ္ဂိုလ်တို့သည် ဝန်ကို ဆောင်အပ်သကဲ့သို့ သတ္တဝါတို့သည် ဆောင်အပ်သောကြောင့်လည်းကောင်း၊

သတ္တဝါတို့သည် သံသရာဒုက္ခကို အဖန်တလဲလဲ ပြုပြင်စီရင်ကြောင်းဖြစ်သောကြောင့်လည်းကောင်း၊

အကြောင်းအဖြစ်ဖြင့် ပြုအပ် စီရင်အပ်သော သံသရာဆင်းရဲ၏ထားရာဖြစ်သောကြောင့်လည်းကောင်း၊

အကြော အသွေး အစရှိသော ကိုယ်၏အစိတ်ဓာတ်တို့ ကဲ့သို့ လည်းကောင်း

ဆေးဒန်း မြင်းသီလာ စသော ကျောက်အစိတ်ဓာတ်ကဲ့သို့လည်းကောင်း

သိအပ်သောတရားအပေါင်း၏ အစိတ်ဖြစ်ကုန်သောကြောင့် ''ဓာတ်'' မည်၏။

♦ ဓာတ် (၁၈)ပါးပြားပုံမှာ မနာယတနကို သတ္တဝိညာဏဓာတ် (၇)ပါးအဖြစ်ခွဲ၍ ကျန်အာယတန (၁၁)ပါးနှင့်တကွ စုစုပေါင်းကာ ဓာတ် (၁၈)ပါး ဖြစ်လာပါသည်။

လင်္ကာ။ ။ မနာယတန၊ တစ်ခုမျှကို၊ သတ္တဝိညာဏဓာတ်၊ ဝေဖန်လတ်က၊ ဓာတ်၏အချက်၊ ဆယ့်ရှစ်ထွက်၏။

ဤစေတသိက်စသော တစ်ခုယုတ် ခုနစ်ဆယ်သောတရားတို့သည် သဘောလက္ခဏာကို ဆောင်ခြင်းအနက်သဘောသာ ရှိသောကြောင့် ''**ဓမ္မာယတန ဓမ္မဓာတ်**''မည်ကုန်၏၊ ကြွင်းသော စက္ခုဓာတ်စသည်ကား အသီးသီးအမည်ထူးများ ရပြီးဖြစ်၍ သဘောကို ဆောင်သော်လည်း ဓမ္မဓာတ်အမည် မရတော့ပြီ။

## အရိယာသစ္စာမည်ခြင်းအကြောင်း

အရိယာပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ်သောကြောင့် ''အရိယ''မည်၏။

မှန်ကန် သောကြောင့် ''သစ္စာ''မည်၏။

အရိယာပုဂ္ဂိုလ်တို့၏အဖြစ်ကို ပြုတတ်သော မှန်ကန်သော တရားဖြစ်သောကြောင့် ''အရိယသစ္စာ''မည်ကုန်၏။

တစ်နည်း - အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍သိအပ်သော သစ္စာဖြစ်ကြောင့် ''အရိယသစ္စာ''မည်၏။ 'အရိယ'မည်သော မြတ်စွာဘုရား၏ သစ္စာဖြစ်သောကြောင့် ''အရိယသစ္စာ''မည်ကုန်၏။

ကို ''ဒုက္ခသစ္စ''အစရှိသောပါဠ်၌ စက်ဆုပ်အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အချည်းနှီးဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း ''ဒုက္ခ''မည်၏။

ကံအစရှိကုန်သော ပစ္စည်းအပေါင်းတို့သည် တည်သည်ရှိသော် ဒုက္ခသစ္စာ ဖြစ်ခြင်း၏အကြောင်းဖြစ်သည်၏အဖြစ်ကြောင့် ထိုရာဂကြောင့် ဒုက္ခသည် ဖြစ်တတ်၏၊ ဤသို့ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ''သမုဒယ''မည်၏။ ဒုက္ခသစ္စာ၏ဖြစ်ကြောင်းသည် ''ဒုက္ခသမုဒယ''မည်၏။

ဤအသခ်တတရား၌ (တစ်နည်း) ဤအသခ်တတရားဖြင့် ဒုက္ခသစ္စာ၏ တစ်ဖန်မဖြစ်သောအားဖြင့် ချုပ်၏၊ ထိုသို့ဒုက္ခ၏တစ်ဖန်မဖြစ်ခြင်းဖြင့် အပြီးချုပ်ရာ ချုပ်ကြောင်းဖြစ်သော သတ္တိကြောင့် ''ဒုက္ခနိရောဓ''မည်၏။ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တတ်သောကြောင့် ''ဒုက္ခနိရောဓဂါမိနီ''မည်၏။

ထိုသမ္ပာဒိဋ္ဌိစသော တရားအပေါင်းဖြင့် ထိုဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ အရိယာပုဂ္ဂိုလ်တို့သည် ရောက်တတ်၏၊ ထိုသို့ရောက်ကြောင်းဖြစ်သောကြောင့် ''ဒုက္ခနိရောဓဂါမိနီပဋိပဒါ''မည်၏။

## သစ္စာလေပါးပြားရခြင်း

ထိုသစ္စာတို့သည် ကိလေသာတို့သည် ဖျက်ဆီးအပ်သောသဘော၊ ကိလေသာတို့သည် မဖျက်ဆီးအပ်သောသဘော၊ အကျိုးသဘော၊ အကြောင်းသဘောတို့၏အစွမ်းဖြင့် လေးပါးအပြားရှိ၏။

သစ္စာ။ ။ အခွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ရံ၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏၊ ထိုသစ္စာကား၊ လေးထွေပြား၏၊ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

## သစ္စာလေးပါးသည် အရိယာပုဂ္ဂိုလ်တို့ကို ဖြစ်စေပုံ, ပြီးစေပုံ

သစ္စာလေးပါးကို ထိုးထွင်း၍မသိဘဲ အရိယာမဖြစ်နိုင်၊ သစ္စာလေးပါးကို ထိုးထွင်း၍သိမှသာ အရိယာဖြစ်နိုင်မည်ဖြစ်၍ သစ္စာလေးပါးသည် မဂ်ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက်၊ ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့ကို ဖြစ်စေပြီးစေနိုင်ပါသည်။

## သစ္စာလေးပါးအစဉ်ထားရပုံ

များသောကြောင့်လည်းကောင်း၊ ရုန့်ရင်းသောကြောင့်လည်းကောင်း၊ အများနှင့်ဆက်ဆံသောကြောင့်လည်း ဒုက္ခသစ္စာကို ရှေးဦးစွာ ဆို၏။ ဒုက္ခ၏အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာကို ဒုတိယဆို၏။ သမုဒယအကြောင်းချုပ်လျှင်

အကျိုးချုပ်သည်ဟု ပြခြင်းငှာ နိရောဓသစ္စာကို တတိယဆို၏။ ထိုနိရောဓသို့ ရောက်ကြောင်းဖြစ်၍ မဂ္ဂသစ္စာကို အဆုံး၌ထား၍ ဆိုရ၏။

## သစ္စာလေးပါး ရှေ့နောက်အစဉ်ထားရပုံ

ဆောင်။ ။လောကီဘုံဝယ်၊ သာယာဖွယ်ဟု၊ တာတွယ်လေ ငြား၊ ဝေနေယျာကို၊ တရားသံဝေ၊ ရပစေဟု၊ ထွေထွေဒုက္ခ၊ ဦးစွာပြ၏၊ ဒုက္ခသောင်းပြောင်း၊ တရားပေါင်းလည်း၊ အကြောင်းမဲ့စွာ၊ မဖြစ်ရာရှင့်၊ မဟာဖြဟ္မာ၊ ထာဝရဟု၊ ဘုရားတစ်သင်း၊ မဖန်ဆင်းတည်း၊ ထန်ပြင်းသော့သွမ်း၊ တဏှာစွမ်းကြောင့်၊ ဗရမ်းဗတာ၊ ဖြစ်ကြရာဟော၊ သမုဒယောတဲ့၊ သုံးလောကတွင်၊ ဒုက္ခထင်၍၊ လွတ်ခွင့်ထွက်ရာ၊ ရတက်ပြာသော်၊ သက်သာစေရန်၊ အနေဖန်လျက်၊ ခေမံနိရောဓ၊ သုံးကြိမ်ပြ၏၊ နိဗ္ဗာနနန်း၊ ရောက်ဖို့မှန်းက၊ ဤလမ်းဖြင့်တက်၊ ဤမဂ်ကိုပွား၊ မိန့်သည့်လားသို့၊ လေးပါးမြောက်တွင်၊ မဂ်လမ်းထွင်သည်၊ ဟောစဉ်လက်ရိုး၊ ဆူဆူတည်း။

## သစ္စာလေးပါးတို့ မှန်ကန်ပုံ

(၁) ဒုက္ခသစ္စာ၌ ပါဝင်သော တရားအစုသည် သတ္တဝါတို့အား နှိပ်စက်တတ်၏၊ နှိပ်စက်တတ်သည့်တရားဖြစ်၍ စက်ဆုပ်အပ်သောတရားလည်း ဖြစ်၏၊ နှိပ်စက်တတ် စက်ဆုပ်အပ်သော တရားဖြစ်သောကြောင့် သတ္တဝါတို့အား အချည်းနှီးသော တရားသာဖြစ်၏။

ထိုဒုက္ခတရားစုသည် နှိပ်စက်တတ်သောသဘော၊ စက်ဆုပ်အပ်သော သဘော၊ အချည်းနှီးဖြစ်သောသဘော ဘယ်တော့အခါမှ မဖောက်ပြန် အမြဲတမ်း နှိပ်စက်တတ်၏၊ အမြဲတမ်း စက်ဆုပ်အပ်၏၊ အမြဲတမ်း အချည်းနှီးသာဖြစ်၏။ ထိုသို့ အမြဲတမ်း နှိပ်စက်ခြင်း၊ စက်ဆုပ်ဖွယ်ဖြစ်ခြင်း၊ အချည်းအနှီးဖြစ်ခြင်းသဘောမှ တစ်ခါတစ်ရံမှ သွေဖည်သွားခြင်းမရှိ၊ အမြဲတမ်း မှန်ကန်လျက်ရှိသောကြောင့် **"ဒုက္ခသစ္စာ – ဒုက္ခအမှန်တရား"**ဟု ဆို၏။

(၂) တဏှာသည် သမုဒယသစ္စာမည်၏၊ တဏှာကြောင့် ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြုကြ၏၊ တဏှာနှင့်ကံအစရှိသောအကြောင်းပစ္စည်းအပေါင်းတို့ ဖြစ်သည်ရှိသော် ဒုက္ခသစ္စာတရားတို့ကို မဖြစ်စေသည်ဟူ၍ မရှိ၊ ကေန်အမြဲ

ဖြစ်စေတတ်၏၊ ထို့ကြောင့် (တဏှာ) ရာဂကို ဒုက္ခသစ္စာဖြစ်ကြောင်း အမှန်တရားကို ''သမုဒယသစ္စာ''ဟု ဆို၏။

(၃) အသခ်တတရားဖြင့် ဒုက္ခသစ္စာ၏ တစ်ဖန်မဖြစ်သောအားဖြင့် ချုပ်၏၊ နိဗ္ဗာန်သို့ ရောက်တော့၏၊ နိဗ္ဗာန်သို့ ရောက်လျှင် ဒုက္ခအပြီးချုပ်၏၊ ဘယ်သောအခါမှ ဒုက္ခထပ်မဖြစ်တော့ဘဲ ကေန်အမြဲချုပ်သော အမှန်တရားကို ''ဒုက္ခနိရောဓသစ္စာ''ဟု ဆို၏။

(၄) ဒုက္ခထပ်မဖြစ်တော့ဘဲ ကေန်အမြဲချုပ်ရာ နိဗ္ဗာန်ကိုအာရုံပြု၍ သမ္မာဒိဋ္ဌိ စသော မဂ္ဂင်တရားကိုယ်များကို ကျင့်ကြံလျှင် အရိယာပုဂ္ဂိုလ်များဖြစ်ပြီး ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ကေန်အမှန် ရောက်တော့၏။ ထိုသို့ နိဗ္ဗာန်သို့ ရောက်ကြောင်းမဂ္ဂင်အကျင့်ကို ''ဒုက္ခနိရောဓဂါမိနီပဋိပဒါသစ္စာ (မဂ္ဂသစ္စာ)''ဟု ဆို၏။

## ခန္ဓာ အာယတန ဓာတ်တို့နောင် သစ္စာကို ဟောခြင်း

သမုဒယကြောင့် ဒုက္ခဖြစ်၏၊ ဒုက္ခ၏ချုပ်ရာကား နိဗ္ဗာန်တည်း၊ ထိုဒုက္ခနှင့်နိရောဓ၏အကြောင်းကား သမုဒယနှင့်မဂ္ဂတည်း၊ ထိုသမုဒယ မဂ္ဂဉာဏ်အစွမ်းဖြင့်ဖြစ်သော ခန္ဓာ အာယတနဓာတ်တို့သည်သာ မဂ်ဖိုလ်နိဗ္ဗာန်ကျေးဇူးအထူးကိုဆောင်တတ်၏။ ထို့ကြောင့် ခန္ဓာ အာယတန ဓာတ်တို့၏အခြားမဲ့၌ သစ္စာကို ဟောတော်မူ၏။

## ဝင့်မည်ပုံ

သံသရာစက်၌ လောကီကုသိုလ်ကံ အကုသိုလ်ကံသည်လည်းကောင်း၊ ထိုကံ၏ အကျိုးဝိပါက်သည်လည်းကောင်း ဖြစ်တတ်၏၊ ထိုဖြစ်တတ်သောသတ္တိကြောင့် ''ဝဋ္ဋ''မည်ပါသည်။

## တဏှာအစစ် တစ်ရာ့ရှစ်

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ သုံးပါးကို အာရုံခြောက်ပါးနှင့်မြှောက်ပွားသော် (၁၈)ပါးရ၏၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးဖြင့်မြှောက်ပွားပြန်သော် (၅၄)ပါးရ၏၊ ယင်းကို အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်နှစ်ပါးဖြင့် မြှောက်ပွားပြန်က တဏှာ (၁၀၈)ပါးရ၏။

လင်္ကာ။ ။ တဏှာသုံးတန်၊ အရင်းခံ၊ အာ ကာ သန်နှင့်မြှောက်။
တဏှာအစစ်၊ တစ်ရာ့ရှစ်၊ ဖြစ်၏ကိုယ်မှာရောက်။

## တဏှာကိုသာ ဒုက္ခ၏အကြောင်းဟု ဆိုရပုံ

တဏှာမှ တစ်ပါးသော ဒုက္ခဖြစ်စရာအကြောင်းတို့ ရှိသော်လည်း တဏှာသည်သာ များပြားဆန်းကြယ်သော ဒုက္ခအမျိုးမျိုးဖြစ်ခြင်း၏ လွန်ကဲထူးခြားပြဋ္ဌာန်းသော ပဓာနအကြောင်းဖြစ်သောကြောင့် တဏှာကိုသာ ဒုက္ခ၏အကြောင်းတရားအဖြစ် ဆိုရ၏။ အကြောင်းမှာ – လောကီကုသိုလ် အကုသိုလ်ကံ၏ ဆန်းကြယ်စွာဖြစ်ကြောင်းဖြစ်၍လည်းကောင်း၊ ကုသိုလ် အကုသိုလ်ကံ၏အပေါင်းအဖော်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခဆန်းကြယ်စွာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခ၏ ထူးသောအကြောင်းဖြစ်၍လည်းကောင်း ဒုက္ခအကြောင်းတရားတဏှာသည်သာ ဒုက္ခ၏ပဓာနအကြောင်းဖြစ်၏။ ကျန်ဒုက္ခအကြောင်းတရားများကား ဒုက္ခ၏သာမညအကြောင်းတို့သာတည်း။

## သစ္စာဝိမုတ္တိတရားများနှင့်သစ္စာမှလွတ်သော တရားမရှိဟု ဆိုသော ဘုရားရှင်၏စကား

မုချအားဖြင့် မဂ္ဂင်တရားကိုယ်မှကြွင်းသော မဂ်စိတ္တုပ္ပါဒ်တို့သည်လည်းကောင်း၊ ဖိုလ်စိတ္တုပ္ပါဒ်အားလုံးတို့သည်လည်းကောင်း သစ္စာလေးပါးမှ လွတ်ကြပါသည်။

ထိုသို့လွတ်သော် "စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ – သစ္စာလေးပါးမှလွတ်သောတရား မရှိ"ဟု ဆိုသော နေတ္တိစကားနှင့် ဆန့်ကျင်နေ၏။ အမှန်မှာ မုချအားဖြင့်လွတ်သော်လည်း ပရိယာယ်အားဖြင့်ကား အညာတာဝိန္ဒြေနိဒ္ဒေသ၌လည်း "မဂ္ဂံ မဂ္ဂပရိယာပန္နံ"ဟူ၍ ဘုရားဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ဖိုလ်တရားတို့၌ သမ္မာဒိဋ္ဌိအစရှိသည်တို့ကို မဂ္ဂသစ္စာ၌ ရေတွက်ခြင်းကို ပြခြင်းငှာ တပ်ကောင်း၏။ ဤမှတစ်ပါးသော ဖိုလ်နှင့်ယှဉ်သောတရားတို့ကို သင်္ခါရ ဒုက္ခနှင့်တူသည်၏အဖြစ်ကြောင့် ဒုက္ခသစ္စာ၌ ရေတွက်ခြင်းကိုပြခြင်းငှာ တပ်ကောင်း၏။

အကျိုးကား – ဤသို့ရေတွက်ခြင်းကို ပြုအပ်သည်ရှိသော် သစ္စာဒေသနာ၏လည်း အလုံးစုံကို ပေါင်း၍ယူတတ်သည်အဖြစ်သည် ပြည့်စုံ၏။

ဤသို့ရေတွက်မှသာ "သစ္စာမှလွတ်သော တရားမရှိ"ဟူသော ပါဠိအရ သစ္စာဒေသနာ၏အလုံးစုံကို ပေါင်းယူတတ်သောအဖြစ်သည် ပြည့်စုံသွား၏။ (စကားနှစ်ရပ်လည်း ညီညွတ်သွားတော့၏။)

## ခန္ဓာအပြင် အာယတနဓာတ်တို့ ဟောရပုံ

များသောအပြားအားဖြင့် ဟောတော်မူလိုသောကြောင့် ခန္ဓာအပြင် အာယတန ဓာတ်တို့ကိုဟောရ၏၊ များသောအပြားအားဖြင့် ဟောရခြင်းမှာလည်း သတ္တဝါ သုံးမျိုးသုံးစားအတွက် ချိုးမြှောက်ရန် ဖြစ်၏။

(၁) (က) နာမ်၌ တွေဝေသောသူအား ခန္ဓာ၊
(ခ) ရုပ်၌ တွေဝေသောသူအား အာယတန၊
(ဂ) နာမ် ရုပ်နှစ်ပါး၌ တွေဝေသောသူအား ဓာတ်၊

(၂) (က) ဣန္ဒြေရင့်သောသူအား ခန္ဓာ၊
(ခ) ဣန္ဒြေမရင့်လွန်းသောသူအား အာယတန၊
(ဂ) ဣန္ဒြေနုသောသူအား ဓာတ်၊

(၃) (က) အကျဉ်းနှစ်သက်သောသူအား ခန္ဓာ၊
(ခ) အလယ်အလတ်နှစ်သက်သောသူအား အာယတန၊
(ဂ) အကျယ်နှစ်သက်သူအား ဓာတ် ကို ဟောတော်မူရခြင်းဖြစ်သည်။

အကြောင်းမှာမူ -

ခန္ဓာ၌ နာမ်လေးပါးပါဝင်သဖြင့် နာမ်၌ တွေဝေသူအတွက် လျော်၏၊ အာယတန၌ ရုပ်သည် (၁၁)ပါး ခွဲခြားပါဝင်သဖြင့် ရုပ်၌တွေဝေသူအတွက် လျော်၏။ နာမ်ရုပ်နှစ်ပါး၌ တွေဝေသူအတွက် နာမ်ရုပ်ကို အကျယ်ဝေဖန်သောဓာတ်သည် လျော်ပေ၏။

သံသရာဝဋ်ဆင်းရဲ၌ ဖြစ်ခြင်း၊ သံသရာဝဋ်ဆင်းရဲ၌နစ်ခြင်း အကြောင်း နှစ်ပါးကို ဉာဏ်မျက်စိဖြင့် ရှုအပ်သည်ဖြစ်မှသာလျှင် သုံးပါးသော ခန္ဓာ အာယတန ဓာတ်တရားတို့က ကျေးဇူးအထူးကို ဆောင်တတ်၏၊ တခြားသစ္စာ ဒေသနာတော် သည် ကျေးဇူးအထူးကို ဆောင်တတ်သည်မဟုတ်။

**သမုစ္စည်းပိုင်းပြီး၏။**

◆ ◆ ◆

# ပစ္စည်းပိုင်း

## နည်းနှစ်မျိုး

(၁) အကြောင်းတရားတို့၏ ညီညွတ်ခြင်းသို့ အညီအညွတ် ကပ်ရောက်၍ အကျိုးတရားတို့၏ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့် အဝိဇ္ဇာစသော အကြောင်းတရားတို့သည် "ပဋိစ္စသမုပ္ပါဒ်"မည်၏။

(၂) အထူးထူးအပြားပြားသောပစ္စည်းတို့၏ ဖြစ်ရာဖြစ်သောကြောင့် "ပဋ္ဌာန်း"မည်၏။ ပဋ္ဌာန်းအရ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို ကောက်ယူရမည်။ ထိုပဋ္ဌာန်းကျမ်းကြီး၌ ဟောအပ်သောနည်းသည် "ပဋ္ဌာန်းနည်း" မည်၏။ *(အဆုံးမရှိသော နည်းရှိသော အနန္တနယ၊ အလုံးစုံများပြားသော အကြောင်းရှိသော သမန္တ)*

## နည်းနှစ်မျိုးအထူး

(၁) (က) အဝိဇ္ဇာအစရှိသော အကြောင်းပစ္စည်းတရားတို့၏ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိကုန်သော သင်္ခါရစသော အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်းဟူသော အခြင်းအရာမျှဖြင့် မှတ်ယူအပ်သောနည်းသည် "ပဋိစ္စသမုပ္ပါဒ်နည်း"မည်၏။ (အပြန်အလှန်အားဖြင့် အဝိဇ္ဇာစသော ပစ္စည်းတရားတို့မဖြစ်သော် သင်္ခါရစသော ပစ္စယုပ္ပန်တရားတို့ မဖြစ်ဟု သိရမည်။ ထို့ကြောင့် မြတ်စွာဘုရားသည် "အကြောင်းတရားသည် ဖြစ်သော် အကျိုးတရားသည် ဖြစ်၏၊ အကြောင်းတရားမရှိပါမူ အကျိုးတရားသည် မဖြစ်၊ အကြောင်းတရားချုပ်ခြင်းကြောင့် အကျိုးတရားချုပ်၏။ ထို့ကြောင့် အကြောင်းကို စွဲ၍သာ အကျိုးတရားဖြစ်ပေသည်"ဟု ဟောတော်မူပါသည်။)

(ခ) သတ္တိအထူးပြု၍ တည်ရာပစ္စည်းတရားကို အကြောင်းပြုကာ ဟောနည်းသည် "ပဋ္ဌာန်းနည်း"မည်၏။

လင်္ကာ။ ။ သတ္တိသာမန်၊ ငဲ့ပြပြန်၊ နယံပဋိစ္စ၊
သတ္တိဝိသေ၊ ငဲ့ပြပေ၊ နယေ ပဋ္ဌာ န်။

(၂) (က) 'အဝိဇ္ဇာပစ္စယာ သင်္ခါရ"ဟု အကြောင်းနှင့်အကျိုးကိုသာ ဟောတော်မူခြင်းသည် "ပဋိစ္စသမုပ္ပါဒ်နည်း"မည်၏။

(ခ) ''ဟေတု ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော''ဟူ၍ အကြောင်း အကျိုးအပြင် သတ္တိအစွမ်းကိုပါ ဟောတော်မူခြင်းသည် ''ပဋ္ဌာန်းနည်း''မည်၏။

(၃) (က) ပစ္စည်းနှင့်ပစ္စယုပ္ပန်ကိုသာ ဟောတော်မူသောနည်းသည် ''ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

(ခ) ပစ္စည်း ပစ္စယုပ္ပန် ပစ္စယသတ္တိ သုံးခုလုံး ဟောတော်မူသောနည်းသည် ပဋ္ဌာန်းနည်း ဤသို့ ထူးပါသည်။

ထိုအဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့၏ဖြစ်ခြင်းကြောင့် သင်္ခါရစသော ပစ္စယုပ္ပန်တရားတို့၏ဖြစ်ခြင်းဟူသော အလေ့၏အဖြစ်သည် တဗ္ဘာဝ်ဘာဝီဘာဝ မည်၏။ ထိုအဝိဇ္ဇာအစရှိကုန်သော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရအစ ရှိကုန်သော ပစ္စယုပ္ပန်တရားတို့၏ဖြစ်လေ့ရှိသည်အဖြစ်သည်သာလျှင် အခြင်းအရာ မျှတည်း။ ထိုအဝိဇ္ဇာအစရှိကုန်သော ပစ္စည်းတို့၏ဖြစ်ခြင်းကြောင့် သင်္ခါရအစရှိသော ပစ္စယုပ္ပန်တရားတို့၏ဖြစ်ခြင်းဟူသော အလေ့၏အဖြစ်ဟု ဆိုအပ်သော အခြင်းအရာ မျှဖြင့် မှတ်အပ်သောနည်းသည် တဗ္ဘာဝဘာဝီဘာဝါကာရမတ္တောပလက္ခိတ မည်၏။

ဤပစ္စည်းအကြောင်းတရာသည် ရှိလတ်သော် ဤအကျိုးတရားသည်ဖြစ်၏၊ ဤပစ္စည်းအကြောင်းတရား၏ဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည် ဖြစ်၏။ ဤပစ္စည်းတရားသည်မရှိပါမူ ဤအကျိုးတရားသည် မဖြစ်၊ ဤအကြောင်းတရား၏ ချုပ်ခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်၏၊ ဤအကြောင်းကြောင့် အကြောင်းကို စွဲ၍ အကျိုးသည်ဖြစ်တတ်၏၊ ထိုသို့ အကျိုးတရာ၏ ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့် ပစ္စည်းမည်၏။

ဤအကြောင်း၌ အကျိုးသည် ထိုအကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်အားဖြင့် တည်တတ်၏၊ ထိုသို့တည်ရာဖြစ်သောသတ္တိကြောင့် ဌိတိမည်၏။

အထူးပြု၍ဖြစ်သော ပစ္စည်းဟု ဆိုအပ်သော တည်ရာသည် အာဟစ္စပစ္စယ ဌိတိ မည်၏။

အကြောင်းသော်ကား ပဋိစ္စသမုပ္ပါဒ်နည်းသည် ထိုအဝိဇ္ဇာအစရှိကုန်သော ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရစသော ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်း ဟူသော အလေ့၏ဖြစ်ခြင်းဟု ဆိုအပ်သော အခြင်းအရာမျှကို စွဲ၍ဖြစ်သောကြောင့်

ဟေတု အစရှိသော ပစ္စည်းကို မှတ်ခြင်းဟု ဆိုအပ်သော အထူးကို မကဲ့မူ၍ သာမည အားဖြင့်သာလျှင် ဖြစ်၏။

ဤပဋ္ဌာန်းနည်းသည်သာ ဟေတုအစရှိသော ထိုထိုသို့သော ပစ္စည်းတို့၏ ထိုထိုသို့သော ပစ္စယုပ္ပန်ဖြစ်သော တရားအထူးအား ထိုသို့ ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော အစွမ်းသတ္တိသာဖြစ်သော အခြင်းအရာအထူးကို စွဲ၍ အထူးပြု၍ဖြစ်၏။ ထို့ကြောင့် ဤပဋ္ဌာန်းနည်းကို အထူးပြု၍ ဖြစ်သော ပစ္စည်း ဟု ဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဆိုအပ်၏။ ထို့ကြောင့် ဤပဋ္ဌာန်း နည်းသည်သာ အာဟစ္စပစ္စယဋ္ဌိတိမည်၏။

အချို့သော ဆရာတို့သည်ကား လည်ချောင်း အာစောက် အစရှိသည်တို့၌ ထိ၍ရွတ်ဆိုအပ်သော ပစ္စည်းသည် အာဟစ္စပစ္စယဋ္ဌိတိ မည်၏။ ဤသို့ ဖွင့်ဆို ကုန်၏။ ထိုကေစိဆရာတို့၏စကားသည်ကား – ကြားဖူးကာမျှသာဖြစ်သောကြောင့် ထိုကေစိဆရာတို့အား ပညာရှိတို့ ရယ်ဖွယ်စကားအဖြစ်ကို ပြ၏။ အဘယ့်ကြောင့် ပြသနည်းဆိုသော် ပဋိစ္စသမုပ္ပါဒ်နည်းကိုလည်းကောင်း၊ တစ်ပါးသော တစ်စုံတစ်ခု သောနည်းကိုလည်းကောင်း လည်ချောင်း အာစောက် အစရှိသည်တို့၌ မထိမူ၍ ပြခြင်းငှာ မတတ်ကောင်းသောကြောင့်တည်း။

## ပဋိစ္စသမုပ္ပါဒ်နည်းအဖွင့်

## အဝိဇ္ဇာအဓိပ္ပာယ်

၁။ သစ္စာလေးပါးကို မသိတတ်သောကြောင့်လည်းကောင်း၊

၂။ မလျောက်ပတ်သည်ဖြစ်၍ မရထိုက်သော ကာယဒုစရိုက်စသည်ကို ရတတ်၍ လျောက်ပတ်သည်ဖြစ်၍ ရထိုက်သော ကာယသုစရိုက်စသည်ကို မရတတ်သောကြောင့်လည်းကောင်း၊

၃။ သိအပ်သော သစ္စာလေပါးပါးစသည်ကို မသိအပ်သည်ကို ပြုသော ကြောင့်လည်းကောင်း၊

၄။ ပရမတ်အားဖြင့် ထင်ရှားမရှိသော ယောကျ်ား မိန်းမစသည်၌ "ဇီ သူတစ်ပါး ယောကျ်ား မိန်းမ"စသည်ဖြင့် အထင်မှားစေတတ်သောကြောင့် လည်းကောင်း၊

၅။ ပရမတ်အားဖြင့် ထင်ရှားရှိသော ခန္ဓာစသည်၌ ခန္ဓာဟု မထင် မှတ်စေတတ်သောကြောင့်လည်းကောင်း "အဝိဇ္ဇာ"မည်ပါသည်။

## အဝိဇ္ဇာဖုံးလွှမ်းရာ (၈)ဌာန

(၁-၄) အရိယသစ္စာလေးပါး၊
(၅) သံသရာရှေးအစွန်း -ပုဗ္ဗန္တ၊
(၆) သံသရာနောက်အစွန်း - အပရန္တ၊
(၇) သံသရာရှေ့နောက်အစွန်း - ပုဗ္ဗန္တာပရန္တ၊
(၈) ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိခြင်း မောဟသည် အဝိဇ္ဇာဖြစ်သည်။

## သင်္ခါရအဓိပ္ပာယ်

ပြုပြင်စီရင်အပ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟူသော အကျိုးတရားတို့ကို ပြုပြင်စီရင်တတ်သော ကုသိုလ် အကုသိုလ်ကံ (စေတနာ)တို့သည် ''သင်္ခါရ''မည်ကုန်၏။

## သင်္ခါရအပြား

သင်္ခါရသည် (၁) ပုညာဘိသင်္ခါရ၊ (၂) အပုညာဘိသင်္ခါရ၊ (၃) အာနေဉ္ဇာဘိသင်္ခါရ ဟူ၍ သုံးမျိုးပြားပါသည်။ ယင်းတို့တွင် -

(၁) ကာမာဝစရ ရူပါဝစရကုသိုလ်စေတနာ (၁၃)ပါးသည် ပုညာဘိသင်္ခါရ၊
(၂) အကုသိုလ်စေတနာ (၁၂)ပါးသည် **အပုညာဘိသင်္ခါရ၊**
(၃) အရူပါဝစရကုသိုလ်စေတနာ (၄)ပါးသည် **အာနေဉ္ဇာဘိသင်္ခါရ** မည်၏။

(သမာဓိ၏ ဆန့်ကျင်ဘက်တရားတို့မှ အလွန်ဝေးသောကြောင့် မတုန်လှုပ်၍ အာနေဉ္ဇာ မည်ပါသည်။) (ဘာသာဋီ၊ နှာ၊ ၆၁၀)

## သင်္ခါရ နှစ်ပုဒ်အထူး

(က) အဝိဇ္ဇာပစ္စယာ သင်္ခါရာ''တွင် သင်္ခါရပုဒ်အရ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ အားလုံးကို ယူရသည်။
(ခ) ''သင်္ခါရပစ္စယာ ဝိညာဏံ''တွင် သင်္ခါရပုဒ်အရ ပဋိသန္ဓေအခါ ဥဒ္ဓစ္စသဟဂုတ်စိတ်ကြဉ်သော ကျန်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနဉ္ဇာဘိသင်္ခါရဟုဆိုအပ်သော ကုသိုလ် အကုသိုလ်စေတနာ (၂၈)ပါးကိုယူ၍ ပဝတ္တိအခါ (၂၉)ပါး ယူရပါသည်။

## ဝိညာဏ်နှစ်ပုဒ်အထူး

(က) ''သင်္ခါရပစ္စယာ ဝိညာဏံ''၌ ဝိညာဏ်အရ ပဋိသန္ဓေစိတ် (၁၉)ပါးဟုဆိုအပ်သော ပဋိသန္ဓေဝိညာဏ်၊ (သို့မဟုတ်) လောကီဝိပါက် (၃၂)ပါးဟုဆိုအပ်သော ပဝတ္တိဝိညာဏ်၊ (သို့မဟုတ်) စိတ် (၈၉)ပါးဟုဆိုအပ်သော ဝိညာဏ်ကို ယူရ၏။

(ခ) ''ဝိညာဏပစ္စယာ နာမရူပံ''တွင်မူ ဝိညာဏ်အရ ပဋိသန္ဓေစိတ် (၁၉)ပါးဟုဆိုအပ်သော ဝိညာဏ်၊ (သို့မဟုတ်) လောကီဝိပါက် (၃၂)ပါးဟု ဆိုအပ်သော ဝိညာဏ်ကို ယူရမည်။

## နာမ်ရုပ်နှစ်ပုဒ်အထူး

(က) ''ဝိညာဏပစ္စယာ နာမရူပံ''တွင် နာမ်အရ/ လောကီဝိပါက် .၃၂.နှင့်ယှဉ်သော စေတသိက် (၃၅)ပါး ၊အည.၁၃+ (ဝိ.၃-) သောဘန.၂၂ကို ယူရမည်။ ရုပ်အရ - ကမ္မဇရုပ်ကိုသာ ယူရမည်။

(ခ) ''နာမရူပပစ္စယာ သဠာယတနံ''၌ နာမ်အရ စေတသိက် (၅၂)ပါး = (ဝေဒနာ သညာ သင်္ခါရ စေတသိက် ခန္ဓာသုံးပါး) ယူပါ။

ရုပ်အရ - မဟာဘုတ်လေးပါး၊ ဝတ္ထုရုပ်ခြောက်ပါး၊ ဇီဝိတိန္ဒြေ ယူရမည်။

## သဠာယတနအဓိပ္ပာယ်

စက္ခာယတနစသော အဇ္ဈတ္တိကာယတနခြောက်ပါးသည် အာယတန မည်၏။

အချို့ဆရာတို့ကား - ရူပါယတနအစရှိသော ခြောက်ပါးသော ဗာဟိရာယတနတို့သည်လည်း အာယတနမည်၏။

ခြောက်ပါးသောအာယတနတို့သည်ငင်း(ကာမရူပကိုရည်)ခြောက်ခုမြောက်သော မနာယတနသည်လည်းကောင်း(အရူပကိုရည်) သဠာယတန မည်၏။

| (ပဉ္စဝေါကာရ) | (အရူပ) | |
|---|---|---|
| ဆအာယတနာနိစ +<br>သဠာယတနဥ္စ + | ဆဋ္ဌာယတနာနိစ =<br>ဆဋ္ဌာယတနဥ္စ = | သဠာယတနံ (ဆဋ္ဌာ✕တနံ)<br>သဠာယတနံ (ဆဋ္ဌာ✕တနံ) |
| ၆.ပါးသော အာယတန | ၆.ခုမြောက်မနာယတန | *(မှတ်ချက်)ဆဋ္ဌာယတနတစ်ပုဒ်ချေ၍ ကေသိက်ပြု ပေါင်းထားသည်။* |

**ဖဿ** -- စက္ခုသမ္ဖဿ စသည်တို့၏အစွမ်းဖြင့် ဒွါရခြောက်ပါး၌ ဖြစ်သည့် တွေ့ထိခြင်း သဘောသည် ''ဖဿ''မည်၏။

**ဝေဒနာ** -- သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဟူသော ဝေဒနာသုံးပါးသည် ဝေဒနာမည်၏။

## တဏှာ

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟူသော တဏှာသုံးပါးသည် တဏှာမည်၏။ ထိုတဏှာသုံးပါးကို (အာရုံခြောက်ပါး၊ ကာလသုံးပါး၊ သန္တာန် နှစ်ပါးစသည်ဖြင့် မြှောက်ပွားက) အကျယ် (၁၀၈)ပါး ပြားနိုင်သည်။

## ဥပါဒါန်

ကာမုပါဒါန်စသည်တို့၏အစွမ်းဖြင့် ဥပါဒါန်လေးပါးသည် ဥပါဒါန်မည်ပါသည်။

## တဏှာနှင့်ဥပါဒါန်အထူး

(၁) အားနည်းသော တဏှာသည် တဏှာသာ မည်၏၊ အားကြီးသော တဏှာသည် ဥပါဒါန်မည်၏။

တစ်နည်းအားဖြင့် မိမိလက်သို့ မရောက်သေးသောအာရုံကို တောင့်တခြင်းသည် တဏှာဖြစ်၏။ မှောင်ထဲ၌ ဥစ္စာခိုးရန် သူခိုးလက်ကမ်းပုံနှင့်တူ၏၊ မိမိလက်သို့ ရောက်ပြီးသော အာရုံကို မြဲမြံစွာ စွဲလမ်းခြင်းသည် ဥပါဒါန်မည်၏။ သူခိုးသည် မိမိလက်တွင်းသို့ ရောက်သော ဥစ္စာကို မြဲမြံစွာ ကိုင်ထားပုံနှင့်တူ၏။

(၂) တဏှာသည် အလိုနည်းခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဥပါဒါန်သည် ရောင့်ရဲလွယ်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

(၃) တဏှာသည် ရှာမှီးခြင်းကြောင့်ဖြစ်သော ဒုက္ခ၏အကြောင်းတည်း။ ဥပါဒါန်သည် ရပြီးသော ဥစ္စာကို စောင့်ရှောက်ခြင်းကြောင့်ဖြစ်သော ဒုက္ခ၏အကြောင်းတည်း။ ဤသို့ ထူးကြပါသည်။

"ဥပါဒါနပစ္စယာ ဘဝေါ"၌ ဥပါဒါနအရ ဥပါဒါန်တရားလေးပါးကို ယူ။

## ဘဝ

ဘဝ အရ ကမ္မဘဝ၊ ဥပပတ္တိဘဝ ဟူ၍ နှစ်မျိုးကို ယူရ၏။ ချမ်းသာအမျိုးမျိုး၊ ဆင်းရဲအမျိုးမျိုးကို ဖြစ်ပေါ်စေသော အကြောင်းတရားဖြစ်သောကြောင့် စေတနာ တရားသည် ကမ္မဘဝမည်။ ထင်ရှားစွာဖြစ်ပေါ်လာသော ဝိပါက် ကမ္မဇရုပ်ဟု ဆိုအပ်သော ကာမဘဝစသော အကျိုးတရားတို့သည် ဥပပတ္တိဘဝမည်၏။ နှစ်ခုမြောက်သော ဥပပတ္တိဘဝသည်ကား ကံကြောင့်ဖြစ်တတ်သောကြောင့် ဘဝမည်၏။ ကမ္မဘဝ အရ လောကီကုသိုလ် အကုသိုလ်ကံ (၂၉)ပါးကိုယူ။

ဥပပတ္တိဘဝ အရ ကံကြောင့်ဖြစ်သော ကာမဘဝစသည် ဘဝကြီးကိုးပါး တို့ကို ယူ။

## ဘဝနှစ်ပုဒ်အထူး

(က) 'ဥပါဒါနပစ္စယာ ဘဝေါ''၌ ဘဝ အရ ကမ္မဘဝအပြင် ဥပပတ္တိဘဝကို လည်း ယူရသည်။

(ခ) ''ဘဝပစ္စယာ ဇာတိ''၌ ဘဝ အရ ကမ္မဘဝကိုသာ ယူရသည်။

အဘယ့်ကြောင့်ဆိုသော် ကမ္မဘဝသည်သာ ပဋိသန္ဓေဇာတိကို ကျေးဇူးပြု တတ်သောကြောင့် (ကမ္မဘဝကိုသာ အလိုအရှိအပ်၏၊ တစ်ပါးသော ဥပပတ္တိဘဝ သည်ကား ကျေးဇူးမပြုတတ်၊ အဘယ့်ကြောင့် ကျေးဇူးမပြုပါသနည်း။)

ဥပပတ္တိဘဝသည် ရှေးဦးစွာဖြစ်ဆဲဖြစ်ကုန်သော ခန္ဓာတို့၏သဘောသည် **ဇာတိ** မည်၏။ ယင်းဇာတိသဘောရှိသောဥပပတ္တိဘဝက– ဇာတိမည်သောတရား၏ အကြောင်းဖြစ်ခြင်းငှာမသင့်တော်၍ ယင်း၌ ဥပပတ္တိဘဝကို မယူရချေ။

## ဇာတိ ဇရာ မရဏ တို့၏အဓိပ္ပာယ်

ထိုထိုသို့သော သတ္တဝါတို့၏ ထိုထိုသို့သော ဂတိစသည်တို့၌ အတ္တဘော ခန္ဓာကိုယ် ရရှိလာခြင်းသည် ''ဇာတိ''မည်၏။

ထိုထိုသို့သော အခြင်းအရာအားဖြင့်ဖြစ်သော ရပြီးဖြစ်သော ခန္ဓာကိုယ် အတ္တ ဘော၏ ဟောင်းနွမ်းဆွေးမြေ့ခြင်းသည် ''ဇရာ''မည်၏။

တစ်ဘဝဖြင့် ပိုင်းခြားအပ်သော ထိုအတ္တဘော၏အဆုံးဖြစ်သော စုတိသည် ''မရဏ''မည်၏။

## ဇာတိ၏အကျိုးဆက်ငါးပါး

ဆွေမျိုးတို့၏ပျက်ဆီးခြင်းစသည်ဖြင့် နှိပ်စက်ခံရသောသူ၏ စိတ်ပူပန်ခြင်း သည် ''သောက''မည်၏။

ထိုသို့ဆွေမျိုးတို့၏ပျက်ဆီးခြင်းအစရှိသည်တို့ဖြင့် နှိပ်စက်ခံရသော သူ၏သာလျှင် စိတ်မထိန်းနိုင်ဘဲ (ဝစီဝိညတ်ဖြင့်) နှုတ်ဖြင့် အထွေအထူးပြောဆို ငိုကြွေးသော အသံသည် ''ပရိဒေဝ''မည်၏။

ကိုယ်၌ဖြစ်သော ကာယိကဒုက္ခဝေဒနာသည် ''ဒုက္ခ''မည်၏။

စိတ်၌ဖြစ်သော မနသိကဒုက္ခဝေဒနာသည် ''ဒေါမနဿ''မည်၏။

ဆွေမျိုးတို့၏ပျက်ဆီးခြင်းစသည်တို့ဖြင့် နှိပ်စက်ခံရသောသူ၏ အလွန်ပြင်းစွာသော စိတ်ဆင်းရဲခြင်းကို ဖြစ်စေတတ်သော ပြင်းစွာသော ပင်ပန်းခြင်းသည် ''ဥပါယာသ''မည်၏။ (ဒေါသမူဒွေးရှိ ဒေါသကို ကောက်ပါ။)

ဇာတိ၏မုချအကျိုးမှာ ဇရာနှင့်မရဏ နှစ်ပါးဖြစ်သည်။

## အဝိဇ္ဇာစသည်ကို အကြောင်း (ပစ္စည်း)အဖြစ် ယူရပုံ

ပဋိစ္စသမုပ္ပါဒ်နည်း၌ ဝဋ္ဋ အာရုံ အစရှိသော အကြောင်းပစ္စည်း တစ်ပါးသည် ရှိပါသော်လည်း အဝိဇ္ဇာစသော တစ်ခုခုသော အကြောင်းပစ္စည်းကို ဟောရခြင်း၏ ပြဓာန်းသည်အဖြစ်ကြောင့်လည်းကောင်း၊ ထင်ရှားသည်အဖြစ်ကြောင့်လည်း ကောင်း ဖြစ်ပေသည်။

## အဝိဇ္ဇာသည် သင်္ခါရ၏အကြောင်းပစ္စည်းဖြစ်ပုံ

ဤပဋိစ္စသမုပ္ပါဒ်နည်း၌ အဝိဇ္ဇာနုသယသည် အဖန်တလဲလဲဖြစ်စေအပ်သော သေက္ခ ပုထုဇဉ်တို့သန္တာန်၌သာလျှင် အဝိဇ္ဇာသည် သင်္ခါရတရားတို့၏ ဝိပါက်နာမက္ခန္ဓာကို ရင့်ကျက်စေခြင်းသဘော ရှိပါသည်။ (ထိုသို့ အဝိဇ္ဇာရှိသူမှ သင်္ခါရဖြစ်နိုင်သောကြောင့် အဝိဇ္ဇာသည် သင်္ခါရ၏အကြောင်းပစ္စည်း မည်၏။)

## ဝိညာဏ်ဖြစ်ပုံ

သင်္ခါရသည် ဖြစ်စေအပ်သော ဇနကအကြောင်းမရှိသော် ဝိညာဏ်ဖြစ်လာခြင်းမရှိရကား သင်္ခါရ ဟူသော အကြောင်းကြောင့် ပဋိသန္ဓေဝိညာဏ်သည် ဖြစ်၍ ဘဝတစ်ပါး၌ တည်၏။

## နာမ်ရုပ်ဖြစ်ပုံ

နာမ်ရုပ်သည် ရှေ့သွားပြဓာန်းသည်လည်းဖြစ်သော တည်ရာလည်းဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် ထောက်ပံ့နိုင်စေအပ်သည်ဖြစ်၍ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ တည်တတ်၏။ ထို့ကြောင့် ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်၏။

## သဠာယတန ဖဿဖြစ်ပုံ

သဠာယတနသည်လည်း နာမ်ရုပ်ဟူသော အကြောင်းရှိသည်ဖြစ်၍ ခြောက်ပါးအပြားရှိသော ဖဿ၏အကြောင်း၏အဖြစ်ဖြင့် ထိုက်သည့်အားလျော်စွာ ဖြစ်၏။

တစ်ပါးသောအကြောင်းကြောင့် မဖြစ်ပေ။ ထို့ကြောင့် နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတနဖြစ်၏။

ဖဿသည်လည်း သဠာယတနဖြစ်သည် ရှိသော်သာလျှင် အာရုံကို တွေ့ထိနိုင်၏။ အကြောင်းသော်ကား - ဒွါရမရှိသည်ရှိသော် ထိုဖဿ၏ဖြစ်ခြင်း မရှိရာသောကြောင့် သဠာယတနဖြစ်မှသာလျှင် အာရုံကို တွေ့ထိနိုင်၏။ ထို့ကြောင့် သဠာယတန ဟူသော အကြောင်းကြောင့် ဖဿဖြစ်၏။

## ဝေဒနာဖြစ်ပုံ

ဣဋ္ဌ အနိဋ္ဌ မဇ္ဈတ္တဟူသော အာရုံတို့ကို တွေ့ထိမှသာ ဝေဒနာကို ခံစားနိုင်ပေသည်။ မထိလျှင် မခံစားနိုင်ပေ။ ထို့ကြောင့် ဖဿကြောင့်သာ ဝေဒနာဖြစ်ရ၏။

## တဏှာဖြစ်ပုံ

ခံစားအပ်ကုန်သော တရားတို့၌လည်း တပ်နှစ်သက်ခြင်းဖြစ်၍ အဖန်တလဲလဲ တပ်နှစ်သက်ဖွယ်ဟု ရှုလေ့ရှိသော သတ္တဝါအပေါင်းအား ဝေဒနာအကြောင်းရှိသည်ဖြစ်၍ တဏှာဖြစ်ပါသည်။ ထို့ကြောင့် ဝေဒနာဟူသော အကြောင်းကြောင့် တဏှာဖြစ်၏။

## ကာမုပါဒါန် ဒိဋ္ဌုပါဒါန်ဖြစ်ပုံ

သတ္တဝါတို့သည် တဏှာဟု ဆိုအပ်သော ချစ်ခြင်းဖြင့် တပ်နှစ်သက်ကုန်သည်ဖြစ်၍ ဥပါဒါန်၏အာရုံဖြစ်သောတရားတို့၌ မြဲမြံစွာ စွဲလမ်းခြင်းဖြစ်ကုန်သည်၊ ရူပါရုံစသည်၌ တဏှာဖြင့် သာယာသော် ကာမဂုဏ်ငါးပါးတို့၌ တဏှာဖြင့် ခံစားခြင်းသို့ရောက်၏။ ထိုတဏှာသည် ကာမုပါဒါန်တို့၏အကြောင်းဖြစ်၏။

ထို့အတူ ရူပါရုံစသည်တို့၌ တပ်နှစ်သက်သူသည် ပေးလှူအပ်သော ကုသိုလ်ကောင်းမှု၏အကျိုးသည် မရှိ ဟူသော မိစ္ဆာအယူကိုလည်းကောင်း၊ သံသရာမှ စင်ကြယ်ကြောင်း အကျင့်မဟုတ်သည်၌ စင်ကြယ်သော အကျင့်ဟုလည်းကောင်း၊ ဥပါဒါနက္ခန္ဓာတို့၌ ငါ့ကိုယ် ငါ့ဟာဟု စပ်၍ဖြစ်ခြင်းဟူ၍ စွဲလမ်းခြင်း အတ္တဝါဒတို့ကိုလည်းကောင်း စွဲယူ၏။ ထို့ကြောင့် တဏှာကြောင့် ဒိဋ္ဌုပါဒါန် အစရှိသည်တို့၏အကြောင်း ဖြစ်၏။ ထို့ကြောင့် တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်၏။

## ဘဝဖြစ်ပုံ

ထိုက်သည့်အားလျော်စွာ သမ္ပယောဂ အနုသယတို့၏အစွမ်းဖြင့် ဥပါဒါန်၌ တည်ကုန်သော သတ္တဝါတို့သည် ကုသိုလ် အကုသိုလ်ကံတို့ကို အားထုတ်ကြ၏၊ ထို့ကြောင့် ဥပါဒါန်သည် ဘဝ၏အကြောင်းဖြစ်၏။

## ဇာတိဖြစ်ပုံ

ဥပပတ္တိဘဝဟု ဆိုအပ်သော ဇာတိကိုလည်း ကမ္မဘဝလျှင်အကြောင်းရှိသည် ဖြစ်၍ မျိုးစေ့ကြောင့် အညွန့်၊ အညှောက် စသည်ဖြစ်သကဲ့သို့ ထိုထိုသို့သော ဘဝ၌ ဘဝအညွန့် အညှောက်အပင်တို့ ထပ်တလဲလဲ ပေါက်ရောက်ကြ၏။ ထို့ကြောင့် ကမ္မဘဝသည် ဇာတိ၏အကြောင်းဖြစ်၏။

## ဇရာမရဏဖြစ်ပုံ

ဇာတိသည်ရှိသော် ဇရာ မရဏသည်ဖြစ်၏၊ အကြောင်းကား - ပဋိသန္ဓေ မတည်မဖြစ်ကုန်သော သတ္တဝါတို့အား ဇရာ မရဏ၏ ဖြစ်ခြင်းသည် မရှိသော ကြောင့်တည်း။ ထို့ကြောင့် ဇာတိသည် ဇရာမရဏ၏အကြောင်းဖြစ်၏။

ဤသို့ အဝိဇ္ဇာစသော ပစ္စည်း အကြောင်းအဆက်ဆက်ကြောင့်၊ အကျိုး ပစ္စယုပ္ပန်တရားများ ဖြစ်ပေါ်လာသည်။ ထိုအကျိုးတရား အဆက်ဆက်ဖြစ်လာ ခြင်းသည် အလုံးစုံသော ဝဋ်ဆင်းရဲ ဒုက္ခအစုအပုံကြီး ဖြစ်လာခြင်းဖြစ်၏။ ချမ်းသာမှု သုခ၊ တင့်တယ်မှု သုဘတရားတို့ ဖြစ်လာခြင်းမဟုတ်၊ အဝိဇ္ဇာအစရှိသော အကြောင်း အဆက်ဆက်ကြောင့်သာ သင်္ခါရစသော အကျိုးတရားအဆက်ဆက်တို့ ဖြစ်လာ၏။ ဘယ်ဗိဿနိုး ထာဝရဘုရား ဖန်ဆင်းရှင်ကမှ ဖန်ဆင်း၍ ဖြစ်လာခြင်း မဟုတ်ပေ။

**အဓွန့်**။ ။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးသည် အမြဲမပြတ် ဖြစ် တတ်သောကြောင့် "အဓွန့်"မည်ပါသည်။

## အဓွန့်သုံးပါးအခွဲ

အတိတ်ဘဝ၌ အကျိုးဝင်သော အဝိဇ္ဇာ သင်္ခါရ ဟူသော အကြောင်းတရား နှစ်ပါးသာလျှင် အတိတ်အဓွန့်၌ အလိုရှိအပ်သောကြောင့် အဝိဇ္ဇာနှင့်သင်္ခါရ တို့သည် အတိတ်ကာလမည်၏။

ပစ္စုပ္ပန်ဘဝ၌ အကျိုးဝင်သော တဏှာ ဥပါဒါန်တို့ကြောင့် ဇာတိ ဇရာ မရဏ တို့သည် နောင်အနာဂတ်တွင် ဖြစ်လတ္တံ့ဖြစ်၍ ယင်းဇာတိဇရာမရဏတို့သည် အနာဂတ်ကာလ မည်၏။

အတိတ်အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝတွင် ဖြစ်ဆဲသဘောရှိသော ကြောင့်လည်းကောင်း။ ဤပစ္စုပ္ပန်တရားတို့သည် အနာဂတ်အကျိုးတရား ငါးပါး တို့၏ အကြောင်းသဘောရှိသောကြောင့်လည်း ဝိညာဏ်စသော အင်္ဂါရှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလ မည်၏။

## သောကစသည်ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါအဖြစ် မယူရပုံ

သောကစသောတရားတို့သည် ရူပဘဝစသည်တို့၌ မဖြစ်ခြင်းကြောင့် အနေ- ကန္တိကဖြစ်၍ ဇာတိပဋိသန္ဓေ၏ မုချအကျိုးမဟုတ်၊ အကျိုးဆက်တရားများသာဖြစ်သည်၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါအဖြစ် သီးခြားမယူရပေ။

(ဤ သောက အစရှိသော စကားကိုဆိုရခြင်းသည် ပဋိသန္ဓေ (ဇာတိ)၏ မုချမဟုတ် သောအကျိုးမျှကို ပြခြင်းတည်း။ အသီးအခြားအင်္ဂါကို ပြခြင်းမဟုတ်။

## အခြင်းအရာ (၂၀)

အတိတ်အကြောင်း (၅)ပါး၊ ပစ္စုပ္ပန်အကျိုး (၅)ပါး၊ ပစ္စုပ္ပန်အကြောင်း (၅) ပါး၊ အနာဂတ်အကျိုး (၅)ပါး။

အဝိဇ္ဇာနှင့်တဏှာ ဥပါဒါန်တို့သည် ကိလေသာအဖြစ်ခြင်း တူသောကြောင့် အဝိဇ္ဇာကိုယူသဖြင့် တဏှာ ဥပါဒါန်တို့ကို ယူရ၏။

သင်္ခါရနှင့်ကမ္မဘဝတို့သည် ကံအဖြစ်ခြင်းတူသောကြောင့် သင်္ခါရကို ယူသဖြင့် ကမ္မဘဝကိုလည်း ယူရ၏။ တဏှာ ဥပါဒါန် ဘဝ ကိုယူသဖြင့် အဝိဇ္ဇာ သင်္ခါရကို ယူရာ၌လည်း အထက်ပါအတိုင်းမှတ်။ (ဒီ၊ မှတ်ချက်)

(၁) [အတိတ်အကြောင်းတွင် အဝိဇ္ဇာကို ယူသဖြင့် အဝိဇ္ဇာနှင့်ကိလေသာ ဝဋ်၌ အဖြစ်ခြင်းတူသော တဏှာ ဥပါဒါန်တို့ကိုလည်း ယူရသည်။ ထို့အတူ အတိတ် အကြောင်းတွင် သင်္ခါရကို ယူသဖြင့် ကံ ကမ္မဝဋ်၌ အဖြစ်ခြင်းတူသော ကမ္မဘဝ ကိုလည်း ယူရသည်။] ထို့ကြောင့် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝဟု အတိတ်အကြောင်းငါးပါး ဖြစ်ရသည်။ အတိတ်အကြောင်းတရားငါးပါးတွင် အဝိဇ္ဇာ နှင့်သင်္ခါရသာ အတိတ်အကြောင်းတရားအစစ်ဖြစ်၏။ တဏှာ ဥပါဒါန် ကမ္မဘဝ တို့ကို ရသင့်၍ ယူထားခြင်းသာဖြစ်၏။

(၂) ပစ္စုပ္ပန်အကြောင်းတွင် တဏှာ ဥပါဒါန်နှင့်ကမ္မဘဝကို ယူသဖြင့် အဝိဇ္ဇာနှင့်သင်္ခါရကို ပြန်ယူရပုံ အထက်ပါးနည်းတူ သိပါလေ။ ပစ္စုပ္ပန်အကြောင်း ငါးပါးတွင်လည်း တဏှာ ဥပါဒါန် ကမ္မဘဝသည်သာ ပစ္စုပ္ပန်အကြောင်းတရားအစစ်ဖြစ်၏။ အဝိဇ္ဇာနှင့်သင်္ခါရကို ရသင့်၍ ယူထားခြင်းသာ ဖြစ်၏။

(၃-၄) ပစ္စုပ္ပန်အကျိုးနှင့်အနာဂတ်အကျိုးတို့တွင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟု ငါးပါးတို့ကို ကောက်ယူရမည်။ ဇာတိ ဇရာ မရဏတို့သည် တရားကိုယ် အသီးအခြားမရှိ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့၏ ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲ အခိုက်အတန့်သာဖြစ်၍ ဇာတိ ဇရာ မရဏကို ယူသဖြင့် ဝိညာဏ်စသော အကျိုးတရားငါးပါးတို့ကို ယူရ၏။

ဝိညာဏ်စသော ငါးပါးနှင့် - ဇာတိ ဇရာ မရဏတို့ တူညီ၏။

အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝဟူသော အတိတ်အကြောင်းငါးပါး၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုးငါးပါး၊ တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရဟူသော ပစ္စုပ္ပန်အကြောင်းငါးပါး၊ ဇာတိ ဇရာ မရဏသဘောဖြစ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော အနာဂတ်အကျိုးငါးပါး ပေါင်း အခြင်းအရာ (၂၀) ဖြစ်၏။

ဤသို့ အခြင်းအရာ (၂၀)တွင် အတိတ်အကြောင်းငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါးတို့ဖြစ်၏။ ပစ္စုပ္ပန်အကြောင်းငါးပါးကြောင့်လည်း အနာဂတ်အကျိုးငါးပါး ဖြစ်လတ္တံ့ပင်။ ထို့ကြောင့် အခြင်းအရာ (၂၀)ဆက်စပ်ပုံသိလေ။

## အစပ်သုံးပါး

(၁) အတိတ်အကြောင်း၏အဆုံးဖြစ်သော သင်္ခါရနှင့်ပစ္စုပ္ပန်အကျိုး၏ အစဖြစ်သော ဝိညာဏ်တို့အကြား ကြောင်းကျိုး (ဟေတုဖလ) တစ်စပ်။

(၂) ပစ္စုပ္ပန်အကျိုး၏အဆုံးဖြစ်သော ဝေဒနာနှင့်၊ ပစ္စုပ္ပန်အကြောင်း၏အစဖြစ်သော တဏှာတို့၏အကြား ကျိုးကြောင်း (ဖလဟေတု) တစ်စပ်။

(၃) ပစ္စုပ္ပန်အကြောင်း၏အဆုံးဖြစ်သော ဘဝနှင့်၊ အနာဂတ်အကျိုး၏ အစဖြစ်သော ဇာတိတို့အကြား ကြောင်းကျိုး (ဟေတုဖလ) တစ်စပ်ဖြစ်၏။

✱ ပထမအစပ်နှင့်တတိယအစပ်တွင် အကြောင်းကြောင့် အကျိုးတရားတို့ဖြစ်ပေါ်လာခြင်းကြောင့် အကြောင်းနှင့်အကျိုးဆက်စပ်မှုသည် သဘာဝကျသော်လည်း ဒုတိယအစပ်၌ အကျိုးကြောင့် အကြောင်းဖြစ်လာ၏ ဟူသော အကျိုးနှင့်အကြောင်းဆက်စပ်မှုမှာ မည်သို့သဘာဝကျပါသနည်းဟု မေးစရာရှိသည်။

လောက၌ အကျိုးသဘောရှိသော တရားသည်လည်း တစ်ခြားသော အကြောင်းသဘောရှိသော တရား၏ အကြောင်း ဖြစ်နိုင်ပြန်သည်။ ထို့ကြောင့် အကျိုးကြောင့်လည်း အကြောင်းသည် မပြတ်ဖြစ်နိုင်၏။ ဥပမာ - စပါးပင်ကြောင့် စပါးရ၏၊ စပါးကြောင့် ဆန်ကို ရ၏။ ဆန်ကြောင့် ထမင်းကို ရ၏။ ဤဥပမာ၌ ရှေ့အကျိုးသည် နောက်အကြောင်းတရား၏ အကြောင်းဖြစ်လျက် ရှိသည်။ လောက၌ အကျိုးအကြောင်း မှတ်ခြင်းသည် မြဲသောသဘောမဟုတ်ပေ။

## အလ္လာ (၄)ပါး

အကျဉ်းချုံး၍ ပေါင်းရုံး ရေတွက်ရာဖြစ်သောကြောင့် အလ္လာ မည်၏။ အတိတ် အကြောင်းငါးပါးသည် တစ်လ္လာ၊ ပစ္စုပ္ပန်အကျိုး ငါးပါးသည် တစ်လ္လာ၊ ပစ္စုပ္ပန် အကြောင်းငါးပါးသည် တစ်လ္လာ၊ အနာဂတ်အကျိုး ငါးပါးသည် တစ်လ္လာဟု အလ္လာ လေးလ္လာ ဖြစ်၏။

## ဝဋ် (၃)ပါး

(၁) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သုံးပါးသည် ကိလေသာတရားဖြစ်၍ **ကိလေသ ဝဋ်** မည်၏။

(၂) ကမ္မဘဝနှင့် သင်္ခါရ နှစ်ပါးသည် ကံတရားများဖြစ်၍ **ကမ္မဝဋ်** မည်၏။

(၃) ဥပပတ္တိဘဝနှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏတို့သည် အကျိုးတရားဖြစ်၍ **ဝိပါကဝဋ်** မည်၏။ သံသရာ၌ မပြတ်မတည် ချာချာလည်စေတတ်သောကြောင့် ဝဋ် မည်၏။

## ကမ္မဘဝနှင့် သင်္ခါရအထူး

နောင် အနာဂတ်ဘဝ၌ ပဋိသန္ဓေအား နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သော ပစ္စုပ္ပန်စေတနာသည် **ကမ္မဘဝ** မည်၏။ ယခု ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်သော ရှေးရှေးဘဝ စေတနာသည် **သင်္ခါရ** မည်၏။ [ပစ္စုပ္ပန်စေတနာသည် ကမ္မဘဝ၊ အတိတ်စေတနာသည် သင်္ခါရ]

## ဘဝတစ်စိတ် (= ဘဝေကဒေသော) ပုဒ်ဖြင့်

ဘဝသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝ နှစ်မျိုးရှိသဖြင့် ကမ္မဘဝသည် ဘဝ တစ်စိတ်သာ ဖြစ်၏။ ထို့အတူ ဥပပတ္တိဘဝသည်လည်း ဘဝ တစ်စိတ်တစ်ပိုင်းသာ ဖြစ်၏။ (ဋီ၊ မှတ်ချက်)

(ကမ္မဝင်အတွင်းဝင်သော ဘဝသည် ကမ္မဘဝသာဖြစ်သည်။ ဥပပတ္တိဘဝ မဟုတ်ပေ။ ထိုကမ္မဘဝကို ရည်၍ ဘဝတစ်စိတ်ဟု ဆို၏။ ထို့အတူ ဝိပါကဝင် အတွင်းဝင်သော ဘဝသည် ဥပပတ္တိဘဝသာ ဖြစ်သည်။ ကမ္မဘဝ မဟုတ်ပေ။ ထို ဥပပတ္တိဘဝကို ရည်၍လည်း ဘဝတစ်စိတ်ဟု ဆိုပြန်သည်။)

## မူလ (၂)ပါး (= အကြောင်းအရင်းနှစ်ပါး)

အဝိဇ္ဇာသည် ရှေးရှေးဘဝ သံသရာစက်၏ အကြောင်းရင်း မူလဖြစ်၏။ တဏှာသည် နောက်နောက်ဘဝ၏ အကြောင်းရင်း ဖြစ်၏။ အကြောင်းရင်း ဖြစ်၍ မူလ မည်၏။

## အဝိဇ္ဇာမူလကို အရင်ဆိုရခြင်း

မူလ နှစ်ပါးတွင် အဝိဇ္ဇာမူလကို အရင်ဆိုရခြင်းမှာ သံသရာရှေ့ပိုင်း၏ မူလ ဖြစ်၍လည်းကောင်း၊ ပြဋ္ဌာန်းသောကြောင့်လည်းကောင်း ဖြစ်ပါသည်။

## သံသရာပြတ်ပုံ၊ လည်ပုံ

သစ္စာလေးပါးကို သိအောင်အားထုတ်၍ အရဟတ္တမဂ်, ဉာဏ်သံလျက်ကို ရလျှင် အဝိဇ္ဇာ တဏှာတို့ကို အပြီးတိုင်ခုတ်ဖြတ်၍ အကြွင်းမဲ့ ချုပ်ငြိမ်းအောင် သတ်နိုင်၏။ ထိုအခါ တစ်ဖန် ဖြစ်ခြင်းသဘောမရှိတော့၊ ဝဋ်တရားတို့ အပြီးတိုင် ချုပ်၏။ သံသရာစက် ပြတ်တော့၏။

ဇရာ၊ မရဏနှင့် မိန်းမောတွေဝေမှုတို့ဖြင့် အဖန်တလဲလဲ နှိပ်စက်ခံရသော သတ္တဝါတို့အားလည်းကောင်း၊ သောကစသဖြင့် နှိပ်စက်ခံရသော သတ္တဝါတို့အား လည်းကောင်း၊ ကာမာသဝ စသော အာသဝေါတရား လေးပါးသည် မပြတ် အဖန် တလဲလဲ ဖြစ်ပေါ်ပြန်၏။ ထိုအာသဝေါတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာလည်း ဖြစ်၏။ ထို့ကြောင့် "အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယော"ဟု (အဝိဇ္ဇာ၏ အကြောင်း သည် အာသဝေါတရား ဖြစ်ကြောင်း) မြတ်စွာဘုရား ဟောတော်မူ၏။ ထိုသို့ အဝိဇ္ဇာ၏ အကြောင်းကို ပြဆိုမှ ပဋိစ္စသမုပ္ပါဒ်စက်သည် ဆက်စပ်နိုင်၏၊ လည်နိုင် တော့၏။ အဝိဇ္ဇာ၏အကြောင်းကိုမပြလျှင် သံသရာစက် မလည်နိုင်။ အဝိဇ္ဇာသည် အကြောင်းမဲ့ ဖြစ်သည်ဟု ယူဆစရာဖြစ်နေသည်။ ထို့ကြောင့် အဝိဇ္ဇာ၏အကြောင်း ကို ပြခြင်းဖြစ်သည်။ ဤဆိုခဲ့သည့်အတိုင်း မပြတ်လည်နေသော အစမထင်ရှား

သော ဘုံသုံးပါး၌ဖြစ်ပေါ်သော (ကိလေသာ ကံ ကံ၏အကျိုး) ဤသုံးပါးသော ဝဋ်တရားအပေါင်းကို အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ရာ **ပဋိစ္စသမုပ္ပါဒ်တရားဟူ၍** မြတ်စွာဘုရား ပညတ်တော်မူ၏။

## ပဋ္ဌာန်းနည်းအဖွင့်

### ၁။ ဟေတုပစ္စည်း

သမ္ပယုတ်တရားတို့၏ တည်ရာတည်ကြောင်း ပွားစီးစည်ပင်ခြင်းသို့ ရောက်ကြောင်းဖြစ်သောကြောင့် ဟိတ် ၆-ပါးသည် **ဟေတု** မည်၏။

ကျေးဇူးပြုတတ်သောကြောင့် **ပစ္စည်း** မည်၏။

ဥပမာအားဖြင့် သစ်ပင်သည် အထက်သို့ ဩဇာဓာတ်ကို ရွေ့ရှု ဆောင်တတ်သောအမြစ်ကြောင့် သစ်ပင်စည်ပင်ပြန့်ပွားရသကဲ့သို့ ကုသိုလ်၊ အကုသိုလ်ကံ၏ အကြောင်းဖြစ်သော လောဘစသော ဟိတ် ၆-ပါးကြောင့် အကျိုးတရားများ အလွန်ဖြစ်ပွားခြင်းသို့ ရောက်၏။ ထိုသို့ ရောက်ကြောင်းဖြစ်သောသတ္တိကြောင့် ဟိတ် ၆-ပါးသည် **ဟေတု** မည်၏။ ထိုဟိတ်ဟူသည် ပစ္စည်းလည်းဖြစ်သောကြောင့် ဟေတုပစ္စည်း မည်၏။

**"ဟေတု" နှင့် "ပစ္စည်း" နှစ်ခု အထူးမှာကား -**

အာရုံ၌ သဟဇာတ်တရားတို့၏ ကောင်းစွာစည်ပင် တည်တံ့နိုင်သော ဝိသေသ သတ္တိထူးသည် **ဟေတု** မည်၏။

တည်တံ့အောင် ထောက်ပံ့ကျေးဇူးပြုမှု သာမညသတ္တိသည် **ပစ္စည်း** မည်၏။

## ဟေတုပစ္စယုပ္ပန်

ဟိတ် ၆-ပါးသည် ပဝတ္တိအခါ၌ စိတ်ကြောင့်ဖြစ်ကုန်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ၌ ကံကြောင့်ဖြစ်ကုန်သော ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေနှင့် ပဝတ္တိ ၂-ပါးလုံး၌ မိမိနှင့် ယှဉ်ကုန်သော နာမ်တရားတို့အားလည်းကောင်း၊ သစ်ပင်၏ အမြစ်တို့သည် ကောင်းစွာ တည်ရာ၏အဖြစ်ကို ပြီးစေကုန်သကဲ့သို့ ကောင်းစွာတည်ရာဖြစ်ရာ၏အဖြစ်ကို ထောက်သည်ဟု ဆိုအပ်သော မူလဖြစ်သော အနက်ဖြင့် ကျေးဇူးပြုတတ်သော ဟိတ် ၆-ပါး တရားတို့သည် ဟေတုပစ္စည်း မည်၏။

## ၂။ အာရမ္မဏပစ္စည်း

အားနည်းသောယောကျ်ားသည် တောင်ဝှေး၊ တုတ်၊ လုံတန် စသည်ကို စွဲကိုင်ရသကဲ့သို့ အာရမ္မဏိကဖြစ်သော စိတ်, စေတသိက်တရားတို့သည် ဆွဲကိုင် အပ်သောကြောင့် အာရုံ ၆-ပါးသည် **အာရမ္မဏပစ္စည်း** မည်၏။

စိတ်, စေတသိက်တို့သည် အာရုံတစ်ခုခုကို အာရုံပြု၍ ဖြစ်ပေါ်ကြပေသည်။ ထိုထိုအာရုံတရားတို့သည် ထိုထိုအာရုံပြုကုန်သော အာရမ္မဏိကတရားတို့အား အာရုံ၏ အဖြစ်ဖြင့် ကျေးဇူးပြုသည်ကိုပင် ဆွဲကိုင်သည်ဟု ဆို၏။

စိတ်, စေတသိက်တို့အား အာရုံအဖြစ်ဖြင့် ကျေးဇူးမပြုသော တရား မရှိပေ။ တရားတိုင်း စိတ်, စေတသိက်တို့၏အာရုံ ဖြစ်ရသည်ချည်းပင်။ ထို့ကြောင့် အာရမ္မဏပစ္စည်းမဖြစ်သောတရား မရှိပါ။ ပစ္စယနိဒ္ဒေသ၌ ''ယံ ယံ ဓမ္မံ အာရဗ္ဘ'' စသည်ဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။

## ၃။ အဓိပတိပစ္စည်း

မိမိနှင့်စပ်၍ ဖြစ်ကုန်သော တရားတို့၏ အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော လွန်ကဲသော တရားများသည် **အဓိပတိပစ္စည်း** မည်၏။

## ၄။ အနန္တရပစ္စည်း

ပစ္စယုပ္ပန်တရားနှင့်တကွ ခြားခြင်းမရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ကြောင့် **အနန္တရပစ္စည်း** မည်၏။

## ၅။ သမနန္တရပစ္စည်း

ရုပ်ကလာပ်တို့ကဲ့သို့ အလုံးအဝန်းစသော သဏ္ဌာန် မရှိသည်အဖြစ်ကြောင့် ကောင်းစွာ ပစ္စယုပ္ပန်တရားတို့နှင့်တကွ ခြားခြင်းမရှိသောအဖြစ်ဖြင့် ကျေးဇူးပြု တတ်သောကြောင့် သမနန္တရပစ္စည်း မည်၏။

### အနန္တရနှင့် သမနန္တရ အထူး

ယင်းနှစ်ခုသည် ''သံ'' သဒ္ဒါမျှသာ ထူးကြသည်။ သဘောအနက်အားဖြင့် ထူးခြားခြင်းမရှိပေ။ သို့သော် ဝေနေယျတို့၏ အလိုအဇ္ဈာသယကြောင့် နှစ်မျိုးခွဲ၍ ဟောတော်မူရ၏။ ၎င်းပစ္စည်းနှစ်ခုကို ကောင်းစွာ အခြားမရှိဘဲ ချုပ်သော စိတ် စေတသိက် အပေါင်း၏ အမည်သာဖြစ်ကြောင်း မှတ်ပါလေ။

**ကေစိဝါဒကား –**

အနက်အခြားမရှိသောကြောင့် အနန္တရပစ္စည်းဟုလည်းကောင်း၊ ကာလအခြားမရှိသောကြောင့် သမနန္တရပစ္စည်းဟုလည်းကောင်း ဆိုကြသည်။ ဤကေစိအယူမှာ ဘုရားဟောနှင့် ဆန့်ကျင်နေပေသည်။ ပဋ္ဌာန်းတွင် "နိရောဓသမာပတ်မဝင်စားမီ နေဝသညာနာသညာယတနဇောက သမာပတ်မှထသောအခါ၌ ဖြစ်ပေါ်သော ဖိုလ်ဇောအား သမနန္တရသတ္တိဖြင့် ကျေးဇူးပြုကြောင်း" ဟောထားသည်။ ဤဒေသနာအရ နိရောဓသမာပတ်ဝင်စားစဉ် (၇)ရက်တာ ကာလကြီးခြားနားပါလျက် သမနန္တရဖြစ်နေသေးလျှင် ကာလအခြားမရှိသောကြောင့် သမနန္တရဖြစ်ရသည်ဟု ယူဆသော ကေစိဝါဒမှားပေပြီ။ ထို့ကြောင့် ဤနှစ်ပစ္စည်းကို သံသဒ္ဒါမျှသာ ထူးသည်။ အနက်အဓိပ္ပာယ်မထူးခြားဟုသာ မှတ်အပ်၏။

## သမနန္တရပစ္စည်းသည် တရားကိုယ်အားဖြင့် အနန္တရပစ္စည်းနှင့်တူ၏။ အနန္တရ နှင့်သမနန္တရတို့ ကျေးဇူးပြုပုံသတ္တိထူးများ

ရှေးရှေးဖြစ်သောစိတ်သည် ချုပ်ဆုံးလေသော်လည်း မိမိ၏နောက်၌ အဆုံးတိုင် စိတ်အစဉ်၏ ပြတ်၍သွားလေအောင် အခွင့်မပေးဘဲ မိမိနှင့်သဘောတူစွာ နာမ်တရားတစ်ခု ဖြစ်ပေါ်လေအောင် ဆက်လက်သောအားဖြင့် ကျေးဇူးပြုမှုသည် အနန္တရပစ္စည်း၏သတ္တိပေတည်း။ နောင်စိတ်တစ်ပါး ဖြစ်ပေါ်၍လာသော်လည်း တတ်တိုင်းပေါက်လွှတ် ရောက်တတ်ရာရာ အမှတ်မဲ့ဖြစ်ခြင်းကို အခွင့်မပေးဘဲ ကိစ္စ ဌာနအားလျော်စွာ စိတ္တနိယာမကိစ္စကို ပြီးစီးစေလျက် ရှေ့စိတ်နှင့်အစီအစဉ်လျော်သော စိတ်တစ်ပါး ဖြစ်ပေါ်လေအောင် ကျေးဇူးပြုမှုသည် သမနန္တရပစ္စည်း၏သတ္တိပေတည်း။ ထိုသို့ အစီအစဉ်အားလျော်စွာ အခြားမဲ့ စိတ်ကို ဖြစ်လေအောင် ကျေးဇူးပြုမှုကိုပင် ကောင်းစွာအခြားမဲ့အားဖြင့် ကျေးဇူးပြုသော သမနန္တရပစ္စည်းဟူ၍ "သံ"သဒ္ဒါဖြင့် အထူးပြုကား ဟောတော်မူလေသည်။ ကာလခြားမှုအတွက် စိစစ်ချက်များ။

ဤသို့ အဓိပ္ပာယ်ယူသည်ရှိသော် နိရောဓသမာပတ်မှထစဖြစ်သော ပုဂ္ဂိုလ်၏စိတ် အသညသတ်ဘုံမှ စုတေ၍ ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ စိတ်များသည် ကာလရှည်ကြာစွာ ဖြစ်လတ်၍နေသော ရှေ့စိတ်တို့နှင့် အနန္တရ သမနန္တရသတ္တိဖြင့် ပစ္စည်းဆက်လက်မှုသည် သင်လျော်လေ၏။ နိရောဓသမာပတ်သို့ မရောက်မီဖြစ်သော

နေဝသညာနာသညာယတနကုသိုလ်နှင့်ကြိယာဇောတို့သည် ကာမဘုံ၌ ခုနစ်ရက်ကြာမြင့်ပြီးမှ ရူပဘုံ၌ အမှတ်မရှိ ကာလကြာပြီးမှ ဖြစ်ပေါ်သော အနာဂါမိဖိုလ်စိတ်၊ အရဟတ္တဖိုလ်စိတ်တို့အား အနန္တရ သမနန္တရသတ္တိဖြင့် အသီးသီးကျေးဇူးပြုကုန်လေ၏။ ''နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလ သမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော''စသည်ဖြင့် ပဋ္ဌာန်းပါဠိတော်ကြီးပဉ္စာဝါရ (၃၆၉)၌ ရှိပေသည်။ အသညသတ်ဘဝသို့ သွားခါနီး စုတိနှင့်အသညသတ်ဘဝမှ စုတိ၍ ဘဝတစ်ခု၌ဖြစ်သော ပဋိသန္ဓေစိတ်သည် ကမ္ဘာကြီး၅၀၀ ရာကြာပြီးမှ အနန္တရ သမနန္တရသတ္တိဖြင့် ပစ္စည်းဆက်လက်ကြကုန်၏။ ထိုစိတ်တို့၏အကြား၌ ကမ္ဘာကြီး ၅၀၀ ရာခြားသော်လည်း စိတ်တစ်ခုမျှခြားလျက်မရှိသောကြောင့် အခြားရှိသည်ဟူ၍ မဆိုရပေ။ ''အသညသတ္တာ သန္တဿ. ပုရိမစုတိပစ္ဆိမပဋိသန္ဓီနဉ္စ နိရောဓုပ္ပါဒနိရန္တရတာယ ကာလန္တရတာ နတ္ထီတိ ဒဋ္ဌဗ္ဗာ'' (မူလဋီကာ၊ နှာ၊ ၁၇၀)

နိရောသမာပတ်မှ ထသောအခါ၊ အသညသတ်ဘဝမှ စုတိသောအခါတို့၌ ကာလခြားနေလျက်ရှိသောကြောင့် အနန္တရပစ္စည်းနှင့် မဆိုင်ဟူ၍ ဆိုငြားအံ့၊ ကာလဆိုသည်ကား အဘာဝပညတ်တရားသာဖြစ်၏၊ တစ်စုံတစ်ရာမျှမရှိသော အဘာဝပညတ်သည် တစ်စုံတစ်ခုသော တရားကိုမျှ မခြားနိုင်ချေဟု-ဖြေရာ၏။ နိရောဓသမာပတ်မှ ထသောအခါ၊ အသညသတ်မှ စုတေသောအခါတို့၌ နာမ်မခြားသော်လည်း အစဉ်မပြတ် ရုပ်တွေဖြစ်လျက်ရှိနေသောကြောင့် ထိုရုပ်တို့၏ ဖြစ်မှုကိုရည်၍ အခြားရှိသည်မဟုတ်ပါလောဟူမူ၊ ရုပ်အစဉ်နှင့်နာမ်အစဉ်သည် တစ်မျိုးစီဖြစ်၏၊ တစ်စုံတစ်ရာမျှ အနန္တရပစ္စည်းမျိုးနှင့် မစပ်မဆိုင်ကြ။

## နာမ်အချင်းချင်း ကျေးဇူးပြုသည့်ပစ္စည်းမျိုး

အနန္တရပစ္စည်းမျိုးသည် နာမ်အချင်းချင်းသာလျှင် ကျေးဇူးပြုသော ပစ္စည်းမျိုးပေတည်း။ နာမ်တစ်ခုဖြစ်ပေါ်၍ ခြားနေခဲ့လျှင်သာ ကျော်နင်း၍ ကျေးဇူးမပြုနိုင်ဘဲ ရှိရမည်ဖြစ်၏။ နာမ်တရားအခြားမရှိပါမူကား လေးသချေ်နှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ရုပ်တွေ ဖြစ်တုံ ပျက်တုံ ခြားသော်လည်း အခြားရှိသည်ဟု မဆိုရ၊ လေးသချေ်နှင့်ကမ္ဘာတစ်သိန်းအထက်ကဖြစ်သော နာမ်သည် ထိုလေးသချေ်နှင့် ကမ္ဘာတစ်သိန်းနောက်၌ဖြစ်သောစိတ်အား အနန္တရပစ္စည်းမျိုးဖြင့် ကျေးဇူးပြုလိမ့်မည်သာဖြစ်၏ဟူ၍ ဖြေဆိုရာ၏။

ဆိုအပ်ပြီးသော အရာတို့၌ ပစ္စည်းဆက်လျှင် နေဝသညာနာသညာယတန ကုသိုလ်ဇောသည် နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇောအား ဇောကိစ္စအချင်းချင်း အနန္တရမျိုးဖြင့် ကျေးဇူးပြု၏။ နေဝသညာနာသညာယတန ကြိယာဇောနှင့် အရဟတ္တဖိုလ်ဇောကိုလည်း ဆက်လေ။

အသညသတ်ဘဝသို့ မရောက်မီ စုတိစိတ်သည် အသညသတ်ဘဝမှ စုတေပြီး၍ ဖြစ်ပေါ်သော ကာမပဋိသန္ဓေစိတ်အား အနန္တရပစ္စည်းမျိုးဖြင့် ကျေးဇူးပြု၏။

ပြဆိုအပ်ပြီးသော အနန္တရနှင့်သမနန္တရတို့၏ ပစ္စယသတ္တိထူးပုံကား - ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရေးသားတော်မူအပ်သော ပရမတ္ထဒီပနီ ဋီကာကြီး၏အဓိပ္ပာယ်ပေတည်း။

ပဋ္ဌာန်းမူလဋီကာ (၁၇၀)၌ကား ''တတ္ထ ပုရိမပစ္ဆိမာနံ နိရောဓုပ္ပါဒါနန္တရာ-ဘာဝတော နိရန္တရုပ္ပါဒနသမတ္ထတာ အနန္တရပစ္စယဘာဝေါ၊ ရူပဓမ္မာနံ ဝိယ သဏ္ဌာနဘာဝတော ပစ္စယပစ္စယုပ္ပန္နာနံ သဟာဝဋ္ဌာနာဘာဝတော စ ဣဒမိတော ဟေဋ္ဌာ ဥဒ္ဓံ တိရိယန္တိ ဝိဘာဂါဘာဝါ အတ္တနာ ဧကတ္တမိဝ ဥပနေတွာ သုဋ္ဌု အနန္တရဘာဝေန ဥပ္ပါဒနသမတ္ထတာ သမနန္တရပစ္စယတာ။

## ၆။ သဟဇာတပစ္စည်း

(ဆီမီးသည် မီမီနှင့်အတူဖြစ်သော အလင်းဓာတ်အား တကွဖြစ်လျက် ကျေးဇူးပြုသကဲ့သို့) မိမိနှင့်တကွဖြစ်ကုန်သော ပစ္စုပ္ပန်တရားတို့အား တကွဖြစ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် ''သဟဇာတ''မည်၏။

## ၇။ အညမညပစ္စည်း

(၁) နာမ်ဖြစ်ကုန်သော ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ (၂) မဟာဘုတ်လေးပါး ရုပ်တရားတို့သည်လည်းကောင်း၊ (၃) ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်နှင့် ပဉ္စဝေါကာရပဋိသန္ဓေစိတ် ဟု ဆိုအပ်ကုန်သော စိတ်တရားတို့သည်လည်းကောင်း အချင်းချင်း တစ်ပါးသည် တစ်ပါးကို အပြန်အလှန် ထောက်ပံ့နိုင်စေတတ်သော ကြောင့် ''အညမညပစ္စည်း''မည်၏။

ဉပမာအားဖြင့်သော်ကား - လှံသုံးချောင်းကို အတူတကွ တစ်ခုကိုတစ်ခု အမှီပြု၍ ထောင်ထားလျှင် လှံအချင်းချင်း တစ်ခုသည် တစ်ခုကို လဲမသွားအောင် အပြန်အလှန် ထောက်ပံ့နိုင်ခဲ့စေသကဲ့သို့ပင် ဖြစ်ပါသည်။

## သဟဇာတနှင့်အညမညအထူး

အတူတကွဖြစ်၍သာ ကျေးဇူးပြုလျှင် သဟဇာတပစ္စည်းမည်၏၊ တကွလည်း ဖြစ်၊ အချင်းအချင်းအပြန်အလှန်လည်းဖြစ်၍ ကျေးဇူးပြုလျှင် အညမညပစ္စည်း မည်၏။

ထို့ကြောင့် အညမညတိုင်း သဟဇာတဖြစ်နိုင်သည်။ သဟဇာတတိုင်းကား အညမညမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် နာမ်တရားနှင့်စိတ္တဇရုပ်တို့သည် လည်းကောင်း၊ မဟာဘုတ်နှင့်ဥပါဒါန်ရုပ်တို့သည်လည်းကောင်း သဟဇာတဖြစ်ကြ သော်လည်း အညမညအဖြစ် ဘုရားမဟောပေ။ အညမညဖြစ်မှသာ အညမည မှာလည်း ဟော၍ သဟဇာတ၌လည်း ဟောပါသည်။

(အတူဖြစ်ခါ သဟဇာ၊ ပြန်ခါရမှ အဉ်မည၊ မှတ်ကြအထူးတည်း။)

## ၈။ နိဿယပစ္စည်း

နာမ်တို့၏မှီရာ နာမ်ခန္ဓာ လေးပါးတို့သည်၎င်း၊ သတ္တဝိညာဏဓာတ်တို့၏ မှီရာ ဘူတရုပ် ဝတ္ထုရုပ်တို့သည်လည်းကောင်း ပစ္စယုပ္ပန်တရားတို့၏ မှီရာ တည်ရာဟူသော အနက်သဘောကြောင့် ''နိဿယပစ္စည်း''မည်၏။

ဥပမာအားဖြင့်သော်ကား – ပန်းချီပိတ်ကားသည် ပန်းချီဆေးတို့၏ တည်ရာ မှီရာ ဖြစ်သကဲ့သို့ပင်တည်း။ တစ်နည်း – မြေကြီးသည် သစ်ပင် တော တောင် စသည်တို့၏တည်ရာ ဖြစ်သကဲ့သို့ပင်တည်း။

## ၉။ ဥပနိဿယပစ္စည်း

ပစ္စယုပ္ပန်တရားတို့အား အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ် သောကြောင့် ''ဥပနိဿယပစ္စည်း'' မည်၏၊

ဥပသဒ္ဒါ၏ အလွန်ဟူသော အနက်ကို ပြတတ်သောကြောင့် အားရှိသည်၏ အဖြစ်အားဖြင့် မှီရာရှိသော ပစ္စည်းသည် ''ဥပနိဿယပစ္စည်း''မည်၏။

## ၁၀။ ပုရေဇာတပစ္စည်း

ဝတ္ထုခြောက်ပါးနှင့်အာရုံခြောက်ပါး ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားမှ ရှေးဦးစွာ ဖြစ်နှင့်၍ တည်လင့်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ''ပုရေဇာတပစ္စည်း''မည်၏။

## ၁၁။ ပစ္ဆာဇာတပစ္စည်း

ပစ္ဆာဇာတပစ္စည်းမရှိသော် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ် မပြတ်တည် ခြင်း၏ အကြောင်းအထောက်အပံ့အဖြစ်ဖြင့် ကျေးဇူးမပြုနိုင်၊ ပစ္စယုပ္ပန်တရား၏ နောက်မှ ဖြစ်၍ ကျေးဇူးပြုတတ်သောကြောင့် ''ပစ္ဆာဇာတပစ္စည်း''မည်၏။

ရှင်းပါဦးအံ့၊ ပစ္ဆာဇာတပစ္စည်းမရှိသော် (ဝါ) နောက်၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားမရှိသော် ရှေ့ကဖြစ်နှင့်သော ကံကြောင့်ဖြစ်သော ရုပ်ခန္ဓာကိုယ်ကြီး ကို သန္တာန်စဉ်ဆက်မပြတ် တည်တံ့အောင် ထောက်ပံ့နိုင်စေသည်၏အဖြစ် မရှိနိုင်။ ထို့ကြောင့် ကံကြောင့်ဖြစ်သော ရှေးရုပ်ခန္ဓာကိုယ်အပေါင်း၏ သန္တာန်စဉ်ဆက် မပြတ်တည်တံ့ခိုင်ခံ့နေအောင် ကျေးဇူးပြုတတ်သော နောက်နောက်၌ဖြစ်သော စိတ် စေတသိက်တရားတို့သည် ပစ္ဆာဇာတပစ္စည်းအနေဖြင့် ဆောင်ရွက်ပေးရ၏။)

ဥပမာအားဖြင့် ပစ္ဆာဇာတပစ္စည်းသည် လင်းတယ်၏ ကိုယ်ခန္ဓာအား ကျေးဇူးပြုသော ကဗဠီကာရာဟာရ၌ တောင့်တသောတဏှာနှင့် ယှဉ်သော စေတနာနှင့် တူပေသည်။ ရှေးကဖြစ်နှင့်နေသော လင်းတယ်၏ ခန္ဓာကိုယ်ကို နောက်မှဖြစ်သော ယင်းစေတနာက ကျေးဇူးပြုခြင်းတည်း။

## ၁၂။ အာသေဝနပစ္စည်း

ရှေးရှေး၌ လေ့ကျက်အပ်သော ကျမ်းဂန်သည် နောက်နောက်လေ့ကျက် အပ်သော ကျမ်းဂန်ကို လွယ်ကူစွာ သင်ယူစေနိုင်ခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ရှေးကုသိုလ်စသော တရားသည် ကုသိုလ်အစရှိသည် အဖြစ်ချင်းတူသော နောက် ကုသိုလ်စသော ပစ္စယုပ္ပန်တရားအား အဖန်တလဲလဲ လေ့ကျက်အပ်သည်ဖြစ်၍ အားရှိသောကြောင့် ထူးသော မိမိနှင့် တူသောဇာတ်ရှိသည်၏အဖြစ်ကို ယူစေခြင်း သည် ''အာသေဝနပစ္စည်း''မည်၏။

ဆိုလိုရင်းကား ရှေးကုသိုလ်စသော ပစ္စည်းတရားသည် နောက်၌ဖြစ်သော ကုသိုလ်စသော ပစ္စယုပ္ပန်တရားအား မိမိနှင့်တူအောင် အဖန်တလဲလဲ ပြုပြင်စေခြင်း သည် အာသေဝနပစ္စည်း မည်၏။ ထို့ကြောင့် ယင်းအာသေဝနပစ္စည်းကား ဇာတ် တူဇောသာလျှင် ကျေးဇူးပြု၏၊ ဇာတ်ပြားသောတရားအား ကျေးဇူးမပြု ဟု မှတ်။

ရှေ့ကုသိုလ်သည် နောက်ဇာတ်တူကုသိုလ်တရားအား အဖန်တလဲလဲ ပြုခြင်းဖြင့် ပို၍ အားရှိစေ အစွမ်းထက်မြက်စေ၏။

ရှေ့အာကုသိုလ်သည် နောက်ဇာတ်တူအကုသိုလ်တရားအား အဖန်တလဲလဲ ပြုခြင်းဖြင့် ပို၍ အားရှိစေ အစွမ်းထက်မြက်စေသည်။

ရှေ့ကြိယာသည် နောက်ဇာတ်တူကြိယာစိတ်အား အဖန်တလဲလဲပြုခြင်းဖြင့် ပို၍ အားရှိစေ အစွမ်းထက်မြက်စေ၏။

ဤအာသေဝနပစ္စည်းသည် ဇာတ်တူကုသိုလ် ကုသိုလ်ချင်း ဇာတ်တူ အကုသိုလ် အကုသိုလ်ချင်း ဇာတ်တူကြိယာ ကြိယာချင်းသာ ကျေးဇူးပြု၏။

ဇာတ်မတူသော ကုသိုလ်မှ အကုသိုလ်၊ အကုသိုလ်မှ ကုသိုလ်ကို ကျေးဇူး မပြုနိုင်။

အာသေဝနပစ္စည်း၏ တရားကိုယ်မှာ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော လောကီကုသိုလ် အကုသိုလ်တို့သည်လည်းကောင်း၊ အာဝဇ္ဇန်းကြဉ်ကြိယာဇော တို့သည်လည်းကောင်း ဖြစ်ကြပေသည်။

## ၁၃။ ကမ္မပစ္စည်း

(စိတ်၏အားထုတ်ခြင်းဟု ဆိုအပ်သော=) ဖျာပါရ၏ အဖြစ်ဖြင့် သဟဇာတ် တရားတို့အားလည်းကောင်း၊ အထူးထူးသော ခဏနှင့်ယှဉ်ကုန်သော ဝိပါက် တို့အားလည်းကောင်း၊ ကဋတ္တာရုပ်တို့အားလည်းကောင်း ကျေးဇူးပြုသော စေတနာတရားသည် ကမ္မပစ္စည်း မည်၏။

## ကမ္မပစ္စည်း (၂)မျိုး

(က) ပဝတ္တိစေတနာသည် သဟဇာတဖြစ်သော နာမ်ရုပ်အား ကျေးဇူးပြု သောကြောင့် **သဟဇာတကမ္မပစ္စည်း** မည်၏။

ဥပမာ – သစ်ပင်၏ အမြစ်သည် သစ်ပင်နှင့်တကွ ဖြစ်လျက်ပင် ထိုသစ်ပင် အား မြဲမြံခိုင်ခံ့အောင် ကျေးဇူးပြုသကဲ့သို့ပင်တည်း။

(ခ) အတိတ်ဖြစ်သော ရှေးဘဝကုသိုလ်၊ အကုသိုလ် စေတနာသည် ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့အား ကျေးဇူးပြုသောကြောင့် နာနာက္ခဏိက ကမ္မပစ္စည်း မည်၏။

ဥပမာ – ကောင်းမွန်သောမျိုးစေ့သည် အပင် အညွန့်ဖြစ်အောင် ကျေးဇူး ပြုသကဲ့သို့ပင်တည်း။

## ၁၄။ ဝိပါကပစ္စည်း

မိမိ၏ အားထုတ်ခြင်း ဗျာပါရမရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းဖြင့် သဟဇာတ်ဖြစ်ကုန်သော နာမ်ရုပ်တို့အား အားထုတ်ခြင်းမရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်းအကျိုးငှာ ကျေးဇူးပြုတတ်သောတရားသည် ဝိပါကပစ္စည်း မည်၏။

အားထုတ်မှုဗျာပါရမရှိခြင်းမှာ - ဝိပါက်စိတ်, စေတသိက်တို့သည် ကံကို မဖြစ်စေနိုင်၊ ကံကသာ ယင်းဝိပါက်စိတ်, စေတသိက်တို့ကို ဖြစ်စေရကား ထို ဝိပါက်တို့မှာ အားထုတ်မှု ပယောဂ ဗျာပါရ မရှိချေ။

ငြိမ်သက်စွာ ဖြစ်ခြင်းဆိုသည်မှာလည်း ကိလေသာတို့မှ ငြိမ်းသောကြောင့် ငြိမ်သက်စွာဖြစ်သည်ဟု ဆိုလိုသည်မဟုတ်၊ အားထုတ်ခြင်းမရှိသောကြောင့်ပင် ငြိမ်သက်စွာဖြစ်သည်ဟု ဆိုလိုသည်။ ဝိပါက်မျိုးဖြစ်သော ဘဝင်စသည်ကို ငြိမ်သက်သောသဘောရှိ၍ သိဖို့ရန် ခဲယဉ်းလှသည်။ ထို့ပြင် ဝိပါက်မျိုးဖြစ်သော ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတို့၏ ဆောင်ရွက်မှုကိုလည်း သိနိုင်ဖို့ရန် ခဲယဉ်းပေသည်။ ဝီထိစိတ်မှာ ဇောဖြစ်ခြင်းကြောင့်သာ ထိုပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတို့ ရှုပ်ရုံစသော အာရုံတို့ကို အာရုံယူနိုင်သည်၏အဖြစ်ကို သိရခြင်း ဖြစ်သည်။ ဇောမဖြစ်လျှင် သိနိုင်ဖို့ မလွယ်ပေ။

## ၁၅။ အာဟာရပစ္စည်း

ပစ္စယုပ္ပန်ဖြစ်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့ခိုင်စေတတ်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာဟာရလေးပါးသည် အာဟာရပစ္စည်း မည်၏။

ထောက်ပံ့ခိုင်စေတတ်သည်ဟူသော စကားသည် မှန်၏၊ ဇနကသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်သည် ရှိသော်လည်း ထောက်ပံ့ခိုင်စေခြင်းသည်သာ အာဟာရ၏ပဓာနလိုရင်းကိစ္စတည်း။ ဖြစ်စေတတ်သော်လည်း အာဟာရသည် ပစ္စယုပ္ပန်တရားတို့အား မပြတ်ဖြစ်စေခြင်း၏အစွမ်းဖြင့် ထောက်ပံ့သည်သာတည်း၊ ထို့ကြောင့် အာဟာရပစ္စည်းတွင် ဖြစ်စေသော ဇနကသတ္တိ။ ထောက်ပံ့သော ဥပတ္ထမ္ဘကသတ္တိ နှစ်မျိုးစလုံးရှိသော်လည်း ထောက်ပံ့ခိုင်စေသည့် ဥပတ္ထမ္ဘကသတ္တိ ဖြင့်သာ ကျေးဇူးပြုသည်ဟု ဆိုရပါသည်။

## ၁၆။ ဣန္ဒြိယပစ္စည်း

ဒသသနစသော ထိုထိုကိစ္စတို့၌ စက္ခုဝိညာဏ်စသော ပစ္စယုပ္ပန်တရားတို့ကို မိမိအလိုသို့ အစဉ်လိုက်စေခြင်းဟု ဆိုအပ်သော အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ''ဣန္ဒြိယပစ္စည်း''မည်၏။

## ၁၇။ ဈာနပစ္စည်း

ကသိုဏ်းစသောအာရုံ၊ တေဘူမကတရားတို့၏ အနိစ္စတာစသောလက္ခဏာ၊ နိဗ္ဗာန်၏ဟုတ်မှန်သော တထ လက္ခဏာတို့ကို ကပ်၍ရှုခြင်း၏အစွမ်းဖြင့် ထိုထိုအာရုံတို့ကို ကပ်၍ကြံတတ် ရှုတတ်သောကြောင့် ဝိတက်စသော (၇)ပါးသည် ''ဈာနပစ္စည်း'' မည်၏။

## ၁၈။ မဂ္ဂပစ္စည်း

သုဂတိဘုံမှ မကောင်းမှုကို ပြုလေ့ရှိကုန်သောသူတို့ကို ဒုဂ္ဂတိဘုံ၌ ဖြစ်စေခြင်းအားဖြင့် ထုတ်ဆောင်တတ်သော အနက်သဘော၊ အပါယ်လေးဘုံမှ ကောင်းမှုပြုလေ့ရှိကုန်သောသူတို့ကို သုဂတိဘုံ၌ ဖြစ်စေခြင်းအားဖြင့် ထုတ်ဆောင်တတ်သော အနက်သဘောအားဖြင့် ကျေးဇူးပြုတတ်ကုန်သောကြောင့် သမ္မာဒိဋ္ဌိစသော တရားတို့သည် ''မဂ္ဂပစ္စည်း''မည်၏။

ဆိုလိုသည်မှာ – သုဂတိဘုံဘဝမှလည်းကောင်း၊ ကုသိုလ်မှလည်းကောင်း၊ ဒုဂ္ဂတိဘုံဘဝမှလည်းကောင်း၊ အကုသိုလ်မှလည်းကောင်း ထွက်မြောက်အောင် ကျေးဇူးပြုတတ်သောကြောင့် ''မဂ္ဂပစ္စည်း''မည်၏။

## ၁၉။ သမ္ပယုတ္တပစ္စည်း

ပရမတ္ထအားဖြင့် ပြားကုန်သော်လည်း တူသည့်အဖြစ်သို့ ရောက်ကုန်သကဲ့သို့ ကေပ္ပါဒစသော သမ္ပယောဂလက္ခဏာလေးပါးနှင့် ညီညွတ်သဖြင့် ကျေးဇူးပြုတတ်သောကြောင့် စိတ်စေတသိက် နာမက္ခန္ဓာတရားလေးပါးတို့သည် ''သမ္ပယုတ္တပစ္စည်း''မည်၏။

## ၂၀။ ဝိပ္ပယုတ္တပစ္စည်း

တစ်ပါးသည် တစ်ပါးနှင့် စပ်သည်၏အဖြစ်ဖြင့် ယှဉ်သော်လည်း ဆိုအပ်ပြီးသော ကေပ္ပါဒ စသော သမ္ပယောဂလက္ခဏာအားဖြင့် မယှဉ်သည်ဖြစ်၍ မနှီးနှောသည်၏အဖြစ်ကြောင့် ထူးသည်၏အဖြစ်သို့ ရောက်သဖြင့် ကျေးဇူးပြုတတ်

သော စိတ် စေတသိက် နာမက္ခန္ဓာ ရုပ်တရားတို့သည် (ဝါ) နာမ်နှင့်ရုပ် ရုပ်နှင့်နာမ် တရားတို့သည်) ဝိပ္ပယုတ္တပစ္စည်းမည်၏။

## ၂၁။ အတ္ထိပစ္စည်း

ပစ္စုပ္ပန်သဘောလက္ခဏာရှိသည်၏အဖြစ်ဟု ဆိုအပ်သော ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ထိုသို့ထင်ရှားသောသဘောရှိကုန်သော တရားတို့ကို ခိုင်စေတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော သဟဇာတတ္ထိ စသော တရား၂၀း ပါးသည် အတ္ထိပစ္စည်း မည်၏။

♦ အတ္ထိပစ္စည်း ဇနကသတ္တိပင် ရှိလင့်ကစား ဋီခါဆရာသော်လျှင် အတ္ထိပစ္စည်း၏ အစွမ်းသတ္တိလွန်ကဲသောကြောင့် ထောက်ပံ့ခိုင်စေခြင်းဟူသော ဥပတ္ထမ္ဘကသတ္တိ ကိုသာ ဆိုရပေသည်။

## ၂၂။ နတ္ထိပစ္စည်း

တစ်ခုသော ဖဿစသော တရားအပေါင်း ဖြစ်နေသည်ရှိသော် နှစ်ခုမြောက် သော ဖဿ စသောတရားအပေါင်း မဖြစ်နိုင်သောကြောင့် မိမိတည်ရှိနေသဖြင့် ဖြစ်ခွင့်မရကုန်သော စိတ် စေတသိက်တရားတို့အား မိမိ၏အခြားမဲ့၌ ဖြစ်ခွင့် ပေးသည်၏အစွမ်းဖြင့် ကျေးဇူးပြုသော အခြားမဲ့၌ ချုပ်လေကုန်ပြီးသော စိတ် စေတသိက်တရားတို့သည် နတ္ထိပစ္စည်း မည်၏။

## ၂၃။ ဝိဂတပစ္စည်း

မိမိ၏ ဖုသနစသော သဘောမကင်းသဖြင့် မိမိ၏အခြားမဲ့၌ ဖြစ်လတ္တံ့ ကုန်သော စိတ် စေတသိက်တရားတို့အား မိမိသဘောကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော နတ္ထိပစ္စည်းတရားတို့သည်ပင် ဝိဂတပစ္စည်း မည်၏။

## ၂၄။ အဝိဂတပစ္စည်း

ချုပ်ခြင်းသို့ မရောက်သည့်အစွမ်းဖြင့် ကျေးဇူးပြုတတ်ကုန်သော အတ္ထိ ပစ္စည်းတရာတို့သည်ပင် အဝိဂတပစ္စည်း မည်၏။

### အတ္ထိနှင့်အဝိဂတ နှစ်ပါးအထူး

ချုပ်ခြင်းသို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်ကုန်သော အတ္ထိ ပစ္စည်းတို့သာလျှင် အဝိဂတပစ္စည်းမည်၏။ မိမိ၏သဘောနှင့်တကွဖြစ်သည်အဖြစ်

ဖြင့်သာလျှင် ကျေးဇူးပြုတတ်သော တရားသတ္တိသည် အတ္ထိပစ္စည်း၏သတ္တိမည်၏. ချုပ်ခြင်းသို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အဝိဂတပစ္စည်း၏သတ္တိမည်၏။ ဤဆိုအပ်ပြီးသော သတ္တိအထူးကို ထိုပစ္စည်းနှစ်ပါးတို့၏ သရုပ်အထူးမရှိသော်လည်း မှတ်အပ်၏။

ထိုစကားမှန်၏။ (၂၄)ပါးသောပစ္စည်းတရားတို့၏ သတ္တိအထူးကို ခပ်သိမ်းသော အခြင်းအရာဖြင့် သိ၍ မြတ်စွာဘုရားသည် (၂၄)ပါးသော ပစ္စည်းတရားတို့ကို ဟောတော်မူအပ်ကုန်၏။ ဤသို့ မြတ်စွာဘုရား၌ ယုံကြည်သဖြင့် ထိုပစ္စည်းတရားတို့သည် ဤသို့ထူးကုန်၏ဟု သုတမယဉာဏ်ကို ဖြစ်စေ၍ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ဖြင့် ထိုပစ္စည်းတို့၏အထူးကိုသိခြင်း၌ ပြင်းစွာအားထုတ်ခြင်းကို ပြုအပ်၏။

ဆက်၍ဆိုဦးအံ့၊ အတ္ထိပစ္စည်းဟုဆိုအပ်သော တရားအပေါင်း၏ မထူးသည်၏။ အဖြစ်သည်ရှိသော်လည်း ထိုထိုသို့သောအပြားအားဖြင့် ဝေနေယျသတ္တဝါတို့၏ အစွမ်းအားဖြင့် အောက်၌ဟောအပ်ပြီးသော်လည်း အတ္ထိပစ္စည်းကို တစ်ဖန် အပြားအထူးဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။ အဘယ်ကဲ့သို့နည်းဟူမူ - အဟေတုကဒုက်ကိုဟောပြီးသော်လည်း ဟေတုဝိပ္ပယုတ္တဒုက်ကို ဟောအပ်သကဲ့သို့တည်း။ ဤသို့မှတ်အပ်၏။

မိမိထင်ရှားရှိသော သဘောနှင့်ပြည့်စုံသည်၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အတ္ထိပစ္စည်း မည်၏။ ချုပ်ခြင်း 'ဘင်'သို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အဝိဂတပစ္စည်းမည်၏။ (ဋီ၊ မှတ်ချက်)

## နတ္ထိနှင့်ဝိဂတ နှစ်ပါးအထူး

ချုပ်သည်၏အခြားမဲ့၌ ကင်းဆိတ်သည်၏အဖြစ်သည် နတ္ထိပစ္စည်းမည်၏။ ချုပ်ခြင်း 'ဘင်'သို့ ရောက်သည်၏အဖြစ်သည် ဝိဂတပစ္စည်းမည်၏။

### ရှင်လင်းချက်

## အနန္တရ သမနန္တရ နတ္ထိ ဝိဂတပစ္စည်းတို့သည် သရုပ်အရကောက် မထူးခြားဘဲ ထပ်၍ဟောရခြင်းအကြောင်း

သရုပ်အရကောက်မထူးခြားသော်လည်း အနက်သဘောသတ္တိ ထူးခြား၍ ဘုရားရှင်ဟောတော်မူပါသည်။ ဘုရားရှင်သည် အလုံးစုံကို အကြွင်းအကျန်မရှိ

သိတော်မူသော သဗ္ဗညုတဉာဏ်စွမ်းဖြင့် သတ္တဝါဝေနေယျတို့အား နည်းစုံအောင် ပစ္စည်းသတ္တိမျိုးစုံအောင် ဟောပြမှ သိနိုင်ကြမည်ကို သိတော်မူသဖြင့် သရုပ်အရ ကောက် တူသော်လည်း ပစ္စည်းမျိုးစုံ၊ သတ္တိမျိုးစုံကို ဟောတော်မူပါသည်။

ဘုရားရှင် သဗ္ဗညုတဉာဏ်စွမ်းဖြင့် ဟောကြားထားသော ပစ္စည်းမျိုးစုံ၊ သတ္တိမျိုးစုံကို သုတမယဉာဏ်ဖြင့် ရအောင် လေ့လာကျက်မှတ်သား၍ စိန္တာမယဉာဏ်ဖြင့် သဘာဝမိအောင် ဆင်ခြင်စဉ်းစားနိုင်ကြကုန်ပြီးလျှင် ဘာဝနာမယဉာဏ်ဖြင့် ပဋ္ဌာန်းဝိပဿနာဉာဏ်အဆင့်ရောက်အောင် လက်တွေ့ကြိုးစား အားထုတ်ကြရာ၏၊ ကြိုးစားကြပါကုန်။ (ဘုရားရှင်သည် သရုပ်အရအကောက် မထူးခြားသော်လည်း သတ္တဝါဝေနေယျတို့ အကြိုက်လိုက်၍ အဟေတုကဒုက်ကို ဟောပြီးပါလျက် ဟေတုဝိပ္ပယုတဒုက်ကို ထပ်မံဟောသော အရာများလည်း ရှိပေသည်။)

## ပဋ္ဌာန်းနည်း နိဒ္ဒေသ (အကျယ်အဖွင့်)

### ၁။ နာမ်သည် နာမ်အချင်းချင်းအား သတ္တိခြောက်မျိုး, ခြောက်နည်း, ခြောက်ပစ္စည်းဖြင့် ကျေးဇူးပြုပုံ

အာသေဝနပစ္စည်း၌ ဇာတ်တူ ကုသိုလ်ဇောချင်း၊ အကုသိုလ်ဇောချင်း၊ ကြိယာ ဗျာကတဇောချင်းသာ ကျေးဇူးပြုကြကုန်၏။

### ဝိပါက်ဖြစ်သော အဗျာကတနှင့်အာဝဇ္ဇန်းဒွေးတို့ အာသေဝနမဖြစ်ပုံ

ကံ၏အစွမ်းကြောင့် ဝိပါက်အဖြစ်သို့ ရောက်လာသော ဝိပါက်အဗျာကတ တရားသည် ကံအဟုန်ပစ်ချ၍ ကျလာသကဲ့သို့ မိမိသဘောကိုယူကာ အဟုန် တလဲလဲထုံ၍ တစ်ပါးသော ဝိပါကာဗျာကတတရားတို့ကို မဖြစ်စေနိုင်ပေ။ နောက် ဝိပါက်အဗျာကတ တရားသည်လည်း ရှေ့၌ဖြစ်သော ဝိပါက်အဗျာကတ၏ အာနုဘော်ကိုယူ၍လည်း ကျေးဇူးမပြုနိုင်ပေ။ ထို့ကြောင့် ဝိပါက်တို့သည် အာသေဝနပစ္စည်း မတပ်နိုင်။

(မိမိကိုယ်တိုင်ပင် ကံစွမ်းအင်သက်သက်ကြောင့် ဖြစ်လာရသော ဝိပါက်ဖြစ် သော အဗျာကတတရားသည် (ဝါ) ကိုယ်ပိုင်စွမ်းအင်မရှိသော ဝိပါက်တရားသည် တခြားဝိပါက်ဖြစ်သော အဗျာကတတရားကို ဖြစ်စေခြင်း၊ ထုံစေခြင်း၊ ပွားစေခြင်း ဟု ဆိုအပ်သော အာသေဝနပစ္စည်း မတပ်နိုင်ပေ။

ကြိယာဗျာကတတွင်လည်း အဟိတ်ကြိယာသုံးပါး၌ ဟသိတုပ္ပါဒ်ကိုသာလျှင် အာသေဝနပစ္စည်းအဖြစ် ပဋ္ဌာန်းတွင်ဟောသောကြောင့် ဟသိတုပ္ပါဒ်သာလျှင်

အာသေဝနပစ္စည်းတပ်ပြီး အာဝဇ္ဇန်းဒွေးမှာ မဟောအပ်သောကြောင့် အာသေဝန မတပ်ပါ။

ပဋ္ဌာန်းကျမ်း၌ ''ပုရိမာနိ ဇဝနာနိ''ဟု ဇောသာမညဆိုသော်လည်း လောကီ ကုသိုလ် အကုသိုလ် ကြိယာဇျာကတဇောတို့ကိုသာလျှင် မှတ်အပ် ယူအပ်၏၊ အဘယ့်ကြောင့် ဆိုသော် -

လောကုတ္တရာဇောတို့ကို အာသေဝနပစ္စည်းအဖြစ်ဖြင့် ပဋ္ဌာန်းကျမ်းတွင် မြတ်စွာဘုရား ဟောမထား၍ အာသေဝနပစ္စည်းမတပ်ကြပါ။ အကြောင်းမှာ - မဂ်ကုသိုလ်သည် ဖိုလ်ဝိပါက်ကို ဇာတ်မတူ၍ အာသေဝနပစ္စည်းမတပ်နိုင်ချေ၊ ဖိုလ်ဇောသည်လည်း ဝိပါကာဗျာကတဖြစ်၍ မဂ်ကုသိုလ်ဇောဆီမှ အာသေဝန ပစ္စယသတ္တိကို မယူနိုင်သည့်အပြင် မိမိမှတစ်ပါးသော နောက်နောက် ဖိုလ်ဇောတို့ အားလည်း အာသေဝနသတ္တိကို မပေးနိုင်သောကြောင့်ပင်တည်း။

(ထို့ကြောင့် ''အာသေဝနပစ္စည်းမှ လွတ်သော ဇောသည် မရှိ''ဟူသော အရှင်ဓမ္မပါလဆရာ၏စကားသည် ယေဘုယျပြောသော စကားဟု မှတ်ရာ၏။)

ဤမှတစ်ပါးသော လောကုတ္တရာဇောတို့၏လည်း အာသေဝနပစ္စည်း တပ်သည်၏အဖြစ်ကြောင့် ''အာသေဝနဝိနိမုတ္တံ''ဟူသော စကားကို ဆိုအပ်သည် ရှိသော် ဆရာ ဓမ္မပါလမထေရ်၏ မဆင်မခြင်ဆိုတတ်သော ဆရာ၏အဖြစ်သို့ ရောက်သည်ဖြစ်ရာ၏။ မဂ်သည်ကား - ဂေါတြဘုမှ အဖန်တလဲလဲ ထုံခြင်းကို မယူဟု ဆိုဖွယ်စကားသည် မရှိ၊ အဘယ့်ကြောင့် မယူသနည်းဆိုသော် ဘုံအစရှိသည်တို့၏အစွမ်းဖြင့် အထူးထူးသော ဇာတ်ရှိသည်အဖြစ်ကို မလိုအပ် သည်အဖြစ်ကြောင့် မယူ ဟူလို။ ထို့ကြောင့်သာလျှင် ပဋ္ဌာန်း၌ ''ဂေါတြဘု မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော၊ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော''ဟု မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

ဘုံ အာရုံအစွမ်းဖြင့် ဇာတ်ကွဲပြားခြင်းကို အာသေဝနပစ္စည်းအရာ၌ အလို မရှိအပ်ပေ။ ထို့ကြောင့် ယင်းဂေါတြဘု ဝေါဒါန်တို့သည် ကာမဘုံ ကာမဇာတ်ဖြစ်ပြီး မဂ်တရားသည် လောကုတ္တရာဇာတ် ဖြစ်သည်။ ဤသို့ ဘုံ၏အစွမ်းဖြင့် ဇာတ်ကွဲ သော်လည်း ဂေါတြဘု ဝေါဒါန်တို့သည် မဂ်ကို အာသေဝနပစ္စည်း တပ်နိုင်ကြ ပေသည်။ ပဋ္ဌာန်းကျမ်းတွင်လည်း ယင်းတို့သည် မဂ်ကို အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုကြောင်း ဟောထားပေသေးသည်။

ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော။

သို့ဖြစ်၍ အာသေဝနပစ္စည်းတွင် အဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇောကြဉ်သော ဇော (၄၇)ပါး၊ စေတသိက် (၅၂)ပါးကို ယူရသည်။

အာသေဝနပစ္စယုပ္ပန်တွင် ပထမဇော၊ ဖိုလ်ဇောကြဉ်သော ဇော (၅၁)ပါး၊ စေတသိက် (၅၂)ပါးကို ယူရသည်။

အချုပ်အားဖြင့် ဝိထိစိတ်အစဉ်ဝယ် ရှေးရှေးချုပ်ကုန်သော စိတ် စေတသိက် နာမ်တရားတို့သည် နောက်နောက်မှ ဆက်၍ဖြစ်ကုန်သော စိတ် စေတသိက် နာမ်တရားတို့အား အနန္တရမျိုးဖြစ်၍ အနန္တရ သမနန္တရ နတ္ထိ ဝိဂတပစ္စည်းအားဖြင့် ကျေးဇူးပြုနိုင်၏။

ဇောခုနစ်ကြိမ်စောရာ၌ ရှေ့ဇောနာမ်တရားတို့သည် နောက်ဇောနာမ်တရားတို့အား အထက်ပါ အနန္တရစသော သတ္တိလေးပါးအပြင် အာသေဝနပစ္စည်းအားဖြင့်လည်း ကျေးဇူးပြုနိုင်သေးသည်။

ဝိထိစိတ်တစ်ခုခုဖြစ်သော စိတ် စေတသိက် နာမ်တရားများသည် သဟဇာတမျိုးဖြစ်၍ သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုနိုင်သည်။ (စိတ္တဇရုပ်နှင့် အခြားသောစိတ်နှင့်အတူဖြစ်သောရုပ်တို့သည် ကေပ္ပါဒစသော သမ္ပယောဂ လက္ခဏာ မရှိခြင်းကြောင့် နာမ်တရားတို့ကဲ့သို့ သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူး မပြုနိုင်ပါ။)

သို့ဖြစ်၍ နာမ်သည် နာမ်အချင်းချင်း ကျေးဇူးပြုရာ၌ အနန္တရ သမနန္တရ နတ္ထိ ဝိဂတ အာသေဝန သမ္ပယုတ္တ ခြောက်ပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဆိုရပါသည်။

(သမ္ပယုတ္တပစ္စည်းကိုသာ ဆိုသော်လည်း သဟဇာတမျိုးဖြစ်၍ သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ စသော ပစ္စည်းများပါ ဖြစ်သင့်ကျေးဇူးပြုသင့်သည်ဟု မှတ်ယူပါ။)

## နာမ်သည် နာမ်ရုပ်အား ငါးပစ္စည်းဖြင့် ကျေးဇူးပြုသည်

ဟေတု ဈာန မဂ္ဂပစ္စည်းတရားတို့သည် မိမိနှင့်တကွဖြစ်သော စိတ် စေတသိက်=နာမ်တရားတို့အားလည်းကောင်း၊ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တရားတို့အားလည်းကောင်း၊ ပဝတ္တိအခါ၌ စိတ္တဇရုပ်တရားတို့အားလည်းကောင်း၊ ဟေတုသတ္တိ ဈာနသတ္တိ မဂ္ဂသတ္တိအသီးသီးဖြင့် ကျေးဇူးပြုကုန်၏။

ကမ္မပစ္စည်းနှစ်မျိုးရှိရာ သဟဇာတစေတနာနှင့်နာနာက္ခဏိကစေတနာ ဟူ၍ နှစ်မျိုးကွဲလေသည်။

**သဟဇာတစေတနာ** အရ ပဝတ္တိအခါ စိတ်တစ်ခုယုတ် ကိုးဆယ်နှင့် ယှဉ်သော စေတနာသည် မိမိနှင့်တကွဖြစ်သော နာမ်တရားတို့အားလည်းကောင်း၊ ပဋိသန္ဓေစိတ်နှင့်တကွဖြစ်သော စေတနာသည် ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိအခါ ရုပ်ကို ဖြစ်စေသော စိတ် (၇၅)ပါးနှင့်တကွဖြစ်သော စေတနာသည် စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

**နာနာက္ခဏိကစေတနာ** အရ အထူးထူးသောကာလ၌ တည်သော အတိတ်ဘဝ၌ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ (၃၃)ခုကို ယူရသည်။ ယင်းစေတနာတို့သည် ကံကြောင့်ဖြစ်ကုန်သော ဝိပါက်နာမက္ခန္ဓာ (၃၆)ပါး၊ ပဋိသန္ဓေကမ္မဇရုပ်ဟူသော နာမ်ရုပ်နှစ်ပါးတို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဝိပါက် (၃၆)ပါး၊ နာမက္ခန္ဓာလေးပါးတို့သည် ဝိပါက်အချင်းချင်းအားလည်းကောင်း၊ ဝိပါက်နှင့်အတူဖြစ်ကုန်သော ဝိညတ်ခွေးကြဉ် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း ဝိပါကသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

(ဝိပါက်တွင် နာမ်တရားတို့ကိုသာ ယူရသည်၊ ကမ္မဇရုပ်သည် ကံကြောင့် ဖြစ်လာသော်လည်း ဝိပါက်ဟု မဆိုရ၊ ရုပ်တရားမှာ အာရုံမယူတတ်၊ ထို့ကြောင့် ကံနှင့်တူသော နာမ်တရားတို့၌သာ ဝိပါက်ဟု ခေါ်ဆိုရပါသည်။) ထို့ကြောင့် နာမ်သည် နာမ်ရုပ်အား ဟေတု ဈာန မဂ္ဂ ကမ္မ ဝိပါက (၅)ပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု ဆိုရပါသည်။

## နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ

နောက်၌ဖြစ်သော ပစ္ဆာဇာတပစ္စည်းသည် ရှေး၌ဖြစ်သော ရူပကာယကို ခိုင်စေခြင်း၌ ရူပကာယအစဉ်မပြတ်ခြင်း၏အကြောင်းဖြစ်သောကြောင့် နောက်မှ ဖြစ်ပေါ်လာသော ဝိထိစိတ်ပစ္စည်းတရားသည် ရှေးဝိထိစိတ်နှင့် တစ်ပြိုင်နက် ဖြစ်နှင့်ပြီးသော ရုပ်ပစ္စယုပ္ပန်တရားအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

အထက်တွင် ဆိုထားသည့်အတိုင်း ရှေးအရင်ဖြစ်နှင့်နေပြီးသော ပစ္စယုပ္ပန် တရားကို နောက်မှဖြစ်သော ပစ္စည်းတရားက ကျေးဇူးပြု၏ ဟူရာ၌ လောက

ယုတ္တိမရှိ ဆန့်ကျင်သကဲ့သို့ ဖြစ်နေပေသည်။ အမှန်မှာ – နောက်မှဖြစ်သော ပစ္စည်းတရားက ရှေးရှေးဖြစ်နှင့်နေသော ပစ္စယုပ္ပန်တရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုခြင်းမဟုတ်ပါ။ မိမိအရင်ဖြစ်နှင့်ပြီးသော တရားသည် မိမိဖြစ်သောအခါ ဌီအခိုက်မှာသာ တည်ရှိနေသေးသည်။ ထိုတည်ရှိနေသော တရားကို အစဉ်အဆက် တည်အောင် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုခြင်းသာဖြစ်သည်။ ထို့ကြောင့် ယုတ္တိရှိပါသည်၊ မဆန့်ကျင်ပါ။

## ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ

ပုရေဇာတပစ္စည်း နှစ်မျိုးရှိပေသည်၊ ယင်းတို့မှာ – (၁) ဝတ္ထုပုရေဇာတနှင့် (၂) အာရမ္မဏပုရေဇာတ တို့ဖြစ်ပါသည်။

(၁) စက္ခုဝတ္ထုစသော ဝတ္ထုခြောက်ပါး ရုပ်တရားသည် စက္ခုဝိညာဏ်စသော ဝိညာဏဓာတ် (၇)ပါး နာမ်တရားအား ပဝတ္တိအခါ၌သာ ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

(ပဝတ္တိအခါမှ ကျေးဇူးပြုရခြင်းမှာ ပဋိသန္ဓေအခါ၌ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟူသော ဝတ္ထုရုပ်တရားတို့ မဖြစ်သင့်သောကြောင့်လည်းကောင်း၊ သံသေဒဇနှင့်ဩပပါတ်ပုဂ္ဂိုလ်တို့အားလည်း ပဋိသန္ဓေအခါ၌ စက္ခုစသောဝတ္ထုတို့ဖြစ်သင့်သော်လည်း ထိုဝတ္ထုတို့သည် ထိုထိုဝိညာဏ်တို့အား ပုရေဇာတပစ္စည်းအဖြစ်သို့ မရောက်ခြင်းကြောင့်လည်းကောင်း၊ ဟဒယဝတ္ထုသည်လည်း ပဋိသန္ဓေဝိညာဏ်နှင့်အတူတကွဖြစ်နေရသဖြင့် ပုရေဇာတအဖြစ်မရှိသောကြောင့်လည်းကောင်း ပဋိသန္ဓေအခါ၌ ကျေးဇူးမပြုနိုင်။ ပဝတ္တိအခါ၌သာ ကျေးဇူးပြုရခြင်းဖြစ်ပါသည်။)

(၂) ရူပါရုံစသော အာရုံ၆ပါး – ရုပ်တရားသည် စက္ခုဝိညာဏ်စသော ဝိညာဏ်၆ပါး ဝိညာဏဓာတ် – နာမ်တရားအား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

"ပဉ္စာရမ္မဏာနိ ပဉ္စဝိညာဏဝီထိယာ" ဟူသော ဤစကားကိုလည်း အာရမ္မဏပုရေဇာတနိဒ္ဒေသ၌လာသော အာရမ္မဏပုရေဇာတပစ္စည်းကို ရည်၍ ဆိုအပ်၏။ စင်စစ်အားဖြင့်ကား ပဋ္ဌာဝါရ၌ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ" ဤသို့ အစရှိသောပါဠိဖြင့် အာရမ္မဏ

ပုရေဇာသာမညအားဖြင့် ပစ္စုပ္ပန်စက္ခုဝတ္ထုတို့ကိုလည်း ယူအပ်သည်အဖြစ်ကြောင့် မနောဝိညာဏဝီထိအား အာရမ္မဏပုရေဇာတပစ္စည်းတပ်သော ဓမ္မာရုံကိုလည်း ရအပ်၏။ ဆက်၍ဆိုဦးအံ့ - ပစ္စုပ္ပန်ဖြစ်သော အကြွင်းဓမ္မာရုံကိုယူ၍ မနောဒွါရ ဝီထိသည် ဖြစ်၏၊ ထိုဓမ္မာရုံသည် ထိုမနောဒွါရဝီထိအား အာရမ္မဏပုရေဇာတဖြစ်၏၊ ဤသို့ ဤပစ္စုပ္ပန်ဓမ္မာရုံ၏လည်း မနောဝိညာဏဝီထိအား အာရမ္မဏပုရေဇာတပစ္စည်း တပ်သည်အဖြစ်သည် သဘောအားဖြင့် ပြီး၏။

## ပညတ်နာမ်ရုပ်သည် နာမ်တရားအား ပစ္စည်းနှစ်မျိုးဖြင့် ကျေးဇူးပြုပုံ

ပညတ်၊ နာမ်၊ ရုပ်သည် နာမ်တရားအား (၁) အာရမ္မဏ၊ (၂) ဥပနိဿယ ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပေသည်။

အာရမ္မဏပစ္စယသတ္တိကား ထင်ရှားပေပြီ၊ ဥပနိဿယကား သုံးမျိုးရှိပေရာ (က) အာရမ္မဏူပနိဿယ၊ (ခ) အနန္တရူပနိဿယ၊ (ဂ) ပကတူပနိဿယတို့ပင် ဖြစ်သည်။

(က) အလေးအမြတ်ပြုအပ်သော အာရမ္မဏာဓိပတိပစ္စည်းသည် အာရမ္မ ဏူပနိဿယပစ္စည်းမည်၏။

သို့သော် အထူးကား - (အလေးအမြတ်ပြုအပ်သည်၏ အဖြစ်မျှဖြင့် ကျေးဇူး ပြုခြင်းသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏၊ အလေးအမြတ်ပြုရာတွင် အားကြီး လွန်ကဲသောအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယ ပစ္စည်းမည်၏။

(ခ) အနန္တရပစ္စည်းသည်ပင် အနန္တရူပနိဿယမည်၏။

သို့သော် အထူးကား - မိမိ၏အခြားမဲ့၌ လျော်သောစိတ်တို့ကို ဖြစ်စေသည် အစွမ်းဖြင့် ကျေးဇူးပြုတတ်သော တရားသည် အနန္တရပစ္စည်းမည်၏။ အားကြီး သော အကြောင်းအဖြစ်ဖြင့် မိမိ၏အခြားမဲ့၌ လျော်သောစိတ်တို့ကို ဖြစ်စေသည်၏ အစွမ်းဖြင့် ကျေးဇူးပြုတတ်သော တရားသည် အနန္တရူပနိဿယပစ္စည်းမည်၏။

(ဂ) ပကတူပနိဿယပစ္စည်းတစ်ပါးမှကင်းသော (ဝါ) အာရမ္မဏူပနိဿယ အနန္တရူပနိဿယတို့နှင့် မရောသော မိမိပကတိပင်ကိုသဘောအားဖြင့်သာလျှင် အားကြီးလွန်ကဲသော အကြောင်းဖြစ်သော ပစ္စည်းသည် ပကတူပနိဿယပစ္စည်း

မည်၏။ (သီးခြားဥပနိဿယပစ္စည်းတစ်ခုဖြစ်သည်ဟု ဆိုလိုသည်။) တစ်နည်းအားဖြင့် အဇ္ဈတ္တသန္တာန်၌ ပြီးစေအပ်သော ဗဟိဒ္ဓသန္တာန်၌ အဖန်ဖန်မှီဝဲအပ်သော အားကြီးလွန်ကဲသည့်အကြောင်းသည် ပကတူပနိဿယပစ္စည်းမည်ပေသည်။

မိမိအဇ္ဈတ္တသန္တာန်၌ဖြစ်သော ရာဂ ဒေါသ အစရှိသော တရား၊ သဒ္ဓါ သီလ သုတ စသောတရား၊ ကိုယ်၌ဖြစ်သည့် သုခ ဒုက္ခတရားများသည်လည်းကောင်း၊ သူတစ်ပါးဗဟိဒ္ဓသန္တာန်၌ဖြစ်သော ရာဂ ဒေါသ အစရှိသောတရား၊ သဒ္ဓါ သီလ သုတ အစရှိသော တရားများသည်လည်းကောင်း၊ အဖန်တလဲလဲမှီဝဲအပ်သော ဥတု ဘောဇဉ် ပုဂ္ဂိုလ် သေနာသန အစရှိသောတရားသည်တို့လည်းကောင်း၊

မိမိသန္တာန် ဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတတရားတို့အားလည်းကောင်း၊ သူတစ်ပါး သန္တာန်ဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတတရားတို့အားလည်းကောင်း ထိုက်သင့်သလို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေသည်။

♦ ကုသိုလ်ကံ အကုသိုလ်ကံသည်လည်း ဝိပါက် (၃၆) နာမက္ခန္ဓာတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ (ဤသို့လျှင် ပကတူပနိဿယသတ္တိသည် များသောအပြားရှိ၏။။)

နာမရူပပရိစ္ဆေဒကျမ်းတွင် ရာဂ သဒ္ဓါ စသော တရားတို့ကိုကား အဇ္ဈတ္တသန္တာန်၌ အဖန်ဖန်ထုံတတ် ပြီးစီးစေအပ်၏။ ပုဂ္ဂိုလ် သတ္တာဝါ သင်္ခါရတရားတို့ကား ဗဟိဒ္ဓသန္တာန်၌ ကပ်၍မှီဝဲအပ်၏ဟု ဆိုထားသည်။ မှန်ပေသည်၊ မိမိ၏ ရာဂ သဒ္ဓါ စသော တရားတို့သည် မိမိတို့၏ ကုသိုလ် အကုသိုလ်တို့၏ မှီရာဖြစ်ပေသည်။ အဆွေခင်ပွန်းကောင်း၏ သဒ္ဓါစသော ကုသိုလ်ကို မှီ၍ ကုသိုလ်ပြုသောသူ၌ သူတစ်ပါး၏ ဗဟိဒ္ဓကုသိုလ်တို့သည် မိမိ၏ကုသိုလ်၏မှီရာဖြစ်သွားတော့သည်။

နတ်ပြည်ရောက်စေခြင်းငှာလည်းကောင်း၊ ရာဂစသည်ကို ငြိမ်းစေခြင်းငှာလည်းကောင်း ဖြစ်စေအပ်သော ဆန္ဒဖြင့် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ ဈာန် အဘိညာဉ် ဝိပဿနာ မဂ်တို့ကို ပွားခြင်းသည် ကာမရာဂကို မှီ၍ ကုသိုလ်ပြုခြင်းတည်း။ ထို့ကြောင့် ရာဂစသော တရားတို့ကို မှီ၍လည်း ဒါနစသော ကုသိုလ်တို့ ဖြစ်ခြင်းကို သိရာ၏။ ယင်းရာဂစသည်တို့သည် ကုသိုလ်တရားအား ပကတူပနိဿယဖြင့် ကျေးဇူးပြု၏။

မိမိ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အမှီပြု၍ မိမိ ဒါန သီလ စသည်တို့သည် ဖြစ်ကုန်၏၊ မိတ်ဆွေကောင်းတို့၏ သဒ္ဓါအစရှိသည်တို့ကိုလည်း အမှီပြု၍ သူတစ်ပါးတို့၌ ဒါန သီလ အစရှိသည်တို့သည် ဖြစ်ကုန်၏။

မိတ်ဆွေကောင်း၊ လျောက်ပတ်သော ဘောဇဉ် ဥတု၊ လျောက်ပတ်သော နေရာတို့လည်း ပကတူပနိဿယပစ္စည်းများပင်တည်း။ ထို့ကြောင့် ပညတ် နာမ် ရုပ်က စိတ် စေတသိက် နာမ်တရားအား ကျေးဇူးပြုနိုင်သည်။

## နာမ်ရုပ်သည် နာမ်ရုပ်အား (၉)ပစ္စည်းတပ်ပုံ

**အဓိပတိပစ္စည်းသည်** (၁) အာရမ္မဏာဓိပတိနှင့် (၂) သဟဇာတာဓိပတိ ဟူ၍ နှစ်မျိုးရှိသည်။

(၁) အလွန်နှစ်သက်ဖွယ်ဖြစ်သော ရုပ်တရား၊ အလွန်နှစ်သက်ဖွယ်ဖြစ်သော နာမ်တရားများသည် (ဂရုကတဖြစ်သည့်) အာရမ္မဏာဓိပတိပစ္စည်းဖြစ်သော ရုပ် နာမ်မည်၏။ ယင်းရုပ်နာမ်တို့ကို အာရုံပြု၍ဖြစ်သော စိတ် စေတသိက် နာမ်တရား တို့သည် အာရမ္မဏာဓိပတိပစ္စယုပ္ပန်တရားမည်ကုန်၏။

**အာရမ္မဏာဓိပတိမည်ရခြင်းမှာ** - ရှာန် မဂ် ဖိုလ် ဝိပဿနာ နိဗ္ဗာန်စသော အလေးအမြတ်ပြုအပ်သော အာရုံကို ဆင်ခြင်ခြင်း၊ သာယာခြင်းစသည်ဖြင့် မဂ် ဖိုလ်စသော တရားတို့ကို မိမိနှင့်စပ်အောင် ပြုသောကြောင့်ပင်တည်း။

(၂) ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ (ပညာ) ဟူသော အဓိပတိလေးပါးသည် ပစ္စယုပ္ပန်တရားနှင့်တကွဖြစ်သောကြောင့် သဟဇာတာဓိပတိပစ္စည်းမည်၏။ ယင်းအဓိပတိပစ္စည်းလေးပါးကြောင့်ဖြစ်ကုန်သော စိတ် စေတသိက် စိတ္တဇရုပ် တရားတို့သည် သဟဇာတာဓိပတိ ပစ္စယုပ္ပန်တရားများ ဖြစ်သည်။

## အာရမ္မဏာဓိပတိနှင့်အာရမ္မဏူပနိဿယအထူး

အလေးအမြတ်ပြုအပ်ကာမျှသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။ အလေး အမြတ်လည်းပြုအပ်သော်လည်း အားရှိသော အကြောင်းဖြစ်သော အနက်ကြောင့် အာရမ္မဏူပနိဿယပစ္စည်းမည်၏။

သဟဇာတပစ္စည်းသည် -

(၁) စိတ် စေတသိက်တရားတို့က တကွဖြစ်သော စိတ် စေတသိက်တရား နှင့် စိတ္တဇရုပ်တို့အား ကျေးဇူးပြုသော သဟဇာတပစ္စည်း။

(၂) မဟာဘုတ်လေးပါး ရုပ်တရားက အချင်းချင်းဖြစ်သော မဟာဘုတ်အားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း ကျေးဇူးပြုသော သဟဇာတပစ္စည်း။

(၃) ပဋိသန္ဓေအခိုက်အခါ ပဋိသန္ဓေဝိပါက်စိတ် စေတသိက်သည် အချင်းချင်းဖြစ်သော ဝိပါက်စိတ် စေတသိက်အားလည်းကောင်း၊ ဟဒယဝတ္ထုရုပ်အားလည်းကောင်း ကျေးဇူးပြုသော သဟဇာတပစ္စည်းဟု သုံးမျိုးရှိသည်။

(နာမ်တရားက ရုပ်တရားအား တစ်ဖန် ရုပ်တရားက နာမ်တရားအား အညမညသတ္တိဖြင့် ကျေးဇူးပြုမှုဟူသည် ဤပဋိသန္ဓေစိတ် စေတသိက်နှင့် ဟဒယဝတ္ထုကို ရည်၍ ဆိုခြင်းဖြစ်သည်။)

**အညမညပစ္စည်း** ဟူသည် အချင်းချင်းအပြန်အလှန် တစ်ပါးက တစ်ပါးအား ထောက်ပံ့ခိုင်ခံ့စေသည်အစွမ်းဖြင့်သာလျှင် ကျေးဇူးပြုနိုင်သော ပစ္စည်းကို ဆိုလို၏။ တကွဖြစ်ကာမျှကို မဆိုလို၊ ထို့ကြောင့် ပဝတ္တိအခါ၌ စိတ္တဇရုပ်နှင့်စိတ်စေတသိက် နာမ်တို့သည် တကွဖြစ်ကာမျှဖြစ်၍ အညမညမဖြစ်နိုင်ကြပေ၊ သဟဇာတမျှသာ ဖြစ်နိုင်ပေသည်။ မဟာဘုတ်နှင့်ဥပါဒါရုပ်တို့လည်း အချင်းချင်း အညမညမဖြစ်နိုင်ပေ။ သဟဇာတမျှသာတည်း။

''သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ = သတ္တဝါအားလုံး အာဟာရနှင့်စပ်၍ တည်၏''ဟူသော စကား၌ သဗ္ဗေ သတ္တာ အရတွင် အသညသတ်သတ္တဝါ ပါနိုင် မပါနိုင် မေးခဲ့သော် -

အာဟာရပစ္စည်းတွင် နာမ်အာဟာရဖြင့် ကျေးဇူးပြုရာ၌ -

(က) ''အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ အာဟာရပစ္စယေန ပစ္စယော = နာမ်အာဟာရတရားတို့သည် တကွဖြစ်သော နာမ်ရုပ်တို့အား အာဟာရပစ္စည်းဖြင့် ကျေးဇူးပြု၏ဟု ဘုရားရှင် ဟောကြားတော်မူ၏။

(ခ) သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ = သတ္တဝါအားလုံး အာဟာရနှင့် စပ်၍သာ တည်ကြ၏ ဟု- ဘုရားရှင် ဟောကြားထားပြန်၏။

ထိုစကားနှစ်ရပ်တွင် ''သဗ္ဗေ သတ္တာ''၌ အသညသတ်သတ္တဝါသည် ရုပ်သက်သက်သတ္တဝါဖြစ်၍ နာမ်မရှိသောကြောင့် နာမ်အာဟာရဖြင့် ကျေးဇူး မပြုနိုင်။ ထို့ကြောင့် ''သဗ္ဗေ သတ္တာ''အရတွင် အသညသတ်သတ္တဝါ မပါဝင်နိုင်ဟု ဆိုကြ၏။

ဘုရားရှင်တို့၏စကားသည် လွဲမှားသည်ဟူ၍ မရှိ။ အသညသတ်သတ္တဝါသည် ရုပ်ချည်းသက်သက်ဖြစ်၍ လောလောဆယ် ပစ္စုပ္ပန်နှင့်တကွဖြစ်သော နာမ်အာဟာရပစ္စည်းအနေဖြင့် ကျေးဇူးမပြုနိုင်သော်လည်း –

အသညသတ်သတ္တဝါဖြစ်လာအောင် အတိတ်က မနောသဉ္စေတနာဟာရ၏ အစွမ်းဖြင့် ဖြစ်သော ကံ၊ ထိုကံနှင့်တကွဖြစ်ကုန်သော ဖဿာဟာရ၊ ဝိညာဏာဟာရတို့၏ နာနက္ခဏိကကမ္မပစ္စည်း ပကတူပနိဿယ ပစ္စည်းနှစ်ပါးတို့ဖြင့် ကျေးဇူးပြုမှုကြောင့် ဖြစ်လာရခြင်းဖြစ်၍ အတိတ်နာမ် အာဟာရ၏ ကျေးဇူးပြုမှု မကင်းပေ။ ထိုအတိတ်နာမ်အာဟာရ အကြောင်းကို ရည်၍ ဟောတော်မူခြင်း ဖြစ်သည်။ ပစ္စုပ္ပန်နာမ်အာဟာရဖြင့် ကျေးဇူးပြုခြင်းကို ရည်၍ ဟောတော်မူခြင်း မဟုတ်ပါ။

ထို့ကြောင့် သတ္တဝါအားလုံးပင် အာဟာရနှင့်စပ်၍ တည်၏ဟူသော သဗ္ဗေသတ္တာအရတွင် အသညသတ်သတ္တဝါလည်း ပါဝင်လျက်ရှိသည်။

ဣန္ဒြိယပစ္စည်းတွင်

(၁) ပုရေဇာတိန္ဒြေ

(၂) ရူပဇီဝိတိန္ဒြေ

(၃) သဟဇာတိန္ဒြေဟု သုံးမျိုးရှိသည်။

(၁) စက္ခုပသာဒစသော ပဉ္စပသာဒ = ဣန္ဒြေငါးပါးသည် ဆိုင်ရာ စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးတို့အား ပုရေဇာတိ ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားသည် ဇီဝိတရုပ်ကြဉ်သော ကလာပ်တူ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့အား ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏။

(၃) နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ ဝီရိယ၊ သဒ္ဓါ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူသော နာမ်ဣန္ဒြေတရားကိုယ် (၈)ပါးတို့သည် တကွဖြစ်ကုန်သော စိတ်–၈၉၊ စေတသိက်–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တရားတို့အား သဟဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြု၏။

## ဘာဝရုပ်နှစ်ပါးသည် ဣန္ဒြေမည်လျက် ဣန္ဒြိယပစ္စည်း မထိုက်ခြင်း

ရုပ်ဣန္ဒြိယပစ္စည်းတရားတွင် ပဥ္စပသာဒနှင့် ရုပ်ဇီဝိတိန္ဒြေတို့သာ ပါဝင်ပြီး ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေတို့တွင် မပါဝင်ပါ။ ယင်းနှစ်ပါးသည် လိင်အစရှိသည်တို့ကို အစိုးတရ မိမိသို့ အစဉ်လိုက်စေသော်လည်း ဣန္ဒြိယပစ္စည်းအဖြစ်ဖြင့် မိမိသို့ အစဉ်လိုက်စေခြင်းမဟုတ်သောကြောင့် ဣန္ဒြိယပစ္စည်း မတပ်ချေ။ ထင်ရှားစွာ ပြဆိုရပါမူ ရုပ်ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်အား ဣန္ဒြိယသတ္တိဖြင့်လည်းကောင်း၊ ကဗဠီကာရာဟာရသည် စတုဇကာယရုပ်တို့အား အာဟာရသတ္တိဖြင့်လည်းကောင်း ကျေးဇူးပြုပေသည်။ ထိုသို့ ရုပ်ဇီဝိတက ကမ္မဇရုပ်အား စောင့်ရှောက်ခြင်း၊ ကဗဠီကာရာဟာရက စတုဇကာယရုပ်တို့အား ထောက်ပံ့ခြင်းအမှုကို ပြု၍ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသကဲ့သို့ ဣတ္ထိန္ဒြေနှင့် ပုရိသန္ဒြေတို့သည် လိင်စသည်တို့အား ၂၄-ပါးသော ပစ္စည်းတို့တွင် မည်သည့် ပဋ္ဌာန်းပစ္စယသတ္တိနှင့်မျှ ကျေးဇူးမပြုပေ။ ထို့ကြောင့် ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေတို့မှာ ဣန္ဒြေထိုက်သော်လည်း ဣန္ဒြိယပစ္စည်း မတပ်ကြပါ။

## ဣန္ဒြိယပစ္စည်းမတပ်သော်လည်း ဣန္ဒြေအမည်ရခြင်း

ယင်း ၂-ပါးတို့သည် ဆိုခဲ့သည့်အတိုင်း ဣန္ဒြိယပစ္စည်း မတပ်သော်လည်း လိင်စသည်တို့အား မိမိအလိုသို့ လိုက်စေနိုင်ပါသည်။ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေတို့ သည် ယောကျ်ား၊ မိန်းမဟူ၍ သိခြင်း၏ အကြောင်းဖြစ်ခြင်း၊ ဣတ္ထိန္ဒြေသည် မိမိ ခန္ဓာအစဉ်၌ ပုရိသလိင်စသော အခြင်းအရာတို့ကို ဖြစ်ခွင့်မပေးခြင်း၊ ပုရိသိန္ဒြေ သည်လည်း မိမိခန္ဓာအစဉ်၌ ဣတ္ထိလိင်စသော အခြင်းအရာတို့ကို ဖြစ်ခွင့်မပေး ခြင်းကြောင့် မိမိနှင့်သက်ဆိုင်ရာလိင် စသည်သို့သာ လိုက်စေသောအားဖြင့် အစိုး ရသောကြောင့် ဣန္ဒြေထိုက်ကြပေသည်။

ဝိပ္ပယုတ္တပစ္စည်းသည်

(၁) သဟဇာတဝိပ္ပယုတ်

(၂) ပစ္ဆာဇာတဝိပ္ပယုတ်

(၃) ပုရေဇာတဝိပ္ပယုတ် ဟူ၍ သုံးပါးရှိ၏။

(၁) ဩက္ကန္တိက္ခဏေ စသော ပုဒ်ဖြင့် ပဋိသန္ဓေခဏ၌ ပဥ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားသည် ပဥ္စဝေါကာရ ပဋိ

သန္တေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

ပဝတ္တိအခါ၌ ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက် အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိကြဉ်သော ရုပ်ကိုဖြစ်စေသော စိတ် ၇၅-ပါး၊ နာမက္ခန္ဓာ ပစ္စည်းတရားတို့သည် တကွဖြစ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တရားတို့အားလည်း သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့်ပင် ကျေးဇူးပြု၏။

(၂) ပစ္ဆာဇာတ စသောပုဒ်ဖြင့် အရူပ ဝိပါက်ကြဉ် နောက်နောက်သောစိတ် ၈၅-ပါး နာမက္ခန္ဓာတရားတို့သည် ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဧက ကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ ရုပ်တရားတို့အား ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်ပင် ကျေးဇူးပြု၏။

[ဧကဇရုပ်ဟူသည် ပဋိသန္ဓေစိတ် ဥပါဒ်အခိုက်၌ဖြစ်သော ကမ္မဇရုပ်တည်း။ ဒွိဇရုပ်ဟူသည် ပဋိသန္ဓေစိတ်၏ ဌီအခိုက်၌ဖြစ်သော ကမ္မဇ+ဥတုဇရုပ်တည်း။ တိဇရုပ်ဟူသည် ပထမဘဝင်အခိုက်၌ဖြစ်သော ကမ္မဇ+ဥတုဇ+ စိတ္တဇရုပ်တည်း။ စတုဇရုပ်ဟူသည် အာဟာရပျံ့နှံ၍ အာဟာရဇရုပ်ဖြစ်သောအခါ၌ ကံ စိတ် ဥတု အာဟာရ ရုပ်တို့တည်း]

(၃) ဆဝတ္ထုနိ စသောပုဒ်ဖြင့် စက္ခုပသာဒ စသော ဝတ္ထုရုပ်ခြောက်ပါးသည် ပဝတ္တိအခါ၌ ဆိုင်ရာ ဝိညာဏဓာတ် (၇)ပါးအား ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

ဤသို့ ဝိပ္ပယုတ္တပစ္စည်းသည် (၁) သဟဇာတဝိပ္ပယုတ္တ၊ (၂) ပစ္ဆာဇာတဝိပ္ပယုတ္တ၊ (၃) ပုရေဇာတဝိပ္ပယုတ္တအားဖြင့် သုံးမျိုးအပြားရှိသည်၏အဖြစ်ကို ပြ၏။ ရုပ်ချင်းကား ဝိပ္ပယုတ် ဧကန်ဖြစ်နေ၍ မဟောတော့။

ရုပ်တရားအချင်းချင်းမှာ သမ္ပယုတ်မဟုတ်ကုန်။ ဧကန်မုချ ဝိပ္ပယုတ်ပင် ဖြစ်သည်။ ထို့ကြောင့် ယှံမှားဖွယ် မရှိ၍ ရုပ်၊ ရုပ်ချင်း ဝိပ္ပယုတ်အဖြစ်ကို မဟောပေ။ အကြင်တရားတို့အား သမ္ပယုတ်လော၊ ဝိပ္ပယုတ်လောဟု ယှံမှားဖွယ်ရှိ၏။ ထိုတရားတို့အားသာ ဝိပ္ပယုတ္တပစ္စည်းအဖြစ် ထုတ်ဖော်ဟောကြားတော်မူပါသည်။

## အတ္ထိနှင့် အဝိဂတ

အတ္ထိပစ္စည်းလည်း မည်၊ အဝိဂတပစ္စည်းလည်း မည်သော ပစ္စည်းတရား ငါးမျိုး ရှိပေသည်။ ၎င်းတို့ကား -

(၁) သဟဇာတပစ္စည်းသုံးမျိုး၊
(၂) ပုရေဇာတပစ္စည်းနှစ်မျိုး၊
(၃) ပစ္ဆာဇာတပစ္စည်း၊
(၄) ကဗဠီကာရာဟာရဟူသော ရူပအာဟာရပစ္စည်းနှင့်
(၅) ရူပဇီဝိတိန္ဒြိယပစ္စည်းတို့ပင်တည်း။

ထိုပစ္စည်း၄မျိုးသည် ထင်ရှားရှိသောသဘော အတ္ထိသတ္တိဖြင့် ပစ္စယုပ္ပန်တရားတို့အား ထောက်ပံ့ခိုင်စေတတ်သောကြောင့် အတ္ထိပစ္စည်းလည်းမည်၊ အဝိဂတပစ္စည်းလည်း မည်ပါသည်။

**နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားဖြစ်ပါလျက် အတ္ထိ၊ အဝိဂတပစ္စည်း၌ မပါဝင်ခြင်းအကြောင်း**

ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသောတရားသည် ထိုသို့ပစ္စုပ္ပန်သဘောရှိသော အခြားတရာကို ထောက်ပံ့ကျေးဇူးပြုတတ်သည်၏အဖြစ်သည်လည်းကောင်း၊ ထင်ရှားရှိသည်၏အဖြစ်မရှိသေးသောကြောင့် လျော်သော ကျေးဇူးကို မပြုတတ်သော တရားသည်သာလျှင် ထင်ရှားရှိလာသောအခါ၌ လျော်သော ကျေးဇူးကို ပြုတတ်သည်၏အဖြစ်သည်လည်းကောင်း အတ္ထိ အဝိဂတပစ္စည်းတို့၏ အဖြစ် မည်၏။ ထို့ကြောင့် အခါခပ်သိမ်း ထင်ရှားရှိသော နိဗ္ဗာန်သည် အတ္ထိပစ္စည်း၏ အဖြစ်သည်လည်းကော်း၊ အဝိဂတပစ္စည်း၏အဖြစ်သည်လည်းကောင်း မရှိနိုင်။ (ဋီ၊ မြန်)

တစ်နည်းကား ဥပါဒ် ဌီ ဘင် အစရှိသည်တို့နှင့် ယှဉ်သော ရုပ်နာမ်သင်္ခတတရားတို့၏ ထင်ရှားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်နှင့် ဆန့်ကျင်ဘက်လည်းဖြစ်သော (နတ္ထိ၏ဆန့်ကျင်ဘက် အတ္ထိဟု ဆိုလိုသည်။)

ကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်နှင့် ဆန့်ကျင်ဘက်လည်းဖြစ်သော (ဝိဂတ၏ဆန့်ကျင်ဘက် အဝိဂတဟု ဆိုလိုသည်။)

လျော်သော ကျေးဇူးကို ပြုတတ်သည်၏အဖြစ်သည် အတ္ထိ အဝိဂတပစ္စည်းတို့၏အဖြစ်မည်၏။

နိဗ္ဗာန်သည်ကား ထိုဥပါဒ် ဌီ ဘင် အစရှိသော အပိုင်းအခြားကင်းသော အသင်္ခတတရားဖြစ်သောကြောင့် အတ္ထိ အဝိဂတပစ္စည်းအဖြစ် မရခြင်းကို ယုံမှားသံသယဖြစ်စရာ မရှိနိုင်ပါပေ။ (ဋီ၊ မြန်)

(ပရမတ္ထသံခိပ်ဋီကာလာ ရှင်းလင်းချက်ကို လေ့လာကြည့်ပါဦး။)

**နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတပ်ပုံ။** ။ အတ္ထိပစ္စည်းငါးမျိုး၌ ပါဝင်သော တရားအားလုံးကို တရားကိုယ်ကောက်လျှင် စိတ် စေတသိက် ရုပ်ဟူသော ပရမတ္ထ တရားသုံးပါးသာလျှင် ပါဝင်သည်။ နိဗ္ဗာန်နှင့်ပညတ်တို့သည် အတ္ထိပစ္စည်း၌ မပါဝင်ကြချေ။ ထိုတွင် ပညတ်သည် ပရမတ္ထအားဖြင့် လက်ဆုပ်လက်ကိုင်ရကောင်းသော တရားမဟုတ်၍ အတ္ထိပစ္စည်း၌ မပါသည်ကို စိစစ်ဖွယ်မရှိချေ။

နိဗ္ဗာန်သည်ကား စိတ် စေတသိက်ရုပ်တို့ကဲ့သို့ပင် ပရမတ္ထတရားတစ်ခုဖြစ်ပါလျက် အဘယ့်ကြောင့် အတ္ထိပစ္စည်းမတပ်သနည်းဟု မေးမြန်းဖွယ်ရှိပေသည်။

အဖြေကား - ဤပဋ္ဌာန်းနည်း၌ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိခိုက်၌သာ ကျေးဇူးပြုနိုင်၍ ယင်းသို့ ထင်ရှားရှိခိုက် ကျေးဇူးပြုနိုင်သော တရားတို့ကိုသာ အတ္ထိပစ္စည်းဟု ဟောတော်မူသည်။ နိဗ္ဗာန်သည်ကား ထင်ရှားရှိသောအခိုက်၊ မရှိသောအခိုက်ဟု နှစ်မျိုးမကွဲချေ၊ အမြဲထင်ရှားရှိနေသော တရားဖြစ်၏၊ ဆိုင်ရာ အာရမ္မဏိကစိတ်တို့အား အချိန်အခါမရွေး ပစ္စည်းတပ်နိုင်သည်သာဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း၌ မပါဝင်ခြင်း ဖြစ်ပေသည်။

ရှင်းလင်းပါဦးအံ့ - ပစ္စည်းတစ်ခု၏သတ္တိသည် အခြားသော ဆန့်ကျင်ဘက်ပစ္စည်းနှင့် ထောက်စာလျှင် ပို၍ထင်ရှားသည်။ အတ္ထိသတ္တိသည် နတ္ထိပစ္စည်း၏သတ္တိနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ နတ္ထိပစ္စည်း၏သဘောကား ဥပါဒ် ဌီ ဘင်အားဖြင့် ထင်ရှားရှိပြီးနောက် ချုပ်ပျောက်သွား၍ မရှိတော့ခြင်းသဘောဖြစ်၏။

အတ္ထိ၏သဘောမှာ အကြောင်းဆုံမှသာ ဖြစ်ပေါ်လာသည့် သဘောဖြစ်သည်။ ထိုအကြောင်းချုပ်ပျောက်လျှင် အတ္ထိသဘောလည်း ချုပ်ပျောက်လေတော့သည်။ အတ္ထိနှင့်နတ္ထိတို့သည် ရှေ့နှင့်နောက် တစ်ဆက်တည်း မကွဲမကွာဖြစ်ပေါ်သည့် သဘာဝများဖြစ်သည်။ တစ်နည်းအားဖြင့် အတ္ထိနှင့်နတ္ထိတို့သည် တွဲဖက်ဖြစ်သည်။ အတ္ထိရှိမှ နတ္ထိရှိသည်၊ နတ္ထိရှိလျှင် အတ္ထိရှိပြီဟု သိအပ်သည်။ အတ္ထိနှင့်နတ္ထိတို့ကား ဆန့်ကျင်ဘက်သဘောအဖြစ်ဖြင့် မကင်းကောင်းသည့် သဘောနှစ်ခုဖြစ်သည်။ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်မှာမူကား အကြောင်းတရားတို့ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာအပ်သော တရားမဟုတ်ချေ။ ထို့ကြောင့် နိဗ္ဗာန်မှာ အတ္ထိသဘောမရှိ၊ အတ္ထိသဘောမရှိသဖြင့် အတ္ထိ၏တွဲဖက် နတ္ထိသဘောလည်း မရှိချေ။ ထို့ကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း နတ္ထိပစ္စည်းတို့၌ အကျုံးမဝင်ရတော့ချေ။

တစ်နည်း – အတ္တိ အဝိဂတပစ္စည်းသည် သင်္ခတတရားတို့၏ ဥပါဒ် ဌီ ဘင် အားဖြင့် ထင်ရှားရှိသော ပစ္စုပ္ပန်အခိုက်၊ မချုပ်ငြိမ်းသေးသော အခိုက်တွင်သာ ကျေးဇူးပြုနိုင်သော ပစ္စည်းဖြစ်သည်။ နိဗ္ဗာန်သည်ကား ကာလအားဖြင့် မကွဲပြား ကာလမရှိ၊ ဥပါဒ် ဌီ ဘင် ကင်း၍ အသင်္ခတဖြစ်ပြီး အမြဲတည်ရှိနေသောတရား ဖြစ်သောကြောင့် အတ္တိ အဝိဂတပစ္စည်း၌ မပါဝင်ခြင်း ဖြစ်သည်။

အတ္တိ၊ အဝိဂတပစ္စည်း၌ပါးမျိုးတွင် ရုပ်အာဟာရနှင့် ရုပ်ဇီဝိတိန္ဒြေကို သဟဇာတတွင် ထည့်မပေါင်းဘဲ သီခြားခွဲယူပြထားခြင်းမှာ ယင်း (၂)ပါးသည် ဌီခဏ၌သာ ကျေးဇူးပြုတတ်သောကြောင့်ပင် ဖြစ်သည်။

## ပစ္စည်းအချုပ် (၄)ပါး

(၁) စိတ်၊ စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းတရာမည်သည် မရှိသောကြောင့် ပစ္စည်းအားလုံးကို အာရမ္မဏပစ္စည်း၌ ပေါင်းယူနိုင်၏။

(၂) မိမိတို့၏ ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ မှီရာအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည်လည်း မရှိသောကြောင့် ပစ္စည်းအားလုံးကို ဥပနိဿယပစ္စည်း၌ ပေါင်းယူနိုင်၏။

(၃) အဇ္ဈတ္တဘောဆိုအပ်သော သတ္တဝါရလောကဖြစ်ခြင်းသည် ကုသိုလ်၊ အကုသိုလ်၊ ကံအကြောင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် အကြောင်း၏ အမည်ကို အကျိုး၌တင်စား၍ အလုံးစုံသော ပစ္စည်းတို့သည် ကံ အဖြစ်ကို မလွန်နိုင်ရကား ပစ္စည်းအားလုံးကို ကမ္မပစ္စည်း၌ ပေါင်းယူနိုင်သည်။

(၄) ပစ္စည်းအားလုံးတို့သည် ပရမတ်အားဖြင့်လည်းကောင်း၊ လောကသမုတိအစွမ်းအားဖြင့်လည်းကောင်း ထင်ရှားရှိသည်ချည်းပင်။ ထို့ကြောင့် ပစ္စည်းအားလုံးကို အတ္တိပစ္စည်း၌ ပေါင်းယူနိုင်သည်။ ထို့ကြောင့် ပစ္စည်းအားလုံးကို အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္တိ ၄–ပစ္စည်းတို့၌ ပေါင်းယူနိုင်၏။

## သဟဇာတရုပ်

သဟဇာတရုပ်ဟူသည် ပဋိသန္ဓေအခါ ကမ္မဇရုပ်နှင့် ပဝတ္တိအခါ စိတ္တဇရုပ်ကို ဆိုလိုပေသည်။ မှန်ပေသည်။ ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်တို့ မဖြစ်ခြင်း၊ ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့ဖြစ်သော်လည်း စိတ်၊ စေတသိက်တို့နှင့် အတူတကွ မဖြစ်ခြင်းတို့ကြောင့် အထက်ပါ ၂-ပါးကိုသာ သဟဇာတဟု ဆိုရသည်။ (ရှေးအတိတ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကို ကဋတ္တာရုပ်ဟု ဆိုပေသည်။)

## ပဋ္ဌာန်းနိဂုံး

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဟူသော အတိတ်ပစ္စည်း ငါးမျိုး။

အတိတ်၊ ပစ္စုပ္ပန်ဖြစ်သော ကမ္မပစ္စည်း။

တေကာလိကဖြစ်သော အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယပစ္စည်း။

ကျန်သော ပစ္စုပ္ပန်ပစ္စည်း (၁၅)ပါးဟူသော ကာလအားဖြင့်လည်းကောင်း၊

နိဗ္ဗာန်၊ ပညတ်ဟူသော ကာလဝိမုတ်အားဖြင့်လည်းကောင်း၊

စက္ခု၊ ရာဂ၊ သဒ္ဓါစသော အဇ္ဈတ္တိကအားဖြင့်လည်းကောင်း၊

ဥတု၊ ဘောဇဉ်၊ ပုဂ္ဂိုလ်စသော ဗဟိဒ္ဓအားဖြင့်လည်းကောင်း၊

ပစ္စယုပ္ပန်သခ်တ မပြုပြင်အပ်သော အသခ်တအားဖြင့်လည်းကောင်း။

ပညတ်၊ နာမ်၊ ရုပ် အကျဉ်းသုံးပါးအားဖြင့်လည်းကောင်း အဆုံးမရှိသော နည်းတို့ဖြင့် ပစ္စည်းအားလုံး၏ တည်ရာ ပဋ္ဌာန်းကျမ်း၌ ၂၄-ပါးသော ပစ္စည်းတို့သည် ဖြစ်ကုန်၏။

## နာမ်နှင့် ရုပ်အခွဲ

ရုပ် (၂၈)ပါးသည် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏။ စိတ်၊ စေတသိက် ဟူသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် = နာမ်ခန္ဓာ (၄)ပါးနှင့် နိဗ္ဗာန်ဟူသော တရားငါးပါးတို့ကို နာမ် (=အရူပ)ဟု ခေါ်သည်။

ပညတ်ကား (၂)ပါး ရှိပေသည်။

(၁) တော၊ တောင်၊ ရေ၊ မြေ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ရုပ်၊ ဝေဒနာ စသော အနက်တို့သည် အပြားအားဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ်မည်၏။ အတ္ထပညတ်မှာ အဆိုပါရုပ်စသော တရားအပေါင်းတို့၏

အမြဲတည်ခြင်းအခိုက်အတန့် အထူးစသော သမုတိသစ္စာဉပါဒါ ပညတ် ဖြစ်သည်။

(၂) ဝန၊ ပဗ္ဗတ၊ ဉဒက၊ ဘူမိ၊ နရ၊ ဒေဝ၊ ဗြဟ္မာ၊ ရူပ၊ ဝေဒနာ စသော အနက်အပေါင်းသည် အတ္ထပညတ်ကို အပြားအားဖြင့် သိစေတတ် သောကြောင့် သဒ္ဒပညတ် မည်၏။ သဒ္ဒပညတ်မှာ အမည်နာမ ရှိကုန် သော အနက်ဒြပ်၏ အမည်နာမပညတ်ဖြစ်သည်။

## အတ္ထပညတ်အမျိုးမျိုး

(၁) ထိုထိုသို့သော ပထဝီစသော မဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာ ပုံဟန်သဏ္ဍာန်ကို စွဲ၍ ပညတ် သမုတ်အပ်သော မြေ၊ တောင် စသော **သဏ္ဌာနပညတ်** လည်းကောင်း။

(၂) သစ်၊ မြေစိုင်၊ ချည် အစရှိသော အဆောက်အဦးတို့၏ ပေါင်းစည်း စုဝေးသော အခြင်းအရာကို အစွဲပြု၍ ပညတ် သမုတ်အပ်သော အိမ်၊ ရထား၊ လှည်း၊ ရွာ၊ အိုး၊ ပုဆိုးစသော **သမူဟပညတ်**လည်းကောင်း။

(၃) ခန္ဓာငါးပါးအပေါင်းကို စွဲ၍ ပညတ်သမုတ်အပ်သော ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ် စသော **ဇာတိပညတ်** လည်းကောင်း။

(၄) လ၊ နေ၊ နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ျာရစ်လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကို စွဲ၍ ပညတ်သမုတ်အပ်သော အရှေ့ အရပ်စသော **ဒိသာပညတ်**လည်းကောင်း။ နံနက် စသော **ကာလ ပညတ်**လည်းကောင်း။ ကဆုန်လ စသော **မာသပညတ်**လည်း ကောင်း။

(၅) ထိုသို့သော ရုပ်ကလာပ်တို့သည် မတွေ့ မထိအပ်သော အပေါက် အခေါင်း စသော အခြင်းအရာကို စွဲ၍ ပညတ်သမုတ်အပ်သော တွင်း၊ ဂူ၊ လိုဏ်၊ အပေါက်စသော **အာကာသ** ပညတ်လည်းကောင်း။

(၆) ထိုသို့သောအခြင်းအရာအားဖြင့်ထင်သော ပထဝီကသိုဏ်းစသော နိမိတ်ကိုလည်းကောင်း၊ ပရိကမ္မစသည်ဖြင့် ပွားသော ဘာဝနာစဉ် အထူးကိုလည်းကောင်း စွဲ၍ သမုတ်အပ်သည့် ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် စသော **နိမိတ္တပညတ်**

လည်းကောင်း ဤသို့ အစရှိသော ပညတ်အပေါင်းသည် အတ္ထပညတ် တို့ပင်တည်း။

## သဒ္ဒပညတ်အမျိုးမျိုး

အနက်ကို သိစေတတ်သော သဒ္ဒပညတ်ကို –

နာမ်၊ နာမကမ္မ၊ နာမဓေယျ၊ နိရုတ္တိ၊ ဗျဉ္ဇန၊ အဘိလာပ ဟူသော ခြောက်ပါး သောအမည်တို့ဖြင့် ခေါ်ဆိုအပ်ပါသည်။ ယင်းတို့တွင် –

(၁) နွား၊ ကျွဲ စသော စိတ္တဇသဒ္ဒါအပေါင်းသည် အနက်၌ ညွတ်တတ် သောကြောင့် နာမ်မည်၏။

(၂) နွား၊ ကျွဲ စသော သဒ္ဒါအပေါင်းသည် ''ဤသဒ္ဒါသည် ဤသို့ ခေါ်ဝေါ်၏'' ဟု မှည့်ခေါ်အပ်သောကြောင့် **နာမကမ္မ** မည်၏။

(၃) အမည်သည်ပင်လျှင် ဆောင်အပ်ထားအပ်သောကြောင့် **နာမဓေယျ** မည်၏။

(၄) နာမ်ဖြစ်သော စိတ္တဇသဒ္ဒါအပေါင်းသည် ဗျုပ္ပတ္တိနိမိတ်အကြောင်းနှင့် တကွ ဖြုပ်အနက်ကို ထုတ်ဆောင်၍ ဟောတတ်သောကြောင့် **နိရုတ္တိ** မည်၏။

(၅) နွား၊ ကျွဲ စသော သဒ္ဒါအပေါင်းသည် အနက်ကို ဟောတတ် ပြတတ် သောကြောင့် **ဗျဉ္ဇန** မည်၏။

(၆) နွား၊ ကျွဲ စသော သဒ္ဒါအပေါင်းသည် အနက်ကို ရှေးရှုထင်ရှားစွာ ဟောတတ်သောကြောင့် **အဘိလာပ** မည်၏။

ထိုသဒ္ဒပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောပညတ်သည် ဝိဇ္ဇမာန ပညတ်မည်၏။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသောပညတ်သည် အဝိဇ္ဇမာနပညတ်မည်၏။

ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအာဖြင့် ထင်ရှားမရှိသော ပညတ်သည် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်၏။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်သည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်မည်၏။

ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ပညတ်သည် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်မည်၏။

ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်သည် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်၏။ ဤသို့လျှင် (၆)အပြား ရှိ၏။

**ဝိဇ္ဇမာနစသော သဒ္ဒပညတ်နမူနာပုံစံ (ပြယုဂ်)များ**

(၁) **ဆဠဘိညော** (အဘိညာဉ် ခြောက်ပါးကို ရသောပုဂ္ဂိုလ်) = ဤတွင် အဘိ ဉာဏ်ခြောက်ပါး ဟူသည် ပရမတ်အားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာန ပညတ်မည်၏။ ပုဂ္ဂိုလ်ကား ပရမတ်အားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနသဒ္ဒပညတ် မည်၏။ ထိုဝိဇ္ဇမာနအနက်နှင့်အဝိဇ္ဇမာနအနက် နှစ်ပါးကို သိစေအပ်သော ဆဠဘိညောသဒ္ဒါသည် ''ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်'' မည်ပါသည်။

(၂) **တ္ထတ္ထိသဒ္ဒေါ** (မိန်းမ+အသံ) = မိန်းမဟူသော အနက်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်မည်၏၊ အသံဟူသော အနက်ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်မည်၏။ ထိုအနက်နှစ်ပါးကို သိစေတတ်သော တ္ထတ္ထိသဒ္ဒေါ သဒ္ဒါသည်''အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်'' မည်၏။

(၃) **စက္ခုဝိညာဏ** (မျက်စိဖြင့် မြင်သိစိတ်) = မျက်စိဟူသော အနက်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏၊ ဝိညာဏ် ဟူသော အနက်သည်လည်း ပရမတ်အားဖြင့် ထင်ရှားရှိ၏။ ထိုအနက်နှစ်ပါးကို သိစေတတ်သောကြောင့် စက္ခုဝိညာဏသဒ္ဒါသည် ''ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်''မည်၏။

(၄) **ရာဇပုတ္တော** (မင်း+သား) = မင်းဟူသော အနက်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သားဟူသော အနက်သည်လည်း ပရမတ္ထ အားဖြင့် ထင်ရှားမရှိ၊ ထို့ကြောင့် အနက်နှစ်ပါးကို သိစေတတ်သော ရာဇပုတ္တော သဒ္ဒါသည် ''အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်''မည်ပါသည်။

## သဒ္ဒပညတ်သည် အတ္ထပညတ်ကို အပြားအားဖြင့် သိစေပုံ

ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္န- မနောဒွါရဿ ဂေါစရာ။
အတ္ထာယဿာနုသာရေန၊ ဝိညာယန္တိ တတော ပရံ။
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ။
ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ပစ္စယသင်္ဂဟဝိဘာဂေါ နာမ အဋ္ဌမော ပရိစ္ဆေဒေါ။

ထိုပါဠိအပေါင်းတို့တွင် ''ဝစီဃောသာနုသာရေန''ဟူသောပါဠိဖြင့် သဒ္ဒါရုံ အာရမ္မဏပစ္စည်းကို ပြတော်မူ၏။ ''သောတဝိညာဏဝီထိယာ''ဟူသောပါဠိဖြင့် ထိုသဒ္ဒါရုံကို အာရုံပြု၍ဖြစ်သော သောတဝိညာဏဝီထိကို ပြတော်မူ၏။ ''အနန္တရုပ္ပ မနောဒွါရဿ''ဟူသော ပါဠိဖြင့် ထိုသောတဝိညာဏဝီထိ၏နောက်၌ တဒနုဝတ္တကမနောဒွါရလေးဝီထိဖြစ်မည်ကို ပြတော်မူ၏။ ''အတ္ထာ ယဿာနုသာရေန ဝိညာယန္တိ တတော ပရံ''ဟူသောပါဠိဖြင့် ထိုတဒနုဝတ္တကမနောဒွါရလေးဝီထိ၏ နောက်မှသာ အနက်ဒြပ်အတ္ထပညတ်ကို သိ၏ဟု ပြတော်မူ၏။

ဝစီပညတ်သည် ပြီးစေအပ်သော အသံသည် ''ဝစီဃောသ''ဖြစ်၏။ တရားကိုယ်အားဖြင့် သဒ္ဒါရုံ အာရမ္မဏပစ္စည်းတည်း၊ ယင်းကို အာရုံပြု၍ ရှေးဦးစွာ ''သောတဝိညာဏဝီထိ''ကျ၏၊ ယင်းနောင် တဒနုဝတ္တကမနောဒွါရလေးဝီထိ ကျပါသည်၊ ယင်းလေးဝီထိကျပြီးနောက်မှသာ အနက်ဒြပ်အတ္ထပညက်ကို သိရပါသည်။

ဥပမာအားဖြင့်ကား - လူ ခွေး စသော သဒ္ဒပညတ် (ဝစီဃောသ)သည် ''လူ''ဟု ကြားသိသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ရှေးဦးစွာ ''သောတဒွါရဝီထိ'' ဖြစ်၏၊ ထို့နောင် အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရတစ်ဝီထိသည် ဒုတိယမြောက်ဖြစ်၏၊ ထို့နောက် လူဟူသော နာမပညတ်ကို အာရုံပြုကာ သဒ္ဒမနောဒွါရဝီထိသည် တတိယမြောက်ဖြစ်၏၊ ထိုနောက် နာမပညတ်ကို အစဉ်လျောက်၍ လူခန္ဓာဒြပ်ဟု ဆိုအပ်သော အတ္ထပညတ်ကို အာရုံပြု၍ သဒ္ဒမနောဒွါရတစ်ဝီထိသည် စတုတ္ထမြောက်ဖြစ်၏၊ ဤသို့ လေးကြိမ် လေးဝီထိကျပြီးမှ အနက်ဒြပ် အတ္ထပညတ်ကို အပြားအားဖြင့် သိရပါသည်။

ပစ္စည်းပိုင်းပြီး၏။

♦ ♦ ♦

# ကမ္မဋ္ဌာန်းပိုင်း

## ဘာဝနာနှစ်ပါး

(၁) ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ကို ငြိမ်းအေးစေတတ်သော ကြောင့် သမာဓိတရားသည် သမထ မည်၏။

(၂) ဘုံသုံးပါး၌ ဖြစ်ပေါ်နေသော ရုပ်နာမ်ခန္ဓာ အဖြာဖြာကို အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာယာဉ်သုံးပါးသို့ တင်၍ ရှုဆင်ခြင်တတ်သော ကြောင့် မဂ်၏ရှေ့အဖို့၌ ဖြစ်သမျှသော လောကီပညာစေတသိက် သည် ဝိပဿနာမည်၏။

ထိုသမထနှင့်ဝိပဿနာ တရားနှစ်ပါးသည် ပွားများအပ်သောကြောင့် ဘာဝနာမည်၏။

သမထဘာဝနာကံ+ဝိပဿနာဘာဝနာကံ = နှစ်ပါး၏ဖြစ်ရာဖြစ်ကြောင်း ဖြစ်သော ကသိုဏ်းပညတ်စသော အာရုံ+တေဘုမ္မက သင်္ခါရအာရုံတရားသည် ကမ္မဋ္ဌာန-ကမ္မဋ္ဌာန်းမည်ပါသည်။

## စရိုက်

အလွန်အကဲ မိမိသန္တာန်၌ မပြတ်မလတ်ဖြစ်သော ပင်ကိုပကတိတရား သဘောသည် ''စရိုက်''ပင်တည်း။

## ဝါသနာ

ရှေးရှေးဘဝအဆက်ဆက်က လိုက်ပါသော အထုံဓာတ်သဘောတစ်မျိုးကို ''ဝါသနာ''ဟု ခေါ်သည်။

## ရာဂစရိုက်

အလွန်အကဲ မိမိသန္တာန်၌ မပြတ်မလပ်ဖြစ်သော ''တဏှာရာဂ''သည် ရာဂ စရိုက် မည်၏။ (ကြွင်းစရိုက်များ သိလွယ်ပြီ။)

## စရိုက် (၆၃)ပါး

| | | | |
|---|---|---|---|
| ၁။ | ရာဂ | ၈။ | သဒ္ဓါ |
| ၂။ | ဒေါသ | ၉။ | ဗုဒ္ဓိ |
| ၃။ | မောဟ | ၁၀။ | ဝိတက် |
| ၄။ | ရာဂ ဒေါသ | ၁၁။ | သဒ္ဓါ ဗုဒ္ဓိ |
| ၅။ | ရာဂ မောဟ | ၁၂။ | သဒ္ဓါ ဝိတက် |
| ၆။ | ဒေါသ မောဟ | ၁၃။ | ဗုဒ္ဓိ ဝိတက် |
| ၇။ | ရာဂ ဒေါသ မောဟ | ၁၄။ | သဒ္ဓါ ဗုဒ္ဓိ ဝိတက် |

၇ × ၇ = ၄၉
မူလ (၁၄)ပါး
နှင့် ပြန်ပေါင်း
၄၉+၁၄ = ၆၃

အချို့ဆရာတို့က ဒိဋ္ဌိစရိုက်ပါထည့်၍ (၆၄)ပါးဟု ဆိုသည်။

## ဘာဝနာသုံးပါး

(၁) ရှာန်ဟူသော အပ္ပနာကို ပြုပြင်တတ်၊ ဖြစ်ပေါ်စေတတ်သော အပ္ပနာ၏ အစ ရှေးဦးမဆွဖြစ်သော ဘာဝနာကမ္မဋ္ဌာန်း စတင်စီးဖြန်းသည်မှစ၍ နီဝရဏ မငြိမ်းမီအတွင်း ပွားများအားထုတ်အပ်သမျှသော ကာမာဝစရဘာဝနာသည် ``ပရိကမ္မဘာဝနာ'' မည်၏။

(၂) နီဝရဏတရားငြိမ်းသည်မှစ၍ ဂေါတြဘူတိုင်အောင် ဤအတွင်း၌ ပွားများအပ်သမျှသော ကာမာဝစရဘာဝနာသည် အပ္ပနာ၏အနီးဖြစ်သောကြောင့် ``ဥပစာရဘာဝနာ'' မည်၏။

(၃) အပ္ပနာဟု ဆိုအပ်သော ဝိတက်လျှင် အမျိုးရှိသည်အဖြစ်ကြောင့် ``အပ္ပနာဘာဝနာ'' မည်၏။

*(အပ္ပနာ–အာရုံ၌ စိတ်ကိုထားခြင်း၊ ကမ္မဋ္ဌာန်း၌ စိတ်ကိုသွတ်သွင်းခြင်း၊ ကမ္မဋ္ဌာန်းကို ရခြင်း၊ ဗျပ္ပနာ (ဝိ+အပ္ပနာ) အလွန်အာရုံ၌ စိတ်ကိုဖြစ်စေခြင်း၊ အထူးသဖြင့် အာရုံ၌ကြံခြင်း၊)*

သမ္ပယုတ်တရားတို့ကို အာရုံ၌ ကျစေသကဲ့သို့ ဖြစ်တတ်သောကြောင့် ဝိတက်သည် အပ္ပနာမည်၏။ ထိုဝိတက်ကို ``အပ္ပနာ ဗျပ္ပနာ''ဟု မြတ်စွာဘုရား ညွှန်ပြတော်မူသည်။ ထိုဝိတက်လျှင် အမျိုးရှိသည်၏အစွမ်းကြောင့် အလုံးစုံကုန်သော မဟဂ္ဂုတ် လောကုတ္တရာဈာန်တရားတို့ကို **အပ္ပနာ**ဟု ဆိုအပ်ပါသည်။

## နိမိတ်သုံးပါး

အာရမ္မဏိကတရားတို့ဖြင့် သိအပ်သော အာရုံတရားသည် နိမိတ်မည်၏၊ နိမိတ်သုံးပါးရှိပေသည်။ ယင်းတို့မှာ –

(၁) ပရိကမ္မဘာဝနာ၏အာရုံဖြစ်သော ကသိုဏ်းဝန်းအစရှိသောနိမိတ်သည် ပရိကမ္မနိမိတ်မည်၏။

(၂) စက္ခုဝိညာဏ်ဖြင့် ယူအပ်၊ မြင်အပ်သကဲ့သို့ မနောဒွါရိကကုသိုလ်ဇောသည် ယူအပ်သောကြောင့် ကသိုဏ်းဝန်းစသော အာရုံသည် ဥဂ္ဂဟနိမိတ်မည်၏။

(၃) ကသိုဏ်းဝန်းအစရှိသည်တို့၏ အတုထင်သော အဆင်းအစရှိကုန်သော ကသိုဏ်းအပြစ်မှကင်းသော ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာတို့၏အာရုံဖြစ်သော ကသိုဏ်းဝန်းစသော အာရုံသည် ထိုဥဂ္ဂဟနိမိတ်နှင့် တူသောကြောင့် ပဋိဘာဂနိမိတ်မည်၏။

## ကသိုဏ်းဆယ်ပါး

တစ်စိတ်တစ်ဒေသ၌ မတည်ဘဲ အဆုံးမရှိသော အရပ်သို့ နှံ့တတ်၊ အကြွင်းမရှိသောအဖြစ်သို့ ရောက်တတ်သောကြောင့် ကသိဏ=ကသိုဏ်းမည်ပါသည်။

(၁) ပထဝီ = မြေကြီးသည်ပင် တစ်စိတ်တစ်ဒေသ၌ မတည်ဘဲ အဆုံးမရှိသောအရပ်ကို နှံ့ကာ ''ပထဝီ ပထဝီ''ဟု ပွားများနှလုံးသွင်းခြင်းအားဖြင့် နှံ့တတ် အကြွင်းမရှိသောအဖြစ်သို့ ရောက်တတ်သောကြောင့် ကသိဏမည်သော ပထဝီကသိုဏ်းငှင်း၊ (ကြွင်းကသိုဏ်များ သိလွယ်ပြီ။)

(၂) ရေသည်ပင်လျှင် (ပ) အာပေါကသိုဏ်းငှင်း၊
(၃) မီးသည်ပင်လျှင် (ပ) တေဇောကသိုဏ်းငှင်း၊
(၄) လေသည်ပင်လျှင် (ပ) ဝါယောကသိုဏ်းငှင်း၊
(၅) ညိုသောအဆင်းသည်ပင်လျှင် (ပ) နီလကသိုဏ်းငှင်း၊
(၆) ရွှေသောအဆင်းသည်ပင်လျှင် (ပ) ပီတကသိုဏ်းငှင်း
(၇) နီသောအဆင်းသည်ပင်လျှင် (ပ) လောဟိတကသိုဏ်းငှင်း၊
(၈) ဖြူသောအဆင်းသည်ပင်လျှင် (ပ) ဩဒါတကသိုဏ်းငှင်း၊
(၉) ပိုင်းခြားအပ်သော ကောင်းကင်သည်ပင်လျှင် (ပ) ပရိစ္ဆိန္နာကာသကသိုဏ်းငှင်း၊
(၁၀) နံရံပေါက်စသည်တို့၌ထင်သော နေလစသည်တို့၏အရောင်အလင်းသည်ပင်လျှင် တစ်စိတ်၌မတည်မူ၍ အဆုံးမရှိနှံ့သောအဖြစ်ဖြင့် အလုံးစုံအနက်ကြောင့် ကသိဏမည်သော အာလောကကသိုဏ်းငှင်း၊

ဆောင်။ ။ ပထဝီကသိုဏ်၊ စွမ်းဗလကြောင့်၊ ကေဗဟု၊ ဗဟုကော၊ စသည်ဖြစ်ခြင်း၊ ကောင်းကင်ရေတွင်း၊ မြေဖန်ဆင်း၍၊ သွားခြင်းထိုင်လျောင်း၊ ရကောင်းအဘိဉာ၊ စတ္တာသဘော၊ ပြီးကြောင်းဟော၏၊ အာပေါစွမ်းအင်၊ မြေတွင် ပေါ်လျှိုး၊ မိုးသမုဒ်မြစ်၊ ဖြစ်စေဖောင်ဖောင်၊ မြေတောင်ပြာသာဒ်၊ လှုပ်လတ်စေမော၊ ရေလျှံပြော၏။

တေဇောလျှံနိုး၊ မီးကျိုးမိုးတည်း၊ ဒဗ္ဗတန်ခိုးကို နှိမ်ချိုးနိုင်လေ၊ လောင် စေချင်ရာ၊ ဒိဗ္ဗစက္ခု၊ အလင်းပြုလတ်၊ တေဇောဓာတ်လောင်မိုက်မှောင်ပယ်လျော၊ ဝါယောစွမ်းမှာ၊ လျင်စွာလေမျှ၊ မုန်းတိုင်းထစေ၊ ရောက်လေလိုရာ၊ နီလာကသိုဏ်း၊ ညိုမှိုင်းအဆင်း၊ မိုက်စေခြင်းတည့်၊ အဘိဉာယတန၊ သုဘဝိမောက္ခာ ရလေရာ၏။ ။

**ပီတာရွှေဆင်း၊** ရွှေဖန်ဆင်း၏၊ ရလျှင်အဘိဉာ၊ သုဘာဝိမောက္ခ၊ ဩဒါတမူ၊ ဖြူရောင်ဖန်ဆင်း၊ ကင်းဝေးမျည်းငိုက်၊ မှောင်မိုက်ပျောက်ထ၊ ဒိဗ္ဗစက္ခု၊ ရှုဖို့အလင်း၊ ပြုခြင်းစွမ်းထ၊ အာလောကလည်း၊ တောက်ပရောင်ဆင်း၊ ကင်းဝေးမျည်းငိုက်၊ မှောင်မိုက်ပျောက်ထ၊ ဒိဗ္ဗစက္ခု၊ ရှုဖို့အလင်း၊ ပြုခြင်းစွမ်းထ။

**အာကာသဝယ်၊** ပိတ်ကွယ်ခွါဟင်း၊ ရေမြေတွင်း၌၊ ဖန်ဆင်းကောင်းကင်၊ ပြုပြင်ယာပိုထ်၊ မခိုက်မငြိ၊ တိရောကုဋ္ဋ၊ စသည်ကွယ်ခြား၊ သွားနိုင်ငြားသည်၊ ဆယ်ပါးကသိုဏ်း သတ္တိတည်း။ (ပရမတ္ထသရုပဘေဒနီလာ လင်္ကာတည်း။ အကျယ်ကို ဝိသုဒ္ဓိမဂ်မှာ ရှုပါ။)

ပထဝီကသိုဏ်းအရ ပထဝီကသိုဏ်းဝန်းကို မှချယူရသည်။ ပဋိဘာဂနိမိတ်ကို သဒိသူပစာအားဖြင့် ယူ၊ ပဋိဘာဂနိမိတ်အာရုံရှိသောဈာန်ကို ကာရဏူပစာအားဖြင့် ယူ။ (အကျိုးပေါ် တင်စား၍ ယူခြင်း)

**ဘူတကသိုဏ်းလေးပါး** – ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောကသိုဏ်း၊
**ဝဏ္ဏကသိုဏ်းလေးပါး** – နီလ ပီတ လောဟိတ ဩဒါတကသိုဏ်း။

ပိုင်းခြားအပ်သော ကောင်းကင်သည် အာကာသကသိုဏ်း။
လရောင်အစရှိသော အရောင်သည် အာလောကကသိုဏ်း။

## အသုဘဆယ်ပါး

(၁) ဥဒ္ဓုမာတ - သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ လေဖြင့် ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးယောင်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော သူသေကောင်တည်း။

ဥဒ္ဓုမာတက - ထိုသူသေကောင်သည်သာလျှင် စက်ဆုပ်ဖွယ်ရှိသော အနက် ကြောင့် ဥဒ္ဓုမာတကမည်၏။

(၂) ဝိနီလက - အဖြူ အနီ စသည်ဖြင့်ရောလျက် များသောအားဖြင့် ညိုသောအဆင်းရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဝိနီလက မည်၏။

(၃) ဝိပုဗ္ဗက - ယိုသောပြည်ရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင် ပုပ်သည် ဝိပုဗ္ဗကမည်၏။

(၄) ဝိစ္ဆိဒ္ဒက - အလယ်၌ နှစ်ပိုင်းဖြတ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဝိစ္ဆိဒ္ဒကမည်၏။

(၅) ဝိက္ခာယိတက - ခွေး မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်းအရာဖြင့် ခဲအပ်စားအပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဝိက္ခာယိတက မည်၏။

(၆) ဝိက္ခိတ္တက - ခွေး မြေခွေးအစရှိသည်တို့သည် အထူးအထူးသော အခြင်းအရာဖြင့် အပိုင်းပိုင်းဖြတ်လျက် ထိုထိုသောအရပ်၌ ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဝိက္ခိတ္တကမည်၏။

(၇) ဟတဝိက္ခိတ္တက - ကျီးခြေသဏ္ဌာန် အစရှိသည်နှင့်တူသော ဓား လက်နက်ဖြင့် သတ်လျက် အထူးထူးသော အခြင်းအရာဖြင့် ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဟတဝိက္ခိတ္တက မည်၏။

(၈) လောဟိတက - ယိုသောသွေးရှိသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် လောဟိတက မည်၏။

(၉) ပုဠုဝက - ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်ည် ပုဠုဝက မည်၏။

(၁၀) အဋ္ဌိက - အရိုးစုသာဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် အဋ္ဌိကမည်၏။

## အနုဿတိဆယ်ပါး

(၁) ဗုဒ္ဓါနုဿတိ = အဖန်တလဲလဲ အောက်မေ့ခြင်းသည် အနုဿတိမည်၏၊

♦ မြတ်စွာဘုရား၏ အရဟံ စသော ဂုဏ်တော်အပေါင်းကို အောက်မေ့ခြင်းသည် **ဗုဒ္ဓါနုဿတိ** မည်၏။

(၂) ဓမ္မာနုဿတိ – သွာက္ခာတတာ အစရှိသော တရားတော်၏ ဂုဏ်တော်ခြောက်ပါးကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **ဓမ္မာနုဿတိ**မည်၏။

(၃) သံဃာနုဿတိ – သုပ္ပဋိပန္နတာ အစရှိသော သံဃာတော်၏ ဂုဏ်တော်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **သံဃာနုဿတိ** မည်၏။

(၄) သီလာနုဿတိ – မကျိုးမပျက်ခြင်း အစရှိသောအားဖြင့် ကောင်းစွာစင်ကြယ်သော မိမိ၏ သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် **သီလာနုဿတိ** မည်၏။

(၅) စာဂါနုဿတိ – အညစ်အကြေးဖြစ်သော မစ္ဆေရကင်းသောသူ၏ အဖြစ် အစရှိသည်အစွမ်းဖြင့် မိမိ၏ စွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲအောက်မေ့ခြင်းသည် **စာဂါနုဿတိ**မည်၏။

(၆) ဒေဝတာနုဿတိ = "အကြင်သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော သူတို့သည် နတ်အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါစသော ဂုဏ်ကျေးဇူးမျိုးသည် ငါ၌လည်း ရှိ၏"ဟု နတ်တို့ကို သက်သေအရာ၌ ထား၍ မိမိ၏သဒ္ဓါစသော ဂုဏ်ကျေးဇူးကို အဖန်တလဲလဲအောက်မေ့ခြင်းသည် **ဒေဝတာနုဿတိ** မည်၏။

(၇) ဥပသမာနုဿတိ – အလုံးစုံသော ဝဋ်တရား၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်၏ ဝိရာဂစသော ဂုဏ်ကို အဖန်ဖန်တလဲလဲ အောက်မေ့ခြင်းသည် **ဥပသမာနုဿတိ** မည်၏။

(၈) မရဏာနုဿတိ – ဇီဝိတိန္ဒြေ၏ ပြတ်ခြင်းဖြစ်၍ဖြစ်သော သေခြင်းတရားကို အဖန်တလဲလဲအောက်မေ့ခြင်းသည် **မရဏာနုဿတိ** မည်၏။

(၉) ကာယဂတာသတိ – ဆံပင်အစရှိသော ရူပကာယကိုယ်အစု၌ဖြစ်သော အောက်မေ့ခြင်းသတိသည် **ကာယဂတာသတိ** မည်၏။

(၁၀) အာနာပါနုဿတိ – ထွက်သက်သည်လည်းကောင်း၊ ဝင်သက်သည်လည်းကောင်း အာနာပါနမည်၏။ ထွက်သက်ဝင်သက်တို့ကို အာနာပါနဟု ဆိုအပ်ကုန်၏၊ ထိုထွက်သက်ဝင်သက်လျှင်အာရုံရှိသော အောက်မေ့ခြင်းသည် **အာနာပါနုဿတိ**မည်၏။(ဝိ.ဋ္ဌအလို)၊(သုတ္တန်အလို အာန+ပါန. ဝင်သက်ထွက်သက်)

## ဘာသာဋီကာရှင်းပြချက်

ဥပသမာနုဿတိ။ ။ နိဗ္ဗာန်၏ချမ်းသာအေးမြ သန္တိသုခရှိပုံကို အဖန်ဖန် အောက်မေ့ခြင်းသည် ဥပသမာနုဿတိ မည်၏။ နိဗ္ဗာန်တရားကို ရုပ်ဝိသေသ နာမ်ဝိသေသဟုလည်းကောင်း၊ ခန္ဓာကိုယ်တွင်း၌ အနှစ်အမြုတေအလား မြဲခိုင်သော နိစ္စတရားရှိ၏၊ ရုပ်နာမ်တရားများချုပ်ပျောက်သောအခါ ထိုအနှစ်အမြု တေသာ အဖတ်တင်ရစ်၏၊ ထိုအနှစ်အမြုတေအဖြစ်ဖြင့် တည်နေရခြင်းသည်ပင် နိဗ္ဗာန်တည်းဟုလည်းကောင်း၊ နိဗ္ဗာန်၌ ရုပ်နာမ် မရှိ၍ ခံစားခွင့်မရလျှင် အဘယ်မှာချမ်းသာဟု ဆိုနိုင်ပါအံ့နည်းဟုလည်းကောင်း၊ မိမိတို့ထင်ရာမြင်ရာ ပြောဆိုရေးသားကြ၏၊ တစ်စုံတစ်ခုသော အာရုံ၏အကြောင်း၊ ထိုအာရုံရှိပုံးသူ သာလျှင် ပိုင်ပိုင်နိုင်နိုင် သိမြင် နိုင်ရိုးရှိသကဲ့သို့ နိဗ္ဗာန်၏အကြောင်းကိုလည်း နိဗ္ဗာန်ရပြီးသော အရိယာတို့သာ ပိုင်နိုင်စွာ သိမြင်နိုင်ပေသည်။ ယခု ပုထုဇဉ်တို့၏ အတွေးဖြင့် လေးနက်သော နိဗ္ဗာန်ကို အမှန်မထိမိနိုင်ရာ၊ သို့သော် ကျမ်းဂန်လာ သာဓကယုတ္တိကို ချိန်ဆ၍ ဉာဏ်မြင်သမျှ ရေးပြပါဦးအံ့၊

ရုပ်ဝိသေသစသည်မဟုတ် နိဗ္ဗာန်ဟူသည် စိတ် စေတသိက် ရုပ် ပရမတ်တို့မှ သီးခြားဖြစ်သော ပရမတ်တရားတည်း။ ထို့ကြောင့် ရုပ်နာမ်သင်္ခါရနှင့် လုံးဝဆက် သွယ်ခြင်းမရှိရကား ရုပ်ဝိသေသ နာမ်ဝိသေသ မဟုတ်နိုင်ပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ် မျိုးတွင် "ဗဟိဒ္ဓါ ဓမ္မာ"ဟူသော မာတိကာပုဒ်အရတွင် ပါဝင်သော ဗဟိဒ္ဓတရား ဖြစ်သောကြောင့် ခန္ဓာကိုယ်အတွင်း၌ အနှစ်အမြုတေအဖြစ်ဖြင့် တည်ရှိသော ဓာတ် တစ်မျိုးလည်းမဟုတ်နိုင်ပါ၊ နိဗ္ဗာန်သည် ပုဂ္ဂိုလ် သတ္တဝါကဲ့သို့ ခံစားတတ်သော တရားလည်းမဟုတ်၊ ရူပသဒ္ဒစသည် အာရုံကာမဂုဏ်ကဲ့သို့ ခံစားအပ်သော တရား လည်းမဟုတ်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိသည်မှာ အမှန်ပင်တည်း၊ သို့သော် ဝေဒယိတသုခထက် အဆပေါင်းများစွာ သာလွန်သော သန္တိသုခ အေးမြငြိမ်းချမ်း သော သဘောကား ကေန်ရှိပေသည်။

ချဲဦးအံ့၊ ခံစားမှု ဟူသော ဝေဒယိတသုခသည် ခံစားစံစား၍ ကုန်ကုန်သွား သည့်အတွက်အသစ်အသစ်ရအောင် ထူထောင်ရ၏၊ ထိုအသစ်အသစ်ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသောသုခနှင့် အဆမတန်ချေ၊ ထိုဒုက္ခဖြင့် ထူ ထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် တင်းမတိမ်နိုင်ကြသော ကြောင့် အပိုအမိုအကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခ

အကြွေးကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရသည်မှာ တွေးမိတိုင်း ဝမ်းနည်းစရာ ကြီးပေတည်း။ ထိုကဲ့သို့ ခံစားမှုသုခနှင့်မရောသော သန္တိသုခသဘောကား ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသဘောပေတည်း။ ထင်ရှားစေ အံ့၊ လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံလှသော သူဌေးတစ်ယောက်သည် အားရ ပါးရ အိပ်ပျော်နေစဉ် လောကီအာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသော အခါ ''အအိပ်ဖျက်ရမည်လား''ဟု ကြိမ်းဝါးမောင်းမဲမည်သာတည်း၊ ထိုသူအိပ် နေစဉ် ခံစားမှုအထင်အရှားမရှိ၊ သို့ပါလျက် ငြိမ်းချမ်းစွာ အိပ်နေရမှုကိုပင် ခံစားမှု သုခတွေထက် နှစ်သက်ပေသေးသည်၊ ထိုခံစားမှုမပါသော အိပ်ပျော်မှုသုခကိုပင် ''အိပ်ရကောင်းလိုက်တာ''ဟု အမွှမ်းတင်ကြသေး၏၊ ရုပ်နာမ်အားလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား မည်မျှလောက် မွန်မြတ်လိမ့်မည်ဟု မှန်းဆသင့် ပေတော့သည်။

**မရဏာနုဿတိ။** ။ ရဟန္တာတို့၏ ဝဋ္ဋဒုက္ခပြတ်ကင်း၍ ပရိနိဗ္ဗာန်စံဝင်ခြင်း ဟူသော သမုစ္ဆေဒမရဏ၊ သင်္ခါရတို့၏ ဘင်ခဏဟူသော ခဏိကမရဏ၊ သစ်ပင် သေသည်၊ ပြဒါးသေသည်၊ သံသေသည်ဟု ခေါ်ဝေါ်ရာ၌ သစ်ပင်စသည်တို့၏ သေ ခြင်းဟူသော သမ္မုတိမရဏ၊ တစ်ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်စဲ ခြင်းဟူသော ဇီဝိတိန္ဒြေယုပစ္ဆေဒမရဏဟု မရဏလေးမျိုးရှိ၏၊ ထိုတွင် သမုစ္ဆေဒ မရဏသည် အများနှင့်မဆိုင်၊ ရဟန္တာများနှင့်သာ ဆိုင်၏။ ခဏိကမရဏသည် ဉာဏ်ဖြင့် ဆင်ခြင်၍ ထင်မြင်နိုင်ခဲ၏။ သမ္မုတိမရဏမှာ သံဝေဂဖြစ်ဖွယ်ရာ မဟုတ်၊ ထို့ကြောင့် ထိုသုံးပါးကို ဤအရာ၌ မလိုအပ်၊ ဇီဝိတိန္ဒြေယုပစ္ဆေဒမရဏ (သေခြင်း) သာလျှင် အများနှင့်လည်းဆိုင်၊ ထင်မြင်ဖွယ်လည်းရှိ၊ သံဝေဂဖြစ်ခြင်း၏အကြောင်း လည်း ဟုတ်သောကြောင့် ဤဇီဝိတိန္ဒြိယုပစ္ဆေဒမရဏကို အဖန်ဖန် ဆင်ခြင်အောက် မေ့မှုသည် မရဏာနုဿတိမည်၏။

♦ **အာနာပါန အရ ထွက်သက် ဝင်သက်ကို ယူ။'**

အပ္ပမညလေးပါး (အ+ပမာဏ+ယ)

အတိုင်းမသိသော သတ္တဝါလျှင်အာရုံရှိသောကြောင့် အပ္ပမညာ မည်၏။

(၁) ချစ်တတ်သောကြောင့်လည်းကောင်း၊ ချစ်အပ်သောပုဂ္ဂိုလ်တို့၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း မေတ္တာ မည်၏။ ထိုမေတ္တာသည် သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်

လိုခြင်း လက္ခဏာရှိသည်။ (တရားကိုယ်မှာ အဒေါသစေတသိက် တည်း)
(၂) **ကရုဏာ**သည် သူတစ်ပါး၏ဆင်းရဲကိုပယ်ခြင်း၌ အလိုရှိခြင်းလက္ခဏာ ရှိ၏။
(၃) **မုဒိတာ**သည် သူတစ်ပါး၏စည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။
(၄) **ဥပေက္ခာ**သည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိပါသည်။

အထက်ပါ မေတ္တာစသော လေးပါးသည် ကောင်းမြတ်သော အကျင့်မြတ်ဖြစ်သဖြင့် မြတ်သောကျင့်သုံးအပ်သည့်တရားဖြစ်ခြင်းကြောင့် ''ဗြဟ္မဝိဟာရ'' မည်၏။ တစ်နည်းကား - ဗြဟ္မာ့အသွင် အလွန်မြတ်ကုန်သော ယောဂီအရှင်တို့၏ ကျင့်သုံးရာတရား၊ ကျင့်အပ်သောတရား၊ ဖြစ်စေအပ်သောတရားဖြစ်ခြင်းကြောင့် ''ဗြဟ္မဝိဟာရ''မည်ပါသည်။ (ဋီ၊ မှတ်ချက်)

တစ်နည်း - မြတ်သောနေရာ၏အဖြစ်ကြောင့် ''ဗြဟ္မဝိဟာရ''မည်၏။ မြတ်သောပုဂ္ဂိုလ်တို့၏အာရုံပြုသောအားဖြင့် နေရာ၏အဖြစ်ကြောင့် ''ဗြဟ္မဝိဟာရ'' မည်၏

**သညာတစ်ပါး**-- မျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟူသောအမှတ်သည် တစ်ခုသောသညာမည်၏၊ ထိုသညာသည် (အာဟာရေ ပဋိကူလသညာ မည်၏)

အသွားအပြန် ဟူသော =**ဂမန**၊ ရှာမှီးရသော=**ပရိယေသန**၊ သုံးဆောင်ရသော = **ပရိဘောဂ** စသော **အခြင်းအရာ (၁၀)**ပါးကို ဆင်ခြင်သည်၏အစွမ်းဖြင့် မျိုအပ် စားအပ်သော ဆွမ်း,ဘောဇဉ်စသော ကဗဠီကာရအာဟာရ၌ စက်ဆုပ်ရှုံရှာဖွယ်အဖြစ်ကို အောက်မေ့ဆင်ခြင်ခြင်းအမှတ်သည် **အာဟာရေ ပဋိကူလသညာ** မည်၏။

[ဂမနာ,သေနာ,ဘောဂါ၊ အာသယာစ နိဓာနတော၊
အပက္ကါစ ပက္ကါ ဖလာ၊ နိဿန္ဒတော စ မက္ခနာ။

(သွေးပြည်ရော=**အာသယ**၊ အစာအိမ်တည်ရာ= **နိဓာန**၊ အစာကြေ=ပက္က၊ မကြေ=**အပက္က**၊ ကြေလျှင် အသားအသွေးပွား၊ မကြေလျှင် ပွေးဝဲနူနာစွဲ = ဖလ၊ စွန့်ထုတ်= **နိဿန္ဒ**၊ ပေကျံ=**မက္ခန**]

**ဝဝတ္ထာန်တစ်ပါး**

ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဟူသော ဓာတ်လေးပါးကို ပိုင်းခြားခြင်းသည် တစ်ခုသော ဝဝတ္ထာန်မည်၏။

ပထဝီဓာတ်အစရှိကုန်သော ဓာတ်လေးပါးတို့ကို မိမိ၏ (ထဒ္ဒ) ခက်မာခြင်း စသော သဘောအားဖြင့်လည်းကောင်း၊ ဆံပင်အစရှိသော သမ္ဘာရ (အပေါင်း) အစရှိသည်တို့၏အစွမ်းဖြင့်လည်းကောင်း ပိုင်းခြားမှတ်သားခြင်းသည် ''စတု ဓာတုဝဝတ္ထာန်''မည်၏။

## အာရုပ္ပလေးပါး

ရုပ်၏ဆန့်ကျင်ဘက်ဖြစ်သောအာရုံ၌ ဖြစ်သောကြောင့် ''အာရုပ္ပ''မည်၏။

## လျောက်ပတ်မှု (သပ္ပာယ)

(၁) အသုဘဆယ်ပါးနှင့်ကာယဂတာသတိသည် ''ရာဂနှင့်ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်'' ရာဂပြောသော များသောစရိုက်ရှိ သောသူနှင့် လျောက်ပတ်၏။

(၂) ပညာ၏အာရုံဖြစ်၍ မောဟနှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မောဟ စရိုက်အတွက် အာနာပါနဿတိ လျောက်ပတ်၏။

(၃) ''ကမ္မဋ္ဌာန်းမှအပ တစ်ပါးသောအာရုံ၌ ဝိတက်၏ထွက်ပြေးခြင်းကို တားမြစ်တတ်သောကြောင့်'' ဝိတက်စရိုက်ရှိသောသူအတွက်လည်း အာနာပါနဿတိ လျောက်ပတ်၏။

(၄) ''သဒ္ဓါပွားခြင်း၏အကြောင်းဖြစ်သောကြောင့်'' ဗုဒ္ဓါနုဿတိစသော အနုဿတိ ခြောက်ပါးသည် သဒ္ဓါစရိုက်ရှိသောသူနှင့် လျောက်ပတ်၏။

(၅) နက်နဲသည်ဖြစ်၍ ပညာ၏အရာသာဖြစ်သောကြောင့် မရဏာ နုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေ ပဋိကူလသညာနှင့် စတု ဓာတုဝဝတ္ထာန်တို့သည် ဗုဒ္ဓိစရိုက်ရှိသောသူအား လျောက်ပတ်၏။

(၆) ပထဝီစသော ကသိုဏ်းခြောက်ပါးနှင့်အာရုပ္ပလေးပါးသည် မည်သည့် စရိုက်နှင့်မဆို လျောက်ပတ်၏။ အကြောင်းမှာ - ရာဂစသော အကုသိုလ်တို့ကို မငြိမ်းစေနိုင်သော၊ မပယ်ရှားနိုင်ကုန်သော ကသိုဏ်း တို့မည်သည် မရှိပေ''။ ထို့ပြင် ''သဒ္ဓါစသော ကုသိုလ်စရိုက်တို့ကို မထောက်ပံ့နိုင်သော တိုးပွားအောင် မပြုနိုင်သော ကသိုဏ်းမည် သည် မရှိ'' သောကြောင့်ပင်တည်း။

**ဆောင်။** ။ ရာဂစရိုက်၊ ရှိသူ့၌ကား၊ ယာပိုထ်လေးထွေ၊ ယဉ်ကျေးလေ၏၊ ထွေ ထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနစေလတ်၊ လွန်သေသပ်ရှင့်၊ လေးမြတ် ဖွယ်ရေး၊ ဘောဇဉ်ရွေးက၊ ချိုမွှေးဆိမ့်အိမ့်၊ လွန်နှစ်သိမ့်သတဲ့၊

မစိမ့်လောက်တုံ၊ ကာမဂုဏ်ကြောင့်၊ အာရုံစွဲကာ၊ ခွဲမခွာတည်း၊ မာယာဗလဝ၊ သာဌေယျ နှင့်၊ မာနဖိစီး၊ အလိုကြီး၏၊ ထိုနည်းသဋ္ဌိ၊ စရိုက်မှာမူ၊ မာယာစသော၊ ပြစ်မနှောဘဲ၊ သာမောရှင်လန်း၊ လျှပေး ကမ်းလျက်၊ ရဟန်းတော်ပေါင်း၊ ထေရ်ရှင်ကောင်းနှင့်၊ ဝတ်ကျောင်း ဘုရား၊ မြတ်တရားကို၊ မှတ်သားနာယူ၊ လွန်ကြည်ဖြူသည့်. ဤသူမှန် မြတ်ပေတကား။

## ဒေါသစရိုက်ရှိသူနှင့် ပညာစရိုက်ရှိသူတို့ကွာခြားပုံ

ဆောင်။ ။ ဒေါသစရိုက်၊ ရှိသူ့ဥကား၊ ယာပိုထ်လေးထွေ၊ ကြမ်းတမ်းလေ၏၊ ထွေထွေကိစ္စ၊ ပြုသမျှလည်း၊ ကျနမဖွယ်၊ မတင့်တယ်တည်း၊ စားဖွယ် ခေန်ချဉ်၊ စပ်ခါးမင်၏၊ ငါးအင်အာရုံ၊ မဖွယ်ကြုံလျှင်၊ ယမ်းပုံမီးကျ၊ စိတ်တိုလှ၍၊ ကောဓထေန်သည်း၊ ရန်ငြိုးကြီးလျက်၊ ဖိစီးက္ကသာ၊ မစ္ဆေရာနှင့်၊ မက္ခာပဠာသ၊ ဒုဗ္ဗစတို့၊ မုချဆစ်ပွား၊ အဖြစ်များ၏။

တရားပညာ၊ စရိုက်မှာမူ၊ ရှေ့လာအားလုံး၊ နည်းတူသုံးလည်း၊ လုံးလုံးကောဓ၊ စသည်ဆိတ်ကွယ်၊ ဆုံးမလွယ်၏၊ စားဖွယ်ကသိုဏ်း၊ တွေ့ကြုံတိုင်းလည်း၊ နှိုင်းနှိုင်းချိန်ချိန်၊ သုခမိန်တည်း၊ ကြိမ်ကြိမ်နှောင် လာ၊ သံသရာကို၊ ပညာသတိ၊ မျှော်ခေါ်ညှိ၍၊ ဂတိနှောင်လျှင်၊ ကောင်း အောင်ပြင်သည် ... လူတွင်သူ မြတ်ပေတကား။

## မောဟစရိုက်နှင့်ဝိတက်စရိုက်ရှိသူများ

ဆောင်။ ။ မောဟစရိုက်၊ရှိသူ့ဥကား၊ ယာပိုထ်လေးထွေ၊ ရှုပ်ပွေပွေနှင့်၊ ထွေထွေ ကိစ္စ၊ ရှုပ်ထွေးစွတည်း၊ ဘောဇနအရာ၊ စားသောက်ပါလည်း၊ ဘယ် ဟာမိမိ၊ မြမရှိခဲ့၊ ကိုယ်၏အစွမ်း၊ စုံထောက်လှမ်း၍၊ အဆန်းအရိုး၊ ကြောင်းအကျိုးဟု၊ ကောင်းဆိုးယုတ်မြတ်၊ မသိတတ်သဖြင့်၊ အရပ် ရပ်မှာ၊ နောက်လိုက်သာတည်း၊ ပညာသတိ၊ ကင်းကွာဘိ၍၊ ထိန မိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကာလကုန်ဆုံး၊ အချိန်ဖြုန်း၏၊ ထုံးနည်းမခြား၊ ဝိတက် များလည်း၊ စကားတွေပေါ၊ ကိစ္စမျှောလျက်၊ ကောင်းသောလုပ်ငန်း၊ ဘာသိုလ်လှမ်းမူ၊ အစွမ်းမရှိ၊ ပျင်းရိရိတည်း၊ မိမိတို့တမ်း၊ လူ့ပေါက်ပန်း နှင့်၊ ငရာပြွမ်းပျော်ပါး၊ အကြံများသည် လူအား လူပိုတွေတကား။

♦ ကျဉ်းမြောင်းသောအာရုံ၌ စိတ်အလွန်တွေဝေသောကြောင့် မောဟစရိုက်အတွက် ကောက်နယ်တလင်းပမာဏရှိသော ကျယ်သော ကသိုဏ်းဝန်းကို ပြုကာ စီးဖြန်းရသည်။ ငယ်သော ကသိုဏ်းနှင့်မသင့်တော်ပေ။ (ကသိုဏ်းငယ်ပါမူ မောဟအလွန်များတတ်သည်။)

♦ ကျယ်သောအာရုံ၌ ဝိတက်သည် ထိုထိုဤဤများစွာဖြစ်တတ်သောကြောင့် ဝိတက်စရိုက်အတွက် ဗန်း စကောပမာဏရှိသော ငယ်သော ကသိုဏ်းဝန်းကို စီးဖြန်းရသည်။ ကျယ်သော ကသိုဏ်းနှင့် မသင့်တော်ပေ၊ ကသိုဏ်းကျယ်ပါမူ ဝိတက်အလွန်များတတ်၏။

## ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ခြင်း
## ဗုဒ္ဓါနုဿတိ စသည်ဖြင့် အပ္ပနာရျာန်ကို မရနိုင်ခြင်း

ဘုရားဂုဏ်စသည်တို့၏ (၁) ပရမတ္ထတရားဖြစ်သောကြောင့်လည်းကောင်း၊ (၂) များသောအပြားရှိသောကြောင့်လည်းကောင်း၊ (၃) အရဟတာ စသော တစ်ခုသော ပရမတ္ထတရား၏ နက်နဲသောကြောင့်လည်းကောင်း ဗုဒ္ဓါနုဿတိစသော အနုဿတိ (၈)ပါး၊ သညာ (၁)ပါး၊ ဝဝတ္ထာန် (၁)ပါး ပေါင်း (၁၀)ပါးတို့သည် အပ္ပနာအစွမ်းဖြင့် သမာဓိတည်ခြင်းငှာ မစွမ်းနိုင်၊ ကာမာဝစရသမာဓိသာ ဖြစ်၏၊ ကာမာဝစရသမာဓိသည်လည်းဥပစာရဘာဝနာမျှသာ ပြည့်စုံ၏၊ အပ္ပနာဘာဝနာနှင့် မပြည့်စုံ စေနိုင်ပေ။

လောကုတ္တရာသမာဓိသည်လည်းကောင်း၊ ဒုတိယာရုပ္ပ စတုတ္ထာရုပ္ပသမာဓိသည်လည်းကောင်း ပရမတ္ထတရား၌လည်း ထူးသောဘာဝနာ၏အစွမ်းဖြင့် အပ္ပနာသို့ ရောက်၏၊ ဝိသုဒ္ဓိဘာဝနာအစဉ်၏အစွမ်းကြောင့် လောကုတ္တရာ သမာဓိသည် အပ္ပနာသမာဓိသို့ ရောက်၏။

အာရုံလွန်ခြင်းဟု ဆိုအပ်သော ဘာဝနာ၏အစွမ်းကြောင့် အရူပသမာဓိသည် အပ္ပနာသို့ရောက်၏။ အဘယ့်ကြောင့် ရောက်ပါသနည်း ဟူမူကား - အပ္ပနာသို့ ရောက်ပြီးသည်သာဖြစ်သော စတုတ္ထရျာန်သမာဓိ ၏ ကသိုဏ်းအာရုံကို လွန်ခြင်းငှာ စွမ်းနိုင်သောကြောင့် ရောက်ခြင်းဖြစ်သည်။

## အသုဘဆယ်ပါး၌ ပထမဈာန်သာရပြီး ဒုတိယဈာန်စသည်တို့ မရ နိုင်ခြင်း၊

အသုဘဘာဝနာဆယ်ပါး၌ ဝိတက်ကင်းသောကြောင့် ဒုတိယဈာန်တို့ မဖြစ်ကုန်၊ ပထမဈာန်သာဖြစ်၏၊ အကြောင်းသော်ကား – သမာဓိတည်တံ့နိုင်သည်၊ ၎င်းအသုဘကမ္မဋ္ဌာန်းတို့သည် စက်ဆုပ်ရွံရှာဖွယ်သော အနိဋ္ဌာရုံများဖြစ်ကုန်၍ စိတ်နှစ်သက်မှုကို ဖြစ်စေရန် အားအလွန်နည်းကုန်၏။ ထို့ကြောင့် ထိုကမ္မဋ္ဌာန်းတို့၌ သမာဓိရစေရန် ဥပမာအားဖြင့် ရေစီးပြင်းသောမြစ်၌ ထိုးဝါးနှင့်ကင်း၍ လှေသည် မတည်တံ့နိုင်သကဲ့သို့ ဝိတက်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် ဝိတက်ပါရှိသော ပထမဈာန်သာရနိုင် ဖြစ်စေနိုင်၏။ ဝိတက်ကင်းသော ဒုတိယဈာန်စသည်တို့ မဖြစ်နိုင်။ ဝိတက်သည် သမ္ပယုတ်တရားတို့ကိုအာရုံသို့ တင်ပို့၍ပေးနိုင်သည်။

မေတ္တာ ကရုဏာ မုဒိတာတို့တွင် မေတ္တာသည် ဒေါမနဿနှင့်တကွဖြစ်သော ဗျာပါဒတရားကို ပယ်သောကြောင့်လည်းကောင်း၊ ကရုဏာသည် ညှဉ်းဆဲခြင်း ဝိဟိံသာတရားကို ပယ်သောကြောင့်လည်းကောင်း၊ မုဒိတာသည် သူတစ်ပါးတို့၏ စည်းစိမ်၌ မမွေ့လျော်မှု အနဘိရတိတရားကို ပယ်သောကြောင့်လည်းကောင်း သောမနဿနှင့်တကွသာ ဖြစ်ကြရသည်။ ထို့ကြောင့် ၎င်းသုံးပါးသည် သောမနဿ ဖြစ်သော ပထမ ဒုတိယ တတိယ စတုတ္ထဈာန်လေးပါးသာ ရပါသည်။

ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မဝိဟာရသည် –

(၁) ''ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းပါစေ၊ နှလုံးစိတ် ဝမ်းငြိမ်းချမ်းပါစေ''ဟူသော မေတ္တာ၏ကိစ္စသုံးပါးကို ပယ်ခြင်း ကြောင့်လည်းကောင်း၊

(၂) 'ကံသာလျှင် မိမိဥစ္စာ''အဖြစ်ရှုကာ သတ္တဝါတို့အား လျစ်လျူရှုသော အားဖြင့် တတြမဇ္ဈတ္တတာ အားကြီးသောကြောင့်လည်းကောင်း သောမနဿမဖြစ်ဘဲ ဥပေက္ခာပဥ္စမဈာန်သာ ဖြစ်ရပါသည်။

## နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

မည်သည့်ကမ္မဋ္ဌာန်းမဆို အာရုံနှင့်မကင်းနိုင်၊ အာရုံနှင့်ကင်းသော ကမ္မဋ္ဌာန်း မည်သည် မရှိသောကြောင့် ကမ္မဋ္ဌာန်းအားလုံး ပရိကမ္မနိမိတ်ကို ရသည်ချည်း ဖြစ်၏။

ပရိကမ္မနိမိတ်ကို ရပါက ၎င်းပရိကမ္မနိမိတ်နှင့်တူစွာ ဥဂ္ဂဟနိမိတ်သည် ထင်လာမြဲဖြစ်သောကြောင့် ဥဂ္ဂဟနိမိတ်လည်း ကမ္မဋ္ဌာန်းအားလုံးရသည်သာ။

ယင်းရသော ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့ ထင်မှုသည် ကမ္မဋ္ဌာန်း (၄၀)၌ အာရုံအမျိုးမျိုးရှိရာ ၎င်းအာရုံအားလျော်စွာသာထင်၏ ဟူသော အဓိပ္ပာယ်ကို ''ယထာရဟံ''ဟူသောပါဠိပြ၏။ (ပထဝီကသိုဏ်းအတွက် ပထဝီကသိုဏ်းဝန်း ပရိကမ္မနိမိတ်သာ ထင်သည်စသည်ဖြင့် ယူပါလေ။)

ကသိုဏ်း (၁၀)ပါး၊ အသုဘ (၁၀)ပါး၊ ကာယဂတာသတိနှင့် အာနာပါနသတိကမ္မဋ္ဌာန်း (၂၂)ပါးတို့၌သာလျှင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့သည် ထင်ရှားစွာဖြစ်နိုင်ကုန်၏။ ကြွင်းသော ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း (၁၈)ပါး၌ကား ယင်းနိမိတ်နှစ်ပါး မထင်ရှားကြချေ။ ထို့ကြောင့် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် အားလုံးရသည်ဆိုသော်လည်း များသောအားဖြင့် ''ပရိယာယေန''ရသည်ဟု သိပါ။

### ကမ္မဋ္ဌာန်းအားမထုတ်မီ ရှေးဦးစွာ ပြုလုပ်ရမည့်အလုပ်များ

(၁) စတုပါရိသုဒ္ဓိသီလကို စင်ကြယ်စေရမည်၊

(၂) ပလိဗောဓ ဆယ်ပါးကို ဖြတ်ရမည်၊

(၃) ချစ်အပ် မြတ်နိုးအပ် မေတ္တာပွားအပ်သော ဂုဏ်ရှိသောမိတ်ဆွေကောင်း ဆရာကောင်းထံ၌ ချဉ်းကပ်၍ မိမိ၏ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းသင်ယူရမည်၊

(၄) ၁၈-ပါးအပြားရှိသော သမာဓိဘာဝနာနှင့် မလျော်ပတ်သော ကျောင်းတို့ကို ပယ်ရမည်၊

(၅) အင်္ဂါငါးပါးနှင့် ပြည့်စုံသော သမာဓိဘာဝနာနှင့်ပြည့်စုံသော လျော်ပတ်သော ကျောင်း၌ နေရမည်၊

(၆) ဆံပင်ရိတ်ခြင်း၊ လက်သည်းညှပ်ခြင်းစသော ပလိဗောဓငယ်များ ဖြတ်ရမည်။

ထို့နောက် (ပထဝီကသိုဏ်းဝန်းကို ရှေ့၌ ထား၍သော်လည်းကောင်း၊ ထွက်သက်ဝင်သက် ဆံပင်စသော ကောဋ္ဌာသတို့၌ စိတ်ကို ထား၍သော်လည်းကောင်း) ကမ္မဋ္ဌာန်းတစ်ခုခု အားထုတ်ရမည်။ ♦ အကျယ်သိလိုမူ ''ဝိသုဒ္ဓိမဂ်'' ၌ ယူပါကုန်။

ပဋိဘာဂနိမိတ်ကိုကား ကသိုဏ်း (၁၀)ပါး၊ အသုဘ (၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနသတိ ဤကမ္မဋ္ဌာန်း (၂၂)ပါးတို့၌ ထင်ရှားသော အာရုံဖြစ်သော

ကြောင့် ရနိုင်၏။ ပဋိဘာဂနိမိတ်ကို ရသောကြောင့် ဥပစာရသမာဓိ အပ္ပနာသမာဓိ တို့သည်လည်း ဖြစ်ကုန်၏။

ကောင်းစွာပြုအပ်သော ကသိုဏ်းဝန်းအစရှိသော အာရုံသည် ပရိကမ္မနိမိတ် မည်၏။

ထိုပရိကမ္မနိမိတ်ကို အဖန်ဖန်အထပ်ထပ် မျက်စိဖြင့် ကြည့်ရှု၍ စီးဖြန်းအပ် သော ဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။

## ဥဂ္ဂဟနိမိတ်ထင်ပုံ

ပရိကမ္မနိမိတ်ကို အဖန်ဖန်အထပ်ထပ် အကြိမ်တစ်ရာ အထောင်မက မျက်စိ ဖြင့် ကြည့်ရှုဖန်များ၍ မျက်စိမှိတ်ထားသော်လည်း ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မနောဒွါရ၌ ၎င်းကသိုဏ်းဝန်းအတိုင်း ထင်လာသော အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။

## ပဋိဘာဂနိမိတ်ထင်လာပုံ

ထိုဥဂ္ဂဟနိမိတ်ကို အဖန်ဖန်အထပ်ထပ် စိတ်ဖြင့် ဆင်ခြင်ပွားများသော ယောဂီပုဂ္ဂိုလ်အား အစဉ်အားဖြင့် နီဝရဏတို့သည် ကင်းကွာကုန်၏။ ကိလေသာ တို့သည် ရေများအနည်ကျသကဲ့သို့ (အနည်ထိုင်နေသကဲ့သို့) ကောင်းစွာငြိမ်သက် ဝပ်နေကုန်၏။ ထိုအခါ ဥဂ္ဂဟနိမိတ်၏ လက်ချောင်းရာ၊ လက်ဖနောင့်ရာ၊ လက်ဖဝါးရာ စသော ကသိုဏ်းဝန်းအပြစ်တို့မှ လွတ်သော၊ အအိမ်မှ ထုတ်ဆောင် အပ်သော ကြေးမုံမှန်ကဲ့သို့လည်းကောင်း၊ ကောင်းစွာပွတ်တိုက်ထားသော ခရု သင်းခွက်ကဲ့သို့လည်းကောင်း၊ တိမ်တိုက်ကြားမှ ထွက်လာသော လပြည့်ဝန်းကဲ့သို့ လည်းကောင်း၊ ကောင်းကင်တိမ်ညိုဝမှ ပျံသန်းသွားသောဥဇျိုင်းဖြူကဲ့သို့လည်း ကောင်း ဥဂ္ဂဟနိမိတ်ကို ထိုးဖောက်၍ ထွက်လာသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာ အထောင်မက အလွန်စင်ကြယ်သော နိမိတ်သည် ပဋိဘာဂနိမိတ် မည်၏။

## ဥဂ္ဂဟနိမိတ်နှင့်ပဋိဘာဂနိမိတ်အထူးကား

ပဋိဘာဂနိမိတ်သည် ဥဂ္ဂဟနိမိတ်ထက် အဆအရာ အထောက်မက အလွန် စင်ကြယ်ခြင်းတည်း။ ၎င်းပဋိဘာဂနိမိတ်သည် စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသော အဆင်းသဏ္ဍာန်စသော အာရုံမျိုးမဟုတ်၊ ရှန့်ရင်းသော အနိစ္စတာစသောအားဖြင့်

သုံးသပ်သည်လည်းမဟုတ်၊ ယောဂီပုဂ္ဂိုလ်သည် ဥပစာရသမာဓိမှ ထင်ရှားဖြစ် ပေါ်လာသော အခြင်းအရာ ပညတ်အာရုံမျှသာ ဖြစ်သည်။ ဘာဝနာပညာဖြင့်သာ ဖြစ်သော ပညတ်အာရုံဖြစ်ပါသည်။ --သည်ကို ရည်၍ ''ပညတ္တိသိဒ်တံ''ဟု မိန့်ဆို အပ်ပါသည်။

## ရူပဈာန်တက်ပုံ

ပထမဈာန်ကို ရသည်မှနောက်၌ ထိုပထမဈာန်ကိုပင်လျှင် အာဝဇ္ဇနဝသီ ဘော်၊ သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာနဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်၊ ပစ္စဝေက္ခဏာ ဝသီဘော် ဤဝသီဘော်ငါးပါးတို့ဖြင့် အဖန်ဖန်လေ့လာသည်ကို ပြု၍ ဝိတက်စသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှာ ဝိစာရစသော သိမ်မွေ့သော ဈာန်အင်္ဂါကို ဖြစ်စေခြင်းငှာ ''ပထဝီ ပထဝီ''ဟု အဖန်ဖန်အထပ်ထပ် ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများသော ယောဂီအား ဒုတိယ တတိယ စတုတ္ထ ပဉ္စမဈာန်တို့သည် ဖြစ်ကုန်၏။

## ဝသီဘော်ငါးပါး

(၁) **အာဝဇ္ဇနဝသီဘော်** = ဈာန်အင်္ဂါငါးပါးတွင် တစ်ပါးပါးသော ဈာန် အင်္ဂါဟူသော အာရုံဖြစ်သော မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ လေးကြိမ်, ငါးကြိမ် သော ဇော၊ နှစ်ကြိမ်, သုံးကြိမ်သောဘဝင်ထက် မလွန်မူ၍ အဆင့်ဆင့် အထပ်ထပ် ဈာန်အင်္ဂါကို ဆင်ခြင်ခြင်းငှာစွမ်းနိုင်သည်၏အဖြစ်သည် **အာဝဇ္ဇနဝသီဘော်**မည်၏။

(၂) **သမာပဇ္ဇနဝသီဘော်** = ဈာန်အင်္ဂါကို ဝင်စားခြင်းငှာ အလိုရှိသည်၏ အခြားမဲ့၌ ဖြစ်သော ကာလ၌ ဘဝင်နှစ်ကြိမ် သုံးကြိမ်ထက် မလွန်မူ၍ အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်းငှာ စွမ်းနိုင်သည့်အဖြစ်သည် **သမာပဇ္ဇနဝသီဘော်**မည်၏။

(၃) **အဓိဋ္ဌာနဝသီဘော်** = တံတားသည် (လျင်သော) ရေစီးမြန်သော မြစ်၏ ရေအယဉ်ကို ဖြတ်သွားသကဲ့သို့ ဘဝင်အယဉ်အဟုန်ကို ဖြတ်၍ ပိုင်းခြား သမျှသော ကာလပတ်လုံး ဈာန်ကို မိမိသန္တာန်၌ တည်စေခြင်းငှာ စွမ်းနိုင်သော အဖြစ်ဟု ဆိုအပ်သော ဘဝင်ကျခြင်းမှ ဈာန်ကို စောင့်ခြင်းငှာ လျော်သည်၏အဖြစ် သည် **အဓိဋ္ဌာနဝသီဘော်** မည်၏။ (ဘဝင်ဖြစ်ခွင့်မပေး၊ ဈာန်စိတ်ပဲ ဆက်ဖြစ်စေ ခြင်းတည်း။)

(၄) **ဝုဋ္ဌာနဝသီဘော်** - ပိုင်းခြားသောကာလကို မလွန်စေဘဲ ဈာန်မှ ထနိုင်စွမ်းသောအဖြစ်သည် **ဝုဋ္ဌာနဝသီဘော်**မည်၏။ တစ်နည်း - ပိုင်းခြားသော

ကာလအတွင်း မထဘဲ ပိုင်းခြားသော ကာလရောက်မှသာ ထခြင်းငှာ စွမ်းနိုင်သော အဖြစ်သည် ဝုဋ္ဌာနဝသီဘော်မည်၏။

(၅) **ပစ္စဝေက္ခဏာဝသီဘော်** – မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ဖြစ်သော ဇောတို့သည်သာလျှင် ပစ္စဝေက္ခဏာဇောမည်သောကြောင့် အာဝဇ္ဇနဝသီဘော်သည်ပင် **ပစ္စဝေက္ခဏာဝသီဘော်**မည်၏။

## အရူပဈာန်သို့ တက်ရောက်ပုံ

အာကာသာနဉ္စာယတန အရူပဈာန်သို့ တက်လိုလျှင် အာကာသကသိဏ်းကို ခွာ၍မရသောကြောင့် အာကာသကသိဏ်းကို ကြဉ်ရ၏။ ကသိဏ်းဝန်းကို ခွာ၍မရသောကြောင့် ကသိဏ်း၏ပဋိဘာဂနိမိတ်ကို ခွာသည်ဟု ဆိုရမည်၊ ခွာသည်ဟု ဆိုသည်မှာလည်း ပကတိပစ္စည်းတစ်ခုခုကို ခွာယူသကဲ့သို့ ခွာသည်မဟုတ်၊ နှလုံးမသွင်းဘဲ နေခြင်းကို ပဋိဘာဂနိမိတ်မှ ခွာသည်ဟု ဆိုလိုပေသည်။ ထို့ကြောင့် အာကာသကသိဏ်းမှတစ်ပါး ကျန်သော ကသိဏ်းကိုးပါးအနက် တစ်ခုခုသော ကသိဏ်းပဋိဘာဂနိမိတ်ကို နှလုံးမသွင်းဘဲ ကောင်းကင်ပညတ်အာရုံကို "**အနန္တော အာကာသော အနန္တော အာကာသော**"ဟု အဖန်တလဲလဲ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ပထမအရူပအပ္ပနာဖြစ်သော အာကာသာနဉ္စာယတနဈာန်သည် ဖြစ်ပေါ်လာ၏။

## တတိယာရုပ္ပ သန္တ ပဏီတဖြစ်ပုံ

တတိယာရုပ္ပဈာန်သည် ပထမာရုပ္ပဝိညာဏ်၏မရှိခြင်းဟူသော နတ္ထိဘော ပညတ်သာလျှင် အာရုံရှိသောကြောင့် (သန္တ) ငြိမ်သက်၏။ (ပဏီတ) အလွန်မြတ်၏။ (အရူပဈာန်အဆင့်ဆင့်တက်ပုံ သင်္ဂြိုဟ်ကျမ်းမှ ယူပါကုန်။)

## အပ္ပနာမရသော ကမ္မဋ္ဌာန်ဆယ်ပါး

ရှေ့ပိုင်း ဗုဒ္ဓါနုဿတိစသော အနုဿတိ (၈)ပါးနှင့် အာဟာရေ ပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်တို့သည် အပ္ပနာမရကြပါ။

ယင်းတို့ကို အားထုတ်သောအခါ –

"မြတ်စွာဘုရားသည် သံသရာစက်၏အကန့်ကို ဖျက်ဆီးတတ်သောကြောင့် အရဟံ၊ မဖောက်မပြန် အလုံးစုံသော တရားတို့ကို မိမိအလိုလိုသာလျှင် သယမ္ဘူဉာဏ်ဖြင့် သိတော်မူပြီးသောကြောင့် "သမ္မာသမ္ဗုဒ္ဓ"ဟု အစရှိသဖြင့် ပရိကံပြုပြီး စီးဖြန်းလျှင် ယောဂီအား ပရိကမ္မသမာဓိသည် ကောင်းစွာဖြစ်နိုင်ပေသည်။ နီဝရဏ

တို့ကင်းသောကြောင့် ဥပစာရသမာဓိလည်း ဖြစ်မည်သာ။ (အပ္ပနာသမာဓိသို့ကား မရောက်နိုင်ပေ။)

## အဘိညာဉ်

အထူးသဖြင့် သိတတ်သောကြောင့် ''အဘိညာဉ်''မည်၏။ အဘိညာဉ်အစွမ်းဖြင့် ဖြစ်သော ရူပါဝစရပဉ္စမဈာန်ဟူသည်ကား ဈာန်ရရုံမျှဖြင့် အဘိညာဉ်မဖြစ်သေးချေ၊ အဘိညာဉ်ဖြစ်အောင် ဈာန်ကိုးပါးလုံး ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ပထဝီ အစ ဩဒါတကသိုဏ်းအဆုံးရှိသော ကသိုဏ်းရှစ်ပါးတို့တွင် တစ်ပါးပါး၌ သမာပတ် (၈)ပါးတို့ကို ဝသီဘော်အစွမ်းဖြင့် အထပ်ထပ်ပွားများလေ့လာပြီး၍

(၁) ကသိုဏ်းရှစ်ပါး၏ အနုလုံအစဉ်အားဖြင့်လည်းကောင်း၊

(၂) ကသိုဏ်းတို့၏ ပဋိလုံအားဖြင့်လည်းကောင်း၊

(၃) ကသိုဏ်းတို့၏ အနုလုံ ပဋိလုံအားဖြင့်လည်းကောင်း၊

(၄) ဈာန်တို့၏ အနုလုံအားဖြင့်လည်းကောင်း၊

(၅) ဈာန်တို့၏ ပဋိလုံအားဖြင့်လည်းကောင်း၊

(၆) ဈာန်တို့၏ အနုလုံ ပဋိလုံအားဖြင့်လည်းကောင်း၊

(၇) အစဉ်ဖြစ်သောဈာန်ကို ခုန်ကျော်သောအားဖြင့်လည်းကောင်း၊

(၈) ဈာန် ကသိုဏ်းနှစ်ပါးကို ခုန်ကျော်သောအားဖြင့်လည်းကောင်း၊

(၉) ဈာန်အင်္ဂါကို လွှန်သောအားဖြင့်လည်းကောင်း၊

(၁၀) အာရုံကို လွှန်သောအားဖြင့်လည်းကောင်း၊

(၁၁) ဈာန် အာရုံနှစ်ပါးကို လွှန်သောအားဖြင့်လည်းကောင်း၊

(၁၂) အင်္ဂါကို မှတ်သောအားဖြင့်လည်းကောင်း၊

(၁၃) အာရုံကို မှတ်သောအားဖြင့်လည်းကောင်း၊

(၁၄) အင်္ဂါ အာရုံနှစ်ပါးကို မှတ်သောအားဖြင့်လည်းကောင်း

ဤ (၁၄)ပါးသောနည်းတို့ဖြင့် ဈာန်ကို ကောင်းစွာလေ့လာကာ ရူပါဝစရ ပဉ္စမဈာန်ကို နိုင်နင်းအောင် ဆုံးမအပ်၏။ ဤသို့ ဆုံးမပြီး လေ့လာအပ်ပြီးသော ရူပါဝစရပဉ္စမဈာန်ကိုသာ အဘိညာဉ်၏အစွမ်းဖြင့်ဖြစ်သော ရူပါဝစရပဉ္စမဈာန်ဟု ခေါ်သည်။

ဤကဲ့သို့ (၁၄)ပါးသော အခြင်းအရာတို့ဖြင့် အပြန်အလှန်ဝင်စားခြင်းသည် စိတ်ကို သိမ်မွေ့နူးညံ့အောင် ဆုံးမခြင်းဖြစ်သည်။ ထိုသို့ဆုံးမပြီးသောအခါကျမှ

စိတ်သည် ဆိုင်ရာအဘိညာဉ်၏အာရုံသို့ ရှေးရှုဆောင်ခြင်းငှာ (ခံ့သည်) လျောက်ပတ်သည်၊ အရုံသင့်ဖြစ်တော့သည်။

မေး။ ။အဘိညာဉ်၏အာရုံသို့ ရှေးရှုဆောင်ရာ၌ အဘယ်ကြောင့် ရူပါဝစရပဥ္စမ ဈာန်ကို အခြေခံပြုရသနည်း။

ဖြေ။ ။ရူပါဝစရပဥ္စမဈာန်က အဘိညာဉ်အားလျော်သောကြောင့် အခြေခံရသည်။

မေး။ ။အဘယ့်ကြောင့် ရူပါဝစရပဥ္စမဈာန်က အဘိညာဉ်အားလျော်ရသနည်း။

ဖြေ။ ။အဘိညာဉ်သည် ဥပေက္ခာ ဧကဂ္ဂတာနှင့်ယှဉ်သကဲ့သို့ရူပါဝစရပဥ္စမဈာန် ကလည်း ဥပေက္ခာ ဧကဂ္ဂတာနှင့် ယှဉ်သောကြောင့် အဘိညာဉ်အား လျော်ပါသည်။

## အဘိညာဉ်ဝီထိဖြစ်စဉ်

(၁) ရူပါဝစရပဥ္စမဈာန်ကို ဝင်စားရမည်၊ (၂) ရူပါဝစရပဥ္စမဈာန်မှ ထပြီး ဣဒ္ဓိဝိဓအဘိညာဉ်ကို ဖြစ်စေလိုသော် ''သတံ ဟောမိ၊ သဟဿံ ဟောမိ – ငါသည် လူအရာကို ဖန်ဆင်းလို၏၊ ငါသည် လူအထောင်ကို ဖန်ဆင်းလို၏''ဟု ရှေးဦးစွာ ဆင်ခြင်နှလုံးသွင်းခြင်း ပရိကံကိုပြုရာ၏။ (၃) ထို့နောင်မှ ရူပါဝစရပဥ္စမ ဈာန်ကို တစ်ဖန်ဝင်စားရာ၏။ (၄) ထို့နောက် ဈာန်မှထ၍ ဆင်ခြင်ထားသည့်အတိုင်း 'သတံ ဟောမိ၊ သဟဿံ ဟောမိ''ဟု အဓိဋ္ဌာန်ပြုအပ်၏၊ အဓိဋ္ဌာန်ပြုပြီးသည်နှင့် တစ်ပြိုင်နက် လူအရာ လူအထောင်ဖြစ်လာ၏။ (အရှင်စူဠပန်အဓိဋ္ဌာန်ပြုပုံမျိုး ဖြစ်သည်) ဤကား ဣဒ္ဓိဝိဓအဘိညာဉ်ဖြစ်ပုံတည်း။ (ကျန် အဘိညာ ဉ်များလည်း ထိုနည်းတူ သိပါလေ။)

(အကျယ်သိလိုမူ အဘိဓမ္မတ္ထဂုဏ်ထူးဒီပနီကို ရှုပါကုန်)။

## အဘိညာဉ်အသီးသီးအတွက် ပရိကံပြုပုံ

(၁) ဣဒ္ဓိဝိဓအဘိညာဉ်ကို ပရိကံပြုသောအခါ၌ ဖန်ဆင်းအပ်သော အရာ အထောင် စသော အာရုံကိုလည်းကောင်း၊ ဖန်ဆင်းအပ်သော သတ္တဝါ၏ အဆင်းအစရှိသော အာရုံကိုလည်းကောင်း ဆင်ခြင်ရမည်။

(၂) ဒိဗ္ဗသောတအဘိညာဉ်ကို ပရိကံပြုသောအခါ ကြီးမားပြင်းထန်သော အသံ၊ သိမ်မွေ့သောအသံ စသော အသံအာရုံများကို ဆင်ခြင်ရမည်။

(၃) စေတောပရိယအဘိညာဉ်ကို ပရိကံပြုသောအခါ၌ သူတစ်ပါး၏ နှလုံးသား၌ဖြစ်သော သွေးအရောင်အဆင်းကို ကြည့်၍ ရာဂနှင့်တကွဖြစ်ခြင်းစသည်အပြားရှိသော စိတ်၊ ဒေါမနဿနှင့်တကွဖြစ်သောစိတ်စသော အာရုံကို ဆင်ခြင်ရမည်။

(သူတစ်ပါး၏စိတ်ကို သိလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ ထိုပုဂ္ဂိုလ်၏နှလုံးသွေးအဆင်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုရသည်။ ထိုသို့ကြည့်ရှုသောအခါ သောမနဿကြောင့်ဖြစ်လျှင် (နီရောဓပက္က)၊ ညောင်ပင်သီးမှည့်အဆင်းကဲ့သို့ နီဝင်းသော နှလုံးသွေးအဆင်းကို မြင်ရမည်။ ဒေါမနဿကြောင့်ဖြစ်လျှင် (ဇမ္ဗုပက္က) ဇမ္ဗုသပြေသီးမှည့်အဆင်းကဲ့သို့ ညိုမည်းသော နှလုံးသွေးအဆင်းကို မြင်ရမည်။ ဥပေက္ခာဖြစ်လျှင် (တိလ တေလ) နှမ်းဆီအဆင်းကဲ့သို့ နှလုံးအဆင်းကို မြင်ရမည်။

တစ်ဖန် "**နီမြန်း ရာဂ၊ ဒေါသမည်ပြား၊ သားဆေးရည် မောဟ၊ တက္ကပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာ ပြိုးပြက်**"စသည်ဖြင့် အရောင်ခွဲခြားနိုင်သည်။ ထို့ကြောင့် စေတောပရိယာအဘိညာဉ်ဝင်စားလျှင် သရာဂစသော စိတ်ကို ခွဲခြားဖို့ရန် နှလုံး သွေးအဆင်းကို ရှေးဦးစွာ ကြည့်ရမည်။

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ပရိကံပြုသောအခါ၌ ရှေးဘဝတို့၌ စုတိစိတ်စသည်အပြားရှိသော ရှေးဘဝတို့၌ ဖြစ်ခဲ့ဖူး၊ နေခဲ့ဖူး၊ ခံစားခဲ့ဖူးသော ခန္ဓာကိုယ် အမျိုး အမည် အနွယ် နေရပ် စသည်တို့ကိုလည်းကောင်း အာရုံပြု၍ ဆင်ခြင်ရမည်။

(၅) ဒိဗ္ဗစက္ခုအဘိညာဉ်ကို ပရိကံပြုသောအခါ အရောင်အလင်း ပျံ့နှံ့နိုင်သောအရပ်၌ဖြစ်သော အဆင်းကို အာရုံပြု ဆင်ခြင်ရမည်။

## အဘိညာဉ်တို့၏အာရုံ

ငါးပါးသော အဘိညာဉ်တို့တွင် ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံကို ရှေးဦးစွာဆိုဦးအံ့၊ ပါဒကဈာန်သည်လည်းကောင်း၊ ကိုယ်သည်လည်းကောင်း ရူပါရုံအစရှိသည်ကို ဖန်ဆင်းရာ၌ ရူပါရုံအစရှိသည်တို့သည်ငင်း ဤသို့ခြောက်ပါးသောအာရုံတို့သည် ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံဖြစ်ကုန်၏။ ထိုခြောက်ပါးအပြားရှိသော ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံတို့တွင် ပါဒကဈာန်သည် အတိတ်အာရုံသာတည်း၊ ကိုယ်သည် ပစ္စုပ္ပန်အာရုံသာတည်း၊ ဤမှတစ်ပါးသော အာရုံသည် ပစ္စုပ္ပန်အာရုံသည်လည်းကောင်း၊ အနာဂတ်အာရုံသည်လည်းကောင်း ဖြစ်၏။

(၂) ဒိဗ္ဗသောတအဘိညာဉ်၏အာရုံသည် အသံသာလျှင်ဖြစ်၏၊ ထိုအသံသည်လည်း ပစ္စုပ္ပန်သာဖြစ်၏၊ ပရစိတ္တဝိဇာနနအဘိညာဉ်၏အာရုံကား အတိတ်ခုနစ်ရက်တို့၌လည်းကောင်း၊ အနာဂတ်ခုနစ်ရက်တို့၌လည်းကောင်း ဖြစ်သောကာမစိတ်အစရှိကုန်သော စိတ်တို့တွင် အမှတ်မရှိ တစ်ပါးပါးသော ကာလသုံးပါးတို့၌ဖြစ်သော စိတ်သည်သာလျှင်တည်း။ ဤသို မဟာအဋ္ဌကထာဆရာတို့သည် ဆိုကုန်၏။

(၃) အဋ္ဌကထာသစ်ပြု အဋ္ဌကထာဆရာတို့သည်ကား လေးပါးကုန်သော ခန္ဓာတို့သည်လည်း အာရုံဖြစ်ကုန်၏ဟု ဆိုကုန်၏။ အဘယ့်ကြောင့် ထိုစေတောပရိယအဘိညာဉ်၏ ပစ္စုပ္ပန်ဖြစ်သော စိတ်လျှင်အာရုံရှိသောအဖြစ်သည် ဖြစ်ပါသနည်း၊ မနောဒွါရာဝဇ္ဇန်းသည် ယူအပ်ပြီးသော အာရုံသည်သာလျှင် စေတောပရိယအဘိညာဉ်နှင့်ယှဉ်သောစိတ်၏ အာရုံဖြစ်သည် မဟုတ်ပါလော၊ မနောဒွါရာဝဇ္ဇန်းသည် ပစ္စုပ္ပန်ဖြစ်သောစိတ်ကို အာရုံပြု၍ ချုပ်သည်ရှိသော် ထိုမနောဒွါရာဝဇ္ဇန်းနှင့်မျှသော ကာလရှိသည်ဖြစ်၍သာလျှင် သူတစ်ပါး၏စိတ်သည်လည်း ချုပ်၏။ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်း၏အဘိညာဉ်ဇောတို့၏အစွမ်းဖြင့်တူသော အာရုံရှိသည်အဖြစ်သည် မဖြစ်ရာ၊ မဂ်ဝီထိ ဖိုလ်ဝီထိတို့မှ တစ်ပါးသောဝီထိ၌ အဘိညာဉ်ဇောအာဝဇ္ဇန်းတို့၏ အထူးထူးသော အာရုံရှိသည်ဖြစ်ကို အသို့လျှင် အလိုရှိအပ်ပါသနည်း၊ အလိုမရှိအပ်သည်သာတည်း၊ (ထိုသို့ မလိုအပ်သည်အဖြစ်ကြောင့် စောဒနာ၏။)

အဋ္ဌကထာ၌ကား သန္တတိပစ္စုပ္ပန် အဒ္ဓပစ္စုပ္ပန် အာရုံရှိသည်အဖြစ်ကို ယှဉ်အပ်၏။ အရှင်အာနန္ဒာဆရာသည်ကား ဤသို့ ဆိုအပ်၏။ အဘယ်သို့ ဆိုသနည်းဟူမူကား - ပါဒကရျာန်မှထ၍ ပစ္စုပ္ပန်အစရှိသော ဝေဖန်ခြင်းကို မပြုမူ၍ သက်သက် ဤသူ၏စိတ်ကို သိလို၏ဟူ၍သာလျှင် ပရိကံကို ပြု၍ တစ်ဖန် ပါဒကရျာန်ကို ဝင်စား၍ ရျာန်မှထပြီးလျှင် သာမညအားဖြင့် စိတ်ကို ဆင်ခြင်၍ သုံးကြိမ်လေးကြိမ်သော ပရိကံတို့၏အခြားမဲ့၌ စေတောပရိယအဘိညာဉ်ဖြင့် သူတစ်ပါး၏စိတ်ကို သိ၏၊ အဘယ်ကဲ့သို့နည်းဟူမူကား -

(၄) ရူပါရုံကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သိသကဲ့သို့တည်း၊ ထိုမှနောက်၌ ကာမာဝစရစိတ်ဖြင့် သရာဂစိတ်အစရှိသည်ကို ပိုင်းခြားခြင်းကိုလည်း ပြု၏၊ အဘယ်ကဲ့သို့နည်းဟူမူ - ညိုသောအဆင်းအစရှိသည်ကို မှတ်သကဲ့သို့တည်း၊

အလုံးစုံသော ထိုအာဝဇ္ဇန်းနှင့်ဇောစိတ်တို့သည် ရှေးရှုဖြစ်၍ဖြစ်သော သူတစ်ပါး၏ စိတ်ဟု ဆိုအပ်သော အာရုံရှိကုန်သည်သာလျှင်တည်း။

အလိုမရှိအပ်သောအရာ၌ အထူးထူးသော အာရုံရှိသည်၏အဖြစ်ဟု ဆိုအပ သောအဖြစ်မရှိ၊ အဘယ့်ကြောင့် မရှိသနည်းဟူမူ - ထူးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းမရှိသည်အဖြစ်ကြောင့် မရှိ၊ ဤသို့ ဆို၏.။

(၅) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၏ ရှေးဘဝ၌ ခံစားအပ်ကုန်သော ခန္ဓာတို့သည်လည်းကောင်း၊ ထိုပုဗ္ဗေနိဝုတ္ထက္ခန္ဓာနှင့် စပ်ကုန်သော အမည် အမျိုး တို့သည်လည်းကောင်း၊ နိဗ္ဗာန်သည်လည်းကောင်း အာရုံဖြစ်၏။ ဒိဗ္ဗစက္ခုအဘိညာဉ် ၏ကား ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည်သာလျှင် အာရုံဖြစ်၏၊ ဤသို့လျှင် ထိုအဘိညာဉ် (၅)ပါးတို့၏ အာရုံအပြားကို သိအပ်၏။

(၂) ဒိဗ္ဗသောတအဘိညာဉ်သည် သဒ္ဒါရုံကိုသာ အာရုံပြုနိုင်သည်။ ကာလ အားဖြင့် ပစ္စုပ္ပန်တည်း။

(၃) စေတောပရိယအဘိညာဉ်သည် အတိတ် ခုနစ်ရက်၊ အနာဂတ်ခုနစ် ရက်အတွင်း၌ဖြစ်သော အမှတ်မရှိသော တေကာလိကစိတ်တစ်ခု ခုကို အာရုံပြု၏ဟု **"မဟာအဋ္ဌကထာ"**က ဆို၏။

စေတောပရိယအဘိညာဉ်သည် မနောဒွါရာဝဇ္ဇန်းက ယူအပ်သော အာရုံကို ဆက်ယူသည်။ မနောဒွါရာဝဇ္ဇန်းက ပစ္စုပ္ပန် သူတစ်ပါးစိတ်ကို အာရုံပြုစဉ် မနော ဒွါရာဝဇ္ဇန်းချုပ်သည်နှင့် သူတစ်ပါးစိတ်လည်း တစ်ပြိုက်နက် ချုပ်သည်ဆိုပါစို့၊ ထိုအခါ အဘိညာဏ်စိတ်က အာရုံသစ်တစ်မျိုး ယူရမည်ကဲ့သို့ ရှိနေသည်။ ဝီထိတစ်မျိုးတည်း တွင် အာဝဇ္ဇန်းအာရုံနှင့်ဇောအာရုံ ကွဲသည်ဟူ၍ မဖြစ်နိုင်ပေ။ (မဂ် ဖိုလ်ဝီထိတွင်သာ အာဝဇ္ဇန်းအာရုံနှင့်မဂ်ဇော၊ ဖိုလ်ဇော အာရုံကွဲနိုင်သည်) ထို့ကြောင့် 'အဋ္ဌကထာသစ်' ပြုတော်မူသော ဆရာက ခန္ဓာလေးပါးကို စေတောပရိယအဘိညာဉ်က အာရုံပြုသည်ဟု ဆိုပါသည်။ အဋ္ဌကထာ၌ သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်ကို အာရုံပြု သည်ဟု ဆိုထားသည်။

စေတောပရိယအဘိညာဉ်ဝင်စားပုံစာစုကို မှတ်သားလောက်အောင် ပြည့် စုံစွာ ရေးသားဖော်ပြပါ။

စေတောပရိယအဘိညာဉ်ကို ဝင်စားလိုသော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် အဘိညာဉ်၏အခြေခံဖြစ်သော ရူပါဝစရပဥ္စမဈာန်

ကို ဝင်စား၊ ထိုဈာန်မှထ၍ ''ဓွေကံ ဌာနံ အာလောကော ဖရတု[၂] = ဤမည်သော အရပ်သို့ အလင်းရောင်သည် ပျံ့နှံ့စေသတည်း''[၂]ဟု ကသိုဏ်း၏အလင်းရောင်ကို ဖြန့်ရပါသည်။ ကသိဏာလောကကို ဥပစာရဈာန်အခိုက်မှာသာ ဖြန့်ရသည်။ အပ္ပနာဈာန်အခိုက်မှာ မဖြန့်ရ။ ထို့ကြောင့် ထိုကသိုဏ်းအရောင် ပျံ့နှံ့ရာအရပ်၌ တည်သော သတ္တဝါအလင်းကို အာရုံပြု၍ ''ဣမဿ ရူပံ ပဿာမိ = ဤသို့သဘော ရှိသောသူ၏ ရုပ်အဆင်းကို မြင်လို၏''[၂]ဟု ပရိကံကို ပြုရပါသည်။ ထိုနောင် ပါဒက ဈာန်ကို ဝင်စား၊ ထိုဈာန်မှထ၍ ရူပါရုံကို ဆင်ခြင်သော အာဝဇ္ဇနပရိကံ၏အဆုံး၌ ဖြစ်ပေါ်လာသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ထိုသတ္တဝါ၏အဆင်းကို မြင်၍ ထိုသတ္တဝါ၏ စိတ်ကို သိလိုသဖြင့် ထိုပါဒကဈာန်ကိုပင် ပြန်ဝင်စား၊ ထိုဈာန်မှထ၍ ''ဣမဿ ဟဒယဂ်တလောဟိတဝဏ္ဏံ ပဿာမိ[၂] = ဤသို့ သဘောရှိသောသူ၏ နှလုံးသွေး အဆင်းကို မြင်လို၏''ဟု ပရိကံပြု၍ ထိုပါဒကဈာန်ကိုပင် ပြန်၍ဝင်စား၊ ထိုဈာန်မှ ထ၍ ဝဏ္ဏကို ဆင်ခြင်သော အာဝဇ္ဇနပရိကံ၏အဆုံးဖြစ်ပေါ်လာသော ဒိဗ္ဗစက္ခု ဉာဏ်ဖြင့် သူတစ်ပါး၏ သောမနဿိန္ဒြေကြောင့်ဖြစ်သော ညောင်သီးမှည့်အသွင်၊ နီသောအဆင်းရှိသော၊ ဒေါမနဿိန္ဒြေကြောင့်ဖြစ်သော သပြေသီးမှည့်အသွင် မည်း သောအဆင်းရှိသည်လည်းဖြစ်သော၊ ဥပေက္ခိန္ဒြေကြောင့်ဖြစ်သော နှမ်းဆီအသွင်၊ ကြည်လင်သော အဆင်းရှိသည်လည်းဖြစ်သော နှလုံးအတွင်း၌ တည်သော သွေး အဆင်းကို မြင်ပါသည်။ ထို့နောင် ပါဒကဈာန်ကိုပင် ဝင်စား၊ ထိုဈာန်မှထ၍ ''ဣမဿ စိတ္တံ ဇာနာမိ''[၂]ဟု ပရိကံပြု၍ တစ်ဖန် ထိုပါဒကဈာန်ကိုပင် ဝင်စား၊ ထိုဈာန်မှထ၍ စိတ်ကို ဆင်ခြင်သော အာဝဇ္ဇနပရိကံကို ပြုပြီးသောအဆုံး၌ သူတစ်ပါး၏ သရာဂစသည် အပြားရှိသောစိတ်ကို အာရုံပြု၍ စေတောပရိယအဘိ ညာဉ်ဖြစ်ပါသည်။ ထိုအဘိညာဉ်ဖြင့် စိတ်ကို ပိုင်းခြားမှတ်သားပါသည်၊ ထိုစေတော ပရိယအဘိညာဉ်ဖြင့် သူတစ်ပါး၏စိတ်ကို ထိုးထွင်း၍သိပါသည်။ ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မြင်သကဲ့သို့ ပေါ်လွင်ထင်ရှားစေပါသည်။ ထို့နောင်မှ ကာမာဝစရစိတ်ဖြင့် အညို အရွှေစသည်ကို မှတ်သားသကဲ့သို့ သရာဂစသော စိတ်များကို ပိုင်းခြားမှတ် သားပါသည်။

(စေတောပရိယအဘိညာဉ်သည် တေကာလိကစိတ်ကိုသာ အာရုံပြုသည် ဟု မဟာအဋ္ဌကထာဆရာဆိုသည်။ သင်္ဂဟအဋ္ဌကထာ ရှင်မဟာဗုဒ္ဓဃောသ ကား နာမက္ခန္ဓာလေးပါးကို အာရုံပြုသည်ဟု ဆိုသည်။ ပရိကံပြုဟူသည် ပရိကံ

ပြုသော ကာမဇော မနောဒွါရဝီထိ ဖြစ်သည်ဟူလို။ ဤပရိကမ္မဝီထိကို အဓိဋ္ဌာန်ပြုသော ဝီထိဖြစ်သောကြောင့် အဓိဋ္ဌာနဝီထိဟုလည်း ခေါ်ရသည်။)

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်သည် ရှေးဘဝ၌ ခံစားအပ်ကုန်သော ခန္ဓာတို့ကိုလည်းကောင်း၊ ထိုခန္ဓာတို့နှင့်စပ်သော အမည် အမျိုး အနွယ် နေရာ ပညတ်တို့ကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း အာရုံပြုနိုင်ပါသည်။

(၅) ဒိဗ္ဗစက္ခုအဘိညာဉ်သည် ရူပါရုံကိုသာ အာရုံပြုသည်၊ ကာလအားဖြင့် ပစ္စုပ္ပန်တည်း။

## အဘိညာဉ်ငါးပါး

(၁) ရုပ်ကို အဓိဋ္ဌာန်ခြင်း၊ ဖန်ဆင်းခြင်းစသော တန်ခိုးအထူးအပြားရှိ သော အဘိညာဉ်သည် ဣဒ္ဓိဝိဓအဘိညာဉ် မည်၏။

(ဝါ) အထူးထူးအပြားပြား တန်ခိုးဖန်ဆင်းခြင်း၌ စွမ်းနိုင်သော **ဣဒ္ဓိဝိဓအဘိညာဉ်**မည်၏။

(၂) နတ်နားကဲ့သို့ အဝေးမှ အသံကို ကြားစွမ်းနိုင်သော အဘိညာဉ်သည် **ဒိဗ္ဗသောတအဘိညာဉ်**မည်၏။

ဒိဗ္ဗ အရ – ဒိဗ္ဗဝိဟာရကို မှီရသည်အဖြစ်ကြောင့်လည်းကောင်း၊ ထိုဒိဗ္ဗဟူသည် နတ်တို့၏သောတပသာဒနှင့်တူသောကြောင့် သောတမည်ရကား ဒိဗ္ဗသောတမည်၏။

(၃) သူတစ်ပါး၏စိတ်ကို သိသော အဘိညာဉ်သည် **ပရစိတ္တဝိဇာနန** အဘိ ညာဉ်မည်၏။

(၄) ရှေးဘဝတို့၌ မိမိသန္တာန်ဝယ် ဖြစ်ဖူးသော၊ အာရုံပြုသောအားဖြင့် မှီဝဲသုံးဆောင်ကုန်ဖူးသော ခန္ဓာ၊ ထိုခန္ဓာတို့နှင့်စပ်သော အမျိုး အမည် စသည်တို့ကို အောက်မေ့ခြင်း၌ စွမ်းနိုင်သော အဘိညာဉ်သည် **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်**မည်၏။

(၅) နတ်၏မျက်စိကဲ့သို့ အဝေးမှ အဆင်းကို မြင်စွမ်းနိုင်သော အဘိညာဉ် သည် **ဒိဗ္ဗစက္ခုအဘိညာဉ်**မည်၏။

ဒိဗ္ဗစက္ခုကို "**စုတူပပါတဉာဏ်**"ဟု ခေါ်ဆိုအပ်၏၊ **ယထာကမ္မူပဂဉာဏ်၊ အနာဂတံသဉာဏ်တို့သည်လည်း** အသီးအခြား ပရိကံမရှိ၍ ဒိဗ္ဗစက္ခုအစွမ်းဖြင့် သာလျှင် ပြည့်စုံကုန်၏။ ထို့ကြောင့် အဘိညာဉ်ငါးပါးဟုသာ ဆို၏။

♦ အနာဂတံသဉာဏ်သည် အနာဂတ်ခုနစ်ရက်အတွင်း၌ နောင်ဖြစ်လတ္တံ့သော စိတ်၊ စေတသိက်ကိုလည်းကောင်း၊ ဒုတိယနေ့မှစ၍ နောင်ဖြစ်လတ္တံ့သော အလုံးစုံသော တရားတို့ကိုလည်းကောင်း အာရုံပြု၏။

(အနာဂတံသဉာဏ်သည် မိမိတည်ရာဖြစ်သော ခုနစ်ရက်အတွင်း၌ဖြစ်သော အာရုံ၌ သဗ္ဗညုတဉာဏ်နှင့်တူသော ဖြစ်ခြင်းရှိ၏။)

♦ ယထာကမ္မူပဂဉာဏ်သည် အတိတ်ကုသိုလ် အကုသိုလ်စေတနာကိုလည်းကောင်း၊ ခန္ဓာလေးပါးတို့ကိုလည်းကောင်း အာရုံပြု၏၊ ဤသို့မှတ်အပ်၏။

အာရုံ၏အစွမ်းဖြင့် သမထလေးဆယ်အပြားသည် **ဂေါစရဘေဒ**မည်၏။

## ဝိပဿနာ

(ဝိ = အထူးထူးအပြားပြား၊ ပဿနာ = ရှုခြင်း)

**ဝိပဿနာ** = အနိစ္စအစရှိသောအစွမ်းဖြင့် အထူးထူးအပြားပြားရှိသော အခြင်းအရာအားဖြင့် ရှုတတ်သောကြောင့် "ဝိပဿနာ"မည်၏။

(အနိစ္စာနုပဿနာအစရှိသော ဘာဝနာမယဖြစ်သော ပညာကို ဝိပဿနာဟု ယူအပ် ရအပ်၏။)

**ဝိပဿနာကမ္မဋ္ဌာန်း** = ဝိပဿနာ၏ကမ္မဋ္ဌာန်းဖြစ်သောကြောင့် ဝိပဿနာကမ္မဋ္ဌာန်းမည်၏။ တစ်နည်း – ထိုဝိပဿနာသည်ပင်လျှင် ကမ္မဋ္ဌာန်းဖြစ်သောကြောင့် ဝိပဿနာကမ္မဋ္ဌာန်းမည်၏။

(ဝိပဿနာကမ္မဋ္ဌာန်း၌ ဝိသုဒ္ဓိခုနစ်ပါးရှိ။)

## လက္ခဏာယာဉ်သုံးပါး

မှတ်အပ်သောကြောင့်လည်းကောင်း၊ မှတ်ကြောင်းဖြစ်သောကြောင့်လည်းကောင်း "လက္ခဏာ"မည်၏။

(၁) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မမြဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် အနိစ္စလက္ခဏာမည်၏။

(၂) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်၍ ဆင်းရဲသောအဖြစ်ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် ဒုက္ခလက္ခဏာ မည်၏။

(၃) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အလိုသို့ မလိုက်သောအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် အနတ္တလက္ခဏာမည်၏။

တစ်နည်း – တိတ္ထိတို့သည် ကြံဆအပ်သော အတ္တ၏မရှိသည့်အဖြစ်သည် ''အနတ္တ''မည်၏။ ထိုအနတ္တသည်ပင် လက္ခဏာဖြစ်သောကြောင့် ''**အနတ္တလက္ခဏာ**''မည်၏။

## အနုပဿနာသုံးပါး

အနိစ္စလက္ခဏာကို အဖန်တလဲလဲရှုခြင်းသည် **အနိစ္စာနုပဿနာ** မည်၏။ ဒုက္ခလက္ခဏာကို အဖန်တလဲလဲရှုခြင်းသည် **ဒုက္ခာနုပဿနာ**မည်၏။ အနတ္တလက္ခဏာကို အဖန်တလဲလဲရှုခြင်းသည် **အနတ္တာနုပဿနာ**မည်၏။

## ဝိပဿနာဉာဏ်ဆယ်ပါး

(၁) ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု အပေါင်းအားဖြင့် သုံးသပ်သည်၏အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် **သမ္မသနဉာဏ်** မည်၏။

(၂) ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း နှစ်ပါးကို အဖန်တလဲလဲ ရှုသည်၏အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **ဥဒယဗ္ဗယဉာဏ်** မည်၏။

(၃) ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပျက်ခြင်းတစ်ပါးကိုသာ အဖန်တလဲလဲ ရှုသည်၏အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် **ဘင်ဉာဏ်**မည်၏။

(၄) ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အလွန်ကြောက်လန့်ဖွယ်ဘေးကြီးဟု အဖန်တလဲလဲရှုသည်၏အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် **ဘယဉာဏ်** မည်၏။

(၅) ဘေးကြီးဟု ထင်အပ်ပြီး၊ မြင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသည်၏အစွမ်းဖြင့် ဖြစ်သော ဉာဏ်သည် **အာဒီနဝဉာဏ်**မည်၏။

(၆) အပြစ်ဟု ထင်အပ်ပြီး၊ မြင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငြီးငွေ့သည်၏အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် **နိဗ္ဗိဒါဉာဏ်**မည်၏။

(၇) ငြီးငွေ၍ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသည်၏အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် **မုဉ္စိတုကမျတာဉာဏ်**မည်၏။

(၈) ထွက်မြောက်ရန် အကြောင်း၏ပြည့်စုံခြင်းငှာ တစ်ဖန် ခန္ဓာငါးပါး သင်္ခါရတရားတို့ကို သိမ်းဆည်းသည်၏အစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် **ပဋိသင်္ခါဉာဏ်**မည်၏။

(၉) ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်းကို လျစ်လျူရှုခြင်း (ဝါ) မဖြစ်စေခြင်းအစွမ်းဖြင့်ဖြစ်သော ဉာဏ်သည် **သင်္ခါရုပေက္ခာဉာဏ်**မည်၏။

(၁၀) ရှေ့ဉာဏ်ကိုးပါး၏ ကိစ္စပြီးစေနိုင်သော အထက်၌ ဗောဓိပက္ခိယတရား (၃၇)ပါးနှင့်လည်း လျော်သော ဉာဏ်သည် **အနုလောမဉာဏ်**မည်၏။

## ဝိမောက္ခသုံးပါး

အတ္တမှ ဆိတ်သည်၏အဖြစ်ကြောင့် သုညတ မည်၏။ သံယောဇဉ်အစရှိသည်တို့မှ လွတ်သော အနက်ကြောင့် ဝိမောက္ခမည်၏။ နိစ္စနိမိတ်အစရှိသည်၏ မရှိသောကြောင့် **အနိမိတ္တ**မည်၏။ တဏှာဟူသော တောင့်တခြင်းမရှိသောကြောင့် **အပ္ပဏိဟိတ**မည်၏။

(၁) ခန္ဓာငါးပါး သင်္ခါရတရားတို့၌ အတ္တ ဇီဝမှ ဆိတ်သုဉ်းသည်ဖြစ်၍ သံယောဇဉ်အစရှိသည်တို့မှ လွတ်သော မဂ်သည် **သုညတဝိမောက္ခ** မည်၏။

(၂) နိစ္စနိမိတ်စသည်မရှိသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်သော မဂ်သည် **အနိမိတ္တဝိမောက္ခ** မည်၏။

(၃) တဏှာတည်းဟူသော တောင့်တခြင်းကင်းသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှ လွတ်သော မဂ်သည် **အပ္ပဏိဟိတဝိမောက္ခ** မည်၏။

# ဝိသုဒ္ဓိခုနစ်ပါး

## ၁။ သီလဝိသုဒ္ဓိ

(က) မိမိဟု ဆိုအပ်သော သိက္ခာပုဒ်ကို စောင့်တတ်သော ရဟန်းကို အပါယ်ဆင်းရဲစသော ဒုက္ခတို့မှ လွတ်စေတတ်သောကြောင့် **ပါတိမောက္ခ**မည်၏။ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရဟန်း၏ ကာယဒွါရ ဝစီဒွါရတို့ကို စောင့်တတ်သောကြောင့် **သံဝရ** မည်၏။ ကာယကံ ဝစီကံတို့ကို ဖရိုဖရဲမရှိရအောင် ကောင်းစွာထားခြင်း၊ ကုသိုလ်တရားတို့ကို လွန်စွာဆောင်ခြင်းအနက်သဘောကြောင့် **သီလ**မည်၏။ ထို့ကြောင့် မိမိကို စောင့်သောသူကို အပါယ်ဒုက္ခစသည်တို့မှ လွတ်စေ၍ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ တားမြစ်လျက် ကာယကံ ဝစီကံတို့ကို ကောင်းစွာထားသော ရဟန်းတို့၏ (၂၂၇)ပါးသော သိက္ခာပုဒ်တော်အပေါင်းသည် **ပါတိမောက္ခသံဝရသီလ** မည်၏။

(ခ) ဣန္ဒြေခြောက်ပါးတို့ကို ရူပါရုံစသည်တို့၌ စောင့်စည်းခြင်း၏အစွမ်းဖြင့် ဖြစ်သောသီလသည် **ဣန္ဒြိယသံဝရသီလ** မည်၏။

(ဂ) မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်မွေးခြင်း စင်ကြယ်သည်၏ အစွမ်းဖြင့် ဖြစ်သော သီလသည် **အာဇီဝပါရိသုဒ္ဓိသီလ**မည်၏။

(ဃ) ပစ္စည်းလေးပါးတို့ကို သုံးစွဲရာ၌ ဉာဏ်ဖြင့် ဆင်ခြင်သော သီလသည် **ပစ္စယသန္နိဿိတသီလ**မည်၏။

တစ်နည်းကား - ပစ္စည်းလေးပါးတို့ကို မှီ၍ဖြစ်သော ထိုပစ္စည်းလေးပါးတို့ကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကိုအလိုရှိသည်၏အဖြစ်ကြောင့် ဆင်ခြင်ခြင်းဟု ဆိုအပ်သော သီလသည် ပစ္စယသန္နိဿိတသီလမည်၏။

ဤလေးပါးကို (၁) ဒေသနာကြားခြင်း၊ (၂) စောင့်စည်းခြင်း၊ (၃) အသင့်အားဖြင့် ရှာမှီးခြင်း၊ (၄) ဆင်ခြင်ခြင်းတို့၏အစွမ်းဖြင့် လေးပါးသော စင်ကြယ်ခြင်းတို့ဖြင့် စင်ကြယ်သောကြောင့် **စတုပါရိသုဒ္ဓိသီလ**ဟု ခေါ်ပါသည်။ ယင်းသီလလေးပါး လုံခြုံ ပြည့်စုံ စင်ကြယ်မှုသည် သီလဝိသုဒ္ဓိပင်တည်း။

## ၂။ စိတ္တဝိသုဒ္ဓိ

နီဝရဏတည်းဟူသော အညစ်အကြေးမှ စိတ်ကို သုတ်သင်တတ်သော ကြောင့်လည်းကောင်း၊ စိတ်ကို ပတနပြု၍ သမာဓိကို ပြုအပ်သောကြောင့်လည်း

ကောင်း၊ နိဝရဏတည်းဟူသော အညစ်အကြေးမှ စင်ကြယ်သောကြောင့်လည်း ကောင်း စိတ္တဝိသုဒ္ဓိမည်၏။

(စိတ်သည်သာ စိတ္တဝိသုဒ္ဓိမည်သင့်ပါလျက် အဘယ်ကြောင့် သမာဓိသည် စိတ္တဝိသုဒ္ဓိမည်ပါသနည်း။ စိတ်ပြဋ္ဌာန်းသည်၏အဖြစ်ဖြင့် သမာဓိကို ပြအပ်သောကြောင့် သမာဓိသာလျှင် စိတ္တဝိသုဒ္ဓိမည်ခြင်းဖြစ်သည်။)

## ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

တေဘုမ္မကသင်္ခါရတရားတို့၏ ဆက်ဆံသော အနိစ္စတာစသော သဘောသည်လည်းကောင်း၊ မိမိတို့၏ အသီးအခြားဖြစ်သော ကက္ခဠ ဖုသန စသော သဘောသည်လည်းကောင်း လက္ခဏာမည်၏။ ပြုအပ်သော ကိစ္စသည်လည်းကောင်း၊ ပြည်စုံသော ဂုဏ်သည်လည်းကောင်း ရသမည်၏။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုကပ်၍ထင်သော အခြင်းအရာသည်လည်းကောင်း၊ အကျိုးတရားသည်လည်းကောင်း ပစ္စုပဋ္ဌာန်မည်၏။ နီးစွာသောအကြောင်းသည် ပဒဋ္ဌာန်မည်၏။

ဆိုအပ်ကုန်ပြီးသော လက္ခဏာစသည်တို့တွင် ဖဿသည် တွေ့ထိခြင်း လက္ခဏာရှိ၏၊ ပထဝီသည် ကြမ်းတမ်းခြင်း လက္ခဏာရှိ၏၊ ဤသို့ အကျယ်အားဖြင့်လည်းကောင်း၊ နာမ်သည် အာရုံ၌ ညွတ်ခြင်းလက္ခဏာရှိ၏၊ ရုပ်သည် ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဤသို့ အကျဉ်းအားဖြင့်လည်းကောင်း ပိုင်းခြား၍ နာမ်ရုပ်ကို သိခြင်း၊ ဒုက္ခသစ္စာကို ပိုင်းခြား၍ မှတ်သားခြင်းသည် နာမ်ရုပ်မှတစ်ပါး အတ္တမည်သည်မရှိဟု မြင်တတ်သောကြောင့်လည်းကောင်း၊ ဝါစွဲအညစ်အကြေးမှ စင်ကြယ်သောကြောင့်လည်းကောင်း ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

## ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ရုပ်သည် ပဋိသန္ဓေအခိုက်၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံကြောင့် ဖြစ်၏၊ ပဝတ္တိအခါ၌ ရုပ်သည် ကံ စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်၏။ နာမ်သည် အာရုံငါးပါးတည်းဟူသော အာရမ္မဏ နိဿယပစ္စည်းစသည်တို့ကြောင့် ဖြစ်၏။ (ဝါ) အာရုံခြောက်ပါးတို့၏ အာရမ္မဏသတ္တိရှစ်မျိုး၊ ဝတ္ထုခြောက်ပါးတို့၏ နိဿယ စသော သတ္တိခြောက်မျိုးတို့ကြောင့် ဖြစ်၏။ (ဝါ) စက္ခုပသာဒ ရူပါရုံ အစ ရှိသော မှီရာအာရုံ အစရှိသည်၏အစွမ်းကြောင့် ဖြစ်၏။

အထူးအားဖြင့် ယောနိသောမနသိကာရ အစရှိသောလေးပါးသော စက်၏ ပြည့်စုံခြင်းကြောင့် ကုသိုလ်သည် ဖြစ်၏။ ထိုသို့သောအကြောင်း၏ မပြည့်စုံခြင်း ကြောင့် အကုသိုလ်သည် ဖြစ်၏။ ကုသိုလ်ကံ အကုသိုလ်ကံတို့၏အစွမ်းကြောင့် ဝိပါက်သည် ဖြစ်၏။ ဘဝင်အစရှိသည်တို့၏အစွမ်းကြောင့် အာဝဇ္ဇန်းသည် ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်ဟု ဆိုအပ်သော အကြောင်းကြောင့် ကြိယာဇောသည် လည်းကောင်း၊ အာဝဇ္ဇန်းသည်လည်းကောင်း ဖြစ်၏။ ဤသို့ ဆက်ဆံ မဆက်ဆံ သည်၏အစွမ်းဖြင့် ကာလသုံးပါးလုံး၌ နာမ်၏ဖြစ်ကြောင်း၊ ရုပ်၏ဖြစ်ကြောင်းကို သေချာစေ့ငု ကြည့်ရှုသိမ်းဆည်းခြင်း၊ သမုဒယသစ္စာကို ပိုင်းခြားမှတ်သားခြင်းသည် **ကင်္ခါဝိတရဏဝိသုဒ္ဓိ** မည်၏။

တစ်နည်းအားဖြင့် အကြောင်းကား - ဤသို့ ရုပ်နာမ်နှစ်ပါးတို့သည် သူ၏ အကြောင်းအားလျော်စွာဖြစ်သော အကျိုးတရားများသာ ဖြစ်သည်။ မည်သူတစ် စုံတစ်ယောက်မျှ ဖန်ဆင်း၍ ဖြစ်သည်မဟုတ်၊ ဤသို့ ဝိပဿနာဉာဏ်ထင်လာသော် ဘုရား၌ ယုံမှားခြင်းစသော ကင်္ခါ (၈)ပါး၊ ငါသည် အတိတ်၌ ဖြစ်ခဲ့ပြီလော စသော ကင်္ခါ (၁၆)ပါး ကင်းပျောက်သွား၏။ ထိုသို့ ကင်းပျောက် စင်ကြယ် လွန်မြောက်သွား သဖြင့် ယုံမှားခြင်းမှ စင်ကြယ်သန့်ရှင်းသောကြောင့်ပင် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

## ကင်္ခါတစ်ဆယ့်ခြောက်ပါး

ဤသို့ ပစ္စုပ္ပန်ဘဝ၌ ရုပ်နာမ်တို့၏ဖြစ်ကြောင်းကို ကောင်းကောင်းသိမြင်သော အခါ "ရှေးရှေးဘဝတုန်းကလည်း အကြောင်းအားလျော်စွာ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ခဲ့ လှပြီ၊ ရဟန္တာမဖြစ်သေးသမျှ နောက်နောင်ဘဝတို့၌လည်း အကြောင်းအားလျော်စွာ ဖြစ်ကြဦးလတ္တံ့"ဟု သဘောကျသဖြင့် (၁၆)ပါးသော ယုံမှားမှုများ ကင်းကွာရလေ တော့သတည်း။ (၁၆)ပါးတို့ကား -

(၁) အဟောသိ နု ခေါ အဟံ အတီတမဒ္ဓါနံ = ရှေးအတိတ်ကာလက ငါဖြစ်ခဲ့တာမှ ဟုတ်ပါလေရဲ့လား။

(၂) န နု ခေါ အဟောသိ အတီတမဒ္ဓါနံ = ငါမဖြစ်ဘူးလေရော့သလား။

(၃) ကိံ နု ခေါ အဟောသိ အတီတမဒ္ဓါနံ = ဖြစ်ခဲ့ဖူးလျှင်) မင်း ပုဏ္ဏား စသည်တွင် အဘယ်သို့သော အမျိုးဇာတ်ဖြင့် ဖြစ်ခဲ့ပါလိမ့်မည်နည်း။

(၄) ကထံ နု ခေါ အဟောသိ အတီတမဒ္ဓါနံ = အဘယ်ပုံသဏ္ဌာန်ဖြင့် ဖြစ်ခဲ့ပါလိမ့်မည်နည်း။

(၅) ကိံ ဟုတွာ ကိံ အဟောသိံ အတီတမဒ္ဓါနံ = ဟိုတတိယဘဝက ဘယ်ပုံဖြစ်ခဲ့၍ လွန်ပြီးသော ဒုတိယဘဝဝယ် ဘယ်လိုများ ဖြစ်ခဲ့ပါလိမ့်မည်နည်း။

ဤသို့ အတိတ်ဘဝအတွက် ယုံမှားချက်ငါးမျိုး၊ ''အတီတမဒ္ဓါနံ'' အရာဝယ် ''အနာဂတမဒ္ဓါနံ''ကို ထည့်လျှင် အနာဂတ်ဘဝအတွက် ယုံမှားချက် ငါးမျိုး၊ ယခု ပစ္စုပ္ပန်အတွက် –

(၁) ပစ္စုပ္ပန္နံ အဒ္ဓါနံ အာရဗ္ဘ ကထံကထီ ဟောတိ = ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ခန္ဓာကို စွဲ၍ သို့လော သို့လော တွေးတောခြင်း၊

(၂) အဟံ နု ခေါ် အသ္မိ = ငါဟုတ်မှ ဟုတ်ကဲ့လား။

(၃) နော နု ခေါ် အသ္မိ = ငါမဟုတ်ဘဲ ရှိရော့သလား။

(၄) ကိံ နု ခေါ်သ္မိ = ဘယ်လို အမျိုးဇာတ် ဖြစ်ပါလိမ့်မည်နည်း။ (မင်းမျိုးလေလား၊ ပုဏ္ဏားမျိုးလေလား။)

(၅) ကထံ နု ခေါ်သ္မိ – ငါ၏အတ္တသည် ဘယ်လိုပံသဏ္ဌာန်ရှိပါလိမ့်မည်နည်း။

(၆) ယံ နု ခေါ် သတ္တော ကုတော အာဂတော၊ သော ကုဟိံ ဂါမီ ဘဝိဿတိ = ဤအတ္တခေါ်သော သတ္တဝါသည် ဘယ်ဘဝက လာခဲ့၍ ဘယ်ဘဝသို့ သွားရဦးမှာပါလိမ့်နည်း၊ ဤကား ယုံမှားမှု (၁၆)ပါးတည်း။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ၏အခြားအမည်ထူးများ

ဤကင်္ခါဝိတရဏဝိသုဒ္ဓိကို (အကျိုးတရားများ တည်တံ့ဖို့အကြောင်းကို သိတတ်သောကြောင့်) ''ဓမ္မဋ္ဌိတိဉာဏ်''ဟုလည်း ခေါ်၏။ ရုပ်နာမ်ကို အကြောင်းနှင့်တကွ ဟုတ်မှန်စွာ သိတတ်သောကြောင့် ''ယထာဘူတဉာဏ်''ဟုလည်း ခေါ်၏။ မှန်ကန်စွာသိမြင်တတ်သောကြောင့် ''သမ္မာဒဿန''ဟုလည်း ခေါ်၏။ ဒိဋ္ဌိဝိသုဒ္ဓိတုန်းက ရုပ်နာမ်ကိုသာသိ၏၊ ရုပ်နာမ်၏အကြောင်းကို မသိသေး။ ဤဝိသုဒ္ဓိကျမှ အကြောင်းနှင့်တကွ ရုပ်နာမ်ကို သိ၏။

## ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံလိုသော ယောဂီပုဂ္ဂိုလ်သည် သမ္မသနဉာဏ်နှင့်ဥဒယဗ္ဗယဉာဏ်နှစ်ပါးကို ပွားအပ်၏။

သမ္မသနဉာဏ်ရှုပုံကား - ဘုံသုံးပါး၌ အကျုံးဝင်သော ခန္ဓာငါးပါး၊ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါးတို့၌ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ သုခုမ ဩဠာရိက ဟီန ပဏီတ စသည်ဖြင့် ဖြစ်ပြီး မရှိခြင်း၊ ဖြစ်ပြီး ပျက်ခြင်း၊ အဖန်ဖန် နှိပ်စက်ခြင်း၊ အလိုသို့ မလိုက်ခြင်း လက္ခဏာသုံးပါးဖြင့် အဖန်ဖန်ရှုရသည်။

ဥဒယဗ္ဗယဉာဏ်အတွက် -

(၁) အဝိဇ္ဇာကြောင့် ရုပ်ဖြစ်၏။
(၂) တဏှာကြောင့် ရုပ်ဖြစ်၏။
(၃) ကံကြောင့် ရုပ်ဖြစ်၏။
(၄) အာဟာရကြောင့် ရုပ်ဖြစ်၏။
(၅) ဖြစ်သောဥပါဒ်ခိုက်သာဖြစ်၏။
(၆) အဝိဇ္ဇာချုပ်သော် ရုပ်ချုပ်၏။
(၇) တဏှာကြောင့် ရုပ်ချုပ်၏။
(၈) ကံကြောင့် ရုပ်ချုပ်၏။
(၉) အာဟာရကြောင့် ရုပ်ချုပ်၏။
(၁၀) ချုပ်သော် ဘင်အခိုက်သာ ချုပ်၏။

ဤသို့ ရူပက္ခန္ဓာအတွက် ဖြစ်ပျက်ဉာဏ်ဆယ်ပါး၊
ဝေဒနာက္ခန္ဓာအတွက် ဖြစ်ပျက်ဉာဏ်ဆယ်ပါး၊
သညာက္ခန္ဓာအတွက် ဖြစ်ပျက်ဉာဏ်ဆယ်ပါး၊
သင်္ခါရက္ခန္ဓာအတွက် ဖြစ်ပျက်ဉာဏ်ဆယ်ပါး၊
ဝိညာဏက္ခန္ဓာအတွက် အာဟာရနေရာ၌ ဖဿထည့်၍ ဖြစ်ပျက်ဉာဏ်ဆယ်ပါး၊
စုစုပေါင်း ဥဒယဗ္ဗယဉာဏ် (၅၀)ဖြင့် ရှုရသည်။

ဤသို့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်နှစ်ပါးဖြင့် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို အမြဲမပြတ်ရှုသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာ၏ညစ်ညူးကြောင်း အညစ်အကြေးဖြစ်သော ဩဘာသ ပီတိ စသော တရားဆယ်ပါးတို့သည် ဖြစ်ပေါ်၍ လာတတ်ကုန်၏။ ထိုအခါ အရောင်စသည်၌ တပ်နှစ်သက်သော သိမ်မွေ့သော တဏှာသည် ဖြစ်ပေါ်လာ၏။

ဤအကြောင်းတရားများ ဖြစ်ပေါ်လာသောအခါ ငါအား စင်စစ်အားဖြင့် ဤသို့သဘောရှိသော ဩဘာသစသည်တို့သည် ရှေးအခါက မဖြစ်ပေါ်ဖူးကုန်၊ မချွတ်လျှင် မဂ်ဖိုလ်သို့ ရောက်ပြီဟု အထင်ရောက်တတ်၏၊ ထိုသို့မယူဆဘဲ ဤဩဘာသစသည်တို့သည် တဏှာ ဒိဋ္ဌိ မာန ဥပက္ကိလေသသုံးပါးတို့၏ ဖြစ်ရာ အာရုံအကြောင်းဖြစ်သောကြောင့် သစ္စာလေးပါးကို သိခြင်း၏အကြောင်းဖြစ်သော

မဂ်မဟုတ်၊ စင်စစ်သော်ကား - ဝိပဿနာ၏ညစ်ညူးကြောင်းတရားတို့သည်သာ တည်း၊ ထိုဝိပဿနာ၏ ညစ်ညူးကြောင်းအဖြစ်မှ လွတ်သော ဥဒယဗ္ဗယဝိပဿနာ အစွမ်းဖြင့် ဝိပဿနာခရီးစဉ်သို့ သွားသော ဝိပဿနာဉာဏ်သည်သာလျှင် သစ္စာ လေးပါးကို သိခြင်း၏အကြောင်းဖြစ်သော မဂ်မည်၏ဟူ၍ မဂ်ဟုတ်သည်၏ လက္ခဏာ၊ မဂ်မဟုတ်သည်၏လက္ခဏာကို ပိုင်းခြားမှတ်သား ဆုံးဖြတ်သောဉာဏ်၊ မဂ်ဟုတ်သည်, မဟုတ်သည်ကို သိတတ်ခြင်း၊ မဂ်မဟုတ်သည်၌ မဂ်ဟု မှတ်သော အထင်မှားသောသညာကို သုတ်သင်ခြင်းကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

## ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

အထက်က ပြဆိုအပ်ပြီးသောအတိုင်း ဝိပဿနာ၏ ညစ်ညူးကြောင်း သြဘာသစသော ဆယ်ပါးသော ဘေးရန်တို့မှ လွတ်ပြီးသော ဥဒယဗ္ဗယဉာဏ်နှင့် ကောင်းစွာပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် -

(၁) ဥဒယဗ္ဗယဉာဏ်၊

(၂) ခန္ဓာငါးပါးတို့၏ ပျက်ခြင်းမှ ရှုတတ်သော ဘင်္ဂဉာဏ်၊

(၃) ခြင်္သေ့စသည်တို့၏ ကြောက်စရာ အခြင်းအရာကို ရှုသကဲ့သို့ ဘင်၏ အစွမ်းအားဖြင့် ထင်ကုန်သော သင်္ခါရတို့၏ ကြောက်မက်ဖွယ်အခြင်း အရာကို ရှုသော ဘယဉာဏ်၊

(၄) မီးလောင်သော အိမ်ရှင်သည် မီးလောင်သောအိမ်၌ အပြစ်ကို ရှု သကဲ့သို့ ကြောက်ဖွယ်အခြင်းအရာဖြင့် အဖန်တလဲလဲ ဘယဉာဏ် ဖြင့် ရှုအပ်ထင်အပ်ပြီးသော သင်္ခါရတို့၏ အပြစ်ကို အဖန်ဖန်တလဲလဲ ရှုတတ်သော အာဒီနဝဉာဏ်၊

(၅) မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတရားတို့၌ ငြီးငွေ့သည်၏ အစွမ်းအားဖြင့် ဖြစ်သော နိဗ္ဗိဒါဉာဏ်၊

(၆) ငါးစသော သတ္တဝါတို့သည် ပိုက်ကွန်စသည်တို့မှ လွတ်လိုသကဲ့သို့ တေဘူမ္မကသင်္ခါရတို့မှ လွတ်ခြင်းငှာ အလိုရှိသည်အစွမ်းအားဖြင့် ဖြစ် သော မုဉ္စိတုကမျတာဉာဏ်၊

(၇) တေဘူမ္မကသင်္ခါရတရားတို့မှ လွတ်ခြင်း၏အကြောင်းကို ပြည့်စုံစေ ခြင်းငှာ မြင်အပ်ပြီးသော အပြစ်ရှိကုန်သော တေဘူမ္မကတရားတို့၌

သမုဒ္ဒရာကို ကြည့်သော ကျီးမကဲ့သို့ အဖန်တလဲလဲ သုံးသပ်သည့် အစွမ်းအားဖြင့် ဖြစ်သော ပဋိသင်္ခါနုပဿနာဉာဏ်၊

(၈) မယားကို စွန့်ပစ်ခဲ့သော ယောကျ်ားသည် ထိုမယား၌ လျစ်လျူရှုသကဲ့သို့ မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတရားတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်၊

(၉) အနိစ္စအစရှိသော လက္ခဏာကို ရှုသည်၏အဖြစ်အားဖြင့် အောက်၌ ဖြစ်ကုန်သော ရှုပ်ပါးကုန်သော ဝိပဿနာဉာဏ်တို့အားလည်း ကောင်း၊ အထက်မဂ်ခဏ၌ ရအပ်ကုန်သော (၃၇)ပါးသော ဗောဓိပက္ခိယ တရားတို့အားလည်းကောင်း လျော်သော အနုလောမဉာဏ်။

ဤဉာဏ်ကိုးပါး ရင့်သန်အောင် အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာ ယာဉ်သုံးပါးသို့ တင်၍ ထပ်ကာထပ်ကာ အမြဲမပြတ် ကျင့်ကြံသော ယင်းဝိပဿနာ ကိုးပါးကို ပိုင်သော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်ကိုးပါးတို့သည် မဂ်တည်း ဟူသော ဉာဏ်အမြင် စင်ကြယ်ခြင်း၏ အကျင့်ဖြစ်သောကြောင့်လည်းကောင်း၊ မျက်မှောက်ထင်ထင် လက္ခဏာရေးသုံးပါးကို သိမြင်သဖြင့် ဆန့်ကျင်ဘက် ကိလေသာတို့မှ စင်ကြယ်ခြင်းကြောင့်လည်းကောင်း **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** မည်၏။

ဝိပဿနာဉာဏ်တို့တွင် အနုလောမဉာဏ်နှင့်သင်္ခါရုပေက္ခာဉာဏ် နှစ်ပါးသည် ဝိပဿနာအကျင့်၏ လမ်းဆုံးသို့ ရောက်ပြီးဖြစ်သောကြောင့် "**သိခါပတ္တ** အထွတ် အထိပ်"ဟု မိန့်ဆိုအပ်၏။ ၎င်းဉာဏ်နှစ်ပါးသို့ ရောက်သော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကျင့်တန်းလမ်းဆုံးသို့ ရောက်လေတော့၏။ ၎င်းဉာဏ်နှစ်ပါးသည် အပါယ် စသော ဘေးမှလည်းကောင်း၊ သင်္ခါရစသော နိမိတ်မှလည်းကောင်း ကင်းလွတ် ထမြောက်သော တရားဟု ဆိုအပ်သော ဝုဋ္ဌာနမည်သော မဂ်သို့ ရောက်ကြောင်း ဝိပဿနာဖြစ်သောကြောင့် **ဝုဋ္ဌာနဂါမိနီဝိပဿနာ**မည်၏။

## ၇။ ဉာဏဒဿနဝိသုဒ္ဓိ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်နှင့် ပြည့်စုံ၍ ဉာဏ်ကိုးပါး၏ တစ်ဘက်ကမ်း သို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာဝိပဿနာဉာဏ် ရင့်သန်၍ လောကုတ္တရာ **သောတာပတ္တိမဂ်**ဟူသော အပ္ပနာဖြစ်လိုလတ်သော် ထိုအပ္ပနာ

မဖြစ်မီ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပေါင်း နှစ်ကြိမ်ဖြစ်၍ ချုပ်လေ၏။ ထို့နောက် တောဘုမ္မက သင်္ခါရတရားတို့တွင် တစ်ပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၍ ချုပ်၏။ ထို့နောက် အမှတ်မရှိ တစ်ခုခုသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးကို အာရုံပြု၍ ပရိကံ ဥပစာ အနုလုံ သုံးကြိမ်ဖြစ်၍ ချုပ်၏။

ဂေါတြဘူစိတ်၏အခြားမဲ့၌ ''ဒုက္ခသစ္စာကား လောကီစိတ် (၈၁)ခု၊ လောဘကြဉ်သော စေတသိက် (၅၁)ပါး၊ ရုပ် (၂၈)ပါးသာတည်း။ ထိုထက် အယုတ်အလွန် မရှိဟု ပိုင်းခြား၍သိ၏။ သမုဒယသစ္စာကို ပယ်လျက် နိဗ္ဗာန်ကို အာရုံပြုသည်၏ အစွမ်းဖြင့် မျက်မှောက်ပြု၍ သမ္မာဒိဋ္ဌိပညာဉာဏ်သည် မိမိနှင့်ယှဉ်ဘက်ဖြစ်သော သမ္မာသင်္ကပ္ပစသော ခုနစ်ပါးသော မဂ္ဂသစ္စာတို့နှင့် သဟဇာတစသော ပစ္စည်းအဖြစ် အတူတကွဖြစ်၍လည်းကောင်း၊ မဂ္ဂသစ္စာတို့ကို ပွားစေသည်၏အစွမ်းဖြင့် **သောတာပတ္တိမဂ်** ဟူသော အပ္ပနာသည် ဖြစ်ပေါ်လာ၏။

### မဂ္ဂဝီထိစဉ်၌ အသီးသီးအာရုံပြုကြပုံ

| န ဒ | မ | ပ ဥ နု | ဂေါ မဂ် ဖိုလ် ဖိုလ် |
|---|---|---|---|
| ↓ | \| | ↓ | ↓ |
| ကံ ကမ္မနိမိတ် | တောဘုမ္မက | အမှတ်မရှိ | နိဗ္ဗာန် |
| ဂတိနိမိတ် | သင်္ခါရတရား | တစ်ခုခုသော | |
| ကို အာရုံပြု | တို့တွင် တစ်ပါး | အနိစ္စလက္ခဏာ | |
| ပြု၏။ | တစ်ပါးပါးကို | ရေးသုံးပါးကို | |
| | အာရုံပြု၏။ | အာရုံပြု၏။ | |

ထိုသောတာပတ္တိမဂ်စိတ်ဖြစ်ပြီးသည်မှနောက်၌ နှစ်ကြိမ်သုံးကြိမ်သော သောတာပတ္တိဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏။ ထို့နောက် ဘဝင်ကျ၏၊ တစ်ဖန် ဘဝင်ကို ဖြတ်၍ မဂ် ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏။

အဘယ်ကြောင့် ဖိုလ်စိတ်တို့သည် မဂ်က ပယ်ပြီးဖြစ်ပါလျက် ထပ်၍ဖြစ်ရပါသနည်းဟူမူကား - မီးကို သတ်ပြီးသော်လည်း မီး၏အပူရှိန်ငြိမ်းအေးရန် အိုးတို့ဖြင့် သွန်းလောင်းအပ်သောရေကဲ့သို့ ကိလေသာတို့ကို ပယ်အပ်ပြီးသော်လည်း သန္တာန်ဝယ် ကိလေသာအပူရှိန် ငြိမ်းအေးစေရန် ဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ် ဖြစ်ရ၏။

**ပစ္စဝေက္ခဏာဉာဏ်တို့သည်ကား** - ဝမ်းမြောက်ဝမ်းသာ ငါသည် ကိလေသာ တို့မှ လွတ်ရပေပြီဟု မိမိရသော မဂ် ဖိုလ် နိဗ္ဗာန်တို့ကို ဆင်ခြင်သော ကာမာဝစရ ဉာဏ်များ ဖြစ်ကုန်၏။

ဝိပဿနာဉာဏ်ပိုင်း၌ သောတာပန်အရိယာအဖြစ်သို့ ရောက်သော ယောဂီ ပုဂ္ဂိုလ်သည် ''ငါသည် ဤသောတာပတ္တိမဂ်ကို ရအပ်ပေပြီ''ဟု မိမိရသော မဂ်ကို ဆင်ခြင်၏၊ ထို့နောက် ''ငါသည် ဤလောကုတ္တရာအကျိုးတရားကို ရအပ်ပေပြီ''ဟု ဖိုလ်ကို ဆင်ခြင်၏။ ထို့နောက် ''ငါသည် ဘဝတိုင်းဘဝတိုင်း မပြတ်လိုက်ခါ နှိပ် စက်နေသော ဤမည်သော ကိလေသာရန်သူကို ပယ်အပ်ပေပြီ''ဟု ပယ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏။ ထို့နောက် ''ငါ့အား ဤမည်သော ကိလေသာတို့ ကား ကြွင်းကျန်လျက် ရှိကုန်သေး၏''ဟု ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်၏။ နောက်ဆုံး၌ ''ငါသည် ဤထူးမြတ်လှစွာသော နိဗ္ဗာန်အမြိုက်တရားကို အာရုံပြုသောအားဖြင့် ရအပ်ပေပြီ''ဟု နိဗ္ဗာန်ကို ဆင်ခြင်၏။

သို့သော် အရဟတ္တဖိုလ် ရ,ရချင်း ပရိနိဗ္ဗာန်စံသော ဇီဝိတသမသီသိပုဂ္ဂိုလ် နှင့် ကိလေသာဝေဖန်ခြင်းတို့ကို မဆင်ခြင်လိုကုန်သော အရိယာတို့အတွက် ကြွင်း သော ကိလေသာတို့ကို မဆင်ခြင်ကြပါ။ (မဟာနာမ် သာကီဝင် အရိယာသည် ကြွင်းသော ကိလေသာကို ဆင်ခြင်လို၍ တရားနာလိုကြောင်း ဘုရားထံ လျှောက် လေ၏။ ထို့ကြောင့် ကြွင်းကိလေသာကို အချို့မဆင်ခြင်၊ အချို့ဆင်ခြင်ကြ၏။)

ထိုပစ္စဝေက္ခဏာ (၅) ဝိထိတို့တွင် ''မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ ပစ္စဝေက္ခတိ''ဟု ဆိုသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်တို့ကို ဆင်ခြင်သော ဝိထိ (၃) မျိုးမှာ ကေန် ဖြစ်ရမည်ဟုဆိုင်း၊ ''ဟီနေ ကိလေသေသေသေ စ, ပစ္စဝေက္ခတိ ဝါ နဝါ''ဟု ဆိုသော ကြောင့် ပဟီနကိလေသာ သေသကိလေသာကို ဆင်ခြင်သော ဝိထိကား အချို့ ပုဂ္ဂိုလ်၌သာ ဖြစ်၍ အချို့ ပုဂ္ဂိုလ်၌ မဖြစ်ဟုဆိုင်း၊ သင်္ဂြိုဟ်ကျမ်းက အယူရှိ၏။ ခုနစ်နှစ်အရွယ် သူငယ်များပင် မဂ်ဖိုလ်ကို ရကြသဖြင့် ထိုသူငယ်တို့သည် ပယ် အပ်ပြီးသော ကိလေသာ ကြွင်းကျန်သော ကိလေသာတို့ကို ခွဲခြား၍သိဖို့မလွယ်။ ဘုရားရှင်၏ နောင်တော်ဖြစ်သော သကဒါဂါမ်တည်ပြီး မဟာနာမ်မင်းကြီးသည် ပင်လျှင် ကျန်သောကိလေသာကို မသိသည့်အတွက် ''တပည့်တော်များ အဘယ် ကိလေသာတို့ကို မပယ်အပ်ပါသနည်း''ဟု ဘုရားရှင်အား လျှောက်ထားဖူးလေ

သည်။ ထို့ကြောင့် ''ပဟီနကိလေသာ သေသကိလေသာတို့ကို တချို့ပုဂ္ဂိုလ် ဆင်ခြင်နိုင်၍ တချို့မဆင်ခြင်နိုင်''ဟူသော စကား၌ အယူအဆ တူမျှပေ၏။

မဂ် ဖိုလ် နိဗ္ဗာန် ဆင်ခြင်မှု = ''မဂ် ဖိုလ် နိဗ္ဗာန်ကို ကေန် ဆင်ခြင်ကြသည်'' ဟု တစ်ထစ်ချ ဆိုအပ်သော စကား၌ အယူအဆ မတူကြပေ။ ''သာ ပန န သဗ္ဗေသံ ပရိပုဏ္ဏာ ဟောတိ၊ ဧကော ဟိ ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ, ဧကော အဝသိဋ္ဌကိလေသမေဝ, ဧကော မဂ္ဂမေဝ, ဧကော ဖလမေဝ, ဧကော နိဗ္ဗာနမေဝ, ဣမာသု ပန ပဉ္စသု ပစ္စဝေက္ခဏာသု ဧကာ ဝါ ဒွေ ဝါ နော လဒ္ဓုံ န ဝဋ္ဋတိ'' ဟူသော စူဠဒုက္ခက္ခန္ဓသုတ္တဋ္ဌကထာအလိုမှာ ''ပစ္စဝေက္ခဏာ ဝီထိ၅မျိုးတွင် တစ်မျိုးဖြစ်စေ၊ နှစ်မျိုးဖြစ်စေ ကေန်ရမည်။ သို့သော် မည်သည့် ဝီထိဟု အတိအကျ မဟုတ်။ ဟစ်ချို့ ပုဂ္ဂိုလ်က ပဟီနကိလေသာကိုသာ ဆင်ခြင်၍ တစ်ချို့က အဝသိဋ္ဌကိလေသာ တစ်ချို့က မဂ်ဖိုလ်နိဗ္ဗာန်တွင် သင့်ရာတစ်မျိုးမျိုးကိုဖြစ်စေ၊ နှစ်မျိုးဖြစ်စေ၊ သုံးမျိုးလုံးဖြစ်စေ ဆင်ခြင်မည်''ဟု ဆိုလိုသည်။ ထို့ပြင် သင်္ဂြိုဟ်၌ ''မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ'' စသည်ဖြင့် မဂ္ဂပစ္စဝေက္ခဏာကို ရှေးဦးစွာ ပြသော် လည်း ယခင် အဋ္ဌကထာ၌ ပဟီနကိလေသ ပစ္စဝေက္ခဏာကို ရှေးဦးစွာ ပြသော ကြောင့် ထိုမဂ်ဖိုလ် စသော အာရုံ (၅) မျိုးတွင် အလိုရှိသလို ရှေ့နောက်စဉ်၍ ဆင်ခြင် ကြပေလိမ့်မည်။ ဤသို့လျှင် သောတာပတ္တိမဂ် ရပြီးနောက် (၅)ဝီထိ၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ် ရပြီးနောက် (၅) ဝီထိစီ၊ အရဟတ္တမဂ် ရပြီးနောက် သေသ ကိလေသာကို ဆင်ခြင်ဖွယ်မလိုသောကြောင့် (၄) ဝီထိ အားလုံးပေါင်းလျှင် ပစ္စဝေက္ခဏာဝီထိ အမျိုးအစား ၁၉-ပါး ရနိုင်သည်။

## ဇီဝိတသမသီသီ (ပု) ( ဇီဝိတ၊ သမ၊ သီသ၊ ဤ )

ဇီဝိတိန္ဒြေနှင့် ချုပ်ရာကာလ ညီမျှသော အဝိဇ္ဇာတည်းဟူသော ဦးခေါင်းရှိသူ၊ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်၊ ဇီဝိတသမသီသီ ပုဂ္ဂိုလ်။ (အာသဝေါတရားတို့၏ ကုန်ခြင်းနှင့် ဇီဝိတိန္ဒြေခေါ် အသက်ကုန်ခြင်းတို့ သည် ညီတူ ညီမျှဖြစ်၍ ပရိနိဗ္ဗာန်စံဝင်သော ရဟန္တာပုဂ္ဂိုလ်သည် ''ဇီဝိတသမ သီသီ'' ပုဂ္ဂိုလ် မည်၏။ မှန်၏ -

ကိလေသာတို့၏ ဦးခေါင်းပမာ အချုပ်အခြာဖြစ်သော သီသကား အဝိဇ္ဇာ ဖြစ်ပေသည်။ ဝဋ်ဒုက္ခတို့၏ ဦးခေါင်းပမာ အချုပ်အခြာဖြစ်သော သီသကား

ဇီဝိတိန္ဒြေ ဖြစ်ပေသည်။ အရဟတ္တမဂ်စိတ်သည် ကိလေသာတို့၏ ဦးခေါင်းသဖွယ် ဖြစ်သည့် အဝိဇ္ဇာကို ကုန်စေနိုင်သည်။ ရဟန္တာတို့၏ စုတိစိတ်သည် ဝဋ္ဋဒုက္ခတို့၏ ဦးခေါင်း သဖွယ်ဖြစ်သည်။ ဇီဝိတိန္ဒြေကို ကုန်စေနိုင်သည်။ အရဟတ္တမဂ်ရ၍ အဝိဇ္ဇာ ပြုတ်လေလျှင် စုတိစိတ်ကျ၍ ဇီဝိတိန္ဒြေတို့လည်း ချုပ်လေသောကြောင့် အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေတို့ တပြိုက်နက် ကုန်ကျ ချုပ်ကြသည်ဟု ဆိုရသည်။ အမှန်အားဖြင့်မူ အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေတို့သည် ချုပ်ရာခဏ တူညီကြသည် မဟုတ်ပေ။ အဝိဇ္ဇာ ချုပ်ရာခဏကား အရဟတ္တမဂ်ခဏ ဖြစ်ပေသည်။ ဇီဝိတိန္ဒြေ၏ ချုပ်ရာခဏကား ပရိနိဗ္ဗာန စုတိခဏ ဖြစ်ပေသည်။ အရဟတ္တမဂ် နောင်ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ် ကျ၍ ဘဝင်ခြားကာ မဂ်ဖိုလ်ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာ ဝီထိများဖြစ်ပြီးမှ ပရိနိဗ္ဗာန စုတိကျသည်။ ထိုသို့ မဂ္ဂဝီထိ ပစ္စဝေက္ခဏာဝီထိ၊ မရဏာသန္နဝီထိဟု ဆိုအပ်သော စိတ်အစဉ် ဝီထိသုံးမျိုးတွင် ပစ္စဝေက္ခဏာဝီထိ များသည် မဂ္ဂဝီထိသို့ အစဉ်လိုက်သည်ဖြစ်၍ မရဏာသန္နဝီထိကို မဂ္ဂဝီထိနောင် ဖြစ်သည်ဟုပင် ဆိုရသည်။ ယင်းသို့ တစ်ပါးသော စိတ်အစဉ် 'ဝီထိ' ခြားကွယ်မှုမရှိဘဲ မဂ္ဂဝီထိနောင် မရဏာ သန္နဝီထိဖြစ်သည်ကိုပင် စိတ်ဖြစ်စဉ် အလှည့်အကြိမ်အားဖြင့် တူမျှသည်ဟု ဆိုရသောကြောင့် တစ်နည်းအားဖြင့် -

စိတ်တို့၏ ဖြစ်ပျက်မှု လျင်မြန်သောကြောင့် ''အဝိဇ္ဇာနှင့် ဇီဝိတိန္ဒြေတို့ တစ်ပြိုင်နက် ကုန်ကြ ချုပ်ကြသည်''ဟု ဆိုရပေသည်။ (သံ၊ ဋ္ဌ၊ ၁၊ ၁၆၉။ နေတ္တိ၊ ဝိ။ ၃၅၀။) ယဿ ပန အာသဝက္ခယော စ ဇီဝိတက္ခယော စ ဧကပ္ပဟာရေနေဝ ဟောတိ အယံ ဇီဝိတသမသီသီ နာမ။ (ပိဋက အဘိဓာန် (၄၂၅) နာ။)

## မူလဝိသုဒ္ဓိနှင့်ကာယဝိသုဒ္ဓိ

သီလဝိသုဒ္ဓိနှင့်စိတ္တဝိသုဒ္ဓိတို့သည် အရင်းမူလဖြစ်သော မူလဝိသုဒ္ဓိ နှစ်ပါး တည်း။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိတို့သည် မဂ်ဟူသော ဉာဏဒဿနဝိသုဒ္ဓိဖြစ်ရန် နီးစွာသော အကြောင်း အရင်းဖြစ်၍ ကိုယ်သဖွယ်ဖြစ်ကုန်သော ကာယဝိသုဒ္ဓိလေးပါးတည်း။

ဤသို့ မူလဝိသုဒ္ဓိနှစ်ပါးနှင့် ကာယဝိသုဒ္ဓိလေးပါးအားဖြင့် ဝိသုဒ္ဓိခြောက်ပါး အစဉ်ဖြင့် ပွားများအားထုတ်၍ ဖြစ်ပေါ်လာသော မဂ်လေးပါးသည် သစ္စာလေးပါး တို့ကို သိတတ်သောကြောင့်လည်းကောင်း၊ မျက်မှောက်ပြုတတ်သောကြောင့်

လည်းကောင်း၊ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်သောကြောင့်လည်း ကောင်း ဉာဏဒဿနဝိသုဒ္ဓိမည်၏။

## ဝိမောက္ခမုခသုံးပါး

ဆန့်ကျင်ဘက်မှ လွတ်သည်၏အစွမ်းအားဖြင့် ဝိမောက္ခဟု ဆိုအပ်သော မဂ်ဖိုလ်၏အကြောင်းဖြစ်၍ **ဝိမောက္ခမုခမည်၏။**

(၁) ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငါ၊ ငါ၏ကိုယ်၊ ငါခံစားသည် ဟူသော နှလုံးသွင်းခြင်းကို ပယ်စွန့်၍ အနတ္တ အနတ္တဟု အဖန်တလဲလဲ စီးဖြန်း ပွားများသော အနတ္တဝိပဿနာသည် အတ္တမှဆိတ်၍ မဂ်ဖိုလ်သို့ ရောက်ခြင်း၏အကြောင်းဖြစ်သောကြောင့် **သုညတဝိမောက္ခမုခ** မည်၏။

(၂) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ဖောက်ပြန်ကြောင်းဖြစ်သော မြဲ၏ဟု မှတ်သော သညာဝိပလ္လာသ၊ မြဲ၏ဟူသော စိတ္တဝိပလ္လာသ၊ မြဲ၏ဟု ယူသော ဒိဋ္ဌိဝိပလ္လာသ သုံးပါးကို စွန့်၍ အနိစ္စဟု အဖန်တလဲလဲ စီးဖြန်းပွားများသော အနိစ္စဝိပဿနာသည် ကိလေသာဖြစ်ရန် အကြောင်းမှကင်း၍ မဂ်ဖိုလ်သို့ ရောက်ခြင်း၏အကြောင်းဖြစ်သော ကြောင့် **အနိမိတ္တဝိမောက္ခမုခမည်၏။**

(၃) ကာမဘုံ ရူပဘုံ အရူပဘုံတို့၌ တပ်နှစ်သက်တတ်သော တဏှာ ဟူသော တောင့်တခြင်းကို စွန့်တတ်သော ဒုက္ခဝိပဿနာသည် တဏှာဟူသော တောင့်တခြင်းမရှိမူ၍ မဂ်ဖိုလ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် **အပ္ပဏိဟိတဝိမောက္ခမုခမည်၏။**

## ဝိမောက္ခသုံးပါး

(၁) ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တဟု စီးဖြန်း၍ မဂ်ဖြစ်ပေါ်လာပါမူ ထိုလောကုတ္တရာမဂ်သည် သုညတဝိမောက္ခ=သုညတမဂ် မည်၏။

(၂) ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနိစ္စဟု စီးဖြန်း၍ မဂ်ဖြစ်ပေါ်လာပါမူ ထိုမဂ်သည် အနိမိတ္တဝိမောက္ခ=အနိမိတ္တမဂ်မည်၏။

(၃) ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဒုက္ခဟုစီးဖြန်း၍ မဂ်ဖြစ်ပေါ်လာပါမူ ထိုမဂ်သည် အပ္ပဏိဟိတဝိမောက္ခ=အပ္ပဏိဟိတမဂ်မည်၏။

ဤသို့ မဂ်သည် ဝိပဿနာအားလျော်စွာ သုညတမဂ်၊ အနိမိတ္တမဂ်၊ အပ္ပဏိဟိတမဂ်ဟု အမည်သုံးပါးရ၏၊ ဖိုလ်သည်လည်း ထို့အတူ သုညတဖိုလ်၊ အနိမိတ္တဖိုလ်၊ အပ္ပဏိဟိတဖိုလ်ဟု မဂ္ဂဝီထိအားလျော်စွာ အမည်သုံးပါးရ၏။

## ဖလသမာပတ်ဝင်စားခြင်း

ဖလသမာပတ်ဝင်စားခြင်း ဟူသည် နတ်တို့သည် နတ်တို့၏ ချမ်းသာကို ခံစားကုန်သကဲ့သို့၊ မင်းတို့သည်လည်း မင်းတို့၏စည်းစိမ်ကို ခံစားကုန်သကဲ့သို့၊ အရိယာပုဂ္ဂိုလ်တို့သည်လည်း မျက်မှောက်သောကိုယ်၏အဖြစ်၌ လောကုတ္တရာချမ်းသာကို ခံစားလိုသောကြောင့် ဝင်စားတော်မူကြကုန်၏။ ထိုဖလသမာပတ်ကို ဝင်စားသောအခါ၌ (မဂ်စိတ်ထပ်၍) မဖြစ်ပါဘဲ ဖိုလ်စိတ် အကြိမ်များစွာသာဖြစ်၏။

ထို့ကြောင့် ဖိုလ်သည် ပထမမဂ်၏အစွမ်းဖြင့် ဖြစ်သော်လည်း ဖလသမာပတ် ဝင်စားသောအခါ၌မူ ဖြစ်သော ဖိုလ်စိတ်တို့သည် မဂ်၏အစွမ်းဖြင့် မဖြစ်ကုန်ဘဲ အောက်ဝိပဿနာ၏အစွမ်း ဝိပဿနာဂမနအားဖြင့်သာ ဖြစ်ကုန်၏။ ယင်းဝိပဿနာသည် သင်္ခါရတရားတို့ကို အနတ္တဟု ရှုသည်ဖြစ်အံ့၊ ဖိုလ်သည်လည်း သုညတဝိမောက္ခမည်၏၊ အနိစ္စဟု ရှုသည်ဖြစ်အံ့၊ ဖိုလ်သည်လည်း အနိမိတ္တဝိမောက္ခမည်၏။ ဒုက္ခဟု ရှုသည်ဖြစ်အံ့၊ ဖိုလ်သည်လည်း အပ္ပဏိဟိတဝိမောက္ခမည်၏။

ဝိပဿနာဂမန = ဝိပဿနာတည်းဟူသော ရောက်ခြင်း၏အကြောင်း။
(ဝိပဿနာ+အာဂမန) = အာဂမန = ရောက်လာခြင်း။

ဝိပဿနာကြောင့် မဂ်ဖိုလ်တို့ ရောက်လာတတ်၏၊ အာဂမန အရ ဝိပဿနာ ဉာဏ်နှင့် မဂ်ကို ရ၏။

မဂ်နှင့်ဖိုလ်တို့၏ သုညတစသော အမည်သုံးပါးကို ရမှုသည် အာရုံအားဖြင့်လည်းကောင်း၊ မိမိဂုဏ်သတ္တိအစွမ်းအားဖြင့်လည်းကောင်း ရလေ၏။ ဆိုလိုရင်းကား - မဂ် ဖိုလ်တို့သည် သုညတနိဗ္ဗာန်ကို အာရုံပြုပါမူ သုညတမဂ် သုညတဖိုလ်မည်၏။ အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုပါမူ အနိမိတ္တမဂ် အနိမိတ္တဖိုလ်မည်၏။ အပ္ပဏိဟိတနိဗ္ဗာန်ကို အာရုံပြုပါမူ အပ္ပဏိဟိတမဂ် အပ္ပဏိဟိတဖိုလ်မည်၏။ ဤကား "**အာရမ္မဏဝသေန-အာရုံ၏အစွမ်းဖြင့်**" ဖြစ်ခြင်းတည်း။

မဂ်ဖိုလ်တို့သည် ရာဂစသည်တို့မှ ဆိတ်သောသတ္တိကြောင့် သုညတမဂ်၊ သုညတဖိုလ်မည်၏။ ရူပနိမိတ်စသော အာရုံမှ ကင်းဆိတ်ခြင်းသတ္တိကြောင့် အနိမိတ္တမဂ် အနိမိတ္တဖိုလ်မည်၏။ ကိလေသာဟူသော တောင့်တခြင်းကင်းသော

သတ္တိကြောင့် အပ္ပဏိဟိတမဂ် အပ္ပဏိဟိတဖိုလ် မည်၏။ ဤကား "သရသ ဝသေန"တည်း။ (မိမိဂုဏ်မှာ၊ သရသာ၊ ခေါ်ပါလေကုန်ကြ။)

**၃၆–ပါး မဂ်တရား** = သောတာပတ္တိမဂ်၌ ဝိပဿနာဂမနအစွမ်းအားဖြင့် သုံးပါး၊ အာရုံ၏အစွမ်းဖြင့် သုံးပါး၊ မိမိဂုဏ် (သရသ)အားဖြင့် သုံးပါး ပေါင်း (၉) ပါးစီ မဂ်လေးပါးပြား၍ (၃၆)ပါး မဂ်တရားဖြစ်လာသည်။

**၄၈–ပါးဖိုလ်တရား** = ဖလသမာပတ္တိဝီထိ၌လည်း မဂ်နည်းတူ ၃၆–ပါး ရသည့်အပြင် မဂ္ဂဝီထိ၌ ဝိပဿနာဂမန၏အစွမ်းဖြင့်ရသော ဖိုလ် (၁၂)ပါး ပေါင်း ကာ ၄၈–ပါး ဖြစ်လာသည်။

## ပုဂ္ဂလဘေဒ

၁။ လေးယောက်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တွင် သောတာပတ္တိမဂ်ကို ရသော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ၂–ပါးကို ပယ်ခြင်းကြောင့် အပါယ်လေးပါး ကျရောက်ခြင်းမှ ကင်းလွတ်၍ ကာမဘုံ၌ ၇–ကြိမ် ပဋိသန္ဓေနေ၍ (၈) ကြိမ်မြောက် ကာမဘုံ၌ မနေသော **သတ္တက္ခတ္တုပရမ** သောတာပန် ဖြစ်လေ၏။

**သတ္တက္ခတ္တုပရမသောတာပန်** ဟူသည် အထူးအားဖြင့် နုန့်ညံ့သည့် သဒ္ဓါ ပညာ စသော ဣန္ဒြေရှိသော ပထမမဂ်ကို ရသော မုဒိန္ဒြိယပုဂ္ဂိုလ်သည် ကာမ ဘုံ၌ အလွန်ဆုံးအားဖြင့် ခုနစ်ကြိမ်သာ ပဋိသန္ဓေနေပြီး (၈)ခုမြောက်သော ဘဝကို ကာမဘုံ၌ မနေတော့သည့် သောတာပန်မျိုးဖြစ်၏။

### ခုနစ်ဘဝယူပုံ

"အယံ ကာလေန ဒေဝလောကဿ၊ ကာလေန မနုဿလောကဿာတိ မိဿကဿ ဘဝဿ ဝသေန 'သတ္တ သုဂတိဘဝေ သံသရိတွာ'တိ ဝုတ္တော။

အယံ၊ ဤပုဂ္ဂိုလ်ကို။ ကာလေန၊ ရံခါ။ ဒေဝလောကဿ၊ နတ်ပြည်၌ဖြစ် သော ဘဝ၏လည်းကောင်း။ ကာလေန၊ ရံခါ။ မနုဿလောကဿ၊ လူ့ပြည်၌ဖြစ် သော ဘဝ၏လည်းကောင်း။ ဣတိ၊ ဤသို့။ မိဿကဿ၊ ရောနှောသော။ ဘဝဿ၊ ဘဝ၏။ ဝသေန၊ အစွမ်းဖြင့်။ သတ္တ၊ ခုနစ်ခုကုန်သော။ သုဂတိဘဝေ၊ သုဂတိဘဝ

တို့ကို။ သံသရိတွာ၊ ပြောင်းရွှေ့ကျင်လည်၍။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်၏ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ၁၊ နှာ၊ ၅၃၁-ဆိုထားသဖြင့် -

လူ့ပြည် နတ်ပြည် အပြောင်းအလဲ မရောမနှောသောအားဖြင့် (၇)ကြိမ် ယူရမည်။ နတ်ဘုံမှ လူ့ဘုံသို့၊ လူ့ဘုံမှ နတ်ဘုံသို့ မပြောင်းဘဲ လူ့ဘုံတွင်သာ၊ နတ်ဘုံတွင်သာ ထပ်ကာထပ်ကာ ဖြစ်မှုကား ဘဝအရာ အထောင်ပင် ကြာသော်လည်း တစ်ကြိမ်ဟူ၍သာ ယူရမည်ဟု ပြ၏။

**ကောလံကောလသောတာပန်** ဟူသည် အလယ်အလတ်ရှိသည့် သဒ္ဓါပညာ စသော ဣန္ဒြေရှိသော ဝိပဿနာဉာဏ်ဖြင့် ပထမမဂ်ကို ရသော မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်သည် ကာမဘုံ၌ နှစ်ကြိမ်၊ သုံးကြိမ်စသည်မှ ခြောက်ကြိမ်၊ ခြောက်ဘဝအထိ ပဋိသန္ဓေနေနိုင်၏။ ခြောက်ဘဝအတွင်း မြင့်မြတ်သော အမျိုးတစ်ခုမှ မြင့်မြတ်သော အမျိုးတစ်ခုသို့ ပဋိသန္ဓေနေသောအားဖြင့် လှည့်ပတ်ပြောင်းသွားတတ်သောကြောင့် ကောလံကောလသောတာပန် မည်၏။ သောတာပန်ဖြစ်လျှင် ဖြစ်လေရာဘဝ၌ လည်း ချမ်းသာမြင့်မြတ်သည့် အမျိုးချည်းသာ ဖြစ်ရ၏။

''ကုလတော ကုလံ ဂစ္ဆတီတိ ကောလံကောလော၊ သောတာပတ္တိဖလ - သစ္ဆိကိရိယတော ပဋ္ဌာယ ဟိ နီစကုလေ ဥပ္ပတ္တိ နာမ နတ္ထိ၊ မဟာဘောဂကုလေသု ယေဝ နိဗ္ဗတ္တတီတိ အတ္ထော။'' (ဝိသုဒ္ဓိ၊ မဟာဋီ၊ ၁၊ ၅၃၁)

ကုလတော၊ မြတ်သောအမျိုးတစ်ခုမှ။ ကုလံ၊ မြတ်သောအမျိုးတစ်ခုသို့။ ဂစ္ဆတိ၊ ပဋိသန္ဓေနေသောအားဖြင့် သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ ကောလံကောလော၊ မည်၏။ ဟိ သစ္စံ၊ မှန်၏။ သောတာပတ္တိဖလသစ္ဆိကိရိယတော၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသည်မှ။ ပဋ္ဌာယ၊ စ၍။ နီစကုလေ၊ ယုတ်ညံ့သောအမျိုး၌။ ဥပ္ပတ္တိနာမ၊ ကပ်၍ဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ မဟာဘောဂကုလေသုယေဝ၊ များသော စည်းစိမ်ရှိသော အမျိုးကြီး အမျိုးမြတ်တို့၌သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။

**ကေဗီဇီသောတာပန်** ဟူသည် ထက်မြက်သည့် သဒ္ဓါ ပညာ စသော ဣန္ဒြေရှိသော ဝိပဿနာဉာဏ်ဖြင့် ပထမမဂ်ကို ရသော တိက္ခိန္ဒြိယပုဂ္ဂိုလ်သည် ကာမဘုံ၌ နောက်ထပ်တစ်ကြိမ်သာ ပဋိသန္ဓေနေရမည့် ကေဗီဇီသောတာပန်မည်၏။

သောတာပန်သုံးမျိုးကွဲပြားသောကြောင့် ပင်ကိုပါရမီဓာတ်ခံအလိုက် နန့်ညံ့သော သဒ္ဓါ ပညာ စသော ဣန္ဒြေရှိသော မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်ကို ကောလံကောလ

သောတာပန်၊ ထက်မြက်သော သဒ္ဓါ ပညာ စသော ဣန္ဒြေရှိသော တိက္ခိန္ဒြိယ ပုဂ္ဂိုလ်ကို 'ကေဝိဇိသောတာပန်ဟု ခေါ်၏။

တစ်နည်း – သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်အလို့ငှာ အားထုတ်အပ်သော မဂ်သုံးပါးတို့၏ ဝိပဿနာဉာဏ်ထက်မြက်မှု မထက်မြက်မှုအစွမ်းဖြင့် သုံးပါးပြားအောင် ပြုပါသည်။

ဝိပဿနာဉာဏ်ထက်မြက်လျှင် ကေဝိဇိ၊ အလယ်အလတ်ဖြစ်လျှင် ကောလံကောလ၊ မထက်မြက်လျှင်, ညံ့လျှင် သတ္တက္ခတ္တုပရမသောတာပန် ဖြစ်၏။ (ပုဂ္ဂလပညတ်နှင့်ဝိသုဒ္ဓိမဂ်မဟာဋီကာတို့၌ လာ၏။)

''ကော ပနေတေသံ ဣမံ ပဘေဒံ နိယမေတီတိ၊ တိက္ခာ မဂ္ဂါနံ ဝိပဿနာ၊ သစေ ဟိ ဥပရိ တိက္ခာ မဂ္ဂါနံ ဝိပဿနာ ဗလဝတိ ဟောတိ၊ ကေဝိဇိ နာမ ဟောတိ၊ တတော မန္ဒာယ ကောလံကောလော၊ တတော မန္ဒတရာယ သတ္တက္ခတ္တုပရမော ။ (ဝိသုဒ္ဓိမဟာဋီကာ၊ ၂၊ ၅၃၁)

သောတာပန်သုံးမျိုးကို အဘယ်သို့ ကိန်းသေမှတ်ပါသနည်း၊ သုံးပါးကုန်သော မဂ်တို့၏ ဝိပဿနာဉာဏ်အစွမ်းဖြင့် မှတ်ပါသည်။ သုံးပါးသော မဂ်တို့၏ ဝိပဿနာအားကြီးလျှင် ကေဝိဇိ၊ အားနည်းလျှင် ကောလံကောလ၊ အထူးသဖြင့် အားနည်းလျှင် သတ္တက္ခတ္တုပရမဟု မှတ်အပ်၏။

**သောတာပန်အပြား**

အထက်ပါ သောတာပန် သုံးယောက်ကို ပဋိပဒါလေးပါးနှင့် မြှောက်လျှင် (၁၂)ယောက်ဖြစ်၏။ ၎င်းကို သဒ္ဓါဓုရ၊ ပညာဓုရ နှစ်ပါးတို့နှင့် မြှောက်လျှင် (၂၄) ယောက်ဖြစ်၏။

၂။ **သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ဖြင့် ရာဂ, ဒေါသ, မောဟ တို့ကို ခေါင်းပါးအောင် ပြုတတ်သည်အဖြစ်ကြောင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ လာသောကြောင့် သကဒါဂါမ် ပုဂ္ဂိုလ် မည်၏။**

သကဒါဂါမ်ပုဂ္ဂိုလ်တို့ ကိလေသာကို ပယ်ရာ၌ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ကို ရာဂ၊ ဒေါသ၊ မောဟတို့ကိုသာ ခေါင်းပါးအောင် ပြုသည်ဟု ဆိုရာ သောတာပတ္တိမဂ်ဖြင့် ပယ်သောတရားကို မပယ်နိုင်၍ ချန်ထားခဲ့ခြင်း မဟုတ်ပါ။ သောတာပတ္တိမဂ်ထက် ကြီးမြတ်၍ သောတာပတ္တိမဂ်ဖြင့် ပယ်ပြီး

ဖြစ်လျှင် သကဒါဂါမိမဂ်ဖြင့်လည်း ပယ်ပြီးသား ဖြစ်သည်ဟူသောအနက် ထင်ရှားပြီး ဖြစ်၍ ထပ်မဆိုခြင်း ဖြစ်ပါသည်။

♦ သကဒါဂါမ်ပုဂ္ဂိုလ် ခေါင်းပါးအောင်ပြုသော မောဟအရ လောဘ, ဒေါသနှင့် တကွဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၊ ပဋိဃဝိပ္ပယုတ်၌ရှိသော မောဟကိုသာ ယူရ ပေမည်။

ဥဒ္ဓစ္စနှင့် ယှဉ်သော မောဟကား အရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်၏။

သကဒါဂါမ်ပုဂ္ဂိုလ် (၅)မျိုးနှင့် အဓိပ္ပာယ်တို့ကို စိတ်ပိုင်းစာမျက်နှာ (၆၁) မှ ယူပါ။

သကဒါဂါမ်ငါးယောက်တွင် ပဥ္စမသကဒါဂါမ်ကိုသာ မုချအားဖြင့် ယူရသော ကြောင့် ၎င်းတစ်ယောက်ကို ဝိမောက္ခသုံးပါးနှင့် မြှောက်လျှင် သုံးယောက်၏။ ၎င်းကို ပဋိပဒါလေးပါးနှင့် မြှောက်လျှင် (၁၂)ယောက်ရ၏။

တစ်နည်း - သကဒါဂါမ်အယောက် ခြောက်ဆယ် (၆၀)

သကဒါဂါမ် ငါးဦးကို × ဝိမောက္ခ (၃)ပါး၊ × ပဋိပဒါ (၄)ပါး တို့ဖြင့် မြှောက် လျှင် အယောက် (၆၀)ဖြစ်၏။

၃။ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ဖြင့် ကာမရာဂနှင့် ဗျာပါဒ အကြွင်း မဲ့ ပယ်ဖျက်ပြီးဖြစ်၍ ပဋိသန္ဓေအားဖြင့် ကာမဘုံသို့ လာခြင်းမရှိသော ကြောင့် အနာဂါမ်ပုဂ္ဂိုလ်ဟူ၍ ခေါ်ရသည်။

**အနာဂါမ်ပုဂ္ဂိုလ်ငါးယောက်**

(သုဒ္ဓါဝါသဘုံသို့ ရောက်ရှိနေသော အနာဂါမ်ပုဂ္ဂိုလ်များကို ဆိုလိုသည်။)

တတိယမဂ် (အနာဂါမိမဂ်) ကို ပွားပြီး၍ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့ မလာတော့သော ပုဂ္ဂိုလ်ကို အနာဂါမ် ဟု ခေါ်ပါသည်။

ထိုအနာဂါမ်ပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်ကို ရင့်စေတတ်သော = (ဝိမုတ္တိ ပရိပါစက) သဒ္ဓါစသော ဣန္ဒြေတို့၏ထူးပြားခြင်း ဝေမတ္တအားဖြင့် -

(၁) မိမိရောက်ရှိနေသော သုဒ္ဓါဝါသဘုံသက်တမ်း၏ ထက်ဝက်အတွင်း၌ ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်ကို ''အန္တရာပရိနိဗ္ဗာယီ''ဟု ခေါ်သည်။

(၂) မိမိရောက်ရှိနေသော သုဒ္ဓါဝါသဘုံ၏သက်တမ်းထက်ဝက်လွန်ပြီး နောက်ထက်ဝက်သို့ ရောက်သောအခါမှ အရဟတ္တဖိုလ်ရ၍ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်ပုဂ္ဂိုလ်ကို ''ဉပဟစ္စပရိနိဗ္ဗာယီ''ဟု ခေါ်သည်။ (ဉပဟစ္စ=ရောက်ခြင်း)

(၃) အလွယ်တကူပင် (ဆင်းရဲပြင်းပြင်း ပန်ပန်းခြင်းမရှိဘဲ) ရဟန္တာအဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်ကို အသင်္ခါရပရိနိဗ္ဗာယီ''ဟု ခေါ်သည်။

(၄) ဆင်းရဲပြင်းပြင်းစွာ ရဟန္တာအဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်ကို ''သသင်္ခါရပရိနိဗ္ဗာယီ''ဟု ခေါ်သည်။

(၅) အဝိဟာဘုံမှ စ၍ အစဉ်အတိုင်းအားဖြင့် အကနိဋ္ဌာတိုင်အောင် သွား၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ကို ''ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ''ဟု ခေါ်၏။

**ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်လေးမျိုး**

(၁) အဝိဟာဘုံမှစ၍ အစဉ်အတိုင်း အကနိဋ္ဌတိုင်အောင် သွား၍ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်သည် ''ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ''မည်၏။

(၂) သုဒဿီဘုံတိုင်အောင် သွား၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်သည် ''ဥဒ္ဓံ သောတ န အကနိဋ္ဌဂါမီ''မည်၏။

(၃) ဤကာမဘုံမှ အကနိဋ္ဌဘုံသို့ တိုက်ရိုက်သွား၍၊ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်သည် ''န ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ''မည်၏။

(၄) ဤကာမဘုံမှ သုဒ္ဓါဝါသအောက်ဘုံလေးဘုံ (အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ)သို့ အသီးသီးသွားရောက်၍ ထိုရောက်ရာဖြစ်ရာ ဘုံ၌ပင် ကိလေသာများကုန်ခန်း ရဟန္တာဖြစ်သော အနာဂါမ်သည် ''န ဥဒ္ဓံသောတ န အကနိဋ္ဌဂါမီ''မည်၏။

**အနာဂါမ်အပြား (၄၈)ယောက်**

ထိုပုဂ္ဂိုလ်တို့သည် –

(၁) အဝိဟာဘုံ၌ ပဋိသန္ဓေဖြစ်၏၊ မကြာခင်ရင်း၊

(၂) အာယုဝေမဇ္ဈ (သက်တမ်းထက်ဝက်)သို့ မရောက်ခင်ရင်း၊

(၃) ရောက်၍ရင်း ပရိနိဗ္ဗာန်ပြုသည်၏အစွမ်းဖြင့် အန္တရာပရိနိဗ္ဗာယီ သုံးယောက်၊

(၄) ဥပဟစ္စပရိနိဗ္ဗာယီတစ်ယောက်၊
(၅) ဥဒ္ဓံသောတ တစ်ယောက်အားဖြင့် ငါးယောက်ဖြစ်၏။
ၛင်းငါးယောက်ကို အသင်္ခါရ ပရိနိဗ္ဗာယီ၊ သသင်္ခါရပရိနိဗ္ဗာယီ နှစ်ပါး စီခွဲ၍ တစ်ကျိပ်ဖြစ်၏။ ထိုအတူ အတပ္ပါ၊ သုဒဿာ၊ သုဒဿီဘုံတို့၌လည်း တစ်ကျိပ်စီဖြစ်၏။ အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတမရှိသောကြောင့် လေးယောက်ကို အသင်္ခါရ သသင်္ခါရပရိနိဗ္ဗာယီ နှစ်ပါးခွဲ၍ ရှစ်ယောက်ဖြစ်၏။ ပေါင်း အနာဂါမ် (၄၈)ယောက်ဖြစ်၏။

၄။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဉာဏ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက်သောကြောင့် လောကသုံးခွင် ဘုံအပြင်၌ မြတ်သောအလှူကို ခံထိုက်သော အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ် ဖြစ်၏။

ရဟန္တာငါးပါး

စတုတ္ထမဂ်ပညာကို ပွားပြီး၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်သည် ပညာဝိမုတ္တ၊ ဥဘတောဘာဂဝိမုတ္တ၊ တေဝိဇ္ဇ၊ ဆဠဘိညာ၊ ပဋိသမ္ဘိဒါပတ္တ အားဖြင့် ငါးယောက်ဖြစ်၏။

ရဟန္တာ (၆၀)ပါး

ထိုငါးယောက်ကို သကဒါဂါမ်ကဲ့သို့ ဝိမောက္ခ (၃)ပါး × ပဋိပဒါ (၄)ပါးတို့ဖြင့် မြှောက်၍ ရဟန္တာ (၆၀)ကျိပ်ဖြစ်၏။

အရိယာပုဂ္ဂိုလ်အကျယ်ပြ လင်္ကာ (၁၉၄–ယောက်)

| | | |
|---|---|---|
| သောတာပန် | (၂၄) | = (၁၉၄) ယောက် |
| သကဒါဂါမ် | (၆၀) | |
| အနာဂါမ် | (၄၈) | |
| ရဟန္တာ | (၆၀) | |
| ပစ္စေကဗုဒ္ဓါ | (၁) | |
| သမ္မာသမ္ဗုဒ္ဓ | (၁) | |

ဆောင်။ ။ သောတာပန္နံ၊ စဗ္ဗီသံနှင့်၊ ဒါဂါမ်သဋ္ဌိ၊ ဌတာလိနာ၊ သဋ္ဌိန္တာတည်း၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ တစ်ရာ့ကိုးဆယ့်လေးယောက်တည်း။

မဂ်ကိလေသာပယ်ပုံ

မဂ်သည် ကိလေသာကို ပယ်ရာ၌ "အတိတ်ကိလေသာကို ပယ်သလော၊ အနာဂတ်ကိလေသာကို ပယ်သလော၊ ပစ္စုပ္ပန်ကိလေသာကို ပယ်သလော"ဟု မေးလေ့ရှိ၏။ အဖြေကား - အတိတ်ကိလေသာသည် အလိုအလျောက် ချုပ်ပျောက်ပြီးဖြစ်၍ အတိတ်ကိလေသာကို ပယ်ဖွယ်မလို။ မဖြစ်သေးသော အနာဂတ်ဖြစ်သော ကိလေသာကို ပယ်ရမည်မှာလည်း အနာမရှိခင် ဆေးတင်သော သမားတော်ကဲ့သို့ အကျိုးမများချေ။ ပစ္စုပ္ပန်ကိလေသာ ဥပါဒ်နေတုန်းမှာလည်း မဂ်စိတ် မဥပါဒ်နိုင်သောကြောင့် ပစ္စုပ္ပန်ကိလေသာကိုလည်း မဂ်က မပယ်နိုင်၊ စင်စစ်မှာ "ဘူမိလဒ္ဓုပ္ပန္န်"ဟု ခေါ်အပ်သော အနုသယကိလေသာဓာတ်ကိုသာ မဂ်က ပယ်သည်ဟု မှတ်ပါ။ (ဤစကားအရ အနုသယကိလေသာဟူသည် အမှန်အားဖြင့် ပစ္စုပ္ပန် အတိတ် အနာဂတ် သုံးမျိုးလုံးမဟုတ်၊ ဘူမိလဒ္ဓုပ္ပန္နဟု ခေါ်အပ်သော ဥပ္ပန္နတစ်မျိုးသာဟု သိသာပြီ။

ဝိသုဒ္ဓိမဂ်ကျမ်း၌ -

"ဓေန ကိံ ဒိပိတံ ဟောတိ၊ ဘူမိလဒ္ဓါနံ ကိလေသာနံ ပဟာနံ ဒိပိတံ ဟောတိ၊ ဘူမိ လဒ္ဓါ ပန ကိံ၊ အတီတာ အနာဂတာ၊ ဥဒါဟု ပစ္စုပ္ပန္နာ၊ ဘူမိလဒ္ဓုပ္ပန္နာ ဝေ နာမ တေ။"

ချဉ်းအံ့၊ ကိလေသာတို့၏ ဖြစ်တည်ရာ လောကီခန္ဓာငါးပါးသည် "ဘူမိ" မည်၏၊ ထိုဘူမိတို့ ရရှိနေသော ကိလေသာသည် "ဘူမိလဒ္ဓ"မည်၏။ မဂ်ဖြင့် မပယ်ရသေးသမျှ အနုသယဓာတ်အနေအားဖြင့် တည်ရှိရကား ဥပ္ပန္နလည်း မည်၏။ ထင်ရှားစေအံ့၊ သီးပွင့်စေတတ်သော သစ်ပင်၌ အမြစ်မှစ၍ အရွက် အညွန့်တိုင်အောင် သေးငယ်သော အညှောက် အပင်တုန်းကပင် သီးပွင့်စေနိုင်သော ဓာတ်သတ္တိပါရှိ၏။ ထိုအပင်၌ အသီးမသီးစေလိုလျှင် ရှေ့နှစ်က သီးပြီး နောက်နှစ် သီးလတ္တံ့၊ ယခု သီးဆဲအသီးများကို မပယ်နိုင်၊ ထိုသီးစေတတ်သော ဓာတ်ရည် ပြတ်အောင် လိပ်ကျောက်ဆူးစသော အဆိပ်ဆူးတို့ကို လေးမျက်နှာက ထိုးရိုက်ထားရ၏။ ထိုသို့ထိုးရိုက်ထားလျှင် နောက်ထပ်မသီးတော့။ ထို့အတူ ဝိပဿနာ ဉာဏ်ဖြင့် ပိုင်နိုင်စွာ မသိအပ်သေးသော (အသိမခံရသေးသော) လောကီခန္ဓာ၌လည်း ဖြစ်ရာဘဝတိုင်းဝယ် ဥပါဒ်မှစ၍ အနုသယကိလေသာဓာတ်သည် ကိန်းဝပ်လျက်ရှိ၏။ ထိုကဲ့သို့ အနုသယကိလေသာဓာတ်ကိုပင် "ဘူမိလဒ္ဓ"ဟု ဆိုအပ်သည်။

''ဘူမိလဒ္ဓ''ဟု ခေါ်အပ်သော ထိုအနုသယကိလေသာဓာတ်သည် ဥပါဒ် ဌီ ဘင် အထင်အရှားမဟုတ်သောကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ်ဟု မဆိုအပ်၊ ဘာမှ မရှိသော အဘာဝပညတ်လည်း မဟုတ်ရကား ''ဘူမိလဒ္ဓ''တစ်မျိုးဟုသာ မှတ်သားရာ၏။ မဂ်သည် ထိုဘူမိလဒ္ဓုပ္ပန္နဟု ခေါ်အပ်သော အနုသယဓာတ်ကိုသာ ပယ်လေသည်။

**ဆောင်။** ။ သစ်ပင်ကြီးကို၊ သီးမလို၍၊ ထိုထိုကြိတ်နှင်း၊ အဆိပ်သွင်းက၊ အတွင်းခြောက်ပြီး၊ နောက်မသီးသို့၊ ဤနည်းပမာ၊ ပင်ခန္ဓာဝယ်၊ ထပ်ကာကိလေ၊ မသီးစေဖို့၊ လေးထွေမဂ်ဟု၊ အဆိပ်စုဖြင့်၊ ကြိတ်ထုသွင်းလတ်၊ အနုသယပြတ်သည်၊ နောက်ထပ် မဥပါဒ်တော့ပြီ။

## နိရောဓသမာပတ်

မျက်မှောက်သောကိုယ်၏ အဖြစ်၌ စိတ်, စေတသိက်တို့၏ ချုပ်ခြင်းသို့ ရောက်၍ ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းလျက် ချမ်းသာစွာ နေခြင်းသည် **နိရောဓသမာပတ်** မည်၏။

ထိုနိရောဓသမာပတ်ကို အရိယာဖြစ်တိုင်း မဝင်စားနိုင်။ သမာပတ်ရှစ်ပါးကို ရသော ကာမ၊ ရူပဘုံသား ဈာနလာဘီ အနာဂါမ်နှင့် ရဟန္တာများသာလျှင် ဝင်စားနိုင်၏။ ကျန်ပုဂ္ဂိုလ်များ မဝင်စားနိုင်။

## နိရောဓသမာပတ်ဝင်စားပုံ

လေးလံလှစွာသော ခန္ဓာဝန်ကို ရွက်ဆောင်ရခြင်း၌ လွန်စွာငြီးငွေ့လှ၍ မျက်မှောက်သောကိုယ်၏အဖြစ်၌ နိဗ္ဗာန်ချမ်းသာကို ခံစားလိုသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်သည် ဆွမ်းစားပြီး၍ လက် ခြေကိုကောင်းစွာ ဆေးကြော၍ ဆိတ်ငြိမ်သောအရပ်၌ ကောင်းစွာခင်းအပ်ပြီးသောနေရာဝယ် ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်စွာထားလျက် ထိုင်နေကာ နိရောဓသမာပတ်သို့ ရှေးရှုသတိကို ဖြစ်စေ၍ ပဌမဈာန်ကို ဝင်စားရ၏။ ပဌမဈာန်မှ ထပြီး၍ ပဌမဈာန်၌ဖြစ်သော စိတ် စေတသိက် သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု မညံ့လွန်း၊ မထက်လွန်းသော ဝိပဿနာဉာဏ်ဖြင့် ရှုအပ်ကုန်၏။ ထို့အတူ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန် တိုင်အောင် ဝင်စားရမည်။ ဈာန်တစ်ခုဝင်စားပြီးတိုင်း ပြီးတိုင်း သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ စသည်ဖြင့် ဝိပဿနာရှုရမည်။

အာကိဉ္စညာယတနဈာန်ကို ဝင်စားပြီးသောအခါ၌ကား ထိုအာကိဉ္စညာယတန ဈာန်မှထ၍ ဝိပဿနာဆက်မရှုဘဲ

(၁) ကိုယ်နှင့်မစပ် အသီးသီးထားအပ်သော သက်နိုးစသော ပရိက္ခရာ, ကျောင်း အစရှိသည်တို့ကို မီးစသည် မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း။

(၂) သံဃာတို့ တောင့်တအပ်သည်ကို ဆင်ခြင်ခြင်း။

(၃) ဘုရားခေါ်တော်မူအပ်သည်ကို ဆင်ခြင်ခြင်း။

(၄) ၇-ရက်အတွင်း ကမ္မဇရုပ်ကို ဖြစ်စေတတ်သော အသက်၏ တည်ခြင်းကို ကြည့်ရှုခြင်းဟု ဆိုအပ်သော ၄-ပါးသော ပုဗ္ဗကိစ္စကို ပြုပြီး၍ နေဝသညာနာသညာယတနဈာန်ကို ဆက်ဝင်စားရ၏။ ၎င်းဈာန်စိတ်နှစ်ကြိမ်၏ အဆုံး၌ ကာမဘုံမှာ ၇-ရက်, ရူပဘုံမှာ အလိုရှိသလို စိတ်၊ စေတသိက် စိတ္တဇရုပ်တို့ ချုပ်ကုန်၏။ ၎င်းကို နိရောဓသမာပတ်ဝင်စားသည်ဟု ဆိုအပ်၏။

ပိုင်းခြားသောကာလ ၇-ရက်ကို လွန်လျှင် အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော တစ်ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇော တစ်ကြိမ်ဖြစ်၍ ဘဝင်ကျ၏။ ထို့နောက် ပစ္စဝေက္ခဏာဉာဏ် ဖြစ်လေ၏။

## သမထ ဝိပဿနာအကျိုး

(၁) သမထဘာဝနာကို ပွားများခြင်းကြောင့် ဈာနသုခ စသော အကျိုးကို ရနိုင်၏။

(၂) ဝိပဿနာဘာဝနာကို ပွားများခြင်းကြောင့် ဖလသုခ စသော အကျိုးကို ရနိုင်၏။

**ကမ္မဋ္ဌာန်းပိုင်း ပြီး၏။**

♦ ♦ ♦

## နိဂုံး

- ရန်သူဝိုင်းထား၊ ထိုယောက်ျားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။
- မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ရေတွက်မရှိလေ။
- အနုပ္ပကမ်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထ ဝိပဿနာ၊ ကိလေသာဘင်၊ သန့်စင်လျှော်ဆေး၊ ရေအေးလေးမဂ်၊ ရှိပါလျက်နှင့်၊ မထွက်ပြေးလို၊ မဆေးလို၊ မင်းပျိုကိုယ့်တွက်ပေ။
- လျှော်ရန်ရေအေး၊ ထွက်ပြေးဖို့လမ်း၊ ပြည့်နှက်ကမ်းလျက်၊ ဤကျမ်းစာစောင်၊ နှစ်များမြောင်၊ ရှည်အောင်တည်ရစ်စေ။

- ကုလပုတ္တ၊ အာစရ၊ နိစ္စရှုကျင့်လေ။
  တကဲ့သမုဒ်၊ ဝဲစလုတ်၊ အဟုတ်သဘော်လှေ။
  တကဲ့မုန်တိုင်း၊ တကဲ့လှိုင်း၊ ခံကျိုင်းတက်ရှက်ဖွေ။
  ရော့ရေလဲ၊ ရော့ဝဲ၊ အံခဲကုတ်၍ပေ။
  တကဲ့စခန်း၊ တကဲ့လမ်း၊ ယူထမ်းရိက္ခာရေ။
  ကြောက်ဖွယ့်စစ်မက်၊ ကြောက်ဖွယ့်ချက်၊ လက်နက်ကောင်းကြစေ။

(ဝိသုဒ္ဓါရုံဆရာတော်ကြီးသြဝါဒ)

ကွန်ပျူတာ -

ဦးချမ်းသာ (သီရိပဝရဓမ္မာစရိယဝိနယပါဠိပါရဂူ)
စစ်တောင်းလမ်း၊ မြသီရိလမ်းသွယ် (၃)
ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း

ဤစာအုပ်သည် . . .

- နိုင်ငံတော်အစိုးရ–ပါဠိပထမပြန်–ငယ်၊လတ်၊ကြီး စာမေးပွဲများနှင့် အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲများအတွက် ဋီကာကျော် အဓိပ္ပါယ်ကို ခြေခြေမြစ်မြစ် ရှင်းလင်းနားလည်စေမည်။

- ခက်ခဲသည့် အယူအဆရေးရာတို့၌ သဂြိုလ်ဘာသာဋီကာ၊ ပရမတ္ထသံခိပ်ဋီကာ ရှင်းလင်းချက်များကို ထည့်သွင်းဖြည့်စွက်ထားသဖြင့် အဘိဓမ္မာဉာဏ် အဘိဓမ္မာအတွေးအမြင်များကို ကျယ်ပြန့်စွာ ဖွင့်လှစ်ပေးနိုင်မည်။

- စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာ=(ဋီကာကျော်မြန်မာပြန်နှင့် အောက်ခြေမှတ်ချက်များ)ကို မူရင်းအတိုင်း (ပြုပြင်ခြင်းမရှိဘဲ) အပြည့်အစုံ ထည့်သွင်းဖော်ပြပေးထားသဖြင့် စာမေးပွဲအတွက် အမှတ်ကောင်းကောင်း ရစေမည်။

ဒီဇိုင်း-ဗကျီလင်းဝဏ္ဏ